# စကားလက်ဆောင်

# တရားလက်ဆောင်

## ၁၀



လေးအိမ်စု အရှင်ဝိစိတ္တသာရ စီစဉ်သည်

# ပုံနှိပ်မှတ်တမ်း



| | | |
|---|---|---|
| စာပေခွင့်ပြုချက်အမှတ် | ။ | ဘာသာရေး |
| အကြိမ် | ။ | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ။ | ၂၀၁၅၊ အောက်တိုဘာလ |
| အုပ်ရေ | ။ | ၁၀၀၀ |
| တန်ဖိုး | ။ | ဓမ္မဒါန |
| အတွင်းဖလင် | ။ | ဦးမြင့်သူ၊ အောင်ငြိမ်း |
| ပန်းချီ | ။ | စိုးခဲ |
| အဖုံးနှင့်အတွင်းအပြင်အဆင် | ။ | သိန်းဝင်း(အောင်မြင့်မိုရ်) ၀၉ ၇၃၁၅၈၃၆၊ ၂၅၄၃၇၇၆ |
| စာအုပ်ချုပ် | ။ | ပန်းတင့်တယ် စာအုပ်ချုပ်လုပ်ငန်း |
| ထုတ်ဝေသူ | ။ | ဦးမြင့်စိုး - ခင်မြတ်သူစာပေ (၀၀၉၇၉) ဖုန်း-၀၉-၇၃၀၈ ၂၁၆၄<br>အမှတ်(၁၁)၊ ဒဂုံသီရိလမ်း၊ တာမွေ၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ။ | ဦးစည်သူ (တော်ဝင်ထွန်း ပုံနှိပ်တိုက်) ဖုန်း-၀၉ ၂၅၄၀၅၃၁၃၅<br>အမှတ်(၁၇၈)၊ လမ်း(၅၀)၊ ဗိုလ်တထောင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ။ | မင်္ဂလာစာပေ၊ သုဓမ္မဝတီစာရပ် (ပအိုဝ်းဓမ္မာရုံခေါင်းရင်း)၊<br>ပဟန်း(၁)လမ်း၊ ရန်ကုန်။ ဖုန်း - ၀၉ ၄၄၈၀၀၀၅၃၈<br>ပညာရွှေအိုးပိဋကတ်စာပေ<br>အမှတ်(၁၅/၁၆)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊<br>ဖုန်း-၀၉-၅၁ ၂၅၅၀၄ ၊ ၀၉-၉၇၆၁၅၈၀၃၄ |

လေးအိမ်စု အရှင်ဝိစိတ္တသာရ CIP (239.3)
စကားလက်ဆောင် တရားလက်ဆောင်(၁၀)
လေးအိမ်စု အရှင်ဝိစိတ္တသာရ ။ - ရန်ကုန်၊
ခင်မြတ်သူစာပေ၊ ၂၀၁၅။
စာ ၆၀၀၊ ၁၃.၅ × ၂၀.၅ စင်တီ။
(၁) စကားလက်ဆောင် တရားလက်ဆောင် (၁၀)

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာ အလှူတွင် တရားအလှူသည် အမြတ်ဆုံး

**လေးအိမ်စု အရှင်ဝိစိတ္တသာရ ၏**

# သက်တော်(၆၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်

**မိခင်ကြီး ဒေါ်ကျင်ညွန့်**

အား အမှူးထား၍

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာ့အေးဘုရားလမ်းမ၊

အမှတ်(၃၈၄)၊ ဝါယာလက်(၁)လမ်းနေ

**ကိုသန်းထွန်း + မသန်းသန်းမော်**

ညီမ အိဒိုင်မွန်

သား ပိုင်ဖြိုးဝေ၊ သမီး မိုးမိုးသူ၊ သိမ့်သီရိသူ

ဓာတ်ပုံ





# စီစဉ်သူ၏အမှာ

စာရေးသူ စီစဉ်ထုတ်ဝေခဲ့သမျှသောစာအုပ်များတွင် စာရေးသူ၏အမှာစာမှတစ်ပါးအခြားပုဂ္ဂိုလ်များ၏ မိတ်ဆက် အမှာစာများ တစ်ခါမျှ မပါဖူးချေ။ ယခု ဤအမှတ်(၁၀)စာအုပ်တွင် ဆရာတော် ဦးကောသလ္လ(မြေပုံဆရာတော်)က လိုလိုလားလားပင် ၄င်းအနေဖြင့် စာအုပ်မိတ်ဆက် အမှာစာ ရေးပေးမည်ဟု ဆိုလာသောကြောင့် ဆရာတော်အား အထူးပင်ကျေးဇူးတင်ရပါသည်။

စာရေးသူသည် အလှူရှင်များ၏ကျေးဇူးကြောင့် ဖြစ်ပေါ်လာသော စကားလက်ဆောင်၊ တရားလက်ဆောင် စာအုပ်များကို ပေးလှူလျှင် အကျိုးများမည်ဟု ထင်ရသော ဆရာတော်၊ သံဃာတော်များနှင့် ဒကာ/မများအား လှူဒါန်းခဲ့ပါသည်။ ဖတ်ရှုသူအများစုကလည်း ဆက်လက်ထုတ်ဝေရန် တိုက်တွန်းကြပါသည်။ အချို့ကလည်း စာအုပ်များဆက်လက်ထုတ်ဝေနိုင်ရေးအတွက် တတ်နိုင်သမျှ စာအုပ်ဖိုးလှူဒါန်းကြပါသည်။ ဤသို့လှူဒါန်းကြသည့်အတွက် အလှူရှင်များအားကျေးဇူးတင်ရပါသည်။ အကြောင်းမှာစာရေးသူက ကောင်းနိုးရာရာစာပေများကို စုဆောင်းထားသော်လည်း အလှူရှင်မရှိပါက ဤကဲ့သို့စာအုပ်ထုတ်ဝေနိုင်မည် မဟုတ်သောကြောင့်ပင်။

စာရေးသူသည် မိမိအချိန်ကုန်ခံ၊ အညောင်းခံ၊ အပင်ပန်းခံပြီး စုဆောင်းထားသော စာပေများကို အလကားဖြစ်မသွားစေလိုပေ။ အချိန်နှင့်ရင်းထားရသည်နှင့်အမျှ မပျောက်ပျက်အောင်ထိန်းသိမ်းထားရသော (မိမိက တန်ဖိုးရှိသည်ဟုယူဆထားသော)စာပေများကို အများအတွက် (အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအတွက်)လည်း အကျိုးရှိစေလိုပေသည်။ သို့ဖြစ်၍ စေတနာရှင်၊ အလှူရှင်များ၏ အကူအညီဖြင့် ဤ စကားလက်ဆောင်၊ တရားလက်ဆောင် စာအုပ်များကို စီစဉ်ထုတ်ဝေနေရခြင်းဖြစ်ပါသည်။

ဤ(၁၀)ခုမြောက်စာအုပ်သည် စာရေးသူ၏(၆၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စာအုပ် ဖြစ်ပါ၏။ မိမိဖတ်ရှုစုဆောင်းထားသော ထိုထိုစာအုပ် စာပေများမှ ထိုထိုပုဂ္ဂိုလ်များရေးသားထားသည့်ဆောင်းပါး၊ ကဗျာ၊ အဆိုအမိန့်၊ ကာတွန်းစသည်များကို လေးအိမ်စုသားလူငယ်များနှင့် အခြားမျိုးဆက်သစ် လူငယ်အားလုံးအတွက် မွေးနေ့ဒါနအထိမ်းအမှတ်အဖြစ် ကူးယူမျှဝေလိုက်ပါ၏။

ထို့ပြင် ဤစာအုပ်ဖြစ်မြောက်လာအောင် စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီ လှူဒါန်းသော အလှူရှင်မိသားစုအားလည်းကောင်း၊ ဤစာအုပ်မျက်နှာဖုံးနှင့် အတွင်းစာမိုဒ်များကို ကြည့်ကောင်းအောင် ပြင်ဆင်ပေးသော ကိုသိန်းဝင်း (ရန်ကုန်မြို့၊ ၃၈-လမ်း(အောက်)အမှတ်(၁၂၀/က-မြေညီထပ်) အောင်မြင့်မိုရ်ကွန်ပျူတာ)နှင့် အခြား ကျေးဇူးတင်ထိုက်သူအပေါင်းအားလည်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါ၏။

–လေးအိမ်စု အရှင်ဝိစိတ္တသာရ
(22-08-2015)

**စာပေအရောင် ထွန်းလင်းပြောင်၊ လူ့ဘောင်ကောင်းဖို့ ဖြန့်ဝေစို့**



# စာအုပ်မိတ်ဆက်

ဆရာတော်ဦးဝိစိတ္တသာရ(လေးအိမ်စု)နှင့်သိကျွမ်းရင်းနှီးသည်မှာ ကြာလှသည်တော့ မဟုတ်ပါ။ ဆရာတော်က သူ၏မွေးရပ်မြေ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာတွင် ရောဝတီတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းတို့မှ ဆရာ-ဆရာမပေါင်း(၂၀၀-ကျော်၊ ရံခါ ၄၀၀)ခန့်တို့အား အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆရာဖြစ် သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယင်းသင်တန်းစတုတ္ထအကြိမ်မြောက်တွင် သင်တန်းဆရာအဖြစ်ရောက်သွား၍ သိကျွမ်းရင်းနှီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေးအိမ်စုကျေးရွာတွင် ဗုဒ္ဓဘာသာမင်္ဂလာအသင်းဖွဲ့စည်းတည်ထောင်ထားသည်ဆို၏။ ထိုအသင်းမှ လူငယ်တို့အား မင်္ဂလာတရားနှင့်ဗုဒ္ဓဝင်သင်တန်းများဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့၊ လူကြီးများအတွက် အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရာ ယခုအခါ နှစ်ပေါင်း(၃၆)နှစ် ကြာခဲ့ပြီဟုဆိုသည်။ ယင်းသင်တန်းတို့အပြင် သင်တန်းသားတို့အတွက် သင်ထောက်ကူ မင်္ဂလာစာအုပ်တပည့်ကိုင်(၃)မျိုးနှင့် ဆရာကိုင်(၃)မျိုးတို့ကို ရေးသားထုတ်ဝေခဲ့ကြောင်း တွေ့ရပြန်သည်။

ဤမျှလောက်အလုပ်-လုပ်ကိုင်လာသူဖြစ်သော်လည်းဆရာတော်ဦးဝိစိတ္တသာရမှာထင်ပေါ်လိုစိတ်၊ ကျော်ကြားလိုစိတ်ရှိသူမဟုတ်သလို၊ လာဘ်ရလိုစိတ်ရှိသူလည်းမဟုတ်ကြောင်း သတိပြုမိလေသည်။ ယင်းအရာတို့မရှိသူ ဆရာတော်မှာ မွေးဇာတိကိုချစ်ခင်စိတ်ရှိခြင်းကြောင့် ဘွဲ့၏ရှေ့၌ သူ့ရွာအမည်ကို တွဲကပ်ထားသည်ဟုယူဆပေသည်။

ဆရာတော်ဦးဝိစိတ္တသာရ(လေးအိမ်စု)သည် ယင်းသို့ဇာတိကို တန်ဖိုးထားချစ်မြတ်နိုးသကဲ့သို့၊ အမျိုး၊ ဘာသာ၊ သာသနာကိုလည်း တန်ဖိုးထား ချစ်မြတ်နိုးတတ်သူဖြစ်ကြောင်း ယခုထုတ်ဝေသော စကားလက်ဆောင် တရားလက်ဆောင် စာအုပ်တို့က သက်သေခံလျက်ရှိလေသည်။

အဆိုပါ စကားလက်ဆောင်, တရားလက်ဆောင် စာအုပ်တို့တွင် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်း၊ စာစောင်များ၌ ပါဝင်သည့် ထူးခြားသတင်းများနှင့် အင်တာနက်မှ ထူးခြားမှတ်သားဖွယ်ရာတို့ကို ပြန်လည်စိစစ်ထုတ်ဝေလိုက်သော စာအုပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဖတ်ကြည့်သူတိုင်းက ထိုစာအုပ်တို့ကို သဘောကျနှစ်သက်ကြောင်းတွေ့ရပေသည်။ ယင်းသို့ သဘောကျသည်မှာ အမျိုးသားရေးစိတ်ကို လှုံ့ဆော် ပေးနိုင်သောကြောင့်ဟု ဆိုချင် ပါကြောင်း ......။

ဘဒ္ဒန္တ ကောသလ္လ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
(မြေပုံဆရာတော်)၉-၇-၂၀၁၅

# အသိပေး မေတ္တာရပ်ခံခြင်း

ဤစာအုပ်တွင်ပါရှိသော အကြောင်းအရာ၊ စာစု၊ အဆိုအမိန့်၊ ကဗျာ လင်္ကာစသည်များကို ဤစာအုပ်စီစဉ်သူ ကြိုက်နှစ်သက်သဖြင့် အခြားသူများအားလည်း မျှဝေလိုသဖြင့် ထိုထိုစာအုပ်၊ စာစောင်၊ စာနယ်ဇင်းများမှကူးယူဖော်ပြထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် နေရာဒေသအသီးသီး၌ နေထိုင်ကြသော မူလစာရေးသူ ကာယကံရှင်များအား အကြောင်းမညီညွတ်၍ အသိမပေး၊ ခွင့်မတောင်းနိုင်ဘဲ ဖော်ပြရခြင်းကို သည်းခံနားလည်ပေးပါရန် တောင်းပန်စကား ဆိုအပ်ပါသည်။ လက်ခံနားလည်ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ဤစာအုပ်၌ ထည့်သွင်းဖော်ပြထားသည့် စာအုပ်၊ စာနယ်ဇင်းအမျိုးမျိုးပါ စာပေ၊ စကား၊ တရား၊ ကာတွန်းများကို ရေးသား၊ ရေးဆွဲ၊ ဟောပြောကြသော စာ၊ စကား၊ တရား၊ ကာတွန်းပိုင်ရှင် (စာမူရှင်) များအား မျိုးဆက်သစ်လူငယ်များ ဗဟုသုတ အသိပညာ တိုးပွားရေးအတွက် ထိုထိုစာ၊ စကား၊ တရား၊ ကာတွန်းစသည်များကို ဤစာအုပ်၌ ထည့်သွင်း အသုံးပြုခွင့်ပေးပါရန် ဤစာအုပ် စီစဉ်သူက လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

မူလစာမူရှင်များနှင့် စာဖတ်ပရိသတ်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

– လေးအိမ်စု အရှင်ဝိစိတ္တသာရ။





## စာဖတ်ခြင်းအစ

# ကျောင်းစာကြည့်တိုက်က

လူတစ်ဦးတစ်ယောက်အနေဖြင့် အသိမှန်၊ အမြင်မှန်ပါမှ ဆုံးဖြတ်ချက်မှန်ကန်ပြီး လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းများ မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ဤသို့ အသိမှန်၊ အတွေးမှန်ခြင်း၏ ပင်မရေသောက်မြစ်သည် ဗဟုသုတနှင့် အတွေ့အကြုံများပင်ဖြစ်ပါသည်။ ဤသို့ဗဟုသုတ**အဖုံဖုံကိုပေးစွမ်းနိုင်သောနေရာများသည်ကား စာကြည့်တိုက်များနှင့် စာအုပ်စာစောင်များပင်ဖြစ်ပါသည်**။

**စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ရန် အကောင်းဆုံးနေရာများသည်ကား ကျောင်းစာကြည့်တိုက်များဖြစ်ပါသည်**။ မြန်မာနိုင်ငံတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စုစုပေါင်း ကျောင်းပေါင်းလေးသောင်းကျော်ရှိကြောင်း သိရပါသည်။ ယင်းတို့တွင် အခြေခံပညာအထက်တန်းကျောင်းတိုင်းတွင် သင်ကြားသင်ယူမှု ထိရောက်အောင်မြင်ရေးအတွက် ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရန် ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်းသိရပါသည်။ အခြေခံပညာအထက်တန်းကျောင်းတိုင်းတွင် ကျောင်းစာကြည့်တိုက်များအပြင် ကွန်ပျူတာ Lab ခန်းများလည်း ရှိပါသည်။

သို့သော် စာဖတ်တတ်သည့် အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ဆွဲဆောင်နိုင်မှု အားနည်းခြင်း၊ ကွန်ပျူတာ Lab ခန်းများ ပျက်စီးမည်စိုး၍ ပိတ်ထားခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများ၏ စာဖတ်တတ်သည့် အလေ့အကျင့်ကောင်းများ တိုးတက်မှုအားနည်းလျက်ရှိပါသည်။ စာဖတ်အောင် တိုက်တွန်းမှု များများပြုလုပ်ဖို့လိုပါသည်။ ကွန်ပျူတာခန်းများတွင် အင်တာနက်၊ ဝိုင်ဖိုင်အစရှိသည့် ကွန်ရက်များ ချိတ်ဆက်လျက် လွတ်လပ်စွာ အသုံးပြုခွင့်ပေးဖို့လိုပါသည်။ သို့မှသာ စာဖတ်ခြင်းအလေ့အထများ တိုးတက်လာမည်ဖြစ်ပါသည်။

ကျောင်းစာဖတ်ခန်း၊ စာကြည့်တိုက်များတွင် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့်မဂ္ဂဇင်းများဝယ်ယူဖြည့်တင်းပေးလျက်ကျောင်းသားကျောင်းသူတိုင်းစာဖတ်နိုင်အောင် စီစဉ်ထားဖို့လိုပါသည်။ အခြေခံပညာမူလတန်း၊

အလယ်တန်းနှင့် အထက်တန်းကျောင်းတိုင်း၌ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်၊ အတန်းနှင့်အလိုက်ဖက်သော စာအုပ်စာပေများထားရှိပေးသင့်ပါသည်။ ကလေးများ စာဖတ်ခြင်း အလေ့အထကို အခြေခံပညာကျောင်းများမှ စတင်မည်ဆိုပါက စာပေဝါသနာထုံသော လူငယ်များ တိုးပွားလာမည်ဖြစ်ပါသည်။

သို့ပါ၍ ကျောင်းစာကြည့်တိုက်များသည် စာဖတ်ခြင်း အလေ့အထကောင်းကို ပြုစုပေးနိုင်သည့်နေရာဖြစ်ခြင်းကြောင့် ကျောင်းတိုင်းကျောင်းတိုင်း၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးစေပြီး စာဖတ်ခြင်း အလေ့အထကို ပြုစု ပျိုးထောင်သွားရန် အလေးထား ဆောင်ရွက်သင့်ပေကြောင်း။ ။

***အယ်ဒီတာ့အာဘော်***

***-(၂၆-၂-၂၀၁၄) မြန်မာ့အလင်း စာ-၂။***

# ပြောင်းပြန်နိယာမ

မြန်မာပြည်တွင် ယနေ့ထိပင် ပြောင်းပြန်နိယာမကို ရေရေလည်လည် သုံးစွဲနေကြဆဲဖြစ်သည်။ ဒီလိုပုံစံနဲ့သာဆိုရင်တော့ မိုးကြိုးချုပ်တောင် အိမ်ပြန်မရောက်တဲ့ကိန်း ဆိုက်နေဦးမှာသေချာသည်။ ပြောင်းပြန်နိယာမဆိုလို့ ကြီးကြီးကျယ်ကျယ် ရှည်ရှည်ဝေးဝေးတော့ မတွေးကြစေချင်ပါ။ လက်ရှိမြန်မာနိုင်ငံရဲ့ ကဏ္ဍအတော်များများမှာ တကယ်မှန်မှန်ကန်ကန်လုပ်ရမည့်ကိစ္စကို ပြောင်းပြန်ကြီးလုပ်နေတာတွေ၊ ကမောက်ကမ အမြင်မတော်တာတွေကိုရည်ရွယ် ပြောဆိုခြင်းဖြစ်ပါသည်။

ဘတ်စ်ကားတွေအတွင်းမှာ စာတန်းတွေအများကြီးကပ်ထားတာ ခရီးသည်တိုင်း သိကြပါသည်။ **မတ်တတ်ရပ်စီးခရီးသည် မတင်ပါ။ ထိုင်ခုံအပြည့်သာတင်ပါသည်**စာတန်းကြီးကို ကားအပြင်နံရံမှာ အခန့်သားကပ်ထားတာ တွေ့ရပါလိမ့်မည်။ ဒါပေမယ့် ကားထဲမှာတော့ ထိုင်ခုံတွေလည်းအပြည့်၊မတ်တပ်ရပ်စီးခရီးသည်တွေလည်း ပြည့်ကျပ်လို့နေပါသည်။ "**ဆေးလိပ်မသောက်ရ**"ဆိုတဲ့ တားမြစ်စာတန်းကိုလည်း ဘတ်စ်ကားအတွင်း ဖတ်နိုင်ပါသည်။ ဒရိုင်ဘာ၊ စပယ်ယာတွေရဲ့လက်ထဲမှာတော့ စီးကရက်မီးခိုးငွေ့တွေက တလူလူရှိနေသည်။ အကြည့်ရအဆိုးဆုံးစာတန်းကတော့ "**ခရီးသည်များသည် ထမင်းရှင် ဖြစ်သည်**" ဆိုတာပဲဖြစ်သည်။ သို့ပေမယ့် ပြောင်းပြန်နိယာမသဘောအရ စပယ်ယာများသည် သူတို့ကိုယ်သူတို့ ကျေးဇူးရှင်ဟုမှတ်ယူကာ ပိုက်ဆံပေးစီးနေသော ခရီးသည်များကို

သူတို့အိမ်က အိမ်ဖော်တွေအလား ဟိန်းကြဲဟောက်ကြဲ စော်ကားနေကြပါသည်။

မြန်မာလူမျိုးအများစု ရောင်းချနေသည့် ဈေးဆိုင်တွေနှင့် စားသောက်ဆိုင်များတွင်လည်း ပြောင်းပြန်နိယာမကို တွင်တွင်ကျင့်သုံးနေကြတာ အများစု တွေ့မြင်နေရပါသည်။ စားသုံးသူများသည် ဆိုင်အတွင်းဝင်လိုက်လျှင် ဘာကို အရင်ရှာရသလဲဆိုတော့ စားပွဲထိုးများဖြစ်သည်။ ဆိုင်အတွင်းဖွင့်ထားသော တီဗွီ အစီအစဉ်တွေကို ထိုင်ကြည့်နေသော အနီစားပွဲထိုးများကို အော်ခေါ်ရ၊ ပိုက်ဆံရှင်းမယ်ဆိုတော့လည်း အော်ခေါ်ရနှင့် စားသုံးသူခမျာ ပျာယာခတ်လို့နေရသည်။ စိတ်ညစ်ရတာကို ပိုက်ဆံပေးနေရသလိုဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်အရ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်၍ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားသူအချို့ကလည်း ပြောင်းပြန်နိယာမကို လက်မလွှတ်ကြပါ။ ရွေးကောက်ပွဲအကြိုကာလများအတွင်းက အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုသူအချို့သည် မဲဆန္ဒရှင်များကို မျက်နှာချိုသွေးကာ မက်လုံးပေးစည်းရုံးကြပါသည်။ ရွေးကောက်ပွဲပြီး၍ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားသောအခါ၊ သူတို့ကိုယ်သူတို့ ရာထူးအရှိန်အဝါတွေ ရထားသည့်အလား၊ မဲဆန္ဒရှင်ပြည်သူများကို လှည့်မကြည့်ကြတော့ပါ။

အစိုးရဝန်ထမ်းအချို့ကတော့ ဒီနိယာမကြီးကို၊ ခုချိန်အထိ အသေအလဲ ဖက်တွယ်ထားကြဆဲဖြစ်သည်။ သူတို့သည် ပြည်သူ့ဘဏ္ဍာငွေမှ လစာစားနေရသည်ကို အလျင်းဂရုမစိုက်ဘဲ၊ မိမိရုံး၊ ဌာနသို့ ကိစ္စရှိ၍ရောက်လာသောပြည်သူများကို မှန်မှန်ကန်ကန် ဝန်ဆောင်မှုမပေးကြသေး။ ပညာပြကြသည်။ လာဘ်ပေးလာဘ်ယူလုပ်ကြသည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အစီအစဉ်ကို ယနေ့အထိ သူတို့မမှုကြသေးသည်မှာ ယုံတမ်းစကားမဟုတ်ပါ။

ယနေ့ မြန်မာနိုင်ငံတော်ကြီးတွင် ယခုလို ပြောင်းပြန်နိယာမကျင့်သုံးမှုတွေ များနေပါသေးသည်။ ပြည်သူ့ဗဟိုပြုစနစ်ဟု ကျယ်ကျယ်လောင်လောင် ပြောနေကြသော်လည်း ဤနိယာမအရ အောင်မြင်ဖို့ဆိုတာ အတော်အလှမ်းဝေးနေတာ သေချာသလောက်ရှိသည်။

နောက်တစ်ခုရှိပါသေးသည်။ ဒီနေ့မြန်မာနိုင်ငံမှာ အပိုဆာဒါးလုပ်တာတွေများနေတာဖြစ်သည်။ သာဓကတစ်ခု ဆောင်ပြပါမည်။ မြန်မာလူမျိုးများသည် အလုပ်တစ်ခုလုပ်မယ်မကြံသေး၊ ဖွင့်ပွဲတွေ၊ အခမ်းအနားတွေကို ပိုပိုကဲကဲ လုပ်တတ်ကြသည်။ အဲဒီအတွက် ကုန်ကျစရိတ်များသည် တကယ်လုပ်ဖို့ ခွင့်ပြုထားသည့် ငွေတွေထဲက ယူသုံးနေကြတာဖြစ်ပါသည်။ ဖဲကြိုးတက်ဖြတ်

သူကလည်း ကုန်ကျစရိတ်စိုက်ထုတ်တာ မဟုတ်ပါ။

မြန်မာနိုင်ငံရှိ ကဏ္ဍအသီးသီးက တာဝန်ရှိသူတိုင်း ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်ကြပါစေ။ အရိုးစွဲနေပြီး ကြည့်မကောင်း၊ ကြားမကောင်းသည့် ပြောင်းပြန်နိယာမကို တည့်မတ်အောင်အမြန်ဆုံးပြုပြင်နိုင်ကြပါစေ။

*-မောင်ဆွေဝင်း(ပဲခူး) ၊*

*(၁-၃-၂၀၁၅) Daily Eleven စာ-၉။*

အသက်ရှည်ခြင်း၏လျှို့ဝှက်ချက်က အမျိုးသားများကို ရှောင်ခြင်းဟု

# အသက် ၁၀၉ နှစ်အဘွား ပြောကြား

ယူကေတွင် အသက်အကြီးဆုံးအမျိုးသမီးတစ်ဦးဟု ထင်မြင်ထားသည့် အသက် ၁၀၉ နှစ်အရွယ် ဂျက်စီဂါလန်က သူအသက်ရှည်ခြင်း၏လျှို့ဝှက်ချက်သည် အုတ်ဂျုံကြွကာ များများစားခြင်းနှင့် အမျိုးသားများနှင့်ဝေးဝေးတွင် နေထိုင်ခြင်းတို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၂ရက်နေ့က အသက် ၁၀၉ နှစ်ပြည့်မွေးနေ့ကျင်းပခဲ့သော ဂျက်စီတွင် ညီမ ၅ ဦးနှင့် အစ်ကိုတစ်ဦး ရှိကြောင်းသိရသည်။

"**အဖွားအသက်ရှည်ရတဲ့လျှို့ဝှက်ချက်က အမျိုးသားတွေနဲ့ဝေးဝေးမှာ နေတာပဲ ဖြစ်ပါတယ်။ သူတို့ကြောင့် ကောင်းကျိုးရှိတာထက် ဒုက္ခပို ရောက်စေတယ်**"ဟု ဂျက်စီက ပြောကြားခဲ့သည်။

ဂျက်စီသည် အဘာဒီရှိုင်းယားတွင် မွေးဖွားခဲ့ပြီး အသက် ၁၃ နှစ်အရွယ်တွင် နို့ညှစ်သမ လုပ်ကိုင်ခဲ့သည်။

"**လေ့ကျင့်ခန်းတွေအများကြီး လုပ်ခဲ့ပါတယ်။ နံနက်တိုင်း အုတ်ဂျုံကြွကာ တစ်ခွက်သောက်ခဲ့တယ်။ ပြီးတော့ ဘယ်တုန်းကမှ လက်မထပ်ခဲ့ပါဘူး**"ဟု ဂျက်စီက ပြောသည်။

"**သူက တေးဂီတဖျော်ဖြေပွဲတွေကို သွားတယ်၊ တနင်္ဂနွေနေ့ဆို ဘုရားကျောင်းတက်တယ်၊ မြဲမြဲပြောရရင် သူက ကျန်းမာရေးနဲ့ သိပ်ကို ညီညွတ်တဲ့နေထိုင်မှု ပုံစံရှိတာပဲ**"ဟု အသက်ကြီးသူများကူညီသည့်ဝန်ထမ်းများက ပြောကြားခဲ့သည်။

၂၀၁၃ ဇွန်လတွင် ဂလက်စကိုမှ ကလဲရားဒေါ်စန်(၁၀၉)နှစ်ကွယ်လွန်ခဲ့ပြီးနောက် ဂျက်စီသည် စကော့တလန်တွင်အသက်အကြီးဆုံးအမျိုးသမီးဖြစ်လာခဲ့သည်။ ဘာစလေမှ အသက် ၁၁၄ နှစ်ရှိ အီသဲလ်လန်းသည် ယူကေတွင် အသက်အကြီးဆုံးဖြစ်ကြောင်း သိရသည်။

*-၂၀၁၅ မတ်လထုတ် အာရောဂျံမဂ္ဂဇင်း စာ ၁၃၄ မှ။*



# ဘဝပန်းပု

တစ်နေ့ချင်း၊ တစ်ရက်ချင်း ရင်ဆိုင်ဖြတ်သန်းခြင်းမှ စ,ကာ ဘဝကိုထုဆစ် ပုံဖော်နေကြရပေသည်။ လူချင်း အတူတူဟုဆိုသော်လည်း ခံယူမှုနှင့်ရင်သန်မှုတို့က ကွာခြားနေတတ်ကြပေသည်။ လူသားတို့တွင် မွေးဖွားပြီးဆိုကတည်းက တာဝန်တစ်ခုစီပေးထားပြီးဖြစ်နေပေသည်။ ထိုတာဝန်မှာ "**မသေမချင်း ရုန်းကန်စေ**" ဆိုသော တာဝန်ပင်ဖြစ်ပေသည်။ တာဝန်တစ်ခုနှင့် လူသားတိုင်းတွင် အခြေခံဆန္ဒကလေး ကိုယ်စီရှိနေတတ်ကြပေသည်။ ထိုဆန္ဒမှာ ဘဝကိုလှစေချင်သောဆန္ဒ၊ ရုပ်လှစေချင်သောဆန္ဒတို့ပင် ဖြစ်ပေသည်။ လှလိုသော လူသားတိုင်းအတွက် အရင်းအနှီးမဲ့သော လှပသည့်ဆေးကလေး ရှိနေပေသည်။ **ထိုဆေးမှာ စိတ်ပုပ်၊ စိတ်ယုတ်များကို ရင်ထဲမှဖယ်ရှားပြီး လှပသောအပြုံးကလေးများဖြင့် ပြုံးပြ၍ ဆက်ဆံပြောဆိုခြင်းသာလျှင်ဖြစ်ပေသည်**။

အလုံးစုံပြီးပြည့်စုံခြင်းမရှိသော လောကကြီးတွင် တတ်နိုင်သမျှ ကြိုးစားရှင်သန်ခြင်းသည်သာ တန်ဖိုးရှိနေတတ်ပေသည်။ လူသည် ခန္ဓာကိုယ်စွမ်းရည်ဖြင့် လက်တွေ့ဆောင်ရွက်သည့်တိုင်အောင် စိတ်နှင့်တကွ အသိဉာဏ်တို့က ထိန်းချုပ်စီမံပေးကြမြဲပင် ဖြစ်ပေသည်။ သို့အတွက် ဘဝတစ်ခုအဓိပ္ပာယ်ရှိစွာဖြင့် တည်ဆောက်နိုင်ရန်အတွက် သူတပါး၏စိတ်ကို နာကျင်အောင် မလုပ်မိရန် လိုအပ်လှပေသည်။ **စိတ်နာမှုသည် ခန္ဓာကိုယ်နာကျင်မှုထက် အဆများစွာဆိုးရွားပြီး အလှပျက်စေသော အဆိပ်တစ်ခုဟုပင် ဆိုနိုင်ပေသည်**။ ဘဝတစ်ခု အဓိပ္ပာယ်ရှိရေးအတွက် လိုအပ်သော အားဆေးတစ်ခွက်ရှိပေသည်။ ထိုအားဆေးမှာ စိတ်နှလုံးပျော်ရွှင် အောင်ပြုလုပ်ခြင်းသာလျှင်ဖြစ်ပေသည်။ စိတ်ပျော်ရွှင်ခြင်းသည် လူတိုင်းတောင့်တလေ့ရှိသော အရာတစ်ခုပင်ဖြစ်ပေသည်။ ပျော်မှရွှင်၍ ရွှင်မှကြည်တတ်ကြပေသည်။ သို့မှသာလျှင် ပျော်ရွှင်ကြည်နူးခြင်းဟူသော အနှစ်သာရတစ်ခုကို ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပေသည်။ သို့အတွက် မိမိပြောဆိုလိုက်သော အပြုအမူနှင့် အပြောအဆိုများကြောင့် သူတပါးစိတ်ဆင်းရဲ ဒုက္ခမရောက်ရေး အစဉ်တွေးပေးသင့်လှပေသည်။

လူသည် အသက်ရှင်တိုင်း တန်ဖိုးရှိနေသူဟု မပြောဆိုနိုင်ပေ။ အသက်ရှင်မှု

၊ အသက်မွေးမှု စိတ်သဘောထားနှင့် ခံယူမှုအလိုက် တန်ဖိုးသတ်မှတ်ကြပေသည်။ လူ၏တန်ဖိုးကို လူတို့ကသာ အခမဲ့ သတ်မှတ်ပေးတတ်မြဲပင်ဖြစ်ပေသည်။ ကိုယ့်ပတ်ဝန်းကျင်မှ လူများသည် ကိုယ့်ဘဝအကြောင်း ကိုယ့်သမိုင်း၊ ကိုယ့်လုပ်ရပ်တို့ကို မှတ်တမ်းတင်ပေးနေကြမြဲပင် ဖြစ်ပေသည်။ ပတ်ဝန်းကျင်မှ သမိုင်းရေးထိုးမှတ်တမ်းပြုသူများ စံတင်ထားသည့် သတ်မှတ်ချက်တစ်ခုရှိပေသည်။ ထိုအရာမှာ "**အသက်ရှင်တိုင်း မှန်ကန်သော ရှင်သန်ခြင်းမဟုတ်ပါ။ မိုးသားကြိုးစားကာ အများအကျိုးကို ဆောင်ရွက်ရှင်သန်မှသာ အဓိပ္ပာယ်ရှိ၍ မှန်ကန်သော ရှင်သန်ခြင်းဖြစ်သည်**"ဟုပင် သတ်မှတ်ထားတတ်ကြပေသည်။

ဘဝတစ်ခုကို ရှန်းကန်ရှင်သန်မှုအစုစုတွင် မျက်နှာမလိုက်တမ်း စီရင်ဆုံးဖြတ်တတ်သော လောကတရားသူကြီးများရှိပေသည်။ ထိုသူများမှာ အချိန်၊ သဘာဝတရားနှင့် သေခြင်းဆိုသော သူများပင်ဖြစ်သည်။ မွေးဖွားခြင်းဖြင့် စတင်သမျှ သေဆုံးခြင်းဖြင့် နိဂုံးချုပ်ကြရမြဲပင်ဖြစ်ပေသည်။ မွေးဖွားခြင်းမှ သေဆုံးခြင်းဟူသော ပန်းတိုင်းနှစ်ခုအကြား လူသားတို့၏ သဘောသဘာဝကို ဂရုပြုလေ့လာမှတ်တမ်းယူသင့်လှပေသည်။

လူသားတို့အကြား အားနာခြင်းများကို ပန်ဆင်ထားပါက အောက်ကျခြင်းနှင့် အဆုံးခံဖို့ရန် အကြောင်းဖန်နေခြင်းမျှသာလျှင် ဖြစ်ပေသည်။ ပညာရှင်တို့၏အဆိုအရ "**အားနာခြင်းသည် အဆုံးခံဖို့သာဖြစ်၊ ကြားဝါခြင်းသည် အမုန်း ခံဖို့သာဖြစ်**"ဟုပင်ဆိုခဲ့ပေသည်။

လူ့လောကတွင် လူတော်၊ လူကောင်း၊ လူညံ့၊ လူယုတ်မှအစ လူကို ဘုံထား၍ ညွှန်းဆိုချက်များစွာ ပြုတတ်ကြပေသည်။ သူကောင်းစေချင်သမျှ ကိုယ်က ကောင်းအောင်ပြုရပေမည်။ သူတို့တော်လာရေးကို အလိုရှိသမျှ ကိုယ်က ကောင်းပြကြရပေမည်။

သူတော်လာအောင် ကောင်းပြနိုင်သမျှ သူတော်ကောင်းဖြစ်ဖို့နီးစပ်နေပြီဖြစ်သည်။ ထို့အတူပင် ကိုယ့်ပတ်ဝန်းကျင်ရှိ မကောင်းသောလူ၊ ယုတ်ညံ့သောသူတို့၏ ဓလေ့စရိုက်ကိုလည်း အလွယ်မှတ်ထားသင့်လှပေသည်။ "**ယုတ်ညံ့သောသူများသည် ကိုယ့်အပြစ်ကိုဖုံးကွယ်ပြီး သူတပါးအမှားကိုထောက်ကာ အပြစ်ပုံချတတ်သော အမူအကျင့်များစွာရှိနေသူများပင်ဖြစ်သည်**"။

လူသားတို့နှင့်အနီးစပ်ဆုံးသော ယထာဘူတကျသော အတွေးတစ်ခုရှိပေသည်။ ထိုအရာမှာ အလုပ်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ အယူအဆအရ "ကံ"ဟုပင်ဆိုတတ်ကြပေသည်။ "ကံ"သည် အလုပ်ဖြစ်၍ ကံကောင်းချင်သမျှ

အလုပ်ကောင်းစွာ ပြုလုပ်ဖို့ လိုအပ်လှပေသည်။ ကံကောင်းလျှင် ကောင်းကောင်းနေ၊ ကံမကောင်းလျှင် ကောင်းကောင်းနေဟုပင် ဆုံးမထားပေသည်။ ကံမကောင်းခဲ့ပါမူ လူကိုပြင်၊ မှုကိုပြင်ဟုပင်ဆိုတတ်ကြပေသည်။ လူစွမ်းကောင်းတို့၏ တာဝန်တစ်ခုမှာ ဘဝတွင် ကြုံတွေ့ခဲ့ရသော ကံမကောင်းမှု၊ ရှုံးနိမ့်မှုများကို ရင်ဆိုင်ဖြတ်သန်းကျော်လွှားပြီး အမြတ်ရအောင်ယူရေးပင်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် အသေးအဖွဲဆိုသောအရာ မရှိလှပါချေ။ သေးငယ်သောအပေါက်ကလေးဟုဆိုသော်လည်း ထိုအပေါက်ငယ်ကလေးမှပင် ကျယ်ပြန့်သောမြင်ကွင်းတို့ကို မြင်ခွင့်ရှိနိုင်ပေသည်။ ထို့အတူပင် သေးငယ်သောလုပ်ရပ်တစ်ခုမှ လူတစ်ယောက်၏အကြောင်းကို အကဲခတ်နိုင်ပေသည်။ လူ့အကြောင်းပေါ်မှုသိသော သဘာဝထဲတွင် လူတစ်ဦးအကြောင်းကို သိလိုသမျှ ထိုလူ၏ အပြုအမူ၊ အပြောအဆို အသေးအမွှားကလေးများကို ဂရုစိုက်ကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။

လူ့လောက၊ လူ့ဘဝတွင် လူသားများထံသို့ မဖိတ်ခေါ်ဘဲ အလည်လာသော ဧည့်ဆိုးတစ်ယောက်ရှိပေသည်။ ထိုဧည့်ဆိုး မှာ "သောက"ဆိုသောအရာပင်ဖြစ်ပေသည်။ သောကဝင်သမျှ ဒေါသပါ ဖိတ်ခေါ်တတ်ပြီး မလုပ်ခြင်းများစွာ ရောယှက်ထားတတ်ပေသည်။ "အပူ၊သောက၊ဒေါသ"တို့မှာ လူကိုနှောင့်ယှက်ဖျက်ဆီးတတ်ပေသည်။ သောကကို ကုန်းပိုကျော်စီးနိုင်သောသူသာလျှင် သောကရဲ့အရှင်သခင် သူ၏မိတ်ဆွေအရင်းအချာဖြစ်လာနိုင်သည်။ ပညာရှင်များကမူ "**သောကကို အိပ်ယာထဲအထိ သယ်ဆောင်သွားတဲ့သူဟာ ရွှစ်တွေး၊ ညစ်ပတ်နေသောအဖို့က်ထုပ်ကြီးကို ကျောပိုးပြီး အိပ်ယာဝင်ခြင်းနှင့်တူသည်**" ဟုပင် ဆိုထားခဲ့ပေသည်။ သို့အတွက် လောကဓံကို အနိုတုလိုသူများသည် "သောကတဲ့လား . . . သွား"ဟုပင် အမိန့်ပေးစေခိုင်းနိုင်သူဖြစ်အောင် ကျင့်ကြံသင့်လှပေသည်။

ဘဝတစ်ခုကို တည်ဆောက်မှုတွင် ပျော်ရွှင်ခြင်းအုတ်မြစ်ချကာ ငြိမ်းချမ်းခြင်းအကာအရံတို့ဖြင့် စီချယ်သင့်လှပေသည်။ ဘဝတစ်ခုအောင်မြင်ခြင်းအတွက် အထောက်အကူဖြစ်စေသောအချက်များတွင် သွက်လက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ သွက်လက်ခြင်း၊ လန်းဆန်းခြင်းတက်ကြွခြင်း၊ ကြိုးစားခြင်းတို့ဖြင့် ဘဝကိုထုံမွှမ်းထားသင့်လှပေသည်။ ပညာရှင်တို့၏ အဆိုအရ "**သွက်လက်ခြင်းသည် အောင်မြင်ခြင်း၏လမ်းစ၊ ကြွားဝါခြင်းသည် ရှုံးနိမ့်ခြင်း၏ လမ်းစ**"ဟုပင်ဆိုထားခဲ့ပေသည်။ သမုဒ္ဒရာတွင် အနားသတ်

ကမ်းစပ်ရှိသကဲ့သို့ပင် လူတွင်လည်း ဘဝနှင့်မျှော်လင့်ချက်တို့ ရှိနေတတ်ပေသည်။ ဘဝတစ်ခုကောင်းမွန်ရေးအတွက် ကောင်းမွန်သော အတွေးကလေးများဖြင့် စီခြယ်တတ်ရပေလိမ့်မည်။ တန်ဖိုးဆိုသောအရာသည် အသုံးကျအောင် အသုံးချတတ်သူ၏ အပြုအမူပေါ်တွင် မူတည်နေတတ်ပေသည်။ သို့အတွက် ပြုမူသော ခန္ဓာကိုယ်၊ ပြောဆိုသော ပါးစပ်၊ ကြံတွေးသော စိတ်အခြေခံအင်အားစုကို အသုံးပြုကာ ကောင်းမွန်သော ဘဝပန်းပုကို ထုဆစ်ပုံဖော်သင့်လှပါပေသည်။

–သရက်ဥာန်းစိုးမွှေး(စိတ်ပညာ)၊
(၂၄-၂-၂၀၁၅) ကြေးမုံ စာ-၁၈။

# နှစ်ပေါင်း ၁၀၀၀ခန့် သက်တမ်းရှိသည့် ရုပ်ပွားတော်ထဲမှ တရားထိုင်နေသည့်ဘုန်းကြီး၏ ရုပ်ကလာပ်ကို တွေ့ရှိ



၁၁ရာစု သို့မဟုတ် ၁၂ ရာစုခန့်ကဟု ယူဆရသည့် ရုပ်ပွားတော်တစ်ခု အတွင်းမှ ဘုန်းကြီးတစ်ပါး၏ ရုပ်ကလာပ်ကိုတွေ့ရှိခဲ့ရသည်ဟု သိရသည်။ နယ်သာလန်နိုင်ငံမှဗုဒ္ဓဘာသာ၏ယဉ်ကျေးမှုနှင့်အနုပညာကို လေ့လာနေသော ကျွမ်းကျင်ပညာရှင် အဲရစ်ခ်ဘရိုင်းက ၎င်းမှာ တရုတ်ဇမ္မရိပ်သာမှ ဘုန်းတော်ကြီး လီကွမ်း၏ ရုပ်ကလာပ်ဖြစ်ကြောင်း ဆိုခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်ထဲတွင် ဘုန်းကြီးရုပ်ကလာပ်ရှိနေသည်ကို သိရှိခဲ့ကြသော်လည်း မင်းဒါးပြတိုက်မှ ပညာရှင်များက CT Scan နှင့် ခန္ဓာကိုယ်အတွင်းပိုင်း အထူးပြုစာတ်မှန် ရိုက်ကူး ကြည့်ရှုသောအခါမှ ရုပ်ခန္ဓာတွင် ကိုယ်တွင်းကလီစာများ ပျောက်ဆုံးနေသည်ကို တွေ့မြင်ခဲ့ရသည်။ ရုပ်ပွားတော်အတွင်း၌ ဘုန်းတော်ကြီးရုပ်ကလာပ်နှင့်အတူ တရုတ်ဘာသာဖြင့်ရေးသားထားသော စာရွက်လိပ်များကိုလည်း တွေ့မြင်ခဲ့ကြရသည်။ ယခုအခါဘုန်းကြီး၏ရုပ်ခန္ဓာကို ဘူဒါပတ်စ်သို့သယ်ဆောင် သွားပြီဖြစ်ပြီး ၂၀၁၅ ခုနှစ်မေလအထိ ဟန်ဂေရီသဘာဝသမိုင်းပြတိုက်တွင် ပြသထားမည် ဖြစ်သည်ဟုသိရသည်။ ဗုဒ္ဓဘာသာဝင်များက ဘုန်းကြီးလီကွမ်းသည် အမှန် တကယ်သေဆုံးခြင်းမဟုတ်ဘဲ တရားထိုင်နေခြင်းသာဖြစ်သည်ဟု ဆိုခဲ့ကြသည်။

*(DM,23.2.15)* မေခွန် –(၂၆-၂-၂၀၁၅) မြည်မြန်မာ စာ-၁၄။

# ပရဟိတနှလုံးသား

မတွေ့ရသည်မှာ ကြာပြီဖြစ်သော ငယ်သူငယ်ချင်းတစ်ဦးနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဆုံဖြစ်ကြသည်။ တွေ့လျှင်တွေ့ချင်းပင် စာရေးသူက "သူငယ်ချင်း မင်းမိသားစုနေကောင်းရဲ့လား၊ ကလေးတွေရော ကျောင်းပြီးကုန်ပြီလား၊ သူငယ်ချင်း .. အခု ဘာလုပ်ငန်းတွေလုပ်နေလဲ" စသည်စသည်ဖြင့် မေးသည့်အခါ–

သူငယ်ချင်းက 'အမျိုးသမီးကတော့ ဈေးရောင်းပေါ့ကွာ၊ ကလေးနှစ်ဦးက ဘွဲ့ရပြီးသွားလို့ အလုပ်လုပ်နေကြပြီလေ။ တစ်ဦးပဲ ကျန်တော့တယ်။ ငါတော့ ပရဟိတအလုပ်တွေလုပ်နေရတော့ အိမ်အလုပ်လည်း တစ်ခါတစ်ရံလောက်ပဲ လုပ်နိုင်တယ် သူငယ်ချင်း၊ ပရဟိတလုပ်နေတာဆိုတော့ အိမ်စီးပွားရေးကတော့ ဒီလိုပဲပေါ့ သူငယ်ချင်းရာ'ဟု ဆိုလေသည်။

မှန်သည်။ ပရဟိတအလုပ်ကို သဒ္ဓါပါပါ စေတနာအပြည့်နှင့် လုပ်ကိုင်ကြသူတိုင်းသည် အိမ်စီးပွားရေး လစ်ဟင်းစမြဲပင် ဖြစ်သည်။

အဘယ်ကြောင့်မူ ပရဟိတဆိုသည်မှာ အများအကျိုးကို ကိုယ်ကျိုးမငဲ့ ဆောင်ရွက်သောလုပ်ငန်းဖြစ်သည်။ (ပရ–သူတစ်ပါး၏၊ ဟိတ–အကျိုးကိုဆောင်ရွက်ခြင်း) သို့ဖြစ်၍ ပရဟိတအကျိုးဆောင်ရွက်သူများကို လေးစားသည်။ ဂုဏ်ယူသည်။

ယနေ့မြန်မာနိုင်ငံတစ်ဝန်းတွင် မြို့ပြများသာမက ကျေးလက်တောရွာများထိ ပရဟိတလုပ်ငန်းများကို အသင်းအဖွဲ့များ စုစည်းကြကာ ကုသိုလ်ဖြစ်အခမဲ့ဆောင်ရွက်နေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ကြားသိနေရသည်။

တစ်ချို့သော ပရဟိတအသင်းများဆိုလျှင် နာရေးကူညီမှုအခမဲ့များအပြင် လူမှုရေးကူညီမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာဒါန၊ သဘာဝဘေးအန္တရာယ်ကူညီမှု အစရှိသဖြင့် ဘက်စုံထောင့်စုံမှ ကုသိုလ်ပြု အခမဲ့ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များ၊ ထိုအသင်းအဖွဲ့များမှ အကျိုးဆောင်များကို မြင်တွေ့ရသည့်အခါမှာလည်း သာဓုအကြိမ်ကြိမ်ခေါ်မိရသည်။

ပရဟိတဟူသည် ကိုယ်ကျိုးစီးပွားကိုစွန့်၍ သူတစ်ပါး၏ အကျိုးကို လုပ်ကိုင်ဖို့ဆိုသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ လွယ်ကူသောအလုပ်မဟုတ်၍လည်း ပရဟိတစိတ်ဓာတ်၊ ပရဟိတနှလုံးသားထားတတ်ဖို့ဆိုသည်မှာ

လွန်စွာခက်ခဲနက်နဲလှသည်။

ပရဟိတဟူသည် မွန်မြတ်သောလုပ်ငန်းဖြစ်၍ ပရဟိတအကျိုးဆောင်ရွက်သောသူ၏နှလုံးသားမှာလည်း ဖြဟ္မစိုရ်တရားလေးပါးတွင် တစ်ပါးဖြစ်သည့် သနားခြင်း၊ ကြင်နာခြင်းတည်းဟူသော ကရုဏာစေတသိက်နှင့်ယှဉ်သည့်စိတ်ရှိဖို့လိုပေသည်။

"ပရဒုက္ခေ သတိ သာဓူနံ ဟဒယကမ္ပနံ ကရောတီတိ ကရုဏာ"(ဝိသုဒ္ဓိမဂ်ပါဠိတော်) အဓိပ္ပာယ်ကား သူတစ်ပါးအကြောင်း တစ်စုံဆစ်ခုကြောင့် ဆင်းရဲဒုက္ခရောက်နေသည်ကို မြင်တွေ့ရ၏။ ထိုအခါ စိတ်ကောင်းစိတ်မြတ်ရှိသောသူ၏နှလုံးသားသည် မချမ်းမသာဖြစ်၍ သနားသောစိတ်ဓာတ်ဖြစ်ပေါ်လာ၏။ ထိုစိတ်သည် ကရုဏာပင်ဖြစ်၏။

ထိုဖြစ်ပေါ်လာသော ကရုဏာစိတ်သည် သူတော်ကောင်းစိတ်ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်လာ ပါဠိတော်ကို ကိုးကား၍ ဆရာတော်က အမိန့်ရှိပါသည်။

ထိုကရုဏာစိတ်ဖြစ်ပေါ်လာခြင်းမှတစ်ဆင့် ဆင်းရဲဒုက္ခရောက်နေသူ၏ အခက်အခဲများကို တတ်နိုင်သမျှ လက်တွေ့ကူညီနိုင်မှသာလျှင် ပရဟိတအကျိုးဆောင်ရွက်ခြင်းမည်ကြောင်းကိုလည်း ဆက်၍အမိန့်ရှိပါသည်။

ပမာအားဖြင့်– လမ်းမပေါ်၌ ခွေးငယ်လေးတစ်ကောင် ကားတိုက်ခံရကာ ဒဏ်ရာရရှိပြီး အော်ဟစ်နေ၏။ ခွေးလေး၏ အဖြစ်ကိုမြင်ရပြီး 'ဟယ်... သနားလိုက်တာ'ဟု ရင်ထဲမှာဖြစ်ပေါ်လာသည့် သနားကြင်နာသောစိတ်သည် ကရုဏာဖြစ်သည်။ ကြည့်ပြီးသနားရုံနှင့်မပြီးသေး။ ဒဏ်ရာရနေ၍ ခံစားနေရသော ခွေးလေး၏ ဝေဒနာကို သက်သာအောင်ဆောင်ရွက်ပေးမှသာ ကရုဏာဓာတ်နှင့် ယှဉ်သော ပရဟိတဖြစ်သည်ဟု မိန့်ဆိုကြောင်းကိုလည်း ဆရာတော်ကအမိန့်ရှိသည်။

**'ပရဟိတလုပ်တယ်ဆိုတာ ကိုယ်ကျိုးကိုစွန့်ပြီး လုပ်တယ်ဆိုတာကို ဘယ်ဘာသာတရားနဲ့ပဲကြည့်ကြည့် အလွန်မွန်မြတ်တဲ့ ကုသိုလ်ပြုလုပ်ငန်းဖြစ်တယ်။ ဒါကြောင့်ပရဟိတအလုပ်ကို လုပ်တဲ့နေရာမှာ ရိုးသားဖို့လိုတယ်။ လုပ်ရပ်အပေါ်အကြောင်းပြုပြီး မိမိကိုယ်ကျိုးအတွက် မည်သည့်အခွင့်အရေးမှ မယူရ၊ ထင်ပေါ်ကျော်ကြားဖို့မလို၊ စိတ်ထားဖြူစင်မြတ်မြူစင်ဖို့အဓိကလိုတယ်။ ဒါမှသာ ပရဟိတအကျိုး၊ အများအကျိုး စစ်စစ်ဆောင်ရွက်တာဖြစ်တယ်'**ဟု ဆရာတော်က အမိန့်ရှိခဲ့သည်။

ပရဟိတ(သို့မဟုတ်) အများသူငါအကျိုးဆောင်ရွက်ခြင်းကို အနောက်နိုင်ငံများက "**လူသားချင်း စာနာထောက်ထားခြင်း**"ဟုဆိုကြသည်။ ထေရဝါဒ

ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကတော့ ဖြုဟွစိုရ်တရားလေးပါးတွင် တစ်ပါးဖြစ်သည့် ကရုဏာအလုပ်ဟု ဆိုကြသည်။

ပရဟိတဆရာတော်အမိန့်ရှိသည့် နာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်ဖြင့် အများအကျိုး၊ ပရဟိတအကျိုးကို(အခမဲ့) ကုသိုလ်ဖြင့် ဆောင်ရွက်ကြရာတွင် ပရဟိတအလုပ်ကို အကြောင်းပြု၍ နောက်ကွယ်မှ ကိုယ်ကျိုးရှာခြင်း၊ ထင်ပေါ်ကျော်ကြားလို၍ လုပ်ခြင်းမဟုတ်ဘဲ ဖြူစင်သောစိတ်၊ ဖြူစင်သောနှလုံးသားဖြင့် ပရဟိတအလုပ်ကိုလုပ်မှသာလျှင် ဝိသုဒ္ဓိမဂ်ကျမ်းလာ ဘုရားရှင်ဟောကြားတော်မူသည့် နှလုံးသားပျော့ပျောင်း သူတော်ကောင်းစိတ်ရှိသူဖြစ်နိုင်မည်ဖြစ်ပါကြောင်း။

*-(၁-၃-၂၀၁၅) စံတော်ချိန် စာ-၁၀။*

## ပရဟိတ



ပင်ပန်းပေမယ့်

ရင်ထဲကပီတိတွေနဲ့

ဟိတ်ဟန်တွေမပါဘဲ

တက်ညီလက်ညီ



ဆောင်ရွက်ကြပါစို့။

*-Facebook မှ။*


သူပြောတာချည့် နား
ထောင်ပေးနေရတယ်..သူများ
ကိုပြောတာကျတော့ အရေး
မစိုက်ဘူး တော့... ဟွန်း..
HTOO


ငါ့အကြောင်းတွေ
ဘာဖြစ်လို့ရေး
နေကြတာလဲ
ဆရာပဲ ငါ
မကောင်းရင်
ငါ့အကြောင်း
ရေးဆို...

# ကင်ဆာလူနာများ၏ ရာခိုင်နှုန်း ၄၀ တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများရှိနေပြီး

## မြန်မာနိုင်ငံတွင် ကင်ဆာလူနာနှစ်ဦးလျှင် တစ်ဦးမှာ ယင်းသို့ရှိနေနိုင်ဟုဆို

ကင်ဆာလူနာများ၏ ရာခိုင်နှုန်း ၄၀ တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ ရှိနေနိုင်သည်ဟု နိုင်ငံတကာကင်ဆာသုတေသီများမှ ထုတ်ဖော်ပြောကြားထားသော်လည်း မြန်မာနိုင်ငံတွင် ကင်ဆာလူနာနှစ်ဦးလျှင် တစ်ဦးနှုန်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိနေနိုင်ကြောင်း **"စိတ်ခွန်အားနှင့်ကင်ဆာ"** ဟောပြောပွဲတွင် ပြောကြားချက်များအရ သိရသည်။

နိုင်ငံတကာတွင် လေ့လာအတည်ပြုချက်များအရ ကင်ဆာလူနာများ၏ ၂၆ ရာခိုင်နှုန်းတွင် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများ တွေ့ရှိနေရကြောင်းနှင့် လူနာအများစုမှာ စိတ်ထိခိုက်နာကျင်မှုများကို သတိမပြုမိကြဘဲ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများအတွက် ဆေးကုသမှု ခံယူလေ့မရှိကြကြောင်းနှင့် ကင်ဆာအထူးကုဆရာဝန်များကမူ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၏ သုံးပုံတစ်ပုံကိုသာ ဖော်ထုတ်ကုသနိုင်ကြောင်းလည်း သိရသည်။

"ကင်ဆာနဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုပြဿနာတွေကို နိုင်ငံတကာ အချက်အလက်တွေနဲ့ ကိုးကားပြီး ပြောရမယ်ဆိုရင် နိုင်ငံတကာမှာက ကင်ဆာဝေဒနာရှင်တွေရဲ့ ၄၀ ရာခိုင်နှုန်းလောက်က စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ရှိနေတယ်လို့ ပြောထားတာပါ။ မြန်မာနိုင်ငံအနေနဲ့ကတော့ အချက်အလက်တွေက အတိအကျကောက်ထားတာမဟုတ်တော့ ပြောရမှာခက်ပေမယ့် ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေအရကတော့ နိုင်ငံတကာထက်တောင်ပိုပြီး စိတ်ထိခိုက်တာတွေရှိနိုင်ပါတယ်။ ဒီနိုင်ငံမှာက သာမန်လူတစ်ဦးအတွက်တောင် လမ်းမထွက်တာနဲ့ စိတ်ရှုပ်စရာတွေက ကြုံရတာမျိုးဆိုတော့ ရောဂါအခံရှိတဲ့သူတွေက ပိုဆိုးတာပေါ့။ ဆင်းရဲတဲ့နိုင်ငံဆိုတော့ ဆေးမကုနိုင်တဲ့အတွက် စိတ်ကျတာမျိုးတွေရှိတယ်။ တစ်ချို့ကျတော့လည်း ကိုယ့်မှာ စိတ်ပိုင်းဆိုင်ရာပြဿနာမျိုးတွေ ရှိနေတာသိပေမယ့် စိတ်ကျန်းမာရေးဆရာဝန်တွေနဲ့ သွားပြရမှာကိုရှက်တဲ့အတွက် မပြဘဲ ဒီအတိုင်းထားလိုက်တာမျိုးတွေရှိတယ်။ အဲဒီတော့ ကင်ဆာဝေဒနာရှင်တွေမှာ နှစ်ယောက်မှာ တစ်ယောက်နှုန်းလောက်တောင် စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုတွေ ရှိနေနိုင်တယ်လို့ဆိုနိုင်တယ်။

လက်ရှိမြန်မာနိုင်ငံမှာက ကင်ဆာရောဂါဝေဒနာရှင်တိုင်းကို ကင်ဆာဖြစ်နေပါတယ်လို့ မပြောထားဘူး။ မိသားစုတွေက အားလုံးပိတ်ထားတယ်။ အဲဒီတော့ သူ့မှာ ကင်ဆာကြောင့် စိတ်ထိခိုက်မှုခံစားနေရရင်တောင် ကိုယ့်ဘာသာ မသိတာမျိုးတွေ ရှိတယ်ပေါ့။ သုတေသနပြုလုပ်ထားချက်တွေအရဆိုရင် စိတ်ထိခိုက်နာကျင်မှုမရှိတဲ့ ကင်ဆာဝေဒနာရှင်တွေက ကုသအောင်မြင်မှုနဲ့ သက်တမ်းရှည်မှုမှာ လျော့နည်းတယ်လို့တွေ့ရှိထားတယ်။ အဲဒါကြောင့် **လူနာတွေအနေနဲ့ ကိုယ့်မှာပုံမှန်မဟုတ်ဘူးထင်ရတဲ့ စိတ်ပိုင်းဆိုင်ရာပြဿနာတွေကြုံတွေ့လာရင် ဆရာဝန်တွေနဲ့ တောတောစီးစီး ပြဿဆွေးနွေးသင့်ပါတယ်**”ဟု ရွှေရောင် နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ဒေါက်တာမိုးအောင်ကျော်နိုင်ကဆိုသည်။

ကင်ဆာဝေဒနာရှင်များအနေဖြင့် မိမိတို့တွင် ကင်ဆာဖြစ်ပွားနေသည်ကို စတင်သိရှိချိန်မှစ၍ နှစ်လမှသုံးလအတွင်း စိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများကို ခံစားရလေ့ရှိပြီး ရောဂါခံစားရချိန် ကြာရှည်လာသည်နှင့်အမျှ စိတ်မသက်သာဖြစ်ခြင်းတို့ကြောင့် စိတ်ကျခြင်းနှင့် စိတ်ပူပန်သောကရောက်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိကြောင်းနှင့် ယင်းကဲ့သို့ စိတ်ထိခိုက်နာကျင်မှု စတင်ခံစားရချိန်မှ စတင်ကာ လစ်လျူမရှုဘဲ စိတ်ကျန်းမာရေးနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူသင့်ကြောင်း ဆရာဝန်ကြီးများက အကြံပြုထားသည်။

ကင်ဆာလူနာများအနေဖြင့် စိတ်ထိခိုက်နာကျင်မှုရှိ/မရှိကို စော စီးစွာသိနိုင်ရန်လိုအပ်ပြီး ယင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို စစ်ဆေးနိုင်သည့် ကိရိယာ(စကေး)ဖြင့် စစ်ဆေးရမည်ဖြစ်ကြောင်းနှင့် မိမိ၏ စိတ် ထိခိုက်နာကျင်မှုပမာဏကို မေးခွန်းများ အသုံးပြုစစ်ဆေးသင့်ပြီး ကိုယ်တိုင်ဖြေရှင်းသည့် နည်းလမ်းများကို အသုံးပြုသင့်ကြောင်း ကင်ဆာရောဂါအထူးကု ဆရာဝန်ကြီးများက အကြံပြုထားသည်။

–(၈-၂-၂၀၁၉) *Daily Eleven* စာ-၁၀။

**တော်လှန်ရေးရဲ့ ပထမဆုံးတာဝန်ကတော့ ပညာတတ်ဖြစ်ဖို့ပဲ....။**

***The first duty of a revolutionary is to be educated.***

*- ဒေါက်တာအာနက်စတို ချေဂွေဗားရား။*

# အမုန်းတရား ထွန်းကားသောနေရာ

**"ယခုနံနက်ခင်းဟာ ပြီးပြည့်စုံတဲ့ကောင်းခြင်းတွေကို ယူဆောင်ခဲ့ပြီ။ ချစ်ခြင်းမေတ္တာဟာ ငါ့ရဲ့နှလုံးသားထဲ တိုးဝင်ကာ ကမ္ဘာလောကဆီသို့ ကူးစက်သွားတော့မယ်။ လူသားအားလုံး ကျန်းမာချမ်းသာကြပါစေ။ ငါနဲ့ ထိတွေ့ဆက်ဆံရသူတွေ စိတ်နှလုံးချမ်းမြေ့ရွှင်ရကြပါစေ။ ဒီနေ့ကို စိတ်ကောင်း စေတနာနဲ့ ဖြတ်သန်းဖို့ ငါ့မှာတာဝန်အထူးရှိနေတယ်"**

ငယ်ငယ်က ကမ္ဘာကျော်စိတ်ပညာရှင်ကြီး ဆစ်ဂမန်ဖရွိုက်ရေးတဲ့ စိတ်ပညာအကြောင်း စာတမ်းတွေကနေ မှတ်သားမိခဲ့တာပါ။

တစ်နေ့တစ်နေ့ ဘဝရပ်တည်နိုင်ဖို့ ရုန်းကန်ရတဲ့အခြေအနေတွေက မလွယ်ပါဘူး။ မလွယ်တကာ့ မလွယ်ဆုံးထဲမှာလည်း အရည်အဖတ်မရတဲ့ မာနတိုက်ပွဲတွေက ပါဝင်နေပါသေးတယ်။ ဒီလိုအခြေအနေတွေမှာ အကောင်းမြင်စိတ်နဲ့ ရပ်တည်ဖို့မကြိုးစားရင် လူဖြစ်လာတဲ့ဖြစ်တည်မှုဟာ အပူသက်သက်သာ ဖြစ်ပါလိမ့်မယ်။ ဒီတော့ အကောင်းမြင်စိတ်ကို ဖြစ်နိုင်သမျှမွေးမြူပေးရမယ်လို့ ဆစ်ဂမန်ဖရွိုက်က ပြောခဲ့တာပါ။ သူတစ်ယောက်တည်းပြောခဲ့တာမျိုးတော့ မဟုတ်ပါဘူး။

မီးလောင်နေတဲ့နားမှာ သွားရပ်နေတဲ့သူကတော့ ပူတဲ့ဝေဒနာကို အနည်းနဲ့အများ ခံစားရမှာဖြစ်တယ်။ အဲဒီတော့ လူတစ်ယောက်ဟာ စိတ်သောကတွေ၊ အဆိုးမြင်စိတ်တွေ၊ ဒေါသတွေ၊ မကျေနပ်မှုတွေ၊ ပူလောင်မှုတွေနဲ့ အမြဲလိုလို နေထိုင်နေရင် သူ့ရဲ့ပတ်ဝန်းကျင်ဟာလည်း တစ်နည်းနည်းနဲ့ ပူလောင်နေလိမ့်မယ်။ အကျဉ်းချုပ်ပြောရရင်ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အဲလိုလူတွေများလာလေလေ၊ ကျွန်တော်တို့တွေဟာ ပူလောင်မှုကို ပိုမိုခံစားရဖို့ အခွင့်အလမ်း ပေါ်များလေလေ ပါပဲ။

ဒါနဲ့ပတ်သက်ပြီး လူကြီးတွေနဲ့ ဆွေးနွေးကြည့်တော့ သူတို့တွေက ဘယ်သူတွေပူပူ၊ ကိုယ်မပူဖို့ ကိုယ့်စိတ်ကိုနှလုံးသွင်းတတ်ရမယ်လို့ ပြောပါတယ်။ တကယ်တော့ အဲဒီအဆင့်ကြီးက အရမ်းကို မြင့်မားလွန်းပါတယ်။ လူတစ် ယောက်က ချစ်ချစ်ခင်ခင် စကားလာပြောတာကို ကိုယ့်က ယဉ်ယဉ်ကျေးကျေး တုံ့ပြန်နိုင်ပေမယ့် ကိုယ့်ကို ဆူပူဟောက်ဆဲလာလုပ်ရင်တော့ အဲဒါကို သူတို့ ပြောသလို ပြုံးပြုံးလေးတုံ့ပြန်ဖို့ဆိုတာက လူအများစုအတွက်၊ ပြောရမယ် ဆိုရင် လူအားလုံးနီးပါးအတွက် မဖြစ်နိုင်ပါဘူး။ ဆဲဆိုတာကို တချို့ငြိမ်ခံကောင်း

ငြိမ်ခံကြပေမယ့် မေတ္တာတရားမပါတဲ့ အနိုင်ကျင့်ဆုံးမမှုမျိုးကို ဘယ်သူမှ မနှစ်မြို့ပါဘူး။

မနက်ကတည်းက စိတ်ကြည်ကြည်လင်လင်နဲ့ နိုးထလာခဲ့ရင်တောင် ကျောင်းသွားဖို့၊ ရုံးသွားဖို့ လိုင်းကားစီးတဲ့အခါ စပယ်ယာရဲ့ဆူပူဟောက်မှုခံရတော့ စိတ်အနှောင့်အယှက်ဖြစ်ရတဲ့ အရသာကို ခံစားဖူးကြမှာပါ။ ဘုမပြောချင်လို့ ငြိမ်ခံနေရင်လည်း ရင်ထဲမှာ မကျေနပ်တဲ့စိတ်က ပူလောင်နေတာပါပဲ။ တချို့လူတွေကတော့ မခံနိုင်လို့ ပြန်ပြီးဆဲဆိုတာတွေ ကြုံတွေ့ဖူးပါတယ်။ ဒါဟာ အဆိုးမြင်စိတ်တစ်ခုက အဆိုးမြင်စိတ်တစ်ခုကို အသစ်မွေးဖွားပေးလိုက်ခြင်းရဲ့ ရလဒ်ပါပဲ။ သူတို့က ဒီလိုလုပ်မှ ငွေရမှာလား၊ စားဖို့သောက်ဖို့ အဆင်ပြေမှာလားလို့ တွေးခဲ့ဖူးပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ ရှားရှားပါးပါးတွေ့ရတဲ့ ယာဉ်မောင်းတွေ၊ စပယ်ယာတွေကတော့ ပြုံးရွှင်လို့။ ဟာသလေးတွေပြောလို့။ ခရီးသည်တွေက ရယ်မောလို့။ သူတို့ဟာ သူတို့လုပ်ရမယ့်တာဝန်ကို တာဝန်ကျေကျေလုပ်ကြသူတွေပါလားဆိုပြီး ကျွန်တော်ကျိတ်လေးစားနေမိတယ်။ **နိုင်ငံကြီးတွေမှာ အလုပ်နဲ့ပတ်သက်ပြီး အဆင့်အတန်းခွဲတာ ရှားတယ်။ သူတို့အားလုံးဟာ ကိုယ်လုပ်ရမယ့်အလုပ်ကို တာဝန်ကျေအောင်လုပ်ကြသူတွေဖြစ်တဲ့အခါ မြို့တော်ဝန်ကလည်း အိမ်သာဆေးတဲ့သူကို လေးလေးစားစား ဆက်ဆံရတယ်။** ဒီနိုင်ငံမှာ အလုပ်အကိုင်ကို အခြေပြုပြီး အဆင့်အတန်းခွဲသလို လုပ်ချင်နေကြတာ အလုပ်တာဝန်မကျေလို့ ဖြစ်နိုင်ကောင်းရဲ့လို့ သုံးသပ်မိတယ်။ ‘အလုပ်ဟူက ဂုဏ်ရှိစွ’ဆိုပေမယ့် အလုပ်ကို အလုပ်နဲ့တူအောင်လုပ်မှ ဂုဏ်ရှိမှာ မဟုတ်ပါလား။

ဒီလိုအလုပ်ကို တာဝန်ကျေအောင် လုပ်ဖို့က နိုင်ငံတစ်နိုင်ငံရဲ့ ကဏ္ဍတစ်ခုချင်းစီမှာ ပါဝင်နေသူအားလုံးအတွက်လည်း အရေးကြီးတယ်။ ကျွန်တော်တို့နိုင်ငံမှာ အလုပ်ကို သိမ်သိမ်ငယ်ငယ် လုပ်နေကြသူတွေရဲ့ အခြေအနေကို သေချာလေ့လာတဲ့အခါ အလုပ်ကို တာဝန်ကျေပွန်အောင် မလုပ်ကြလို့ဆိုတာ သွားတွေ့ရတယ်။

သူတို့ ဒီလိုဖြစ်တာဟာ လစာကြောင့်လား။ မိသားစုအဆင်မပြေတာကြောင့်လား။ အလုပ်ကို တာဝန်ကျေအောင်မလုပ်ချင်တဲ့ စိတ်အခံကြောင့်လား။ အဆိုးမြင်စိတ်ကို မွေးမြူနေခြင်းကြောင့်လား။ ဝိအားကို မတန်တဆခံနေရလို့လား။ ဒီလိုတွေ တွေးမိပေမယ့် သူတို့ဟာ ကိုယ်လုပ်ရမယ့်အလုပ်ကို ဘာဖြစ်ဖြစ် အကောင်းဆုံးလုပ်မယ်ဆိုတဲ့စိတ်ဓာတ်ကောင်းမရှိလို့လား။

ဒီလိုမကျေနပ်မှုတွေ နေရာတိုင်းမှာဖြစ်နေတာဟာ နှစ်ပေါင်းများစွာ အဖိအနှိပ်ခံခဲ့ရတဲ့ နိုင်ငံရေးနဲ့ အရည်အချင်းဆန်းစစ်ဝေဖန်မှု အားနည်းနေတဲ့ ပညာရေးစနစ်ကြောင့်လို့ ယေဘုယျပြောနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ မျက်မှောက်ခေတ် နိုင်ငံရေးဥပဒေသတွေအရပဲဖြစ်ဖြစ်၊ လူ့ကျင့်ဝတ်အရပဲဖြစ်ဖြစ် တရားမျှတမှု မရှိတဲ့နေရာမှာ အသက်ရှင်ရတဲ့လူတွေဟာ တရားမျှတအောင် အသက်ရှင်ချင်စိတ်ရှိဖို့၊ စိတ်နှလုံးချမ်းမြေ့စွာ အလုပ်လုပ်ချင်စိတ်ရှိဖို့ စိတ်အားနည်းကြမှာ မလွဲမသွေပါပဲ။ အဲဒီဘောင်က ဖောက်ထွက်နိုင်တဲ့ လူတချို့သာ ပုံစံခွက်အောက်က လွတ်မြောက်ခွင့်ရခဲ့ကြတာကိုလည်း ခက်ခက်ခဲခဲမြင်တွေ့ရပါတယ်။

**'အလှတရားဟာ ကြည့်တဲ့သူရဲ့မျက်လုံးထဲက နေရာပေးသလောက်ဖြစ်တည်တယ်'** ဆိုတဲ့စကားလေးလိုပါပဲ။ ကျွန်တော်တို့ဟာ ကိုယ်ချစ်တဲ့အရာတွေကို လှနေတယ်လို့မြင်မိကြတယ်။ မချစ်တဲ့အရာတွေကိုတော့ ရုပ်ဆိုးတယ်လို့မြင်မိကြပါတယ်။ ဒီစနစ်ကို ကျွန်တော်တို့ မကြိုက်ခွင့်ရှိပါတယ်။ ကြိုက်တဲ့သူတွေလည်း ကြိုက်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ကြားမှာ နစ်ဦးနစ်ဖက်လိုက်နာရမယ့်အချက်က တရားမျှတမှုရှိရဲ့လားဆိုတာပါ။ ကိုယ့်ဘက်အသာရဖို့ ဆိုတဲ့အတွေးနဲ့တော့ ဘယ်တော့မှ အဖြေမှန်မထွက်ပါဘူး။ **"အပြစ်တင်ခြင်းဟာ ပိုပြီးကြီးမားတဲ့အပြစ်တစ်ခု ထပ်မံလုပ်ဆောင်ဖို့ စွမ်းအားကိုဖြစ်စေတယ်"** လို့ မိတ္တဗလဋ္ဌိကာ (How to Win Friends and Influence People) စာအုပ်ကို ရေးသားခဲ့တဲ့ ဒေးလ်ကာနက်ဂျီက ပြောခဲ့ဖူးပါတယ်။

ဒီတော့ ကျွန်တော်တို့တွေ ညအိပ်ခါနီးမှာ အမုန်းတရားတွေကို နှလုံးသားအပြင်ဘက်မှာ ထားခဲ့နိုင်ဖို့ ကြိုးစားကြည့်နိုင်ကြမလား။ မနက်နိုးလာတဲ့အခါမှာလည်း ကိုယ့်ပတ်ဝန်းကျင်ကို ချစ်ခြင်းမေတ္တာနဲ့ စပြီးကြည့်တတ်ဖို့ အကျင့်လုပ်နိုင်ကြမလား။ အသက်ရှင်ဖို့လုပ်စားရတာ မလွယ်တဲ့အထဲ အမှုအလောင်ဝန်ပိုတွေ သယ်ဆောင်ရတဲ့အဖြစ်ကို အားမပေးချင်တော့တဲ့ စိတ်ဖြစ်ဖို့ ဆင်ခြင်နိုင်ကြမလား။ လူတစ်ယောက်ချင်းစီကနေ ကိုယ်လုပ်ရတဲ့ တာဝန်တွေကို အကောင်းဆုံးလုပ်ဆောင်ပြီး ကိုယ့်ကြောင့် သူတစ်ပါးထိခိုက်မှုနည်းစေဖို့ စေတနာထားရင်းနဲ့ ကိုယ့်ဘဝကိုလည်း သိက္ခာရှိရှိ တည်ဆောက်ဖို့အတွေး တွေးကြည့်နိုင်ကြမလား၊ ပြန်လည်သုံးသပ်ကြည့်ဖို့တော့ လိုအပ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘယ်လိုပဲမဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဘာပဲမဖြစ်ဖြစ် ကျွန်တော်တို့နှလုံးသားထဲက အဆိုးမြင်စိတ် အမုန်းတာတ်ခံကို ကုစားဖို့မစွမ်းဆောင်နိုင်ခဲ့ဘူးဆိုရင် ကျွန်တော်တို့

နိုင်ငံသားတွေရဲ့ အလုပ်နဲ့ပတ်သက်တဲ့ စွမ်းဆောင်ရည်တွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေဟာ ရှေ့ဆက်ပြီး သူငယ်နာမစင် ဖြစ်နေဦးမှာပါပဲ။

**-အေးသင်ဇော်ဇော်**

***(၇-၂-၂၀၁၄) Daily Eleven ဇာ-၉။***

# တကယ်စိုးရိမ်သင့်တာဟာ



လောကမှာ လူအများက ဘာတွေအထင်ကြီးကြသလဲဆိုရင်
ရှိတဲ့ပစ္စည်းဥစ္စာအပေါ်မှာ အထင်ကြီးကြတယ်။
ရာထူးအပေါ်မှာ အထင်ကြီးကြတယ်။
အာဏာပါဝါအပေါ်မှာ အထင်ကြီးကြတယ်။
ရာထူးဆိုတာလည်း တစ်ခဏပဲ၊ အာဏာပါဝါဆိုတာလည်း တစ်ခဏပဲ။
စည်းစိမ်ဥစ္စာဆိုတာလည်း တစ်ခဏပဲ။ အကန့်အသတ်တွေချည်းပဲ။
ဘယ်အရာမှ ခိုင်မြဲတာ မရှိဘူး။ အဲဒါတွေအပေါ်မှာ
လူတွေ နေ့စဉ်နဲ့အမျှ ရှာဖွေပြီး တပ်မက်နေကြတာ၊
လက်မလွှတ်နိုင်ကြတာ၊ ဒါတွေအတွက်ပဲ။
သဒ္ဓါတရားပျက်သွားလို့၊ ကိုယ်ကျင့်တရားပျက်သွားလို့ဆိုတာမျိုးကို
စိုးရိမ်သောက ရောက်ရမှာကို မသိကြဘူး။ တကယ်စိုးရိမ်သင့်တာကတော့
“ကိုယ်ကျင့်တရားပျက်ခြင်း၊ အသိအမြင်ပျက်စီးခြင်း”
ဒါက စိုးရိမ်စရာကောင်းတာ။

*-ပါချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ။*

**ဘွဲ့ဒီဂရီတွေ ဘယ်လောက်များများ ရနေပါစေ ...**
**သန်ချိုင်းလက်မှတ် မရသေးခင် ကုသိုလ်များများလုပ်ဖို့လိုတယ်။**

*-အမည်မသိ၊ facebook မှ။*

# ပရဟိတရပ်ဝန်း

**ဒီဘဝကို တစ်ကြိမ်သာ ငါဖြတ်သန်းရပေမည်။**
**ဒါကြောင့် ငါနဲ့ဘဝတူ လူသတ္တဝါတွေအတွက်**
**ငါလုပ်နိုင်တဲ့ ကောင်းမှုမှန်သမျှ ယခု ငါလုပ်ပါရစေ။**
**အချိန်မရွှေ့မိပါစေနဲ့၊ မျက်ကွယ်မပြုမိပါစေနဲ့။**
**ဒီလမ်းကို နောက်တစ်ဖန်**
**ငါမလျှောက်လှမ်းတော့ပြီဖြစ်သောကြောင့်ပင်။**

အေးတီးယန်းဒီဂရဲလေး (Etienne degrellet) ရဲ့ အထက်ပါအဆိုအမိန့်လေးကို မကြာခဏ သတိရနေမိသည်။ ကုသိုလ်ကောင်းမှုလုပ်ဖို့ အမြဲလိုလို အချိန်ရွှေ့တတ်တဲ့သူတွေထဲမှာ ကိုယ်လည်းတစ်ယောက်အပါအဝင်ဖြစ်နေသည်မို့ အဲဒီအဆိုအမိန့်လေးနဲ့ မကြာခဏ တိုက်တွန်းလှုံ့ဆော်ပေးနေရပါသည်။

တစ်ခုသော တနင်္ဂနွေနေ့တစ်ရက်မှာတော့ ကျွန်တော်တို့သူငယ်ချင်းတစ်စု အေးတီးယန်းရဲ့ စကားကို လိုက်နာတဲ့အနေနဲ့ ပရဟိတခရီးတိုလေးတစ်ခု ထွက်ဖြစ်ခဲ့ကြပါသည်။ ကျွန်တော်တို့သွားမှာ ဒိုက်ဦးမြို့ရှိ ကန်တော်မင်္ဂလာ ပရဟိတကျောင်းတိုက်ဆီသို့ ဖြစ်ပါသည်။ ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီခွဲထွက်လာခဲ့ကြသည်မို့ ဒိုက်ဦးကို ညနေ ၄ နာရီခန့်မှ ရောက်သွားပါသည်။ မြို့ခံအဖြစ် ဖေ့ဘွတ်ခ်မှတစ်ဆင့် ခင်မင်ခဲ့ရသော ညီမလေး မနောချိုတို့အိမ်သို့ ဦးစွာရောက်သွားကြပါသည်။ တကယ်တော့ ဤအလှူပွဲလေးဖြစ်မြောက်ခဲ့ရသည်မှာလည်း အဆိုပါညီမလေး၏ ဖေ့ဘွတ်ခ်ပေါ်မှ ပရဟိတ Post လေးများကို စိတ်ဝင်စားရာမှ အစပြုခဲ့ခြင်းဖြစ်ပါသည်။

ယခုကျွန်တော်တို့သွားလှူမည့် ပရဟိတကျောင်းတိုက်မှ ကိုရင်ငယ်နှင့် ကလေးငယ်လေးများ၏ စားရေးသောက်ရေး နေထိုင်ရေး ကျန်းမာရေးပါမကျန် လိုအပ်သမျှကိစ္စအဝဝကို ညီမလေးမနောချိုတို့မိသားစုဝင်များကပဲ ဂရုတစိုက်နှင့် ကူညီပံ့ပိုးပေးနေကြခြင်းဖြစ်ပါသည်။ ဘုန်းကြီးကျောင်းဖြစ်သောကြောင့် မနက်ပိုင်း စားရေးသောက်ရေးကို ပူပန်စရာမလိုသော်လည်း ကိုရင်မဝတ်သော ကလေးငယ်များအတွက် ညပိုင်းစားရေးသောက်ရေးအခက်အခဲရှိသည်မှာ အမှန်ပါ။ ထိုအခက်အခဲကို မနောချိုတို့မိသားစုဝင်များက တတ်နိုင်သမျှကူညီဖြေရှင်းပေးကြ

ပါသော်လည်း နေ့စဉ်ရက်ဆက်ဖြေရှင်းရမည့် အလှူရှင်များကို မျှော်ရပါတော့သည်။

ဤသို့ဖြင့် ကျွန်တော်တို့သူငယ်ချင်းတစ်စု ထိုကျောင်းတိုက်လေးသို့ ရောက်ရှိလာရခြင်းဖြစ်ပါသည်။ ယခုဆိုလျှင် အဆိုပါ ကန်တော်မဂ်လာ ကျောင်းတိုက်လေးထဲမှာ ကိုရင် ၂၆–ပါးနှင့် ကလေးငယ် ၃၅–ယောက်တို့သည် ဆရာတော်အပါအဝင် ဆရာ၊ ဆရာမ၊ ရပ်မိရပ်ဖ စေတနာရှင်များ၏ ကူညီစောင့်ရှောက်မှုဖြင့် ပညာသင်ကြားလျက်ရှိကြပါသည်။ ကလေးအများစုမှာ မြန်မာပြည်ရှိမငြိမ်းချမ်းသေးသော အရပ်ဒေသမှာမှ စစ်ဘေးရှောင်ရန် ရောက်ရှိလာကြသည့် မိဘမဲ့ကလေးများဖြစ်သည်။ တစ်ချို့ကလေးများမှာ မြန်မာစကားကိုပင် ကောင်းစွာမပြောတတ်ရှာသည့် တိုင်းရင်းသားလေးများဖြစ်ပါသည်။ သူတို့၏ စားရေးဝတ်ရေးအပြင် တစ်ခါတစ်ရံ ဝဲနာယားနပေါက် ဖျားနာပါကဆေးထိုးဆေးတိုက်ပေးရင်း ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးရပါသေးသည်။

တကယ်ဆို ဒီအရွယ်လေးတွေဟာ မိဘရင်ခွင်ခေါင်းတိုးဝင်လို့ နွဲ့ဆိုးဆိုးကောင်းတုန်း အရွယ်လေးတွေပါ။ ခုတော့ ခများများမှာ မိမဲ့ဖမဲ့ ကူကယ်ရာမဲ့ကာ နွေးထွေးလုံခြုံမည့် ရင်ခွင်တစ်ခုကို အားကိုးမျှော်လင့်ရင်း ဤကျောင်းတိုက်လေးသို့ရောက်ရှိလာခဲ့ကြသည်။ ကျွန်တော်သည် သူတို့လေးတွေ၏ မပြည့်စုံသော ပစ္စည်းပွန်နှင့် မရေရာသော အနာဂတ်ကို လှမ်းတွေးရင်း တော်တော်လေး ရင်မောသွားပါသည်။ ထိုမှတစ်ဆက်တည်း ငါတို့နိုင်ငံမှာ အဲဒီလို စစ်ဘေး စစ်ဒဏ်ကြောင့် တခြားတခြားသော ကံကြမ္မာဒဏ်ရာဒဏ်ချက်များကြောင့် မိဘမဲ့ခိုလှုံရာမဲ့ မျှော်လင့်ချက်မဲ့နေတဲ့ ကလေးတွေ ဘယ်လောက်တောင်များ ရှိနေလေမလဲဟု တွေးလိုက်မိပါသေးသည်။

ကျွန်တော်တို့သည် သူတို့လေးတွေ ထမင်းစားနေကြပုံကို ထိုင်ကြည့်သည်။ ဓာတ်ပုံရိုက်ကာ မှတ်တမ်းတင်ကြသည်။ အနားမှာတိုင်ကာ သူတို့နှင့် စကားပြောကြည့်သည်။ သူတို့ပန်းကန်တွေထဲ ဟင်းတွေခပ်ထည့်ပေးကြသည်။ သူတို့လေးတွေ၏ အမူအရာသည် တွန့်ဆုတ်တွန့်ဆုတ်နှင့် ရိုးသားဟန်ပေါ်သည်။ ကူကယ်ရာမဲ့နေသည့် အားငယ်ရိပ်တွေ သူတို့မျက်နှာပေါ်မှာ လွှမ်းနေသည်။ သူတို့ ထမင်းစားနေသည်ကိုကြည့်ရင်းကျွန်တော်တို့ ဝမ်းသာရသည်။ ပီတိဖြစ်ရသည်။ စိတ်မကောင်းလည်း ဖြစ်ရပါသည်။

သူတို့လေးတွေ ယခုကဲ့သို့ဝဝလင်လင်နှင့် ထမင်းကောင်းကောင်း စားရသည်မှာ ကျွန်တော်တို့လို တစ်ခါတစ်ရံမှပေါ်လာတတ်သည့် အလှူရှင်များ

သက်သက်ကြောင့်တော့ မဟုတ်ပါ။ မနောချိုတို့လို နိစ္စဓူဝ ကရိကထခံကာ အလှူရှင်များ၏ပိုက်ဆံကို စီမံခန့်ခွဲရင်း ကိုယ်တိုင်အပင်ပန်းခံ ချက်ပြုတ်ကျွေးလှူပြီး ရှုခင်ကျွေးသည့် ဝေယျာဝစ္စအဖွဲ့မျိုး ရှိနေသောကြောင့်သာ ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်သည် ထိုကဲ့သို့ ကိုယ်ရောစိတ်ပါ အပင်ပန်းခံကာ သူတို့လေးတွေ၏ စားရေးဝတ်ရေးနေရေးထိုင်ရေး ကျန်းမာရေးပါမကျန် ဂရုတစိုက် ပြုစုစောင့်ရှောက်သည့် စိတ်ဓာတ်ပိုင်ရှင်များကို ကြည်ညိုအားကျစိတ်နှင့် စိတ်ထဲမှအခါခါ ဦးကျိုးနေမိပါသည်။ တကယ်တော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ထိုကဲ့သို့သော စိတ်ဓာတ်ပိုင်ရှင်များဖြင့် ဖွဲ့စည်းထားသော ပရဟိတရပ်ဝန်းမျိုးများများရှိဖို့လိုအပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့နိုင်ငံက မပြီးဆုံးသေးသော စစ်ပွဲများကြောင့် မငြိမ်းချမ်းသေးသောဒေသများမှာ မပြေလည်သေးသောဘဝများစွာကို ထိုကဲ့သို့သောပရဟိတရပ်ဝန်းများဖြင့်သာကောင်းစွာ ကယ်တင်နိုင်လိမ့်မည်ဖြစ်သောကြောင့်ပင်။

မြန်မာလူမျိုးကို 'သဒ္ဓါတရားအားကောင်းသည့်လူမျိုး'ဟု ကမ္ဘာကပင် ချီးမွမ်းလေ့ရှိပါသည်။ ဘုရားကျောင်းကန်တို့နှင့် ဆက်စပ်နေသော ဘာသာရေးသာသနာရေးကိစ္စမျိုးမှာ မြန်မာလူမျိုး၏သဒ္ဓါတရားသည် တကယ်ပဲ လက်ဖျားခါလောက်ပါပေသည်။ ထိုကဲ့သို့ဘာသာရေးမှာ သဒ္ဓါတရားထက်သန်အားကောင်းသကဲ့သို့ လူမှုရေးနှင့်ဆက်စပ်ပတ်သက်နေသော အထက်ပါမိဘမဲ့ပရဟိတဂေဟာကဲ့သို့သော ကိစ္စမျိုးမှာလည်း သဒ္ဓါတရားထက်သန်အားကောင်းစေချင်ပါသည်။ သို့အတွက် ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ မရှိမဖြစ်လိုအပ်သည့် 'ပရဟိတရပ်ဝန်းတွေ' များများပေါ်ပေါက်လာကြပါစေလို့ ဆုတောင်းလိုက်ရပါသည်။

–မောင်ကြည် ၊ (၈-၂-၂၀၁၄) *Daily Eleven* စာ-၉။

မျက်စိအလို၊ နားအလို၊ နှာခေါင်းအလို၊ လျှာအလို၊
ခန္ဓာကိုယ် အလိုမလိုက်ကြနဲ့၊ ကြိုးစားအားထုတ်ကြ။
အသက်ကြီးတာ ငယ်တာ၊ အားရှိတာ မရှိတာ ပမာဏမဟုတ်ဘူး။
သဒ္ဓါနဲ့ဝီရိယသာ ပမာဏဖြစ်တယ်။

–ရွှေနှံ့လွှမ်းဆရာတော်ဘုရားကြီး။

# တရုတ်နိုင်ငံ ဇင်ကျန်းပြည်နယ်မြို့တွင်
# အမျိုးသမီးများ ခေါင်းမြီးခြုံဝတ်ဆင်မှုကို တားမြစ်



ဝီဂါမူဆလင်လူမျိုးများ အဓိကနေထိုင်ရာ ဇင်ကျန်းပြည်နယ်မြို့တော် အူရမ်ကျီတွင် အမျိုးသမီးများ ခေါင်းမြီးခြုံဝတ်ဆင်သွားလာမှုကို တရုတ်အစိုးရက တားမြစ်လိုက်သည်။ ဘာသာရေး အစွန်းရောက်မှုများကြီးထွားလာခြင်းကို တားဆီးရန် ယခုလို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း တရုတ်ပြည်တွင်း မီဒီယာများက ဖော်ပြခဲ့သည်။ ဇင်ကျန်းပြည်နယ်သည် ဒေသခံဝီဂါမူဆလင်များနှင့် ယင်းဒေသသို့ ပြောင်းရွှေ့အခြေချလာသော တရုတ်လူမျိုးများအကြား တင်းမာမှုတွေမြင့်တက်လာခြင်းကြောင့် ဆူပူအကြမ်းဖက်မှုများ ထူပြောတဲ့ဒေသတစ်ခုလည်းဖြစ်သည်။

ပြည်နယ်မြို့တော် အူရမ်ကျီမြို့တွင် လူဦးရေ ၃.၁ သန်းကျော်နေထိုင်လျက်ရှိပြီး အများစုမှာ ဝီဂါမူဆလင်များနှင့် တာကစ်ဘာသာစကားပြောသည့် မျိုးနွယ်များဖြစ်ကြသည်။ ဘူးဂါးသို့မဟုတ် ခေါင်းမြီးခြုံဝတ်ရုံက ဝီဂါအမျိုးသမီးတွေရဲ့ ရိုးရာဝတ်စုံလည်းမဟုတ်ကြောင်း၊ အမျိုးသမီးများခေါင်းမြီးခြုံဝတ်ဆင်ခြင်းကို ပြင်သစ်နှင့် ဘူလ်ဂေးရီးယားနိုင်ငံတွင်လည်း တားမြစ်ထားကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

မူဆလင်အမျိုးသမီးများ၏ ခေါင်းမြီးခြုံအဝတ်အစားကို အစ္စလာမ်မစ် အစွန်းရောက်ဝါဒ၏ သင်္ကေတအဖြစ် ဘေဂျင်းအစိုးရက ရှုမြင်သတ်မှတ်ခဲ့သည်။ ဘာသာရေးအစွန်းရောက်ဝါဒ၏ မီးမှိုင်းများကြောင့် သွေးထွက်သံယို ပဋိပက္ခများဖြစ်ပွားလာရကြောင်း တရုတ်ခေါင်းဆောင်များက အခိုင်အမာပြောကြားသည်။ သို့ရာတွင် မကြာသေးခင်ကာလက ဖြစ်ပွားခဲ့သော ပဋိပက္ခများသည် ဒေသခံ ဝီဂါလူမျိုးများနှင့် တရုတ်လူမျိုးများအကြား လူမျိုးရေးတင်းမာမှုများကြောင့် ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ထို့ပြင် လူ့အခွင့်အရေးလှုပ်ရှားသူများကလည်း ခေါင်းမြီးခြုံဝတ်ဆင်မှုကို တားမြစ်ခြင်းသည် ဝီဂါလူမျိုးများ၏ ဘာသာရေးလွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးရာရောက်သည်ဟု ပြောဆိုနေကြသည်။ လူပေါင်း(၃၁)ဦး သေဆုံးသည့် အူရမ်ကျီမြို့ဈေး ဗုံးပေါက်

ကွဲမှုပြီးခဲ့သည့်နှစ် မေလက ဖြစ်ပွားပြီးနောက် အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲကို သောင်းအစိုးရက ကြေညာခဲ့သည်။ အမျိုးသမီးများ ခေါင်းမြီးခြုံဝတ်ဆင်ခြင်းသည် မူဆလင်လူငယ်များအကြား ဘာသာရေးအယူဝါဒ လွှံ့ဆော်စည်းရုံးရာရောက်သည် ဟု တရုတ်ခေါင်းဆောင်များက ရှုမြင်ခဲ့သည်။ ***မျိုးဇော် Ref;CNN***

***-(၁၉-၁-၂၀၁၅) ရောင်ခြည်ဦးဂျာနယ် စာ-၃။***

# အီရတ်ပြတိုက်ထဲရှိရှေးဟောင်းပစ္စည်းများအား

# ဖျက်ဆီးနေသည့် ဗီဒီယိုကို IS ထုတ်ပြန်

အစ္စလာမ္မစ်နိုင်ငံတော်(IS)အဖွဲ့မှ စစ်သွေးကြွများသည် အီရတ်နိုင်ငံ မိုဆူးမြို့မှ ရှေးဟောင်းပစ္စည်းများအား တူများဖြင့်ဖျက်ဆီးနေပုံကို ရိုက်ကူးထားသည့် ဗီဒီယိုအား ဖေဖော်ဝါရီ ၂၆ ရက်တွင် ဂျိဟတ်များက ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါဖျက်ဆီးမှုများကြောင့် အံ့သြထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အချို့သော ရှေးဟောင်းသုတေသနပညာရှင်များနှင့် ကျွမ်းကျင်သူများက ယင်းဖြစ်စဉ်ကို ၂၀၀၁ခုနှစ်က အာဖဂန်နစ္စတန်တွင် တာလီဘန်များက Bamiyan ဗုဒ္ဓရုပ်တုကြီးအား ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်နှင့် နှိုင်းယှဉ်ခဲ့ကြသည်။

ရှေးဟောင်းအမွေအနှစ်နေရာများကို ကာကွယ်ခြင်းသည် အီရတ်လုံခြုံရေးတွင် တစ်သားတည်းဖြစ်နေရမည်ဟု ငြင်းခုံနေသည့် ကုလသမဂ္ဂယဉ်ကျေးမှုအေဂျင်စီက ယခုဖြစ်စဉ်ကြောင့် လုံခြုံရေးကောင်စီ၌ အရေးပေါ် အစည်းအဝေးခေါ်ယူရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ယင်းဗီဒီယိုတွင် IS စစ်သွေးကြွများသည် မိုဆူးပြတိုက်ထဲ၌ ဝင်ရောက်သောင်းကျန်းကာ ရုပ်တုများအား ဖျက်ဆီးနေပုံကို ရိုက်ကူးထားသည်။ ထိုပြတိုက်ထဲ၌ ခရစ်တော်မပေါ်မီ ရာစုနှစ်ပေါင်းများစွာအကြာက အဆီးရီးယန်းနှင့် ဟယ်လင်းနစ်ကာလများက ရှေးဟောင်းပစ္စည်းများကို စုဆောင်းပြသထားခြင်းဖြစ်ကြောင်း သိရသည်။

"မွတ်စလင်တို့ ကျွန်ုပ်နောက်မှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို အရင်တုန်းက လူတွေဟာ ဘုရားအစား ကိုးကွယ်ခဲ့ကြတယ်။ အဆီးရီးယန်းနဲ့ အက်ခါဒီးယန်းခေတ်က လူတွေဟာ မိုးရွာရေး၊ စိုက်ပျိုးရေးနဲ့ စစ်ရေးအတွက် ဒီဘုရားတွေကို ပူဇော်ပသခဲ့ကြသည်။ တမန်တော်မိုဟာမက်ဟာ အဲဒီရုပ်တုတွေကို

ဖယ်ရှားပြီး မဂ္ဂာမှာ မြေမြှုပ်ပစ်ခဲ့တယ်"ဟု မှတ်ဆိတ်မွေးနှင့် စစ်သွေးကြွတစ်ဦးက ဗီဒီယိုထဲတွင် ကင်မရာကိုကြည့်ပြီး ပြောကြားခဲ့သည်။

စစ်သွေးကြွတို့၏ လုပ်ရပ်သည် အရှေ့အလယ်ပိုင်းမှ အရေးပါဆုံး ပြတိုက်များအနက် တစ်ခုကို အကြီးအကျယ် ဖျက်ဆီးလိုက်ခြင်းဖြစ်သည်ဟု နယူးယောက်ရှိ ကျော်ကြားသော Metropolitan Museum of Art မှ ဒါရိုက်တာဖြစ်သူ သောမတ်စ်ကမ့်ဘဲလ်က ပြောကြားခဲ့သည်။ လက်ရှိအချိန်အထိ မိုဆူးပြတိုက်ထဲမှ အစ္စလာမ္မစ်ပစ္စည်းများ၏ အခြေအနေနှင့်ပတ်သက်ပြီး မသိရှိရသေးပေ။ **Ref;AFP**

*–(၂၈–၂–၂၀၁၅) Daily Eleven* စာ–၁၁။

## မာလာဝီတွင် အရွယ်မရောက်ကလေး လက်ထပ်ခြင်းကိုတားမြစ်

အမျိုးသမီးငယ် ထက်ဝက်ခန့်သည် အရွယ်မတိုင်မီလက်ထပ်ခြင်းများမှ အဆုံးသတ်စေရေးအတွက် မာလာဝီတွင် လက်ထပ်ခွင့်ပြုသော သတို့သမီး အသက်ကို အနိမ့်ဆုံး (၁၈)နှစ်အထိတိုးမြှင့်ကာ ကလေးများထိမ်းမြားလက်ထပ်ခြင်းကို တားမြစ်သည့် ဥပဒေတစ်ရပ် ချမှတ်ခဲ့ကြောင်း CNA သတင်းအရ သိရသည်။

အဆိုပါဥပဒေသည် မာလာဝီအမျိုးသမီးငယ်လေးများအတွက် ကောင်းမွန်ကြောင်း၊ ထိုဥပဒေက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရန် အကူအညီပေးမည်ဖြစ်ကြောင်း အမျိုးသမီးအရေးတက်ကြွ လှုပ်ရှားသူများက ပြောသည်။ သို့သော်လည်း ဆင်းရဲမွဲတေမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိဘဲ ကလေးများ အရွယ်မတိုင်မီ လက်ထပ်မှုကို အဆုံးသတ်မည်မဟုတ်ဟု ယင်းတို့က သတိပေးခဲ့သည်။ မာလာဝီသည် ကလေးများ လက်ထပ်ထိမ်းမြားမှုနှုန်း အမြင့်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမျိုးသမီးငယ် ထက်ဝက်ခန့်သည် အသက်(၁၈)နှစ် အရွယ်မတိုင်မီ လက်ထပ်ခဲ့ကြသည်။ အမျိုးသမီးရှစ်ဦးတွင် တစ်ဦးခန့်အသက် ၁၅–နှစ်တွင် လက်ထပ်သည်။ **အရွယ်မတိုင် မီလက်ထပ်ခြင်းသည် အမျိုးသမီးငယ်များ၏ပညာရေးနှင့် အခြားအခွင့်အရေးများ ဆုံးရှုံးရုံသာမက အရွယ်မတိုင်မီ ကိုယ်ဝန်ရှိလာပါကလည်း မွေးဖွားရာတွင် ခက်ခဲခြင်း သို့မဟုတ် သေဆုံးခြင်းများကိုလည်း တိုးပွားလာစေသည်။** ကလေးသတို့သမီးများသည် အိမ်တွင်း အကြမ်းဖက်မှုနှင့် လိင်နိုင်ထက်စီးနင်းပြုမှုအန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။

လက်ထပ်ခြင်း၊ ကွာရှင်းခြင်းနှင့် မိသားစုဆက်ဆံရေး ဥပဒေမူကြမ်းအတွက်

ပြီးခဲ့သော ကြာသပတေးနေ့က ပါလီမန်တွင် တညီတညွတ်တည်း မဲပေးခဲ့ကြပြီး သမ္မတသည် ထိုဥပဒေမူကြမ်းကို ဥပဒေဖြစ်စေရန် သီတင်းသုံးပတ်အတွင်း လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ အမျိုးသမီးများသည် ကလေးများများ မွေးဖွားနိုင်ရန် စောစောအိမ်ထောင်ပြုသင့်ကြောင်း မာလာဝီလူမှုအသိုင်းအဝိုင်းက ယုံကြည်နေကြသဖြင့် အရွယ်မတိုင်မီ အိမ်ထောင်ပြုမှုများက နိုင်ငံမှာ အမြစ်တွယ်နေခဲ့သည်။ ***Ref; AFP***

*-(၁၉-၂-၂၀၁၅) ဒီမိုကရေစီတူဒေး စာ-၁၉။*

**သူတော်ကောင်းဆိုတာ**

သူတော်ကောင်းဆိုတာ ဘယ်တော့မှ သူများအပြစ်ကို မရှုဘူး။ ကိုယ့်အပြစ် ကိုယ်ရှုတယ်။
ဒီလိုရှုမှတ်မှုသတိမလွတ်ဘဲ မီးလောင်တိုက်ထဲ သေပွဲဝင်ရပေမယ့် ရှုရင်းမှတ်ရင်း သာမာဝတီဟာ အနာဂါမ်ဖြစ်သွားသတဲ့ကွယ်။
အဲဒါ "အရိယာစိတ်ထား"ပဲ။

*-မဟာဗောဓိမြိုင်ဆရာတော်ကြီး။*

**နည်းနည်းလုပ်ပြီး များများမလိုချင်နဲ့**

ဆုတောင်းတာ သိပ်များနေတဲ့သူဟာ
ဆုတောင်းပြည့်တဲ့သူ မဖြစ်နိုင်ဘူး။
ဘယ်သူက ပေးမှာလဲ၊ ပေးမယ့်သူ မရှိပါဘူး။
ဆုတောင်းတယ်ဆိုတာ
ကိုယ့်စိတ်ကို လမ်းတည့်ပေးလိုက်တာပဲ။
ကိုယ်ဘာကိုလိုချင်တယ်ဆိုတာ
ကိုယ့်စိတ်ကို တိတိကျကျ ပြောလိုက်တာပဲ။
ငါဟာ နည်းနည်းလုပ်ပြီး များများလိုချင်တဲ့သူလား၊
ဒီမေးခွန်းကို လေးလေးနက်နက် မေးပါ။
ထီထိုးတာဟာ နည်းနည်းပေးပြီး များများလိုချင်တဲ့စိတ်ပဲ။
လူတိုင်း အလုပ်မလုပ်ဘဲနဲ့ ထီထိုးနေရင် ကြာရင်ဘာဖြစ်မလဲ၊
လူတိုင်းမွဲသွားမှာပဲ။ ။

*ဆရာတော် ဦးဇောတိက။*


ဟေး !!! တို့ဘုန်းဘုန်း
ဒါမှ သံဃာကွ !!
ဘာကွ !! ဂတုံးတွေ
ဖွပ်ဖွ တွေ...
#$#**&&!!!!


သံဃာကို
တပည့်တော်တို့
ထောက်ခံရင်ညီတယ်..
ဆန့်ကျင်ရင်မညီဘူး
ဒါပဲဗျာ....

# သမာဓိထူထောင်ပြီး တရားအားထုတ်လျှင်

## အိပ်မပျော်သောအသက်ကြီးသူများ အိပ်ပျော်လာနိုင်

သက်ကြီးရွယ်အိုများ အိပ်မပျော်လျှင် အိပ်ပျော်စေရန် အိပ်ရာကို သို့မဟုတ် အိပ်ခန်းကို မည်သို့ပြင်ဆင်ပြုလုပ်ရပါမည်နည်းဟု စဉ်းစားနေမည့်အစား သမာဓိထူထောင်သော တရားထိုင်လျှင် (mindfulness awareness practices) အိပ်ပျော်ခြင်းကို အထောက်အကူပြုသည်ဆိုသည်ကို လေ့လာမှုတစ်ခုအရ သိရသည်။

**"သမာဓိထူထောင်သော တရားထိုင်ခြင်းသည် စိတ်အာရုံများ ပျံ့လွင့်နေခြင်းကို စုစည်းထိန်းချုပ်ပေးနိုင်သည်"**ဟု ဒေးဗစ်ဘလက်က ဆိုသည်။ သူသည်တရား ထိုင်ခြင်းဖြင့် အိပ်ပျော်နိုင်သည်ဆိုသည့်အတွက် လေ့လာနေသူဖြစ်သည်။ သူသည် လော့စ်အိန်ဂျလိစ်ရှိ တောင်ကာယ်လီဖိုးနီးယားတက္ကသိုလ်မှ ပညာရှင် လည်းဖြစ်သည်။ တရားထိုင်ခြင်းနှင့်အိပ်ပျော်ခြင်းကို ဘလက်ဦးဆောင်သော အဖွဲ့က လေ့လာပြီး သူတို့လေ့လာတွေ့ရှိချက်ကို မဂ္ဂဇင်း၊ ဂျာနယ်များတွင်ရေးသားဖော်ပြသည်။

**"ကျွမ်းကျင်တဲ့ ကမ္မဋ္ဌာနာစရိယရဲ့ ညွှန်ကြားချက်နဲ့အညီ သမာဓိထူထောင်ရာမှာ တရားထိုင်ခြင်းဟာ အိပ်ပျော်မှုကို အထောက်အကူပြုတယ်ဆိုတာကို တွေ့ရှိရတာပါ။ သမာဓိထူထောင်မှု အတွေ့အကြုံနဲ့ အလေ့အကျင့်ရလာပြီဆိုရင် စိတ်တည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာတဲ့အကျိုး ကျေးဇူးတွေကို ရရှိခံစားလာရတာပါပဲ"**ဟု သူကဆိုသည်။

အိပ်ပျော်စေရန် "တိုင်ချီ"ကဲ့သို့သော တခြားတရားထိုင်နည်းများဖြင့် ယခင်က လေ့လာခဲ့ကြောင်း၊ သို့သော် အကျိုးအမြတ် ထင်သလောက် မပေါက်ခဲ့ကြောင်း သုတေသီများက ဖေဖော်ဝါရီ ၁၆ ရက်ထုတ် JAMA Internal Medicine စာစောင်တွင် ရေးသားဖော်ပြခဲ့သည်။

**သမာဓိထူထောင်သော တရားထိုင်ခြင်းသာလျှင် တခြားတရားထိုင်နည်းများထက်ပို၍ စိတ်တည်ငြိမ်မှုကိုရရှိပြီး အိပ်ပျော်မှုအတွက် ထိရောက်စွာအထောက်အကူပြုသည်**ဆိုသည်ကို မကြာသေးမီက ပြုလုပ်ခဲ့သည့် ဝေဖန်ဆန်းစစ်ချက်အရ သိရသည်ဟု ဘလက်က ရိုက်တာကျန်းမာရေးကဏ္ဍသို့ ပြောပြသည်။

လေ့လာရေးအတွက် အတန်အသင့် အိပ်မပျော်ဖြစ်နေသည့် အသက်

၅၅ နှစ်နှင့်အထက် လူ (၄၉) ဦးတို့ပါဝင်သော သုတေသီများကို တယ်လီဖုန်းဖြင့် အင်တာဗျူးလုပ်သည့်အပြင် လူကိုယ်တိုင် သွားရောက်တွေ့ဆုံပြီးနောက် ကြိုရာ ကျပန်း အုပ်စုနှစ်စု ခွဲထားလိုက်သည်။

<u>တစ်စုက</u> လေ့လာရေးဌာနသို့သွားပြီး အပတ်စဉ်နှစ်နာရီကြာ သမာဓိ ထူထောင်ရေးတရားထိုင်ရသည်။ နေ့စဉ်ထိုင်ရခြင်းဖြစ်သည်။ ထိုတရားထိုင်ရာ တွင် တရားအားထုတ်ခြင်း၊ အစာစားခြင်း၊ လမ်းလျှောက်ခြင်း၊ လှုပ်ရှားခြင်းနှင့် အကြင်နာပေးတတ်သော အလေ့အကျင့်များ လုပ်ရသည်။ သူတို့ကို အရည် အချင်းပြည့်ဝသော၊ အတွေ့အကြုံများသော သင်တန်းဆရာက လမ်းညွှန်မှု ပေးသည်။ တခြားလေ့ကျင့် ခန်းများလည်းပေးသည်။ နေ့စဉ် ငါးမိနစ် တရားထိုင်ရန်နှင့် တဖြည်းဖြည်းနေ့စဉ်မိနစ် ၂၀ အထိ အချိန်တိုးမြှင့်၍ တရားထိုင်ရန်လည်း ကမ္မဋ္ဌာနာစရိယက တိုက်တွန်းသည်။

<u>ကျန်အုပ်စုတစ်စုသည်</u> ကျန်းမာရေးနှင့်ညီညွတ်သော အိပ်စက်ခြင်းဖြင့် ရက်သတ္တခြောက်ပတ်လေ့ကျင့်ရေးသင်တန်းဝင်ရသည်။ ထိုသင်တန်းတွင် သူတို့သည် အိပ်စက်ခြင်းဆိုင်ရာ ပြဿနာများနှင့် ပတ်သက်သော ပညာရေးကို လေ့လာရသည်။ စိတ်ဖိစီးမှုလျှော့ချရေးကိုလည်း လေ့လာရသည်။ အိပ်ပျော်စေ ရန် တင်းကျပ်နေသောစိတ်အခြေအနေကို လျှော့ပေးသည့်နည်းများကိုလည်း လေ့လာရသည်။ အိပ်သည့်အမူအကျင့်နှင့် ပတ်သက်၍ ကျန်းမာရေးနှင့် ညီညွတ်သော မဟာဗျူဟာများကို လေ့လာရသည်။

သုတေသီတို့သည် သီတင်းခြောက်ပတ်အစီအစဉ်မပြည့်မီ အိပ်ပျော်မှု အတိုင်းအတာကို လေ့လာတိုင်းတာကြည့်သည်။ အိပ်ပျော်မှုစွမ်းရည်ပြည့်မှတ်ကို (၁၀)ဟု ပျမ်းမျှသတ်မှတ်ထားသည်။ အိပ်ပျော်မှုအဆင့်ငါးဆိုလျှင် အိပ်မပျော်မှု အသင့်အတင့်ဖြစ်နေသည်။ ***Reuter***

*–(၁၉–၂–၂၀၁၉) ဒီမိုကရေစီတုဒေး စာ–၉။*

**နတ္ထိတိဝစနံ ဒုက္ခံ၊ ဒေဟီတိဝစနံ တထာ**

မရှိဘူးလို့ ငြင်းဆိုခြင်းဟာလည်း ဆင်းရဲသလို၊
ပေးပါဦးလို့ တောင်းဆိုရခြင်းကလည်း ဆင်းရဲပါတယ်။

– မြတ်မုဒ္ဒ။

# နှုတ်ခမ်းအသားပပ်ခြင်းအတွက်

## ရိုးရှင်းလွယ်ကူသော အိမ်တွင်းကုထုံးလေးများ

ရာသီဥတုပူလွန်း၊ အေးလွန်းတဲ့အခါ ခန္ဓာကိုယ်တွင်း အပူဓာတ်များသူတွေမှာ သိသိသာသာ နှုတ်ခမ်းအသားပပ်လေ့ရှိပါတယ်။ နှုတ်ခမ်းဆိုးဆေး ဓာတ်မတည့်ခြင်းကြောင့်လည်း နှုတ်ခမ်းအသားပပ်တဲ့ဝေဒနာမျိုး ခံစားရနိုင်ပါတယ်။ ဘယ်လိုနည်းကြောင့်ပဲဖြစ်ဖြစ် အသားပပ်တဲ့အခါ နာကျင်ခံစားရမှုမှုက အလှပျက်၍ ဆွဲဆောင်မှုမရှိနိုင်တော့ပါဘူး။

သို့သော် စိတ်မပူပါနှင့်၊ အောက်ပါရိုးရှင်းလွယ်ကူတဲ့ အိမ်တွင်းကုထုံးလေးများက နှုတ်ခမ်းနှစ်လွှာကို ပကတိအတိုင်း စိုအိချောမွေ့စေနိုင်မှာဖြစ်ပါတယ်။

( ၁) ရေပိုသောက်ပါ။ (လက်ရှိသောက်နေကျ ရေပမာဏထက် နှစ်ဆတိုး၍ သောက်ပါ။ ရေခဲရေ မသောက်ရ။)

( ၂) ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်တို့ကို များများစားပေးပါ။

( ၃) ဗီတာမင်အားဆေးများဖြစ်ကြတဲ့ ဗီတာမင် B၂၊ ဗီတာမင် C၊ ဗီတာမင် E၊ ငါးကြီးဆီဆေးလုံးများမှီဝဲပါ။

( ၄) သခွားသီးပါးပါးလှီး၍ ကပ်ပေးပါ။

( ၅) ကော်ဖီ၊ လက်ဖက်ရည်၊ ရေနွေး၊ ဟင်းရည်၊ စွပ်ပြုတ်တို့ကို အအေးခံ၍ သောက်ပါ။ (အကယ်၍ ထိုအရည်ပူပူများကို စတီးလ်ခွက်၊ ဒန်ခွက်၊ စတီးလ်ဇွန်းတို့ဖြင့် နှုတ်ခမ်းတေ့၍ သောက်မိတဲ့အခါ ဝေဒနာများ ပိုမိုဆိုးရွားလာစေပါလိမ့်မယ်။)

( ၆) အသားလှဆီ(သို့မဟုတ်) သကြားရည်(သို့မဟုတ်)နှင်းဆီရည် လိမ်းနိုင်ပါတယ်။ နှင်းဆီရည်(ခေါ်) rose water ကို အလှကုန်ပစ္စည်း အရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။)

( ၇) အုန်းဆီ(သို့မဟုတ်) သံလွင်ဆီ(သို့မဟုတ်)ကြက်ဆူဆီ (သို့မဟုတ်) မုန်ညင်းဆီလိမ်းပေးပါ။

( ၈) ဗီတာမင်အီး အဆီဆေးလုံး ဖောက်၍လိမ်းပါ။ (ထိုဆေးလုံးလေးတွေကို အလှကုန်ပစ္စည်းအရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။)

( ၉) ပျားရည်(သို့မဟုတ်) ရှားစောင်းလက်ပပ် ဂျယ်လီအနှစ်လိမ်းပါ။

(၁၀) နွားနို့ကရင်မင် လိမ်းပေးပါ။

(၁၁) နေမထိပါစေနှင့်။

(၁၂) လေစိမ်းတိုက်မခံပါနှင့်။

(၁၃) မကြာခဏ တံတွေးထွေးခြင်းကလည်း နှုတ်ခမ်းသားခြောက်သွေ့ခြင်းကို ပိုမိုဆိုးရွားလာစေနိုင်ပါတယ်။

(၁၄) နှုတ်ခမ်းအသားယပ် ကွဲအက်နေစဉ်မှာ ဖြစ်နိုင်ရင် နှုတ်ခမ်းဆိုးဆေး လုံးဝမသုံးသင့်ပါဘူး။ (သက်တမ်းကြာ ဆိုးဆေးများနှင့် ကာဗွန်ဓာတ်ပါဝင်မှုများသော ဆိုးဆေးအရောင်ရင့်ရင့်တွေက ဝေဒနာကို ပိုမိုဆိုးရွားလာစေနိုင်လို့ အထူးသတိပြုပါ။)

(၁၅) ဝေဒနာမပျောက်ခင်မှာ မဖြစ်မနေ နှုတ်ခမ်းဆေးဆိုးချင်ပါက အရောင်မပါတဲ့ နှုတ်ခမ်းဆိုးဆေးအဆီကိုသာ ရွေးချယ်ပေးပါ။

(၁၆) နှုတ်ခမ်းသား အဖတ်လန်နေတာတွေကို လက်ဖြင့်ဆွဲဖွဲ့ခြင်း၊ သွားနှင့်ကိုက်ခြင်းမျိုးတွေ မလုပ်ပါနှင့်။ ပို၍ အဖတ်လန်နိုင်တဲ့အပြင် အသားစ စိုက်ပြီး သွေးထွက်တတ်ပါတယ်။

(၁၇) အရေပြားဆဲလ်တွေသေခြင်းကြောင့် နှုတ်ခမ်းသားတွေ အဖတ်လန်လာရပါတယ်။ နောက်ထပ်ဆဲလ်တွေ မသေနိုင်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် သွားတိုက်တံသုံး၍ နှုတ်ခမ်းပေါ် ခပ်ဖွဖွလေး ပွတ်တိုက်ပေးပါ။

အလှအပမြတ်နိုးသူတိုင်း လှသထက်ပို၍လှနိုင်ကြပါစေရှင်။

*-ဒီဒီစိုး(ချောင်းဦး)၊ (၂၆-၂-၂၀၁၅) ကြေးမုံ ၈-၁၆။*

## အချိန်ဆွဲမနေကြနဲ့

အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာ ခန္ဓာရှိသမျှ ရှိနေကြမှာပါပဲ။

ဒီအိုနာသေဘေးမလွတ်သေးသမျှ

လောကမှာ ချမ်းသာအစစ်ဆိုတာ မဟုတ်သေးဘူး။

ဒါဖြင့် ဒီအိုနာသေဘေး မလွတ်ရတာ ဘာကြောင့်လဲဆိုတော့



သံသရာမှာ အချိန်ဆွဲနေလို့။

သံသရာကို ဘာနဲ့အချိန်ဆွဲနေလဲ၊ ကိလေသာတွေနဲ့အချိန်ဆွဲနေတာ။

*-မွေထေရ် အရှင်ဝိရိယ။*

# အဘိုးရိုက်ခဲ့တဲ့ဓာတ်ပုံတွေ၊နဂတစ်တွေကို

## အဘွားကထိန်းသိမ်းခဲ့လို့ ဗိုလ်ချုပ်ဓာတ်ပုံပြပွဲဖြစ်လာတာပါ

ကိုလိုနီခေတ်သတင်းဓာတ်ပုံဆရာ အာရှဦးကျော့၏ဓာတ်ပုံများကို 'ဗိုလ်ချုပ်နှင့်ရှေ့နောက်ဝဲယာ' အမည်ဖြင့် ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊နဝဒေးလမ်း၊ အမှတ် ၂၃၂ Think Art Gallery တွင် ဖေဖော်ဝါရီ(၁)ရက်မှ(၇)ရက်အထိ ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလှုပ်ရှားမှုနှင့် မိသားစုဘဝဓာတ်ပုံ ၃၅ ပုံ၊ ကိုလိုနီခေတ်၊ စစ်ကြိုးခေတ် ရန်ကုန်မြို့ပြမြင်ကွင်းများနှင့် မန္တလေးမြို့ပြမြင်ကွင်းများကို ဓာတ်ပုံ(၈၅)ပုံခန့် ပါဝင်ပြသခဲ့သည်။ ပြပွဲကျင်းပချင်းနှင့်ပတ်သတ်၍ 'ဒီပွဲကိုကြုံတောင့်ကြုံခဲဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)မွေးနေ့နဲ့ တိုက်ဆိုင်နေတာရယ်၊ အဘိုးအာရှဦးကျော့ကို ဂုဏ်ပြုချင်တာတွေကြောင့် ပြပွဲလုပ်ဖြစ်တာပါ။ အဘိုးက ကိုလိုနီခေတ်စစ်ကြိုခေတ်၊ စစ်ကြီးခေတ်၊ဂျပန်ခေတ်၊ ဖ.ဆ.ပ.လခေတ်တွေမှာ ဟံသာဝတီနဲ့ မြန်မာ့အလင်းသတင်းစာတွေမှာ ဓာတ်ပုံသတင်းထောက်လုပ်ခဲ့ပါတယ်။ အဘိုးရိုက်ခဲ့တဲ့ပုံတွေမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တက္ကသိုလ်ကျောင်းသားနဲ့ သခင်အောင်ဆန်းဘဝ၊ စစ်သေနာပတိချုပ်ဘဝ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ဖ.ဆ.ပ.လ ဥက္ကဋ္ဌဘဝတဲ့ပုံတွေပါပါတယ်'ဟု အာရှဦးကျော့၏မြေးဖြစ်သူ ဓာတ်ပုံကိုတေဇကရှင်းပြသည်။ 'အဘိုးရိုက်ခဲ့တဲ့ဓာတ်ပုံတွေ၊ နဂတစ်တွေကို အဘွားကထိန်းသိမ်းခဲ့လို့ အခုလိုပြပွဲလုပ်နိုင်တာပါ။ နဂတစ်တွေကိုခြောက်သွေ့ပြီး အေးမြတဲ့နေရာမှာ သိမ်းပါတယ်။ မီးခံသေတ္တာနဲ့ သေသေချာချာသိမ်းပါတယ်။ အဘွားက ဒေါ်ရီပါ။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ဥက္ကဋ္ဌလုပ်တဲ့ အမျိုးသမီးအဖွဲ့မှာ ဘဏ္ဍာရေးမှူးလုပ်ခဲ့ပါတယ်။ ပြပွဲအတွက် ဓာတ်ပုံတွေဖြစ်လာဖို့ရာ ရှေးတုန်းကသုံးခဲ့တဲ့ ၄×၅ လက်မ၊ ၄×၆ လက်မ ကတ်ဖလင် (နဂတစ်)တွေ၊ ဓာတ်ပုံအသေးတွေကို Scan ဖတ်ပြီး ကွန်ပျူတာနဲ့ သိမ်းရပါတယ်။ ပြီးတော့ အစက်အပြောက်၊အမှုက်အစီးတွေကို Photo Shop နဲ့ပြုပြင်ပြီးမှ ဓာတ်ပုံကြီးတွေကို ထုတ်ရပါတယ်။ အချို့ပုံတွေဆိုရင် မပြုပြင်ဘဲ မူရင်းအတိုင်း ပြထားပါတယ်'ဟု ၎င်းကထင်မံပြောသည်။

အာရှဦးကျော့သည် ၁၉၁၃ ခုနှစ်တွင် မွေးဖွားပြီး ၁၉၈၈ ခုနှစ် အသက်(၇၅)နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ကိုလိုနီခေတ်မှစ၍ဓာတ်ပုံသတင်းထောက်ဘဝဖြင့်

ဗိုလ်ချုပ်အောင်ဆန်း၏ အနီးကပ်ဓာတ်ပုံဆရာအဖြစ် ဆောင်ရွက်ခဲ့သလို ဆူးလေဘုရားလမ်းနှင့် အနော်ရထားလမ်းထောင့်အနီးတွင် အာရှဓာတ်ပုံတိုက်ကို ဖွင့်လှစ်ခဲ့ပြီး ဒေါ်ခင်ကြည်နှင့်သမီးဒေါ်အောင်ဆန်းစုကြည်တို့၏ အလှဓာတ်ပုံများကိုလည်း ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

–မိုးမြင့်မေဒွေ၊(၆–၂–၂၀၁၄) Hot News စာ–၂၄။

## သမီးဖြစ်သူ၏ ဝတ်လစ်စလစ်ဓာတ်ပုံများကြောင့် ဖခင်ဖြစ်သူမှာစိတ်ကျဝေဒနာခံစားရပြီးကြိုးဆွဲချသတ်သေ

ရိုမေနီးယားနိုင်ငံတွင် သမီးဖြစ်သူမှ အဖော်အချွတ် ပလေးဘွိုင်းမဂ္ဂဇင်း၌ မိမွေးတိုင်း ဖမွေးတိုင်းပုံများ ရိုက်ကူးခဲ့၍ ဖခင်ဖြစ်သူမှ ကာလရှည်ကြာစိတ်ကျရောဂါခံစားခဲ့ရပြီး၊ နောက်ဆုံးတွင် မိမိကိုယ်ကို ကြိုးဆွဲချသတ်သေခဲ့ကြောင်း သိရသည်။

အဆိုပါ ပလေးဘွိုင်းမဂ္ဂဇင်းမော်ဒယ်လ်မှာ ဘော်ရီဒါနာဆိုသူဖြစ်ပြီး၊ အသက် ၁၈ နှစ်အရွယ်ကတည်းကစကာ ဓာတ်ပုံရိုက်ကူးခံခဲ့ခြင်းဖြစ်ကာ အတန်ငယ် နာမည်ရပြီးဖြစ်သူလည်းဖြစ်သည်။

ဖခင်ဖြစ်သူမှာ သိလျှင်သိခြင်း စိတ်ဆိုးဒေါသထွက်ခဲ့ပြီး၊ မိသားစုနှင့် ထိတွေ့ဆက်ဆံမှုမရှိတော့ဟုလည်း သိရသည်။ နောက်ဆုံးတွင် အိမ်၏ ထပ်ခိုးပေါ်တွင် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ခဲ့ရပြီး၊ လော်ရီဒါနာအတွက် တစ်သက်တာ အတုန်လှုပ်ဆုံးမြင်ကွင်းတစ်ခုဟု အသက် ၂၅နှစ်အရွယ် ရှိနေပြီဖြစ်သော သူမက ပြောကြားခဲ့သည်။

*Ref;Mirror* –(၃–၂–၂၀၁၄) ထူးမောနိုး စာ–၂၆။

*မှတ်ချက်။ ။ သားသမီးအနေအထိုင်မတတ်လျှင် မိဘဒုက္ခရောက်တတ်သည်။*

ပြောတော့ "နိဗ္ဗာန်"တဲ့၊
တစ်နေ့တစ်နေ့ နိဗ္ဗာန်နဲ့တန်တာ
ဘာများလုပ်နေလဲ?



– မွေ့ဒွတ အရှင်ဆောက်နု။

အိန္ဒိယနိုင်ငံ ထရီပူရာပြည်နယ်တွင် ၁၀နှစ်အရွယ်သမီးကို ဖခင်ဖြစ်သူက အရှင်လတ်လတ် မြေမြှုပ်သတ်ရန် ကြံစည်ကြိုးပမ်းမှုတစ်ခုဖြစ်ပွားခဲ့သည်။ ပူတီးရားကျေးရွာတွင် သမီးဖြစ်သူကို ဖခင်က အရှင်လတ်လတ်မြေမြှုပ်သတ်နေစဉ် ရွာသားများနှင့်ရဲတပ်ဖွဲ့က အချိန်မီကယ်တင်နိုင်လို့သာ သမီးဖြစ်သူမှာ အသက်ဘေးမှ လွတ်မြောက်လာရသည်။

## အိန္ဒိယနိုင်ငံတွင် ၁၀နှစ်အရွယ်သမီးကို ဖခင်ဖြစ်သူကအရှင်လတ်လတ်မြေမြှုပ်သတ်ရန်ကြံစည်

ဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်တွေ ရောက်ရှိသွားချိန်၌ မြေစာက သူမ၏ ချက်နေရာကို ရောက်နေပြီဟု အကြီးတန်းရဲ အရာရှိက ပြောကြားသည်။ သူမ၏ ပါးစပ်ကို ဖခင်ကတိပ်နဲ့ပိတ်ထားပြီး လက်နှင့်ခြေထောက်များကိုလည်း ကြိုးဖြင့် ချည်နှောင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ သူမကို ရွာသားများက မြေကျင်းအတွင်းမှ ဆွဲထုတ်ကယ်တင်ခဲ့ရသည်။သမီးဖြစ်သူ ရက်ရှိနာသည် နာတာရှည်ရောဂါတစ်ခုကြောင့် မကြာသေးခင်ကမှ ဆေးရုံက ဆင်းလာရသူ ဖြစ်သည်။ သမီးဖြစ်သူကို သတ်ဖြတ်ရန်ကြိုးပမ်းသည့် ဖခင်အဘူဟူစိန်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးချုပ်နှောင်ထားသည်။ အဘူဟူစိန်သည် "**သမီးမိန်းကလေး မွေးဖွားခြင်းကို မခံမရပ်နိုင်ဖြစ်နေပြီး သားယောကျ်ားလေး တစ်ဦးကို လိုချင်တောင့်တနေသူဖြစ်တယ်**"ဟု ရဲအရာရှိက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် များစွာသော မိသားစုများက သမီးမိန်းကလေးများကို စီးပွားရေးအရ ဝန်ထုပ်ဝန်ပိုးအဖြစ် ရှုမြင်ကြပြီး သားယောကျ်ားလေးများကိုသာ အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်နေကြသည်။ ဒါကြောင့် အိန္ဒိယနိုင်ငံ လူ့အသိုင်းအဝိုင်းက သမီးမိန်းကလေးဆိုရင် သားဖျက်ချခြင်း၊ သားယောကျ်ားလေးများနှင့် တန်းတူမထားခြင်း၊ ပညာသင်ကြားပေးရန် ဆန့်ကျင်ခြင်းစသည်ဖြင့် အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံနေကြသည်။

ဝန်ကြီးချုပ် နရင်ဒရာမိုဒီက အမျိုးသမီးအပေါ်ခွဲခြားဆက်ဆံမှုတွေရပ်တန့်ဖို့၊ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ဖို့ အိန္ဒိယလူထုကို တိုက်တွန်းခဲ့သည်။ "အိန္ဒိယမိသားစုတွေက သားယောကျ်ားလေးကိုသာ လိုချင်နေကြတာမှန်ကန်မှု ရှိလေသလား"လို့ ဝန်ကြီးချုပ်က မေးခွန်းထုတ်ခဲ့သည်။ သားယောကျ်ားလေးတွေက ဘန်ဂလိုတွေ၊ ဓိမ်ခံကားတွေနဲ့ ကြွယ်ဝချမ်းသာနေကြရင် မိဘတွေကို မေ့လျော့နေတတ်ကြပြီး၊ သမီးမိန်းကလေးများကသာ မိဘများကို ပျော်ရွှင် နွေးထွေးမှုတွေပေးနိုင်ကြောင်း နရင်ဒရာမိုဒီက ဓာတ်နိမ့်ဓာတ်မြင့်များနှင့် အိန္ဒိယလူထုကို နှားချခဲ့သည်။ မှီငြမ်း *Ref;* -(၉-၂-၂၀၁၄) နိုင်ငံတကာရေးရာဂျာနယ် ၈-၁၀။

## လူ့ဘဝနေရခိုက်လေးမှာ...

ကုလသမဂ္ဂလူဦးရေစောင့်ကြည့်လေ့လာရေးအဖွဲ့က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ ကမ္ဘာ့လူဦးရေသန်းပေါင်း ထောင်ဂဏန်းပြည့်ခဲ့တဲ့နှစ်တွေအဖြစ်–

| | | |
|---|---|---|
| ၁။ သန်း(၁၀၀၀) | = | ၁၈၀၄ ခုနှစ်။ |
| ၂။ သန်း(၂၀၀၀) | = | ၁၉၂၇ ခုနှစ်။ |
| ၃။ သန်း(၃၀၀၀) | = | ၁၉၆၉ ခုနှစ်။ |
| ၄။ သန်း(၄၀၀၀) | = | ၁၉၇၄ ခုနှစ်။ |
| ၅။ သန်း(၅၀၀၀) | = | ၁၉၈၇ ခုနှစ်။ |
| ၆။ သန်း(၆၀၀၀) | = | ၁၉၉၈ ခုနှစ်။ |
| ၇။ သန်း(၇၀၀၀) | = | (၃၁–၁၀–၂၀၁၁) ရက်နေ့။ |
| ၈။ သန်း(၈၀၀၀) | = | ၂၀၂၅ ခုနှစ်(ခန့်မှန်း)။ |
| ၉။ သန်း(၁၀၀၀၀) | = | ၂၀၈၃ ခုနှစ်(ခန့်မှန်း)။ |
| ၁၀။ သန်း(၁၅၀၀၀) | = | ၂၁၀၀ ပြည့်နှစ် (ခန့်မှန်း) ဖြစ်ပါတယ်။ |

ကမ္ဘာ့ဒေသအသီးသီးမှာ မွေးဖွားခဲ့သူတွေဟာ ရေမြေသဘာဝအလျောက် အသားအရောင်၊ အသွင်သဏ္ဌာန်နဲ့ဘာသာစကားတွေ ခြားနားပေမယ့် လူဆိုတဲ့အမျိုးအစားက အတူတူဖြစ်ပါတယ်။ အသက်ရှင်ရပ်တည်ဖို့နဲ့ တင့်တောင့်တင့်တယ်နေနိုင်ဖို့ နေ့စဉ်ရုပ်ပိုင်း၊ စိတ်ပိုင်းတွေကို အလုပ်ပေးကြတာဖြစ်တယ်။

**ဖော်ပြပါ နှစ်အလိုက် လူဦးရေတိုးပွားနှုန်းတွေကိုကြည့်ရင် သေဆုံးသူဦးရေထက် အသက်ရှင်ကျန်ရှိဆဲဦးရေက ပိုများနေတာ သိသာပါတယ်။** ဒါကလည်း မတူညီတဲ့ လူ့သက်တမ်းတွေအရ ဖြစ်ပါတယ်။ လူ့သက်တမ်း ၅၀–၆၀–၇၀ စသဖြင့် ကွဲပြားမှုတွေရှိတဲ့အတွက် ကမ္ဘာ့လူဦးရေနေ့စဉ် တိုးလာနေခြင်းဖြစ်ပါတယ်။

မြန်မာတွေရဲ့ လူ့သက်တမ်းမှာ အမျိုးသား ၆၂ ဒသမ ၉၁ နှစ်၊ အမျိုးသမီး ၆၇ ဒသမ ၇၁ နှစ်ဖြစ်ပြီး ပျမ်းမျှ ၆၅ ဒသမ ၂၄ နှစ်ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သက်တမ်းစေ့မနေရတဲ့လူတွေရှိသလို ကုသိုလ်ကံထူးပြီး သက်တမ်းပိုနေရသူတွေလည်း ရှိပါတယ်။ သတ္တဝါတစ်ခု၊ ကံတစ်ခုလို့ဆိုရိုးရှိပါတယ်။

မြတ်ဗုဒ္ဓက "**အာမခံလို့မရတဲ့ အရာလေးမျိုးဆိုတာ မအို၊ မနာ၊ မသေ၊ ကံတရား၏ အကျိုးဆက်ဆိုတာတွေဖြစ်ကြောင်း**" ဟောခဲ့ပါတယ်။ ဒါကြောင့် သေနေ့စေ့ရင် သေကြရမှာ ဓမ္မတာဖြစ်တယ်။ မသေကြလို့ နေရတဲ့အခါ ရခဲလှတဲ့

လူ့ဘဝခဏတာအတွင်း လူပီပီ အတ္တအကျိုး၊ ပရအကျိုးတွေ ဘယ်ရွေ့ဘယ်မျှ ဆောင်ရွက်ခဲ့သလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးသင့်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေက **"ရေသူးနဲ့ ဝိနစ်မပါ နွေခါမှသိ၊ ဒါနနဲ့သီလမပါ သေခါမှသိ"**လို့ဆိုကြပါတယ်။ ဒါနနဲ့သီလပါရင် နတ်ပြည်ရောက်နိုင်ပြီး ဘာဝနာသာ အားထုတ်ခဲ့ရင်ပြဟ္မာ့ပြည်ရောက်နိုင်ကြောင်း ဆရာတော်ကြီးတစ်ပါး ဟောတဲ့တရား နာဖူးပါတယ်။ ဒါကြောင့် ဒါန၊ သီလနဲ့ ဘာဝနာဆိုတာ မသေခင် ကျင့်ကြံနိုင်မှ တမလွန်မှာ ကောင်းရာသုဂတိရောက်မှာဖြစ်ပါတယ်။

ဒါနပြုရာမှာ ဒါနရဲ့စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းလေးမျိုးရှိကြောင်း သိရပါတယ်။ အလှူပေးပုဂ္ဂိုလ်စင်ကြယ်ပြီး အလှူခံပုဂ္ဂိုလ်မစင်ကြယ်ခြင်း၊ အလှူခံပုဂ္ဂိုလ်စင်ကြယ်ပြီး အလှူပေးပုဂ္ဂိုလ် မစင်ကြယ်ခြင်း၊ နှစ်ဦးစလုံး မစင်ကြယ်ခြင်း၊ နှစ်ဦးစလုံး စင်ကြယ်ခြင်းတို့ဖြစ်ပါတယ်။ ဒါကြောင့် ဒါနပြုရာမှာ နှစ်ဦးစလုံး စင်ကြယ်ခဲ့ရင် အကောင်းဆုံးလို့ဆိုရပါမယ်။ သူဌေးတွေ နိဗ္ဗာန်မရောက်နိုင်ဘူး ဆိုတဲ့ အပြောတွေရှိပေမယ့် အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတော်ကို ၅၄ ကုဋေအကုန်အကျခံ လှူဒါန်းခဲ့တာ နမူနာယူစရာဖြစ်ပါတယ်။

သီလဆိုတာ စောင့်ထိန်းခြင်းဖြစ်ပြီး လူသာမန်တွေစောင့်ထိန်းသင့်တဲ့ ငါးပါးသီလ၊သာမဏေတွေစောင့်ထိန်းသင့်တဲ့ ဆယ်ပါးသီလ၊ ရဟန်းသံဃာတွေ အတွက် ၂၂၇သွယ်သော သိက္ခာပုဒ်တွေ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ လိုက်နာစောင့်ထိန်းသင့်တဲ့ သီလတွေကို ဘုရားရှင်လက်ထက် ကပဲ ပြဋ္ဌာန်းထားရှိတာဖြစ်ပါတယ်။

သမထဆိုတဲ့ အာရုံစုစည်းခြင်းအလုပ်နဲ့ ဝိပဿနာဆိုတဲ့ တရားသဘော ဆင်ခြင်သုံးသပ်မှုတွေက ဘာဝနာဖြစ်ပါတယ်။ မကောင်းတာ မလုပ်နဲ့ (သဗ္ဗပါပဿ အကရဏံ)၊ ကောင်းတာ လုပ် (ကုသလဿ ဥပသမ္ပဒါ)၊ စိတ်ကိုနိုင်အောင်ထိန်း (သစိတ္တပရိယောဒပနံ)ဆိုတာတွေဟာ ဘာဝနာကျင့်ကြံပွားများရာမှာ လိုက်နာ သင့်တဲ့ အချက်တွေဖြစ်သလို ဗုဒ္ဓဘာသာရဲ့ အနှစ်ချုပ်လို့လည်း ဆိုနိုင်ပါတယ်။

ကံသုံးမျိုးဖြစ်တဲ့ မနောကံ(စိတ်ဖြင့်)၊ ဝစီကံ(နှုတ်ဖြင့်)၊ ကာယကံ(ကိုယ် ဖြင့်) ဆိုတာတွေရှိပြီးဖြစ်ပါတယ်။ မနောကံမှာ အဘိဇ္ဈာ(သူတစ်ပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်စေဟုကြံခြင်း)၊ ဗျာပါဒ(သူတစ်ပါးကို ပျက်စီးစေလိုခြင်း)၊မိစ္ဆာဒိဋ္ဌိ (မှားသောအယူရှိခြင်း)တွေလည်း ပါဝင်တယ်။ ဝစီကံမှာ မဟုတ်မမှန်စကားဆိုခြင်း၊ ကုန်းချောသောစကားဆိုခြင်း၊ ကြမ်းတမ်းယုတ်ညံ့သောစကားဆိုခြင်း၊သိမ်ဖျင်း သောစကားဆိုခြင်း စတာတွေဖြစ်ပါတယ်။ ကာယကံမှာ သူတစ်ပါး အသက်

သတ်ခြင်း၊ သူတစ်ပါးဉစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားကျူးလွန်ခြင်းတွေဟာ ရှောင်ကြဉ်သင့်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက "**ဝင်ငွေကို လေးပုံပုံပါ၊ တစ်ပုံကို စား၊ တစ်ပုံကို အရေးပေါ်အတွက်ထား၊ ကျန်နှစ်ပုံကို ရင်းနှီးမြှုပ်နှံပါ**"လို့ ဆုံးမခဲ့တယ်။ အဲဒီရင်းနှီးမြှုပ်နှံပါ ဆိုတာကို ခေတ်အမြင်နဲ့မကြည့်ဘဲ တရားသဘောနဲ့သုံးသပ်ရင် အနာဂတ်နဲ့ တမလွန်အတွက် ရင်းနှီးမြှုပ်နှံဖို့ညွှန်ပြခြင်းသာဖြစ်ကြောင်း သဘောပေါက်ရမှာဖြစ်ပါတယ်။ **ဘဝနောက်ပွားတဲ့အခါမှာလည်း လျှပ်စီးလက်ရုံလောက်နဲ့ရေမရနိုင်ကြောင်း၊ မိုးရွာမှ ရေရရှိနိုင်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။**

သူတော်ကောင်းဉစ္စာခုနစ်ပါးမှာ သဒ္ဓါက ယုံကြည်ခြင်း၊ သီလက စောင့်ထိန်းခြင်း၊ သုတက အကြားအမြင်များခြင်း၊ စာဂက ပေးကမ်းခြင်း၊ပညာက လောကီလောကုတ်နဲ့ ပြည့်စုံခြင်း၊ ဟီရိက ရှက်ခြင်း၊ ဩတ္တပ္ပက ကြောက်ခြင်းတို့ဖြစ်ပြီး အယုတ်၊ အလတ်၊ အမြတ်မရွေး လိုက်နာသင့်တဲ့ ဉစ္စာတွေဖြစ်ပါတယ်။ လိုက်နာကျင့်ကြံရာမှာ လောကဝတ်၊မွေ့ဝတ်၊ရာဇဝတ်ဆိုတဲ့ကျင့်ဝတ်တွေနဲ့ကိုက်ညီဖို့လည်းလိုပါတယ်။

ဆရာတော်တစ်ပါး စပ်ဆိုခဲ့တဲ့ လင်္ကာလေးတစ်ပုဒ်မှာ–

မနေရလို့ သေကြတဲ့အခါ၊ ကိုယ့်နောက်ကိုကား ဘာများပါမှာ၊
ပစ္စည်းဟူက မြူမျှမပါ၊ ကိုယ်ပြုထား ကံများကိုယ့်နောက်ပါ။

ဆိုတာ သံဝေဂယူဖွယ် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရကြောင်းပါ။

*ထီးလှိုင် –(၆–၃–၂၀၁၅) စံတော်ချိန် ဓာ–၁၉။*

## ဖယောင်းတိုင်နဲ့တူတဲ့ဘဝ

မီးထွန်းထားတဲ့ ဖယောင်းတိုင်ဟာ အချိန်တန်ရင် အရည်ပျော်သွားတယ်။
လူ့ဘဝဟာလည်း ဒီလိုပဲ၊ အချိန်တန်ရင် ပျောက်ကွယ်သွားရမှာပဲ။
မပျောက်ကွယ်သွားခင်မှာ လောကကို
အကျိုးပြုနိုင်တဲ့သူဖြစ်အောင် ကြိုးစားပါ။



လူ့ဘဝမှာ အောင်မြင်မှုက အဓိကမဟုတ်ဘူး။
အသက်ရှင်စဉ်ကာလမှာ တန်ဖိုးရှိဖို့ပဲ လိုပါတယ်။

*–ဦးဘုန်း(ဓာတု) မန္တလေး။*

# သမိုင်းကို ဘာကြောင့်လေ့လာသင့်သလဲ

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက **"သမိုင်းကိုလေ့လာတာဟာ မအအောင်လို့"**ဟု တိုတိုနှင့် ထိထိမိမိပြောခဲ့ဖူးသည်။ နိုင်ငံရေးသုခမိန်တစ်ယောက်ကတော့ **"မိမိနိုင်ငံ မိမိလူမျိုးရဲ့ သမိုင်းအစဉ်အလာကိုမှမသိတဲ့ နိုင်ငံဟာ ကျွန်ဖြစ်ဖို့မခဲယဉ်းဘူး"**ဆိုပြီး ခပ်ကြမ်းကြမ်းပဲ ဝေဖန်ခဲ့သည်။

စာရေးသူအနေနဲ့ကတော့ **"နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏သမိုင်းကို သိကိုသိရမည့်တာဝန်ရှိသည်"**ဟုပြောချင်သည်။ တက္ကသိုလ်ဝင်တန်းအဆင့်တွင်လည်းကောင်း၊ တက္ကသိုလ်အဆင့်တွင်လည်းကောင်း မည်သည့်ဘာသာရပ်ကို သင်ယူရစေကာမူ သမိုင်းကိုတော့ လက်လွှတ်ရန်မသင့်ဟု တိုက်တွန်းလိုပါသည်။

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပရိုအရေး၊ သည့်အရေးစသည် အရေးကိစ္စများကို ဆောင်ရွက်ရာတွင် သမိုင်းသိသူနှင့် မသိသူတို့မှာ မည်သို့မျှ မတူညီနိုင်တော့ပါ။ စဉ်းစားတွေးခေါ် မြော်မြင်ဆုံးဖြတ်ရာတွင် သမိုင်းက အထောက်အကူ လုံးလုံးပြုပါသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်ပတ်သက်သော အလုပ်ကိစ္စများကို ဆောင်ရွက်နေကြသူများအတွက် သမိုင်းကိုသိဖို့ ပို၍အရေးကြီးကြောင်း ခေတ်စနစ်များက မီးမောင်းထိုးပြကြသည်။

သမိုင်းကို မည်သို့ရနိုင်သနည်းဆိုသော် စာပေကသာ ရနိုင်သည်။ သမိုင်းနှင့်ပတ်သက်သော စာပေများကို လေ့လာ၊ ဖတ်ရှု၊ မှတ်သားမှသာ သမိုင်းသိသူဖြစ်နိုင်သည်။ နိုင်ငံတော်တည်ဆောက်ရေးတွင် သမိုင်းသိရှိသူများနှင့် ဖွဲ့စည်းတည်ဆောက်ထားပါက ယင်းအဖွဲ့အစည်းသည် ကျစ်လျစ်ခိုင်မာမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များကိုလည်း ကျစ်လျစ်ခိုင်မာရေဝံ့စွာ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ထိုမျှလောက် အရေးကြီးပါ၏။

ယနေ့ကမ္ဘာတွင် ဇာတိပုညဂုဏ်မာနရှိသောနိုင်ငံများ တိုးတက်အောင်မြင်ကြသည်။ ထိုသို့မဟုတ်က ကမ္ဘာ့အလယ်တွင် ညှိုးညှိုးငယ်ငယ် နေကြရသည်။ ယင်းသည် သမိုင်းသာဖြစ်သည်။ ယနေ့ကမ္ဘာ၏တိုးတက်မှုသည် အရှိန်အဟုန်ပြင်းလှသည်။ မလိုက်နိုင်ပါက နောက်ကျကျန်ခဲ့မည်မှာ သေချာသည်။

လွန်ခဲ့သောအနှစ် ၂၀ ခန့်ကနှင့် ယနေ့သည် မည်သို့မှ မသက်ဆိုင် ယှဉ်မရအောင် ကွာခြားလွန်းလှသည်။ လူသည် အသိပညာ အတတ်ပညာများကို နောင်းလူများအတွက် လက်ဆင့်ကမ်းပေးနိုင်ခဲ့သဖြင့်သာ၊ နောင်းလူများက ရှေးရှေး

သော လူများပေးခဲ့သည့် အသိဉာဏ်၊ ဗဟုသုတ၊ သမိုင်းတို့ကို ရယူပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ယင်းသည် စာပေကလွဲ၍ ဘာမှမရှိပါ။ ထို့ကြောင့် ယနေ့လူများသည် ရှေးရှေးသောကာလလူများနှင့် မတူတော့ဘဲ ရှေးလူများ၏ ပုခုံးပေါ်တွင်ရပ်၍ ကြည့်ခွင့်ရသည့်အတွက်ကြောင့် ယခုကဲ့သို့တိုးတက်လာရခြင်းသာဖြစ်သည်။

လူကလွဲ၍ အခြားသောသက်ရှိတိရစ္ဆာန်များသည် ထိုသို့မဟုတ်၊ ကမ္ဘာဦးက နွား၏အသိဉာဏ်သည် ယနေ့နွား၏ အသိဉာဏ်နှင့် ဘာမျှမထူးခြားမှုမရှိ၊ အခြားတိရစ္ဆာန်များသည်လည်း ထိုနည်းတူသာဖြစ်သည်။ လူသည်သာလျှင် "လူ"ဟု အမည်ပညတ်ထားသည့်အတိုင်း တစ်လူလူတက်လာနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် **စာပေသည် လူ့ဘဝကြီး တစ်ခုလုံး၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကြီးမားဆုံးသော အားကိုးအားထားဖြစ်သည်။ ထို့ကြောင့် စာပေကို ဖတ်ရှုလေ့လာခြင်းသည် အရေးကြီးလှသည်။ ထမင်းမစားလျှင် မဖြစ်သကဲ့သို့ဟု ခံယူထားသင့်သည်**။

စာပေဆိုသည်မှာလည်း သမိုင်းထဲက သမိုင်းကဏ္ဍတစ်ရပ်သာဖြစ်သည်။ ယနေ့ဖြစ်ပျက်မှုမှန်သမျှသည် နောက်နေ့တွင် သမိုင်းထဲသို့ရောက်သွားရသည်။ ထိုနည်းတူ ဆင့်ကဲဆင့်ကဲဖြင့် သမိုင်းဖြစ်စဉ်ကြီး ဖြစ်လာရသည်။

ရှေးအခါက ရာဇဝင်ဟု သင်ကြရသည်။ နောက်ပိုင်းတွင် သမိုင်းဟုအမည်ပြောင်းလဲသင်ကြရသည်။ ရာဇဝင်သည် သမိုင်းထဲပါဝင်သော်လည်း သမိုင်းသည် ရာဇဝင်သက်သက်သာ မဟုတ်တော့။ ရာဇဝင်သည် တစ်ချိန်က ဘုန်းမီးနေလတောက်ပခဲ့သော မင်းဘုရင်များအကြောင်းဖြစ်ပြီး သမိုင်းက အဆိုပါမင်းဘုရင်များနှင့် ပြည်သူများ၏ နိုင်ငံတော်တည်ဆောက်ရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ခဲ့သည်ကို အထူးပြုလေ့လာသော ဘာသာရပ်ဖြစ်သည်။

တချို့က ဝေဖန်ပြောဆိုကြသည်ကို ကြားရဖူးသည် "**သမိုင်းဆိုတာ ပြီးပြီပဲ၊ နောက်ကြောင်းပြန်လေ့လာနေလို့ ဘာအသုံးကျမလဲ**"ဆိုသည့် စကားလုံးကြီးကြီးဖြင့် ပြောသည့်သူများရှိသည်။ ယင်းတို့မှာ သမိုင်း၏တန်ဖိုးကိုမသိ၍သာ ထိုသို့ပြောခြင်း ဖြစ်သည်။ ဘာအသုံးကျသနည်းဆိုသည်ကို ရေးရပါက စာတစ်စောင်ပေတစ်ဖွဲ့ရေး၍ပင် ကုန်အံ့မည်မဟုတ်။ အဓိကအချက်အချို့လောက်သာ တင်ပြရပါလျှင် ယနေ့လူသားကမ္ဘာကြီးသည် အတိတ်ကပေးသော သမိုင်းအပေါ်တွင် အခြေခံပြီး ရပ်တည်ဖွံ့ဖြိုး တိုးတက်လာရသည်ဆိုသည်ကိုတော့ ဆင်ခြင်ကြည့်တိုင်း သိနိုင်သည်။ ယနေ့မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာဝင်

အများစုရှိသောနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်က ဗုဒ္ဓသမိုင်းကြောင့် ပရိယတ္တိ၊ ပဋိပတ္တိတို့ကို လေ့လာသင်ယူခွင့်ရသည်။ ထိုထိုဤဤကုန်သော ဗုဒ္ဓသမိုင်းများက အမျိုးဘာသာ သာသနာ၏ ရေသောက်မြစ်များဖြစ်သည်။ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသည့် ပျူမြို့ပြနိုင်ငံများ၏ သမိုင်းကို ဖော်ထုတ်နိုင်ခဲ့သဖြင့် ယနေ့ကမ္ဘာက ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ထိုသို့ကမ္ဘာ့ရှေးဟောင်း အမွေအနှစ် စာရင်းဝင် သမိုင်းများ ကမ္ဘာ့နိုင်ငံတိုင်းတွင် မရှိပါ။ အနည်းငယ်သော နိုင်ငံအချို့၌သာ ရှိပါ၏။ ယင်းတွင်မြန်မာနိုင်ငံပါဝင်သည်။ ဤသည်ပင် သမိုင်းလေ့လာခြင်း၏ ရလဒ်ဖြစ်သည်။

သမိုင်းကိုလေ့လာခြင်းဖြင့် အတိတ်သမိုင်းကပေးသော သင်ခန်းစာများကိုရသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလယန္တရားကြီးသုံးခုတွင် ပစ္စုပ္ပန်သည်၊ အတိတ်ကို အခြေခံပြီး ဖြစ်တည်လာရသကဲ့သို့၊ အနာဂတ်သည်လည်း ပစ္စုပ္ပန်ကို အခြေပြုပြီး ဖြစ်တည်လာရခြင်းဖြစ်သည်။ ယင်းတို့သည်ပင် သမိုင်းဖြစ်သည်။ **သမိုင်းက သင်ခန်းစာများကို ရသည်။ သမိုင်းက ဆောင်ရန်ရှောင်ရန်ကို သင်ပေးသည်။ သမိုင်းက လူသားတွေကို သစ္စာရှိစွာဖြင့် အစစသတိပေးသည်၊ သွန်သင်ပေးသည်။ သမိုင်းက လူသားတွေကို ဆုံးမမှုများလည်း ပေးသည်။ သမိုင်းက လူသားမျိုးနွယ်စုများ၏ ဆောင်မြင်မှု ဆုံးရှုံးမှုများကိုလည်း မီးမောင်းထိုးပြသည်။** မကုန်နိုင်ပါ။ ဤရွေ့ဤမျှ ဖတ်ရှုမိလျှင်ပင် သမိုင်းကို မည်သည့်အတွက်ကြောင့် လေ့လာမှတ်သားဖို့သင့်သနည်းဆိုသည်ကို သဘောတွေ့လောက်ပါမည်။ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်ခရီးစဉ်များကို မောင်းနှင်ရာတွင် သမိုင်းစဉ်ကို မသိပါက လက်ကိုင်ဘီးမပါသော မော်တော်ယဉ်ကို မောင်းနှင် သကဲ့သို့ဖြစ်မည်။

ထို့ကြောင့် "**နိုင်ငံသားတိုင်းသည် သမိုင်းကိုသိရမည့်တာဝန် ရှိသည်**" ဟူသော စကားလက်ဆောင် ပါးလိုက်ချင်သည်။

*-ဦးကျော်စော(လှသိပ္ပံ၊ရွှေဘို)၊(၂၆-၂-၂၀၁၅) ကြေးမုံ စာ-၂၃။*

ဘာအခက်အခဲကိုမှ ရင်မဆိုင်ရဲတဲ့သူဟာ ဘယ်လိုနည်းနဲ့မှ စိတ်ဓာတ်ရင့်ကျက်တဲ့သူ၊ အသိဉာဏ်ရင့်ကျက်တဲ့သူ၊ ပညာတတ်တဲ့သူ၊ အစွမ်းအစရှိတဲ့သူ မဖြစ်နိုင်ဘူး။

-ဆရာတော် ဦးဇောတိက။


နိုင်ငံရေးကို
စိတ်ဝင်စား
ZERO 2015



# အအိပ်လွန်လျှင်လေဖြတ်နိုင်



လေဖြတ်ခြင်းရောဂါဝေဒနာမဖြစ်မီ ရောဂါလက္ခဏာကို ရှာဖွေရန် နည်းလမ်း မရှိချေ။ သို့ရာတွင် လေဖြစ်သောရောဂါဝေဒနာခံစားရဖွယ်ရှိသည်ဟူ၍ ကြိုတင်ခန့်မှန်းနိုင်ရန် ဆရာဝန်များအား အထောက်အကူပြုမည့် သဲလွန်စကိုမူ သုတေသီများက တွေ့ရှိထားသည်။ ယင်းကား အခြားမဟုတ်၊ ညအခါ အိပ်သော အချိန်အတိုင်းအတာပင်ဖြစ်သည်။

**တစ်ညလျှင် ရှစ်နာရီကျော်သည့်အထိအိပ်သော အသက်ကြီးသူများအနက် ၄၆ ရာနိုင်နှုန်းသည် လေဖြတ်ရန် အလားအလာရှိများ၏**ဆိုသည်ကို သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ သိရ၏။ သုတေသီများသည် သူတို့၏ တွေ့ရှိချက်ကို ဖေဖော်ဝါရီ ၂၅ ရက်ထုတ်ဂျာနယ်တွင် ဖော်ပြထားသည်။ ပိုဆိုးသည်မှာ တစ်ညလျှင် ခြောက်နာရီပြည့်သည်အထိ မအိပ်သူသည် တစ်နေ့လျှင် ခြောက်နာရီမှ ရှစ်နာရီအထိ ပုံမှန်အိပ်သူထက် လေဖြတ်ရန် အလားအလာ လေးဆပိုများခြင်းပင်ဖြစ်သည်။

သုတေသီများ၏လေ့လာတွေ့ရှိချက်သည် **အိပ်စက်ချိန်နှင့်လေဖြတ်ခြင်း ဆက်စပ်မှုရှိသည်ဆိုသည်**မှာ ထင်ရှားသည်ဟုဆို နိုင်ရန်အထောက်အကူပြု ပေလိမ့်မည်။ အိပ်စက်ချိန်နှင့်လေဖြတ်ခြင်းဆက်စပ်မှုနှင့်ပတ်သက်၍ သုတေသီများက အမျိုးမျိုးလေ့လာခဲ့သည်။ သို့ပင်ဖြစ်သော်လည်း ရလဒ်မှာမူ တစ်သမတ်တည်း မရှိသေးချေ။

သို့ဖြစ်၍ အင်္ဂလန်ရှိ ကင်းဘရစ်တက္ကသိုလ်နှင့် ဝါဝစ်ခ်တက္ကသိုလ်တို့မှ သုတေသီများက အိပ်စက်ခြင်းနှင့်လေဖြတ်ခြင်းဆက်စပ်မှုအဖြေကို တိတိကျကျရရှိနိုင်ရန် ကင်ဆာရောဂါကို လေ့လာရာ၌ သတိပေး၍ လေ့လာကြည့်ရှုနေကြသည်။ သူတို့သည် အလားအလာကောင်းသော ဥရောပကင်ဆာလေ့လာ စုံစမ်းရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။ အင်္ဂလန်နိုင်ငံ၊ နော်ဖော့လ်ခ်မှ လူပေါင်း (၉၆၉၂)တို့၏ အချက်အလက်များကို အသုံးပြုခဲ့ကြသည်။ သုတေသီများက ကင်ဆာရောဂါ လေ့လာစုံစမ်းစစ်ဆေးခြင်းကို ၁၉၉၀-ပြည့်နှစ်

များ၌ပြုလုပ်ခဲ့သည်။ သူတို့၏လေ့လာမှုတွင် ပါဝင်ကူညီရန် စာရင်းပေးခဲ့ကြသည့် လူ (၉၆၉၂)ဦးတို့သည် ထိုစဉ်က အသက် ၄၀ နှင့် ၇၀ အတွင်း ရှိခဲ့ကြသည်။ သူတို့၏ ပျမ်းမျှအသက်ကွာဟချက်မှာ ၉ ဒသမ ၅ နှစ် ဖြစ်သည်။

တစ်ညတွင် အချိန်မည်မျှအိပ်၍ အိပ်ရာတွင်လည်း နှစ်နှစ်ခြိုက်ခြိုက်ရှိ၊ မရှိဆိုသည်တို့နှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်း စမ်းသပ်ခံတို့အား ၁၉၉၈ ခုနှစ် နှင့် ၂၀၀၀ပြည့်နှစ်အတွင်း၌လည်းကောင်း၊ ၂၀၀၂ခုနှစ်နှင့်၂၀၀၄ခုနှစ်အတွင်း၌ လည်းကောင်း မေးမြန်းခဲ့သည်။ သုတေသီတို့သည် ဖွား၊သေစာရင်းနှင့် ဆေးဝါး ဆိုင်ရာ သတင်းအချက်အလက်များကို လေ့လာရှာဖွေစုဆောင်းခဲ့ရာ၌ သက် ဆိုင်သူများ၏ အသက်၊ ပညာအရည်အချင်း၊ ဆေးလိပ်သောက်–မသောက်၊ အရက်သောက်–မသောက်၊ ခန္ဓာကိုယ်ကြီးထွားမှု အညွှန်းကိန်း၊ သွေးဖိအားနှင့် လေဖြတ်ရောဂါနှင့်ပတ်သက်သော မိသားစုနောက်ခံသမိုင်းတို့ကိုပါ ထည့်သွင်း လေ့လာရှာဖွေ စုဆောင်းခဲ့ကြသည်။

စေတနာ့ဝန်ထမ်းစမ်းသပ်ခံ ၉၆၉၂–ဦးတို့အနက် ၃၄၆ ဦးတို့သည် ထို လေ့လာနေသော ကာလအတွင်း လေဖြတ်ဝေဒနာခံ စားရမှုအနည်းဆုံး တစ်ကြိမ် ဖြစ်ခဲ့ကြသည်။ ယင်းတို့အနက် ၆၇ ဦးတို့မှာ လေဖြတ်ခြင်းကို ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည်။ သို့ရာတွင် လေ့လာနေသည့် ကာလအတွင်း လေဖြတ်ခဲ့ သူများသည် တစ်သမတ်တည်းဖြစ်ခဲ့ကြသည်မဟုတ်ပေ။ လေဖြတ်နိုင်ခြေရှိသည့် တခြားသောအကြောင်းခြင်းရာများကို ထိန်းချုပ်ပြီးနောက် တစ်ညလျှင် ရှစ်နာရီ ကျော်သည်အထိ အိပ်သူများသည် ခြောက်နာရီမှ ရှစ်နာရီအထိ ပုံမှန်အိပ် သူများထက် လေဖြတ်ရန် အလားအလာ ထူးထူးခြားခြားပို၍ ရှိသည်ကို တွေ့ရှိခဲ့ကြသည်။

တစ်ညလျှင် ခြောက်နာရီပြည့်သည်အထိပင် မအိပ်သူများသည်လည်း လေဖြတ်ရန် အလားအလာပိုများသည်ကို သုတေသီတို့တွေ့ရှိခဲ့ကြသည်။ အအိပ်နည်းသူတို့၏ လေဖြတ်နိုင်ခြေမှာ ပုံမှန်အိပ်သူတို့ထက် ၁၈ ရာခိုင်နှုန်း ပို၍ရှိသည်။

အိပ်ချိန်နှင့် လေဖြတ်ခြင်းဆက်စပ်မှုရှိရာတွင်လည်း အမျိုးသမီးများက အမျိုးသားများထက် အလားအလာပိုများသည်ကိုလည်းကောင်း၊ လေဖြတ်လျှင် လည်းဆိုးဆိုးရွားရွားဖြစ်သည်ကိုလည်းကောင်း သုတေသီတို့လေ့လာ တွေ့ရှိ ခဲ့ကြသည်။ စေတနာ့ဝန်ထမ်းစမ်းသပ်ခံများကို အသက်အပိုင်းအခြားအလိုက် လေ့လာစစ်ဆေးကြည့်သောအခါ တစ်ညလျှင် ရှစ်နာရီထက်ပို၍အိပ်သည့် အသက်

၆၃နှစ်နှင့်အထက် လူကြီးများတွင်သာ လေဖြတ်ရန် အလားအလာပိုများသည်ကို သုတေသီတို့လေ့လာတွေ့ရှိခဲ့သည်။ တစ်ညလျှင် ခြောက်နာရီ ပြည့်သည်အထိပင် မအိပ်သူများအတွက် လူငယ်များက လူကြီးများထက်ပို၍ လေဖြတ်ရန် အလားအလာများသည်ကိုလည်း သုတေသီတို့တွေ့ရှိကြသည်။

နောက်ဆုံးတွင် အိပ်ချိန်လျော့နည်းအိပ်သူများသည် ဦးနှောက် သွေးကြောပိတ်ဆို့သောကြောင့်ဖြစ်သော လေဖြတ်ခြင်း (ischemic stroke) အမျိုးအစားဖြစ်နိုင်ခြေပိုများပြီး အိပ်ချိန်ပိုလွန်၍ အိပ်သူများသည် ဦးနှောက်သွေးကြောပေါက်၍ဖြစ်သော လေဖြတ်ခြင်း(hemorrhagic stroke) အမျိုးအစားဖြစ်နိုင်ခြေပိုများသည်ဆိုသည်ကို သုတေသီတို့တွေ့ရှိခဲ့ကြသည်။

အိပ်ခြင်းနှင့် လေဖြတ်ခြင်းတို့မည်သို့မည်ပုံနှင့် မည်မျှဆက်စပ်မှုရှိသည်ဆိုသည်ကို ဆက်လက်၍လေ့လာရဦးမည်ဖြစ်ကြောင်း သုတေသီတို့က ဆိုသည်။

*Science Now* –(၂၀–၂–၂၀၁၄) ဒီဖိုကရေစီတွေဒေး စာ–၉။

## ကိုယ်ကျင့်သီလ မပျက်ကြစေနှင့်

ပစ္စည်းမပြည့်စုံတဲ့အတွက် မလှူနိုင်လို့ မည်သူကမျှ မကဲ့ရဲ့ဘူး၊

အပြစ်မပြောဘူး၊ အပါယ်လေးပါးလည်း မကျဘူး။

စောင့်စည်းမှုမရှိလို့ သီလပျက်ရင်တော့

လူတိုင်းက ကဲ့ရဲ့ကြ၊ အပြစ်ပြောကြမယ်။

အပါယ်လေးပါးလည်း ကျရောက်မယ်။



ဒါကြောင့် သီလအပျက်ခံပြီး ဒါနမပြုမိကြစေနဲ့။ –ချမ်းမြေ့မြိုင်ဆရာတော်။

## လူတွေသေဆုံးပြီးပြီးချင်း ဘယ်အရာက ရှင်ပြီးကျန်သေးသလဲ

၁။ နှလုံးက (၁၀)မိနစ်အထိ ရှင်တယ်။

၂။ ဦးနှောက်က မိနစ်(၂၀)အထိ ရှင်တယ်။

၃။ မျက်လုံးက (၄)နာရီအထိ ရှင်တယ်။

၄။ အရေပြားက (၅)ရက်အထိ ရှင်တယ်။

၅။ အရိုးက ရက်(၃၀)အထိ ရှင်တယ်။




* ကောင်းတဲ့အကျင့်သီလကတော့ တမလွန်အထိ ရှင်တယ်။

– အမည်မသိ၊ *facebook* မှ။



# ကာယ်တင်သီး

နစ္စင်းမှိုင်းကြောင့် ခြင်ပြေးသည်ကို ကျွန်မတို့သိကြသည်။ ဆုံးဖြတ်ချက်များသူတစ်ဦးကို နားဝင်အောင်သွန်သင်၍ မရပါက မှိုင်းမိနေသည်ဟု ကရုဏာဒေါသောဖြင့် ပြောသည်ကို ကြားဖူးသော်လည်း တင်စားပြောဆိုသည်ဟုသာ ထင်ခဲ့သည်။ ယခုတလော သတင်းစာများတွင် ဆေးဝါးဖြင့် မိန်းမူးစေပြီး ပစ္စည်းယူခြင်းကို ဖတ်ရသည်မှာ မကြာခဏပင်။

မိန်းမော၍ အသိစိတ်ပျောက်အောင်လုပ်ခြင်းသည် မေ့မြော၍ မေ့ချိ သွားသကဲ့သို့ လူမသိနိုင်။ ထို့ကြောင့် အနီးအနားရှိလူများ မသိလိုက်မည့် အန္တရာယ် ကြုံကြရသည်။ "မှိုင်းနှင့်တို့ဆေး"သည် အမှန်တကယ်ရှိကြောင်း ကိုယ်တွေ့ကြုံခဲ့သူတစ်ဦး၏ ပြောပြချက်အရ သိခဲ့ရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က ရထားတစ်တွဲလုံးရှိ ခရီးသည်များ အား အိပ်မွေ့ချကာ ပစ္စည်းယူငင်မှုအကြောင်း ကြားဖူးသူအချို့ ရှိကြသည်။ ထိုခေတ်အခါက သတင်းစီးဆင်းမှု နှေးကွေးသော်လည်း တစ်ယောက်စကားဖြင့် လက်ဆင့်ကမ်း ကြားကြသည်မှာ နိုင်ငံအနှံ့ဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်တွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ပြီး ယခုသာသနာ့ဘောင်သို့ ဝင်သွားပြီးဖြစ်သည့် သူငယ်ချင်း၏ဘကြီးဖြစ်သူ ပြောပြချက်ကို ဖေဖော်ဝါရီ ၁၇ ရက် စံတော်ချိန်၌ မြောက်ဥက္ကလာပမြို့နယ်တွင် ဖြစ်ပွားခဲ့သော မူးယစ်ထိုင်းမှိုင်းစေသည့်ဆေးကို တိုက်ကျွေးခံရပြီး အမွေပြုကျင့်ခံရကြောင်းဖတ်မိရာမှ အထက်တွင်ရေးထားသည့် "မှိုင်း"အကြောင်းကို ဗဟုသုတဖြစ်စေရန် ရေးသားလိုက်ရပါသည်။

အခင်းဖြစ်သောနေ့က ရထားအထက်တန်းတွဲတွင်စီးသော ဘကြီးသည် ရထား၏ယိမ်းထိုးလှုပ်ခါမှုကြောင့် ခေါင်းမူးသဖြင့် ရထားအပြင်ဘက်သို့ ဦးခေါင်းထုတ်၍ မကြာခဏ လေရှူရသည်ဆို၏။ ထိုသို့ ဦးခေါင်းထုတ်စဉ် တွဲ၏ထိပ်ဆုံး လေအထက်ကျသောအရပ်မှ လူတစ်ဦးသည်လည်း သူကဲ့သို့ပင် ဦးခေါင်း မကြာခဏထုတ်သဖြင့် မှတ်မိသွားသည်။ ဘူတာတစ်ခု၌ ရထားရပ်သောအခါ ခေါင်းမူးသည့်ဒဏ်ကို မခံနိုင်သည့်အဆုံး ဘကြီးသည် သံပုရာသီးဝယ်ကာ အခွံကိုလက်သည်းဖြင့်ဆိတ်ပြီး ရှူရှိုက်ရင်း လိုက်ပါလာခဲ့သည်။

ထိုစဉ် ဦးခေါင်းမကြာခဏထုတ်ကြည့်သူသည် လေအထက်ဖြစ်သည့် တွဲထိပ်မှဆေးလိပ်ထက်ပိုင်းကျိုးအား မီးရှို့လိုက်သည်ကိုမြင်ရပြီး ဆေးလိပ်ငွေ့တို့

မီးရထားတွဲပေါ် ဖုံးလွှမ်းကာ ရှုရှိုက်မိသော ခရီးသည်များ သတိလစ် မေ့မြောကုန်သည်ဟု ဆိုသည်။

ဘကြီးသည် ကြောက်ရွံ့သော်လည်း ဟန်မပြတ်ဆက်ထိုင်ရင်း သံပုရာ သီးကို အားရပါးရရှူကာ သတိဖြင့်ထိုင်နေစဉ် ထိုသူရောက်လာပြီး သူနှင့်အတူ ပစ္စည်းများယူရန် ဘကြီးအား ခေါ်နေသည်။ သူနှင့်အကြံတူသူဟု ဘကြီးကို ထင်မြင်ကာ ပစ္စည်းခွဲယူရန် ခေါ်ခြင်းပင်။ ဘကြီးသည် အထင်မှားနေကြောင်း ပြောပြီး လက်နက်ပါသော ထိုသူ၏အရိပ်အကဲကိုကြည့်ကာ အလိုက်အထိုက် စကားပြောခဲ့ရသည်။ ထိုသူသည် သတိလစ်နေသည့် ခရီးသည်များထံမှ ရွှေ၊ ငွေတို့ကို စိတ်ကြိုက်ယူ၍ ဘကြီးအား ခွဲပေးသည်ကို ဘကြီးက မယူဘဲ–

"ဒီပစ္စည်းတွေမလိုချင်ပါဘူး။ ဆေးလိပ်ငွေ့လုပ်တဲ့နည်းပဲ လိုချင်တယ်"

ထိုသို့ ပြတ်သားစွာပြောလေသော် ထိုသူသည် နည်းကိုမပေးသော်လည်း အသုံးပြုပုံနှင့်အန္တရာယ်ရှိပုံကို ပြောပြခဲ့လေသည်။ မသမာသူတို့သည် ထိုနည်းကိုသုံးကာ လုည့်ဖျားကောက်ကျစ်စွာ ရှာဖွေစားသောက်နေကြသည်။ ထို အဆိပ်သည် အနံ့အသက်မရှိဘဲ ရှူမိသူကို သတိလစ်မေ့မြောစေသည်။ ချွန်ထက်သောအရာတွင်သုတ်၍ ပစ်မှတ်ထားသော သားကောင်၏ အရေပြားကို မတော်တဆပုံစံဖြင့် သွေးထွက်အောင် ခြစ်ခဲ့ပါက အဆိပ်တို့ သွေးတွင်းသို့ရောက်ပြီး အသိစိတ်ပျောက်၍ ကြောင်စီစီဖြစ်သွားချိန်၌ ခေါ်သွားရာသို့ပါသွားပြီး ပြသမျှနှုရမည်သာ။ ခန္ဓာကိုယ်တွင်းသို့ မှိုးညင်းပေါက်များမှတဆင့် အဆိပ်ဝင်အောင် ပွတ်သပ်ခြင်းပြုပါကလည်း အသိစိတ်ပျောက်နိုင်ကြောင်းသိရသည်။ ထိုသို့ပြုလုပ်သည်ကို "တို့ဆေး"ဟုခေါ်ကြောင်း သိလိုက်ရသောဘကြီးကို ထိုသူက မသက်ာခဲ့။ သူတို့ဂိုဏ်းတွင်းမှပင် ရနိုင်သည့် ဖြေဆေးကို ဘကြီးရထားသည်ဟု အထင်မှားကာ ဇာတ်တူသည်ဟု ထင်နေခြင်းပင်။

ဘကြီးကို ကယ်လိုက်သည့် **အဆိပ်ဖြေဆေးမှာ "သံပုရာသီး"သာ ဖြစ်သည်**။ သံပုရာသီးသာ မရှိခဲ့လျှင် ဘကြီးလည်း ကုန်ပစ္စည်းဝယ်ရန် ပါလာသည့် ငွေများ ဆုံးမည်သာ။ အမှန်တော့ လူအများနေ့စဉ်မြင်တွေ့နေရသော သာမန် အသီးလေးသည် မသမာသူတို့လက်မှ ကယ်တင်နိုင်ပြီး ရောမစွမ်းအားတို့ကို ပေးသည့် ကယ်တင်ရှင်ဖြစ်သည်။

ဘကြီးသည် ဆင်းရမည့်ဘူတာမရောက်မီ ပထမဆုံးရပ်သည့်ဘူတာ၌ ထိုသူနှင့်အတူဆင်းပြီး ထိုသူအား ကျောခိုင်းလျက် မရောက်ဖူးသည့် နယ်မြေစိမ်းတွင် အသက်ကိုအလုအယက်ရှုကာ ထွက်ပြေးခဲ့ရကြောင်းကြားသိရပါသည်။

ထို့ကြောင့် "တို့ဆေး"သည် အမှန်ပင်ရှိသည့်အတွက် အထူးသတိပြု၍ နေထိုင်ကြရန်လိုသည်။

တန်ဖိုးရှိသော လက်ဝတ်လက်စားများသည် အန္တရာယ်ကို လက်ယပ်ခေါ်နေသကဲ့သို့ပင်၊ အသက်ကယ်သည့် သံပုရာသီးကိုလည်း ဆောင်ထားပြီး သတိနှင့်နေထိုင်သွားလာသင့်ကြောင်းကို စာဖတ်သူမိဘပြည်သူများအား အသိပေးအပ်ပါကြောင်း။

*-မကြည်ကြာ(သချာ)၊ (၂၂-၂-၂၀၀၉) စံတော်ချိန် စာ-၇။*

# အချိန်မရလို့

တစ်ချို့က "တပည့်တော်တို့ တရားအားထုတ်ချင်ပါတယ် ဘုရား၊ အချိန်မရလို့ပါ"တဲ့။

တကယ်တမ်း စိတ်ပါဝင်စားတယ်ဆိုရင် အချိန်မရဘူးလို့ မရှိပါဘူး။

ရတဲ့အချိန်ကို မယူကြလို့ အချိန်မရတာပါ။

ရတဲ့အချိန်ကို တရားအတွက် အသုံးမပြုကြလို့ပါ။



အိပ်ယာထဲဝင်လို့ အိပ်မပျော်ခင်လေးမှာ ရှုမှတ်မယ်ဆိုရင်လည်း ရှုမှတ်ချိန်ရပါတယ်။

အိပ်ယာထ မျက်နှာမသစ်ခင်လေးမှာ နှလုံးသွင်းလိုက်ရင်လည်း ရပါတယ်။ မျက်နှာသစ်ရင်း၊ သွားတိုက်ရင်းလည်း ရှုမှတ်လို့ရပါတယ်။

*-ဒေါက်တာ အရှင်ပညိဿရ။*

# ဘဝရှင်းလင်း၊ ကြည်လင်၊ အဆင်ပြေဖို့

မယုံသင့်တာကို မယုံတဲ့သူရဲ့ဘဝဟာ **ရှင်း**တယ်။

မကြောက်သင့်တာကို မကြောက်တဲ့သူရဲ့စိတ်ဟာ **ကြည်လင်ပေါ့ပါး**တယ်။



မမျှော်လင့်သင့်တာကို မမျှော်လင့်တဲ့သူဟာ တခြားလုပ်သင့်တာကို လုပ်နိုင်လို့ သူ့ဘဝဟာ ပိုပြီး**အဆင်ပြေ**တယ်။

*-ဆရာတော်ဦးဇောတိက။*

# ကားပျက်၍ခြေကျင်ရောက်ခဲ့သောဗိုလ်ချုပ်

အတိတ်ကို ဇာတ်ကြောင်းပြန်ရသော် ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက် ကြာသပတေးနေ့မှ ပြန်လည်စတင်ရမည် ဖြစ်ပါသည်။

ထိုနေ့သည် မြန်မာ့လွတ်လပ်ရေးသမိုင်းမှ အရေးပါသော မှတ်တိုင်တစ်ခု လည်းဖြစ်ပါသည်။ အကြောင်းမူကား လန်ဒန်မြို့ရှိ ဗြိတိသျှအစိုးရ၏ ညွှန်ကြားချက်အရ ရန်ကုန်မှ အင်္ဂလိပ်ဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်းအား အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးအပ်ခဲ့သောနေ့ ဖြစ်သောကြောင့်ပင်တည်း။

တစ်နည်းအားဖြင့်(၂၆-၉-၄၆)နေ့သည် ဗိုလ်ချုပ်အောင်ဆန်းအုပ်ချုပ်ရေး အာဏာရရှိကာ ဝန်ကြီးများအဖွဲ့(ကက်ဘိနက်) ခေါင်းဆောင်ဖြစ်လာသည့်နေ့ပင် ဖြစ်ပါသည်။

ထိုနေ့နံနက် ရန်ကုန်မြို့ အလုံလမ်းရှိ အင်္ဂလိပ်ဘုရင်ခံအိမ်တော် (ယနေ့ ပြည်သူ့လွှတ်တော်တည်ရာ)သို့သွား၍ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့ ခေါင်းဆောင်တာဝန်ကို လက်မှတ်ရေးထိုးရယူပြီးနောက် ဗဟန်း၊ တာဝါလိန်းလမ်းရှိ သူ၏နေအိမ် (ယခု ဗိုလ်ချုပ်ပြတိုက်)သို့ ပြန်ရောက်ရောက်ခြင်း ကျွန်တော့်အား ခေါ်၍ အရေးကြီးစကားပြောခဲ့ပါသည်။

**"ဟေ့ကောင်... ဒီနေ့ကစပြီး ငါဟာ အစိုးရအဖွဲ့ (ကက်ဘိနက်)အဖြစ် ခေါင်းဆောင်ဖြစ်လာပြီး မင်းကလည်း ငါ့ရဲ့ပီအေ(အပါးတော်မြဲ)အဖြစ် တစ်ရက်နှစ်ရက်အတွင်း တရားဝင်ပြန်တမ်းထွက်လာလိမ့်မယ်။ ဒီတော့ ငါတို့မှာ အဆောင်အယောင်အခွင့်အရေးတွေ ရလာလိမ့်မယ်။ အာဏာရလာတယ်ဆိုရင်ပဲ ငါတို့ကို ချဉ်းကပ်အကူအညီတောင်းတာတွေ လာလိမ့်မယ်။ ငါ့ရဲ့ဆွေမျိုးတွေ၊ ငါ့မိန်းမ ဘက်က အမျိုးတွေ၊ ပြီးတော့ မင်းနဲ့ပတ်သက်တဲ့ အပေါင်းအသင်းတွေ အားလုံး ဘယ်သူ့ကိုမှ မတရားအခွင့်အရေး မပေးရဘူး။ သူတို့အကူအညီတောင်းတာကို လုပ်မပေးရဘူး။ မင်းတို့ငါတို့ကလည်း ဘယ်သူ့ဆီကမှ အကူအညီ မယူရဘူး။ အခွင့်အရေးမယူရဘူး"**

ဤသို့လျှင် ဗိုလ်ချုပ်သည် ကျွန်တော့်အား တိကျပြတ်သားစွာပြောခဲ့ရာ တစ်နည်းအားဖြင့် သူ၏သဘောထားဆန္ဒနှင့်လမ်းညွှန်ပေးလိုက်ခြင်းပင်ဖြစ်သည် ဟု ဆိုရပါမည်။

"ဘယ်သူ့ဆီကမှ အကူအညီမယူရဘူး၊အခွင့်အရေးမယူရဘူး" ဟူသော

ဗိုလ်ချုပ်ကား၏ အဆုံးသတ်ပုံကို ကျွန်တော်သည် ယနေ့ထိ မမေ့နိုင်ပါ။ မမေ့နိုင်အောင်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် သူ့အမိန့်ပေးညွှန်ကြားသလို၊ သူကိုယ်တိုင်လည်း လိုက်နာကျင့်သုံးခဲ့ကြောင်း ကိုယ်တွေ့ဖြစ်ရပ်တစ်ခု ကြုံတွေ့ခဲ့ရပါသည်။

ယင်းသို့ ကြုံတွေ့ခဲ့ရပုံက ဤသို့ပါတည်း။ ထိုအချိန်က "ဘုရင်ခံ၏ အမှုဆောင်ကောင်စီ"ဟုခေါ်သော အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဝန်ကြီးအဖြစ် စီးခဲ့သောမော်တော်ယဉ်မှာ အင်္ဂလန်ပြည်လုပ်"ဂူစလီ"အမျိုးအစားအနက်ရောင် ဆလွန်းကား အမှတ် အာအေ/၂၈၇၄ ဖြစ်ပါသည်။

ဗိုလ်ချုပ်အိမ်တွင် ထိုကားတစ်စီးမှလွဲ၍ အခြားမော်တော်ကား မရှိပါ။ ဗိုလ်ချုပ်မှာ အစိုးရအဖွဲ့တာဝန်အပြင် နိုင်ငံရေးအဖွဲ့အစည်း (ဖဆပလအဖွဲ့ချုပ်)၏ ဥက္ကဋ္ဌအဖြစ်လည်း အလွန်အလုပ်များလေရာ သူလှုပ်ရှားသွားလာရာ၌ အထက် ဖော်ပြပါ မော်တော်ကားနှင့်ပင် သွားလာရသောကြောင့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့်သားသမီးများအနေဖြင့် မော်တော်ကားစီးခွင့် သိပ်မရကြရှာပါချေ။ ရုံးဖန်ရုံခါ ရုံးပိတ်ရက် တနင်္ဂနွေနေ့ဘက်တွင် ဗိုလ်ချုပ်က ဇနီးနှင့်ကလေးများပါ ခေါ်ပြီး ကန်တော်ကြီးတစ်ပတ် ကားလျှောက်စီးသည့်အခါလောက်တွင်သာ စီးခွင့်ရကြပါသည်။

"ဗိုလ်ကြီး... ကားဘာဖြစ်တယ်မသိဘူး။ စက်နှိုးလို့မရဘူး။ ကျွန်တော်လည်း တတ်သလောက် မှတ်သလောက် အမျိုးမျိုးကြိုးစားပြင်ကြည့်တာပဲ။ ဘယ်လိုမှ နှိုးလို့မရဖြစ်နေတယ်"

"ဟော့..... ဟုတ်လား၊ မင်းသေသေချာချာ လုပ်ကြည့်ပြီးပြီလား"

ကျွန်တော်က ဤသို့ ပြန်မေးလိုက်ခြင်းမှာ ရဲဘော်ကျော်စိန်သည် ကားမောင်း တတ်ရုံမက စက်ပြင်ပညာပါ အသင့်အတင့်တတ်ထားသူဖြစ်၍ မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဟုတ်ကဲ့.....ကျွန်တော် အစွမ်းကုန်ကြိုးစားကြည့်ပြီးပါပြီ။ လုံးဝ စက်နှိုးလို့မရဘူး"

ရဲဘော်ကျော်စိန်က ပြန်ပြောချိန်တွင် ကျွန်တော်သည် လက်ပတ်နာရီကို ကြည့်လိုက်ရာ နံနက် ၉ နာရီခွဲကျော်နေပြီဖြစ်ကြောင်းတွေ့ရသဖြင့် မျက်လုံးပြူးသွားမိပါသည်။ ထိုနေ့နံနက် ၁၀ နာရီတွင် အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်က ဝန်ကြီးအဖွဲ့ အရေးပေါ်အစည်းအဝေးခေါ်ထားသဖြင့် ကျွန်တော်တို့ ရုံးသို့ ၁၀ နာရီအရောက်သွားရန် အရေးကြီးသောကြောင့် စိုးရိမ်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ချက်ခြင်းပင် မိုလ်ချုပ်အား အကျိုးအကြောင်း သတင်းပို့မှ ဖြစ်ချေတော့မည်ဟု ဆုံးဖြတ်လျက် မိုလ်ချုပ်ရှိရာ အိမ်အောက်ထပ် ညှိခန်းသို့ ခပ်သုတ်သုတ်သွားလိုက်ပါသည်။

မိုလ်ချုပ်သည် ကျွန်တော့်ကိုမြင်လျှင် သူ့အား ရုံးသွားရန် လာခေါ်ပြီဟု ယူဆဟန်ဖြင့် "ဘာလဲဟေ့… ငါတို့သွားကြတော့မလား" ဟု မေးရင်း ထိုင်ရာမှ ထလိုက်ပါသည်။

ဒီတော့မှ ကျွန်တော်လည်း မော်တော်ကားအခြေအနေ ကို ပြောပြ လိုက်ရ ပါသည်။

"မိုလ်ချုပ် .. ရုံးသွားလို့မဖြစ်သေးဘူး။ ဒီနေ့ မော်တော်ကား ပျက်နေတယ်။ ရဲဘော်ကျော်စိန် အမျိုးမျိုးကြိုးစားပြီး နှိုးကြည့်တာပဲ။ ဒါပေမဲ့ ဘယ်လို့မှ စက်နှိုးလို့မရဘူး။ ကျွန်တော်တို့ ကားတွေပြုပြင်ဖို့ တာဝန်ယူတဲ့ ကုန်းလမ်းပို့ဆောင်ရေးဌာန ဝပ်ရှော့ကိုပို့ပြီး ပြင်မှဖြစ်မယ်"

"ဟုတ်လား…. ကားက လုံးဝမောင်းလို့မရဘူးလားကွ"

"ဟုတ်ကဲ့ လုံးဝစက်နှိုးလို့မရဘူးဖြစ်နေတယ်။ ရုံးမှာလည်း မိုလ်ချုပ်ခေါ်ထားတဲ့အစည်းအဝေးက ၁၀နာရီ စဖို့ရှိတယ်။ အခု ၉ နာရီခွဲကျော်နေပြီ။ ဒါကြောင့် ကျွန်တော်တို့ရုံးကို အချိန်မီသွားနိုင်အောင် တစ်ယောက်ယောက်စီက မော်တော်ကားတစ်စီး ဖုန်းဆက်တောင်းလိုက်မယ်" ပြောပြောဆိုဆို ကျွန်တော်သည် အိမ်ပေါ်ထပ်တက်သည့် လှေကားရင်းရှိ တယ်လီဖုန်းဆီကို လျှောက်သွားစဉ် မိုလ်ချုပ်က လှမ်းခေါ်လိုက်ပါသည်။

"ဟေ့ကောင်….မင်းက တယ်လီဖုန်းဆက်ပြီး မော်တော်ကား တောင်းမလို့မဟုတ်လား"

မိုလ်ချုပ်၏ လေသံက တင်းမာနေသဖြင့် ကျွန်တော်လည်း ဆက်မလျှောက်တော့ဘဲ မိုလ်ချုပ်ရှိရာသို့ ပြန်လှည့်လာခဲ့ပါသည်။

"ဟုတ်ကဲ့ ဒါမှ ကျွန်တော်တို့ ရုံးကိုမြန်မြန်သွားနိုင်မှာမဟုတ်လား"

ကျွန်တော်က အမှန်အတိုင်းပြန်ပြောလိုက်ရာ မိုလ်ချုပ်သည် ပို၍လေသံပြင်းစွာဖြင့် ကျွန်တော့်အား အပြစ်တင်ပါလေတော့သည်။

"မင်းဟာ တော်တော်ညံ့သေးတာပဲ၊ တယ်လီဖုန်းဆက်ပြီး မော်တော်ကားတောင်းဖို့ တစ်ခုတည်းပဲ မင်းတွေးမိတာကိုး။ မင်းတို့ငါတို့အနေနဲ့ အခုနေ အခါ မော်တော်ကား လှမ်းတောင်းလိုက်ရင် တစ်စီးမဟုတ်ဘူး ဆယ်စီးလည်း ရနိုင်တယ်။ အဲဒါ ဆက်စပ်ပြီးစဉ်းစားကြည့်မှပေါ့။ **စီးပွားရေးလုပ်ငန်းရှင်တွေဟာ**

**ငါတို့ဆီက မတရားအခွင့်အရေးတွေ တောင်းလာမှာကိုတော့ မင်းမတွေးမိဘူး မဟုတ်လား။ မင်းကို ငါအစောကြီးကတည်းက ကြိုပြောခဲ့တယ် မဟုတ်လား။ မင်းတို့ငါတို့အနေနဲ့ ဘယ်သူ့ဆီကမှ ဘာအကူအညီမှမယူဘူး။ အခုမင်း မော်တော်ကား လှမ်းတောင်းတာဟာလည်း အခွင့်အရေးယူတာပဲ။ ဒါကြောင့် မင်းစောစောက စိတ်ကူးသလို တယ်လီဖုန်းဆက်ပြီး မော်တော်ကား မတောင်းရဘူး’**

‘ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ရမလဲဗိုလ်ချုပ်’

‘**ဘာမှလုပ်မနေနဲ့ ငါတို့ကားပျက်နေတယ်မဟုတ်လား။ ဒီတော့မင်းနဲ့ငါ မြို့ကိုလမ်းလျှောက်သွားကြမယ်**။ ရုံးရောက်တော့မှ သယ်ယူပို့ဆောင်ရေးဌာနကို ဖုန်းဆက်ပြီးငါတို့ကားကို စက်ပြင်သမားတွေလာဆွဲယူသွားပြီး ပြင်ပေးဖို့ပြောပေါ့။ ကဲ.... ပြောနေတာကြာတယ်ကွာ သွားကြစို့။

ပြောပြောဆိုဆို ဗိုလ်ချုပ်သည် စိတ်မြန်သူပီပီ သူကိုင်နေကျ မိုးကာအင်္ကျီကို လက်မောင်းတွင် ခေါက်တင်လျက် အိမ်ရှေ့လှေကားမှ ဆင်းလျှောက်သွားပါတော့သည်။ ကျွန်တော်လည်း မည်သို့မျှ မတတ်နိုင်ဘဲ သူ၏နောက်မှ ခပ်သုတ်သုတ် ပြေးလိုက်သွားရပါသည်။

သူအစိုးရအဖွဲ့ အာဏာရယူသည့်နေ့ကပြောခဲ့သော ‘**ဘယ်သူ့ဆီကမှ အကူအညီမယူရဘူး။ အခွင့်အရေးမယူရဘူး**’ဟူသော စကားအတိုင်း ဗိုလ်ချုပ်သည် အယူသည်းစွာ ကိုယ်တိုင်လိုက်နာကျင့်သုံးနေပါသည်တကားဟုသာ စိတ်ထဲမှ ဆင်ခြင်သုံးသပ်မိပါသည်။

သို့နှင့်ပင် ကျွန်တော်နှင့် ဗိုလ်ချုပ်တို့ ဆရာတပည့်နှစ်ဦးသည် တာဝါလိန်းလမ်းမှထွက်၍ နတ်မောက်လမ်း၊ ဗဟန်းလမ်းအတိုင်းလျှောက်ပြီး ဗဟန်းအဝိုင်းကို ဖြတ်ကျော်ကာ တိရစ္ဆာန်ရုံဘေးရှိ ပလက်ဖောင်းသို့ပင် ရောက်လာကြပါသည်။

ဗိုလ်ချုပ်က ရှေ့က ခြေလှမ်းသွက်စွာနှင့်လျှောက်ပြီး ကျွန်တော်က နောက်မှ လိုက်သွားရာ အော်စတင်အမျိုးအစားမော်တော်ကားငယ်တစ်စီး ကျွန်တော့် အနီးတွင် ထိုးဆိုက်လာသဖြင့် ကျွန်တော်လည်း အံ့အားသင့်စွာ လှမ်းကြည့်မိပါသည်။

ထိုကားကလေးကို မောင်းလာသူက မြန်မာ့ရုပ်ရှင် စဝင်တီထွင်သူ ‘ရုပ်ရှင်ဖခင်ကြီး’ လန်ဒန်အဝတ် ဦးအုန်းမောင်ဖြစ်နေပါသည်။ ထိုအချိန်က သူသည် ဗဟန်းဝက်ပါလမ်းတွင် နေထိုင်ပြီး ဆူးလေဘုရားလမ်းနဲ့ သူ၏လန်ဒန်အဝတ်

တော်ပုံတိုက်နှင့် ရုပ်ရှင်ကုမ္ပဏီရှိရာသို့ ကိုယ်တိုင်ကားမောင်းသွားခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်တော်သည် ကျောင်းသားဘဝက ရုပ်ရှင်ဝါသနာပါသဖြင့် ရုပ်ရှင်စတူဒီယိုများသို့ ရံဖန်ရံခါသွားရောက်လေ့လာရင်း ဦးအုန်းမောင်နှင့် သိကျွမ်းနေပါသည်။

'ဟော့မောင်ရင် ... ခဏလာပါဦးကွဲ့'

ဦးအုန်းမောင်က ကားရပ်ပြီး လှမ်းခေါ်သဖြင့် ကျွန်တော်လည်း သူခေါ်ရာသို့ ချဉ်းကပ်သွားပါသည်။ ဗိုလ်ချုပ်က လုံးဝလှည့်မကြည့် ဆက်၍လျှောက်သွားနေပါသည်။

'နေစမ်းပါဦး .. မောင်တို့ဆရာတပည့် ဘယ်လိုဖြစ်လာတာလဲ။ လမ်းမပေါ် ခြေကျင်လျှောက်ရသလား ..... မော်တော်ကားရောကွဲ့'

ဦးအုန်းမောင်က မေးသဖြင့် ကျွန်တော်လည်း ....

'ဖြစ်မှဖြစ်ရလေ မောင်ရင်ရယ် ..... ကားပျက်ရင်လည်း တစ်ယောက်ယောက်ဆီက ကာတစ်စီးခဏတောင်းပြီးစီးသွားရောပေါ့။ မောင်ရင့်ဆရာ ဗိုလ်ချုပ်လိုပုဂ္ဂိုလ်က လမ်းဘေးပလက်ဖောင်းမှာ ခြေကျင်လျှောက်နေ ရတာ မသင့်ပါဘူး'

**'ကျွန်တော်လည်း ဦးလေးပြောသလိုပဲ မော်တော်ကားတစ်စီး ဖုန်းဆက်တောင်းမလို့ပါ၊ ဒါပေမဲ့ ဗိုလ်ချုပ်က မတောင်းရဘူးတဲ့။ ဗိုလ်ချုပ်စီးဖို့ မော်တော်ကားကျည်းရတာကို အကြောင်းပြုပြီး နောက်ပိုင်းကျရင် မတရားအခွင့်အရေးတွေ တောင်းလာလိမ့်မယ်။ စီးပွားရေးသမားတွေဟာ အဲဒီလို လုပ်တတ်တယ်လို့ဆိုပြီး အတွင်းဝန်ရုံရောက်အောင် ခြေကျင်လျှောက်ကြမယ်လို့ ပြောပါတယ်'**

ကျွန်တော်ရှင်းပြသည်ကို လန်ဒန်အတ်ဦးအုန်းမောင်သည် နားလည်သဘောပေါက်ဟန်ဖြင့် ပြုံးပြီးခေါင်းညိတ်လိုက်ပါသည်။

'အေးပါ .... ဗိုလ်ချုပ်ပြောတာ ဦးသဘောပေါက်ပါတယ်။ ကိုင်း .... မောင်ရင်ဆရာဆီ ခပ်မြန်မြန်ပြေးလိုက်ပြီးပြောစမ်းပါ....လန်ဒန်အတ် ဦးအုန်းမောင်က မြို့ထဲကအလုပ်တိုက်သွားရင်း လမ်းကြုံလို့ ဗိုလ်ချုပ်ကို အတွင်းဝန်ရုံး ပို့ပေးပါရစေလို့၊ ကျုပ်က ရုပ်ရှင်သမားမို့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေလို ဘာအခွင့်အရေးမှ မတောင်းပါဘူး။ ဗိုလ်ချုပ်လို နိုင်ငံ့ခေါင်းဆောင်တစ်ဦးက လမ်းမပေါ်ခြေကျင်လျှောက်နေတာလည်း ကြည့်မကောင်းပါဘူး။ ဒါကြောင့် ကျုပ်ကားကလေးနဲ့ဗိုလ်ချုပ်ကိုရုံးအရောက်ပို့ပေးပါရစေလို့ သွားပြောစမ်းပါကွယ်'

ဦးအုန်းမောင်၏စကားအဆုံးတွင် ကျွန်တော်လည်း ကပ္ပာကယာဗိုလ်ချုပ်ဆီသို့ ပြေးလိုက်ပြီး သူ၏လက်မောင်းတစ်ဖက်ကို အသာဆွဲလိုက်ပါသည်။

'ဟော့ကောင်ဘာလုပ်တာလဲကွ'

ဗိုလ်ချုပ်က စိတ်တိုဟန်ဖြင့် ငေါက်သဖြင့် ကျွန်တော်က ဦးအုန်းမောင်၏ မော်တော်ကားရပ်ထားရာကို ညွှန်ပြရင်း ရှင်းပြလိုက်ရပါသည်။

'ဗိုလ်ချုပ် .. ဟိုကားပေါ်က ပုဂ္ဂိုလ်ကြီးကို သိတယ်မဟုတ်လား။ ဆရာဒီးဒုတ်ဦးဘချို့ရဲ့ မိတ်ဆွေကြီး လန်ဒန်အတ်ဦးအုန်းမောင်ပါ... သူက ဆူးလေဘုရားလမ်းက သူ့ရဲ့အလုပ်တိုက်ကိုသွားရင်း လမ်းကြုံလို့ ဗိုလ်ချုပ်ကို အတွင်းဝန်ရုံးရောက်အောင်ပို့ ပေးပါရစေလို့ ပြောပါတယ်။ ပြီးတော့ သူဟာရုပ်ရှင်သမားဗို့ စီးပွားရေးသမားကုန်သည်ကြီးတွေလို ဘာအခွင့်အရေးမှ မတောင်းပါဘူးလို့လည်း ပြောပါတယ်။ နောက်တစ်ခုက စစ်ကြိုခေတ်က ဗိုလ်ချုပ်တို့ရဲ့ တို့ဗမာအစည်းအရုံးကို လျှို့ဝှက်ကူညီထောက်ပံ့ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်။ သူက ကားရပ်ပြီးခေါ်တာကို ငြင်းရင် အားနာစရာကောင်းပါတယ် ဗိုလ်ချုပ်'

ကျွန်တော်၏ စကားသံအဆုံးတွင် ဗိုလ်ချုပ်သည် လန်ဒန်အတ် ဦးအုန်းမောင်ဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

ဦးအုန်းမောင်သည် ဆရာဦးဘချိုနှင့်ခင်မင်ရင်းနှီးနေသော မိတ်ဆွေဖြစ်သည့်အပြင် ဦးဘချိုကဲ့သို့ပင် ဆံပင်ရှည်ဘွျောင်ထုံးနှင့် တဘက်ခေါင်းပေါင်း ပေါင်းထားသဖြင့် မြန်မာလူကြီးတစ်ဦးပီသစွာ ခန့်ညားကာဥပဓိရုပ်အလွန်ကောင်းသူလည်းဖြစ်ပါသည်။

ဗိုလ်ချုပ်သည် ဦးအုန်းမောင်ကိုကြည့်ပြီး အားနာသွားဟန်ဖြင့် ကြိမ်မောင်းဆူပူခြင်းမပြုဘဲ အော်စတင်ကားလေးရပ်ထားရာသို့ လျှောက်သွားကာ ဦးအုန်းမောင်အား ပြုံး၍ နှုတ်ဆက်ပါသည်။ သို့နှင့်ပင် ကျွန်တော်တို့ဆရာတပည့်နှစ်ဦးသည် လန်ဒန်အတ် ဦးအုန်း မောင်၏ ကားကြုံစီး၍ အတွင်းဝန်ရုံးသို့လိုက်ပါသွားခဲ့ပါသည်။

ဗိုလ်ချုပ်သည် ဦးအုန်းမောင်အား မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် လေးစား၍တစ်ကြောင်း၊ ဝိသမလောဘသား စီးပွားရေးသမားမဟုတ်သဖြင့် အခွင့်အရေးမတောင်းပါဟု ဆိုခြင်းကို ယုံကြည်၍တစ်ကြောင်း ကားကြုံလိုက်စီး ခဲ့ခြင်းပင်ဖြစ်ပါသတည်း။ (ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲဖြစ်ခဲ့သူ တက္ကသိုလ်နေဝင်း ရေးသားခဲ့သော ဆောင်းပါးအား ပြန်လည်ဖော်ပြပါသည်)

-(၈-၂-၂၀၁၄) **Daily Eleven** အထွေအထွေပိုင်း

# မီဒီယာဖော်ပြချက်များကို တုံ့ပြန်ရာတွင်

## မင်္ဂလာတရားနှင့်ညီသောသမ္မတကြီးတစ်ဦး

မီဒီယာမှာ ဝေဖန်ခံရတဲ့အခါ၌ဖြစ်စေ၊ အတင်းပြောခံခဲ့ရတဲ့အခါ၌ဖြစ်စေ ဒေါသထွက်တက်တာဟာ ပုထုဇဉ်သဘာဝပါ။

ထိုအခါ ယနေ့လူငယ်တွေ အသက်(၅၀)၊ (၆၀)လောက်ရောက်တဲ့အခါ ဒေါသကြောင့် နှလုံးသွေးကြောကျဉ်းနိုင်စရာ အခွင့်အလမ်းတော့လည်းရှိပါတယ်။

ယနေ့ခေတ် အခါသမယကတော့ ဂျာနယ်စာမျက်နှာပေါ်မှာ ဝိုဝို၌ လွတ်လပ်စွာ ရေးနိုင်တာမျိုးရှိလာပါတယ်။ ထိုအခါ စာရေးဆရာအချို့က ကြိတ်မှိတ်မျိုသိပ်ခဲ့ရတာတွေရှိခဲ့လို့ ယခုအခါ ပွင့်အန်ပါပြီ။ ကလောင်ချက်ပြင်းပြင်း ရေးကြတာတွေရှိပါတယ်။ ကလောင်ချက်ပြင်းပြင်းရေးတဲ့ စာရေးဆရာကြီး တစ်ဦးကို ဥပမာပြုရရင် ဆရာကြီးလူထုစိန်ဝင်းဖြစ်ပြီး၊ ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာရေးသူတစ်ဦးကို ဥပမာပြုရရင် စာရေးဆရာကြီး လူထုဦးလှ ဖြစ်ပါတယ်။ ရေးဟန်အမျိုးမျိုးဖြစ်ပြီး ဒီလိုမရေးရဘူး။ ဟိုလိုရေးရမယ်ဆိုပြီးတော့ ဆရာမလုပ်လိုပါ။

ရေးနည်းရေးဟန် အမျိုးမျိုးတွင် အားနည်းချက်၊ အားသာချက် ကိုယ်စီ ရှိပါတယ်။ သို့သော် တည့်တည့်ကြီး ပွင့်ပွင့်လင်းလင်း ရေးလိုက်သည့်အခါ ဝေဖန်ခံရသူက ရှုံးရှုံးရှဲရှဲဖြစ်သွားတတ်ပြီး အဆင်မသင့်ရင် အသရေဖျက်မှုတို့ ဘာတို့ တွေဖြစ်ကုန်ကြပါတော့တယ်။ ဒီတော့ ရေးသူဘက်ကလည်း အချို့ကတော့ အမှုဖြစ်မှသာဖြစ်ကရော ပြောစရာရှိတာတော့ ပြောရမှာပဲ။ ရေးစရာရှိတာတော့ ရေးရမှာပဲဆိုပြီး ဆက်လက်ရေးသားကြတာရှိသလို တချို့ကတော့ မရေးကြ တော့တဲ့ ကိုယ်ရှိန်သတ်လိုက်တာမျိုး ရှိပါတယ်။ ဒီတော့ **"မိမိရဲ့အားနည်းချက်ကို ထောက်ပြသူသည် မိမိအားရွှေအိုးကြီးများပေးသည်နှင့်တူ၏"** လို့ ဆရာတော် တစ်ပါးက ဆိုတဲ့အတွက် ထောက်ပြစရာရှိတာတွေ မထောက်ပြဘူးဆိုရင် ရွှေအိုးကြီးတွေ မရတော့သလို ဖြစ်သွားနိုင်ပါတယ်။

တကယ်တော့ ဝေဖန်မှုတွေကို ခွဲခြမ်းစိတ်ဖြာခြင်း ANALYSIS လုပ်ရင် အောက်ပါအတိုင်း သုံးမျိုးတွေ့နိုင်ပါတယ်။

(၁) စေတနာဖြင့် ထောက်ပြခြင်း (Fees back)

(၂) အမုန်းစကား(သို့မဟုတ်) တွယ်ခြင်း (ITATE SPEECH)

(၃) မိမိကိုယ်ကို ခုခံကာကွယ်ရခြင်း (SELF DEFENCE) တို့ဖြစ်ပါတယ်။

မိမိကိုယ်ကို ခုခံကာကွယ်ရခြင်းဆိုတာကို ဥပမာပြုရရင်တော့ ဒီလိုပါ။ တခါတုန်းက အာဖရိကန်နိုင်ငံတစ်ခုမှာ INGO စီမံကိန်းရုံးတစ်ရုံး ရှိပါတယ်။ အဲဒီမှာ စီမံကိန်းတာဝန်ခံအရာရှိ မစ္စတာ DAS ဆိုတာ ရုံးအကြီးအကဲဖြစ်ပြီး သူဟာ အသက်(၄၀) အရွယ်မုဆိုးဖိုတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ဇနီးကတော့ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ကွယ်လွန်သွားခဲ့ပြီး ယခုအခါ အသက်ဆယ်နှစ်အရွယ်ကိုယ်စီရှိတဲ့ အမြွှာသား(၂)ယောက်ကျန်ခဲ့ပါတယ်။ သား(၂)ယောက်ကတော့ အလယ်တန်းကျောင်းမှာ ကျောင်းတက်နေပြီး မစ္စတာDAS တာဝန်ကျရာမြို့မှာ လိုက်မနေဘဲ သူတို့ရဲ့ ဇာတိမြို့မှာ သူတို့ဘိုးဘိုးဘွားဘွားတွေနဲ့အတူ နေထိုင်လျက်ရှိပါတယ်။ ဒီတော့ မစ္စတာDAS ရဲ့လက်အောက်မှာ အလုပ်မှုထမ်းတဲ့ မူမူကူးဆိုတဲ့ အသက်(၃၀)အရွယ် စာရေးမလေးဟာ မစ္စတာDASကို တဘက်သတ် တိမ်းညွတ်လျက်ရှိပြီး DAS ကို ရေလာမြောင်းပေးအပြုအမူလေးတွေ ပြုလုပ်လေ့ရှိပါတယ်။ ဥပမာ မစ္စတာ DAS က အာဖရိကန်မြို့တော်ကြီးမှာ အင်တာနေရှင်နယ် ဆီမီနာသွားတက်ရတဲ့အခါ မူမူကူးက မသွားခင် ဘယ်လိုပြောလဲဆိုတော့-

"ဆရာ .. နိုင်ရိုဘီမြို့တော်ရောက်ရင် အဲဒီမြို့က ကုန်တိုက်ကြီးတွေမှာ ရောင်းတဲ့ ချောကလက်တွေဝယ်ခဲ့ပါ"လို့ မှာလိုက်ပါတယ်။ သို့သော် မစ္စတာDAS က အလုပ်များပြီး မေ့သွားလို့ ဝယ်မလာခဲ့လို့နှုတ်ခမ်းရှုံ့ပြလိုက်ပါတယ်။ တစ်ရက်ကျတော့ မူမူကူးက သူတို့ရဲ့ခြံထွက် ဆီးသီးတစ်ထုပ် မစ္စတာDAS စားဖို့လက်ဆောင်ယူလာလို့ မစ္စတာDAS က စားလိုက်ပါတယ်။ ဒီလိုနဲ့ နောက်တစ်ခါ နိုင်ရိုဘီမြို့ကိုသွားတော့ မူမူကူးက ချောကလက်ထပ်မှာလို့ ဒီတစ်ခါတော့ဝယ်ခဲ့ရပါတယ်။ သူက ဆီးသီးလက်ဆောင်ပေးတော့ မိမိက ချောကလက်လက်ဆောင်ပြန်ပေးတဲ့ ယဉ်ကျေးမှုသဘောမျိုး။ ဒီထက်ဘာမှပိုပြီးရင်းနှီးတာမျိုးမရှိပါဘူး။ မစ္စတာDAS က မူမူကူးကို ရည်းစားစာလည်း မပေးဖူးသလို ချစ်ရေးလည်း မဆိုဖူးပါ။

ထို့ပြင် ထိပ်ပုတ်၊ ခေါင်းပုတ်၊ ပခုံးပုတ်လည်း မလုပ်ဖူးပါ။ ဒီလိုနဲ့ လအနည်းငယ်ကြာတော့ မစ္စတာDAS ဟာ ချောမောလှပတဲ့ မိုးနမ်(MN)ဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်လိုက်တော့ မူမူကူးဟာ ဆွေ့ဆွေ့ခုန်သွားပါတော့တယ်။ မူမူကူးနဲ့ မိုးနမ်တို့ဟာ တစ်မြို့တည်းသားတွေဆိုတော့ အစကတည်းက

သိပေါင်းသိကျွမ်းတွေပါ။ ဒီတော့ မူမူကူးက မိုးနမ်ကို ဘယ်လို ပြောလဲဆိုတော့ "**ဖို့သူငယ်ချင်းလေး သနားပါတယ်။ DAS က ဖို့ကိုချစ်နေတာ။ ဖို့ကိုမရလို့ ရှုပြီး နင့်ကိုယူတာ။ နင်က မချစ်ဘဲနဲ့ အယူခံလိုက်ရတာ**"လို့ဆိုပါတယ်။ ဒါပြင် မူမူကူးရဲ့မိခင် မာမီကူးကလည်း မိုးနမ်ကို ပြောပုံကတော့ "**ဟဲ့မိုးနမ်ရဲ့ ...... ဒီလိုမျိုးအသက်ကြီးကြီး သေခါနီး မုဆိုးဖို၊ ကလေး(၂)ယောက်အဖေကြီးကို ဖို့သမီးမလိုချင်လို့ ညီးရတာပါအေ**"လို့ ပြောလိုက်တော့ မိုးနမ်လန့်သွားတယ်။ လန့်သွားပုံကဒီလိုပါ။ "ဘုရား၊ ဘုရား DASနဲ့ မူမူကူးနဲ့က ဘာတွေဖြစ်ခဲ့ကြတာလဲ။ သူတို့က ချစ်သူတွေလား။ DASက မူမူကူးကို စားပြီးနားမလည် လုပ်ခဲ့တာလား"စသဖြင့် မသင်္ကာစရာတွေဖြစ်ကုန်ပြီး မိမိရဲ့လင် DAS ကို "**ရှင်တို့ဘာတွေဖြစ်ခဲ့ကြလဲ**"ဆိုပြီး ပုလိပ်စစ် စစ်ပါတော့တယ်။

**တကယ်ဆိုရင် သူ့သမီးမလိုချင်လို့**ဆိုတော့ DASက မစင်ပုံကြီးနဲ့ **တူတယ်။ မစင်ကို စားလိုက်တဲ့ခွေးမလေးနဲ့တူတဲ့ မိုးနမ်ကို ကျေးဇူးတင်ရမယ့်အစား** ရန်သူလိုဆက်ဆံတော့ လင်လုဘက်သဘောမျိုးဖြစ်နေတာကို သူတို့သတိ မထားမိဘူး။ ဒီတော့ DASကလည်း မိမိတို့ဘာမှမဖြစ်ခဲ့ကြောင်း ဇနီးသည် မိုးနမ်ကိုရှင်းပြရပါသည်။ မူမူကူးက DASက သူ့ကို ကြိုက်ခဲ့ကြောင်း စွပ်စွဲတာ ဘာကြောင့်လဲဆိုတော့ နိုင်ငံရိုဘီမြို့တော်က ကုလားအုပ်သားခြောက်ဆီဆမ်းနဲ့ ချောကလက်ဝယ်ကျွေးလို့ဟုဆိုပါတယ်။ ဒီတော့ DAS က ခုခံရတာက ကြိုက်လို့ဝယ်ကျွေးတာ မဟုတ်ဘူး။ သူမက စပြီး ဆီးသီးလက်ဆောင်ပေးလို့ မိမိက လူမှုရေးအရ တုံ့ပြန်ရတာလို့ပြောလို့ မိုးနမ်က '**ကြော် လက်စသတ်တော့ သူမက ရေလာမြောင်းပေးလုပ်ခဲ့တာကိုး**'ဆိုပြီး မှတ်ချက်ပြုပါတယ်။ မူမူကူးက ဆီးသီးလက်ဆောင်ပေးတာ ဖော်ကောင်လုပ်ရမလားဆိုပြီး မိခင်မာမီကူးက စိတ်ဆိုးတယ်လို့ဆိုပါတယ်။ တကယ်တော့ ဒီကိစ္စကို ဖော်ပြရတာကတော့ SELF DEFENSE ခေါ် မိမိကိုယ်ကိုခုခံကာကွယ်မှုပါ။ သူတို့က DASကို တစ်ဖက်သက်စွပ်စွဲနေတော့ DASက ခုခံရတာပါ။(SELF DEFENSE) ဖြစ်ဖြစ် (HATE SPEECH) ဖြစ်ဖြစ် (FEED BACK) ဖြစ်ဖြစ် အဲဒါတွေကို ခွဲခြမ်းစိတ်ဖြာရင် ချီးမွမ်းခြင်းနဲ့ ကဲ့ရဲ့ခြင်းဆိုပြီး (၂)မျိုးရပါတယ်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ဟာ လောကဓံတရားရှစ်ပါးမှာ ပါဝင်တယ်။ လောကဓံနဲ့ရင်ဆိုင်ရတဲ့ အခါမတုန်လှုပ်ခြင်းသည် မင်္ဂလာဖြစ်တယ်လို့(၃၈)ဖြာ မင်္ဂလာမှာ ဘုရားဟော ရှိပါတယ်။ DAS က မိမိကို စွပ်စွဲမှုတွေကို မတုန်လှုပ်လို့ မင်္ဂလာတရားနဲ့ ပြည့်စုံခဲ့တယ်။

တစ်ခါက အမေရိကန်မှာ သမ္မတကြီးဘီလ်ကလင်တန်ဟာ အိမ်ဖြူတော် တာရေးမလေး မော်နီကာလူဝင်းစကီးနဲ့ ရည်းစားထားတဲ့ကိစ္စ လူမိသွားပြီး မီဒီယာတွေက အပုပ်ရနံ့ကို လှိုင်လှိုင်လွှင့်ထုတ်ပေးပါတယ်။ အဲဒီအချိန်မှာ အမေရိကန်မှာ ကုလသမဂ္ဂအထွေထွေညီလာခံကြီးကျင်းပချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ ဒီတော့ အထွေထွေညီလာခံတက်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၉ နိုင်ငံက ရှင်ဘုရင်၊ အိမ်ရှေ့မင်းသား၊ သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတွေ အမေရိကန်ကို ရောက်လာတော့ သမ္မတကလင်တန်က သူတို့ကို အထွေထွေညီလာခံမှာ မိန့်ခွန်းပြောပါတယ်။ ဘီလ်ကလင်တန်က သူ့ရဲ့အပုပ်နံ့ကြောင့် ရှက်ကိုးရှက်ကန်းဖြစ်မနေဘဲ မှင်သေသေနဲ့ မိန့်ခွန်းပြောပါတယ်။ အမေရိကန် ရုပ်သံလိုင်းတချို့ ကလင်တန်မိန့်ခွန်းပြောပုံကို လွှင့်တဲ့အချိန် တစ်ပြိုင်နက်မှာပဲ သမ္မတရဲ့အပုပ်နံ့ကို လွှင့်ရာ ပြည်သူတွေပြိုင်တူကြည့်နိုင်ပါတယ်။

**သမ္မတကြီးက လောကဓံကို မတုန် လှုပ်ပါဘူး။ နည်းလမ်းမှန်စွာ ရင်ဆိုင်ခြင်းကို စီမံခန့်ခွဲခြင်း (Management) လို့ ပညာရှင် ဂျက်ဝဲလ်(ချ်)က ဆိုပါတယ်။ သမ္မတကြီးက မီဒီယာတွေရဲ့ဖော်ပြချက်တွေကို (၃၈)ဖြာ မင်္ဂလာတရားတော်ပါ လောကဓံကို မတုန်လှုပ်ခြင်းဆိုတဲ့ မင်္ဂလာနဲ့ ရင်ဆိုင်လိုက်တယ်။ တစ်နည်းအားဖြင့် သူ့ရဲ့စီမံခန့်ခွဲမှုဟာ မင်္ဂလာတရားနဲ့ ညီတယ်လို့ဆိုချင်ပါကြောင်း။**

*-ဒေါက်တာထွန်းဝင်း၊ (၆-၂-၂၀၁၅) Hot News စာ-၁၂။*

## စကားလေးတစ်ခွန်း

"စကားလေးတစ်ခွန်း"ကြောင့်
**ဘဝခရီးလမ်းဖြောင့်တန်းပြီး**
**ပန်းတိုင်ရောက်သွားသည်လည်း ရှိ၏။**
"စကားလေးတစ်ခွန်း"ကြောင့်
**ဘဝခရီးလမ်း တိမ်းစောင်းသွားပြီး**
**ပန်းတိုင်ပျောက်သွားသည်လည်း ရှိ၏။**
စကားလေးတစ်ခွန်း၏ စွမ်းအားက ကြီးမားလှပါ၏။
သို့ဖြစ်၍ ဆင်ဆင်ခြင်ခြင်ပြောရန် လိုအပ်လှပေသည်။



*-သာမဏေကျော်ဆရာတော်။*


မှတ်ချက်။
11.2014



## ဒုတိယအကြိမ်

# မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံမှသည်

ဆောင်းအကုန် နွေအကူး လေရူးဆော်သွေးသည့် တပေါင်းလအခါသမယ ...။ ပေါက်ပင်၊ လက်ပံပင်တို့တွင် နီစွေးစွေးအပွင့်တို့သည် နွေသင်တိုင်း ပင်လုံးလွှမ်းခြုံလျက် .....။

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ကျောထောက်နောက်ခံ မတူကွဲပြားသော၊ အရောင်အသွေးစုံလင်လှစွာသော စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူးအပေါင်းတို့သည် ရန်ကုန်မြို့မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဒုတိယအကြိမ "ပေါင်းစည်းတွေ့ဆုံခဲ့ကြသည်။ စာဖတ်သူနည်းပါးလာသော ၂၁ ရာစုဒိုင်တီခေတ်တွင် စာကြည့်တိုက်များစွာတို့သည် စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။

ယင်းကဲ့သို့သော အခက်အခဲမျိုးစုံကို ပူးပေါင်းအဖြေရှာ ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးပေါင်း ၄၀၀ နီးပါးကို ဖိတ်ကြား၍ ဒုတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံကို လွန်ခဲ့သည့် မတ် ၁ရက်နှင့်၂ရက်တို့တွင် ကျင်းပခဲ့သည်။ နိုင်ငံတကာအတွေ့အကြုံရှိ စာကြည့်တိုက်ပညာရှင်များသည် ၂၁ရာစုဒိုင်တီနည်းပညာများ၊ တီထွင်ဆန်းသစ်မှုများကို နိုင်ငံတကာနှင့်ယှဉ်ကာ အသိပညာဗဟုသုတမီးမောင်းထိုးပြသည့် စာတမ်းများဖတ်ကြားရှင်းလင်းပေးကြပါသည်။

မတ် ၁ ရက်တွင် ဒေါက်တာသန့်သော်ကောင်းက **'စာကြည့်တိုက်များဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ကူညီမှုများ'** **စာတမ်း**ကိုလည်းကောင်း၊ ဆရာဦးရဲထက်ဦးက **'စာကြည့်တိုက်များတွင် စာဖတ်သူများ တိုးပွားလာရေး' စာတမ်း**ကိုလည်းကောင်း၊ မတ်၂ရက်တွင် ဆရာမဒေါ်မြတ်စန်းငြိမ်းက **'၂၁ရာစုတွင် အရေးပါလာသော စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ'** **စာတမ်း**ကိုလည်းကောင်း၊ ဆရာမဒေါ်အဝင်းက **'စာကြည့်တိုက်များ စဉ်ဆက်မပြတ်တိုးတက်ရှင်သန်မှု'** **စာတမ်း**ကိုလည်းကောင်း အသီးသီး ဖတ်ကြားရှင်းလင်းခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ညီလာခံတွင် ပထမအကြိမ်ကဲ့သို့ပင် နာမည်ဆွဲပြားကြိုး အရောင်လိုက် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်၊ လိမ္မော်ရောင် အုပ်စုလေးစုခွဲကာ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ တက်ရောက်လာသော ကျေးလက်စာကြည့်တိုက်မှူး များ၊ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်မှူးများ၊ အမျိုးသားယဉ်ကျေးမှုစာကြည့် တိုက်၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ စာကြည့်တိုက်မှူးများ၊ ပြည်သူ့ စာကြည့်တိုက်မှူးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့် တိုက်မှူးများသည် ကိုယ့်အစုအဖွဲ့နှင့်ကိုယ် အမြင်ချင်း၊ သုတချင်း၊ အခက်အခဲ ချင်း၊ ပြဿနာချင်း ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

နယ်မြေမအေးချမ်းသည့် ဒေသများ၏ လုံခြုံရေးအခက်အခဲ၊ တိုင်းရင်း သားဒေသများ၏ ဘာသာစကားအခက်အခဲ၊ စာအုပ်စာပေအသစ်များ ရရှိမှု အခက်အခဲ၊ ကလေးစာပေစာအုပ်စာတမ်းများရရှိမှု အခက်အခဲ၊ အဆောက်အအုံ လုံခြုံမှု အခက်အခဲ၊ မြေနေရာရရှိမှု အခက်အခဲစသည့် အခက်အခဲပေါင်းများစွာကို ချပြ၊ ပြောပြ၊ တိုင်ပင်နှီးနှောဖလှယ်ခဲ့ကြသည်။ အစုအဖွဲ့ခေါင်းဆောင် ဆရာ၊ ဆရာမများက မှတ်တမ်းယူကာ အားတက်သရော ဆွေးနွေးကြသည်။

ပြည်သူ့စာကြည့်တိုက်များနှင့် ကျေးလက်စာကြည့်တိုက်များတွင် စာကြည့် တိုက်မှူး လူမပြည့်သည့် အခက်အခဲ၊ လစာမရရှိသဖြင့် အမြဲမလုပ်နိုင်သည့် အခက်အခဲ၊ ကျေးလက်စာကြည့်တိုက်များတွင် စာကြည့်တိုက်ကော်မတီအဖွဲ့၏ စာကြည့်တိုက်နှင့် စာကြည့်တိုက်ကော်မတီအပေါ်တာဝန်ယူမှုနည်းပါးခြင်း တို့ကိုလည်း နေရာဒေသ အတော်များများတွင် ကြုံတွေ့နေရသည်။

စိတ်တူကိုယ်တူ လူငယ်လူရွယ်များ စုပေါင်းဖွဲ့စည်းတည်ထောင်ထား သော အောင်လံမြို့နယ်မှ စာကြည့်တိုက်၊ အင်္ဂပူမြို့နယ်အတွင်းမှ ကျေးလက် စာကြည့်တိုက်၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ် စာပေချစ်မြတ်နိုးသူများ ဖွဲ့စည်းတည်ထောင်ထားသော "မြို့မစာကြည့်တိုက်"တို့၏ အောင်မြင်မှုများ ကိုလည်း အားရဖွယ်ကြားသိခဲ့ရပါသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပေါက်ခေါင်းမြို့မ စာကြည့်တိုက်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် စာပေချစ်မြတ်နိုးသူများက ပြန်လည်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ စာကြည့်တိုက်ကော်မတီကိုလည်း လူပုဂ္ဂိုလ် ၃၁ ဦးဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပူးပေါင်းပါဝင်ဆက်စပ်နိုင်သော ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများဖြစ်သော ပြန်ကြားရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ သစ်တောဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ စီးပွားရေးလုပ်ငန်းရှင် လူငယ်

လူရွယ်များ၊ အိုင်တီနည်းပညာရှင်လူငယ်များ၊ လူမှုအထောက်အကူပြု အဖွဲ့များနှင့် အဓိကဖြစ်သော မြို့နယ်စာရေးဆရာအသင်းနှင့်သတင်းထောက်အဖွဲ့များ ပူးပေါင်းပါဝင်သော အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ထည့်သွင်း ဖွဲ့စည်းထားခဲ့သည်။

စာကြည့်တိုက်မှူးရွေးချယ်ရာတွင် အမြဲတမ်းပုံသေထိုင်ပေးနိုင်သော စာကြည့်တိုက်မှူးကို ပညာရေးဌာန(အငြိမ်းစား) ပင်စင်စား၊ မြို့၏ရာဇဝင်သမိုင်း အကြောင်းကို ကောင်းစွာသိသူ ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ခန့်ထားပါသည်။ နေ့စဉ် စာကြည့်တိုက်မှူးနှင့်အတူ စာကြည့်တိုက်ကော်မတီဝင်သုံးဦး(အလှည့်ကျ)သည် စာကြည့်တိုက်၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ကာ တစ်လတစ်ကြိမ် ပုံမှန်အစည်းအဝေးထိုင်ပြီး ဖြေရှင်းဆောင်ရွက်ပေးပါသည်။ ရန်ပုံငွေတွင် စာကြည့်တိုက်ကော်မတီများ၏ စုပေါင်းထည့်ဝင်ငွေ၊ မြို့နယ်အတွင်း လိုက်လံ အလှူခံရရှိငွေ၊ စေတနာရှင်တို့ လှူဒါန်းငွေတို့ကို မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ငွေစုစာအုပ်ဖွင့်လှစ်ထားကာ လစဉ်အတိုးအညွန့်ထုတ်ပြီး စာအုပ်ဝယ်ခြင်း၊ စာကြည့်တိုက်မှူး လစာပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ကော်မတီစာရင်းစစ်သည် မြို့နယ်စာရင်းရုံးမှ အငြိမ်းစားယူထားသူဖြစ်ပါသည်။ လစဉ် ငွေအလှူရှင်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာအလှူရှင်များကို စာရင်းဇယားပြုစု၍ သေချာစွာ စိစစ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် နှစ်စဉ် ဒီဇင်ဘာ ၇ရက်ကျရောက်တိုင်း စာကြည့်တိုက် နှစ်ပတ်လည်ပွဲကို ကျင်းပကာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ နှစ်ပတ်လည်စာစီစာကုံးပြိုင်ပွဲ ဆုရသူများကို တလေးတစားဖိတ်ကြားခဲ့သည်။

စာစီစာကုံးပြိုင်ပွဲကိုလည်း မြို့နယ်အတွင်းရှိ အထက၊ အလကကျောင်း များနှင့်ပူးပေါင်းကာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ ဝါသနာရှင် အဆင့်ခွဲကာ ကျင်းပပြီးဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးပါသည်။

အထိမ်းအမှတ် နေ့ထူးနေ့မြတ်များတွင် "ရိုးမအလင်း"နံရံကပ်စာစောင် ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ ယာဉ်မတော် တဆမှုပပျောက်ရေး၊ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်ခင်စိတ်မြင့်မားရေး၊ စာဖတ်ရှိန် မြင့်မားရေးတို့အတွက် ရည်ရွယ်ချက်များထားကာ ကျင်းပပေးခဲ့ပါသဖြင့် ပေါက် ခေါင်းမြို့မ စာကြည့်တိုက်သည် ရှင်သန်အောင်မြင်သော ပြည်သူ့စာကြည့်တိုက် တစ်ခုဖြစ်ခဲ့သည်။

ထို့ပြင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စာကြည့်တိုက်တွင်လည်း ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ Shanti volunteer Association(SVA) နှင့်အတူ ကလေးစာဖတ်ခန်းကို ကူညီပံ့ပိုးပေးခဲ့ပါသည်။

ၵင်းမှလှူဒါန်းသော မိုဘိုင်းလ်ကားဖြင့် ကျေးလက်ဒေသ ကလေးများထံအရောက် စာအုပ်များလှူဒါန်းခြင်း၊ တစ်လလျှင် နှစ်ကြိမ် (Storytelling) ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ကမ္ဘာပေါ်တွင် လိုအပ်နေသော အထွေထွေသတင်းအချက်အလက်များကို ဖြန့်ဖြူးပေးနိုင်သူများသည် စာကြည့်တိုက်မှူးများပင် ဖြစ်ပါသည်။ အိုင်တီနည်းပညာရပ်များနှင့်လက်လှမ်းမီအောင်ကြိုးစားပြီး ရပ်ရွာအကျိုး၊ ပြည်သူ့အကျိုး၊ အနာဂတ်လူငယ်များအကျိုးကို သယ်ပိုးနိုင်ကြမည့်စာကြည့်တိုက်မှူးများစွာ လိုအပ်သည်။

သို့ဖြစ်ပေရာ ဒုတိယအကြိမ် စာကြည့်တိုက်မှူးများညီလာခံသည် စာဖတ်သူဦးရေတိုးပွားလာစေရေး၊ စာဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများပုံတို့ကို ကျောထောက်နောက်ခံမတူညီသော ဒေသအသီးသီး၊ လူမျိုးအသီးသီးမှ တက်ရောက်လာကြသော စာကြည့်တိုက်မှူးများ၏ နှီးနှောဖလှယ်ပွဲဖြစ်သောကြောင့် အမှန်တကယ်အဓိပ္ပာယ်ပြည့်ဝသော ညီလာခံတစ်ခုဖြစ်ပါကြောင်း တက်ရောက်လာသော နယ်ပယ်အသီးသီးမှ စာကြည့်တိုက်မှူးများကိုယ်စား ရေးသား ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

-မြူးနွယ်၊(၅-၃-၂၀၁၅) စံတော်ချိန် စာ-၅။

## သူ့အတွက် အချိန်ပေးပါ

တစ်စုံတစ်ဦးက သင့်ကိုလိုအပ်နေချိန်မှာသင့်ဘက်က "အချိန်မပေးနိုင်ဘူး" ဆိုတဲ့စကားကိုပြောဖို့ သိပ်ကိုလွယ်ကူပေမယ့် တစ်စုံတစ်ဦးကို သင်လိုအပ်လာတဲ့အခါသူပြောလာတဲ့ "အချိန်မပေးနိုင်ဘူး" ဆိုတဲ့စကားဟာ သင့်အတွက်တော့ ကြားရတာ အလွန် နာကျင် ခါးသက်ဖွယ် ဖြစ်နေတတ်တယ်။

-အမည်မသိ။

# ကမ္ဘာပေါ်တွင် မုဒိမ်းအကျူးလွန်ဆုံး ဆယ်နိုင်ငံ

ကမ္ဘာပေါ်တွင် မုဒိမ်းမှုကျူးလွန်သူများ၏ ၆ ရာခိုင်နှုန်းသာ ဥပဒေအရ အရေးယူခံရသည်။ မုဒိမ်းမှုကျူးလွန်သူများအနက် ၂၃ ရာခိုင်နှုန်းသည် ရည်းစားဟောင်းများ၊ ခင်ပွန်းဟောင်းများဖြစ်ပြီး ၃ ရာခိုင်နှုန်းမှာ မုဒိမ်းကျင့်ခံရသူ၏ ဆွေးမျိုးသားချင်းထဲမှ ဖြစ်သည်။ ၃၈ ရာခိုင်နှုန်းသော မုဒိမ်းသမားများသည် အကျင့်ခံရသူတို့၏ မိတ်ဆွေသူငယ်ချင်းများဖြစ်ပြီး သူစိမ်းများက မုဒိမ်းကျင့်သူ ၃၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် မုဒိမ်းအကျင့်ခံရသူများအနက် ၄၄ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်အောက်များပြီး ၈၀ ရာခိုင်နှုန်းသည် အသက် ၃၀ အောက်ဖြစ်သည်။ ထို့ကြောင့် အသက် ၁၈ နှစ်နှင့် ၃၄ နှစ်ကြားသည် မုဒိမ်းအကျင့်ခံရဆုံးသော အသက်ဖြစ်နေသည်။

## ၁။ အမေရိကန်

မဟာအင်အားကြီးနိုင်ငံဟု ခံယူထားသော အမေရိကန်သည် မုဒိမ်းမှု အကျူးလွန်ဆုံး ကမ္ဘာ့ဆယ်နိုင်ငံစာရင်းတွင် ပထမဖွဲ့ခဲ့သည်။ ဖြစ်မှုကျူးလွန်သော မုဒိမ်းသမား ၉၉ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်သည်။ မုဒိမ်းကျင့်ခံရသူများ၏ ၉၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၉ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြောင်း အမေရိကန်တရားရေးဌာနက ထုတ်ပြန်ထားသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေး၊ နိုင်ငံလုံးဆိုင်ရာစစ်တမ်းအရ အမျိုးသမီး ၆ ဦးတွင် တစ်ဦးနှင့် အမျိုးသား ၃၃ ဦးတွင် တစ်ဦးသည် မုဒိမ်းကျင့်ခံရခြင်း သို့မဟုတ် မုဒိမ်းကျင့်ရန် ကြံစည်ခံရခြင်းကို ဘဝတွင် တွေ့ကြုံနေရသည်ဟု သိရသည်။ အမေရိကန်တက္ကသိုလ်ကျောင်းသူ လေးပုံတစ်ပုံက သူတို့သည် အသက် ၁၄ နှစ်မှစပြီး မုဒိမ်းအကျင့်ခံရခြင်း၊ သို့မဟုတ် မုဒိမ်းကျင့်ရန် ကြံစည်ခံရခြင်းများ ရှိသည်ဟု ဖြေကြသည်။ ထိုအထဲမှ ၁၆ ရာခိုင်နှုန်းသာ အမှုဖွင့်တိုင်ဟန်းကြသည်။ အမေရိကန်တွင် အိမ်တွင်းဖြစ်ပွားသော မုဒိမ်းမှုသည် ပြင်ပတွင်ဖြစ်သော မုဒိမ်းမှုထက် အဆများစွာရှိကြောင်း သိရသည်။

## ၂။ တောင်အာဖရိက

၂၀၁၂ ခုနှစ်က မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှု ၆၅၀၀၀ မှု တိုင်တန်းခဲ့သည်။ တောင်အာဖရိကနိုင်ငံ၏ မြို့တော်ကို ကမ္ဘာ့မုဒိမ်းမြို့တော်ဟုပင် လှောင်ပြောင်ခေါ်ကြသည်။ သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှုအဖွဲ့က

အမျိုးသမီးလေးထောင်ကို မေးမြန်းခဲ့ရာ အမျိုးသမီးသုံးဦးတွင် တစ်ဦးက လွန်ခဲ့သည့်နှစ်က သူမမုဒိမ်းအကျင့်ခံရသည်ဟု ဖြေခဲ့သည်။ အလားတူ အရွယ်ရောက်ပြီးသော တောင်အာဖရိကနိုင်ငံသား ၂၅ ရာခိုင်နှုန်းကို ဆေးသုတေသနကောင်စီက မေးမြန်းခဲ့ရာ တစ်ဝက်ကျော်က သူတို့သည် တစ်ဦးထက်မကကို မုဒိမ်းကျင့်ဖူးသည်ဟု ဖြေကြသည်။ မုဒိမ်းကျင့်ဖူးသည်ဟုဖြေသူ အမျိုးသားလေးဦးတွင် သုံးဦးက သူတို့သည် ဆယ်ကျော်သက်ဘဝတွင် သူတစ်ပါးကို စတင်မုဒိမ်းကျင့်ဖူးကြောင်း ဖြေခဲ့သည်။ ထို့အပြင် တောင်အာဖရိကသည် ကမ္ဘာပေါ်တွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအပေါ် မုဒိမ်းအကျူးလွန်ဆုံးနိုင်ငံဖြစ်ပြီး မုဒိမ်းမှုအတွက် ထောင်ဒဏ်မှာ ၂ နှစ်သာ ဖြစ်သည်။

## ၃။ ဆွီဒင်

ဥရောပတွင် မုဒိမ်းမှုအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာတွင် တတိယလိုက်သည်။ ဆွီဒင်တွင် အမျိုးသမီး လေးဦးတိုင်းတွင် တစ်ဦးမှာ မုဒိမ်းမှု၏သားကောင်ဖြစ်နေသည်။ လူဦးရေနှင့်အချိုးချလျှင် ၂၀၁၀ခုနှစ်တွင် လူတစ်သိန်း၌ မုဒိမ်းမှု ၆၃ မှုဖြစ်ခဲ့သည်။ ၂၀၀၉ ခုနှစ်က တိုင်ကြားသော မုဒိမ်းမှုပေါင်း ၁၅၇၀၀ ရှိသည်ဟု ရဲမှတ်တမ်းများက ဆိုသည်။ ၂၀၀၈ နှစ်ယှဉ်က ၂၀၀၉ ခုနှစ်တွင် မုဒိမ်းမှု ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ၂၀၀၈ ခုနှစ်က မုဒိမ်းမှု ၅၉၄၀ မှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှု ၇၅၉၀ မှု တိုင်ကြားခဲ့သည်။ ၂၀၀၉ ခုနှစ် ပြေလတွင် မုဒိမ်းမှုဖြစ်ပွားနှုန်းမှာ လွန်ခဲ့သော ဆယ်နှစ်ကထက် ၅၈ ရာခိုင်နှုန်းပိုများခဲ့သည်။

## ၄။ အိန္ဒိယ

မုဒိမ်းမှုသည် အိန္ဒိယတွင် ရုတ်ချည်းမြင့်တက်လာနေသည်။ ထို့အပြင် မုဒိမ်းမှုသည် မိန်းမများအပေါ် ကျူးလွန်သော ပုံမှန်ရာဇဝတ်မှုဖြစ်နေသည်။ အိန္ဒိယမှုခင်းမှတ်တမ်းဗျူရို၏ စာရင်းအရ ၂၀၁၂ ခုနှစ်က အိန္ဒိယတွင် မုဒိမ်းမှု ၂၄၉၂၃ မှုတိုင်ကြားခဲ့သည်ဟု သိရသည်။ ကျွမ်းကျင်သူတို့ကမူ မတိုင်ကြားသော မုဒိမ်းမှုများမှာ ထိုထက်မကရှိလိမ့်မည်ဟု ယုံကြည်ကြသည်။ အမှုအားလုံး၏ ၉၈ ရာခိုင်နှုန်းမှာ သိသူများ၏ မုဒိမ်းကျင့်ခြင်းကိုခံရသည်။ အိန္ဒိယတွင် ၂၂ မိနစ်တိုင်း အမျိုးသမီးတစ်ဦးမှာ မုဒိမ်းကျင့်ခံနေရသည်။

## ၅။ ဗြိတိန်

ကမ္ဘာပေါ်မှ ခရီးသွားများသည် ဖွံ့ဖြိုးတိုးတက်သော ဥရောပနိုင်ငံတစ်ခုဖြစ်သည့် ဗြိတိန်ကို လာရောက်လည်ပတ်လျက် ရှိသည်။ သို့သော် ထိုသူများ မသိသည်မှာ ဗြိတိန်သည် မုဒိမ်းမှုထူပြောသော နိုင်ငံဆိုသည့်အချက်ဖြစ်သည်။

၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် တရားရေးဌာန၊ အမျိုးသားစာရင်းအင်းဌာနနှင့် ပြည်ထဲရေးဌာနတို့ ပထမဆုံးအကြိမ်အဖြစ် ဌာနသုံးခုပူးပေါင်းပြီး အင်္ဂလန်နှင့် ဝေလနယ်တွင် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုစစ်တမ်းကောက်ခဲ့သည်။ ထိုပြည်နယ် နှစ်ခုတွင် နှစ်စဉ် အမျိုးသမီး ၈၅၀၀၀ သည် မုဒိမ်းကျင့်ခံနေရကြောင်း ထိတ်လန့်ဖွယ်တွေ့ခဲ့ရသည်။ ထို့အပြင် အမျိုးသမီး လေးသိန်းကျော်သည် နှစ်စဉ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုခံနေရသည်။ အသက် ၁၆ နှစ်မှ ၅၉ ကြား အင်္ဂလန်သူ ငါးဦးလျှင် တစ်ဦးမှာ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုတွေ့ကြုံနေရသည်။

## ၆။ ဂျာမနီ

ဂျာမနီသည် တစ်နှစ်လျှင် ပျှမ်းမျှအမျိုးသမီး ၂၄၀၀၀၀ သည် ရာဇဝတ်မှုများကြောင့် အသက်သေဆုံးနေရသည်။ ၂၀၁၃ ခုနှစ်တွင် ဂျာမနီတွင် မုဒိမ်းအကျင့်ခံရသူ ၆၅၀၇၃၉၄ ဦးရှိခဲ့ရာ လွန်စွာများပြားသည့် ပမာဏဖြစ်နေသည်။ ဂျာမန် ကက်သလစ်ကျောင်းတော်က မုဒိမ်းအကျင့်ခံရသူများအတွက် ကိုယ်ဝန် တားဆေးသောက်ခွင့်ပင်ပြုထားရသည်။ နည်းပညာ တိုးတက်သလောက် လူလူချင်း စာနာထောက်ထားမှုတွင် အနုတ်လက္ခဏာဆောင်နေသည့် နိုင်ငံ ဖြစ်သည်။

## ၇။ ပြင်သစ်

၁၉၈၀ခုနှစ်အထိ မုဒိမ်းမှုသည် ပြင်သစ်တွင် ရာဇဝတ်မှုမဟုတ်ပေ။ အမျိုးသမီးအခွင့်အရေးနှင့်အမျိုးသမီးကာကွယ်ရေး ဥပဒေများသည် ယခုမှ ပြင်သစ်တွင် စတင်ခြင်းဖြစ်သည်။ ၁၉၈၀ ခုနှစ်မတိုင်မီက မုဒိမ်းမှုများကို ၁၉ ရာစုနှစ်က စီရင်ထုံးများဖြင့် စစ်ဆေးအရေးယူခဲ့သည်။ လိင်ပိုင်းဆိုင်ရာ စော်ကားမှုကိုကာကွယ်သည့် ဥပဒေကို ၁၉၉၂ ခုနှစ်တွင်မှ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင်မှ စိတ်ပိုင်းဆိုင်ရာထိခိုက်စေမှုကို ကာကွယ်သည့်ဥပဒေပြဋ္ဌာန်းခဲ့သည်။ ပြင်သစ်အစိုးရ၏စစ်တမ်းအရ ပြင်သစ်တွင် တစ်နှစ်လျှင် မုဒိမ်းမှု ၇၅၀၀၀ ဖြစ်ပွားနေသည်။ ထိုမုဒိမ်းကျင့်ခံရသူများ၏ ၁၀ ရာခိုင်နှုန်းကသာ ဥပဒေအရ အရေးယူပေးရန် တိုင်ကြားကြသည်။

## ၈။ ကနေဒါ

အမေရိကတိုက်တွင် အမေရိကန်၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး တစ်နိုင်ငံလုံးတွင် မုဒိမ်းမှုပေါင်း ၂၅၁၆၉၁၈ မှုတိုင်ကြားခဲ့သည်။ ထိုအရေအတွက်မှာ စုစုပေါင်း ဖြစ်ပွားခဲ့သည်။ မုဒိမ်းမှု၏ ၆ ရာခိုင်နှုန်းသာရှိသည်။ ကနေဒါတွင် အမျိုး သမီးသုံးဦးလျှင် တစ်ဦးမှာ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုခံရပြီး ထိုသူများထဲမှ ၆

ရာခိုင်နှုန်းကသာ ရဲကိုတိုင်ကြားကြသည်။ ဗြိတိသျှကိုလံဗီယာ တရားရေးဌာန၏ စစ်တမ်းအရ ကနေဒါသူ ၁၇ဦးတွင်တစ်ဦးမှာမုဒိမ်းကျင့်ခံရပြီးထိုမုဒိမ်းကျင့်ခံရသူ ၆၂ ရာခိုင်နှုန်းမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရရှိခံစားနေရကြောင်း၊ ၉ရာခိုင်နှုန်းမှာ ရိုက်နှက်နှိပ်စက်ပြီး မုဒိမ်းကျင့်ခံရကြောင်းသိရသည်။

## ၉။ သီရိလင်္ကာ

သီရိလင်္ကာတွင် လုံခြုံရေးတပ်ဖွဲ့များသည် မုဒိမ်းကျင့်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ပြည်တွင်းစစ်ပြီးဆုံးပြီး လေးနှစ်ကြာပြီးဖြစ်သည့် ယခုတိုင်အောင် ပြုလုပ်ဆဲဟု သံသယရှိကြသည်။ ကုလသမဂ္ဂက နိုင်ငံပေါင်းစုံတွင် ပြုလုပ်သော လေ့လာချက်အရ သီရိလင်္ကာ အမျိုးသားများ၏ ၁၄.၅ ရာခိုင်နှုန်းသည် ဘဝတွင် မုဒိမ်းမှုကျူးလွန်ခဲ့ဖူးကြောင်း တွေ့ရသည်။ အမျိုးသား ၄.၉ ရာခိုင်နှုန်းက သူတို့သည် ပြီးခဲ့သည့်နှစ်အတွင်း မုဒိမ်းမှုကျူးလွန်ခဲ့သည်ဟု ဖြေသည်။ အမျိုးသား၂.၇ ရာခိုင်နှုန်းက အမျိုးသားချင်း မုဒိမ်းကျင့်သည်ဟုဖြေသည်။ မုဒိမ်းမှုကျူးလွန်ဖူးသူ အမျိုးသားစုစုပေါင်း၏ ၉၆.၅ ရာခိုင်နှုန်းက ဥပဒေအရ အပြစ်ပေးခံရခြင်း မရှိဟု ဖြေသည်။ မုဒိမ်းမှုကျူးလွန်သူများ၏ ၆၅.၈ ရာခိုင်နှုန်းက မုဒိမ်းကျင့်ပြီး အရေးယူခံရမည်ကို ကြောက်စိတ်မရှိဟုဆိုသည်။ မုဒိမ်းကျင့်ဖူးသူ ၆၄.၉ ရာခိုင်နှုန်းက တစ်ကြိမ်ထက်မက မုဒိမ်းကျင့်ဖူးကြပြီး ၁၁.၁ ရာခိုင်နှုန်းကမူ အမျိုးသမီး လေးဦးအထက်ကို မုဒိမ်းကျင့်ဖူးသည်ဟု ဖြေသည်။

## ၁၀။ အီသီယိုးပီးယား

ကမ္ဘာပေါ်တွင် အမျိုးသမီးများအပေါ် အနိုင်အကျင့်ဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ကုလသမဂ္ဂ၏ လေ့လာချက်အရ အီသီယိုးပီးယား အမျိုးသမီးအားလုံး၏ ၆၀ ရာခိုင်နှုန်းမှာ လိင်ပိုင်းဆိုင်ရာ အနိုင်အထက်ကျင့်ခံရသည်ဟု သိရသည်။ အီသီယိုးပီးယားနိုင်ငံ၏ လက်ထပ်ဓလေ့ကလည်း မိမိကြိုက်နှစ်သက်သူကို ကိုယ်ဝန်ရသည်အထိ ပြန်ပေးဆွဲထားကြသည်။ ထို့ကြောင့် အီသီယိုးပီးယားတွင် အသက် ၁၀ နှစ် ကျော်သည်နှင့် လက်ထပ်ရန်ပြန်ပေးဆွဲပြီး မုဒိမ်း ကျင့်ခံနေကြရသည်။ မုဒိမ်းမှုသည် အီသီယိုးပီးယားနိုင်ငံအတွက် ဆိုးရွားလှသည့် ပြဿနာတစ်ရပ်ဖြစ်နေသည်။

*–မောင်အောင်နိုင်၊ (၂၄-၂-၂၀၁၅) ထူးမောရှိုးကျာနယ် စာ-၂၀။*

**နိုင်ငံကောင်းစေချင်လျှင် ဝန်ထမ်းကောင်းရမည်**

*–မောင်မြင့်ဇော်(ရွှေပင်)။*

**ဖြစ်ချင်တာတွေများနေရင် ဘာမှဖြစ်မလာဖို့ နီးစပ်လာပြီ။**

*–အေးဆုကျော်။*

**ကိုယ်လျှောက်မယ့်လမ်း ကိုယ့်အရည်အချင်းနဲ့ကိုယ်ဟောက်။** *–မိုးဦးမေ။*

## ၁၆ နှစ်အရွယ်ကျောင်းသားနှင့်စာသင်ခန်းအတွင်း ကိုယ်လက်နှီးနှောပြီးဗော်ဒကာအံ့ရက်ဖြင့် နှုတ်ပိတ်ခဲ့သည့်ဆရာမကို ထောင်ဒဏ် ၂နှစ်ချမှတ်

ဗြိတိန်နိုင်ငံတွင် ကျောင်းဆရာမတစ်ဦးသည် အရွယ်မရောက်သေးသည့် တပည့်တစ်ဦးနှင့် ကိုယ်လက်နှီးနှောခဲ့သဖြင့် ထောင်ဒဏ်နှစ်နှစ်ချမှတ်ခဲ့ကြောင်း ဒေးလီးမေးလ်က ဖော်ပြခဲ့သည်။

အမ်မာဒစ်ဘိုပါရီဟုအမည်ရသည့် အသက် ၂၈နှစ်အရွယ်ဆရာမသည် အသက် ၁၆ နှစ်အရွယ်တပည့်ဖြစ်သူနှင့်အကြိမ်ကြိမ်ကိုယ်လက်နှီးနှောမှုပြုလုပ်ခဲ့ပြီး သူမ၏ကားအတွင်း၊ ဓာတ်ခွဲခန်းအတွင်းနှင့် စာသင်ခန်းအတွင်းမှာပင် အတူနေခဲ့မှုကြောင်း သိရသည်။ အဆိုပါဆရာမသည် ယင်းကျောင်းတွင် အချိန်ပိုင်း အလုပ်ဝင်လုပ်နေခြင်းဖြစ်ပြီး သူ၏တပည့်ထံမှ ဖုန်းနံပါတ်တောင်းကာ ညစ်ညမ်းသည့် မက်ဆေ့ချ်များပေးပို့ခဲ့သည်ဟုသိရသည်။

ယင်းဆရာမသည် အဆိုပါလုပ်ရပ်အတွက် ဘာမင်ဂမ်တရားရုံးတွင် အမှုသုံးမှုဖြင့် တရားစွဲဆိုခံခဲ့ရပြီး ထောင်ဒဏ်နှစ်နှစ်ချမှတ်ခံခဲ့ရသည်။ အဆိုပါအမှုကို ကိုင်တွယ်ခဲ့သည့် ဂျိမ်းပါဘစ်က **ဆရာမဆိုသည်မှာ တပည့်များကို ဆုံးမပဲ့ပြင်ပေးရမည့် တာဝန်ရှိသည်ကို လျစ်လျူရှုပြီး အများပြည်သူမြင်သာနိုင်သည့်နေရာများတွင် ကိုယ်လက်နှီးနှောမှုပြုလုပ်ခဲ့သောကြောင့် ယခုကဲ့သို့ ပြင်းထန်စွာပြစ်ဒဏ် ချခဲ့ခြင်းဖြစ်သည်**ဟုဆိုသည်။

ဆရာမဘိုပါရီသည်တပည့်ဖြစ်သူလိုသမျှလိုက်လျောပေးခဲ့ပြီး ကားလိုင်စင်မရှိသည့်တိုင် သူမ၏ကားကို ပေးမောင်းခဲ့သည့်အပြင်ဗော်ဒကာအရက်များလည်း မူးအောင်တိုက်ခဲ့သည်ဟု ထွက်ဆိုခဲ့သည်။

***–(၂၁–၁–၂၀၁၄) မြန်မာ့ဒိုင်ဂျစ် စာ–၁၂။***

မှတ်ချက်။ ။ တဏှာရာဂသည် လူ့အသိဉာဏ်ကို ကန်းကွယ်စေတတ်၏။

**မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးအရှိဆုံးအရာက အပျိုစင်ဘဝပါပဲ။ ယောကျ်ားလေးတစ်ယောက်ရဲ့ လေးစားထိုက်ဆုံးအရာက လက်မထပ်ခင်အချိန်အတွင်း မိန်းကလေးတစ်ယောက်ရဲ့ အပျိုစင်ဘဝကို မပျက်စီးအောင် စောင့်ထိန်းနိုင်ခြင်းပဲ။**

***– Sai Lay တောင်တွင်း။***

# ချစ်ခွင့်ပန်ခံရသူ အမျိုးသမီးတစ်ဦး

# အပျော်လွန်၍တောင်ပေါ်မှပြုတ်ကျပြီးသေဆုံး

ဘူဂေးရီးယားနိုင်ငံတွင် ဒီမီထရီနာ ဒီမီထရိုဗာအမည်ရှိ အမျိုးသမီးငယ်တစ်ဦးသည် သူမ၏ချစ်သူက သူမကိုချစ်ခွင့်ပန်ချိန်၌ လွန်စွာစိတ်လှုပ်ရှားပြီး၊ ပျော်ရွှင်သောကြောင့် ခုန်ပေါက်ခဲ့ရာမှ ၆၅ ပေအမြင့်ရှိသော အိုင်ဘီဇာတောင်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်းသိရသည်။

သူမ၏ချစ်သူက ချစ်ခွင့်ပန်ရာတွင် နိုင်ငံ၏မြောက်ဘက်စွန်းကာလာတာရီဒါပြည်နယ်ရှိ အိုင်ဘီဇာတောင်ရှိ နေဝင်ချိန်ကို ကြည့်ရှုသည့်နေရာတွင် ကဗျာဆန်စွာ ချစ်ခွင့်ပန်ခဲ့ခြင်းဖြစ်သည်။ သူမသည် တောင်ထိပ်မှ ပြုတ်ကျလျှင် ပြုတ်ကျခြင်း ဆေးမှူးများ ရောက်ရှိလာခဲ့သော်လည်း မိနစ်ပိုင်းအကြာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

သူမနေဖြင့် ချစ်သူရှိသည့် ယင်းပြည်နယ်သို့ လာရောက်လည်ပတ်ခြင်းဖြစ်ပြီး၊ အလုပ်အကိုင်လည်း လာရောက်ရှာဖွေခြင်းဖြစ်ကာ ပြီးခဲ့သော အင်္ဂါနေ့ နေ့လည်ပိုင်းအချိန်ခန့်က သေဆုံးခဲ့ခြင်းဖြစ်သည်။

ယင်းဒေသသည် ချစ်သူစုံတွဲများအတွက် ချစ်ခွင့်ပန်ရန် ကဗျာဆန်သော နေရာတစ်ခုဟု နာမည်ကျော်ကြားပြီး၊ ကမ္ဘာတစ်ဝန်းမှ ချစ်သူစုံတွဲများ အများဆုံးလာရောက်ကြသည်ဟု သိရသည်။

ပြီးခဲ့သော ရက်ပိုင်းအတွင်းက ပိုလန်နိုင်ငံမှ ချစ်သူနှစ်ဦးသည် ပေါ်တူဂီနိုင်ငံရှိ ကာဘိုဒရိုကာပြည်နယ်တွင် တောင်ထိပ်၌ ဆယ်လ်ဖီရိုက်ရင်း ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ဖူးသည်။ ***Ref;Daily Mail***

***–(၃–၂–၂၀၁၉) ထူးမောင်း တ–၂၆။***

မှတ်ချက်။ ။ အပျော်လွန်၍သတိကင်းမဲ့မှုက ဒုက္ခကို ဖြစ်ပေါ်စေသည်။

# ကသာမြို့ ကမ္ဘာကျော်စာရေးဆရာကြီး GEORGE ORWLL နေအိမ်ကို ပြန်လည်ပြင်ဆင်နေပြီး သမိုင်းပြခန်းအဖြစ် ပြသနိုင်ရန်စီစဉ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ကမ္ဘာကျော်စာရေးဆရာကြီး GEORGE ORWLL နေထိုင်သွားခဲ့သည့် နေအိမ်ဇာတ်ဝင်ခန်းများနှင့်ပတ်သက်သော နေရာများကို ပြန်လည်ပြင်ဆင်နေပြီး သမိုင်းပြခန်းပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း ကသာမြို့ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူး ဦးဘမောင်(အငြိမ်းစားဗိုလ်ကြီး)က ပြောကြားသည်။

ကသာမြို့နယ်အတွင်းရှိ ရှေးဟောင်းပစ္စည်းများ ယိုယွင်းပျက်စီးမှု မရှိစေရေးအတွက် ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပညာရှင်များ၊ သမိုင်းတန်ဖိုးထားသူဝါသနာရှင်များ စုစည်းပြီး ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကော်မတီဝင် ၁၈ ဦးဖြင့် တည်ထောင်ဖွဲ့စည်းပြီး ကသာမြို့နယ်အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းလာစေရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ နှစ် ၁၀၀ သက်တမ်းကျော် စာရေးဆရာကြီးနေသွားတဲ့ ဇာတ်ဝင်ခန်းတွေနဲ့ပတ်သက်တဲ့ ဆရာကြီး GEORGE ORWLL ရဲ့ အိမ်တွေကို အခု ပထမအဆင့်အနေနဲ့ အိမ်သန့်ရှင်းရေးတွေ လုပ်ဆောင်ရှက်ပြီးပါပြီ။ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ပြီးပြီ။ နှစ်ကြာလာတာနဲ့အမျှ သူ့မှာတပ်ဆင်ထားတဲ့ မှန်တွေ၊ ကွဲကျပျက်စီးနေတာတွေကို ရှေးမူမပျက် အစားထိုးလဲလှယ်ပြီးသွားပြီ။ ကာလတန်ကြေးအားဖြင့် ကျပ်နှစ်သိန်းကျော်တန်ဖိုးရှိတဲ့ မှန်တွေကို လဲလှယ်ပြီးသွားပြီ။ ကော်မတီဝင်တွေနဲ့တိုင်ပင်ပြီး ပထမအဆင့်အနေနဲ့ဆောင်ရွက်မယ့်ကိစ္စကတော့ ဒီ Gallery ပေါ့။ စာရေးဆရာကြီးနဲ့ပတ်သက်တဲ့ဟာတွေ၊ ကသာမြို့သမိုင်းနဲ့ ပတ်သက်တဲ့ဟာတွေ၊ စစ်ပြီးခေတ်နဲ့ စစ်ပြီးမတိုင်ခင်က မှတ်တမ်းတွေကို တွဲဖက်အတွင်းရေးမှူးဖြစ်တဲ့ ဦးညိုကိုနိုင်က စုဆောင်းဆဲကာလဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့က သမိုင်းတန်ဖိုးထားတဲ့ ပြည်တွင်းပြည်ပကလူတွေကို လေ့လာနိုင်အောင် ပြခန်းအဖြစ်ပြသွားမှာပါ။ တောတွင်း ဇက်ဘီးစီးတာတွေ၊ လမ်းလျှောက်ခရီးစဉ်တွေက နောက်ပိုင်းဖြည်းဖြည်းချင်း တည်ထောင်

သွားမယ့်လုပ်ငန်းတွေပါ။ စာရေးဆရာကြီး GEORGE ORWLL အိမ်နဲ့ပတ်သက်ပြီးတော့ ကသာမြို့ကို ဝင်ထွက်တဲ့ နိုင်ငံခြားသားတွေက မွှင့်လင်းရာသီမှာ အခါအားလျော်စွာ အမြဲတမ်းလာကြပါတယ်။ ဥပမာ ROAD TO MANDALAY လို သင်္ဘောကြီးတွေနဲ့ လာပြီးလည်ပတ်ကြပါတယ်။ ROAD TO MANDALAY ဟာ တစ်နှစ်ကို အနည်းဆုံးနှစ်ကြိမ်၊ အများဆုံးလေးကြိမ်လောက် လာပါတယ်။ ROAD TO MANDALAYက သင်္ဘောလည်းကြီးတယ်။ ရေစူးလည်းနက်တာကြောင့် ရေဝတီမြစ်ရေပေါ်များတဲ့ ဝါဆိုဝါခေါင်လောက်မှာ လာတာများပါတယ်။ ကျန်တဲ့အချိန်တွေကတော့ ကားနဲ့သော်လည်းကောင်း၊ ရထားနဲ့ သော်လည်းကောင်း အမြဲတမ်း ဝင်းလုံးငှားသင်္ဘောတွေနဲ့ လာကြပါတယ်"ဟု ကသာမြို့ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဘမောင်(အငြိမ်းစားဗိုလ်ကြီး) က ဆိုသည်။ ကဘော

-(၂၀-၂-၂၀၁၄) ***Daily Eleven*** စာ-၂၂။

## စိတ်ချမ်းသာချင်ရင်

စိတ်ချမ်းသာဖို့ကျတော့ ငွေက အဓိကမဟုတ်ဘူး။
စိတ်ချမ်းသာဖို့က "စိတ်"ရှိမှဖြစ်မှာ။
ဘာစိတ်လဲဆိုတော့ ကုသိုလ်စိတ်၊
တစ်နည်း တရားနဲ့ယှဉ်တဲ့စိတ်။
အဖြောင့်ပြောရင်တော့ "တရား"ရှိရမယ်။
တရားနည်းနည်းရှိရင် နည်းနည်းစိတ်ချမ်းသာမယ်။
များများရှိရင် များများစိတ်ချမ်းသာမယ်။
မိမိမှာရှိတဲ့ တရားပမာဏအတိုင်း စိတ်ချမ်းသာမယ်။



-အရှင်သံဝရာလင်္ကာရ(မွေ့ဗိယဆရာတော်)။

ငါမရှိလို့မဖြစ်ဘူးဆိုပြီး သိပ်မတွေးမိပါစေနဲ့။
ငါမရှိဘဲဖြစ်သွားတဲ့ အရာတွေ အများကြီးပါပဲ။
တကယ်တမ်း ငါမရှိလို့မဖြစ်တဲ့နေရာက သချိုင်းပါပဲ။

## သက်ငယ်မုဒိမ်းမှုနဲ့ ထိုက်သင့်တဲ့အပြစ်ဒဏ်

**စိုးအောင်။** ။ ဒီရက်ပိုင်းသတင်းတွေမှာ နိုင်ငံခြားသူကို အဓမ္မပြုကျင့်လို့ နှစ်ရှည်ထောင်ဒဏ်ချမှတ်တဲ့သတင်းတွေ ဆက်တိုက်ဆိုသလိုပဲဗျ။

**တိုးမောင်။** ။ အင်း . . . . ဒီနှစ်ပိုင်းတွေမှာ အဓမ္မပြုကျင့်မှုတွေ မကြာခဏဆိုသလို ကြားနေရတာပဲ။ သက်ငယ်မုဒိမ်းမှုတွေဆိုရင် တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်။ အခုနောက်ပိုင်း နိုင်ငံခြားသူတချို့ကို အဓမ္မပြုကျင့်တဲ့သတင်းတွေ ဆက်တိုက်ဖြစ်လာတယ်ဆိုတော့ မြန်မာလူမျိုးတွေရဲ့ ပုံရိပ်က တဖြည်းဖြည်းနဲ့ လျော့လာပြီလို့ သုံးသပ်ရမှာပဲ။ ကဲ . . . ဆိုစမ်းပါဦး။

**စိုးအောင်။** ။ ဒီလိုဗျ၊ ဇန်နဝါရီ ၉ ရက်က မန္တလေးပုဂ္ဂလိက အင်္ဂလိပ်စာကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာမလုပ်နေတဲ့ အမေရိကန်နိုင်ငံသူ တစ်ယောက်ကို အဓမ္မပြုကျင့်တဲ့တရားခံကို မန္တလေးခရိုင်တရားရုံးက ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချလိုက်တယ်။ နောက်တစ်မှုဆိုရင်လည်း ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းနားမှာပီရူးနိုင်ငံသူတစ်ယောက်ကို အဓမ္မပြုကျင့်ခဲ့တဲ့ တရားခံကို ဇန်နဝါရီ ၈ ရက်က ထောင်ဒဏ် ၄၃နှစ်ချလိုက်တယ်။ မုဒိမ်းမှုကို အဲဒီလောက်ပြစ်ဒဏ်ကြီးကြီးမားမား ပြစ်ဒဏ်ပေးတာ ဒီတစ်ခါပဲကြားဖူးသေးတယ်။

**တိုးမောင်။** ။ ဟုတ်တယ်ဗျ။ ဒါပေမဲ့ မုဒိမ်းမှုနဲ့ပတ်သက်ပြီး ပြစ်ဒဏ်ချမှတ်ရာမှာ များတဲ့အမှုကများ၊ နည်းတဲ့အမှုကနည်း ဖြစ်နေတာကတော့ ဘဝင်မကျပါဘူးဗျာ။ ဒီလိုမုဒိမ်းသမားတွေကို ရှေးတုန်းကလို ဟာမူရာဘီကုတ်က သီအိုရီအတိုင်း ပြစ်ဒဏ်သတ်မှတ်ရာမှာ မျက်စိကိုမျက်စိနဲ့၊ သွားကိုသွားနဲ့၊ အသက်ကိုအသက်နဲ့ပြန်ပြီး ပေးဆပ်ရမယ်လို့ ညီတူညီမျှ ကလဲ့စားချေတဲ့ ပြစ်ဒဏ်စီရင်ဖို့ကောင်းတယ်လို့တွေးမိတယ် .... ဟ ....ဟ...။

**စိုးအောင်။** ။ မုဒိမ်းမှုဆိုတာ ကျူးလွန်တဲ့သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေချမှတ်ရမယ့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ အတိအလင်းပြဋ္ဌာန်းထားတာပဲ... ဘယ်အမှုတွေကများ ပေါ့ပေါ့တန်တန်ထောင်ဒဏ်မျိုး ချမှတ်ခံရလို့လဲ . . . ။

**တိုးမောင်။** ။ မကြာခင်က ကမာရွတ်မြို့နယ်မှာ ဖြစ်ခဲ့တဲ့ အသက်ခြောက်နှစ်အရွယ်သာရှိသေးတဲ့ ကလေးငယ်အပေါ် မုဒိမ်းမှုကျူးလွန်သူ သက်ကျားအိုတစ်ဦးကို နိုဝင်ဘာ ၂၇ရက်မှာထောင်ဒဏ်လေးနှစ် ပြစ်ဒဏ်ချလိုက်တယ်တဲ့ဗျာ။

ဧက်တင်ဘာလတုန်းကလည်း အသက်ခုနစ်အရွယ်သာရှိသေးတဲ့ မိန်းကလေးငယ်တစ်ဦးကို အဓမ္မကျင့်ခဲ့တဲ့တရားခံကို မြို့နယ်တရားရုံးတစ်ရုံးက ထောင်ဒဏ်တစ်နှစ်နဲ့ သုံးလကျခံစေဖို့ အမိန့်ချမှတ်လိုက်တဲ့ သတင်းကိုဧက်တင်ဘာ ၂ရက်နေ့ထုတ် တူမောရိုးဂျာနယ်မှာ ဖတ်လိုက်ရသေးတယ်။ ဒီတော့**မုဒိမ်းမှုကျူးလွန်တဲ့တရားခံကို တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်တယ်လို့ဆိုထားမှတော့ အခုလိုပေါ့ပေါ့သေးသေးပြစ်ဒဏ်လောက်ကတော့ မုဒိမ်းကောင်တွေအတွက် လေချွန်ပြီးတောင် ထောင်ထဲဝင်သွားမယ့်သဘောပါ**။ ထောင်လွှဲရက်တို့၊ လွတ်ငြိမ်းချမ်းသာခွင့်တို့နဲ့ဆိုရင် ထောင်ထဲမှာ သိပ်အကြာကြီးနေရမှာမှ မဟုတ်ပဲကိုး ...။

**စိုးအောင်။** ။ အေးဗျာ၊ တရားစီရင်ရေးစနစ်ထဲမှာ ဒီလိုကမောက်ကမနိုင်မှုတွေကလည်း တရားရေးမဏ္ဍိုင်အပေါ်မှာပြည်သူလူထုရဲ့ ယုံကြည်လေးစားမှုကို လျော့ရဲစေတာပဲလေ။ တစ်နေ့တခြား များပြားလာတဲ့ သက်ငယ်မုဒိမ်းမှုတွေပပျောက်ရေးအတွက် ဆန္ဒထုတ်ဖော်မှုတွေ မကြာခဏဖြစ်နေချိန်မှာ ဟန့်တားလောက်တဲ့ပြစ်ဒဏ်မျိုး မချမှတ်နိုင်သေးတာဟာ ကလေးသာသာရှိသေးတဲ့ မိန်းကလေးငယ်တွေရဲ့ရှေ့ရေး၊ သူတို့ရဲ့ဘဝ လုံခြုံမှုကို ပျက်ရယ်ပြုခံနေရသလိုပဲဗျ။

**တိုးမောင်။** ။ တကယ်တော့ တရားဥပဒေဆိုတာ မျှတမှုကိုအခြေခံရမယ်၊ အများအကျိုးကို ရှေးရှုရမယ်၊ အများပြည်သူ လက်ခံနိုင်ရမယ်၊ ပြောင်းလဲနေတဲ့ခေတ်ရဲ့ အတွေးအခေါ်နဲ့ညီညွတ်မျှတနေရမယ်။ ဒီလိုမှပဲ ပြည်သူလူထုကလည်း တရားဥပဒေကို အလေးအနက်ထားလာမှာပဲ။ လက်ရှိတရားစီရင်ရေးစနစ်မှာ ပြစ်မှုနဲ့ပြစ်ဒဏ်မမျှတမှုတွေရှိနေတာဟာ တရားဥပဒေစိုးမိုးမှုမရှိတာနဲ့ တရားစီရင်ရေးစနစ်ရဲ့ အားနည်းချက်တွေကြောင့်ပဲလို့သုံးသပ်ရမှာပဲ။ မနှစ်ဇူလိုင်လတုန်းက ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ အဓမ္မပြုကျင့်ခံနေရတာတွေ အဓမ္မပြုကျင့်မှုတဲ့။ ပြစ်မှုတွေများလာလို့ နှိမ်နင်းရေးစီမံချက်တစ်ရပ်အနေနဲ့ ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဦးနိုင်မောင်ရည်**အဆိုတင်သွင်းခဲ့သေးတယ်ဗျ။ ဒါပေမဲ့ လွှတ်တော်မှာ မှတ်တမ်းတင်ရုံလောက်နဲ့ ပြီးသွားတယ်။

**စိုးအောင်။** ။ ကျွန်တော်သိရသလောက် သက်ငယ်မုဒိမ်းမှုတွေနဲ့ ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဦးသိန်းညွန့်**က ကျူးလွန်သူတွေကို သေဒဏ်ပေးဖို့အဆိုကို လွှတ်တော်မှာ နှစ်ကြိမ်တောင် တင်သွင်းခဲ့သေးတယ်။

ဒါပေမဲ့ ပြည်ထောင်စုလွှတ်တော်မှာ ပယ်ချခံလိုက်ရတယ်။ တစ်နေ့ထက်တစ်နေ့ များလာနေတဲ့ သက်ငယ်မုဒိမ်းမှုတွေအပေါ်မှာ ပြစ်ဒဏ်တွေက သက်ညှာလွန်းနေတော့ ကျူးလွန်တဲ့သူတွေကလည်း သိပ်ဂရုမစိုက်တော့ဘူးပေါ့ဗျာ။

**တိုးမောင်။** ။ လွှတ်တော်မှာ ဦးသိန်းညွန့်ရဲ့အဆို ရှုံးနိမ့်သွားတုန်းက ပြစ်မှုကျူးလွန်သူကို သေဒဏ်မချမှတ်နိုင်တာဟာ မုဒိမ်းမှုတွေများပြားလာရခြင်းရဲ့ အဓိကအကြောင်းရင်းခံမဟုတ်ဘူး၊ အခုချိန်မှာ သေဒဏ်ချမှတ်နိုင်တဲ့ ပြစ်မှုတွေမှာ စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးက သေဒဏ်အမိန့်ချမှတ်တာတွေရှိပေမယ့် သေဒဏ်ချမှတ်တာကိုတော့ လက်တွေ့ကျင့်သုံးတာမျိုးမရှိတော့လို့ သေဒဏ်ချမှတ်ခွင့်ကို ဖြည့်စွက်ဖို့သင့်၊ မသင့်စဉ်းစားသင့်တယ်။ လောလောဆယ်ဒီကိစ္စကို လွှတ်တော်ထဲမှာ မဆွေးနွေးသင့်ဘူးဆိုတဲ့အမြင်နဲ့ပြီးသွားတာဗျ။ ဒါပေမဲ့ ဒီအဆိုရှုံးသွားတာ တစ်နှစ်ကျော်ကြာပြီးတဲ့အချိန်ကို ပြန်ကြည့်ရင် သက်ငယ်မုဒိမ်းမှုတွေ လျော့မသွားဘူး။ တိုးလာတာပဲရှိတယ်။ ဒီတော့ နောင်ကြဉ်လောက်တဲ့ပြစ်ဒဏ်မျိုး မချမှတ်နိုင်သရွေ့ကတော့ ကျွန်တော်တို့နိုင်ငံမှာသက်ငယ်မုဒိမ်းမှုတွေ လျော့သွားဖို့လမ်းမမြင်ပါဘူး။

**စိုးအောင်။** ။ သက်ငယ်မုဒိမ်းမှုကျူးလွန်တဲ့သူကို သေဒဏ်ပေးရေးဟာ နိုင်ငံတကာစံနှုန်းတွေအရ လက်မခံနိုင်သေးတာ၊ ပြစ်မှုဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ ကလေးသူငယ်ဥပဒေမှာ ထပ်ပြီးပြဋ္ဌာန်းစရာမလိုဘူးဆိုတာတွေကို နားလည်မှုပေးနိုင်ပါတယ်။ ဒါပေမဲ့ ဦးသိန်းညွန့်ရဲ့အဆိုမှာ သေဒဏ်ဆိုတဲ့ ပြစ်ဒဏ်ပါရုံလောက်နဲ့တော့ ဒီအဆိုတစ်ခုလုံးကို မပယ်ချသင့်ပါဘူးဗျာ။ နိုင်ငံခြားသူတစ်ယောက် အဓမ္မပြုကျင့်ခံရလို့ထောင်ဒဏ်တစ်သက်တစ်ကျွန်း၊ထောင်ဒဏ် ၄၃ နှစ်စတဲ့ ပြစ်ဒဏ်တွေပြင်းပြင်းထန်ထန်ချမှတ်နိုင်သေးတာပဲ။ သက်ငယ်မုဒိမ်းမှုလိုမျိုးကတော့ ထောင်ဒဏ်တစ်သက်တစ်ကျွန်းလောက်ဖြစ်သင့်တာပေါ့။

**တိုးမောင်။** ။ သက်ငယ်မုဒိမ်းမှုတွေမှာ ပြစ်ဒဏ်တွေက ခပ်ပေါ့ပေါ့ဖြစ်နေပေမယ့် မုဒိမ်းမှုတွေကတော့ လျော့သွားတယ်လို့တောင် မရှိပါဘူးဗျာ။ တရားဝင် စာရင်းဇယားတွေအရဆိုရင်တောင်မှ မြန်မာတစ်နိုင်ငံလုံးမှာ ၂၀၁၀ပြည့်နှစ်က မုဒိမ်းမှု ၃၃၇မှု၊ ၂၀၁၁ ခုနှစ် ၆၀၅ မှု၊ ၂၀၁၂ ခုနှစ်မှာ ၆၅၄ မှု၊ ၂၀၁၃ ခုနှစ်မှာ ၇၃၄ မှုနဲ့ ၂၀၁၄ခုနှစ်၊ ဇူလိုင်လကုန်အထိ အမှု ၅၇၀ ဖြစ်ခဲ့တယ်။ မုဒိမ်းမှုအများဆုံးက ရန်ကုန်တိုင်းဒေသကြီးပါ။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလကနေ စက်တင်ဘာလကုန်အထိ မုဒိမ်းမှု ၁၁၀ ဖြစ်ခဲ့တာ။ ထက်ဝက်ကျော်က သက်ငယ်မုဒိမ်းမှုတွေဖြစ်တယ်လို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရဲ့ စာရင်းတွေက ဖော်ပြ

အားပါတယ်ဗျာ။ အဲဒီတော့ ကလေးသူငယ်တွေရဲ့ အနာဂတ်ဘဝလုံခြုံမှုကို နိုင်ငံတော်က ဘယ်လိုအကာအကွယ်မျိုးမှ မပေးနိုင်တော့ဘူးလားဆိုတာ မေးခွန်းထုတ်စရာပဲ။

**ဦးအောင်။** ။ မြန်မာနိုင်ငံအနေနဲ့ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို ထိထိရောက်ရောက် လုပ်ပါ့မယ်ဆိုပြီး လက်မှတ်ထိုးထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် ကလေးသူငယ်တွေအပေါ် လိင်မှုအကြမ်းဖက်မှုတွေအတွက် ထိထိရောက်ရောက်အာမခံနိုင်တဲ့ ဥပဒေတစ်ရပ်မရှိသေးတာက စမ်းနည်းစရာပါ။ လူတစ်ယောက်ကို ပါးရိုက်မှုအတွက် ဒဏ်ငွေ ၁၀၀၀ ဆိုတဲ့ ပျက်ရယ်ပြုစရာပြစ်ဒဏ်စီရင်မှုမျိုးနဲ့ နှိုင်းယှဉ်ကြည့်ရင် ကလေးသူငယ်တွေရဲ့ ဘဝတစ်လျှောက်လုံး စိတ်ဒဏ်ရာရသွားစေတဲ့ အစော်ကားခံရမှုမျိုးမှာ သက်သောင့်သက်သာရှိတဲ့ ပြစ်ဒဏ်တွေ ချမှတ်နေလို့ကတော့ အမှုကျူးလွန်ဖို့ စိတ်ကူးရှိနေသူတွေအတွက် နောက်တစ်ကြိမ် ထပ်ပြီးကျူးလွန်ဖို့ဝန်လေးကြမှာမဟုတ်ပါဘူး။ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်ကနေ တစ်သက်တစ်ကျွန်းပြစ်ဒဏ်အထိ မှတ်လောက်သားလောက်တဲ့ ပြစ်ဒဏ်မျိုးချမှတ်နိုင်မှ သက်ငယ်မုဒိမ်းမှုကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်မယ်လို့ သုံးသပ်ချင်ပါတယ်ဗျာ။ ။

**အောင်လှိုင်ဦး -(၁၃-၁-၂၀၁၅) စိတ်တော်မျိုး စာ-၁၉။**

မှတ်ချက်။ ။ ကိုယ့်မထိသေးတော့ မနာတတ်ကြပါ။



# ရွှေရည်သုတ်ထားတဲ့ မြေနားအိုးလေး

"ရွှေရည်သုတ်ထားတဲ့ မြေနားအိုး"တဲ့။ ရွှေရည်သုတ်ထားတော့ အပြင်ဘက်က ကြည့်လိုက်ရင်တော့ "ရွှေနားအိုးလေး"လိုပဲ၊ ဝင်းဝင်းလက်လက်နဲ့။ သို့သော်လည်းအတွင်းကြည့်လိုက်လို့ရှိရင်မြေကြီးကြီးပဲ၊ ဘာမှမရှိဘူး။ "မြေနားအိုး"ပေါ့။ ရွှေချထားတဲ့ မြေနားအိုးဟာ ဘာမှတန်ဖိုးမရှိဘူး။

အဲဒီလိုပဲ ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က အပြင်ဘက်ကနေကြည့်လိုက်ရင် သူတော်စင်အသွင်ဆောင်နေပေမယ့်၊ လူတော်လူကောင်းအသွင်ဆောင်နေပေမယ့် သူဟာ တန်ဖိုးမရှိဘူးတဲ့။ အတွင်းကပုပ်ဆွေးနေတဲ့ သစ်တုံးလိုပဲ၊ နိဗ္ဗာန်မရောက်နိုင်ပါဘူးတဲ့။ လမ်းတင်ပဲ တစ်စစီ ကွဲသွားမှာ။

**-ပါချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ။**

# အခနေ့းပြေးခြင်းသည်

## အသက်ရှည်ရှည်နေနိုင်ရေးအတွက် အကောင်းဆုံးဖြစ်

မြန်မြန်ပြေးခြင်းကဲ့သို့ပြင်းထန်သောလေ့ကျင့်ခန်းကို ရေရှည်ပြုလုပ်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး ခပ်နှေးနှေးပြေးခြင်းသည် အသက်ရှည်စွာနေနိုင်ရေးအတွက် အကောင်းဆုံးဖြစ်ကြောင်း ဒိန်းမတ်လေ့လာမှုတစ်ရပ်၌ ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။ ဆယ်စုနှစ်များစွာကြာ အားသွန်ခွန်စိုက်နှင့် မကြာခဏပြေးခြင်းသည် ကျန်းမာရေးအန္တရာယ်ရှိပြီး အထူးသဖြင့် နှလုံးသွေးကြောစနစ်ကို ထိခိုက်စေနိုင်ကြောင်း လေ့လာမှုတွင်ပါဝင်ခဲ့သည့် သုတေသီ ပီတာရှနိုက ပြောကြားခဲ့သည်။ ယင်းသို့ပြုလုပ်ခဲ့ သူများသည် လုံးဝမပြေးခဲ့သောသူများကဲ့သို့ပင် သေဆုံးနိုင်ကြောင်း အမေရိကန် နှလုံးရောဂါဗေဒကောလိပ်ဂျာနယ်တွင် ဖော်ပြခဲ့သည့် ၁၂ နှစ်ကြာလေ့လာမှု အရသိရသည်။

သီတင်းတစ်ပတ်လျှင် ၁ နာရီမှ ၂ ဒသမ ၄နာရီအကြား အနှေးပြေးသူများသည် ရုတ်တရက်သေဆုံးနိုင်ခြေ အနည်းဆုံးဖြစ်ကြောင်း လေ့လာမှုတွင် ဖော်ပြခဲ့သည်။ ကိုပင်ဟေဂင်မြို့၌ ပြုလုပ်ခဲ့သော ယင်းလေ့လာမှုသည် ကျန်းမာပြီး မပြေးသည့် ရုံးထိုင်အလုပ်သမား ၄၁၃ ဦးတို့ကို အခြေခံ လေ့လာခဲ့ခြင်းဖြစ်သည်။ သုတေသီများက အနှေးပြေးသည့် နာရီ၊ အကြိမ်ရေနှင့် တစ်ဦးချင်းစီ၏ ခြေလှမ်းနှုန်းတို့ကို မှတ်သား၍ လေ့လာခဲ့ခြင်းလည်း ဖြစ်သည်။ အကောင်းဆုံးနှေးနှေးပြေးသည့် ကြိမ်နှုန်းမှာ သီတင်းတစ်ပတ်လျှင် သုံးကြိမ်ထက် မကျော်စေဘဲ နှေးနှေးမှ အသင့်အတင့် အမြန်ပြေးသူများသည် ခြေလှမ်းမြန်ဆန်စွာ ပြေးသူများထက် သေဆုံးနိုင်ခြေ သိသိသာသာ နည်းကြောင်းသိရသည်။ ခပ်မှန်မှန်ပြေးခြင်းနှင့် အသက်ရှည်ရှည်နေနိုင်ရေး၊ ပြင်းထန်သော လေ့ကျင့်ခန်းနှင့်သေဆုံးနိုင်ခြေမြင့်မားမှုတို့အကြား အလားတူဆက်နွယ်မှုများကို ယခင်သုတေသနက လည်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ **"အသက်ရှည်ရှည်နေချင်တယ်ဆိုရင်တော့ အတော်အသင့်ခြေလှမ်းနဲ့တစ်ပတ်ကို အကြိမ်အနည်းငယ် မှန်မှန်ပြေးတာက အကောင်းဆုံး ဗျူဟာပါပဲ"**ဟု ရှနိုကပြောကြားခဲ့သည်။ ***Ref;AFP***

-(၄-၂-၂၀၁၅) ***Daily Eleven*** ၈၁-၁၄။

# အကုန်အစင်သိဖို့ မလိုပါသော်လည်း

အကုန်အစင်သိဖို့မလိုပါသော်လည်း တစ်စုံတစ်ခုသော အတိုင်းအတာတစ်ခုအထိတော့ သိကြဖို့လိုပါလိမ့်မည်။ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားရှင်က အလုံးစုံသော သိစရာမှန်သမျှကို တစ်စမကြွင်း ခပင်းဉသုံ အလုံးစုံသိတော်မူပါသည်။ မဟာလူသား ဘုရားရှင်ကဲ့သို့ အကုန်အစင်သိမြင်ဖို့က လက်တွေ့ထား၍ အိပ်မက်ပင် မမက်အပ်ပါ။ ဉာဏ်အရာတွင် ဆီး(ဇီး)စေ့နှင့် မြင့်မိုရ်တောင်ကဲ့သို့ ဖြစ်နေပါလိမ့်မည်။

ရွှေမန်း(ဦး)တင်မောင်၏ အောက်ပါစေသီချင်းထဲကလို မင်း၊ သူဌေး၊ ကုန်သည်၊ မြေပိုင်ရှင်၊ လယ်သမား ဆင်းရဲသားမကျန်မိမိနှင့်နီးစပ်ရာ၊ဆက်နွှယ်ရာ၊ လက်လှမ်းမီရာလေးများလောက်တော့ သိသင့်ကြပါသည်။ သိအောင်လည်း ကြိုးစားကြဖို့လိုပါသည်။

ယနေ့အိုင်တီခေတ်၊ ပညာတတ်ခေတ်လို့ပြောပြောနေကြတာဖြစ်လို့ ဘာတွေများ တိုးတက်နေပါလိမ့်လို့ ကြည့်တော့လည်း အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊အဆင့်အတန်းမရွေး၊အလုပ်အကိုင်မရွေး တတ်နေကြ၊ကျွမ်းနေကြတာကတော့ ဟန်းဖုန်းကို အားတိုင်းကလိနေကြခြင်းပါပဲ။ အလေးထားအပ်သော လူကြီး၊မိဘ၊ ဆရာစသား စိုးရသခင် ကျေးဇူးရှင်တို့ ရှေ့မှောက်သော်မှ ရှိသေလေးစားခြင်းမရှိကြပုံမှာ ဟန်းဖုန်းကိုသာ ကလိနေကြခြင်းဆိုသော ယဉ်ကျေးမှု–

တဆိုသည့်အတိုင်း တစာစာနေကြရမည့် ကျောင်းသား၊ ကျောင်းသူများကို နေ့စဉ်ထိတွေ့နေရသော စာရေးသူမှာ အနာဂတ်၏ ကြယ်ပွင့်လေးများအတွက် ရင်လေးမိပါ၏။ ပြောပြပါရစေ၊ စာရေးသူ၏ ဘော်ဒါမှ အခြေခံပညာအထက်တန်း အောင်သွားသော မောင်သိန်းမင်းထိုက်သည် သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာတွင်နေထိုင်ပြီး ရွှေလုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါ၏။ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများတင်ရန် အချိန်ကဖြစ်ပါသည်။

ထိုမောင်သိန်းမင်းထိုက်နှင့်အတူ တက္ကသိုလ်ဝင်တန်းအောင်ပြီးပြီဆိုသော ကျောင်းသားလေးတစ်ယောက်ပါ စာရေးသူထံ ရောက်လာပါသည်။ စာရေးသူက အကြောင်းကိစ္စ(အထူး) ရှိနေပါသလားမေးလေမှ မောင်သိန်းမင်းထိုက်က ယခုပါလာသူသည် သူ့ညီဝမ်းကွဲဖြစ်ပြီး ၂၀၀၈ ခုနှစ်က တက္ကသိုလ်ဝင်တန်းအောင်ကြောင်း၊ ဂျီတီစီတက်ခွင့်ရကြောင်း၊ သို့သော် ထိုနှစ်က စီးပွားရေးအခြေ

မပြေ၍ မတက်ခဲ့ရဘဲ ယခုနှစ်မှာ ဂျီတီစီတက်လိုသဖြင့် ဝင်ခွင့်လျှောက်လွှာများ စုံစမ်းသည့်အခါ မတွေ့တော့ကြောင်း၊ စစ်ကိုင်းတိုင်းပညာရေးမှူးရုံး (မုံရွာ)သို့ သွားစုံစမ်းပါဟုဆိုသဖြင့် မုံရွာသို့မသွားတော့ဘဲ '**တီချယ်ကြီးဆီမှာ ဂျီတီစီဝင်ခွင့် အပိုရှိရင်ရှိနေမှာဆိုပြီး လာခဲ့တာ**'ဟုဆိုပါ၏။ စာရေးသူမှာ မရယ်မိအောင် အတော်ထိန်းချုပ်နေရပါသည်။ ဂျီတီစီဝင်ခွင့်လျှောက်လွှာကို စာရေးသူ ဆီမှာတောင်းပြီး ဂျီတီစီဝင်ခွင့်လျှောက်လွှာတင်မလိုပါတဲ့။ သူ့ခမျာတော့ စာရေး သူဆီကို အားကိုးတကြီးနဲ့ လာတာပေါ့။ ဒါနဲ့သူတို့နှစ်ယောက်ကို မုံရွာတိုင်းပညာ ရေးမှူးရုံးမှာလုပ်နေတဲ့ တပည့်လေးတစ်ယောက်ဆီ ဖုန်းဆက်ပြီး ကူညီပေး ပါလို့မေတ္တာရပ်ခံရပါသည်။ အဆင်တော့ ပြေသွားပါ၏။

နောက်တစ်ယောက်ရှိပါသေး၏။ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်မှာ အောင်သော ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာကို သေသေချာချာဖြည့်ပါ၏။ အမှားအယွင်းမရှိရအောင် စေ့စပ်သေချာ ဖြည့်ပါ၏။ တက္ကသိုလ်ဝင်ခွင့်များ ထုတ်ပြန်သောအခါ ထိုကျောင်းသားအမည်ကို အထက်မြန်မာပြည် စစ်ကိုင်းတိုင်းအတွင်းမှာ မတွေ့၊ မုံရွာတက္ကသိုလ်၊ ရွှေဘို တက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ် ဘယ်မှာမှမတွေ့သဖြင့် စာရေးသူ၏ မိတ်ဆွေ မော်ကွန်းထိန်းထံခေါ်သွားပြီး အကျိုးအကြောင်း ပြောရ၏။ မော်ကွန်းထိန်း ဆရာကြီးက '**လူလေးရဲ့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာကို ဘယ်စာတိုက်က ပို့တာလဲ၊ ဘယ်နေ့ကလဲဆိုတာ မှတ်မိပါသလား**'ဟုမေးပါ၏။ ဤတွင် နောင် တစ်ခေတ်၏ ခေါင်းဆောင်လေးက '**ဗျာ၊ ဟုတ်ကဲ့ အဲဒီလျှောက်လွှာကို ကျွန်တော့် အိမ်က သေတ္တာထဲမှာ သိမ်းထားတာပါ**'တဲ့။ ကဲ ဘယ့်နှယ့်ရှိစ၊ သို့သော် ကူညီ တတ်သော မော်ကွန်းထိန်းဆရာကြီးက ဖေးဖေးမမ စောင့်စောင့် ရှောက်ရှောက်လုပ်ပေးသဖြင့် ယခုအခါဝေးသင် ပထမနှစ်ဝင်ခွင့်ရပါပြီ၊ တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာကို အိမ်က သေတ္တာထဲမှာ သော့ခတ်သိမ်းထားပါသတဲ့။

ဘယ်စမ်းစမ်း နံရိုးပါပဲလို့ဆိုရမလိုဖြစ်နေပါ၏။ ပထဝီဝင်နှင့်ပတ် သက်သော၊ သမိုင်းနှင့်ပတ်သက်သော အကြောင်းအရာ ဘာမှမသိကြ။ နေ့စား လရှင်း ဆရာများခန့်သောအခါ '**အခု သားနေတဲ့ တိုင်းအမည်ကိုပြောပြပါ**'ဆိုတော့ **မကွေးတိုင်း**လို့ဖြေတဲ့အသံ ရွှေဘိုမြို့နယ်ပညာရေးမှူးရုံးမှာ ကြားခဲ့ရပါ၏။ ရွှေဘိုခရိုင်ဆေးရုံကြီး အင်တာဗျူးတွင် W.H.O ၏ အဓိပ္ပာယ်ကိုရေးပါဟု ဆိုသော် '**ဘယ်သူလဲ**'ဟု ရေးဖြေတာကို ကြားသိရ၏။ ဒါကတော့ ယနေ့ကျောင်း သားလောကပါ။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူး လေးဘာသာဖြင့် အောင်မြင်သော ကျောင်းသားတစ်ယောက်၏ဂုဏ်ပြုလွှာကို အမှတ်တမဲ့ဖတ်ကြည့်လိုက်ရာ ဂုဏ်ထူးရဘာသာများဆိုပြီး (ချာ၊ ဓာ၊ ရူ၊ ဇီ)ဟု ရေးထားသဖြင့် အံ့သြမိပါသည်။ အခြေခံပညာအထက်တန်းအောင်စာရင်းတွင် သင်္ချာကို **သခ**၊ ဓာတုဗေဒကို **ဓာတု**၊ ရူပဗေဒကို **ရူပ**၊ ဇီဝဗေဒကို **ဇီဝ**ဟု အတိုကောက်ရေးသည်ကို ဖတ်ရပါသည်။ ယခုခေတ် သင်္ချာကို အတိုကောက် 'ချာ' ဆိုပါလား။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် ၁၂နှစ်၊ ၁၃နှစ်အရွယ် စားပွဲထိုး အသစ်လေး ရောက်နေပါ၏။ အားတာနှင့် ဂိမ်းဆိုင်ပြေး၏။ မက်ဆေ့ချ်ပို့တတ်၏။ အင်တာနက် သုံးတတ်၏။ တစ်နေ့နံနက်ခင်းတွင် စာရေးသူသည် ထိုလက်ဖက် ရည်ဆိုင် ရောက်သွားခဲ့၏။ ဆိုင်ရှင်အမျိုးသမီးက စားပွဲထိုးနေ၏။ ဆိုင်ရှင် အမျိုးသားက လက်ဖက်ရည်ဖျော်နေ၏။ ထိုစဉ်တွင် စားပွဲထိုးအသစ်လေးက ဆိုင်ရှင်အမျိုးသမီးအား '**အန်တီ ပဲပြုတ်တွေနှစ်နေပြီဗျ**' တဲ့၊ ဆိုင်ရှင်အမျိုးသမီး လည်း အလုပ်ရှုပ်နေရာက '**အေးအေး . . သွန်လိုက် သွန်လိုက်**' တဲ့၊ အဲဒီမှာပဲ တစ်ဆိုင်လုံးရှိ လူအားလုံးကို တအံ့တသြဖြစ်သွားစေတာကတော့ စားပွဲထိုး အသစ်ကလေးက ပဲပြုတ်အိုးကို လက်နှီးနဲ့မ,ကိုင်ထည့်ပြီး ဝက်စာပုံးထဲ သွန်ပစ်လိုက်ပါတော့တယ်။ ဒီပဲပြုတ်က ဝက်စာလား၊လူစာလားမသိဘူးတဲ့နော်။

မြန်မာ့လူဦးရေ၏ ၈၅ ရာခိုင်နှုန်းလို့ ပြော၍ရသည့် တောင်သူဦးကြီးတွေ လောကမှာလည်း ကိုယ့်အလုပ်၊ ကိုယ့်အထာ၊ ကိုယ့်လမ်းကိုယ့်ယာ မမှတ်မိတဲ့ သူတွေရှိနေပါ၏။ စာရေးသူတို့၏ အိမ်နီးချင်း ဒေါ်ဒိုင်းက သူ့သမက်ကို လယ်ထဲ သို့ ဓာတ်မြေဩဇာ ၁ကြဲပက်ခိုင်းရာ သူမျှားလယ်ထဲပက်ပြီး ပြန်လာ၏။

ကြုံရပါသေး၏။ လွန်ခဲ့သော လေး၊ငါးနှစ်က စာရေးသူသည် နေပြည်တော် တိုင်းရင်းဆေးညီလာခံသို့ တက်ခွင့်ကြုံရ၏။ စစ်ကိုင်းတိုင်းက တိုင်းရင်းဆေး သိပ္ပံဆင်းပြီး မြို့နယ်ဆေးခန်းမှူး၊ ခရိုင်ဆေးခန်းမှူးတွေနှင့် ကားအတူစီးကြရ၏။

ထိုအထဲတွင် မုံရွာတက္ကသိုလ်အရှေ့တိုင်းပညာဌာန ဒေါက်တာဘွဲ့ရ အမျိုးသမီးနှစ်ဦးပါလာ၏။ တိုင်းရင်းဆေးတက္ကသိုလ်ဆင်း ဆရာမအား မုံရွာတက္ကသိုလ် လက်ထောက်ဌာနမှူးက 'ကျွန်မမျက်စိက မျက်ရာသစ်ပြီးတိုင်း၊ ရေချိုးပြီးတိုင်း မျက်ဝက်(မျက်ချေး) ထွက်ထွက်နေတာ သတိထားပြီး ခဏခဏ သုတ်နေရတယ် . . .။ ဘာလုပ်ရင် ကောင်းမလဲ' ဟုမေးလေသော် တိုင်းရင်းဆေးညီ လာခံ စာတမ်းရှင်းက 'ဟိုလေ ..ထဘီအနီဝတ်(Mid Wife)တွေဆီက ဆေးပြားလေး

တွေ သောက်ပေးလိုက်ပါ၊ပျောက်ပါတယ်'တဲ့။ ဘယ့်နှယ့်တိုင်းရင်းဆေးပါလိမ့်။

စာရေးသူ၏ကျောင်းဝင်းကြီးသည် အတန်ငယ်ကျယ်သဖြင့် ငှက်ပျောပင်များ စိုက်ပျိုးထား၏။ ဝက်မလွတ်ငှက်ပျော၊ ရှိုင်ငှက်ပျော၊ ငှက်ပျောချည်၊ ရွှေနီငှက်ပျော (ရွှေငှက်ပျော)များ စိုက်ထားပါ၏။ ကောင်းစွာဖြစ်ထွန်းသဖြင့် ရင့်လာတိုင်း ခုတ်ပြီး စဉ်အိုးဖြင့် မီးထည့်အုပ်ရ၏။ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကျွေးရ၏။ ထိုငှက်ပျောပင်များထဲတွင် ရုံးခန်းမြောက်ဘက်မှ ရွှေနီငှက်ပျောပင်က အလွန်လှ၏။ အပင်ကမြင့်မြင့်သွယ်သွယ်နှင့် အခိုင်ထွက်နေသည်မှာ အင်္ဂလန်က မယ်ဒယ်လ်လေးနှင့်တူပါ၏။ ရင့်ချိန်ရောက်သော် ခုတ်လိုက်ပါ၏။ အပင်ကို အမြစ်မှ တူးပစ်လိုက်ပြီး အပင်နေရာကို မြေသားဖို့လိုက်၏။ ထိုသို့လုပ်လေမှ ငှက်ပျောသား တက်၏။ အမြစ်များစိတ်ကြိုက်ရှည်ထွက်နိုင်လေသည်။ ရုံးခန်းနှင့်မနီးမဝေး တွင်လည်း နောက်နှစ်လလောက်နေလျှင် အဖူးထွက်တော့မည့် ရွှေနီငှက်ပျော ပင်စိုက်ထားပါ၏။

တစ်ရက်တွင် စာရေးသူ၏ ကျောင်းမှ ဆရာမတစ်ဦးက "ရုံးခန်း မြောက်ဘက်က ရွှေနီငှက်ပျောပင်ကို ဒီနားရွှေ့လိုက်တာပေါ့နော်" တဲ့၊ ရုတ် တရက်တော့ ဘာမေးမှန်း နားမလည်ပါ။ နောက်မှ သဘောပေါက်ပြီး "မဟုတ် ဘူးလေ၊ အဲဒီရွှေနီပင်က မှည့်နေတော့ အခိုင်ကိုခုတ်ပြီး အပင်ကိုတော့ တူးပစ် လိုက်တာပေါ့"ဟုရှင်းပြရ၏။ ဤတွင်မှ **"ဪ...ငှက်ပျောပင်က တစ်ခါသီးပြီးရင် ခုတ်ပစ်ရတာလား၊ ကျွန်မဖြင့် ခဏခဏ သီးတယ်မှတ်နေတာ"**ဟုဆိုပါ၏။

ဤရွှေနီငှက်ပျောအကြောင်းကို စာရေးသူက အင်ဂျင်နီယာတွဲ့ရ သမီးငယ် လေးအား ပြောပြမိ၏။ သူကလည်း "**ဪ... ဟုတ်သလား အမေ၊ သမီးကလည်း အဲဒီလိုပဲ ထင်တာ၊ ငှက်ပျောပင်က ခဏခဏသီးတယ် မှတ်နေတာ**"တဲ့။ အမေက ငှက်ပျောဖူး ချိုးယူလာလို့တောင် "**ဪ... အဖူး တွေကထည်း ချိုးထိုက်၊ ထွက်လိုက်လို့ထင်နေတာ**"တဲ့။

ပ.ပ.က ခေတ်က ကြားခဲ့ရသော သံကြိုးစာလေးကို အမှတ်ရမိ၏။ ထန်းလျက်ထွက်သောဒေသသို့ ရုံးချုပ်မှ ကြေးနန်းပို့လိုက်၏။ **"ထန်းလျက်မျိုးချုန်၊ ကျန်တာ အကုန်ပို့"** ဟူသတည်း။

တစ်ခါက ညအခါ လသာသာတွင် သမီး၊ မြေးနဲ့အဖိုးဖြစ်သူတို့ ကောင်းကင်ကြီးကိုကြည့်နေကြ၏။ မြေးလေးက "**အဖိုး၊ ခုစ်ကြယ်ဆိုတာ ဘယ် ဟာလဲဗျ**"ဟုမေးလေသော် "**ဟို၊ တောင်နားက ဝင်းနေတဲ့ကြယ်ဟာ ခုစ် ကြယ်ပေါ့ကွယ်**"ဟု အဖိုးကပြောပါလေ၏။ ကြားဖူးနားဝရှိသော သမီးက "**ဒီ

**အဖေကလည်း ရှုံကြယ်ဆိုတာမြောက်အရပ်မှာရှိတာမဟုတ်လား**"လို့ဆိုတော့ "**ဟဲဟဲ အရင်ကတော့ ဟုတ်တယ်။ အခု ရှုံကြယ်က မနေ့ညကမှ တောင်ဘက် ပြောင်းသွားတာဟဲ့**"ဟုဖြေလိုက်ပါသတဲ့။

အကုန်အစင်မသိတောင်မှ ထိုက်သင့်သလောက်တော့ သိသင့်ပါသည်။

***-ဝေစည်(ရွှေဘို)၊(၈-၂-၂၀၁၅) စံတော်ချိန် စာ-၁၀။***

## လမ်းမပေါ်တွင် အရှက်မဲ့စွာ လိင်ဆက်ဆံခဲ့ကြသည့် အမေရိကန်နိုင်ငံကစုံတွဲ ဖမ်းဆီးခံရ

အမေရိကန်နိုင်ငံ၊ ဆန်ဒီယေဂိုမြို့တွင် စုံတွဲတစ်တွဲသည် နေ့ခင်းကြောင် တောင် ဈေးဝယ်စင်တာတစ်ခုရှေ့လမ်းမပေါ်၌ လူများအကြားလိင်ဆက်ဆံခဲ့သော ကြောင့် ရဲတပ်ဖွဲ့၏ဖမ်းဆီးခံခဲ့ရကြောင်းသိရသည်။

အဆိုပါဈေးဝယ်စင်တာတွင် မြို့ရှိကျောင်းသားအများစုက မိဘများနှင့်အတူ ကျောင်းကပွဲအတွက် ဈေးဝယ်ထွက်နေချိန် ယခုကဲ့သို့ပြုမူနေကြခြင်းကို တွေ့ရှိခဲ့ သည်ဟုသိရသည်။

ရဲများအရောက်တွင် ၎င်းတို့နှစ်ဦးဖက်လျက်အနေအထားဖြင့် တွေ့ခဲ့ရ သော်လည်း ဈေးဝယ်စင်တာအတွင်းမှ မျက်မြင်သက်သေများ ဗီဒီယိုတွင် အမှန် တကယ်ပင် လိင်ဆက်ဆံနေကြခြင်းဖြစ်သည်။

အဆိုပါစုံတွဲသည် အသက်(၂၁)နှစ်နှင့်(၃၇)နှစ်ရှိနေပြီဖြစ်ပြီး၊ ၁၅ မိနစ် အကြာ လမ်းမပေါ်တွင် ပစ်လှဲလူလိမ့်ကာ အရှက်အကြောက်ကင်းမဲ့စွာဖြင့် ပြုမူနေ ကြသည်ဟု သိရသည်။

***-(၂၄-၂-၂၀၁၅) ထူးမောင်ရိုးကျာနယ် စာ ၂၆ မှ။***

မှတ်ချက် ။ ။ လူနှင့်တိရစ္ဆာန်ကို စည်းခြားပေးသောအရာမှာ ဟိရီသြတ္တပ္ပ ခေါ် အရှက်နှင့်အကြောက်ဖြစ်သည်။

**မိသားစုစိတ်ဓာတ်** အပြည့်ရှိကဲ့သူဟာ

အမြဲ အနစ်နာခံရလေ့ရှိသလို





**ကိုယ်ချင်းစာစိတ်** အပြည့်ရှိတဲ့သူဟာ

အမြဲ အလိမ်အညာခံရလေ့ရှိတယ်။



# ၁၉၄၇ ခုနှစ်ဧပြီလအတွင်း ဗိုလ်ချုပ်အောင်ဆန်း

# နတ်မောက်မြို့တွင်ပြောကြားခဲ့သည့်မိန့်ခွန်း

## သိပ်ပြီးတိုင်ကြတာပဲ

နတ်မောက်ကိုလာရတဲ့အကြောင်းကတော့ ကိုယ့်အရပ်ဒေသမို့လည်း ပြန်လာခဲ့တယ်။ ပြီးတော့ နယ်ငြိမ်းချမ်းရေးအတွက် သိချင်တာလည်းတစ်ကြောင်း၊ တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကျင်းပဖို့ အထက်ဗမာပြည်ရဲ့အခြေအနေကိုကြည့်ပြီး ဝါဒဖြန့်ဖို့ ရောက်လာရခြင်းဖြစ်တယ်။ ကျွန်တော်ထင်တဲ့အတိုင်း ဖဆပလအမတ်လောင်းဟာ ပြိုင်ဘက်မရှိဘဲ အရွေးခံရတာကို ဝမ်းသာပါတယ်။ နတ်မောက်နယ်နဲ့ ဗမာပြည်အခြေအနေကို ပြောပြခဲ့ပါမယ်။ နတ်မောက်သားနံပါတ်(၁)ဖြစ်တယ်ဆိုပြီး ဟိုဟာလာတိုင်၊ ဒီကလာတိုင် သိပ်တိုင်နေကြတာပဲ။ နတ်မောက်နယ်အခြေအနေနဲ့ ပတ်သက်ပြီး ကျုပ်လုပ်ပေးနိုင်တာကိုတော့ ကျုပ်လုပ်ပေးပါမယ်။ လုပ်ပေးမယ်ဆိုပေမယ့် လူပုဂ္ဂိုလ်တွေတတ်နိုင်သလောက်သာ လုပ်ပေးမယ်။ ကျုပ်တို့ဟာ ဘိုးဘိုးအောင်နဲ့ အဆက်အသွယ်မရှိဘူး။ ဘုရားကတောင် ဟောထားသေးတာပဲ။ ဘုရားဟာ သတ္တဝါတွေကောင်းအောင် ဟောပြောပြပေမယ့် မလုပ်တတ်ရင်၊ မလိုက်နာရင် အလကားပဲနေမှာပဲ။ အဲဒီတော့လုပ်ချင်စိတ်နှင့် လုပ်တတ်မှကောင်းမှာပဲ။

## ပြည်သူ့သာအစိုးရ

ဗမာပြည်ဟာ မလွတ်လပ်သေးဘဲ နယ်ချဲ့အစိုးရက အုပ်မြဲအုပ်ချုပ်လျက်ရှိသေးတာပဲ။ တိုင်းသူပြည်သားတွေဟာ အများဆန္ဒအရ လူအများစုကသမ္မတကိုခိုင်းတင်ခဲ့တယ်။ အစိုးရဆိုတာ တိုင်းပြည်သားတွေသာ အစိုးရဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ်တောင်အစိုးမရနိုင်တဲ့ ညံ့ဖျင်းတဲ့မင်းကျတော့ တခြားမင်းကလာပြီး သိမ်းပိုက်သွားတာပဲ။

## ကားပျက်ကြီးဥပမာ

နိဗ္ဗာန်ရောက်စေချင်လျှင် နိဗ္ဗာန်ရောက်ကြောင်း တရားကိုကျင့်။ လွတ်လပ်ရေးလိုချင်ရင် လွတ်လပ်ရေးရရာရကြောင်း ကျင့်ထားကြပါ။ အင်္ဂလိပ်ဟာ အင်္ဂလိပ်ဥပမာဖြစ်နေပေမယ့် အုပ်ချုပ်တဲ့သူက ကျုပ်က အုပ်ချုပ်နေတယ်။ ဥပမာပြောရလျှင် **ကျုပ်ကို အင်္ဂလိပ်က မော်တော်ကားအပျက်ကြီးကို ပြင်မောင်းနိုင်းထားတာပဲ**။ မောင်းခိုင်းပေမယ့် အချုပ်အခြာအာဏာက အင်္ဂလိပ်လက်ထဲမှာ

ရှိနေတော့ ကျုပ်တို့က ဘာမှမပြင်နိုင်သေးဘူး။ မော်တော်ကားအပျက်မို့ အမောင်း ဘယ်လောက်ကောင်းကောင်း စက်မကောင်းတော့ လိုရာကို မြန်နိုင်သလောက် မြန်အောင်မရောက်နိုင်ဘူး။ ဒီစက်ကြီးနဲ့သာဆိုရင် တာရှည်ကျုပ်မအုပ်ချုပ်နိုင်ဘူး။

**ကိုယ့်ဟာကိုယ်မောင်းမယ်**

အုပ်ချုပ်ရေးမကောင်းဘူးဆိုပေမယ့် ဒီစက်ကို သူတစ်ပါးအမောင်းခိုင်းမယ့်အစား ကိုယ့်ဘာသာကိုယ်မောင်းတာက တော်သေးတယ်ဆိုပြီး မောင်းနေရတာပဲ။ စက်ကလည်းကောင်း၊ လူကလည်းကောင်း၊ စက်သမားတွေကလည်း ကောင်းရမယ်။ စက်ကြီးအိုနေတာလည်းတစ်ကြောင်း၊ စက်ဆရာတွေအားလုံး ကျေနပ်ပေမယ့် အစားထိုးစရာ ရုတ်တရက်ရှာလို့မလွယ်ဘူး။ အဲဒီလို အစက် အခဲတွေကြောင့် စက်ကြီးကို ကျုပ်တို့သွားချင်ရာ သွားလိုရာကိုမောင်းပေမယ့် စက်ကလည်း စက်ပျက်ကြီးဖြစ်တော့ လိုရာကိုမမောင်းနိုင်ဘူး။

**ခေတ်ကြီးပြောင်းခဲ့ပြီ**

ကမ္ဘာ့ရာဇဝင်ကိုကြည့်ရင် ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အနယ်ထစမြဲပဲ။ သဘောတရားကိုနားလည်ရင် ခင်ဗျားတို့ ဒီလိုနေမှာမဟုတ်ဘူး။ ခေတ်ကြီး တစ်ခေတ်လုံး လုံးလုံးလျားလျားပြောင်းနေတာကို ဘယ်သူမှမသိဘူး။ အစိုးရ အရာရှိတွေလည်း ရှေးကမင်းစိတ်၊စိုးစိတ်တွေ မပျောက်သေးဘူးလို့ဆိုချင်တယ်။ အနိစ္စ၊ ဒုက္ခတွေ သဘောမပေါက်သေးဘူး။ အစိုးရဆိုတာ လူပဲ။ လူတွေဖြစ်နေတော့ မကျေနပ်ချက်တွေတော့ ရှိမှာပဲ။ အစိုးရအရာရှိဘက်ကနေမကြည့်ဘဲနဲ့ ပြည်သူ့ဘက်ကနေ ကြည့်မယ်ဆိုရင် အများကြီးပြောစရာတွေရှိတာပဲ။

**ဒါတွေကျုပ်သိတယ်**

ကျုပ်ဟာ တောသားပဲ။ ဒီမြို့သား၊ ဒီကျောင်းမှာ နေသွားပြီးမို့ ရှေ့က အရာရှိတွေကို ဘယ်လိုရှိသေရတယ်ဆိုတာ အထူးပြောဖို့မလိုဘူး။ သူကြီးနဲ့ ရွာသား ဘယ်လိုစကားများတတ်တယ်၊ တောင်ကျောင်းနဲ့မြောက်ကျောင်း ဂိုဏ်းကွဲ တဲ့ကိစ္စတွေကို ကျုပ်နားလည်ပြီးသားပဲ။

**ကျုပ်ကလည်း ခပ်ရှာရှာ**

ကျောင်းသားဘဝ သခင်ဘဝတွေလုပ်စဉ်က အငတ်ခံပြီးလုပ်ခဲ့တယ်။ ကျုပ်ဟာသူများထက် ပကာသနကို ဂရုမစိုက်ဆုံးပဲ။ ရုပ်ကလည်း ခပ်ချောချော ဆိုတော့ ဘယ်သူမှ အသိမလုပ်ဘူး။ ဟိုတုန်းကဆိုရင် ဆေးရုံသွားရင် ဆရာမ လုပ်တဲ့သူတွေ(သူ၏ဇနီးဘက်ကြည့်၍ပြောသည်)ဟာ သိပ်စခန်းကြီးလမ်းကြီး လုပ်တာပဲ။ (အနီးမှလူကြီးများမှာ ပါးစပ်ကိုလက်နှင့်ပိတ်၍ကြိတ်ရယ်ကြသည်)

## လူထုထဲက လူပါပဲ

နယ်အခြေအနေတွေဟာ ကျုပ်ကြာရသလောက်ဆိုရင် ၇၀ရာခိုင်နှုန်းလောက် မှန်နေတယ်။ စကားဆိုတာ ကားတာပဲ။ ကျုပ်ဟာ လူထုထဲက ထွက်လာတဲ့လူဖြစ်လို့ ဒီနယ်မှာ ဘာဖြစ်တယ်ဆိုတာ ကျုပ်နားလည်းသလို ဒီနယ်ကအရာရှိတွေ နားမလည်နိုင်ဘူး။ ဘာပြုလို့ နားမလည်နိုင်သလဲ။ လူထုဘ၀နှင့်မနေခဲ့ရလို့ လူထုအမြင်ကို မမြင်နိုင်ဘူး။ ( သူကြီးသားကို ဓါင်းလန်းနဲ့ ကျေးရတာပဲ) ဘယ်သူတွေ ဘယ်လောက်ပါဝါကြီးကြီး ဗိုးစိန်ပွဲထဲက ဗေဒါကြီး ပြက်လုံးထုတ်သလို ရှင်ဘုရင်ဆိုတာလည်း လူပါပဲလို့ကျုပ်ဆိုချင်တယ်။ ဒီလူတွေဟာ လူထုအမြင်နဲ့မြင်အောင် ကြိုးစားတဲ့လူတွေ၊ မကြိုးစားတဲ့လူတွေရှိတယ်။

## ဗမာလွတ်လပ်မယ်

ဗမာပြည်ဟာ ဗေဒင်မမေးနဲ့၊ ဘိုးဘိုးအောင် မမေးနဲ့၊ လုံး၀လွတ်လပ်ရေးရမယ်။ အခုခေတ်က ဒုန်းပြေးနေတယ်။ ခေတ်ပြေးသလောက် လူကလိုက်မပြေးနိုင်တော့၊ အစိုးရအရာရှိတွေက မပြေးနိုင်ဘူး။ အစိုးရအရာရှိဘက်ကနေ ကြည့်ရင်လည်း လူထုအပြစ်။ လူထုဟာ နေ့စဉ်နဲ့အမျှ ဒုက္ခတွေခံနေရလို့ အမုန်းလွန်တယ်၊ မယုံသင်္ကာရှိတယ်။ အစိုးရအရာရှိတွေဘက်က ကြည့်ရင်လည်း တစ်မျိုးမြင်တာပဲ။ အဲဒီနှစ်မျိုးကို ကြားချကြည့်ရင် အမြင်မှန်မြင်လာမှာပဲ။ ဒီလိုမှားနေကြတာဟာ ဘာလို့လဲ။ အခြေခံကိုက မှားလို့ပဲ။

## မေတ္တာနှင့်သစ္စာကို

ကျုပ်က မေတ္တာနဲ့သစ္စာကိုရှေ့ထားပြီး အုပ်ချုပ်မယ်။ တကယ်လို့ ကောင်းတယ်၊ မှန်တယ်ထင်လို့ရှိရင် အသက်စွန့်ရဲတယ်။ (လူတွေဟာ မသိရင် ကြောက်တယ်) (ရဲသော်မသေ သေသော်ငရဲမလား)လို့ ယောအတွင်း၀န်ဦးဘိုးလှိုင်ပြောဖူးတယ်။ ရဲရဲရင့်ရင့် သစ္စာသမာဓိနဲ့လုပ်ရင် အောင်မြင်မှာပဲ။ ခေါင်းဆောင်ပီပီ ရှေ့ကခေါင်းဆောင်ဟာ မနိုမကပ်ဘဲ လုပ်မယ်ဆိုရင် အောင်မှာပဲ။ ကိုယ့်တပ်လုံ့ရင် တစ်ခြားက လာမတိုက်နိုင်ဘူး။

## စိတ်ပြောင်းကြစမ်းပါ

အခုခေတ်မှာ ဘုရင်ခံတောင်မှ ဖွတ်အတင်းမလုပ်နိုင်ဘူး။ အားလုံးအတွက် စီမံကိန်းချပြီး လုပ်လာခဲ့ပါပြီ။ ခင်ဗျားတို့လည်း လုပ်ကြည့်ပါ။ ညီညွတ်လို့ မရနိုင်ဘူးဆိုရင် အစိုးရတွေခေတ်ပြောင်းတိုင်း စိတ်ပြောင်းပါ။ စိတ်မပြောင်းဘဲနဲ့ ကိုးရိုးကားယားလုပ်ရင် ဘုရင်ခံလုပ်ရင် ဘုရင်ခံတိုက်မယ်။ အောက်လူတွေလုပ်ရင် ဖိနှိပ်ပေးမယ်။ သို့သော်လည်း လူကြီးဆိုရင် လူကြီးနဲ့တူအောင် အရေးယူရမယ်။

ကျုပ် လွယ်လွယ်နဲ့ကတိမပေးလိုဘူး။ လူထုဘက်နေကြည့်ရင် ဗမာပြည် လွတ်လပ်ပြီ ထားပါတော့၊ လူထုကိုယ်စားလှယ်တွေချည်း အုပ်ချုပ်လို့ရမယ် ထင်သလား။ ဒီလူတွေ ဘယ်လောက်ညစ်ပတ်ညစ်ပတ် ခဏတော့သုံးရဦးမှာပဲ။ အင်္ဂလိပ်တွေ ရှိနေရင်လည်း ဗမာအဖြစ်နဲ့ နေရမှာပဲ။ ဗမာစိတ်ပေါက်ပြီး ဗမာပြည်မှာနေမယ့်လူတွေတော့ ဗမာတွေပဲရယ်လို့ မှတ်ထားရမယ်။ ရှော်တဲ့လူ တွေကိုလည်း ကျုပ်တို့ထုတ်ပစ်ရမှာပဲ။ နိုင်ငံရေးဘက်ကနေကြည့်ရင် လူထု ခေါင်းဆောင်လုပ်နေတဲ့လူတွေ၊ ဘဝမြင့်နေတဲ့လူတွေမြင့်နေတယ်။ မှားနေ တာတွေလည်းရှိတယ်။ မှန်တယ်ထင်တိုင်းလည်းမပြောရဘူး။

**စစ်တိုက်တန်တိုက်ရမယ်**

တိုင်းပြည်ပြုလွှတ်တော်ကနေပြီး လွတ်လပ်ရေးကို ကြေညာပြီး စစ်တိုက်တန်တိုက်ရလိမ့်မယ်။ အချို့က ဒီလူဟာ အချောင်သမားပြောပြော၊ ဒူးထောက်သမားပြောပြော ကျုပ် ၁၀–ခါပြောမယ်။ ကျုပ်တို့တိုက်လာခဲ့တယ်။ နောင်လည်း နှလုံးရည်နဲ့တိုက်လို့ မရရင် လက်ရုံးရည်နဲ့တိုက်ရမှာပဲ။

**လွတ်လပ်ရေးရန်ပုံငွေ**

လွတ်လပ်ရေးအတွက် လုပ်ထားရမယ်။ နတ်မောက်နယ်က လူချမ်းသာ တွေကို ပြောချင်တယ်။ လွတ်လပ်ရေးရန်ပုံငွေ မထည့်ကြဘူး။ အစုတစ်သောင်း ခြောက်ထောင်လောက်သာ ရတယ်။ ကျုပ်နှစ်သောင်းလောက် လိုချင်တယ်။ ဒီနာမည်ရှိတဲ့ လူချမ်းသာတွေထည့်တာ မကျေနပ်ဘူး။ ကျွန်တော်လူထုကို တိုင်ကြားပါတယ်။ လွတ်လပ်ရေးရန်ပုံငွေ ထည့်ပါ။

**ကျုပ်တို့သခင်ဖြစ်ရမယ်**

အင်္ဂလိပ်ကို သခင်ထင်မနေနဲ့။ ကျုပ်တို့မကြာခင် သခင်ဖြစ်တော့မယ်။ လူချမ်းသာတွေ များများထည့်ပါ။ အစိုးရအမှုထမ်းများကိုတော့ မဆဲပါနဲ့။ နောက်ပြီးတော့ လွတ်လပ်ရေးရအောင် လုပ်တဲ့အခါမှာ အချင်းချင်းခြေထိုးမှုတွေ လုပ်တာရှိတယ်။ အချင်းချင်းညီညွတ်အောင်လုပ်ပါ။ အကြောက်မလွန်ပါနဲ့။ အစိုးရဘက်ကရော လူထုဘက်ကရော ကျုပ်ပြုပြင်ခဲ့ပါမယ်။

–(၄–၂–၂၀၁၄) *Daily Eleven* ဇာ–အချုပ်ဝို **D**။

အကောင်ကြီးတိုင်း ကြောက်စရာမလိုဘူး။
အဆိပ်ပြင်းတဲ့ သတ္တဝါသေးသေးကို ဂရုစိုက်။

–*ဇော်မင်းထိုက် (ဓကွေး)*။

## ကျွန်တော်ပြဋ္ဌာန်းခဲ့ဖူးသောကျွန်တော့်ဘဝအတွက်ပညာရေးဥပဒေ

ဥပဒေ (LAW) ဟုဆိုတဲ့ စကားသံကိုကြားလိုက်တာနဲ့ လွှတ်တော်အသီးသီးတို့က ပြဋ္ဌာန်းတဲ့ ဥပဒေကို သွားပြီးမြင်ယောင်ကြမှာဖြစ်ပါတယ်။ ဒါပေမဲ့ LAW ဆိုတာကို အင်္ဂလိပ်စာအဘိဓာန်မှာ COMPANY LAW ကုမ္ပဏီဥပဒေဆိုတာမျိုးလည်းတွေ့ရတော့ ကုမ္ပဏီတစ်ခုရဲ့ဥပဒေကိုတော့ သူတို့ရဲ့ ဒါရိုက်တာအဖွဲ့က ပြဋ္ဌာန်းမှာဖြစ်လို့ ဥပဒေတိုင်းကိုတော့ လွှတ်တော်က မပြဋ္ဌာန်းပါဘူး။ မြန်မာဓလေ့ထုံးတမ်းဥပဒေ CUSTOMARY LAW ဆိုတာကို လွှတ်တော်က မပြဋ္ဌာန်းပါဘူး။

ကျွန်တော်ဟာ ငယ်ငယ်တုန်းက ဘယ်သူ့ကိုမှ အသိမပေးဘဲ ဘယ်သူကမှလည်းလိုက်နာစရာမလိုတဲ့ ကိုယ့်တစ်ယောက်တည်းလိုက်နာဖို့ ပညာရေးဥပဒေကို တစ်ယောက်တည်း ဒိုင်ယာရီထဲမှာ ရေးဆွဲခဲ့ဖူးပါတယ်။

ကျွန်တော်(၇)နှစ်သားရောက်တော့ ဖဆပလခေတ်မှာ ပထမတန်းတက်နေရာ ကျွန်တော်တို့ကို စာသင်တဲ့ကျောင်းက အင်္ဂလိပ်ကျောင်းဖြစ်နေလို့ ကျွန်တော်တို့ကို စာသင်ပေးတဲ့တီချယ်ကြီးတွေက မြန်မာလိုကောင်းကောင်းမတတ်တဲ့ အင်္ဂလိပ်မကြီးတွေပါ။ ကျွန်တော်တို့လည်းရှုတ်ရှက်၊ ဒွတ်ဒက်နဲ့ အင်္ဂလိပ်စကားနည်းနည်းပါးပါး ပီပီသသပြောတတ်စမှာ ငါးတန်းရောက်မှ (A) (B) (C) (D) သင်ရမယ်လို့ လုပ်လိုက်ပါတယ်။ အဲဒီလို လုပ်တာဟာ အဲဒီခေတ်က ပညာရေးဥပဒေလား၊ ပေါ်လစီလားဆိုတာ သေချာမသိပါဘူး။

အဲဒီလိုလုပ်တော့ ကျောင်းသားတွေ အင်္ဂလိပ်စာညံ့ကုန်ကြမယ်ဆိုပြီး တချို့လူကြီးတွေက သုံးသပ်တာကိုမှတ်မိပါသေးတယ်။

ကျွန်တော်ကတော့ ကျွန်တော်တို့ရဲ့ မာမီလိုချစ်ခဲ့ရတဲ့ ဆရာမအင်္ဂလိပ်မကြီးတွေနဲ့ မတွေ့ရတော့ဘူး။ အင်္ဂလန်ပြန်သွားတယ်ထင်ပါတယ်။ ဒီလိုလုပ်တာကို မကြိုက်ပေမယ့် (၇)နှစ်သားက ဘယ်လိုလုပ်ပြီး ဆန္ဒထုတ်ဖော်တတ်မှာလဲ။ ဒါနဲ့ စနစ်သစ်ပညာရေးရေစီးကြောင်းမှာ မျောပါသင်ယူခဲ့ပါတယ်။

အလယ်တန်းကျောင်းသားဖြစ်တော့ ကျောင်းပြင်ပစာတွေ တအားဖတ်လာမိပါတယ်။ ဒီတော့ **ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းဟာ(၆)တန်းနဲ့ ကျောင်းထွက်ခဲ့ပါတယ်ဆိုတာ သိလာတယ်**။ ၎င်းနောက် သူဟာ ရူပဗေဒဘာသာကို ဦးဆောင်တဲ့ သိပ္ပံပညာရှင်ကြီးဖြစ်လာတယ်။

ဒီတော့ အိုင်စတိုင်း ရူပဗေဒပညာရှင်ဖြစ်တာဟာ (၆)တန်းမှာ စာသင်တဲ့

စနစ်ကောင်းလို့တော့ မဟုတ်ဘူးလို့ ရိပ်မိလိုက်တယ်။

တစ်ဖက် တရုတ်ပြည်ရဲ့ဥက္ကဋ္ဌကြီးမော်စီတုန်းက(၄)တန်းပဲကျောင်းနေဖူးတယ်။ မူလတန်းပေါ့။ မော်စီတုန်းဟာ အလွန်ထင်ရှားတဲ့ခေါင်းဆောင်ကြီးဖြစ်တာ တရုတ်ပြည်ရဲ့ မူလတန်းပညာရေးစနစ်နဲ့ သိပ်တော့မသက်ဆိုင်လောက်ပါဘူး။

အိုင်စတိုင်း သိပ္ပံပညာရှင်ကြီးဖြစ်သွားတာ (၆)တန်းရဲ့ ပညာရေးစနစ်ကောင်းလို့၊ မော်စီတုန်းနိုင်ငံခေါင်းဆောင်ဖြစ်သွားတာဟာ(၄)တန်းရဲ့ ပညာရေးစနစ်ကောင်းလို့ပါလို့ ငြင်းချင်တဲ့သူရှိရင် ငြင်းပါ။ ကျွန်တော်က ဘာကျောင်းမှ မတက်ဘဲ ပညာရှိဖြစ်သွားသူကို ဥပမာပြချင်ပါတယ်။

သူကတော့ ဘာကျောင်းမှမတက်ဖူးတဲ့ လယ်သမားကြီး ဝန်ဖင်းအိုး ရာတေပါပဲ။ သူဟာ စာတိုပေစလေးတွေ ဟိုတစ်စ ဒီတစ်စ လိုက်ဖတ်ရင်း ပညာ ရှိဖြစ်သွားသူပါ။ ဘုရင်မင်းမြတ်ရဲ့ အကြံပေးအမတ်ကြီးဖြစ်သွားခဲ့ပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်ဟာ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်တဲ့ LONDON SCHOOL OF ECONOMICS ကို အကဲခတ်ကြည့်မိပါတယ်။ OH MY GOD နယ်နယ်ရရ တက္ကသိုလ်မဟုတ်ပါလား။ ကမ္ဘာ့ TOT TEN စာရင်းဝင် တက္ကသိုလ်ကြီးဖြစ်ပြီး ဟားဘက်တက္ကသိုလ်၊ အောက်စဖို့တက္ကသိုလ်တို့နဲ့ ပခုံးချင်းယှဉ်နိုင်ပါတယ်။ သူ့ရဲ့ပညာရေးစနစ်ကတော့ ထိပ်တန်းပေါ့။ **ဒီမိုကရေစီဘိုးအေ နိုင်ငံရဲ့ တက္ကသိုလ်ကြီးဖြစ်ပါတယ်။ အဲဒီကျောင်းမျိုးက** Ph.D **ဘွဲ့ဆိုရင်တော့ ဘာပြောစရာလိုသလဲလို့ ထင်စရာရှိပါတယ်။ အဲဒီကျောင်းမှာ ကျောင်းသားတစ်ဦးရဲ့ နာမည်က 'ဆောအီ'လို့ခေါ်ပါတယ်။ သူဟာလစ်ဗျား နိုင်ငံအာဏာရှင်ဟောင်း ကဒါဖီရဲ့သားပါ။ သူဟာ အဲဒီတက္ကသိုလ်က** Ph.D **ဘွဲ့ရခဲ့တယ်။ သိပ်ကောင်းတဲ့ ပညာရေးစနစ်ကျောင်းထွက်ပေါ့။ ဒါပေမဲ့ ဆောအီဟာ ဥပဒေချိုးဖောက်မိလို့ အဖမ်းခံရတယ်။**

ဒီတော့ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာဖို့ တက္ကသိုလ်နဲ့နည်းနည်းပဲ သက်ဆိုင်တယ်။ ကာယကံရှင်ကျောင်းသားနဲ့ များများသက်ဆိုင်ပါတယ်။

ဒီလိုရေးလိုက်လို့ ကောင်းမွန်တဲ့ကျောင်းကြီးတွေ၊ သင်ကြားရေးစနစ် တွေကို အားမကိုးရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ အားကိုးသင့်ပါတယ်။ သို့သော် **မိမိကိုယ်ကို အားကိုးတာက ပိုပြီးကောင်းပါတယ်။**

တစ်ခါတစ်ရံ လွှတ်တော်က ပြဋ္ဌာန်းလို့မရတဲ့ ဥပဒေမျိုးဆိုတာရှိသေးတယ်။ ဥပမာ-

"ကျောင်းသားတိုင်းသည် စာကြိုးစားရမည်"လို့ ပြဋ္ဌာန်းမည်ဆိုပါစို့။

အဲဒါကို ကျောင်းသားက စာမကြိုးစားရင် သူတို့ဘာများ တတ်နိုင်ဦးမည်နည်း။ အဲဒီလို ဥပဒေမျိုးကတော့ ကျောင်းသားက မိမိဘဝအတွက် မိမိပြဋ္ဌာန်းရပါမယ်။ ဥပမာ–

"ငါသည် စာကြိုးစားသူတစ်ယောက်ဖြစ်ရမည်" ဆိုတဲ့ ဥပဒေမျိုးပါ။

နောက်ထပ်တစ်ဖန် တင်ပြလိုတာကတော့ ပညာရေး EDUCATION ထက် အရေးကြီးသောအရာဟာ ဝေဖန်ပိုင်းခြားနိုင်သောဉာဏ် (WISDON) ဖြစ်ပါတယ်။

သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းက ပြောခဲ့တာကတော့ WISDON IS NOT A PRODUCT OF SCHOOLING (**ဉာဏ်ပညာသည် ကျောင်းသားတို့၏ ထွက်ကုန်မဟုတ်**) လို့ဆိုပါတယ်။ WISDOMကို ကျောင်းမှာသင်လို့မရပါဘူး။

ကျောင်းမှာလည်းသင်၊ မြင်ဆရာ၊ ကြားဆရာ၊ အတွေ့အကြုံ၊ သမ္မာ၊ စဉ်းစား၊ ဝေဖန်၊ တွေးခေါ်၊ ဆွေးနွေး၊ ခွဲခြမ်းစိတ်ဖြာ စတာတွေပေါင်းစည်းပြီး ဉာဏ်ပညာရလာနိုင်ပါတယ်။

ဉာဏ်ပညာရဖို့ဟားဘက်တက္ကသိုလ်မှာလေ့ကျင့်လို့မရဘူး။ ကမ္ဘာကြီးပေါ်မှာ လေ့ကျင့်ရမယ်။

ကမ္ဘာကြီးဟာ တက္ကသိုလ်ကြီးတစ်ခုနဲ့တူတယ်။ လူတိုင်းကမ္ဘာကြီးပေါ်မှာ သင်ယူနိုင်တယ်။ ကျောင်းလခလည်းပေးစရာမလိုဘူးလို့ ပြောခဲ့သူကတော့ ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ BA အောင်ခဲ့ပါတယ်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းအမျိုးသားခေါင်းဆောင်ဖြစ်တာBA ဘွဲ့နဲ့ သိပ်မဆိုင်ပါဘူး။ ဆိုင်တယ်ဆိုရင် ယနေ့ BA အောင်သူတွေ အများကြီးပဲ။ အားလုံးအမျိုးသားခေါင်းဆောင်ဖြစ်ကြရတော့မှာပေါ့။

ဒီသဘောတရားတွေကို ရိပ်မိတဲ့ ကျွန်တော်ဟာ ကျွန်တော့်ဘဝအတွက် ပညာရေးဥပဒေဆိုပြီး ကျွန်တော်ကိုယ်တိုင် ရေးဆွဲခဲ့ဖူးတယ်။ အဲဒီဥပဒေကို ဖော်ပြရမယ်ဆိုရင်–

၁။ ငါသည် ပညာကြိုးစားသူတစ်ယောက်ဖြစ်ရမည်။

၂။ ငါသည် ပညာရှာသူတောင်းစားဆိုသကဲ့သို့ မိမိကိုယ်ကို နှိမ့်ချ၍ ပညာရှာဖွေမည်။

၃။ ငါသည် ACTIVE LEARNER ခေါ် သွက်လက်သော ပညာရှာသူဖြစ်ရမည်။

၄။ ငါသည် ပညာရည်နို့သောက်စို့သူမဖြစ်စေရဘဲပညာမုဆိုးဖြစ်စေရမည်။

၅။ ငါ၏ ပတ်ဝန်းကျင်၌ မြင်သမျှ၊ ကြားသမျှ အရာအားလုံးသည် ငါ၏ မြင်ဆရာ၊ ကြားဆရာများဖြစ်စေရမည်။

၆။ ငါသည် LIFE LONG LEARNING ခေါ် အစဉ်အမြဲ အသက်ရှင်သရွေ့ လေ့လာနေရမည်။

၇။ ငါသည် ငါသိသမျှကို ဝေဖန်မည်၊ ပိုင်းခြားမည်၊ ခွဲခြမ်းစိတ်ဖြာမည်၊ ဆွေးနွေးမည်၊ အမြင်ချင်းဖလှယ်မည်။

ဆိုပြီးပြဋ္ဌာန်းလိုက်ပါသည်။ လူတိုင်းလူတိုင်းဟာ မိမိဘဝအတွက် မိမိစိတ်ကြိုက်ပြဋ္ဌာန်းနိုင်ပါတယ်။ ကျွန်တော်ရဲ့ ပြဋ္ဌာန်းမှုကို အမြင်ချင်းမတူတာတွေလည်း ရှိနိုင်ပါတယ်။ အမြင်မတူလျှင်လည်း ခွင့်လွှတ်ပါလို့ ပန်ကြားလိုက်ပါကြောင်း။

**ဒေါက်တာထွန်းဝင်း** -(၂၇-၂-၂၀၁၅) *Hot News* စာ-၁၂။

# အရိုအသေ ----



ကိုယ့်ထက်ကြီးသူကို ရိုသေဖို့ဆိုတာ
ကိုယ့်မာနကို ခဝါချထားနိုင်မှုဖြစ်တာ။
မာနခံနေရင် အရိုအသေတန်တယ်။
အရိုအသေတန်တဲ့သူ မတိုးတက်ဘူး။
ကိုယ့်ထက်ငယ်တဲ့သူအပေါ်
လေးလေးစားစားဆက်ဆံဖို့ဆိုတာကတော့
ကိုယ့်မာနကို တော်တော်လေး ခဝါချထားနိုင်မှုဖြစ်တယ်။
ဒါ့ကြောင့် ရှေးကျင်ဆရာတော်ဘုရားကြီးက–
"**အဆံပြည့်လေ မှည့်လေလေ ညွတ်ခွေငိုက်၍လဲ၊**
**သလေးစပါး သူဖြစ်နဲ့။**
**ထက်ရောက်လေလေ ကျိမ်းတတ်လေ**
**နှိမ့်ချသေကွေ့ သူ့အောက်လှဲ၊**
**ပညာရှိတို့ကျင့်စမြဲ**"လို့ ဆုံးမထားပါတယ်။

–**အဝေရာရာမရန်ကင်းဆရာတော်**။

## ဆန်း-ကြည် နှလုံးသားစိတ်ဓာတ်ထိန်းသိမ်းမြှင့်တင်မွေးမြူကြ

"**ဆန်း**"ဆိုသည်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နောက်ဆုံးစာသားကိုရည်ညွှန်း၍"**ကြည်**"ဆိုသည်မှာဗိုလ်ချုပ်၏ဇနီးဖြစ်သူ ဒေါ်ခင်ကြည်၏ အမည်နောက်ဆုံးစာသားကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ယနေ့တိုင် မေ့မရနိုင်ကြဘဲ သူ့စကား သူ့တရားနှင့် သူ့စိတ်ဓာတ်နှလုံးသားသဘောထား များကို ပြန်လည်သတိရကြ၍ ထိုစိတ်ဓာတ်နှလုံးသား သဘောထားများကို သိရှိနားလည်ပြီး ထိန်းသိမ်းမြှင့်တင် မွေးမြူသွားနိုင်ကြရန် စာပေပညာရှင်ကြီးများ၊ နိုင်ငံရေးသုခမိန်ကြီးများ၏ လေ့လာတင်ပြချက်အချို့ကို တင်ပြလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းဟူသည် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးအဖြစ် အသိအမှတ်ပြုကြသည်။ ဗိုလ်ချုပ်နှင့်ပတ်သက်သည့် ဆောင်းပါးများ၊ စာအုပ်စာတမ်းများနှင့်မိန့်ခွန်းများကိုလည်း ထုတ်ဝေခဲ့ကြသည်။ ထို့ကြောင့် ပြည်သူအများသည် ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းကို အတော်ပင်သိရှိကြပြီဟု ဆိုနိုင်သည်။ အရေးအကြီးဆုံးအချက်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ရင်းအကျဆုံးသော စိတ်ဓာတ်နှင့်နှလုံးသားကို သိရှိနားလည်ကြရန်နှင့်မွေးမြူထိန်းသိမ်းမြှင့်တင်ကြရန် အမွေခံယူကြရန် လိုအပ်ပေသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးချစ်စိတ်ဓာတ်ထက်မြက်ပုံ၊ ဉာဏ်ပညာထက်မြက်ပုံ၊ ရိုးသားဖြောင့်မတ်ပုံ၊ သူရသတ္တိရှိပုံ၊ ပကာသနကင်းပုံ၊ ပညာရှာရာ၌ ရောင့်ရဲခြင်းကင်းပုံ၊ဖွဲ့ရှိပုံ၊အမြော်အမြင်ကြီးမားပုံ၊ စိတ်သဘောထားကြီးမားပုံတို့ကို မြန်မာတိုင်းရင်းသားလူငယ်များအားလုံး အတုယူရမည့် အင်္ဂါရပ်များဖြစ်ကြသည်ဟု ဆိုခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းဟူသော အာဇာနည်ပုဂ္ဂိုလ်ကြီး၏ ပြောဆိုရေးသားချက်များ၊ တွေးခေါ်မြော်မြင်ချက်များ၊ လုပ်ကိုင်ဆောင်ရွက်ချက်များအားလုံးကို ချုပ်၍ အနှစ်သာရ ထုတ်လိုက်ပါက ပင်ရင်းအကျဆုံး "အနှစ်သာရ"မှာ ဤသို့ဖြစ်ပါသည်။ **"ဗိုလ်ချုပ်အောင်ဆန်းသည် မတရားမှုဟူသမျှကို စက်ဆုပ်ရွံရှာသည့်စိတ်၊ မတရားမှုဟူသမျှကို တော်လှန်ဖျက်သိမ်းလိုသောစိတ်၊ တရားမျှတမှုကိုသာ ခံယူလိုဆောင်ရွက်လိုသောစိတ်၊ တရားသောလောကကြီးကို ဖြစ်ထွန်းစေလိုသောစိတ်တို့ပင် ဖြစ်လေသည်"**။

ထိုစိတ်ဓာတ်များဖြင့် ဗိုလ်ချုပ်သည် သူ့ကျွန်ဘဝမှလွတ်မြောက်ရေး၊ မြန်မာနိုင်ငံလွတ်လပ်ရေးစိတ်ဓာတ်ကို မွေးမြူပေးခဲ့ပြီး ရှေ့ဆောင်နိုင်ခဲ့သည်။ မတရားမှုကို တိုက်ဖျက်လိုသောစိတ်ဓာတ်ဖြင့်နယ်ချဲ့သွေးစုပ်မှု၏ ရေသောက်မြစ်

ဖြစ်သော အရင်းရှင်လူနေမှုစနစ်ကို ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်သည် ဆိုရှယ်လစ်ဖင်ခေါ် ပြည်သူအများကောင်းစားရေးဖြစ်သော သမစိတ္တဝါဒကို ခံယူနိုင်ခဲ့ပြီး လမ်းညွှန်မှုပေးနိုင်ခဲ့သည်။ နိုင်ငံနှင့်ပြည်သူတို့အတွက် လွတ်လပ်၍ တရားမျှတမှုဖြစ်စေရန် ပြည်သူ့ဆန္ဒအရ စစ်မှန်သော ဒီမိုကရေစီ၏အနှစ်သာရ သဘောတရားများကို ဟောပြောလမ်းညွှန်မှုများပေးခဲ့သည်။ အထူးသဖြင့် သူ၏ရင်သွေးများနှင့်ပတ်သက်၍ **အခြားသောအမွေအနှစ်များကို မပေးနိုင်ခဲ့ကာမှု(SENSE OF JUSTICE)တရားခြင်းကိုခံယူသော စိတ်ဓာတ်ရှိစေလိုသည်**ဟု အလေးအနက်ဖွင့်ဟပြောဆိုခဲ့ကြောင်း ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)၏ ရေးသားချက်တစ်ရပ်တွင် ဖတ်ရှုခဲ့ရသည်။ ဤသည်တို့မှာ ဗိုလ်ချုပ်အောင်ဆန်း၏ မူရင်းအခြေခံ နှလုံးသားစိတ်ဓာတ်များပင် ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ထို့အတူပင် ဗိုလ်ချုပ်၏ဇနီးဖြစ်သူ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်၏ စိတ်ဓာတ်နှလုံးသားကို လေ့လာကြည့်လျှင်လည်း လူသာမန်တို့ထက် မွန်မြတ်ထူးခြားမှုများကို တွေ့ရှိရမည်ဖြစ်သည်။ ဒေါ်ခင်ကြည်၏စိတ်ဓာတ်နှလုံးသားကောင်းမွန်မှုများစွာထဲမှ ဖြစ်ရပ်တစ်ခုကို တင်ပြရလျှင် ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ခဲ့သူ ဂဠုန်ဦးစောသည် ကြိုးမိန့်ကြပြီးနောက် ကျဆုံးခဲ့ရသော အာဇာနည် (၉) ဦးအား အသက်လျော်ကြေးပေးရန် ၎င်းပိုင် လက်ဝတ်ရတနာများကို ရောင်းချ၍ ရရှိငွေများအား အညီအမျှခွဲဝေပေးရန် ဇနီးဖြစ်သူ ဒေါ်သန်းခင်အား ထောင်တွင်းမှ မှာကြားခဲ့သည်။ ခင်ပွန်းဖြစ်သူမှာကြားချက်အတိုင်း ဒေါ်သန်းခင်သည် ဦးစော၏ဆန္ဒအတိုင်း ဒေါ်ခင်ကြည်အား ကျိုးကြောင်းတင်ပြ၍ အသက်လျော်ကြေးပေးသောအခါ ဒေါ်ခင်ကြည်က "**ရှင့်ယောကျ်ားက ကျွန်မယောကျ်ားကို လုပ်ကြံလို့ ကျွန်မမုဆိုးမဘဝရောက်ခဲ့ရပါပြီ။ ရှင်လည်း မကြာမီ မုဆိုးမဖြစ်တော့မှာမို့ အဲဒီလျော်ကြေးငွေကို မယူပါရစေနဲ့။ ဦးစောအတွက်သာ ဘဝကူးကောင်းအောင် ကုသိုလ်ဖါနတစ်ခုခုပြုလုပ်ပေးပါ**" ဟုပြောကြားခဲ့ကြောင်းသိရသည်။

ဤသည်မှာ လူသာမန်တို့ မထားရှိနိုင်သော စိတ်ဓာတ်နှလုံးသားနှင့် မွန်မြတ်သော မေတ္တာတရားကြီးမား၍ သည်းခံ ခွင့်လွှတ်ခြင်း ခန္တီပါရမီ ပြည့်ဝရင့်ကျက်သူတစ်ဦးအဖြစ် ရပ်တည်ချက်ပင်ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒေါ်ခင်ကြည်သည် လူသားဆန်သော နိုင်တိုင်း အနိုင်မကျင့်လို

သည့်စိတ်ဓာတ်ကို အရင်းခံလျက် စာနာမှုတရားလက်ကိုင်ထားသူတစ်ဦး၏ လုပ်ရပ်ပင်ဖြစ်ကြောင်း ပေါ်လွင်၍နေပေသည်။ ထို့အပြင် ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်၏ ဘဝခရီးဖော်ဇနီးသည်အဖြစ် ရပ်တည်ကြိုးပမ်းမှုများနှင့် ခင်ပွန်းသည်အား ပြုစုယုယမှု၊ ပါရမီဖြည့်ဖက်အဖြစ် ဆောင်ရွက်ခဲ့မှုတို့မှာလည်း အတုယူ၍ ခံယူကျင့် သုံးလိုက်နာဆောင်ရွက်သင့်သော အချက်များပင်ဖြစ်သည်။ ဗိုလ်ချုပ် ကွယ်လွန်ပြီးနောက်ပိုင်းတွင်လည်း ထိုစိတ်ဓာတ်နှလုံးသားတို့ဖြင့် ဗိုလ်ချုပ် ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း မိမိတတ်နိုင်သည့်ဘက်မှ တိုင်းပြည်ကပေးအပ်ခဲ့သော တာဝန်များကို ထမ်းဆောင်ခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ တိုင်းပြည်အတွက် အကျိုးပြု လုပ်ငန်းများ၊ အထူးသဖြင့် လူမှုဝန်ထမ်းလုပ်ငန်း၊ အမျိုးသမီးများနှင့် ကလေး သူငယ်အကျိုးပြု လုပ်ငန်းကျန်းမာရေးနှင့် သူနာပြုလုပ်ငန်းများနှင့် ဒီမိုကရေစီ သဘောတရား ပြန့်ပွားရေး လုပ်ငန်းစသည့်ပြည်တွင်းမှ လုပ်ငန်းများအပြင် နိုင်ငံတကာ အဖွဲ့အစည်းများမှပေးအပ်သည့်တာဝန်များကိုလည်း နှစ်ပေါင်းကြာမြင့်စွာ ဆောင်ရွက်ခဲ့ပြီး **၁၉၆၀ ခုနှစ်တွင် ပထမဦးဆုံးသော အမျိုးသမီးသံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်**။ ဤသို့ တာဝန်များထမ်းဆောင်ခဲ့ရာ၌ နိုင်ငံ့ ခေါင်းဆောင် ဇနီးမယားတစ်ဦးအနေဖြင့် ရယူလိုစိတ်အငွေ့အသက်ယှဉ်သော အကျိုးကို ဆောင်ရွက်မှုမပါရှိခဲ့ဘဲ အများအကျိုးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်ကွယ်လွန်ခဲ့သည်မှာ (၂၆)နှစ်ပြည့်မြောက်၍ အထိမ်းအမှတ်အခမ်းအနားတစ်ရပ်ကို သူ၏ဇာတိမြောင်းမြမြို့ လောကနန္ဒာ စေတီဝန်းအတွင်း (၂၈-၁၂-၂၀၁၄) နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း (၃၀-၁၂-၂၀၁၄) နေ့စဉ်ထုတ် စံတော်ချိန်သတင်းစာ၌ ဖတ်ရှုခဲ့ပါသည်။ ထို အခမ်းအနားတွင် သမီးဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်၏ "**နိုင်ငံတစ်ခုကို ဦးဆောင်သည့် နိုင်ငံ့ခေါင်းဆောင်တို့၏ ဇနီးမယားသည် ပေးဆပ်လိုသောစိတ်သာ ရှိရမည်ဖြစ်ပြီး ရယူလိုစိတ်များပါက နိုင်ငံကောင်းစား မည်မဟုတ်**ကြောင်း" ဆိုသည့် စကားလုံးလေးမှာ တိုတို တုတ်တုတ်နှင့် ထိရောက်လှသော စကားလေးဖြစ်သည်ဟု ဆိုချင်ပါသည်။ တစ်ဆက်တည်းတွင် သူ၏ **မိခင်ဒေါ်ခင်ကြည်သည် ပေးဆပ်ခဲ့သူတစ်ယောက် ဖြစ်ပြီး ရယူခဲ့သူမဟုတ်**ကြောင်း မိခင်၏ဖြတ်သန်းလာခဲ့ရသည့်ဘဝနှင့်ယှဉ်၍

အမျိုးသမီးများတွင် ရှိသင့်ရှိထိုက်သောအရည်အချင်းများကိုပါ မိခင်ကြီးအား ဂုဏ်ပြုစကားထည့်သွင်း ပြောကြားမှု များကို ပြောင်မြောက်ခဲ့ အမျိုးသမီးများနှင့် ပြည်သူတို့က လွန်စွာပင်အားရကျေနပ်မှု များရှိခဲ့ကြသည်ဟုလည်းသိရသည်။

အမှန်အားဖြင့်လည်း အထက်တွင် ဖော်ပြခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်နှင့် သဘောထားများနှင့် ဒေါ်ခင်ကြည်၏ခံယူကျင့်သုံးဆောင်ရွက်ခဲ့သည့် စိတ်ဓာတ်နှင့်နှလုံးသားတို့မှာ မျက်မှောက်ခေတ် မြန်မာအမျိုးသားအမျိုးသမီးတိုင်းက အစဉ်နှလုံးသွင်း၍ ထာဝစဉ်ထိန်းသိမ်းမြှင့်တင်မွေးမြူကြရမည့်နှလုံးသားစိတ်ဓာတ်များပင်ဖြစ်ပါကြောင်း တင်ပြရပါသတည်း။

–စောကျော်အေး(ပန်းဘဲတန်း)၊(၅-၃-၂၀၀၅) *Hot News* စာ-၂၉။

## ဘဝမှာအရေးအကြီးဆုံး

တည်ငြိမ်အေးချမ်းပြီးတော့ အသိဉာဏ်ရင့်ကျက်တဲ့
လူတစ်ယောက်ဖြစ်ဖို့အရေးဟာ ဘဝမှာ "အရေးအကြီးဆုံး"ဖြစ်တယ်။
ဘာဘွဲ့မှမရ၊ ဘာသင်တန်းမှ မအောင်လည်း သူ့ဘဝကိုသူ
သတိနဲ့ယှဉ်ပြီး၊ ဉာဏ်နဲ့ယှဉ်ပြီးနေသွားတဲ့သူကို
"ဘဝကို အောင်အောင်မြင်မြင်နေသွားတဲ့သူ"လို့ဆိုနိုင်တယ်။
ပစ္စည်းဥစ္စာတွေ အများကြီးရှိပေမယ့် ရာထူးအမြင့်ကြီးရှိပေမယ့်
စိတ်အေးချမ်းမှုမရှိရင် မအောင်မြင်တဲ့သူပဲ။ –ဆရာတော်ဦးဇောတိက။

## ချစ်တာချင်းတူပေမယ့်



ချစ်တာချင်းတူပေမယ့် အသိဉာဏ်ကွာသွားတော့
အပြုအမူပိုင်းလည်း ကွာသွားတော့တာပါ။
အပြုအမူပိုင်းရဲ့ နောက်ကွယ်မှာ ကောင်းကျိုးဆိုးကျိုး
အကျိုးဆက်တွေက ရှိနေတာဆိုတော့
ကိုယ့်အပြုအမူကို အထူးသတိထားရမှာပါ။
ဘဝမှာ အသိဉာဏ်ရှိတဲ့ အချစ်တွေနဲ့ချစ်ဖို့
သိပ်အရေးကြီးပါတယ်။

–အရှင်ရာဇိန္ဒ(ရေဝေနွယ်–အင်းမ)။

# နံနက်ခင်းမှာ ရေချိုးခြင်း၏ ကောင်းကျိုး ၆ ချက်

**၁။ သွေးလည်ပတ်မှုကို ပိုမိုပြီး ကောင်းမွန်စေပါတယ်**

နံနက်ခင်းမှာ ရေအေးနဲ့ချိုးတာထက် ရေနွေးနဲ့ချိုးတာက ပိုမိုပြီး သွေးလည်ပတ်မှုကို အားကောင်းစေပါတယ်။ ဒါ့အပြင် ကြွက်သားများကို တောင့်တင်းသန်မာစေနိုင်ပါတယ်။ ရေနွေးနဲ့ရေချိုးခြင်းဟာ ကျန်းမာရေးအတွက်လည်း များစွာ အထောက်အကူပြုစေပါတယ်။

**၂။ ပေါ့ပါးလွတ်လပ်စေတယ်**

အိပ်ယာနိုးတဲ့အခါမှာ ထိုင်းထိုင်းမှိုင်းမှိုင်းကြီးဖြစ်နေရင် မနက်ခင်းရေချိုးလိုက်တဲ့အတွက်ကြောင့် ပေါ့ပါးလွတ်လပ်သွားပါတယ်။

**၃။ ဖိစီးမှုတွေကို သက်သာစေပါတယ်**

နံနက်ခင်းရေချိုးခြင်းဟာ စိတ်ဖိစီးမှုတွေကို သက်သာပျောက်ကင်းစေပါတယ်။ ဒါကြောင့် စိတ်ဖိစီးမှုတွေဖြစ်နေခဲ့ရင် မနက်ခင်းရေချိုးခြင်းက များစွာ အထောက်အကူပြုစေမှာပါ။

**၄။ ကြွက်သားများအတွက်လည်း ကောင်းမွန်စေပါတယ်**

နံနက်ခင်းမှာ လမ်းလျှောက်တာပဲဖြစ်ဖြစ်၊ gym ဆော့တာပဲဖြစ်ဖြစ် လေ့ကျင့်ခန်းတစ်စုံတစ်ရာ လုပ်ပြီးတာနဲ့ ရေချိုးခြင်းဟာ ကြွက်သားများကို ပိုမိုပြီး သန်မာစေပါတယ်။

**၅။ အမျိုးသားတွေအတွက် အထူးပင် ကောင်းမွန်ပါတယ်**

တယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ တစ်ပတ်မှာ တစ်ကြိမ်ခန့်အေးတဲ့ရေနဲ့ နံနက်ခင်း ရေချိုးခြင်းဟာ သုတ်ပိုးများကို ပိုမိုပြီး ဖွံ့ဖြိုးစေနိုင်တယ်လို့ ဆိုပါတယ်။

**၆။ ဆံပင်အတွက်လည်း ကောင်းမွန်စေပါတယ်**

ရေနွေး(သို့)ရေအေးနဲ့ နံနက်ခေါင်းလျှော်ခြင်းဟာ ဆံပင်မကျွတ်ခြင်းအတွက် အထူးပင် ကောင်းမွန်စေပါတယ်။ ဒါ့အပြင် ဆံပင်သားမကောင်းခြင်း၊ မွဲခြောက်ခြောက်ဖြစ်ခြင်းတို့အတွက်လည်း ကာကွယ်တားဆီးပေးပါတယ်။

*Ref- venusbuzz*

*ကျော်ထင်းနိုင်(မိုးရာလေး)*
*www.yoyarlay. com*

## ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်တော်ကို သိပ္ပံနည်းအရလေ့လာခြင်း

**(ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးဖြစ်ရတာ ဂုဏ်ယူတယ်ဆိုရင် သည်ပို့စ်ကို 100 Terabyte ပြုလုပ်ပေးပါ။)**

သာမန်လူတစ်ယောက်၏ ဦးနှောက်တွင် သတင်းအချက်အလက်များ သိမ်းဆည်းနိုင်မှုသည် 100 Terabyte ခန့်ရှိသည်ဟု နောက်ဆုံးပေါ် အင်မတန် တိကျသေချာသော သုတေသနများမှ ဆိုထားသည်။ 100 Terabyte ဟူသော ပမာဏသည် 102400 GB နှင့်ညီမျှသည်။ ပျမ်းမျှ HD video တစ်ခုသည် အရွယ် အစားအားဖြင့် 2-5 Gb မျှသာရှိသည်။ ထိုသို့ဆိုလျှင် ဦးနှောက်၏ သိမ်းဆည်း နိုင်မှုပမာဏ မည်မျှများပြားကြောင်းသင်သိရှိနိုင်ပါသည်။ သို့ပေမဲ့ 100 Terabyte ဟူသော ပမာဏသည် စကြဝဠာတစ်ခုလုံးကို သိရှိနိုင်ရန်အတွက် အလွန်ပင် သေးငယ်လွန်းလှပါသည်။ သို့သော်လည်း ထိုအချက်ကို သိပ္ပံပညာရှင်များမှ လေ့လာရာ ဗုဒ္ဓ၏အရာအားလုံးကို သိမြင်သောဉာဏ်ခေါ် သဗ္ဗညုတဉာဏ် တော်ကို ရှာဖွေတွေ့ရှိခဲ့သည်။

သတင်းအချက်အလက် တစ်ခုမှာ ဂုဏ်သတ္တိသုံးမျိုးရှိပါတယ်။ တစ်ခုကဒြပ်ထု (Mass) နောက်တစ်ခုက ထုထည်(volume) နဲ့ နောက်တစ်ခုကတော့ဖြင့် သိပ်သည်းဆ(Density) ဆိုပြီးဖြစ်ပါတယ်။ ငယ်ငယ်တုန်းက ညီမျှခြင်းလေး အတိုင်းပဲ သိပ်သည်းဆ(density)ကိုလိုချင်ရင် ဒြပ်ထုကိုတည်ပြီး ထုထည် (volume)နဲ့ စားရပါတယ်။ တကယ်လို့ ထုထည်(Volume)ကိုနည်းနည်းလေးပဲ ဖြစ်ချင်တယ်ဆိုရင် ချုံ့ချလိုက်ပါက သိပ်သည်းဆ အလွန်များပြားသွားမည်ဖြစ်ပြီး ဒြပ်ထု(Mass) ကတော့ ဘယ်တော့မှ ပြောင်းလို့ရမည်မဟုတ်ပါ။ အစကမူ သဗ္ဗညုတဉာဏ်တော် မဖြစ်နိုင်ကြောင်း ယူဆထားကြရာမှ ယခုမူ ထိုအချက် ပေါ်မူတည်ပြီး ဖြစ်နိုင်သည်။ သတင်းအချက်အလက်တစ်ခုကို ဒြပ်ထု မပြောင်းလဲပါပဲနဲ့ ထုထည်ကိုချုံ့ကာ သိမ်းဆည်းနိုင်သည်ဟူခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ပါကမ100 Terabyte ဖြင့် စကြဝဠာတစ်ခုလုံး၏ သတင်းအချက် အလက်များကို ပြည့်စုံစွာ သိမ်းဆည်းထားနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့ သာမန်လူများမှာ လုပ်နိုင်မည်မဟုတ်ပါ။ ဗုဒ္ဓရှယ်တော်၏ DNA စစ်ဆေးချက် အရ ဗုဒ္ဓမှာSupereme Lord တစ်ပါးဖြစ်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သောကြောင့် Supereme Lord များမှာ လုပ်နိုင်ကြောင်း သံသယဖြစ်ဖွယ်မရှိပါ။ ထိုသို့ သတင်းအချက်အလက်ကို ချုံ့ပစ်ရန်အတွက် စွမ်းအင်ပမာဏအများကြီး

လိုအပ်ပါတယ်။ မနေ့က တင်သော ပို့စ်တွင် ဗုဒ္ဓ၏ရောင်ခြည်တော်လွှတ်ခြင်းကို သက်သေပြခဲ့ပြီးဖြစ်၏။ ထိုပို့စ်တွင် ဗုဒ္ဓ၏ဉာဏ်တော်မှထွက်သော စွမ်းအင်ပမာဏမှာ မဟာပေါက်ကွဲမှုကြီးဖြစ်သော စွမ်းအင်ပမာဏနှင့်ရှိကြောင်းသိရပါသည်။ ထို့အတွက် သုတေသနနှစ်ခုမှာ အံဝင်ခွင်ကျဖြစ်လျက်ရှိသည်ကို သိရပါသည်။

ထိုထက်စိတ်ဝင်စားဖွယ်ကောင်းသည့်မှာ ယခုအချက်ကို လွန်ခဲ့သော ၁၉ နှစ်ခန့်တွင် Eugene Roshal ဟူသော ကွန်ပျူတာသိပ္ပံပညာရှင်တစ်ယောက်မှ တွေ့ရှိပြီးဖြစ်သည်။ ဗုဒ္ဓ၏သတင်းအချက်အလက်များကိုချုံ့ကာ သိမ်းဆည်းသောနည်းပညာကိုယူပြီး သူသည် ကွန်ပျူတာSoftware တစ်ခုပင် ရေးခဲ့သေးသည်။ ထိုSoftware ၏အမည်မှာWinrar ဖြစ်ပါသည်။ Roshal သည် သူ၏နည်းပညာ ကမ္ဘာကျော်သွားပြီးသည့်အခါတွင် ဗုဒ္ဓဘာသာမှ ထိုနည်းပညာရရှိသည်ဟု ထုတ်ဖော်ပြောလိုက်ပါက ဗုဒ္ဓဘာသာ ကမ္ဘာကျော်သွားမည်ကို စိုးရိမ်ပြီး လိမ်လည်ကာ မရိုးမသားပြုခဲ့ပါသည်။ "သိပ္ပံလောကမှာ အဲ့ဒီလိုမရိုးမသားပြုတာဟာ အင်မတန်ကိုမှ ရှက်ဖွယ်ကောင်းပါတယ်"ဟု ယခု သုတေသနကို ဦးစီးပြုလုပ်သော ဗုဒ္ဓဃာအခြေစိုက် Stanford-Ananda Institute of Applied Buddhism မှ အမှုဆောင်အရာရှိချုပ် တစ်ဦးဖြစ်သူ Dr. Sakthone-makyauk Oley မှ ရှုံ့ချပြောဆိုခဲ့ပါသည်။

***Ref;Oley,S.(2015).Stanford Ananda Journal.Is Omniscience Possible?.Scientific Buddhism,5(3),37-41***

***-Scientific Buddhist, facebook .***

# မိန်းမတစ်ယောက်ရဲ့တန်ဖိုး



ချစ်သူများနေ့က ကိုယ့်ဘဝပျက်တဲ့နေ့မဖြစ်ပါစေနဲ့။
အပျိုကနေ အအိုဖြစ်ဖို့က ငါးမိနစ်မကြာဘူး။
အအိုကနေ အပျိုပြန်ဖြစ်ချင်လို့ ရှိသမျှစည်းစိမ်
ပုံပေးမယ်ဆိုရင်တောင် ဒီဘဝ ပြန်မရနိုင်တော့ဘူး။
လက်မထပ်သေးဘဲ အအိုဖြစ်သွားရင် မိန်းမတန်ဖိုးကျသွားပြီ။
မိန်းမတစ်ယောက်ရဲ့တန်ဖိုးဆိုတာ
လှတာချမ်းသာတာကို ဆိုလိုထားခြင်းမဟုတ်၊
အပျိုစင်ဘဝကို ရည်ညွှန်းထားတာပါ။

***-Online ချစ်သူ။***


အဲ့ဒါ တရုတ် အပေါင်ဆိုင်လေ..
ဟော့ဒါ တရုတ်စားသောက်ဆိုင်ပေါ့..
ဒီဘက်က တရုတ်၊ ရွှေဆိုင်တွေ သားရဲ့...
ဟိုဘက်မှာ ကုလား စားသောက်ဆိုင်..
ဒီမှာလား တရုတ်ဆိုင်ပဲလေ..
ဟိုမှာကျ ကုလားဆိုင်ကွ...
ဟင်.. ဒါဆို ဗမာ ဆိုင်တွေရောဟင်...
ဟိုမှာတွေ့လား..စည်ပင်ကဲတွေကားပေါ်..ပါသွားတာ
အဲဒါ ဗမာဆိုင်တွေပဲကွ...
Goodluck

Cartoon KTH


OK

## ဂျိဟတ်ဒီဂျွန်ဆိုတာ ခွေးထက်မိုက်တဲ့အကောင်ပါ ဖခင်ဖြစ်သူခေါ်ဆို

ဂျိဟတ်ဒီဂျွန်၏ဖခင်က ၎င်း၏သားဖြစ်သူကို "**ခွေးကောင်၊တိရစ္ဆာန်ကောင်၊ အကြမ်းဖက်သမား**"ဟု စိတ်ဒေါသဖြစ်စွာနှင့်ခေါ်ဆိုခဲ့ပြီး ၎င်းအား ယတိပြတ်စွန့်လွှတ်ကြောင်း ပြောကြားခဲ့သည်။ အိုင်အက်စ်တို့၏ စစ်သွေးကြွနယ်မြေတွင် ဓားစာခံများကို လူမဆန်ရက်စက်စွာ လည်ဖြတ်သတ်ခဲ့သည့် ဂျိဟတ်ဒီဂျွန်ဆိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့ပြီးနောက် ၎င်း၏ဖခင် **ဂျက်ဆင်း အမ်ဝါဇီ**က မိတ်ဆွေတစ်ယောက်ထံ ဖုန်းဆက်ပြောကြားရာတွင် ၎င်း၏သားကြောင့် သူ့မှာ အရှက်ရမိကြောင်း ပြောကြားခဲ့သည်။

ကူဝိတ်နိုင်ငံ ကျေးလက်စတိုးဆိုင်တွင် မစ္စတာဂျက်ဆင်အမ်ဝါဇီနှင့်အတူ အလုပ်လုပ်ကိုင်နေသော **အဘူဇက်ရှား**ဆိုသူက မစ္စတာဂျက်ဆင်းသည် ၂၀၁၃ ခုနှစ်က ၎င်း၏သားကို စွန့်လွှတ်ခဲ့ကြောင်း တယ်လီဂရပ်သတင်းစာကို ပြောပြခဲ့သည်။ ၎င်း၏သားဖြစ်သူမှာ ရက်စက်ကြမ်းကြုတ်သော လူသတ်သမားတစ်ဦးဖြစ်ကြောင်း မီဒီယာများ၌ စတင်ဖော်ပြကတည်းက ဖခင်ဖြစ်သူ ဂျက်ဆင်းမှာ ရှက်လွန်း၍ အလုပ်ကိုပင် မသွားရဲအောင်ဖြစ်ခဲ့ရသည်ဟုဆိုသည်။ ကူဝိတ်အာဏာပိုင်များကလည်း မစ္စတာဂျက်ဆင်းကို ဂျိဟတ်ဒီဂျွန်နှင့် ပတ်သက်၍ ခေါ်ယူပြီး စစ်ဆေးမေးမြန်းခဲ့သည်ဟု ဆိုသည်။

မစ္စတာဂျက်ဆင်းအမ်ဝါဇီသည် ယခင်က ကူဝိတ်တွင် ရဲအရာရှိတစ်ဦးဖြစ်ခဲ့သော်လည်း ၁၉၉၀ပြည့်နှစ်နှင့် ၁၉၉၁တွင် အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်က ကူဝိတ်ကို ကျူးကျော်တိုက်ခိုက်မှုနောက်ပိုင်းတွင် အမ်ဝါဇီမိသားစုမှာ အီရတ်မှ ပြောင်းရွှေ့လာသူများဖြစ်၍ ကူဝိတ်နိုင်ငံအပေါ် သစ္စာခံခဲ့မှုနှင့်ပတ်သက်ပြီး သံသယဖြစ်စရာရှိလာခဲ့သည်။

မစ္စတာအမ်ဝါဇီသည် ဇနီးနှင့်မိသားစုကို ခေါ်ယူပြီး ၁၉၉၃တွင် လန်ဒန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ၂၀၀၂ခုနှစ်တွင် ဗြိတိသျှနိုင်ငံသား အသိအမှတ်ပြုခံရသည်။ နောက်တစ်နှစ်တွင် ၎င်းသည်ကူဝိတ်နိုင်ငံသို့ ပြန်သွားခဲ့သည်။ ဂျိဟတ်ဒီဂျွန်ကို ၁၉၈၈တွင်ကူဝိတ်နိုင်ငံ၌မွေးခဲ့သည်။ပင်လယ်ကွေ့စစ်ပွဲအပြီးတွင်မိသားစုနှင့်အတူ ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ပြီး လန်ဒန်တက္ကသိုလ်မှဘွဲ့ရခဲ့သည်။၂၀၀၉ခုနှစ်တွင် အလုပ်လုပ်ရန်အတွက် ကူဝိတ်သို့ပြန်သွားခဲ့သည်။ Ref; Telegraph

–ထွန်းဝင်းထွန်း (စောင့်ကြည့်သတင်းဂျာနယ်)

**မှတ်ချက်။ ။ တက္ကသိုလ်က ဘွဲ့ရတိုင်း လူကောင်းမဟုတ်။**

# ဗိုလ်အောင်ဆန်းလို သူ့ရဲကောင်းတွေ မွေးစုမယ်



၂၀၁၅၊ ဖေဖော်ဝါရီ ၁၃ မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ် ၁၀၀ပြည့် မွေးနေ့ကျရောက်ခဲ့ပါပြီ။ ဗိုလ်ချုပ်သာ ရှိဦးမယ်ဆိုရင်ဖြင့် အသက် ၁၀၀ပြည့်မယ့်နေ့ပေါ့။ လူ့သက်တမ်း ၁၀၀ရယ်လို့ဆိုပေမယ့် လူ့လောကမှာ အသက် ၁၀၀ရယ်လို့နေရတဲ့သူဆိုတာ အင်မတန်ရှားပါတယ်။ သက်တမ်း နှစ် ၁၀၀နေရဖို့ ခဲယဉ်းတဲ့အထဲမှာမှ ပိုခဲယဉ်းတာကတော့ သေလွန်သွားတဲ့ လူတယောက်ကို လူများစွာက နှစ်ပေါင်းများစွာ ကြည်ညိုနေဖို့၊ လေးစားနေဖို့၊ သတိရနေဖို့ဆိုတဲ့ ကိစ္စပါပဲ။

ဒါကြောင့်လည်း "သေသောသူ ကြာရင်မေ့" ဆိုတဲ့ ဆိုရိုးစကားပေါ်လာရတာပဲပေါ့။ သေသောသူကို ကြာရင်မေ့ဆိုပေမယ့် လူ့လောကအသိုင်းအဝိုင်းက မမေ့နိုင်တဲ့သူတွေလည်းရှိပါတယ်။ အကြောင်းများစွာနဲ့ မမေ့နိုင်သူတွေထဲမှာမှ သေသူကိုမုန်း လို့၊ ရွံလို့၊ စိတ်နာလို့ မမေ့နိုင်သူတွေ များလှပေမယ့် ကြည်ညို လွမ်းဆွေတ်စွာ၊ အတုယူအားကျစွာနဲ့ မမေ့မလျော့နိုင်ဖြစ်ရတဲ့သူကတော့ ဒီကမ္ဘာမှာ သိပ်ကိုမှ နည်းလွန်းပါတယ်။ လူတွေရင်ထဲမှာ ကြည်ညိုလို့၊ ဂုဏ်ယူလို့၊ အားကျလို့၊ ချစ်လို့မမေ့နိုင်တဲ့ လူအနည်းစုထဲမှာ ကျမတို့ဗိုလ်ချုပ်အောင်ဆန်းပါပါတယ်။

ဗိုလ်ချုပ်ကို ကျမတို့ဘာလို့မမေ့သလဲ၊ ဘယ်လိုအရာတွေကို မမေ့သလဲလို့ ပြန်စဉ်းစားကြည့်ရင် ကျန်တဲ့ဂုဏ်ပုဒ်တွေကို ဖယ်ထားလိုက်ဦး၊ **သူ့ရဲ့ရိုးသားတဲ့စိတ်၊ ဖြောင့်မတ်တဲ့စိတ်ကိုပဲ ကျမတို့မမေ့ကြတာပါ။ သူအင်မတန်ရိုးတယ်၊ အင်မတန်ဖြောင့်တယ်လို့ သမိုင်းမှာ နာမည်ကျော်ပါတယ်။ ဒါဟာသူ့ရဲ့အထူးခြားဆုံးဂုဏ်ပုဒ်ပါ**။ ဗိုလ်ချုပ်တစ်ယောက်အနေနဲ့၊ တပ်တွင်းမှာအာဏာရှိသူတစ်ယောက်အနေနဲ့ နေခဲ့ရတာတောင်မှ ရိုးဂုဏ်ကို တစ်ချက်လေးမှ အပွန်းမခံခဲ့တာဟာ ဗိုလ်ချုပ်ကိုကြည်ညိုလေးစားတဲ့ အချက်ပဲဖြစ်ပါတယ်။

ဗိုလ်ချုပ်ရဲ့ ရိုးသားမှု၊ ဗိုလ်ချုပ်ရဲ့ဖြောင့်မတ်မှု၊ ဗိုလ်ချုပ်ရဲ့ တာဝန်ယူတတ်မှုတွေကို စာအုပ်တွေထဲမှာ ကျမဖတ်ခဲ့ရတိုင်း ဗိုလ်ချုပ်အမေဒေါ်စုကို ကျမစိတ်ဝင်စားမိရတယ်။ အဘွားစု ဘယ်လိုများ သူ့သားလေးကို ထိန်းကျောင်းပြုစုခဲ့ပါလိမ့်ပေါ့။ ကျမဟာ ဗိုလ်ချုပ်လောင်းလျာလေး မောင်ထိန်လင်းဘဝမှာကတည်းက မောင်ထိန်လင်းလေး မတရားမလုပ်ချင်တာ၊ မောင်ထိန်လင်းလေး ဖြောင့်မတ်တာ၊ မောင်ထိန်လင်းလေး ဆင်းရဲသားတွေဘက်က၊ အားနည်းသူဘက်က ကူညီချင်တာတွေကို ဖတ်ရတိုင်းမှာပဲ ကျမတို့နိုင်ငံမှာ မောင်ထိန်လင်းလေးတွေ များစေချင်ပါတယ်။ မောင်ထိန်လင်းလေးတွေသာ များလာမယ်ဆိုရင်ဖြင့် ကျမတို့လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးပြောင်းလဲသွားမှာပဲလို့လည်းတွေးမိပါတယ်။

တကယ်တော့ မောင်ထိန်းလင်းလေးတွေ ဖြစ်လာအောင်လို့ ကလေးတွေကို ငယ်ငယ်ကတည်းက ကျမတို့ လေ့ကျင့်ပေးလို့ရပါတယ်။ **ရိုးသားဖြောင့်မတ်တဲ့ ကလေးတွေဖြစ်စေဖို့အတွက် အရေးကြီးဆုံးအရာကတော့ ကလေးများလိမ်မပြောတတ်ဖို့ပါပဲ။ လိမ်မပြောတတ်တဲ့ကလေးတွေဖြစ်ဖို့အတွက် အရေးအကြီးဆုံးလူကတော့ မိဘပဲဖြစ်ပါတယ်**။ ကလေးတို့ဟာ ရှေ့ကလူကြီးတွေလုပ်တာမှန်သမျှကို အတုခိုးပြီးတော့ လိုက်လုပ်တတ်ကြသူများမို့လို့ ကလေးရှေ့မှာလူကြီးက လိမ်မပြောမိဖို့သိပ်ကိုအရေးကြီးပါတယ်။ တယ်လီဖုန်းလာတဲ့အချိန်မှာ ''ဖေဖေမရှိဘူးပြောလိုက်''ဆိုပြီးတော့ ကလေးကိုပြောခိုင်းတာမျိုးကအစ မိဘများအနေနဲ့ ဆင်ခြင်ကြရမှာပါ။

ဖေဖေ မသိစေနဲ့၊ မင်းမေမေ မသိစေနဲ့နော်။ မင်းတို့အဘွားကို လုံးဝသွားမပြောနဲ့စတဲ့ ကိုယ်မသိစေချင်၊ ကိုယ်ခိုးဝှက်လုပ်ထားတဲ့ အမှုတွေကို ကလေးတို့ကို နှုတ်ပိတ်တဲ့အပြုအမူမျိုးကို တချို့မိဘများလုပ်လေ့ရှိပါတယ်။ ဒီလိုလုပ်ခြင်းဟာ ကလေးတို့ကို သွယ်ဝိုက်ပြီးတော့ လိမ်ညာခိုင်းတာနဲ့အတူတူပါပဲ။ ကလေးတို့အတွက် အင်မတန်မှ စိတ်အဆိပ်သင့်စေတဲ့ ပြောနည်းများပါပဲ။

ကလေးတို့မှန်တာကိုလုပ်ရဲအောင်၊ လုပ်ဝံ့အောင်လို့ ကလေးအမှန်ပြောတိုင်းမှာ ကလေးကို အပြစ်တင်ဆူပူတာမျိုး လုံးဝမလုပ်ရပါဘူး။ အမှန်တရားကို ချစ်ရမယ်လို့ ပါးစပ်က ပြောနေတာထက်စာရင် လူကြီးကိုယ်တိုင်က အမှန်တရားကို ကလေးအရှေ့မှာ ချစ်ပြရပါမည်။ စည်းကမ်းကို လိုက်နာရပါမယ်။ ဥပဒေကို လေးစားတတ်ရပါမယ်။

ကျမတို့ နိုင်ငံမှာ ဥပဒေရဲ့ အထက်မှာ အရာများစွာရှိနေကြပါတယ်။ ဒါကို ကလေးတို့ဟာ အရွယ်မတိုင်ခင်မှာကတည်းက မြင်ခြင်းအားဖြင့်လည်းကောင်း၊ ကြားခြင်းအားဖြင့်လည်းကောင်း သင်ကြားခွင့်ရနေကြပါတယ်။ ဥပမာ–ကားကို ရဲဖမ်းတယ်ဆိုပါတော့။ **လိုင်စင် မသိမ်းအောင်လို့ ရဲကိုပိုက်ဆံပေးလာဘ်ထိုးလိုက်တဲ့ ကိစ္စမျိုးကအစ တော်တော်များများ အရာတွေကို ငွေကြေးအင်အား၊ အသိအကျွမ်းအင်အား၊ အာဏာအင်အားနဲ့ ဥပဒေရဲ့အထက်ကနေ ဖြေရှင်းလို့ရနေပါသေးတယ်။ ဒီအမြင်မျိုးကို ငယ်ငယ်ကတည်းက ကိုယ့်ရှေ့မှာ မြင်တွေ့နေရတဲ့ ကလေးတစ်ယောက်ဟာ တင်းပြည့်ကျပ်ပြည့်ရိုးသားနိုင်ဖို့ အတွက် တော်တော်ပဲခက်ခဲသွားရပါပြီ။ သူတို့မျက်လုံးထဲမှာ မရိုးသားတာ၊ မတရားတာလုပ်တာကအစ လာဘ်ပေးတာ၊ လာဘ်ယူတာ ဒါတွေဟာ ရှက်စရာမဟုတ်ဘူး၊ သာမန်လုပ်ရိုးလုပ်စဉ်ကိစ္စများပဲလို့ ထင်သွားနိုင်ပါတယ်။**

မိုလ်ချုပ်ရဲ့စိတ်မျိုးကို ကလေးတို့ရင်ထဲမှာ ကိန်းစေဖို့ဆိုရင်တော့ အိမ်မှာ၊ ကျောင်းမှာ ကလေးတို့နဲ့ထိတွေ့ဆက်ဆံနေရတဲ့လူကြီးမှန်သမျှ ကလေးတို့နဲ့ ဆက်ဆံတဲ့အချိန်မှာ ရိုးသားဖြူစင်ဖို့လိုပါတယ်။

ကျမတို့ဟာ ကလေးတွေရှေ့မှာ ကလေးတွေပဲ၊ ဘာနားလည်းမှာလဲလို့ ထင်တတ်ကြပါတယ်။ ဒါကြောင့်လည်း ကလေးရှေ့မှာ သိပ်ဂရုမစိုက်ကြပါဘူး။ လိမ်ညာတာတွေ၊ ကောက်ကျစ်တာတွေ၊ ကွယ်ဝှက်တာတွေကိုလည်း ကလေးရှေ့မှာပဲလုပ်မိလိုက်ကြပါတယ်။ အမှန်တော့ ဒါဟာ တော်တော်မလုပ်သင့်တဲ့ အရာပါ။ လူကြီးတော်တော်များများဟာ ကလေးတို့ကို ကတိစကားတွေလည်း လွယ်လွယ်ပေးတတ်ကြပါသေးတယ်။ ဘယ်နေ့ တိရစ္ဆာန်ရုံကို လိုက်ပို့မယ်၊ကစားကွင်းသွားကြမယ်လို့ပြောပြီး မလိုက်ပို့ဖြစ်တာ၊ အလုပ်များလို့မသွားဖြစ်တာတွေနဲ့ ကတိပျက်ကြတော့တာပါပဲ။ ဒီလိုကတိပျက်လိုက်တဲ့အခါ ကလေးတို့ကို နောက်တစ်ကြိမ် ကစားကွင်းလိုက်ပို့လို့၊ တိရစ္ဆာန်ရုံလိုက်ပို့လို့ရတာမှန်ပေမယ့် **ကတိဆိုတာပေးပြီးရင် လွယ်လွယ်ဖျက်လို့ရတာပဲလို့ ကလေးတို့သင်ယူသွားနိုင်တာမို့လို့ ဓိတများ ဆင်ခြင်ရမယ့်အရာပါ**။ ကတိဆိုတာပေးပြီးရင် တည်ရ

ပါတယ်။ ကိုယ့်ပါးစပ်က ပြောလိုက်တဲ့စကားတခွန်းဟာ ကလေးကို ပြောလိုက်တာဆိုပေမယ့် ပြောသူဟာ ကိုယ်ကိုယ်တိုင်ပဲမို့လို့ ကိုယ့်ကိုယ်ကိုယ်လေးစားတဲ့အနေနဲ့ ကတိတည်ရပါတယ်။ ကိစ္စတခုကို ဖြေရှင်းတဲ့နေရာမှာ လွယ်လွယ်နဲ့ပြီးရောပြောချလိုက်တဲ့ အကျင့်မျိုးကို ကလေးတို့အတုမိုးမှားရအောင်၊ ကိုယ့်ရဲ့နှုတ်ထွက်စကားနဲ့၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်အောင်လို့ ကလေးတို့ကို လွယ်လွယ်ကတိမပေးရပါဘူး။ တကယ်လို့လူကြီးက အလုပ်များတတ်သူမျိုးဆိုရင် "သားရေ မေမေ ဒီစနေ အားရင်တော့ ကစားကွင်းလိုက်ပို့ပေးမယ်၊ မအားရင်တော့ မပို့နိုင်ဘူး၊ ကြိုးစားကြည့်ပေးမယ်နော်" ဆိုတာမျိုးပဲ ပြောထားရမှာပါ။ "အေးလိုက်ပို့ပေးမယ်" လို့ပြောလိုက်မိပြီဆိုရင်တော့ တကယ်ကို လိုက်ပို့ပေးနိုင်အောင်လို့ကြိုးစားဖို့လိုပါတယ်။

ကျမတို့ဟာ ဗိုလ်ချုပ်ကို လေးစားကြပါတယ်။ ဗိုလ်ချုပ်စိတ်ဓာတ်ကို ကြည်ညိုကြပါတယ်။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျမတို့ရဲ့ အတုမိုးအားကျစရာ စိတ်ဓာတ်ပိုင်ရှင်ပါ။ ကိုးကွယ်စရာတန်ခိုးရှင် မဟုတ်ပါဘူး။ ဗိုလ်ချုပ်ကို တကယ်လေး စားကြည်ညိုတယ်ဆိုရင်ဖြင့် မောင်ထိန်လင်းလေးတွေကို ကျမတို့မွေးမြူကြရမှာပါ။ မောင်ထိန်လင်းလေးတွေ များလာပြီဆိုရင်ဖြင့် ရိုးသားတဲ့၊ ဖြောင့်မတ်တဲ့၊ တည့်တည့်ပြော တည့်တည့်တွေးတတ်တဲ့ နိုင်ငံသားကောင်းတွေလည်း များလာမှာပါပဲ။ ရိုးသားဖြောင့်မတ်သူ၊ မဟုတ်တာလုပ်ဖို့ ရှက်သူ၊ အားနည်းသူကို ညှာတာတတ်သူ၊ လှုပီသသူ လူကလေးများ များလာပြီဆိုရင်တော့ ကျမတို့နိုင်ငံလည်း ပြောင်းလာမှာ အမှန်ပါပဲ။

မောင်ထိန်လင်းလေးတွေ မွေးဖွားဖို့၊ မောင်ထိန်းလင်းတွေ ပေါ်လာဖို့ဆိုတဲ့ ကိစ္စကတော့ ကလေးများနဲ့နီးစပ်သူ လူကြီး၊ မိဘများအားလုံးမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ အနာဂတ်မှာ ရိုးသားဖြောင့်မတ်တဲ့၊ စာနာညှာတာတတ်တဲ့၊ ကိုယ်ချင်းစာတရားရှိတဲ့ ဒေါင်ဒေါင်မြည်မောင်ထိန်လင်းလေးတွေ များလာစေဖို့အတွက် ကလေးများနဲ့နီးစပ်သူ ဆရာ ဆရာမများ၊ မိဘဆွေမျိုးများအနေနဲ့ ကူညီလေ့ကျင့်ပေးကြပါဦး။

ဒီဆောင်းပါးနဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြုလိုက်ပါတယ်။

*–ခေတ်ဘုန်းသစ်၊ (၂၂-၂-၂၀၁၄၊ ဧရာဝတီဂျာနယ် စာ-၄၂။*

မကောင်းသော အပေါင်းအဖော်များနှင့်နေရခြင်းထက် တစ်ဦးတည်းနေရခြင်းက ပို၍ကောင်း၏။ *Better be alone than in bad company.*

## ခင်ဖို့ကောင်းတဲ့သူတွေပြုလုပ်လေ့ရှိတဲ့အကျင့်(၉)မျိုး

ခင်ဖို့ကောင်းတဲ့သူတွေကို တစ်ခါတစ်လေတွေ့ရလေ့ရှိပါတယ်။ သူတို့တွေက ဘယ်နေရာဖြစ်ဖြစ် လူချစ်လူခင်များလေ့ ရှိပါတယ်။ သင်ရော သူတို့လိုမဖြစ်ချင်ဘူးလား? ဒီဆောင်းပါးမှာတော့ သူတို့တွေပြုလုပ်လေ့ပြုလုပ်ထရှိတဲ့ အကျင့်(၉) မျိုးကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**(၁) ဖြတ်မပြောဘဲ နားထောင်ခြင်း**

သူတို့တွေက သင်စကားပြောနေရင် ဘယ်တော့မှဖြတ်ပြောလေ့မရှိပါဘူး။ သင့်ခံစားချက်တွေကို အမှန်တကယ်စိတ်ရင်းနဲ့ သေသေချာချာကို နားထောင်ပါတယ်။ သင့်ပြောတာကို စိတ်ရှည်ရှည်နဲ့ပြီးဆုံးတဲ့အထိ နားထောင်လေ့ရှိပါတယ်။

**(၂) လှိုက်လှိုက်လှဲလှဲ ပြုံးလေ့ရှိခြင်း**

လှိုက်လှိုက်လှဲလှဲပြုံးပြခြင်းက လူသားအားလုံးကို နွေးထွေးစေပါတယ်။ ဒါကို သူတို့က ကောင်းကောင်းကြီးသဘောပေါက်တဲ့အပြင် အသုံးလည်း အသုံးချတတ်ပါတယ်။

**(၃) အမိန့်ပေးသောပုံစံဖြင့် စကားမပြောခြင်း**

သူတို့က ဘယ်တော့မှ အမိန့်ပေးတဲ့ပုံစံနဲ့ စကားပြောလေ့မရှိပါဘူး။ သူများလည်းပြန်ပြောလို့ရအောင် လမ်းခင်းပေးထားပါတယ်။ သူတို့ရဲ့အသံကိုက နွေးထွေးမှုရှိပါတယ်။

**(၄) ရယူလိုခြင်းမရှိဘဲ ပေးကမ်းခြင်း**

သူတို့က ဘယ်လိုတုံ့ပြန်မှုမျိုးကိုမှ မမျှော်လင့်ပဲ ပေးကမ်းတတ်ကြပါတယ်။

**(၅) ဆင်ခြေမများဘဲ ပျော်ရွှင်စွာနေထိုင်တတ်ခြင်း**

သူတို့က မလိုအပ်တဲ့အကြောင်းပြချက်တွေ ပေးလေ့မရှိပါဘူး။ သူတို့ဘယ်လို ပျော်ရွှင်အောင်နေရမလဲဆိုတာကိုပဲ ဂရုစိုက်ပါတယ်။

**(၆) ကတိမဖျက်တတ်ခြင်း**

သူတို့က ဘယ်တော့မှ ကတိကိုမဖျက်တတ်ပါဘူး။ ကတိထိန်းသိမ်းခြင်းကို သူတို့ဘဝရဲ့ အရေးအကြီးဆုံးအရာအဖြစ် ခံယူထားပါတယ်။ မပိုင်နိုင်ဘဲ လည်း ကတိပေးလေ့မရှိပါဘူး။ ပေးပြီးသားကတိလည်း ဖျက်လေ့မရှိပါဘူး။

**(၇) ခွင့်လွှတ်တတ်ခြင်း**

သူတို့က စိတ်အနှောက်အယှက်ဖြစ်စရာများကို ဘယ်တော့မှ စိတ်ထဲ

အကြာကြီးထားလေ့မရှိပါဘူး။ သူတို့အပေါ် အမှားလုပ်သူတွေကိုလည်း အလွယ်တကူ ခွင့်လွှတ်တတ်ပါတယ်။ စိတ်ကောက်ခြင်းမရှိတတ်ပါဘူး။

**(၈) ရိုးသားခြင်း**

သူတို့က စကားအမှန်ကိုပဲ ပြောလေ့ရှိပါတယ်။ ဘယ်တော့မှ မဟုတ်မမှန် လုပ်ကြံစကားမျိုး မပြောတတ်ပါဘူး။ သူတစ်ပါး ထိခိုက်မည့်စကားမျိုးကို ဘယ်တော့မှ ပြောလေ့မရှိပါဘူး။

**(၉) အကောင်းမြင်တတ်ခြင်း**

သူတို့က အကောင်းမြင်လေ့ရှိတတ်ကြပါတယ်။ သူတို့က သင့်အတွက် ဆိုးရွားတယ်လို့ ထင်ရတဲ့အရာတွေကိုတောင် အကောင်းမြင်လေ့ရှိပါတယ်။

အထက်ပါအချက်တွေထဲက ဘယ်အချက်တွေ သင့်မှာရှိပါသလဲ?

–မိုးရွှင်း *(I.M.T) facebook* မှ။





# ယောကျ်ားတို့အတွက် သဘော်ရွက်

**'ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီး'**လို့ဆိုရိုးစကားရှိပါတယ်။ စာရေးသူတို့ ယောကျ်ားတွေ တော်တော်များများဖြစ်တတ်တဲ့ ဝေဒနာ တစ်မျိုးပါ။ စာရေးသူဟာ မကြာခဏ ဆီးနည်း၊ ဆီးအောင့်၊ ကျောက်ကပ်ရောင်ခြင်း ဖြစ်တတ်ပါတယ်။

ဆီးအောင့်ပါများပြီး ကပ်ပယ်အိတ်ပါ ရောင်လာတတ်ပါတယ်။လက်သီး ဆုတ်လောက်အထိ ရောင်လာပြီး ထိုင်ထလမ်းလျှောက်ရင်အောင့်ပြီး ခံရခက်တာကို ဖြစ်ဖူးသူတိုင်းသိကြမှာပါ။ အလေးအပင် မ,မိရင်လဲ ဖြစ်တတ်ပါတယ်။

တစ်နေ့မှာ စာရေးသူလဲ ကပ်ပယ်အိတ်ပါရောင်ပြီး လမ်းတောင် မလျှောက်နိုင်ပါဘူး။ ဆေးထိုးတော့လဲ သက်သာပေမယ့် အရောင်က မကျတာဖြစ်နေပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ(ကိုကြည်နိုင်)ဆိုတဲ့ မိတ်ဆွေနဲ့ တွေ့တုန်း သူဖြစ်တုန်းက ပဒိုင်းတိုင်းရင်းသား မိတ်ဆွေပြောတဲ့ ဆေးမြီးတိုနည်းကြောင့် သက်သာပျောက်ကင်းခဲ့တဲ့နည်းကို ပြော ပြပါတယ်။

စာရေးသူလဲ သူပြောတဲ့နည်းလေးကို သုံးကြည့်တာ သက်သာ ပျောက်ကင်းခဲ့လို့ အခု တင်ပြပေးလိုက်ပါတယ်။

သဘော်ရွက် အကြမ်းရွက်ကို မီးနဲ့ ကျွမ်းအောင်ကင်ပြီး ရေနွေးဖြူ ပူပူထဲ ခြွေထည့်ပြီး ရေနွေးကြမ်းသောက် ပန်းကန်နှစ်လုံးစာလောက်ကို တစ်နေ့သုံးကြိမ် သောက်ပေးရပါတယ်။ ခါးလွန်းခြင်းမရှိဘဲ သောက်လို့ ကောင်းပါတယ်။ သဘော်ရွက်အနုကိုတော့ မီးအုံးကင်ပြီး ထမင်း စားတဲ့အခါ တို့စရာလို စားပေးရပါတယ်။ ၂-ရက်လောက် စားပြီးတဲ့အခါ သက်သာလာပါတယ်။ ၅-ရက်လောက် သုံးပြီးတော့ သက်သာ ပျောက်ကင်းသွားပါတယ်။

*Ref;ဦးဓွေးနိုင်-မန့်တေိုး(ညောင်ရွှေဈေး)(နကွစ္ဆ ၂၀၀၉ -ဇွန်)*

## အဘွားဒေါ်ရီပြောပြတဲ့

## ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အကြောင်း အမှတ်တရများ

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာတော့ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုအားလုံးရဲ့ ဘဝတစ်သက်တာမှာ အမြဲမမေ့မလျော့ရှိနေခဲ့ရတဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်နေ့ ပြီးဆုံးသွားပြီး ဖြစ်ပါတယ်။ မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိအောင် စွမ်းစွမ်းတမံ အသက်စွန့်ကြိုးပမ်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ်၁၀၀ ပြည့် အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ အဆိုပါနေ့အကြို ဖျော်ဖြေပွဲများ၊ ပန်းချီပြပွဲ၊ ဓာတ်ပုံပြပွဲများအပြင် ပန်းပုဆရာများကလည်း ဗိုလ်ချုပ်၏ ပုံတူပန်းပုထုလုပ်ကာ ဂုဏ်ပြုခြင်းများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ ဒ့ါပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိ ဓာတ်ကားကိုလည်း ရိုက်ကူးထုတ်လွှင့်ဂုဏ်ပြုခြင်းအစီအစဉ်များကိုလည်း ပြုလုပ်လျက်ရှိကြပြီး ဂျာနယ်၊ မဂ္ဂဇင်းနဲ့ ရုပ်သံများမှာလည်း ဗိုလ်ချုပ်နဲ့ ပတ်သက်တဲ့အမှတ်တရအကြောင်းအရာများကို ပြည်သူများ၊ နောင်မျိုးဆက်သစ်များ လေ့လာသိရှိစေဖို့ ရေးသား၊ ပြသခြင်းများကိုသည်း ပြုလုပ်ခဲ့ပါတယ်။

လက်ရှိမှာတော့ ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီး ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်အကြို ဓာတ်ပုံပြပွဲတစ်ခုကိုလည်း Think ပန်းချီပြခန်းမှာ ကျင်းပလျက်ရှိပြီး ကိုလိုနီခေတ်၊ စစ်ကြိုခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးခေတ်တို့မှာ မြန်မာ့အလင်း၊ ဟံသာဝတီသတင်း စာတို့မှာ ဓာတ်ပုံသတင်းထောက်အဖြစ်လုပ်ကိုင်ခဲ့သူ **အာရှဦးကျော့ရဲ့ တစ်ကိုယ်တော်လက်ရာဓာတ်ပုံပြပွဲ**တစ်ခုလည်း ဖြစ်ပါတယ်။ ယခုလို ဗိုလ်ချုပ်နဲ့ ဗိုလ်ချုပ်မိသားစုဝင်များရဲ့ ဓာတ်ပုံတွေကို ကိုယ်တိုင်ရိုက်ကူးထားတဲ့ ဓာတ်ပုံသတင်းထောက် **အာရှဦးကျော့ရဲ့ ဇနီးဖြစ်သူဒေါ်ရီ**ကလည်း ၁၉၄၆ ခုနှစ်မှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တည်ထောင်ခဲ့တဲ့ ပြည်ထောင်စုအမျိုးသမီးအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူးတစ်ယောက်နေရာကနေ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ တစ်ဦးလည်း ဖြစ်ပါတယ်။ အခုလို ဗိုလ်ချုပ်ရဲ့ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့ အကြောင်းအရာများ၊ ဗိုလ်ချုပ်ရဲ့ တိုင်းပြည်အတွက် လုပ်ဆောင်ချက်များ၊ ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းများအပြင် ဗိုလ်ချုပ်ရဲ့ မိသားစုဝင်တွေ အကြောင်း၊ အထူးသဖြင့်ဗိုလ်ချုပ်ရဲ့ ပါရမီဖြည့်ဖက်ကောင်းတစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်ရဲ့ အကြောင်းကိုလည်း လူအများက စိတ်ဝင်တစားရှိကြတာ

ကြောင့် ယခု အသက် ၉၂ နှစ်အရွယ်အထိ သက်ရှိထင်ရှားရှိနေသေးတဲ့ တတ်ပုံသတင်းထောက်အာရှဦးကျော့ရဲ့ဇနီး ဒေါ်ရီပြောပြတဲ့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နဲ့အတူတကွ လက်တွဲအလုပ်လုပ်ခဲ့စဉ်က ဒေါ်ခင်ကြည်နဲ့ပတ်သက်တဲ့ အမှတ်တရအကြောင်းအရာတချို့ကိုပြန်လည် ဖော်ပြပေးလိုက်ပါတယ်။

**"အဘွားက ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ဦးဆောင်တဲ့ ပြည်တောင်စု အမျိုးသမီးအဖွဲ့မှာ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီအဖွဲ့ထဲမှာ ပါဝင်ဖြစ်သွားတာက အဘွားက ပုဗ္ဗနိတောင်မြို့နယ်ကိုယ်စားပြု အမျိုးသမီးအနေနဲ့ အဲဒီအဖွဲ့ထဲမှာပါဝင်ဖို့ ရွေးချယ်ခံခဲ့ရတာပေါ့နော်။ ဒီပြည်ထောင်စုအမျိုးသမီးအဖွဲ့မှာ ဒေါ်ခင်ကြည်က အမျိုးသမီးအဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌပေါ့"**လို့ အဘွားဒေါ်ရီက ပြောပါတယ်။

အဘွားဒေါ်ရီက ငယ်ငယ်ကတည်းက အစ်ကိုတွေ၊ အစ်မတွေနဲ့သာ နေထိုင်ခဲ့ရသူဖြစ်ပြီး ပုဗ္ဗနိတောင်ကျောင်း၊ မြို့နီစပယ်ကျောင်းနဲ့ အထက်တန်း ကျောင်းကို တက်ရောက်ခဲ့သူလည်းဖြစ်ပါတယ်။ အသက် ၁၃ နှစ်အရွယ် ကတည်းက နိုင်ငံရဲ့အရေးကိစ္စတွေကို တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင် ရွက်ချင်တဲ့စိတ်ရှိသူပီပီ အိမ်ကမိသားစုတွေနဲ့ အတိုက်အခံလုပ်ပြီး ၁၃၀၀ပြည့် ကျောင်းသားအရေးတော်ပုံမှာ ပါဝင်ခဲ့သူလည်းဖြစ်ပါတယ်။

သူက ဒေါ်ခင်ကြည်နဲ့အတူ အလုပ်တွဲလုပ်စဉ်မှာတော့ ဒေါ်ခင်ကြည်က ဦးဆောင်သူတစ်ယောက်ပီပီ အဖွဲ့ဝင်တွေအားလုံးကို တသားတည်း ဆက်ဆံ တတ်သူလည်းဖြစ်တယ်လို့ ဒေါ်ခင်ကြည်ရဲ့စိတ်ဓာတ်ကို သူ့အမြင်အတိုင်း ဖွင့်ဟပြောပြပါတယ်။

"မမကြည်က စိတ်ဓာတ်ပြတ်သားတယ်။ သူလုပ်စရာရှိတဲ့အလုပ်တွေ ကို သေချာစဉ်းစားဆုံးဖြတ်ပြီးလုပ်တယ်။ ပြောစရာရှိရင်လည်း ပွင့်ပွင့် လင်းလင်းနဲ့ပြတ်ပြတ်သားသား ပြောတတ်တယ်။ မှတ်မှတ်ရရ ဗိုလ်ချုပ် အောင်ဆန်းကျဆုံးတဲ့ ဇူလိုင် ၁၉ ရက်မှာ မမကြည်က အလှူလုပ်တော့ အဲ့ဒီ အလှူမှာ အဘွားကလည်း လှူမယ်ပြောတော့ သူက '**အလှူပွဲလည်းမလာပါနဲ့။ ဘယ်သူ့ကိုမှလည်းမဖိတ်ဘူး။ သူများလှူတာလည်း လက်မခံဘူး။ သူတတ် နိုင်သလောက် အချိုပွဲပဲလှူတာပါတဲ့။ ဘယ်ငွေကြေး၊ ဘယ်လက်ဆောင်ပစ္စည်း ကိုမှ လက်မခံဘူး**'လို့ ပြတ်ပြတ်သားသားနဲ့ ငြင်းတယ်"လို့ ဒေါ်ခင်ကြည်ရဲ့ သူများအကူအညီကို အလွယ်တကူလက်မခံတာ၊ ဗိုလ်ချုပ်ကတော်တစ်ဦး ဖြစ်ပေ မယ့်လည်း ဘယ်သူ့ရဲ့လက်ဆောင်ပဏ္ဏာကိုမှလည်း စိုးစဉ်းမျှ လက်မခံ

တတ်တဲ့စိတ်ဓာတ်နဲ့ ငြင်းစရာရှိရင် ဘယ်သူ့ကိုမှ အားမနာဘဲ ပြတ်ပြတ်သားသား ငြင်းဆန်တတ်တဲ့ အပြုအမူတွေကလည်း အတုယူစရာကောင်းကြောင်း ပြောပြခဲ့ပါတယ်။

"မမကြည် အမြဲပြောတတ်တဲ့ စကားတစ်ခွန်းက သူ့ဘဝမှာ အမြတ်ဆုံးက ဗိုလ်ချုပ်ကတော်ဖြစ်ခွင့်ရတာပဲတဲ့။ သူ့မှာ ဘာငွေကြေး၊ ဂုဏ်ဒြပ်မှ မပိုင်ဆိုင်ဘူး။ ဒါပေမဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီးတစ်ယောက်ဖြစ်ခွင့်ရတဲ့ ဂုဏ်တစ်ခုပဲ ပိုင်ဆိုင်တယ်လို့ သူက အမြဲပြောလေ့ရှိတယ်" လို့အဘွားဒေါ်ရီက ဆက်လက်ပြောပါတယ်။

ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်က ဘဝမှာ အခြားဘာဂုဏ်ဒြပ်မှ မရှိလည်းဖြစ်သူ၊ အခြားဂုဏ်ဒြပ်တွေထက် သူ့ရဲ့ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်ကို ပိုင်ဆိုင်ခွင့်ရရှိထားခြင်းကပဲ သူ့ဘဝအတွက် အဖိုးမဖြတ်နိုင်တဲ့ အမြင့်မြတ်ဆုံး ဂုဏ်တစ်ခုလို့ သတ်မှတ်ထားသူ မိန်းမကောင်းတစ်ယောက်လည်း ဖြစ်တာကို အဘွားဒေါ်ရီပြောပြတဲ့ စကားတွေကတစ်ဆင့် သိရှိခံစားနိုင်မှာပါ။

"မမကြည်တို့က အဘွားတို့အာရှဓာတ်ပုံတိုက်မှာ ဓာတ်ပုံလာရောက်ရိုက်တာရှိသလို သူတို့လိုအပ်ရင်လည်းအဘွားတို့က သွားရိုက်ပေးရတာမျိုးတွေလည်းရှိပါတယ်။ တစ်နေ့ အောင်ဆန်းလင်းဆုံးတော့ အဲ့ဓာတ်ပုံတွေကို အိမ်လာပို့ပေးဖို့ မမကြည်က ဖုန်းဆက်တယ်။ အဘွားကိုယ်တိုင် သွားပို့ပေးတော့ မမကြည်က ကျေးဇူးတင်လို့ဆိုပြီး ရာရှင်ဆန်နဲ့ ဆပ်ပြာနှစ်ခဲ လက်ဆောင်ပေးတယ်။ အဲ့ဒီခေတ်တုန်းက ဆန်က အရမ်းရှားတယ်ဆိုတော့ အဘွားအနေနဲ့ ယူရမှာ အရမ်းအားနာတယ်။ အဲ့ဒါကြောင့် 'မမကြည်ရယ် မယူပါရစေနဲ့'ဆိုပြီး ငြင်းတော့ မမကြည်က 'စေတနာနဲ့ပေးရင် ယူရတယ်'ဆိုပြီး အတင်းကိုပေးတာနဲ့ ယူလာခဲ့ရတယ်"လို့ အဘွားဒေါ်ရီက ရယ်ရယ်မောမောနဲ့ ပြောပြပါတယ်။

ဒါ့အပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီးတော့လည်း အဘွားဒေါ်ရီက "စုစုလေး အသက် ၁၄ နှစ်အရွယ်လောက်မှာ အဘွားတို့ဆီမှာ ဓာတ်ပုံလာရိုက်တော့မှ အဘွားက သူ့ကိုသေချာတွေ့ဖူးတာပေါ့။ အဲ့တုန်းက သူက ဆံပင်ကျစ်ဆံမြီးလေးနဲ့ မျက်လုံးတောက်တောက်လေးနဲ့ ချစ်ဖို့ကောင်းတယ်။ မျက်နှာကတော့ လုံးဝန်းတည်တည်လေးပဲ။ ဓာတ်ပုံရိုက်မယ် ရယ်ပါဆိုတော့လည်း လုံးဝရယ်ခိုင်းလို့မရဘူး။ စုစုလေးက ဗိုလ်ချုပ်နဲ့ဒေါ်ခင်ကြည်တို့ရဲ့သမီး ပီသပါပေတယ်။ သူကိုယ်တိုင်လည်း ရဲရင့်ထက်မြက်တယ်။ စဉ်းစားဆင်ခြင်ဉာဏ်လည်းရှိတယ်။ ပညာလည်း

တတ်တယ်။ ရုပ်ရည်ကလည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိပြီး ချစ်စရာကောင်းတယ်''ပြောပြခဲ့ပါတယ်။

**ဒေါ်ခင်ကြည်က သူဦးဆောင်တဲ့ ပြည်ထောင်စုအမျိုးသမီးအဖွဲ့မှာ ဦးဆောင်သူပီသစွာ လုပ်ကိုင်ဆောင်ရွက်တတ်သလို ဗိုလ်ချုပ်ကတော်ပီသစွာ စိတ်ဓာတ်ရဲရင့်ပြတ်သားပြီး သူလုပ်ဆောင်စရာရှိတာတွေကို အကောင်းဆုံး စဉ်းစားဆင်ခြင်ဆုံးဖြတ် လုပ်ဆောင်တတ်သူဖြစ်တယ်ဆိုတာကို** ဂုဏ်ယူစွာနဲ့ အမှတ်တရပြန်လည်ပြောပြခဲ့ပါတယ်။

*–သဲသီရိကျော်၊ (၂–၂–၂၀၁၅) Daily Eleven စာ– အချပ်ပို–B မှ။*

## မီးလောင်နေတဲ့ တဲ

သဘော်ပျက်မှာ နောက်ဆုံး အသက်ရှင်ကျန်ရစ်သူတစ်ဦးဟာ လူသူကင်းမဲ့တဲ့ ကျွန်းငယ်လေးကိုကြည့်ပြီး သူ့အား ကယ်တင်မယ့်သူ ရောက်ရှိလာရေးကို နေ့စဉ် ဆုတောင်းနေခဲ့ပါတယ်။ သူဟာ မိုးကုတ်စက်ဝိုင်းတစ်ပြင်လုံးကို မျှော်ကြည့်ပြီး ကူညီပေးမယ့်သူကို ရှာဖွေခဲ့ပေမယ့်လည်း တစ်စုံတစ်ဦးမှ ပေါ်မလာခဲ့ပါ။

နောက်ဆုံးမှာတော့ ကျွန်းငယ်လေးမှာဘဲ လုံခြုံစွာနေထိုင်ရေးနဲ့ သူ့ရဲ့ရှိသမျှ ပစ္စည်းတစ်ချို့ထိန်းသိမ်းထားနိုင်ဖို့အတွက် ရေမျှောကမ်းတင်သစ်များကို စုစည်းကာ နေအိမ်တဲတစ်လုံး ဆောက်လုပ်ဖို့စီစဉ်ခဲ့ပါတယ်။

တစ်နေ့ အစာရှာထွက်ပြီး ပြန်လာတဲ့အချိန်မှာတော့ သူ့ရဲ့တဲအိမ်လေးဟာ မီးလောင်ကျွမ်းပြီး မီးခိုးများ ကောင်းကင်ထိတက်နေတာကို ဝမ်းနည်းဖွယ်တွေ့လိုက်ရပါတယ်။

သူ့အတွက်တော့ အရာအားလုံးဆုံးရှုံးသွားပြီဆိုတဲ့ ခံစားချက်နဲ့ ဝမ်းနည်းပူဆွေးခြင်း၊ဒေါသထွက်ခြင်းတို့တစ်ပြိုင်နက်ဖြစ်ပေါ်လာခဲ့ပါတယ်။ "**အရှင်ဘုရား ဘာကြောင့် ကျွန်တော့်ကို ဒီလိုလုပ်ရက်တာလဲ**"ဟုတိုင်တန်းပြောဆိုရင်း ဝမ်းနည်းမှုနဲ့အတူ ငိုကြွေးလိုက်ပါတယ်။

နောက်တစ်နေ့ မနက်အစောမှာတော့ သူဟာ ကျွန်းငယ်နားကို ချဉ်းကပ်လာတဲ့ သင်္ဘောတစ်စင်းရဲ့အသံကို သတိပြုမိခဲ့ပါတယ်။ ဒီသင်္ဘောဟာ သူ့ကိုကယ်တင်ဖို့ ရောက်ရှိလာခဲ့တာပါ။ "**ကျွန်တော်ဒီမှာရှိတယ်ဆိုတာ ဘယ်လိုသိတာလဲ**"ဟု သူက ကယ်ဆယ်ရေးအဖွဲ့ကို မေးလိုက်တဲ့အခါ"**မီးခိုးရဲ့အချက်ပြမှုကိုကျွန်တော်တို့ မြင်ခဲ့တယ်လေ**"ဟု သူတို့ကပြန်ဖြေလိုက်ပါတယ်။ ဘဝမှာ အရာအားလုံးဟာ အဆိုးဆုံးအခြေအနေအထိ ရောက်သွားတဲ့အခါ စိတ်ဓာတ်ကျဖို့ အရမ်းလွယ်ကူ

ပါတယ်။ ဒါပေမဲ့ ဘဝကို အလွယ်တကူ အရှုံးမပေးသင့်ပါဘူး။

**သင့်ရဲ့ တဲငယ်လေးမြေပြင်ပေါ်မှာ မီးလောင်ကျွမ်းသွားခြင်းကို မီးခိုး အချက်ပြစနစ်အဖြစ် ဘုရားက ဖန်တီးလိုက်ခြင်းပင်ဖြစ်ပါတယ်။** ဒီလိုပါပဲ၊ ဘဝမှာအဆိုးရွားဆုံးကိစ္စတွေ ကြုံတွေ့ခံစားရပြီးတဲ့အခါ အကောင်းမွန်ဆုံး အခြေအနေတွေဟာလည်း သင့်ရဲ့လက်တစ်ကမ်းကနေ မကြာမီရောက်ရှိ လာနိုင်တယ်ဆိုတာကို သင်ခန်းစာယူနိုင်ကြဖို့လိုအပ်ပါတယ်။

*–Knowledge Word, Mar 13 at 2:36 PM Edited*
*KSWP(13-3-2015) Ref¶lifeofhope.cp,*

# တိုးတက်ရေးလှေကား

ဒီလှေကားက ထူးဆန်းပါတယ်။ အထက်တက်လေ အများရှုံးသွားလေဖြစ်သည်။ အမြင့်ဆုံး လှေကားထစ်သည် လူတစ်ယောက်စာ လှေကားသာဖြစ်လေ့ရှိသည်။

လူတစ်ယောက်ရင်ဆိုင်ရသော အနိမ့်ဆုံးလှေကားထစ်၌ မြင်ဘက်များမှာ ရာနှင့်ထောင်နှင့်ချီပြီး ရှိကောင်းရှိနိုင်သည်။ အပေါ်သို့တက်လေလေ ပြိုင်ဘက်နည်းသွားလေလေဖြစ်သော်လည်း အစွမ်းအစ ပိုရှိသူများဖြစ်တတ်သည်။

ဤအချက်ကြောင့်ပင် လူများစွာ လမ်းတစ်ဝက်အထိသာ တက်လာကြပြီး ရပ်တန့်သွားကြရခြင်း ဖြစ်သည်။ သံသယဖြစ်ဖွယ်မရှိ။

လူတို့မှာ မိမိတို့နှင့်လက်ရည်တူပြိုင်ဘက်များနှင့် ပခုံးချင်းယှဉ်မိလာသည်အထိသာ တက်လှမ်းနိုင်ကြ ပြီး ထို့နောက်တွင်မူ ရောက်ရာနေရာတွင်သာ ကပ်သတ်နေကြသည်။ နောက်ထပ်အသိပညာရှင်များ အစွမ်းအစများ ရရာရကြောင်း ထပ်မံလေ့လာရှာကြံမှု မလုပ်မချင်း သူထပ်မတက်လာနိုင်တော့ပါ။

အောက်ပိုင်းလှေကားထစ်များတွင် လူများသည် ပြိုင်ဘက်များကိုကျော်ဖြတ်ရန် လွယ်ကူသည်။ ပြိုင်ဘက်များမှာ လေ့လာမှုအားနည်းကြသူများဖြစ်သည်။

အလယ်အလတ်ပိုင်းလှေကားထစ်များတွင် ပြိုင်ဘက်များကို ကျော်ဖြတ်ရန် သိပ်မလွယ်ကူပါ။ ပိုမြင့်လာလေ ပိုခက်လာလေဖြစ်သည်။ ထို့ကြောင့် လေ့လာမှုနှင့်ကိုယ့်ကိုယ်ကိုယ်မြှင့်တင်မှုကို ရပ်တန့်၍ မရနိုင်ကြောင်းသိသင့်ပေသည်။

လေ့လာမှုကို ရပ်တန့်လိုက်သည်နှင့် ထိုသူသည် ပိုမတက်နိုင်ဘဲ အောက်သို့သာ လျောကျမည် ဖြစ်သည်။ တိုးတက်ရေးလှေကား၏ထိပ်ဆုံးတွင် ရပ်ချင်ပါက သင်လုပ်ရမည်မှာ အဆက်မပြတ် ကြိုးစားလေ့လာနေရန်နှင့် မိမိကိုယ်ကိုမြှင့်တင်ဖို့ ကြိုးစားနေရမည်သာဖြစ်သည်။

**–နည်းစနစ်ကျကျအတွေးအခေါ်** *facebook* မှ။

# မပေါင်းသင်းအပ်သော

## ဂဏန်းနှင့်တူသောလူသုံးယောက်



**၁။ အလိုက်သင့်ပေါင်းပြီး အတွင်းကျိတ်မကောင်းကြံလေသူ**

**၂။ ရလျှင်တစ်မျိုးမရလျှင်တစ်မျိုး ပြောင်းလဲဆက်ဆံတတ်သူ**

**၃။ တစ်ဖက်သားကိုချောက်တွန်းပြီးမှ မိမိကောင်းစားရေးကို လုပ်ဆောင်တတ်သူ**

ထိုသူတွေက ဂဏန်းနဲ့တူတဲ့သူတွေဖြစ်တယ်။ ဂဏန်းတွေဟာ သူတို့ ကိုယ်တိုင်သာ အပေါ်မရောက်ဘဲရှိမယ်။"ဆွဲချ"တဲ့နေရာမှာ အင်မတန်အားသန်ကြပါတယ်။ တစ်ခါက လူတစ်ယောက် ကမ်းခြေတစ်ခုကိုသွားရင်း အဖုံးမပါတဲ့ ပလိုင်းနဲ့ဂဏန်းကောက်နေတဲ့ လူကြီးတစ်ယောက်ကို တအံ့တဩဖြစ်ခဲ့ဖူးတယ်။

ဒီကောင်လေးက "**အစ်ကိုကြီး၊ ခင်ဗျား ပလိုင်းပေါက်နဲ့ ဖားကောက်တယ် ဆိုတဲ့ စကားပုံလို၊ အဖုံးမပါ ဟာလာဟင်းလင်း ပလိုင်းကြီးနဲ့ ဂဏန်းတွေ လိုက်ကောက် နေရသလား၊ ထွက်မကျမကုန်ဘူးလား**"လို့ပြောတယ်။

လူကြီးက "**ညီ မင်းဂဏန်းတွေအကြောင်းမသိဘဲကိုးကွ။ ဂဏန်းတွေဆိုတာ ထွက်ပေါက်တစ်ခုရလို့ တစ်ကောင်က တက်ရင် နောက်တစ်ကောင်ကလည်း လိုက်ပြီး အလုအယက်လိုက်တက်တယ်။ လုတက်တယ်ဆိုကတည်းက အောက်တစ်ကောင်က အပေါ်တစ်ကောင်ကို သူ့လက်တွေနဲ့ချိတ်ယူပစ်တယ်။ ဆွဲချပစ်တယ်။ တစ်ကောင်နဲ့တစ်ကောင် တက်ရင်း၊ချိတ်ရင်း ကြိုးပမ်းရင်းက တစ်ကောင်ကိုတစ်ကောင်က ဆွဲချနေကြပါရော။ ဒါကြောင့် တစ်ကောင်မှ ထွက်မလာနိုင်ဘူး။ ပလိုင်းဖုံးကို အေးအေးဖွင့်ထားနိုင်တယ် ဖိုးညီ။ ဂဏန်း ဆိုတဲ့ အမျိုးဟာ သူတို့ကိုယ်တိုင်သာ အပေါ်မရောက်ဘဲရှိမယ်။ 'ဆွဲချ'တဲ့ နေရာမှာ အင်မတန်သန်ကြတယ်**"

စာဖတ်မိတ်ဆွေအားလုံးကိုလည်း မိမိကိုယ်ရော တစ်ပါးသူကိုရော အကျိုးမပေးတဲ့ဂဏန်းလိုမဖြစ်ကြဖို့၊ ထိုလူမျိုးနဲ့ မတွေ့ဆုံကြဖို့ကိုသာ ဆုတောင်းပေးလိုက်ပါတယ်။

**–နည်းစနစ်ကျကျအတွေးအခေါ်** *facebook* **မှ။**

## သင့်မိဘတွေ သက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင်

## မိမိကိုယ်ကို ဆန်းစစ်သင့်တဲ့ မေးခွန်း(၅)ချက်

**သင်လည်း တစ်နေ့ မိဘဖြစ်လာဦးမှာပါ–**

၁။ သင့်အလုပ်၊ သင့်မိသားစုအရေးကြီးပမ်းနေချိန်မှာ 'သင့်ရဲ့မိဘတွေစိတ်ထဲ ဘာတွေတွေးနေမလဲ၊ သူတို့မျက်ဝန်းလေးတွေက ဘာကိုမျှော်လင့်တောင်းတနေမလဲ'ဆိုတာ သေချာပြန်ကြည့်မိပါသလား။

၂။ တစ်နေ့ပြီးတစ်နေ့ သင့်မိဘတွေရဲ့စိတ်ပိုင်း၊ ရုပ်ပိုင်းပြောင်းလဲလာမှုကို သတိထားပြီး ဂရုတစိုက်ကြည့်မိပါသလား။

၃။ အသက်တွေကြီးလာလေ၊ အိုမင်းမစွမ်းဖြစ်လာလေ၊ ရောဂါရလာလေ သူတို့မျက်ဝန်းလေးတွေမှာ အားငယ်မှုလေးတွေ၊ စိုးရိမ်မှုလေးတွေ တစ်စတစ်စ ပိုထင်ဟပ်လာတာ သတိထားကြည့်မိပါရဲ့လား။

၄။ သင့်မိဘတွေ လိုအပ်တာ သားသမီးတွေရဲ့နွေးထွေးမှု၊ ဂရုစိုက်မှု၊ အေးချမ်းတဲ့ မေတ္တာတွေဆိုတာကော သင်သတိမပြုမိဘဲ အမှုမဲ့၊အမှတ်မဲ့ နေခဲ့မိသလား။

၅။ အခုမေ့နေမိတာ ပြန်အမှတ်ရသွားပြီဆိုရင်၊ အမေ–အဖေတို့လည်း သက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင် အချိန်မီသေးပါတယ်။ မိဘမရှိတော့တဲ့အချိန်မှ မျက်ရည်ကျလည်း အလဟဿပါပဲ။

**သင့်မိဘသက်ရှိထင်ရှားရှိနေတုန်း သင့်လုပ်ပေးနိုင်တဲ့ စိတ်အား၊ လူ အား၊ ငွေအား အကုန်လုံးနဲ့ မိဘကိုဂရုစိုက်ပေးလိုက်ပါ။ သင်လုပ်သမျှ သင့်ဆီ ပဲ့တင်ထပ်လာပါလိမ့်မယ်...**

သင်လည်း အသက်တွေကြီးလာပြီး သူတို့လိုအရွယ်ရောက်လာတဲ့အခါ ဒီလိုမျက်ဝန်းတွေနဲ့ပဲ သင့်သားသမီးလေးတွေဆီက မေတ္တာကို သင် မျှော်လင့်မိနေမှာပါ...။

စိတ်ရှည်ပါ...ကိုယ်ချင်းစာပါ...။ *Min Kyaw Thu*

*-Credit to* နှင်းရင့်ခေ့ *facebook* မှ။

## အများမြင်လျှင် တရားနှင့်ဆင်ခြင်

*–မောင်သက်မွန်ဦး(သင်းခြေ)။*

# ငယ်ရွယ်စဉ်မှာ မလုပ်ခဲ့ပါက

## အသက်ကြီးလာတဲ့အခါ သင်တွေ့ရမယ့်နောင်တများ

**ခရီးမသွားခြင်း**

ခရီးသွားခြင်းဟာ ငယ်ရွယ်စဉ်အချိန်မှာပဲ သွားလို့ကောင်းပါတယ်။ ပျော်ရွှင်မှု အပြည့်အဝခံစားနိုင်တဲ့အပြင် လွတ်လပ်ပေါ့ပါးတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထား လို့ဖြစ်ပါတယ်။ အသက်ကြီးလာတဲ့အခါ ကျန်းမာရေးစတဲ့ အကြောင်းအမျိုးမျိုး ကြောင့် ခရီးသွားဖို့ ခက်ခဲတဲ့အပြင် သွားဖြစ်ခဲ့ရင်တောင်မှ ငယ်စဉ်ကလောက် လွတ်လွတ်လပ်လပ် မပျော်နိုင်တော့လို့ဖြစ်ပါတယ်။

**(၁) သင့်တော်တဲ့လေ့ကျင့်ခန်း မလုပ်ခြင်း**

ငယ်ရွယ်စဉ်မှာ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုမှ မလုပ်ခဲ့ဘူးဆိုရင် အသက်ကြီးလာတဲ့အခါ သင်ဒုက္ခရောက်ပါလိမ့်မယ်။ ဒါ့ကြောင့် ကျန်းမာရေး ကောင်းချင်ရင် အခုငယ်တုန်းမှာ လေ့ကျင့်ခန်းတစ်ခုခုကို လုပ်သင့်ပါတယ်။

**(၂) ထွက်သင့်တဲ့အလုပ်က မထွက်ခြင်း**

တစ်ခါတစ်ရံမှာ တစ်ချို့လူတွေမှာ ကိုယ့်အတွက် တက်လမ်းမရှိသော အလုပ်ကို ထွက်သင့်မှန်းသိပါလျက် မထွက်ဘဲ စွဲစွဲမြဲမြဲလုပ်နေတတ်ကြပါတယ်။ ငယ်ငယ်ကတည်းက အသက်ကြီးလာတဲ့အထိ အလုပ်တစ်ခုတည်းမှာလုပ်ပြီး ဘာမှ သိသိသာသာ မတိုးတက်လာတဲ့ လူတစ်ချို့ကို သင်မြင်ဖူးပါလိမ့်မယ်။ ဒါဟာ ထွက်သင့်တဲ့အချိန်မှာထွက်ပြီး ကိုယ့်တိုးတက်မှုကို ပေးမယ့်အလုပ်ကို မရှာခဲ့လို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအလုပ်က သင့်အတွက် ဘာမှမပေးနိုင်တော့ဘူးဟု သိလိုက်တဲ့အချိန်မှာ ထွက်လိုက်ပြီး နောက်တစ်ခုကိုရှာပါ။

**(၃) ချစ်လျက်နှင့် ဖွင့်မပြောခဲ့ခြင်း**

ချစ်ပြီးတော့ ဖွင့်မပြောရဲလို့ ဝေးသွားရတဲ့ဇာတ်လမ်းတွေကို သီချင်းတွေ ရုပ်ရှင်တွေထဲမှာ သင်ခဏခဏမြင်ဖူးပါလိမ့်မယ်။ အဲဒီတော့ ကိုယ်ကလည်း ချစ်နေတယ်။ ပြောဖို့အခွင့်အရေးလည်း ရှိနေတယ်ဆိုရင် အချိန်ဆွဲမနေဘဲ ပြောလိုက်တာ အကောင်းဆုံးပါပဲ။

**(၄) အချိန်ဆွဲခြင်း**

ကျွန်တော်တို့တွေ တော်တော်များများရဲ့ မကောင်းတဲ့အချက်ဟာ အချိန် ဆွဲခြင်းပါပဲ။ အချိန်ဆွဲခြင်းဟာလည်း ပျင်းနည်းတစ်မျိုးပဲဖြစ်ပါတယ်။ အချိန်

ဆွဲခြင်းကြောင့် ပြီးသင့်တဲ့အချိန်မှာ ပြီးသင့်တဲ့အလုပ်တွေဟာ မပြီးဘဲ ရှိနေတတ်ပါတယ်။ ဒါကြောင့် အချိန်ဆွဲခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ကြပါ။

**(၅) မိသားစု၊ သူငယ်ချင်းများကို အချိန်မပေးခြင်း**

လူတစ်ချို့ဟာ အလုပ်နဲ့အခြားကိစ္စတွေမှာ နစ်မြုပ်ရင်း မိသားစုနဲ့အပေါင်းအသင်းတွေကို အချိန်ပေးဖို့ မေ့နေတတ်ကြပါတယ်။ ဒါဟာ အလုပ်လုပ်နေတုန်းမှာ မသိသာပေမယ့် အသက်ကြီးလာတဲ့အခါ အထီးကျန်ဆန်တတ်ပါတယ်။

ဒါကြောင့် မိသားစုနဲ့ကိုယ့်မိတ်ဆွေတွေကို အချိန်နည်းနည်းစီလောက်ပေးပြီး ရင်းရင်းနှီးနှီးနေတတ်ဖို့ လိုပါတယ်။

**(၆) သဝန်တိုလွန်းခြင်း**

ကိုယ်ချစ်တဲ့သူတွေအပေါ် သဝန်တိုခြင်းဟာ ကောင်းပါတယ်။ ဒါပေမယ့် အလွန်အမင်း သဝန်တိုခြင်းကတော့ ကြာလာတာနဲ့အမျှ ဆက်ဆံရေးမှာ အထစ်အငေါ့တွေ ဖြစ်လာစေပါတယ်။ ဒါကြောင့် သင့်တော်သလောက်ပဲ သဝန်တိုပါ။

**(၇) အတတ်ပညာအသစ် တစ်ခုခုကို မသင်ကြားခြင်း**

ပညာကို သေတဲ့အထိ အဆက်မပြတ်သင်ကြားပါဆိုတဲ့စကားကို သင်ကြားဖူးမှာပါ။ တရိပ်ရိပ်တိုးတက်လာတဲ့ခေတ်ကြီးကို အမီလိုက်ဖို့အသစ်အသစ်တွေကို သင်ကြားရမှာပါ။ ဒါကို ငယ်ရွယ်စဉ်မှာ မသင်ခဲ့ရင်တော့ အသက်ကြီးလာတာနဲ့အမျှ ဒုက္ခလှလှ ရောက်ရပါလိမ့်မယ်။

**(၈) မိဘစကားကို နားမထောင်ခြင်း**

အခုခေတ်မှာတော့ လူငယ်တော်တော်များများဟာ မိဘစကားကို နားမထောင်ချင်ကြတော့ပါဘူး။ ဒီအဘိုးကြီးအဘွားကြီးတွေ ငါ့လောက်မသိပါဘူးဆိုတဲ့ တဖွတ်ထိုးအမြင်ကို မြင်နေတတ်ကြပါပြီ။ မိဘစကားတိုင်း မှန်တယ်လို့ မဆိုနိုင်ပေမယ့် ကိုယ့်ကိုကောင်းစေချင်တဲ့ စေတနာနဲ့ ပြောတယ်လို့သိထားသင့်ပါတယ်။ ဒါကြောင့် သေသေချာချာစဉ်းစားပြီး သင်လုံးဝမှန်တယ်ဆိုတဲ့ ကိစ္စတစ်ချို့ကလွဲရင် မိဘစကားကို နားထောင်သင့်ပါတယ်။

**(၉) အခြားသူတွေ ကိုယ့်ကိုဘာလို့ထင်မလဲလို့ စိုးရိမ်ခြင်း**

ဒါဟာ လူငယ်တော်တော်များများ ဖြစ်နေတာပါ။ "ငါဒါလေးဝတ်ရင် ဘယ်လိုထင်မလဲ။ ဒီလိုလုပ်ရင်ရော ဘယ်လိုထင်ကြမလဲ"။ တကယ်တော့ လူတိုင်းကိုယ့်ကိစ္စနဲ့ ကိုယ်မို့လို့ ဘယ်သူမှသင့်ကို လိုက်ကြည့်မနေပါဘူး။ ဒါကိုကြောက်ပြီးတော့ ဘာမှမလုပ်ခဲ့ရင်တော့ သင်ဟာ တိုးတက်လာမှာကို မဟုတ်တော့ပါဘူး။ ဒါကြောင့် ရှက်စရာမဟုတ်ဘဲ ကိစ္စတွေကိုလုပ်ဖို့ မရှက်ကြောက်ဖို့လိုပါတယ်။

**(၁၀) အလုပ်တစ်ခုကို စပြီး အဆုံးမသတ်ခြင်း**

အလုပ်တစ်ခုကို လုပ်တယ်။ လုပ်နေရင်း နောက်တစ်ခုကိုတွေ့တော့ ပိုကောင်းတယ်ဆိုပြီး ထပ်လုပ်တယ်။ နောက်တစ်ခု နောက်တစ်ခုတွေ့တော့လည်း စရင်းစရင်း အဆုံးမသတ်နိုင်တဲ့ လူတစ်ချို့ကို ပတ်ဝန်းကျင်မှာ သင်မြင်ဖူးပါလိမ့်မယ်။ ဒါကြောင့် အလုပ်အများကြီးလုပ်ပြီး တစ်ခုမှမပြီးတာထက် တစ်ခုလုပ်ပြီး တစ်ခုပြီးတာကိုပဲ လုပ်ဖို့ကြိုးစားကြပါ။

အထက်ပါအချက်တွေအပြင် အခြားအချက်တွေလည်း ရှိနိုင်ပါသေးတယ်။ အဲဒီအချက်တွေကိုလည်း စဉ်းစားပြီး ဆင်ခြင်ဖို့ လိုပါသေးတယ်။ ဒါကြောင့် အသက်ကြီးလာရင် နောင်တမရစေဖို့ ငယ်ရွယ်စဉ်မှာ လုပ်သင့်တာတွေကိုလုပ်ဖို့ တိုက်တွန်းလိုက်ပါရစေ။

*–Mingalabar 168.com, Mar 24 at 12:11 PM Edited*

## မိမိကိုယ်မိမိ Selfie ရိုက်သူ=ယဉ်ယဉ်လေးရူးနေသူများ

(အလွန်အကျွံSelfieရိုက်ခြင်းကို အမေရိကန်စိတ်ရောဂါဆိုင်ရာအသင်းကြီး (American Psychiatric Association-APA) က Selfitis ခေါ် စိတ်ဝေဒနာတစ်မျိုးဟု တရားဝင်သက်မှတ်လိုက်ခြင်း တစ်နှစ်ပြည့်အဖြစ် ပြန်လည်မျှဝေလိုက်ပါသည်။)

မှန်ပါတယ်။ ယဉ်ယဉ်လေးပြောရရင်တော့ စိတ်ဝေဒနာရှင်ပါ။ ဘာတွေလာပြောနေတာလဲလို့ မေးစရာရှိလာနိုင်ပါတယ်။ ရှင်းရှင်းလေးပါ။ Selfie ဆိုတာ လတ်တလောကာလတွင် လွန်စွာနာမည်ကြီးနေသည့် မိမိကိုယ်ကိုမိမိ ဓါတ်ပုံရိုက်ခြင်းပဲဖြစ်ပါတယ်။

Facebook ပေါ်တင်ပြီး သူငယ်ချင်းများနှင့်မျှဝေဖို့ပဲဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကို အလှကြည့်ဖို့ပဲဖြစ်ဖြစ်၊ ရည်းစားကို ပေးဖို့ပဲဖြစ်ဖြစ်၊ လူများရဲ့ချီးမွမ်းထောပနာပြုမှုကို ခံယူလိုချင်လို့ပဲဖြစ်ဖြစ်၊ ကြွားဝါလို၍ပဲဖြစ်ဖြစ်၊ မိမိကိုယ်ကို မိမိ ဓါတ်ပုံရိုက်ခြင်းဟာ ကျား၊မ မရွေး၊ အသက်အရွယ်မရွေး လုပ်ဆောင်နေကြတဲ့အရာတစ်ခုပဲဖြစ်ပါတယ်။ အချို့သော လူများကတော့ (အမြင်ကတ်ဖို့ ကောင်းလောက်အောင်) သာမန်ထက်ပိုထူးပြီးတော့ လုပ်တတ်ကြလာတယ်။

ဒီအချက်တွေကြောင့်လည်း အခုနောက်ဆုံးမှာတော့ အမေရိကန်စိတ်ရောဂါဆိုင်ရာအသင်းကြီး(American Psychiatric Association-APA) က

Selfie ရိုက်ခြင်းကို (လူအများမျှော်မှန်းထားသည့်အတိုင်း)စိတ်ဝေဒနာတစ်မျိုးဟု တရားဝင် သတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ မကြာမီက ချီကာဂိုမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ APA အမှုဆောင်အဖွဲ့အစည်းအဝေးမှာ Selfie ရိုက်ခြင်းကို အဆင့်(၃)ဆင့်ရှိ စိတ်ဝေဒနာတစ်မျိုးအဖြစ် တရားဝင်သတ်မှတ်ခဲ့ပါတယ်။ ရောဂါရဲ့တရားဝင်နာမည်ကတော့ "Selfitis" ဖြစ်ပါတယ်။

အဓိပ္ပါယ်ဖွင့်ဆိုချက်ကတော့ **Selfitis** ဆိုသည်မှာ – "မိမိကိုယ်မိမိ ယုံကြည်ချက်နည်းပါးနေမှုအား ကုစားရန်(သို့)မိမိ၏ စိတ်ခံစားမှုအာရုံတွင် လိုအပ်ချက်အားဖြည့်ဆည်းရန်အတွက် လူမှုကွန်ယက်များအပေါ် တစ်ပါးသူများအား မျှဝေရန် မိမိကိုယ်မိမိ ဓါတ်ပုံရိုက်ကူးခြင်းကို အလွန်အမင်းစိတ်အားထက်သန်နေသူ"ဟုသိရှိရသည်။

Selfitis **စိတ်ဝေဒနာ၏အဆင့်(၃)ဆင့်** မှာ –

(၁) Borderline Selfitis –မိမိကိုယ်မိမိ တစ်နေ့လျှင် သုံးကြိမ်ထက်မနည်း ဓါတ်ပုံရိုက်ကူးသော်လည်း လူမှုကွန်ယက်များပေါ်မျှဝေခြင်းမပြုသူ။

(၂) Acute Selfitis – မိမိကိုယ်မိမိ တစ်နေ့လျှင် သုံးကြိမ်ထက်မနည်း ဓါတ်ပုံရိုက်ကူးပြီး ရိုက်ကူးထားသည့် ပုံအားလုံးကို လူမှုကွန်ယက်များပေါ် မျှဝေလေ့ရှိသူ။

(၃) Chronic Selfitis – မိမိစိတ်ကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ Selfie အချိန်နှင့်အမျှ Selfie ရိုက်ကူးနေပြီး ရိုက်ကူးထားသည့် Selfie များအား တစ်နေ့လျှင် (၆)ကြိမ်ထက်မနည်း လူမှုကွန်ယက်များပေါ်မျှဝေလေ့ရှိသူ။

အဓိကပြဿနာကတော့ Selfitis **ဆိုတဲ့ ဤစိတ်ဝေဒနာဆိုးကြီးဟာ လက်ရှိအချိန်မှာတော့ ကုရာနတ္ထိဆေးမရှိသေးပါဘူး။**

*-AMK(MCG) facebook.*

## ဘဝနေနည်းအတတ်ပညာ

**တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေမှုဆိုတာဟာ ဖြစ်ရိုးထုံးစံပါ။**

မိတ်နဲ့သားသမီးတောင် ဖြစ်သေးတာပဲ။ သူစိမ်းနဲ့ဆိုတာ ပြောဖွယ်ရာမရှိတော့ပူး။

**အဆင်မပြေမှုဖြစ်ခဲ့ပေမယ့်လည်း ဒီအထဲက သင်ခန်းစာယူပြီးတော့ ပြေလည်အောင် ဆက်ဆံပါ။**

အဲဒီလို လောကဓံတရားနဲ့ကြုံရတဲ့အခါမှာ စိတ်ဆင်းရဲမှုကြီးကြီးမားမား မဖြစ်အောင်

**နေတတ်သွားပြီဆိုရင် "ဘဝနေနည်းအတတ်ပညာ" ကိုနည်းနည်းတော့ တတ်သွားပြီ။**

**–မဟာမြိုင်တောရ ဆရာတော်ဦးဇောတိက။**


ပုံပြောပြိုင်ပွဲမှာ သားသား ပထမရတယ် မေမေ
မဆိုးဘူး ငါ့သားကြီးလာရင် သမ္မတ ဖြစ်နိုင်တယ်


ပြည်သူမကြိုက်တာတွေ အကုန် လျှောက်လုပ်တဲ့ အဖွဲ့ အစည်းကြီး
အစိုးရ လို့ပဲ လွယ်လွယ်ပြော မောလွန်းလို့

# ငယ်ပေမယ့် ကိုယ့်ထက်သာတာလည်းရှိတယ်

တစ်ခါက ဆင်းရဲသားရပ်ကွက်ထဲကို အပျိုကြီးတစ်ယောက် အိမ်ပြောင်းလာတယ်။ သူပြောင်းလာတဲ့အိမ်ဘေးကပ်ရက်မှာ နံရှာတဲ့မိသားစုလေးတစ်စု ရှိပါတယ်။ မုဆိုးမတစ်ယောက်နဲ့ သူ့ကလေးနှစ်ယောက်ပေါ့။ အပျိုကြီးက "**မတတ်နိုင်ဘူးလေ ဒီနေရာရောက်မှတော့ ဒီလိုလူမျိုးတွေနဲ့ ပတ်သက်ရဦးမှာပေါ့**"လို့ သူ့ဘာသာတွေးပြီး စိတ်ပျက်သွားမိတယ်။

အဲ့ညမှာပဲ ထုံးစံအတိုင်း ရပ်ကွက်မီးက ရုတ်တရက်ပျက်သွားခဲ့တယ်။ မီးပျက်တော့ အမျိုးသမီးက ဖယောင်းတိုင်ထွန်းဖို့ သူ့ဖယောင်းတိုင်ထုပ်ကို လိုက်ရှာတာပေါ့။ ခဏနေတော့ သူရှာတွေ့သွားတယ်။ တွေ့ပြီးတော့ သိပ်မကြာပါဘူး။ တစ်စုံတစ်ယောက်က သူ့အိမ်တံခါးလာခေါက်တာကို သူကြားလိုက်မိတယ်။

တံခါးဖွင့်ကြည့်တော့ ဘေးအိမ်က ကလေးငယ်တစ်ယောက်က စိတ်လှုပ်ရှားတဲ့အသံနဲ့ "အန်တီ"...အန်တီတို့အိမ်မှာ ဖယောင်းတိုင်ရှိလား"လို့ မေးလိုက်တယ်။

အမျိုးသမီးက "အင်း...ဆင်းရဲလွန်းလို့ ဖယောင်းတိုင်တောင် မဝယ်နိုင်ပါလားနော်...ဒါပေမယ့် ခဏခဏလာတောင်း နေမှာစိုးရတယ်။ ပေးလို့မဖြစ်ဘူး.."လို့တွေးပြီး "မရှိဘူး"လို့ အသံမာမာနဲ့ အော်ပြီး တံခါးပိတ်ဖို့ ပြင်လိုက်တယ်။ အဲဒီအချိန်မှာ ကလေးငယ်က ပြုံးပြီး "**ထင်သားပဲ...အန်တီက အခုမှ အိမ်ပြောင်းလာတာဆိုတော့ ဖယောင်းတိုင် မပါလောက်ဘူးဆိုပြီး မှောင်မဲမဲထဲမှာ အန်တီကြောက်နေမှာစိုးလို့ သမီးက ဖယောင်းတိုင်လာပို့တာ**"လို့ပြောပြီး အဖာတွေထပ်နေတဲ့အင်္ကျီအိတ်ထဲက ဖယောင်းတိုင်လေးကို ထုတ်ပေးလိုက်တယ်။

အမျိုးသမီးကတော့ ကိုယ့်ကိုယ်ကို ရှက်ပြီး ဘာမှပြန်မပြောနိုင်ပဲ မျက်ရည်ဝဲဝဲနဲ့ ကလေးငယ်လေးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်ပါတော့တယ်။

*-Credit to Heart Canteen*

ရည်းစုစ်ကျကျအတွေးအခေါ် *facebook* မှ။

လူတစ်ယောက်ရဲ့တန်ဖိုးကို သူ့မှာငွေပေးပြီး ဝယ်ယူလို့မရတဲ့ ပီတိတွေ၊ အသိဉာဏ်တွေ ဘယ်လောက်ရှိတယ်ဆိုတာနဲ့ သတ်မှတ်ရတယ်။

—အမည်မသိ။ ၂၀၁၄ ဖေဖော်ဝါရီလ လူငယ်မဂ္ဂဇင်း စာ ၇၇ မှ။

**အကောင်းဆုံးတုံ့ပြန်နည်း**

လောကတွင် မိမိအား တစ်စုံတစ်ယောက်က ကဲ့ရဲ့လာပါက ထိုစကားကြောင့် စိတ်ဓာတ်ကျ ရှုံးနိမ့်မသွားစေရဘဲ ပို၍တိုးတက်အောင် ကြိုးစားပြမှသာ အကောင်းဆုံးသော တုံ့ပြန်နည်း ဖြစ်သည်။

*-၂၀၁၄ ဖေဖော်ဝါရီလထုတ် မင်္ဂလာမောင်မယ်စာစောင် စာ ၆၂ မှ။*



## မိဘနှစ်ပါးကိုသတ်ပြီး ချက်ပြုတ်စားတဲ့သားမိုက် သေဒဏ်ပေးခံရ

(ဟောင်ကောင်) ယမန်နှစ်က မိဘနှစ်ပါးကိုသတ်ပြီး ကိုယ်ခန္ဓာတွေကို အပိုင်းပိုင်းလှီးဖြတ်ကာ မိက္ကရိုဝေ့ဗ်မီးဖိုနဲ့ချက်ပြုတ်စားသောက်ခဲ့တဲ့ **အသက် ၃၁ နှစ်အရွယ် သားဖြစ်သူ ဟင်နရီချောင်ဟျိုင်ဟန်း**ကို ဂျူရီလူကြီး ကိုးဦးပါဝင်တဲ့ တရားစီရင်ရေးအဖွဲ့က သေဒဏ်ချမှတ်လိုက်ပါတယ်။

ဒီအမှုတွဲမှာ သူနဲ့အတူ ပူးတွဲ ကျူးလွန်သွားခဲ့တဲ့ သူငယ်ချင်းဖြစ်သူ အသက် ၃၈ နှစ်အရွယ် ဆီချွန်ကီကိုပါ ဂျူရီအဖွဲ့က ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့ပါတယ်။ ဟင်နရီကို သေဒဏ်ပေးဖို့ ဂျူရီအဖွဲ့က ရှစ်မဲတစ်မဲနဲ့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

သူဟာ အသက် ၆၅ နှစ်အရွယ် ဖခင်ဖြစ်သူ ချောင်ဝင်ကီနဲ့ အသက် ၆၃နှစ် အရွယ်မိခင်ဖြစ်သူ စီယူရွယ်ယီတို့နှင့် စကားများမှုဖြစ်ပေါ်ခဲ့ပြီးနောက် ဆီချွန်ရဲ့ အိမ်ကိုခေါ်သွားကာ သတ်ဖြတ်လိုက်တာဖြစ်ပါတယ်။

ရဲအဖွဲ့က ဆီချွန်ရဲ့ အိမ်ထဲက ရေခဲသေတ္တာထဲမှာ သေဆုံးသူနှစ်ဦးရဲ့ ဦးခေါင်းတွေကို ရှာဖွေတွေ့ရှိခဲ့ပြီး ဆီချွန်ကတော့ သူ့မိဘတွေကိုပါ သတ်ဖြတ်ပစ်မယ်လို့ ခြိမ်းခြောက်ခံခဲ့ရခြင်းကြောင့် ဟင်နရီကို အကူအညီပေးခဲ့ခြင်းဖြစ်ကြောင်းထွက်ဆို သွားခဲ့ပါတယ်။

*-Yangom Media Group/ Ref: DM*

မှတ်ချက်။ ။ မိဘတွေ အိုဇာတာကောင်းချင်ရင် မိမိသားသမီးကို ငယ်စဉ်ကတည်းက ယဉ်ကျေးလိမ္မာသင်တန်းတက်ခိုင်းထားပါ။

ရောင့်ရဲပါ

မရောင့်ရဲလျှင်၊ မိခင်ပင်၊ မခင် မုန်းတတ်သည်။
မကြည်ညိုခြင်း၊ လာဘ်နည်းခြင်း၊ လက်ငင်း ဖြစ်တတ်သည်။
ရောင့်ရဲသူကား၊ ကြည်ညိုပွား၊ လာဘ်ကား ရှည်ကြာတည်။

–သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီး။

# ဆရာများတွင်ရှိရမည့် အရည်အချင်းများ



၁။ မိမိသင်ကြားမည့် ဘာသာရပ်မှာ ကျွမ်းကျင်ရမည်။
၂။ (မကျွမ်းကျင်ပါက ကျွမ်းကျင်အောင် လေ့လာထားရမည်)
၃။ စကားလုံးတိုင်းကို သိအောင် လေ့လာရမည်။
၄။ ပေါ့ပေါ့ဆဆ သဘောမထားရ၊ မသင်ရ။
၅။ လူငယ်များနှင့်သင်တန်းသားများကို လေးစားသောစိတ် ထားရမည်။
၆။ တပည့်ဖြစ်သူထက် သုံးဆ ကြိုးစားနိုင်ရမည်။
၇။ တပည့်ထက် စာကျက်နိုင်ရမည်။
၈။ သင်ကြားရမည့် နေရာမှာလည်း အလွတ်သင်ကြားနိုင်အောင် ကြိုးစားထားရမည်။
၉။ စည်းရုံးရေးနှင့်အုပ်ချုပ်ရေးပညာ ကျွဲရမည်။
၁၀။ စာသင်တဲ့အခိုက်မှာ စည်းရုံးရေးသမားဖြစ်ရမည်။
၁၁။ စာသင်ပြီးလျှင် အုပ်ချုပ်ရေးသမားဖြစ်ရမည်။
၁၂။ သင်တန်းသားများကို မျက်စိချင်း ယှဉ်ပြီးကြည့်နိုင်မည့် သမာဓိအား ရှိရမည်။

**–မွေးမြူဟာ ဆရာကြီး ဦးမြသောင်း(သာကီသွေး)။**

ဆရာကြီး ဦးမြသောင်း၏ ဝိသုဒ္ဓိမဂ်–ဋီကာကျော်–ယဉ်ကျေးမှုကျင့်ဝတ် ဘာသာ သင်ကြားနည်း ပို့ချချက်များမှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

ဆရာကြီး ပို့ချချက်တွင် တစ်ချက်ခြင်းအလိုက် အကျယ်တဝင့်ရှင်းလင်းတင်ပြ ထားတာမို့ ပိုမိုရှင်းလင်းစွာ သိရှိနိုင်ပါတယ်။


***–အနာဂတ်အလင်းရောင် မွေးကျေးလီ ဆရာ ဆရာများ။***

## မြန်မာလူမျိုးတွေ စေတနာကောင်းပေမယ့် အများစုဆင်းရဲနေတာ ဘာ့ကြောင့်လဲ

မြန်မာလူမျိုးတွေ စေတနာကောင်းတယ်၊ ဒါပေမယ့် ဘာလို့အများစုဆင်းရဲနေကြလဲ ၊ ကောင်းလိုက်တဲ့ မေးခွန်း၊ ဒါကို လူတစ်ယောက်က ဒီလိုဖြေသွားပါတယ်။

"အစိုးရကို အပြစ်မပုံချဘဲ လူတွေရဲ့ စိတ်ဓာတ်ကိုပဲ ဝေဖန်ရမယ်ဆိုရင်ပေါ့၊ မြန်မာအများစုက–

* (TEAM WORK) အားနည်းတယ်၊ မညီညွတ်ဘူး၊ ဘေးကနေ သွေးခွဲရလွယ်တယ်၊
* မနာလိုစိတ်များတယ်..အချင်းချင်းထဲ ကိုယ့်ကိုသာသွားမှာ မလိုလားဘူး၊
* မုဒိတာ မပွားနိုင်ဘူး၊
* ကြိုးစားရမယ့်နေရာ အချောင်ခိုချင်တယ်၊
* ပိုက်ဆံရရင် အဖြုန်းများတယ်၊ စီးပွားရေးလုပ်ရမှာ ကြောက်တယ်၊
* သေချာပုံမှန်ရတဲ့ ငွေကို ပိုမက်တယ်.. ဝန်ထမ်းပိုလုပ်ချင်တယ်၊
* အတွေးအခေါ်ပိုင်းမှာ တီထွင်ကြံဆမှုနည်းတယ်..
* မိရိုးဖလာအတွေးအခေါ်ကို မပယ်နိုင်ဘူး၊ ပြောင်းလဲနေတဲ့ခေတ်ကို လိုက်နိုင်ဖို့ လိုအပ်တဲ့ပညာရေး အားနည်းတယ်၊



* ဝေဖန်တာကောင်းပြီးတော့ ဆောင်ရွက်မှုအားနည်းတယ်၊
* အကြံပြုတာကောင်းပြီး စီမံမှုညံ့တယ်၊
* ပုတ်ခတ်တာကို မတရားကြိုက်တယ်..
* ကိုယ်ကျရှုံးတိုင်း သူများလည်းကျရှုံးမယ်ဆိုတဲ့ အမြင်ရှိတယ်၊
* ရှုံးပြီးပြန်ထဖို့ပျင်းတယ်.. မအောင်မြင်ရင် ကံကို ပုံချတယ်၊
* ကိုယ့်ကြုံတွေ့ခဲ့တဲ့ အတွေ့အကြုံတစ်ခုတည်းနဲ့ အရာတော်တော်များများကို တစ်ဖက်သတ် သုံးသပ်တယ်၊
* ကိုယ်နဲ့အမြင်မတူရင် အားမပေးဘဲ မတရားရှုံ့ချတယ်၊
* ဘုရားရှိခိုးတိုင်း ချမ်းသာရပါလို၏ ဆုတောင်းပြီး အခွင့်အလမ်းလာရင် အခွင့်အလမ်းမှန်းသိအောင် မလေ့လာဘဲ ကျော်သွားတယ်၊ ပြီးတော့ ပုံမှန်ဘဝထဲမှာ ခပ်ပျော်ပျော်နေတယ်၊

* ကိုယ့်အကြောင်းထက် သူများအကြောင်းကို ပိုစိတ်ဝင်စားတယ်၊
* လေကန်ပြီး အချိန်ဖြုန်းတာများတယ်၊
* ပိုဆိုးတာက ပိုက်ဆံတော့ရှိပါရဲ့ တိုးပွားအောင်လုပ်ဖို့ စိတ်ကူးနည်းတယ်၊
* ပိုက်ဆံကိုကျစ်ကျစ်ပါအောင်ဆုပ်ထားတယ်.. အကျိုးရှိအောင် မရင်းနှီးတတ်ဘူး၊ ဘဝမှာ ပိုက်ဆံတစ်ခုပဲရှိအောင် လုပ်တယ်။
* ကိုယ်သိတာကို သိသလို အသုံးမချတတ်ဘူး။ မိဘတွေက ဆင်းရဲနေတာပါပဲ..." ကဲ... မှန်နေသလားလို့ ......

*-Kumara Ashin Website: www. alodawpyei.org*




"စည်းကမ်းသည် လူ၏တန်ဖိုး"ဆိုသော်လည်း အထက်ပါပုံအရ
"စည်းကမ်းသည် ခွေး၏တန်ဖိုး"ဖြစ်နေသည်။

## အီရတ်နိုင်ငံ၊ အိုင်ဆစ်အခြေစိုက်စခန်း မိုဆူးလ်မြို့တွင် လက်မထပ်ဘဲ လိင်ဆက်ဆံမှုပြုခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့်

## လူနှစ်ဦးကို ကျောက်တုံးများဖြင့်ပစ်ပေါက်သတ်

အီရတ်တွင် အစ္စလာမ္မစ်နိုင်ငံအဖွဲ့ စစ်သွေးကြွများက မျက်နှာပုဝါစည်းထားပြီး လက်များအားကြိုးတုပ်ထားသော အမျိုးသားနှင့်အမျိုးသမီးစုံတွဲတစ်တွဲကို လက်မထပ်ခင် လိင်ဆက်ဆံမှုပြုခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ကျောက်တုံးဖြင့် ပစ်ပေါက်သတ်လိုက်ကြသော ထိတ်လန့်ဖွယ်ရာဓာတ်ပုံ/ဗီဒီယိုများထွက်ရှိလာသည်။ အိုင်ဆစ်(ISIS)အဓိကခြေကုပ်စခန်း နိုင်ငံမားပြည်နယ်၊ မိုဆူးလ်တွင် ရိုက်ကူးထားသော ဓါတ်ပုံများအရ ခုခံကာကွယ်မှု မပြုနိုင်သောစုံတွဲအား ဂျီဟာ့ဒ်ဝါဒသတ်ဖြတ်မှုကို လူအုပ်ကြီးမှ လာရောက်ကြည့်ရှုခဲ့ကြသည်။

"လက်မထပ်ခင်လိင်ဆက်ဆံခြင်း"အမှုဖြင့် စွပ်စွဲခံထားသော အမျိုးသားနှင့် အမျိုးသမီးအား ကောင်းကောင်းမြင်ရနိုင်ရန် ကောင်လေးများက ၎င်းတို့ဖခင်များ၏ ပုခုံးပေါ်တက်ကာ ကြည့်ခဲ့ကြသည်။ ထို့နောက်တွင် အများတွေ့ဖူးကြသည့် မိုဆူးလ်၏ အာဏာပါးကွက်သားချုပ် မုတ်ဆိတ်ဖြူအဖိုးအို အဘူအန်ဆာ အယ်လ်အန်ဆာရီက (Abu Ansar al-Ansari) အဆိုပါစုံတွဲကို ကျောက်တုံးများဖြင့် ပစ်ပေါက်သတ်ရန် အမိန့်ပေးသည်။ ထိုနေရာမှာ မိုဆူးလ်မြို့လည်ရင်ပြင်ဟု သိရသည်။

လက်နက်အပြည့်အစုံတပ်ဆင်ထားသော စစ်သွေးကြွများက လူအုပ်ဖက်သို့ စောင့်ကြည့်နေကြသည်။ လူငယ်များနှင့် ကောင်လေးများမှာ မြင်ကွင်းရှင်းရှင်း မြင်ရဖို့ ရှေ့သို့ဖွတ်တိုးနေကြသည်။ ၎င်းတို့၏ နောက်ကျောဖက်တွင်မှ အနက်ရောင်နိကပ်များခြုံထားသော မူဆလင်အမျိုးသမီးများလည်း ကြည့်နေကြသည်ကို တွေ့ရသည်။

မျက်နှာထက် အဝါရောင် မျက်နှာဖုံးစွပ်ထားသော (IS)အစ္စလာမ္မစ်စစ်သွေးကြွ တစ်ဦးက မိုက်ကရိုဖုန်းကို အသုံးပြု၍ ထိုစုံတွဲမှာ လက်မထပ်သေးဘဲလျက် လိင်ဆက်ဆံခဲ့သည်ဟု မှန်းဆရကြောင်း၊ ထို့ကြောင့် "လက်မထက်ခင် လိင်ဆက်ဆံခြင်း"ဖြင့် စွဲချက်တင်ကြောင်း ကျယ်လောင်စွာ ဖတ်ကြားသည်။ ပြောစကားထဲ၌မှု "အိမ်ထောင်ရေးဖောက်ပြန်သည်"ဟူ၍တော့ မပါရှိပါ။

လမ်းလယ်ထက်၌ ကျောက်တုံးများ ပုံထားသည်ကို မြင်တွေ့ရသည်။

ရက်စက်လှစိတ်ကင်းမဲ့သော အစ္စလမ်မစ်များက လက်များကို ကြိုးတုပ်ထား၍ ညည်သည့်ခုခံမှုမပြုနိုင်သောစုံတွဲကို ကျောက်တုံးများဖြင့် တရစပ်ပစ်ပေါက်ကြသည်။

ကျောက်တုံးများမှာ စုံတွဲ၏ ခန္ဓာကိုယ်အနှံ့ထိမှန်သည်။ လမ်းထက်၌ သွေးများအိုင်ထွန်းသွားသည်။ နောက်ဆုံးတွင် ၎င်းတို့ရရှိသော ဒဏ်ရာများနှင့်ပင် အမျိုးသားနှင့်အမျိုးသမီးလည်း သေဆုံးသွားသည်။

**ရွံ့ရှာအော်ဂလီဆန်ဖွယ်ကောင်းသော ရက်စက်မှုတစ်ခုလည်း အဆုံးသတ်သွားသည်။**

***– Myo Min Thant. http://www.dailymail.co.uk/news/article-3017800/Sickening-images-blindfolded-Bound-couple-brutally-stoned-death- fornication-ISIS-militants-Iraq.html***

# အဆိုအမိန့်များ

* မျှော်လင့်ချက်မရှိလျှင် ကြိုးစားမှုလည်း ရှိတော့မည်မဟုတ်ပေ။
*Where there is no hope, there can be no endeavour.*

* ကျယ်ကျယ်လောင်လောင် ပြောတတ်သူဟာ အမြဲတမ်းမှန်ကန်တယ်။
*A noisy man is always in the right.*



* ငွေအသင့်ရှိနေခြင်းဟာ ဆေးအသင့်ရှိခြင်းဖြစ်တယ်။
*Ready money is ready medicine.*

* အကြွေးယူလေလေ သောကတာရှည်လေလေ။
*Who goeth borrowing goeth a sorrowing.*

* အရက်သမားရဲ့ ပိုက်ဆံအိတ်က အရက်ပုလင်းပဲ။
*A drunkard's purse is bottle.*

* လူတကာချစ်ခင်လေးစားခံချင်ရင် လူတကာချစ်ခင်အောင် နေထိုင်ပါ။
*If you would be loved, love and loveable.*

* အသုံးမဝင်သော အသက်ရှင်နေခြင်းဘဝဟာ စောစောသေနေခြင်းပင်။
*A useless life is an early death.*



* နာမည်ကောင်းဟာ ရွှေထက်တန်ဖိုးရှိတယ်။
*A good name is better than gold.*

* အချစ်ကြီးက အမုန်းကြီးတယ်။
*Great love, great resentment.*

***–ကာတွန်းထင်လင်းကျော်၏ "အဆိုအမိန့်ဟာသများ" စာအုပ်မှ ကူးယူဖော်ပြသည်။***

# ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ်

မိဘမေတ္တာဆိုတာ အားလုံးသိကြတဲ့အတိုင်းအနှိုင်းမဲ့ပါပဲ။ သင်ရဲ့အခြားချစ်သူခင်သူတွေရဲ့ မေတ္တာတွေဟာ အကြောင်းအမျိုးမျိုးကြောင့်ပျက်ပြယ်နိုင်ပေမယ့် မိဘမေတ္တာကတော့ သင် သူတို့မကြိုက်တာလုပ်သည့်တိုင်အောင် ပျက်ပြယ်သွားမှာ မဟုတ်ပါဘူး။



**အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲနွမ်းပါးခဲ့ရင်တောင်မှကမ္ဘာပေါ်** ကမိဘတိုင်းဟာ သူတို့ရဲ့သားသမီးတိုင်းကို အကောင်းတကာ့အကောင်းဆုံးအရာတွေကိုပဲ ပေးချင်ကြတာပါ။

ခုပြောမယ့်အကြောင်းအရာ လေးဟာ ထိုင်းနိုင်ငံမှာတကယ်ဖြစ်ခဲ့တာပါ။ ပုံထဲက ကောင်လေးမှာ ညီအစ်ကို ငါးယောက်ရှိပါတယ်။ သူ့အမေကတော့ နောက်ဆုံးကလေးမွေးမွေးပြီးချင်းမှာ ကွယ်လွန်သွားပါသတဲ့။ ကျန်တဲ့ ညီအစ်ကို သုံးယောက်ကလည်း နာမကျန်း ဖြစ်ပြီးဆုံးပါးသွားပါတယ်။

ဇနီးနဲ့သားတွေကို ဆုံးရှုံးပြီးတဲ့နောက်မှာ ပညာမတတ်တဲ့ ဒီဆင်းရဲသားလယ်သမားကြီးဟာ သားကို တက္ကသိုလ်ပို့နိုင်ဖို့အတွက် အလုပ်တွေကို နေ့တိုင်းမနားမနေအပြင်းအထန်လုပ်ခဲ့ပါတယ်။ သူ့ရဲ့သားပဲ သူတို့ရဲ့အနာဂတ်ကို ပြောင်းပေးနိုင်မှာ သူယုံကြည်ထားလို့ပါ။ ဒီလိုနဲ့ ပင်ပန်းတကြီး ခြစ်ကုပ်ပြီးရှာထားတဲ့ ချွေးနဲစာငွေကို သားဆီပို့ခဲ့ပါတယ်။

လိမ္မာတဲ့သားကလည်း ဒီငွေကိုပဲ ခြိုးခြံပြီး တက္ကသိုလ်တက်ခဲ့ရပါတယ်။ ခုနောက်ဆုံးတော့ အဖေဖြစ်သူရဲ့ရည်မှန်းချက်အောင်မြင်သွားပါပြီ။ Ratchapat University က ဘွဲ့ကို ယူနိုင်ခဲ့တဲ့ သားအတွက် အဖေဖြစ်သူလည်း အပင်ပန်းခံရကြိုးနပ်ခဲ့ပါပြီ။ သားကဘွဲ့ရလို့ ဓါတ်ပုံရိုက်မယ့်အချိန်မှာတော့ အဖေဖြစ်သူဟာ

သူ့ရဲ့ပုံ(ပုံမှာမြင်ရတဲ့)ကြောင့် ရှက်ပြီးရှောင်နေခဲ့ပါတယ်။ ဒါကို သားကလည်း မရမကခေါ်ပြီး ဓါတ်ပုံရိုက်ခဲ့ပါတယ်။

ဘယ်အခြေအနေရောက်ရောက် မိဘဟာ မိဘပဲလို့မှတ်ထားတဲ့ သားရဲ့ စိတ်ဓာတ်ကိုလဲ လေးစားမိပါတယ်။ အခုတော့ ဒီသားလိမ္မာလေးဟာ ဆရာဝန်ဖြစ်ဖို့အတွက် အင်္ဂလန်က ဆေးတက္ကသိုလ်တစ်ခုမှာ တက်ရောက်နေခဲ့ပါပြီ။ နောက်ဆုံးတော့ ဒီသားအဖရဲ့ အနာဂတ်ဟာ တောက်ပလာခဲ့ရပြီ ဖြစ်ပါတယ်။

**အားလုံးအားလုံးပဲ မိဘကျေးဇူးကို သိတတ်ကြပါစေလို့ ။... ။**

*– Lwin Pyin , facebook မှ။*






သတိပြုစရာမို့ တင်ပြပါရစေ။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုမှပင်လျှင် အင်မတန်ခင်မင်ခဲ့ရပါသော သူနာပြုဆရာမတစ်ဦးအကြောင်းပါ။ စိတ်ရင်းကောင်းပြီး စကားနည်းသော ဆရာမသည် ကျွန်တော့်မိဘနှစ်ပါးကို ရက်ရှည်လများ အိမ်တွင် လာရောက်ပြုစုပေးသူဖြစ်ပါသည်။

မိဘများကွယ်လွန်သွားပြီးချိန်တွင်လည်း အဆက်အသွယ်မပြတ်ဘဲ အသွားအလာရှိနေခဲ့ပါသည်။ သို့နှင့်လွန်ခဲ့သော မတ်လကဖိတ်စာနှင့်အတူ ရောက်လာပါသည်။ သူ့ခင်ပွန်းလောင်းပါ ပါလာပါသည်။ ကြည့်ရသည်က ရိုးသားပုံလေးနှင့်ပါ။ ဆရာမ မင်္ဂလာဆွမ်းကပ်ကိုလည်း တက်ရောက်ပေးခဲ့ပါသည်။

ဒီလိုနေလာရင်း ယမန်နေ့က သတင်းတစ်ခုကြားလိုက်ရတော့ အံ့ဩခဲ့မိရပါသည်။ ယခုအခါ ဆရာမတွင်ပင်ကိုယ်ဝန်သုံးလရှိနေပြီဖြစ်သည်။ သူ့ခင်ပွန်းမှာ လူလွတ်တစ်ဦးမဟုတ်ဘဲ ကလေးနှစ်ယောက်ဖခင်ဖြစ်ကြောင်း၊ ဇနီးကြီးက လူကြီးမိဘများနှင့် လိုက်လာပါတော့သည်။

ဘယ်ပုံဖြေရှင်းရပါမည်နည်း။

ဤဇာတ်လမ်းသည် အဘယ်က စတင်ခဲ့သနည်း။

**ဖေ့စ်ဘုတ်မှ စတင်ခဲ့ပါသည်။**

ဖေ့စ်ဘုတ်မှ စတင်ပြီးနောက် ချက်(chat)တင်လုပ်ရင်းနှင့်အပြင်မှာ ဆုံတွေ့လေတော့သည်။ ထိုမှတဆင့်တက်ပြီး ချစ်သူဘဝ၊ ထိုမှဆက်ကာ လက်ထပ်ပြီး အိမ်ထောင်သည်ဘဝကိုခံယူ။ ဒီလိုနှင့် များမကြာမီ ကိုယ်လေးလက်ဝန်ဖြစ်လာတဲ့အခါမှ ဖြစ်ရပ်မှန်ကပေါ်လာ။ အဲဒီအချိန်ကျမှ ဒုက္ခ။ အယုံလွယ်သူနှင့် ယုံအောင်ညာသူ ဘယ်သူ့အပြစ်ပုံမည်နည်း။ (online)ကို ဘာထင်သနည်း။ ဖေ့စ်ဘုတ်ပိုင်ဘာကို ဘယ်လိုမြင်သနည်း။

သတိထား အသုံးပြုကြပါကုန်။ ကိုယ်တွေ့တစ်ခုမျှသာပါ။

*–မောင်ထင်မောင်(တောင်ကြီး) facebook မှ။*

ရှေးအခါက **ဂျပန်နိုင်ငံမှာ** နေရာအနှံ့အပြား လှည့်လည်သွားလာနေတဲ့ သူတော်စင်ကြီးတစ်ပါးရှိတယ်။ တစ်နေ့ကျတော့ တောတန်းတောင်တန်းတွေနဲ့ သာယာနေတဲ့ တောအုပ်တစ်ခုထဲကို ရောက်လာခဲ့တယ်။

တစ်နေရာမှာတော့ ငှက်ထောင်ချောက်တစ်ခုကိုတွေ့လိုက်တယ်။ ထောင်ချောက်ထဲမှာ ငှက်လေးတွေလည်း အပြည့် ဖမ်းမိထားတာကို တွေ့လိုက်တယ်။ တွေ့တွေ့ချင်းပဲ "အော် ငှက်ဆိုတာ ပျံသန်းဖို့ဘဲ"လို့တွေးပြီး ထောင်ချောက်ထဲက ငှက်တွေကို လွှတ်ပစ်လိုက်တယ်။

လေထဲမှာ ပျော်ရွှင်စွာပျံသန်းနေတဲ့ငှက်လေးတွေကိုကြည့်ပြီး ပျော်ရွှင်ကြည်နူးနေခဲ့တယ်။ **အို... ငှက်လေးတွေပျံဝဲနေတာ ကြည့်လို့ကောင်းလိုက်တာ၊ ငှက်ဆိုတာ ပျံသန်းမှကြည့်လှတာ မဟုတ်လား**လို့လည်း ရေရွတ်နေခဲ့တယ်။

အဲဒီအချိန်မှာ ထောင်ချောက်ပိုင်ရှင် မုဆိုးရောက်လာပြီး သူ့ငှက်တွေ လွှတ်ပစ်နေတာကိုတွေ့တော့ သူ့မှာပါလာတဲ့ တုတ်နဲ့ သူတော်စင်ကြီးကိုရိုက်ပါတော့တယ်။ မုဆိုးကတော့ တွေးထားတာပေါ့။ ဒီငှက်တွေကို ထောင်ချောက်ထဲကနေထုတ်ပြီး ဈေးကိုသွားမယ်။ ရောင်းမယ်။ ရောင်းလို့ရတဲ့ငွေနဲ့ အိမ်မှာလိုအပ်တာလေးတွေ ဝယ်သွားမယ် စသဖြင့် စိတ်ကူးတွေယဉ်ထားတာ။ အခုတော့ ဒီလူကြောင့်ပျက်ရပြီဆိုပြီး တွေးရင်းတွေးရင်းစိတ်တိုလာတယ်။ စိတ်တိုလာလေ အပြင်းအထန်ရိုက်လေဖြစ်လာခဲ့တယ်။

မုဆိုးက ဘယ်လောက်ရိုက်ရိုက် ငှက်တွေကြည့်ပြီး ပျော်ရွှင်ကြည်နူးစွာ ရယ်မောနေခဲ့တယ်။ သူကရယ်လေ၊ မုဆိုးက ပိုရိုက်လေနဲ့ အတန်ကြာတဲ့အခါ ရိုက်နေတဲ့မုဆိုး စဉ်းစားစပြုလာတယ်။ "**ဒီလူ ရူးများနေတာလား၊ ငါရိုက်နေတာကို နာတယ်လို့ မအော်ဘဲ ရယ်ပဲရယ်နေတော့တာပဲ**" လို့ တွေးမိပြီး ဆက်မရိုက်တော့ဘဲ နေလိုက်တော့တယ်။ အဲဒီအခါ သူတော်စင်က "**ရိုက်လို့ပြီးသွားပြီလား၊ ထပ်ရိုက်ဦးမလား၊ ရိုက်ချင်ရိုက်လေ၊ မင်း မရိုက်တော့ရင် ငါသွားတော့မယ်**"လို့ ပြောတဲ့အခါ မုဆိုးလည်း ဘာမှ မပြောတော့ဘဲ နေခဲ့တော့တယ်။ ဒါနဲ့ သူတော်စင်လည်း တစ်နေရာကိုဆက်ပြီးထွက်ခွာသွားခဲ့တယ်။

* * *

ထောင်ချောက်ထဲ မိနေတဲ့ ငှက်ကလေးတွေကို လွှတ်ပေးလိုက်တဲ့ သူတော်စင်၊ ထောင်ချောက်ထဲကနေ လွတ်လပ်စွာ ပျံသန်းသွားကြတဲ့ ငှက်ကလေးတွေ၊ အဲဒီငှက်ကလေးတွေကိုကြည့်ပြီး ပျော်ရွှင်ကြည်နူးနေတဲ့ သူတော်စင်ရဲ့ ဟန်ပန်အမူအရာနဲ့ စိတ်သဘောထား၊ မုဆိုးက အပြင်းအထန်ရိုက်နက်နေပေမဲ့

အပျော်မပျက် အပြုံးမပျက်တဲ့ ကျေကျေနပ်နပ် လက်ခံနေတဲ့ သူတော်စင်ရဲ့ခံယူချက် .... ဇာတ်လမ်းလေးက တိုပေမဲ့ တွေးစရာအကွက်တွေက တစ်ကွက်ချင်း တစ်ကွက်ချင်း စိတ်ဝင်စားစရာ ပေါ်ထွက်လာနေကြတယ်။

နိုင်ငံအတွက်၊ ဘာသာအတွက်၊ အမျိုးအတွက်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆောင်ရွက်ကြတဲ့သူတွေကိုလည်း စိတ်ထဲမှာမြင်ယောင်မိပါတယ်။ သူတို့တွေဟာ နိုင်ငံကောင်းစားဖို့၊ ကိုယ့်ဘာသာကောင်းစားဖို့၊ ကိုယ့်အမျိုးဂုဏ်တင့်ဖို့ဆိုပြီး လုပ်ငန်းတွေလုပ်ကြတယ်။ တစ်ခါတစ်ရံမှာ အဲဒီလို အများအတွက်ဆိုပြီး လုပ်တဲ့အလုပ်တွေအတွက် သူတို့ခမျာ နာကျင်စရာ အဖိုးအခတွေ ပေးဆပ်ကြရတယ်။

ဇာတ်လမ်းထဲက **သူတော်စင်**ဟာလည်း ငှက်ကလေးတွေအကျိုးအတွက် သူလုပ်လိုက်ရပေမဲ့ မုဆိုးရိုက်နှက်တာကိုခံရတယ်။ ဒါပေမဲ့ ငှက်ကလေးတွေ အကျိုးခံစားနေရတာကိုကြည့်ပြီး ပျော်နေတဲ့အတွက် နာကျင်စရာ ရိုက်နှက်မှုတွေဟာ သူ့နှလုံးသားအတွင်းကို မထိုးဖောက်မဝင်ရောက်နိုင်ခဲ့ဘူး။ ဒီတော့ **အများကောင်းကျိုးတစ်ခုခု၊ တစ်နည်းပြောရရင် ပရဟိတတွေလုပ်တော့မယ်ဆိုရင် သူတော်စင်လို သဘောထားလေးရှိထားဖို့ လိုအပ်ပါတယ်။**

ပျော်ရွှင်ကြည်နူးမှုတိုင်းမှာ နာကျင်စရာအဖိုးအခတွေက အခါခပ်သိမ်းတည်ရှိနေပါတယ်။ လိုချင်တဲ့ပျော်ရွှင်မှုအတွက်မလိုချင်တဲ့ နာကျင်မှုတွေကိုလည်း လက်ခံရမယ်ဆိုတာကို **အမြဲသိထားရပါမယ်**။ အများရဲ့ ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်း၊ **ချမ်းမြေ့ခြင်းများကို** ကြည့်ပြီး ကိုယ့်ရဲ့ နာကျင်စရာတွေကို မေ့ပျောက်နိုင်စွမ်းရှိရင်တော့ **အကောင်းဆုံးပေါ့**လေ။

***–အရှင်ကုသလသာမိ(အတည်မဲ့)၊ facebook မှ။***

## အဂတိ



**အသပြာ** ဘက်လိုက်သည့်အခါ
ခင်မင်သူမျက်နှာ ကြည့်ခက်သည်။
**ခင်မင်သူ** ဘက်လိုက်သည့်အခါ
အမှန်တရားမျက်နှာ ကြည့်ခက်သည်။
**အမှန်တရား** ဘက်လိုက်သည့်အခါ
အားလုံးမျက်နှာ ကြည့်ဝံ့သည်။

***–နိုင်ညီသွေး(ကျေးလက်)၊ ၂၀၁၄ ဖေဖော်ဝါရီလ လူငယ်မဂ္ဂဇင်း စာ ၁၂၇ မှ။***


ကြိုးစားပါသားရယ် နောင်တစ်ချိန်မှာတိုင်းပြည်ဟာ သားတို့လို လူငယ်တွေ လက်ထဲရောက်လာမှာ-
အား.. ! ဒီလောက် ရှုပ်တဲ့ဟာကြီး မလိုချင်ပါဘူးဗျာ


နိုင်ငံတွေရဲ့သမိုင်းဟာ ခေါင်းဆောင်တွေရဲ့... ဦးဆောင်မှုကောင်းခြင်း ညံ့ဖျင်းခြင်းအပေါ် များစွာမူတည်နေတယ် ဆိုပဲ......
အောင်မယ် ကြားသားမိုးကြိုး သိမှ... သိပါ မလားလို့

# ဖနီးကောင်းတို့ ဆောင်ရန်ရှောင်ရန်



အိမ်ထောင်ပြုတဲ့အချိန်မှာ မိန်းကလေး တစ်ယောက်ရဲ့ အလှပဆုံးနဲ့ အတောက် ပဆုံးအချိန်ဖြစ်နေတတ်ပြီး ယောက်ျားလေး တစ် ယောက်အတွက် အောင်မြင်မှုရခါစ (သို့) ဘဝ တက်လမ်း တက်ခါစပဲ ရှိနေတတ်ပါသေးတယ်။ သဘာဝတရားအရ ကလေးတစ်ယောက် နှစ် ယောက်မွေးပြီးလို့ မိန်းမများဟာ မျက်နှာအလှ ရောခန္ဓာကိုယ်အချိုးအစားပါ အကျဘက်ကို ဦးတည်နေတဲ့အချိန်မှာ ယောက်ျားများဟာ လုပ်ငန်းစတင် အဆင်ပြေလာပြီး ဘဝအတက်ဘက်ကို ဦးတည်နေတတ်ပါတယ်။ ဒါကြောင့်မို့လို့ ဖနီးလုပ်သူဟာ လိမ္မာပါးနပ်ရမှာဖြစ်ပြီး အိမ်ထောင်ရေးသာယာဖို့အတွက် အောက်ပါအချက် များကို လေ့လာသင့်ပါတယ်။

## ၁။ ယောက်ျားကို အရေးပေးတတ်ရမယ်။

ယောက်ျားဆိုတာ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်နဲ့ အသိအမှတ်ပြု ခံလိုစိတ်တို့နဲ့ ဖွဲ့စည်းထားတဲ့သူလို့ဆိုပါတယ်။ အဲဒီအချက်နှစ်ခုကို ပိုင်နိုင်စွာ ဆော့ကစားတတ်ရင် ကိုယ့်ယောက်ျားကို ကြိုက်သလိုအနိုင်ယူလို့ရတယ်လို့ နိုင်ငံခြားဆိုရိုးစကားတစ်ခုကိုကြားဖူးပါတယ်။ ကိုယ့်ယောက်ျားကို အထူးသဖြင့် လူရှေ့သူရှေ့မှာ မျက်နှာအပြည့်အဝ ပေးပါ။ တစ်ခါတစ်လေ ကိုယ်ဆုံးဖြတ်တဲ့ကိစ္စ၊ ကိုယ်ပြီးမှပြီးရမယ့်ကိစ္စဖြစ်ပေမယ့်လို့ ကိုယ့်ယောက်ျားဆုံးဖြတ်မှ ဒီကိစ္စပြီးမြောက် မယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင် ဖန်တီးပါ။ ယောက်ျားမှန်ရင် အဲဒီအရေးပေးခံရတဲ့ ကိစ္စကို အလွန်နှစ်သက်တတ်ပါတယ်။

## ၂။ ကိုယ့်ပါးစပ်ကို နိုင်အောင်ထိန်းတတ်ရမယ်

ကိုယ့်ယောက်ျားရှေ့မှာ အခြားမိသားစုဝင်တွေကို အတင်းမတုတ်ပါနဲ့။ ဖနီး ဖြစ်သူနားလည်ထားရမှာက ဖနီးဆိုတာ ရွေးချယ်လို့ရတယ်။ သူ့မိဘဆိုတာ သူရွေးချယ်လို့မရဘူး။ သူ့မိဘကိုလည်း ကိုယ့်မိဘလို ရှိသေရပါမယ်။ နောက် တစ်ခု ပါးစပ်ထိန်းရမှာက တဖျစ်တောက်တောက် မငြီးတွားပါနဲ့။ တဖျစ်

တောက်တောက် ငြီးငွေ့သွားတာလောက် အိမ်ထောင်ရေးကို ဖျက်ဆီးတဲ့အရာ မရှိတော့ဘူးလို့ အမေရိကန်စာရေးဆရာကြီး ဒေးလ်ကာနယ်ဂျီက ဆိုပါတယ်။

**၃။ ဟင်းချက်တတ်အောင် သင်ထားရမယ်**

ကိုယ့်ယောက်ျားရဲ့အစာအိမ်ကို ကိုယ်ထိန်းချုပ်နိုင်ရင် လူကိုပါ ထိန်းချုပ်ပြီးသားဖြစ်သွားတယ်လို့ ဆိုရိုးစကားတစ်ခု ကြားဖူးပါတယ်။ ဘယ်မှာပဲ ထမင်းသွားစားစား နှစ်ရက်သုံးရက်လောက်ကြာလာရင် အိမ်ဟင်းကို သတိရအောင် ဖန်တီးပေးရပါမယ်။

**၄။ ကိုယ်ပိုင်အလုပ်လေးတစ်ခု ရှိသင့်တယ်**

ဝင်ငွေကောင်းကောင်းမကောင်းကောင်း ကိုယ်ပိုင်အလုပ်လေးတစ်ခုရှိသင့်ပါတယ်။ မိသားစုအတွင်းမှာ "မှီခို"ဆိုတာ လူသက်သာသလောက် စိတ်မသက်သာပါဘူး။ ကိုယ်ပိုင်အလုပ်မရှိတော့ စကားအပြောအဆိုနည်းမယ်။ စဉ်းစားတာနည်းမယ်။ ပတ်ဝန်းကျင်နဲ့လည်း တစ်ဖြည်းဖြည်း အဆက်အသွယ်ပြတ်လာမယ်။ ခန္ဓာကိုယ်တစ်ဖြည်းဖြည်းဝလာမယ်။ ကျန်းမာရေးချူခြာလာမယ်။ မှတ်ဉာဏ်ယိုယွင်းလာမယ်။ စဉ်းစားကြည့်ပါ။ ကိုယ့်ခင်ပွန်းအပေါ် ဆွဲဆောင်မှုကလည်း တစ်ဖြည်းဖြည်း လျော့နည်းလာမယ်ဆိုတာ သေချာပါတယ်။

**၅။ အလှကိုတန်ဖိုးထားရပါမယ်**

ယောက်ျားရပြီးပြီပဲ သိမ်ပြင်ဆင်စရာမလိုတော့ဘူးလို့ယူဆရင် သင်မှားသွားပါလိမ့်မယ်။ ဖယ်ရိုဖရဲနေထိုင်ခြင်းကို လုံးဝ ရှောင်ကြဉ်ပါ။ သပ်သပ်ရပ်ရပ်ဖြစ်အောင် အမြဲကြိုးစားပါ။ ဖယ်ရိုဖရဲနေထိုင်ခြင်းဟာ ကိုယ့်ယောက်ျားကို အဝေးဆုံးရောက်အောင် ပို့လွှတ်နေသလိုဖြစ်နေတတ်ပါတယ်။

**၆။ ပြုံးပြုံးရွှင်ရွှင် နေတတ်ရပါမယ်**

အိမ်ဆိုတာ ယောက်ျားအတွက် ထွေးနွေးတဲ့ အပမ်းဖြေနားခိုရာဌာနေတစ်ခုပါ။ ပြုံးပြုံးရွှင်ရွှင်ပြုမူခြင်းဖြင့် ကိုယ့်ယောက်ျား အိမ်ပြန်ချင်အောင် ဆွဲဆောင်နိုင်ပါတယ်။ မျက်နှာအမြဲရှုပ်နေမယ်။ မကျေနပ်တာတွေ မျက်နှာမှာ အမြဲဖော်ပြနေမယ်ဆိုရင် ယောက်ျားက အိမ်မကပ်ချင်တော့ပါဘူး။

**ဒါလေးတွေကိုရှောင်ကြပါစို့**

ယောက်ျားသွားတဲ့နေရာကို မထောက်လှမ်း မချုပ်ချယ်ပါနှင့်။ ယောက်ျားလေးဆိုတာ ကိုယ့်အလုပ်နဲ့ကိုယ်၊ကိုယ့်အပေါင်းအသင်းနဲ့ကိုယ် ကိုယ့်ဝါသနာကိုယ်ရှိတတ်ပါတယ်။ တစ်ခါတစ်လေ ကိုယ်ပိုင်လွတ်လပ်ခွင့်လည်း လိုအပ်ပါတယ်။

သူ့ကို လွတ်လပ်ခွင့်အထိုက်အလျောက်ပေးထားသင့်ပါတယ်။ ဒါပေမယ့် အိမ်ပြန်နောက်ကျတိုင်း သာကြောင်းမာကြောင်းလေးတော့ ဖုန်းဆက်ဖို့ မမေ့အောင် မှာထားပါ။

**ပိုက်ဆံအိတ်ကို မချုပ်ချယ်ပါနဲ့**

ကိုယ်တိုင်ပိုက်ဆံရှာတတ်တဲ့ ယောကျ်ားအဖို့ ကိုယ်တိုင်ပိုက်ဆံသုံးပိုင်ခွင့်လည်း ပေးထားသင့်ပါတယ်။ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံအလုံအလောက်ရှိမှ ယောကျ်ားလေးတွေ မျက်နှာရှိတတ်ပါတယ်။ ယောကျ်ားကို မျက်နှာပေးတတ်အောင် လေ့လာထားပါ။ ဇနီးဖြစ်သူကို ပိုက်ဆံသုံးဖို့ အလုံအလောက်ပေးထားရင် ပိုက်ဆံနဲ့ပတ်သက်လို့ ယောကျ်ားကို သိပ်မချုပ်ချယ်တာကောင်းပါတယ်။

**အရမ်းမစစ်ဆေးပါနဲ့**

လက်ကိုင်ဖုန်းထဲက အကြောင်းအရာတွေကို မစုံစမ်းမချုပ်ချယ်ပါနှင့်။ ယောကျ်ားဖုန်းနံပါတ်ကို စစ်ဆေးတာမျိုး၊ message စစ်ဆေးတာမျိုး၊ ဓါတ်ပုံကို စစ်ဆေးတာမျိုး မလုပ်သင့်ပါဘူး။ တော်တော်များများပြဿနာတွေဟာ သံသယစိတ်ကနေ စတင်ဖြစ်ပေါ်လာတာပါ။ တာဝန်ယူစိတ်ရှိတဲ့ယောကျ်ားတစ်ယောက်ဟာ သင်လိုပါပဲ။ မိသားစုကို ရှေ့တန်းတင်ထားပါတယ်။ အတွင်းစိတ်ထဲကနေ ရုံဖန်ရံခါ ဖောက်ပြန်တတ်တာ ယောကျ်ားတွေရဲ့ သဘောလို့ ဆိုပါတယ်။ အတတ်နိုင်ဆုံး နားလည်ပေးလိုက်ပါ။

အပျော်ရွှင်ဆုံး မိသားစုဘဝလေးကို တည်ဆောက်နိုင်ကြပါစေ။

*-Credit :Aung Ko Latt*

**ကိုယ်ထူးကိုယ်ချွန်သမားဆိုတာ**

ကိုယ်ထူးကိုယ်ချွန်သမားတွေဟာ
သူများအကူအညီကို ကြိုတင်မျှော်လင့်မထားတတ်ကြဘူး။
ဒေနကမင်းသားဟာ မေခလာအကူအညီကို မျှော်လင့်ပြီး
ရေထဲခုန်ချခဲ့တာ မဟုတ်ဘူး။
ဖြစ်ပေါ်လာတဲ့ အခြေအနေပေါ်မူတည်ပြီး
လုပ်သင့်လုပ်ထိုက်တာကို အမြန်ဆုံး ဆုံးဖြတ်ပြီးလုပ်ကိုင်ခဲ့တာ။

**–ကောင်းသန့်၊၂၀၁၄ဖေဖော်ဝါရီလ၊လူငယ်မဂ္ဂဇင်းစာ၁၂၄။**

# တန်ဖိုး



တစ်ခါတုန်းက **တရုတ်ပြည်မှာ** ရေထမ်းတဲ့လူတစ်ယောက်ရှိတယ်။ သူဟာ ကြီးမားတဲ့ ရေအိုးနှစ်လုံးကို ပခုံးတစ်ဘက်တစ်ချက်မှာထမ်းပြီး ရေသယ် လေ့ရှိတယ်တဲ့။ အိုးတစ်လုံးက နဲနဲအက်နေတယ်။ အိုးက မလုံဘူး၊ ရေတွင်းကနေ သူ့အိမ်ဘက် ရေသယ်လာတိုင်း စိမ့်တာပေါ့။ ဒီတော့ အိမ်ရောက်တဲ့အခါ ရေတစ်ဝက်ပဲပါသတဲ့။

ကျန်တဲ့အိုးတစ်လုံးကတော့ အပြစ်အနာအဆာမရှိဘူး။ ဒီတော့ သူရေတွင်း ကနေ ရေထမ်းပြီး ပြန်လာတိုင်း ရေအပြည့်ပါတာပေါ့။

ဒီလိုနဲ့ အိမ်ရောက်ရင် အိုးတစ်လုံးနဲ့တစ်ဝက်ပဲ.... ရေသယ်လာလိုက်တာ နှစ်နှစ်လောက်ကြာသွားသတဲ့။ ဒီတော့ အိုးအကောင်းလေးက သူ့ကိုယ်သူ သိပ်ဂုဏ်ယူသတဲ့။ ငါက အပြစ်အနာအဆာမရှိဘူး .... ဒါကြောင့် များများ သယ်နိုင်တယ်လို့ အထင်ရှိနေတယ်တဲ့။ အက်နေတဲ့ အိုးကလေးက စိတ်ထဲမှာ တော်တော်လေး သိမ်ငယ်နေရှာတယ်။ ဒေါ် ... ငါ့မှာ အားနည်းချက်ရှိတယ် .... သူများလို အပြည့်မသယ်နိုင်ဘူး ... တစ်ဝက်ပဲ သယ်နိုင်တယ်ပေါ့။ ဝမ်းနည်းလဲ ဝမ်းနည်းနေတယ်တဲ့။

ဒီလိုနဲ့ တစ်ရက်မှာ အက်နေတဲ့ အိုးကလေးက ရေထမ်းသမားကို ရင်ဖွင့် ရှာတယ်။ "**သခင်ရယ် .... ကျွန်တော် သခင့်ကို တောင်းပန်ချင်ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ရှက်မိပါတယ်။ သခင်ကတော့ သခင့်ဘက်က အပြည့်အဝ အားစိုက်ပြီး ရေသယ်ရတယ်။ ဒါပေမဲ့ ကျွန်တော့်ဘေးဘက် မှာရှိတဲ့ အက်ကြောင်းလေးကြောင့် သခင်သယ်သမျှ ရေတွေအပြည့်မရဘူး ... တစ်ဝက်က အလဟဿဖြစ်ရတယ်** .... လို့ ဝမ်းနည်းပက်လက်နဲ့ ပြောမိတယ်။

အဲဒီအခါမှာ ရေထမ်းသမားက ဘယ်လိုပြန်ပြောသလဲဆိုတော့ .... "**အိုး ကလေး .... မင်းကြည့်လိုက်စမ်း .... ရေခပ်လမ်းတလျှောက်မှာ မင်းရှိတဲ့ ဘက်ခြမ်းတစ်လျှောက်လုံး ပန်းတွေပွင့်နေတာ မင်းသတိပြုမိရဲ့လား ...တဲ့။ ငါက မင်းရေစိမ့်နေတယ်ဆိုတာ သိတာပေါ့။ ဒါကြောင့် မင်းရှိတဲ့ ဘက်ခြမ်းမှာ ပန်းမျိုးစေ့တွေ ချထားခဲ့တယ်။ ၂–နှစ်လုံးလုံး ရေခပ်လမ်းကအပြန်မှာ မင်းက ဒီပန်းပင်လေးတွေကို ရေမှန်မှန်လောင်းပေးခဲ့တယ်။ အခုဆို ကျက်သရေ**

**ရှိတဲ့အိမ် ဖြစ်လာပြီမဟုတ်လား။ စဉ်းစားကြည့်စမ်း ...**

**သင်ခန်းစာ**။ ။ လူတိုင်းမှာ အားနည်းချက်လေးတွေ ကိုယ်စီရှိပါတယ်။ ဒါပေမယ့် ဒီအားနည်းချက်ကလေးတွေ ရှိနေတာကြောင့်ပဲ ပိုပြီး unique ဖြစ်လာတယ်၊.. ပိုပြီး ချစ်စရာလည်းကောင်းပါတယ်။ ဒီအားနည်းချက်အတွက် သဘာဝတရားကြီးက အစားတစ်ခုခုလည်း ပြန်ပေးတတ်ပါတယ်။ ဒါပေမယ့် မြင်သာချင်မှလည်း မြင်သာမယ်၊ ချက်ချင်း ရချင်မှလည်းရမယ်။

ဖတ်ထားတာလေးတွေကို မျှဝေပေးတာလည်း မေတ္တာတစ်မျိုးပါ။

Credit ti Myawady News

*–အရှင်စန္ဒောဘာသိ(သာသနာ့နွယ်)။*

# ထူးခြားတဲ့ သတင်းလေး

သီအိုရီပိုင်းဆိုင်ရာ ရူပဗေဒပညာရှင် Stephen Hawking မှ ဗုဒ္ဓ ဟောကြားသည်မှာ မှန်ကန်ကြောင်း၊ စကြဝဠာ၏ အစကိုရှာဖွေခြင်းမှာ အကျိုးမရှိကြောင်း ပြောကြားခဲ့ပါတယ်။ ၄င်းကိုယ်တိုင်လည်း ဘာသာမဲ့အဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ပြောင်းလဲလိုက်ပါတယ်။

ပြီးခဲ့သည့် ၁ ရက်နေ့ ဧပြီလ ၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ***လေးကြိမ်မြောက် စကြဝဠာဆိုင်ရာရူပဗေဒကွန်ဖရင့်***တွင် Stephen Hawking မှ စကြဝဠာ၏အစကို ရှာဖွေခြင်းမှာ အကျိုးမရှိသည့်လုပ်ရပ်ဟု ၄င်းယူဆကြောင်း အံ့ဖွယ်ရာ ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

စတီဗင်ဟော့ကင်းမှာ Big Bang သီအိုရီဖြင့် နာမည်ကျော်ကြားသော ရူပဗေဒပညာရှင်တစ်ဦးဖြစ်ပြီး မည်သည့်ဘာသာတရားကိုမျှ မကိုးကွယ်သူ ဘာသာမဲ့တစ်ဦးဖြစ်သည်။ Big Bang သီအိုရီတွင် စကြဝဠာသည် မဟာ ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပေါ်ရာမှ စတင်လာခဲ့သည်ဟု Stephen Hawking မှ ခန့်မှန်းခဲ့သည်။ ယခုအခါ Stephen Hawking၏ ရပ်တည်မှု ပြောင်းလဲသွားသည်ကို ရူပဗေဒပညာရှင်များအကြား၊ ဂယက်ရိုက်ခက်သွားသည်။

ထို့အပြင် Stephen Hawking သည် **ဆယ်ကျော်သက်ဘဝတွင် မိမိကိုယ်ကိုယ် ဘာသာမဲ့တစ်ဦးအဖြစ် ခံယူပြီး ဓိဘများကိုးကွယ်သော ခရစ်ယာန်ဘာသာကို ကိုးကွယ်ဖို့ငြင်းဆန်ခဲ့ပါတယ်။ ယခုအခါ**

ဘာသာမဲ့တစ်ဦးအဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုက်ပြီဟုလည်း ထပ်မံပြောကြားလိုက်ပါတယ်။

Stephen Hawking မှ ပြောကြားရာတွင် "ကျွန်တော်ဟာ လွန်ခဲ့သော သုံးနှစ်မှစပြီး စိတ်ဖိစီးမှုကင်းငြိမ်းရာရှာဖွေရင်း ဗုဒ္ဓစာပေများကို လေ့လာလိုက်စားခဲ့ပါတယ်။ ကမ္မဋ္ဌာန်းတရားကိုလည်း တက်နိုင်သလောက် ပွားများအားထုတ်ခဲ့ပါတယ်။ တရားအားထုတ်မှု အားကောင်းလာတာ နဲ့အမျှ ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတွေ၏ အနှစ်သာရကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လာခဲ့ပါတယ်။ ထို့အပြင် ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတော်များနှင့် ယှဉ်ကြည့်တဲ့အခါ ကျွန်တော့်ရဲ့စကြဝဠာနဲ့ဆိုင်တဲ့ သီအိုရီတွေဟာ မှန်ကန်မှုမရှိတာကို တွေ့လာရပါတယ်။ ကျွန်တော့်စိတ်ထဲ နက်နက်ရှိုင်းရှိုင်း ထွင်းဖောက်သိမြင်လာတာကတော့ ဗုဒ္ဓပြောခဲ့တဲ့အတိုင်း စကြဝဠာရဲ့အစကို ရှာဖွေတဲ့လုပ်ရပ်ဟာ အချည်းနှီးပဲဖြစ်ပါတယ်လို့ ယုံကြည်လာပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ရူပဗေဒပညာရှင်များအသိုင်းအဝိုင်းမှာ အများစုက စတီဗင်ဟော့ကင်း ရဲ့ ပြောကြားချက်ကို ထောက်ခံကြပါတယ်။ လူနည်းစုကတော့ ကန့်ကွက် တာရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရူပနက္ခတ္တပညာရှင်တစ်ဦးဖြစ်တဲ့ Margaret J.Geller က Stephen Hawking၏ သဘောထားကို မိမိ အနေနှင့် နားလည်လက်ခံပါကြောင်း၊ စကြဝဠာရဲ့အစကို ရှာဖွေနေမယ့် အစား၊ ဂလက်စီများကို လိုက်လံရှာဖွေနေမည့်အစား လူသားများ၏ အကျိုးအတွက် အခြားသောအရာများကို လုပ်ဆောင်လျှင် ပိုမိုထိရောက် မည်ဟု တစ်ခါတစ်ရံတွေးမိကြောင်း ပြောကြားလိုက်ပါတယ်။

Stephen Hawkingရဲ့ပြောကြားမှုကြောင့် NASA ရဲ့ပြောရေးဆိုခွင့် ရှိသူတစ်ဦးကလည်း တခြားဂြိုဟ်များ၊ တခြားစကြဝဠာများသို့ လေ့လာရန် အာကာသယာဉ်စေလွှတ်မှုများကို လူသားတို့အတွက် အကျိုးရှိမရှိ လေးလေး နက်နက် ပြန်လည်သုံးသပ်သွားတော့မှာဖြစ်ကြောင်း၊ လိုအပ်ပါက ထိုကုန်ကျ သည့်ငွေများကို လူသားတို့အတွက် အမှန်တကယ်အကျိုးရှိသော သုတေသန လုပ်ငန်းများတွင်သာ ရင်းနှီးမြှုပ်နှံမည်ဟု ဖြေကြားသွားခဲ့ပါတယ်။

## မလေးရှားနိုင်ငံ၌ဗုဒ္ဓဘာသာကွယ်ပျောက်ရခြင်းအကြောင်း

မလေးရှားနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်(၁၂၇၃၁၆)ဖြစ်ပြီး။ နိုင်ငံ၏ မြို့တော်မှာ "ကွာလာလမ်ပူ"ဖြစ်သည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လတွင် ကောက်ခံထားသည့်မှတ်တမ်းများအရ **လူဦးရေ ၂၂.၂သန်း**ရှိသည်။ မလေးရှားနိုင်ငံ၏ နောက်ခံသမိုင်းမှာ တရုတ်နွယ်များမှ ဆင်းသက်လာကြခြင်းဖြစ်သည်။ B.C,1500,2000 ခန့်တွင် **မွန်ဂိုနွယ်ဖွားတရုတ်များသည် မလေးကျွန်းဆွယ်ရှိ ကျွန်းစုများသို့ ရောက်ရှိအခြေချခဲ့သည်မှ မလေးနိုင်ငံစတင်ခဲ့ခြင်းဖြစ်သည်**။

ထိုမွန်ဂိုတရုတ်များသည် မလေးကျွန်းစွယ်ကို မလက္ကာမြို့ပြတည်ထောင်၍ **အုပ်ချုပ်ခဲ့ကြသည့်**၊ ထိုသို့မလက္ကာမြို့ပြတည်ထောင်၍ အုပ်ချုပ်ခဲ့ကြသည့် ဘုရင် **တို့အားလည်း** မလက္ကာဘုရင်များဟု ခေါ်ဆိုခဲ့ကြ၏။ ထိုအချိန်ကာလ၌ မလေးကျွန်းစွယ်သည် "မလ္လာယုနိုင်ငံတော်"ဟုအမည်တွင်ခဲ့၏။

**မလ္လာယုနိုင်ငံခေါ် မလေးရှားနိုင်ငံ**သို့ ဗုဒ္ဓသာသနာတော်သည် B.C,309 ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နှစ်ပေါင်း(၂၅၀)အကြာ တတိယသင်္ဂါယနာတင်ပြီးချိန်မှ စတင်၍ရောက်ရှိခဲ့ပြီး ထိုမလေးကျွန်းစွယ်ကိုလည်း သုဝဏ္ဏဘုမ္မိဒေသတွင်ပါဝင်ကြောင်းကို ပညာရှင်တို့က ယူဆခဲ့ကြလေသည်။

တိကျခိုင်လုံသောသမိုင်းအထောက်အထားများအရ မလေးရှားနိုင်ငံတွင် သာသနာနှစ်(၉၀၀) နှင့် (၁၀၀၀)အတွင်း ခရစ်နှစ် ၄-ရာစုနှင့် ၅-ရာစုတွင်း အိန္ဒိယ၌အသုံးပြုသော သက္ကတဘာသာဖြင့်ရေးထိုးသည့် ဗုဒ္ဓဘာသာကျမ်းစာ ကျောက်ချပ်များစွာတို့ကို မလေးရှားနိုင်ငံအနှံ့တွင် တွေ့ရှိရပါသည်။

ထို့အပြင် အဘိဓမ္မာကျမ်းမှ ဂါထာတော်သုံးပုဒ်အား ရေးထိုးထားသည့် ရွှံ့အုတ်ချပ်ကိုလည်း တွေ့ရှိရပြီး၊ အုတ်ကျောင်း တိုက် ၃-တိုက်နှင့်စေတီတော် (၅)ဆူကို ဘုရင်နှင့် သံဃာတော်များကြီးမှူး၍ ပြည်သူ၊ ပြည်သား၊ ဒကာ၊ ဒကာမ အများစုပေါင်းကာ လှူဒါန်းတည်ဆောက်ထားခဲ့ကြကြောင်း ရေးထိုးထားသည့် ကမ္ပည်းမော်ကွန်းကိုလည်း တွေ့ရှိရသဖြင့် ခရစ်နှစ်(၅)ရာစုခန့်ကပင် မလေးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ရောက်ရှိပြန့်ပွားနေပြီး နေလိုလလိုထွန်းပခဲ့ကြောင်း သိရှိရပေသည်။

### သီရိဝိဇယနိုင်ငံခရီးသွားမှတ်တမ်း

တရုတ်သုတေသီရဟန်းတော် အိမ်နီးချင်း၏(၇)ရာစုကုန်ခါနီး သွားရောက်ခဲ့သည့် သီရိဝိဇယနိုင်ငံခရီးသွားမှတ်တမ်းတွင် "**သီရိဝိဇယ(စ) အင်ဖို**

**နီးရှားနိုင်ငံတွင်** ဗုဒ္ဓသာသနာတော် လွန်စွာထွန်းကားနေပြီး ရေမြေဆက်စပ်လျက်ရှိသည့် **မလက္ကာယုကျွန်း(ခ) မလေးရှားနိုင်ငံ**စသော နိုင်ငံများသို့လည်း ဗုဒ္ဓသာသနာတော်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း၊ ထေရဝါဒကို အဓိကထား လက်ခံကျင့်သုံးနေပြီး မဟာယာနဝါဒအနည်းငယ်ရှိကြောင်း''ကို မှတ်တမ်းတင်ထားပါသည်။

**ပုဂံပြည်ခေါ် မြန်မာနှင့် မလ္လာယုကျွန်းခေါ် မလေးရှားနိုင်ငံတို့**အကြားဘာသာရေးဆက်နွယ်မှုများကိုလည်း တွေ့ရှိရပါသည်။

A.D,11 ရာစုခန့်တွင် ပုဂံနေပြည်တော်မှ သီဟိုဠ်တွင် ပရိယတ္တိပညာများသင်ကြားခဲ့သည့် ''အရှင်ဆပ္ပဒ မထေရ်''သည်(၁၀)ဝါအရတွင် ပုဂံနေပြည်တော်ကို ပြန်လည်ကြွချီတော်မူလာပြီး သီဟိုဠ်မှ ''အရှင်သီဝလိ၊ အရှင်တာမလိန္ဒ၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ''ဟူသော မထေရ်လေးပါးကို ပုဂံနေပြည်တော်သို့ ပင့်ဆောင်ခဲ့ပါသည်။ နောက်တွင် အရှင်ရာဟုလာသည် ပုဂံနေပြည်တော်မှ မလက္ကာယုကျွန်း မလေးရှားသို့ကြွရောက်ပြီး ဝိနည်းတရားတော်ကိုတတ်သိနားလည်ရန် ဆန္ဒပြင်းပြနေသော မလ္လာယုဘုရင်အား ခုဒ္ဒသိက္ခာဝိနည်းကျမ်းကို အဖွင့်ဋီကာကျမ်းနှင့် တကွသင်ပေးခဲ့၏။

ထိုမလက္ကာယုဘုရင်သည် ဝိနည်းကျမ်းတော်သင်ပေးသည့် မိမိဆရာအရှင်ရာဟုလာအား ပတ္တမြားသပိတ်တော်ကိုလှူဒါန်းလေ၏။ ထိုမလ္လာယုဘုရင်ဝိနည်းတော်သင်ကြားနေချိန်တွင် ပုဂံနေပြည်တော်တွင် နရပတိစည်သူမင်းကြီးထီးနန်းစံတော်မူနေချိန် သာသနာတော်နှစ်(၁၇၀၀)ခန့်တွင်ဖြစ်ပါသည်။

A.D,15 ရာစုနှောင်းပိုင်းတွင် အာရတ်နွယ်ဖွားမူဆလင်တို့သည် ကုန် သွယ်ခြင်း အကြောင်းပြချက်ဖြင့် ထိုမလ္လာယုကျွန်းနိုင်ငံတော်အတွင်းသို့ ဝင်ရောက်လာကြပြီ၊ အစပိုင်းတွင် မူဆလင်တို့သည် ဒေသခံဗုဒ္ဓဘာသာတို့အား အလှူငွေပေါင်းသင်းကာ သဘောထားပြည့်သူကဲ့သို့ အယောင်ဆောင်၍ ဗုဒ္ဓဘာသာဘုရင်နှင့်နီးစပ်သူများအား ပေါင်းသင်း၍ ၎င်းတို့မျက်နှာရအောင် အားထုတ်ကြလေသည်။

တဖြည်းဖြည်းနှင့် ၎င်းတို့ရောက်လာကြသည့်အခါ ဗုဒ္ဓဘာသာတို့အား သွေးခွဲခြင်း၊ သွေးထိုးခြင်းများပြုလုပ်၍၊ နောက်ပိုင်းတွင် ထိုကုန်သည်များမှ မူဆလင်တို့အား အလုံးအရင်းဖြင့်ခေါ်ယူ၍ ဗုဒ္ဓဘာသာနိုင်ငံတော်များဖြစ်ကြသည့် သီရိဝိဇယ(အင်ဒို)နှင့် မလ္လာယုကျွန်း(မလေး)တို့ကို စစ်တိုက်သိမ်းပိုက်လိုက်ကြ၏။ သတိလက်လွှတ် ကြောင့်ကြမဲ့နေကြသော ဗုဒ္ဓဘာသာတို့မှာ မူဆလင်တို့၏ဓါးများ

ဝယ် မရှုမလှ အသတ်ခံကြရ၏။

**မူဆလင်တို့၏အကျင့်စရိုက်**

ဒေသခံဗုဒ္ဓဘာသာသမီးပျိုတို့အား မူဆလင်တစ်ယောက်လျှင် အနည်းဆုံး လေးယောက်ယူ၍ မူဆလင်ဦးရေ များပွားစေရန် သားဖောက်ခြင်းများကို ပြုလုပ်ကြ၏။ မူဆလင်ဦးရေများပြားလာသောအခါ အာဏာပိုင်ဘုရင်မှာလည်း မူဆလင်ဘုရင်ဖြစ်လာကာ နောက်ဆုံးမလ္လာယုကျွန်းတွင် ဗုဒ္ဓသာသနာတော်မှာ ကွယ်ပျောက်လုနီးပါးဖြစ်ခဲ့ရပါသည်။

မလေးရှားနိုင်ငံ၏ ဗုဒ္ဓဘာသာရပ်တည်နိုင်ရန်အတွက် အဓိကကျားကန်ပေးထားသည်မှာ တရုတ်နွယ်ဖွားများပင်ဖြစ်ပါသည်။ မလေးအစိုးရသည် ရှေ့ဟောင်း ဗုဒ္ဓဘာသာအဆောက်အဦးတို့အား အစဖျောက်ချင်ကြ၏။ သို့သော် တရုတ်တို့မှ ကမ္ဘာ့ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ စသည်တို့နှင့်ပူပေါင်းကာ မလေးတို့မဖျက်ဆီးနိုင်အောင် လူအား၊ ငွေအားတို့ဖြင့် အကာအကွယ် ပေးထားကြပါသည်။

တရုတ်တို့သည် ဗုဒ္ဓနေ့ ကဆုန်လပြည့်(မေလ)နှင့် ဝါဆိုလပြည့်နေ့တို့ကို ရုံးပိတ်ရက်များအဖြစ်သတ်မှတ်ထားကြပြီး ညအခါတွင် ရောင်စုံမီးပန်းများ ထွန်းညှိ၍ ဘုရားအပူဇော်ခံ လှည့်လည်လေ့ရှိကြပါသည်။

မလေးရှားနိုင်ငံသည် (State Religion) အဖြစ် အစ္စလာမ်ဘာသာကို သတ်မှတ်ထားသည်။ မှတ်တမ်းများအရ ဗုဒ္ဓဘာသာကိုးကွယ်သူ ၃၂%ရာခိုင်နှုန်း ရှိသည်ဟု ဖော်ပြထားသော်လည်း ထိုအထဲတွင် လာအို၊ ကွန်မြူးရှုပ်စသည်တို့ကိုပါ ဗုဒ္ဓဘာသာထဲထည့်သွင်းထားခြင်းဖြစ်၏။ အမှန်တကယ် ဗုဒ္ဓဘာသာမှာ ၁၇.၃%ရာခိုင်နှုန်းသာရှိ၏။ မလေးရှားနိုင်ငံသည် တစ်ချိန်တစ်ခါက ဗုဒ္ဓသာသနာတော် မည်မျှထွန်းကားခဲ့ကြောင်းကို မလေးရှားနိုင်ငံ၏ ဝိသေသအထူးပြုနာမည်ဖြစ်သည့် "ဗုဒ္ဓဘာသာစေတီတော်များနှင့် မူဆလင်ဗလီများ ပေါများသောနိုင်ငံ(The Lend of Mosques and Pagoga)"ကို ထောက်ရှု၍သိနိုင်ပေသည်။ (ဗလီများသည် နောက်မှသာ တည်ဆောက်ခြင်းဖြစ်)

မူဆလင်တို့၏ အစ္စလာမ်ဘာသာချဲ့ထွင်ခြင်းမှာ "ဘာသာတရား၏အဆုံးအမ၊ အစ္စလာမ်ဝါဒများကို ဟောပြောခြင်းဖြင့် ချဲ့ထွင်ခြင်းမဟုတ်ပဲ ဘာသာတရားတစ်ခုနှင့် မည်သို့မှမသက်ဆိုင်သည့် ချဲ့ထွင်ခြင်းမျိုးဖြင့် ချဲ့ထွင်းကြခြင်းဖြစ်၏။ **မူဆလင်တို့သည် စစ်တိုက်၍ရင်း၊ မယားမြောက်များစွာယူပြီး သားဖောက်၍ရင်း၊ အစ္စလာမ်ဘာသာဝင်များတိုးပွားအောင် လုပ်ဆောင်လေ့ရှိပါသည်။ ယခုထိုင်းနိုင်ငံရေးဝေးမှ** ...

**စစ်တိုက်၍ ဘာသာပြန့်ပွားအောင်လုပ်၍မရတော့ချေ။ (အယ်(လ်)ကိုင်ဒါကဲ့သို့သော မူဆလင်တို့ကား ၎င်းမူဝါဒကိုပဲ ဆက်လက်ကျင့်သုံးနေဆဲဖြစ်) သို့ကြောင့် ဒီမိုကရေစီကို ခုတုံးလုပ်၍ အစ္စလာမ်ဘာသာတိုးပွားအောင် လုပ်ဆောင်လာကြပါတယ်။ သားဖောက်သာသနာပြုနည်းကိုကား ယခုထက်တိုင်ကျင့်သုံးလျက်ပင်ဖြစ်ပါသည်။**

**အားနည်းရင်တစ်မျိုး၊ အားကောင်းရင်တစ်မျိုး**

မူဆလင်တို့သည် ခေတ်ကာလမကောင်းသည့်အခါ ရိုးရိုးကုတ်ကုတ်နေ၍ဆိုင်ရာအာဏာပိုင်များနှင့် ပဏာသင့်အောင်ပေါင်းသင်းပြီး ခေတ်ကာလကောင်းသည့်အခါတွင်မူ အခွင့်အရေးကို ဦးဆုံးယူတတ်ကြပါသည်။

ကမ္ဘာ့သမိုင်းကိုအသာထားလို့ မြန်မာ့သမိုင်းလောက်ကိုပင် လေ့လာကြည့်မည်ဆိုပါက မူဆလင်တို့၏သဘောကို ကောင်းစွာရိပ်မိလာကြမည်ဖြစ်ပါသည်။ မြန်မာပြည်လွတ်လပ်ရေး မရမီက မူဆလင်တို့သည် နယ်ချဲ့တို့နှင့်သင့်မြတ်အောင်ပေါင်း၍ အိမ်ရှင်မြန်မာတို့အား ဒုက္ခပေးခဲ့ကြပြီး မြန်မာပြည်လွတ်လပ်ရေးရသည့်အခါတွင်လည်း ၎င်းတို့မှာ ဦးစွာအခွင့်အရေးယူခဲ့ကြပေသည်။

မြန်မာပြည်သည် ၁၉၄၈–ခုနှစ်ဇန်နဝါရီလ–၄ရက်နေ့တွင်လွတ်လပ်ရေးရ၏။ လွတ်လပ်ရေးရ၍ ရက်ပိုင်းမျှသာရှိတဲ့ သည်အချိန်တွင် မူဆလင်နယ်ချဲ့ဘင်္ဂါလီ "မူဂျာဟစ်"သူပုန်တို့သည် ရခိုင်ပြည်နယ်အား သိမ်းပိုက်ရန် ဂျီဟတ်စစ်ပွဲဆင်နွှဲကာ အခွင့်အရေးလက်တဆုံးယူခဲ့ပြီး မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးအားအကာအကွယ်ယူ အသုံးချခဲ့ကြလေ၏။

၎င်းမူဆလင်တို့သည် ဒီမိုကရေစီကို ခုတုံးလုပ် အခွင့်အရေးယူ၍ မြန်မာနိုင်ငံ၏နယ်မြေ၊ ဘာသာ၊ သာသနာ၊ လူမျိုးတို့အား စော်ကားကျူးကျော်ကြလေ၏။

အချို့သောသူတို့သည် "**မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာကို မူဆလင်တွေကမတရားသောနည်းဖြင့် ဝါးမျိုသွားနိုင်တယ်ဆိုတာ အခြေအမြစ်မရှိပါဘူး၊ အစိုးရိမ် လွန်နေကြတာပါ**"ဟု သမိုင်းကိုမလေ့လာကြပဲ ပြောဆိုနေကြသည်ကိုကြားနေ တွေ့နေရပါသည်။ တစ်ချိန်တခါက ဗုဒ္ဓဘာသာနိုင်ငံတော်ကြီးများဖြစ်ကြသော အာဖဂန်နစ္စတန်၊ပါကစ္စတန်၊ အီရတ်၊အီရန်၊ ဆီးဒီယား၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ကရှိမီးယားဒေသတို့ကို မူဆလင်တို့အတင်းအဓမ္မဝါးမျိုခြင်းကို ခံခဲ့ရသည်မှာ သမိုင်းမှတ်တမ်းများနှင့် အဆောက်အဦးဟောင်းတို့ကသက်သေခံလျက်ရှိပါသည်။ ထိုသို့မူဆလင်များမှ ဗုဒ္ဓဘာသာကိုဝါးမျိုခဲ့သည်မှာအစ္စလာမ်ဝါဒနှင့် ထိုသမိုင်းသက်သေများကို မလေ့လာကြဘဲ တတ်သိနားလည်

အရှုပ်တွေးသူတို့၏ သတိပေးစကားကို မနာခံ၊ မလိုက်နာသူတို့သာ အသိတရားကင်း စုံလုံးကန်းများသာဖြစ်၏။

### လူမျိုးမခံရအောင်

တချိန်တစ်ခါက ကမ္ဘာမှာ ၁၀–ပုံပုံလျှင် ဗုဒ္ဓဘာသာသည် ၈–ပုံနီးပါးခန့် ရှိခဲ့ပြီး၊ ယခုမူပြောင်းပြန် ဖြစ်ရှိသွားချေ၏။ ထိုသို့ဗုဒ္ဓဘာသာနိုင်ငံများ ဝါးမျိုခံရခြင်းမှာ မူဆလင်ဘာသာ၏ ဘာသာတရားကို သဘောကျကြိုက်နှစ်သက်၍ ဘာသာပြောင်းခြင်းကြောင့်မဟုတ်ပဲ။ အတင်းအဓမ္မတိမ်းသွင်းခြင်းကြောင့်ပင် ဖြစ်၏။ **မူဆလင်များသည် ခရစ်ယာန်နိုင်ငံတို့အား မဝါးမျိုနိုင်ပဲ ဗုဒ္ဓဘာသာနိုင်ငံများကိုသာ ဝါးမျိုနိုင်ကြသည်မှာလည်း ဗုဒ္ဓဘာသာတို့၏ ခန္တီတရားနှင့် ပျော့ညံ့ခြင်းကို မကွဲ ပြားခြင်း၊ ဗုဒ္ဓတရားတော်နှင့်အညီ အချင်းချင်းစည်းလုံးတိုင်ပင်ညီညွတ်စွာ ဣသော၊ မစ္ဆရိယကင်းကင်းဖြင့် မနေခဲ့ကြ၍ မူဆလင်တို့၏ အလွယ်တကူ သွေးခွဲဝါးမျိုးခြင်းကို ခံခဲ့ရခြင်းဖြစ်ပါသည်။**


ယခုအချိန်တွင်လည်း မူဆလင်တို့သည် မြန်မာအမျိုးသမီးတို့အား နည်းမျိုးစုံဖြင့် စော်ကားအနိုင်ကျင့်နေသည်မှာလည်း နေ့စဉ်နေ့တိုင်းလိုလိုပင် ဖြစ်၏။ မူဆလင်တို့သည် အမိမြန်မာပြည်အား ဝါးမျိုရန်အတွက် အကွက်ကျကျ၊ အစီအစဉ်တကျလုပ်ဆောင်နေသည်မှာ သေချာလေ့လာကြည့်သူတိုင်း သိမြင်နိုင်ကြမည်ဖြစ်ပါသည်။ မူဆလင်တို့သည် အကြမ်းဖက်ခြင်း၊ တိုင်းရင်းသူတို့အား သိမ်းပိုက်ယူခြင်းဖြင့် ဝါးမျိုနေရုံမကပဲ၊ အတွင်းကလိုက်စား၍ ဝါးမျိုနေပြီဖြစ်သည်။ အာဏာရှိပါတီများ၊ ပါဝါရှိပါတီများတို့အား အတွင်းလူအဖြစ်ပူးကပ်၍ သွေးခွဲနေကြပေ၏။

သစ်ပင်တစ်ပင်တွင် သစ်ရွက်သစ်ကိုင်းများတွင် ကျရောက်နေသောပိုးမွှားများကို အလွယ်တကူနှိမ်နင်းလို့ရပေမဲ့လည်း၊ အတွင်းအမြစ်ပိုင်း လူမမြင်နိုင်ရာနေရာတွင် ပိုးကျနေပါက သတိမထားကြမိတော့ပဲ နောက်ဆုံးအပင်ဗုန်းဗုန်းလဲမှသာ သတိထားမိကြလေ့ရှိပါသည်။ ထို့အတူ မူဆလင်တို့သည် ယခုအခါ အတွင်းအမြစ်များမှ တွယ်ကပ်လျှက် ဝါးမျိုဖျက်ဆီးနေကြလေပြီ။

ထိုအမြစ်ကိုဖျက်ဆီးနေခြင်းသည် အကိုင်း၊အရွက်ထက်ပို၍ အန္တရာယ်များသလို၊ တွေ့မြင်ရန်၊ နှိမ်နင်းရန်လည်းများစွာ ခက်ခဲလှပါသည်၊ ထို့ကြောင့် အဖျက်ပိုးများ အားမကောင်းခင် တရားဥပဒေနှင့်အညီ ပြတ်ပြတ်သားသားပေါင်းစုအားဖြင့် အမြစ်ပြတ်အောင် ရှင်းလင်းဖယ်ရှားသင့်လှပါသည်။

**ကိုးကား ။ ဓမ္မဝိရ အရှင်တေဇနိယ**

– **သူ့အ၊** *facebook* **မှ။**


ကျော်ကြီး (MDY)


ဒီမယ်...ဒီမယ်...သမ္မတလုပ်ဖို့
စိတ်ကူးလေးများ ရှိနေလား...?
သမ္မတလုပ်ဖို့ စိတ်ကူးရှိရင်
အမျိုးဘာသာ သာသနာကို
ချစ်ရမယ် ကာကွယ်စောင့်ရှောက်
ရမယ်ဆိုတာ မမေ့ပါနဲ့...
မင်းချစ်သူ

# လူ့တန်ဖိုးဆိုတာ ဘာလဲ

## What is human value?

(၁)

ဒီမေးခွန်းကလေးက အင်မတန်မှ ကောင်းသည်။ ကမ္ဘာပေါ်ရှိ လူ့အဖွဲ့အစည်းအသီးသီးတွင် လူ့တန်ဖိုးမြင့်မားသည့် ပုဂ္ဂိုလ်များကိုသာ နေရာပေး၊ အလေးပေး၊ အမွှန်အမြွတ် ထားတတ်ကြသည်။

ထို့လူ့တန်ဖိုးဟု ဆိုရာတွင်လည်း ၎င်းတို့၏ အသီးသီးအသံက စံသတ်မှတ်ချက်များဖြင့် စံထားရွေးချယ်သတ်မှတ် လေ့ရှိကြသည်။

အသိပညာဉာဏ်မြင့်မားရှ ဖွံ့ဖြိုးပြီးနိုင်ငံကြီး (developed Country) များတွင် လူ့တန်ဖိုးဟူသည်ကို



- လူသားဆန်မှု
- ပညာဉာဏ် ပြည့်ဝမှု
- ပညာတတ်မြောက်မှု
- ယဉ်ကျေးပျူငှာမှု
- လူ့အဖွဲ့အစည်းအပေါ် အကျိုးကျေးဇူးတစ်စုံ တစ်ရာပြုနိုင်မှု
- စာဖတ်ရှုမှုနှုန်း
- အနုပညာကိုခံစားနိုင်မှု စွမ်းရည်စသည်ဖြင့် စံထားသတ်မှတ် တိုင်းတာလေ့ရှိကြသည်။ သို့သော် ဆင်းရဲမွဲတေမှုအပါအဝင် ပြဿနာမျိုးစုံဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေခဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ လူ့တန်ဖိုးဆိုသည်ကို–



- ငွေကြေးဥစ္စာ ဓနအင်အား၊
- ရာထူးဂုဏ်သိမ်အရှိန်အဝါ၊
- ဇာတ်အနိမ့်အမြင့်၊
- ဆွေမျိုးမိဘ မိသားစု နောက်ခံအဆင့်အတန်း စသည်တို့ဖြင့် စံထားသတ်မှတ်တိုင်းတာ လေ့ရှိကြသည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် လူ့တန်ဖိုးဆိုသည်ကို လူတစ်ယောက်၏ ရရှိထားသော ဘွဲ့ဒီဂရီ၊ ပညာတတ်မြောက်မှု၊ အသိ ပညာပြည့်ဝမှု၊ တစ်လအတွင်း စာအုပ်အသစ်ဖတ်ရှုမှုနှုန်း၊ မဂ္ဂဇင်းဂျာနယ် ဖတ်ရှုမှုနှုန်း၊ လူသားဆန်မှု စိတ်ထားစသည်

တို့ဖြင့် တိုင်းတာလေ့ ရှိကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ လူတစ်ယောက်၏ တန်ဖိုးဆိုသည်ကို ၎င်း၏ကြွယ်ဝ ချမ်းသာမှု၊ ရာထူးအဆင့်အတန်း၊ ၎င်းစီးနင်းသည့် မော်တော်ကား အမျိုးအစား စသည့် အဆောင်အယောင် တို့ပေါ်တွင်သာ များသောအားဖြင့် မူတည် တွက်ချက် စဉ်းစားလေ့ရှိကြသည်ဟု ဆိုလိုရင်းဖြစ်သည်။ ယင်းကဲ့သို့ လူ့တန်ဖိုးကို စံထားသတ်မှတ် တွက်ချက်မှုများ ကွာခြားနေခြင်းသည်ပင်လျှင် ယင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု၊ အသိဉာဏ်ပညာ ကွာဟခြားနား နေခြင်း၏ အဓိက ပင်မ အကြောင်းအရင်း တစ်ရပ်ဖြစ်ကြောင်းကို ကမ္ဘာ့ စီမံခန့်ခွဲမှု ဂုရုကြီးများက တညီတညွတ်တည်း အဆိုပြုကြသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် ၎င်းတို့ရင်ဆိုင်နေရသည့် အတွေ့တွေ့ပြဿနာများနှင့် ဆင်းရဲမွဲတေမှုများကို လျှော့ချတိုက် ဖျက်ရေးအတွက် ၎င်းတို့၏ လူ့တန်ဖိုးစံထား တွက်ချက်မှုကို ရှေးဦးစွာအခြေခံ ကျကျ ပြုပြင်ပြောင်းလဲရေးမှာ များစွာ အရေးကြီး အရေးပါလာခဲ့သည်။

(၂)

"မှန်ကန်သည့် လူ့တန်ဖိုးများ မြင့်မားလာအောင် မည်သို့ ဆောင်ရွက်ကြမလဲ"

မှန်ကန်သည့်၊ စစ်မှန်သည့် လူ့တန်ဖိုး များ မြင့်မားတိုးတက်လာရေး အတွက်လည်း ကမ္ဘာ့စီမံခန့်ခွဲမှု ဂုရုကြီးများ၊ ပညာရှင်များက အသီးသီး အသက ရေးသားဖော်ထုတ်ခဲ့ကြသေးသည်။ စာရေးသူတို့ ကိုးကွယ်ယုံကြည်သက်ဝင်သည့် ထေရဝါဒ ဗုဒ္ဓဘာသာ၏ ဘာသာရေး ခေါင်းဆောင်ဖြစ်သူ ဂေါတမ ဗုဒ္ဓက လူသားတို့တန်ဖိုးနှင့်ပတ်သက်၍

(၁) သီလ (Morality)

(၂) သမာဓိ (Concntration)

(၃) ပညာ (Wisdom) ဟူ၍ ပင်မတန်ဖိုးကြီး ၃ ရပ်ကို အတိအကျ ပြဌာန်းသတ်မှတ်ပေးခဲ့သည်။ ယင်း သီလ၊ သမာဓိ၊ ပညာ တန်ဖိုးသုံးရပ် မြင့်မားသည့် ပုဂ္ဂိုလ်များကို ဗုဒ္ဓက သူ၏ စံပြ လူ့အဖွဲ့အစည်းတွင် လူ့တန်ဖိုးမြင့်မားသူများအဖြစ် သတ်မှတ်သည်။ အနောက်တိုင်း စီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင် ဂုရုကြီးများကတော့ လူသားတို့၏ တန်ဖိုးများမြင့်မားတိုးတက်ရေး အတွက် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးမှာ သင်ယူမှု (Learning)ဖြစ်သည်ဟု ဆိုကြသည်။ လူသားများ၏ တန်ဖိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စဉ်ဆက်မပြတ် သင်ယူနေရန် လိုအပ်သည်ဟု ၎င်းတို့က ဆိုကြသည်။

အမှန်အတိုင်း သုံးသပ်ရမည်ဆိုပါက စာရေးသူတို့ လူ့အဖွဲ့အစည်းမှာ အဆိုပါ သင်ယူမှုများ၊ အလေ့အကျင့်များ များစွာအားနည်းနေသည်။ စာရေးသူတို့ အများစုက အချိန်တန်လို့ ဘွဲ့တစ်ခုရ၊ လုပ်ငန်းခွင့်ဝင် ဒီမှာတင် သင်ယူမှု ပြီးဆုံးပြီဟု ထင်မြင်နေကြသည်။ အမှန်စင်စစ် သင်ယူမှု၏ အရေးအကြီးဆုံး သဘောတရား (Concept)တစ်ခုမှာ သင်ယူမှု (Learning) ဆိုသည်မှာ ဘယ်သောအခါမှ နေရာတစ်ခုမှာ တန့်နေခြင်း မရှိခြင်းဖြစ်သည်။

ဆိုလိုသည်မှာ ဥပမာ စာရေးသူက ၁၀ဖိုး Learn လုပ်ထားသည်ဆိုပါစို့။ ၂နှစ်လောက် ဆက်လက် မသင်ယူမလုပ် တော့ရင် စာရေးသူ Learn ထားတာ ၈လောက်ပြန်ကျသွားမည်။ နောက် ၃လောက် သင်ယူမှုရပ်ထားရင် ၅ လောက်ပြန်ကျသွားမည်။ဤသို့ ဤသို့ဖြင့် ဆက်တိုက် မသင်ယူတော့ပါက အနုတ်လက္ခဏာ ပြသွားနိုင်သည့် သဘောဖြစ်သည်။ သို့ဖြစ်၍ သင်ယူမှု (Learning) ဆိုသည်မှာ စဉ်ဆက်မပြတ် သင်ယူနေမှ မပြတ်တိုးတက်နေမည့် သဘော ဖြစ်သည်။ ကိုယ်က သင်ယူမှု ရပ်လိုက်သည်နှင့် ကိုယ့်နောက်ကသူ၊ ကိုယ်နှင့် တန်းတူသူတွေကကိုယ့်ကိုကျော်သွားမည်ဆိုသည်ကို အထူးအသိချပ်ကြရမည်။

သင်ယူမှု (Learning) ဟု ဆိုရာမှာလည်း ကျောင်း၊ တက္ကသိုလ်များတွင် တရားဝင် တက်ရောက်သင်ယူ၍ ဘွဲ့ဒီဂရီများ ရရှိသည့် Formal Learning ပါဝင်သလို၊ရုပ်ရှင်အစီအစဉ်၊ရုပ်သံအစီအစဉ် တစ်ခုကြည့်ရှု၍ သင်ယူခြင်းမျိုး၊ စာအုပ်ဖတ်ခြင်း၊ အတွေ့အကြုံများမှ သင်ယူခြင်း စသည့် Informal Learning များလည်း အကျုံးဝင်ပါသည်။ ယနေ့ခေတ်မှာတော့ အိုင်စီတီနှင့် အင်တာနက် နည်းပညာများ တိုးတက်ထွန်းကားလာမှုကြောင့် အင်တာနက်အခြေပြုသင်ယူမှု (Web-based Learning) စသည်များမှာလည်း တွင်ကျယ်ခေတ်စားလာသည် ဖြစ်ရာ နည်းမှန်လမ်းမှန်ဖြင့် လူ့တန်ဖိုးများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခွင့်အလမ်းများ များစွာထွက်ပေါ်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

နည်းမှန်လမ်းမှန်ဖြင့် စစ်မှန်သည့် လူ့တန်ဖိုးမြင့်မားသည့် လူသားများ နေထိုင်ကြရာ လူ့အဖွဲ့အစည်းများသာလျှင် ယနေ့ခေတ်ကမ္ဘာကြီးတွင် ဖွံ့ဖြိုး တိုးတက်နေ၊ ရှေ့တန်းရောက်နေကြသည်ဖြစ်ပါသည်။သို့ဖြစ်၍ စာရေးသူတို့ အနေဖြင့်လည်း မိမိတို့နေထိုင်ရာ လူ့အဖွဲ့အစည်း ခေတ်မှီဖွံ့ဖြိုးတိုးတက်လာရေး အတွက် မိမိတို့ကိုယ်တိုင် စစ်မှန်သည့် လူ့တန်ဖိုးများ ဖွံ့ဖြိုး တိုးတက်မြင့်မား လာအောင် ဝိုင်းဝန်းကြိုးပန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

*-Daw Rupa Singi , facebook* မှ။

# တာဝန်ကျေတဲ့ မ.ဘ.သ

တပည့်တော်တို့ကမ္ဘာပေါ်မှာ တစ်နေ့ကို လူဦးရေ တစ်သိန်းကျော်လောက် မွေးဖွားပြီး တစ်သိန်းကျော်လောက် သေနေပါတယ်။ ကိုယ့်အမျိုး ကိုယ့်ဘာသာ ကိုယ့်သာသနာအတွက် ကြိုးစားအားထုတ်မယ့် ပုဂ္ဂိုလ်တစ်ယောက် မွေးဖွားလာမှသာ လူတစ်ယောက်မွေးလာတယ်လို့ ခေါ်ဆိုနိုင်ပါတယ်။ သာမန်လူလိုပဲ သူ့အတ္တ၊ ကိုယ့်အတ္တနဲ့ မွေးလာရင်တော့ ဒါဟာ အကျိုးမဟုတ်ပါဘူး။ အမျိုးတို့ရဲ့ဂုဏ်သိက္ခာ တိုးပွားအောင်လုပ်မယ့် ပုဂ္ဂိုလ်ကတစ်မျိုး၊ တစ်နည်းပြောရရင် တာဝန်ကျေအောင်လုပ်မယ့်ပုဂ္ဂိုလ်နဲ့ မလုပ်တဲ့ပုဂ္ဂိုလ်ဆိုတာရှိတယ်။ တပည့်တော်တို့ရဲ့ (မ.ဘ.သ) အဖွဲ့ကြီးဟာ တာဝန်ကျေတဲ့ပုဂ္ဂိုလ်တွေလို့ ပြောလို့ရပါတယ်။

တပည့်တော်တို့မြန်မာလူမျိုးတွေ ကမ္ဘာနဲ့ချီပြီး ကြီးပွားချမ်းသာလာရင် ကျေနပ်ပါပြီ။ တပည့်တော်တို့ အမျိုးအတွက် စောင့်ရှောက်မယ့်ပုဂ္ဂိုလ်ပေါ်လာရင်ပဲ ကျေနပ်ပါပြီ။ ဥပမာ– မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာ စီးနိုင်တဲ့လှေတစ်စီး ရှိတယ်။ ပန်းတိုင်ရောက်အောင် လှေစီးပြီး သွားနေကြရတယ်။ ဒါပေမဲ့ တပည့်တော်တို့ စီးနေတဲ့လှေကြီးဟာ ရေမလုံပါဘူး။ ရေတွေက ဟိုကဝင် ဒီကဝင်နဲ့ ရေက မလုံပါဘူး။ အဲဒါကြောင့် (မ.ဘ.သ) အဖွဲ့ကြီးက ဒီရေပေါက်တွေကို ပိတ်ပေးပါ။ ဒါပေမဲ့ ပိတ်နေတဲ့ကြားထဲက ပိတ်တဲ့ပုဂ္ဂိုလ် အပြစ်ပြောခံရတာတစ်မျိုး၊ ပိတ်မယ့်သူမရှိရင်လည်း ဒီလှေကြီးက အကုန် နစ်သွားမှာ။ ဒါ့ကြောင့် ဘယ်သူကပဲ အပြစ်ပြောခံနေပါစေဘုရား၊ ပိတ်သာ ပိတ်ပေးပါ။ တပည့်တော်တို့ရဲ့ အိမ်နီးချင်းထိုင်း ဖြစ်ချင်တိုင်းဖြစ်နေပါတယ်။

ဘင်္ဂလားဒေ့ရှ်ရဲ့ မြေဧရိယာဟာ ရှမ်းပြည်နယ်လောက်တောင် မကျယ်ပါဘူး။ အိန္ဒိယက ခွဲထွက်တုန်းက လူကဘယ်လောက်မှ မရှိပါဘူး။ အခုဆို သန်း (၁၆၀)။ တပည့်တော်တို့ဆီမှာသာ အဲဒီလိုပွားနေရင် ဘယ်ပြေးရမှန်းမသိဘူး။ လူကို မုန်းတီးစရာ ဘာမှမရှိဘူး။ သူတို့ရဲ့ဝါဒတွေကို မကြိုက်တာပါ။

**ကြွက်လိုပွားပြီး ကျီးလိုအော်၊**

**အားကောင်းသော် အပိုင်စီး၊**

**တယူသန် တရားသေဝါဒ**

ဖြစ်ပါတယ်။

အဲဒီလိုပါဒကြီး ကမ္ဘာမှာရှိတယ်နော်။ ကြွက်များ အထီးအမတစ်စုံရှိလျှင် တစ်နှစ်ကို တစ်သန်းလောက်ဖြစ်ပါတယ်။ ဘယ်က ဘယ်လိုထွက်မှန်းမသိပါဘူး။ ကျီးရှိရင် သူ့သားသမီးတစ်ကောင်ထိရင် အကုန်ဝိုင်းအော်တာ။ သူများသားသမီးသာ ဝိုင်းနှိပ်စက်တာ။ အခုဆိုရင် ထိုင်းနိုင်ငံတောင်ပိုင်း ဒုက္ခရောက်၊ ဖိလစ်ပိုင် ဒုက္ခရောက်နေပါတယ်။

နောက်ဆုံးနဂါးကြီးတစ်ကောင် ဒုက္ခရောက်နေပါတယ်။ နဂါးကြီးတောင် အမြီးပြတ်မယ့်ကိန်းရှိနေတယ်။ ဒါနဲ့များ ပြောသေးတယ်။ လူများစုက လူနည်းစုကိုအနိုင်ကျင့်တယ်တဲ့။ ပြောင်းပြန်ကြီးတွေ ပြောနေပြန်ပါပြီ။ သူတို့ တစ်အိမ်ထောင်ကို လူဦးရေ(၈၀)လောက်ရှိတယ်။ မြန်မာလူမျိုးတွေဟာ မရှိမပဋိပဒါသမားတွေပါ။ အကြမ်းဖက်တွေလည်း မဟုတ်ပါဘူး။ လူမုန်းတီးရေးမပါပါဘူး။ ကြွက်လိုပွားတဲ့ ပါဒကိုစွန့်ပါ။ ကျီးလိုဝိုင်းအော်တဲ့ပါဒကိုစွန့်ပါ။ ကြီးရင်အပိုင်စီးတယ်ဆိုတဲ့ပါဒကြီးကို စွန့်ပါ။ အတုကိုတော့ အစစ်ထင်တယ်။ အစစ်ကိုတော့ အတုထင်တယ်။ အဲဒါကို နှိမ်နင်းနိုင်တာလည်း(မ.ဘ.သ)ပဲရှိတယ်။ ဒါဟာ သွေးသားထဲက အန္တရာယ်ပဲ။ <u>တောထဲက ဆူးက နင်းမှ စူးတာ၊ ခန္ဓာကိုယ်ထဲက သွေးပုပ်သားပုပ်ဟာထားလို့လည်းမဖြစ်၊ ဖော်ထုတ်လို့လည်း ခက်ပါတယ်။</u> သိသူနှင့်မသိသူ၊ ကြိုးစားသူနှင့်မကြိုးစားသူ အမျိုးဘာသာ သာသနာကို လုံးဝလျစ်လျူရှုနေနိုင်သူကို လွှတ်အောင်ရှောင်ကြပါ။ **မဘသအဖွဲ့ကြီး ပေါ်လာတာဟာ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ဖို့ပါ။** ဒီတစ်ဖက်စွန်းနဲ့ မငြိစေနဲ့။ တာဝန်ရှိတာကို သိရမယ်။ တာဝန်ရှိတယ်ဆိုတာကို သိအောင်လည်း ကြိုးစားရမယ်။

ဘုရား(၂)မျိုးရှိတယ်။ဓမ္မကာယဘုရား၊ ရူပကာယဘုရားပါ။ ရူပကာယဘုရားက ပရိနိဗ္ဗာန်စံသွားပေမယ့် ဓမ္မကာယဘုရားက ဘယ်တော့မှ ပျောက်ပျက်မသွားဘူး။ ဓမ္မခန္ဓာပေါင်း(၈၄၀၀၀) ဓမ္မကာယဘုရားဟာ လူတွေရဲ့နှလုံးသားမှာ တည်ရှိနေသ၍ သာသနာ ဘယ်တော့မှမကွယ်ဘူး။ မဘသအဖွဲ့အစည်းကြီးဟာ ပထမဆုံးအနေနဲ့ နံပါတ်(၁) မျိုးချစ်စိတ်ဓာတ်ပေါ်လာအောင် လုပ်ဆောင် ပေးပါဘုရား။ နံပါတ်(၂) ကလေးတွေရဲ့နှလုံးသားမှာ ဓမ္မကာယဘုရား တည်ပေးကြပါလို့ ပြောကြားရင်း တပည့်တော်ရဲ့ ဩဝါဒကို နိဂုံးချုပ်အပ်ပါတယ်ဘုရား။


*with* **အရှင်ဉာဏဒီပ**,*Ashin Nyana Dipa,*


*-(ဗီဇဦးမျှဝေသူ-အာကာ)*

***https://www.facebook.com/centralpatrioticassociation***



မဘာသာအဖွဲ့ကြီး ပေါ်လာတာဟာ
အမျိုးဘာသာ သာသနာကို
စောင့်ရှောက်ဖို့ပါ။





မြန်မာပြည်ကို
ဒုက္ခအကြီးအကျယ်ပေးနိုင်တဲ့
လူတန်းစားနှစ်ရပ်ရှိတယ်။
(၁) ဆင်းရဲသား။ (၂) မိန်းကလေး။
– ဝီရသူ(မစိုးရိမ်)

## အမျိုးဘာသာ သာသနာအတွက်စွန့်လွှတ်စွန့်စားသူရဲကောင်းများ

အမျိုးဘာသာ သာသနာကို ကာကွယ်မည့် အမျိုးစောင့်ဥပဒေပေါ်ပေါက်နိုင်ရေး ကန့်ကွက်သူ ဝေဖန်သူ..ဆိုးရိမ်နေသူ လိုလားသူတွေတက်ရောက်တဲ့ ယနေ့(၃-၄-၂၀၁၅) အမျိုးသားလွှတ်တော်မှာ ဥပဒေရေးဆွဲရေး ကော်မရှင်ရှေ့မှာ မျက်နှာချင်းဆိုင်ဆွေးနွေးခဲ့ကြပါသည်။ ကန့်ကွက်သူများကလည်း ပွင့်လင်းစွာ ပြောကြားခဲ့ကြသလို ထောက်ခံသူများကလည်း ပွင့်လင်းစွာပြောကြားခွင့်ရကြပါသည်။ မဘသ(ဗဟို)ကိုယ်စားပြု သူရဲကောင်း(၃)ဦးကတော့ စစ်သည်(၃)သန်း မကတဲ့ စွမ်းအင်တွေနဲ့ အချက် ကျကျ အကွက်ကျကျ ရဲရဲဝင့်ဝင့် မကြောက်မရွံ့ ပြောင်မြောက်စွာ ဆွေးနွေးမှုကတော့လွှတ်တော်မှာ တက်ရောက်သူများ အိပ်ငိုက်ခွင့်တောင် မရလိုက်ကြပါ။

၁။ **ဆရာမောင်သွေးချွန်**က သမိုင်းကြောင်းနဲ့ အချက်ကျကျအပြင် အမျိုးဘာသာကိုထိခိုက်လာရင် နှိပ်စက်က စပြီး ဂေါ်ဇီလာအထိ သီးခံမှာ မဟုတ်ကြောင်း ရဲဝင့်သည့်တင်ပြချက်သည် တက်ရောက်သူတိုင်း ကြက်သီးထလောက်ခဲ့ပါသည်။

၂။ **ဆရာဦးအောင်မြိုင်**က မြန်မာ့သမိုင်းမှာ သာယာဝတီမင်းလက်ထက်ကိုယ့်အမျိုးအတွက် ကာကွယ်ဥပဒေတွေ ထုတ်ပြန်ဘူးကြောင်း နောက်ပိုင်းအစိုးရအဆက်ဆက် တာဝန်မကျေခဲ့ကြောင်းကို သမိုင်းကြောင်းဖြင့်ရဲရဲဝင့်ဝင့် ဆွေးနွေးခဲ့ရာ တက်ရောက်သူတိုင်း သတိထားခဲ့ကြရသည်။

၃။ **ရှေ့နေကြီးဦးအေးပိုင်**က ကမ္ဘာပေါ်မှာ လူမျိုးရေး ဝါးမြိုသိမ်းပိုက်ခြင်းသည် ကြောက်စရာအကောင်းဆုံးဖြစ်ကြောင်း ကာကွယ်ရာမှာ ဥပဒေနဲ့ကာကွယ်ခြင်းပြုလုပ်ဖို့လိုအပ်ကြောင်း အခြားဘာသာတွေမှာ ကာကွယ်ထားတဲ့ ဥပဒေများ ရှိပြီးဖြစ်ကြောင်း ဗုဒ္ဓဘာသာမှာမရှိသေးကြောင်း အခုတောင်းဆိုထားသောဥပဒေများသည် လူမျိုးတိုင်း ဘာသာတိုင်းကို ကာကွယ်ပေးတဲ့ငြိမ်းချမ်းရေး ဥပဒေဖြစ်ကြောင်း၊ လူတစ်ယောက်ကို တစ်ပါတီကိုယ့်လူမျိုးတစ်မျိုးကို ကန့်သတ်နေတာမဟုတ်ကြောင်းကိုဥပဒေအထောက်အထားများနှင့်အချိန်တိုအတွင်း ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသူများ အိပ်မငိုက်နိုင်ဘဲစိတ်ဝင်တစား မကြားဖူးတာတွေ ကြားရသကဲ့သို့ ဖြစ်သွားကြပါသည်။

ဒီနေ့တော့ အမျိုး ဘာသာ သာသနာအတွက် သူရဲကောင်း (၃)ယောက်ရဲ့စွမ်းဆောင်ချက် တင်ပြချက်များသည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့သလို လွှတ်တော်

အတွင်း တက်ရောက်သူများအတွက်လဲ လူထူးလူဆန်းများကို တွေ့ရသကဲ့သို့ အမှတ်တရ ရှိခဲ့ပါပြီ။ လွှတ်တော်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပါလိမ့်မည်။

အမျိုးဘာသာ သာသနာကို အသက်ထက်ဆုံး ကာကွယ်နိုင်ပါစေဟု ဆန္ဒပြုရင်း......

**–မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေး** ***facebook*** **မှ။**

# မျောက်ဝယ်သူ

တစ်ရံရောအခါက ရွာတစ်ရွာတွင် လူတစ်ယောက်ရောက်လာပြီး **မျောက်တစ်ကောင် ငွေ ၅၀၀၀** နှင့်ဝယ်မည်ဟု ကြေငြာသည်။ ရွာသားများလည်း မျောက်ပေါသည့်နယ်ဖြစ်သဖြင့် တောထဲသွားပြီး မျောက်ဖမ်းကြသည်။ ထိုလူလည်း မျောက်ကောင်ရေ ထောင်ချီပြီး တစ်ကောင် ၅၀၀၀ နှုန်းဖြင့် ဝယ်လိုက်သည်။ မျောက်များ အလွယ်တကူ ဖမ်းမရတော့ချိန်တွင် ရွာသားများလည်း ဆက်မဖမ်းတော့ပေ။ ထို့နောက် ထိုလူပင် ထပ်ကြေငြာသည်။

**မျောက်တစ်ကောင် ၁၀၀၀၀** ဖြင့်ဝယ်မည်ဟု ရွာသားများလည်း မျောက်များကို ခဲရာခဲဆစ် ဖမ်းရောင်းကြပြန်သည်။ မျောက်တွေ တော်တော်ကြီးရှားသွားတော့မှ ရွာသားများလက်လျှော့သည်။ ထိုလူလည်း ဆက်ဝယ်မည်ဆို၏။ ဈေးက **မျောက်တစ်ကောင် ၁၅၀၀၀** ပေးမည်။ မျောက်များရှားသွားလိုက်သည်မှာ ဖမ်းဖို့မပြောနှင့်မြင်ရဖို့တောင် အနိုင်နိုင်ဖြစ်သွားသည်။ နောက်ဆုံး ထိုလူထပ်ကြော်ငြာသည်။ **မျောက်တစ်ကောင် ၅၀၀၀၀** ပေးမည်တဲ့။ သို့သော် သူခရီးသွားစရာရှိသဖြင့် အရောင်းအဝယ်ကိစ္စကို သူ့လက်ထောက်နှင့်လုပ်ရန် မှာသွားသည်။ ထိုလူသွားသော် လက်ထောက်က ရွာသားများကိုပြောသည်။

**"ဒီလိုလုပ် ခင်ဗျာတို့ မျောက်လည်းရှာမတွေ့တော့ဘူးဆိုတော့ ကျွန်တော် ရှင်(အကြံ)တစ်ခုပေးမယ်။ ကျွန်တော့်ဆရာဝယ်ထားတဲ့မျောက်တွေ တွေ့တယ်မဟုတ်လား။ ကျွန်တော် ခင်ဗျားတို့ကို တစ်ကောင် ၃၀၀၀၀ နဲ့ပြန်ရောင်းပေးမယ်။ ဆရာပြန်လာမှ သူ့ကို ခင်ဗျားတို့ ၅၀၀၀၀ နဲ့ ရောင်းပေါ့။ ၂၀၀၀၀ တောင်မှမြတ်မှာနော်။ ခင်ဗျားတို့ကို စေတနာရှိလို့ အကြံပေးတာပါ"**။

ရွာသားများလည်း ရှိသမျှပိုက်ဆံထုတ်ပြီး တိုးဝှေ့ဝယ်ကြရာ မျောက်

တစ်ကောင်တောင် မကျန်ချေ။ ထို့နေ့မှစ၍ ရွာသားများလည်း ဆရာနှင့် လက်ထောက်ကို ထပ်မတွေ့ရတော့ဘဲ ဘယ်နေရာကြည့်ကြည့်တွေ့ရသည်မှာ မျှောက်များသာဖြစ်လေသည်။ *Credit to Chilly Chan*

-နည်းစနစ်ကျကျအတွေးအခေါ် *facebook* မှ။

ဥပဒေသ ။ ။ အားနာတတ်သူ၊ ယုံကြည်လွယ်တတ်သူ၊ လောဘကြီးသူ၊ ဗဟုသုတမရှိသူတို့ အလိမ်ခံရတတ်သည်။

* ငါ၏ရင်မှ၊ ချိုမြနို့ရည် လူတိုင်းကိုယ်စီသောက်ကြသည်။
* ငါ၏ပုခုံး ထွန်းတုံးကိုတင် နေပူမိုးရွာ မနားရအောင် လယ်ကွင်းပြင်မှာ ရုန်းခဲ့သည်။
* ငါ၏ခွန်အား၊ မနားရအောင် လူတို့အတွက်၊ စွမ်းဆောင်မှုများ ပေးခဲ့သည်။
* ငါ၏ကျောပြင်၊ အထင်အရှား ကြိမ်ရာများနဲ့ ပြည့်ခဲ့ပြီ။
* ရင်မှာနာကျင်၊ ပြောချင်စကား နှုတ်လျှာဖျားက မထွက်ပြီ။
* ငါ၏မျက်ရည်၊ သက်သေတည်လို့ လူတို့သိဖို့ ပြခဲ့ပြီ။
* လူတို့အကျိုး၊ ပြုခြားသော်လည်း ငါ၏အသက်၊ ငဲ့ညှာမထား ငါ့အားသတ်၍ စားကြသည်။
* ကျေးဇူးတရား၊ မထောက်ထားသည့် လူတို့လောက၊ သံသာရဝယ် ဘယ်သောအခါမှ၊ နွားဘဝသို့ မရောက်စေကြောင်း ဝဋ်ကြွေးရှိက ကျေပါစေသတည်း၊ ကျေစေသတည်း ... ။



**နွားတစ်ကောင်၏ ဆုတောင်း ဝဋ်ရှိက ကျေပါစေ**

-မှုခွဘာသာကိုးကွယ်ယုံကြည်ကြသူများ *facebook* မှ။

# ဂျပန်တို့၏ သံမဏိရှေပန်းပွဲတော်

နှစ်စဉ် ဧပြီလ ၆ ရက်မှကျင်းပတဲ့ သံမဏိရှေပန်းပွဲတော်(သို့)နတ်ဆိုးနှင်ပွဲကို နိုင်ငံတကာက လာရောက်ဆင်နွှဲသူတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုပြီးများလာတာတွေ့ရတယ်။ ဂျပန်တို့အခေါ် Kanamara Matsuri ကနာမရမဆုရိပွဲလို့ ခေါ်ပါတယ်။

ရှေပန်းပွဲတော်ရဲ့သမိုင်းကတော့ ရှေးတုန်းက ချောမောတဲ့လှပတဲ့အမျိုးသမီးတစ်ဦးကို တစ်ဖက်သက်ကြိုက်နေတဲ့ မှော်ဆရာနတ်ဆိုးဟာ သူ့ကိုမကြိုက်ဘဲ ကောင်မလေးက အမျိုးသားတစ်ဦးနဲ့လက်ထပ်သွားတာကြောင့် မင်္ဂလာဆောင်မယ့် သတို့သမီးရဲ့ပုံစံအတိုင်း မှော်ဆရာနတ်ဆိုးက အရောင်ဆောင်ပြီး ညဘက်မှာ ခင်ပွန်းဖြစ်သူရဲ့လိင်တံကို ကိုက်ဖြတ်ခဲ့တယ်။

ခင်ပွန်းဖြစ်သူလည်း ကြောက်ပြီး ဆက်မပေါင်းရဲတော့ဘူး။ ဒါနဲ့ တစ်ရွာလုံးက အမျိုးသားတွေ သူမနဲ့လက်ထပ်ရမှာ ကြောက်နေကြပါသတဲ့။ နောက်တော့ ဒုတိယခင်ပွန်းအလှည့်မှာ မှော်ဆရာကို နိုင်မယ့်နည်းကို ဆရာကြီးတစ်ဦးကနေ စီစဉ်ပေးခဲ့ပါတယ်။

ယောက်ျားတန်ဆာလိင်အင်္ဂါကို သံမဏိနဲ့ပြုလုပ်ပြီး ဆောင်ထားခိုင်းတာပါဘဲ။ မှော်ဆရာလည်းညပိုင်းမှာ ပထမလူလို လာရောက်ကိုက်ဖြတ်ခဲ့ပေမယ့် သွားတွေနာကျင်ပြီး ကျိုးထွက်လို့ ထွက်ပြေးသွားခဲ့တဲ့အဖြစ်ကို အစွဲပြုပြီး **သံမဏိလိင်တံနဲ့ နတ်ဆိုးနှင်ပွဲဆိုပြီး** ဖြစ်လာပါတော့တယ်။ ခုတော့ နိုင်ငံတကာက လိင်တူဆက်ဆံသူတွေ၊ လိင်ဖျော်ဖြေရေးအလုပ်လုပ်နေတဲ့လူတွေလည်း လာရောက်ပါဝင်ဆင်နွှဲကြပါတယ်။ ပွဲတော်နေ့မှာ တစ်မြို့လုံးမှာ အရုပ်၊ စားစရာအားလုံး၊ သကြားချောင်းကစပြီး ယောက်ျားတန်ဆာပုံတွေ လုပ်ထားတာမြင်ရမှာပါ။ ကြီးမားတဲ့လိင်တံရုပ်ထုကြီးကိုထမ်းပြီး မြောက်ကစားကြပါတယ်။ ဒီပွဲမှာပါဝင်တဲ့သူတွေဟာ လိင်နဲ့ပတ်သက်တဲ့ရောဂါဆိုးတွေ မကူးစက်နိုင်၊ မဖြစ်နိုင်ဘူးလို့ ယုံကြည်ကြပါတယ်။

*hilight.kapook.com*

*-April Maung Maung, facebook* မှ။

**မှတ်ချက်။ ။ ကမ္ဘာမှာ ဓလေ့စရိုက်အမျိုးမျိုးရှိကြသည်။**

# ဆင်ကျီစားရာ ဆိတ်မခံသာ

ဟိုးရှေးရှေးတုန်းကပေါ့၊ တိုင်းပြည်တစ်ပြည်မှာ အရမ်းဆင်းရဲတဲ့ အဘွားအိုတစ်ယောက်ရှိတယ်။ သူ့မှာ ပိုင်ဆိုင်တာဆိုလို့ လဲပြိုကာနီး တဲတစ်လုံးရယ်၊ ညစ်ပတ်ပြီး အရောင်မထွက်တော့တဲ့ ချုပ်ရာဗလပွနဲ့ အဝတ်အစားတစ်စုံရယ်၊ ကြက်မလေးတစ်ကောင်ရယ် ဒါတွေပဲ သူပိုင်ဆိုင်တယ်။

သူ့ရဲ့ကြက်မလေးက သူ့အတွက် နေ့တိုင်း ကြက်ဥတစ်လုံး ဥပေးတယ်။ အဲဒီကြက်ဥလေးနဲ့ပဲ အဘွားအိုက နေ့တိုင်း သူ့ရဲ့စားဝတ်နေရေးကို ဖြေရှင်းခဲ့ပြီး အသက်ရှင်နေခဲ့ရတယ်။ အဘွားအိုနေထိုင်တဲ့ တိုင်းပြည်မှာ အစားကျူးတဲ့ ဘုရင်တစ်ပါး အုပ်ချုပ်နေတယ်။

တစ်နေ့မှာ ဘုရင်က တိုင်းပြည်ထဲမှာ ထူးဆန်းတဲ့ အမိန့်တစ်ခုကို မောင်းထုပြီး ကြေငြာခဲ့တယ်။ အဲဒီအမိန့်က ဘာလဲဆိုတော့ **လည်းနေ လှေအောင်း မြည်းစောင်းမကျန် တိုင်းပြည်မှာရှိတဲ့ တိုင်းသူပြည်သားတွေအားလုံး သူစားပွဲတည်ဖို့အတွက် အသားဟင်းတစ်ခွက် လာပို့ရမယ်**လို့ ကြေညာမောင်းခတ်ခဲ့တယ်။ **တကယ်လို့ အသားဟင်းမပို့နိုင်တဲ့အိမ်ဆို တိုင်းပြည်မှာ နေခွင့်မပေးဘဲ မောင်းထုတ်မယ်**လို့ ကြေညာအမိန့်ထုတ်ပြန်ခဲ့တယ်။ ဒီသတင်းကိုကြားတဲ့ တိုင်းသူပြည်သားတွေက မောင်းထုတ်ခံရမှာကြောက်တာကြောင့် ရှိစုမဲ့စုထဲက အသားဟင်းတစ်ခွက်ပို့ဖို့ ပြင်ဆင်ကြတယ်။ အဲဒီထဲမှာ ကြက်မလေးတစ်ကောင်ကို ပိုင်ဆိုင်ထားတဲ့ အဘွားအိုလည်း အပါအဝင်ပေါ့။ အဘွားအိုမှာ ဘယ်လိုမှ အသားဟင်းကို ပို့စရာမရှိဘူးဖြစ်နေတယ်။

သူ့မှာ အသားဟင်းတစ်ခွက်ပို့ဖို့ ငွေကြေးကလည်း လုံးဝမရှိတော့ အရမ်းကို ခက်ခဲနေခဲ့တယ်။ အသားဟင်းမပို့နိုင်လို့ မင်းပြစ်မင်းဒဏ်ခံရမယ်ဆို ပိုပြီးကြီးလေးတာကြောင့် အဘွားအိုက နောက်ဆုံးမှာ ဆုံးဖြတ်ချက်တစ်ခုကို ခက်ခဲပင်ပန်းစွာနဲ့ ချလိုက်ရတယ်။

အဲဒါကတော့ သူ့ကို နေ့တိုင်း ကြက်ဥတစ်လုံးတစ်လုံးဥပေးနေတဲ့ ကြက်မလေးကိုသတ်ပြီး ဘုရင်ဆီကို အသားဟင်းတစ်ခွက်ပို့ဖို့ သူဆုံးဖြတ်လိုက်တယ်။ ဘုရင်ကတော့ စားတော်ပွဲမှာ တစ်အိမ်တစ်ယောက်နှုန်း အသားဟင်းခွက်ပေါင်းမြောက် များစွာနဲ့ ပွဲတော်တည်နေခဲ့တယ်။ အသားဟင်းခွက်တွေက သိပ်များလွန်းတာကြောင့် ဟင်းခွက်တိုင်းကို မစားဖြစ်ခဲ့ဘူး။

မစားဖြစ်တဲ့ဟင်းခွက်တွေထဲမှာ အဘွားအိုရဲ့ ကြက်သားဟင်းလေးလည်း အပါ ပေါ့။ ရှင်ဘုရင်က တစ်ချက်လွှတ်အမိန့် ချမှတ်ခဲ့တဲ့အတွက် သူ့မှာတော့ ဘာမှ ထိခိုက်နစ်နာမှုမရှိပေမယ့် ဒီအမိန့်ကြောင့် တစ်ဖက်လူမှာ ဘဝပျက်ခဲ့ရတယ်။

အဲဒါကြောင့် အပ်ဖျားတစ်ထောက်စာဆိုပေမယ့် ဆပ်ပြာမှုဖေါင်းအတွက် တော့ ဘဝကိုပျက်စေပါတယ်။

***Credit- မင်းနိုက်စိုးစံ***

***–ရည်းစနစ်ကျကျ အတွေးအခေါ် facebook မှ။***

# ပျော်ချင်တယ်ဆိုရင်

၁။ မိမိဘဝကို တစ်ခြားသူတွေနဲ့ မနှိုင်းယှဉ်ပါနဲ့။

၂။ နေ့တိုင်း လူသုံးယောက်ကို အနည်းဆုံး ပြုံးပြနိုင်အောင် ကြိုးစားပါ။

၃။ အဝေးရောက်နေတယ်ဆိုရင် မိသားစုထံ ခဏခဏ ဖုန်း ခေါ်ပါ။

၄။ ရည်မှန်းချက်၊ ဦးတည်ချက်တစ်ခု သတ်မှတ်လိုက်ပါ။

၅။ လူတိုင်းအပေါ် သံသယစိတ်တွေ ကင်းစင်ပါစေ။

၆။ အားတဲ့အချိန်မှာ အသက် ၇၀ ကျော်များ (သို့) အသက် ၆ နှစ်အောက် ကလေးများနှင့် အချိန်ဖြုန်းလိုက်ပါ။

၇။ အကောင်းအဆိုးကို ခွဲခြားတတ်ပါစေ။

၈။ မည်သူ့ကိုမှ မမုန်းမိပါစေနဲ့။

၉။ အိပ်ယာဝင်တိုင်း စဉ်းစားပါ။ "ငါ ဒီနေ့ ဘာတွေလုပ်ခဲ့လဲ။ မနေ့က ငါနဲ့ ဒီနေ့ငါ ဘာတွေ ကွာခြားသွားလဲ"ဆိုတာကို

၁၀။ စိတ်ကိုကြည်နူးစေမယ့်နေရာလေးတွေမှာ တစ်ပတ်တစ်ကြိမ် လောက် သွားနေဖြစ်ပါစေ။

***ကျော်လင်းနိုင်(ရိုးရာလေး)***

***www.yoyarlay.com***

## နှမပေးပြီးလည်း ပေါင်းသင့်ရင်ပေါင်းမယ်

ပြည်တွင်းပြည်ပက နိုင်ငံရေးသမားတွေက ဦးဇင်းကို အစွန်းရောက်လို့ သတ်မှတ်ကြတယ်။ ရတယ်၊ **အဲလိုသတ်မှတ်တဲ့ သူတွေက ဗမာဘယ်နှစ်ယောက် ကယ်ခဲ့ဖူးလဲ။ မတရားမှုတွေကို ဘယ်နှစ်မှု ဖြေရှင်းပေးခဲ့ဖူးလဲ။** အဲဒါ ပြန်မေးချင်တယ်။

အခုကကတော့ **ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမှုကို** ကျင့်သုံးရမှာပေါ့။ လူမျိုးမတူ ဘာသာမတူရုံနဲ့ ရန်သူတွေလို ဆက်ဆံနေမယ်ဆိုရင်တော့ ဒီမိုကရေစီမှာလဲ စစ်မီးလျှံတွေကူးစက်နေမှာပဲ။ အဲတော့ ဦးဇင်းဖြစ်စေချင်တာက ဘာသာတရားတိုင်းက ကိုယ့်ဘာသာ သာသနာထွန်းကားအောင် ပြန့်ပွားအောင် လုပ်ရမယ့်တာဝန်ရှိတယ်။ ဒါပေမယ့် အဲဒီဘာသာတရား ထွန်းကားပြန့်ပွားအောင် လုပ်တဲ့နေရာမှာ ဘာသာရေးခေါင်းဆောင်တွေဟာ တရားမျှတဖို့လိုတယ်။ တရားသောနည်းနဲ့ သာသနာထွန်းကားအောင် လုပ်ဖို့လိုတယ်။

ဦးဇင်းတို့ ဘာတွေ့နေရသလဲဆိုရင် မွတ်ဆလင်တွေဟာ အိမ်ထောင်ပြုပြီးတော့ သူတို့ဘာသာကို တိုးပွားအောင်လုပ်တယ်။ ဗမာမိန်းကလေးက မွတ်ဆလင်ကိုယူရင်လည်း အစ္စလာမ်ဘာသာပြောင်းရတယ်။ တစ်ချို့ဆို ဗမာနာမည်ပျောက်အောင် အမီနာ၊ အစီနာတွေ ဘာတွေ ပြောင်းပြစ်ကြတယ်။ ဗမာယောကျ်ားလေးက မွတ်ဆလင်မနဲ့ယူရင်လည်း အစ္စလာမ်ဘာသာထဲ ဝင်ရတယ်။ သူလည်း ဗလီတွေဘာတွေ တက်ရတယ်။ တကယ်လို့ မွတ်ဆလင်နဲ့ယူပြီး ဘာသာမပြောင်းဘူးဆိုရင် အစ္စလာမ်ဘာသာရဲ့ဥပဒေအရ တရားမဝင်ဘူးပေါ့။ အဲဒီတော့ ဘာဖြစ်သလဲဆိုရင် မွတ်ဆလင်ယောကျ်ားသေရင် ကျန်တဲ့ဗမာမိန်းမ အိမ်ပေါ်ကဆင်း ကလေးတွေထားခဲ့။ သူတို့က လုံးဝခွေပြတ်မျိုးပြတ် ဖြစ်သွားတယ်။ မွတ်ဆလင်တွေနဲ့ ယူမိတဲ့သူတွေဟာ ဒါမျိုးတွေဖြစ်မှာစိုးတဲ့အတွက်ကြောင့် ဖွတ်ကြိုတ်မိုတ်ပြီးတော့ အစ္စလာမ်ထဲကို ကူးပြောင်းသွားတယ်။

အဲဒီတော့ အစ္စလာမ်ရဲ့ ကြမ်းတမ်းတဲ့ဘာသာရေးသွတ်သွင်းမှုတွေကြောင့် မြန်မာနိုင်ငံမှာ ဘာသာရေးအဓိကရုဏ်းတွေ ဖြစ်လာတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အစ္စလာမ်ထဲကို ကူးပြောင်းသွားသူ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် တကယ့်ကြီးကြီးမားမား စတားတွေထဲကပဲဖြစ်စေ၊ ဘာသာရေး နယ်ပယ်ထဲက ပုဂ္ဂိုလ်တွေရဲ့သားသမီးတွေပဲဖြစ်စေ **သူတို့အစ္စလာမ်ဘာသာထဲကို အခြေအနေအရ ဝင်လာတာလား၊ စိတ်ပါလို့ဝင်လာတာလားဆိုတာကို စမ်းသပ်တဲ့အနေနဲ့ မဟာမြတ်မုနိ ဘုရားပုံတော်တွေ၊ ရွှေတိဂုံအစရှိတဲ့**

**ဘုရားပုံတွေကို ခြေထောက်နဲ့နင်းနိုင်းတယ်။ ဖင်ခုထိုင်ပြီး ရေချိုးခိုင်းတယ်။ ကျော်ခွခိုင်းတယ်။ ဒါမျိုးနဲ့စမ်းသပ်တယ်။** အင်မတန်ကြမ်းတမ်း ရိုင်းပျတဲ့သူတွေပဲ။

သူတို့တွေကတော့ သူတို့လူမျိုးအတွက် လူ့အခွင့်အရေးတွေတောင်းဆိုတယ်။ လွတ်လပ်စွာကိုးကွယ်ခွင့်ဆိုတဲ့ ဘာသာတရားနဲ့ပတ်သက်တဲ့ အခွင့်အရေးတွေ တောင်းဆိုတယ်။ သူတို့ကိုယ်တိုင်ကရော သူတို့နဲ့ညားတဲ့သူတွေကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးပါသလား။ စဉ်းစားကြည့် … သူတို့အဲဒါတွေ အများကြီး ချိုးဖောက်တယ်။ **ဦးဇင်းတရားဟောတာ အဲလိုမတရားမှုတွေ ရှိနေလို့ ဟောတာ။ မွတ်ဆလင်ကိုမုန်းလို့မဟုတ်ဘူး။ အစ္စလာမ်ဘာသာကို ဖော်ကား ချင်လို့ မဟုတ်ဘူး။ နာမည်ကြီးချင်လို့မဟုတ်ဘူး။ရှုပ်ယှက်ခတ်ချင်လို့မဟုတ်ဘူး နိုင်ငံရေး အကျိုးစီးပွားဖို့ လုပ်တာလည်းမဟုတ်ဘူး။** အဲလိုတွေလုပ်နေတဲ့ မွတ်ဆလင်တွေဟာ ရဲစခန်းနဲ့ပေါင်း၊ အာဏာပိုင်တွေနဲ့ပေါင်းပြီးတော့ အမှုတွေဖြစ်တဲ့အခါ သူတို့တွေက နိုင်အောင်ပေါ့။ ဗမာတွေက မှန်လျက်နှင့် ခံနေရတယ်။ အဲလို မတရားမှုတွေကို ဦးဇင်းလက်ပိုက်ကြည့်မနေနိုင်လို့ ထလုပ်တာပါ။

တရားဟောရုံသက်သက် မဟုတ်ဘူး။ ဦးဇင်းအလုပ်တွေ အများကြီးလုပ်ခဲ့တယ်။ မွတ်ဆလင်တွေရဲ့ မတရားလုပ်ထားတဲ့ အမှုတွေကို ဦးဇင်းကိုင်တွယ်ဖြေရှင်းပေးခဲ့တယ်။ မတရားလုပ်ထားတဲ့ မွတ်ဆလင်တွေ ထောင်ထဲရောက်ခဲ့ကြတယ်။ မွတ်ဆလင်တွေရဲ့ မတရားအလုပ်ခံရတဲ့ တိုင်းရင်းသူ၊ တိုင်းရင်းသားအပါအဝင် မြန်မာတွေ အများကြီးကယ်တင်ခဲ့တယ်။ ဒီအလုပ်တွေကို လုပ်လို့ ပြည်တွင်းပြည်ပက နိုင်ငံရေးသမားတွေက ဦးဇင်းကို အစွန်းရောက်လို့ သတ်မှတ်ကြတယ်။ ရပါတယ်။ အဲလိုသတ်မှတ်တဲ့ပုဂ္ဂိုလ်တွေက မြန်မာဘယ်နှစ်ယောက်ကယ်တင်ခဲ့ဖူးလဲ။ မတရားမှုတွေကို ဘယ်နှခုဖြေရှင်းပေးခဲ့ဖူးလဲ။ အဲဒါပဲမေးချင်ပါတယ်။

**အဲဒီတော့ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးမှာ အာလုံးပါဝင်စေချင်တယ်ဆိုရင် ဘာသာရေးခေါင်းဆောင်တွေက ကိုယ့်ဘာသာတရားကို တရားသောနည်းနဲ့ စည်းရုံးကြပါ။ သိမ်းသွင်းကြပါ။ ဘာသာရေးခေါင်းဆောင်များကိုယ်တိုင်က လွတ်လပ်စွာ ကိုးကွယ်ခွင့်ဆိုတဲ့ လူ့အခွင့်အရေးကို မချိုးဖောက်ကြပါနဲ့။ အဲလိုတွေသာ မချိုးဖောက်ဘူးဆိုရင် အဲဒီမွတ်ဆလင်တွေကို နမပေးပြီးလည်း ပေါင်းရင်ပေါင်းမှာပေါ့။**

*ဝီရသူ(မိုးနိမ့်)၊ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊*
*မိုးနိမ့်တိုက်သစ်၊ မန္တလေး facebook မှ။*


မွတ်စလင်တို့၏ စောက်ကျင့်
မွတ်စလင်များ အင်အားနည်းသောအချိန်
မွတ်စလင်ဆိုတာ ငြိမ်းချမ်းတဲ့ဘာသာပါ
မွတ်စလင်များ အင်အားများလာသောအချိန်
မွတ်စလင်တွေကို ထိုက်တန်တဲ့ အခွင့်အရေးပေးပါ
မွတ်စလင်များ အင်အားအလွန်များလာသောအချိန်
အစွလာမ်နဲ့ ပေါ်ကြိုက်တာရွေး
နီးထကြပါ ရွှေမြန်မာတို့
A Long Si Thu Facebook မှ


မင်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ဆောင်ချက်တွေ တရေး ရအောင် ဗိုလ်ချုပ်လို့ ... သိလားကွ..
ခုလူတွေရဲ့ လုပ်ဆောင်ချက်နဲ့ ပြောင်းပြန်တွေ ချည်းပါပဲလို့ အဘိုးက ပြောခဲ့တော့ ရေးနိုင်တာပေါ့

## အင်းစိန်သံဃာ့ညီလာခံကြီး၌မိန့်ကြားတော်မူခဲ့သော သီတဂူဆရာတော်ကြီး၏ အမျိုးသားရေး

### “စေတီ” ပျောက်သော်လည်း “ဗလီ” ကျန်

ရန်ကုန်မြို့လယ်ခေါင်မှာ သိမ်တော်ကြီးကျောင်းတိုက်ဆိုတာ ရှိတယ်။ သာသနာရောက်ကထဲက စ,ရှိတဲ့ “သိမ်တော်ကြီး”ပါ။ ရဟန္တာသမုတ်တဲ့ “**သိမ်ကိုးလုံး**” ရှိတယ်။ သိမ်တစ်လုံးကတော့ ရွှေတိဂုံတောင်ဘက်နားမှာရှိတယ်။ ကျန်တဲ့သိမ်တွေဘယ်ရောက်ကုန်လဲဆိုတာကို သမိုင်းကို လေ့လာစို့လိုပါတယ်။ “သိမ်ကြီးဈေး”မရှိစဉ်က အဲဒီနေရာမှာ “**ကျိုက်မြတ်သံချို**”ဆိုတဲ့ **စေတီတော်ကြီး** တစ်ဆူရှိတယ်။ ဆူးလေဘုရားလောက်ရှိတယ်။ အဲဒီစေတီတော်ကြီးရဲ့ အနီးအနားမှာ စေတီငယ်လေးတွေအများကြီးပဲ။ စေတီလေးတွေကြားမှာ ထီးလေးတွေနဲ့ ဗလာတွေ ဈေးရောင်းကြတယ်။

မွတ်ဆလင်ပိုင် “**စူလတန်ကုမ္ပဏီ**”က အင်္ဂလိပ်အစိုးရကို “ရန်ကုန်မြို့လယ်ခေါင်မှာ ဈေးမရှိသေးဘူး။ ဈေးကြီးဆောက်ချင်တယ်” ဆိုပြီးတော့ ဈေးဆောက်ခွင့်တောင်းတယ်။“စူလတန်”ဆိုတာ မော်လမြိုင်ဈေးကြီးဆောက်ပေးတဲ့ ကုမ္ပဏီပဲ။ သူတို့က အကွက်မြင်တယ်။“ဈေးဆောက်ခွင့်ပေးပါ”ဆိုတော့ အင်္ဂလိပ်အစိုးရက အခုသိမ်ကြီးဈေးနေရာကို ပေးလိုက်တယ်။

“စူလတန်ကုမ္ပဏီ” က ကျိုက်မြတ်သံချိုဘုရားနဲ့အတူတူ အခြားစေတီလေးတွေ အကုန်လုံးဖျက်သိမ်းပြီးတော့ သိမ်ကြီးဈေးကို ဆောက်တယ်။ စေတီတွေ သိမ်ကြီးဈေးထဲမှာပဲ ပျောက်သွားတယ် ဒါပေမဲ့ သိမ်ကြီးဈေးဘေးမှာတော့ “ဗလီ” က အခုထိ ရှိပါသေးတယ်။ သိမ်ကြီးဈေးဆောက်တော့ “ဘုရား”တော့ ပျောက်သွားတယ်။ “ဗလီ”ပဲ ကျန်တယ်။ ရန်ငြိုးနဲ့ပြောတာ မဟုတ်ဘူး။ သမိုင်းအမှန်ကို ပြောပြခြင်းပါ။ သမိုင်းကြောင်းတွေကို အရှင်ဘုရားတို့ တပည့်တော်တို့ သိဖို့ အရေးကြီးတယ်။

လူ့အခွင့်အရေးဆိုတာတွေပြော… မပျောက်ကွယ်ခွင့်”ဆိုတာကိုလည်းပဲ ပြောရမယ်။

လူ့အခွင့်အရေးသမားတွေဟာ “ဗုဒ္ဓဘာသာဘက်”ကလည်း ရပ်တည်ပေးသင့်ပါတယ်။

အခုတော့ မြန်မာနိုင်ငံမှာ“မွတ်ဆလင်လူနည်းစု”ဆိုပြီး သူတို့ဘက်ကပဲ ရပ်တည်ပေးနေတယ်။

တကယ်တော့ မြန်မာနိုင်ငံမှာ လူနည်းစုက "မွတ်ဆလင်မဟုတ်ပါဘူး။ ဟိန္ဒူတွေ ဖြစ်ပါတယ်"။

ဒါကြောင့် **တပည့်တော်တို့ရဲ့ အဖွဲ့အစည်းရဲ့နောက်မှာ တစ်ခုခု ပြောရေးလိုလာရင် သမိုင်းအထောက်အထား ခိုင်မာအောင်ပြောဖို့ လိုလိမ့်မယ်။** အဲဒါကိုလည်း တင်ပြပါတယ်။

***by Ashin Dayweinda***

-ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်သော *facebook* မှ။

# စိတ်ကျန်းမာရေးအတွက်

## ကျင့်သုံးလိုက်နာရမည့်အချက်(၁၀)ချက်

**စိတ်ကျန်းမာရေးအတွက်** ကျင့်သုံးလိုက်နာရမယ့်အချက်(၁၀)ချက်ဆိုပြီး နိုင်ငံတကာ စိတ်ရောဂါပညာရှင်များ ယခုလို တိုက်တွန်းထားပါတယ်။

၁။ အကောင်းမြင်ပေးပါ။

၂။ အသက်ရှင်သမျှကာလပတ်လုံး ဆက်တိုက် လေ့လာသင်ကြားမှု ပြုလုပ်ပါ။

၃။ အမှားများမှ အဖြေရှာပြီး သင်ခန်းစာယူပါ။

၄။ နေ့စဉ် ကိုယ်ကာယ လေ့ကျင့်ခန်း တစ်ခုခု ပုံမှန် ပြုလုပ်ပါ။'

၅။ မလိုအပ်သောအရာများဖြင့် ဘဝကို မရှုပ်ထွေးစေပါနဲ့။

၆။ အရှုံးမပေးပါနှင့် ဘဝ၏အောင်မြင်မှုကို မာရသွန်ပြေးလမ်းတစ်ခု အဖြစ်မှတ်ယူပါ။

၇။ မိမိ၏အရည်အချင်းကို ဆန်းစစ်၍ ကိုယ်တိုင်လေ့ကျင့်ပြုစု ပျိုးထောင်ပါ။

၈။ မိမိပတ်ဝန်းကျင်ကို နားလည်ပေးနိုင်အောင် ကြိုးစားပါ။

၉။ ဘဝအတွက် ပန်းတိုင်ထားပြီး အိပ်မက်ကို အကောင်အထည် ဖော်ပါ။

၁၀။ ဘာသာရေးလေ့လာလိုက်စားပါ။



***Ref;positivemend***

-*Dhamma Wizaya facebook* မှ။

## အမျိုးစောင့်ဥပဒေညီလာခံ ဆရာတော်ကြီးများ ဩဝါဒအကျဉ်းချုပ်

### (၁-၇-၂၀၁၃) တနင်္လာနေ့

၁။ မလုပ်နိုင်ပဲ တာဝန်မယူချင်ဘူး၊ ဒါတပည့်တော် ဝါဒပဲ။

၂။ ဗုဒ္ဓဘာသာ အမျိုးသမီးများ အနှိပ်စက်ခံ အလှည့်စားခံ ဘဝရောက်နေကြတယ်။ ဒီဥပဒေကို မထောက်ခံချင်တဲ့သူတွေဟာ ကိုယ်ချင်းစာတရား မရှိကြလို့ဖြစ်မယ်။ (ဘာသာခြား)၊ ဒါမှမဟုတ် ထွက်ချင့်တိုင်းထွက် ဝင်ချင်တိုင်း ဝင်ချင်လို့ဖြစ်မယ်(ဘာသာတူ)

၃။ ဘာသာ ၄-မျိုးလုံးနေကြတဲ့ မြန်မာနိုင်ငံဟာ အိမ်လေးအိမ်ရှိတဲ့ ရွာနဲ့တူတယ်။ အခြား(ဘာသာ) အိမ် ၃-လုံးမှာတော့ (ဥပဒေ) ခြံခတ်ထားတယ်။ (ဗုဒ္ဓဘာသာ) အိမ်တစ်အိမ်ပဲ ခြံမခတ်ရသေးတာ။ ဒီတော့ လုံခြုံမှု မရှိတော့ဘူး။ အန္တရာယ်တွေ ဝင်လာပြီပေါ့။

၄။ မီးခဲသေးသေးလေး ဖြစ်ပေမဲ့ လေနဲ့တွေ့ရင် အိမ်တွေ ရွာတွေ မြို့တွေ ပျက်စီးအောင် လောင်နိုင်တယ်။ ထို့အတူ ကိစ္စသေးသေးလေးဖြစ်ပေမဲ့ မီဒီယာလေ၊ နိုင်ငံရေးလေအတိုက်ခံလိုက်ရရင် ရခိုင်လို၊မိတ္ထီလာလို အများ စိတ်ထိခိုက်စရာဖြစ်သွားတတ်တယ်။

၅။ ဘယ်ကိစ္စမဆို အစွန်းမရောက်ဘဲ အလယ်အလတ် လမ်းစဉ်လိုက်မှ အောင်မြင်မယ်။ ဂျိုပေါက်တဲ့နွားလို၊ အစွယ်ထက်တဲ့ တောဝက်လို မာနခံနဲ့ မြင်မြင်သမျှ တိုက်ခိုက်နေရင်လဲ အများမုန်းပြီး မအောင်မြင်တတ်ဘူး။ ခြေသုတ်ပုဆိုးလို၊ အစွယ်ကျိုးတဲ့မြွေလို သူများအောက်ကကျိုးပဲနေပြီး ဇာတိမာန်စသည်ပျောက်ကာ သိုးငယ်လေးလို ကြောက်လန့်ထိပ်လန့်နေရင်လဲ လူ့မလေး ခွေးမခန့်ဖြစ်ပြီး အနင်းခံရတတ်တယ်။ မအောင်မြင်နိုင်ဘူး။ ဘယ်အရာမဆို မလျှော့မတင်း အလယ်အလတ်လမ်းစဉ်နဲ့ ဖြောင့်ဖြောင့်တန်းတန်းကျင့်မှ အောင်မြင်ပြီး ကောင်းကျိုးအမျိုးမျိုးရမယ်။

၆။ သာသနာမှာ ၂ ပိုင်းခွဲထားရမယ်။ ပရိယတ်,ပဋိပတ်ကို စွမ်းစွမ်းတမံ လုပ်နေသူက တစ်ပိုင်း၊ သူတို့ဟာ ဘုရားတရားကို ကျင့်ကြံနေသူတွေဖြစ်လို့ ဘုရားနဲ့တူတယ်။ သူတို့ကို လောကအကျိုးမလုပ်ဘူးလို့ အပြစ်မဆိုသာဘူး။ နောက်တစ်ပိုင်းက ပရိယတ်,ပဋိပတ်ကို ထင်သလိုမလုပ်နိုင်သူတွေအနေနဲ့ လောကအကျိုးကို မွေ့ဝိနယနဲ့အညီ ကြိုးစားပြီးလုပ်ရမယ်။ သာသနာဝန်ကို တစ်နည်းနည်းနဲ့ ထမ်းရမယ်။ သာသနာကို နိမ့်မစီးရဘူး။

၇။ သာသနာမှာ အတွင်းရန် အပြင်ရန် ၂ မျိုးလုံးကို သတိထားရမယ်။ အသား ထဲက လောက်ထွက်သူတွေနဲ့ အတုအယောင်တွေဟာ သာသနာတွင်းက ရန်သူတွေပဲ။ ဖျက်လိုဖျက်ဆီး လုပ်နေကြတဲ့ ဘာသာခြားတွေ၊ အယူဝါဒ မတူသူတွေဟာ အပြင်ရန်ပဲ။ (ဟသ်ာတမိုးကောင်းဆရာတော်)

၈။ လုပ်သင့် လုပ်ထိုက်တာကို မလုပ်ရင် တာဝန်မကျေရာရောက်မယ်။ မျက် ကွယ်ပြုရာရောက်မယ်။

၉။ ကိုယ့်ကျေးဇူးရှင်တွေအတွက် လောကီကိစ္စတွေမှာ ပါဝင်ပေးတာဟာ ဘုရားရှင်လမ်းစဉ်လိုက်တာပါ။ ဘုရားရှင်ဟာ လောကအကျိုးကိစ္စ၊ အမျိုး သား အကျိုးကိစ္စ၊ အသိပေးချေးကိစ္စတွေ လုပ်ခဲ့တယ်။ ရောဟဏီမြစ်ရေ အတွက် တိုက်ပွဲငြိမ်းချမ်းရေး တရားဟောပေးခဲ့တယ်။ လောကငြိမ်းချမ်း ရေးအတွက် မေတ္တာထားပုံနည်းလမ်း၊ ဆင်းရဲသူနဲ့တွေ့ရင် သနားရမဲ့ နည်းလမ်း၊ ချမ်းသာသူနဲ့တွေ့ရင် ဝမ်းမြောက်ရမဲ့နည်းလမ်း၊ အများနဲ့ ဆက်ဆံတဲ့နေရာမှာ တည်တည်ငြိမ်ငြိမ်ဆက်ဆံပုံနည်းလမ်းတွေကို ချပြ ခဲ့တယ်။ အိမ်တွင်းရေးမတည်ငြိမ်ကြတော့ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ် တွေ ချပြခဲ့တယ်။ အတွင်းကျကျ ပြောရရင် ကလေးမမွေးနိုင်ဖြစ်နေတော့ အင်္ဂုလိမာလသုတ်ရွတ်ဖို့ မိန့်မှာခဲ့တယ်။

၁၀။ အဲဒီလို လောကကြောင်း၊ ဓမ္မအကြောင်းတင်မက သမိုင်းကြောင်းလဲ ရှိသေး တယ်။ လက်ထပ်ခန်းနဲ့ ပတ်သတ်လို့ ရှေးခေတ်က ဓမ္မသတ်ကျမ်းတွေ ရေးတဲ့နေရာမှာ ဘုန်းကြီးတွေက ခေါင်းဆောင်ခဲ့တယ်။ ပုဂံခေတ်မှာ အရှင် သာရိပုတြာဆိုတဲ့ ဆရာတော်ခေါင်းဆောင်ပြီး ဓမ္မဝိလာသိနီဆိုတဲ့ ဓမ္မသတ် ကျမ်းကို ရေးပေးခဲ့တယ်။

၁၁။ ဘာသာအားလုံးနဲ့ကြည့်ရင် တခြားဘာသာတွေမှာလည်း လောကီကိစ္စ တွေမှာ ဘာသာရေးခေါင်းဆောင်တွေ ပါဝင်လို့ ပိုအောင်မြင်နေတယ်။

၁၂။ ဥပဒေဘောင်ရှိမှ အန္တရာယ်ကင်းတယ်၊ စည်းအတွင်းမှာနေမှ ရန်ကင်းတယ်၊ စည်းကမ်းကို ကျော်ရင်တော့ ရန်များတယ်။

၁၃။ ကိုယ့်ဘာသာ ကိုယ့်လူမျိုးကို သူများဘာသာ သူများလူမျိုးလောင်တောင် အဆင့်အတန်းမထားနိုင်တဲ့သူဟာ ကိုယ်ရဲ့ဘာသာနဲ့လူမျိုးကို ပျက်စီးအောင် လုပ်နေတာပဲ။

၁၄။ လူတစ်ယောက်၊အဖွဲ့တစ်ဖွဲ့၊နိုင်ငံတစ်နိုင်ငံဟာ ပျက်စီးချိန်ရောက်ရင် လမ်းမှား ကို လမ်းမှန်လို့ထင်ပြီး လျှောက်တတ်ကြတယ် (အင်းစိန်ရွာမဆရာတော်)

၁၅။ လမ်းမှန်လျှောက်ရင် စခန်းမှန်ရောက်တယ်။

၁၆။ ကားမောင်းရင် လမ်းသိရမယ်၊ မီးနီချိန် မီးဝါချိန် မီးစိမ်းချိန်ဆိုတဲ့အချိန် သိရမယ်၊ စတီယာတိုင်ကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်ရတယ်၊ အလုပ်ဟာလည်း ထို့အတူပဲ။(ရွှေတောင်ကုန်းဆရာတော်)

၁၇။ ဝိုင် အမ် ဘီ အေ အသင်းကြီးမှာ ဆရာတော်တွေ ဦးဆောင်ပြီး **အမျိုး ဘာသာ သာသနာ ပညာ** ကဏ္ဍကြီး ၄ ရပ်အတွက် လုပ်ခဲ့ကြတယ်၊ နိုင်ငံလွတ်လပ်ရေးရအောင် လုပ်ခဲ့ကြတယ်၊ အခုဟာလဲ ဒုတိယ YMBA အဖွဲ့ကြီးပဲ။

၁၈။ အောင်မြင်ချင်ရင် ဦးတည်ချက် တစ်ခုထဲထား၊ အောင်စိတ်မွေး။

၁၉။ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ မြန်မာ့သမိုင်းမှာကြည့်ရင် မွန်လူမျိုး၊ ရှမ်းလူမျိုး၊ ရခိုင်လူမျိုး၊ ကရင်လူမျိုးတွေဟာ အမျိုးကို ထိန်းသိမ်းနိုင်ကြလို့ ခုထိ ရှိပေမဲ့ ပေါ့ပေါ့ဆဆနေခဲ့ကြလို့ လျှမ်းလျှမ်းတောက်ထင်ရှားခဲ့တဲ့ ပျူလူမျိုးခု ရှာမရတော့ဘူး။

၂၀။ သင်ရုံလေးနဲ့ မပြီးဘူး၊ သင်သာသင်ပြီး မစောင့်ရှောက်နိုင်ခဲ့ကြလို့ သံဃာ ၁ သောင်းကျော် ပညာသင်ကြားပေးတဲ့ နာလန္ဒာတက္ကသိုလ်ကြီး ပျက်စီးခဲ့ရဖူးတယ်။ (တိပိဋက ဦးသီလက္ခန္ဓာဘိဝံသ)

၂၁။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း ထားကြပါ၊ မထားနိုင်ရင် လမ်းဆုံးမရောက်နိုင်ဘူး၊ ကိုယ့်လုပ်ငန်းအနှောင့်အယှက်ဖြစ်နိုင်တယ်။

၂၂။ သည်းခံရမယ်ဆိုပေမဲ့လဲ ဒီနေရာမှာဖြစ်တဲ့ကိစ္စ ဒီနေရာမှာပြီးအောင်ရှင်း၊ ကဲ့ရဲ့လာရင်၊ မဟုတ်ရင် မဟုတ်တဲ့အကြောင်း ဖြေရှင်းရမယ်၊ မှန်နေရင်လဲ ဝန်ခံရဲရမယ်။

၂၃။ ဘုရားတောင်မှ ရာဇဂြိုလ်မှာရော ကောသမ္ဗီမှာရော မကောင်းမြင်သူတွေရဲ့ အတိုက်ခိုက်ခံရဖူးတယ်၊ ရာဇဂြိုလ်မှာတော့ ဘုရင်အကူအညီရတော့ ပြဿနာအကြီးအကျယ်မဖြစ်ဘူး၊ ကောသမ္ဗီမှာတော့ ဘုရင်က မိန်းမဘက် ပါပြီး ဘုရားကို ဂရုမစိုက်တော့ အကြီးအကျယ်ဒုက္ခကြုံရတယ်။

၂၄။ ဧည့်သည်ကလဲ ကိစ္စသေးသေးလေးကို ရိုးမယ်ဖွဲ့ပြီး အိမ်ရှင်ရဲ့အိမ်ကို မဖျက်ဆီးရဘူး၊ အိမ်ရှင်ကလဲ တခုခုဖြစ်လာရင် မှန်မှန်ကန်ကန် ဖြေရှင်းတတ်ရမယ်။

၂၅။ အင်အားသေးတယ်ဆိုပြီး အထင်မသေးနဲ့။ ကိုယ့်ကို စိတ်ဆွနေ ရန်စနေရင် တည်တည်ငြိမ်ငြိမ်နဲ့ တုန့်ပြန်ရမယ်။ ဒေါသကိုလွှတ်ပြီးOverspeed နဲ့

တုန့်ပြန်ရင် အင်အားကြီးတယ်ဆိုပေမဲ့ ထောင်ချောက်ထဲဝင်ပြီး ဘဝပျက်တတ်တယ်။

၂၆။ ပြဿနာဖြစ်လာရင် အပေါ်ယံတင်မကြည့်ပဲ ပြဿနာရဲ့ ဇစ်မြစ်ထိ ကြည့်တတ်ရတယ်။ နောက်ကွယ်က အကြောင်းအရာထိ မကြည့်နိုင်ရင် အဖြေမှန်မပေါ်ဘဲ တလွဲဖြစ်သွားတတ်တယ်။

၂၇။ သံဃာတွေဟာ ဘယ်ကိစ္စနဲ့ကြုံကြုံ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေရမယ်၊ လူ့အသိုင်းအဝိုင်းက ဆူပူနေရင်လဲ ငြိမ်းချမ်းရေးကို ဖော်ဆောင်သူ Peace-maker ဖြစ်ရမယ်၊ ဆူပူအောင် မလုပ်ရဘူး။

*ကိုထွန်းဓမ္မ ပြန်လည်မျှဝေပေးပါတယ်။*

*phophtawnews Zin Yaw News*

## ကိုယ်ကျင့်တရားကောင်းမွန်ရေး

* "လူ့ဘဝတွင် အရေးကြီးဆုံးသောအရာမှာ ကိုယ်ကျင့်တရား ဖြစ်၏။ ကိုယ်ကျင့်တရား မကောင်းသူသည် နိုင်ငံနှင့်လူမျိုး တို့၏ ဆူးငြောင့်ခလုတ်ဖြစ်၏။ ပြည်သူတို့၏ ဘေးရန်အန္တရာယ်ဖြစ်၏။

* ကမ္ဘာပေါ်တွင် အကောင်းဆုံးကိုယ်ကျင့်တရားမှာ ငါးပါးသီလဖြစ်၏။ ငါးပါးသီလစောင့်ထိန်းခြင်းသည် မတရားမှုများကို ရှောင်ကြဉ်၍ တရားမျှတမှုကို လုပ်ဆောင်ခြင်းဖြစ်၏။ ကိုယ်အမှုအရာနှင့် နှုတ်အပြောအဆိုတို့ကို အပြစ်ကင်းအောင်စောင့်ထိန်းခြင်းဖြစ်၏"။

*- (ဆရာကြီး ဒေါက်တာမင်းတင်မွန်)*

## အရသာဆိုးပေမယ့် ကောင်းပါတယ်

**အရသာကောင်းသည် အရသာဆိုးထက် ပိုမိုကောင်းမွန်သည်။**

**သို့ရာတွင် အရသာဆိုးသည် အရသာလုံးဝမရှိသည်ထက် ပိုမိုကောင်းမွန်သည်။**

*-အာနိုးဘဲလ်နစ်(အင်္ဂလိပ်စာရေးဆရာ)။*

# တရားထိုင်ခြင်း နှင့်



# ကျန်းမာခြင်း



တရားစခန်းဝင်ပြီး တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်ကြမယ့်သူတွေအနေနဲ့ တရားထိုင်ခြင်း ကြောင့် ခန္ဓာကိုယ်ရဲ့ဖြစ်ခြင်း–ပျက်ခြင်းဆိုတဲ့ မမြဲတဲ့ အနိစ္စသဘောကို သိမြင်နိုင်ရုံသာမက ကျန်းမာရေးအကျိုးကျေးဇူးတွေကိုလည်း ရရှိနိုင်ပါကြောင်း ကျန်းမာရေးရှုထောင့်ကနေ ဖော်ပြပေးလိုက်ပါတယ်။

**တရားထိုင်ခြင်းဆိုသည်မှာ–**

တရားထိုင်တယ်ဆိုတာ လွယ်လွယ်ပြောရရင်တော့ အတိုင်းအဆမရှိ လွင့်မျော ရှုပ်ထွေးလှတဲ့ အတွေးတွေ၊ ခံစားချက်တွေ၊ စိတ်ကူးတွေကို ထိန်းချုပ်ပြီး ကိုယ့် ခန္ဓာကိုယ်ကို ရှုမြင်သုံးသပ်ဆင်ခြင်တဲ့သဘော ဖြစ်ပါတယ်။

**တရားထိုင်ရာတွင် အခြေခံလိုအပ်ချက်**

**၁။ တိတ်ဆိတ်သော နေရာ**

တရားထိုင်မယ်ဆိုရင် အနှောင့်အယှက်နဲ့ အသံတွေ နည်းနိုင်သမျှနည်းပြီး တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာထိုင်ခင်း ရှိရပါမယ်။

**၂။ သက်သောင့်သက်သာရှိသော ကိုယ်ဟန်အနေအထား**

ထိုင်ရင်း၊ လဲလျောင်းရင်း၊ ရပ်ရင်း၊ လမ်းလျှောက်ရင်းနဲ့ တခြားလှုပ်ရှားမှု မှန်သမျှ ပြုလုပ်တိုင်းမှာ တရားမှတ်လို့ရပါတယ်။

အချိန်ကြာကြာ တရားရှုမှတ်နိုင်ဖို့ဆိုရင်တော့ ခန္ဓာကိုယ်အနေအထားဟာ သက်သောင့်သက်သာရှိဖို့ လိုအပ်ပါတယ်။

**၃။ အာရုံစိုက် ရှုမှတ်ရာနေရာ**

တစုံတရာကို အာရုံစိုက် ရှုမှတ်နိုင်ဖို့ဆိုတာ တရားထိုင်ခြင်းရဲ့ အစိတ်အပိုင်း တစ်ရပ်ပါ။ ဥပမာရှင်းပြရရင် တရားထိုင်တဲ့သူဟာ နှာသီးဝမှာ တိုးဝင်–တိုးထွက်နေတဲ့ ဝင်လေ–ထွက်လေကို အာရုံစိုက်ရပါမယ်။

**၄။ စိတ်ရှည်ကာ အကောင်းမြင်မှု**

တရားထိုင်တဲ့အချိန်မှာ ပတ်ဝန်းကျင်အနှောင့်အယှက်သာမက ကိုယ့် အတွေးနဲ့ကိုယ် နှောင့်ယှက်တာလည်း ခံရတတ်ပါတယ်။

အဲဒီအချိန်မှာ စိတ်ရှည်ရှည်ထားပြီး ဖြစ်ခြင်း–ပျက်ခြင်းသဘောကို ရှုမှတ်နိုင်ဖို့ လိုအပ်ပါတယ်။ တရားရိပ်သာတွေမှာတော့ တရားထိုင်သူတွေအတွက် သက်သောင့်သက်သာ တရားမှတ်ကျင့်ကြံနိုင်အောင် စီစဉ်ထားရှိတတ်ပါတယ်။ ဒါကြောင့် ဒီအခြေခံလိုအပ်ချက်တွေအတွက် ပူစရာသိပ်မလိုပါဘူး။

**တရားထိုင်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း အလုပ်လုပ်ပုံ...**

တရားထိုင်တဲ့အခါ ခန္ဓာကိုယ်ထဲမှာ အပြောင်းအလဲတွေ ဖြစ်သွားပါတယ်။ တရားထိုင်ချိန်အတောအတွင်း လူ့ခန္ဓာကိုယ်ထဲက အပြောင်းအလဲတွေ အကြောင်းကို လေ့လာသူတွေက တရားထိုင်ခြင်းဟာ ကျန်းမာရေး ပြဿနာတချို့ကို သက်သာ လျော့ပါးစေကြောင်း ဆိုပါတယ်။ အကြောင်းကတော့ **တရားထိုင်တာဟာ အလိုအလျောက် အလုပ်လုပ်တဲ့အာရုံကြော အဖွဲ့အစည်း** (Autonomic Nervous System) **အပေါ် သက်ရောက်မှု ရှိစေတာကြောင့်**ပါပဲ။ **ဒီအဖွဲ့အစည်းဟာ ခန္ဓာကိုယ်ထဲက အင်္ဂါအစိတ်အပိုင်းတွေနဲ့ ကြွက်သားတွေကို ထိန်းညှိပေးပြီး နှလုံးခုန်ခြင်း၊ ချွေးထွက်ခြင်း၊ အသက်ရှူခြင်းနဲ့ အစာချေဖျက်ခြင်းဆိုင်ရာ လုပ်ငန်းတွေကိုပါ ထိန်းချုပ်ပေးပါတယ်။**

ဒီအဖွဲ့အစည်းမှာ Sympathetic Nereous System နဲ့ Parasympathetic Nervous System ဆိုပြီး အဓိကအစိတ်အပိုင်းနှစ်ရပ် ရှိပါတယ်။

Sympathetic Nereous System ဟာ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ကူညီပါတယ်။ ဥပမာ–လူတစ်ယောက်က စိတ်ဖိစီးမှုခံစားနေရတယ် ဆိုပါတော့၊ **ဒီစနစ်ဟာ** Fight or Fight Response ဖြစ်စေပြီး နှလုံးခုန်နှုန်းနဲ့ အသက်ရှူနှုန်းတွေ မြန်စေတာမျိုး၊ သွေးကြောတွေ ကျဉ်းသွားစေတာမျိုး ဖြစ်စေပါတယ်။ ဒါဟာ ကျန်းမာရေးအတွက် ဆိုးကျိုးတွေပါပဲ။ ဒီလို ဆိုးကျိုးတွေမဖြစ်အောင် တရားထိုင်ခြင်းက ကာကွယ်ပေးနိုင်ပါတယ်။ Parasympathetic Nervous System ကတော့ နှလုံးခုန်နှုန်းနှေးအောင်၊ သွေးကြောကျယ်စေကာ သွေးစီးဆင်းမှုကောင်းအောင်နဲ့ အစာချေဖျက်နိုင်အောင် ဆောင်ရွက်ပေးပါတယ်။ တရားထိုင်တဲ့အခါ ဒီစနစ်ရဲ့ လုပ်ဆောင်မှုကို အားကောင်းစေပါတယ်။ နောက်ထပ်လေ့လာမှုတစ်ရပ်အရ တရားထိုင်တာဟာ ဦးနှောက်ရဲ့ လုပ်ငန်းဆောင်တာတွေကို သိသိသာသာ ပြောင်းလဲစေနိုင်ကြောင်းဆိုပါတယ်။ တရားထိုင်တဲ့အတွက် အာရုံစူးစိုက်အား ပိုကောင်းလာခြင်း၊ နိစ္စဓူဝလုပ်ငန်းဆောင်တာတွေမှာ စွမ်းဆောင်ရည်ပိုကောင်းလာခြင်း၊ စိတ်တည်ငြိမ်ခြင်းနဲ့ ဉာဏ်ရည်ဉာဏ်သွေးပိုမိုထက်မြက်လာခြင်းစတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်ပါတယ်။

## တရားထိုင်ခြင်းကြောင့် သက်သာစေသော ရောဂါဝေဒနာများ

ကျန်းမာရေးကောင်းသူတွေ တရားထိုင်ရင် ခန္ဓာကိုယ်အနားရစေကာ စိတ်ဖိစီးမှုလျော့ပါးစေပြီး တော်ရုံရောဂါဝေဒနာတွေကို မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ ကျန်းမာရေးမကောင်းသူတွေတရားထိုင်ရင်ကော သင့်တော်ပါ့မလား။

ကျန်းမာရေးမကောင်းသူတွေ တရားထိုင်ရင် ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေကိုတော့ လေ့လာမှုများစွာက အောက်ပါအတိုင်း လေ့လာတွေ့ရှိချက်ချထားပါတယ်။ တရားထိုင်ခြင်းကြောင့် သက်သာလျော့ပါးနိုင်တဲ့ရောဂါတွေကတော့ ခါတ်မတည့်မှုဖြစ်ခြင်း၊ စိတ်ပူပန်သောကရောက်ခြင်း၊ ရင်ကျပ်ပန်းနာ၊ ကင်ဆာရောဂါ၊စိတ်ကျရောဂါ၊ ညောင်းညာ နွမ်းနယ်ခြင်း၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ နာကျင်မှုဆိုင်ရာပြဿနာများ၊ အိပ်မပျော်ခြင်း၊ အရက်နှင့်မူးယစ်ဆေးဝါးစွဲလမ်းမှုပြဿနာ စတာတွေပဲဖြစ်ပါတယ်။ ကျန်းမာရေးမကောင်းတဲ့သူတွေ တရားထိုင်မယ်ဆိုရင်တော့ စစချင်းမှာ ဖြည်းဖြည်းထန်ထန် တရားမထိုင်သင့်ပါဘူး။ တရားထိုင်တာကို ဆေးကုသမှု တစ်ရပ်လို အသုံးပြုတာထက် ဆေးကုသမှုနဲ့တွဲပြီး ဖြေးဖြေးနဲ့မှန်မှန် ဆောင်ရွက်သွားသင့်ပါတယ်။

## တရားထိုင်ခြင်းကြောင့် ကျန်းမာရေး မထိခိုက်စေရန်

တရားထိုင်တာက အများအားဖြင့်တော့ ဘေးအန္တရာယ်ကင်းပါတယ်။ တရားရိပ်သာတွေဟာလည်း ယောဂီတွေရဲ့ ကျန်းမာရေးအတွက်ပါ ထည့်တွက်ပြီး ကုသိုလ်ယာပုတ်ညီမျှအောင် စီစဉ်ပေးထားပါတယ်။

တရားရိပ်သာရဲ့ အချိန်ဇယားအတိုင်း တရားထိုင်ချိန်၊ တရားနာချိန်၊ လမ်းလျှောက်ရင်း တရားမှတ်ချိန်၊ ထမင်းစားချိန်၊ ရေချိုးချိန် စတာတွေအတိုင်း လိုက်နာပေးရုံနဲ့ ဒေါင်ဒေါင်မြည်နေမှာပါ။

ဒီနေရာမှာ တစ္ခသောသကြိန်တွင်း တရားစခန်းမှာကြုံတွေ့ခဲ့ရတဲ့ စာရေးသူရဲ့ အတွေ့အကြုံကို ပြောပြခြင်ပါတယ်။ စာရေးသူဟာ တရားစခန်းက ရေချိုးချိန်ပေးတဲ့အခိုက်မှာ ရေမချိုးဖြစ်တဲ့ မွန်းတည့်၁၂နာရီကျော်ပြီး နေပူရှိန်ပြင်းထန်တဲ့အချိန်မှာ ရေချိုးမိလို့ အဖျားကြီးပြီး တရားစခန်းပွဲ မပြီးဆုံးခင်မှာဘဲ အိမ်ပြန်ကာ အနားယူခဲ့ရပါတယ်။ ဒါ့ကြောင့် စာရေးသူလိုအဖြစ်မျိုး မကြုံရလေအောင် တရားရိပ်သာရဲ့အချိန်ဇယား၊စည်းမျဉ်းစည်းကမ်းအတိုင်း ပြည့်ပြည့်ဝဝ တရားအားထုတ်နိုင်ကြစေဖို့နဲ့ တရားထိုင်ခြင်းကြောင့် ခန္ဓာကိုယ်ရဲ့မမြဲတဲ့အနိစ္စသဘောတရားကိုသာမက ကျန်းမာရေးကောင်းမွန်ခြင်းဆိုတဲ့ လာဘ်ကြီးတစ်ပါးကိုပါရရှိနိုင်ကြစေဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ **–နှန်းနိုင်ဦး(ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်)**

*(Good Health 7-4-10)*






ယောက်ကျားရေ..
ကျမတို့ ချစ်သူဘဝကဆိုရင်
ရှင်က လက်ဆောင်တွေတအားပေးတာနော်
လက်ထပ်ပီးတော့ ဘာလို့ အရင်လိုမျိုး
မပေးတော့တာလည်းဟင်



ဖမ်းမိထားတဲ့ ငါးကို
တီကောင်ဆက်ကျွေးတဲ့
တံငါသည် မင်းမြင်ဖူးလို့ လား

Grrrrrrrrrrrrrr



**မြန်မာမိန်းကလေးများအတွက် စေတနာဖြင့် သတိပေးလိုက်ပါတယ်။**
**ရှိင်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ်။**

# မကျွေးချင်ရင် မပြပါနဲ့

မူလတန်းကျောင်း တစ်ကျောင်းတွင်ဖြစ်သည်။ ကျောင်းသူတစ်ဦးနှင့် ကျောင်းသားတစ်ဦးစကားပြောနေသည်ကို ဆရာမက ဘေးမှချောင်းပြီးနားထောင်နေသည်။ "ကောင်းဇော်ရေ .. ဒီမှာကြည့်ပါအုံး။ ငါ့အိမ်က ပေးလိုက်တာ။ ပန်းသီးတစ်လုံး။ အရမ်းစားလို့ကောင်းမှာဟဲ့"

"ငါ့ကိုလည်း တစ်ခြမ်းကျွေးပါလား အိအိရယ်။ ငါလည်း စားချင်လို့ပါ"

"အောင်မာ.. ဘာလို့ကျွေးရမှာလဲ။ ဒီပန်းသီးက အရမ်းစားလို့ကောင်းတာဟဲ့။ နင့်ကိုကျွေးရင် ငါနည်းနည်းပဲ စားရမှာပေါ့။ မကျွေးဘူးဟာ"

"အိအိရာ .. နင် တော်တော် အကျင့်ပုပ်တာပဲ။ မကျွေးချင်ဘဲ ငါ့ကို



ဘာလို့ပြတာလဲ။ အခု ငါကမြင်တော့ အရမ်းစားချင်တာပေါ့။နင်ငါ့ကိုကျွေးဟာ"

"သေလိုက်ပါလား၊ မကျွေးပါဘူး"။ ကောင်းဇော်က သူများနှင့်မတူပါ။ လိုချင်ရင် မရမကယူတတ်သည်။အိအိက ပန်းသီးကိုပြပြီး မကျွေးသဖြင့် လုယူဖို့ စဉ်းစားလိုက်သည်။

"မကျွေးရင် လုတယ်ဟာ"

ပန်းသီးလုပြီးပြေးသွားသည်။ အိအိငိုပြီး သူ့အပြစ်နဲ့သူခံရပြီ။ မကျွေးချင်ရင် မပြရဘူးလေ။ ကြွားချင်ပြချင်တော့ ခံရတာပေါ့။ ဆရာမဆီ သွားတိုင်သည်။ ဆရာမက ဖြစ်ကြောင်းကုန်စင်သိပြီးသား။ ကောင်းဇော်ကို ထိုင်ထအခါငါးဆယ်လုပ်ခိုင်းပြီး အပြစ်ပေးလိုက်သည်။ ထို့နောက် အတန်းထဲမှ ကျောင်းသားကျောင်းသူများကို ဆုံးမစကားပြောလေသည်။

**"ကလေးတို့ရေ ... အခု ကောင်းဇော်နဲ့ဆီဆီတို့ပြောတာတွေ ဆရာမ အကုန်ကြားတယ်။ ဆီဆီက ပန်းသီးကို ကောင်းဇော်မြင်အောင် ပြတယ်။ စားချင်လာအောင် အရသာရှိကြောင်း ပြောတယ်။ အရမ်းစားချင်လာတော့ သူမကျွေးဘူး။ အဲဒီတော့ ကောင်းဇော်က စိတ်မထိန်းနိုင်ဘဲ လုစားလိုက်တယ်။ တကယ်ဆိုရင် ဆီဆီမှာလည်း အပြစ်မကင်းပါဘူး။ သူ့အပြစ်နဲ့ သူခံရတာ။ ဒီလိုပဲ ရင်သားတွေ၊ ပေါင်တွေပြတဲ့ အဝတ်အစားတွေ ဝတ်ကြတယ်။ ခုနက ပန်းသီးလိုပေါ့။ မကျွေးချင်ပဲ သူတစ်ပါးမြင်အောင် ပြတာဟာ အန္တရာယ်ကို ဖိတ်ခေါ်သလိုပဲ။ မိန်းကလေးတွေက ဒီလိုအတွင်းသားတွေပြတော့ စိတ်ရိုင်းရှိတဲ့ ယောကျ်ားတွေက ဖြစ်ချင်ရာဖြစ်ဆိုပြီး လုစားတတ်တယ်။ သမီးတို့လည်း နောင်တချိန် အရွယ်ရောက်လာရင် လုံလုံခြုံခြုံ ဝတ်ကြပါလို့ ဆရာမ မှာချင်တယ်"**

"ဟုတ်ကဲ့ပါ ဆရာမ။ သမီးတို့ လုံလုံ ခြုံခြုံ ဝတ်ပါ့မယ်"။

*မကျွေးချင်ဘဲ မပြပါနဲ့၊ လုစား ခံရတတ်တယ်။*

နားလည်သဘောပေါက်ပါစေ။

*Credit to;* **မြည်မြီး** *facebook* မှ။

## လူမျိုးရေးပြဿနာ

အမေရိကန်လေဆိပ်တစ်ခုမှာ "အာရပ်"လူမျိုးနှစ်ယောက်တက်လာသည်။ တစ်ဦးက ပြတင်းပေါက်အနီးတွင်၊ တစ်ဦးက လူသွားလမ်းအနီးတွင် ထိုင်ကြပြီး အလယ်တွင် တစ်ခုံလွတ်နေသည်။

မကြာမီ **"ဂျူး"လူမျိုး**တစ်ဦးတက်လာပြီး အလယ်တွင် ဝင်ထိုင်လေသည်။ လေယာဉ်စထွက်ပြီး မကြာမီ ဂျူးလူမျိုးမှ သက်သောင့်သက်သာဖြစ်စေရန် ဖိနပ်များကိုချွတ်ပြီးနောက် အချိုရည်သွားယူမည်ဖြစ်သဖြင့် 'အာရပ်များပါ သောက်မည်လား'ဟု မေးလေသည်။

**အာရပ်နှစ်ဦး**မှာသဘောတူသဖြင့် သွားယူလေသည်။ ထိုစဉ် အာရပ်နှစ်ဦးမှာ ဂျူးချွတ်ထားသော ဖိနပ်တစ်ဖက်စီတွင် တံတွေးများကိုယ်စီထွေးထားကြသည်။ ဂျူးပြန်လာပြီး အချိုရည်သောက်ကြသည်။ ခဏအကြာတွင် လေယာဉ်ဆိုက်ကပ်ပြီး ဂျူးလူမျိုးမှ ဖိနပ်စီးရာ တံတွေးများထွေးထားသည်ကိုသိသွားပြီး "ကျုပ်တို့ လူမျိုးရေးပြဿနာကတော့ ဘယ်တော့မှ ပြေလည်မှာလဲဗျာ။ ဖိနပ်ထဲ တံတွေးထွေးရတာနဲ့၊ အချိုရည်ထဲ အပေါ့သွားတာနဲ့တော့" **–နှင်းဆွေနှင်း** *facebook* မှ။

# ဗုဒ္ဓဘာသာဝင်တိုင်းသိထားသင့်သည့် မွတ်ဆလင်တို့၏ ဂျီဟတ်စစ်ပွဲ

ဂျီဟတ်စစ်ပွဲဆိုသည်မှာ မွတ်ဆလင်တို့၏ လုပ်ကိုလုပ်ရမည့် ဘာသာရေး တာဝန်အမှတ်စဉ်(၆) ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂျီဟတ်စစ်ပွဲဆင်နွှဲရန် မွတ်ဆလင်တို့၏ ကြိုတင်ပြင်ဆင်မှုများမှာ တစ်နှစ်ထက်တစ်နှစ် အားကောင်းလာပါသည်။ အင်ဒိုနီးရှားနိုင်ငံမှ မွတ်ဆလင်များက ၂၀၁၃ ခုနှစ်၊မေ (၂၄) ရက်နေ့တွင် မြန်မာပြည်မှဗုဒ္ဓဘာသာဝင်အပေါင်းကို ဂျီဟတ်စစ်ပွဲပြုလုပ်ရန် ဆန္ဒပြနေခြင်းအပေါ် သင်မည်မျှစိုးရိမ်မိသနည်း ... ?

ဂျီဟတ်စစ်ပွဲ၏ရည်ရွယ်ချက်နှင့်အကျိုးဆက်များကို မြန်မာဗုဒ္ဓဘာသာဝင်တို့ ဗဟုသုတနည်းနေသည်ဟု ထင်မိပါသည်။ ကမ္ဘာ့သမိုင်းတွင် မွတ်ဆလင်တို့က ဗုဒ္ဓဘာသာဝင်တို့၏ သာသနိကအဆောက်အဦးများ၊ သံဃာတော်များ၊ ပိဋကတ်တော်များနှင့်ကျမ်းဂန်များ၊ ဗုဒ္ဓဘာသာကို အသက်နှင့်ထပ်တူမြတ်နိုးကြသူများကို ဂျီဟတ်စစ်ပွဲပေါင်းများစွာဖြင့် ရက်စက်စွာနှိပ်ကွပ်ခဲ့ပြီး ပြီဖြစ်ပါသည်။

(ဥပမာ-အာဖဂန်နစ္စတန်ရှိ ကမ္ဘာ့အကြီးဆုံးဗုဒ္ဓရုပ်ပွားတော်ကို မိုင်းခွဲဖျက်ဆီးခြင်း။)

တိုင်းပြည်တစ်ခုတွင် ဂျီဟတ်စစ်ပွဲ မဆင်နွှဲမီ မွတ်ဆလင်တို့၏ ကြိုတင်ပြင်ဆင်မှုများမှာ -

၁။ မြန်မာနိုင်ငံအတွင်းရှိ မွတ်ဆလင်အင်အား အဆမတန်တိုးပွားစေခြင်း (မိန်းမအကြိမ်ကြိမ်ယူ၍ မျိုးပွားနှုန်းမြှင့်ခြင်း၊ မြန်မာတိုင်းရင်းသူများကို သိမ်းပိုက်၍ ဇာတ်သွင်းခြင်း)။ ဤအချက်သည် အန္တရာယ်အကြီးဆုံးဖြစ်သည်။

၂။ မွတ်ဆလင်အချင်းချင်း စီးပွားရေးမြှင့်တင်ထောက်ပံ့၍ မြန်မာပြည်အရပ်ရပ် မြို့ရွာများတွင် ဗလီများကို ဦးအောင် တည်ဆောက်ခြင်း။

၃။ မူကြိုအရွယ် မွတ်ဆလင်ကလေးများမှစ၍ မွတ်ဆလင်လူငယ်များကို ကျောင်းအားရက်များတွင် ဗုဒ္ဓဘာသာနှင့်ရဟန်းတော်များမုန်းတီးရေးတရားများသင်ကြားပေးခြင်း။

၄။ အုပ်ချုပ်သူ လူတန်းစားတွင် မွတ်ဆလင်များနေရာဝင်ယူစေခြင်း။

၅။ ကိုရာန်နီအစ်ခေါ် နွားသတ်ပွဲကိုအကြောင်းပြု၍ မွတ်ဆလင်အမျိုးသားတိုင်း ဓါး၊လှံ၊လက်နက်ကိုင်ဆောင်ထားခြင်း။ ယခုအခါ ဗုဒ္ဓဘာသာနှင့် သာသနာတော်ကြီးအတွက် ဆရာတော်အချို့မှ ၉၆၉ (ခေါ်) အမျိုးသားရေးတရား

လှုပ်ရှားမှုများဖြင့် ပင်ပန်းစွာ ကာကွယ်ရေးတရားများ လိုက်လံဟောပြောပေးနေပါသော်လည်း ဗုဒ္ဓဘာသာဝင်အများစုမှာ မျက်ကန်းတစ္ဆေမကြောက်သလို၊ ခေတ်မှီအတွေးအခေါ်ဝါဒီများလိုလိုဖြင့် ဖာသိဖာသာနေနေကြပါသည်။

ခြင်္သေ့သည် သူ့ကိုထိသောမျှားတံကို ရန်မမူဘဲ မျှားပစ်သူကိုသာ ဦးစွာရှာဖွေ၏။ မြန်မာနိုင်ငံတွင် ဂျိဟာတ်စစ်ပွဲဖြစ်ခါမှ ဗုဒ္ဓဘာသာဝင်တို့ ဓါးနှင့်မီးဒုတ်ဆွဲပြီးထွက်ပါက အချိန်နှောင်းပေလိမ့်မည်။ အကြမ်းမဖက်သောလမ်းစဉ်ကို ဦးစွာကျင့်သုံးသင့်ပေသည်။

ထို့ကြောင့် ရဟန်းတော်အပေါင်းက ဒါယကာ၊ ဒါယိကာမများအတွက်၊ ဗုဒ္ဓဘာသာဝင် မိဘများက မိမိတို့ရင်သွေးများအတွက်၊ ဗုဒ္ဓဘာသာဝင်ဆရာ/ဆရာမများက မိမိတို့တပည့်များအတွက် ဂျိဟာတ်စစ်ပွဲအကြောင်းနှင့်မွတ်ဆလင်တို့၏ အကြံအစည်များကို မိမိတို့ကိုယ်တိုင်ကောင်းစွာသိရှိအောင်လေ့လာပြီးမွတ်ဆလင်များနှင့်ကင်းကင်းရှင်းရှင်းနေထိုင်ကြရန် ဟောပြောသွန်သင်ဆုံးမပေးသင့်ပါသည်။

**ကမ္ဘာပေါ်တွင်ဖြစ်ခဲ့ပြီးသော ဂျိဟာတ်စစ်ပွဲအချို့ကိုဖော်ပြရသော်-**

(၁) ၁၈၆၀ ခုနှစ်တွင် လက်ဘနွန်နိုင်ငံရှိ မွတ်ဆလင်များက မြေထဲပင်လယ်ရှိ ခရစ်ယာန်ထောင်ပေါင်းများစွာကို ဗလီပေါ်မှဂျိဟာတ်ဟုအချက်ပေးသည်နှင့် တပြိုင်နက်တည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည်။
(တိုင်းမဂ္ဂဇင်း-၃-၁၀-၈၃၊နှာ-၁၃)

(၂) အီရန်နိုင်ငံတွင် ရှားဘုရင်လက်ထက်က ဘာသာဂိုဏ်းကွဲခိုမေနီများကို သုတ်သင်သတ်ဖြတ်ခဲ့သည်။ (တိုင်းမဂ္ဂဇင်း-၂၀-၂-၈၄၊နှာ-၄)

(၃) ၁၉၅၁ ခုနှစ်တွင် ဂရိနိုင်ငံရှိ မွတ်ဆလင်များက အာမေနီယာန် ခရစ်ယာန် (တစ်သန်း) ကျော်ကို ဂျိဟာတ်စစ်ပွဲဖြင့် သုတ်သင်ခဲ့သည်။
(တိုင်း မဂ္ဂဇင်း- ၃-၅-၈၂၊ နှာ-၄)

(၄) အာဖဂန်တွင် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားသူများကို မွတ်ဆလင်အစိုးရက သေဒဏ်ပေးခဲ့သည်။ (တိုင်းမဂ္ဂဇင်း-၃.၅.၈၂၊ နှာ.၅၇)

(၅) ၁၉၆၅ ခုနှစ်တွင်အင်ဒိုနီးရှားသမ္မတဆူဟာတိုလက်ထက်၌နိုင်ငံလူဦးရေ၏ (၄၀%)သည် မွတ်ဆလင်ဘာသာဝင်ဖြစ်လာသောအခါ မွတ်ဆလင်များအား မော်လီဆရာတစ်ဦးက ဂျိဟာတ်ဟု အချက်ပေးလိုက်သည်နှင့် ပတ်ဝန်းကျင်ရှိ မွတ်ဆလင်ဘာသာဝင်မဟုတ်သူအားလုံးကို ဆွေမျိုးမိတ်ဆွေမခွဲခြားပဲ လူပေါင်း ၆ သိန်းနှင့် ၁၀သိန်းကြားအထိ သတ်ဖြတ်ခဲ့ကြသည်။

(၆) ၁၅ ရာစု အီတလီနိုင်ငံတွင် ဂျိဟတ်စစ်ပွဲအောင်နိုင်သူတို့က မွတ်ဆလင်ဘာသာသို့မပြောင်းကြသူများကို ခေါင်း ဖြတ်သတ်ခဲ့ကြသည်။

(၇) ၂၀၁၃ ခုနှစ်၊ မေလဆန်းတွင် နိုင်ဂျီးရီးယားနိုင်ငံမြို့နယ်တစ်ခုတွင် ဘုရားဝတ်ပြုနေမှုဝေးသီဆိုနေကြသော ခရစ်ယာန်ဘာသာဝင်များစွာကို မွတ်ဆလင်တို့က ဘုရားကျောင်းတွင်း ဝင်ရောက်သတ်ဖြတ်ခဲ့ကြသည်။

ကျွန်တော်တို့အနေနှင့် ၉၆၉(ခေါ်) အမျိုးသာရေးတရားလှုပ်ရှားမှုများကို ထောက်ခံခြင်းသည်မည်သူ့ကိုမျှ ရန်မူရန်မဟုတ်၊ မိမိတို့သာသနာနှင့် ဘာသာဝင်များကို ကာကွယ်ရန်ကြိုတင်ပြင်ဆင်မှုသာဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းနှင့်ရွှေတိဂုံအစရှိသောသာသနိက အဆောက်အဦးများ၊ စာပေကျမ်းဂန်များ၊ သံဃာတော်များတို့၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်သင့်တွင်လည်း တာဝန်ရှိပါသည်။

–မနုသီဟ *facebook* မှ။

မှတ်ချက်။ ။ ဤအမှန်စကားများကို အမုန်းစကားဟု နာမည်မတပ်ကြပါရန်။

**သီး ရေ ခြုံ သော ဝံပုလွေ**

**(ပုံပြင်ကဗျာ)**

ဉာဏ်များလှတဲ့ ဝံပုလွေ၊ သိုးအုပ်အတွင်း ဝင်ကာနေ။

သိုးရေခြုံကာ သိုးအလား၊ ဟန်ဆောင်ပြီးတော့ သိုးဖမ်းစား။

သိုးကျောင်းသားက အစမှာ၊ သတိမမူမိခဲ့ပါ။

ရေတွက်ကာ ကြည့်လေမှ၊ သိုးကောင်နည်းကြောင်း သိလာရ၊

သိခဏမှာ ကြည့်ဆင်ခြင်၊ ထူးဆန်းလှသည့် သိုးကိုမြင်။

နေရာတွင် ခြေစုံရပ်၊ လူအလစ်မှာ သိုးကိုဟပ်။

ကြော့ကွင်းထောင်၍ ဖမ်းပြီးလျှင်၊ ဝံပုလွေကို ချိတ်သစ်ပင်။

အသိဝင် မှတ်ချက်ချ၊ မိတ်ဆွေဟန်ဆောင် သိုးမျိုးက၊

ရန်သူစစ်ထက် ဆိုးလွန်းလှ။

(စတုတ္ထတန်း မြန်မာစာကို မှီးပါသည်)

–ခင်ကျော်ထင်လှိုင်(လှိုင်ကော်)၊

၂၀၁၄ ဖေဖော်ဝါရီလထုတ် ရတနာပန်းခင်းမဂ္ဂဇင်း စာ ၅၆ မှ။

ဥစ္စာဟူသည် မျက်လှည့်မျိုး
ပညာဟူသည် မြတ်ရွှေအိုး



–ဓမ္မပဒ

## ဗြိတိန်ပေါင် (၉.၇)သန်းထီပေါက်သော်လည်း အမှိုက်ကောက်သမားဘဝ ပြန်ရောက်သူ

သက္ကရာဇ် ၂၀၀၂ ခုနှစ်တုန်းကပါ။ ဗြိတိန်နိုင်ငံက Michael Carroll လို့ အမည်ရတဲ့ အမှိုက်ကောက်သမားတစ်ဦးဟာ ဗြိတိန်ပေါင် ၉.၇သန်းတန် ထီဆုကြီး ပေါက်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့တွက်ရင် ၁၄.၃ သန်းဖြစ်ပါတယ်။

သို့ပေမယ့် ၂၀၁၀ ခုနှစ်မှာ အမှိုက်ကောက်သမားဘဝ ပြန်ရောက်သွားပါတယ်။ ဖြစ်ပုံက ဒီလိုပါ။

ထီပေါက်ပြီး ရတဲ့ငွေတွေနဲ့ ၈ နှစ်ပတ်လုံး ဘာအလုပ်မှ မလုပ်ပါဘူး။ တစ်ပတ်ကို ပျှမ်းမျှအားဖြင့် ကန်ဒေါ်လာ ၁–သိန်းခွဲနီးပါး သုံးစွဲပါတယ်။ ဈေးအကြီးဆုံးကားများ ဝယ်စီးပါတယ်။ အိမ်ကောင်းမှာ နေပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပါတယ်။ မိန်းမအပျော်အပါး လိုက်စားပါတယ်။ နောက်တော့ အကြွေးတွေတင်ပြီး တစ်ခုပြီးတစ်ခုပြန်လည်ရောင်းချလိုက်ရာမှာ ၂၀၁၀ ခုနှစ်ရောက်တော့ အမှိုက်ကောက်သမားအလုပ်ကို ပြန်လုပ်ဖို့ အလုပ်သမားဝန်ကြီးဌာနကို မှတ်ပုံတင်ပြန်လျှောက်ပါတယ်။ အခုတော့ အမှိုက်ကောက်သမားဘဝနဲ့ပဲ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်လျက်ရှိပါတယ်။

**မြည်မာရာက သူဌေးသားဖုံဖြင်တစ်ပုဒ်လိုပဲ အပြင်မှာ ဟကယ်ဖြစ်ခဲ့တာလေးဖြစ်ပါတယ်။**

*Ref;dailymail,*

ကံအားနည်းသော် ဝီရိယစိုက်ထုတ်
ဉာဏ်အားနည်းသော် သတိမလွှတ်စေနဲ့

## အစ္စလာမ်ဘာသာဝင်ဟောင်း အာရပ်–အမေရိကန်ကပြော

## စိတ်ရောဂါကုပညာရှင် ဝါဖာဆူလ်တန်၏

## အယ်ဟာယက်တီဗီရုပ်သံလိုင်း(ဆိုက်ပရပ်)မှထုတ်လွှင့်ပြောကြားချက်

ကျွန်မက ကုရ်အာန်ကျမ်းနှင့် အခြားဘာသာရေးစာအုပ်တွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါ အဲဒါဟာ လူသားတွေအတွက်ဘယ်လိုမှမဖြစ်နိုင်တဲ့၊ မဖြစ်သင့်တဲ့ဟာတွေပဲလို့ ထင်ပါတယ်။ တမန်တော် မိုဟာမွဒ်ရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ကြည့်လျှင် သာမာန်လူတွေ(စိတ်ပုံမှန်ရှိသူ၊ စိတ်ရောဂါ..မရှိသူ၊ စိတ်ကျန်းမာရေးကောင်းနေသူတွေ) အတွက် ဘယ်လိုမှ တွေးကြည့်လို့မရတဲ့ လုပ်ရပ်တွေကို လုပ်ခဲ့သူဆိုတာကို မြင်နိုင်ပါတယ်။ ဥပမာ.... မိုဟာမွဒ်က 'Asmaa bint Marwam' (အစ္စမားဘင့်မားဝမ်)ဆိုတဲ့ အမျိုးသမီးကိုသတ်ဖြတ်ခဲ့ပုံကို ကိုယ်ခန္ဓာကိုတစစီဖြစ်အောင်ခွဲဖြဲကြတယ်။ လူကိုအမဲဖျက်သလို ဖျက်လို့အပြီးမှာ "Allah Akabaar (အလ္လာအရှင်တော်မြတ်သာလျှင် အကြီးကျယ်ဆုံး) ကြွေးကြော်ကြသတဲ့။ စိတ်သဘောထားလေးမတိုက်ဆိုင်တာ ရှိတာလေးတစ်ခုတည်းနှင့် အဲဒီလို ရက်ရက်စက်စက် သတ်ကြသတဲ့။ အဲ့လိုသတ်တာကိုလည်း ဘာမဟုတ်တဲ့ မေ့မေ့ ပျောက်ပျောက်ကိစ္စ၊ အသေးအဖွဲ့ကိစ္စလေးလို သဘောထားနိုင်ကြသတဲ့။ အဲဒါပဲ တမန်တော်မိုဟာမွဒ်ဆိုတာ။

မိုဟာမွဒ်ရဲ့ အဲ့ဒီလုပ်ရပ်တွေကို ကျမ်းစာထဲမှာ ဖတ်လိုက်ရပြီးတဲ့အခါမှာ ကျွန်မတစ်ခါက မူဆလင်တစ်ယောက်ဖြစ်ခဲ့ဖူးတာကို အလွန်ပဲနောင်တရခံနေ့ည်းမိပါတယ်။ အယ်ဂျားဇီးရားရုပ်သံက အကြမ်းဖက်ဝါဒသမား ကျပ်မပြည့်တဲ့ မော်လဝီ ဆရာ Al-Qaradhiwi ရဲ့ အကြမ်းဖက်ဝါဒလမ်းညွှန်ချက်တွေနှင့် သူရဲ့ ကျွန်မအပေါ် အရှုံးပေးနည်း တိုက်ခိုက်မှုတွေကိုကြည့်ကြည့်လိုက်။ နို့နံ့တောင် မစင်သေးတဲ့ မူဆလင်ကလေးလေးတွေကို မြှောက်ပေးနေတာကို တွေ့ကြရမှာပါ။ အဲဒီကလေးလေးတွေကို ဦးနှောက်မှဲ့မျက်ကန်းယုံကြည်တတ်အောင်နှင့် အကြမ်းဖက်ဝါဒကို ခေါင်းထဲစွဲမြဲသွားအောင် သံမှိုနှင့်ရိုက်သွင်းနေတာပါ။

ကျွန်မဒီလိုပြောရတာဟာ အစ္စလာမ်က "မိန်းမတွေဟာ ချို့တဲ့အားနည်းသူတွေ"လို့ ဆိုထားလို့ ဒါကိုစွပ်စွဲချေပတာပါ။အစ္စလာမ်က မယုံကြည်သူမှန်သမျှကို သတ်ပစ်ရမယ်... လို့ညွှန်ကြားတယ်။ ကျွန်မက ဒါကို လက်မခံဘူး။ ဒါကြောင့် ခုလိုချေပရပါတယ်။ ကျွန်မက အစ္စလာမ်ဘာသာကိုတိုက်ခိုက်တာမဟုတ်ပါဘူး။

အမှန်တရားအတွက် ဝေဖန်ဆန်းစစ်တာ သက်သက်ပါပဲ။ ဆိုတော့တစ်ခုက ကျွန်မတို့ဟာ အစ္စလာမ်ဝါဒကြီးထွားရေးအတွက် အနှောင့်အယှက်၊ အတားအဆီးလို့ သဘောထားခံရတာပါပဲ။ တကယ်ကတော့ ဝေဖန်ဆန်းစစ်မှုကို တိုက်ခိုက်မှုလို့ ပြောနေကြတာပါ။ **ကျွန်မက အစ္စလာမ်ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပါယ်ကို အဓိကထား လေ့လာနေတာပါ။ အဲ့ဒီစကားလုံးက အနုတ်လက္ခဏာဆောင်နေတဲ့ စကားလုံးပါ။ အကြမ်းဖက်သော၊ ဒေါသအမုန်းတရားတွေနှင့်ပြည့်နက်သော၊ ကိုယ့်အချင်းချင်းလည်း ရက်စက်ယုတ်မာ ကာမပြုကျင့်သောဆိုတဲ့ အရာအားလုံးကို ကိုယ်စားပြုတဲ့ စကားလုံးပါ။**

စိတ်ပညာအရ လူတစ်ယောက်ရဲ့ဘဝမှာ အနုတ်လက္ခဏာဆောင်တဲ့ စိတ်ယုတ်တွေနှင့် ဖုံးလွှမ်းနေခဲ့လျှင် သူဟာ အဖျက်သမားစိတ်ဓာတ်ရှိသော၊ မဆင်မခြင်နှင့် စိတ်ဂဏာမငြိမ်ဖြစ်တတ်တဲ့သဘော၊ အရာရာကို ဘာကောင်းကျိုးမှ မဖြစ်စေဘဲ အဆိုးကိုသာ ဦးတည်လုပ်တတ်သော လူတစ်ယောက်အဖြစ် ပေါ်လွင်လာပါမယ်။ အကယ်၍များ သူဟာ အပေါင်းလက္ခဏာဆောင်တဲ့ စိတ်ကောင်းရှိခဲ့လျှင် အပြုသဘောဆောင်သော၊ ကောင်းကျိုးပြုသော အလုပ်တွေလုပ်တတ်သော၊ ကောင်းကျိုးပြုသော ပျော်ရွှင်တဲ့စကားတွေပြောတတ်သောသူအဖြစ် ပေါ်လွင်လာပါမယ်။ အစ္စလာမ်ဟာ အနုတ်လက္ခဏာတွေကို ထုတ်လုပ်ဖြန့်ဖြူးနေခဲ့ပါတယ်။ အစ္စလာမ်လူ့အဖွဲ့အစည်းတွေကို လေ့လာကြည့်လျှင် အဲ့ဒီအနုတ်လက္ခဏာဆောင်တဲ့ လူတွေရဲ့လုပ်ရပ်တွေကို ပေါ်လွင်ထင်ရှားစွာ တွေ့နိုင်ပါတယ်။

**ကျွန်မအနေနှင့် ဘာသာရေးရှုထောင့်အမြင်က ဆန်းစစ်ကြည့်လျှင် အစ္စလာမ်ဘာသာကို ဘာသာလို့တောင် မယူဆပါဘူး။ နိုင်ငံရေးဝါဒ တစ်ခုမျှသာဖြစ်ပြီး လူတွေကို အဓမ္မထိန်းချုပ်ထားတာဖြစ်ပါတယ်။ ဘယ်ဝါဒပဲဖြစ်ဖြစ် "မိမိဝါဒကို မယုံကြည်သူကို သတ်ဖြတ်ပစ်ရမယ်လို့ ပြောတာဟာ ဘာသာတရားမဟုတ်ပါ"ဘူး။ အဲဒါဟာ အကြွင်းမဲ့အာဏာရှင် စနစ်တို့ရဲ့ လုပ်ရပ်သာဖြစ်ပါတယ်။**

ကုရ်အာန်ကျမ်းထဲက တစ်ပိုဒ်မှာ အိမ်ထောင်ရေးဖောက်ပြန်သူ ယောကျ်ားရော၊ မိန်းမကိုပါ ကြိမ်ဒဏ်အချက် ၁၀၀စီ ရိုက်ရမယ်။ သနားညှာတာဖို့ မလိုဘူးလို့ ပြောထားပါတယ်။ လက်စားချေတဲ့ပုံစံနှင့် အပြစ်ပေးတာဟာ ဘာသာတရားဟုတ်ပါရဲ့လား။ **ယုံကြည်ကိုးကွယ်မှုဆိုတာ ခွင့်လွှတ်မှု၊ ညှာတာမှု၊ ကိုယ်ချင်းစာမှုတွေပဲ ရှိရပါမယ်။** အစ္စလာမ်နှင့် နှိုင်းစာလျှင် ခရစ်ယာန်က ငြိမ်းချမ်းရေးလမ်းစဉ် ပိုကျတယ်လို့ မြင်ပါတယ်။ ယေရှုက ဓားမကိုင်ပါဘူး။ ခေါင်းလည်း

မဖြတ်ပါဘူး။ အယူမတူသူကိုလည်း စွပ်စွဲပြစ်တင်မှု မလုပ်ပါဘူး။ ပြဿနာကတော့ အစွဲလာမ်ဘာသာ သာလျှင်ပါ။

မိုဟမ္မဒ်စကားကို ယုံစားမိလျှင်တော့ လူ့လောကကြီးဟာ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်လို ဖြစ်လာပြီး နောက်ဆုံးမှာ အိုစမာဘင်လာဒင်လိုပဲ အစွန်းရောက်လာမှာပါ။ **တမန်တော်မိုဟာမက်ရဲ့ဘဝကိုဖတ်ကြည့်လျှင် ခင်ဗျား ဘာတွေတွေ့ရမလဲ၊ လုယက်တိုက်ခိုက်မှုတွေ့ရယ်၊ သူ့မိန်းမတွေအများကြီး ယူတဲ့အကြောင်းရယ်ပဲ တွေ့ရပါမယ်။ တရို့အချက်တွေဆိုလျှင် ခင်ဗျား ဗျား သွားမယ်။ "မိန်းမတွေရဲ့ နိဗ္ဗာန်ဟာ သူ့မယောက်ျားရဲ့ ခြေဖဝါးအောက်မှာရှိပါတယ်"လို့ မိုဟမ္မဒ်က ပြောခဲ့တယ်လေ။** မူဆလင်တစ်ယောက်ရဲ့ ဘဝဟာ ဘယ်လောက်တောင် ကြောက်ဖို့ကောင်းပါသလဲ။ မုစ်လင်မ်တွေရဲ့ ဘဝကို ပြောင်းလဲပစ်မယ်ဆိုလျှင် သူတို့ရဲ့ ဦးနှောက်(အသိဉာဏ်)ကို ဖွင့်ပေးရမှာပါ။ **ဘဝကိုခြိမ်းခြောက်နေတဲ့ ကင်ဆာဆဲလ်တွေကို ဦးနှောက်ကနေ ခွဲစိပ်ပြီး ထုတ်ပစ်ရပါမယ်။** <u>**အစ္စလာမ်ဟာ ကင်ဆာဆဲလ်တွေဖြစ်ပါတယ်**</u>။

*-facebook* ၄။

# ပညာပေးသော ကမ္ဘာကျော်စကားလုံးများ

## သိသင့်သောယဉ်ကျေးမှုအချက်(၃၂)ချက်



၁။ မိမိနှင့်သင့်လျော်သောနေရာတွင် နေရာ၏။
၂။ လူကြီးများ၊ ဧည့်သည် များထံသို့ မခေါ်ဘဲမသွားရာ။
၃။ ရွှင်ပျသောမျက်နှာထား အမူအရာရှိရာ၏။
၄။ ကျယ်လောင်စွာ စကားမပြောရ။ ဆူညံခြင်းမရှိစေရ။
၅။ လူငယ်အချင်းချင်း သင့်တင့်စွာနေရာ၏။
၆။ လူကြီးများ၏အလုပ်ကို တတ်နိုင်သမျှ ကူညီရာ၏။
၇။ အိပ်ယာကို သန့်ရှင်းစေရာ၏။ မကြာမကြာ နေလှန်းရာ၏။
၈။ အိပ်ခန်းမှ မထွက်မီ နေရာတကျ ရှိမရှိ ကြည့်ရှုစီစဉ်ရာ၏။
၉။ သူများ မနိုးမီ သင်နိုးလျှင်၊ အသံကျယ်လောင်စွာ မပြုနှင့်၊ အိပ်နေသောသူများ မနိုးအောင် သတိပြုရာ၏။
၁၀။ ခေါင်းအုံးသည် မမြင့်လွန်းစေရာ၊ မြင့်လွန်းက အသက်ရှုမမှန်ဖြစ်တတ်သည်။
၁၁။ တစ်စုံတစ်ရာကို လူကြီးများကပေးလျှင် လက်နှစ်ဘက်ဖြင့် ခံယူရာ၏။

မိမိကပေးလျှင်လည်း လက်နှစ်ဘက်ဖြင့် ပေးရာ၏။

၁၂။ တံခါးရှိသော ခြံဝင်းအတွင်းသို့ဖြစ်စေ၊ အခန်းတွင်းသို့ ဖြစ်စေ၊ ဝင်သည့် ထွက်သည့်အခါတိုင်း တံခါးကို ပိတ်ရာ၏။ ဤသို့ ပိတ်သည့်အခါ အသံ မမြည်အောင် ဖြည်းညင်းစွာ ပိတ်ရာ၏။

၁၃။ အိမ်ကိုဝင်သောအခါ ဖိနပ်တွင်ပါသော ဖုန်၊ အညစ်အကြေးတို့ကို သင့် လျော်ရာတွင် သုတ်ခါ၍ပစ်ခဲ့ပါ။ ဖိနပ်ကို ချွတ်သင့်သောနေရာတွင် ချွတ်၍ထားရာ၏။

၁၄။ မိမိအိမ်သို့ရောက်လျှင် စိုသောဖိနပ်၊ ခြေအိတ်စသည်တို့ကို ချက်ချင်း ချွတ်၍ ထားရာ၏။ သို့မဟုတ် လဲလှယ်ရာ၏။

၁၅။ အစားစားသောအခါ အချိန်မှန်စွာစားရာ၏။ ဖြည်းဖြည်းစား၍ ညက်ညက် ဝါးရာ၏။

၁၆။ အလျှင်စလို မစားရာ။

၁၇။ ထမင်းလုပ်မကြီးစေရ၊ ထမင်းလုတ်နှင့်စကားမပြောရ။

၁၈။ ထမင်းလုတ်အနီးသို့မရောက်မီ ပါးစပ်ကိုဟ၍ မထားပါနှင့်။ ပျတ်ပျတ် မြည်အောင် မစားပါနှင့်။

၁၉။ ဟင်းရည်သောက်လျှင် မမြည်စေရ။ ဇွန်းနှင့်သွားကို မထိစေရ။

၂၀။ ဟင်းခတ်သောအခါ ဇွန်းကို ဘယ်ဘက်လက်ဖြင့်ကိုင်ခြင်းသည် နည်း ကောင်းဖြစ်၏။

၂၁။ ထမင်းနှင့်ဟင်းကို လူမြင် ၏မကောင်းအောင် ရော၍ မနယ်နှင့်။

၂၂။ လက်ကို ဟင်းရည်မပေစေရ၊ ထမင်းလုံးမကပ်စေရ၊ ဟင်းခွက်ကို လက်နှင့် မနှိုက်နှင့်။

၂၃။ ထမင်းစားပြီးလျှင် သွားမစုပ်နှင့်၊ ရွံရှာဖွယ်ဖြစ်၏။ သွားကြားထိုးစရာရှိလျှင် သူတစ်ပါး မမြင်ရာသို့သွားပါလေ။

၂၄။ ထမင်းစားပွဲပေါ်တွင် လက်မတင်ရ။

၂၅။ တည့်တည့်ထိုင်၍ စားရာ၏။

၂၆။ တစ်စုံတစ်ရာကို အလိုရှိလျှင် အနီးဆုံးလူကို တိုးတိုးတောင်းရာ၏။

၂၇။ သူတစ်ပါးထမင်းစားနေစဉ် တံတွေးထွေးခြင်း၊ ချွဲသလိပ်ဟပ်ခြင်းတို့ မပြုအပ်။

၂၈။ ထမင်းစားပွဲပေါ်ရှိ အရာများကို ဟိုရွှေ့သည်ရွှေ့ မလုပ်ရ(ကွာခြေမရသော အပြုအမူဖြစ်သည်။)

၂၉။ လူကြီးမိဘများ ဧည့်သည်များသည် ဘာကို အလိုရှိသနည်းဟု သတိနှင့်

ကြည့်ရာ၏။ သိလျှင် အသံမကြားစေဘဲ ဖြည်းညင်းစွာ ပြုလုပ်ပေးရာ၏။

၃၀။ လက်ဖက်ရည် ကော်ဖီသောက်သောအခါ အောက်ခံပန်းကန်ပြားထဲတွင် ထည့်၍ သောက်ခြင်းသည် မယဉ်ကျေးဟုယူဆကြ၏။ ၎င်းပန်းကန်ပြားသည် ဖိတ်၍ မကျနိုင်ရန်၊ မပေရန် အောက်ကခံသောအရာဖြစ်၏။

၃၁။ ဖွဲ့၍စားနိုင်သောအရာကို ဖွဲ့၍စားပါ။ ကိုက်၍မစားပါနှင့်။

၃၂။ ထမင်းစားစဉ် စကားများများမပြောရ။ ရွှင်ပျသောမျက်နှာထားရာ၏။ **နှစ်သက်ဖွယ်သောစကားကိုသာ** ပြောရာ၏။ အားလုံးမှဲ့ အသိပညာတိုးပွား **ကြပါစေသော**။

*–facebook* မှ

# ဖန်ခွက်၊ရေကန်နဲ့ ဆားတစ်ဆုပ်

***အရမ်းကောင်းတဲ့ ဥပမာလေးပါ ဖတ်ကြည့်ပါ အရမ်းကောင်းပါတယ်။***

တစ်ခါတုန်းက ဉာဏ်ပညာထက်မြက်ပြီး အတွေ့အကြုံကြွယ်ဝတဲ့ ပညာရှိကြီးတစ်ဦးရှိပါတယ်။ သူဟာ တစ်နေ့မှာတော့ အိမ်မီးလောင်ပြီး ပိုင်ဆိုင်သမျှ အရာရာကို ဆုံးရှုံးသွားလို့ စိတ်ပျက်အားလျှော့စွာနဲ့ ဝမ်းနည်းပူဆွေးပြီး ငိုကြွေးနေတဲ့ လူတစ်ယောက် သူ့ဆီရောက်လာပါတယ်။

ပညာရှိကြီးက ထိုလူငယ်ကို ရေတစ်ဖန်ခွက်သွားယူခိုင်းပြီး ဆားတစ်ဆုပ်ကိုလည်း ယူလာခိုင်းပါတယ်။ ရေဖန်ခွက်ထဲကို ဆားတစ်ဆုပ်ထည့်လိုက်ပြီး ရောမွှေလိုက်ကာ လူငယ်ကို သောက်စေပါတယ်။ ပြီးတော့'ဘယ်လိုအရသာမျိုးရှိသလဲ' လို့ လူငယ်ကိုမေးတဲ့အခါ ထိုလူငယ်က "**ခါးတူးနေအောင် ငန်ပါတယ်**" လို့ ပြန်ဖြေပါတယ်။ ဒီတော့ ပညာရှိကြီးက အသာပြုံးလိုက်ရင်း ထိုသူကို ဆားတစ်ဆုပ်ကို ယူလာခဲ့ပါလို့ ခိုင်းလိုက်ပြီး သူနဲ့အတူ လမ်းလျှောက်ဖို့ မြို့ပြင်ဘက်ကို ခေါ်လာခဲ့ပါတယ်။

မြို့အပြင်ဘက်ကို လမ်းလျှောက်လာကြရင်း အလွန်ကျယ်ပြောပြီး ကြည်လင်လှတဲ့ ရေကန်ကြီးတစ်ကန်နား ရောက်လာကြပါတယ်။ ဒီအခါမှာ ပညာရှိကြီးက ထိုလူငယ်လက်ထဲမှာပါလာတဲ့ ဆားတစ်ဆုပ်ကို ရေကန်ထဲ ပစ်ထည့်ခိုင်းလိုက်ပါတယ်။ ပြီးတော့ လူငယ်ကို "ကဲ အခု ကန်ထဲကရေကို သောက်ကြည့်ပါဦး" လို့ ခိုင်းလိုက်တဲ့အခါ ထိုလူငယ်ကလည်း ကန်ထဲကရေကို လက်ခုပ်နဲ့ခပ်ယူပြီး သောက်လိုက်ပါတယ်။

ပညာရှိကြီးက လူငယ် ရေသောက်ပြီးတဲ့အခါ "အခုရော ကန်ထဲကရေက ဘယ်လိုအရသာရှိသလဲ" လို့ မေးလိုက်ပါတယ်။

ဒီတော့ လူငယ်က "**လတ်ဆတ်ပြီး ချိုမြတဲ့ သောက်ရေရဲ့ နဂိုအရသာ အတိုင်းပါပဲ**"လို့ ပြန်ဖြေပါတယ်။ "စောစောတုန်းက ရေခွက်ထဲကို ဆား ထည့်ပြီးသောက်လိုက်သလို ငန်သေးရဲ့လား" လို့ ပြန်မေးပြန်တဲ့အခါ "မငန် တော့ပါဘူး"လို့လူငယ်က ပြန်ဖြေလိုက်ပါတယ်။ ဒီတော့မှ ပညာရှိကြီးဟာ လူငယ် လေးရဲ့ လက်ကို ဆုပ်ကိုင်ပြီး ပခုံးကိုအသာအယာပုတ်လိုက်ကာ "**ငါတို့ဘဝ တွေရဲ့ ထိခိုက်နာကျင်မှု၊ ဆုံးရှုံးခါးသီးမှုတွေဟာ ဘာနဲ့ တူသလဲဆိုရင် ဆားနဲ့တူပါတယ်။ ဘဝမှာ ကြုံလာတဲ့ နာကျင်ဆုံးရှုံးမှုတွေကို ခံစားရတဲ့ အတိုင်းအတာဟာ မင်းက ဘယ်လိုခွက်မျိုးနဲ့ ခံယူမလဲဆိုတာနဲ့ပဲ သက်ဆိုင် တယ်။**

**မင်းက ခွက်သေးလေးနဲ့ ခံယူမယ်ဆိုရင် ထိခိုက်ဆုံးရှုံးမှုကို သိပ်ကို ကြီးမားတယ်လို့ မင်းထင်လိမ့်မယ်။ ရေကန်လို ကျယ်ပြောလှတဲ့ ခွက်ကြီးကြီးနဲ့ ခံယူမယ်ဆိုရင် အဲဒီဆုံးရှုံးမှု၊ စိတ်ထိခိုက်နာကျင်မှုတွေဟာ ဘာမှပြောပ လောက်တဲ့ ဆုံးရှုံးမှု၊ ထိခိုက်နာကျင်မှု မဟုတ်တော့ဘူးပေါ့..**"

"**ဒီတော့ဘဝမှာ ထိခိုက်ဆုံးရှုံးမှုတွေ၊ နာကျင်ခါးသီးတာတွေ ကြုံလာ တိုင်း ခွက်ကြီးကြီးနဲ့ ခံယူနိုင်အောင်ကြိုးစားပါ ... ကိုယ့်ကိုယ်ကို ဖန်ခွက်တစ်လုံး မဖြစ်စေပါနဲ့....** ရေကန်တစ်ကန်အဖြစ်ပြောင်းလဲ ကျင့်ကြံလိုက်ပါ .... ဒီလိုဆိုရင်နာကျင်ခံစားနေရတာတွေဟာ ရေကန်ထဲရောက်သွားတဲ့ ဆားတစ်ဆုပ်လို လျှော့ပါးသက်သာသွားပါလိမ့်မယ်" လို့ပြောလိုက်ပါတယ်။

"Stop being a glass. Become a lake."

ဒီဥပမာလေးကို သဘောကျလို့ ပြန်လည်ဝေမျှပါတယ်။ Posted by sailwinthu

*-ဆော်တာမောင်ထံမှ*

## မြဲမနေနဲ့ နစ်နာတယ်

မှားနေပါလျက် ပတ်ဝန်းကျင်က အမှန်ဆိုပြီးလက်ခံပေးလို့
မှားမှန်းသိသိကြီးနဲ့ မြဲနေရင် ကိုယ်အပါအဝင် လောကနစ်နာပါတယ်။

-အရှင်အာစာရ *Young Buddhist Association.*

# အပျိုစစ်စစ်များသာ ဖတ်ရန်

ခေါင်းစဉ်ကြည့်ပြီး တမျိုးမထင်ပါနဲ့နော်။ အဒိုတွေဖတ်မိရင် စိတ်ဓာတ်ကျမှာစိုးလို့ပါ။

* အပျိုစစ်စစ်ဆိုတာက ခုခေတ်က ၁၆ နှစ် ၁၇ နှစ် ဆိုရင်ကို ရည်းစားက ရှိနေကြတာ။ ရည်စားဖြစ်တာ တစ်ရက်မကြာဘူး living together က နေနေကြပြီလေ။ တကယ်တော့ လက်မထပ်ရသေးဘဲနဲ့ အတူတူနေကြတာ မိန်းကလေးတစ်ယောက်အတွက် လုံးဝတန်ဖိုးကျသွားပါပြီ။
* အပျိုစင်ဘဝဆိုတာ ယောကျ်ားတိုင်းရဲ့ တန်ဖိုးထားခြင်းကို ခံထားရသူလို့တောင် တင်စားထားကြပါတယ်။ အပျိုကနေ အဒေါ်ဖြစ်ဖို့က ၅ မိနစ် မကြာပါဘူး။ ဒါပေမဲ့ အဒိုကနေ အပျိုပြန်ဖြစ်ဖို့က ရှိသမျှစည်းစိမ် ပုံပေးမယ်ဆိုရင်တောင် ဒီဘဝအတွက် ပြန်မရနိုင်တော့ပါဘူး။ချစ်သူရှိခဲ့ရင်လည်း ဒီအပျိုစင်ဘဝကို ထိန်းသိမ်းပါ။ ချစ်သူကို နားလည်အောင် သူသဘောပေါက်အောင် ပြောပြထားပါ။ ဒါမှ သူ့ဘက်က လက်မခံဘူး၊ စိတ်ဆိုးသွားတယ်ဆိုရင်တော့ ရဲရဲကြီးသာ လမ်းခွဲလိုက်ပါ။သူတကယ်ချစ်တာ မဟုတ်တာ သေချာနေပါတယ်။
* သေလောက်အောင်ချစ်နေပါစေ။ အပျိုစင်ဘဝကို ထိန်းသိမ်းထားပါ။ ဘဝမှာ ရည်းစားဦးနဲ့ လွဲကြပါတယ်။ ၁၀၀ မှာ ၉၀ အထိရှိထားတာပါ။ ရည်စားဦးကတည်းက အပျိုစင်ဘဝကိုပေးထားခဲ့လို့ အကြောင်းတစ်ခုခုကြောင့် သူနဲ့များလွဲသွားခဲ့ရင် နောင်တွင် ကိုယ့်နဲ့ တကယ်လက်တွဲရမယ့်ယောကျ်ားနဲ့တွေ့မှ အကြီးကြီးနောင်တရပါလိမ့်မယ်။ အဲကျမှတော့ နောင်တရပါတယ်လို့ သိသွားလည်း နောက်ကျသွားပါပြီ။ အခန့်မသင့်ရင် အိမ်ထောင်ရေး ပြဿနာတွေတောင် ဖြစ်လာနိုင်ပါတယ်။
* ထိုင်ဝမ်မှာ အိမ်ထောင်ကျပြီးလို့ ကလေးတောင် ၃ ယောက်ရပြီးမှ အပျိုဘဝတုန်းက ရည်းစားဟောင်းနဲ့ အတူတူနေခဲ့တဲ့ video ဖိုင်တွေ laptop ကနေတဆင့်ပြန့်ပြီး အိမ်ထောင်ရေးကွဲသွားခဲ့တာ တကယ်လက်တွေ့ပါ။ အတုမယူသင့်တာတော့ အတုမယူပါနဲ့ညီမတို့။ (နောင်တစ်တစ်ခု အွန်းလိုင်းမှာ status တင်ရင်လည်း စောက်ဘာဖြစ်၊စောက်ညာဖြစ်တယ်၊ **အဲလို စောက်တွေထည့်ထည့်ပြီး ရိုင်းတာတွေ မတင်ကျဖို့လည်း တောင်းဆိုပါတယ်**။ ကိုယ့်ဟာကိုယ် ဘာထင်နေလဲတော့မသိပါ။ အများအမြင်မှာ အရမ်း

ရှိုင်းတဲ့မိန်းမဆိုတာတော့ လူတိုင်းအထင်သေးသွားတတ်ကြပါတယ်။)

* မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ လှတာ၊ချမ်းသာတာကို ပြောတာ မဟုတ်ပါဘူး။ အပျိုစင်ဘဝကို ပြောတာပါ။ သေလောက်အောင် လှနေပါစေ လက်မထပ်သေးပဲ အအိုဖြစ်သွားရင် မိန်းမတန်ဖိုးက ကျသွားပြီဆိုတာ သတိရှိကြပါ ညီမငယ်တို့။ living together (လက်မထပ်သေးဘဲ အတူတူနေခြင်း)ကို ဘဝမှာ ဆင်ချင်နိုင်ကြပါစေလို့ ဆုတောင်းပေးရင်း ခင်မင်လျက် ... ။

*-Online Chitthu ၊ - facebook မှ။*



# အဲဒါ ဘာကောင်လဲ?

အသက် (၈၀) အရွယ်အဘိုးအိုတစ်ဦးဟာ အိမ်ထဲကဆိုဖာမှာ အသက်(၄၅) နှစ်အရွယ် ပညာတတ်သားဖြစ်သူနဲ့ထိုင်နေတုန်းမှာ ရုတ်တရက်ပြတင်းပေါက်မှာ ကျီးကန်းတစ်ကောင်လာနားပါတယ်။ ဖခင်ဖြစ်သူက သားကိုမေးတယ်။ "အဲဒါ ဘာကောင်လဲ သား၊" သားကဖြေတယ် "**အဲဒါကျီးကန်းပါ အဖေ**"။

မိနစ်အနည်းငယ်ကြာတော့ ဖခင်ဖြစ်သူက သားကို ဒုတိယအကြိမ်ထပ်မေးပါတယ်။ "အဲဒါဘာကောင်လဲသား၊" သားက ဖြေတယ် "**အခုလေးပဲ ပြောပြီးပြီလေ အဲဒါကျီးကန်း**"။

ခဏအကြာမှာ ဖခင်ဟာ သားကို တတိယအကြိမ်ထပ်မေးလိုက်ပါတယ်။ "သား အဲဒါ ဘာကောင်လဲ၊" ဒီတစ်ကြိမ်မှာတော့ သားဖြစ်သူရဲ့ လေသံထဲမှာ စိတ်ဆိုးသံပါလာပြီး ဖခင်ဖြစ်သူကို မညာမတာပြန်ပြောလိုက်ပါတယ်။ "**အဲဒါကျီးကန်း ... ကျီးကန်း ...**"။

ခဏလောက်အကြာမှာ ဖခင်ဟာ သားကို လေးကြိမ်မြောက်ထပ်မေးလိုက်ပါတယ်။ "အဲဒါ ဘာကောင်လဲသား၊" ဒီတစ်ကြိမ်မှာတော့ သားဟာ ဖခင်ကို အော်ဟစ်ပြောဆိုပါတော့တယ်။ "**အဖေ ဘာကြောင့် ဒီမေးခွန်းကို ထပ်တလဲလဲ မေးနေရတာလဲ၊ ကျွန်တော်အကြိမ်မရေတွက်နိုင်အောင် ပြောပြီးပြီးလေ။**" "**အဲဒါကျီးကန်းသိလား**" "**ခင်ဗျား ဒါလေးမှ နားမလည်နိုင်ဘူးလား၊**"

ခဏကြာပြီးနောက်မှာတော့ ဖခင်ဖြစ်သူဟာ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ဒိုင်ယာရီစာအုပ်လေးနဲ့ပြန်ထွက်လာပါတယ်။ အဲဒီစာအုပ်လေးဟာ သူ့သားမွေးကတည်းက ထိန်းသိမ်းလာခဲ့တဲ့ စာအုပ်ပါ။ စာမျက်နှာတစ်ရွက်ကိုဖွင့်ပြီး သူ့ရဲ့သားကို ဖတ်ကြည့်ဖို့ပြောပါတယ်။ သားဖြစ်သူက ဖတ်တဲ့အခါမှာ အောက်ပါ စာလုံးတွေကို တွေ့လိုက်ရပါတယ်။

"ဒီကနေ့ ကျွန်တော့်သားလေးနဲ့ ဆိုဖာပေါ်မှာထိုင်နေတုန်း ပြတင်းပေါက်မှာ ကျီးကန်းတစ်ကောင်လာနားတယ်။ ကျွန်တော့်သားက အဲဒါဘာကောင်လဲဆိုတာကို ၂၃ ကြိမ်မေးပါတယ်။ ကျွန်တော် ၂၃ ကြိမ်လုံးလုံးဖြေပါတယ်။ အဲဒီကျီးကန်း ဆိုတဲ့ငှက်ပါဆိုတာကို။ မေးခွန်းတစ်ခုတည်းကိုပဲ ထပ်ခါထပ်ခါ သားကမေး လိုက်တဲ့အချိန်တိုင်းမှာ ကျွန်တော်သူ့ကို ကြင်ကြင်နာနာ ပွေ့ဖက်ထားခဲ့ပါတယ်။ ကျွန်တော်လုံးဝကိုစိတ်ဆိုးမှုမဖြစ်တဲ့အပြင် ရိုးသားတဲ့ ကျွန်တော့်သားလေးအတွက် ဂရုဏာသက်မိပါတယ်"

ကလေးဖြစ်သူက ၂၃ ကြိမ်တိုင်တိုင် "အဲဒါဘာကောင်လဲ"လို့မေးခဲ့စဉ်က ဖခင်ဖြစ်သူက စိတ်မဆိုးဘဲ၂၃-ကြိမ်တိုင်တိုင် ဖြေပေးခဲ့တာမှာ ဒီနေ့အချိန်မှာ ဖခင်ဖြစ်သူက သားကို ဒီမေးခွန်းကိုပဲ လေးကြိမ်မေးရုံနဲ့ စိတ်ဆိုးဒေါသ ထွက်ပါသတဲ့။ **ဒါကြောင့်မို့ သင့်မိဘတွေဟာ အရွယ်ရလာပြီဆိုရင် သူတို့ကို ဝန်ထုပ်ဝန်ပိုးသဖွယ် သဘောထားပြီး မနှစ်မြို့စရာလို့ ကြည့်မြင်မယူဆ လိုက်ပါနဲ့။ သူတို့ကို ကျက်သရေရှိတဲ့ စကားလေးတွေပြောပေးပါ။ အေးအေး ဆေးဆေးပြောပါ။ သူတို့ကို ရိုရိုသေသေ နှိမ့်နှိမ့်ချချနဲ့ ကြင်ကြင်နာနာ ပြောဆိုဆက်ဆံပေးပါ။ သူတို့တွေဟာ အတ္တကင်းတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ကျွန်တော်တို့အပေါ်ကို သွန်းလောင်းခဲ့သူတွေပါ။ ဒီကနေ့ ကျွန်တော်တို့တွေကို လူ့အသိုင်းအဝိုင်းမှာ ရပ်တည်နိုင်အောင်လုပ်ပေးဖို့ သူတို့ဟာ မုန်တိုင်းမခြင် အပူဒဏ်မခြင်နဲ့ တောင်တွေကိုကျော်ပြီး ချောက်ကမ်းပါးတွေကို ဖြတ်လာ ခဲ့ကြရသူတွေပါ။**

ဤစာအားဝေမျှခြင်းဖြင့် ကျွန်တော်တို့၏အသိစိတ်များကို မြှင့်တင်ပေးကြပါစို့။

မှတ်ချက်။ ။ **မိဘဘက်က လှည့်ကြည့်ပါ။**

*- facebook* မှ။

# မြေဖြူတားသော်လည်း

ပုရွက်ဆိတ်တွေမှာ ထူးခြားချက်ရှိပါတယ်။ ကျွန်တော်ငယ်ငယ်တုန်းက လက်တွေ့စမ်းသပ်ပြီး သိလိုက်ရတဲ့ အရာလေးပါ။ သူတို့အစာသယ်တဲ့အခါ အသုံး ပြုတဲ့လမ်းကြောင်းကို အင်းဆက်တား မြေဖြူနဲ့ တားလိုက်မိပါတယ်။ ဒါနဲ့ ရှေ့မှာခရီးသွားဖို့ ပိတ်ဆို့သွားတယ်လို့သိလိုက်တဲ့ ပုရွက်ဆိတ်ဟာ နောက်ပြန် သွားမယ်လို့ ထင်ခဲ့ပါတယ်။ မဟုတ်ပါဘူး။ အနောက်တော့ သွားပါတယ်။ သို့ပေ မယ့်တည့်တည့်တော့ မဟုတ်ပါဘူး။ ဘေးဘယ်ညာလှည့်ပြီးမြေဖြူမတားထားတဲ့ တစ်ဖက်ဖက်ကနေ သူတို့အိမ်ဆီကို မရောက်ရောက်အောင်သွားကြပါတယ်။ ဒါနဲ့မြေဖြူနဲ့လိုက်တားပေမယ့် နောက်ဆုံးတော့ သူ့အိမ်ကို မရောက်ရောက် အောင် ကွေ့ပိုက်ပြီး အိမ်ရှိရာကို ပြန်သွားပါတယ်။ စက်ဝိုင်းပုံသဏ္ဌာန်တားပြီး ဝိုင်းလိုက်မိရင်တောင် မြေဖြူအပါးဆုံး အပိုင်းကို အရဲစွန့်ပြီး သူလွတ်မြောက် ထွက်သွားပါတယ်။

**သင်ခန်းစာ။**

* ဒီလိုပါပဲ၊ လူတွေဟာ ဘဝအတွက်ရည်ရွယ်ပြီး ပန်းတိုင်တစ်ခုရောက်ဖို့

ကြိုးစားနေချိန်မှာ အတားအဆီးအခက်အခဲဆိုတာ ရှိစမြဲဖြစ်ပါတယ်။ ငွေကြေးနဲ့အခက်အခဲပေါင်းများစွာက ပိတ်ဆို့စမြဲဖြစ်ပါတယ်။ ထိုအခက်အခဲများကြောင့်ပဲ မိမိကိုယ်ကို ယုံကြည်ချက်ပျောက်ဆုံးကုန်ပြီး ငါဒါမလုပ်နိုင်ပါလားလို့ ခံယူကာ လက်လျှော့၊ အဆုံးရှုံးခံတတ်ကြပါတယ်။

* ယင်းအခက်အခဲများက လာရာလမ်းကို ပြန်သွားစေဖို့၊ နောက်ဆုတ်စေဖို့ ရည်ရွယ်တဲ့အရာများ မဟုတ်ပါဘူး။ ဒီထက်သွားလို့ရတဲ့ လမ်းလေးများ ရှာလိုက်ပါဦးလို့ အသံထွက်ပြောဆိုနေတယ်လို့ ခံယူရပါမယ်။ ဒါကြောင့် ပန်းတိုင်တစ်ခု၊ ပညာတစ်ခု၊ အခြေအနေတစ်ခုရောက်ဖို့ ကြိုးစားနေသူဟာ မိမိကိုယ်ကို ယုံကြည်ချက်ပြည့်ဝနေပြီး တစ်နည်းမဟုတ်တစ်နည်းနဲ့ ရောက်ကိုရောက်ရမယ်၊ ရကိုရရမယ်လို့ ယုံကြည်ထားဖို့လိုပါတယ်။ ကြိုးစားဖို့လိုပါတယ်။
* **(၁) ယုံကြည်မှုရှိမယ်။ (၂) မဆုတ်မနစ် ကြိုးစားမယ်။ (၃) သတ္တိရှိမယ်။** ယင်း ၃ ချက်နဲ့တင် ပန်းတိုင်ကို တစ်နေ့မဟုတ် တစ်နေ့ရောက်နိုင်ပါတယ်။ ဉာဏ်ကောင်းရမယ်၊ ပါရမီရှိရမယ်၊ ကံလိုက်ရမယ် အစရှိသဖြင့် ဆုပ်ကိုင်ပြလို့မရတဲ့အရာတွေကို ငါ့မှာမရှိပါလားလို့ အပြစ်တင်ပြီးလက်လျှော့မယ်ဆိုရင်တော့ တားထားတဲ့ မြေဖြူကြောင့် လိုရာခရီးကိုရောက်တော့မှာ မဟုတ်ပါဘူး။ "ပုရွက်နဲ့မြေဖြူ"ဟာ ဘဝအတွက် အတုယူစရာ သင်ခန်းစာလေးတစ်ခု ဖြစ်နေပါတော့တယ်။

*-အောင်ခမ်း(ရိုးရာလေး) facebook မှ။*

# တိုပေမယ့် အထင်မသေးနဲ့

လျှာသည် သုံးလက်မသာ ရှည်သည်။ သို့ဖြစ်ငြားလည်း ယင်းသည် ခြောက်ပေအမြင့်ရှိသော လူတစ်ယောက်ကို သတ်နိုင်စွမ်းရှိသည်။ *-ဂျပန်စကားပုံ။*



**The tongue is but three inches long, yet it can kill a man six feet high.**

*-Japancse Proverb.*

*-၂၀၁၄ ဖေဖော်ဝါရီလထုတ် မင်္ဂလာဆောင်မယ်စာစောင် စာ ၉၀။*

# ဂျွန်ဟာရိုးလ်ဂျွန်ဆင် (John Harold Johnson)

ဂျွန်ဟာရိုးလ်ဂျွန်ဆင်(John Harold Johnson)သည် လူမည်းဆင်းရဲသား လေးဘဝမှ အမေရိကန် ပုံနှိပ်ထုတ်ဝေရေးလောက၏ ထိပ်သီးပုဂ္ဂိုလ်တစ်ဦး ဘဝရောက်ရှိခဲ့သူဖြစ်သည်။ လူမည်းများအတွက် အဓိက ဦးတည်ထုတ်ဝေသည့် သူ၏ နီဂရိုးဒိုင်ဂျက်(စ)၊ အက်ဗနီ၊ ဂျက်၊ ဘလက်စတားစသည့် မဂ္ဂဇင်းစာစောင်များသည် အမေရိကန်ပြည်၌ အကြီးအကျယ်ရေပန်းစားခဲ့သည်။ အသက် ၃၀ ကျော်စ ၁၉၉၁-ခုနှစ်မှာပင် သူသည် အမေရိကန်ပြည်၏ အထူးခြားအထင်ရှားဆုံး လူငယ် ၁၀ ဦး စာရင်းဝင်ဖြစ်ခဲ့သည်။ နောက်ပိုင်း၌ စာအုပ်ထုတ်ဝေရေးလုပ်ငန်း သာမက အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ရေဒီယို အသံလွှင့်လုပ်ငန်းများတွင်ပါ အောင်မြင်ခဲ့သည်။

**"ဖြစ်ရမယ်လို့ စွဲစွဲမြဲမြဲ ယုံကြည်မယ်၊ ကိုယ်ရွေးချယ်ထားတဲ့ပွဲကို ကိုယ်ဝင်ပြိုင် ဖို့ ဖွဲ့နပဲလည်း ရှိမယ်ဆိုရင် အောင်ပွဲဆိုတာ ပြေးမလွတ်ဘူး"**

"သား .. မင်းတကယ် ကြိုးစားရဲ့လား"

"ဟုတ်ကဲ့ အမေ"

"တကယ် သေသေချာချာ ကြိုးစားတာ အမှန်နော်"

"ဟုတ်ပါတယ်"

"ဒါဆို မပူနဲ့ သား၊ **မင်းတကယ် ကြိုးစားနေတာမှန်ရင် မအောင်မြင်စရာ မရှိဘူး၊ အောင်မြင်လိမ့်မယ်၊ မကြိုးစားတော့ဘူးဆိုမှသာ တကယ်ရှုံးသွားတာ**"

"သား မင်းတကယ် ကြိုးစားရဲ့လား"

ကျွန်တော့်ခေါင်းထဲမှာ ထင်ထင်ရှားရှားရှိနေသည့် အစောဆုံးမှတ်မိသည့် အရာတစ်ခုက အမေနှင့်ကျွန်တော် ပြောကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ ဘေး ပတ်ဝန်းကျင်မှာရှိကြသည့် သက်ရှိသတ္တဝါမှန်သမျှ ယောကျ်ား၊ မိန်းမ၊ ကလေး၊ ခွေး၊ ကြောင်များပါမကျန် အကုန်လုံးပြေးနေကြသည်။

အဲဒီတုန်းက ၁၉၂၇ ခုနှစ်၊ ကျွန်တော်အသက် ၉ နှစ်သား၊ ကျွန်တော်တို့အားလုံး ကျွန်တော်တို့မြို့အထက်မှာ စီးမိုး၍ရှိနေသည့် ဆည်ဘောင်ရိုးကြီးဆီသို့ ပြေးနေကြခြင်းဖြစ်သည်။ ကျွန်တော်တို့မြို့ဆိုသည်မှာ အမေရိကန်ပြည်တောင်ပိုင်း၊ အာကင်ဆောပြည်နယ်ရှိ အာကင်ဆောစီးတီးမြို့။

မစ္စစ္စပီမြစ် အထက်ပိုင်းက အခြားဆည်ကြီးတစ်ခုကျိုးကာ မြစ်ရေတွေ တရကြမ်းတိုးလာသဖြင့် ကျွန်တော်တို့ အသက်လုပြေးရခြင်းဖြစ်သည်။ ရေက

ကျွန်တော်တို့နောက်မှ တဟုန်ထိုး လိုက်လာနေပြီ။ အမေ ကျွန်တော့်ကို လက်မောင်းပြတ်ထွက်မတတ် တင်းတင်းကြီး ဆုပ်ဆွဲထားသည်။ ကျွန်တော်တို့ လွတ်ကြပါဦးမလား။ အသဲအူတုံစရာ၊ အဲသည်အခိုက်အတန့်အဖို့ ကျွန်တော်တို့ ကံကြမ္မာက လုံးဝမရေရာ အမေ ရုတ်တရက် အရှိန်တင်ကာ ကုန်းစောင်းပေါ် ပြေးတက်သည်။ ကျွန်တော့်ကို တရကြမ်းဆွဲတင်သည်။ ရေစိုပြီး ချောနေသည့် ဆည်တောင်ကုန်းစောင်းပေါ် ကသောကမျော တက်ရသည်။ ကျွန်တော်တို့ကို လက်ကမ်းသူတွေက ကမ်းကြ၊ ကမန်းကတမ်း လှမ်းဆွဲသူနှုတွေက ဆွဲကြနှင့် နောက်ဆုံးတော့ ကျွန်တော်တို့အသက်ဘေးမှလွတ်ခဲ့သည်။ သို့သော် ကျွန်တော်တို့ပိုင်ဆိုင်သမျှ အဝတ်အထည်၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် စုဆောင်းထားသည့် ငွေလေးတစ်ပဲနှစ်ပြားကား အစအနမှုမကျန်အောင် ပျောက် သွားခဲ့လေသည်။

## ကျွန်တော်တို့ဘဝကို သူညမှ ပြန်စကြရပြီ

အမေ့ကို ၁၈၉၁ ခုနှစ် ဩဂုတ် ၄ ရက်နေ့မှာ မွေးသည်။ နံမည်က ဂါးထရု ဂျင်ကင်းစ် လူမည်းမလေး။ မစ္စစ္စပီမြစ်ရိုးတစ်လျှောက်မှာ အမေကြီးပြင်းခဲ့ သည်။ ဆင်းရဲမွဲတေသည်။ မူတန်းကျောင်းမှာ ၃ နှစ်လောက်နေပြီးပြီနောက် ကျောင်းထွက်ပြီး လယ်ကွင်းပြင်မှာ အလုပ်ဝင်လုပ်ရသည်။ ဆင်းရဲသော်လည်း အမေစိတ်မပျက်၊ သူ့မှာ မျှော်လင့်ချက်တွေ အမြဲရှိနေသည်။ သူ့ကိုကြည့်လိုက် လျှင် အမြဲရွှင်ရွှင်ပြုံးပြုံး။

အသက်ငယ်ငယ်ရွယ်ရွယ်မှာပင် အာကင်ဆောစီးတီးသို့ အမေရွှေ့ပြောင်း လာခဲ့သည်။ မြို့မှာ အိမ်စေအလုပ်လုပ်သည်။ သို့သော် သည်အလုပ်ထဲမှာ တိမ် မြုပ်ညှိုးငယ်မနေပါ။ ရပ်ကွက်ရှိ ဘာသာရေးနှင့်သာသနာရေးအသင်း အဖွဲ့များတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားသည်။ သည်တော့ ရပ်ကွက်မှာ အမေ လူသိများသည်။ "မစ္စဂါတ်၊ မစ္စဂါတ်"နှင့် လူတကာ ခေါ်ကြပြောကြ နှုတ်ဆက်ကြသည်။ အမေက အရပ်တော့ ပုပျပ်ပျပ်၊ သို့သော် သွက်လက်ထက် မြက်သောအမူအရာ အပြည့်ရှိသည်။ လူတွေ့လျှင် အားရပါးရပြုံးပြတတ်သည်။ ပြီးတော့ အမေ့မှာ သံမဏိလို ကြံ့ခိုင်မာကျောသည့် စိတ်ဓာတ်ရှိသည်။ အမေလမ်း လျှောက်လျှင် မတ်မတ်လျှောက်သည်။ ခေါင်းကို ထောင်ထားသည်။ အရပ် အမောင်းရော အရည်အသွေးပါ မနိမ့်ကျသည့် မိန်းမတစ်ယောက်၏ အသွင် အပြင်မျိုး။

အမေဘဝမှာ ဒုက္ခတွေ ခံစားခဲ့ရဖူးပြီ။ စိတ်ပျက်အားငယ်စရာ၊ စိုးရိမ်

ထိတ်လန့်စရာတွေ ကြုံခဲ့ရဖူးပြီ။ အဲဒီဟာတွေကြားမှာ အမေသည် ရင့်ကျက်ပြည့်ဝသူတစ်ဦးအဖြစ် ထွက်ပြောက်လာခဲ့သည်။ ဒုက္ခမျိုးစုံတွေ သူကြုံခဲ့ပြီးပြီ။ သူ့အတွက် အနာဂတ်မှာ ကြောက်ရွံ့စရာမရှိတော့။

ဖခင်က ခင်မင်ဖော်ရွေတတ်သူတစ်ဦးဖြစ်သည်။ သို့သော် လူပြည်မှာ ကြာရှည်မနေခဲ့ရ။ ကျွန်တော်ခြောက်နှစ်သားအရွယ်မှာပင် သစ်စက်မှာ မတော်တဆထိခိုက်မှုတစ်ခုဖြစ်ပြီး ကွယ်လွန်သွားခဲ့သည်။ အဖေဆုံးပြီးနောက် တစ်နှစ်အကြာမှာ အမေ နောက်အိမ်ထောင်ပြုခဲ့သည်။ ပထွေးနာမည်က ဂျိမ်းစ်ဝီလျံ(စ)။ သူက မုန့်ဖိုမှ မုန့်ပို့အလုပ်သမားတစ်ယောက်ဖြစ်သည်။ ပထွေးတစ်ယောက်အနေနှင့် သူမဆိုးပါ။ ကျွန်တော်နှင့်တစ်ခါမျှ ကတောက်အဆဖြစ်သည်ဟူ၍မရှိခဲ့။ အိမ်မှာ အမေ့ဩဇာအဓိကဖြစ်နေတာလည်း တစ်ကြောင်းတော့ ပါပါလိမ့်မည်။

အမေက စည်းကမ်းသမား။ ကျွန်တော့်ကို အမြဲသွန်သင်ဆုံးမသည်။ သူ့ဆုံးမသွန်သင်မှုကို ကြပ်မတ်ရန်အတွက် ကြိမ်လုံးကို အသုံးပြုတတ်သူလည်း ဖြစ်သည်။ ကျွန်တော့်ကို လူတွေက ဘာကြောင့် ဆေးလိပ်မသောက်သလဲ မေးလေ့ရှိသည်။ ကျွန်တော် မသောက်တာက ကျွန်တော်ငယ်ငယ် ဆယ်နှစ်သားလောက်တုန်းက အိမ်နောက်ဘက်မှာ ဆေးလိပ်သောက်နေတာ အမေတွေ့ သွားသောကြောင့် ဖြစ်သည်။ အဲသည်တုန်းက အဆော်ခံခဲ့ရတာ ကျွန်တော် သည်ကနေ့အထိ မမေ့သေး။

## ပိုက်ဆံမရှိပေမယ့် မဆင်းရဲပါ

ကျွန်တော်တို့မိသားစုမှာ ပိုက်ဆံမရှိပါ။ သို့သော် ကျွန်တော်တို့ မဆင်းရဲ။ ဒါက အလွန်အရေးကြီးသည့်အချက်ဖြစ်သည်။ ကျွန်တော်ဘယ်တော့မှ ဆာလောင်ငတ်မွတ်နေသည်ဟူ၍ မရှိခဲ့။ ဆောင်းတွင်းဆိုလျှင်လည်း အိမ်မှာ အနွေးပေးစရာရှိသည်။ နွေပေါက်လျှင် လက်လုပ်ရေခဲပုံး အဟောင်းကြီးကို သုံးကာ အိုက်စကရင် လုပ်စားသည်။

သို့သော် ကလေးဘဝတစ်လျှောက်လုံး ကျွန်တော် တောင့်တနေခဲ့သော အရာတစ်ခုရှိသည်။ ကျွန်တော့ပတ်ဝန်းကျင်မှာ ရှိသည့် သွေးချွေးမျက်ရည်တွေ ညစ်ထေးပေကျံသော ဘဝမျိုးထက် အဆင့်တက်ချင် မြင့်မားချင်သည့် ဆန္ဒ။

သို့သော် သည်ဆန္ဒပြည့်မြောက်ဖို့အရေးမှာ အခက်အခဲအဟန့်အတားတစ်ခု ရှိနေသည်။ ယင်းကား အာကင်ဆောစီးတီးမြို့မှာ နီဂရိုးလူငယ်များအတွက် အထက်တန်းကျောင်း မရှိခြင်းပင်တည်း။ ထို့ကြောင့် ၁၉၃၁–ခုနှစ် အသက် ၁၃ နှစ်မှာ ကျွန်တော် ရှစ်တန်းတက်သည့်အခါ၌ ဒါသည်ပင် ငါ့အတွက် နောက်ဆုံး

အဆင့်ပါကလား၊ ငါသည်လည်း ငါ့ရှေ့ကသူများနည်းတူ ဆင်းရဲပင်ပန်းသောဘဝ နိမ့်ပါးနုံချာသော ဘဝဥ္စရပ်တည်ကျင်လည်ရတော့မှာပါကလားဟူ၍ တွေးတော ပူပန်စရာဖြစ်ခဲ့ရသည်။

သို့သော် ကျွန်တော် အတွက်မှားခဲ့သည်။ ကျွန်တော့် အမေ၏ထက်သန် ပြင်းပြသော စိတ်နှင့်ကျားကုတ်ကျားခဲ ဖွဲ့နပဲနှင့် လုပ်တတ်သည့် သတ္တိကို ကျွန်တော်မစဉ်းစားမိခဲ့။ အမေက ဘယ်သူမဆို ကိုယ်တကယ်လိုချင်သောအရာ ကို တကယ်ကြိုးစားလုပ်လျှင် ရကိုရမည်ဟု လုံးဝစိတ်ချယုံကြည်သူမျိုးဖြစ်သည်။ အာကင်ဆောစီးတီးမှာ လူမည်းလေးတွေအတွက် အထက်တန်းကျောင်း မရှိဘူး ဆိုလျှင်လည်း ကိစ္စမရှိ။ ရှီကာဂိုမှာ ကျောင်းကောင်းကောင်းတွေအများကြီးရှိသည်။ အလားတူ မြောက်ပိုင်းရှိအခြား မြို့ကြီးများမှာလည်းရှိသည်။ သည်လိုအခွင့် အလမ်းတွေရှိသဖြင့်လည်း မြောက်ပိုင်းကို လူမည်းတွေ သန်းချီ၍ ရွှေ့ပြောင်းနေကြ သည် မဟုတ်လား။ ကျွန်တော်တို့လည်း သွားချင်လျှင် လွတ်လွတ်လပ်လပ် သွားခွင့်ရှိသည်။ တစ်ခုပဲရှိသည်။ ခရီးစရိတ်။ ရှီကာဂိုက အတော်ဝေးသည်။ ရထားခက မနည်း။ ကျွန်တော်တို့အတွက် အတော့်ကို များသောငွေ။

အမေအိမ်မက်က သူ့သားလေးကျွန်တော့်ကို မြို့ကြီးပြကြီးသို့ခေါ်သွားမည်။ ထိုက်ထိုက်တန်တန် ပညာသင်ကြားပေးမည်။ တစ်နေ့သောအခါ၌ အရေးပါသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာစေရမည်ဟူ၍ဖြစ်သည်။ ကြိုတင်မမြင်နိုင်သည့် အနာဂတ်တစ်ခုကို အဲသလောက်မှန်းမျှော်ရဲ၊ ယုံကြည်ရဲသည့်စိတ်က တော်ရုံ လူမျိုးမှာ ရှိနိုင်လိမ့်မည်မဟုတ်။

**ဖွဲ့ရှိရင် အောင်ပွဲဆိုတာ ပြေးမလွတ်**

၁၉၃၂ ခုနှစ်၊ ဇွန်လ၊ မြောက်ပိုင်းသို့သွားရန်အတွက် ငွေကြေးအလုံအလောက် စုဆောင်းမိခြင်းမရှိသေးမီမှာပင် အလယ်တန်းပညာ ကျွန်တော်ပြီးစီးသွားခဲ့သည်။ သို့သော် သည်အတွက် အမေစိတ်အားမပျက်ပါ။ နှစ်ဆတိုးကြိုးစားကာ ဝင်ငွေ ရှာသည်။ ဆည်မြောင်းလုပ်သားစခန်းများမှာ ထမင်းချက်သည်။ အဝတ်လျှော် သည်။ မီးပူတိုက်သည်။ အခြားရရာ အလုပ်မှန်သမျှလည်း ဝင်လုပ်သည်။ အဲသည်နှစ် တစ်နှစ်လုံး အမေအကြီးအကျယ်အလုပ်ဖောကပ်နေသည်။ အလုပ်၊ အလုပ်၊ အလုပ်။ အမေအဲသည်လောက် လုပ်နေပြီဆိုတော့ အမေနှင့် ဆက်စပ်သော ကျွန်တော်လည်း ပါရသည်ပေါ့။ လူငါးဆယ်လောက်အတွက် ချက်ပြုတ် လျှော်ဖွတ်သည့်အလုပ်တွေနှင့် အမေတစ်ယောက်တည်း ဘယ်လိုမှ မနိုင်နင်းနိုင်သည့်အခါ ကျွန်တော်လည်း နိုင်သမျှ ဝင်ကူရသည်။

သို့သော် တဖြည်းဖြည်း နေ့ရက်တွေသာ ကုန်လာသည်၊ အခြေအနေက မကောင်း။ ကျောင်းဖွင့်ချိန်အမီ ရှီကာဂိုသွားဖို့ ခရီးစရိတ်ပြည့်မီရန် မဖြစ်နိုင်တော့ဆိုတာ တဖြည်းဖြည်းထင်ရှားလာသည်။ ကျွန်တော်တို့အိပ်မက် ပျက်ပြယ်တော့မလောက် ဖြစ်လာနေသည် အဲသည်အချိန်တွင် အမေ့ထံမှ အံ့အားသင့်စရာ စကားတစ်ခု ကျွန်တော်ကြားရသည်။

''ရှီကာဂိုသွားဖို့ ခရီးစရိတ်ပြည့်တဲ့အထိ ငါ့သားရှစ်တန်းမှာပဲ ဆက်နေရမယ်''ဟူသောစကား။

အမေက ကျွန်တော့်ကို လမ်းကြိုလမ်းကြား လျှောက်သွားနေမှာ မလိုလား။ အနိမ့်စား၊ အကြမ်းစားအလုပ်များလည်း လုံးဝမလုပ်စေချင်။ အဲသည်တော့ သူမလိုလားတာတွေကို ရှောင်ကြဉ်ဖို့ အမေရွေးချယ်လိုက်သည့်နည်းလမ်းက ကျွန်တော်ရှစ်တန်းကိုပြန်တက်၊ လိုအပ်လျှင် အကြိမ်ကြိမ်ထပ်တက်။

လူတွေက ကျွန်တော်တို့ကို ရယ်ကြသည်။ ဘာမှဖြစ်လာစရာမရှိတဲ့ ကောင်းလေးအတွက် ဒီလောက်တောင် အသေအကြေ လျှောက်လုပ်နေရသလား၊ မင်းရူးနေပြီးလားစသဖြင့် အိမ်နီးနားချင်းများ အမေ့ကို ပြစ်တင်ပြောဆိုကြသည်။ အမေ့ခင်ပွန်းကလည်း အမေလုပ်တာ ဟုတ်မှဟုတ်သေးရဲ့လား သံသယရှိလာပြီ။ အမေကတော့ ဘာမှဖြေရှင်းချက်ပေးမနေ။ အလုပ်ကို ဖိလုပ်သည်။ အိပ်မက်ကို ဆက်မက်သည်။ ပိုက်ဆံဆက်စုသည်။

**''ဖြစ်ရမယ်လို့ ခွဲခွဲမြဲမြဲယုံကြည်မယ်၊ ကိုယ်ရွေးချယ်ထားတဲ့ပွဲကို ကိုယ်ဝင်ပြိုင်ဖို့ ဖွဲ့နေ့ပဲလဲ ရှိမယ်ဆိုရင် အောင်ပွဲဆိုတာ ပြေးမလွတ်ဘူး**''ဟူ၍ အမေဆိုခဲ့သည်။ တစ်နှစ်ကျော်မျှကြာအောင် အမေသူ့အလုပ်ကို သူယိမ်းယိုင်တွေဝေခြင်းကင်းစွာ ဆက်လုပ်ခဲ့သည်။

**ဘုရားသခင်ဆီထိ တင်ပြကြည့်မယ်**

၁၉၃၃ ခုနှစ် ဇူလိုင်လမှာ အမေချွေးသီးချွေးပေါက်ကျအောင် ရှာခဲ့သည်။ နောက်ဆုံး ဒေါ်လာငွေစ အနည်းငယ်ကို ဖြည့်ဆည်းပြီးသည့်နောက်၌ ကျွန်တော်တို့လိုငွေ ပြည့်သွားခဲ့သည်။ ကျွန်တော်တို့အတွက် လွတ်မြောက်ရေးလမ်းစရှိရာ မြောက်ပိုင်းဒေသဆီသို့ အမေမျက်နှာမူလေပြီ။

ကျွန်တော်တို့ အာကင်ဆောမှ တကယ်ထွက်ကြတော့မည်ဆိုတော့ ပထွေးဖြစ်သူက စိုးရိမ်တကြီး တားဆီးဖို့ကြိုးစားရှာပါသည်။ ဟိုမှာ ကျွန်တော်တို့အကြီးအကျယ် ဒုက္ခရောက်ကြလိမ့်မည်။ အလွန်အေးမြသော ရှီကာဂိုဆောင်းကာလမှာ အလုပ်လက်မဲ့ ဒုက္ခသည်များစခန်း၌ တန်းစီကာအေးခဲပြီး သေဆုံးသွားနိုင်သည်

သေဖြင့် ပူပန်စကားတွေဆိုသည်။ စင်စစ် အမေ့အဖို့လည်း သူမခင်ပွန်းကို ခွဲခွာရသည်မှာ အင်မတန်မှ ရဲဝံ့စွန့်စားရသောအလုပ်ဖြစ်သည်ဟု ကျွန်တော် မြင်သည်။ အမေ သူ့ကို ဘယ်လောက်ချစ် ဘယ်လောက်ခင်တွယ်သည်ဆိုတာ ကျွန်တော်အသိဖြစ်ပါသည်။ သို့သော် ယခုတော့ သူချစ်သောသူကို ထားရစ်ကာ သူစိမ်းတရံဆီ မြို့ပြတစ်ခုဆီသို့ ကျွန်တော်နှင့်ထွက်ခွာပါတော့မည်။ အမေ့ရင်မှာ မည်မျှနာကျင်နေလိမ့်မည်မသိ။ သို့သော် ရထားပေါ်တက်ချိန်၌ကား အမေ တုံ့ဆိုင်းခြင်းမရှိခဲ့။

အမေသည် သူ့ခင်ပွန်းအား ချစ်ခဲ့ပါ၏။ သို့သော် ကျွန်တော့်ပညာရေးနှင့် ကျွန်တော့်ဘဝလွတ်မြောက်ရေးကို ပို၍ ချစ်ခဲ့သည်ဟု ဆိုရပေမည်။

ထွက်ခွာတော့မည့်အချိန် ကျွန်တော်ကတော့ မျှော်လင့်မှု၊ စိုးရိမ်မှုများဖြင့် အကြီးအကျယ် စိတ်လှုပ်ရှားလျက်ရှိခဲ့သည်။ ကျွန်တော့်အသက် ဆယ့်ငါးနှစ်ရှိပြီ။ ကျွန်တော့်ဘဝ ယခင်ကနှင့် လုံးဝခြားနားသွားတော့မည်။

ရှီကာဂိုမှာ အမေ အိမ်စေအလုပ်ပင် လုပ်ရသည်။ အမေ့ခင်ပွန်းက နောက် တစ်နှစ်ခန့်အကြာမှာ ကျွန်တော်တို့ထံ လိုက်လာသည်။ ကျွန်တော် ရှီကာဂိုမှာ အထက်တန်းဆင့်တက်ရသည်။ အခြေခံပညာအဆင့်မြင့်တန်းကို ဂုဏ်ထူးတွေနှင့် အောင်သည်။

၁၉၄၂ ခုနှစ်(အသက် ၂၄ နှစ်)မှာ ကျွန်တော်ကိုယ်ပိုင် မဂ္ဂဇင်းတစ်ခုထုတ်ဝေရန် စိတ်ကူးတစ်ခု စ,ရသည်။ နီဂရိုးဒိုင်ဂျက်စ်။ သည်စိတ်ကူးကို အကောင်အထည်ဖော်ရန် ကြိုးစားသည့်အခါ ကျွန်တော် အခက်အခဲကြီးတစ်ခုရင်ဆိုင်ရသည်။ ငွေကိစ္စ။ စာအုပ်လပေးမှာယူရန်၊ အလားအလာရှိသည့် ပုဂ္ဂိုလ်များထံ ဆက်သွယ်စာများ ပေးပို့ရန်အတွက် တံဆိပ်ခေါင်းဖိုး ဒေါ်လာ ၅၀၀ မျှ ကျွန်တော်လိုနေသည်။ ငွေချေးမည့် ကုမ္ပဏီတစ်ခုတော့ရှိသည်။ သို့သော် သင့်တင့်သော အာမခံပစ္စည်းပြနိုင်မှရသည်။

အဲသည်တော့ အမေ့ဆီပဲ ကျွန်တော်ကြည့်ရသည်။ အမေ့မှာ အိမ်ထောင်ပရိဘောဂ အသစ်တချို့ ဝယ်ထားတာရှိသည်။ ဒါတွေဝယ်ရာမှာ ကျွန်တော် အကူအညီလည်း အတန်အသင့်ပါခဲ့သည်။ ဒေါ်လာ ၅၀၀ ချေးရန်အတွက် ပရိဘောဂတွေ အာမခံထားပေးဖို့ ပြောသည့်အခါ အမေတွေသွားသည်။ ကျွန်တော့်တစ်သက်မှာ အမေငိုင်သွားတာ ပထမဆုံးကြုံရဖူးခြင်း ဖြစ်သည်။ သည်ပရိဘောဂတွေ ဝယ်နိုင်ဖို့ သူ့မှာ နှစ်ရှည်လများကြိုးစားစုဆောင်းခဲ့ရသည်။ ဒါတွေ အလွယ်တကူ ဆုံးရှုံးသွားမှာ သူမလိုလား။

ကျွန်တော် အမေ့ကို တောင်းပန်းတိုးလျှိုးသည်။ အမျိုးမျိုး ပြောဆိုမှုတောသည်။ နောက်ဆုံးတော့ အမေက "ငါ့ဒီကိစ္စကို ဘုရားသခင်ဆီ တင်ပြကြည့်မယ်"ဟု ဆိုလိုက်သည်။

**ဖြစ်မှာပါသားရဲ့ အောင်မြင်မှာပါ**

နောက်တစ်ပတ်ခန့်မျှ ကျွန်တော် အမေ့ထံ နေ့တိုင်းသွားသည်။ ဘုရားသခင်က ဘယ်လို မိန့်တော်မူသလဲမေးသည်။ "ဘာမှ မသိရသေးဘူး၊ ငါဆုတောင်းတုန်းပဲ"ဟုဆိုသည်။ သို့နှင့် ကျွန်တော်ပါ အမေနှင့်အတူ ဘုရားရှိခိုးသည်။ ဘုရားသခင်ထံ ဆုတောင်းသည်။

တစ်နေ့မှာတော့ အမေက ပြောသည်။ "ဘုရားသခင်က အမေ့ကို လုပ်ပေးလိုက်လို့ပြောပြီထင်တာပဲ"တဲ့။

၁၉၄၃–တွင် နီဂရိုးဒိုင်ဂျက်စ် အောင်မြင်သွားခဲ့သည်။ ကျွန်တော် နှစ်ပေါင်းများစွာ စိတ်ကူးယဉ်လာခဲ့သည့်အိပ်မက်တစ်ခု အကောင်အထည်ဖော်နိုင်တော့မည်။ အမေ့ထံ ကျွန်တော်သွားကာ "အမေဒီနေ့ကစပြီး အလုပ်လုပ်စရာ မလိုတော့ဘူး"ဟူ၍ ပြောလိုက်သည်။ သည်စကားပြောလိုက်ရသဖြင့် ကျွန်တော်ရင်ထဲမှာ ပေါ့သွား၊ ရှင်းသွားသည်။ ရောမကိစ္စကြီးတစ်ခု အောင်မြင်ပြီးမြောက်သွားသလို ခံစားလိုက်ရသည်။ သည့်မတိုင်မီရော၊ သည့်နောက်ပိုင်းမှာပါ တခြားအဲသည်လို စိတ်ပေါ့ပါး ချမ်းသာသွားတာမျိုး ကျွန်တော် ခံစားဖူးသည် မထင်။

၁၉၁၈ ခုနှစ်မှသည် အမေကွယ်လွန်သည့် နှစ်အထိ ၅၉ နှစ်တိုင်တိုင် အမေနှင့်ကျွန်တော် နေ့စဉ်နီးပါးလောက်တွေ့ဖြစ် စကားပြောဖြစ်ကြသည်။

ကျွန်တော် ရုရှားပဲ ရောက်ရောက်၊ အာဖရိကမှာပဲ ဖြစ်ဖြစ်၊ ပြင်သစ်မှာပဲ ရှိရှိ ဘယ်အရပ်ဘယ်ဒေသ ရောက်နေသည်ဖြစ်စေ အမေ့ကိုတော့ တစ်နေ့တစ်ကြိမ်ဖြစ်အောင် ကျွန်တော် ဖုန်းဆက်သည်။ တစ်ကြိမ်မှာတော့ ဟောတီကျွန်းမှာရှိစဉ် အမေ့ထံစကားပြောသည့်အခါ ကြေးနန်းတိုင်ပေါ်တက်ပြီး လှမ်းဆက်ရသည်။

ကျွန်တော့်ကို ကြည့်ပြီး လူတွေ ရယ်ကြသည်။ သို့သော် အမေကတော့ သိပါသည်။

ကျွန်တော့်မှာ အခက်အခဲ အကျပ်အတည်းတွေ ကြုံသည့်အချိန် အမေ့ထံ ဖုန်းဆက်လျှင် "ဖြစ်မှာပါသားရဲ့၊ အောင်မြင်မှာပါ"ဟု အမေ အမြဲ အားပေးလေ့ရှိသည်။

**<u>အမေ့ဆီကရတဲ့ စိတ်ဓာတ်အင်အား</u>**

ထူးထူးခြားခြား တစ်နေ့မှာတော့ ကျွန်တော် အမေ့အား "အမေ၊ ကျွန်တော်တော့ သွားပြီထင်တယ်ဗျာ" ဟူ၍ ပြောမိသည်။ အဲသည်ရက်ပိုင်းကတော့ ကျွန်တော့်ဘဝတစ်သက်တာတွင် အဆိုးဝါးဆုံး ရက်ပိုင်းဟုဆိုရလိမ့်မည်ထင်သည်။

"သား .. မင်းတကယ် ကြိုးစားရဲ့လား"

"ဟုတ်ကဲ့ အမေ"

"တကယ် သေသေချာချာ ကြိုးစားတာ အမှန်နော်"

"ဟုတ်ပါတယ်"

"ဒါဆို မပူနဲ့ သား၊ မင်းတကယ် ကြိုးစားနေတာ မှန်ရင် မအောင်မြင်စရာ မရှိဘူး၊ အောင်မြင်လိမ့်မယ်၊ မကြိုးစားတော့ဘူးဆိုမှသာ တကယ်ရှုံးသွားတာ" အမေအဲသလို စကားပြတ်အောင် ပြောခဲ့သည်။

အမေက ရုပ်ပိုင်းရော၊ စိတ်ပိုင်းပါ ပြတ်သားခိုင်မာသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ကျွန်တော့်ဘဝမှာ အမေ့ဆီက စိတ်ဓာတ်အင်အားတွေ မရသောနေ့ တစ်နေ့မှ မရှိခဲ့ပါ။

(ရည်ညွှန်း။ ။*(Are you Trying Real Hard?*
*-Reader's Digest,August 1994)*

ဝေမြင့်(မဖြစ်နိုင်ဘူးဆိုတာ သေချာပြီလား)စာအုပ်မှ ကူးယူဖော်ပြပါသည်။

# ဘောလ်ပင်တီထွင်ရခြင်းအကြောင်းရင်း

ကလောင်တံအဖြစ် ငှက်မွေးတောင်ကို အသုံးပြုကြ၍ ငှက်များသေဆုံးမှုမှ ကာကွယ်ရန် မီချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက နည်းလမ်းရှာကြခဲ့ရာမှ ဘောလ်ပင် Ballpoint ကိုတီထွင်ကာ အစားထိုးနိုင်ခဲ့သည်ဟု သိရသည်။

*(Illustrated Fascination Facts You wouldn't know!* စာအုပ်မှ)

-၂၀၀၄ ဖေဖော်ဝါရီလထုတ် ရတနာပန်းခင်းမဂ္ဂဇင်း စာ ၁၂၃ မှ။

လူ့လောကမှာ အပူဖြစ်စရာတွေ အများကြီးရယ်ပါ။
ကိုယ့်မှာနှလုံးသွင်းစရာ **တရားဗဟုသုတ** တစ်ခုခုရှိနေမှပါ။
မရှိရင် သိပ်ပူလောင်ရတာပါ။




... ဆင်းရဲခြင်း လွတ်ကင်းအောင်....
လမ်း... ပြခေါင်းပါမည်.... အမှန်မမြင်သူ
ဒါနဲ့တွေ့မည်... မဲထည့်သူတွေ....
တကယ်ချမ်းသာမည်... ဘိုးဘိုးပြောင်
တို့ မ..တဲ့ကံကြီးဆိုက်မည်...

## သက်သက်သာသာ အေးအေးဆေးဆေး နေကြမလား?

သက္ကရာဇ် ၁၂၇၇ (အေဒီ ၁၉၁၅) ခုနှစ်တွင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် သိက္ခာဝါအားဖြင့် (၅၀)၊ သက်တော်အားဖြင့်(၇၀)ပြည့်ပြီးကြွယ်ခဲ့ပြီဖြစ်သည်။

သိက္ခာဝါ (၅၀)၊ သက်တော် (၇၀) ပြည့်သောအချိန်တွင် လယ်တီဆရာတော်ဘုရားကြီး၏ စက္ခုတော်ဝေဒနာမှာ သက်သာသည်ဟူ၍ မရှိဘဲ ရှေးအခါက စာလုံးအကွရာ မမြင်ရသဖြင့် စာမဖတ်နိုင်ရုံ စာမရေးနိုင်ရုံမျှသာ။

ယခုအခါ၌ကား စာကိုမဆိုထားဘိ ခပ်လှမ်းလှမ်း တစ်လံ နှစ်လံအကွာမှ လူပုဂ္ဂိုလ်ကိုပင် သဲသဲကွဲကွဲ မမြင်ရတော့ပေ။


ဤသို့ စက္ခုတော်ဝေဒနာခံစားလျက် သက်တော် ရွယ်တော်ကြီးရင့်လာသောအခါ ဆရာတော်ဘုရားကြီးသည် **"ငါ သက်တော်ရွယ်တော်ကြီးပြီ၊ ဆောင်ရွက်ဆဲဖြစ်သော သာသနာပြုလုပ်ငန်း အဝဝကို ရပ်နားပြီး ဘဝနေဝင်ချိန်ကို တိုက်တာအုပ်ချုပ်ရေးမှစ၍ အခြားမည်သည့်ကိစ္စကိုမျှ မဖက်၊ သမထ ဝိပဿနာ ဘာဝနာအားထုတ်ခြင်းသက်သက်ဖြင့်သာ အေးအေးနေသွားတော်မူမည်"**ဟူ၍ ကြေညာခြင်းလည်း မရှိခဲ့။ မိမိဆောင်ရွက်တော်မူလျက်ရှိသော သာသနာရေးရာ လုပ်ငန်းဆောင်တာအဝဝတို့ကို ဤတစ်ဘဝ တစ်သံသရာဆုံးသည့်(၁၂၈၅ခုနှစ်)တိုင် မရပ်မနားဆောင်ရွက်တော်မူခဲ့ပါသည်။

***–ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ဘဝဖြစ်တော်စဉ် စာ–၇၅၂***

*–(Ashin Therasabha)*

---

### အလကားမဖြစ်တဲ့နေ့



စိတ်ဓာတ်ကျနေတဲ့လူတစ်ယောက်

ကိုယ့်စကားတစ်ခွန်းကြောင့်

စိတ်အားတက်လာတယ်ဆိုရင်

အဲဒီနေ့ဟာ အလကားဖြစ်မသွားတဲ့နေ့လို့ပဲ

ခံစားရတယ်။

***–ဆရာတော်ဦးဇောတိက(မဟာမြိုင်တောရ)။***

## လားရှိုး၌ မိမိရင်သွေးအား မွေးပြီးပြီးချင်း

# ဗိုက်ဖောက်သတ်သည့်မိခင်အား အရေးယူ

**မမ–ရှမ်းပြည်(မြစ်မခ) လားရှိုး မေ ၂၆**

ရှမ်းပြည်နယ်( မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် (၁၂)တွင် မွေးကင်းစ ကလေးငယ်ကို မိခင်ဖြစ်သူက ဘရိတ်ဓားဖြင့် ဝမ်းဗိုက်ဖောက်ပြီး အူထုတ်သတ်ကာ အမှိုက်ပုံးထဲ စွန့်ပစ်ခဲ့သဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**အရေးယူ**

ဖြစ်စဉ်မှာ မေ ၂၅ ရက် ည ၈နာရီခန့်က လားရှိုးမြို့ရက်ကွက်(၁၂) ဘော်ဒါဆောင်တစ်ခု၏ အိမ်သာထဲတွင် အမျိုးသမီးတစ်ဦးက ကလေးကိုမွေးခဲ့ပြီး ကလေးငယ်ကို ဘရိတ်ဓားနှင့်ဝမ်းဗိုက်ဖောက်ပြီး အူကိုဆွဲထုတ်၊ လည်ပင်းညှစ်ကာ ဓားနှင့်လှီးထားသောကြောင့် ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်သည်။

"ကလေးရဲ့ ဝဲဘက်ရင်အုံကိုလည်း ထိုးသွင်းဒဏ်ရာတွေ ပြုလုပ်ခဲ့တဲ့ အမျိုးသမီးကို ညက ဖမ်းဆီးပြီး ဆေးရုံအချုပ်မှာ ဖမ်းထားတယ်။ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှာ အချုပ်ကျနေတယ်ဆိုတာက အဲဒီအမျိုးသမီးကိုယ်တိုင် သွေးသွန်နေလို့ ဆေးကုသမှုခံနေရလို့ပါ"ဟု ဆေးရုံအချုပ်လူနာဆောင် တာဝန်ကျ ရဲတပ်ကြပ်ကြီး ခင်မိုးမြင့်က ပြောဆိုခဲ့သည်။

**ကိုးကန့်တရုတ်**

မွေးကင်းစကလေးငယ်ကို သတ်ခဲ့သူမှာ လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၆) ရှမ်းခိုလောင်းဘော်ဒါဆောင်တစ်ခုတွင် တရုတ်စာသင်ကျောင်းမှ**ကျောင်းသူမအားလိန် (၁၇)နှစ်**မှာ တန့်ယန်းမြို့နယ် မိုင်းကောင်ရွာနေသူ ကိုးကန့်တရုတ်လူမျိုးဖြစ်ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

"**နှစ်သစ်ကူးမှာ ဘီယာသောက်ပျော်ပါးကြရင်း ကျောင်းသားလူငယ်အချင်းချင်း မှားမိရာက ကိုယ်ဝန်ရလာခဲ့တာပါ။ ကျွန်မ အခု ရှစ်တန်းတက်နေတာ၊ နောက်နှစ်ကိုးတန်းပြီးရင် တရုတ်ကျောင်းမှာ ဆရာမဖြစ်နိုင်တယ်။ နိုင်ငံခြားလည်း သွားနိုင်တယ်။ ဒီကလေးရှိနေရင် ဘာမှလုပ်မရဘူး။ ပြီးတော့ သူ့အဖေကလည်း အခုကျောင်းမနေတော့ဘူး။ တရုတ်ပြည်သွားပြီ။ ကိုယ်ဝန်ရှိနေပြီလို့ ကျွန်မဖုန်းဆက်တော့ အပျော်ကစားတာပဲဖြစ်တယ်။ မယူနိုင်ဘူး။ တာဝန်မယူဘူးလို့ပြောတယ်။ ဒါကြောင့်**

**ကျွန်မဒီကလေးကို မရချင်လို့ လုပ်လိုက်တာ**"ဟု မိမိရင်သွေးအား သတ်ခဲ့သည်ဟု ဝန်ခံထားသူ မအားလိနိကပြောဆိုခဲ့သည်။

မေ ၂၉ ရက် ည ၈ နာရီ ခန့်တွင် အဆောင်နောက်ဘက်မှ ကလေးငိုသံကြားသောကြောင့် ကြည့်လိုက်ရာ အမှိုက်ပုံးထဲတွင် ကြွပ်ကြွပ်အိပ်နှင့်ထုပ်ထပ်ထားသော ကလေးတွေ့ရသောကြောင့် မအားလိနိနှင့်အတူ ကလေးကို ဆေးရုံကြီးသို့ ပို့လိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ မွေးကင်းစကလေးကိုသတ်၍ စွန့်ပစ်ခဲ့သူ မအားလိနိကို လားရှိုးမြို့ အမှတ် (၂) ရဲတပ်ဖွဲ့စခန်းမှ ပထမသတင်းပေးချက် အမှတ် ၄၅/၂၀၁၅ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ –၃၀၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၁၇ အုပ်ထိန်းသူက (၁၂)နှစ်အောက်ကလေး စွန့်ပစ်မှုဖြင့် အရေးယူထားသည်။

အဆိုပါ မိခင်နှင့်ကလေးနှစ်ဦးစလုံးကို ဆေးကုသမှုပေးနေခဲ့ရာ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကလေးငယ်မှာ သေဆုံးခဲ့ကြောင်း သိရသည်။

*–(၂၇–၅–၂၀၁၅) စံတော်ချိန် စာ ၂ မှ။*

မှတ်ချက်။ ။ တစ်ခဏပျော်ပါးမှုက အနာဂတ်ရည်မှန်းချက်ကို ပျက်ပြယ်စေသည်။

# စာပေဟောပြောပွဲအလွဲများ

မကြာမီရက်ပိုင်းက စံတော်ချိန်နေ့စဉ်တွင် စာပေဟောပြောပွဲကော်မတီဝင်အချို့၏ အလွဲနှင့်ပတ်သက်သောဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ရေးသူက ဆရာမရွှေကူမေနှင်းဖြစ်သည်။ အကြောင်းကတော့ စာပေဟောပြောပွဲကျင်းပရေး ကော်မတီဝင်အချို့သည် စာရေးဆရာထံ ရက်ချိန်တောင်းပြီးမှ ကတိလည်းမတည်သလို အကြောင်းလည်းမပြန်သောကြောင့် ဖြစ်သင့်သည့်အချိန်တွေသာ ကုန်သွားရသလို စာရေးဆရာမများမှာလည်း စနိုးစနောင့်ဖြစ်ရသည်။ ဒါကြောင့် အဲဒီလိုမဖြစ်ရအောင် အပြန်အလှန်လေးစားသောအားဖြင့် တစ်လအတွင်း အကြောင်းပြန်သင့်ကြောင့် ရေးထားတာဖြစ်သည်။

ထိုဆောင်းပါးကိုဖတ်ပြီး မှန်လိုက်လေဟုစိတ်ထဲက ထောက်ခံရင်း အလိုလိုပြုံးမိသွားခဲ့သည်။ ပြုံးရခြင်းမှာလည်း ကျွန်တော့်ကိုယ်တွေ့အချို့နှင့် တိုက်ဆိုင်သလို နောက်ထပ်ပြောစရာများရှိနေ၍ဖြစ်သည်။

ကျွန်တော်၏စာရေးသက်မှာ နှစ်(၄၀)ကျော်ပါပြီ။ ဘဝတစ်လျှောက်လုံး စာရေးချင်၊ ကဗျာရေးချင်၍ စာရေးဆရာအဖြစ်နှင့်ပင် ဖြတ်သန်းခဲ့သည်။ စာဟောဆရာ၊ သို့မဟုတ် စာပေဟောပြောသူအဖြစ်ရောက်ဖို့ မရည်ရွယ်ခဲ့သလို

ဝါသနာလည်း ပါလှသည်တော့မဟုတ်ပါ။ သို့သော်လည်း အခြေအနေက မထင်မှတ်ဘဲ စာပေဟောပြောသူဘဝရောက်ခဲ့တာ သုံးနှစ်သုံးမိုးရှိခဲ့ပါပြီ။ တစ်နှစ်လျှင် ၁၅ပွဲ၊ ပွဲ ၂၀ ခန့်ဖြင့် စာပေပွဲပေါင်း ၅၀–ကျော်ခန့် ဟောခဲ့ပြီးပါပြီ။ မိမိနှင့်တွဲ၍ ဟောခဲ့ရသူများမှာ အများစုက ယနေ့ရှုပါတန်းဝင် အဟောအပြောကောင်းသူတွေချည်းဖြစ်သည်။

ဒါကြောင့် သူတို့နှင့် ပခုံးချင်းမယှဉ်နိုင်သော်မှ သူတို့ထက် အပြတ်အသတ်ညံ့မကျန်ခဲ့အောင် ကိုယ့်ဘက်က အားထုတ်ရပါသည်။ မှတ်ရ၊ ဖတ်ရသည်။ အများကြီးဖတ်ထားတာတွေထဲက နည်းနည်းလေးရသည်။ အကောင်းတွေကို စုပြီး ဖြတ်သန်းခဲ့သည့်ဘဝအတွေ့အကြုံတွေနှင့်ရင်းကာ စာပေဝမ်းစာတွေပါ ထပ်ပေါင်း၍ ယနေ့လူငယ်အများစုအတွက် တစ်စုံတစ်ရာရအောင်၊ သို့မဟုတ် ကျန်ခဲ့အောင် လေ့ကျင့်ရပါသည်။ စာရေးသည်က မှားသွားလျှင် ခြစ်ပစ်ဆုတ်ပစ်လို့ရသည်။ ပရိသတ်ရှေ့မှားသွားလျှင် ရှက်စရာကောင်းရုံမျှမက အဆင်မသင့်လျှင် အကျိုးနည်းသွားတတ်ပါသေးသည်။

သို့ပါ၍ အဟောအပြောကောင်းသူများကို လေးစားအားကျသလို ဒီဘဝရောက်အောင် သူတို့အားထုတ်ထားရသည့် အရင်းအနှီးကလည်း မသေးပါကလားဟု တန်ဖိုးထားမိပါသည်။ ကိုယ်ချင်းလည်းစာမိပါသည်။ ဟောတာ၊ ပြောတာလွယ်လျှင် စာရေးဆရာတိုင်း၊ ကဗျာဆရာတိုင်း ဟောပြောသူတွေချည်း ဖြစ်ကုန်ပေလိမ့်မည်။

သို့သော် ၁၀ ယောက် တစ်ယောက်ဖြစ်ပါသလား။ အယောက် ၁၀၀ တစ်ယောက်ဖြစ်ပါသလား။ လက်ချိုးရေတွက်လျှင် အတော်ရှားပါသည်။ ပြောရလျှင် ပထမတန်းစား ဟောပြောသူတွေ လက်ချိုးရေလို့ရှားပါး၍သာ ကျွန်တော့်လိုလူက ဒုတိယတန်းစားထဲမှာ ခပ်လွယ်လွယ်ရောက်လာရခြင်းဖြစ်သည်။ ဟောပြောပွဲအတွေ့အကြုံ အတော်အတန်ရလာတော့ ပြောစရာများလည်း ရလာတာ အဆန်းတော့မဟုတ်ပါ။ တကယ်တော့ ကျွန်တော်ထုတ်ဖော်၍ မပြောချင်သော ဟောပြောပွဲအတွေ့အကြုံအချို့သည် လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် မရှိခဲ့ပါ။ ယခုနှစ် ၂၀၁၅ခုနှစ်ရောက်မှ တွေ့ရ၊ ကြုံရတာဖြစ်၏။

တလောက မြန်မာပြည်အထက်ပိုင်းရှိမြို့နယ်ကြီးတစ်မြို့နယ်မှာဖြစ်သည်။ လူသိထင်ရှားနာမည်ကျော်ကြားသော နိုင်ငံရေးသမားစာရေးဆရာကြီး၏ အထင်ကရစာကြည့်တိုက်ရှိသည်။ အထင်ကရ ဂူဗိမာန်ရှိသည်။ ထိုဂုဏ်ဒြပ်တွေကိုမှ အားမနာ။ လာကြိုတော့လည်း နောက်ကျ။ လုပ်ပုံကိုင်ပုံတွေ အကွက်မစေ့သမျှ

ကော်မတီဝင်အချင်းချင်း အပြစ်ဖို့လိုဖို့။ တစ်ညလုံးကားစီးရလို့ ခရီးပန်းလာသည့် စာရေးဆရာကိုမှ အားမနာ။ ရပ်ကွက်လူထုကို စာပေဟောပြောပွဲ ဖိတ်ကြားပုံကျတော့ ခွတီးခွကျနှင့်။ 'ယနေ့ည စာရေးဆရာကြီးများက မေတ္တာနဲ့ အခမဲ့ ဟောကြားမှာဖြစ်လို့ ကြွရောက်တော်မူကြပါ' တဲ့။ကျွန်တော်တို့စာရေးဆရာများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပါးစပ်တွေအဟောင်းသားဖြစ်သွား၏။ တကယ်ပါပဲ။ တစ်ယောက်လျှင် တစ်နာရီကျော်ကျော်စီ ဟောပြီးလို့ လက်ဆောင် အိတ်ကလေးတွေကို နားနေသည့် ဘုန်းကြီးကျောင်းမှာ ဖွင့်ကြည့်လိုက်တော့ သာမန် ပုဆိုးလေးတစ်ထည်နှင့် စာအိတ်ပါးပါးလေးတစ်အိတ်။ စာအိတ်ထဲမှာပါသည်က အပြန်ခရီးစရိတ်မျှသာ။ လမ်းမှာစားဖို့စရိတ်လေးမျှပင် အပိုမပါ။ မှတ်မှတ်ရရ အဲဒီလိုအဖြစ်မျိုး နယ်မှာနှစ်ခါကြုံခဲ့သည်။

နောက်တစ်မျိုးကတော့ ရန်ကုန်မြို့၏ လူနေထူထပ်သော၊ စက်ရုံအလုပ်ရုံ တွေ ထူထပ်သော ရပ်ကွက်ကြီးတစ်ရပ်ကွက်မှာ ဖြစ်သည်။ စာပေဟောပြောပွဲ က ဗိုလ်ချုပ်ရာပြည့်အထိမ်းအမှတ်ပွဲ။ စာရေးဆရာနှစ်ယောက်နှင့် နာမည်ကျော် ကာတွန်းဆရာတစ်ယောက် ပေါင်းသုံးယောက်။ စာရေးဆရာကို လာကြိုသည့် သူက ကားကျပ်တာအကြောင်းပြ၍ တော်တော်နှင့်ပေါ်မလာ။ အချိန်တွက်ကြည့် တော့ သူလာတာစောင့်နေလျှင် ဒီညဟောရတော့မှာမဟုတ်။ ဒါကြောင့် တာဝန်ခံ စာရေးဆရာက သုံးယောက်ပေါင်းစုရပ်မှ ကိုယ်တိုင်အငှားယာဉ်ငှား၍ သွားရလေ တော့၏။

ပွဲကျင်းပမည့်နေရာရောက်တော့ ည ၇ နာရီကျော်ပြီ။ ကျွန်တော်တို့ ထမင်းမစားပါ။ သူတို့အဖွဲ့က ညှော်ခံသော လက်လေးသစ်ခန့်အပေါ်စားအရက်ကို အဖွဲ့ဝင်အပါအဝင် လေးယောက်သား မျှသောက်ပြီး အမြည်းကလေးနှစ်မျိုးကို ခပ်သုတ်သုတ်စားကာ ပွဲခင်းထဲ ဝင်လာခဲ့ကြပါသည်။ ဗိုလ်ချုပ်ရာပြည့်အမှတ် တရမို့ ဗိုလ်ချုပ်နှင့်ဆိုင်သော သီချင်းကို လှလှဖြောင့်ဖြောင့် အမျိုးသမီးက သီဆို ကောင်းနေဆဲ။ နောက်ထပ်နှစ်ယောက်ခန့်သီဆိုပြီးမှ ဟောပြောပွဲစသည်။ အစီ အစဉ်တွေ ကြိုတင်အစီရင်ခံနေချိန်အထိ ဟောမည့်စာရေးဆရာတွေ ထိုင် စရာနေရာမရှိ။ မဖြစ်သာတော့မှ ပရိသတ်တွေထိုင်နေသည့် ရှေ့ဆုံးက ကော် ကုလားထိုင်တွေမှာ ဝင်ထိုင်ရသည်။

ဟောပြောပွဲလက်ခံသည့် စာရေးဆရာက မနေသာသည့်အဆုံး ဟောပြော မည့်စင်နှင့် မလှမ်းမကမ်းတွင်ရှိသော စားပွဲတစ်လုံးနှင့် ကော်ကုလားထိုင် သုံး၊လေးလုံးဆီညွှန်၍ တစ်စုံတစ်ရာပြောလိုက်တော့မှ 'မှားလို့ပါဆရာရယ်' ဆိုပြီး

ကျွန်တော်တို့ကို နေရာပြောင်းထိုင်ခိုင်းသည်။

စားပွဲပေါ်တွင် ရေသန့်ဘူးသုံးဘူးမှလွဲ၍ ဘာမျှမရှိ။ ဟောပြောသူဟောရင်း သောက်ရန် ရေသန့်ဘူးနှင့် ဖန်ခွက်ကိုတော့ ခြေနင်းကြမ်းပြင်ပေါ်မှာချထား၏။ ဟောပြောသူက ဟောရင်းပြောရင်း ရေဘူးကို ကုန်း၍ငုံ့သောက်နေရပုံမှာ တော်တော်ကျဲရွှေ့ဖျက်လှသည်။ ဟောပြောသူတစ်ယောက် ဟောပြောပြီးမှ စာရေးဆရာတွေထိုင်သည့် စားပွဲပေါ်သို့ လက်ဖက်သုပ်နှစ်ပွဲရောက်လာသည်။ ရေနွေးမပါ။ ရေနွေးခွက်မလာ။ နှစ်ယောက်ပြောပြီးတော့ နားထောင်သည့်ပရိသတ်က လူ ၂၀ခန့်ပဲရှိတော့၏။ သီချင်းတွေဆိုတုန်းကတော့ လူတွေက ကုလားထိုင်အပြည့်။

နောက်ဆုံးပြောရမည့် စာရေးဆရာကို ကျွန်တော်အားနာသည်။ သို့ဖြင့် နေရာချထားသည့် စားပွဲမှခွာကာ လူမရှိတော့သည့် ရှေ့ဆုံးတန်းက လွတ်သည့် နေရာသို့ ပြောင်းထိုင်ပြီး ကိုယ့်လူကိုယ် အားပေးရပါတော့သည်။ ဟောပြောပွဲ အစီအစဉ်ပြီး၍ ကျွန်တော်တို့ကို ပြန်ပို့မည့်ကားပေါ်ရောက်တော့ သူတို့အစီအစဉ်က တစ်ခုကျန်သေး၏။

သူတို့ပါတီဝင်အဖွဲ့သားများ ဗိုလ်ချုပ်အမှတ်တရသီချင်းဆိုပြီး ပွဲသိမ်းရန် ဖြစ်သည်။ သို့သော် ကွင်းထဲတွင် လူတစ်ယောက်မျှမရှိတော့။ ခွေးတစ်ကောင်းမျှ မရှိတော့။ စင်ပေါ်တွင် မိုက်နှစ်လုံးနှင့် အဖွဲ့ဝင်နှစ်ယောက်သာ ကျန်ခဲ့၏။ မညီမညာ မပီမသနှင့် ဗိုလ်ချုပ်သီချင်းကိုဆိုရင်း ကျန်ခဲ့၏။ အိမ်ရောက်လို့ အမှတ်တရ လက်ဆောင်စာအိတ် အသေးစားပါးပါးလေးကိုဖွင့်ကြည့်တော့ ရပ်ကွက်ထဲ လှည့်အလှူခံထားသည့် အရောင်အသွေးမညီညာသည့် ကျပ် ၁၀၀၀ တန် အရွက် ၃၀ တိတိကို တွေ့လိုက်ရပါသည်။ ကျွန်တော့်မျက်စိထဲတွင် ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းပို့သည့် လက်စွပ်ကြီးတကားကားနှင့် ကော်မတီဥက္ကဋ္ဌ ဆိုသူကို လည်းကောင်း၊ လည်ပင်းတွင် ရွှေဆွဲကြိုးအတုတ်ကြီးကို အင်္ကျီအပေါ်ဆုံး ကြယ်သီးဖြုတ်ဆွဲထားသည့် ဒုဥက္ကဋ္ဌဆိုသူကိုလည်းကောင်း၊ ပြီးတော့ ပင်နီတိုက်ပုံကို ပုံမကျပန်းမကျဝတ်ထားသည့် အတွင်းရေးမှူးဆိုသူကိုလည်းကောင်း မြင်ယောင်နေမိသည်။ ပြီးတော့ ပြည်သူလူထုအလှူရှင်များထံမှ ကောက်ခံထားသော အလှူငွေများ။

ကျွန်တော်ပြောချင်သည်မှာ စာရေးဆရာဆိုတာ စျေးသည်မဟုတ်ပါ။ ထို့ကြောင့် စာပေဟောပြောပွဲတစ်ပွဲအတွက် ဘယ်ရွေ့ဘယ်မျှဟု ငွေစကား ပြောလေ့မရှိပါ။ ပွဲစီစဉ်သူ၏သိတတ်မှုအတိုင်းသာ ကျေနပ်လက်ခံစမြဲဖြစ်သည်။

ထိုစာရေးဆရာ၏ ဂုဏ်ပုဒ်နှင့်ညီမျှသော သိတတ်မှုဆိုသည်ကဖြင့် ပွဲစီစဉ်သူ၏ ဦးနှောက်နှင့်အမြော်အမြင် နှလုံးသားအပေါ်ပဲ မူတည်ပါသည်။ သို့မဟုတ်လျှင်လည်း အခြေအနေကို နားလည်သော်ငြား မပြည့်စုံနိုင်ခြင်းကိုတော့ ပွင့်လင်းရိုးသားဖို့လိုသည်။

အခုတော့ သူများလုပ်လို့ လိုက်လုပ်ပြီး နားမလည် မကျွမ်းကျင်သည်ကို ရိုးရိုးသားသားမမေးဘဲ သိယောင်ကားတတ်ယောင်ကား လုပ်နေကြတာထက် စာလျှင် မလုပ်ဘဲနေတာက ကောင်းသေးသည်။ စာရေးဆရာ၏ဂုဏ်သိက္ခာကိုလည်း နားမလည်။ ဟောပြောပွဲ၏တန်ဖိုးကိုလည်း မသိ။ ဟောပြောပွဲတစ်ပွဲစာ ပရိသတ်ကိုတောင်မှ နှစ်နာရီ၊ သုံးနာရီ ဣန္ဒြေမပျက်အောင်မစည်းရုံးနိုင်လျှင် အချိန်များစွာပေး၍ ထမ်းဆောင်ရမည့် လူထုတာဝန်ကိုဘယ်လို ထမ်းဆောင်ကြပါမည်နည်း။

အဆိုးဆုံးကတော့ ဒီဘက်ပိုင်းမှာ ကြားလာရသည့် 'စာပေဟောပြောပွဲလုပ်ဖို့ ဘယ်စာရေးဆရာငှားရမလဲ'ဟူသည့် မဖွယ်မရာ စကားတစ်ခွန်းပဲဖြစ်ပါသည်။ ဒီစကားသည် စာရေးဆရာ၏ တန်ဖိုးကို မသိရုံမျှမကဘဲ စာရေးဆရာ၏ ဂုဏ်သိက္ခာကိုပါ စော်ကားမော်ကားလုပ်တာဖြစ်ပါသည်။

ထပ်၍ဆိုလိုက်ပါမည်။

စာရေးဆရာဟူသည် ဈေးသည်မဟုတ်ပါ။ ရောင်းကုန်မဟုတ်ပါ။ အငှားခံလူစားမဟုတ်ပါ။

ထို့အတူ စာပေဟောပြောပွဲ၏ အသုံးချခံလည်း မဟုတ်ပါ။ စစ်မှန်သော၊ ရိုးသားသော စာပေဟောပြောပွဲယဉ်ကျေးမှုမျိုးသာ ထွန်းကားစေချင်ပါသည်။

**–မြေလတ်မောင်မြင့်သူ။**

***(၉–၃–၂၀၁၄) စံတော်ချိန် စာ–၁၄။***

**ဝေမျှနုပ်စာ**

ငါဟာ ချမ်းသာတဲ့သူမဟုတ်လို့ လူတွေကို ပစ္စည်းတွေ ငွေတွေ မပေးနိုင်ပေမယ့် စိတ်ထားကောင်းကောင်းနဲ့ ဆက်ဆံနိုင်တယ်။ အကျိုးရှိတဲ့စကားကို ပြောနိုင်တယ်။ မေတ္တာကို ပေးနိုင်တယ်။ ကိုယ်ချင်းစာပေးနိုင်တယ်။ အဲဒါတွေကို နေ့စဉ်ပေးမယ်။ ပေးလိုက်လို့ ကုန်သွားမယ့်အရာတွေမဟုတ်လို့ ဘာမှပူစရာလည်းမရှိဘူး။ တကယ်တော့ ပေးလေလေ တိုးလာလေလေပဲ။ ဒါလောက်တော့ ငါလုပ်နိုင်ပါတယ်။ လူတိုင်းလည်း လုပ်နိုင်ပါတယ်။

***–ဆရာတော် ဦးဇောတိက။ –facebook မှ။***

# အသက် ၉၀ အရွယ် အမေရိကန်စစ်ပြန်ကြီးက

## နှစ်ပေါင်း၇၀ကျော်ကြာပြီးမှ အထက်တန်းအောင်လက်မှတ်ရယူနိုင်ခဲ့

အမေရိကန်နိုင်ငံ၊ အိုကလာဟိုးမားပြည်နယ်က ဘေလာကင်ဆိုသူ အသက်၉၀–အရွယ်စစ်ပြန်ကြီးက အထက်တန်းကျောင်း အောင်လက်မှတ်ရဖို့ နှစ်ပေါင်း ၇၀–ကျော် စောင့်ဆိုင်းလိုက်ရတယ်လို့သိရပါတယ်။ ၁၉၄၃ ခုနှစ်တုန်းက အထက်တန်းကျောင်း နောက်ဆုံးနှစ်တက်နေတုန်းအချိန်၊ ကျောင်းမပြီးသေးခင် အချိန်မှာပဲ အမေရိကန်ရေတပ်ထဲ ဝင်လိုက်တဲ့အတွက် အထက်တန်းကျောင်း တစ်ပိုင်းတစ်ပျက်နဲ့ ကျောင်းထွက်ခဲ့သူဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း သုံးနှစ်လောက်ပင်လယ်ထဲ ရေတပ်နဲ့အတူ စစ်မှုထမ်းနေခဲ့ပြီး စစ်ပြီးဆုံးသွားခဲ့တဲ့နောက် အထက်တန်းကျောင်းက ရည်စားဖြစ်သူ လျှိုက်စ်နဲ့လက်ထပ်ထိမ်းမြားခဲ့လို့ မိသားစုထူထောင်ရင်း အထက်တန်းကျောင်း ပညာရေးကို လုံးဝစွန့်လွှတ်ခဲ့ပါတယ်။ ကုန်တင်ကားမောင်းသူ၊ ဆောက်လုပ်ရေး ကြီးကြပ်ရေးမှူးစသဖြင့် အလုပ်ပေါင်းစုံလုပ်ရင်း အသက်တွေကြီးလာခဲ့ပေမယ့် ဒီအထက်တန်းကျောင်းပညာရေးကိုတော့ ဘေလာကင်တစ်ယောက် လုံးဝမေ့ထားလိုက်ပါတော့တယ်။ ဘေလာကင်ရဲ့အထက်တန်းကျောင်း ဆင်ကီယာတွတ်က ကျောင်းရဲ့သမိုင်းကို ပြန်လည်ပြုစုရေးသားချိန်မှာ ဘေလာကင်တစ်ယောက် အထက်တန်းကျောင်း အောင်လက်မှတ်မယူဘဲ စစ်ထဲဝင်သွားတာကို ပြန်လည် တွေ့ရှိခဲ့ကြပြီး လက်ရှိကျောင်းသားတွေရဲ့ လေးစားဖွယ်ကျောင်းသားကြီးအဖြစ် အထက်တန်းကျောင်းအောင်လက်မှတ်ကို ဆုချီးမြှင့်ပွဲမှာ တက်ယူဖို့ တပို့ခဲ့တာကြောင့် စစ်ပြန်ဘိုးဘိုးကြီးဘေလာကင်က ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့ကျမှ ၇၂ နှစ်တိုင် မေ့ထားခဲ့တဲ့ အထက်တန်းအောင်လက်မှတ်ကြီးကို တတ်ရောက် ရယူသွားခဲ့တာပဲ ဖြစ်ပါတယ်။

*–( ၂၈-၅-၂၀၁၅ ) ပြည်မြန်မာ–တ–၃၅။*

ဥပဒေသ။ ။ သမိုင်းမှတ်တမ်းများက ကောင်းကျိုးဖြစ်ထွန်းစေသည်။

**အဓိပ္ပါယ်မဲ့နေထိုင်ရင်**

လူ့ဘဝသက်တမ်းလေးက တိုတိုလေးရယ်ပါ။ အဲဒီသက်တမ်း တိုတိုလေးရဲ့ ဘဝနေထိုင်မှုတွေထဲမှာ အဓိပ္ပါယ်မဲ့နေထိုင်မှုက များနေရင် လူ့ဘဝရလာတာ ဘယ်အဓိပ္ပါယ်ရှိပါတော့မလဲ။ **–ရဝေနွယ်(အင်းမ)။**


ငြိမ်းချမ်းရေးလည်းပျောက်
ယုံကြည်မှုလည်းပျောက်
သမ္မာတရားတွေလည်းပျောက်
အမှန်တရားတွေလည်းပျောက်...
အကုန်..ပြီးလောက်အောင်..
ပျောက်နေရတယ်..
နေနိုင်ပါကွာ..
တစ်ခုလောက်
တောင်းချင်ပါသတဲ့ဗျာ.
သူတို့လိုချင်တာ
ရှိုးသွားမှာတဲ့ဗျာ.
2013

# တန်ဖိုးရှိသောဘဝကို ဖန်တီး

လူတိုင်းလူတိုင်း တိုးတက်ရန်အခွင့်အလမ်းများ ရှိနေသည်။ အခွင့်အလမ်းဟူသည် သူ့အလိုအလျောက်ရောက်လာသော အရာမဟုတ်ချေ။ နေ့စဉ်ဖြစ်ပေါ်လာသော အခွင့်အလမ်းများကို လက်တွေ့အသုံးချခြင်းဖြင့် အခွင့်အလမ်းကို ကြီးမားအောင် ပွားယူကြရသည်။ လူတော်များသည် အခွင့်အလမ်းကိုစောင့်မနေဘဲ အခွင့်အလမ်းကို ဖန်တီးအသုံးချရယူနိုင်ကြသူများဖြစ်ပေသည်။

နေ့စဉ်ရှင်သန်လုပ်ကိုင်နေခြင်းသည်ပင် ဘဝကပေးထားသည့် အထူးအခွင့်အရေးပင်ဖြစ်ပေသည်။ ကြုံလာသောအလုပ်တိုင်းသည် မိမိအစွမ်းကိုပြသနိုင်သည့် အခွင့်အရေးပင်ဖြစ်ပေသည်။ ကြုံတွေ့လာသည့် အခက်အခဲသည်ပင် မိမိ၏ စိတ်ဓာတ်ရင့်ကျက်မှုကို လေ့ကျင့်ပေးတတ်ကြပေသည်။ အသုံးချတတ်ပါမှ အသုံးကျနေတတ်ပေသည်။ နေ့စဉ်လုပ်ကိုင်နေရသော အလုပ်တိုင်းသည်ပင် အောင်မြင်တိုးတက်ရေးအတွက် အထူးအခွင့်အရေးတစ်ရပ်ပင်ဖြစ်ပေသည်။ တိုးတက်လိုစိတ်ရှိဖို့သာလိုသည်။ ထိုစိတ်သည် အရာရာကို ဖြတ်ကျော်သွားပါလိမ့်မည်။

လူ့ဘဝအတွက် ဆုတ်ယုတ်ခြင်းမှာ စိတ်ပျက်အားလျော့ခြင်းဖြစ်သည်။ ဘာမှမလုပ်သရွေ့ ဘာမှဖြစ်လာမည်မဟုတ်ပါ။ ကြိုးစားလုပ်ကိုင်ခြင်းသည်သာ မိမိတာဝန်ဖြစ်သည်။ **အောင်မြင်ခြင်းဆိုသောအရာသည်ကား အလုပ်မှသာ ပေါက်ဖွားလာတတ်မြဲပင်ဖြစ်သည်**။ စိတ်ဓာတ်ကျသမျှ ခန္ဓာကိုယ်လည်း လှုပ်ရှားမှု နှေးကွေးသွားမြဲဖြစ်သည်။ သို့အတွက် လောကအတွင်း ရှင်သန်ရပ်တည်ခြင်း ပြုနေပါက စိတ်ဓာတ်မကျရေးကို ဦးစားပေး ကျင့်ဆောင်ကြရပေမည်။

ပျင်းရိသောစိတ်သည် ဖျင်းသောအလေ့အကျင့်ကို ဖိတ်ခေါ်ပြီး အရာရာကို လွယ်လွယ်မျှော်လင့်တတ်ကြပေသည်။ လွယ်လွယ်ရသမျှ လွယ်လွယ်သာကုန်ပြီး တူညီသောအကျိုးက ကပ်ပြီးပါလာတတ်မြဲဖြစ်သည်။ လှပသော ဘဝသစ်တစ်ခုကို တည်ဆောက်မည်ဆိုပါက နေ့စဉ် စိတ်သစ်၊ လူသစ်နှင့် တက်ကြွမှုအသစ်တို့ဖြင့် စတင်ကြရပေမည်။ သို့အတွက် ကြိုးစား၍လုပ်ဆောင်ရမည်။ အစွမ်းကုန်မျှော်လင့်ရမည်။ မဖြစ်မနေ စတင်ရမည်။

လောကသည် အမှတ်ပေးသောလုံးပြိုင်ပွဲနှင့် အလားသဏ္ဌာန်တူပေသည်။ အရည်အချင်းမရှိသမျှ ကျရှုံးရပေမည်။ မည်သို့ပင် ရှုံးနိမ့်ပါစေ၊ မလျှော့သောစွဲဖြင့် ဆက်လုပ်ရမည်။ ရပ်နေသမျှ ကျန်နေကြမည်ဖြစ်သည်။ လူတွင် ကိုယ်ပိုင်မှတ်တမ်းနှင့် လုပ်ရပ်သမိုင်းတို့ ထင်ဟပ်နေတတ်မြဲဖြစ်သည်။ သို့ အတွက်

သမိုင်းတွင် မှတ်ကျောက်တင်နိုင်ရေးအတွက် ကောင်းမြတ်သည့် လုပ်ငန်းကို လုပ်ဆောင်ရုံမှတစ်ပါး အခြားမရှိနိုင်ချေ။

**တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စရိုက်မြင့်မားရေးသည် နိုင်ငံအတွက်သာမက လူသားတိုင်း၏ဘဝနှင့်ပါ သက်ဆိုင်နေပါသည်။** မနေ့က လုပ်ဆောင်မှုထက် ယနေ့မိမိ၏စိတ်ဓာတ်နှင့် လုပ်ရပ်တို့က သာလွန်ကောင်းမွန်နေရပေမည်။ လူသားအားလုံးကို မလွှမ်းမိုးနိုင်လျှင်လည်း မိမိကိုယ်ကို လွှမ်းမိုးအားပေးနေကြရမည်။ သို့အတွက် နံနက်ခင်း အရုဏ်သစ်နှင့်အတူ နိုးကြားတက်ကြွရမည်ဟု မိမိကိုယ်ကို အမိန့်ပေးရင်း မောင်းနှင်ခြင်းပြုကြရပေမည်။

ဘဝခရီးသွား လူသားသည် စိတ်ညစ်စေခြင်းဖြင့် အရောင်မဆိုးသင့်ချေ။ လှပသောနေ့ရက်တိုင်းတွင် လတ်ဆတ်သော စိတ်ဓာတ်အသိဖြင့် လူသားတာဝန်ကို ထမ်းဆောင်ကြရပေမည်။ **ဘဝသည် အလကားရသောအရာ မဟုတ်သည့်အတွက် ပေါ့ပေါ့ဆဆနေထိုင်ရင်း အချိန်မဖြုန်းသင့်ချေ။**

***ပညာရပ်တိုင်းသည် တန်ဖိုးရှိနေတတ်ပေသည်။*** အဓိက ***အရေးကြီးသော အချက်မှာ ထိုပညာရပ်ကို မှန်ကန်စွာ အသုံးချတတ်ရန်သာဖြစ်ပေသည်။*** တစ်နည်းအားဖြင့်ဆိုရပါမူ အမှားကဲ့သို့ ပေါ့ပေါ့ဆဆနေပါက အမှားဖြစ်သလို သာမန်သာဖြစ်နေပေလိမ့်မည်။ သို့အတွက် အမြော်အမြင်ရှိစွာ အဝေးသို့ကြည့်သကဲ့သို့ အနီးကိုလည်း ဂရုစိုက်ကြည့်ကြရပေမည်။ ရခဲလှသည့် လူ့ဘဝကိုရရှိလာချေပြီ။ ယနေ့သည် စိတ်သစ်၊ လူသစ်၊ ဘဝသစ်ကို ဖန်တီးရမည့်အချိန်ဖြစ်ပါသည်။ သို့ဖြစ်၍ ***တန်ဖိုးရှိသောလူဖြစ်ရေးအတွက် တန်ဖိုးရှိသော အလုပ်များဖြင့် ကြိုးစားသင့်ပါကြောင်း။***

–(၁၉-၃-၂၀၁၅) ကြေးမုံ စာ-၂။

## လူတိုင်းအပေါ် မထားသင့်တဲ့အရာ

**ရိုးသားမှုဆိုတာ လူတိုင်းမှာ ထားရှိသင့်တဲ့အရာတစ်ခုပါ။**
**ဒါပေမယ့် လူတိုင်းအပေါ်တော့ မထားပါနဲ့။**
**ညာတဲ့သူတွေက ရိုးသားတဲ့သူတွေကိုပဲ ရွေးပြီးညာတတ်လို့ပါ။**

*–facebook* မှ။

မှတ်ချက်။ ။ ညာတာကသူ့အပိုင်း၊ ရိုးသားရမှာက ကိုယ့်အပိုင်း။

# စိတ်ဖိစီးမှုနှင့် စိတ်အားငယ်မှုတို့သည်

## နှလုံးဖောက်ပြန်မှု(Heart attack)ကိုဖြစ်စေနိုင်

စိတ်အားငယ်တတ်ပြီး စိတ်ဖိစီးမှုပြင်းပြင်းထန်ထန်ဖြစ်နေသော နှလုံးရောဂါသည်သည် နှလုံးဖောက်ပြန်ပြီး သေဆုံးမည့်အန္တရာယ် များသည်ဟု လေ့လာတွေ့ရှိချက် အသစ်တစ်ရပ်အရ သိရသည်။

"စိတ်ဖိစီးမှုလဲ ပြင်းပြင်းထန်ထန်ဖြစ်၊ စိတ်အားငယ်တတ်မှုလဲ ဆိုးဆိုးရွားရွားဖြစ်နေတဲ့ နှလုံးရောဂါဖြစ်စလူကြီးတွေရဲ့ နှလုံးဖောက်ပြန်မှုဟာ အသက်သေဆုံးတဲ့အထိ ဖြစ်တတ်တာကို ကျွန်တော်တို့တွေ့ရပါတယ်"ဟု နယူးယောက်မြို့ရှိ ကိုလံဘီယာဆေးတက္ကသိုလ်မှ သုတေသီခေါင်းဆောင် ကာမီလာအယ်လ်ကန်တာရာက ဆိုသည်။

နှလုံးပတ်သွေးကြောဆိုင်ရာ နှလုံးရောဂါရှိသော အသက် ၅၅ နှစ်ရှိ လူပေါင်း ၄၅၀၀ ကျော်တို့ကို အယ်လ်ကန်တာရာနှင့် သူ၏လုပ်ဖော်ကိုင်ဖက်တို့က လေ့လာခဲ့သည်။ နှလုံးပတ်သွေးကြောဆိုင်ရာ နှလုံးရောဂါသည် နှလုံးသွေးလွှတ်ကြောများတွင် ပိတ်ဆို့မှုဖြစ်သောကြောင့်ဖြစ်သည့် နှလုံးရောဂါဖြစ်သည်။ ယင်းသည် ဖြစ်လေ့ဖြစ်ထရှိသော နှလုံးရောဂါဖြစ်သည်။

သုတေသီများအဖွဲ့သည် စေတနာ့ဝန်ထမ်း စမ်းသပ်ခံသူများကို အိမ်မှာပင် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အတွင်း စစ်ဆေးစမ်းသပ်ခဲ့သည်။ စိတ်ဖိစီးမှုနှင့် စိတ်အားငယ်တတ်ခြင်းဆိုင်ရာ ပြဿနာများကို ပြီးပြည့်စုံသည်အထိ လေ့လာခဲ့သည်။ ဥပမာအားဖြင့် ဖော်ပြရလျှင် ယခင်သီတင်းပတ်များအတွင်းကဆိုလျှင် စိတ်အားငယ်မှု၊ အထီးကျန်မှု မကြာခဏခံစားရကြောင်း၊ ငိုသည်အထိဖြစ်ရကြောင်း၊ လွန်ခဲ့သောလများကဆိုလျှင် နှလုံးဖောက်ပြန်မှုကို သေမလောက်ခံစားခဲ့ရကြောင်း စေတနာ့ဝန်ထမ်း စမ်းသပ်ခံသူများက ဆိုသည်။

စေတနာ့ဝန်ထမ်း စမ်းသပ်ခံသူများအနက် ၁၂ရာခိုင်နှုန်းနီးပါးမှာ စိတ်ဖိစီးမှုပြင်းပြင်းထန်ထန်ဖြစ်နေပြီး ၁၄ရာခိုင်နှုန်းနီးပါးမှာ စိတ်အားငယ်မှု အဆင့်မြင့်လျက်ရှိပြီး ၆ ရာခိုင်နှုန်းမှာ ထိုရောဂါနှစ်မျိုးစလုံးရှိကြောင်း တွေ့ရသည်ဟု သုတေသီများက ဆိုသည်။

ထို့နောက် ၆ နှစ်ကြာသောအခါ စေတနာ့ဝန်ထမ်း စမ်းသပ်ခံသူများအနက် ၁၃၃၇ ဦးတို့မှာ နှလုံးဖောက်ပြန်မှု (Heart attack) ဖြစ်လာခြင်းသော်လည်းကောင်း၊ သေခြင်းသော်လည်းကောင်း ဖြစ်လာသည်ကို သုတေသီတို့တွေ့လာကြသည်။

စိတ်ဖိစီးမှုလည်း ပြင်းပြင်းထန်ထန်ဖြစ်၍ စိတ်အားငယ်မှုလည်း ဆိုးဆိုးရွားရွားဖြစ်သူ ၆ ရာခိုင်နှုန်းအနက် ၄၈ ရာခိုင်နှုန်းမှာ ၂-နှစ်ခွဲအတွင်း သေဆုံးမည့်အလားအလာ သို့မဟုတ် နှလုံးဖောက်ပြန်မှု (Heart attack) ဖြစ်မည့်အလားအလာ ပိုများသည်။

စိတ်အားငယ်ခြင်းသော်လည်းကောင်း၊ သို့မဟုတ် စိတ်ဖိစီးခြင်းသော်လည်းကောင်း တစ်မျိုးမျိုးမျှသာဖြစ်သော နှလုံးရောဂါသည်များအဖို့ နှလုံးဖောက်ပြန်မှု (Heart attack)ဖြစ်ရန် အလားအလာ တိုးတက်လာခြင်းမရှိဆိုသည်ကို သုတေသီတို့ တွေ့ရှိခဲ့သည်။ သုတေသီတို့သည် သူတို့၏ လေ့လာတွေ့ရှိချက်ကို Cardiovascular Quality and Outcomes ဂျာနယ်တွင် ဖော်ပြသည်။

***Ref; Reuters -(၁၂-၃-၂၀၁၉) ဒီမိုကရေစီတုဓေး ဇာ-၉။***

# ရင်သားအောက် ဓာတ်ပုံမရိုက်ရ

<u>ထိုင်းနိုင်ငံမှာ အမျိုးသမီးများအနေဖြင့် ရင်သားအောက် ဓာတ်ပုံရိုက်ကာ လူမှုမီဒီယာကွန်ရက်ပေါ်တင်နေခြင်းကို မပြုလုပ်ရန် သက်ဆိုင်ရာအစိုးရအာဏာပိုင်များက သတိပေးမှုများပြုလုပ်ထားတယ်လို့ သိရပါတယ်။</u>

အဆိုပါအမျိုးသမီးများရဲ့ ရင်သားအောက်ဓာတ်ပုံများကို လူမှုမီဒီယာပေါ်တင်နေတဲ့ အပြုအမူများဟာ ကွန်ပျူတာပြစ်မှုဆိုင်ရာဥပဒေကို ချိုးဖောက်ရာရောက်တယ်လို့ အာဏာပိုင်များက ပြောဆိုခဲ့အပြီးမှာတော့ ယခုလို သတိပေးမှုများပြုလုပ်ခဲ့ရခြင်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ ၂၀၀၇-ခုနှစ် ကွန်ပျူတာပြစ်မှုဆိုင်ရာ အက်ဥပဒေမှာ နိုင်ငံရဲ့လုံခြုံရေး၊ ပြည်သူလူထုများကို ထိတ်လန့်စေမှုနဲ့ ကွန်ပျူတာအချက်အလက်များဖြင့် မဖွယ်မရာပြုလုပ်မှုကို တားမြစ်ထားတယ်လို့ သိရပါတယ်။

ထိုင်းယဉ်ကျေးမှုဝန်ကြီးဌာနက လူမှုမီဒီယာပေါ်တွင် တစ်ကိုယ်လုံးဖော်ဓာတ်ပုံများကိုတင်ပါက ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်သွားမယ်လို့သိရပါတယ်။ ယခုလို လူမှုမီဒီယာပေါ်မှာ ရင်သားအောက်ပိုင်းဓာတ်ပုံတွေကို တင်တဲ့သူတွေရဲ့ မျက်နှာကို ကျွန်တော်တို့မသိရပါဘူး။ တကယ်လို့ တစ်ကိုယ်လုံးဖော်ထားတဲ့ ပုံတင်ပါက ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်သွားမယ်လို့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူ Anandha Chouchoti က ပြောဆိုခဲ့ပါတယ်။

ထိုင်းနိုင်ငံရဲ့ ဒီဒီယို၊ရုပ်ရှင်တွေအပေါ်မှာ ဆင်ဆာတင်းကျပ်ထားမှုအပေါ် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဝေဖန်မှုများရှိနေတယ်လို့ သိရပါတယ်။

***Ref; Daily Mirror -(၂၄-၃-၂၀၁၉) Flower News ဇာ-၃၃။***

# အသက် ၁၀၃ နှစ်အထိ အတူနေထိုင်နေဆဲဖြစ်သည့်

## ကမ္ဘာ့အသက်အကြီးဆုံးအမြွှာ

အမြွှာများသည် ငယ်စဉ်က မိဘ၏အရိပ်အောက်၌ အတူတကွနေထိုင်ခဲ့ကြသည်ဖြစ်သော်လည်း လူကြီးဖြစ်လာချိန်တွင် မိမိတို့၏မိသားစုများနှင့် တစ်အိုးတစ်အိမ်စီ နေထိုင်တတ်ကြသော်လည်း ဗြိတိန်နိုင်ငံတွင်နေထိုင်သော အမြွှာနှစ်ဦးမှာမူ အသက် ၁၀၃ နှစ်ထိတိုင်အောင် တစ်အိမ်တည်းတွင်ပင် မခွဲမခွာဘဲ နေထိုင်ခဲ့ကြသည်ဟုသိရသည်။ ဂလင်းတောမတ်စ်နှင့် ဖလောရင့်ဒါမိုက်စ်တို့သည် ကမ္ဘာ့အသက်အကြီးဆုံး ရုပ်ချင်းချွတ်စွပ်တူသည့် အမြွှာများအဖြစ်လည်း စံချိန်တင်ထားပြီး ၁၉၀၁ ခုနှစ်က ဝေလပြည်နယ်တွင် မွေးဖွားခဲ့သည်။ ၎င်းတို့မှာ တိုက်တန်းနှစ်သဘောကြီး မနစ်မြုပ်မီကတည်းကဖြစ်ပြီး ဗြိတိန်ဝန်ကြီးချုပ်ပေါင်းများစွာ၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့ရဖူးသူများဖြစ်သည်။ အမြွှာနှစ်ဦးသည် မိခင်မသေဆုံးမီအထိ တစ်ခန်းတည်းတွင်သာ နေထိုင်ကြခြင်းဖြစ်ပြီး နောက်ပိုင်းမှ တစ်ခန်းစီပြောင်းလဲနေထိုင်ခဲ့ခြင်းဖြစ်သည်။ သားသမီးများရရှိလာသည်အထိ တစ်အိမ်တည်းတွင်ပင် အခန်းချင်းဘေးချင်းကပ်လျက် နေထိုင်ခြင်းဖြစ်ပြီး ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်မှုကြောင့်ပင် အသက်ရှည်ရခြင်းဖြစ်သည်ဟု အမြွှာ အဘွားနှစ်ဦးက ဆိုသည်။ ၎င်းတို့နှစ်ဦးသည် သိုးမွေးထိုးရင်း၊ ချည်ချကျောင်းတက်ရင်းဖြင့် နိုးရှင်းသောဘဝတွင်သာ နေထိုင်ရခြင်းကို ကြိုက်နှစ်သက်သူတစ်ဦးဖြစ်ပြီး ပြည်ပသို့ ခရီးသွားလာခြင်းကိုလည်း စိတ်ဝင်စားခြင်းမရှိကြောင်းသားသမီးများက ဆိုခဲ့ကြသည်။ *(BA.B.AE)*မေစွန်

-(၂၆-၂-၂၀၀၄) မြည်မြန်မာ စာ-၂၇။

## ပြောတတ်ဖို့လိုသည်



ဘယ်လောက်ပဲ ကောင်းတာကိုပြောပြော
ပြောပုံမကောင်းရင် ဆဲသလိုဖြစ်မယ်။
ဘယ်လောက်ပဲ အပြောကောင်းကောင်း
စိတ်စေတနာကောင်းမပါရင် လိမ်ညာသူပဲဖြစ်မယ်။

-မေ့သေရီဆရာတော် အရှင်ဝိနိယ။

## သားသမီးများကို အရွယ်မရောက်ဗီ အိမ်ထောင်ချပေးသည့်မိဘများနှင့် ဘာသာရေးဆရာများကို ကြီးလေးသောပြစ်ဒဏ်များချမှတ်မည်

ပါကစ္စတန်နိုင်ငံရှိ လူဦးရေအများဆုံးခရိုင်ဖြစ်သော ပန်ဂျက်တွင် အသက်မပြည့်သေးသော သားသမီးများအား လက်ထပ်ထိမ်းမြားပေးနေသည့် မိဘများနှင့် အိမ်ထောင်ချထားမှုတွင် ပါဝင်နေသည့် ဘာသာရေးဆရာများသည် ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်ခံရတော့မည်ဖြစ်ကြောင်း သိရသည်။

ပန်ဂျက်ခရိုင်လွှတ်တော်သည် ပန်ဂျက်ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု တားဆီးရေးအက်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် ဆွေးနွေးနေပြီဖြစ်သည်။ ယခင် ဥပဒေအရ အရွယ်မရောက်သေးသော သားသမီးများအား လက်ထပ်ထိမ်းမြား ပေးသည့် မိဘများသည် ထောင်ဒဏ်တစ်လနှင့် ဒဏ်ငွေ ရူပီး(၁၀၀၀)တို့ကို ပေးဆောင်ရမည်ဖြစ်သော်လည်း ထိမ်းမြားမှုကိုကြီးကြပ်သည့် ဘာသာရေး ဆရာများမှာမူ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရှိခဲ့သည်။ ပြင်ဆင်ဖြည့်စွက်သော ဥပဒေအရမှာမူ မိဘများနှင့် ဘာသာရေးဆရာများသည် ထောင်ဒဏ်ခြောက်လနှင့် ဒဏ်ငွေ ရူပီး(၅၀၀၀၀)ကို ပေးဆောင်ရမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၌ ၂၀၁၃ ခုနှစ်အတွင်း ကလေးသူငယ် လက်ထပ် ထိမ်းမြားမှု(၉၆)မှုရှိခဲ့ကြောင်း အန်ဂျီအိုအဖွဲ့တစ်ခုဖြစ်သည့် ဆာဟီလ်၏ ၂၀၁၃ ခုနှစ် 'ရက်စက်သောကိန်းဂဏန်း'အမည်ရှိ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြ ထားသည်။ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုနှုန်းသည် ၂၀၁၃ ခုနှစ်တွင် ၂၀၁၂ ခုနှစ်ကထက် (၂၁)ရာခိုင်နှုန်း ပိုမိုများပြားခဲ့သည်။ ဆင်းခရိုင်တွင် (၄၃) ရာခိုင်နှုန်း၊ ခိုင်ဘာပထန်ခွာဒေသတွင် (၃၀)ရာခိုင်နှုန်းနှင့် ပန်ဂျက်ခရိုင်တွင် (၂၆)ရာခိုင်နှုန်း ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်းခရိုင်လွှတ်တော်သည် ၂၀၁၃ ခုနှစ်တွင် ကလေးသူငယ်လက်ထပ် ထိမ်းမြားမှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်၏ ပထမလေးလအတွင်း ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုနှင့်တိုင်ကြားမှု(၄၂)မှု ရှိခဲ့ကြောင်း မဒက်ဂါအမျိုးသားအရေးပေါ်ကူညီရေးတယ်လီဖုန်းလိုင်းက မှတ်တမ်း တင်ထားသည်။

အမျိုးသမီးများ၏ အခြေအနေဆိုင်ရာကော်မရှင်၏ဥက္ကဋ္ဌ ခါဝါမွမ်တက်ဖ်က အရွယ်မရောက်မီ လက်ထပ်ထိမ်းမြားမှုကြောင့် မိန်းကလေးတစ်ဦး၏ ဘဝ ပျက်စီးရကြောင်း ပြောဆိုခဲ့သည်။ *-(၁၆-၃-၂၀၁၅) Messenger စာ-၁၇။*

## သူများမယားကြာခိုတာ အပြစ်မရှိပါဆိုတဲ့ တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ၁၉၅၃-ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လင်ငယ်၊ မယားငယ်ထားခြင်းနှင့် လင်ရှိမယားနှင့် ဖောက်ပြန်ခြင်းကို ပြစ်မှုဆိုင်ရာဥပဒေ တစ်ရပ်အဖြစ် ပြဋ္ဌာန်းခဲ့သည်။ ၆၂ နှစ်တိုင်ရှိနေပြီဖြစ်သည့် ထိုဥပဒေကို တောင်ကိုရီးယားဖွဲ့စည်းပုံခုံရုံးကယနေ့ဖေဖော်ဝါရီလ ၂၆ရက်တွင်ဖျက်သိမ်းလိုက်သည်။

အဆိုပါ ခုံသမာဓိအဖွဲ့ကို တရားသူကြီး(၉)ဦးဖြင့် ဖွဲ့စည်းထားရာ၊ တရားသူကြီး(၇)ဦးက ထိုဥပဒေကိုဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယခင်က ထိုဥပဒေအရ လင်ခိုး၊ မယားခိုးမှုများ ပေါ်ပေါက်လာပါက ပြစ်မှုထင်ရှား **စီရင်ခြင်းခံရလျှင် ထိုသူအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်ကိုဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ** သို့တည်းမဟုတ် အလုပ်ကြမ်းထောင်ဒဏ်နှင့် **ငွေနှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရန်ပြဋ္ဌာန်းထားသည်။**

**ထို့အပြင် အိမ်ထောင်မရှိသေးသူ မည်သူမဆို တစ်စုံတစ်ယောက်နှင့် ကာမရယူပြီး** လူသိရှင်ကြားဖြစ်လာလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် **ဆက်ဆံခံရ** သူက တိုင်ကြားလျှင်ဖြစ်စေ တရားဝင်အိမ်ထောင်ပြုရန်လည်း ဥပဒေကပြဋ္ဌာန်း ထားသည်။

ထိုဥပဒေအရ ၁၉၅၃ မှ ယနေ့ထိ လူ(၁၀၀၀၀၀)ကို အရေးယူခဲ့ပြီး ဖြစ်သည်ဟုလည်း သိရသည်။

**ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေရုံးက သူများမယားကြာခိုမှု အပါအဝင် အိမ်ထောင်ရေးဖောက်ပြန်မှုများကို "ဒါဟာ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်တယ်။ နိုင်ငံတော်က ဝင်ရောက်စွက်ဖက်ရန်မလို" ဟုဆိုကာ ထိုဥပဒေကို ဖျက်သိမ်းခြင်းဖြစ်သည်** ဟုဆိုသည်။

မြန်မာ့လူ့ဘောင်၊ လူ့အဖွဲ့အစည်း၊ လူ့ယဉ်ကျေးမှုစံဖြင့် တိုင်းတာပါက ဆင်ခြင်တုံတရားမဲ့ရာရောက်သည်ဟု ဆိုချင်သည်။

တောင်ကိုရီးယားသည် ကမ္ဘာတွင်ကိုယ်ဝန်ဖျက်ချမှု အများဆုံးနိုင်ငံများ တွင် တစ်နိုင်ငံအဖြစ်ပါဝင်ကြောင်းသိရသည်။

လောလောဆယ် တောင်ကိုရီးယားတွင် အမေရိကန်အမှတ် (၈) တပ်မတော် (US 8th Army) အပါအဝင် အမေရိကန်စစ်သား ၃၀၀၀၀ ခန့် တပ်ချ ထားသည်။ *ကျော်စိန်*

-(၆-၃-၂၀၁၅) *Hot News* တ-၃၇။

## အီရန်အမျိုးသမီးများ

### ကလေးမွေးစက်ဖြစ်လာတော့မည့်အရေးနှင့်ကြုံ

ကလေးမွေးဖွားနှုန်းကို မြှင့်တင်ဖို့ရည်ရွယ်သည့် ဥပဒေကြမ်းကြောင့် အီရန်အမျိုးသမီးများအနေဖြင့် ကလေးမွေးစက်အဖြစ် ဆိုက်ရောက်ရတော့မည့် အရေးနှင့် ကြုံတွေ့နေရပြီး အမျိုးသမီးအခွင့်အရေးများ ဆယ်စုနှစ်ကြာလောက် နောက်ပြန်ဆုတ်သွားစေကြောင်း Amnesty International က ဗုဒ္ဓဟူးနေ့က သတိပေးပြောကြားခဲ့သည်။

လွှတ်တော်တွင် ပထမအဆင့်အတည်ပြုထားပြီးဖြစ်သော ပထမဥပဒေမူကြမ်းတွင် အမျိုးသမီးများ သန္တေတားခွင့်ကို တားမြစ်ထားသည်။ ထိုဥပဒေသည် အန္တရာယ်များသော တရားမဝင် သန္ဓေဖျက်ချခြင်းကို အားပေးသကဲ့သို့ ဖြစ်နေကြောင်း လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ Amnesty International က ဝေဖန်သည်။

ရှေ့လတွင် ပြန်စတင်မည့် လွှတ်တော်သို့တင်သွင်းမည့် ဒုတိယဥပဒေမူကြမ်းသည် ကလေးမမွေးချင်သည့် အမျိုးသမီးများနှင့် ကလေးမရနိုင်သည့် အမျိုးသမီးများကို အလုပ်အတော်များများသို့ ဝင်ရောက်လုပ်ကိုင်ခွင့်မပေးဘဲ တားမြစ်ထားမည်ဆိုသောအချက် ပါဝင်သည်။ သို့ဖြစ်ရာ ကလေးမွေးသော အမျိုးသမီးများကိုသာ အခွင့်အရေးအပြည့်အဝပေးမည်ဟု ကန့်သတ်ထားခြင်းဖြင့် အမျိုးသမီးများ ကလေးမမွေးဘဲ မနေရဲအောင် ဖိအားပေးရာရောက်လျက်ရှိနေသည်။

အထက်ပါဥပဒေကြမ်းသည် ကျားမခွဲခြားမှုစနစ်ကို အမြစ်တွယ်နေစေမည်ဖြစ်ပြီး အီရန်မှအမျိုးသမီးများ၏ ရပိုင်ခွင့် အခွင့်အရေး ဆယ်စုနှစ် တစ်ခုစာမျှ နောက်ပြန်ဆုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

*အာဏာပိုင်များက အမျိုးသမီးများကို လူသားတစ်ယောက်ဆိုသည်ထက် ကလေးမွေးစက်အဖြစ်သာ ရှုမြင်ပြီး အဓိကရပိုင်ခွင့်များကို ဟန့်တားနေသည့် အန္တရာယ်များသည့် အစဉ်အလာကို ဆက်လက်အားပေးနေသည်။*

အဆိုပါ ဥပဒေကြမ်းသည် နှစ်(၅၀)အတွင်း အီရန်လူဦးရေ သန်း(၁၅၀) အထိ နှစ်ဆတိုးစေရန်အတွက် ရေးဆွဲထားခြင်း ဖြစ်သည်။

အဆိုပါဥပဒေကြောင့် ကွာရှင်းရန်ခက်ခဲပြီး အိမ်တွင်းရေးကို ဥပဒေဖြင့်

ဝင်ရောက်ဆုံးဖြတ်မှုကို ကန့်သတ်လိုက်သည့်အတွက် အမျိုးသမီးများအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုရင်ဆိုင်လာရဖွယ်ရှိကြောင်းသိရသည်။ **အိန္ဒိယ** တက္ကသိုလ်တက်ရောက်နေသည့် အမျိုးသမီး(၆၀)ရာခိုင်နှုန်းရှိပြီး (၁၀)ရာခိုင်နှုန်းမှာ စီးပွားရေးနယ်ပယ်တွင် အလုပ်လုပ်နေသူများဖြစ်ကြောင်း လေ့လာမှုများအရ သိရသည်။ ***Source; Daily Mail*** **ဆုမြတ်**

***-(၁၆-၃-၂၀၁၅) Messenger*** **စာ-၂၃။**

## အိန္ဒိယ၌ အမျိုးသား(၄၀၀)က ဘုရားသခင်နှင့်နီးစပ်ရန်

# မိမိ၏ မျိုးပွားအင်္ဂါများဖြတ်တောက်

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သောရက်ပိုင်းအတွင်းက အမျိုးသားအယောက်လေးရာသည် မိမိ၏မျိုးပွားအင်္ဂါများကို ဖြတ်တောက်ကာ ဘုရားသခင်နှင့် အနီးဆုံးကို ရောက်ရှိနိုင်ရန်ဟုဆိုကာ ကြိုးပမ်းခဲ့ကြကြောင်းသိရသည်။ **ယင်းသို့ပြုလုပ်ကြခြင်းသည် တရားဟောဆရာတစ်ဦးအား ဘုရားသခင်နှင့်အနီးဆုံးကို ရောက်ရှိနိုင်ရန်မှာ မျိုးပွားအင်္ဂါများကို ဖြတ်တောက်ပြစ်မှသာဖြစ်နိုင်မည်ဟု ဟောပြောခဲ့သောကြောင့်ဖြစ်သည်။** အဆိုပါဂါမိရမ်ရာဟင်ဆင်းအမည်ရှိ တရားဟောဆရာသည် ဆာချာဆူအာဒါအဖွဲ့အစည်း၏ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး၊ ၎င်းအားယုံကြည်သူအယောက်သန်းငါးဆယ်ကိုလည်းအဆိုပါကျင့်စဉ်ကိုကျင့်ကြံရန် ပို့ချခဲ့သေးသည်။ ဂါမိရမ်ရာဟင်ဆင်းသည် သန်းကြွယ်သူဌေးတစ်ဦးဖြစ်ကာ ဇာတ်လမ်းများတွင်လည်း ပါဝင်သရုပ်ဆောင်ဖူးသူဟု သိရပြီး၊ ၂၀၀၂ ခုနှစ်တွင် သတင်းထောက်တစ်ဦးကိုသတ်ဖြတ်ခဲ့ခြင်း၊ အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းတို့ကို ကျူးလွန်ခဲ့ဖူးသူဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမှ အရေးယူခြင်းမခံရကြောင်း သိရသည်။

***Ref; Mirror*** **-(၁၀-၃-၂၀၁၅) ထူးဖောနိုး စာ-၂၆။**

'လူ'ကို ငွေက ဝယ်သွားရင် **'ဘဝ'**ရှုံးပြီ။
**'စာရိတ္တ'**ကို ငွေက ဝယ်သွားရင် **'သိက္ခာ'**ရှုံးပြီ။
**'ဘာသာတရား'**ကို ငွေက ဝယ်သွားရင်
**'လူဖြစ်ရှုံး'**ရပြီ။

***-facebook*** **မှ။**

မ ရှုံး စေ နှင့်

## အောင်မြင်ဖို့ရာ အခြေရှာ

လူ့ဘောင်လောက လူ့ဘဝတွင် ကျရာ၊ရောက်ရာ၊ ကံပစ်ချရာအတိုင်း လုပ်ကိုင်စားသောက်ရင်း ရှင်သန်နေထိုင်ကြရပေသည်။ သို့သော် ကောင်းကောင်းဆိုးဆိုး၊ နိမ့်နိမ့်မြင့်မြင့် ဆင်းရဲချမ်းသာမရွေး တူညီသည့်အချက်က အောင်မြင်မှုရလိုခြင်းပင်ဖြစ်ပါသည်။ ရှုံးနိမ့်ဖို့အတွက် မည်သူမှ အားမထုတ်၊ အောင်မြင်မှုရဖို့ကိုသာ ဦးတည်ကြိုးပမ်းနေကြခြင်းဖြစ်သည်။ ကြိုးစားတိုင်းရော အောင်မြင်မှုရပါ့မလား၊ မသေချာဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် တိုက်တိုင်းအောင်၊ ပွဲတိုင်းအောင်ဆိုသောလူတွေရှိသလို လုပ်လေမြုပ်လေဖြစ်နေသည့် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာနေသူများလည်း ဒုနှင့်ဒေးရှိနေသောကြောင့် ဖြစ်သည်။

Management **ဆရာကြီးများ၏အလိုအရ ပြောရလျှင်မူ လူတစ်ယောက်အတွက်၊ အခြေခံအင်အားပြည့်စုံမှုအတွက် မှီငြမ်း**(Authentic) **လည်းရှိရမည်။ တစ်ဖက်လူ၏ ယုံကြည်ကိုးစားမှု**(Reliable)**ကိုလည်း ရမည်။** Constructive **မိမိလုပ်သည့် ကိစ္စများရလဒ်ကောင်းရန်လည်း လုပ်နိုင်မည်ဆိုလျှင် အောင်မြင်မှုရနိုင်သည့် အခွင့်အရေးနှင့်ပြည့်စုံပြီဟု ဆိုပါသည်။** ဤသို့ဆိုလျှင် လူတစ်ယောက်၏ အောင်မြင်မှုအခြေအနေကို သူ့လုပ်ဆောင်ချက်ရလဒ်အချို့ကိုကြည့်ပြီး တိုင်းတာသိရှိနိုင်သည်ဟု ဆိုရမည်။

ကျောင်းသားတစ်ယောက် ကျောင်းမှန်မှန်တက်စာမခက်အတိုင်း ကျောင်းကိုမပျက်မကွက်တက်နေ၍ ကြိုးစားသည်ဟု ဆိုနိုင်သော်လည်း တော် ကြောင်း၊ တာဝန်ကျေကြောင်း မပြောနိုင်သေးပါ။ အတန်းဝင်စာမေးပွဲကြီးပြီးလို့ အောင်စာရင်းထွက်တော့မှ သူ့လုပ်ဆောင်ချက်ကို တန်ဖိုးဖြတ်လို့ရမှာပါ။

ထို့အတူ ရုံးတွေမှာ၊ ကုမ္ပဏီတွေမှာ နေ့တိုင်း ရုံးမှန်မှန်သွား၊အလုပ်လုပ်၊ အချိန်မှန်အိမ်ပြန်ဖြင့်လုပ်နေကြသော ဝန်ထမ်းများထဲတွင်လည်း မိမိအလုပ်ကို ထူးထူးခြားခြားအားထည့်ပြီး တိုးတက်အောင် မလုပ်ကြသော သည်လူတွေသည် အောင်မြင်သည့်လူများဟုသတ်မှတ်၍မရနိုင်ပါ။ အင်ဂျင်နီယာတစ်ဦး၏ အားထုတ်ကြိုးစားမှုကြောင့် စီမံချက်ကြီး အချိန်မီ၊ အရည်အချင်းပြည့်မီစွာ ပြီးမြောက်အောင်မြင်သွားသည်ဆိုလျှင် သူ၏ လုပ်ငန်းအောင်မြင်သည်ဟုပြောနိုင်ပါ၏။ ကုန်ထုတ်လုပ်သော အလုပ်များတွင်လည်း ပညာရှင်များ၏ အားထုတ်မှုလုံ့လကြောင့် ပစ္စည်းအသစ်များ ဈေးကွက်၌ ပေါက်ပါက အောင်မြင်သည်ဟု ချီးမြှင့်ရနိုင်ပါမည်။

လောက၏ မှန်သည်၊ မှားသည်ဟူသော သတ်မှတ်ချက်များ ကောင်း

သည်၊ ဆိုးသည်ဟူသော သတ်မှတ်ချက်များသည် အမြဲတမ်းမှန်နေသည်ဟု မပြောနိုင်ပါ။ ယနေ့မှန်နေသော်လည်း မနက်ဖြန်တွင် မှားသည်ဟု ပြောင်းလဲသတ်မှတ်ခံရနိုင်ပါသည်။ မြတ်ဗုဒ္ဓ၏ သစ္စာလေးပါး မြတ်တရားတို့မှအပ 'လောကသစ္စာ၊ န သစ္စာ အမှန်မရှိဘူး'ဟု ဆိုရိုးဆိုစဉ်ရှိခဲ့သည် မဟုတ်ပါလား။


လွန်ခဲ့သောကာလက အညာမှ အရီးလေးမြ အလည်လာသောကြောင့် သူ့အစ်မကြီး အရီးလှ၏ သားလေးတွေအကြောင်း မေးဖြစ်ပါသည်။ သည်ကလေးတွေက ညီအစ်ကို ငါးယောက်ပါ။

လွန်ခဲ့သော သုံးနှစ်ခန့်က ဆိုင်ကယ်ကိုယ်စီဖြင့် အဝတ်အထည်၊စောင်၊ ခြင်ထောင်များတင်ပြီး ကချင်ပြည်နယ်ဘက်တွင် အရောင်းအဝယ်လုပ်ကြ၍ စီးပွားဖြစ်ကာ ရွာမှအိမ်ကို တိုက်ကလေးအဖြစ် ပြောင်းလဲဆောက်လုပ်နိုင်သည်။ အလွန်အဆင်ပြေ အောင်မြင်သောကလေးများဖြစ်သဖြင့် အရီးလေးလာတုန်း မေးကြည့်ခြင်းဖြစ်ပါသည်။

သို့သော် ကြားရသောသတင်းမှာ စိတ်မကောင်းစရာကောင်းလှပါသည်။ ယခုနှစ်ထဲတွင် သူတို့ညီအစ်ကိုငါးဦး ကချင်ပြည်နယ်သို့ တစ်ခေါက်ပြန်သွားကြသောအခါ နယ်မြေက မအေးချမ်း၍ မည်သည့်သတင်းအစအနမှမကြားရဘဲ ပျောက်ခြင်းမလှ ပျောက်သွားသဖြင့် အရီးလှတို့တစ်တွေ စိတ်ဆင်းရဲနေကြရသည်ဆိုသော သတင်းပင်ဖြစ်ပါ၏။ သူတို့၏အောင်မြင်မှုမှာ ယခုနှစ်သို့ရောက်သောအခါ ဆုံးရှုံးမှုဟူ၍ပင် ပြောရမည်သကဲ့သို့ ဖြစ်နေလေသည်။

လူ့လောကတွင် အောင်မြင်မှုမရမီတွင် အောင်မြင်ရန် နည်းစုံ၊ လမ်းစုံဖြင့် ကြိုးပမ်းအားထုတ်ရသလို အောင်မြင်မှုရပြန်လျှင်လည်း ကြာရှည်ခံဖို့၊ ဆက်လက်တိုးတက်ဖို့ အားထုတ်ရပြန်ကြောင်း၊ သို့သော်-သို့သော် 'သတိတမံ ဉာဏ်မြေကတုတ်'ဖြင့် လောဘကို ချွန်းအုပ်နိုင်ရန်လည်း လိုအပ်ပါကြောင်း နှလုံးသွင်း ဆင်ခြင်မိရပါ၏။

*-မိုယ်းစွေ(အညာမြေ)၊ (၄-၃-၂၀၁၅)၊ စံတော်ချိန် စာ-အချပ်ပို(ဃ)*




စမီးအခုတရားစခန်းမှာ
တရားအားထုတ်
ကုသိုလ်ယူနေပါတယ်လိုင်း
အော်အသက်ငယ်ငယ်နဲ့
ရေမကစားပဲတရားစခန်းဝင်တာ
တော်တယ်
ခုလို သင်္ကြန် မှာ
တရားစခန်းဝင်ရတာ
ပီတိတအားဖြစ်တယ်
သာဓုခေါ်ပေးပါအုံးလိုင်း
သာဓုပါဗျာ သာဓု သာဓု
တရားထိုင်ပီးခဏနားလို့
ဓာတ်ပုံတင်တာတို့ဘာတို့
D.Law


မြို့ကလူတွေ သူတို့မို့
မရှိ့မရှာအေ အိမ်သာနှက်
ထဲဝင် ပြီးအီးပဲတွေကို
တနေရာရှိလေးငါးရာ ပေး
ကြည့်ကြသတဲ့အေ။
ဝေါ့!!!ရွံ့လှာအေ

# ယနေ့လူသားများ အိပ်ချိန်ထက်

## ဖုန်းနှင့် လက်ပ်တော့သုံးချိန်က ပိုများလာ

အိပ်ရာထဲမှာ ဖုန်းသုံးလား။ နိုးလျှင် နိုးချင်း ဖုန်းကောက်ကိုင်မိလား။ ယနေ့ခေတ် လူသားများ ဖုန်း၊ လက်ပ်တော့နှင့် ကွန်ပျူတာသုံးချိန် စုစုပေါင်းက အိပ်ချိန်စုစုပေါင်းထက် ပိုများနေပြီဟု စစ်တမ်းတစ်ရပ်က ဆိုလိုက်သည်။

ယနေ့ခေတ်လူသားများ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် အိပ်ချိန် (၈)နာရီ(၂၁)မိနစ်ရှိပြီး ဖုန်း၊ လက်ပ်တော့၊ ကွန်ပျူတာစသည့် ဖန်သားပြင်များကို ကြည့်ချိန်က တစ်ရက်လျှင် (၈)နာရီ (၄၁)မိနစ်ထိ ရှိလာကြောင်း စစ်တမ်းကောက်ယူ တွေ့ရှိထားသည်။ စမတ်ဖုန်းသုံးသူ (၈၁)ရာခိုင်နှုန်းသည် ဖုန်းကို တစ်ချိန်လုံးဖွင့်ထားသည်။ အိပ်ချိန်မှာပင် ဖုန်းကိုဖွင့်ထားပြီး အိပ်ရာထဲ သို့မဟုတ် အိပ်သည့်အနားတွင် ထားသည်။

ညဘက်တွင် ဖုန်းကနေ အသံတစ်ခုခုမြည်လာသောကြောင့် လန့်နိုးရသည်ဟု စမတ်ဖုန်းသုံးသူ(၁၀)ယောက်တွင် လေးယောက်က ဆိုသည်။ ထိုသို့ နိုးလာလျှင်လည်း ဖုန်းကို ကောက်ကိုင်မိတတ်ကြသည်။

မနက်ခင်းအချိန်၏ (၅၁)ရာခိုင်နှုန်းထိကို ဖုန်းသုံးကာ အီးမေးလ်များစစ်ခြင်း၊ ဖေ့စ်ဘွတ်ခ်ကြည့်ခြင်းဖြင့် ကုန်ဆုံးနေကြသည်။ မနက်စာ စားဖို့အတွက် မနက်ခင်းအချိန်၏ (၈၁)ရာခိုင်နှုန်းကိုသာ သုံးသည်။ အလှပြင်ခြင်း၊ အဝတ်အစားလဲခြင်း၊ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ခြင်းများအတွက် မနက်အချိန်(၃၅)ရာခိုင်နှုန်းကို အသုံးပြုသည်။

စမတ်ဖုန်းများကြောင့် လူသားများသည် အိပ်ရေးဝဝ မအိပ်နိုင်ဖြစ်နေကြကြောင်း ကျန်းမာရေးပညာရှင်များက သတိပေးသည်။ ဖုန်းဖန်သားပြင်က ထွက်သော အပြာရောင်အလင်းသည် လူ၏ဦးနှောက်ကနေ အိပ်ချင်စေသော မယ်လ်တိုနင်ဓာတ် အထွက်နည်းအောင်လုပ်နိုင်သည်။ ထိုအခါ လူသည် အိပ်ချိန်ရောက်သည့်တိုင်တော်တော်နဲ့ အိပ်မပျော်တာမျိုးဖြစ်ရသည်။

**အိပ်ချိန်မတိုင်မီ မိနစ်(၉၀)ခန့်အလိုကစပြီး စမတ်ဖုန်းမသုံးခြင်းသည် အိပ်ရေးဝအောင် အိပ်နိုင်စေမည့် နည်းလမ်းဖြစ်သည်**ဟု ပညာရှင်များက အကြံပြုထားသည်။ အိပ်ရာထဲမှာဖေ့စ်ဘွတ်ခ်သုံးရင်း အိပ်ပျော်သည့်အခါ ဦးနှောက်သည် အလုပ်လုပ်ရင်း အိပ်ပျော်သွားရသည့်အတွက် အိပ်နေစဉ်မှာပင် လူသည် အတွေး

များစွာနဲ့ လုံးပန်းကာ တစ်ဝက်အိပ်အဆင့်ဖြင့်သာ မိုးလင်းရကြောင်း လေ့လာမှုစစ်တမ်းအဖွဲ့ကို ဦးဆောင်သည့် ဒေါက်တာ နာရီနာရမ်လာခန်က သုံးသပ်ပြောကြားသည်။

လေ့လာမှုစစ်တမ်းကို အိပ်စက်ခြင်းနှင့်ကျန်းမာရေးဆိုင်ရာသုတေသနအဖွဲ့ Silentnight အဖွဲ့က ပြုလုပ်ထားခြင်း ဖြစ်သည်။ *Source; Daily Mail*

*-ဆုမြတ် ၊ (၁၈-၃-၂၀၁၅) Messenger စာ-၂၄။*

## ရိုးသားသူ

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၃)ရက် စနေနေ့ . . . ။

ဆရာကြီးကိုင်ရှိက ပြောဖူးတယ်။ ထိုနေ့မွေးသူတို့ဟာ တိုင်းပြည်တစ်ပြည်ရဲ့ ထီးနန်းကို ဖြိုဖျက်နိုင်စွမ်းသူဖြစ်မယ့် လက္ခဏာပဲတဲ့။

အရင်က စနေနေ့လင်းအားကြီးချိန်မွေးတာဖြစ်လို့ ထွန်းတောက်မယ့် လက္ခဏာတဲ့။

ဇာတာအလိုရ စနေသားဆိုတော့ 'ထိန်လင်း' လို့အမည်ရှိပေမယ့် အစ်ကိုက အောင်သန်းဖြစ်လို့ သူ့ကို အောင်ဆန်းလို့ခေါ်တာ။

**'ကျုပ်က လူရိုင်းသဘာဝကိုကြိုက်တယ်။ လူရိုင်းသဘောမျိုးလို နေချင်တယ်'** လို့ပြောဖူးတယ်။

ရုပ်ရည်ရုပ်ခံ့ လူယဉ်ကျေးတွေနဲ့ အသားမကျဘူး။ လွတ်လွတ်လပ်လပ်မြူးထူးအော်ဟစ်နေချင်တယ်တဲ့။ သူဟာ ဟန်ဆောင်တာကို မကြိုက်ဘူး။ လွတ်လပ်မှုနဲ့ ဖြူစင်မှုတွေကို မြတ်နိုးတယ်။ ကိုယ်ကျင့်တရားကို စောင့်ထိန်းတတ်သူဖြစ်ပြီးတော့ လိမ်ညာပြောတာကို မကြိုက်ဘူး။

သူဟာ အရှိကိုအရှိ။ အမှန်ကိုအမှန်၊ မှန်တာကိုလည်းပြောရဲ၊ဆိုရဲတယ်။

တစ်ခါတုန်းက သူ့မိခင်ဒေါ်စုထံကို ထွန်းမောင်ဆိုတဲ့ လူတစ်ယောက် ရောက်လာတယ်။



ထွန်းမောင် ။ ။ အမေစု

ဒေါ်စု ။ ။ ဟဲ့ . . . ဘာလဲထွန်းမောင်၊

ထွန်းမောင် ။ ။ ကျွန်တော် စပါးဝယ်ချင်လို့၊

ဒေါ်စု ။ ။ ဒုက္ခပါပဲ ထွန်းမောင်ရယ်။ စပါးက သိပ်မရှိဘူး။

ထွန်းမောင် ။ ။ မရှိလို့မဖြစ်ဘူး စပါးရမှဖြစ်မယ်။ အမေစု အဆင်ပြေသလို စီစဉ်ပေးပါဦး။

ဒေါ်စု ။ ။ ကဲ၊ မင်းတို့ဒီလောက်တောင် လိုချင်နေမှတော့ ဖြစ်အောင်
လုပ်ပေးရမှာပေါ့။ ငါ့မှာ ၆၀ဈေးနဲ့ဝယ်ထားတဲ့စပါးကို ၅၀ နဲ့ပဲ
လျှော့ရောင်းပေးမယ်။

ထွန်းမောင် ။ ။ **ကျေးဇူးပါပဲ အမေစုရာ။**
**ထိုအချိန်မှာ လူကြီးတွေပြောနေတဲ့စကားကို သူက ကြားသွား
ပြီးတော့–**

'ဟာဗျာ၊ **အစ်မကလည်းမဟုတ်တာ** ပြောရှာမယ်။ **ဒီစပါးတွေက အစ်မ
ပဲ ၅၀ဈေးနဲ့** ဝယ်ထားတာပါ။ ဟုတ်တာပြောမှ ဥစ္စာပေါမယ်။ လိမ်ပြောတာ
မကောင်းပါဘူး'။

လို့ပြောလိုက်တဲ့အခါမှာ ဒေါ်စုဟာ ဒေါသတွေ ထွက်သွားပါလေရော။
သူ့ကိုတော့ဘာမှပြန်မပြောသေး။ ထွန်းမောင် စပါးတွေ သယ်သွားပြီး တစ်ခဏ
ကြာတော့မှ ဒေါ်စုက–

'အောင်ဆန်း လာဦး' လို့ခေါ်လိုက်တယ်။

သူဟာ သူ့မိခင်ဒေါ်စု ရှေ့မှာ ရပ်လိုက်တယ်။

'ထွန်းမောင်နဲ့စကားပြောနေတုန်း မင်းဘာကြောင့် လူကြီးတွေကြားဝင်
ပြောရတာလဲ။ နောက်ဒီလိုမပြောရဘူးကြားလား'လို့ဆိုပြီး သူ့အမေဒေါ်စုက
သူ့ရဲ့ပေါင်တွင်းကြောကို ဆွဲလိမ်ရင်း ပြောလိုက်တာ။

သူနာပေမယ့် မငိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက မှန်တာကို
ပြောရဲလို့ပါပဲ။

သူဟာကြီးပြင်းလာတော့လည်း ငယ်ငယ်တုန်းကလိုပါပဲ။ မှန်တာ
ပြောရဲတယ်။ ရိုးရိုးသားသားနေတယ်။ ဟန်ဆောင်မှုကင်းတယ်။

***ဒါကြောင့်–***

***ကြည်***

***ပဲပြုတ်နှင့်နံပြားရရင် စားချင်တယ်။***

***အောင်***

လို့ဆိုပြီးတော့ စာတိုလေးတစ်စောင် ရေးလိုက်တယ်။

'ရရင်စားချင်တယ်'

မရရင် မစားဘူး'

ဆိုတဲ့ သဘောပေါ့။ ဘယ်လောက်များ ရိုးသားသလဲဆိုတော့......။

***–သန့်လျှင်ကြွေသိမ်း၊ (၄–၃–၂၀၀၅) စံတော်ချိန် ၈–၁၀***

# ကိုရန်ကျမ်းမီးရှို့ခဲ့သည့် အာဖဂန်အမျိုးသမီးတစ်ဦးကို လူအုပ်က ရိုက်သတ်၍ မီးရှို့

ကိုရန်ကျမ်းကို မီးရှို့ခဲ့သည်ဟုဆိုသည့် အမျိုးသမီးတစ်ဦးအား လူကိုးဦးက ဝိုင်းဝန်းရိုက်နှက်၍ မီးရှို့သတ်ခဲ့ကြောင်း သိရပြီး ယင်းလူသတ်မှုတွင် သံသယရှိသူ ကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း အာဖဂန်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက မတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ယင်းအသတ်ခံရသော အမျိုးသမီးသည် ပြီးခဲ့သော လေးနှစ်အတွင်း စိတ်ရောဂါဆိုင်ရာ ကုသခံယူနေရကြောင်း ရဲတပ်ဖွဲ့၏ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဌာနခေါင်းဆောင် ဖာရက်အက်ဇာနီက ပြောကြားခဲ့သည်။

ယင်းအမျိုးသမီးသည် စိစိညက်ညက်ကြေအောင် ရိုက်နှက်ခံထားရပြီး သွေးများပေကျံနေမှုကို ပြထားသောဓါတ်ပုံများသည် လူမှုမီဒီယာများတွင် ပျံ့နှံ့ခဲ့ကြောင်း သိရသည်။ ယင်းအမျိုးသမီးသည် ရိုက်သတ်ခံရပြီးနောက် မီးရှို့ခံခဲ့ရကာ ကဘူးမြစ်ထဲသို့ ပစ်ချခံခဲ့ရကြောင်းသိရသည်။

အစ္စလာမ်တို့၏ အထွတ်အမြတ်ထားသည့် ကိုရမ်ကျမ်းစာအုပ်အား မလေးမစားပြုလုပ်မှုကို အလွန်အမင်းရှေးရိုးစွဲသော အာဖဂန်တွင် လုံးဝလက်သင့်မခံပေ။ ၂၀၁၂ ခုနှစ်တွင်လည်း အမေရိကန်ထိန်းချုပ်ထားသော ဘာဂရမ် အကျဉ်းထောင်၌ ကိုရန်ကျမ်းစာအုပ်များအား မီးရှို့သည်ဟု သတင်းထွက်ပေါ်ခဲ့၍ အာဖဂန်နိုင်ငံတစ်ဝန်း အမေရိကန်ဆန့်ကျင်ရေး အကြမ်းဖက်တိုက်ခိုက်မှုများ ၆ရက်ကြာဖြစ်ပွားခဲ့ပြီး လူ ၃၀ သေဆုံးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အမျိုးသမီးတစ်ဦးအား လူအုပ်ကြီးဖြင့် ရိုက်သတ်မှုဖြစ်စဉ်အား သမ္မတ အက်ရှ်ရက်ဂါနီ၏ သမ္မတရုံးက အစွန်းရောက်သော အကြမ်းဖက်မှုလုပ်ရပ်အဖြစ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချခဲ့ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ညွှန်ကြားခဲ့သည်။ **လူတစ်ဦးတစ်ယောက်က ကိုယ့်ကိုယ်ကို တရားသူကြီးအဖြစ်သတ်မှတ်၍ အခြားသူများအား အပြစ်ပေးရန်အတွက် အကြမ်းဖက်မှုအသုံးပြုခြင်းကို မည်သူ့ကိုမျှခွင့်ပြုမထား**ကြောင်း သမ္မတရုံးကြေငြာချက်တွင် ဆိုသည်။

**ကိုယ့်ကိုယ်ကိုယ် ခုံရုံးဖွဲ့၍ မည်သူအား အပြစ်ပေးမည်ဟု ရွေးချယ်ခြင်းသည် ရှာရီယာနှင့်အစ္စလာမ့်တရားစီရင်ရေး စနစ်တို့နှင့် ရှင်းရှင်းလင်းလင်း ကွဲလွဲ**နေကြောင်း ယင်းကြေညာချက်၌ ဖော်ပြခဲ့သည်။ ယင်းလူသတ်မှု ဖြစ်စဉ်နှင့်

ပတ်သက်၍ သံသယရှိသူ ကိုဦးကို ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းနေကြောင်း အက်ဇာလီက ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဆီဒက်ဆီဒက်ချီက လူကိုဦး အားဖမ်းဆီးထားကြောင်း အတည်ပြုခဲ့သည်။ ယင်းလူသတ်မှုအား အလေးအနက် ထား စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားခဲ့သည်။

အာဖဂန်တွင် အမျိုးသမီးများကို အကြမ်းဖက်မှုသည် ပုံမှန်ဖြစ်ပွားလေ့ ရှိသော်လည်း မြို့တော်ကဘူးတွင် အမျိုးသမီး များအား လူအုပ်ဖြင့်အကြမ်းဖက်မှု သည် အလွန်အမင်းရှားပါးကြောင်းသိရသည်။

*Ref:AFP -(၂၂-၇-၂၀၁၄)Daily Eleven ၈-၁၁။*

မှတ်ချက်။ ။ အများက တန်ဖိုးထားသောအရာကို ဖျက်ဆီးလျှင် ဒုက္ခရောက်တတ်သည်။



# ငါးစာကိုသာမမြင်ကြဘဲ ငါးမျှားချိတ်ကို မြင်အောင်ကြည့်တတ်စေဖို့

လူတစ်ဦးချင်းမှာ အဆိုးရွားဆုံးရန်သူတွေက လောဘ(Greed)၊ **ဒေါသ** (Anger) နဲ့ မောဟ(Ignorance) ဆိုတာတွေ ဖြစ်တယ်။ **ဒီသုံးခုဖြစ်စေတဲ့** အကြောင်းတရားအချုပ်ကတော့ 'ငါ'ဆိုတဲ့ အတ္တစွဲပဲဖြစ်တယ်။ **လူတွေမှာ** အတ္တကိုရှေ့တန်း တင်လိုက်တဲ့အခါ အမှားသံသရာလည်သွား**စေတော့တာဖြစ်**တယ်။ စာရေးသူကတော့ မိမိနိုင်ငံသားတွေ အမှားမဖြစ်စေဖို့ ကလောင်အားနဲ့ပဲ အမှားမဖြစ်အောင် ရေးပေးနေတယ်။ အတိတ်ကာလခေတ်တစ်ခုမှာ အာဏာရှိသူတွေနဲ့ပေါင်းပြီး ငွေကြေးဈေးကွက်တစ်ခုကို ကစားခဲ့ကြရာမှာ လောဘစိတ်ကို မထိန်းနိုင်သူတွေက ငွေကြေးဆုံးရှုံးမှုတွေ ဖြစ်ခဲ့ကြတယ်။

အာဏာရှိသူတွေနဲ့ ခရိုနီတွေ ပူးပေါင်းပြီး မဖြစ်နိုင်တဲ့ငွေကြေးမက်လုံးတွေနဲ့ ဆွဲဆောင်ဖြားယောင်းပြီး ငွေကြေးဈေးကွက် လှည့်စားမှုတွေ ပြုလုပ်ခဲ့ရာမှာ လောဘကို မထိန်းသိမ်းနိုင်သူတွေက ငွေကြေးဆုံးရှုံးမှုတွေ ဖြစ်ခဲ့ကြတယ်။ ဘာပဲလုပ်လုပ် စာရေးသူက အလုပ်တစ်ခုမလုပ်မီ ကြိုတင်စဉ်းစားပါ။ အချက်အလက်တွေ စုဆောင်းပါ။ ပြီးမှ လုပ်သင့် မလုပ်သင့် ဆုံးဖြတ်ချက်ချပါဆိုတာကို အသိပညာတွေပေးတယ်။ လူတွေမှာ အလိမ်မခံကြရနိုင်စေဖို့ စာများများဖတ်ဖို့ လိုအပ်တယ်။ စာမတတ်သူတွေ ပပျောက်စေရေးအတွက် နိုင်ငံတော်ကနေအရေး၊ အဖတ်နဲ့အတွက်ဆိုတဲ့ 'အ'သုံးလုံးသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ဖူးတယ်။ ဒီကနေ့ခေတ်မှာ စာမတတ်သူတွေ ပပျောက်ရေးနှင့်မပြီးတော့ စာမဖတ်သူ ပပျောက်ရေးပါ အရေးပါလာတယ်။ စာတော့ဖတ် တတ်ပြီး သို့ပေမယ့် စာမဖတ်ရင် နောက်ထပ် 'အ'သုံးလုံးမကျေနိုင်တော့တဲ့အတွက် အလိမ်အလှည့်၊ ကလိမ်ကကျစ်လုပ်တာတွေကို မသိဘဲ လှည့်စားမှု၊ ကလိမ်ကကျစ်လုပ်မှုတွေကို အမှန်လို့မြင်သွားကြရင် စာမတတ်သူတွေသာ ဘဝအရေးအသွေးတွေ နိမ့်ကျသွားနေမှာဖြစ်တယ်။

'မပြောင်းလဲသောအရာက ပြောင်းလဲခြင်း' ဖြစ်တယ်ဆိုတဲ့ စကားညွှန်းနဲ့အညီ ဒီကနေ့ခေတ်က **စာမတတ်သူပပျောက်ရေးကနေ စာမဖတ်သူပပျောက်ရေး** ဖြစ်လာနေပြီဖြစ်တယ်။ လူတစ်ဦးချင်းစီက တစ်ရက်ကို ၂၄ နာရီဆိုတဲ့အချိန်ကို တူညီစွာ ပိုင်ဆိုင်ကြတယ်။ တူညီတဲ့အချိန်တွေကို တန်ဖိုးရှိစွာ အသုံးချတတ်ပါမှ မှန်ကန်တဲ့ဘဝအရေးအသွေးကို ပိုင်ဆိုင်နိုင်ကြမှာဖြစ်တယ်။

လူတစ်ဦးချင်းက ကလိမ်ကကျစ် နံပါတ်တစ်မဖြစ်စေဘဲ သူတစ်ပါးအပေါ်မှာလည်း ကလိမ်ကညစ်လုပ်လိုတဲ့ စိတ်ဓါတ်တွေမရှိ၊ မိမိကိုယ်တိုင်လည်း ကလိမ်ကကျစ် လုပ်တာကို မခံရစေမယ့် အသိဉာဏ်တွေ ပြည့်ဝစေဖို့ လိုအပ်တယ်။ ဒီအတွက် 'အ'သုံးလုံးကျေဖို့မှာ–



၁။ အရှိ (Be)

၂။ အသိ (Know)

၃။ အလုပ် (Act) ဆိုတာတွေကို သိအောင်လုပ်ကြရမှာဖြစ်တယ်။

## ၁။ အရှိ

မိမိဘဝမှာ အမှန်တကယ်ရှိနေ ပိုင်ဆိုင်နေရမယ့်ပညာတွေ ရှိအောင် လုပ်ဆောင်ထားရမှာဖြစ်တယ်။ စာရေးသူတို့ နိုင်ငံမှာ နှစ်ပေါင်း ၅၀ ကျော်ကြာ လူတွေကို အသိပညာတွေ ကင်းမဲ့အောင် လုပ်ဆောင်ခဲ့တဲ့ အာဏာရှင် စနစ်ဆိုးရဲ့အောက်မှာ ဘွဲ့ရပညာမတတ်သူတွေများလာတယ်။ ဘွဲ့တော့ရပါရဲ့ မိမိရတဲ့ဘွဲ့နဲ့ ထိုက်တန်တဲ့ပညာတွေ မတတ်ကြတော့တာကြောင့် ရှိသင့်ရှိထိုက်တဲ့ပညာတွေ မရှိကြ၊ မပိုင်ဆိုင်သောကြောင့် အရာရာမှာအောက်တန်း နောက်တန်းကျသွားခဲ့ရတယ်။

## ၂။ အသိ

လူတစ်ဦးချင်း ပညာမရှိကြတာကနေ အသိပါ ကင်းမဲ့လာစေတော့တယ်။ ပညာလည်းကင်းမဲ့၊ အသိလည်းကင်းမဲ့ရင် လူ့ဘဝမှာလည်း လူလာ ဖြစ်ရကျိုး မနပ်စေတော့ပါ။ အဓိကကတော့ မိမိလုပ်သမျှအရာအားလုံးကို အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်မှုမရှိတော့ဘဲ အဝိဇ္ဇာ ဖုံးလွှမ်းသွားစေတော့ တယ်။

## ၃။ အလုပ်

လူတစ်ဦးချင်းမှာ **အရှိပညာနဲ့အသိပညာ** ပေါင်းစည်းနိုင်ပါမှ မိမိလုပ်ဆောင်သမျှ အရာအားလုံးက ရလာဒ်ကောင်းတွေ ရရှိလာစေမှာဖြစ်တယ်။

အခုဆိုခဲ့တဲ့ 'အ'သုံးလုံးကို မကြေညက်ကြတော့ ဆင်းရဲချမ်းသာ ကွာဟမှု များလာရာမှ ဆင်းရဲတဲ့လူတန်းစားတွေက ငွေပေးပြီးခိုင်းရင် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုမရှိဘဲ ခိုင်းသမျှ လုပ်ပေးတတ်ကြတယ်။ ဘယ်လိုလုပ်ပေးရင် ငွေဘယ်လောက်ပေးမယ်ဆိုတဲ့ ငွေနဲ့မျှားပြီး လုပ်ခိုင်းကြတယ်။

အောင်ဘာလေထီဆိုရင် ကိန်းဂဏန်းခြောက်လုံးရှိနေတဲ့အတွက် ကိန်းဂဏန်းမှာ ပေါက်နိုင်ခြေ အပုံတစ်သန်းမှာမှ တစ်ပုံသာရှိတယ်။ ဒါနဲ့မပြီးသေးပါ။ အက္ခရာအလုံးရေရှိသလောက် ဖြစ်နိုင်ခြေကို တွက်ကြည့်ပါ။ ဒါတင်မကသေးပါ။

ဆုအရေအတွက်ပေါ်မူတည်ပြီးလည်း ပေါက်နိုင်ခြေက တွက်ကြည့်လိုက်ရင် ထိုးသူဘက်က နည်းတယ်။

သင်္ချာမှာ Probability လို့ခေါ်တဲ့ ဖြစ်နိုင်ခြေစွမ်းအားကို တွက်ကြည့်တတ်ဖို့ လိုအပ်တယ်။ စီးပွားရေးလုပ်ငန်းမှာတော့ စီးပွားရေးလုပ်ငန်းတစ်ခု မလုပ်မီမှာFeasibility Study လို့ခေါ်တဲ့ ဖြစ်နိုင်ခြေစွမ်းအားကို ကြိုတင်တွက်ကြရတယ်။ တစ်ခါတစ်ရံမှာ 'တွက်ရေးကတော့ စက်သူဌေး၊ တွက်ကြည့်တော့ စက်မရှိ' ဆိုတာမျိုးလည်းဖြစ်တယ်။

ဟိုယခင်က မြန်မာကျူပွယ်ဆိုရင် တစ်လ ခုနှစ်ရာခိုင်နှုန်းအတိုး၊ တစ်နှစ်ကို ၈၄ ရာခိုင်နှုန်းအတိုးပေးမယ်ဆိုပြီး နိုင်ငံသားတွေမှာရှိတဲ့ငွေကို မက်လုံးပေးချူယူတယ်။ လောဘကြီးသူတွေက ငါးစာကိုသာမြင်ကြပြီး ငါးမျှားချိတ်ကို မြင်အောင် မကြည့်နိုင်ကြတာကြောင့် ငွေကြေးများစွာ ဆုံးရှုံးမှုတွေဖြစ်ခဲ့တယ်။

အခုလိုရေးပေးနေတာက မကြာမီ ပေါ်ထွန်းလာတော့မယ့် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်မှာ အများပြည်သူတွေကို လောဘစိတ်နဲ့ စတော့တွေကို မဝယ်ယူကြဘဲ မိမိဝယ်ယူမယ့် စတော့တွေကို ထုတ်ရောင်းပေးကြမယ့် စာရင်းဝင်အများပိုင် ကုမ္ပဏီတွေရဲ့ Authorized Capital လို့ခေါ်တဲ့ မတည်ရင်းနှီးငွေ အခြေအနေ၊ အဲဒီကုမ္ပဏီမှာ ဘယ်သူတွေပါဝင်လုပ်ဆောင်မယ်၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ ကိုယ်ကျင့်သိက္ခာအခြေအနေ၊ အဲဒီကုမ္ပဏီရဲ့ နှစ်စဉ်ဝင်ငွေအခြေအနေ၊ စာရင်းဝင် အများပိုင် ကုမ္ပဏီအဆင့်မှာ မိမိရဲ့အစုရှယ်ယာဝင်တွေကိုခွဲဝေပေးနိုင်ခဲ့တဲ့အစုပေါ် အကျိုးခံစားခွင့် (Dividend)အခြေအနေတွေကို လေ့လာသုံးသပ်ကြရမယ်။

အလွယ်ဆုံးစာရေးပေးလေ့ရှိတဲ့ဥပမာက အမျိုးသမီးတစ်ယောက်က မိမိကို ချစ်ရေးဆိုလာသူရဲ့ အချက်အလက်တွေကို သေသေချာချာ ဂဃနဏ ရယူပြီးမှ နိုင်မာမှုရှိပါမှ အဖြေပေးဆုံးဖြတ်တတ်ကြဖို့ဖြစ်တယ်။ အလားတူ အမျိုးသားတွေလည်း မိမိနှစ်သက်တဲ့ အမျိုးသမီးတွေနဲ့ပတ်သက်တဲ့အချက်အလက်တွေကို ပြည့်ပြည့်စုံစုံရယူတတ်ကြဖို့လိုအပ်တယ်။ ဒါဆိုရင် အမှားမရှိနိုင်မှာဖြစ်တယ်။

**ငွေကြေးနှင့်အာဏာက လူတွေကို ဖျက်ဆီးစေတတ်**တာကြောင့် လမ်းမှားမဖြစ်အောင် လမ်းမှန်ကိုပြပေးသင့်တယ်။ မဟုတ်ရင်တော့ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်တတ်ကြရင် လောဘရဲ့သားကောင်းတွေ ဖြစ်လာစေမှာဖြစ်တယ်လို့ မြင်နေမိကြောင်းပါ ... ။

*-ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊*

*(၁၀-၃-၂၀၁၆) Daily Eleven စာ-၂၆။*

စိတ်ဆိုးဒေါသထွက်တာဟာ တရားတယ်ပဲဆိုဦးတော့ သင့်စိတ်အစဉ်ကိုတော့ ကောင်းကျိုးပေးလိမ့်မယ်မဟုတ်ဘူး။

# ဘာကြောင့်ခွင့်လွှတ်သင့်သလဲ

ကျွန်တော် ငယ်စဉ်ကလေးဘဝတုန်းကပေါ့။ ညပေါင်းများစွာ အကူအညီမဲ့ကြုံခဲ့ရပါတယ်။ အမေဟာ အမေ့ကို နှုတ်နဲ့အပြင် ကိုယ်ထိလက်ရောက်နှိပ်စက်ကလူပြုနေတာကိုမြင်တွေ့ခဲ့ရပါတယ်။ အဖေ့ဆီကလည်း အရက်နံ့ဟာဟောင်နေတာပါပဲ။ ကျွန်တော့်အမေဟာလည်း ကြောက်လန့်နေတဲ့ပုံပါပဲ။ စိတ်ထဲမှာလည်း အားကိုးရာမဲ့ စိတ်ပျက်လက်ပျက်ဖြစ်နေရပါတယ်။ အခုလိုကိုယ်ချစ်ရသူနှစ်ဦးတစ်ဦးကိုတစ်ဦး နာနာကြည်းကြည်းဖြစ်နေကြတာဟာ နားမလည်နိုင်အောင်ဖြစ်ရပါတယ်။

ဒီလိုအတွေ့အကြုံမျိုး ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ အထူးသဖြင့် ဘယ်ကလေးကိုမှ မတွေ့စေချင်တဲ့ဆန္ဒ ကျွန်တော့်မှာ ရှိပါတယ်။ ကျွန်တော်ဒီလိုကြေကွဲစရာအမှတ်တရတွေနဲ့ နေရတဲ့အခါမှာ ကျွန်တော်ခံစားမိတာက ကျွန်တော့်အဖေကို အမေခံစား ရသလိုပြန်ပြီးခံစားစေချင်တဲ့စိတ်တွေ ပေါ်လာပါတယ်။ ကျွန်တော်ဟာ ကလေးလူမမယ်ဖြစ်နေတဲ့အတွက် မတတ်နိုင်ခဲ့ပါဘူး။ ကျွန်တော်အလွန်ချစ်ရတဲ့ အမေဟာ နူးညံ့လွန်းပြီး၊ အမေ့မျက်နှာဟာ သနားစရာပကတိရှိပါတယ်။ ဒီလိုလူသားတစ်ယောက်ဟာ နာကျင်မှုတွေ ဒုက္ခတွေနဲ့မထိုက်တန်ပါဘူး။

ကျွန်တော်ဒီအဖြစ်အပျက်တွေကိုပြန်လည်သတိရတဲ့အခါမှာ ကျွန်တော့်အဖို့ခွင့်လွှတ်ဖို့ဟာ တော်တော်မလွယ်ပါလားလို့ သဘောပေါက်မိပါတယ်။ ကျွန်တော့်အသိဉာဏ်ကနေ ကျွန်တော်ဘယ်လိုနားလည်လိုက်သလဲဆိုရင် အဖေဟာ နာကြည်းစရာအကြောင်းတရားတွေ ရှိနေတဲ့အတွက် သူဟာ နာကြည်းနေတဲ့သူတစ်ယောက်ဖြစ်နေပါတယ်။ စိတ်ပိုင်းဆိုင်ရာအရ ကျွန်တော် ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်ဖြစ်တဲ့အတွက် အဖေ့ကိုခွင့်လွှတ်ခြင်းနဲ့ပဲ ထိုက်တန် သလိုဘုရားသခင်ကလည်း ကျွန်တော်တို့အားလုံးကို ခွင့်လွှတ်သလိုပေါ့။ တကယ်ဝင်စစ်မှာတော့ ဒီလိုလုပ်ရတာဟာ အလွန်ပဲခက်ခဲပါတယ်။ ကျွန်တော်တို့ရဲ့မှတ်ဉာဏ်ထဲမှာ အတွေ့အကြုံတွေဟာ သက်သေသာဓကလို စိတ်ဒဏ်ရာတွေဖြစ်နေလို့ပါပဲ။ နှစ်ပေါင်းကြာမြင့်စွာ ကုန်ခဲ့တာတောင်မှ ဒီအဖြစ်သနစ်တွေဟာ သတိရတိုင်းအသစ်လို အခါခါပြန်ဖြစ်ရပါတယ်။

သင်ထိခိုက်ပြီး ဝေဒနာခံစားနေရသလား။ ဒဏ်ရာဟာ အသစ်လား သို့တည်းမဟုတ် အဟောင်းလား၊ ထိခိုက်မှုဟာ ကုစားလို့မရတော့ဘူးလား။ သင့်အပေါ်ပြုလုပ်မှုဟာ မှားယွင်းနေတယ်။ တရားမမျှတဘူး။ ပြီးတော့ ပြုလုပ်ချက်ဟာ မထိုက်တန်ဘူးဆိုတာတွေကို သိနေတယ်ဆိုပါတော့။ သင်နာကြည်းဖို့ မှန်ကန်ပါ တယ်။ သင်အခုလို အနာတရဖြစ်ရတာကြောင့် ပြန်ပြီးအနာတရ ဖြစ်စေမယ်ဆိုရင်လည်း ဒါဟာ လုံးဝကို ပုံမှန်အနေအထားပဲဖြစ်ပါတယ်။ သို့ပေမဲ့ အနာတရပြန်ပြီး တုံ့ပြန်မယ်ဆိုရင် ရှားရှားပါးပါးကျေနပ်မှုပါပဲ။ ကျွန်တော်တို့ အထင်ပါပဲ။ တကယ်တော့ မဟုတ်ပါဘူး။ အကယ်၍ ကျွန်တော် ခင်ဗျားကို ပါးရိုက်လိုက်တဲ့အခါ ခင်ဗျားက ကျွန်တော့်ကိုပြန်ရိုက်မယ်။ ဒါဟာ လျော့သွားတာ မဟုတ်ဘူး။ ကျွန်တော့်မျက်နှာပေါ်မှာ အဆိပ်ဆူးလို့ခံစားရလို့ပါပဲ။ ခင်ဗျား တိုက်ခိုက်လိုက်တဲ့ ဖြစ်ရပ်မှန်ဟာ ကျွန်တော့်ရဲ့ ကြေကွဲမှုကို လျော့မသွားစေလို့ပါပဲ။ လက်တုံ့ပြန်မှုဆိုတာကလည်း ကျွန်တော်တို့ရဲ့ စိတ်ထိခိုက်ဖွယ်နာကြည်းမှုကို ခဏမျှသာဖြစ်ပေါ်ပါတယ်။ အကောင်းဆုံးသောအတွေ့အကြုံရဲ့ကုစားမှု၊ ငြိမ်းချမ်းမှုနဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ ခွင့်လွှတ်ခြင်းပါပဲ။ ကျွန်တော်တို့ဟာ ခွင့်မလွှတ်နိုင်မချင်း ကျွန်တော်တို့ရဲ့ နာကြည်းမှုပိတ်မိနေလိမ့်မယ်။ စိတ်ရဲ့လွတ်လပ်မှုတွေ ဖြေသိမ့်မှုတွေဟာ ခွင့်မလွှတ်မချင်း ငြိမ်းချမ်းရေးလည်း မရနိုင်ပါဘူး။

ခွင့်လွှတ်မှုမရှိရင် ကျွန်တော်တို့ကို နာကြည်းအောင်လုပ်ထားသူရဲ့ ချုပ်နှောင်ခြင်းကို ခံရလိမ့်မယ်။ ကျွန်တော်တို့ဟာ ခါးသီးတဲ့ချုပ်နှောင်မှုတွေနဲ့ ပိတ်မိနေလိမ့်မယ်။ ကိုယ့်ကိုပြုလုပ်လိုက်သူကို ခွင့်မလွှတ်မချင်းဖြစ်တယ်။ သူဟာ ကိုယ့်ရဲ့ပျော်ရွှင်မှုသော့ကိုလည်း ကိုင်ထားလိမ့်မယ်။ ဒီလူဟာ ကိုယ့်ရဲ့ထောင်မှူး ဖြစ်သွားလိမ့်မယ်။

ကျွန်တော်တို့ ခွင့်လွှတ်လိုက်တဲ့အခါမှာ ကိုယ့်ကံကြမ္မာနဲ့ ခံစားချက်တွေကို ပြန်လည်ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ အဲဒီအခါမှာ မိမိကိုယ်မိမိ လွတ်မြောက်လာသူဖြစ်လိမ့်မယ်။ ခွင့်လွှတ်ခြင်းဆိုတာကို တခြားစကားလုံးနဲ့ ပြောရမယ်ဆိုရင် မိမိကိုယ်မိမိ စိတ်ဝင်စားခြင်းပဲဖြစ်ပါတယ်။ သိပ္ပံနည်းနဲ့ကြည့်မလား၊ စိတ်ပိုင်းဆိုင်ရာနဲ့ကြည့်မလား၊ ဒါဟာအမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တခြားလူတွေကိုခွင့်လွှတ်ဖို့မကူညီရင်၊ တခြားလူတွေကို ခွင့်လွှတ်တာမဟုတ်ရင်

ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်တာပဲဖြစ်တယ်။

လူသားဟာ လောကကိုခွင့်လွှတ်တတ်သော မေတ္တာတရားဖြင့်ကြည့်သော အခါ လောကရဲ့အကျိုးကိုဆောင်ရွက်လိုသော ကရုဏာစိတ်နဲ့အတူ ပညာဖြင့် ကြည့်သင့်တယ်လို့ယုံကြည်ပါတယ်။

လူတစ်ယောက်အကြောင်းကိုတွေးရင် မကောင်းတဲ့နေရာမှာ ရပ်မထား ရဘူး။ ခွင့်လွှတ်နိုင်တဲ့အဆင့်ရောက်အောင် တွေးရမယ်။ ကာလတစ်ခုနှင့် အဖြစ် အပျက်တချို့သည် လူတစ်ယောက်ရဲ့စိတ်ကို ပြောင်းလဲစေနိုင်တယ်။ မိဘဆိုတာ အုံ့ညွှစရာအကောင်းဆုံးလူသားအဖြစ် အသိအမှတ်မပြုရှုမရတော့ပေ။ မိဘဆိုတာ သားသမီးအပေါ် ဘယ်တော့မှအပြစ်မယူတတ်တဲ့ ရောမကရုဏာရှင်တွေပါ။

**ခွင့်လွှတ်တယ်ဆိုတာ အံ့ဖွယ်ကောင်းသော၊ လှပသောအရာပါပဲ။** ဒါပေမဲ့လို့ ဒါကို လွယ်တယ်လို့တော့ ဘယ်သူမှမပြောဘူး။ တစ်ယောက်ယောက်က သင့်ကို နာနာကြည်းကြည်းလုပ်လိုက်သည်ရှိသော် သင့်ရဲ့ဒေါသတွေ၊ ရန်ငြိုးတွေကို ချုပ်တည်းဖို့ဆိုတာ အလွန်ပဲခက်ခဲပါတယ်။ သို့သော်လည်း ခွင့်လွှတ်ခြင်းဟာ ဖြစ်နိုင်ပါတယ်။ ဒီလိုလုပ်လိုက်ခြင်းဖြင့် သင့်ရဲ့ကိုယ်နဲ့စိတ်ကျန်းမာရေးကို အံ့မခန်း အကျိုးရှိစေပါတယ်။ **အမှောင်ဟာ အမှောင်ကိုမဖယ်ရှားနိုင်၊ အလင်းကသာ ဖယ်ရှားနိုင်သည်။ အမုန်းဟာ အမုန်းကို မဖယ်ရှားနိုင်၊ မေတ္တာတရားကသာ ဖယ်ရှားနိုင်သည်။**

လူတစ်ယောက်ဟာ နာကြည်းမုန်းတည်းမှုတွေကို ဒီမှာမထားရစ်ခဲ့နိုင်ဘူး ဆိုရင် သူဟာ ဆက်လက်ပြီး အကျဉ်းကျနေဦးတော့မှာပဲ။ လူသားတွေရဲ့လက်တွေ့ ဘဝမှာနေ့စဉ်လိုလို အဖြစ်များတဲ့ ဒေါသရဲ့ သဘာဝတစ်ခုကတော့ သည်းမခံ နိုင်ခြင်း၊ ခွင့်မလွှတ်နိုင်ခြင်းပါပဲ။ မိမိနဲ့အနီးကပ်ထိတွေ့ဆက်ဆံနေရသူတွေရဲ့ အမှားအယွင်းတစ်ခု၊ အချွတ်အလွဲတစ်ခုကို ရောမအပြစ်ကြီးတစ်ခုအဖြစ် ပုံကြီးချဲ့တတ်သူတွေမှာ ဒီသဘောပိုပြီး အဖြစ်များပါတယ်။

လောက၏အလှတရားတို့သည် ခွင့်လွှတ်ခြင်း၊ ကြင်နာခြင်း၊ စာနာခြင်း တို့ပင်ဖြစ်သည်။ ထိုလောကအလှဆင်သဘောတရားတို့ကို မာန်မာန၊ အာဃာတ တို့ဖြင့် မချေဖျက်သင့်။ ခွင့်လွှတ်နိုင်တာနဲ့အမျှ မေတ္တာတရားရဲ့ အတိုင်းအဆ ဟာလည်း ကြီးမားကျယ်ပြန့်တဲ့ သဘောကိုဆောင်ပါတယ်။ ခွင့်လွှတ်တယ်ဆိုတာ နားလည်မှုနဲ့ကျေအေးခြင်းမျိုးပါ။

**—မအေးအေး၊ (၆–၃–၂၀၀၆) *Hot News* စာ–၂၁။**

# စည်းကမ်း

သတင်းစာတွင်(တစ်ခါက)ပါခဲ့သော ကာတွန်းတစ်ခုဖတ်၍ပြုံးရပါသည်။ အကြောင်းအရာက ကားပေါ်မှာ ဆေးလိပ်သောက်ခြင်းကိစ္စ၊ ကာတွန်းနှစ်ကွက်ပါသည်။ ပထမတစ်ကွက်က ကားပေါ်တွင် ဆေးလိပ်မသောက်ရန် မေတ္တာရပ်ခံပါသည်ဟု ထုတ်ပြန်ထားရာ၊တစ်ကားလုံးဆေးလိပ်သောက်နေကြ၍ မီးခိုးငွေ့တို့လုံးခြားပတ်မွှန်နေသည်။ နောက်ကာတွန်းဒုတိယကွက်တွင် ကားပေါ်တွင်ဆေးလိပ်သောက်လျှင် ဖမ်းမည်ဟုအမိန့်ထုတ်ပြန်လိုက်သောအခါ မည်သူတစ်ဦး တစ်ယောက်မှ ဆေးလိပ်မသောက်ဘဲ ဥပဒေကိုလေးစားလိုက်နာနေဟန်ဖော်ပြထားသည်။ ယင်းကာတွန်း၏ ဆိုလိုချက်မှာ **စည်းကမ်းရှိရန်၊ ပြစ်ဒဏ်နောက်ကလိုက်ပြီး ဆောင်ရွက်ဖို့လိုသည်**ဟု ဖော်ပြထားခြင်းဖြစ်၏။ ယင်းက စည်းကမ်းလိုက်နာရန် ပြစ်ဒဏ်ပေးဖို့၊ အကြောက်တရားဖြင့် ထိန်းချုပ်ဖို့ လိုအပ်၏ဟု ညွှန်ပြထားသကဲ့သို့ရှိ၏။

အမှန်ပင် **စည်းကမ်းကို မလိုက်နာသူအဖို့ အပြစ်ဒဏ်သည်လိုအပ်၏**။ အကြောက်တရားဖြင့်ခြိမ်းခြောက်လျှင်ပင် စည်းကမ်းကိုလိုက်နာစေသည်လည်းရှိ၏။ သို့သော် အကြောက်တရားဖြင့်ခြောက်၍ စည်းကမ်းကိုလိုက်နာခြင်းသည် စင်စစ်အသိတရားဖြင့် လိုက်နာခြင်းကို မပြုလုပ်နိုင်သည့်အတွက် ခြောက်ရခြင်းသာလျှင်ဖြစ်ရပေသည်။ နေရာတကာ စည်းကမ်းရှိရန် အကြောက်တရားဖြင့် ခြောက်နေလျှင်ကား ကြောက်၍စည်းကမ်းလိုက်နာရပါသည်ဟူသော ကိစ္စသည် စင်စစ်မကောင်းပေ။ အသိတရားဖြင့် စည်းကမ်းကိုလိုက်နာခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်၏။ ယင်းသို့ဆိုလျှင် အသိတရားဖြင့် စည်းကမ်းလိုက်နာစေရန် မည်သို့စည်းရုံး လုပ်ဆောင်ကြပါမည်နည်း။

**စည်းရုံးလုပ်ဆောင်ရာ၌ ချိုသာယဉ်ကျေးစွာ ပြောဆိုဆက်ဆံ စည်းရုံးခြင်းသည် အကောင်းဆုံးနည်းဖြစ်သည်**။ ချိုသာယဉ်ကျေးစွာပြောဆို စည်းရုံးနည်းသက်သက်ဖြင့် အောင်မြင်နိုင်ပါမည်လားဟု အမေးရှိလာပါသည်။ ရာနှုန်းပြည့် အောင်မြင်နိုင်သည်ဟုကား အာမမခံနိုင်ပေ။ သို့သော် စိတ်ရှည်သည်းခံလျက် ထပ်တလဲလဲ ချိုချိုသာသာ၊ ပျော့ပျော့ပျောင်းပျောင်း၊ စည်းရုံးလှုံ့ဆော်ပါလျှင် အများဆုံးအောင်မြင်မှုရရှိနိုင်မည်ဟုသေချာပေါက်ပြောနိုင်ပေသည်။ အကြောင်းမှာ

လူတိုင်းလူတိုင်းသည် ပျော့ပျော့ပျောင်းပျောင်း၊ ချိုချိုသာသာ၊ လေးလေးစားစား၊ ဂရုတစိုက်ပြုမူဆက်ဆံပြောဆိုခြင်းကို နှစ်သက်သောကြောင့်ပင်။

လူကြီးမဆိုထားနှင့် ကလေးသူငယ်များပင်လျှင် ချိုချိုသာသာ၊ **ပျော့ပျော့ ပျောင်းပျောင်းဖြင့်** မိမိလုပ်စေလိုသည်ကို နိုင်းစေလျှင်လုပ်**ပေးတတ်ကြ၏**။

စည်းကမ်းဟုဆိုရာ၌လည်း လိုက်နာသင့်သောစည်းကမ်**းနှင့်စည်းကမ်းဟု ခေါင်းစဉ်**တပ်လျက် လိုက်နာရန်ခက်ခဲသော၊ စည်းကမ်းမမည်သော **အတင်းအဓမ္မ** နိုင်းစေမှုများကိုလည်း စည်းကမ်းအဖြစ်ဖြင့်တွေ့နေရပေသည်။ **ယင်းကြောင့်** လိုက်နာအပ်သောစည်းကမ်းနှင့် စည်းကမ်းအယောင်ဆောင်ထားသော **အဓမ္မ** လိုက်နာအောင် သွေးဆောင်ဖြားယောင်းမှုများကိုလည်း ခွဲခြားတွေ့ရပေသည်။

အချို့သော အာဏာပိုင်တို့သည် မိမိအာဏာစက်ဖြန့်ကြက်မှုများများရန် အလို့ငှာ မလျော်ကန်သောအမိန့်ထုတ်ပြန်မှုတို့ကို ထုတ်ဆင့်ထားတတ်ကြ၏။ **ဤနေရာတွင် ရေမချိုးရ၊ အဝတ်မလျှော်ရ**ဟု စည်းကမ်းသတ်မှတ်ထားလျှင် ရေချိုးရမည့်နေရာ၊ အဝတ်လျှော်ရမည့်နေရာတို့ကို သတ်မှတ်ပေးထားရပေမည်။ တစ်နည်းပြောရလျှင် စည်းကမ်းအဖြစ်ထုတ်ဆင့်မှုကို တည်ကြည်လိုက်နာအောင် ထွက်ပေါက်အဖြစ်နေရာ သတ်မှတ်ပေးရမည်ဖြစ်သည်။ သို့မှသာလျှင် စည်းကမ်းသည် **အသက်ပါသောစည်းကမ်း၊ အောင်မြင်သောစည်းကမ်း၊ အပြန်အလှန် လေးစားလိုက်နာဖွယ်ကောင်းသော စည်းကမ်းအဖြစ် အသက်ဝင် သစ်လွင်လာမည် ဖြစ်၏။ စည်းကမ်းသတ်မှတ်သူသည် ယင်းအချက်ကို အလေးထားပြု ဆင်ခြင်သင့်လှပေသည်**။

တစ်နေရာတွင် နှစ်ရှည်လများ ကလေးသူငယ်တို့ ကျောင်းသို့ဖြတ်သန်းရာ လမ်းအဖြစ်တည်ရှိနေခဲ့၏။ တစ်စုံတစ်ရာအကြောင်းကြောင့် ထိုနေရာကို တားဆီးပိတ်ဆို့လိုက်သောအခါ ကလေးသူငယ်များ ကျောင်းမသွားနိုင်တော့ပေ။ တစ်ကွေ့တစ်ပတ်ကြီး သွားလာရမည်ဆိုပါကလည်း ကလေးတို့အတွက် လမ်းမသာ၍ အန္တရာယ်ရှိသော ရေအိုင်၊ ရွှံ့၊ နွံတို့ရှိ၍ လုံးဝမသင့်တော်ပေ။ ထိုအခါ ကလေးငယ်တို့ကျောင်းမသွားနိုင်သည်ကို အကြောင်းပြုလျက် မိဘတို့သည် ဆန္ဒထုတ်ဖော်လာကြ၏။ ဘယ်သူမှားသနည်း။ ဤလမ်းကိုပိတ်ဆို့လိုက်လျှင် ပိတ်ဆို့လိုက်သောလမ်းအစားအခြားလမ်းတစ်ခုကို ဖွင့်ပေးရပေလိမ့်မည်။ မိမိထုတ်ဆင့်ပြဋ္ဌာန်းလိုက်သော စည်းကမ်းသတ်မှတ်ချက်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအပေါ်တွင် ထွက်ပေါက်ပေးမှုမရှိပါက မတရားသက်သက် တရားမဖက်သော စည်းကမ်း သတ်မှတ်ချက်သာဖြစ်နေပေလိမ့်မည်။ ဖြစ်သည့်နည်းဖြင့်

ထွက်ပေါက်ပေးမှသာလျှင် တားဆီးပိတ်ဆို့မှုသည် ထင်သာမြင်သာ သွားနိုင်မှု တစ်ခုကိုဖြည့်စွက်ပေးရပေလိမ့်မည်။

ကျွန်တော် (မြေး၏သား)မြစ်ဖြစ်သူ ကောင်းခန့်စိုးသည် သုံးနှစ်သား ကျော်လာသည်နှင့် နံနက်အိပ်ရာထလျှင် သွားတိုက်ရန် ကလေးသုံး သွားပွတ်တံ အသေးကလေးဖြင့် နေ့စဉ်သင်ပေး၏။ (၁၅)ရက်လွန်၍ တစ်လမပြည့်မီမှာပင် ကောင်းကောင်း(ကောင်းခန့်စိုး)သည် သူကိုယ်တိုင် သွားတိုက်ဆေးဗူးထဲက သွားတိုက်ဆေးကို တော်ရုံညှစ်၍ သွားတိုက်တတ်လာ၏။ စတင်နိုင်းစေစဉ်က ကိုယ်တိုင်သွားတိုက်တတ်ရမည့် စည်းကမ်းကို ကောင်းခန့်စိုးသည် မလိုက်နာ ချင်ပေ။ သူနှင့်အံမဝင်သောကိစ္စကို လူကြီးများက အဓမ္မခိုင်းစေသည်ဟု ထင်မှတ်လျက် ပေကပ်ကပ်အမူဖြင့် ဆန့်ကျင်ပြ၏။ ယင်းကို ချိုချိုသာသာ၊ ပျော့ပျော့ ပျောင်းပျောင်းဖြင့် "ကောင်းကောင်းက လိမ္မာတယ်ဟေ့။ ဟုတ်ပြီကွ။ လူတော် ကလေးပဲ"စသည်ဖြင့် ကလေးလုပ်ချင်လာအောင် ချီးကျူးပေးခြင်းဖြင့် ကလေး လုပ်ချင်သောစည်းကမ်းသတ်မှတ်ချက်ကို လွယ်ကူစွာလိုက်နာလာလေသည်။

ယင်းကြောင့် စည်းကမ်းတိုင်းတွင် ထွက်ပေါက်ရှိရမည်။ စည်းကမ်းကို လိုက်နာနိုင်အောင် ဖွင့်ဆိုရှင်းပြနိုင်မှုရှိရပေမည်။စည်းကမ်း၏အကျိုးသက် ရောက် မှုကိုစည်းကမ်းပြုခံရသူတို့လိုက်နာချင်လာအောင် ဆောင်ရွက်သင့်ပါ ကြောင်း တင်ပြလိုက်ရပါသည်။(ရေးသူအမည် ပြန်ရှာတွေ့က ပြန်လည်ဖော်ပြပါမည်)

-(၆-၃-၂၀၁၅) *Hot News* စာ-၂၀။

## မြတ်ပညာ

**ပညာရှိမှ လူရာဝင်၊ ပညာတတ်အောင်သင်။**
**ပညာမဲ့လျှင် လူ့အောက်ကျ၊ ပညာဆည်းပူးကြ။**
**ပညာသင်စ ငယ်စဉ်ခါ၊ ပညာနံ့မင်ပါ။**
**ပညာသည်သာ မြတ်ရွှေအိုး၊ ပညာလူမနိုး။**
**ပညာအကျိုး သိရို့ရာ၊ ပညာကြိုးစားပါ။**
**ပညာဂုဏ်သာ ပွဲလယ်တင့်၊ ပညာမှာ ရဲရင့်။**
**ပညာစေတ်နှင့် အပြိုင်သာ၊ ပညာရှာမှီးပါ။**
**ပညာဆိုတာ မကုန်ခမ်း၊ ပညာရှာပါစမ်း။**



-မောင်မောင်မိုးအောင်၊ ၂၀၁၄ ဖေဖော်ဝါရီလထုတ် ရတနာပန်းခင်းမဂ္ဂဇင်း၊ စာ ၄၀ မှ။


တရားကို နတ်စောင့် သတဲ့… အပြောခံရတာ နားကျိန်းလို့…
ဤနိုင်ငံ၌ မည်သည့် တရားဥပဒေကိုမှ နတ် မစောင့်တော့ပါကြောင်း ကြေငြာလိုက်သည်။


တရားကို နတ်စောင့်ပါတယ်ဗျ…
ဘယ်နတ်လဲဟင်…
သေနတ်
လေ…. ဟဲဟဲ….။
ကြောက်ပါပြီဗျ…
CARTOON

# ကုသိုလ်တရားထက် အကုသိုလ်တရားပိုများ

ယခုလအတွင်း ထူးခြားသည်မှာ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ စာစောင်များတွင် များသောအားဖြင့် မြန်မာပြည်အရပ်ရပ်ရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရားများ၌ ဘုရားပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြကြောင်း နေ့တိုင်းလိုလို ဖတ်ရှုနေရပေသည်။ ဤတွင် စာရေးသူငယ်စဉ်က ကြားဖူးခဲ့သော အထက်ဖော်ပြပါ "**တစ်နှစ်တစ်ခါ၊ငရဲရွာ၊ လူ့ရွာဘုရားပွဲ**"ဟူသော အဆုံးအမလင်္ကာလေးကို ပြေး၍ သတိရမိပါသည်။ အဆိုပါလင်္ကာလေးသည် လယ်တီဆရာတော်ဘုရားကြီး ရေးသားခဲ့သော သတိပေးစာသားလေး ဖြစ်ပေသည်။ မြန်မာပြည်မှာ ရှေးနှစ်ပေါင်း များစွာကပင် မြို့ရွာနယ်ပယ်အသီးသီးတွင် သမိုင်းဝင်ဘုရားစေတီများရော၊ သမိုင်း မဝင်သော ဘုရားစေတီများတွင်ပါ သဒ္ဓါတရားထက်သန်ကြပေသော မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များသည် ဘုရားပွဲများ ပြုလုပ်ခဲ့ကြသည်ကို အားလုံးအသိပင် ဖြစ်သည်။

စာရေးသူကိုယ်တိုင်သည်လည်း ငယ်စဉ်က ဘုရားပွဲများရှိလျှင် ကလေးတို့ သဘာဝအတိုင်း အငြိမ့်ပွဲများ၊ ဇာတ်ပွဲများပါလျှင် ပျော်ပျော်ပါးပါး သွားကြည့်ခဲ့ပါ သည်။ ဘုရားပွဲဆို၍ ဘုရားမှာပြသော ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ ပျော်ပွဲ ရွှင်ပွဲများကိုသာ သွားကြည့်ပြီး ပွဲဈေးများတွင် ပျော်ပျော်ပါးပါး စားသောက်ကာ ပြန်သွားကြသူသာ များပါသည်။ ဘုရားပေါ်တက်ပြီး ဘုရားရှိခိုးခြင်း၊ တရား ဘာဝနာပွားခြင်း၊ပရိတ်ရွတ်ခြင်း၊ပဋ္ဌာန်းရွတ်ခြင်းပြုလုပ်နိုင်သူ(သို့မဟုတ်)တရား ဖြင့် ဘုရားကိုပူဇော်ရမှန်းသိသူ မရှိသလောက်ပင် ရှားပါးကြောင်း တွေ့ရပေသည်။

အကယ်၍ ထိုသို့ဘုရားကို တရားဖြင့် ပူဇော်ရမှန်းမသိပါလျှင်လည်း ဘုရားပတ်ဝန်းကျင်မှာ အငြိမ့်ပွဲတွေ၊ ဇာတ်ပွဲတွေ၊ ရုပ်ရှင်တွေက အသံဗလံတွေ ဆူညံနေသဖြင့် တရားဖြင့် ပူဇော်ခွင့်မရရှိနိုင်တော့ပေ။

သို့ဖြစ်၍ အထက်ဖော်ပြပါ ဘုရားပွဲများတွင် ဇာတ်ပွဲအငြိမ့်ပွဲများဖြင့် ပူဇော်ခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့သောကြောင့် "လယ်တီ ဆရာတော်" ဘုရားကြီးတို့လက်ထက်ကပင် အထက်ဖော်ပြပါ သတိပေးလင်္ကာ လေးဖြင့် ဆရာတော်ကြီးက ဆုံးမခဲ့ဟန်တူပေသည်။

စာရေးသူတို့ငယ်စဉ်ကလည်း အထက်အညာဒေသဘုရားပွဲတစ်ခုတွင် ဘုရားပွဲပြီးနောက် ညတစ်ခု၌ ရန်ဖြစ်ပြီး လူသတ်မှုဖြစ်သောကြောင့် နောက်နှစ်က စပြီး ဘုရားပွဲမှာ ဇာတ်ပွဲမထည့်ရတော့ကြောင်း ကြားသိခဲ့ရပေသည်။

သို့သော်လည်းပဲ ယခုနောက်ပိုင်းတွင်တော့ ဆက်လက်၍ ဘုရားပွဲများမှာ အနယ်နယ်အရပ်ရပ်မြို့နယ်တိုင်းမှာ ဘုရားပွဲတိုင်းလိုလိုတွင် အငြိမ့်ပွဲ၊ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ၊ စင်တင်တေးဂီတစသည့် ကပွဲမျိုးစုံဖြင့် ဆက်လက်၍ ဘုရားကို ပူဇော်နေကြသည်ကို တွေ့ရှိနေရပေသည်။

ယခုလိုတပေါင်းလတွင် တပေါင်းပွဲတော်နှင့်အတူ ဘုရားပွဲများ အထူးများပြားနေသည်ကို တွေ့နိုင်ပေသည်။ ယခုတပေါင်းလတွင် ရန်ကုန်မြို့မှာဆိုရင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်၏တပေါင်းပွဲတော်၊တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့နယ်တွင် ကလိန်အောင်ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်၏ တပေါင်းပွဲတော်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင်လည်း ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်တို့ကို ဇာတ်သဘင်များ၊ အငြိမ့်ပွဲများ၊ စင်တင်တေးဂီတများအပြင် အခြားပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲစည်ကားစွာ ကျင်းပကြကြောင်း သတင်းများတွင် ဖတ်ရှုနေရပေသည်။

မြန်မာပြည်မှ အထက်ဖော်ပြပါ ဗုဒ္ဓပူဇနီယဘုရားပွဲများနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်များ သတိထားနိုင်ကြရန် ဆရာကြီး ဦးရွှေအောင်က "ထေရဝါဒအုတ်မြစ်" ကျမ်းစာ စာမျက်နှာ-၆၄ တွင် ယခုကဲ့သို့ လမ်းညွှန်ပြခဲ့ပေသည်။

**"ဘုရား၊ တရား၊ သံဃာ" ဟူသော ရတနာသုံးပါးသည် ဤလောက၌ အပူဇော်ခံသက်သက်အနေဖြင့် ပွင့်ထွန်းပေါ်ပေါက်လာသည်မဟုတ်။ ဘုရားဟော တော်မူသည့်အတိုင်း ယုံကြည်စွာလိုက်နာကျင့်သုံး၍ အနိမ့်ဆုံးအနေဖြင့် ကလျာဏ ပုထုဇဉ်ဖြစ်သွားအောင်၊ထို့ထက်စွမ်းနိုင်ပါကမဂ်ဖိုလ်ကို ရသွားအောင် ကျင့်ကြံအားထုတ်စေရန်အတွက်သာဖြစ်၏။ သို့မှသာ ဤလောက၌ ရတနာသုံးပါးပွင့်ထွန်း ပေါ်ပေါက်ရကျိုးနပ်ပေလိမ့်မည်"။**

ဆရာကြီးဦးရွှေအောင်၏ အထက်ဖော်ပြပါအဓိကညွှန်ပြချက်မှာ အပေါ်ယံအာမိသပူဇာဖြင့်သာ စခန်းမသိမ်းကြဘဲ ဓမ္မပူဇာ၊ဝိပဿနာတရားကိုပါဖြည့်ကျင့်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါ၏။ ယခုအချိန်၌ကား ဓမ္မပူဇာကိုရောက်ဖို့နေနေသာသာ၊ သူတော်ကောင်းများ လက်ခံနိုင်သော ရိုးရိုးအာမိသပူဇာပင် မကတော့ဘဲ တေးဂီတ၊ အက၊ အခုန်၊ ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများက ဘုရားပွဲများတွင် နေရာအများဆုံးယူလာကြပေပြီ။ ပွဲလမ်းသဘင်ပါသော မည်သည့်ဘုရားပွဲမဆို အောက်ဖော်ပြပါဆိုးကျိုးများ အနည်းနှင့်အများဖြစ်ကြရသည်သာဖြစ်ပါ၏။

- ဘုရားစေတီများ၏ ပတ်ဝန်းကျင်တွင် ကျင်ကြီး၊ ကျင်ငယ်၊ စားကြွင်း၊ စားကျန်များစွန့်ပစ်ကြခြင်း၊ မူးယစ်သောက်စားခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊
- ပွဲလမ်း သဘင်နှင့်အတူ ရန်ပုံငွေဆိုပြီး ပြုတတ်ကြသော တရားဝင်လောင်းကစားနှင့် တရားမဝင်လောင်းကစားများကြောင့် လူငယ်များ စာရိတ္တပျက်ပြားသည့်အပြင် ရပ်ကွက်အတွင်း သူခိုးပူခြင်း၊
- ပွဲလမ်းသဘင်မှာ အချိန်ကုန်သဖြင့် ကျန်းမာရေး၊ စီးပွားရေးထိခိုက်ခြင်း၊
- မရှိမဲ့ရှိမဲ့ သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာ၊ဟီရိဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာများကိုလည်း ပွဲလမ်းသဘင်၊အပျော်အပါးက တိုက်ခိုက်လုယက်သွားသဖြင့် ထိုရက်များအတွင်း လောင်းနေကျ ဆွမ်းတော်ကိုလည်း မလောင်းနိုင်တော့ခြင်း၊ ပို့နေကျဆွမ်းတော်ကိုလည်း မပို့နိုင်တော့ခြင်း။
- စိပ်နေကျစိပ်ပုတီးလည်း ချိတ်ပုတီးဖြစ်သွားခြင်း၊ ရှိခိုးနေကျအိမ်က ဘုရားကိုလည်း ဦးလေးတောင် မချနိုင်တော့ခြင်း၊
- ညမိုးအလင်းပွဲတွေကြည့်ပြီး တစ်နေကုန်အိပ်သဖြင့် လူစင်စစ်က ဗီးကွက်ဖြစ်နေရခြင်း၊ ပွဲလမ်းသဘင်ပြီး၍ တစ်လလောက်အတွင်းမှာပင် ထိုပွဲလမ်းသဘင်အကြောင်း သမ္ဖပ္ပလ္လာအကျိုးမရှိသော အပိန်အဖျင်းစကားများပြောမိနေတတ်ခြင်း

စသော ဆိုးကျိုးများဖြစ်ကြသည်ကို ကြိုတင်သိမြင်ကြသော ဆရာတော်ကြီးများအဆက်ဆက်က ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးတည်းဟူသော လည်ချောင်းဝမှ ပွဲလမ်းသဘင်တည်းဟူသော အရိုးစတစ်မျိုးကို စွမ်းနိုင်သမျှ ဖယ်ရှားပေးတော်မူခဲ့ကြပါသည်။

ထို့ပြင် မြတ်စွာဘုရားကိုယ်တော်တိုင်မှ နစ္စ၊ ဂီတ၊ ဝါဒိတစသည့် သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်းစသည်တို့ကို ကိလေသာထကြွ သောင်းကျန်းစေသောကြောင့် တားမြစ်ပညတ်ထားပြီး မပြုလုပ်သင့်ကြောင်း ဟောကြားထားသော်လည်း ယခုခေတ် ဘုရားပွဲတော်များတွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ၊ စင်တင်တေးဂီတစသည့် ပျော်ပွဲရွှင်ပွဲများဖြင့် ပူဇော်နေကြခြင်းသည် ဘုရားအလိုတော်ကျမှ ဟုတ်ပါလေစ။

"သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး" ဟူသောစကားအရ ပုထုဇဉ်များပီပီ ဆေးဖြစ်ဖို့ထက် ဘေးဖြစ်ဖို့ကများသည်ကတော့ သေချာပါသည်။ တစ်ခါက အထက်အညာဒေသမှာ ရွာတစ်ရွာတွင် ကိုးတောင်ပြည့်စေတီလေးတစ်ဆူရှိရာ ဘုရားပွဲတွင် ရွာသူရွာသားတို့က ဇာတ်ပွဲထည့်လိုကြသည်။ ကျောင်းထိုင်

ဘုန်းကြီးက တရားပွဲသာထည့်လိုသည်။ ဇာတ်ပွဲဆိုလျှင် ထိန်းမနိုင် သိမ်းမရ နှင့်ရွာနာမည်ပျက်မှာစိုး၍ တားမြစ်သည်။ ဘယ်လိုမှမရ၊ နောက်ဆုံးရွာသားတို့၏ ဆန္ဒအတိုင်း ဇာတ်ပွဲထည့်ရတော့သည်။

ဘုရားပွဲ၏ ပထမညမှာပင် မင်းသမီးကိုပိုးရင်း စကားများရန်ဖြစ်ကြသဖြင့် ရွာသားသုံးဆယ်ကျော် ခေါင်းကွဲကာ ရဲဌာနမှာ အချုပ်ခံကြရသည်။ သူ့စကား နားမထောင်၍ဖြစ်ရသဖြင့် ကျောင်းထိုင်ဆရာတော်က နောင်မှတ်မိစေရန် အောက်ပါ ကဗျာလေးရေး၍ တစ်ရွာလုံးသို့ ကမ်းထားလိုက်ရသောဟူ၏။ ကဗျာ လေးမှာ-

**ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တယ်(တည်)**

**ငယ်သာငယ် တယ်တွယ်တဲ့ဘုရား**

**လူသုံးဆယ် ခေါင်းတွေကွဲတယ်၊ ရဲဌာနသွား။**

သို့ဖြစ်ပါ၍ "ယိုသူမရှက် မြင်သူရှက်"ဆိုသော စကားအတိုင်း ဘာသာ သာသနာအကြောင်းပြု၍ ကုသိုလ်တိုးပွားရမည့်အစား အကုသိုလ် ပွားများနေကြခြင်း အပေါ် အမြင်မတော်၍ တမင်ဖော်ကာ တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

အခုရက်ပိုင်းအတွင်းမှာပဲ စာရေးသူတို့ရပ်ကွက်ထဲမှ ပေါ်တော်မူဘုရားမှာ နှစ်စဉ်ကတော့ ထုံးစံအတိုင်းဘုရားပွဲကို တစ်နှစ်တစ်ကြိမ်ပြုလုပ်ပါသည်။ အခု နောက်ပိုင်းမှာတော့ ပုံမှန်ဘုရားပွဲအပြင် ဘုရားကြီးရွှေချိုဆိုတဲ့ခေါင်းစဉ်နဲ့ ဘုရားပွဲကို ရန်ပုံငွေပွဲဆိုကာ ခေါင်းစဉ်အသစ်ဆတတ်ပြီး ပြုလုပ်နေပါသည်။ အဲဒီရန်ပုံငွေပွဲမှာ ဇာတ်ပွဲတို့၊အငြိမ့်သဘင်တို့၊စင်တင်တေးဂီတစသည်တို့အပြင် အခြားပျော်ပွဲရွှင်ပွဲမျိုးစုံနဲ့ ငြိမ့်ငြိမ့်သဲအောင် ဘုရားကိုပျော်ပွဲရွှင်ပွဲတွေနဲ့ ပူဇော်နေ ကြပါသည်။ တစ်ဆက်တည်းမှာပင် (၂၀-၃-၂၀၁၄) ရက်နေ့တွင် ကြေးမုံ သတင်းစာနှင့်အခြားနေ့စဉ်ထုတ် သတင်းစာများတွင် ရွှေစက်တော်ဘုရားပွဲတော် အတွင်းရှိ ဘုရားဖူးတည်းခိုဆောင်များ၌ (၁၉-၃-၂၀၁၄) ရက်နေ့ နံနက် ၂ နာရီက မီးပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ သီးသန့်တည်းခိုဆောင်သုံးခု၊ ရိုးရိုးတည်းခို ဆောင်ငါးလုံး၊လုံခြုံရေးနှင့် အခြားအဆောင်လေးလုံးအပါအဝင် စတိုကြီးကြပ်ဆောင်နှစ်လုံးတို့ မီးလောင်ဆုံးရှုံးရကြောင်း ဖတ်ရှုလိုက်ရသည်။

ယခုလိုမျိုးတွေ ဖြစ်ပွားနေတာကတော့ တစ်မြို့နယ်ထဲတင်မကပါဘူး။ မိမိတို့ လက်လှမ်းမမီလို့ မသိနိုင်တာတွေလည်း အများကြီးရှိနေတဲ့အတွက် ရှေး ဆရာတော်ကြီးများဆုံးမခဲ့သလို "တစ်နှစ်တစ်ခါ ငရဲရွာ၊ လူ့ရွာဘုရားပွဲ" လို့ ဆိုခဲ့တာ လွန်အံ့မထင်ဟုပင် ပြောရမလိုဖြစ်နေပါတော့သတည်း။

***-ဦးသန်းထွန်း(ဥပဓေ)၊(၇-၃-၂၀၁၅) မြန်မာ့အလင်း စာ-၁၈။***

**မြတ်သောနေခြင်း**



တစ်ဦးနှင့်တစ်ဦး ချစ်ကြည်စွာ၊ ညီငယ်လေးတို့ နေကြပါ။
ကိုယ်ချင်းစာနာ မေတ္တာပွား။ သောရန်ကင်းသည့် မြတ်တရား။
ရန်ငြိုးထားခြင်း ရှောင်ကြဉ်လေ၊ ပူးပေါင်းဆောင်ရွက်တတ်ပါစေ။
ကိုယ်ကျိုးမငဲ့ များကျိုးကြည့်၊ "မြတ်သောနေခြင်း" မည်ပါတဲ့။

–နတ်မောက်ကြည်မြိုင်၊ ၂၀၁၄ မေဖော်ဝါရီလထုတ် ရတနာသန်ဆောင်းမဂ္ဂဇင်း စာ ၈ မှ။

# ရုပ်ရည်ချောမောသော်လည်း

## နှလုံးသားအပြင်ထွက်နေသည့် ၅နှစ်အရွယ် ရုရှားသူလေး

ရုရှားနိုင်ငံရှိ ၅ နှစ်အရွယ်သာရှိသေးသော ကလေးငယ်လေးတစ်ဦးသည် အင်မတန်ချောမောသော ရုပ်ရည်ကိုပိုင်ဆိုင်ထားခဲ့သော်လည်း သူမ၏နှလုံးသားမှာ နံရိုးအတွင်းပိုင်းတွင်မရှိဘဲ အပြင်သို့ထွက်ကာ သီးခြားတည်ရှိနေခဲ့သည်ဟုသိရသည်။

မွေးရာပါ သူမ၏အခြေအနေကို မြို့တော်ဘော်စတွန်ဆေးရုံရှိ တာဝန်ရှိသူများမှ အချိန်ပြည့်စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး သူမကိုသိရှိသူများကမူ Angel of Heart ဟု ချစ်စနိုးခေါ်ဝေါ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် သူမအား ဆေးကုသရန် နည်းလမ်းကို ရှာဖွေတွေ့ရှိခြင်းမရှိသေးဘဲ သာမန်မဟုတ်သော ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုကြောင့် အသက်ရှူခြင်းနှင့်ဆိုင်သည့် ပြင်းထန်သောဝေဒနာကို ခံစားနေရသည်ဟု သိရသည်။

မိသားစုမှာလည်း ဆင်းရဲချို့တဲ့၍ ဈေးမြင့်သောဆေးဝါးစရိတ်များအတွက် ဆေးရုံကပင် အသုံးစရိတ်ရန်ပုံငွေကို ဦးစီးတာဝန်ယူပြီး ရှာဖွေပေးလျက်ရှိသည်ဟု သိရသည်။

သို့သော်လည်း ထူးခြားချက်မှာ ရောဂါဝေဒနာကို အပြင်းအထန် ခံစားရလေ့ရှိသော်လည်း ကလေးငယ်လေးမှာ တရားထိုင်၊ဘုရားဝတ်ပြုဆုတောင်းခြင်း၊ တဖတ်ခြင်း၊ ဆော့ကစားခြင်းများကို လန်းဆန်းတက်ကြွစွာလုပ်ကိုင်နေသည်ဟုလည်း သိရသည်။ *Ref; Daily Mail*

*–(၂၄-၃-၂၀၁၄) ကြေးမုံ၊ စာ-၂၆။*

# ကျောင်း မ သွား ချင် သော သ မီး ကို

## ဆိုင်ကယ်ပေါ်တွင် ကြိုးတုပ်ခေါ်ဆောင်သူဖခင်အား ဖမ်းဆီး

အိန္ဒိယနိုင်ငံရှိ အမျိုးသားတစ်ဦးသည် ၄င်း၏သမီးကျောင်းနောက်ကျမည်စိုး၍ ဆိုင်ကယ်ပေါ်တွင် ကြိုးနှင့်ချည်ကာ ခေါ်ဆောင်သွားခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးမှုကို ခံခဲ့ရကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ ယူတာပရာဒေတ်ရှ်ပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်မူ ရဲတပ်ဖွဲ့မှ အာမခံဖြင့် ပြန်လည်လွှတ်ပေးထားခဲ့သည်။

ဖမ်းဆီးခံရသော ဖခင်ဖြစ်သူ၏ပြောကြားချက်အရ သူသည် သမီးလေးအား ကျောင်းတက်ရန် သကြားလုံးနှင့်လက်ဆောင်များပေးမည်ဟု စည်းရုံးခဲ့ရာ ကလေးငယ်မှာ ကျောင်းသွားရန်ငြင်းဆိုခဲ့သောကြောင့် ဒေါသထွက်ပြီး ကြိုးတုပ်ကာ ဆိုင်ကယ်ပေါ်တွင် တင်သွားရခြင်းဖြစ်ကြောင်း သိရသည်။

ဖခင်ဖြစ်သူက ဆက်လက်၍ "**သူမကို ဆိုင်ကယ်ပေါ်တွင် ကြိုးတုပ်ပြီး ကျောင်းပို့ထို့ မသေပါဘူး။ စာမတတ်မှသာ ဘဝသေသွားနိုင်ပါတယ်**"ဟုပြောကြားသွားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် အမျိုးသမီးစာတတ်မှုနှုန်းမှာ အမျိုးသားစာတတ်မှုနှုန်းအောက် နိမ့်ကျနေ၍ အိန္ဒိယဝန်ကြီးချုပ်က အမျိုးသမီးများ စာပိုမိုတတ်မြောက်ရန်အတွက် စီမံကိန်းတစ်ခုချမှတ်ကာ မိဘများကိုလည်း စာတတ်မြောက်ရေးအတွက် တိုက်တွန်းထားခဲ့သည်။ *Ref; Metro*

-(၂၄-၁၂-၂၀၁၄) *Tomorrow* စာ-၂၆။

### မတူသော အမြင်တစ်ခု

သူ(ဦးနေဝင်း)မကွယ်လွန်မီက မြန်မာနိုင်ငံတရားသူကြီးချုပ်ဟောင်း ဦးတင်အောင်ဟိန်းနှင့် မဆလပါတီနည်းပြချုပ်ဟောင်း ဦးချစ်လှိုင်ခေါ် ဦးကိုကိုမောင်ကြီးတို့အား "**အဲဒီတုန်းကသာ လယ်တီဆရာတော်ဘုရားကြီးရဲ့တရားတွေကိုသာ ကိုယ်သိခဲ့ရင် ၁၉၆၂ ခုက လုပ်ခဲ့တဲ့ အလုပ်မျိုး ကိုယ်မလုပ်ခဲ့ပါဘူး**"ဟူ၍ ပြောကြားခဲ့သည်ဟုဆိုသည်။ စာရေးသူကတော့ လုံးဝ မယုံကြည်ပါ။ ကိုကိုမောင်ကြီး၏ ဖြီးလုံးဖြန်းလုံးများသာဟု ထင်မြင်မိပါသည်။ ဦးနေဝင်းသည် မည်သည့်အခါမှ တရားရမည့်သူမဟုတ်ပါ။ တောင်ထိပ်ကြာပေါက်၊ လိပ်ကျောကုန်းအမွေးပေါက်၍ ဖျင်းမည်းလျှင်သာ မည်းမည်၊ မည်သည့်အခါမှ တရားရလိမ့်မည်မဟုတ်။

**-သန်းဝင်းလှိုင်၏ 'အာဏာရှင်ဗိုလ်နေဝင်း၏တတ်သိမ်းခန်း'စာအုပ် စာ ၂၀၀ မှ။**

# ဗိုလ်ချုပ်ဖတ်တဲ့စာအုပ် အိုဘားမားဖတ်တဲ့စာအုပ်

ကွန်ပျူတာဖြင့် စာစီထားသော"**စာဖတ်ပါ။ သတိရတိုင်း ရေသောက်ပါ**" ဆိုသည့် အသိပေးစာတစ်ခုကို မိတ်ဆွေတစ်ဦး၏အိမ်တွင် ကျွန်တော်တွေ့ခဲ့ဖတ်ခဲ့ရဖူးပါသည်။

မှန်ပါသည်။ မိမိဘဝရပ်တည်ရေးတွင် အသိပညာဗဟုသုတတိုးပွားရန်အလို့ငှာ စာတတ်ဖို့၊ စာဖတ်ဖို့လိုအပ်သလို လူ့ခန္ဓာကိုယ်၏ ငြိမ်းပုံလေးပုံမှုရှိသောရေဓာတ်ရရှိရန်အတွက်လည်း သတိရတိုင်း ရေသောက်ဖို့ လိုအပ်ပါသည်။ ဤစာတန်းတွင် သတိရတိုင်းဟု ထည့်သွင်းထားသည်က ဗို၏ ဘဝင်ကျစရာ ဖြစ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များဆိုလျှင် ကစားမက်နေလေ့ရှိသည့်အတွက် ရေသောက်ဖို့မေ့လျော့နေကြတာတွေ့ရှိပါသည်။ တစ်နေ့လျှင် ရေပမာဏမည်မျှသောက်ရမည်ဆိုသော ကျန်းမာရေးအသိရှိနေသည့် မိတ်ဆွေကတော့ သူ့မိသားစု၊ သူ့ကလေးတွေကို ဤစာတန်းဖြင့် သတိပေးနေတာ အလွန်ပင်သင့်လျော်လေစွ။

ကျွန်တော်တို့ ကလေးဘဝကပင် စာတွေ ဖတ်ကြရပါသည်။ကျောင်းသားဘဝကို ခံယူရသည့်နေ့အစမှာပင် သင်ယူခြင်းအလေ့နှင့် စတင်ခဲ့သည်ဖြစ်ရာ စာသင်ရ၊ စာဖတ်ရသည့်အလုပ်သည် နေ့စဉ်နှင့်အမျှဟုပင် ပြောရလောက်အောင် ဖတ်မှတ်ခဲ့ကြရပါသည်။ ထိုစာတွေ၊ ထိုအသိတွေနှင့်ပင် ဘဝကို ထူထောင်ခဲ့ကြရပါသည်။ စာဖတ်သည့် အနုပညာတစ်ရပ်ကို ဖန်းတီးပေးခဲ့သည့် မိဘ၊ဆရာများကျေးဇူးကား ကြီးပေစွ။ စာဖတ်ခြင်း၊ စာတတ်ခြင်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်း ပြောရလျှင်တော့ ဆုံးမည်မဟုတ်။

ဟောပြောပွဲတစ်ခုတွင် စာဖတ်ခြင်းကို အနုပညာတစ်ရပ်အနေဖြင့် ခံစားလို့ရပုံ၊ နေ့စဉ်စာဖတ်ရန်လိုအပ်ပုံတို့ကို ဗိုလ်ချုပ်အောင်ဆန်းစာဖတ်ပုံနှင့် နှိုင်းယှဉ်ဟောပြောခဲ့ဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကလေးဘဝမှာပင် စာဖတ်နာသူတစ်ဦးဖြစ်ကြောင်း၊ ရှင်မဟာရဋ္ဌသာရ၏ စာများကို အလွတ်ကျက်မှတ်တတ်ကြောင်း၊ နတ်မောက်ဦးသောဘိတကျောင်း၌ နေစဉ်ကပင် ပါဠိစာပေကို အထူးသင်ယူခဲ့ကြောင်း၊ အခြားကလေးများလို ဆော့ကစားခြင်းကို မက်မက်မောမောမရှိဘဲ ချောင်တစ်နေရာရာတွင် စာဖတ်နေလေ့ရှိကြောင်း ပြောခဲ့ပါသည်။

အလယ်တန်းနှင့်အထက်တန်းကျောင်းသားဘဝတွင်လည်း စာတော်သူတစ်ဦးဖြစ်ကာ ကျောင်းစာအပြင် ပြင်ပစာများကိုလည်း စတင်ဖတ်ရှုခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝမှာတော့ နိုင်ငံရေးစာပေများကို ဖတ်ရှုခဲ့ကြောင်း၊ စာဖတ်ရာတွင်လည်း စာကိုတစ်ပိုဒ်ချင်း၊ တစ်ကြောင်းချင်း သေချာဖတ်ရှုလေ့ရှိသည်ကို ကျူးသွေးဆင်အမှတ်များကိုလည်း မှတ်သားလေ့ရှိကြောင်း ဗိုလ်ချုပ် အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်တွင် ဖတ်ရှုခဲ့ရပါသည်။

ဗိုလ်ချုပ်စာဖတ်ပုံနှင့်ပတ်သက်၍ ကျွန်တော်တို့ စာပေသမားများ အပတ်စဉ်ဝိုင်းဖွဲ့လေ့ရှိသည့် ရန်ကုန်တက္ကသိုလ်ထဲက ဦးချစ်ဆိုင် ကြာသပတေး စာပေဝိုင်းတွင် မိတ်ခွေမျှားကို ပြောပြခဲ့ရာ စာရေးဆရာ၊ စာကြည့်တိုက်ပညာရှင် ဆရာဦးမြင့်ကြိုင်က "**အေးဗျ၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ပြောဖူးတယ်ဗျ၊ သူများနိုင်ငံတွေမှာ သူ့ရဲ့ကောင်းတွေ၊ သမ္မတတွေ အတ္ထုပ္ပတ္တိတွေပြု စုတဲ့အခါ သူတို့တစ်တွေ ဖတ်ရှုခဲ့ကြတဲ့စာအုပ်တွေ၊ စာစုစာရင်းတွေကိုပါ ဖော်ပြလေ့ရှိကြတယ်။ ကျွန်တော်တို့နိုင်ငံမှာလဲ တာဝါလိမ်းလမ်းက ဗိုလ်ချုပ်ပြတိုက်ထဲမှာ ဗိုလ်ချုပ်ဖတ်ခဲ့တဲ့စာအုပ်တွေကို ပြထားတာရှိပါတယ်။ အဲဒီစာအုပ်တွေကို စာရင်းပြုစုပြီး စာအုပ်အမျိုးအစားတွေခွဲပြထားရင် ပိုကောင်းတာပေါ့ဗျာ။ ဗိုလ်ချုပ်က ဘယ်လိုစာအုပ်မျိုးတွေ ဖတ်ခဲ့တယ်ဆိုတာ လူငယ်တွေ သိခွင့်ရတာပေါ့**"ဟု ဆိုခဲ့ပါသည်။

ကျွန်တော်တို့နိုင်ငံက ဗိုလ်ချုပ်အောင်ဆန်းစာဖတ်နာသလို အမေရိကန်ပြည်ထောင်စုက သမ္မတကြီးအိုဘားမားသည်လည်း စာဖတ်နာသူတစ်ဦးဖြစ်ကြောင်း သတင်းစာဆရာကြီး မောင်ဝံသရေးသားခဲ့သည့် "**စကားပြောကောင်းတဲ့ နိုင်ငံရေးသမား**"ဆောင်းပါးတွင် ဖတ်ခဲ့ရပါသည်။သမ္မတဘားရက်အိုဘားမားက–

"Words had the power 'to transform':with the right words everything could change." "**အဓိကက စကားလုံးတွေပဲ။ စကားလုံးတွေမှာ အပြောင်းအလဲဖြစ်စေနိုင်တဲ့ တန်ခိုးရှိတယ်**"ဟု ရေးသားခဲ့သည်။ အိုဘားမားက တက္ကသိုလ်ကျောင်းသားဘဝကပင် စကားပြောကောင်းသူ၊ စာဖတ်နာသူဟုဆိုပါသည်။ ဆရာမောင်ဝံသက သူ၏ဆောင်းပါးတွင် အမေရိကန်သမ္မတကြီးအိုဘားမားတစ်ယောက် စကားပြောကောင်းခဲ့ခြင်းအကြောင်းကိုလည်း ယခုလိုရေးခဲ့ပါသေးသည်။

"လူမှန် နေရာမှန်" ဆိုတဲ့စကားရှိသလို အချိန်နဲ့နေရာနဲ့ ကိုက်ညီတဲ့ စကားလုံးတွေကိုသုံးပြီး ပြောဆိုခြင်းဖြင့် အောင်မြင်နိုင်ကြောင်း အိုဘားမားက

သာဓကတွေပြခဲ့ပါတယ်။ အိုဘားမားစကားပြောကောင်းတယ်ဆိုတာ သုံးနှုန်းပြောဆိုသွားတဲ့ စကားလုံးတွေ ကောင်းခြင်းကြောင့်ဖြစ်တယ်ဆိုရင် ဒီစကားလုံးတွေကို သူဘယ်က ရသလဲ၊ ခြေရာကောက်ကြည့်တော့ သူဖတ်တဲ့စာအုပ်တွေက ရခဲ့တာပါလို့ဆိုတယ်။ အိုဘားမားဟာ စာအလွန်ဖတ်သူဖြစ်တယ်။ စာကောင်းပေမွန်တွေကို ရွေးဖတ်သူဖြစ်တယ်လို့ နာမည်ရတယ်။ သမ္မတတက်ဖြစ်တဲ့အထိ သူအောင်မြင်ခဲ့ခြင်းဟာ စာအုပ်တွေရဲ့ ကျေးဇူးအများကြီးပါတယ်လို့ ပြောနိုင်ပါတယ်။

အိုဘားမားဖတ်ခဲ့တဲ့ စာအုပ်များစွာအနက် သူမကြာမကြာ ပြန်ဖတ်လေ့ရှိတဲ့ စာအုပ်စာရင်းကိုစုစမ်းပြီး နယူးယောက်တိုင်းမ်သတင်းစာရဲ့ ဆောင်းပါးရှင် မီချိကိုကာကုတာနီက ဇန်နဝါရီ ၁၈–ရက် ၂၀၀၉–ခုနှစ်ထုတ် သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ ဆောင်းပါးထိပ်မှာ အိုဘားမားလေယာဉ်ပေါ်က ဆင်းလာချိန် လက်ထဲမှာ ဖာရိဒ်ခေါ်ရီးယားရဲ့ စာအုပ် Fareed Zakaria's "The Post-American World"ကို လက်ကမချဘဲ ကိုင်လာပုံဖော်ပြပါရှိတယ်။ အိုဘားမား အချိန်ရတိုင်း ပြန်ဖတ်လေ့ရှိတယ်ဆိုတဲ့ စာအုပ်စာရင်းကတော့–

- **The Bible**
- **"Partinf the Waters," Taylor Branch**
- **"Self-Reliance," Ralph Waldo Emerson**
- **Gandhi's autobiography**
- **"Team of Rivals," Doris Kearns Goodwin**
- **"The Golden Notebook," Doris Lessing**
- **Lincoln's collected writings**
- **"Moby-Dick," Herman Melville**
- **"Song of Solomon," Toni Morrison**
- **Works of Reinhold Niebuhr**
- **"Gilead," Marilynne Robinson**
- **Shakespeare's tragedies** တို့ဖြစ်ပါသတဲ့။

အိုဘားမား သမ္မတလောင်းမဖြစ်သေးခင် ပြည်နယ်နိုင်ငံရေးသမားဘဝမှာ ရေးခဲ့တဲ့ သူ့ရဲ့ပထမစာအုပ် "ဖွန်တော့်အဖေဆီက အိမ်မက်များ" "Dream From My Father" ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှာ သူစာအုပ်တွေကို ဖတ်တဲ့ ရည်ရွယ်ချက်ကို ထည့်ရေးထားတယ်။ **လူတွေရဲ့အတွင်းစိတ်ကို သိဖို့၊ လူ့စရိုက်တွေကို သိဖို့ သူစာဖတ်ခဲ့တာ**လို့ဆိုတယ်။

ဒိုဘားမားက သူလူပျိုပေါက်အရွယ်လောက်မှာ ဂျိမ်းဘော်လ်ဒွင်၊ ရာ့ဖ် အယ်လီဆင်၊ လန်းစတန်ဟျူးစ်၊ ရစ်ချတ်ရိုက်၊ ဒဗလျူးအီးဘီ ဒူဗွိုင်းတို့ကို ဖတ်တဲ့အကြောင်း၊ ကောလိပ်ကျောင်းကို ငြီးငြီးငြငြနဲ့ တက်ရောက်နေရချိန်မှာ နစ်ရှေးနဲ့စိန့်ဩဂတ်စတင်းတို့လို တွေးခေါ်ရှင်တွေရဲ့ စာပေတွေကို ဖတ်တဲ့ အကြောင်း ပြန်ရေးတယ်။ အတွေးအခေါ်စာပေတွေကို ဖတ်တာကတော့ သူ တကယ်တမ်း ဘာကိုယုံကြည်သလဲဆိုတာ ပြန်လည်ဆန်းစစ်ဖို့ဖြစ်တယ်လို့ ဆိုတယ်။

"အင်ဒိုနီးရှားမှာ ကလေးဘဝက နေထိုင်ခဲ့စဉ် သူ့မိခင်က ပေးဖတ်တဲ့ စာအုပ်တွေကတစ်ဆင့် အမေရိကန်ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုတွေ အကြောင်း သိခဲ့ရတယ်။ နောက်အမေရိကန်ကိုရောက်ပြီး ချီကာဂိုမှာ နယ်မြေ နိုင်ငံရေးသမား ပေါက်စ (ရပ်ကွက်စည်းရုံးရေးမှူး)လုပ်နေစဉ် တေလာဘရန့်ချ်ရဲ့ "ဒေါက်တာ မာတင်လူသာကင်းဂျူနီယာအတွက်ပွဲ" Parting the Water's ပထမတွဲကို စဖတ်ခဲ့ရတယ်။ အိုဘားမားဟာ သမ္မတအဖြစ် အစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းတဲ့ အခါ သူဖတ်ခဲ့တဲ့ စာအုပ်တွေထဲက နမူနာတွေယူ ခဲ့တယ်လို့ ထောက်ပြတာ တွေလည်းရှိတယ်။ ဒေါရစ်ကီယန်းဂွတ်ဒင်းရဲ့ "ပြိုင်ဘက်များ၏အဖွဲ့" Team of Rivals ဟာ အေဘရာဟင်လင်ကွန်း အစိုးရဖွဲ့တဲ့အခါ သူ့ယခင်အတိုက် အခံဟောင်းတွေကိုထည့်သွင်းဖွဲ့စည်းခဲ့ပုံကို ရေးထားတာဖြစ်တယ်။ အိုဘားမား ကလည်း သမ္မတလောင်းရွေးပွဲမှာ နောက်ဆုံးအချိန်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ ရတဲ့ပြိုင်ဘက်ဟောင်း ဟီလာရီကလင်တန်ကိုနိုင်ငံခြားရေးဝန်ကြီးရာထူးပေး ခဲ့တယ်"ဟု ဆရာမောင်ဝံသက အမေရိကန်သမ္မတ အိုဘားမားဖတ်ခဲ့သော စာအုပ် များနှင့် စာဖတ်ခြင်းမှရရှိသော အသိ များဖြင့်သမ္မတအထိ တက်လှမ်းခဲ့ပုံ၊ သမ္မတ တာဝန်ထမ်းဆောင်နေစဉ်အတွင်း စာဖတ်ခြင်းမှရရှိသော အသိများဖြင့် တာဝန်ယူ ထမ်းဆောင်နေပုံတို့ကို ဖော်ပြခဲ့ပါသည်။

နိုင်ငံအကြီးအကဲများ၊ ထိပ်သီးပုဂ္ဂိုလ်များအနေဖြင့်စာဖတ်နာဝို့လိုအပ်ပုံ၊ စာပေကပေးသော အသိများကို စာအုပ်ထဲမှာသာမထားခဲ့ဘဲ ပြင်ပလောကတွင် အသုံးချနိုင်ခဲ့ပုံတို့ကို အမြည်းသဘောမျှ တင်ပြလိုက်ခြင်းဖြစ်ပါကြောင်း။

**ရည်ညွှန်း**။(၁) ဗိုလ်ချုပ်ဆောင်းပါးများ

(၂) ရာမှရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ(မောင်ဝံသ)

***ဆောင်းပါးရှင်ရှာ-(၁၂-၃-၂၀၁၄) ဗီနိုကာရေးစီထူးစေး တ-၁၈၊***

# တွေးမိတာလေး ရေးပါရစေ...

မရေးတော့ဘူးလို့နေတာပါဗျာ။ စိတ်တိုလွန်းလို့။ ကိုယ့်ကိုယ်ကိုယ် စိတ်တိုလွန်းလို့ပါ။ ဘယ့်နှယ့် လုံးဝစိတ်မချရတဲ့ လျှပ်စစ်မီးကိုမှ သွားယုံစား မိတာကိုး။ ကိုယ်တိုင်က စာဖတ်ကြာတတ်သလို စာရေးရင်လည်း ကြာတတ် တာပါ။ စာဖတ်လို့အားရရင် စာထ,ရေးတတ်ပါတယ်။ **များသောအားဖြင့် သန်းခေါင်ကျော်မှ စာစရေးဖြစ်တာမို့ မိုးလင်းခါနီးမှ စာရေးလို့ပြီးတတ်ပါရဲ့။** စာ ပြီးတော့မယ်။ ရုတ်တရက်မီးက ပြတ်သွားရော။

သုံးနေတဲ့ ကွန်ပျူတာက ယူပီအက်စ်အားနည်းနေတာကိုလဲမို့ **နေ့ရွှေ၊** ညရွှေ့လုပ်နေခဲ့မိတာရော၊ သုံးနေတုန်းမှာ စာကိုသိမ်းပါ့မယ်လို့ **ကွန်ပျူတာကို** မေတ္တာရပ်ခံမထားမိတာကြောင့်ရော ကိုယ့်ကိုယ်ကိုယ် စိတ်တိုရတာပါ။ သွား ရောဗျာ။ ရေးထားတာတွေ၊ စဉ်းစားထားရတာတွေ၊ သတိထားရတာတွေ၊ သတ်ပုံ စစ်ထားပြီးသားလေးတွေ အမှောင်ထဲမှာ အဲဒီစာတစ်ပုဒ်လုံး ပျောက်သွားပါလေရော။ ပြန်စဉ်းစားလို့တော့ ရနိုင်ပေမယ့် စိတ်ကို ထပ်နှစ်ဖို့ မလွယ်တော့တာကြောင့် မရေးတော့ဘူးလို့ နေခဲ့မိတာပါ။

၂၀၁၄ တုန်းက စင်ကာပူရောက်ခဲ့ပါတယ်။ မရှက်ပါဘူး။ ကုန်တိုက်ကြီး တစ်ခုပေါ်အရောက်မှာ အရေးပေါ်အိမ်သုံးမီးလေးများရှိလားလို့ သွားမေးမိခဲ့ပါရဲ့။ တောသားကိုးဗျ။ ကိုယ့်နိုင်ငံမှာက မီးခဏခဏပြတ်တတ်လေတော့ သူတို့ဆီ ရောက်တုန်း ပစ္စည်းတွေက အရည်အသွေး သေချာစစ်ဆေးပြီးမှ ရောင်းတတ်ကြ တာကိုး။ (မကောင်းတဲ့ပစ္စည်း၊ အရည်အသွေးမမီတဲ့ပစ္စည်းရောင်းတဲ့နေရာ သတ်သတ်ရှိပြီး မရောင်းတာကို မကောင်းဘူးပြောရောင်းတတ်ပါတယ်။ ကိုယ်က ကြိုက်ရင်ဝယ်။)

ပစ္စည်းကောင်းတွေသာ ရောင်းတတ်ကြတာများတော့ မြန်မာပြည် ပြန်ရောက်လို့ မီးပြတ်တုန်း ညှိသည်လာရင် စင်ကာပူကဝယ်လာခဲ့တဲ့ အရေးပေါ် သုံး မီးထွန်းထားတာလို့ ကြွားချင်တာနဲ့ ဝယ်မလို့ မေးမိခဲ့တာပါ။ (မြန်မာပြည် ရောက်ရင် မီးကပြတ်မှာ သေချာတယ်လေ။)

ဝယ်သူကို သိပ်လေးစားတဲ့ စင်ကာပူက အရောင်းဝန်ထမ်းလေးက မေးတာနားမလည်ရှာဘူးဗျ။ ခဏခဏ ပြန်မေးပါတယ်။ ပြီးတော့ ထိုင်ပါဦးလို့ ပြောပြီး သူ့ထက်အဆင့်မြင့်ဟန်တူတဲ့ အရောင်းဝန်ထမ်းကို သွားခေါ်ပါတယ်။ ပစ္စည်းကောင်းလေးရတော့မယ်လို့ တွေးပြီး ဟိုငေး၊ ဒီငေးလုပ်နေတုန်း ဘေးနား

ရောက်လာတဲ့ အရောင်းဝန်ထမ်းက သူ့ဆိုင်မှာ လျှပ်စစ်နဲ့ပင်္သကတ်တဲ့ပစ္စည်းအစုံ အလင်ရှိပါတယ်။ ဒါပေမဲ့ လူကြီးမင်းမေးတဲ့ပစ္စည်း တင်မထားမိတာလား၊ သူ့ အရောင်းဝန်ထမ်းလေးပဲ နားလည်မှုလွဲနေတာများလား၊ လိုချင်တဲ့ပစ္စည်းလေး အမျိုးအမည်ပြန်ပြီး အမိန့်ရှိပါဆိုပါလား။ ပြန်ရှင်းပြတော့ မီးပြတ်ရင်ဆိုတဲ့ စကားကိုတော်တော်လေး စိတ်ဝင်တစားရှိနေကြပုံပါပဲ။ နေပါစေတော့၊ ကျေးဇူး တင်ပါတယ်လို့ပြောပြီး ပြန်လာခဲ့ပါတယ်။ လိုချင်တဲ့ပစ္စည်းအတွက် မရောင်း ပေးလိုက်ရတာကို အားနာကြလို့ တောင်းပန်နေလိုက်ကြတာများ အကြိမ်ကြိမ်ပါ။ (မြန်မာပြည်မှာဆို အဆဲမခံရရင်ကံကောင်း)

တောသားလူလည်ကြီးလုပ်ပြီး တစ်ယောက်တည်း လျှောက်သွားနေမိတာ တည်းတဲ့အဆောင်ကိုပြန်ရောက်တော့ အကျိုးအကြောင်းပြန်ပြောမိတာ ဝိုင်းရီ (ရယ်)ကြပါလေရောလား။ သူတို့စင်ကာပူမှာ မီးမပြတ်တတ်တာကိုး။ ရုံဖန်ရံခါမှ ခဏတစ်ဖြုတ်ပြတ်တတ်တော့ အဲဒီပစ္စည်းဘယ်တင်ရောင်းပါ့မလဲပြောပြီး ဝိုင်းဟား ကြတာ ခံခဲ့ရပါတယ်။

ရောက်တဲ့နေရာတွေပဲ မနဲ့လို့လား၊ ရောင်းတဲ့နေရာမသိလို့ဘဲလား တောသားပီပီရှက်ပြီး နောက်ထပ်မမေးရဲတော့ပါဘူး။ သေချာတာကတော့ ဘက် ထရီလေးတွေနဲ့ ခဏမှတကယ့်ခဏလေးသုံးလို့ရတဲ့ မီးလေးတွေလောက်ပဲ ရှိတယ်ဆိုတာ စင်ကာပူသားတစ်ယောက်က ပြောပြခဲ့ပါတယ်။ ဘာလုပ်ဖို့လဲမေးတဲ့ စင်ကာပူနိုင်ငံသားကို ဘာမှမဟုတ်ပါဘူး။ အဟဲ . . . မေးကြည့်တာပါပေါ့။ ကိုယ့်နိုင်ငံမှာ မီးခဏခဏနဲ့ အကြာကြီးပြတ်တာ ဘာဖြစ်လို့ပြောရမှာလဲ။

၂၀၁၄ နှစ်ဆန်းပိုင်းမှာ စင်ကာပူရောက်သွားပါသေးတယ်။ အရေးပေါ်သုံး မီးထပ်မမေးဖြစ်တော့ပါဘူး။ အထပ်ပေါင်းများစွာ(Sands Skypark) ရဲ့ အထပ်ရေ မမှတ်မိတော့လို့ပါ)ကို စက္ကန့်ပိုင်းလေးအတွင်း အပေါ်ဆုံးထပ်ရောက် အောင်ပို့တဲ့ ဓာတ်လှေကားကို ထိန်းတဲ့နည်းပညာရော၊ လျှပ်စစ်ဓာတ်အား ချွေတာပုံရောက အတုယူစရာပါ။ (မြန်မာပြည်ကြီးလည်း စင်ကာပူလိုဖြစ်တော့မှာ ဆိုတော့ စီး –စီးရချည်သေးရဲ့။)

လျှပ်စစ်မီးနဲ့အကျိုးမပေးတဲ့ ကိုယ့်ကိုယ်ကိုယ် အံ့လည်းသြပါတယ်။ တည်းနေခဲ့တဲ့ ပင်နီဆူလာနားက Grand Park City Hall မှာ မီးပြတ်ပါတော့ မယ်လို့ အကြောင်းကြားစာ ဟိုတယ်ခန်းထဲလာပို့သွားပါရဲ့။ (ပင်နီဆူလာက မြန်မာတန်းနဲ့နီးလို့ပါလို့ တွေးမိလိုက်ပါသေး။) အကြောင်းကြားစာလာပြီး မီးက ပြတ်မပြတ်နိုင်ပါဘူး။ ဘာတတ်နိုင်သေးလဲ၊ စင်ကာပူလည်း အခုတော့မီးပြတ်

တာပဲ မဟုတ်လားလို့ စိတ်ထဲကျိတ်တွေးနေမိရင်း မီးဘယ်တော့ပြတ်ပါ့မလဲ စောင့်နေတာပေါ့။ နေ့လယ်လောက်ကျတော့ စာထပ်ရောက်လာပြန်ပါရော၊ တောင်းပန်ထားလိုက်တာလည်း လျှောက်လွှာစာရွက်နဲ့အပြည့်။ သူတို့ဝန်ဆောင်မှုတွေကိုက အားနည်းလို့ပါ။ သိပ်မကြာစေရပါဘူး။ စိတ်အနှောင့်အယှက်ပေးမိတာနားလည် ခွင့်လွှတ်ပေးစေလိုပါတယ် စုံနေတာပါပဲ။

နောက်တစ်နေ့မနက် ဟိုတယ်အခန်းဝမှာ သတင်းစာတစ်ပုံနဲ့ အဲဒီကာပါနေပြန်ပါရောဗျ။ စာကို သေချာမဖတ်မိတာပါ။ မီးခဏပြတ်မှာကို၊ ၇၂ နာရီကြိုပြောထားတာပါလား။ ပြီးခဲ့တဲ့ရက်ကနေ့စွဲကို သေချာမဖတ်ကြည့်လိုက်မိပဲကိုး။

နေ့လယ်ပိုင်း အခန်းခဏပြန်နားတော့ ဟိုတယ်ဝန်ထမ်းလေး သန့်ရှင်းရေးလုပ်နေချိန်နဲ့ကြုံပါတယ်။ မီးပြတ်မယ့်အကြောင်း သတိပေးစာ ခဏခဏပို့နေတာပဲနော်လို့ပြောမိတော့ စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်။ မီးပြတ်မယ့်ကိစ္စက သိပ်ကိုအရေးကြီးလို့ပါ။ ဧည့်သည်က အမှတ်တမဲ့နဲ့မဖတ်မိကြမှာစိုးလို့ အကြောင်းကြားစာကို တစ်နေ့သုံးကြိမ်လိုက်ပို့နေရတာပါခင်ဗျာ။ (ကိစ္စမရှိဘူးပေါ့၊ ကိုယ်က မီးခဏခဏနဲ့ အကြာကြီးပြတ်တတ်တဲ့နိုင်ငံက လာတာလို့တော့ ဘယ်ပြောမလဲ။)

တကယ်ကြီးကို ပြတ်တော့မယ် နာရီပိုင်းလည်းရောက်ခါနီးရော ဓာတ်ခဲသုံးတဲ့ အယ်လ်အီးဒီမီးသေးသေးလေးတွေ ကြိုပြီးလိုက်ဝေတော့တာပါ။အိပ်ရာနားထားဖို့၊ မှန်တင်ခုံ၊ စာကြည့်စားပွဲ၊ တယ်လီဖုန်းနား၊ ရေအိမ်ထဲသုံးဖို့ အလုံအလောက်ကို လာပေးသွားခဲ့ပါတယ်။ လူကို တန်ဖိုးထားတာ၊ လေးစားတာ၊ ဝန်ဆောင်မှုကို အထူးဂရုစိုက်ကြတာ၊ နိုင်ငံရဲ့ပုံရိပ်ကို ထိန်းသိမ်းတတ်ကြတာကို ထောက်ပြချင်လို့ပါ။

ရောက်ဖူးတာလည်း စင်ကာပူနဲ့ ထိုင်းလောက်ကိုပါပဲ။ နိုင်ငံတော်တော်များများကို ရောက်ဖူးကြတဲ့လူကြီးမင်းတွေက အတွေ့အကြုံပိုများကြပါလိမ့်မယ်။ လျှပ်စစ်မီးကိစ္စလည်း အများကြီး အဆင့်မြှင့်တင်ကြဖို့ အစီအစဉ်တွေရှိကြပါလိမ့်မယ်လို့ ပြီးခဲ့တဲ့ မတ် ၂၁ ရက်မနက် မီးပြတ်သွားတုန်းက အမှောင်ထဲ တစ်ယောက်တည်း တွေးနေမိခဲ့ပါသေးတယ်။ မနက်ကြီးမိုးလည်းလင်းရော၊ ကြည့်မြင်တိုင်မှာ စည်ပင်အလုပ်သမလေးနှစ်ဦးကို မီးပြတ်နေတဲ့အချိန် အငှားယာဉ်တစ်စီးက ဝင်တိုက်ပြီးထွက်ပြေးသွားလို့ပါဆိုတဲ့ သတင်းဆိုးကြားရပါလေရော။ ဖြစ်တဲ့နေရာနဲ့ မဝေးပေမယ့် ကိုယ်တိုင်မမြင်လိုက်ရတော့ နားပဲထောင်နေ

ခဲ့လိုက်တာပါ။ အဲဒီမီးပြတ်တဲ့အချိန် သူတို့လေးတွေလည်း ကားတိုက်ခံရ၊ ကိုယ်လည်းစာမူပျက်သွားတာကိုး။

စာက ပြန်ရေးချင် ရေးလို့ရပါသေးတယ်။ မိဘတွေ နေမကောင်းလို့ ကိုယ်စား(လူစား)ဆင်းပေးခဲ့ကြတဲ့ ကလေးမနဲ့သူ့အဖော်ကလေးမကိုမှ ကားက ဝင်တိုက်ရတယ်လို့။ မသေကောင်းမပျောက်ကောင်းပေမယ့် တစ်ယောက်က ခြေထောက်ကျိုးသတဲ့။ ကျိုးလို့ကတော့ နားလိုက်ဦး တစ်လခွဲအနည်းဆုံး။ နောက်ပြီး သူတို့က ဝန်ထမ်းတွေတကယ်ဟုတ် မဟုတ် မသိဘူး။ မိဘအစားပဲ ဆင်းဆင်း၊ မိတ်ဆွေအစားပဲဆင်းဆင်း ဘာမှမဖြစ်ရင် ဘာမှမဖြစ်လောက်လို့ သူတို့အုပ်ချုပ်တဲ့လူက ခွင့်ပြုတာနေမှာ။ ဟော . . . အခုလိုဖြစ်တော့ ဘယ်လို ရှင်းကြ၊ ရပ်တည်ကြမလဲ။ အဲဒါတွေကို ထွက်ပြေးတဲ့ ယာဉ်မောင်းက ဘယ်လို ကိုယ်ချင်းစာပေးပါ့မလဲ။ တာဝန်မဲ့လို့ ထွက်တောင်ပြေးမှကိုး။

အဲဒီမနက်က မီးပြတ်တော့ အပြင်လောကကြီးတစ်ခုလုံး မှောင်ပိန်း နေတာပါပဲ။ မီးပြတ်မှတော့ မောင်ပိန်းနေမှာပေါ့ဆိုပေမယ့် ယာဉ်မောင်းသတိ ထားသင့်တာကို ပြောချင်တာပါ။ လျှပ်စစ်မီးကရော အဲဒီလို ပြတ်နေဦးမယ်၊ ပြတ်တတ်တယ်ဆိုခဲ့ရင် သက်ဆိုင်ရာက သတိလေးမထားသင့်ပေဘူးလား။ အရေးပေါ်ကို အလျော့်ပေးလို့လည်းပြောတာမဟုတ်ပါဘူး။ အဲဒီလိုအရေးပေါ် ဖြစ်လာခဲ့ရင်ဆိုတဲ့ အခြေအနေပေါ်မူတည်ပြီး ပြင်ဆင်မထားသင့်ပေဘူးလားလို့ပါ။ တွေးမိတာလေး ရေးလိုက်ရတာပါဗျာ။

*-သွန်းခ၊ (၂၆-၃-၂၀၁၅) စံတော်ချိန် စာ-၁၅။*

## စာပေးစာယူအချစ်

အခန့်မသင့်လို့ စကားများထားတဲ့ လင်မယားနှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောဘဲနေကြပါတယ်။ ပြောစရာရှိရင် စာနဲ့ပဲရေးပြီး ပြောပါတယ်။ တစ်နေ့တော့ ယောကျ်ားဖြစ်သူ ခရီးထွက်စရာရှိတာနဲ့ သူ့မိန်းမကို မနက်စောစောနိုးဖို့ ခုလိုစာရေးပြီး ခေါင်းအုံးဘေးထားခဲ့ပါတယ်။

မိန်းမရေ ... ငါ့ကို မနက်ငါးနာရီတိတိမှာ နှိုးပါ။ *မှ-ယောကျ်ား။*

နောက်တစ်နေ့မိုးလင်းလို့ အိပ်ရာကထတော့ မိန်းမအိပ်ရာဘေးမှာ ခုလို စာတစ်စောင်ရေးထားတာ တွေ့ရပါတယ်-

ယောကျ်ား ... ငါးနာရီထိုးပြီ၊ ထတော့လေ။ *မှ-မိန်းမ။*

*-၂၀၁၄ ဖေဖော်ဝါရီလ ထွေဝေယံမဂ္ဂဇင်း စာ ၁၈၃*

# ဒေါသကြီးတတ်တဲ့ကလေး

"ကျွန်မသမီးအငယ်ဆုံးက သိပ်ဒေါသကြီးတာ၊ သူစိတ်တိုရင် မျက်လုံးထဲမှာ ဘာမှမမြင်တော့ဘူး။ အကုန်လုံး ကန်ကျောက်ပစ်တာပဲ။ ဒါကြောင့်မို့လို့ သူ့ကိုစိတ်တိုအောင် သွားမစနဲ့လို့ အိမ်က ကလေးတွေကို မှာထားရတယ်"၊ "ကျွန်မသားက သိပ်စိတ်ကြီးတာလေ၊ ဒါဆိုရင် ဒါပဲ"ဆိုတဲ့စကားမျိုးကို မကြာခဏဆိုသလိုပဲ မိဘများဆီကနေ ကျွန်မကြားရတတ်ပါတယ်။

ဒေါသကြီးတယ်၊ စိတ်တိုတယ်၊ စိတ်တိုရင် လက်ပါတတ်တယ်။ တစ်ယောက်ယောက်ကို တစ်ခုခုမှမလုပ်ရရင် ကိုယ့်အသားကိုယ်နာအောင်လုပ်လိုက်ရမှ စိတ်ပြေတယ်ဆိုတဲ့ စကားမျိုးတွေဟာလည်း ကျွန်မတို့လူမှုပတ်ဝန်းကျင်မှာ ကြားရတတ်ပါတယ်။

တကယ်တော့ ကိုယ့်ရဲ့စိတ်ကို ထိန်းချုပ်ထိန်းသိမ်းနိုင်စွမ်းရှိတဲ့စွမ်းရည်ဟာ ကလေးတစ်ယောက်(လူတစ်ယောက်)အတွက် မရှိမဖြစ်လိုအပ်တဲ့ စွမ်းရည်များပါပဲ။ ကလေးတို့ကို ငယ်ငယ်ကတည်းက ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နိုင်စွမ်းရှိတဲ့ စွမ်းရည် (Self Control) ရှိအောင်လို့ လေ့ကျင့်ပေးဖို့လိုပါတယ်။

## ကလေးတို့ဘာကြောင့်စိတ်တိုသလဲ

ကလေးတို့ဟာ အကြောင်းအမျိုးမျိုးကြောင့် စိတ်တိုတတ်၊ ငိုယိုတတ်၊ ဂျီကျတတ်ပါတယ်။ စိတ်တိုတာ၊ ဝမ်းနည်းတာ၊ ဒေါသထွက်တာစတဲ့ ခံစားချက်အမျိုးမျိုးကို မွေးစမှာကတည်းက ကလေးတို့လုပ်တတ်နေကြပါပြီ။ ဒါပေမယ့် သူတို့ဟာ သူတို့ရဲ့ခံစားချက်ကို နာမည်၊ ခေါင်းစဉ်မတပ်တတ်သေးပါဘူး။ ကလေးတို့ စိတ်တိုရင် စိတ်တိုမှန်းသိအောင် (သမီး စိတ်တိုတယ်၊ သား စိတ်တိုတယ်လို့ ပြောတတ်အောင်)၊ ဝမ်းနည်းရင် ဝမ်းနည်းမှန်းသိအောင် (ငိုချင်တယ်၊ ဝမ်းနည်းတယ်စသဖြင့် ပြောတတ်အောင်) လို့ လုပ်ပေးဖို့ သိပ်ကိုမှ အရေးကြီးပါတယ်။ ကျွန်မတို့ဦးနှောက်မှာ ဘယ်ဘက်ခြမ်း၊ ညာဘက်ခြမ်းဆိုပြီးတော့ နှစ်ခြမ်းရှိတဲ့အထဲက ဦးနှောက်ရဲ့ ညာဘက်ခြမ်း(ခံစားချက်ကို ခံစားတဲ့အပိုင်း)က စိတ်တိုတာ၊ ဝမ်းနည်းတာ၊ ဒေါသထွက်တာ စတာတွေကို လုပ်ပေးပါတယ်။ လူတစ်ယောက်စိတ်တိုနေတယ်၊ ဒေါသတွေကြီးနေတယ်ဆိုတာဟာ တကယ်တော့ သူ့ရဲ့ဦးနှောက်ညာဘက်ခြမ်းက အလုပ်လုပ်နေတာပါပဲ။ အဲလိုလုပ်နေတုန်းမှာ ဦးနှောက်ရဲ့ဘယ်ဘက်ခြမ်း(ခံစားချက်ကို စကားလုံးတွေနဲ့ ပုံဖော်တဲ့အခြမ်း)က အလုပ်မလုပ်သေးပါဘူး။) ဒါပေမယ့် ကလေးက စိတ်တို

နေတုန်းမှာပဲ သားစိတ်တိုတယ်၊ သမီးစိတ်တိုတယ်၊ သူက ဒီလိုလုပ်လိုက်လို့ သမီး အရမ်းဒေါသထွက်တယ်စသဖြင့် ပြောပြီဆိုရင်တော့ ကလေးတို့ရဲ့ ဦးနှောက် ဘယ်ဘက်ခြမ်းပါ စတင်အလုပ်လုပ်လာပါပြီ။ ဒီလိုနှစ်ခြမ်းစလုံး အလုပ်လုပ်ဖို့ သိပ်ကိုမှ အရေးကြီးပါတယ်။ ဦးနှောက်ရဲ့ ဘယ်ဘက်ခြမ်းဟာ ကျိုးကြောင်းကျနစွာ စဉ်းစားတွေးခေါ်ခြင်းဆိုတဲ့ အလုပ်ကိုလုပ်ပါတယ်။ ညာဘက်ကတော့ ခံစားတဲ့ အလုပ်ကို လုပ်ပါတယ်။ ဒါကြောင့်မို့လို့ ကလေးတို့ရဲ့ စိတ်တိုတာ၊ ဒေါသ ထွက်တာ၊ ဝမ်းနည်းတာ စတာတွေကို စကားလုံးတွေနဲ့ ပြောတတ်ဖို့ လိုတယ်၊ သိဖို့ပြောဖို့လိုတယ်လို့ ကလေးစိတ်ပညာရှင်များက ပြောကြတာပါပဲ။

## ဒေါသထွက်နေတဲ့ ကလေးကို ဘယ်လိုလုပ်မလဲ

ကလေးတို့ဟာ အကြောင်းမည်မည်ရရ မဟုတ်တဲ့နဲ့လည်း စိတ်တိုတတ်၊ ဂျီကျတတ်ပါတယ်။ ဒေါသထွက်နေတဲ့ ကလေးကို ''မင်းက ဘာကြောင့် ဒေါသထွက်နေတာလဲ၊ အခုတိတ်ဆိုတိတ်၊ ငါတီးလိုက်ရ''စသဖြင့် အကြောက် နဲ့ ငြိမ်သက်သွားအောင်လို့ လုပ်ခြင်းဟာ ကလေးတို့ရဲ့စိတ်တို (ဦးနှောက် ညာဘက်ခြမ်းက ခံစားမှုကို) ကလေးကိုယ်တိုင် လျစ်လျူရှုတတ်သွားအောင်၊ တနည်းပြောရမယ်ဆိုရင်တော့ ခံစားချက်ထုံထိုင်းသွားအောင် လုပ်သလိုဖြစ်သွား တတ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါသထွက်နေတဲ့ကလေးကို အကြောက်တရားနဲ့ ခြောက်ပြီးမတားရပါဘူး။ ဒေါသထွက်တယ်၊ စိတ်တိုတယ်ဆိုတာဟာ စိတ်တို စရာ၊ ဒေါသထွက်စရာရှိလို့ပါ။ ဒါဟာ ပုံမှန်စိတ်ခံစားချက်ပါပဲ။ ဒီခံစားချက်ကို မခံစားရဘူး (တနည်းပြောရရင်) ဒေါသမထွက်ရဘူးလို့ မတားမြစ်ရပါဘူး။

မတားမြစ်ရဘူးဆိုတော့ လွှတ်ပေးရမလားလို့မေးစရာ ဖြစ်လာပါပြီ။ ကလေးက ဒေါသကြီးတယ်။ ငြိမ်ငြိမ်နေကြဆိုပြီးတော့ ကလေးဒေါသကိုထွက်ချင် သလောက် ထွက်နေအောင်လို့ လွှတ်ပေးတာဟာလည်း မကောင်းပါဘူး။ ကလေး က ဒေါသထွက်ထွက်နဲ့ အော်ဟစ်သောင်းကျန်း ပစ္စည်းတွေကိုင်ပေါက်၊လူတွေကို ထိုးရိုက်တာမျိုးတွေကို လုပ်နေချိန်မှာကလေး ဒေါသထွက်နေတာပဲဆိုပြီးတော့ လွှတ်မထားရပါဘူး။

ကလေးတို့ ကိုယ့်ဒေါသကိုယ်ထိန်းနိုင်ဖို့၊တစ်နည်းပြောရရင် ကိုယ့်ကိုယ် ကိုယ်ထိန်းချုပ်တတ်တဲ့အတတ်ကို တတ်စေဖို့အတွက် ငယ်ငယ်ကတည်းက ကလေးတို့ကို စတင်လေ့ကျင့်ပေးရပါတယ်။ ခြောက်လကျော်၊ တစ်နှစ် လောက်ကတည်းက ကလေးတို့ဒေါသထွက်လာပြီဆိုရင် လူကြီးကမွေ့ဖက်တာ၊

အရုပ်ကလေးပေးပြီးတော့ နှစ်သိမ့်တာ စတာမျိုးလေးတွေနဲ့ ဒေါသကို ပြေလျော့သွားအောင်လို့ လုပ်ပေးဖို့လိုပါတယ်။ အိမ်ရဲ့ထောင့်နေရာမှာပဲဖြစ်ဖြစ်၊ ကလေးအခန်းထဲမှာပဲဖြစ်ဖြစ် နေရာလေးတစ်နေရာ လုပ်ထားပေးပြီးတော့ ကလေးရဲ့ ဒေါသကိုပြေပျောက်အောင်လည်း လုပ်ပေးလို့ရပါတယ်။ မိဘများ သတိပြုဖို့တချက်က ဒီနေရာလေးဟာ ကလေးဒေါသထွက်နေလို့ ကလေးကိုဒဏ်ပေးတဲ့နေရာမဟုတ်ပါဘူး။ ထွက်နေတဲ့ဒေါသကို ပြေလျော့သွားစေဖို့အတွက် (တစ်နည်းပြောရရင်) ငြိမ်ငြိမ်လေးဒေါသထိုင်ထွက်နေဖို့အတွက် ကလေးကို လုပ်ပေးထားတဲ့နေရာလေးပါ။ ဒီနေရာမှာ ငြိမ်ငြိမ်ထိုင်ရင်းကလေးဟာ သူ့အရုပ်လေးကို သူခံစားရတာတွေ ပြောချင်ပြောမယ်၊ စာရွက်ထဲမှာ သူချရေးရင်လည်းရေးမယ်၊ ၁-၂-၃-၄ ရေချင်လည်းရေမယ်။ သူကြိုက်တဲ့ ဒေါသဖြေနည်းနဲ့ သူ့ဒေါသကိုပြေအောင်လို့ သူ့ဘာသာဖြေလျော့ပါလိမ့်မယ်။ ဒီလိုနဲ့ ကလေးဟာ ကိုယ်ထွက်နေတဲ့ဒေါသကို ပြေပျောက်အောင်လုပ်ဖို့အတွက် နည်းလမ်းတွေ အများကြီးရှိတယ်ဆိုတာကို သဘောပေါက်လာပါတော့တယ်။

ဒေါသထွက်တာဟာ တစ်ခုခုကို ကန်ကျောက်ပစ်မှ၊ တစ်ယောက်ယောက်ကို ထိုးကြိတ်လိုက်ရမှ၊ တယောက်ယောက်ကို နင်ပဲဆဲဆဲနာကျင်အောင်ပြောလိုက်ရမှာ ပြေလျော့နိုင်တဲ့အရာ မဟုတ်ဘူးဆိုတာကို ကလေးဟာ ငြိမ်ငြိမ်ကလေး ဒေါသဖြေရင်းနဲ့ သဘောပေါက်လာပါလိမ့်မယ်။ ဒီလိုသဘောပေါက်လာတာနဲ့ အမျိုးစိတ်ဆိုးတာ၊ ဒေါသထွက်တာ၊ ဝမ်းနည်းတာစတဲ့ စိတ်ခံစား ချက်မှန်သမျှကို မှန်ကန်တဲ့နည်းနဲ့ သူဖြေရှင်းတတ်လာတော့တာပါပဲ။ ဒီလိုမှန်ကန်တဲ့နည်းနဲ့ ဖြေရှင်းတတ်လာတာကိုပဲ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းရှိတဲ့ စွမ်းရည် (Self Control) ရှိတယ်လို့ ဆိုတာပါပဲ။

ဒါဆိုရင်ဖြင့် စိတ်တစ်ချက်လွတ်သွားလို့ အမှားတွေ့ရတယ်ဆိုတဲ့ အဖြစ်မျိုးတွေကို ကျွန်မတို့ရှောင်နိုင်ကြမှာပါ။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်တဲ့၊ ကိုယ့်ဒေါသကို ကိုယ်ဖြေလျှော့နိုင်တဲ့ စွမ်းရည်ရှိတဲ့လူ များများလာပြီဆိုရင်တော့ဖြင့် လူကြီးလူကောင်းဆန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် အနာဂတ်မှာ ပေါ်လာမှာပါပဲ။ ဒါကြောင့်မို့လို ကလေးတို့ကို စိတ်ကြီး၊ ဒေါသကြီးတဲ့ကလေးများ အဖြစ်ကနေ စိတ်ကိုထိန်းနိုင်တဲ့ ကလေးများဖြစ်လာဖို့ လေ့ကျင့်ပေးကြပါဦး။

**-ဒေါက်တာနှင်းသစ်၊**

**အတွဲ(၂) အမှတ်(၁) ရောဝတီ ဇာ-၄၀။**


Komoe
2015
ဟိုက်

# Living Together နှင့်

## မြန်မာအမျိုးသမီးများ သတိထားရမည့်အန္တရာယ်

Living Together ဆိုသည့် ဝေါဟာရကို ငယ်စဉ်အခါက စာရေးဆရာမကျူး၏ ဝတ္ထုကိုဖတ်စဉ် စတင်ကြားခဲ့ဖူးသည်။ ယခုတော့ Living Together ကိစ္စမှာ မြန်မာအမျိုးသမီးကောင်းတွေ သတိထားနိုင်ဖို့ ပြန်လည်ဝေမျှလိုက်ပါသည်။

အလွန်ပင်ယဉ်ကျေးသိမ်မွေ့ပြီး အနေအထိုင်အပြောအဆို အပြုအမူတို့တွင် ကျက်သရေမင်္ဂလာရှိသောကြောင့် "မိန်းမတို့ ဣန္ဒြေရှေ့ပေးလို့မရ" ဆိုပါသည်။ အရှက်သိက္ခာနှင့် နာမည်ဂုဏ်သတင်းတို့တွင် အသက်ထက်တန်ဖိုးထား မြတ်နိုးကြသည်။ ယခု(၂၁)ရာစုတွင် မိဘများသည် သူတို့၏စီးပွားရေးနှင့် မိသားစုစားဝတ်နေရေး ပြေလည်စေရန်အတွက် ဖခင်နှင့်မိခင်တို့သည် နေ့စဉ်လိုလိုကြိုးစားရုန်းကုန်ပြီး ဝင်ငွေရှာဖွေနေကြသည်။ထိုသို့မိဘများသည် သားသမီးများပညာရေးနှင့် စားဝတ်နေရေးအတွက် နေ့စဉ်ရုန်းကန်ရှာဖွေနေရသော်ငြားလည်း သားသမီးများသည် အချိန်တန်လျှင်သူငယ်ချင်းများနှင့် အပြင်ထွက်လည်ပတ်အများနည်းတူ Shopping ထွက်ကြ၊ အသစ်အဆန်းများတွေ့လျှင် ဝယ်ကြ၊ ချစ်သူများနှင့်တွေ့လျှင် သုံးဖြုန်းကြ၊ အသောက်အစား တတ်သူများကလည်း အသောက်အစားများနှင့် ကလပ်များတတ်ကြ၊ ထိုကဲ့သို့ပြုလုပ်နေကြသော သားသမီးများကြောင့် မိဘများသည် သားသမီးများအတွက် ပူပန်ရသည်ကတစ်မျိုး၊ စီးပွားရှာရသည်ကတစ်မျိုးနှင့် ပူပန်နေရရှာသည်။ သားသမီးများကတော့ သူတို့မိဘ၏ ရင်တွင်းအပူမီးများကို နားလည်ပေးလိမ့်မည်မဟုတ်ပေ။ ထိုသို့ဖြစ်ရပ်များအကြားတွင် အဆိုးဆုံးကိစ္စတစ်ရပ်ကတော့ မိန်းကလေးများ Living Together အတူတူနေထိုင်ပေါင်းသင်းနေကြခြင်းပါပဲ။ လက်ထပ်ထားခြင်းမဟုတ်သော်ငြားလည်း အိမ်ထောင်သည်များကဲ့သို့ပြုမူနေကြခြင်းကို အဓိကဆိုလိုပါသည်။

ယနေ့ခေတ်ကြီးတွင် ယောကျ်ားလေးနှင့်မိန်းကလေး အတူတူနေထိုင်သောအခါတွင် ကိုယ်ဝန်မရရှိစေရန် ဆေးအမျိုးမျိုးနှင့်ထိုးဆေးများလည်း နိုင်ငံတကာမှ ထုတ်လုပ်ထားတာတွေရှိပါသည်။ သို့သော် ထိုဆေးများသုံးစွဲရခြင်း၏ ဆေးအာနိသင်နှင့် မိမိကျန်းမာရေးအတွက် ဘာဖြစ်လာမည်ဆိုသည့် ဆိုးကျိုးများကို

နားလည်မှုမရှိဘဲ သုံးစွဲမှိဝဲနေကြခြင်းပင်ဖြစ်ပါသည်။ မိမိတို့လူ့ပတ်ဝန်းကျင်တွင် မိတ်ဆွေများလည်း တွေ့ဖူးမှာပါ။ ရည်းစားရှိလျက် AIDS ဖြစ်ခြင်း၊ ကိုယ်ဝန်ရရှိခြင်း၊ အရှက်ကြောင့် မိမိကိုယ်ကိုသတ်သေခြင်း၊ ကိုယ်ဝန်တားဆေးများစား/ထိုးသည့်ကြားမှ ကိုယ်ဝန်ထွက်လာခြင်း၊ တစ်ကိုယ်လုံးတွင် အနူကဲ့သို့ ဖြစ်ပေါ်လာပြီး အဖုများထွက်လာခြင်း၊ တစ်ကိုယ်လုံးဖောယောင်ခြင်း၊ ပိုးမသက်ဆံရာမှ ကူးစက်လာသောသုတ်ရည်ကြောင့် ဆိုးကျိုးများရရှိခြင်းနှင့် အခြားခြားသော ရောဂါဖြစ်စဉ်ပေါင်းစုံများသည် Living Together နေထိုင်ခြင်းကြောင့်နှင့် ဆေးမှိဝဲ၊ ဆေးထိုးခြင်းကြောင့်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် နိုင်ငံတိုင်းနေရာတိုင်းတွင် လွတ်လပ်စွာပျော်ပါးခွင့် နေရာများ အမြောက်အများရှိပါသောကြောင့် ချစ်သူအတွဲများသည် လွယ်လင့်တကူပင် အိမ်ထောင်လင်မယားများကဲ့သို့ အတူတူအိပ်စက် နေထိုင်လျက် ရှိကြပါသည်။ ထို့အပြင် မီဒီယာလောကမှာလည်း Porn ဟုခေါ်သော အပြာရုပ်ရှင်များနှင့် အင်တာနက် sxual websitesမှသည် ထောင်သောင်းများစွာပေါပေါက်နေသောကြောင့် လူငယ်များ ထိုစိတ်ဓာတ်ကိုနှိုးဆွမှုဖြစ်စေသဖြင့် လူငယ်ဖိုနှင့်မများသည် လက်တွေ့စမ်းသပ်ချင်စိတ်များ တစ်ဖွားဖွားဖြစ်နေကြသည်မှာ မှချမလွဲပေ။ <u>လူပျို၊ အပျိုများကလည်း စိတ်ဆန္ဒကိုအကောင်အထည် ဖော်လိုကြသလို အိမ်ထောင်ရှင်များကလည်း မိမိဇနီးသည်/ခင်ပွန်းနှင့် ဝေးကွာသော အခါတွင် စိတ်၏သွေးသား တောင့်တမှုကြောင့် အိမ်ထောင်မှုဖောက်ပြန်ကြတာလည်း အတော်ပင်များပါသည်</u>။ ထိုကဲ့သို့ကိစ္စများသည် ပြည်တွင်းနှင့်ပြည်ပတို့တွင် တူညီစွာဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံခြားရုပ်ရှင်များနှင့် ဇာတ်လမ်းတွဲများကလည်း လူငယ်များ၏စိတ်ဓာတ်များကို နေ့စဉ်ဖျက်ဆီးလျက်ရှိသော်ငြားလည်း ဝိတ်ပင်တားဆီးမှုမရှိ/ တားဆီးမှုပြုလုပ်သော နိုင်ငံများတွင်လည်း လွတ်လပ်စွာ ထိုအခွေများနှင့်ဇာတ်လမ်းတွဲများကို ဝယ်ယူကြည့်ရှုနေကြသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် နိုင်ငံခြားတိုင်းပြည်များသို့ရောက်နေသော မြန်မာပြည်သူပြည်သားများ၏ လိင်မှုဆိုင်ရာနှင့် Living Together ကိစ္စတွင် ပိုမိုစိတ်အားထက်သန်စွာဖြင့် ရာခိုင်နှုန်းသည် ယခင်နှစ်တွေများထက် ပိုမိုလွန်ကဲစွာ များပြားလာသည်ကို ထောက်ပြ၊ ဖော်ပြ ပြောကြားထားကြပါသည်။ ဥပမာနိုင်ငံခြားတွင် ကျောင်းသား/ကျောင်းသူများနှင့် အလုပ်လုပ်ကိုင်နေထိုင်ကြသူများသည် သူတို့အားလပ်ချိန်များတွင် ဆန့်ကျင်ဘက်လိင်ကိုသာ ဦးစားပေးစဉ်းစားပြီး အချိန်ကုန်ဆုံးစေလျက်ရှိကြပါသည်။ ထိုစိတ်များကို နတ်ဖြင့်ဟုတ်ပါသလား မေးကြည့်

လျှင် လူတိုင်းဝန်ခံမည့် မေးခွန်းမျိုးမဟုတ်ပါ။ အမြင်နှင့်အကဲခတ်လျှင် လုံးဝ အသိသာဖြစ်နိုင်ပါသည်။

ပြင်ပရောက်မြန်မာလူမျိုးများ၏ Living Together ကိစ္စနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုများ စင်ကာပူနိုင်ငံအကြောင်း၊ စင်ကာပူနိုင်ငံတွင် မြန်မာလူမျိုးအများစုသည် လူမှုကျင့်ဝတ်များကို ဖောက်ဖျက်နေထိုင်လျက် ရှိကြပါသည်။ အလားတူစွာပင် အဝေးရောက် မြန်မာအချင်းချင်း ခေါင်းပုံဖြတ် အမြတ်ကြီးထုတ် ကုန်းချောကုန်းတိုက်မှုများ၊ ရာထူးအရှိန်အဝါကြောင့် မြန်မာလူမျိုးအချင်းချင်း မတူမတန်စွာဆက်ဆံနေကြခြင်း၊ ပညာအရည်အချင်းမိမိထက်နိမ့်သည်ကို နှိမ့်ချပြီး မိမိထက်မြင့်သည့်သူကို ကပ်ဖားနေခြင်း အိမ်ထောင်ရေးဖောက်ပြန်ကြခြင်း၊ ရည်းစားအများအပြားထားပြီး ပြဿနာများရှုပ်နေကြခြင်းနှင့် Living Together ကိစ္စကြောင့် နောက်ဆက်တွဲပြဿနာများ၊ လိင်မှုကိစ္စကြောင့် မိသားစုသားသမီးများကို လမ်းခွဲရခြင်းများသည် စင်ကာပူရောက်ရွှေမြန်မာများတွင် အများဆုံး နေ့စဉ်ဖြစ်ပေါ်နေသောအရာကိစ္စများဖြစ်ပါသည်။

စင်ကာပူသို့ မြန်မာလူမျိုးအများစုသည် နေ့စဉ်ဆိုသလို ရောက်ရှိလာကြပြီး ကျောင်းတက်သူများနှင့် အလုပ်အကိုင်ရှာဖွေသူများ၊ လက်ရှိအလုပ်အကိုင်နှင့် နေထိုင်သူများ၊ စင်ကာပူနိုင်ငံသားခံယူထားသူများဆိုပြီး အမြောက်အများရှိပါသည်။ ထိုသူများသည် စင်ကာပူသို့ရောက်ရှိလာပြီး လပိုင်းအနည်းအငယ်အတွင်းမှာ ချစ်သူများကိုယ်စီရှာကြသည်။ ချစ်သူများကိုလည်း အပြိုင်အဆိုင်ထားကြသလို မိမိချစ်သူဟုတ္တဲ့နေသူနှင့် ကလပ်များကို အပတ်စဉ်ကြာသပတေးနှင့် သောကြာနေ့များတွင် တက်ရောက်လျက်ရှိပြီး ကလပ်မှမူးပြီးပြန်လာလျှင် Living Together နေထိုင်ကြခြင်း၊ အဖွဲ့လိုက်မိမိတို့အိပ်ခန်းတွင် Living Together နေထိုင်ကြခြင်းများဖြင့် ပျော်ပါးတတ်ကြပါသည်။ နောက်ဆက်တွဲဇာတ်လမ်းများကတော့ ကိုယ်ဝန်နှင့်မြန်မာပြည်သို့ပြန်သွားရခြင်း၊ တချို့မှာ ဆေးရုံဆေးခန်းများသို့ သွားရောက်ဖျက်ချရခြင်းနှင့် မိမိကိုယ်ကို သတ်သေကြခြင်းကြောင့် မြန်မာမိန်းကလေးများသတင်းသည် ဆေးရုံဆေးခန်းနယ်ပယ်လောကတွင် အလွန်ပင်နာမည်ကျော်ကြားလျက်ရှိပါသည်။

စင်ကာပူတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလူမျိုးများသည် ထိုသူတို့အလုပ်ပိတ်ရက်များတွင် ဆန့်ကျင်ဘက်လိင်များဖြင့် အတူတူနေထိုင်လျက်ရှိကြပါသည်။ အိမ်ထောင်ရှိသောသူများကလည်း မိမိအိမ်ထောင်ဘက်ဝေးကွာနေသောကြောင့် အပျော်သဘောနှင့်ဟု အစတွင် အတူတူနေထိုင်ခဲ့ကြ

သော်လည်း အချိန်ကာလကြာမြင့်လာသည့်အခါ မြန်မာနိုင်ငံတွင်ကျန်ရှိနေခဲ့သော မိသားစုနှင့် ကလေးကိုပင် စိတ်ထဲတွင် အရေးမပါတော့ပေ။ လစဉ်တိုင်းမိသားစု အတွက် ငွေမလွှဲနိုင်၊ပစ္စည်းများမပို့နိုင်တော့ပေ။လူပျို၊အပျိုလူလွတ်များကလည်း မိဘများကို အစဉ်အမြဲထောက်နေကြသော်လည်း ထိုသူတို့အတွက် အတွဲ အဖော်များရရှိလာသောအခါ လစဉ်ငွေလွှဲပို့ခြင်း၊ထောက်ပံ့ခြင်းများမပြုနိုင်သော သဖြင့် မိမိကိုကျွေးမွေးခဲ့ပြီး သားသမီးနိုင်ငံခြားရောက်ရန် ပေါင်နှံရောင်းချ ပေးလိုက်ရသည့် ထိုမိဘများဘဝမှာ အလွန်ပင်သနားဖို့ကောင်းလှပါသည်။

ထိုကဲ့သို့ နှစ်ဦးနှစ်ဘက် Living Together နေထိုင်ကြသောကြောင့် ထိုသူများနှင့်ပတ်သက်ဆက်နွယ်နေသော၊ မြန်မာပြည်တွင်ကျန်ရှိခဲ့သော မိသားစုနှင့်ကလေးများ ပညာရေး၊ စားဝတ်နေရေးနှင့် မိဘနှစ်ပါးများအတွက် လစဉ်ငွေလွှဲ ငွေထောက်ပံ့ပေးခြင်းမပြုလုပ်နိုင်တော့ပဲ စင်ကာပူနိုင်ငံမှာ ဆန့်ကျင် ဘက်လိင်အမျိုးသမီး၊အမျိုးသားများ ပျော်ရွှင်စွာနေထိုင်လျက်ရှိကြသည်။ သူတစ်ပါးထံမှ အချောင်လိုချင်သဖြင့် မိမိဘဝကို ရင်းခြင်းမပြုလုပ်ကြဘဲ မိမိ တကယ်မေတ္တာစိတ်ရှိသော ဘဝကြင်ယာဖော်တွေ့ရှိပြီး ဆင်းရဲချမ်းသာ အေး အတူပူအမျှနေထိုင်ခြင်းသည် မိမိ၏စိတ်အား တကယ့်ပျော်ရွှင်ချမ်းမြေ့သာယာမှု အနှစ်သာရအစစ်ကို ရရှိပါလိမ့်မည်။ မည်သည့်အရာမှ သူတစ်ပါးထံမှ မည်သည့် နည်းနှင့်မျှလွှဲဆောင်ဖြားယောင်းပေးဆပ်ယူဆောင်ခြင်းမပြုသင့်ဟုဗုဒ္ဓ၏တရားတော် အဆိုအမိန့်များတွင်ပါရှိသလို အခြားသောဘာသာတို့၏ကျမ်းဂန်များတွင်လည်း ပါရှိပါလိမ့်မည်။ (ရေးသူအမည် ရှာတွေ့လျှင် ဖြန့်ထည့်ပေးပါမည်)

-(၁၂-၃-၂၀၀၉) *News Week* စာ-၂၃။

## အလှဆုံးဆိုတာ



တစ်ယောက်တည်းသာ၊ နေသောခါ၊
မှတ်ပါ **'သတိ'** အလှဆုံး။
အများနှင့်သာ၊ နေသောခါ၊ **'မေတ္တာ၊ ခန္တီ'** အလှဆုံး။
အိပ်ယာထ,လာ၊ နေ့တိုင်းသာ၊ လှတာ အရင်သုံး။

-ဇီဝိနုကာရေ ယောဆရာတော်ကြီး။

## ငါးကင်ရောင်းရင်း **အခမဲ့စာကြည့်တိုက်ဖွင့်ထားသူ**

'အသိပညာရှာမည်၊ အလုပ်လုပ်မည်' ဟူသော ခိုင်မာသည့်ရည်ရွယ်ချက်ဖြင့် 'စာအုပ်သုံးအုပ်' ကို ခရီးဆောင်အိတ်တွင်းထည့်ရင်းရန်ကုန်တက်လာခဲ့သူမှာ ကိုဇော်ဇော်ဖြစ်သည်။

သို့သော် 'စချင်းဆောက်နှင့်တွင်း' ဆိုသလို ဘဝသည် ခက်ခဲကြမ်းတမ်းခဲ့ရသည်။ မြေထောက်တွင် ဝဲများထူလပျစ်ပေါက်သည်အထိ အလုပ်မျိုးစုံ၊ ပတ်ဝန်းကျင်မျိုးစုံတွင် ကျင်လည်ရင်း **ကိုဇော်ဇော်တစ်ယောက်** မောပန်းချိန်ပင်မရခဲ့။

သာမန်စားပွဲထိုးဘဝကနေ ထမင်းကြော်၊ ကြာစံကြော် ကြော်တတ်ရန်အတွက် အကြော်ဆရာ၏ အဝတ်အစားများကို လျှော်ပေးခဲ့ရသည်။ အကြော်ဆရာအိပ်ရန် အိပ်ရာကိုပင် ခင်းပေးခဲ့ရသည်။ မိမိသင်ယူလိုသော အတတ်ပညာတစ်ခုအတွက် ခက်ခဲပင်ပန်းချိန်များကို ကျော်လွှားခဲ့သည်။



ယင်းနောက်ပိုင်းတွင် ကိုဇော်ဇော်သည် ငါးကင်သည့် အတတ်ပညာကို သင်ယူရရှိခဲ့ပြီး ငါးကင်ရောင်း၍ရသည့်ဝင်ငွေထဲမှ အချို့ကိုဖယ်ကာ မိမိဝါသနာပါသည့် စာဖတ်ခြင်းကို အများအကျိုးအတွက် မျှဝေနိုင်ရန်အခမဲ့စာကြည့်တိုက်လေးတစ်ခု တည်ထောင်ဖြစ်ခဲ့သည်။

ကိုဇော်ဇော်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကဓောအုပ်စု၊ ဆီသာကျေးရွာ ဇာတိဖြစ်သည်။ ကိုဇော်ဇော်သည် အဘိုးဖြစ်သူနှင့် အတူတောထဲတွင် နွမ်းတောင်လှည်း(နွမ်းပုံ)စောင့်ရင်း စာအုပ်များဖတ်ခွင့်ရခဲ့ရာမှ

စာဖတ်ဝါသနာရလာခဲ့ကြောင်း ကိုဇော်ဇော်က သူ့ငယ်စဉ်ဘဝကိုပြောပြသည်။

**"စာအုပ်ကိုတော့ ၁၄နှစ်သားလောက်က စပြီးဖတ်ခဲ့တာပါ။ ငယ်ငယ်က နွမ်းပါးခဲ့ပေမယ့် ကျွန်တော်ဘာကိုမှမကြောက်ပါဘူး။ စာအုပ်တွေဖတ်ခဲ့တာကြောင့် စာအုပ်တွေထဲက စာပေခွန်အားတွေ ကျွန်တော်ရခဲ့တယ်"**ဟု အသက် ၂၄နှစ်အရွယ် ကိုဇော်ဇော်ကဆိုသည်။

**၂၀၀၇ မှာ စာကြည့်တိုက်လေးစတယ်**

ကိုဇော်ဇော်သည် မန္တလေးအခမဲ့စာကြည့်တိုက်လေးကို ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ကိုယ်ကိုယ်တိုင်က အတန်းပညာကို ပြီးဆုံးအောင်မတက်ခဲ့ရ။ **မူလတန်းသာအောင်ခဲ့သော်လည်း စာအုပ်စာပေများထဲက အသိပညာများရခဲ့သည်**ဟုဆိုပါလျှင် ဘွဲ့ရပညာတတ်များစာဖတ်ကြသည့်အခါ သူ့ထက်အသိပညာ ပိုမိုရလာမည်ဖြစ်ပြီး တိုင်းပြည်အနာဂတ်လည်း များစွာကောင်းလာမည်ဟု ထင်သောကြောင့် စာကြည့်တိုက်လုပ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ကိုဇော်ဇော်က ရှင်းပြသည်။

ကိုဇော်ဇော်တည်ထောင်ထားသော မန္တလေးအခမဲ့စာကြည့်တိုက်သည် အခြားသော စာကြည့်တိုက်များနှင့်မတူဘဲ တစ်မူထူးခြားသည်ဟုပြောနိုင်ပေသည်။ စာကြည့်တိုက်တွင် ဂစ်တာခုနစ်လုံး၊ ဖယ်ခုံခုနစ်လုံး ထားထားပြီး စာအုပ်နှစ်အုပ် လာဖတ်ပါက ဂစ်တာနှင့် ဖယ်ခုံကို အိမ်ငှားပေးသည်ဟု ကိုဇော်ဇော်ကပြောပြသည်။

**"နောက်ပြီး ဗီနားက အရက်သောက်တဲ့သူတွေကိုလည်း အရက်ဖိုးလိုရင် ကျွန်တော်က ငါးရာပေးမယ်၊ စာအုပ်တစ်အုပ်တော့ လာဖတ်ရမယ်လို့ပြောထားတယ်။ သူတို့လာကြတယ်။ ဘာပဲဖြစ်ဖြစ်ဗျာ နောက်ဆုံးယှဉ်ကြည့်ရင် စာမဖတ်တဲ့ အရက်သမားထက် စာဖတ်တဲ့အရက်သမားက ပိုသာမယ်"**

ကိုဇော်ဇော်သည် ရပ်ကွက်တွင်းရှိသူများကို စာဖတ်စေရန် ယခုကဲ့သို့ နည်းမျိုးစုံဖြင့် ကြိုးစားနေပြီး အခြားသောရပ်ကွက်မှ လူများလည်း စာအုပ်များ တင်ကာ အိမ်တိုင်ရာရောက် စာအုပ်လိုက်လံငှားပေးသည့် ဝန်ဆောင်မှုကိုလည်း အခမဲ့လုပ်ဆောင်နေသူဖြစ်သည်။

**"တချို့ကျွန်တော့်စာကြည့်တိုက်ကို မလာနိုင်ရင် ကျွန်တော်ကစာအုပ်ကို အိမ်လိုက်ပို့ပေးတယ်။ တောင်ဥက္ကလာလိုဝေးတဲ့နေရာထိကတောင် ငှားတယ်ဗျ။ ပုံမှန်ကတော့ သမိုင်းလမ်းဆုံကနေ MRTV 4 ရုံးနားလောက်ထိ စက်ဘီးနဲ့လိုက်ပို့ပေးရတယ်။ သူတို့ကဖုန်းဆက်ပြီး မှာတာပေါ့ဗျာ"**ဟု ကိုဇော်ဇော်က ပြောပြသည်။

**စာမတတ်ဘဲ စာတတ်ရှံနဲ့ ခွန်အားရခဲ့တယ်**

**"ဘွဲ့မရ ကျောင်းမနေရပေမယ့် စာပေပညာနဲ့ တတ်တဲ့ပညာကို ပေါင်းပြီး အသုံးချတယ်။ ကျွန်တော်လေးတန်းပဲအောင်ပါတယ်။ အဓိကက မစံချင်တဲ့စိတ်က ကျွန်တော့်ကို စာတတ်ဖြစ်အောင် တွန်းပို့ခဲ့တာလို့ပြောလို့ ရပါတယ်။ ကျွန်တော် တို့နိုင်ငံမှာက ဘွဲ့ရရှံနဲ့ စာတတ်တယ်ထင်နေကြတာ။ ကိုယ်တတ်တဲ့ပညာကို တကယ်အသုံးချနိုင်ရင် ပိုကောင်းပါတယ်**"ဟုလည်း သူ့အမြင်ကို ပြောသည်။

ကိုဇော်ဇော်၏ မန္တလေးအခမဲ့စာကြည့်တိုက်ဖွင့်ချိန်မှာ နံနက် ၉–နာရီမှ ည ၁၁–နာရီအထိဖြစ်သည်။ ငါးကင်ရောင်းချိန်က ညနေ ၆နာရီ၊ ၇ နာရီဖြစ်ပြီး ငါးကင်သွားရောင်းချိန်တွင်လည်း စာကြည့်တိုက်တံခါးကို ဒီအတိုင်းပင် ဖွင့်ထားခဲ့သည်ဟုလည်း သူကပြောပြသည်။

**"ကျွန်တော်မရှိခင် စာအုပ်ဖတ်ချင်သူရှိရင်ဖတ်ရအောင်။တချို့ကလည်း ယူတဲ့စာအုပ်၊ကိုယ့်နာမည်၊လိပ်စာရေးပေးသွားတယ်။ တချို့ကလည်း ဒီတိုင်း ယူသွားတာပေါ့။ ယူလည်း သူတို့က ကောင်းမယ်ဆိုတဲ့စာအုပ်မျိုးကိုရွေးယူတာယ်။ ကျွန်တော်လည်းယူမှမစေ သူတို့စာအုပ်တစ်အုပ် ရသွားနည်းလေးဆိုတဲ့ စိတ်မျိုး ထားပါတယ်"**

ကြိုးစားပမ်းစား တည်ထောင်ထားသည့် စာကြည့်တိုက်လေး ရေရှည်ဖြစ်မြောက်တည်တံ့စေရန်အတွက် ငါးကင်ရောင်းရသည့်ငွေထဲမှ တစ်လကို ကျပ်ခုနစ်သောင်းခန့် စာကြည့်တိုက်အတွက် အသုံးပြုကြောင်း ကိုဇော်ဇော်ကပြောသည်။

"တချို့ကလည်း ကျွန်တော်ကို အလှူခံပုံးထားဖို့အကြံပေးကြတယ်။ ကျွန်တော်မလုပ်ချင်ဘူး"

**ကျွန်တော်က ဘဝကို စာအုပ်စာပေထဲပဲမြှုပ်နှံထားတယ်**

ကိုဇော်ဇော်သည် သူ၏စာကြည့်တိုက်လေးကိုလူအများသိရှိပြီး လာရောက်ဖတ်ရှုငှားရမ်းနိုင်အောင် ကြော်ငြာစာရွက်များလုပ်ထားပြီး လှည်းတန်းမှသမိုင်းအထိ တစ်ရက်ကို အခုငါးဆယ်လိုက်ကပ်ခဲ့ကြောင်း၊ သို့ရာတွင် ရည်ရွယ်ချက်မရှိဘဲ လက်ဆော့သူအချို့က ကြော်ငြာစာရွက်များကို ဆုတ်ဖြဲကြသောကြောင့် ၁၀–ခု လောက်သာ ကျန်လေ့ရှိကြောင်း၊ နေ့စဉ်ထပ်ထပ်ကပ်နေရကြောင်းလည်း ကိုဇော်ဇော်က လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲကို ပြောပြသည်။

"ကျွန်တော်က ဘဝကို စာအုပ်စာပေထဲမြှုပ်နှံထားတယ်။ ကလေးတွေကိုလည်း စာဖတ်စေချင်အောင် ကာတွန်းလေးတွေ၊အရုပ်လေးတွေကနေ ဆွဲဆောင်

ရတယ်။ စာများများဖတ်စေချင်တယ်ဗျာ။ ဒီမှာက ပညာရေးက သူများနဲ့ယှဉ်ရင် နိမ့်ပါးတယ်။ မျက်လုံးချင်းဆုံရင်တောင် ရန်ဖြစ်ချင်ကြတာ။ ကျွန်တော်ထင်တာကတော့ စာအုပ်လေးတွေဖတ်ရင် အသိအလိမ္မာတိုးပြီး အရိုင်းစိတ်ပျောက်မယ် ပေါ့ဗျာ"ဟု ကိုဇော်ဇော်က သူ့အမြင်ကိုဆိုသည်။

**တစ်နိုင်ငံလုံးအနှံ့ စာကြည့်တိုက်များ**

လက်ရှိမှာ ငါးကင်ရောင်းရင် စာကြည့်တိုက်ကို အောင်မြင်အောင်ကြိုးစားနေသော ကိုဇော်ဇော်၏ရည်မှန်းချက်မှာ မြန်မာတစ်နိုင်ငံလုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးပင်ဖြစ်သည်။

"**လောလောဆယ်တော့ လမ်းဘေးဈေးသည်ပေါ့လေ။ ဗီနပ်ကို နှစ်ထောင် တန်ပဲခံ စီးတယ်။ စာအုပ်တွေဝယ်တယ်**"ဟု ကိုဇော်ဇော်က စာကြည့်တိုက်ဖြစ်မြောက်စေရန် ချွေတာရမှုအချို့ကို ပြောပြသည်။

အစိုးရစာကြည့်တိုက်များသည် ကန့်သတ်ချက်များ များနေသောကြောင့် လူငယ်များအနေဖြင့်အလွယ်တကူငှားရန်း မလွယ်ကူကြောင်း ကိုဇော်ဇော်က သူ့အမြင်ကို ခုလိုပြောသည်။

"ဒီနားမှာ စာကြည့်တိုက်နှစ်ခုရှိတယ်။ ကျွန်တော့်စာကြည့်တိုက်နဲ့ ရပ်ကွက်စာကြည့်တိုက်။ ရပ်ကွက်စာကြည့်တိုက်က ည ၈နာရီခွဲဖွင့်တယ်။ ၉နာရီဆို ပိတ်တယ်။ ကျွန်တော်သွားငှားတုန်းက ပေးမငှားဘူး။ Member ဝင်ရမယ်တဲ့။ (၁)ရပ်ကွက်စာကြည့်တိုက်က(၂)ရပ်ကွက်ကလူကိုပေးမငှားဘူးဆိုတာလည်းရှိတယ်။ အစိုးရစာကြည့်တိုက်တွေက ကန့်သတ်ချက်တွေများတယ်လို့ ကျွန်တော်ထင်တယ်။ စည်းကမ်းတွေများတော့ လူငယ်တွေလက်တွန့်တာပေါ့။ ကျွန်တော့်ဆီမှာတော့ စာလာဖတ်တဲ့ ကလေးတွေက ဦးဇော်ဇော်မုန့်ဖိုးလိုချင်တယ် ပေးပါလို့ဆိုရင်တောင် ကျွန်တော်ကပေးတာ"

ကိုဇော်ဇော်၏ မန္တလေးအခမဲ့စာကြည့်တိုက်လေးသည် လှိုင်မြို့နယ် အောင်မေတ္တာ(၄)လမ်းတွင်တည်ရှိပြီး ဆက်သွယ်ရန်ဖုန်း နံပါတ်မှာ ဝ၉-၂၅၆၁၁၆၇၂၇ ဖြစ်သည်။

**ဇက်ဘီးလေးနဲ့ရွှေ့လျားစာကြည့်တိုက်**

"စွယ်စုံကျမ်းလို တန်ဖိုးမြင့်တဲ့ စာအုပ်မျိုးတွေကိုတော့ အိမ်လိုက်ပို့ရတဲ့ အခါမျိုးပဲငှားတယ်။ လိပ်စာကို ကိုယ်ကသိထားတော့ စာအုပ်မပျောက်တော့ဘူးပေါ့"ဟု တန်ဖိုးမြင့်သည့်စာအုပ်များ ငှားရမ်းခြင်းနှင့်ပတ်သက်၍လည်း ကိုဇော်ဇော်က ပြောသည်။

ကိုယ်ပိုင်စက်ဘီးလေးမှာ စာအုပ်များအကြိမ်ကြိမ် ပို့ရသည့်ဒဏ်ကြောင့် ရေရှည်မခံတော့ဘဲ ဟောင်းလာကာ ပျက်သည့်အခါတွင် တွန်းရှိပ်သွားရသည်။ လိုက်ပို့ရသော နေရာဝေးပါက ဝေးသည့်အလျောက် စက်ဘီးပေါ်စာအုပ်များတင်ကာ တွန်းပို့နေရသည်များရှိကြောင်းလည်း ကိုဇော်ဇော်က ဆိုသည်။

"ကျွန်တော်က စက်ဘီးစီးပြီး စာအုပ်တွေသွားပို့တယ်။ ပို့ပါများတော့ စက်ဘီးက ပျက်တယ်။ ဦးကျော်သူ(နာကူ)က ကျွန်တော့ကို စက်ဘီးလေး လှူပါတယ်။ သူက ကားတောင်ပေးတာပါ။ ကျွန်တော်က မလိုချင်ဘူး။ မောင်းလည်း မမောင်းတတ်ဘူး။ သူများဥစ္စာကြီးယူပြီး မလုပ်နိုင်ရင် တာဝန်ကြီးတယ်။ ကိုယ့်သမိုင်းကို ကိုယ်ရေးရတာ။ ကိုယ်နိုင်တာပဲ ကိုယ်လုပ်ပါတယ်။ American Centre ကလည်း စာအုပ်တွေလှူသေးတယ်"ဟု မန္တလေးစာကြည့်တိုက်အတွက် ဝိုင်းကူပေးကြကြောင်းကို ပြောပြသည်။

## ရွာမှာလည်း စာကြည့်တိုက်လေးလုပ်ထားတယ်

ကျောက်ပန်းတောင်းသား ကိုဇော်ဇော်သည် ဇာတိမြေနှင့်ဝေးသော ရန်ကုန်တွင် အခမဲ့စာကြည့်တိုက်လေးတည်ထောင်ကာ လူငယ်များ စာဖတ်လာအောင် လုပ်ခြင်းသာမက သူ့မွေးရပ်ဇာတိ ဆီသာရွာတွင်လည်း စာကြည့်တိုက်တစ်ခု ဖြစ်မြောက်အောင် တည်ထောင်ထားသေးသည်။

ရွာစာကြည့်တိုက်ကို ကိုယ်တိုင်မစီမံနိုင်သဖြင့် အစ်မဖြစ်သူက တာဝန်ယူလုပ်ဆောင်ပေးနေပြီး အသံချဲ့စက်ဖြင့် စာပေဟောပြောပွဲအခွေများဖွင့်ပေးကြောင်းလည်း ကိုဇော်ဇော်ကပြောပြသည်။

"ရွာမှာကျ ဒီလောက် မဖြစ်မြောက်ဘူး။ ဟိုမှာ စာဖတ်ဖို့မနည်းလုပ်ရတယ်။ ခေါ်လည်းခေါ်တယ်။ စာဖတ်အားနည်းတယ်"ဟု ကိုဇော်ဇော်ကမြို့နှင့်ရွာ စာဖတ်အားကွာခြားပုံကိုဆိုသည်။

## စာကြည့်တိုက်မှူးက စာပေကို တကယ်ချစ်ဖို့လိုတယ်

The Asia Foundation ၏ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်သော စစ်တမ်းတစ်ခုအရ မြန်မာတစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ထားသော စာကြည့်တိုက်များ၏ ၉၀ရာခိုင်နှုန်းကျော်သည် အများပြည်သူအသုံးပြုခြင်းမရှိဟု သိရသည်။ မြန်မာနိုင်ငံတွင် စာကြည့်တိုက်ပေါင်း ၅၅၇၅၅ ခုရှိပြီး ၄၈၆၈ ခုသာ အသုံးပြုနိုင်ကာ ပြည်သူ ၉၇ရာခိုင်နှုန်းမှာ စာကြည့်တိုက်များ အကျိုးရှိပုံကို သိသော်လည်း အသုံးပြုမှုနည်းပါးကြောင်းအဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ထိုကဲ့သို့စာကြည့်တိုက်များ ရှားပါးလာပြီး အသုံးပြုသူ

လူငယ်များလည်း နည်းပါလာကြောင်းနှင့်ပတ်သက်၍ ကိုဇော်ဇော်က သူ့အမြင်ကို ပြောဆိုသည်။

"ခေတ်ကပြောင်းလာပြီ။ စာကြည့်တိုက်တွေနည်းလာတယ်။ ကျုံ့ကျန်ကြတာပေါ့။ အဓိကက စာကြည့်တိုက်ကိုထူထောင်တဲ့သူက၊ စာကြည့်တိုက်မှူးက ကိုယ့်စာကြည့်တိုက်ကို ကိုယ်တိုင်စိတ်ဝင်စားမှုရှိဖို့လိုတယ်။စာပေကိုတကယ် ချစ်ဖို့လိုတယ်"

**စာအုပ်တွေနဲ့မြောတိုင်းသာ စာကြည့်တိုက်ဖိတ်ပစ်ရင်**
**ကျွန်တော့်မျှော်လင့်ချက် ဘယ်ပြည့်တော့မလဲ**

စာအုပ်များကို အခမဲ့ငှားရသည့်အပြင် ငှားလိုက်သည့်စာအုပ်များကို ပြန်ပေးသူရှိသကဲ့သို့ ပြန်မပေးသူများလည်း အများအပြားရှိပေသည်။

"ကျေနပ်ပါတယ်။ ကျွန်တော်ကပိုက်ဆံရှိလို့စာကြည့်တိုက်ဖွင့်တာမဟုတ်ပါဘူး။ စာပေသမားမို့ စာကိုချစ်လို့ပါ။ တာတေစနေသားဆိုရင် ကိုးအုပ်ဝယ်ထားတာ တစ်အုပ်ပဲကျန်တော့တယ်။ **စာအုပ်တွေနဲ့မြောတိုင်းသာ စာကြည့်တိုက်ပိတ်ပစ်ရင် ကျွန်တော့်မျှော်လင့်ချက် ဘယ်ပြည့်တော့မလဲ**။ တစ်ခါတစ်ခါ ကျွန်တော်မဖတ်ရတဲ့၊သိပ်နားမလည်တဲ့စာအုပ်တွေရှိတယ်။ဒါပေမဲ့တစ်ခြား လူငယ်တွေကညွှန်းရင် ကျွန်တော်တင်ထားလိုက်တယ်"ဟုကိုဇော်ဇော်ကဆိုသည်။

ကိုဇော်ဇော်က လူငယ်များကို စာများများဖတ်စေချင်ပြီး သူကိုယ်တိုင်မှာမူ စာကြည့်တိုက်လေးဖွင့်ပြီးသာ နေလိုသည်ဟု ပြောဆိုသည်။

***ချမ်းငြိမ်းမြို့ -(၂၃-၃-၂၀၁၄) The Voice စာ-၁၆။***

## ခွင့်လွှတ်တယ်ဆိုတာ

အနိုင်ယူတာလည်း မဟုတ်ဘူး။ အရှုံးပေးလိုက်တာလည်း မဟုတ်ဘူး။
အထက်စီးက နေတာလည်း မဟုတ်ဘူး။ အောက်ကျို့တာလည်း မဟုတ်ဘူး။
ခွင့်လွှတ်တာဟာ ကိုယ့်ကိုယ်ကို လွတ်လပ်မှုပေးလိုက်တာပဲ။
ကိုယ့်စိတ်ကို ငြိမ်းချမ်းခွင့်ပေးပေးလိုက်တာပဲ။
ခွင့်လွှတ်တယ်ဆိုတာ ဘေးလူမြင်ကောင်းကြားကောင်းအောင်လုပ်တဲ့အလုပ် မဟုတ်ဘူး။
ကိုယ့်စိတ်ထဲမှာ တကယ်လွတ်လပ်မှုရသွားအောင်
တကယ်ငြိမ်းသွားအောင်လုပ်တဲ့ အလုပ်ဖြစ်တယ်။

***-မဟာမြိုင်ဆရာတော် ဦးဇောတိက။***


အရက်နဲ့ဘီယာ
လူမှုန်းသူမှုန်းမသိ ခေါင်းမူးရူးနေတာ ရှင့်အစား ကျွန်မရှက်တယ်တော့...
ဟေ့...မင်းတို့အားလုံး ဒါပဲ...ထင်တယ်ကွ...

# လှူနှင့်တန်ဖိုး

သူတောင်းစားတစ်ယောက်ရှိတယ်၊ သူ့ရဲ့ဘယ်ဖက်လက်တစ်ဖက်လုံး ပြတ်ထားရှာတယ်၊ ကြည့်လိုက်ရင် တော်တော်လေးကို သနားဖို့ကောင်းပြီး လူတော်တော်များများကလဲ သူ့ကိုဆိုရင် စွန့်ကြဲပေးကမ်းလေ့ရှိတယ်၊ တစ်နေ့မှာ သူဟာ အိမ်လေးတစ်အိမ်ဆီကို ရောက်လာပြီး တောင်းရမ်းတယ်၊ အိမ်ရှင်မက သူ့ကို အိမ်ရှေ့က အုတ်ခဲတွေကို အိမ်နောက်ဖေးကို အရင်ပြောင်းပေးဖို့ ပြောလိုက်တယ်။

သူတောင်းစားဟာ စိတ်တိုပြီး အိမ်ရှင်မကို ပြောတယ် "**ကျွန်တော် လက်တစ်ဖက်ပြတ်နေတာကို ခင်ဗျားမြင်ရက်သားနဲ့ ကျွန်တော့်ကို ဒီလို လုပ်ခိုင်းနေတာ ခင်ဗျားနောက်နေတာလား?**"တဲ့။ မထင်မှတ်ထားတာက အိမ်ရှင်မဟာ အုတ်ပုံရှေ့မှာ ထိုင်ချလိုက်ပြီး လက်တစ်ဖက်တည်းနဲ့ အုတ်တုံးတစ်တုံးကို မပြလိုက်ပြီး အိမ်နောက်ဖေးကို သွားပြီး အိမ်ရှေ့ပြန်လာခဲ့တယ်၊ ပြီးတော့ သူတောင်းစားကိုပြောလိုက်တယ်။ "**ငါတောင် လက်တစ်ဖက်တည်းနဲ့ မနိုင်တာ နင်လက်တစ်ဖက်တည်းနဲ့မ မနိုင်ဘူးလား?**" သူတောင်းစားကလဲ ဘာမှပြန်ပြောစရာမရှိတော့ဘဲ ခေါင်းကိုငုံ့ပြီး အုတ်တုံးတွေကို လက်တစ်ဖက်တည်းနဲ့ ဖြည်းဖြည်းချင်း သယ်ရွှေ့ပေးလိုက်တယ်၊ နှစ်နာရီလုံးလုံးလုပ်ပြီးမှ အုတ်တွေသယ်လို့ပြီးသွားတယ်၊ သူကတော့ ချွေးတွေရွှဲလို့။

အိမ်ရှင်မဟာ သူ့ကို ပုဝါအဖြူတစ်ထည်ကမ်းပေးလိုက်တယ်၊ သူ့မျက်နှာနဲ့ လည်ပင်းတွေကို သုတ်လိုက်တော့ ပုဝါအဖြူဟာ အမည်းပြောင်းသွားတယ်၊ အိမ်ရှင်မဟာ သူ့ကို ငွေ ၂၀၀၀–ကျပ် ပေးလိုက်တယ်၊ သူတောင်းစားဟာ အိမ်ရှင်မကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောလိုက်တယ်။ အိမ်ရှင်မက ပြန်ပြောလိုက်တယ်။ "**ငါ့ကိုကျေးဇူးတင်စရာမလိုပါဘူး၊ ဒါဟာမင်းရဲ့ချွေးနဲ့ လဲလာခဲ့တဲ့ လုပ်အားခပါ**" သူတောင်းစားက ပြန်ပြောလိုက်တယ် "**ကျွန်တော် ခင်ဗျားကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး၊ ဒီပုဝါလေးကို ကျွန်တော့်အတွက် အမှတ်တရလေးဖြစ်အောင်ပေးပါ**"။

နှစ်ပေါင်းများစွာကြာပြီး နောက်ပိုင်းမှာ အဲဒီသူတောင်းစားဟာ အဝတ်အစား သပ်သပ်ရပ်ရပ်နဲ့ အဲဒီအိမ်ရှေ့ကို ပြန်ရောက်ခဲ့တယ်။ အသက်ကြီးနေပြီဖြစ်တဲ့ အိမ်ရှင်မကြီးကိုမြင်တော့ "**ကျွန်တော်အရင်တုန်းက သူတောင်းစားပါ၊ အခုတော့**

**ကုမ္ပဏီတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်နေပါပြီ။ ခင်ဗျားဟာ ကျွန်တော့်ရဲ့ပျောက်ဆုံးနေတဲ့ ဂုဏ်သိက္ခာကို ပြန်ရှာပေးခဲ့သူပါ။ ကျွန်တော့်ရဲ့ ယုံကြည်စိတ်ကို ပြန်လည် တည်ဆောက်ပေးခဲ့သူပါ။ ခင်ဗျားသာမရှိရင် ကျွန်တော်ဟာ လေလွင့်နေဦးမှာ အမှန်ပါဘဲ**"။ အိမ်ရှင်မက ပြန်ပြောလိုက်တယ်၊ "ဒါတွေအားလုံးဟာ မင်းကိုယ်တိုင် တည်ဆောက်ခဲ့တာတွေပါပဲ"။

လက်တစ်ဖက် ကုမ္ပဏီဥက္ကဋ္ဌဟာ အိမ်ရှင်မကြီးကို အိမ်တစ်လုံး လက်ဆောင်ပေးဖို့ပြောတယ်။ အိမ်ရှင်မကြီးက ငြင်းပယ်လိုက်ပါတယ်။ ဥက္ကဋ္ဌကြီးက ဒါကို နားမလည်နိုင်ဘူး။ အိမ်ရှင်မက ရယ်ပြီးပြောလိုက်တယ်၊ "**ငါတို့မိသားစု အားလုံးဟာ လက်တစ်စုံဆီရှိကြတယ်လေ**"တဲ့။

လူဆိုတာဟာ တန်ဖိုးရှိရှိ ရှင်သန်ဖို့ အရေးကြီးတယ်။ ကိုယ့်ကိုယ်ကိုယ် လေးစားသလို ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ်သိတဲ့လူတွေကိုလဲ ဂုဏ်သိက္ခာတက်လာအောင် လုပ်ပေးဖို့ လိုတယ်၊ မသိတဲ့လူတွေကိုလဲ လေးစားဖို့လိုတယ်။

ကိုယ့်ရဲ့အလုပ်ကနေ ပျော်ရွှင်ခြင်းဆိုတာကို ဖော်ထုတ်နိုင်မှလဲ ကိုယ့်ရဲ့ဘဝဟာ တန်ဖိုးရှိလာမှာ ဖြစ်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အလုပ်ကိုလုပ်တယ်။ ငွေကြေးရရှိမှုက တခြားသူတွေလောက် မများပေမဲ့ ပိုက်ဆံချမ်းသာပြီး ဝိညာဉ်ကင်းမဲ့နေတဲ့သူတွေထက်စာရင်ပိုပြီး တန်ဖိုးရှိပါလိမ့်မယ်။ ***Credit to Zane,* အသောကရာမ–မလေးရွာ**

## တရားနဲ့ဆက်ဆံပါ

တရားနဲ့နေတဲ့သူဟာ အများနဲ့ဆက်ဆံတဲ့နေရာမှာ
တစ်ကိုယ်ကောင်းမဆန်ဘူး။ မရိုးသားတာ မလုပ်ဘူး။
သူလည်း အကျိုးရှိ၊ ကိုယ်လည်း အကျိုးရှိတာလုပ်မယ်။
တစ်ခါတစ်လေ နစ်နာသွားရင်တောင်မှ သည်းခံတယ်။
အဲဒီလိုနဲ့ ဆက်ဆံရေးမှာ ကလျာဏမိတ္တခေါ်တဲ့
မိတ်ကောင်းဆွေကောင်းတွေ တိုးနေတယ်။ **–ဦးဇောတိက။**

## မဲ့တာချင်း တူပေမယ့်

**ကာကော ကဏှော ဝိကော ကဏှော၊ ကော ဘေဒေါ ကာကဝိကာနံ။**

**ဝသန္တကာလေ သမ္ပတ္တေ၊ ကာကော ကာကော, ဝိကော ဝိကော။**

ကာကော– ကျီးကန်းသည်။ ကဏှော – အရောင်မဲ၏။

ဝိကော–ဥဩသည်လည်း၊ ကဏှော–အရောင်မဲ၏။

ကာကဝိကာနံ–ကျီးကန်းနှင့်ဥဩငှက်တို့၏။

ဘေဒေါ–ကွဲပြားခြားနားခြင်းသည်။ ကော–အဘယ်ပါနည်း။

ဝသန္တကာလေ–မိုးဥတုကို၊ သမ္ပတ္တေ–ရောက်သောအခါ၊

ကာကော–ကျီးကန်းသည်၊ ကာကော–ကျီးကန်းတည်း။ (ဝါ)မသာယာသော အသံဖြင့် ကားကားဟု အော်၏။

ဝိကော–ဥဩသည်ကား၊ ဝိကော–ဥဩငှက်တည်း (ဝါ)သာယာသောအသံဖြင့် ဥဩဥဩဟု အော်၏။

အရောင်အဆင်းအားဖြင့် အတူတူဖြစ်သော်လည်း အချိန်တန်တော့ ကွဲပြားသွားတာပါပဲ။
ပုံသဏ္ဌာန်အားဖြင့် အတူတူဖြစ်သော်လည်း အချိန်တန်တော့ ကွဲပြားသွားတာပါပဲ။
တူသော်လည်း မတူတာတွေရှိနေတတ်ပါတယ်။ တူသယောင်နဲ့ မတူတာတွေလည်း ရှိနေတတ်ပါတယ်။ ကွဲပြားအောင်သိဖို့ကတော့ အချိန်ယူရပါလိမ့်မယ်။

***–အရှင်ဇေယျာသဘ (နု.ပ.သ ရန်ကုန်)။***

## စိတ်ထားတတ်တယ်ဆိုတာ



ကောင်းတဲ့ အခြေအနေတွေနဲ့ပဲ တွေ့တွေ့

ဆိုးတဲ့ အခြေအနေတွေနဲ့ပဲ တွေ့တွေ့

ကောင်းတဲ့အချက်ကို ရှာကြံတွေးပြီး

စိတ်ချမ်းသာအောင် ထားတတ်တာကို

"စိတ်ထားတတ်တယ်"လို့ ခေါ်ပါတယ်။

စိတ်ထားမတတ်ရင် စိတ်ချမ်းသာစရာနဲ့ တွေ့နေတာတောင်မှ

စိတ်ဆင်းရဲနေတတ်ပါတယ်။ ***–အရှင်ဆန္ဒာဓိက။***



# မျက်မမြင်နဲ့မီးအိမ်

ဒီပုံပြင်လေးကို ဆရာကြီး ဦးမြကြိုင်ဆီမှာ အင်္ဂလိပ်စာ တက်တုန်းက သင်ခဲ့ရတာပါ။ ဒီနေ့မှ Level 1ညနေတန်းမှာ ဒီပုံပြင်လေးကို ပြန်သင်ရင်းနဲ့ ရေးချင်စိတ်ဖြစ်လာလို့ပါ၊ တစ်ခါတုန်းက မျက်မမြင်တစ်ယောက်က လမိုက်ည တစ်ညမှာ မီးအိမ်လေးဆွဲပြီး လမ်းလျှောက်လာပါတယ်။ အဲဒါနဲ့ လမ်းမှာ လူငယ် နှစ်ယောက်နဲ့ မမျှော်လင့်ဘဲ တွေ့ခဲ့ပါတယ်။ အဲဒီလူငယ်လေးနှစ်ယောက်က မျက်မမြင်က မီးအိမ်ကို ဆွဲလာတာမြင်တော့ လှောင်ရီပြီးတော့ နောက်ပြောင် ကြတယ်။ အဲဒီတော့မျက်မမြင်လူကြီးက အဲဒီကောင်လေးတွေကို ပြန်ရီပြီးတော့ ပြောပြပါတယ်။ သူက "**ဒီမီးအိမ်ကိုဆွဲလာတယ်ဆိုတာက သူ့အတွက် မဟုတ်ပါဘူး သူကအမှောင်ထဲမှာလမ်းလျှောက်လို့ရပါတယ်။ ဒါပေမယ့် တချို့သော နမော်နမဲ့ နိုင်တဲ့သူတွေက သူ့ကို အမှောင်ထဲမှာ သတိထား မိကြမှာမဟုတ်ဘူး၊ အခုလှောင်ရီ နေတဲ့မင်းတို့လို ကောင်လေး တွေပေါ့။ ဒါကြောင့် ဒီမီးအိမ်ကို ဆွဲလာတာ**"လို့ ပြောလိုက်ပါတယ်။ အဲဒီစကား လည်းကြားရော လူငယ် နှစ်ယောက်က သိမ်ငယ်သွားပြီးတော့ သူတို့လမ်း သူတို့ ဆက်သွားကြပါတယ်။ ပုံပြင်လေးကတော့ ဒါပါပဲ။

ဒါပေမယ့် တွေးစရာတွေအများကြီးပါပါတယ်။ တစ်ခါတစ်လေ လူတွေက ပုံပြင်ထဲက ကောင်လေးနှစ်ယောက်လိုပဲ တစ်ခုခုရဲ့ အခြေအနေကို ဘာကြောင့်လဲ ဆိုတာ သေသေချာချာ မဆန်းစစ်ပဲ မမြင်တစ်ခုတည်းနဲ့ ဆုံးဖြတ်ပြီး လှောင်ပြောင် ကြတာ၊ အထင်သေးကြတာ၊ နှိမ့်ချတတ်ကြတာမျိုးတွေ တွေ့ရတတ်ပါတယ်။

ကိစ္စတစ်ခုခုကို ခြေခြေမြစ်မြစ်မသိဘဲ မပြောတာ ပိုကောင်းပါတယ်။ ဒီနေ့ခေတ်အွန်လိုင်းမှာ အကြောင်းအရာတော်တော်များများက အမှန်တွေရော အမှားတွေရော ရောထွေးနေတတ်ပါတယ်။ သေသေချာချာရေရေရာရာမသိဘဲနဲ့ စွတ်ပြီး မပြောတာ ကောင်းပါတယ်။ တကယ်သိတယ်ဆိုရင်တော့ မျှဝေပေးသင့်ပါတယ်။ Little knowledge is very dangerous. ဆိုတဲ့စကားလိုပဲ **နည်းနည်းလေးသိတာ အရမ်းအန္တရာယ်များပါတယ်**။ ကျွန်တော်ကိုယ်တိုင်လည်း သိလွန်းလို့ရေးနေတာမဟုတ်ပါ။ သိသလောက်ကို မျှဝေပေးနေတာပါ။ ကျွန်တော်ပြောတာကိုလည်း တစ်ထစ်ချလက်ခံဖို့မလိုပါဘူး။ကိုယ်တိုင်စဉ်းစားပြီးမှလက်ခံပါ။ ထုံးစံအတိုင်း ဆပွားချဲ့ထွင် တွေးနိုင်ပါတယ်။ **မေတ္တာဖြင့်**

– *အောင်ကိုဦး (UMK) facebook မှ*။

# ပရဟိတသမားဆိုတာ

➡ ပန်းဆိုတာ …

လန်းသည်ဖြစ်စေ၊ နွမ်းသည်ဖြစ်စေ

လောကကို ရနံ့တွေဝေပြီး လှစေတယ်။

➡ စမ်းရေဆိုတာ …

နွမ်းသည်ဖြစ်စေ၊ ပန်းသည်ဖြစ်စေ

အားလုံးကို အေးမြစေတယ်။

➡ ပရဟိတသမားဆိုတာ …

သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ

ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ

မတူကွဲပြား ခြားနားမှုတွေ မည်မျှရှိပါစေ

အားလုံးကို ပေးဆပ်ကြရမယ်။



*–ဆရာတော် ဦးပညာဝံသ(သာသနာ့တက္ကသိုလ်)၊*

*(၁၁-၃-၂၀၁၄)ထုတ် စံတော်ချိန်သတင်းစာ စာ ၁၄ မှ*။

## မယားကိုခွဲလန်း၍

# ပြိတ္တာဘဝရောက်သွားရှာသူတစ်ယောက်အကြောင်း



လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်ကာလက ဦးချမ်းသာ၊ ဒေါ်ခင်မီတို့ဟာ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်လေးမှာ အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်တဲ့မိသားစုအဖြစ် သူတို့ဆွေမျိုးအသိုင်းကကော၊ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေကပါ ချစ်ခင်ကြတဲ့၊ လေးစားကြတဲ့မိသားစုလေး ဖြစ်ခဲ့ပါတယ်။ ဦးချမ်းသာတို့မှာ ကိုယ်ပိုင်လုပ်ငန်း စီးပွားရေးလေးနဲ့ အချမ်းသာကြီးမဟုတ်တောင် မကြောင့်မကျ မတောင့်မတတာဝမျိုးနဲ့ နေနိုင်ကြပါတယ်။ သူတို့မှာ သားသမီးသုံးယောက်နဲ့ဘဝကို စိုးရိမ်ကြောင့်ကျစရာမလိုဘဲ ပျော်ပျော်ကြီး ဖြတ်သန်းခဲ့ကြတာပါ။

ဦးချမ်းသာကလည်း နာမည်နဲ့လိုက်အောင် အလှူအတန်း၊ အပေးအကမ်း ရက်ရောတတ်တာကြောင့် ချေရုံသင်းပင်းလည်း အလွန်များလှပါတယ်။ လစဉ်သီတင်းသီလဆောက်တည်ခြင်းအပြင အခါအခွင့်သင့်တိုင်း လင်မယားနှစ်ယောက် ဝိပဿနာတရားစခန်းတွေကိုလည်း မကြာမဏအလျဉ်းသင့်သလိုဝင်ပြီး တရားအားထုတ်ကြပါသေးတယ်။ ဒါပေမယ့် ခန္ဓာကြီးနဲ့ဖွဲ့စည်းထားတဲ့လူပီပီ ရောဂါဝေဒနာကိုလည်း ခံစားကြရတာမွေတာမို့ အသက်ငါးဆယ်ကျော်ကျော်အရွယ်လေးနဲ့ နာမကျန်းဖြစ်ပြီး ဦးချမ်းသာသေဆုံးသွားခဲ့ရရှာပါတယ်။

ဦးချမ်းသာသေဆုံးပြီးနောက် လေး၊ငါးရက်လောက်အကြာမှာ မိမိယောက်ျား ဦးချမ်းသာမကျွတ်မလွတ်တဲ့ ပြိတ္တာဘဝကိုရောက်ရှိနေပြီး အိမ်မှာသာ တွယ်ကပ်နေတယ်ဆိုတာကို ဒေါ်ခင်မီ ခံစားသိရှိနေခဲ့ပါတယ်။ ညဘက်အိပ်ရင် မိမိအနားတစ်စုံတစ်ယောက်ရှိနေသလို ခံစားချက်များအပြင် ဦးချမ်းသာအသက်ရှိစဉ်ကသုံးစွဲခဲ့တဲ့ ရေမွှေးအနံ့ကို ရရနေတတ်ပါတယ်။ရက်လည်တရားနာရင် ကျွတ်မှာပါလေဆိုပြီး ဒေါ်ခင်မီတွေးခဲ့ပေမယ့် ရက်လည်တရားနာပြီး မိမိခင်ပွန်းဦးချမ်းသာကိုအထူးနာမည်ဖိတ်ခေါ်တရားနာ၊ရေစက်ချအမျှဝေခဲ့ပေမယ့် ဦးချမ်းသာရဲ့ အရိပ်အရောင်တွေဟာ ဆက်ပြီးရှိနေဆဲပါပဲ။ ဒါနဲ့ တစ်လပြည့်တော့ တစ်ခါဦးချမ်းသာအတွက် ရည်စူးပြီး တရားနာ၊ ရေစက်ချ အမျှဝေပြန်ပါတယ်။ ဒီတစ်ခါလည်းထူးမခြားနား

ပါပဲတဲ့။ ဒါနဲ့ မိမိချစ်လင်အတွက် ဘဝကူးကောင်းစေချင်သောစေတနာနဲ့ ဒေါ်ခင်မီအားမလျှော့ဘဲ နှစ်လပြည့်မှာလည်း ဘုရားသားတော်သံဃာတော် အရှင်မြတ်တွေကို ပင့်ဖိတ်ပြီးတရားနာ၊ ရေစက်ချ၊ အမျှဝေပြန်ပါတယ်။

ကျွန်ုပ်ကြားရက်တွေမှာလည်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား နံနက်အရုဏ်ဆွမ်းကပ်တိုင်း ဦးချမ်းသာအတွက် ရည်စူးပြီး နေ့စဉ်အမျှဝေ ဆုတောင်းခဲ့ပေမယ့် ဦးချမ်းသာကတော့ ဆက်ပြီးရှိနေဆဲ ရှိနေတုန်းပါပဲတဲ့။ ဦးချမ်းသာဆုံးပြီး သုံးလလောက်မှာတော့ ဒေါ်ခင်မီတစ်ယောက် စိတ်ပြေလက်ပျောက်အဖြစ်ရပ်ကွက်အတွင်းမှာရှိတဲ့ သူငယ်ချင်းတွေနဲ့ မြန်မာပြည်အတွင်း ဘုရားဖူးဖို့ လိုက်လာခဲ့ဖြစ်ပါတယ်။ ဒေါ်ခင်မီတစ်ယောက်ကတော့ ဘုရားလည်းဖူးရင်း မိမိခင်ပွန်းကိုလည်း ထိုဘုရားဖူးရတဲ့ကုသိုလ်တွေကိုရပါစေကြောင်း ဆုတောင်းပြီးအမျှဝေနေခဲ့ပါတယ်။ ထိုအချိန်က မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်းအတွင်း မြေလတ်မြို့လေးတစ်မြို့မှာရှိတဲ့ ဆရာတော်ဘုရားကြီးတစ်ပါးကလည်း ပရိတ်ရွတ်ရင် ရာဝင်အိုးလောက်ရှိတဲ့ နှမ်းဆီတွေနဲ့ စဉ့်အိုးကြီးတွေအတွင်းမှ ဆီများဆူဝေကျလာတယ်ဆိုပြီး နာမည်ကျော်နေခဲ့ပါတယ်။ ထိုဆရာတော်ဘုရားကြီးရဲ့ ဂုဏ်သတင်းကလည်း တော်တော် လေးကျော်ကြားနေခဲ့ပါတယ်။ ဒါနဲ့ မြန်မာပြည်အထက်ပိုင်းရှိဘုရားများကိုဖူးပြီးအပြန် ထိုဆရာတော်ဘုရားကြီးကိုလည်း ဝင်ရောက်ဖူးမျှော်ကြရန် စီစဉ်ခဲ့ကြပြီးအပြန်မှာ ဧရာဝတီမြစ်အရှေ့ဖက်ကမ်းမှာရှိတဲ့ မိတ်ဆွေတွေအိမ်မှာ ကားကို ခဏအပ်ခဲ့ကြပြီး ဧရာဝတီမြစ်ကိုဖက်နဲ့ဖြတ်ကာကူးလာကြပြီး ဆရာတော်ဘုရားကြီးထံဝင်ရောက်ဖူးမျှော်ခဲ့ကြပါတယ်။ဆရာတော်ဘုရားကြီးဆီဝင်ရောက်ဖူးမြော်ကြရန်ခွင့်တောင်းကြပြီး ဆရာတော်ဘုရားကြီးသီတင်းသုံးရာကျောင်းဆောင်အပေါ်ထပ်ကို တက်ခဲ့ကြပါတယ်။

သူတို့လူအုပ် ဝင်ဝင်လာချင်း ဆရာတော်ဘုရားကြီးမှ မျက်လွှာကိုပင့်ကြည့်ပြီး "ဪ.. ဪ၊ **ဒကာကြီးတို့လာတာ ရှစ်ယောက်တောင်မှကိုး**"လို့ ပြောလိုက်ပါတယ်။ ဒေါ်ခင်မီတို့လည်း ဇဝေဇဝါဖြစ်သွားကြပြီး မိမိလူတွေကို ပြန်ကြည့်လိုက်ပါတယ်။ အမှန်တော့ ဒေါ်ခင်မီတို့ ဘုရားဖူးထွက်လာကြတာ ခုနစ်ယောက်တည်းသာရှိတာပါ။ ဒါနဲ့ ဒေါ်ခင်မီတို့ထဲက အသက်နည်းနည်းကြီးတဲ့ လူတစ်ယောက်က လက်အုပ်ချီပြီး"မှန်လှပါ–**တပည့်တော်တို့ခုနစ်ယောက်ပါဘုရား**"လို့ ပြန်လျှောက်တော့ ဆရာတော်ဘုရားကြီးက လှေကားထိပ်က တံခါးနားကိုလှမ်းကြည့်ပြီး "**ဒုန်းကြီးမြင်တာတော့– နောက်တစ်ယောက်ထပ်ပါလာပါသေးတယ်**"လို့ ပြန်မိန့်ပါတယ်။ ဒီတော့မှ ဒေါ်ခင်မီလည်းသဘော

ပေါက်သွားပြီး မျက်ရည်သွင်သွင်ကျလာကာ "**မှန်လှပါ၊ တပည့်တော်မယောကျ်ား ကိုချမ်းသာဖြစ်ပါလိမ့်မယ်ဘုရား၊ တပည့်တော်အမျိုးသားဟာ လွန်ခဲ့တဲ့သုံးလ လောက်က ကွယ်လွန်သွားခဲ့တာပါ။ တပည့်တော်စိတ်ထင် မကျွတ်မလွတ်ဘဲ တပည့်တော်နောက်ကို လိုက်လိုက်နေတယ်လို့ ထင်ပါတယ်ဘုရား**"ဟု လက်အုပ်ချီကာ လျှောက်ထားပြောဆိုပါတယ်။ ဒီတော့မှ ဘုရားဖူးအဖွဲ့တွေလည်း မျက်စိပြူးကာ တစ်လမ်းလုံး နောက်က မမြင်ရတဲ့ ပရလောကသား လိုက်လာ ပါလားဆိုတဲ့အသိနဲ့ ကြောက်လန့်ကုန်ကြပါတယ်တဲ့။ ဒါနဲ့ ဆရာတော်ဘုရားကြီး က ဒေါ်ခင်မီကိုကြည့်ပြီး ဆက်မိန့်ပါတယ်။ "မပူပါနဲ့ ဒကာမကြီး၊ ဒီဒကာကြီးဟာ .. ကျွတ်ချိန်တန်လို့ ဘုန်းကြီးဆီထိရောက်အောင်လိုက်လာနိုင်တာပဲ။ ကဲ .. ဒကာကြီးကို ဘုန်းကြီးမေးချင်တာရှိတယ်။ တရားလည်း ဟောချင်တယ်။ ဒကာမကြီး သဘောတူလား"လို့ ပြန်မေးပါတယ်။ ဒီတော့ ဒေါ်ခင်မီလည်း ဝမ်းသာ အားရနဲ့ "သဘောမတူစရာမရှိပါဘူးဘုရား"လို့ ပြန်လျှောက်ပါတယ်။ ဒါနဲ့ ဆရာတော်ဘုရားကြီးက တံခါးဘက်ကို လှည့်ကြည့်ကာ "**ကဲ – ဒကာမောင် ချမ်းသာ၊ မင်း သင့်တော်တဲ့သူ တစ်ယောက်ယောက်ကတစ်ဆင့် စကားပြော ကြတာပေါ့။ မင်းအကြောင်းကို ကျန်တဲ့သူတွေလည်းသိပြီး သံဝေဂယူနိုင်အောင် မင်းသင့်တော်မယ့်၊ စကားပြောနိုင်မယ့် တစ်ယောက်ယောက်ဆီကနေ ဆက်သွယ်ပြီး ပြောကြတာပေါ့**"လို့ အမိန့်ရှိလိုက်ပြီး၊ အခန်းတွင်းမှာ ခဏတာ မျှ ငြိမ်သက်တိတ်ဆိတ်သွားခဲ့ပါတယ်။

ဆယ်မိနစ်လောက်အချိန်လောက်ကြာမှ ဒေါ်ခင်မီရဲ့ခန္ဓာကိုယ်ဟာ လှုပ်ယမ်းပြီး သိသိသာသာ တုန်ရင်လာခဲ့ပါတယ်။ ပြီးတော့ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ခေါင်းကြီး ကို အတင်းငုံ့ပြီး ထိုင်နေပါတယ်။ ဒီတော့မှ ဆရာတော်ဘုရားကြီးက ဦးချမ်းသာ ဝင်ရောက်ပူးကပ်နေတဲ့ ဒေါ်ခင်မီကိုလှမ်းကြည့်ပြီး "**ဒကာကြီး၊ ရဟန်းသံဃာကို တွေ့တာတောင် မရှိခိုးတော့ဘူးလား**"လို့မိန့်တော့မှ ဆရာတော်ဘုရားကြီးကို လှမ်းကြည့်ပြီး ဦးသုံးကြိမ်ချ ကန်တော့ပါတယ်။ ဆရာတော်ဘုရားကြီးက "**ဒီဘဝ မှာတောင် ရဟန်းသံဃာကို ကိုးကွယ်ရမှန်းသိသေးရင် ဒကာကြီးရဲ့ အတိတ်ဘဝက ပါရမီကလည်း ရှည်းမှာမဟုတ်ဘူး။ ဘာလို့ နိမ့်ကျတဲ့ ဒီလို ပြိတ္တာဘုံမှာ ရောက်နေရတာလဲ**"လို့ ဦးချမ်းသာဝင်ရောက်ပူးကပ်နေတဲ့ ဒေါ်ခင်မီဘက်ကို လှမ်းပြီးမေးပါတယ်။ ဒေါ်ခင်မီက ဘာမှပြန်မပြောဘဲ ငြိမ်နေ ပါတယ်။ နောက်ဆရာတော်ဘုရားကြီးက နောက်ထပ်ပြန်ပြီး ထပ်မေးကာမှ "တပည့်တော်– ရောဂါသည်းတော့ အရင်ကအားထုတ်ခဲ့ဖူးတဲ့ ဝိပဿနာတရား

တွေကို ပြန်ဆင်ခြင်ပြီး ခန္ဓာကိုယ်ကို ထွက်လေဝင်လေနဲ့ သတိကပ်နေခဲ့ပါတယ် ဘုရား။ ဒါပေမယ့် တပည့်တော်ရဲ့ အမျိုးသမီးက တပည့်တော်ရဲ့ လက်ကိုဆုပ်ကိုင်ပြီး အားပေးစကားပြောနေတဲ့အချိန်မှာတော့ တပည့်တော်ရဲ့ စိတ်ထဲမှာ ငါတော့ ငါ့မိန်းမကို ခွဲခွာရတော့မယ်ဆိုပြီး ဝမ်းနည်းစိတ်ဖြစ်လာခဲ့တဲ့အချိန် အခိုက်လေးမှာပဲ တပည့်တော်သေဆုံးခဲ့ပါတယ်။ **ဇနီးကိုခွဲလန်းစိတ်နဲ့ ဇနီးသည်အနားက မခွာဘဲ တကောက်ကောက်လိုက်နေခဲ့ပါတယ်။ တပည့်တော်ကို အမျှဝေတာလည်း ကြားရပါတယ်။ ဒါပေမယ့် တပည့်တော် သာဓုခေါ်လိုက်ရင် ဇနီးနဲ့ ဝေးရမှာကြောက်လို့ သာဓုမခေါ်ခဲ့တာပါဘုရား**''လို့ ပြန်ပြီးလျှောက်ပါတယ်။

ဒါနဲ့ ဆရာတော်ဘုရားကြီးက ''ငါ့တောင်ပေါ်ကို တော်ရုံတန်ရုံလာလို့မရဘူး။ ဒကာကြီးလာလို့ရတယ်ဆိုတာ ဒကာကြီးရဲ့ ကုသိုလ်ကံအဟုန်က တော်တော်ကြီးခဲ့လို့ပဲ''လို့ ပြန်မိန့်ပြီး ဦးချမ်းသာကို တရားဟောပါတယ်။ ခုလိုနိမ့်ကျတဲ့ ပြိတ္တာဘုံဘဝကို တွယ်မက်မနေရန်နဲ့ အရင်ဘဝကသာ ဇနီးမောင်နှံပေမယ့် ခုဘဝခြားနေလို့ ဘာမှမဆိုင်တော့ကြောင်း ရှင်းပြပြီး တရားဟောပါတယ်။ ဒါပေမယ့် ဇနီးသည်ကို တွယ်မက်နေတဲ့ ဦးချမ်းသာကို တော်တော်အချိန်ယူပြီး ဟောပြောလိုက်ရပါတယ်။

တစ်နာရီကျော်ကျော်လောက် ဟောပြောတရားပြပြီးချိန်မှာတော့ ဦးချမ်းသာက ပြိတ္တာဘဝကိုစွန့်လွှတ်ပြီး သာဓုခေါ်ပါမည့်အကြောင်း ဇနီးသည်ကို ဆက်ပြီး မခင်တွယ်ဘဲ နောက်ကဆက်မလိုက်တော့ပါဘူးဆိုသည့်အကြောင်း ကတိပေးကာ ဆရာတော်ဘုရားကြီးအား ဦးသုံးကြိမ်ချပြီး ဦးချမ်းသာ၏ဝိညာဉ်စွဲကပ်နေသော ဒေါ်ခင်မီမှာလည်း ထိုင်နေရာမှ ဘေးကိုတစောင်းလဲ ဖြည်းညှင်းစွာလှဲကျကာ သတိလစ်မေ့မျော သွားပါတယ်။ နောက်ဆယ်မိနစ်လောက်အကြာမှ သတိပြန်လည်လာပါတယ်။ ဒီတော့မှ ဆရာတော်ဘုရားကြီးက ဒေါ်ခင်မီကို ''ဒကာမကြီး .. ဒကာမကြီးခင်ပွန်းအတွက် စိတ်မပူတော့နဲ့။ **ဒီနေ့ညနေ မြို့ထဲကိုဆင်းပြီး လှူဖွယ်ပစ္စည်းတွေနဲ့ ထီး၊သင်္ကန်း၊ဖိနပ်တွေသွားဝယ်ပြီး သံဃာတော်တွေကို ဒကာကြီးမောင်ချမ်းသာကို ရည်စူးပြီးလှူလိုက်ပါ။ ပြီးတော့ နံနက်အရုဏ်ဆွမ်း ယာဂုကိုလည်း ဒကာကြီးမောင်ချမ်းသာကို ရည်စူးပြီး ဘုရားရှင်နဲ့တကွ သံဃာတော်အရှင်မြတ်တွေကို လှူပေးပါ**''လို့ ပြန်မိန့်ပါတယ်။ ဒါနဲ့ ဒေါ်ခင်မီတို့လူစုလည်း ကျောင်းကလူတွေခေါ်ပြီး လေးမိုင်လောက်ဝေးတဲ့မြို့ထဲကို ဆင်းကာ လှူဖွယ်ပစ္စည်းတွေဝယ်ကာ ထိုည က ကျောင်းမှာပဲ အိပ်လိုက်ကြပါတယ်။နောက်

နေ့ အရှုဏ်ယာဂုဆွမ်းကို ဘုရားကိုရည်စူးပြီးကပ်လှူကာ ဆရာတော်ဘုရားကြီး နှင့်တကွ သံဃာတော်များကို အရှုဏ်ဆွမ်းကပ်လှူပြီး သက်နီးစတဲ့ လှူဖွယ် ပစ္စည်းတွေနဲ့ ကပ်လှူပူဇော်ကာ ဦးချမ်းသာကို နာမည်တပ်၍ အမျှဝေပြီး သာဓုခေါ်ကြပါတယ်။ ထူးဆန်းစွာပဲ သာဓုသုံးကြိမ်ခေါ်အပြီးမှာတော့ အမည် မဖော်နိုင်တဲ့ အမွှေးနံ့သင်းသင်းလေးက ကျောင်းတိုက်အပေါ်ထပ်တစ်ထပ်လုံး မွှေးနေခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးက "**ဒကာကြီးတော့ ကောင်းရာဘဝကို ရောက်သွားပါပြီ၊ ဒကာမကြီး**"လို့ အမိန့်ရှိလိုက်ချိန်မှာတော့ ဒေါ်ခင်မီရဲ့ရင်ထဲမှာ ဝမ်းသာဝမ်းနည်းခံစားချက်တွေနဲ့ မျက်ရည်တွေလည်လာပြီး 'ကိုချမ်းသာရေ.. နှုတ်ဆက်လိုက်ပါတယ်'လို့ တိုးတိုးလေး ရေရွတ်ရင်း ...။ ကဲ – ရွာသူရွာသားတွေ လည်း အသေမဦးခင် ဉာဏ်ဦးကာ ကွျတ်တမ်းဝင်နိုင်ကြပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်နော်။

မှတ်ချက်။ ။ ဆရာတော်ဘုရားကြီးနှင့်ဦးချမ်းသာ ပြောသောစကားလုံး အမေးအဖြေများတွင် အချို့အကြောင်းအရာများသည် ဆန်းကြယ်လွန်းသော ကြောင့် မဖော်ပြတော့ဘဲ အကျဉ်းချုံးကာ အတိုချုပ်ပြီး ရေးလိုက်ပါတယ်။

**–ဇိုးသူတော်** *facebook* **မှ။**

# သုံးတတ်ရင်ဆေး

"သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး"ဆိုတဲ့ဆိုရိုးစကားဟာ တယ်ပြီး မှန်တာပါပဲ။ မီးဟာ ပူလောင်ခြင်းကိုဖြစ်စေတယ်။ထမင်းဟင်းချက်ပြုတ်တဲ့အခါ မီးဟာ အရေးကြီးအသုံးဝင်သော်လည်း အဲဒီမီးကို မသုံးတတ်ရင်၊ သို့မဟုတ် မီးမမှန်ရင် ဘေးဖြစ်တတ်တာ၊ မီးမမှန်ရင် ဘာ့ကြောင့်ဘေးဖြစ်သလဲလို့မေးလာ သည်ရှိသော်.... ။

စဉ်းစားကြည့်လေ၊ တစ်ခုခုတည်ထားတယ်။ မီးက လာနေတာဆိုတော့။ ဒါပေမယ့် တော်ကြာ မီးပျက်သွားရော၊ အဲဒီတော့ အိမ်ရှေ့ထွက်ထိုင်နေတာပါ။ ဟော...သူငယ်ချင်းရောက်လာတယ်။ ညှော်ခံတယ်။ သူငယ်ချင်းက လက်ဖက် ရည်ဆိုင်သွားကြရအောင်ဆိုပြီး ထွက်သွားကြတယ်။ ဆိုင်ရောက်တော့ သူငယ်ချင်းတွေနဲ့ဆုံဖြစ်တယ်။ တော်တော်နဲ့မထနိုင်။ အိမ်မှာတည်ထားခဲ့တာကို မေ့နေရော။ သိပ်မကြာပါဘူး။ မီးက ပြန်လာ၊ ကိုယ်က အိမ်မှာမရှိ၊ အဲဒီမှာ မီးလောင်ပါလေရော။ မီးလောင်တာဟာ သုံးစွဲသူရဲ့ပေါ့ဆမှုတစ်ခုတည်းကြောင့်

မဟုတ်ဘဲ မီးမှန်မှန်မလာတာကလည်း အကြောင်းတစ်ခုလို့ပြောရင် လက်ခံပါ သလား။

အခု တင်ပြမှာက လျှပ်စစ်မီးအကြောင်းမဟုတ်ဘူး။ မီးလောင်တဲ့သတင်း ကြားတိုင်း စဉ်းစားမိတာလေးကို သတိရသွားတာ။ ဟန်းဖုန်းတွေ လူတိုင်းသုံး နိုင်တယ်ဆိုတော့ ကောင်းတာပေါ့။ ဆင်းမ်ကတ်က ကျပ် ၁၅၀၀၊ ၃၀၀၀ လောက် ဆိုတော့ ပေါမှာပေါ့။ အဲဒီမှာ ပြဿနာက လူတွေရဲ့စာရိတ္တတွေ ပျက်စီးတာက ဒီဖုန်း၊ ကားတိုက်ခံရတာ ဒီဖုန်း၊ ခေါ်မကြား အော်မကြားဖြစ်ရတာ ဒီဖုန်း၊ တိုက် ပေါ်က ပြုတ်ကျတာ ဒီဖုန်း၊ကလေးတွေပညာရေးနဲ့လူမှုရေးပျက်ပြားတာ ဒီဖုန်း၊ လူမျိုးရေး၊ ဘာသာရေး၊ အဓိကရုဏ်းဖြစ်ကြတာ ဒီဖုန်း၊ရာဇဝတ်မှုတွေဖြစ်ရတာ ဒီဖုန်း၊ မိဘနဲ့သားသမီးစိတ်ဝမ်းကွဲရတာ ဒီဖုန်း။ ဒီဖုန်းကြောင့် လူတွေ ဒုက္ခ ရောက်နေကြတာ။

ဖုန်းကိုင်ရင် အင်တာနက်ဖွင့်ချင်တယ်။ ဖေ့စ်ဘွတ်ခ်ဖွင့်ချင်တယ်။ လိုချင်တာ ကူးလို့ရတယ်။လေ့လာစရာတွေများစွာကို လေ့လာလို့ရတယ်။တစ်ဖက်ကကြည့် ရင် မဟာသုတတိုးပွားစေသော်လည်းပဲ ဖုန်းကြောင့် ဒုက္ခရောက်ကြတဲ့သူတွေ ရှိကြတယ်။ ဖုန်းကို နာကြည်းသွားကြတယ်။

ဖုန်းဖွင့်ပြီး သီချင်းနားထောင်ကြတယ်။ လူငယ်အတော်များများ နားကြပ် တပ်ပြီး နားထောင်တယ်။ အိမ်မှာလည်း တပ်၊ လမ်းသွားရင်းလည်း တပ်၊ခေါ်မကြား အော်မကြား၊ အဲဒီလိုနဲ့ သူတို့တတွေကိုလူကြီးတွေကခိုင်းလို့မရ၊လမ်းသွားရင်း၊ လမ်းဖြတ်ကူးရင်းတပ်တော့ ကားတိုက်ခံရရော။ နားကြပ်နဲ့ သီချင်းကြာကြာ နားထောင်တော့ နားကို ထိခိုက်တယ်။

ဖုန်းသံမကြားရတာနဲ့၊ လိုင်းမမိလို့ အင်တာနက်ဖွင့်လို့မကောင်းတာနဲ့ အိမ်ရှေ့ထွက်ရ၊ နောက်ဖေးထွက်ရနဲ့ ဝရံတာရှေ့ဖက်ထွက်၊ ခါးလေးကိုင်း၊ လက်ကလေးဆန့် အဲဒီတော့ ခန္ဓာကိုယ်ဟန်ချက်ပျက်ပြီး ပြုတ်ကျသေရောဗျာ။

တချို့မိဘက ကလေးငယ်တွေကို ဖုန်းသုံးခွင့်ပေးကြတယ်။ ကလေးတွေက ဂိမ်းဆော့ရတာနဲ့ အင်တာနက်ဖွင့်ရတာနဲ့၊ ဖေ့စ်ဘွတ်ခ်သုံးရတာနဲ့၊ ချက်တင် ထိုင်ရတာနဲ့၊ ဖုန်းကလိနေကြတာနဲ့ စာပေလိုက်စားမှု အားနည်းသွားကြရော။ ဘဝရဲ့တိုးတက်မှုအတွက် ကြိုးစားမှုမရှိကြတော့ဘဲ အချိန်တွေကို အလဟဿ ဖြုန်းပစ်နေကြတာ။ ဒီတော့ ပညာရေးမှာ အဆင့်တွေကျ၊ စာပေထက် ဖုန်းမှာ စိတ်အာရုံတွေ ဝင်စားပြီး လူချာ၊ လူ့ဖလံတွေ ဖြစ်မှန်းမသိ ဖြစ်ကြကုန်ရော။ မိဘတွေက ဆင်ခြင်သတိပြုသင့်ပါတယ်။ တက္ကသိုလ်ရောက်တော့မှ ဖုန်းကို ပေးကိုင်သင့်ပါတယ်။

အင်တာနက်ဖွင့်ပြီး ပညာရပ်ဆိုင်ရာလေ့လာတာထက် ညစ်ညမ်းတာတွေ၊ မဖြစ်သင့်တာတွေ၊ အတုမယူသင့်တာတွေကို အဟုတ်ထင်ပြီး အတုယူကြပါတော့တယ်။ အဲဒီအခါ ဉာဏ်ရည်ဉာဏ်သွေး မပြည့်ဝသေးတဲ့၊ နုနယ်လှတဲ့ ကလေးငယ်တွေဟာ လမ်းမှားကိုရောက်ဖို့ လွယ်ကူသွားတာပေါ့။

မိဘနဲ့သားသမီးတောင် အဆင်မပြေဖြစ်တတ်ပါသေးတယ်။ သားသမီးတွေ ဖုန်းဘွတ်ခ်သုံးလို့ မိဘတွေကဆူရင် ဖုန်းကိုသိမ်းလိုက်ရင် သိပ်မကြိုက်ချင်။ အနောက်နိုင်ငံ၊ အရှေ့နိုင်ငံတွေမှာလည်း ဖုန်းတစ်လုံးကိုအကြောင်းပြုပြီး သေကြောင်းကြံတာ၊ သတ်ရန်ကြံရွယ်တာတွေ လုပ်ကြတယ်။ တချို့လည်း အထမြောက်သွားကြတယ်။

ဖေ့စ်ဘွတ်ခ်မှာ မိတ်ဆွေတွေ ဖြစ်သွားကြတယ်။ ကိုယ့်အကြောင်း၊ သူ့အကြောင်း ရင်ဖွင့်ကြတယ်။ ပိုင်ဆိုင်မှုတွေ၊စိတ်ခံစားမှုတွေကို ဦးစားပေးပြီး သတိလက်လွတ်ဖြစ်ကာ ပြောပြကြတယ်။ အကြံသမားက အားနည်းချက်ကိုသိပြီး အခွင့်အရေးကို ကောင်းစွာအသုံးချသွားတဲ့ ဖြစ်ရပ်တွေလည်း ရှိကြပါတယ်။ အချစ်နယ်ကျွံတာတွေ၊ ချစ်သူတွေဖြစ်သွားကြတာတွေကအစ လူသတ်မှုအထိတောင် ဖြစ်သွားကြပါတယ်။ ကိုယ်နဲ့မသိကျွမ်းကြတဲ့သူစိမ်းတရံစာကို မိတ်ဆွေအဖြစ်လက်ခံပြီး ကိုယ့်ကို ညစ်ညမ်းတဲ့စာသားတွေ၊ နမချင်းမစာနာတဲ့ အရေးအသားတွေအရေးခံရလို့စိတ်ဆိုးဒေါသဖြစ်ရတာတွေ၊အရှက်ရတဲ့သူတွေဒုနဲ့ဒေး။


မိတ်ဆွေစစ်လား၊ မိတ်ဆွေတုလားဆိုတာ မသိကြတဲ့၊အရွယ်မရောက်သေးတဲ့ လူငယ်လေးတွေ ဖေ့စ်ဘွတ်ခ်မသုံးသင့်တာတော့ အမှန်ပါပဲ။ ခလုပ်နှိပ်ပြီး သုံးရတဲ့ဖုန်းက စကားပြောဖို့ သီးသန့်ထုတ်ထားတာ။လက်နဲ့ပွတ်ရတဲ့ဖုန်းကပိုပြီးအသုံးဝင်သလို မသုံးတတ်ရင်အလွန်အန္တရာယ်ရှိလှပါတယ်။ အဲဒီဖုန်းကြောင့် ဖောက်သည်ပျက်ရတာတွေ၊ သိက္ခာမဲ့တာတွေလည်း တွေ့ရပါတယ်။ အလုပ်သမားဝန်ထမ်းတွေက တစ်ချိန်လုံး အားနေရင် အင်တာနက်ဖွင့်၊ဖုန်းကိုပွတ်နေကြတော့တာပါပဲ။ ဖောက်သည်ရောက်လာရင်တော့သိပ်စိတ်မရှည်ချင်တော့။ ဖောက်သည်ပျက်လို့ ရောင်းအားတွေကျလို့တချို့ပိုင်ရှင်တွေကဝိုင်ဖိုင်တွေပိတ်၊ ဖုန်းသုံးခွင့် မပေးတော့မှပဲ ရောင်းအားတွေပြန်တက်၊ဆက်ဆံရေးတွေပြန်ကောင်း။ တချို့အရာရှိများဆိုရင် လက်အောက်ဝန်ထမ်းတွေက လက်မှတ်ကလေးထိုးဖို့ ထောက်ခံချက်လေးရဖို့ စောင့်နေရတယ်။ အကြောင်းက- အရာရှိဆိုသူက ဂိမ်းဆော့နေလို့ပါဗျာ။

ဒီတော့ လူငယ်၊ လူလတ်၊ လူကြီးပါမကျန် အားနေရင် ဖုန်းကလိကြတယ်။ ဂိမ်းဆော့ကြတယ်။ အင်တာနက်ဖွင့်ကြတယ်။ဖေ့စ်ဘွတ်ခ်ဖွင့်ကြတယ်။ ဒါပေမယ့်

သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးဖြစ်တတ်တယ်ဆိုတာ သတိထား ဆင်ခြင်သင့်ပါတယ်။

ကိုယ့်ရဲ့ကျန်းမာရေး၊ ပညာရေး၊ ဘဝတက်လမ်း၊ ပေါင်းသင်းဆက်ဆံရေး၊ အကျင့်စာရိတ္တတွေ နိမ့်ကျ၊ ဖျက်ဆီး၊ ပျက်စီးစေတတ်ရုံတင်မက ဖုန်းကြောင့် မထင်မှတ်တဲ့ ထိခိုက်ဒဏ်ရာရမှုနဲ့ သေဆုံးတဲ့အထိတောင်ဖြစ်တတ်တဲ့ ဒီဖုန်းကို သတိတရားလေးနဲ့ ဆင်ခြင်သုံးသပ်ပြီး သုံးစွဲဖို့တော့လိုပါတယ်။ သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင်ဘေးဖြစ်တတ်တာ မဟုတ်ပါလား။ *

လူဟာ အလုပ်နဲ့လက်မပြတ်ရင် အပိုချိန်တွေဆိုတာ မရှိတော့။ ဒီတော့ ဖုန်းကလိဖို့ဆိုတာ အချိန်မပေးနိုင်။ စိတ်လေလွင့်မှုမရှိနိုင်။ ဟိုရောက်ဒီရောက် အတွေးတွေ မဝင်နိုင်။ အဲဒီနည်းနဲ့ ဖုန်းအရေးဖြစ်နေတာကို ဖျောက်ဖျက်ပစ်လို့ ရနိုင်ပါတယ်။ မိဘ၊ ဆရာသမား၊မိတ်ဆွေအပေါင်းအသင်းတွေကနားမလည်ကြ သေးတဲ့ လူရွယ်လူငယ်လေးတွေကိုလည်းလမ်းမှန်ရောက်အောင်လုပ်ဆောင်ကြ ရပါမယ်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေးဖြစ်တဲ့အတွက် သတိပြုဆင်ခြင် ကြစေလိုပါတယ်။ **-အေးကမ္ဘာဓါက်တာချစ်၊(၂၉-၄-၂၀၁၅)စံတော်ချိန်စာ၁၀မှ။**



# ပညာနှင့်တူသောအလင်းရောင်သည်မရှိ

## မောင်ရင့်ကျူး (မြောင်းမြ)

**"ပညာသမာ အာဘာ နတ္ထိ"** ပညာနှင့်တူသော အလင်းရောင်သည် မရှိဟု မြတ်ဗုဒ္ဓက ပညာ၏ အသုံးဝင်သည့်တန်ဖိုးကို ဟောဖော်ညွှန်ပြတော်မူခဲ့သည်။ **"ပညာရေး"**ဟူသောဝေါဟာရကို အကျဉ်းသဘောပနည်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုပါလျှင်၊ လူငယ်လူရွယ်တို့အား လူကြီးများ၏ နေရာတွင် ဆက်ခံနိုင်စေရန် ဝိုင်းဝန်းပတ်ဝန်းကျင်နှင့်လိုအပ်သလို ညှိယူပြီး၊ လူ့ဘောင်အဖွဲ့အစည်းတွင်၊ တိကျစွာ ပါဝင်ဆောင်ရွက်နိုင်သူများ ဖြစ်လာစေရန်၊ လူကြီးမိဘ၊ ဆရာသမားများက လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ပေးခြင်းဟူ၍ အဓိပ္ပါယ် ရရှိပါသည်။

ယနေ့မျက်မှောက်ကာလတွင်မူ နိုင်ငံတကာ ပညာရည်နှိုင်းယှဉ်မှု (International Balance of Knowledge) တို့ဖြင့် တိုင်းတာသည့် **"ပညာခေတ်"** (Age of Knowledge) ဖြစ်လာသည်ကို သိမြင်တွေ့ကြရမည် ဖြစ်သည်။ ပညာဖွံ့ဖြိုးမှု စီးပွားရေး၊ လူမှုရေးတိုးတက်လာမည့် ခေတ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာဖွံ့ဖြိုးမှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများ (Human Resource Development)ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်၏ မင်္ဂလာသုတ္တန်တွင် **"ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော"** "အကြားအမြင်အသိပညာ၊အတတ်ပညာတတ်မြောက်ခြင်း၊ကိုယ်ကျင့်သိက္ခာရှိခြင်း"တို့ကို တစ်ဆက်တစ်စပ်တည်းတွဲယှဉ်ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်တို့သည် မိမိတို့ တတ်မြောက်ထားသော ပညာနှင့်ကိုယ်ကျင့်စရဏကို ပေါင်းစပ်ဆောင်ရွက်ကြမှသာ တိုင်းပြည်နှင့်လူမျိုးအတွက် အားထားကြရမည့်အသိပညာရှင်၊အတတ်ပညာရှင်ကောင်းများ ဖြစ်လာပေမည်။

**"ဗာဟုသစ္စဉ္စ"** အကြားအမြင်များခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာက (၃၈)ဖြာမင်္ဂလာ တရားတော်တွင် ဟောကြားတော်မူခဲ့လေသည်။ ဗဟုသုတအကြားအမြင်များခြင်းဖြင့် လူတို့၏ လုပ်ငန်းဆောင်တာ အဖြာဖြာကို လုပ်ဆောင်နိုင်ခြင်းသည် မင်္ဂလာပင်ဖြစ်ပေသည်။လိုလိုလားလားသင်ယူမှတ်သားခြင်းဖြင့် အကြားအမြင်လည်း ပြည့်စုံ၏။ အကြားအမြင်ကြောင့် ပညာတိုးပွား၏။

ပညာဖြင့် အနက်အဓိပ္ပါယ်ကိုသိနိုင်၏။သိထားပြီးဖြစ်သောအနက်အဓိပ္ပါယ်သည် ချမ်းသာခြင်းကို ဆောင်ယူနိုင်၏။ ဤကား လောကနီတိပင်ဖြစ်၏။

ဗဟုသုတအကြားအမြင်များရန်၊ သုတအရင်းအမြစ်များကို လေ့လာသည့် အလေ့အထများ ပြုလုပ်သင့်ပေ၏။ စာကြည့်တိုက်တွင် သတင်းစာဖတ်ခြင်း၊ ဂျာနယ်ဖတ်ခြင်း၊ စာအုပ်စာပေများဖတ်ရှုခြင်း၊ ရေဒီယိုနားထောင်ခြင်း၊ ရုပ်မြင်သံကြားသတင်းကြည့်ရှုခြင်းတို့သည် သုတအရင်းအမြစ်များပင်ဖြစ်၏။ ဤအရင်းအမြစ်များမှ နေ့စဉ် ဗဟုသုတများစွာ တိုးပွားနိုင်၏။ နေ့စဉ် သတင်းအချက်အလက်များ သိရှိနိုင်၏။ သတင်းအချက်အလက်များမှတစ်ဆင့် ဗဟုသုတကို ရ၏။ ထိုဗဟုသုတများဖြင့်ပညာဉာဏ်ကိုတိုးပွားစေ၏။ထိုပညာဉာဏ်ဖြင့် လောကီကြီးပွားချမ်းသာခြင်းကို ဆောင်ယူနိုင်၏။

စာဖတ်ခြင်းအလုပ်ကို နေ့စဉ် ပုံမှန်ပြုလုပ်သွားသင့်၏။ သတင်းစာတစ်စောင်ကို အချိန်ရသည့်အခါ ဖတ်ရှုခြင်းဖြင့် ဗဟုသုတတိုးပွားစေရုံမက အပျင်းလည်း ပြေစေနိုင်၏။ စာဖတ်ခြင်းအလုပ်သည် အချိန်ကို အကျိုးရှိစွာ အသုံးချခြင်း တစ်မျိုးပင်ဖြစ်၏။ စိတ်ကို စာဖတ်ခြင်းအလုပ်တွင် နှစ်မြှုပ်ထားသဖြင့် အကုသိုလ် လည်းနည်း၏။ ကျန်းမာသုတ၊ ပညာပေးသုတ၊ စီးပွားရေး၊ သိပ္ပံ အစရှိသဖြင့် ဗဟုသုတများစွာရနိုင်၏။ စာဖတ်ရာတွင် မှတ်မှတ်သားသားရှိသင့်၏။ မှတ်သား သိရှိထားသည့် ဗဟုသုတများအပေါ် ဝေဖန်ခြင်း၊ သုံးသပ်ခြင်း၊ စဉ်းစားခြင်းများ ပြုသင့်၏။ သို့မှသာ အကြားအမြင်များနိုင်၏။ အကြားအမြင်များခြင်းဖြင့် အမှားအမှန်သိနိုင်၏။ အမှန်ကိုသိပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်၊ ဘဝ လမ်းကြောင်း ဖြောင့်မတ် ကိုးတက်ကြီးပွားနိုင်၏။ လူတိုင်းလူတိုင်း အကြားအမြင် များ၍ နေ့စဉ် စာဖတ်ခြင်းဖြင့် ဗဟုသုတများ ရှာမှီးသင့်၏။

လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များတွင် လုပ်ဆောင် နေကြသူများထဲတွင် စာဖတ်သောသူနှင့်စာမဖတ်သောသူ အလွန်ကွာဟသည်ကို မြင်နိုင်သည်။ စာတွေက မျိုးစုံရှိသည်။ အကြောင်းအရာမျိုးစုံပါသည်။ ကဏ္ဍများ စွာရှိသည်။ ငယ်စဉ်မှ သေသည့်တိုင်အောင်လည်း စာတွေဖတ်ခဲ့၊ဖတ်ဆဲ၊ဖတ်ကြ ရဦးမည်။ ဒီနေ့ခေတ်လူငယ်တွေ စာဖတ်အား နည်းလာသည်။ စာဖတ်ဖို့ထက် အင်တာနက်တို့၊ ဂိမ်းတို့ကစားဖို့ကို အားသန်နေကြသည်။ စာဖတ်ခြင်း အလေ့ အကျင့်တွေ လုပ်ပေးဖို့ လိုအပ်နေပါပြီ။ စာဖတ်ခြင်းကြောင့်အချိန်များစွာကြာမြင့် လာတော့ စိတ်တွေ ပြောင်းလာမည်။ အတွေးအခေါ်အယူအဆတွေ ပိုရင့်ကျက် လာမည်။ သူများမတွေးနိုင်တာကို တွေးလာနိုင်သည်။ စာဖတ်ခြင်းကြောင့်

အကြောင်းအရာ အတော်များများကို သိခွင့်ရသည်။ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးလုပ်ငန်းများမှာ စာဖတ်ခြင်းကရတဲ့ ဗဟုသုတတွေနဲ့ အသုံးချလာနိုင်ပါမည်။



အကြောင်းအမျိုးမျိုးကြောင့် မိဘ၊ ဆရာသမားနှင့်ရဟန်းသံဃာများ၏ သွန်သင် ဆုံးမမှုတို့ကို အပြည့်အဝ မရရှိကြသော လူငယ်တွေ စာအုပ်ဖတ်ကြပါလျှင် မိမိဘာသာ ဘယ်လိုနေထိုင်ရမည်။ ဘယ်လူ့ကို ဘယ်လိုဆက်ဆံသွားရမည်။ မိမိဘဝကို တိုးတက်အောင် ဘယ်လိုကြိုးစားရမည်။ လောကီကိစ္စသာမက၊ လောကုတ္တရာကိစ္စ နောင်ဘဝကူးကောင်းအောင် ဘဝနေနည်းကိုလည်း ရရှိနိုင်ပေမည်။ စာများများ ဖတ်လာလျှင် စာအုပ်တွေကပင် မိမိဘဝကို လမ်းညွှန်သွားပါလိမ့်မည်။

**"ပညာနှင့်တူသော အလင်းရောင်မရှိ"** ဟူသော မိန့်ကြားထားသည့်အတိုင်း စာပေဟူသည် လူသားအားလုံးအတွက်၊ ဘဝကို အလင်းပေးသော ရတနာများ ဖြစ်ပါသည်။ **"အလိမ္မာစာမှာရှိ"** ဆိုစကားအတိုင်း လူ့ဘဝမှ တတ်သိ လိမ္မာမှုဟူသမျှ၊ စာပေတံခါးပေါက်မှတစ်ဆင့် ဝင်ရောက်ရှာဖွေယူကြရမြဲ ဖြစ်ပါသည်။ စာပေမတတ်၊မဖတ်၊မမှတ်၊မလေ့လာပါက မသွေးသောဓားလို သံချေးတက်၊ အသုံးမဝင်လူရာမဝင် ဖြစ်နိုင်ပါသည်။ **"ပညာရဲရင့် ပွဲလယ်တင့်"** ဆိုသကဲ့သို့ အသုံးချတတ်သူအတွက် စာပေတန်ဖိုးအကျိုးကျေးဇူးကို၊ ထိုက်ထိုက် တန်တန် ရရှိခံစား ရယူနိုင်ပါသည်။

ယခုအခါ တစ်နိုင်ငံလုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိရာ၊ စာကြည့်တိုက် ငါးသောင်းငါးထောင် ကျော်သွားပြီး၊ စာမတတ်သူပပျောက်ရေးကို နည်းမျိုးစုံဖြင့် ဦးတည်လုပ်ရှားခဲ့ရာ၊အလွှာစုံမှပါဝင်ဆောင်ရွက်လာကြသည်။တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိနေရာ၊ နောက်ထပ်စာကြည့်တိုက် တစ်သောင်းနီးပါးဖွင့်လှစ်ဖို့လိုအပ်နေကြောင်း သတင်းတစ်ပုဒ်ကိုဖတ်လိုက်ရသည်။

စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် နယ်လှည့်

စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိရာ၊ ကျေးလက်ဒေသအထိ၊ ကွင်းဆင်း ဆောင်ရွက်ပေးနေကြသည်။ ကျေးရွာဒေသအချို့တွင် စာပေအသိအလိမ္မာနှင့် ပတ်သက်၍ စာကြည့်တိုက်မလုပ်နိုင်သေးလျှင်လည်း ကျောင်းများတွင် စာပေ ရေချမ်းစင်လေးများ ဖွင့်လှစ်ပေးသွားနိုင်လျှင် ကလေးများပညာရေးတွင် ကြီးစွာ အထောက်အကူဖြစ်သွားစေမည့်အမှန်ဖြစ်ပါသည်။

တစ်ဦးတစ်ယောက်ချင်း၏ စိတ်ပိုင်းဆိုင်ရာရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို စာဖတ်ခြင်းဖြင့် လေ့ကျင့်ယူနိုင်ပါသည်။ စာအုပ်များသည် လူတို့၏ အတွေးအခေါ်၊ အတွေ့အကြုံများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထို့ကြောင့်စာအုပ်များ သည် ခေတ်အဆက်ဆက်မှ နေရာဒေသ အသီးသီးမှ၊ လူအမျိုးမျိုး၊ အကြောင်း အရာအမျိုးမျိုး၏ မှတ်တမ်းများပင်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် သမိုင်းကို သိနိုင် သည်။ သမိုင်းကိုသိခြင်းဖြင့် ကောင်းမွန်လှပသော အနာဂတ်ကို ဖန်တီးနိုင် မည်ဖြစ်သည်။ စာဖတ်ခြင်း အလေ့အကျင့်သည် အလွန်အရေးကြီးနေပါပြီ။ စာမဖတ်၍ မဖြစ်တော့ပေ။ ယခင်က မိမိစိတ်ဝင်စားရာ နယ်ပယ်သည် ကိုယ့်ရပ် ရွာ ပြည်တွင်းမျှသာဖြစ်နိုင်ပြီး၊ ယနေ့ခေတ်လောက် မကျယ်ပြန့်နိုင်သေးပေ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင်လူမှုရေးရာကိစ္စရပ်များမှာ များပြောင်ရှုပ်ထွေး လှသည်။ နည်းပညာတိုးတက်မှုများလျှင်မြန် မြန်ဆန်လှသည်။ စာမဖတ်၍မဖြစ်၊ အခြားနိုင်ငံများ၊ အခြားသူများတွင်ဖြစ်နေသော အကြောင်းအရာကိစ္စရပ်များသည် မိမိတို့နှင့်တစ်နည်းနည်း ဆက်သွယ်နေတတ်သဖြင့်၊ အမှားအမှန် ခွဲခြားနိုင်ရေး၊ ဆင်ခြင်သုံးသပ်နိုင်ရေးအတွက် စာအုပ်များ၏ အကူအညီ ယူရမည်မှာ မလွဲပင် ဖြစ်သည်။

**လူသားတိုင်း ကိုယ်ကျင့်တရားတည်ကြည်လေးနက်လာစေရန်၊စိတ်အပန်း ပြေစေရန်၊ စိတ်ဓာတ်ရင့်ကျက်စေရန်၊မိမိနိုင်ငံ၊မိမိလူမျိုး၊မိမိယဉ်ကျေး မှုကိုနားလည် သဘောပေါက်ရန်အတွက်လည်း စာဖတ်ရမည်ဖြစ်သည်။ မိမိ နိုင်ငံ၊မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို နားလည်မှတန်ဖိုးထားတတ်မည်ဖြစ်ပြီး၊ တန်ဖိုးထားပါမှလည်း ယင်းတို့ကိုကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြမည်ဖြစ် သည်။ထို့ကြောင့်လူတိုင်း လူတိုင်းအတွက် စာဖတ်ခြင်းသည် အရေးကြီး ပေသည်။**

ပြည်သူပြည်သားများ အသိပညာ ဖွံ့ဖြိုးရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက် ရန်၊ စိတ်ဓာတ်ရင့်သန်ရန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားစေရန် အလေ့အကျင့် ကောင်းများရရှိနိုင်စေမည့် ပတ်ဝန်းကျင်ကောင်းများ၊ များသထက် များအောင်၊

ဖန်တီးပေးရန် လိုအပ်ပေသည်။ ယင်းပတ်ဝန်းကျင်ကောင်းများသည် စာကြည့်တိုက်ပင်ဖြစ်ပါသည်။ "စာကြည့်တိုက်"ဟူသည် လိုချင်သောအကြောင်းအရာအချက်အလက်ရရှိနိုင်သောနေရာ၊ စိတ်အပန်းဖြေနိုင်သောနေရာဟုအဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။ ပြည်သူပြည်သား လူငယ်လူရွယ် လူတန်းစားအလွှာမရွေး၊ လွတ်လပ်စွာ စာပေလေ့လာနိုင်သောစာကြည့်တိုက်များ များများဖွင့်ပေးရန်လိုအပ်ပေသည်။

ယခုအခါ အမျိုးသားစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊တက္ကသိုလ်ကောလိပ်များစာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ကလေးစာကြည့်တိုက်စသည်ဖြင့် စာကြည့်တိုက်အမျိုးအစား အမျိုးမျိုးရှိပါသည်။ ဌာနဆိုင်အရာအသီးသီး၊ ဝန်ကြီးဌာနအသီးသီးတို့တွင် စာကြည့်တိုက်များ တည်ထောင်ထားကြသည်။ အမြော်အမြင်ရှိကြသော စာရေးဆရာကြီးများ၊ အနုပညာရှင်ကြီးများကလည်း စာကြည့်တိုက်များ တည်ထောင်ထားကြသည်။ ဆရာပါရဂူစာကြည့်တိုက်၊ ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်၊ ဆရာဇော်ဂျီစာကြည့်တိုက်၊ ဒါရိုက်တာကြည်စိုးထွန်းစာကြည့်တိုက်စသည့် စာကြည့်တိုက်များ မိမိဇာတိမြို့ရွာများတွင် တည်ထောင်ဖွင့်လှစ်ထားကြသည်။ ထို့အတူ သံဃာတော်များကလည်း မိမိတို့ စာသင်တိုက်ကြီးများ၊ တရားရိပ်သာကြီးများတွင် စာကြည့်တိုက်များ အသီးသီးတည်ထောင်ဖွင့်လှစ်၍ လောကီလောကုတ္တရာ စာပေအမွေကို ပေးဝေနေကြသည်။

လေးအိမ်စုဆရာတော်၊ အဂ္ဂမဟာအကျော်အရှင်ဝိစိတ္တသာရသည်လည်း အမျိုးဘာသာ သာသနာ ဘာပေယဉ်ကျေးမှုနှင့် ပတ်သက်၍ အမြော်အမြင်ကြီးမားသော ဆရာတော်တစ်ပါးဖြစ်ပါသည်။ လွန်ခဲ့သော(၂၃)နှစ်ကျော်အချိန်ကစပြီး ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုရွာကြီးတွင် စာကြည့်တိုက် ထူထောင်ထားခဲ့သည်။ မကြာမီအချိန်တွင် ငွေရတုကာလသို့ ရောက်ရှိတော့မည်ဖြစ်သည်။ လူငယ်များကို စာဖတ်ရန် အစဉ်ထာဝရတိုက်တွန်းနေသည်။ ထွက်သမျှ လောကီစာစောင် ဂျာနယ်မဂ္ဂဇင်းနှင့် ဘာသာရေးစာစောင်များ၊ ဂျာနယ်များကို စုဆောင်း၍ ဆရာတော်နှင့်ဒကာ၊ဒကာ မများထူထောင်ထားသော **"လေးအိမ်စု မင်္ဂလာစာကြည့်တိုက်"** သို့ ပေးပို့ကာ လူငယ်တွေကို စာပေနဲ့မွေ့လျော်စေခဲ့သည်။

အရှင်ဝိစိတ္တသာရသည် နွေရာသီကျောင်းပိတ်ရက်များတွင် ယဉ်ကျေးလိမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။ ယခုအခါတွင်တနင်္ဂနွေနေ့တိုင်း ယဉ်ကျေးလိမ္မာသင်တန်းများကို အသက်အရွယ်အလိုက် အတန်းအလိုက်

ဝိုချ ပေးလျက်ရှိပါသည်။ မင်္ဂလာတရားပြန့်ပွားရေးအတွက် (၃၈)ဖြာမင်္ဂလာ သင်တန်းတွေကိုလည်း ဖွင့်လှစ်သင်ကြားပေးသည်။ဝေးအိမ်စုဆရာတော် အရှင်ဝိစိတ္တာသာရ သည် ယနေ့လူငယ်မောင်မယ်များကို၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံထားကာ လုပ်ကိုင်ဆောင်ရွက်နေသော အမြော်အမြင် ကြီးမားသည့် ဆရာတော်လည်း ဖြစ်သည်။

မန္တလေးမရိုးရိုးတိုက်သစ် **ဆရာတော် ဦးဝီရသူက** လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေကို စာကြည့်တိုက် ဖွင့်လှစ်တည်ထောင် ပေးဖို့၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းတွေ၊ အသက်မွေးဝမ်းကျောင်း ပညာတွေဖွင့်လှစ်သင်ကြားပေးဖို့လိုအပ်ကြောင်းမိန့်ကြားလမ်းညွှန်တာကြားသိရ ပါသည်။

**လောက၌ လူတော်တွေ ကောင်းဖို့လိုသည်။**<br>
**ထို့အတူ လူကောင်းတွေလည်း တော်ဖို့လိုသည်။**<br>
**လူကောင်းတွေမတော်ပါက**<br>
**လူ့လောကဖွံ့ဖြိုးမှုနှောင့်နှေးနေလိမ့်မည်။**<br>
**လူတော်တွေမကောင်းပါက လူ့လောကကြီး**<br>
**ယိုယွင်းပျက်စီးဖို့သာ ရှိတော့သည်။**<br>
**ပညာအရာ၌ ပါရဂူဘွဲ့ရနေစေကာမူ**<br>
**မျိုးချစ်စိတ်ကင်းမဲ့နေပါလျှင်၊**<br>
**ကိုယ်ကျင့်တရား ယိုယွင်းပျက်ပြားနေလျှင်၊**<br>
**လူတော်သော်လည်း မကောင်း၍ အသုံးတည့်မည်မဟုတ်ပေ။**



သို့ပါ၍ စာပေချစ်မြတ်နိုးသူများ၊ အမျိုးဘာသာ သာသနာချစ်မြတ်နိုးသူများ၊ မြန်မာ့ယဉ်ကျေးမှု အမွေကို မြတ်နိုးသူများ၊ မြန်မာလူငယ်တွေ ကမ္ဘာနှင့်ရင်ဘောင် တန်းနိုင်အောင် စာပေမပြတ်လေ့လာမှတ်သားပြီး၊ ကြိုးစားကြရမှာဖြစ်ပါသည်။ အသိအလိမ္မာ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ပြီး၊ ပညာအလင်းရောင်ရရှိနိုင်ရန် စာကြည့် တိုက်များ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်နိုင်ကြပြီး၊ ယနေ့လူငယ်တွေကို ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**–မောင်ရင့်ကျူး (မြောင်းမြ)**

*(မှတ်ချက်။ ။ ဝေးအိမ်စုငွေရတုမင်္ဂလာစာကြည့်တိုက်မဂ္ဂဇင်းအတွက် မောင်ရင့်ကျူး (မြောင်းမြ)ရေးသားပေးသော ဆောင်းပါးကို ပြန်လည်မျှဝေပါသည်။ –စီစဉ်သူ)*


တမြည်းမြည်းနဲ့
လှည့်ကွက်တွေကို
အသုံးချလာပြီ...
လာနော်...လာ
မမြင်ဖူးတာတွေ
မြင်ရမယ်....
သူခိုးစက်ကိုခေါင်း
ပေါင်းနဲ့အုပ်လိုက်လို့
ဟားဖြစ်သွားတာတွေ၊
တောင်ကြီးတစ်လုံးလုံးကို
ရက်ပိုင်း အတွင်း
အစဖျောက်တာတွေ
တဝကြီးကြည့်ရမယ်
မျက်လှည့်ပွဲကြီး
အထက်အမိန့်
အိတ်ပိတ်အမိန့်
ရယ်ဒီအမိန့်
မသိဘူးတဲ့
အဲ့ရော...
ဟား...
ဟား...

# အိုင်အင်(န်)ဂျီအိုနှင့် အင်(န်)ဂျီအိုသင်တန်းများ

## သတိထားသင့်သည်

INGO နှင့် NGOများသည် ယခုအခါ သင်တန်းအမျိုးမျိုးပေးလျက် လူမှုကူညီရေးများကို ဆောင်ရွက်နေကြသည်။ ကူညီခြင်းသည် လိုအပ်သည်ကို ဖြည့်ဆည်းပေးခြင်းဖြစ်၍ လိုအပ်သူအတွက် ကောင်းပါသည်။ သို့သော် ထိုကူညီမှုသည် သန့်စင်သောစေတနာသန့်သန့်ဖြစ်ရန်တော့ လိုအပ်သည်။ လိုအပ်သည်က အာဟာရ၊ ကျွေးလာသည်က အဆိပ်များဖြစ်ခဲ့လျှင် ထိုအာဟာရလိုအပ်သူသည် အစာငတ်နေ၍ အာဟာရထင်မှတ်ကာ စားသုံးမိပါက သေပွဲဝင်ရန်သာရှိတော့သည်။

မြန်မာတွေမှာ စီးပွားရေးကလည်း အားနည်းချို့တဲ့လေတော့ နိုင်ငံနှင့်ချီ၍ ပြောလောက်အောင် အဖွဲ့အစည်းအသီးသီး၏ အကူအညီရယူနေကြရသည်။ ထိုထဲတွင် အစိုးရတစ်ခုက အစိုးရကိုပဲပေးပေး၊ အသင်းအဖွဲ့တစ်ခုက အသင်းအဖွဲ့တစ်ခုကိုပဲပေးပေး၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုပဲပေးပေး အဆိပ်အတောက်ကင်းဖို့လိုအပ်သည်။ နိုင်ငံတစ်ခုက နိုင်ငံတော်ကို အကူအညီပေးရာ၌ လက်ခံခြင်းသည် အစိုးရနှင့်လွှတ်တော်အမတ်မင်းတို့၏ အလုပ်ဖြစ်၍ လက်ခံသူများအနေဖြင့် များများစဉ်းစားရန် အကြောင်းမရှိ။ တစ်နည်းပြောလျှင် စဉ်းစားရန် တာဝန်ပေါ့သည်။ သက်သာသည်။ ထို့အပြင် အများဖြစ်နိုင်လျှင်လည်း အတိုက်အခံပါတီ၏အမတ်တို့က ပြုပြင်ပေးရန်တာဝန်ရှိသည်။ အထက်ပါစည်းနှစ်ခုကို ကျော်လွန်လာပြီးမှ တိုင်းပြည်အတွက်အဆိပ်အတောက်ဖြစ်ခဲ့လျှင်လည်း သတင်းမီဒီယာများက ဝေဖန်ပေး၍လည်း တည့်မတ်ပေးရန် လမ်းကြောင်းရှိပါသည်။ သတင်းမီဒီယာကိုပြည်သူတို့ကြည့်၍ လိုအပ်လျှင်ပြည်သူအများစုထဲမှ ဝေဖန်ပေးနိုင်သူတို့က အဆိပ်အတောက်ကို မစားမိရန်၊ တစ်နည်းဆက်မစားရန် သက်ဆိုင်ရာသို့လည်းကောင်း၊ သတင်းမီဒီယာအယ်ဒီတာသို့လည်းကောင်း စာရေးသားအကြံပြုပေးကြပါက အဆိပ်အတောက်ကင်းအောင်ဆောင်ရွက်သွားနိုင်မည့်နည်းလမ်းများရှိပါသည်။ ဤသည်ကတော့ နိုင်ငံနှင့်ပတ်သက်သော အကူအညီများကို လက်ခံရာ၌ သတိပြုကြရန်အချက်များဖြစ်ပါသည်။

**အသင်းအဖွဲ့က ပုဂ္ဂိုလ်တစ်ဦးချင်းကပေးသောကိစ္စဖြစ်ခဲ့လျှင် သက်ဆိုင်ရာတို့က၊ တစ်နည်း လက်ခံရယူသူတို့က စိစစ်လက်ခံနိုင်ဖို့အရေးကြီးပါသည်။** ဥပမာ– ရခိုင်ပြည်နယ်၌ လာရောက်ကူညီမှုတို့က တရားသဖြင့် မဖြစ်သည်ကို ကြားသိနေပါသည်။ ဒုက္ခသည်ကူညီရေးဆိုပြီး တရားမဝင် ဘင်္ဂါလီများကို ကွက်အကူအညီပေးပြီး ဘင်္ဂါလီမှ"ရိုဟင်ဂျာ"တိုင်းရင်းသားဖြစ်ရေး မြှောက်ပင့်ပေးရန် ရောက်လာသည်ကို ကြားသိနေကြရသည်။ကူညီခြင်းမဟုတ်တဲ့ နှောင့်ယှက်ခြင်းသာ ဖြစ်နေခဲ့ရသည်။

အခြားကူညီမှုတစ်မျိုးကို သတိထားရန် လိုအပ်ပါသေးသည်။ ဘယ်က စပွန်ဆာရသည်မသိ။ ငွေကြေးအကုန်အကျခံပြီး "ဗိုရမ်အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းတွေ့ဆုံဆွေးနွေးပွဲ"ခေါင်းစဉ်အမျိုးမျိုးနှင့် လုပ်လာကြပါသည်။ ကျေးဇူးများသည်လည်း ရှိကောင်းရှိနိုင်ပါသည်။ သို့သော် .. သို့သော်လည်း .. အဆိပ်အတောက်တွေကျွေးဖို့ လုပ်လာကြသည်ကိုလည်း အထိုက်အလျောက်ကြားသိနေရပါသည်။ သို့ဖြစ်၍ **ဘာသင်တန်းပဲဖြစ်ဖြစ် ရည်ရွယ်ချက်ကောင်းဖို့၊ ရည်ရွယ်ချက်အပိုင်း စီမံသူတို့က မှန်မှန်ကန်ကန်ထုတ်ဖို့ လွန်စွာမှလိုအပ်ပါသည်။ သို့မဟုတ်ပါက အဆိပ်အတောက်ကျွေးလိုသူတို့၏ မူလရည်ရွယ်ချက်ကိုမသိ၊ မဖေါ်ထုတ်နိုင်ဘဲ မိမိအတွက် မိမိအရပ်ဒေသအတွက်၊ မိမိတို့၏ အမျိုးဘာသာ သာသနာအတွက်၊ မိမိနိုင်ငံအတွက် မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။**

သာဓကအားဖြင့် ထုတ်ပြပါမည်။ ပေလီကမ်းခြေ ဟိုတယ်တစ်ခုမှာ "**အမျိုးသမီးဗိုရမ်**"တစ်ခုကျင်းပ၍ (၁၅၀)ခန့် တက်ရောက်ခဲ့ကြောင်း၊ တက်ရောက်သူအများစုက သတင်းရ၍သာ တက်ရောက်လာကြပြီး "ဗိုရမ်"၏ ရည်ရွယ်ချက်ကို မသိကြကြောင်း၊ "*ဗိတ်စာရ၍ တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးမျှော်ကိုးကာ တက်ရောက်လာကြခြင်းဖြစ်၏။ တကယ်သိ၍ တက်ရောက်လာသူတို့ကား လူမျိုးရေးကို ငွေနှင့်ပေါင်နှံစားသုံးမည့် သံဝန်ထမ်းစပွန်ဆာပြုလုပ်ပေးသူတစ်ချို့နှင့် ဦးဆောင်ဆွေးနွေးသည့် အမျိုးသမီးတစ်ဦးနှစ်ဦးမျှသာ ရှိပေလိမ့်မည်*"ဟု ဆိုပါသည်။ (သာကီသွေး၊ အတွဲ (၂)၊ အမှတ်(၁၈) နှာ ၉ မှ ၁၀)၌ ထိုဗိုရမ်၌ ဆွေးနွေးသောအကြောင်းကို ပြဆိုထားရာမှာ ဆွေးနွေးသောအမျိုးသမီးတစ်ယောက်က မလုံမခြုံစကပ်တိုဝတ်ထားသည့် သူ့ညီမအကြောင်းကစပြီး လူ့အခွင့်အရေးဖြစ်လို့ ကန့်ကွက်စရာမရှိကြောင်း၊ လူ့အခွင့်အရေးကိုထောက်ခံသည့် စီဒေါဥပဒေရှိကြောင်း၊ နောက်အမျိုးသမီးတစ်ဦးက "သံဃာနှင့်သီလရှင်တန်းတူအခွင့်

အရေးမရှိသည်ကို တင်ပြသွားကြောင်းနှင့် အမျိုးစောင့်ဥပဒေကို ကန့်ကွက်စကားပါလာကြောင်း၊ တက်ရောက်သူများက ကန့်ကွက်ကြ၍ မရှောမဓော အဆုံးသတ်သွားကြောင်း ဖတ်ရပါသည်။ ထို"ဖိုရမ်"၏ ရည်ရွယ်ချက်ကား မြန်မာ့ယဉ်ကျေးမှုကိုဖျက်ဆီးရန်၊ သံဃာနှင့်သီလရှင်ရန်တိုက်ပေးပြီး ဗုဒ္ဓဘာသာသာသနာတော်ကို သွယ်ဝိုက်ကန့်ကွက်၍ဖျက်ဆီးရန်၊ အမျိုးစောင့်ဥပဒေကို ကန့်ကွက်ဖျက်ဆီးပြီး ဘာသာခြားတိုးပွားရေးကို ငွေကြေးရင်းနှီးပြီးဆောင်ရွက်ရန် "ဖိုရမ်"ဖြစ်ကြောင်း သိရှိရပါသည်။ သိခွင့်ရ၍ ဆောင်းပါးရှင် ပုလဲရတနာ ဆရာတော် အရှင်ဣန္ဒာစာရ(သံတွဲ)ကို ကျေးဇူးတင်ပါသည်။ (အပြည့်အစုံကို ဆရာတော်၏ဆောင်းပါး၌ ကြည့်ရှုကြစေလိုပါသည်။)

အလားတူ ဆွေးနွေးပွဲတစ်ခုကို တင်ပြလိုက်ပါသည်။ ပြင်ဦးလွင်က အာရှအလင်းရောင်ကျောင်း၌ ကျင်းပသော နိုင်ငံခြားမှစပွန်ဆာပေးသောပွဲဖြစ်ပါသည်။ ဦးတည်ချက်က ထိုပွဲမှာ"**ဘာသာခြားလူနည်းစုတို့အပေါ် ဗုဒ္ဓဘာသာဝင်တို့က နားလည်နိုင်ရေး**"ဟူသော ခေါင်းစဉ်ကိုက မှားနေပါသည်။ စာရေးသူကိုယ်တိုင် တက်ရောက်ခဲ့ပြီး မြန်မာပြည်၌ရောက်နေသော ဘင်္ဂါလီလူနည်းစုတို့က ရခိုင်ပြဿနာဖြစ်ရာအရပ်၌ သူတို့က လူများစုဖြစ်ပြီး လူနည်းစုရခိုင်များကို အနိုင်ကျင့်ခဲ့ကြသည်ဖြစ်ပုံ ခေါင်းစဉ်မှားကြောင်း ဆွေးနွေးခဲ့ပါသည်။ ထိုအပြင်လည်း လူ့အခွင့်အရေးနှင့်အမျိုးစောင့်ဥပဒေကို သွယ်ဝိုက်ကန့်ကွက်နေသည့်သဘော တွေ့ရပါသည်။ တက်ရောက်သောဆရာတော်များ၏ တင်ပြဆွေးနွေးချက်အားကောင်း၍ဆိုရမည်လားမသိပါ။ သံဃာနှင့်သီလရှင်အခွင့်အရေးမတူသည့်တိုင်အောင်တော့ မေးခွန်းထုတ် တင်ပြမလာနိုင်ခဲ့ပါဘူး။

ငပလီ"ဖိုရမ်"နှင့်တူသည့် သင်တန်းတစ်ခုကို ပြောချင်ပါသေးသည်။ ထိုသင်တန်းက **ရေဝတီတိုင်း၊ လေးအိမ်စုကျေးရွာ**မှာပါ။ သင်တန်းက "**ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအမြင်ဖွင့်သင်တန်း**"တဲ့။ ထိုသင်တန်းမှာ သီလရှင် ဆရာလေးများကို ဖိတ်ခေါ်လက်ခံပေးခြင်းဖြစ်ပါသည်။ ခေါင်းစဉ်တစ်ခုက "**လူ့အခွင့်အရေးအပေါ် ဗုဒ္ဓဘာသာရှုထောင့်**"တဲ့။ ဤခေါင်းစဉ်ဖြင့် ပို့ချ ဆွေးနွေးသူက အမျိုးစောင့်ဥပဒေကို လူ့အခွင့်အရေးနှင့် ကန့်ကွက်ဟောပြော သည်။ မိန်းမယောကျ်ားအခွင့်အရေး ညီမျှမှုမရှိခြင်းကို ဟောပြောသည်။ ရဟန်းယောကျ်ားများနှင့် ဘိက္ခုနီမများ၊ သီလရှင်များကို ဗုဒ္ဓဘာသာက အခွင့်အရေးတူမပေးကြောင်းဟောပြော၍သာသနာတော်ကို ဝေဖန်ပုတ်ခတ်ဟောပြောသွားသည်။ နောက်တစ်ယောက်က "**ဂျင်ဒါမိတ်ဆက်**"တဲ့။ ကျားမလူမှုရေး

မိတ်ဆက်ခေါင်းစဉ်ဖြင့် အမျိုးစောင့်ဥပဒေကို ကန့်ကွက်ပြောဟောသွားသည်။ ဤသင်တန်းမှာလည်း သံဃာနှင့်သီလရှင်များကိုသွေးခွဲပို့ချသွားသည်ကိုကြားသိလိုက်ရသည်။ ရိုးရိုးသားသား ပညာဗဟုသုတရရှိရန် ဟောပြောပို့ချသူများပါရှိသော်လည်း **အမျိုးဘာသာ သာသနာကို ဖျက်ဆီးလိုသူတို့၏ မလိုလားအပ်သော ပယောဂများအခြေခံနေသည်ကို သိလိုက်ရပါသည်။သူတို့၏ ပို့ချချက်၊ ဟောပြောချက်များသည် သာသနာတော်ကို ဖျက်ဆီးလိုသော မိစ္ဆာဝါဒီစိတ်များကို သွင်းပေးလိုခြင်းရှိသည်ကို သိလိုက်ရပါသည်**။ ထိုပွဲ၌ ဆွမ်းဆန်ထဲကြွက်ချေးရောဖြစ်သည်ကို သိသူများပါသေး၍ တော်သေးသည်။ အဟုတ်ထင် မှတ်စွဲယူမိ သွားခဲ့ပါလျှင် တက်ရောက်သူများရော သာသနာအတွက်ပါ နစ်နာစရာဖြစ်ရပါသည်။

သို့ဖြစ်၍ **"ဒီရမ်အလုပ်ရုံဆွေးနွေးပွဲသင်တန်း၊ တွေ့ဆုံဆွေးနွေးပွဲ" ခေါင်းစဉ်အမျိုးမျိုးပါရှိသော INGO နှင့် NGOများကို သတိထားကြဖို့** သတိပေးရေးသားလိုက်ရပါသည်။

*–ရှင်မအောင်ဆရာတော် အရှင်ကုဝိဇ္ဇောဘာသ၊*
*(၁၇–၄–၂၀၁၅) သာကီသွေးဂျာနယ် စာ ၆ မှ။*

# ခွေးလိမ္မာမကလေး၏ မေတ္တာ

လွန်ခဲ့သော ၂–နှစ်ခန့်က ရုရှားနိုင်ငံ၊ ဆိုက်ဘေးရီးယားအရပ်ရှိ ဆေးရုံတစ်ရုံတွင် လူတစ်ယောက်သည် ဆေးဝါးကုသမှုများခံယူခဲ့သည်။ ထိုသို့ကုသနေစဉ် သူမွေးထားသော ခွေးလိမ္မာမကလေးသည် ဆေးရုံသို့ နေ့စဉ်နေ့တိုင်းလာ၍ သခင်ဖြစ်သူကို ကြည့်ရှုလေ့ရှိသည်။ ခွေးလိမ္မာလေးသည် နေ့ဘက်တွင် သခင်ဖြစ်သူအား လာရောက်ကြည့်ရှု၍ ညဘက်တွင် သခင့်အိမ်သို့ပြန်ကာ အိမ်ကိုစောင့်ရှောက်သည်။

သခင်ဖြစ်သူမှာ အဆိုပါဆေးရုံတွင် ဆေးဝါးကုသနေစဉ် ရောဂါဝေဒနာဒဏ်ကြောင့် ကွယ်လွန်သွားသည်။ သခင်ဆုံးပါးသွားသော်လည်း ခွေးလိမ္မာမလေးသည် ဆေးရုံသို့နေ့စဉ်လာရောက်၍ သခင်ဖြစ်သူကို စောင့်မျှော်နေလေသည်။

ယခုဆိုလျှင် ဆေးရုံသို့ ထိုခွေးလိမ္မာမလေး နေ့စဉ်လာရောက်၍ စောင့်မျှော်နေသည်မှာ တစ်နှစ်ကျော်ရှိပြီဟု သိရသည်။ ဆေးရုံရှိ ဆေးဝန်ထမ်း

များက သနားကရုဏာသက်လာသောကြောင့် ခွေးလိမ္မာမလေးကို အိပ်ယာခင်းပေးသည်။ စားစရာ များလည်း ကျွေးမွေးသည်။ ထိုခွေးလိမ္မာမလေးကို မိသားစုတစ်စုက ခေါ်ယူမွေးမြူသေးသည်။ သို့သော်လည်း ခွေးလိမ္မာမလေးသည် ဆေးရုံသို့ပင်ပြန်၍ သခင်ဖြစ်သူကို ဆက်လက်စောင့်မျှော်နေလေသည်။

**"ခွေးမလေးရဲ့ မျက်လုံးတွေကို ကြည့်လိုက်ပါ။ သူ့မျက်လုံးတွေက ဝမ်းနည်းနေတယ်။ ပျော်ရွှင်မြူးထူးနေတဲ့ ခွေးလေးတွေရဲ့ မျက်လုံးတွေက အဲ့ဒီလို မဟုတ်ဘူး။ သူဝမ်းနည်းနေမှန်းသိသော်လည်း သူ့ကို ဆေးပေးလို့မရဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက ဆေးတိုက်လို့ ပျောက်သွားနိုင်တဲ့ အရာမျိုးမှ မဟုတ်တာ"**ဟု ဆေးရုံရှိဝန်ထမ်းတစ်ဦးက ဖွင့်ဟပြောဆိုသည်။

***- အကိုး။ ပြည်မြန်မာဂျာနယ်***
***(၄-၁၂-၀၄)၊ ၂၀၁၅-ခုနှစ်၊***
***မေလထုတ် မြတ်မင်္ဂလာ စာ-၇၀။***

## အဆိုအမိန့်များ

* လူသား၏အသိဉာဏ်အတွက် ပညာရေးကား ပုခက်အတွင်းမှ စတင်လာခဲ့ပေသည်။
***The education of the human mind commences in the cradle.***

* ကောင်းတာလုပ်ပါ၊ နောက်လည်း ထပ်လုပ်ပါ။
***Do good, and do it again.***

* ပညာရှိတစ်ဦးဟာ မဖြစ်နိုင်သည်များကို မည်သည့်အခါမျှ မကြိုးပမ်းချေ။
***A wise man never attempts impossibilities.***

* ချေးငှားသူဟာ ချေးသူထံ ကျွန်ခံခြင်းသာဖြစ်တယ်။
***The borrower is the servent to the lender.***

* ဦးနှောက်ထဲမှ ဉာဏ်ပညာဟာ လက်ထဲမှငွေထက် သာ၍ကောင်းတယ်။
***Wisdom in the mind is better than money in the hand.***

* သိပြီးတော့ မလုပ်လို့ရှိရင် မသိသေးလို့ပဲ။
***To know and not to do is not yet to know.***

* အကယ်၍ တစ်စုံတစ်ခုဟာ ရယ်စရာကောင်းနေလျှင် ဖုံးကွယ်နေတဲ့ အမှန်တရားကို ရှာဖွေပါ။
***When a thing is funny, search for a hidden truth.***

***-ကာတွန်းထင်ထင်းကျော်၏ "အဆိုအမိန့်ဟာသများ" စာအုပ်မှ ကူးယူဖော်ပြသည်။***

# ရိပ်သာတကြော့မှ အဝိဇ္ဇာအမောများ

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလရောက်လျှင် ခေါနဲ့အတူ တရားရိပ်သာတွေမှာ ဝင်ဖြစ်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် မထပ်စေရအောင် နယ်တကာ၊ကျောင်းတကာ လှည့်ဝင်ကြတာပါ။ အထင်တော့ မကြီးစေချင်ပါဘူး။

မျက်စိနောက်၊ နားနောက်တာ သက်သာပေမယ့် တရားရိပ်သာတွေထဲမှာ အများထင်သလောက် ငြိမ်းအေးမှုတွေ၊ ချမ်းသာမှုတွေရချင်မှရတာပါ။ ဒါတွေက လည်း ရည်ရွယ်ချက်အမှား၊ စေတနာအမှားနဲ့ဝင်လာသူတွေကြောင့်ဖြစ်ပါတယ်။

ပထမဆုံး ကိုယ့်ဘက်ကပြင်ထားရမယ့်အချက်က ရိပ်သာမဝင်မီ တစ်လ လောက်အလိုကတည်းက ကြိုတင်လေ့ကျင့်ထားသင့်တယ်။ ပြင်ဆင်မှုမရှိခဲ့တဲ့ အပြင် ရိပ်သာမဝင်မီမှာ အိပ်ရေးပျက်ခံခဲ့တဲ့အတွက် ပထမရက်မှာ ကျွန်တော် ကိုင်ရိုက်ထားသလိုပဲ။ ဒုတိယရက်မှာ မကိုင်ဘဲ ရိုက်ထားသလို၊ တတိယရက်မှာ လှိမ့်ရိုက်ထားသလို၊ စတုတ္ထရက်မှာ (နံပါတ်တုတ်နဲ့)ခုန်ခုန်အရိုက်ခံထားရသလို ခံရပါတယ်။ ရိပ်သာတွေမှန်သမျှ တစ်နေ့ကို တရားထိုင်ချိန် အနည်းဆုံးခြောက် ကြိမ်၊ စကြံလျှောက်ရင်း မှတ်ရတာက ခြောက်ကြိမ်၊ တရားနာရတာကနှစ်ကြိမ်၊ သုံးကြိမ်ဆိုတော့ ထိုင်ရာကနေ ထလိုက်ရင် ဒူးနှစ်ဖက်ထဲကနေ တဖြောင်းဖြောင်း အသံတွေ မြည်လာပုံဟာ သီတင်းကျွတ်မှာ ဖျောက်အိုးအတွဲလိုက်ဖောက်သလိုပါပဲ။ ဘယ်ခြေကို ရွေ့ကထားထား၊ ညာခြေကို ရွေ့ကထားထား၊ ထပ်ပြီးထိုင်ထိုင်၊ မထပ်ဘဲထိုင်ထိုင်၊ ကြိုက်တဲ့ပုံစံနဲ့ထိုင် နာကျင်မှုတွေက အရိပ်လို လိုက်လာ တယ်။

နောက်ဆုံးကုန်ကုန်ပြောရရင် ဘယ်နေရာကိုဖြစ်ဖြစ် ထိလိုက်ရင်တောင် နာတယ်။ လေတိုးရင်တောင် နာမလားထင်ရလို့ မနာကျင်တဲ့ဆေးရှိရင် ဆေးခန်း သွားပြီး ဆေးထိုးချင်စိတ်ပေါက်မိတယ်။

ဒါကြောင့် အကြံပေးချက် (၁)က တရားရိပ်သာမဝင်မီ အနည်းဆုံးတစ်ပတ်၊ နှစ်ပတ်လောက်အလိုကတည်းက လေ့ကျင့်ထားသင့်ပါတယ်။

အခုရေးပြမှာတွေက တရားရိပ်သာအားလုံးနဲ့ဆိုင်ပါတယ်။ အရမ်းစည်းကမ်း ကြီးတဲ့ ရိပ်သာတွေကတော့ ချွင်းချက်ပေါ့။

အမှန်အတိုင်းပြောရရင်တော့ တရားရိပ်သာကိုဝင်လာတဲ့သူတိုင်းဟာ တစ်မင်

တစ်ဖိုလ်၊ တရားထူးရဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ချည်းတော့ မဟုတ်ပေဘူး။ တခြားရည်ရွယ်ချက်တွေက အမျိုးမျိုးရှိနေကြတယ်။

တချို့က အိမ်သားတွေခရီးထွက်တာ တစ်ယောက်တည်းကျန်နေလို့ ဝင်ကြေးတစ်သောင်း၊နှစ်သောင်းပေးပြီး ရိပ်သာမှာ အဆင်သင့်လည်း စားသုံးရ၊ ကုသိုလ်လည်းရလို့တဲ့။ ဘယ်ရိပ်သာက ဟင်းချက်ကောင်းတယ်ဆိုတာလည်း သူတို့သိကြပါတယ်။

တချို့မိဘတွေက သားပျို၊ သမီးပျိုတွေကို သကြန်ရေကစားထွက်ရင် အန္တရာယ်များလို့ မက်လုံးတစ်ခုခု၊ ဥပမာ– ဖုန်းဝယ်ပေးတာမျိုးနဲ့ ရိပ်သာကို လွှတ်တာမျိုး၊ တချို့က ရည်းစားက တိုက်တွန်းလို့၊ တချို့က ဒီအတိုင်းဆိုရင် အနေဝေးလို့ ရိပ်သာတစ်ခုမှာ တိုင်ပင်ပြီး စခန်းဝင်တဲ့စုံတွဲတွေ၊ တချို့ကတော့ ထူးဆန်းတယ်ဗျ။ တရားကို ဟုတ်တိပတ်တိ စိတ်ဝင်စားခြင်းမရှိဘဲ ဝင်လာသူတွေလည်း ရှိပါတယ်။ သူတို့အစား အချိန်တွေနှမြောမိပါတယ်။ တရားလည်း ဟုတ်ဟုတ်ညားညား သိပ်မထိုင်။

ဆေးလိပ်နိုးသောက်၊ ကွမ်းယာနိုးစားတဲ့အပြင် ညနေမှာပါ ပါဆယ်ဆွဲပြီး စားကြပါတယ်။ အရက်၊ ဘီယာနိုးမသောက်တာ ကျေးဇူးတင်ရမှာပေါ့။ အိမ်ကလာကတည်းက ရိက္ခာအပြည့်အစုံယူလာပုံရပါတယ်။ သူတို့အဓိကထားလုပ်တာက စကားပြောမယ့်သူရှာပြီး ခရီးရေလွှတ်ပြောတော့တာပါပဲ။ သူ့လိုလူမျိုး အချင်းချင်း တွေ့တော့လည်း ဟန်ကျသွားတာပေါ့။ ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ ဖလှယ်ကြ၊ ဆေးလိပ်၊ ကွမ်းယာထွက်ဝယ်လိုက်ကြ၊ အိမ်တွေနဲ့လည်း ဖုန်းတွေဆက်လိုက်ကြ၊ ရည်ရွယ်ချက်အောင်မြင်ကြတယ်ပေါ့။

ဒါ့ကြောင့် ဒုတိယအကြံပေးချက်အနေနဲ့ ကိုယ့်သမီးပျိုလေးကို ရိပ်သာလွှတ်ထားလို့များ စိတ်အေးလက်အေးတော့ မနေသင့်ဘူး။ အခုခေတ်မှာ ဘုန်းကြီးတွေကအစ လူတိုင်းဖုန်းကိုယ်စီနဲ့ပါ။ရိပ်သာဆိုတာ အိပ်တဲ့နေရာမှာသာယောကျ်ား၊ မိန်းမခွဲခြားထားပြီး ကျန်တဲ့အချိန်မှာက ခွဲခြားမထားတဲ့အတွက် ထိတွေ့မှုကတော့ ရှိနေပါတယ်။ ကိုယ့်သမီးပျိုကို ရိပ်သာအပြီးမှာ တစ်ခါတည်းမပါသွားဘူးလို့ အပိုင်တွက်ထားလို့ မရပါဘူး။ ဘုန်းကြီးတွေ၊ သီလရှင်တွေဆိုတာလည်းလူတွေ ရာနဲ့ထောင်နဲ့ချီပြီး ထိန်းရတာဆိုတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်းတော့ လိုက်ကြည့်နိုင်ကြတာမဟုတ်ပါဘူး။ နောက်ပြီး ဒီကိစ္စတွေမှာ အတွေ့အကြုံ ရှိသူတွေမဟုတ်လို့ မပါးနပ်နိုင်ပါဘူး။ ဒီခေတ်လူငယ်တွေကလည်း လှစ်နေအောင် ပါးကြသူတွေဖြစ်ပါတယ်။

ဒီနှစ်ဝင်ခဲ့တဲ့ရိပ်သာမှာ အိပ်ရတဲ့အဆောင်က လူ ၁၅-ယောက်လောက် ဆန့်ပါတယ်။ ရာသီကလည်း ပူပြင်း၊ အခန်းရဲ့မျက်နှာကျက်ပန်ကာကလည်း ပျက်နေတော့ ပထမညမှာ ချွေးတွေရေလောင်းထားသလို ရွှဲနစ်နေပြီး အိပ်မရခဲ့ပြန်ပါဘူး။ ရိပ်သာမဝင်မီ အိပ်ရေးပျက်ထားသည့် ဒဏ်ကလည်းရှိထားတော့ ဒုတိယနေ့မှာ အိပ်ချိန်ရောက်မှာကို ကြောက်နေမိပါတယ်။

ဒီလိုနဲ့ အိပ်ရာပြင်ဆင်နေဆဲမှာ အခန်းထဲကို ထူးဆန်းတဲ့လူတစ်ယောက် အိပ်ရာလေးပိုက်ပြီး ရောက်လာပါတော့တယ်။ သူအိပ်ရာခင်းနေတာက ကျွန်တော့်ရဲ့နံဘေးကပ်လျက်။ ထူးဆန်းတယ်ဆိုတာက သူ့တစ်ကိုယ်လုံးမှာ အမွှေးအမှင်အထူကြီးတွေဟာ ဂျိန်းစ်ဘွန်းမင်းသား (ရှောင်ကွန်နရီ)က အဘခေါ်လောက်အောင် ထူထဲစွာ ပေါက်နေတာပဲဖြစ်ပါတယ်။

အမွှေးအမှင်တွေဟာ မပေါက်သင့်တဲ့နေရာမှာ ပေါက်နေသလောက် ပေါက်သင့်တဲ့နေရာမှာ မပေါက်တဲ့အတွက် ထိပ်ပြောင်ဖြစ်နေရှာပါတယ်။ ဘာပဲပြောပြော သူ့ကြည့်ရတာ ကျားတစ်ကောင်နဲ့တူနေတော့ သူ့အနားမှာ အိပ်ရမှာ ကြောက်နေမိတယ်ဗျာ။

သူ(ကိုကျားကြီး)လုပ်ပုံလည်း ကြည့်ပါဦး။ မနက်ကမှ ရိပ်သာဝင်လာပြီး တစ်ပတ်ဆယ်ရက်လောက် အားထုတ်ထားရတဲ့ လူတစ်ယောက်လို အမွှေးထူပြီး ခြေထောက်ကြီးတွေမြှောက်၊ ပရုပ်ဆီတွေ ထောင်ထောင်းထအောင်လိမ်းရင်း နှိပ်နယ်နေတာ ဘာနဲ့တူသလဲဆိုရင် အမွှေးထူကျားတစ်ကောင် ကျောယားလို့ ပက်လက်လူးလိမ့်ရင်း ကျောကို မြေကြီးနဲ့ပွတ်နေသလိုပါပဲ။ ကျွန်တော်လည်း ဆက်မကြည့်ဝံ့တော့ဘဲ တစ်ဖက်ကို စောင်းအိပ်လိုက်တယ်။ စူးရှတဲ့ပရုပ်ဆီအနံ့အပြင် တခြားအနံ့တစ်ခုပါမွှန်လာလို့ မသိမသာ စောင်းငဲ့ကြည့်တော့ လားလား စီးကရက်တရဲရဲနဲ့ ဖွာနေချည်ရဲ့။ အနံ့နှစ်မျိုးဆိုးလွန်းလို့ ချောင်းဆိုးမတတ်ဖြစ်သွားပေမယ့် ကိုကျားကြီးစိတ်ခုမှာစိုးလို့ အောင့်ထားလိုက်ပါတယ်။ ပြီးတော့ ဖျော်ရည်ဘူး ဖောက်သောက်သံကြားတယ်။ ပြီးတော့ ကွမ်းထုတ်တော့တာပဲ။

အခုနက ဖျော်ရည်ဘူးခွံက ကွမ်းထွေးခံဖြစ်သွားပြီး ကွမ်းတပြစ်ပြစ်ထွေးနေတော့တာပါ။ တော်သေးတယ်။ ဟိုဘက်လှည့်ထွေးလို့။ ဒါတင်ပဲလားဆိုတော့ ဘယ်ဟုတ်မှာလဲ။ တစ်ခဏနေသွားအပြီးမှာ ပေါ်လာတဲ့အသံကျယ်ကြီးကြောင့် ကျွန်တော်အသက်ရှူရပ်မလိုဖြစ်သွားတယ်။ နည်းနည်းနောနောကျယ်တဲ့ အသံလားဗျာ။ တရှူးရှူး တရှူးရှူးနဲ့ဟောက်တော့တာဗျ။ ကျားကိုးကောင်လောက်

ပိုင်းဟိန်းနေတဲ့ အသံပါဗျာ။ ကျွန်တော်လည်း သူမနိုးအောင် တိတ်တိတ်လေး အိပ်ရာတွေသိမ်းပြီး ဓမ္မာရုံထဲသွားအိပ်လိုက်ပါတယ်။ မနက်လင်းတော့လည်း မျက်နှာသစ်ချိန်မှာ ကိုကျားကြီးနဲ့ဆုံပြန်ရော။

မရဲတရဲနဲ့ သူ့ကိုလှမ်းကြည့်တော့ သူကရယ်ပြုံးပြုံးနဲ့လှမ်းမေးလိုက်သေးတယ်။ "မနေ့ညက ပြောင်းအိပ်သွားတာ ဟောက်သံကြောင့်မဟုတ်လား"တဲ့။ ကျွန်တော်ကလည်း ကပျာကယာ ဘူးခံငြင်းလိုက်ရတယ်။ "ဟောက်သံကြောင့် မဟုတ်ပါဘူး။ ဟောက်သံကြောင့် မဟုတ်ပါဘူး"လို့။

နောက်တစ်ဦးကတော့ "ကိုသံပြာ"လို့ ကျွန်တော်နာမည်ပေးထားတဲ့သူပါ။ သူက အသံပုံမှန်မထွက်တော့ဘဲ တစ်ဝက်လောက်ပဲ အစ်တစ်တစ် ပြာတာတာ အသံမျိုးထွက်နေတာ သူဘာပြောတာလဲ မနည်းနားထောင်ယူရတာပါ။ သူက အသံအပြည့် မထွက်လို့များလား။ ပြောလိုက်တဲ့စကား လူသာပြောင်းသွားတယ်။ သူမပြောင်းဘူး။ တရားချိန်ဖျက်ပြီးတောင် ပြောတယ်။ ရိပ်သာမှာ သူ စွမ်းစွမ်းတမံလုပ်သွားတဲ့အလုပ်က နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူးခင်ဗျ။ အစအဆုံး သူလုပ်သွားတာက သံဃာတော်တွေကို ကန်တော့ဖို့ အလှူလိုက်ခံတယ်။စာရင်းပြုစုတယ်။ ဆရာတော်တရားဟောချိန်မှာတောင် သူ့မှာ အာရုံမရှိဘူး။ အလှူရှင်စာရင်းစာရွက်ထုတ်ပြီး တိုက်ကြည့်နေတော့တာပဲ။ ကိုကျားကြီးက ကျွန်တော်ကြုံဖူးသမျှ တရားစခန်းတွေက ယောဂီတွေထဲမှာ အဟောက်ဆုံးတေဒင်တွဲ့ပေးရင် ကိုသံပြာကိုတော့ စကားအများဆုံး တေဒင်တွဲ့ပေးရလိမ့်မယ်ဗျာ။

**ဤလက်ကလွှတ် မြွတ်ဆိုပြီး ကိုယ့်သားသမီးတွေကို ရိပ်သာလွှတ်တဲ့ မိဘတွေကိုလည်း ပြောလိုက်ချင်ပါသေးတယ်။ ရမယ့်ကုသိုလ်က တစ်ပဲလောက်နဲ့ ကိုယ့်သားသမီးတွေကို ငရဲလွှတ်တာနဲ့တူပါတယ်။ ဓိဘဝအတွက် သူတို့လေးတွေမှာ မဂ်တား၊ ဖိုလ်တားတွေ ဖြစ်လာနိုင်ပါတယ်။**

ကျွန်တော် ရိပ်သာတွေမှာ တွေ့ခဲ့တဲ့လူငယ်(ယောကျ်ားလေး)တွေဟာ လူကြီးသူမကို ရှိသေဖို့ဝေးစွ။ ပခုံးချင်းဆိုင်ပြီး အိမ်သာလုယက်တက်တယ်။ ရေလုချိုးတယ်။ တန်းစီပြီးရင် ကျော်တက်တယ်။ ဖုန်းတဂွမ်းဂွမ်းဆက်တယ်။ ဖုန်းနဲ့သီချင်းနားထောင်တယ်။ အဆိုးဆုံးကတော့ လူကြီးတွေ တရားအားထုတ်နေချိန်မှာ မလှမ်းမကမ်းကနေ တွတ်ထိုးနေကြတာဖြစ်ပါတယ်။

သူများအိပ်ချိန်မှာလည်း ဖုန်းဆက်လို့ကောင်းတုန်းပဲ။ အဆောင်မှူးဘုန်းကြီးကို တိုင်ဖို့သွားတော့ သူကလည်း ဖုန်းပြောနေတယ်ဗျ။ ကိုယ်ကိုယ်တိုင်တရား

အားထုတ်ဖို့ စိတ်မဝင်စားတာကို မပြောလိုပေမယ့် သူတစ်ပါးတရားအားထုတ်တာကို ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ အနှောင့်အယှက်ပြုမိရင် သံသရာနဲ့ချီပြီး ပေးဆပ်ရမှာပါ။ သားသမီးတွေကို ရိပ်သာမလွှတ်မီမှာ ယဉ်ကျေးဖို့နဲ့ ကိုယ့်အမှိုက်ကိုတော့ သိမ်းဆည်းဖို့၊ လွှတ်ပစ်တတ်ဖို့အပြင် သူတစ်ပါးကို မနှောင့်ယှက်မိဖို့ သင်ကြားပေးသင့်ပါတယ်။ ဒါကြောင့် ရိပ်သာတွေကလည်း လူကြီးနဲ့လူငယ် အခန်းခွဲခြားထားကြဖို့လိုပါတယ်။

နောက်ဆုံး မေ့ွန္တရာယ်ကတော့ ရိပ်သာကို **တရားအားထုတ်ဖို့မဟုတ်ဘဲ တရားပေါ်ချင်လို့ရောက်လာတဲ့ လူစားမျိုး**တွေပါပဲ။ သူဟာ ရိပ်သာကို ရောက်တာနဲ့ တရားအားထုတ်ဖို့စိတ်မဝင်စားဘဲ သူ့တရားကိုနာပေးမယ့် သားကောင်ကို လိုက်ရှာတော့တာပါပဲ။ တွေ့ရင်တော့သေပြီမှတ်။ ရိပ်သာက ထွက်ပြေးချင်လောက်အောင် အလိုက်မသိပေါပြပါလိမ့်မယ်။

အန္တရာယ်ခပ်သိမ်းကင်းငြိမ်း ကြပါစေဗျာ။

**—ကောင်းဆက်နိုင်၊ (၂၂-၄-၂၀၀၉) စံတော်ချိန် ည ၁၀ မှ။**




ကာတွန်း လက်ရာရှင်

## ဂျပန်နိုင်ငံတိုကျိုမြို့သူမြို့သားများ၏ရိုးသားမှု

မကြာမီက ကမ္ဘာ့စာနယ်ဇင်းများတွင် အတုယူဖွယ်၊ ဂုဏ်ယူဖွယ်၊ မြတ်နိုးဖွယ်အကြောင်းတစ်ရပ်ကို ကျွန်ုပ်တို့ဖတ်ရှု လိုက်ရသည်။ ယင်းက အခြားမဟုတ် ဂျပန်နိုင်ငံ တိုကျိုမြို့တော်တွင် ၂၀၁၄–ခုနှစ်တစ်နှစ်လုံး၌ ပျောက်ဆုံးငွေ ယန်း ၃.၃၄ ဘီလီယံ (ဒေါ်လာ ၂၈–သန်းခန့်)ကို ရှာဖွေကောက်ရသူများက သက်ဆိုင်ရာရဲတပ်ဖွဲ့ တာဝန်ရှိသူများထံ ပြန်လည်အပ်နှင်းခဲ့ကြကြောင်း တိုကျိုမြို့တော်ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်ဖြစ်သည်။

ထိုထုတ်ပြန်ချက်အရ တိုကျိုမြို့တွင်ရှိသားသော မြို့သူမြို့သားများသည် အခြားသူများ ကျကျန်ပျောက်ဆုံးခဲ့သော ပိုက်ဆံအိတ်များစွာကို ၎င်းတို့တွေ့ရှိရာနေရာများမှ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံပေးခဲ့ကြသည်။ ထိုငွေပမာဏမှာ စုစုပေါင်းယန်းသုံးဘီလီယံကျော် ရှိခဲ့ခြင်းဖြစ်သည်။ ယင်းမှ ငွေလေးပုံသုံးပုံခန့်ကို ရဲတပ်ဖွဲ့က ပိုင်ရှင်အစစ်များလက်ထဲသို့ ပြန်လည်ပေးနိုင်ခဲ့သည်ဟုဆိုသည်။ ကောက်ရသည့်ပိုက်ဆံနှင့် တန်ဖိုးကြီးပစ္စည်းများ အပ်နှံကြရာတွင် လူတစ်ဦးက ဒေါ်လာ ၁၅၅၀၀၀–တန်ဖိုးရှိငွေများ ပါဝင်သည့် အားကစားအိတ်တစ်ခုလည်းပါဝင်သည်။ ကောက်ရသူသည် ရိုးသားစွာဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အပ်နှံပေးအပ်ခဲ့သည်။

ထိုငွေပမာဏမှာ အိမ်ရာဈေးကြီးမြင့်သည့် ဂျပန်နိုင်ငံမြို့တော်တွင် တိုက်ခန်းငယ်တစ်ခန်း(သို့မဟုတ်) နောက်ဆုံးပေါ် ၂၀၁၅–ခုနှစ်ထုတ် မာဆာရတီဇိမ်ခံပြိုင်ကားတစ်စီးကို ဝယ်ယူနိုင်သည့် ငွေပမာဏဖြစ်သည်။ ရဲတပ်ဖွဲ့ပြောဆိုခွင့်ရပုဂ္ဂိုလ်က ၂၀၁၄–ခုနှစ် တစ်နှစ်လုံး ကောက်ရ၍ ပြန်အပ်လာသည့်ငွေများမှ ၇၄–ရာခိုင်နှုန်းခန့်ကို မူလပိုင်ရှင်များထံ ရှာဖွေပေးအပ်နိုင်ခဲ့သည်ဟုဆိုသည်။

**ဂျပန်ဥပဒေအရ ပစ္စည်းတစ်စုံတစ်ခုကို သုံးလအထိ ပိုင်ရှင်မပေါ်လာပါက ကောက်ရသူက ပိုင်ဆိုင်ခွင့်ရှိသည်**။ သို့သော် ထူးခြားမှုတစ်ရပ်မှာ ယန်း ၃၉၀–သန်းခန့်ပမာဏရှိ ငွေသားများကို အိတ်လိုက်ကောက်ရခဲ့သူများမှာ သုံးလကြာ လျှင် ဥပဒေအရ ၎င်းတို့ပိုင်ဆိုင်မည်ဖြစ်သော်လည်း ထိုငွေများကို ပိုင်ဆိုင်ခွင့် စွန့်လွှတ်ကာ မြို့တော်ဘဏ္ဍာရေးရန်ပုံငွေအတွက် ထည့်ဝင်လှူဒါန်းသွားမှုလည်း ရှိသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံသည် လာမည့် ၂၀၂၀-ပြည့်နှစ်တွင် အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပတော့မည်ဖြစ်ရာ ယခုကဲ့သို့ မြို့တော်သားများထဲတွင် ရိုးသားသူများ များပြားခြင်းမှာ စာနယ်ဇင်းများအတွက် ဂုဏ်ယူဖော်ပြဖွယ်ဖြစ်ပေသည်ဟူ၍ နာမည်ကျော် 7 Day Daily နေ့စဉ်ထုတ်သတင်းစာက ဖော်ပြထားသည်ကို ကျွန်ုပ်တို့ကြည်နူးဖွယ် ဖတ်ရှုရသည်။

ရိုးသားခြင်းကို ကျွန်ုပ်တို့ဘိုးဘွားပြည်ထောင်စုမြန်မာနိုင်ငံတော်သား များသည် အလွန်မြတ်နိုးကြသည်။ 'ရိုးသားမှုသည် ရိုးဖြောင့်ခြောသဘောရှိခြင်း၊ စိတ်ထားဖြူစင်သန့်ရှင်းခြင်း'ဟု မြန်မာအဘိဓာန်က အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ **'ဆန်းလျှင်တစ်ချက်၊ ရိုးလျှင်တစ်သက်'၊ 'ဖြောင့်သော် စားမကုန်၊ ကောက်သော် စားမလောက်'** ဟူသော စကားပုံများသည် ရိုးသားမှု၏ ရလဒ်ကို **ဖော်ပြနေသည်။** ရိုးသားမှုသည် လူ့ဘောင်လောက၏ အနှစ်သာရ**လည်းဖြစ်ပေသည်။ ထို့ကြောင့် လည်း အမျိုးသား စာဆိုကြီး ဆရာဇော်ဂျီက ' ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေး ဂုဏ်သည်၊ လူ့ဘောင်လောက၊ နှစ်သာရတည့်**'ဟု ဖွဲ့ဆိုခဲ့သည်။

<u>ကျွန်ုပ်တို့၏ ပြည်သူချစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ အထူးခြားဆုံးသော ဂုဏ်တစ်ရပ်မှာ ရိုးသားဖြောင့်မတ်ခြင်းပင် ဖြစ်သည်</u>။ နယ်ချဲ့ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်နေသော အချိန်မှာပင် ဗြိတိသျှဗိုလ်ချုပ်ကြီးစလင်းက ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံပြီးနောက် သူရေးသည့် " Defeat into Victory "စာအုပ်တွင် အောက်ပါအတိုင်းတင်ပြ ထားသည်ကို တွေ့ရသည်။

' <u>ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်အထင်ကြီးသည်။ သူသည် စစ်ပြီး ခေတ်မြန်မာနိုင်ငံတွင် ခေါင်းဆောင်တစ်နေရာ မှန်းထားသော်လည်း ကောက် ကျစ်စဉ်းလဲသည့်နည်းဖြင့် ကြီးပွားလိုသည့် ပြောက်ကျားခေါင်းဆောင်မျိုးကား မဟုတ်။ သူသည် တကယ့်မျိုးချစ်ပုဂ္ဂိုလ်အစစ်ဖြစ်သည်။ အရာရာကို ချင့်ချင့် ချိန်ချိန်နှိုင်းနှိုင်းဆဆဖြင့် ဆောင်ရွက်တတ်သည်။ သူကဲ့သို့ အရည်အချင်း နှစ်မျိုးစလုံးပိုင်ဆိုင်သူ ရှားသည်။ သူသည် ကတိကို လွယ်လွယ်ပေးတတ်သူ မဟုတ်။ ကတိပေးပြီးလျှင်လည်း ကတိတည်မည့်သူဟု ထင်ရသည်။ သူ့ကို ကျွန်တော်အကြိုက်ဆုံးမှာ သူ၏ရိုးသားတည်ကြည်မှုပင်ဖြစ်သည်။ ထို့ကြောင့် သူနှင့်အလုပ်လုပ်၍ရှိဖြစ်မည်ဟု ကျွန်တော်ယုံကြည်သည်</u>'ဟု ရေးသားထားသည်။

<u>ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံယိုယွင်းပျက်စီးခဲ့သည်မှာ တရား ရေးမဏ္ဍိုင်၏ မရိုးသားမဖြောင့်မတ်မှုသည် အဓိကအခန်းက ပါဝင်ခဲ့သည်</u>။

ထို့ကြောင့်လည်း ယခုအခါ တရားရေးမဏ္ဍိုင်ကို ရိုးသားဖြောင့်မတ်လာအောင် ကြိုးစားနေသည်ကို ကျွန်ုပ်တို့လိုက်လိုက်လှဲလှဲကြိုဆိုပါသည်။ကျွန်ုပ်တို့အနေဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့သူမြို့သားများ၏ ရိုးသားဖြောင့်မတ်မှုကို အကြောင်းပြု၍ ဒီမိုကရေစီနိုင်ငံသစ်ကို ကြိုးစားတည်ထောင်နေကြရာတွင် ရိုးသားဖြောင့်မတ်မှုသည် အဓိကဖြစ်ကြောင်း တင်ပြအပ်ပါသည်။

*-၂၀၁၉-ခုနှစ်၊ မေလထုတ်မြတ်မင်္ဂလာ စာ ၄။*

## စိတ်-စေတနာ-မေတ္တာ

## တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ မေတ္တာ စေတနာ

လွန်ခဲ့သော ၅၄-နှစ်၊ ၁၃၂၂-ခုနှစ်က ဖြစ်သည်။ တစ်နေ့သ၌ မန္တလေးမြို့မှ အလှူရှင် ကျောင်းဒါယကာ၊ ဒါယိကာမ ဖနီးမောင်နှံနှစ်ဦးသည် မင်းကွန်းရှိ ဆရာတော်ကြီးတစ်ပါးထံ သွားရောက်ဖူးမြော်သည်။ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတိုက်အဝင်ဝ မုခ်ဦးရှေ့သောနှစ်ဖက်တွင် နာမည်ကျော် ပန်းပုဆရာကြီးတစ်ဦး၏လက်ရာဖြင့် ခြင်္သေ့ရုပ်ကြီးနှစ်ကောင် ထုလုပ်လှူဒါန်းလိုကြောင်းလျှောက်ထားသည်။

ထိုအခါ ဆရာတော်ကြီးက ရင်းနှီးသော ဒါယကာ၊ ဒါယိကာမများဖြစ်၍ အကျိုးအကြောင်းမေးမြန်းသည်။

"ခြင်္သေ့ကြီးတစ်ကောင်ဆိုရင် ဘယ်လောက်ကုန်ကျသလဲ ဒကာကြီးရဲ့"

"ပဏ္ဍိုဟိုးရော၊ လက်ခပါ အပါအဝင်ဆိုရင် ခြင်္သေ့ရုပ်တစ်ကောင် ၄၀၀၀/-ကျော်လောက် ကုန်ကျပါမယ်။ နှစ်ကောင်ဆိုတော့ ၈၀၀၀/-ကျော်၊ ၉၀၀၀/-လောက် ကုန်ကျပါမယ်ဘုရား။"

"ဒကာကြီးရယ်၊ ဒီလောက်အကုန်အကျခံပြီး ပြုလုပ်ပေးမယ့် ခြင်္သေ့နှစ်ကောင်အောက်မှာ မိုးရွာ၊ နေပူလို့မှ လူတစ်ယောက် ခိုလှုံလို့မရပါဘူး။ မလုပ်ချင်ပါနဲ့ ဒကာကြီးရာ။"

"သဘာဝမြင်္သေ့ကြီးတွေဆိုတော့ လူအများအလှကြည့်ရတာပေါ့ဘုရား"

"သဘာဝခြင်္သေ့ရုပ်ကို အလှကြည့်ချင်တာဖြင့် မန္တလေးက ဘုရားကြီးမြောက်ဘက်မုခ်ကို သွားကြည့်နိုင်ပါတယ်။ ဘုန်းကြီးတို့ကျောင်းတိုက်မှာတော့ ဒါလောက်တန်ဖိုးများပြီး လူတစ်ယောက်မျှ အရိပ်မရိ မနားရတဲ့ ဒကာကြီးရဲ့ သဘာဝ ခြင်္သေ့နှစ်ကောင်ကို မလုပ်ချင်ပါနဲ့ ဒကာကြီးရယ်။"

"ဒါဖြစ်ရင် တပည့်တော်တို့ ဘာဆောက်လုပ်လှူရမလဲဘုရား။ တပည့်တော်တို့ အလှူဒါနပြုချင်လို့ပါ။"

"သည့်လိုဆိုရင်မင်းကွန်းမှာကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကလေးတစ်ခုရှိတယ်။ အဲဒီအဆောက်အအုံကလေးကို ကျေးရွာက စုပြီးတော့ ဝါးထရံကာ၊ သက်ငယ်မိုးနဲ့ ဆောက်လုပ်ထားတယ်။ မကြာမီ ခြစားဖြစ်ပြီး ပြိုပျက်တော့မယ်။ စံချိန်မီ ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံတစ်ခု ခိုင်ခိုင်ခံ့ခံ့ဆောက်လုပ်လှူဒါန်းရင်အလွန်သင့်မြတ်မယ်။ကျေးရွာလူထုကျန်းမာရေးအတွက် အထူးအကျိုးများမယ် ဒကာကြီး။"

ဤတွင် ဆရာတော်ကြီး၏ ညွှန်ပြဆုံးမချက်ကို ဝမ်းမြောက်ဝမ်းသာနှစ်သက်လက်ခံကာ ကျောင်းဒကာဇနီးမောင်နှံသည် အုတ်ပတ်ကား၊သွပ်မိုး၊သစ်မာတို့ဖြင့် ထိုခေတ်ကျပ်ငွေ ၃၀၀၀၀ (သုံးသောင်းကျော်)တန် စံချိန်မီ ကျေးလက်ကျန်းမာရေး ဆေးပေးဌာန အဆောက်အအုံကို အခိုင်အခံ့ ဆောက်လုပ် လှူဒါန်းခဲ့ပေသည်။

***- မင်းယုဝေ၊ ၂၀၁၉-ခုနှစ်၊ မေလထုတ် မြတ်မင်္ဂလာ စာ-၅၇။***

# အလုပ်လုပ်ပါ

***A man is a worker. If he is not that he is nothing.***

လူသည် အလုပ်လုပ်သူဖြစ်သည်။ *- Joseph Conrad*

အလုပ်လုပ်သူမဟုတ်လျှင်သူသည်ဘာမှမဟုတ်သူသာဖြစ်သည်။

***- ဂျိုးဇက် ကွန်းရက်(၁၈၅၇-၁၉၂၄)***

***(ပိုလန်လူမျိုးအင်္ဂလိပ်ဘာသာဖြင့်ရေးသောစာရေးဆရာ)***

***- ၂၀၁၉-ခုနှစ်၊ မေလထုတ် မင်္ဂလာမောင်မယ် စာ-၅၂။***

# မှားယွင်းတဲ့သူကိုဝေးဝေးကရှောင်



မှားယွင်းတဲ့အယူရှိတဲ့ပုဂ္ဂိုလ်နားမှာ
သူပြောမယ့် မှားယွင်းတဲ့စကားတွေ မကြားမိအောင်
သူ့စကားတွေနားမထောင်မိဖို့
သူ့ကို ဝေးဝေးက ရှောင်ရမယ်။

***-ဒေါက်တာနန္ဒမာလာဘိဝံသ။***


မဟုတ်မမှန်
တာတွေကို
ဖုံးဖိကာဟာသဆွဲရွေ
လုပ်ထားဟာလည်း
မုသာဝါဒထဲပါတယ်...
ဟဲ...ထုတ်


ငှက်လေးပါရှာ မျှသန်းခွင့်မြှ ရိုက်သည်ပါ။

# မေတ္တာထားက ကောင်းကျိုးရ

စာရေးသူ၏ မိတ်ဆွေတစ်ဦးဖြစ်သော ဦးနောင်ဆိုသူသည် သတ္တဝါလေးများအပေါ် လွန်စွာမှသနားကြင်နာ မေတ္တာထားတတ်သူဖြစ်သည်။

ဦးနောင်သည် ဈေးထဲတွင် ငါးအရှင်လေးများ၊ လိပ်အရှင်လေးများ၊ ငှက်အရှင်လေးများကိုတွေ့လျှင် နိုင်သလောက်ဝယ်ပြီး ကျိုက်ပေါလော မုဲ့ရှင်တော်ဘုရားဝင်းထဲတွင်ရှိသော ငါးကန်ထဲသို့ လွှတ်ပေးလေ့ရှိ၏သည်။ ဤသို့ပြုလုပ်သည်မှာ အကြိမ်ကြိမ်အခါခါ ဖြစ်သည်။

တစ်ခါတွင် ဦးနောင်၏အိမ်နီးချင်းအိမ်တစ်အိမ်တွင် မွေးထားသော ခွေးကလေးတစ်ကောင်သည် မြေးလွှားဆော့ကစားရင်း အိမ်သာတွင်းထဲသို့ ကျသွားသည်။ အိမ်သာတွင်းမှာ မြေဖို့ထားသော်လည်းမြေကြီးပျော့နေသောနေရာမှ ကျသွားခြင်းဖြစ်သည်။

ခွေးပိုင်ရှင်အစ်မကြီးကလည်း "ကျွန်မခွေးကလေးကို ကယ်ကြပါဦးရှင်" ဟုပြောပြီး ငိုနေပါသည်။ ခွေးကလေးအပေါ် မေတ္တာထား သနားတတ်သော ဦးနောင်က "**အစ်မကြီးခွေးကို ကျွန်တော်ကယ်မယ်**"ဟုပြောလိုက်ပါသည်။

အိမ်နီးချင်းများက ဦးနောင်အား "ဖြစ်ပါ့မလား"ဟုစိုးရိမ်စွာ ပြောဆိုနေကြသည်။

ဦးနောင်သည် အိမ်နီးချင်းများ၏ အကူအညီဖြင့် ဝါးလှေကား ရှည်ကြီးတစ်ခုကို အိမ်သာကျင်းထဲသို့ ချစေပါသည်။ ပြီးလျှင် ဦးနောင်သည်ကြိုးတစ်ချောင်းကိုယူပြီး ကွင်းလုပ်၍ အိမ်သာကျင်းထဲသို့ လှေကားအတိုင်းဆင်းသွားပါသည်။

ဤသို့ဆင်းနေစဉ် ခွေးလေး၏အသက်ကို ကယ်နိုင်ပါစေဟု ဆုတောင်းနေမိသည်။ ခွေးလေးမှာလည်း ရှန်းလေ၊နစ်လေဖြစ်နေပါသည်။ ဦးနောင်သည် ခွေးအနီးရောက်ရန် တစ်ပေခန့်အလိုတွင် ကြိုးကွင်းကို ခွေးလေး၏ဦးခေါင်း၌ မရရအောင် ခဲရာခဲဆစ် စွပ်ပေးလိုက်ပြီး အပေါ်တွင် ရှိသောသူများအား "ဆွဲတင်တော့" ဟုအော်ပြောလိုက်ပါသည်။ ခွေးကလေးကို ဆွဲတင်ကြရာ ခွေး၏ကိုယ်မှ မစင်များသည် ဦးနောင်တစ်ကိုယ်လုံး ပေကျံသွားပါသည်။ ခွေးပိုင်ရှင် အစ်မကြီးသည် ဦးနောင်ကို ကျေးဇူးတင်မဆုံးဖြစ်နေပါသည်။

**ဦးနောင်သည် သတ္တဝါလေးများ၏အသက်ကိုကယ်တင်ခဲ့သည့် မေတ္တာစေတနာတို့ကြောင့်အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသော်လည်း သေကံမရောက်**

**သက်မပျောက်ခဲ့ရခြင်းဖြစ်သည်။**

ဦးနောင်သည် ဆပ်ပြာကို အခါခါတိုက်ပြီး ရေချိုးသော်လည်း စိတ်ထဲ မသိုးမသန့်ဖြစ်နေသည်။ ထိုမသိုးမသန့်ဖြစ်နေသည့်စိတ်ကို ခွေးလေး၏ အသက်ကို ကယ်နိုင်ခဲ့၍ ဝမ်းသာပီတိဖြစ်နေသည့်စိတ်က အနိုင်ယူ ပျောက်ပျက်စေခဲ့သည်။

ဦးနောင်သည် တစ်ပါးသူများအပေါ်၌လည်း အားနာတတ်သူ၊ သူတစ်ပါး၏ လိုအင်ဆန္ဒကိုလည်း အလွန်ဖြည့်ဆည်းပေးချင်သူတစ်ဦး ဖြစ်သည်။ ယောက္ခမ၏ အိမ်သို့အလည်ရောက်နေနိုက်တွင် ယောက္ခမဖြစ်သူက သားဖြစ်သူအား "**အမေ့ကို အုန်းသီးတက်ခူးပေးစမ်းပါကွယ်**"ဟု ပြောနေသံကို ဦးနောင်ရေချိုးမည့်နေရာမှ ကြားရပါသည်။

သားဖြစ်သူသည် အချိန်အတော်ကြာသည်အထိ အုန်းသီးတတ်ခူးခြင်း မပြုသည့်အတွက် ဦးနောင်သည် အုန်းပင်မတက်ဖူးဘဲနှင့် 'တက်ခူးပေးလိုက် ပါမယ်လေ'ဟုတွေးကာ အိမ်နောက်ဖီးဖိုခန်းမှ ဓါးတစ်ချောင်းခါးထိုးပြီး အုန်းပင် ပေါ်တက်သွားပါတော့သည်။

အုန်းပင်ပေါ်ရောက်ပြီး အုန်းလက်တစ်ခုကို လှမ်းဆွဲလိုက်ရာ အုန်းလက် ပြုတ်ပြီး အုန်းလက်ရော၊ လူပါ မြေပြင်ပေါ်သို့ ပြုတ်ကျပါတော့သည်။ အုန်းပင်နှင့်နှစ်ပေခန့်အကွာတွင် ဝါးချွန်များနှင့် ကာထားသော ခြံစည်းရိုးရှိသည်။ အုန်းပင်အောက်ခြေတွင်လည်း ကျေးငှက်များ ရေသောက်ရန်ရေထည့်ထားသည့် အိုးခြမ်းကွဲများ ရှိနေသည်။ ဦးနောင်သည် ထိုနေရာများနှင့် လွတ်ရာသို့ ကျခဲ့သည်။ ဓါးဆစ်မိုးဟသောဒဏ်ရာရ၍ ကျောက်ပတ်တီးစည်းပြီးကုသရာ ပျောက်ကင်းခဲ့သည်။

တစ်ခါကလည်း မော်တော်ဆိုင်ကယ်စီးလာရာမှ ဆိုင်ကယ်ကိုကွေ့လိုက်ရာ တစ်ဖက်မှ အရှိန်ပြင်းပြင်းမောင်းလာသောဆိုင်ကယ်က သူစီးသောဆိုင်ကယ်၏ခါးလယ် ကို ဖြတ်တိုက်ခြင်းခံခဲ့ရသည်။ သို့သော် သွေးထွက်သံယိုမဖြစ်ဘဲ ရင်ဘက်အောင့် သောဝေဒနာသာရခဲ့သည်။ ကုသ၍ပျောက်ကင်းခဲ့ပါသည်။ ဆိုင်ကယ်မှာမူ ရစရာ မရှိအောင် ပျက်စီးသွားသည်။

ဤဖြစ်ရပ်နှစ်ခုစလုံးတွင် ဖြစ်ရပ်များကို မြင်တွေ့ရသူအားလုံးတို့က ဦးနောင်ကို သေပြီဟုသာ မှတ်ယူထားကြသည်။ ဦးနောင်မှာ မသေရုံသာမက ပြောပလောက်သော ဒဏ်ရာပင် မရခဲ့သည်ကို တွေ့မြင်ကြရသည်။ အားလုံးသော သူများမှာ အံ့ဩဝမ်းသာနေကြသည်။

ဦးနောင်သည် သတ္တဝါလေးများ၏ အသက်ကို ကယ်တင်ခဲ့သည့် မေတ္တာစေတနာတို့ကြောင့် အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသော်လည်း သေကံမရောက် သက်မပျောက်ခဲ့ရခြင်းဖြစ်သည်ဟု သူ၏မိတ်ဆွေများအား ပြောပြလေ့ရှိသည်။ ဦးနောင်၏ မေတ္တာထားမှုကုသိုလ်ကံများကြောင့် အသက်ဘေးများမှ ကင်းလွတ်ခဲ့ခြင်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိပါချေ။

***–နန္ဒမွေ့(ပညာရေး–ငြိမ်း)၊ ၂၀၁၄–ဇူလိုင်၊မေလထုတ် မြတ်မင်္ဂလာစာစောင်စာ–၅၁။***



# သက်နံ့ကိုရှိသေပါ

တစ်ခုသောဇာတ်တော်၌ ဘုရားအလောင်းတော်သည် ရသေ့တစ်ပါးဖြစ်၍ ကျောင်းသခ်မ်းကလေးဆောက်လုပ်ပြီးလျှင် တစ်ပါးတည်းနေထိုင်ခဲ့၏။

တစ်နေ့သောအခါ အလောင်းတော်ရှင်ရသေ့သည် နွေရာသီအပူဒဏ်မှ သက်သာရာရစေရန် ဂင်္ဂါမြစ်သို့ ရေချိုးဆင်းလာခဲ့၏။ ကမ်းစပ်သို့ရောက်သောအခါ ဝတ်ရုံမြဲ လျှော်တေသင်္ကန်းတို့ကို ချွတ်ပြီးလျှင် ရေသနုပ်သင်္ကန်းကိုဝတ်၍ ရေထဲသို့ဆင်း၏။

အလောင်းတော်ရသေ့ ရေချိုးစအချိန်မှာပင် မြစ်ကမ်းပါးသို့ဂျုန်ငှက်တစ်ကောင် အလောတကြီးရောက်လာ၏။ မြစ်ကမ်းပါးကိုကျောပေး၍ ရေချိုးနေသဖြင့် အလောင်းတော်မှာ သူ့နောက်က မည်သူရောက်လာခဲ့သည်ကိုမသိလိုက်ပေ။ ကမ်းပါးမှနေ၍ ဂျုန်က "အို–ရှင်ရသေ့" ဟု အမောတကောခေါ်သံကြားမှ ကမ်းပါးသို့ လှည့်ကြည့်မိလေသည်။

ဂျုန်ဟူသည်မှာ ငှက်အပေါင်းတို့တွင် အကောင်အထည်အကြီးမားဆုံးဖြစ်၏။ အတောင်ပံကြီးတို့က သန်စွမ်းလွန်းလှသဖြင့် ပျံသန်းသည့်အရှိန်အဟုန်က ပြင်းထန်လှ၏။ သူတို့၏ သဘာဝအလျောက် နဂါးတစ်ကောင်ကောင်ကိုမြင်လျှင် မလွတ်တမ်း လိုက်လံဖမ်းဆီး သတ်ဖြတ်၍ စားတတ်ကြပေသည်။

ဤကဲ့သို့ အသတ်အဖြတ် အစွမ်းထက်လှသော ဂျုန်ကြီးတစ်ကောင်လုံးကို လက်တစ်ကမ်းမှာ တွေ့လိုက်ရသော်ငြားလည်း အလောင်းတော်ရှင်ရသေ့မှာ အထိတ်တလန့် ဖြစ်မသွားပါချေ။ နေ့စဉ်နှင့်အမျှ ပွားများလာခဲ့သော မေတ္တာဘာဝနာအဟုန်ကြောင့် တွေ့လာ၊ ကြုံလာလေသမျှ သက်ရှိသတ္တဝါတို့အပေါ် မေတ္တာဖြင့်လွှမ်းခြုံထားခဲ့၍ ဖြစ်ပေသည်။

ရှင်ရသေ့က မေတ္တာလွှမ်းခြုံထားသော မျက်စိတို့ဖြင့် ကြည့်ရှုနေစဉ် ဂျုန်က–

"အိုရှင်ရသေ့၊ တပည့်တော် ဆာလှပါပြီ။ အရှင်ဘုရားရဲ့ ကျောက်တေ သက်န်းအောက်က နဂါးကို စားချင်လှပါပြီ။ နဂါးကို ဖုံးအုပ်ထားတဲ့ ကျောက်တေ သင်္ကန်းကို မြန်မြန်ကြီး ဖယ်လိုက်စမ်းပါ"

ဤသို့ အလောတကြီးပြောဆိုသဖြင့် ရှင်ရသေ့က–

"အို ဂဠုန်မင်း၊ နဂါးကြီးတစ်ကောင်လုံးက ငါ့ကျောက်တေသင်္ကန်းအောက် ဝင်ပုန်းနေလို့ လုံပါ့မလား။ အခုတော့ အမြီးစွန်းကလေးမျှ ပေါ်မနေပါလား"ဟု တုံ့ပြန်လိုက်ရာ–

"အရှင်ဘုရား၊ နဂါးက ပတ္တမြားယောင်ဆောင်ပြီး သင်္ကန်းကြား ဝင်ပုန်း နေတာဘုရား။ သူနဲ့ တပည့်တော်တို့နှစ်ဦးစလုံး လူယောင်ဆောင်ပြီးတော့ ဗာရာဏသီမြို့တော်က ပွဲတစ်ခုကို ဝင်ကြည့်ခဲ့ကြတယ်။ပွဲကြည့်နေတုန်းမှာသူက အမှတ်တမဲ့နဲ့ တပည့်တော်ရဲ့ ပခုံးပေါ်မှာ လက်တင်ခဲ့တယ်။ တပည့်တော် လှည့်ကြည့်လိုက်တော့ သူ့ကို နဂါးမှန်းသိလိုက်တယ်။ သူကလည်း တပည့်တော် ကို ဂဠုန်းမှန်းသိသွားလို့ လွတ်ရာလွတ်ကြောင်း ပြေးသွားရင်း အရှင်ဘုရားရဲ့ ကျောက်တေသင်္ကန်းအောက်မှာ ပတ္တမြားယောင်ဆောင်ပြီး ဝင်ပုန်းနေတာပါ။ သူပုန်း နေတာကို သိပေမယ့် တပည့်တော်က အရှင်ဘုရားရဲ့ ကျောက်တေသင်္ကန်းကို ရိုသေလေးစားတာကြောင့် ကိုယ့်လက်နဲ့ မဖယ်ရဲတာပါဘုရား။"

နဂါးမြင်လျှင် အလွတ်မပေးတမ်း ဖမ်းစားခဲ့သောဂဠုန်၏ ဤသို့သော လျှောက်တင်စကား ကြားရသည်တွင် အလောင်းတော်ရှင်ရသေ့က ဂါထာတစ်ပုဒ် ကို ရွတ်ဆိုလေ၏။ ထိုဂါထာ၏သဘောအဓိပ္ပါယ်မှာ –

**"အို–ဂဠုန်မင်း၊ သင်သည် ဆာလောင်မွတ်သိပ်နေပါလျက် ကျောက်တေ သင်္ကန်းကို ရိုသေလေးစားသည့်အတွက် ကျောက်တေသင်္ကန်းအောက်က နဂါးကို မစားဝံ့ပေ။ ကျောက်တေသင်္ကန်းကို လေးလေးစားစား စောင့်ရှောက်ထားသော ကြောင့် သင်သည် အသက်ရှည်ပါစေသတည်း။ နတ်တို့၏ အစားအစာ တို့လည်း ရောက်လာကြပါစေသတည်း"** ဟူ၍ ဖြစ်ပေသည်။

ဤသို့ပြောဆိုပြီးလျှင် အလောင်းတော်ရှင်ရသေ့သည် နဂါးနှင့်ဂဠုန်တို့ကို ကျောင်းသခမ်းသို့ ခေါ်ယူ၍ မေတ္တာဘာဝနာ ပွားများရေးတရားများ ဟောကြား၏။ နဂါးနှင့်ဂဠုန်တို့ကလည်း ရှင်ရသေ့၏ တရားစကားကို အားရကျေနပ်သဖြင့် အချင်းချင်း မေတ္တာပွားကာ အသက်ထက်ဆုံးနေထိုင်ခဲ့ကြလေသည်။

***(ငါးရာငါးဆယ်၊ ဒုကနိပါတ်၊ ၁၉၁၀၊ ဥရဂဇာတ်)***

**– ဓမ္မာသိန္ဓု–၂၀၁၅–ခုနှစ်၊ မေလထုတ် မင်္ဂလာမောင်မယ် စာ–၆။**

**မှတ်ချက်။ ။ မေတ္တာတရားက ရန်သူကို မိတ်ဆွေဖြစ်စေသည်။**

## အဖေ့ မေတ္တာ

ကျွန်မတို့ငယ်စဉ်က ကလေးတိုင်း ရေကျောက်ပေါက်ကြသည်။ ရေကျောက်ဆိုသည်မှာ တစ်ကိုယ်လုံး အရည်ကြည်ဖုများ ထွက်ခြင်းဖြစ်သည်။ ရေကျောက်ပေါက်လျှင် မိဘများက ရေနိုင်နိုင်ချိုးပြီး သနပ်ခါးခြေဆုံးခေါင်းဆုံး လူးပေးလိုက်ပါက ရက်မကြာမီပျောက်သွားတတ်ကြသည်။

ကျွန်မသည်လည်း အခြားကလေးများနှင့်တူ ရေကျောက်ပေါက်ပါသည်။ တစ်ကိုယ်လုံးသာမက မျက်စိထဲအထိပင် ဝင်ပေါက်လေသည်။ ရေကျောက်ကြောင့် ကျွန်မ၏မျက်စိမှာ ပြည်သဖွယ်မျက်ဝတ်များဖြင့် ပိတ်နေလေသည်။နေ့စဉ် အမေက ရေနွေးဝတ်ဖြင့် သုတ်ပေးမှ မျက်စိဖွင့်၍ ရလေသည်။

သို့ဖြင့် မျက်စိကို ဆေးမြီးတိုများဖြင့် ကုသလာရာ တစ်ပတ်ခန့်ကြာသည်အထိ မပျောက်နိုင်သေးပေ။ အိမ်လာလည်သော ဧည့်သည်တစ်ဦးက **"သမီးမိန်းကလေးဆိုတော့ မနက်အိပ်ယာထစဉ် အဖေက လျှာနဲ့လျက်ပေးရင် ပျောက်တယ်"**ဟု ပြောသွားလေသည်။

ကျွန်မအဖေက ရဲဝန်ထမ်းဖြစ်၍ ညဘက်ကင်းလှည့်ပြီးနောက် အိမ်သို့ပြန်လာတတ်သည်။ နောက်နေ့မနက်တွင်မှ ဧည့်သည်ပြောသွားသည်ကို ဖမေက ပြောပြရာ ချက်ချင်းပင် "အေးအေး"ဟုပြောပြီး အဖေက ကျွန်မ၏မျက်နှာကို လျှာဖြင့်လျက်ပေးလေသည်။

ကျွန်မမှာ အမေ့ပေါင်ပေါ်တွင် တွန့်လိမ်ရင်း **"ဟင်းအင်း မလျက်နဲ့၊ အဖေကြီးလျှာက မူမူကြီး နံ့တယ်"**ဟု အော်နေလေသည်။ အဖေကတော့ ကျွန်မကို အတင်းချုပ်ပြီး တစ်ချက်ပြီးတစ်ချက်လျက်ပေးနေသည်မှာ မရပ်မနားပင်၊ ကျွန်မကရုန်း၊ အဖေကလျက် ဒီလိုနဲ့ မျက်စိထဲ၌ မျက်ဝတ်များမရှိတော့မှ အဖေက ကျွန်မကို လွှတ်ပေးလေသည်။ အဖေကျွန်မမျက်စိကို လျက်ပေးနေစဉ် မျက်စိထဲမှ မျက်ဝတ်များကို မထွေးဘဲ မျိုချပစ်လိုက်သည်ကိုလည်း အဲ့ဒီအချိန်က ကျွန်မမသိ ကျွန်မသိတာက အဖေ့လျှာကို နံ့နေတာပင်။

အဖေ့မေတ္တာကြောင့်ဟု ထင်ပါသည်။ ကျွန်မမျက်စိတွင် ပေါက်နေသော ရေကျောက်မှာ မကြာခင်အတွင်း ပျောက်ကင်းသွားလေသည်။ ကျွန်မ အခုအချိန်မှ တွေးမိသည်မှာ ကျွန်မရဲ့မျက်စိထဲကို မရွံ့မရှာဘဲ လျှာဖြင့်လျက်ပေးခြင်းမှာ သားသမီးအပေါ်ထားရှိသည့် ကြီးမားသောဖခင်မေတ္တာကြောင့်ဟူ၍။

(ဖြစ်ရပ်မှန်ဖြစ်ပါသည်။ ဤစာစုဖြင့် ဝေဘာဂီရဲစခန်းမှ ဖေဖေဦးဝင်းရီ (အငြိမ်းစား)ကို ကန်တော့လျက်)

\- *ကြူကြူ၊ ၂၀၁၄-ခုနှစ်၊ မေလထုတ် မင်္ဂလာဆောင်မယ်၊ စာ-၄၀။*

**ကိုယ်လုပ်မှ ကိုယ်ရ**

လူကအိပ်နေရင် ဘုန်းကံကလည်း အိပ်နေတတ်တယ်။ လှုန်းမှဘုန်းကံက လူးလွန့်ထလာတယ်။ ဒါပေမဲ့ ကြိုးကြိုးစားစား ဆုံးခန်းတိုင်ရောက်အောင် တကယ်အလုပ်လုပ်ပြီဆိုပါမှ ထိုဘုန်းကံ က အပြည့်အဝ အကျိုးပေးတော့တယ်။

အလကားနေရင်တော့ ဘုန်းတွေ၊ ကံတွေ ကောင်းလာမယ် မထင်နဲ့၊ ကိုယ်လုပ်မှ ကိုယ်ရတာမျိုးပါ။

–(မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ ဆုံးမဩဝါဒများစာအုပ်မှ)

–. ၂၀၁၅–ခုနှစ်၊ မေလထုတ်၊ မင်္ဂလာမောင်မယ် စာ–၁၃။

# လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့

ထွန်းဝေနှင့် အောင်ပန်းတို့သည် တစ်ရွာတည်းနေ အိမ်နီးချင်းများဖြစ်ကြသည်။ ရွာရှိ မူလတန်းကျောင်းတွင် အတူတက်နေကြသည်။ ကျောင်းသွား၊ ကျောင်းပြန်တွင် အတူသွားတတ်ကြသည်။ ထွန်းဝေသည် အလွန်အနောက်အပြောင်သန်သူဖြစ်သည်။ အတန်းထဲရှိ မိန်းကလေးများ၏ ထိုင်ခုံထဲတွင် ပုတ်သင်ညိုများ၊ ကင်းကလေးများကို ထည့်ထားတတ်သည်။ မိန်းကလေးများ ကြောက်လန့်တကြား အော်ဟစ်သည့်အခါ သူအလွန်သဘောကျနေတတ်သည်။

အတန်းဖော်များ မတ်တတ်ရပ်ပြီး ပြန်အထိုင်တွင် ခုံကိုနောက်သို့ ဆွဲလိုက်သဖြင့် လဲကျသွားသည်လည်းရှိတတ်သည်။ ကျောင်းသွား၊ ကျောင်းပြန်တွင် ခွေးများကို ခဲဖြင့်ပစ်သောကြောင့် သူ့ကိုတွေ့လျှင် ခွေးများဟောင်တတ်သည်။ ခွေးများလိုက်သဖြင့် အောင်ပန်းပါ ရောယောင်၍ ပြေးရသည်လည်းရှိသည်။ သူ၏အပြုအမူများကြောင့် တစ်ပါးသူများ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ ဆရာကြီးက အပြစ်ပေးသော်လည်း လုပ်မြဲတတ်သူဖြစ်သည်။ အရပ်ထဲတွင်လည်း သူ၏မိဘများသည် ထွန်းဝေကြောင့် မကြားဝံ့ စကားများကြားရသည်။

တစ်နေ့တွင် ထွန်းဝေနှင့်အောင်ပန်းတို့ ကျောင်းအတူသွားကြစဉ် ထွန်းဝေက ချောင်းဘေးတွင် ဆိုက်ကပ်ထားသော ဝါး၊ ဓနိလှေများကို ခဲဖြင့်ပစ်၍ပြေးပါတော့သည်။ လှေသမားများက လိုက်သောအခါ အောင်ပန်းကိုသာ မိသွားတော့သည်။

လှေသမားများက "ဘာကြောင့်ခဲဖြင့်ပစ်ရသလဲ" ဟုမေးပါသည်။ အောင်ပန်း



က "သူပစ်တာမဟုတ်ကြောင်း၊ ပစ်သူထွန်းဝေမှာ ပြေးပြီဖြစ်ကြောင်း" ပြောရာ လေ့သမားများက ဆရာကြီးထံသို့ သွားရောက်တိုင်ကြားကြသည်။ ဆရာကြီး ရုံးခန်းသို့ ထွန်းဝေနှင့်အတူ အောင်ပန်းပါ ရောက်သွားတော့သည်။

ထိုအဖြစ်အပျက်များကို အောင်ပန်းအဘိုး သိသွားသည့်အခါ အဘိုးက–

"<u>သူငယ်စဉ်က သောက်စားမှုးယစ်နေသူနှင့် ပေါင်းမိ၍ သူ့ကိုပါ အရက်သမားဟုအထင်ခံရကြောင်း၊ ငွေလိမ်ဖူးသည့် စပါးပွဲစားတစ်ယောက်နှင့် အတူသွားမိရာ ကြွေးရှင်ကုန်သည်တစ်ဦးက မတန်ပြော၊ မတန်ဆိုခြင်းကို လူအများအလယ်တွင် ခံရကြောင်း</u>" သူကိုယ်တိုင်ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပြန်ပြောပြပါသည်။ ထို့ကြောင့် အပေါင်းအသင်းမှားစေရန်၊ **ကိုယ့်မျှော်မှန်းချက်အတွက် ဘူထစ်ခါးစိတ် အနှောင့်အယှက်မဖြစ်စေရန်**ကိုလည်း အဘိုးက ဆုံးမစကားပြောဆိုသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် နောက်နောင် အပေါင်းအသင်းထားရာတွင် သတိထား၍ ပေါင်းသင်းပါတော့သည်။

***– ဆရာအေး(ကျုံပျော်)၊***
***၂၀၁၉-ခုနှစ်၊ မေလထုတ် မင်္ဂလာမောင်မယ်၊ စာ-၃၇။***

**အဖျော်**

မွေ့သတ်တရား၊ ရှိပါငြားလည်း
တိမ်းပါးငဲ့ကွက်၊ '**လက်ဆောင်**'ဖျက်၏။
ရဟန်းတရား၊ ကျင့်ပါငြားလည်း
တိမ်းပါးငဲ့ကွက်၊ '**လက်ဆောင်**'ဖျက်၏။
ငါးပါးသီလ၊ ကျင့်သူအားကို
စီးပွားရှုံ့ကွက်၊ '**လောဘ**'ဖျက်၏။
သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိကို
ကြီးဘိအမျက်၊ '**ဒေါသ**'ဖျက်၏။

***– တောင်ဖီလာဆရာတော်(ဖျက်စုနှစ်ဆယ်မှ)၊***
***၂၀၁၉-ခုနှစ်၊ မေလထုတ် မင်္ဂလာမောင်မယ်၊ စာ-၁၃။***

# မမေ့နိုင်သော ဆရာမ

၂၀၀၁–၂၀၀၂–ပညာသင်နှစ်။ လွန်ခဲ့သော ၁၃–နှစ်ခန့်ကဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဖောင်းပြင်မြို့နယ်တွင် နန်းပန်ဟူသော ရွာတစ်ရွာရှိသည်။ နန်းပန်ရွာတွင် ထိုအချိန်က တွဲဖက်အလယ်တန်းကျောင်း တစ်ကျောင်းရှိသည်။ အထက်ချင်းတွင်းဒေသဖြစ်သည့်အားလျော်စွာ သင်ကြား ရေးဆရာ၊ ဆရာမများ မလုံလောက်ပေ။ ကျွန်တော်တို့ အလယ်တန်းတက်ခဲ့စဉ်က အရပ်ပေး အငှားဆရာ၊ ဆရာမများဖြင့်သာ စာသင်ခဲ့ရသည်။

မှတ်မှတ်ရရ ထိုနေ့က ကျောင်းအပြင်၌ မိုးတွင်းကာလမဟုတ်ပါဘဲ မိုးက ရွာချလိုက်သည်။ မိုးသံများနှင့်အတူ ကျွန်တော်တို့အတန်းကို မြန်မာစာ ဆရာမက စာသင်နေသည်။ ဆရာမသည် စာသင်သောအခါ မြန်မာစာကို ကျောင်းသားများ စိတ်ဝင်စားအောင် သင်ကြားပေးတတ်သူဖြစ်သည်။ သူ့အမည်က **ဒေါ်ဖိုက်**။ ကျွန်တော့်ဒေါ်လေး တော်စပ်သူလည်းဖြစ်သည်။ ထိုနေ့က ကျောင်းသားများကို ဆုံးမစကားတွေ ပြောနေခဲ့သည်။

သူပြောသည့် စကားများက မှတ်သားစရာကောင်းလှပါသည်။ ဆရာမက "တပည့်တို့၊ တပည့်တို့အနေနဲ့ ဒီကျောင်းမှာနေရတာ ဒီနှစ်ဟာ နောက်ဆုံးနှစ်ပါ။ ဒီနှစ်ရှစ်တန်းအောင်ရင် အ–ထ–က၊ ဖောင်းပြင်ကျောင်းတော်ကြီးမှာ အထက်တန်း ကျောင်းသားတွေအဖြစ်နဲ့ ကျောင်းတက်ကြရတော့မယ်။ အဲ့ဒီလို သွားမတက်ရ ခင်မှာ ဆရာမအနေနဲ့ တပည့်တို့ကို မှာစရာရှိပါတယ်။

ကျွန်တော်တို့ အဌမတန်းကျောင်းသူ၊ ကျောင်းသားတွေအားလုံး ဆရာမ ပြောမည့်စကားကို နားစွင့်နေကြပါ၏။ ခဏအကြာတွင် ဆရာမက ကျောက်သင်ပုန်း ရှေ့သို့သွားပြီး ကဗျာတစ်ပိုဒ်ကို ရေးချလိုက်ပါသည်။



"မဇော်ဟာရ၊ လူ့ဘုံကျွံသို့
မြင်ကတိမ်းညွှတ်၊ ဆွတ်ဆွတ်ကြင်ဖွယ်
ဆင်းနီကာယ်ဖြင့်၊ တင့်တယ်ရှုပ်သွင်
အထွတ်တင်သည်၊ ဖြစ်ကျင်ကစား
ထွေပြားစွန်းညီ၊ ပညာရှိတို့
ဘေးတီပစွင်၊ ရောက်မည်ထင်မှု
ဆံမျှင်လေသံ၊ မပျံ့စသော
ဆိတ်ကွယ်ရာ၌ ၊ရှောင်ရှားမအား

တွေ့မြင်ငြားလည်း

လူသားစားတတ် ဘီးလူးမှတ်''

ဆရာမသည် အထက်ပါကဗျာလေးအား ရေးပြီးသောအခါ ခေတ္တ စဉ်းစားနေသည်။ ပြီးနောက် ''**အဲ့ဒီကဗျာလေးဟာ ဆရာမတို့တက္ကသိုလ်မှာ မြန်မာစာ အထူးပြုကျောင်းသားတွေ သင်ရတဲ့ကဗျာလေးပါ။ ကဗျာရေးသူက အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရပါ။**''

ဆရာမက ကျွန်တော်တို့ကို ထိုကဗျာလေးနှင့် စတင်မိတ်ဆက်ပေး လိုက်သည်။ ဆရာမက ဆက်ပြောပါသည်။

''ကဗျာရဲ့ အဓိပ္ပါယ်ကတော့ အဓိက စာသင်သား ကျောင်းသားတွေကို ရည်ရွယ်ထားတာပါ။ နတ်ပြည်က မနော်ဟရီ နတ်သမီးလေး လူ့ပြည်ကို ကျလာ သလိုပဲ၊ အလွန်လှပတဲ့ မိန်းကလေးတစ်ယောက်နဲ့တစ်ယောက်ချင်းတွေ့ရတဲ့ အချိန်တွေ ငါ့တပည့်တို့ရဲ့ ဘဝမှာ ရှိလာမှာပါ။

''အဲ့ဒီလို **နတ်သမီးတစ်မျှလှပတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဘယ် လိုမှ မရှောင်သာတဲ့ နေရာ၊ သူ့ရဲ့ဆံမျှင်လေးတွေကို လေးတိုးသွားတဲ့ အသံလေးတွေကိုတောင် ကြားရတဲ့နေရာမျိုးမှာ နှစ်ယောက်တည်း တွေ့ခဲ့ပြီ ဆိုပါစို့။ အဲ့ဒီလို တွေ့ဆုံလာရင် ဒီကောင်မလေးကို လူသားစားတတ်တဲ့ ဘီလူးမကဲ့သို့ မိမိစိတ်ထဲမှာ မှတ်ထားလိုက်ပါ။ ပြီးတော့ဖြစ်ပေါ်လာတဲ့ ချစ်ခင်တပ်မက်မှုတွေကိုစာသင်သားအရွယ်မှာ ချိုးနှိမ်ထားကြပါ** လို့ အရှင် မဟာရဋ္ဌသာရက မှာကြားထားခဲ့ပါတယ်။

''အဲ့ဒီတော့ တပည့်တို့လည်း ဆရာတော်ရဲ့ အဆုံးအမကို လိုက်နာသော အားဖြင့် စာသင်နေတဲ့အချိန်မှာ ရည်းစားမထားဘဲ စာကြိုးစားကြဖို့ ဆရာမ မှာကြားလိုပါတယ်'' ဟူ၍ ဆရာမက ကဗျာ၏အဓိပ္ပါယ်ကို ရှင်းပြပြီးတပည့်များကို ဆုံးမခဲ့ပါသည်။

ထိုသို့ဖြင့် ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် ထိုနှစ် အဋ္ဌမတန်း စာမေးပွဲကြီးကို ပျော်ရွှင်ကျေနပ်စွာ ဖြေဆိုအောင်မြင်ခဲ့ကြပါသည်။ နှစ်တိုင်းဆိုလျှင် ကျွန်တော်တို့နန်းပန်နယ်က နှစ်ချင်းပေါက်အောင်မြင်သူ တော်တော်ရှားပါသည်။ ကျွန်တော်တို့နှစ် ရောက်သောအခါမှသာ ထိုအချိန်က ကျောင်းသားဦးရေ အများဆုံး အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ အဓိကအချက်မှာ ဆရာမပြောပြခဲ့သည့် ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမကို လိုက်နာခဲ့ပြီး ကိုယ်တိုင်လည်း ကြိုးစားခဲ့မှု

ကြောင့် အောင်မြင်ခဲ့ကြသည်ဟု ယနေ့အထိ မှတ်ယူထားပါသည်။ ထို့ကြောင့် မင်္ဂလာမောင်မယ်ပရိသတ်များ ဖြစ်ကြသည့် ညီငယ်၊ ညီမငယ်များလည်း ရှင်မဟာရဋ္ဌသာရ၏ ဆုံးမကဗျာကို လိုက်နာပြီးကြိုးစားနိုင်ကြပါစေဟုတိုက်တွန်း လိုက်ရပါသည်။

*– ထွန်းနောင်(မောင်မြင့်)– ၂၀၁၅–ခုနှစ်၊ မေလထုတ် မင်္ဂလာမောင်မယ်၊ စာ–၅၉။*

## ဆရာတော်ဦးဇောတိက၏သြဝါဒ

**ဉာဏ်ပညာနည်းတဲ့သူ၊** သဘောထားသေးတဲ့သူဟာ သူများကို တစ်နည်းနည်းနဲ့ အနိုင်ရတာကို အရသာတွေ့တယ်။

**ဉာဏ်ပညာကြီးတဲ့သူ၊** သဘောထားကြီးတဲ့သူဟာ အနိုင်အရှုံး မရှိတာကိုပဲ နှစ်သက်တယ်။



## စာဆိုတော်ကြီး မှိုင်း၊ မိုး၊ ဇေတို့ရဲ့

# စာပေစိတ်ဓာတ်နဲ့ စာမဖတ်သူပပျောက်ရေးစေတနာ

**လူအများသည် စာမဖတ်၊ စာမဖတ်သောကြောင့် ပျက်ချိန်တန်ပြီဟု စွဲမှတ်ကာ ဘယ်သောအခါမှ အကောင်းထဲရောက်မလဲ၊ လွတ်မလဲဟု မေးခင် သေရာထိ ငွေတစ်ကျပ်ပေး၍ မေးကြလေသည်။ ထိုငွေတစ်ကျပ်ကို စာအုပ်ဝယ်၍ အသုံးပြုရေးက အမြဲအကောင်းထဲမှမထွက်ဘဲ အမြဲကြိုပ်စီးကြိုက်နင်းလွတ်ကျွင်း ချမ်းသာရို့ ရှိလေသည်။** *–(ဆရာကြီးပီမိုးနင်း)*

ဆရာကြီးပီမိုးနင်း၏ စာပေသြဝါဒကိုကျွန်တော်အကြွင်းမဲ့လက်ခံယုံကြည်မှုနဲ့ အတူ အချိန်ဖြုန်းနေကြသော "**ဖုန်းဂိမ်းကစားနေကြသူများ**"ကို တွေ့ပြီး သနား နေမိပါသည်။ လောကကြီးမှာ အစားထိုး၍မရသောအရာမှာ "**အချိန်နှင့်မိဘ**" ဖြစ်ကြသည်ကို သူတို့မသိကြလေရော့သလားဟုလည်း စဉ်းစားနေမိပါသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ငွေကုန်ကြေးကျခံ၊ လူအပင် ပန်းခံပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တက်ရေး အတွက် စာမဖတ်သူပပျောက်ရေး နှိုးဆော်ချက်ကို ထုတ်ပြန်ကာ စာပေရေချမ်းစင် များအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း အချည်းနှီး ဖြစ်အောင် အနှောင့်အယှက် ကဖျက်ယဖျက်ပြုနေကြသယောင်ပြုမူနေကြသူများ ကာ တစ်နေ့တစ်ခြား ပွားများလာကြသည်။

"**စာအုပ်စာပေ လူ့မိတ်ဆွေ**"ဟူသော ဆောင်ပုဒ်အစား "**ဖုန်းမျိုးအထွေထွေ လူ့မိတ်ဆွေ**"ဟူ၍ ပြောင်းလဲရတော့မည့် ကိန်းဆိုက်နေလေသည်။ "ဆရာ မြသန်းတင့်"က မြိတ်ဘက်မှာ ဆိုင်ကယ်တွေပေါ်များခေတ်စားတဲ့ အချိန်တုန်းက "**ဟွန်ဒါယဉ်ကျေးမှု**"ဟု တင်စားခဲ့သည်နှင့် ယခုမျက်မှောက်ခေတ်ကာလမှာတော့ "ဖုန်းရှိုင်းစိုင်းသောင်းကျန်းမှု"ဟု ကျွန်တော်ရှုတ်ချနေချင်စိတ်ပြင်းပြနေပါသည်။

ကားပေါ်မှာ၊ ရထားပေါ်မှာ၊ သင်္ဘောနှင့်သင်္ဘောပေါ်မှာ တခြားခရီးသွားတွေကို ကူညီရိုင်းပင်းမှုမရှိကြတော့ဘဲ လူ့ယဉ်ကျေးမှုလျော့နည်းလာကြသည်။ လေယာဉ် ပေါ်မှာ ဖုန်းအသုံးပြုခွင့်တားဆီးထား၍ သက်သာနေသေးသည်။ စာအုပ်စာပေ လူ့မိတ်ဆွေအစား လက်ကိုင်ဖုန်းကိုယ်စီဖြင့် ဂိမ်းကစားနေကြသည်။ စတိုင်လ် တစ်ခွဲသား၊ ဟန်ရေးတပြပြဖြင့် မာန်ကြွဝင့်ကြွားနေကြသည်။ မမြင်ဖူးကြသော ဖူးကို မြစ်ထင်နေကြသည်။ ထို့ကြောင့် ရုံးဌာနတွေမှာ ရုံးတက်ချိန်မှ ရုံးဆင်း

ချိန်အထိ ဖုန်းတွေကို သိမ်းဆည်းထားကြရသည်။ အရေးပေါ်ခေါ်မှ ဆက်သွယ်ခွင့်ပေးကြသည်။

"အခုလို ဖုန်းဂိမ်းကစားနေကြတာ ဘာများအကျိုးအမြတ်ထွက်သလဲ"ဟု ကျွန်တော် လူငယ်လူရွယ်အချို့ကို လေ့လာမေးမြန်းခဲ့သည့်အခါ "ဘာအကျိုးအမြတ်မှ မရပေမယ့် လိုင်းကားစီးရင်း ကားတွေပိတ်ဆို့နေချိန်မှာ အချိန်ကုန်မှန်းမသိဘူး။ စိတ်မလေဘူး။ အပျင်းပြေတယ်။ ခေတ်မီတယ်။ စတိုင်လ်ရှိမှစတားဖြစ်တယ်"ဟု ဖြေကြားခဲ့ကြသည်။

ဂိမ်းကစားမှ ခေတ်မီသတဲ့လား။ သနားစရာကောင်းလွန်းလှပါဘိ။ နိုင်ငံတကာမှာ ဘယ်ခရီးပဲသွားသွား လာလာ၊ စာအုပ်နဲ့မျက်နှာမခွာကြသည်ကို ခေတ်မီပါတယ်ဆိုသော ဖုန်းဂိမ်းကစားသူတွေ၊ စာမဖတ်၊ စာမတတ်၊ ဗဟုသုတကင်းမဲ့နေကြလေတော့ မသိရှာကြ။ **တကယ်တော့ ခေတ်မမီကြဘဲ ခေတ်နောက်ကျနေကြခြင်းပင်တည်း**။

၁၇-၁၈ ရာစုဝန်းကျင်ကာလက အင်္ဂလိပ်လူမျိုးများသည် ကိုလိုနီနယ်ချဲ့စိတ်ဓာတ်ဖြင့် တစ်ကမ္ဘာလုံးကို လွှမ်းမိုးအုပ်ချုပ်ရန် ရည်သန်ပြင်းပြခဲ့သည်။ သူ၏အင်ပါယာကြီးကျယ်ပြန့်လာသည်ကို လက်မထောင် ကြွေးဝါးပြီး ဂုဏ်ယူဝင့်ကြွားနေခဲ့ကြသည်။ သို့သော် ထိုအင်ပါယာကြီး ရေရှည်တည်တံ့နိုင်မြဲရေးအတွက် တိုးတက်ရာတိုးတက်ကြောင်းကိုကား သတိလစ် မေ့လျော့နေကြသည်။ အောင်ပွဲကို ယစ်မူးနေကြသည်။ **တိုင်းပြည်တစ်ပြည်တိုးတက်ဖွံ့ဖြိုးပြီး ရေရှည်တည်တံ့နိုင်မြဲရေးမှာ ကမ္ဘာရေးရာ၊ လောကီရေးရာအကြားအမြင်ရှိကြဖို့လိုသည်**ကို ပညာရှိ သတိဖြစ်ခဲဆိုသလို သတိလစ်နေကြလေသည်။ ဤသည်ကို အင်္ဂလိပ်လူမျိုး၊ နိုင်ငံရေးတွေးခေါ်ရှင် ဝှန်ရပ်စ်ကင်းက ရေရှည်အရေးကို မျှော်တွေးပြီး အချိန်မီသတိပေးခဲ့သည်။ "**အင်္ဂလိပ်လူမျိုးတွေ စာဖတ်အား၊ စာမှတ်အား လျော့နည်းသွားလျှင် ကိုယ်စံအားလျော့နည်းပြီး ကျရှုံးသွားနိုင်သည်။ ဒါကြောင့် စာများများဖတ်ရှုမှတ်သားကြပါ။ ဗဟုသုတများများအောင် ကြိုးစားကြပါ**"ဟု နှိုးဆော်မီးမောင်းထိုးပြခဲ့သည်။ သူသတိပေးခဲ့သဖြင့် နောင်တရခဲ့ကြပြီး အချိန်မီ စာဖတ်ကျင့် လုပ်ခဲ့ကြသည်။ စာဖတ်အား၊ မှတ်အား ကောင်းလာခဲ့ကြသည်။ ဗဟုသုတတွေ တိုးပွားများပြားလာခဲ့ကြသည်။ ယခုဆိုလျှင် အင်္ဂလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စာဖတ်အား၊ စာမှတ်အား အကောင်းဆုံးနိုင်ငံဖြစ်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်မှာ ဂုဏ်ဝင့်ထည်သော နိုင်ငံကြီးတစ်နိုင်ငံအဖြစ် ရပ်တည်နေလေသည်။ ဤနေရာမှာ ကျွန်တော်ခံစားမှုအပြည့်ဖြင့် ရှေးဟောင်းစာဆိုတော်

များ၏ အဆိုအမိန့်ဩဝါဒတွေကို ပြန်လည်ဆင်ခြင်စဉ်းစားမိလာသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က "**ဆရာကြီးဖေယျ**" ရေးသားခဲ့သော "**ဖတ်လည်းဖတ်၊ မှတ်လည်းမှတ်**"ဟူသော ဆောင်းပါးကို သတိရမိပြီး ပြန်ရှာတော့ ဝမ်းချောင်းမြို့နယ်မှ ထုတ်ဝေခဲ့သော "**စမ်းမြသီတာမဂ္ဂဇင်း**"တွင် ရှာတွေ့သည်။

ထိုဆောင်းပါးထဲမှ ဆရာကြီးဖေယျ၏ အဆိုအမိန့်ဩဝါဒမှာ "လောကဋ္ဌ ဆင်းရဲသည်၊ အောက်ကျနောက်ကျဖြစ်ရသည်များမှာ ဗဟုသုတမရှိကြသောကြောင့်ဖြစ်ကြောင်း၊ ရန်သူအမျိုးမျိုး ဝန်းရံလျက်ရှိသော လူ့ဘဝအတွက် ဗဟုသုတသည် အကာအကွယ်ဖြစ်ကြောင်း၊ ဗဟုသုတဆိုသည်မှာ တဆင့်စကားကြောင့်သိရသော "**သုတ**"၊ မျက်မြင်ကြုံတွေ့ရသော "**ဒိဋ္ဌ**"၊ ကိုယ်တွေ့ခံစားကြရသော "**မုတ**"ဟူ၍ သုံးမျိုးရှိကြောင်း၊ ထိုသုံးမျိုးအနက် တဆင့်စကားကြားရသော "**သုတ**"ထက် ကိုယ်တွေ့"**မုတ**"က ပို၍ကောင်းကြောင်း၊ သို့သော် ဗဟုသုတရလိုကြသူများအနေဖြင့် ကိုယ်တွေ့မျက်မြင်မှုလောက်ဖြင့်မပြည့်စုံနိုင်။ တဆင့်စကားများကိုသာ အများဆုံးအားကိုးကြရမည်ဖြစ်ရာ တဆင့်စကားမှုပါရှိသော စာအုပ်များကိုပင်ဖတ်ရှုမှတ်ယူကြရမည်ဖြစ်ကြောင်း၊ ဘယ်လောက်ပင် ဘဟိရကိစ္စများသောသူ ဖြစ်စေကာမူ အားလပ်သောအချိန်ကလေးများ ရနိုင်ကြသည်ဖြစ်ရာ ထိုအချိန်ကလေးမှာ အတင်းအဖျင်းစကားပြောကြနေကြမည့်အစား၊ အလကားငေးမောနေကြမည့်အစား စာကိုတစ်ပုဒ်စ၊ တစ်ခန်းစဖတ်ရှုနိုင်ကြောင်း၊ အရေးကြီးသည်မှာနည်းသည်များသည်မဟုတ်ဘဲ ဖတ်မိသမျှမှတ်မိရန်လိုကြောင်း၊ နားလည်ရန်လိုကြောင်း၊ ဖတ်မိသော်လည်း မမှတ်မိ၊ မှတ်မိသော်လည်း နားမလည်လျှင် ကြက်တူရွေးစကားတတ်၍ မျောက်ဖိုးစိန်ကသသကဲ့သို့သာ ရှိနေမည်ဖြစ်ကြောင်း၊ ဗဟုသုတလိုလျှင် စာဖတ်ရမည်ကို မကြောက်နှင့်။ ဖတ်နိုင်သလောက်သာ ဖတ်၊ မှတ်နိုင်သလောက် မှတ်ပါ။ တစ်နေ့လျှင် တစ်ခုမှတ်ပါက ၃၆၅ ရက်၊ တစ်နှစ်ကြာလျှင် ၃၆၅ ခုမှတ်မိကာ ၁၀–နှစ်ကြာလျှင် ပညာရှိကြီးတစ်ဦးဖြစ်နိုင်ကြောင်း"ဟူ၍ပင်။ "**စာပေတက်ကျမ်း**"ဟူက မမှားပေ။ အလွန်မှန်ကန်ပြီး တန်ဖိုးရှိလှသော ဩဝါဒလမ်းညွှန်ချက်ပင် ဖြစ်သည်။ ဆရာကြီးဖေယျသာမက ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဆရာကြီးပဲမိုးနင်းတို့ကလည်း ထပ်တူကျသော သဘောထားဖြင့် လမ်းညွှန်သမှုပြုခဲ့ကြပါသေးသည်။

**"လူကို စိတ်က အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးကို ဖတ်ကြကုန်လော့။**

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက စာမပြတ်ဖတ်ကြဖို့ သီးခြားအမှတ်တရ ဆောင်းပါးရေးသားခဲ့သည်ကိုလည်း ကျွန်တော်အမှတ်ရနေပါသေးသည်။

ကျွန်တော် အထက်တွင် ဆိုခဲ့ပါသည်။ လူ့လောကကြီးမှာ အစားထိုး၍ မရသောအရာမှာ "**အချိန်နှင့်မိဘ**"ဖြစ်ရာ အချိန်ဖြုန်းနေကြသူများ စဉ်းစားကြစေချင်ပါသည်။ ငွေကုန်လျှင် အချိန်မရွေးပြန်ရှာ၍ရနိုင်သော်လည်း အချိန်ကုန်လျှင် ထိုအချိန်ကို မည်သည့်နည်းနှင့်မျှ ပြန်မရနိုင်တော့ပေ။ အသက်အရွယ် အိုမင်းရင့်ရော်မှ လူငယ်ဘဝကို ပြန်မရနိုင်တော့ပေ။ ဤသည်တို့ကို အသိ၊ သတိရှိကြစေချင်ပါသည်။

ဆရာကြီးပီမိုးနင်းက ဆက်၍ လမ်းညွှန်ထားပါသေးသည်။ "**တကိုဖတ်တတ်ဖို့ရန် စာဖတ်ရခြင်းမဟုတ်။ တတ်ဖို့၊သိဖို့၊လိမ္မာညဏ်ရင့်သန်ဖို့ရန် ဖတ်ရလေသည်။ လူတို့သည် ကိုယ်တွေ့ဖြင့် ဘယ်အလုပ်၊ ဘယ်အကြောင်းအရာကိုမျှ ကုန်စင်အောင်မသိ။ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သော လူပေါင်းများစွာတို့၏ အသိတွေ၊ အတွေးတွေကို စုထားသော စာအုပ်များကို ဖတ်မှသာ လုံလောက်သော အသိကို ရနိုင်လေသည်။ စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေရာမှာရပ်၏။ စာဖတ်သူမှာ မရပ်။ သေမှသာ ရပ်ပေလိမ့်မည်**"ဟု လမ်းညွှန်ထားရာ ထာဝရသစ္စာတရားပင်။ ဆရာကြီးဖေယျ၏ ဩဝါဒနှင့် ထပ်တူကျနေပါသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟူသော ဆောင်ပုဒ်ကား ဘယ်သောအခါမျှ ရိုးအီမသွားသင့်ဂပ။ စာပေ့ကျေးဇူးအထူးထူးကို မြန်မာမှာရော၊ ကမ္ဘာမှာပါ ရှိနေကြသည်ဖြစ်ရာ လက်လှမ်းမှီသမျှ လေ့လာမှတ်သားကျင့်သုံးကြစေချင်ပါသည်။

အချိန်ဖြုန်း၊ ဖုန်းဂိမ်းကစားနေကြသူများကား ကျွဲပါးစောင်းတီး အချည်းနှီးဖြစ်နေမှာ သေချာပါသည်။ သူတို့ဘဝကတော့ တိုးတက်မှုရပ်တန့်၊ အသိဉာဏ်အားနည်း၊ ဆင်းရဲဒုက္ခရောက်ကြမှ ခလုတ်ထိ အမိတကိန်းဆိုက်ရောက်ကုန်ကြပေလိမ့်မည်။

သူတို့တစ်ဦးချင်း ဒုက္ခရောက်ကြသည်က အကြောင်းမဟုတ်၊ သူတို့နှင့်ရှိနေကြသည့် ဌာန၊ လုပ်ငန်းခွင်၊ ကုမ္ပဏီ၊ မိသားစုများအတွက် နောင်ရေး ရင်လေးဖွယ်ကောင်းလှသည်။ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊နိုင်ငံအတွက်လည်း တိုးတက်မှုမရှိဘဲဆုတ်ယုတ်နစ်နာစေပါသည်။ စာဖတ်သည့်လူမျိုး၊ စာဖတ်သည့်နိုင်ငံဟာ ကြီးပွားတိုးတက်ပါသည်။

ဆရာကြီးဒေယျ၏ပြဒါးဒအရ ပြောရပါလျှင် "**သည်အတိုင်းသာ စာမဖတ်ကြဘဲ အချိန်ဖြုန်းနေကြပါက ဘက်ပေါင်းစုံမှ ဗဟုသုတ နိမ့်ကျမွဲတေကာ အောက်ကျနောက်ကျ၊ ဆင်းရဲဒုက္ခများနှင့် မလွဲမသွေ ကြုံတွေ့ကြရလိမ့်မည်**"ဟု ကျွန်တော်ကြိုတင် ဟောကိန်းထုတ်လိုက်ချင်ပါသည်။

အချုပ်ဆိုရလျှင် "**စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာမဖတ်သူပပျောက်ရေး**" ကြွေးကြော်နိုးဆော်ချက်သည် တစ်ဦးချင်းအရေး၊တစ်မိသားစုအရေး၊ဌာနအရေး မဟုတ်။ တစ်မျိုးသားလုံးအရေး၊တစ်နိုင်ငံလုံးအရေး၊အမျိုးသားရေးဖြစ်သေးရာ ဥပေက္ခာပြု၊လျစ်လျူရှုမနေကြဘဲအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အချိန်မီ ထိန်းကွပ် ပြုပြင်သင့်ကြပြီဖြစ်ပါကြောင်း ... ။

*-မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊(၃-၅-၂၀၀၅) စံတော်ချိန် စာ ၁၅ မှ။*

## စာပေ ပရဟိတ

လူ့ဘဝကိုရောက်ရှိလာကြတဲ့ ပုထုဇဉ်လူသားတစ်ဦးအဖို့ အလိုအပ်ဆုံးသောအရာသည် စားရေး၊ ဝတ်ရေးနှင့်နေရေးတို့ပင်ဖြစ်ပါသည်။ စားဝတ်နေရေး အဆင်ပြေစေရန် အလုပ်ကို ကြိုးစားရှာကြရသည်။ ဘွဲ့ရသူကဘွဲ့နှင့်တန်သော အလုပ်၊ ဆယ်တန်း(အထက်တန်းပညာအဆင့်) ရောက်ရှိသူကလည်း ၄င်းအဆင့်နှင့် ရနိုင်သောအလုပ်များကို ရှာဖွေအလုပ်လုပ်ကြသလို အခြေခံပညာအဆင့်သာရှိသော လေး၊ ငါးတန်းသမားကလည်း ၄င်းနှင့်တန်သော(ရနိုင်သော) အလုပ်များကို ရှာဖွေလုပ်ကိုင်၍ စားဝတ်နေရေးပြည့်စုံအောင် ဖန်တီးကြပါသည်။

လူတိုင်း ငွေရဖို့အတွက် အလုပ်လုပ်ကြရာ၌ တချို့က မိရိုးဖလာလုပ်ငန်း၊ တချို့ကတော့ ဝန်ထမ်း၊ တချို့ကတော့ အရောင်းအဝယ် ကုန်သည်ပွဲစား အလုပ်များကို လုပ်ကြပါသည်။ ငွေဆိုတာ လူတို့၏သည်းခြေကြိုက်မို့ ငွေများများရဖို့ အလုပ်အမျိုးမျိုးကို လုပ်ကြသည်။ တချို့က ဖြတ်လမ်းဖြင့် မသမာသောနည်းသုံး၍ ငွေရှာကြသလို တချို့ကျတော့ ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်ကိုလုပ်၍ ငွေရှာသည်။

တစ်နေ့က တောမှာနေသော တူတော်မောင်တစ်ယောက် မလေးသွားပြီး အလုပ်လုပ်ဖို့ ပတ်စ်ပို့လုပ်သည်။ တောမှာနေပြီး တောသူတောင်သားအလုပ်ကို အိုးမကွာအိမ်မကွာဘဲ အလုပ်လုပ်၍နေလျှင်ရပါသော်လည်း ထိုင်းကိုသွားမယ်၊ မလေးသွားမယ် တကဲကဲဖြစ်ပြီး ပတ်စ်ပို့လုပ်တဲ့အဆင့် ရောက်နေပါသည်။ ယခုခေတ် မိန်းကလေးများလည်း ဘွဲ့ရပညာတတ်များပါမကျန် မလေး၊ ထိုင်းနဲ့

စင်္ကာပူနိုင်ငံများသို့ အိမ်ဖော်အလုပ်ဖြင့် ငွေရှာကြသည်။

အလုပ်ဟူသမျှ ဂုဏ်ရှိစွဟူသောစကားသည် မှန်သင့်သလောက် မှန်သော်လည်း သူတစ်ပါးတိုင်းပြည်မှာ အလုပ်သွားလုပ်ကြသူများသည် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် အတိဒုက္ခရောက်ကြရပါသည်။ အခြားသောနိုင်ငံ၊ အထူးသဖြင့် မလေးရှားနှင့်စင်္ကာပူနိုင်ငံတို့သည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ မဟုတ်ကြပါ။ ယင်းနိုင်ငံရှိလူမျိုးတို့သည် မြန်မာလူမျိုးတို့ကဲ့သို့ အားနာမှု၊ စာနာထောက်ထားမှုစသည့် မေတ္တာကရုဏာ(သူတစ်ပါးအပေါ်မထားတတ်ကြဘဲ)ချို့တဲ့သောနိုင်ငံများ ဖြစ်ကြပါသည်။

အလုပ်ရှင်၊ အလုပ်သမား ခွဲခြားဆက်ဆံတတ်သောလူများ ဖြစ်ကြပါ သည်။ သည်တော့ သူတို့ဆီမှာ အလုပ်သွားလုပ်သည်ဆိုလျှင် အလုပ်ချိန်ရှစ်နာရီမက ပို၍လုပ်ပေးကြရတတ်သည်။ အိမ်ဖော်လုပ်သူတို့သည် အိပ်ချိန်လေးပဲ နားချိန်ရကြသည်။(အလုပ်ဝင်မိသည်ဆိုကတည်းက ငါများသွားပြီဟူသောအသိတရားရကြသည်။) မကျေနပ်ချက်များ၊မခံချင်စိတ်များ၊မိဘနှင့်အိမ်ကိုလွမ်းသောစိတ်များဖြစ်ပေါ်ခံစားရပါက ရေအိမ်အတွင်းဝင်၍သာ လူမသိသူမသိဖြင့် ငိုကြရပါသည်။

အိမ်ရှင်က အပြင်ဟိုတယ်တွေ၊ အပြင်စားသောက်ဆိုင်တွေ သွားစားကြသည်ဆိုလျှင် ကလေးငယ်ရှိသည့်အိမ်ရှင်၏ ကလေးကို အိမ်ဖော်က ထိန်းနေရသည်။ ၄င်းတို့စားသောက်နေသည်ကို သွားရေကျနေရုံမှတပါး မည်သို့မျှ မတတ်နိုင်။ အိမ်ရှင်မိသားစုက မျက်နှာပြောင်တိုက်ပြီး(တမင်တကာလုပ်နေခြင်း မဟုတ်) စားသောက်ပြနေခြင်းမဟုတ်ပါ။

မိမိတို့မြန်မာလူမျိုးဆိုပါလျှင် အိမ်ရှင်စားသောက်နေစဉ်၌ သင့်တင့်သော အစားအသောက်ကိုတော့ အိမ်ဖော်ဖြစ်သူကို ကျွေးတတ်စမြဲပင်။ သူတို့ကား ဤသို့မဟုတ်ပါ။ နေတတ်သည်။ အိမ်ဖော်တို့သည် ငွေလေးရဖို့အတွက် လောကငရဲကို အရှင်လတ်လတ်ခံစားကြရပါသည်။ တစ်နေကုန်အလုပ်နှင့်လက်ဖယ်ဆက်သလို လုပ်နေကြရပါသည်။

စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းသင်္ဘောပေါ်မှာလုပ်ကြရသော ယောကျာ်းသားများလည်း ထိုနည်းတူစွာပင် အလုပ်ကိုအချိန်ပိုလုပ်ကြရပါသည်။ ထို့ထက်မက ငွေဝယ်ကျွန်သဖွယ် ပြုမူခိုင်းစေတတ်ကြသည်။ အင်ဒိုနီးရှားကျွန်းတစ်ကျွန်းတွင် မြန်မာများ ကျွန်သဖွယ် အဖမ်းခံထားရကြောင်း၊အများအပြားလှောင်အိမ်များထဲတွင် ပိတ်လှောင်ဖမ်းဆီးခံထားရပြီး ထိုင်းပင်လယ်စာထုတ်လုပ်ရေးလုပ်ငန်းများအတွက် ကျေးကျွန်များအဖြစ် အခေ့ခိုင်းစေခံနေရကြောင်းစံတော်ချိန်၌ သတင်းတစ်ပုဒ်ပါရှိခဲ့သည်။

ကျွန်တော့်တူကဲ့သို့ပင် မြန်မာပြည်နေရာအနှံ့မှာ အပေါ်မရောက်၊ အောက်မရောက် ဖြစ်နေသော၊ ငွေရဖို့အတွက် ငွေရှာထွက်ရန် နိုင်ငံရပ်ခြားသို့ ထွက်သွားပြီး ထွက်ဆဲနှင့် ထွက်သွားလတ္တံ့သော လူငယ်များသည် ဗဟုသုတ အကြားအမြင်နည်းပါးခြင်း၊ ဗဟုသုတအကြားအမြင်ရစေသောဝတ္ထုများ၊ ဆောင်းပါးများနှင့် အထူးသဖြင့်နေ့စဉ်ထုတ်ဝေသော သတင်းစာများကိုဖတ်သင့်ကြပါသည်။ ဖတ်ဖို့လိုပါသည်။

ကျွန်တော်ထင်ပါသည်။ တောနေလူတန်းစားတို့သည် မသင်မနေရ ပညာရေးကြောင့် ရေးတတ်ဖတ်တတ်တော့ လူတိုင်းရှိသည်ထင်သည်။ သို့သော် တောရွာသည် မြို့နှင့်အလှမ်းဝေးခြင်းကြောင့် နေ့စဉ်ထုတ်ဂျာနယ်၊ သတင်းစာတို့သည် အရောက်အပေါက်မရှိကြ။ သတင်းစာအရောက်အပေါက်မရှိတော့ တိုင်းတစ်ပါးမှာ အဖမ်းခံ၊ ကျွန်ပြုခံနေရသည့်သတင်းများကို သူတို့နိုင်ငံခြားထွက်အလုပ်လုပ်ချင်သော တောကလူငယ်များသည် ဖတ်မိသိရှိခြင်းမရှိမှာ သေချာပါသည်။ သူတို့၏စိတ်မှာ နိုင်ငံခြားထွက် အလုပ်လုပ်ရင် ငွေရများတယ်၊ စုမိဆောင်းမိရှိတယ် ဒါလောက်ပဲ သိမြင်နေလိမ့်မည်။(ငွေပုံကြီးသာမြင်ပြီး) ငါးစားသာမြင်ပြီး ငါးများချိတ်ကိုတော့ မြင်လိမ့်မည်မထင်ပါ။ **ဤသည်ကို သိမြင်နိုင်ရန် စာဖတ်ဖို့လိုပါသည်။**

မြန်မာပြည်နေရာအနှံ့မှာ တောရောမြို့ပါမကျန် တပိုင်တနိုင်စာကြည့်တိုက် (စာဖတ်ခန်း)များကို တတ်နိုင်သူတို့က တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီသင့်ပါသည်။ မြို့ပေါ်နေသူတို့သည် မိမိပတ်သက်ရာပတ်သက်ကြောင်း တောရွာများသို့ နေ့စဉ်ထုတ် သတင်းစာများကို မိမိဖတ်ပြီးပါက စုဆောင်းထားရှိ၍ နယ်များသို့ ပေးပို့လှူဒါန်းပြီး စာပေပရဟိတအလုပ်ကို ဆောင်ရွက်ပေးသင့်ပါသည်။

ကျွန်တော်သည် မိမိစာရေးသည်မှစ၍ နေ့စဉ်ဝယ်ဖတ်နေသော သတင်းစာ၊ ဂျာနယ်နှင့်ကောင်းနိုးရာရာ ဗဟုသုတရမည့်စာအုပ်များကို တစ်လ အုပ်ရေငါးဆယ်ခန့်ယူပြီး မိမိ၏မွေးရပ်မြေရှိ ရွာ၌ဖွင့်လှစ်ထားသော လူငယ်စာကြည့်တိုက်သို့ ပေးပို့လှူဒါန်းမှုပြုပြီး စာပေပရဟိတလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

**တတ်နိုင်သူတို့သည် ကျွန်တော်ကဲ့သို့ပင် တောရွာများရှိ စာဝတ်သူများ၊ အကြားအမြင် အသိခေါင်းပါးနေသူများအား နိုးကြားသောအသိ၊ ပွင့်လင်းသော ဉာဏ်အမြော်အမြင်များဖြစ်လာအောင် လူတိုင်းလူတိုင်း 'စာပေပရဟိတ' လုပ်ငန်း လုပ်ကြပါစို့**ဟု တပ်လှန့်နှိုးဆော်လိုက်ရပါကြောင်း ....။

*-သောင်းညွန့်သွင်(သရက်)၊*

*(၂၆-၄-၂၀၁၅) စံတော်ချိန် စာ ၁၀ မှ။*

# ဝတ္ထုတစ်အုပ်နဲ့တူတဲ့ဘဝ

ဘဝတစ်ခုဟာ ဝတ္ထုတစ်အုပ်နှင့် အလားသဏ္ဍာန်တူပါသည်။ ဝတ္ထုစာအုပ်တစ်အုပ်ဟာ ပထမဆုံးအခန်းက အစပြုရပါတယ်။

ဝတ္ထုတစ်အုပ်ဟာ ဘယ်လောက်ထူထူ၊ ဘယ်လောက်ပါးပါး နောက်ဆုံးဇာတ်သိမ်းခန်းဆိုတာတော့ ပါရစမြဲ။ ပထမဆုံးအခန်းနှင့် နောက်ဆုံးခန်းရဲ့ကြားမှာတော့ ဇာတ်ရှိန် အနိမ့်အမြင့်၊ အတက်အကျအပြင် မထင်မှတ်တဲ့ အလှည့်အပြောင်းတွေလည်း ပါကြရပါတယ်။ ဝတ္ထုတစ်အုပ်နှင့်တစ်အုပ်လည်း ဇာတ်လမ်းတွေ မတူနိုင်ပါဘူး။

ကိုယ်ပြုခဲ့တဲ့ အတိတ်ကံတွေကို မူတည်ပြီးတော့သတ္တဝါတွေမှာ ဘဝတစ်ခုနဲ့တစ်ခုမတူကြသလိုပေါ့။

ဝတ္ထုတစ်အုပ်ရဲ့ ပထမဆုံးအခန်းလိုပဲ လူ့ဘဝကို စတင်ခဲ့တဲ့အခန်းမှာတော့ စိတ်ဝင်စားစရာပါ။ ခန္ဓာကိုယ်အသစ်တစ်ခုကို ရတယ်။ ပတ်ဝန်းကျင်အသစ်မှာ အားတက်မာန်တက်နှင့် ဘာဆက်ဖြစ်မယ်ဆိုတာလည်း မသိနိုင်သေးတော့ စိတ်လှုပ်ရှားစရာကောင်းလှပါတယ်။ လူ့ဘဝမှာ တွယ်ဖက်ပြီး ပါဝင်ကပြရမယ့် ဇာတ်ကောင်တွေကလည်း အသစ်မွေးဖွားလာတဲ့ ဇာတ်ကောင်လေးနဲ့ တစိမ်းတွေ ဖြစ်နေပါတယ်။ နောက်ထပ်အခန်းတွေ များလာလေလေ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေ၊ ထိတွေ့မှုတွေ များလာလေလေ ဖြစ်လာပါတယ်။ ရင်းနှီးမှုတွေ များလာရာကနေ အလွန်သဘာဝကျတဲ့ အချစ်သံယောဇဉ်တွေ၊ အမုန်းသံယောဇဉ်တွေဟာ လောဘ၊ ဒေါသနဲ့ မာန်မာနတွေအပေါ်မူတည်ပြီး တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ပေါ်ပေါက်လာရတာပါ။ **ဝတ္ထုတစ်အုပ်ပြီးရင် နောက်တစ်အုပ်စို့ မသေချာပေမယ့် ဘဝစာအုပ်ကတော့ တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ပါပဲ။**

**ဘယ်လောက်ထူထဲတဲ့ ဝတ္ထုတစ်အုပ်ဖြစ်ပါစေ၊ နောက်ဆုံးဇာတ်သိမ်းခန်း ရှိရစမြဲဖြစ်သလို လူတစ်ယောက်ရဲ့ဘဝဆိုတာလည်း ဇာတ်သိမ်းခန်းရှိကြရပါတယ်။ ဝတ္ထုနဲ့ဘဝ မတူတဲ့အချက်ကတော့ ဝတ္ထုတစ်အုပ်မှာ ပျော်ရွှင်စရာတွေနဲ့ ဇာတ်သိမ်းချင်ရင်ရပေမယ့် ဘဝတစ်ခုကတော့ ကိုယ်ဇာတ်သိမ်းချင်သလို သိမ်းခွင့် မရှိဘဲ ဝမ်းနည်းကြေကွဲမှုတွေနဲ့သာ ဇာတ်သိမ်းရတာ များပါတယ်။**

ဘဝကို အောင်မြင်မှုနဲ့ အဆုံးသတ်သွားနိုင်တာက ဘုရား၊ ရဟန္တာပုဂ္ဂိုလ်တွေ

နဲ့ အရိယာပုဂ္ဂိုလ်တွေလောက်ပဲဆိုတော့ အရေအတွက်အားဖြင့် သိပ်နည်းလွန်းပါတယ်။

ဒီအကြောင်းကို ရေးနေတဲ့အချိန် ညောင်ရွှေမြို့မှာ ကွယ်လွန်သွားတဲ့ ညီတစ်ယောက်ရဲ့ဈာပနကို ရောက်နေချိန်ဖြစ်ပါတယ်။ သူဟာ ဘဝမှာ ပြင်မရတဲ့ အမှားတစ်ခုကို လုပ်ခဲ့မိလို့ ကွယ်လွန်ရတာလည်း ဖြစ်ပါတယ်။ **သူ့ရဲ့အမှားကတော့ အရှက်အကြောက်ကြီးတဲ့အတွက် ဇဒိုဝမှာထွက်လာတဲ့ အကျိတ်အဖုကို ဘယ်သူမှမသိအောင် ငါးနှစ်ကြာ ဖုံးကွယ်ထားခဲ့ခြင်းဖြစ်ပါတယ်။** နာကျင်မှုဝေဒနာကို ခံစားရချိန်တိုင်းမှာလည်း သူ့ဘာသာ သောက်ဆေး၊ **ထိုးဆေးတွေနဲ့** သက်သာအောင် ကြိတ်ကုနေခဲ့တာပါ။ ဒီလိုနဲ့ အကျိတ်အဖုက **တစ်စထက်တစ်စ** ကြီးလာလိုက်တာ ကြက်ဥအသေးစား ပမာဏလောက် ဖြစ်လာပါတယ်။

တစ်နေ့မှာတော့ သတ်လစ်မေ့မျောနိုက် မိတ်ဆွေတစ်ယောက်က ရေဖတ်တိုက် အဝတ်အစားလဲပေးရင်းနဲ့ ဇဒိုဝက အကျိတ်အဖုဓာတ်လမ်းက ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုနဲ့ အဲဒီကာစလို့ ဘယ်သူ့ကိုမှ မမြင်စေချင်တဲ့အကျိတ်အဖုကို တစ်နေ့တစ်နေ့လာကြည့်ကြတဲ့ညော်သည် ဆယ်ယောက်ထက်မနည်းဘူး။**ဆွေမျိုး**တွေကဝိုင်းပြီး တိုက်တိုက်တွန်းတွန်းနဲ့ မန္တလေးဆေးရုံမှာ သူ့ရဲ့အနာကို ခွဲစိတ်ဖြစ်သွားတယ်။ အသားစကို ဘိုင်အိုစီလုပ်ပြီးစစ်တော့ ကင်ဆာလို့ **အဖြေထွက်**လာတယ်။

တဖြည်းဖြည်းနဲ့ ညီတော်မောင်ရဲ့ဘဝက ဓာတ်ရှိန်မြင့်လာတယ်။ **အရေပြား** ကင်ဆာလို့ သိစအချိန်မှာ မျက်ရည်လည်နေရှာပြီး နောက်ပိုင်းမှာ တည်တည်ငြိမ်ငြိမ်နဲ့ ဆေးကုသမှုခံယူခဲ့ပါတယ်။ တစ်ဖက်မှာလည်း သဘော်ရွက်ပြုတ်ရည်သောက်ရင်း တစ်ဖက်မှာလည်း ခွဲစိတ်ခံတယ်၊ ဓာတ်ကင်တယ်၊ ဓာတုဆေးရည်အသွင်းခံပါတယ်။ ဒါပေမယ့် အသိနောက်ကျတဲ့အတွက် ကင်ဆာဆဲလ်တွေဟာ ပျံ့နှံ့နေခဲ့ပြီးဖြစ်ပါတယ်။ နေ့သစ်တွေဟာ သူ့အတွက်တော့ ကြိုဆိုချင်စရာ မကောင်းလှပါဘူး။ တစ်ရက်ထက်တစ်ရက် ခံနိုင်ရည်ကျဆင်းပြီး ရောဂါက အနိုင်ယူလာပါတယ်။ သူ့ကိုယ်သူလည်း နောက်ဆုံးအခြေအနေဆိုက်နေပြီဆိုတာ သိနေပါတယ်။ဆေးသွင်းတယ်၊ဓာတ်ကင်တယ်ဆိုတာလည်း ကံဆိုး၊ကံကောင်း မဲနှိုက်ရသလိုပါ။ ပျောက်ချင်သူ ပျောက်တယ်၊ သက်သာချင်သူ သက်သာတယ်။ တချို့ကျတော့ ပိုဆိုးလာတတ်တယ်။

အလွန်မှ စိတ်ချဖို့မကောင်းတာကတော့ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ပါပဲ။ အသက်ဉာဏ်စောင့်ဆိုသလို ဘိုးစဉ်ဘောင်ဆက် အသိဉာဏ်တွေ လက်ဆင့်

ကမ်းကြပြီး အရိပ်တကြည့်ကြည့် အသက်မွေးခဲ့ကြလို့သာ တော်တော့တယ်။ **တကယ်တော့ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ဟာ သေမင်းရဲ့ အလွယ်တကူ ဆော့ကစားစရာပမာ ဖြစ်ခဲ့ပါတယ်။** လေ့ကားပေါ်က လိမ့်ကျလို့၊ ဆိုင်ကယ်ပေါ်က ပြုတ်ကျလို့၊ ခေါင်းနဲ့ မာတဲ့အရာနဲ့ ရိုက်မိပြီးလည်း သေနိုင်ပါတယ်။ ရေမကူးတတ်ဘဲ ရေနစ်ရင်လည်း မိနစ်ပိုင်းအတွင်း သေနိုင်ပါတယ်။ ဓာတ်လိုက်ရင်လည်းသေ၊ ရုတ်တရက် ထိတ်လန့်စရာမြင်ကွင်းကြောင့် နှလုံးသွေးရပ်ပြီး သေနိုင်၊ ရေငတ်၊ အစာငတ်ရင်လည်း သေနိုင်၊ အပူအအေးမမျှရင်လည်း သေနိုင်တဲ့၊ အလွန်မှစိတ်မချရတဲ့ ခန္ဓာကိုယ်ကြီးကို ကျွန်တော်တို့ ပိုင်ဆိုင်ထားတာပါ။

**သို့သော်လည်း ဒီစိတ်မချရတဲ့ ခန္ဓာကိုယ်ကြီးကိုမှ မြဲတယ်လို့ ခွတ်ထင်မြင်ယူဆနေသူတွေကလည်း လူတစ်ထောင်မှာ ၉၉၉-လောက်လောက် ရှိမှာပါ။ သူတစ်ပါးမှာ ရောဂါဖြစ်ရင် သနားတတ်ကြပါတယ်။ သူတစ်ပါးမှာဖြစ်သလို ကိုယ်လည်း တစ်နေ့မှာ သေချာပေါက်ဖြစ်မှာဆိုတဲ့ ဉာဏ်ကလေးနဲ့ ကိုယ့်ကိုယ်ကိုယ် သနားဖို့ကျတော့ မေ့နေကြပါတယ်။**

ကြားဖူးကြမှာပေါ့။ ဆယ့်တစ်မီးငြိမ်းအောင်၊ ဆယ့်တစ်မီးငြိမ်းအောင်ဆိုပြီး ဆယ့်တစ်မျိုးသော ပစ္စည်း၊ ဆယ့်တစ်မျိုးသော အရေအတွက်တွေ လှူကြတန်းကြတာတွေက ပညတ်သဘောတွေ။ တကယ်တော့ ခန္ဓာဆိုတဲ့လောင်စာရှိနေသရွေ့ အဲဒီဆယ့်တစ်မီးက ဘယ်တော့မှ မငြိမ်းဘဲ တောက်လောက်နေမှာခင်ဗျ။ **ခန္ဓာရတာလို့ကတော့ ဆယ့်တစ်မီးဟာ သိကြားမင်းရဲ့ခန္ဓာလည်း လောက်နေမှာပါပဲ။ မြဟ္မာမင်းရဲ့ခန္ဓာလည်း လောင်နေမှာပါပဲ။**

**ဒီဘဝသေဆုံးသွားလို့များ ငြိမ်းပြီမထင်လိုက်ပါနဲ့။ သစ္စာဉာဏ်မရဘဲ နောက် ဘဝခန္ဓာရလို့ကတော့ လိုက်ပြီးလောင်နေဦးမှာပါပဲ။**

ကျွန်တော်ဟာ ဝိပဿနာတရားကို အပေါ်ယံသဘောမဟုတ်ဘဲ စိတ်ဝင်တစားလေ့လာလိုက်စားခဲ့သူဖြစ်ပါတယ်။ တရားလုပ်တဲ့အခါမှာ အဓိကကျတဲ့အချက်က ဟန်မလုပ်ဖို့၊ ရိုးသားဖြောင့်မတ်ဖို့လိုအပ်ပါတယ်။ တရားစလုပ်တဲ့အခါမှာ ကာမတဏှာက အနိုင်ယူယူသွားတဲ့အတွက် ကျွန်တော့်မှာ သမာဓိတရား မထူထောင်နိုင်တာ များပါတယ်။ ဒီအခါမှာ ကိုယ်တွေ့ကြုံဖူးတဲ့သူတွေရဲ့ ဘဝဇာတ်သိမ်းခန်းတွေကို သံဝေဂယူမိပါတယ်။ ဒါနဲ့မှမလုံလောက်ရင် ကျွန်တော်တီထွင်အသုံးပြုတဲ့ ပစ္စည်းနှစ်မျိုးရှိပါတယ်။ **ပထမတစ်ခု**က ပုလင်းသေးသေးလေးတစ်လုံးထဲမှာ ကျွန်တော့်ရဲ့လက်သည်း၊ ခြေသည်း၊ ဆံပင်၊ မွေးညှင်း၊ သလိပ်၊ နှပ်၊ ဆီး၊ ဝမ်းအနည်းငယ်နဲ့ အမဲသားအစ၊ အရိုးစအနည်းငယ်ထည့် အလုံ

ပိတ်ထားပါတယ်။ **နောက်တစ်ခုက** ခေါင်းတစ်လုံးမှာဝင်လို့ပြီး ကျွန်တော်သေဆုံးနေတဲ့သင်္ချိုင်း ဓာတ်ပုံရိုက်ထားတာ ရှိပါတယ်။ အဲဒီနှစ်မျိုးကို ကီလေသာထူပြောနေတဲ့ ကျွန်တော်က တရားမထိုင်ခင်မှာ ငါးမိနစ်စီလောက် စူးစိုက်ကြည့်ပြီး အာရုံယူရပါတယ်။ သမာဓိမြန်မြန်ရဖို့ အထောက်အကူပြုပါတယ်။ အခုလည်း ညီတောင်မောင်ရဲ့နောက်ဆုံးအချိန်၊ နောက်ဆုံးညမှာ သံဝေဂတရားနဲ့ကြည့်ရှုရင်း ကိုယ့်ရဲ့နောက်ဆုံးအချိန် ဇာတ်သိမ်းခန်းအတွက် ကြိုတင်တွေးတောမိပါတယ်။

ကျွန်တော်ဟာ ထိုက်သင့်သလောက် တရားမွေ့တွေ၊ ဝိပဿနာအကြောင်းတွေ ဖတ်ရှုလေ့လာထားပါတယ်။ ဆရာတော်တွေရဲ့တရားလည်း နာကြားထားခဲ့ပါတယ်။ လက်တွေ့လည်း ကြိုးစားအားထုတ်မှုရှိပါတယ်။ ကျွန်တော့်ရဲ့ဘဝဇာတ်သိမ်းခန်း နောက်ဆုံးအချိန်မှာ အနှောင့်အယှက်ကင်းစွာနဲ့ သစ္စာဉာဏ်ရရှိရေးကိုပဲ တစိုက်မတ်မတ်လုပ်သွားချင်ပါတယ်။ ဒီအတွက် ဘယ်လိုအခြေအနေတစ်ရပ်လိုချင်သလဲဆိုတော့ ...

**No Person ငိုသံတွေ၊ အားပေးသံတွေ၊ တရားဖွင့်သံတွေမကြားရဘဲ No Sound ဖြစ်ဖို့ လဲလျောင်းရာ အခန်းထဲကို လူတွေမဝင်လာကြဘဲ ကျွန်တော်တစ်ယောက်ထဲသာ ရှိစေချင်ပါတယ်။ အဲဒီအချိန်မှာ အလိုအပ်ဆုံးကတော့ တိတ်ဆိတ်မှုဆိုတာ အထူးပြောဖို့လိုမယ်မထင်ပါဘူး။** သေရတော့မယ်ဆိုတာ သေချာတဲ့နောက်ဆုံးအချိန်မှာတော့ ကိုယ့်ရဲ့ခန္ဓာကို ဉာဏ်နဲ့ရှုမှတ်တာကလွဲလို့ တခြားဘာကိုမှ အလိုမရှိပါဘူး။ No food, No Medicine, No Water ဖြစ်ပါတယ်။ ဒါတွေဟာ မျှော်လင့်ချက်မရှိတော့တဲ့သူ၊ နောက်ဆုံးအချိန်မှာ တရားရှုမှတ်ချင်တဲ့သူတစ်ယောက်အတွက်တော့ ကူညီရာမရောက်တဲ့အပြင် ရေနစ်သူငါးကူထိုးဆိုသလို ဆေးအတွက်ကြောင့်လေးပြီး အနှောင့်အယှက်ဖြစ်မှာ ကြောက်မိပါတယ်။ တိတ်ဆိတ်မှုကိုပဲ တောင်းဆိုပါတယ်။ ဒါမှသာလျှင် ဝဋ္ဋတစ်အုပ်နဲ့တူတဲ့ ဘဝတစ်ခုရဲ့ဇာတ်သိမ်းခန်းမှာ အောင်မြင်မှုနဲ့ အဆုံးသတ်သွားနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

***–ကောင်းဆက်နိုင်၊ (၉-၉-၂၀၁၉) စံတော်ချိန် စာ ၁၉ မှ။***

မဓ္ဒူတ ဒေါက်တာအရှင် ဆေကိန္ဒာဘိဝံသ

ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးပါပဲ။ ဒီစကားကို မယုံရင်
တစ်လောကလုံးရဲ့အလိမ်အညာတွေ ခံရပြီသာမှတ်။



f
အကြည်ညိုခံချင်ရင်
ကြည်ညိုစရာဖြစ်အောင်
နေမှပေါ့…
ကျောင်းက သင်ပေးလိုက်တဲ့ ပညာနဲ့ အပြင်မှာ လုပ်နေတဲ့ အလုပ် ကိုက်ညီပါရဲ့လား
ကိုက်ညီပါတယ် ကျောင်းမှာ တုန်းက ဘာတွေမှန်းမသိဘူး သင်လာခဲ့ရပြီး အပြင်မှာကျတော့ ဘာတွေမှန်းမသိဘူး လုပ်နေရတာပါပဲ

# လူကောင်းများ၏မသိစိတ်မှ ဘက်လိုက်ခြင်း

မကြာမီက အလုပ်ရှုံ့ဆွေးနွေးပွဲတစ်ခု တက်ဖြစ်ခဲ့ပါတယ်။ အမျိုးသမီးတွေ ပိုမိုစိတ်ဝင်စားတဲ့ အကြောင်းအရာမို့ တက်ရောက်သူထဲမှာ အမျိုးသားအရေ အတွက်က သိသာထင်ရှားစွာ နည်းပါးပါတယ်။ ဆွေးနွေးပွဲရဲ့တစ်နေရာမှာ အဖွဲ့ငယ်နှစ်ဖွဲ့ခွဲ၊ အဖွဲ့လိုက်ဆွေးနွေးပြီးရလဒ်ကို ပြဇာတ်တိုက်လေးနဲ့ပြန်လည် တင်ပြရတဲ့ ကဏ္ဍလေးတစ်ခုပါပါတယ်။ အဲဒီတင်ပြချက်ကလေးတွေပြီးတဲ့အချိန်မှာ ဦးဆောင်ဆွေးနွေးသူက အဖွဲ့တစ်ဖွဲ့မှာ အမျိုးသားနှစ်ယောက်စီပဲပါပြီး ကျန်သူ အားလုံးပဲ အမျိုးသမီးတွေဖြစ်နေပေမယ့် ပြဇာတ်တိုကို ဦးဆောင်စီစဉ်သွားသူက နှစ်ဖွဲ့စလုံးမှာ အမျိုးသားတွေပဲ ဖြစ်နေကြောင်း ထောက်ပြပြောဆိုပါတယ်။

**ခေါင်းဆောင်ဆိုတာက အမျိုးသားပဲဖြစ်ရမယ်လို့ အားလုံးရဲ့မသိစိတ်က ခံစား ကြရင်းက ဖြစ်သွားတာလားလို့ ထပ်ဆွေးနွေးကြရင်း "မသိစိတ်က ဘက်လိုက်ခြင်း"ဆိုတဲ့ အကြောင်းအရာကလေး ကျွန်မခေါင်းထဲ ရောက်လာ** ပါတယ်။ တကယ့်ဖြစ်ရပ်မှန်က ကျွန်မတို့ပါဝင်တဲ့အဖွဲ့မှာ ဦးဆောင်စီစဉ်သူက အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ ဦးဆောင်ဆွေးနွေးသူက သူမထားက ပုံပိုးကူညီသူ အမျိုးသားကို ခေါင်းဆောင်လို့ ထင်မှတ်မှားသွားခြင်းပါ။ ဒီနေရာမှာ ဦးဆောင် ဆွေးနွေး သူကိုယ်တိုင်ရဲ့ မသိစိတ်ကိုက ဘက်လိုက်ပြီး အမြင်မှားသွားခဲ့ပုံရပါတယ်။ အမျိုး သားတွေပဲ ခေါင်းဆောင်လုပ်ကြမှာ၊ အမျိုးသမီးတွေကနောက်လိုက်အဖြစ် ကျေကျေ နပ်နပ် ခံယူကြမှာပဲဆိုတဲ့တွေ့နေကြပုံရိပ်တွေက မသိစိတ်ထဲမှာစွဲနေပုံ ရပါတယ်။

'**မသိစိတ်က ဘက်လိုက်ခြင်း**'လို့ မိမိဘာသာ နားလည်လွယ်အောင် ဘာသာ ပြန်ထားတဲ့ Implicit Bias ဆိုတဲ့ သဘောတရားကလေးကို ကျွန်မသိနားလည်ခွင့် ရတာ မကြာသေးပါဘူး။ အင်တာနက်ပေါ်မှာ အခမဲ့တက်ခွင့်ရတဲ့ လူမှုရေး စိတ်ပညာအတန်းတစ်ခုကနေ သိနားလည်ခွင့်ရခဲ့ခြင်းပါ။ မသိစိတ်ထဲက မှတ်ဉာဏ်တွေကို ဆန်းစစ်တဲ့ စမ်းသပ်မှု(Implicit Association Test)ကို ပူးတွဲဖန်တီးခဲ့သူ ဟားဘတ်တက္ကသိုလ်က စိတ်ပညာရှင်၊ သုတေသီ ပရော်ဖက်ဆာ မဇာရင်ဘန်နာဂျီရဲ့ ရှင်းပြချက်ကလေးကို ပြန်လည်ဝေမျှပေးချင်ပါတယ်။

ကျွန်မတို့စိတ်ပညာနဲ့ ဦးနှောက်နဲ့အာရုံကြောသိပ္ပံပညာရှင်အများစုက

လူ့စိတ်ရဲ့ကြီးမားတဲ့အစိတ်အပိုင်းက သိစိတ်မပါဘဲ အလုပ်လုပ်နေကြတယ်လို့ ယုံကြည်ကြပါတယ်။ ကမ္ဘာပေါ်မှာ လူအချင်းချင်း အန္တရာယ်ပြုမှုတွေကို မြင်တွေ့ရတဲ့အခါ ကျွန်မတို့က "**လူကောင်းတွေက အခြားသူတွေကို ဘယ်လိုပုံစံမျိုးနဲ့ အန္တရာယ်ပြုတတ်ကြသလဲ**"ဆိုတဲ့ မေးခွန်းကို စတင်မေးမြန်းဖို့ လိုအပ်လာကြပါတယ်။ ဥပမာကလေးတစ်ခုက ကျွန်မတို့လေ့လာခဲ့တဲ့ အမေရိကန်နိုင်ငံ၊ ဘော်စတွန်မြို့က ဆရာဝန်အချို့အကြောင်းဖြစ်ပါတယ်။

အဲဒီဆရာဝန်တွေက အလွန်ကို စိတ်ထားကောင်းမွန်စွာသူတွေ ဖြစ်ပါတယ်။ သူတို့က ဆင်းရဲသားတွေကို ဂရုစိုက်ကြပါတယ်။ သူတို့က ကျန်းမာရေးအာမခံ မရှိတဲ့လူတွေကို ကုသပေးတဲ့ ဆေးရုံလိုနေရာမျိုးတွေမှာ အလုပ်လုပ်ကြပါတယ်။ တကယ်ကို ကြည်နူးအံ့သြစရာကောင်းတဲ့အလုပ်တွေကို လုပ်နေကြသူတွေပါ။ ဒါပေမယ့် စိတ်ပညာရှင်တွေ စမ်းသပ်မှုတွေပြုလုပ်ပြီး ရလာတဲ့ရလဒ်က အဲဒီလို စိတ်ကောင်းစေတနာကောင်းရှိလှတဲ့ ဆရာဝန်တွေထဲမှာတောင် မသိစိတ်က ဘက်လိုက်ခြင်း၊ ခွဲခြားခြင်းဆိုတဲ့အရာတွေ ရှိနေကြပါတယ်တဲ့။

ကျွန်မတို့ရဲ့စမ်းသပ်မှုက ဆရာဝန်တွေရဲ့မသိစိတ်ထဲက မှတ်ဉာဏ်နဲ့ စကားလုံးတွေ ဆက်စပ်ခြင်းကိုတိုင်းတာတဲ့စမ်းသပ်မှုပါ။ကောင်းတဲ့အရာတွေ (အချစ်၊ငြိမ်းချမ်းခြင်း၊ပျော်ရွှင်ခြင်း၊မိတ်ဆွေသူငယ်ချင်းဖြစ်ခြင်းအစရှိတဲ့ စကားလုံးတွေ)ကို လူဖြူလူမဲနှစ်အုပ်စုနဲ့ ဘယ်လောက်မြန်မြန်ဆန်ဆန် တွဲစပ်ကြည့်နိုင်သလဲဆိုတဲ့ တိုင်းတာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ **လူမဲတွေကို ကောင်းတဲ့အရာတွေနဲ့ ဆက်စပ်ကြည့်ဖို့ ခက်ခဲတယ်**လို့တွေ့ရှိရတဲ့ဆရာဝန်တွေက လူမဲတွေကို ဆေးကုသမှုပေးရာမှာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

အဲဒါက အလွန်ကို အံ့သြတုန်လှုပ်စရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့က အဲဒီလိုလုပ်ဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ကြပါဘူး။ အားလုံးကို တန်းတူရည်တူ ကုသပေးဖို့ရည်ရွယ်ခဲ့ကြသူတွေပါ။ အဲဒီတွေ့ရှိချက်တွေက ကျွန်မတို့က မိမိအပေါ် မိမိထားရှိတဲ့ စံနှုန်းတွေကို ပိုမြှင့်ဖို့ လိုလာပြီဆိုတာကို ပြသနေပါတယ်။ မသိစိတ်ထဲက ဘက်လိုက်နေရင်ကို အမှန်တကယ် လူကောင်းတွေဖြစ်ကြဖို့ ခဲယဉ်းပါတယ်။ အဲဒီတော့ မိမိကိုယ်မိမိ အပြည့်အဝ ဖွင့်ထုတ်ပြီး သိရှိဖို့ လိုအပ်လာပါတယ်။ ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် အတွင်းစိတ်အထိ အပြည့်အဝသိရှိပြီးရင်တော့ ကွဲပြားတဲ့ဆုံးဖြတ်ချက်တွေကို ချမှတ်ကောင်းချမိကြပါလိမ့်မယ်။မသိစိတ်က ဘက်လိုက်မှုတွေရဲ့ဗဟိုချက်ဖြစ်ပါတယ်။

ဘာ့ကြောင့် အဲဒီလိုတွေ ဖြစ်ရပါသလဲ။ ဖြစ်ရပ်တွေ၊ အကြောင်းအရာတွေက

အချို့လူအုပ်စုဝင်တွေနဲ့တွဲရင် ကောင်းတတ်ပြီး၊ အချို့လူအုပ်စုဝင်တွေနဲ့တွဲရင် ဆိုးတတ်တယ်ဆိုတာမျိုးကို ကျွန်မတို့ အမြဲတမ်း မြင်တွေ့နေရလို့ပါပဲ။ အဲဒီလို ရိုးရိုးလေး မြင်ဒတွေ့နေရတာတွေက အချိန်ကြာလာတဲ့အခါ သက်ရောက်မှုတွေ ရှိပါတယ်။ "ထိတွေ့ရုံမျှသာဖြင့်" ဆိုတာက အလွန်ကိုအားကောင်းတဲ့ စကားစုလေး ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ သင်ကလမ်းဘေးမှာထောင်ထားတဲ့ဆိုင်းဘုတ်ကြီး ပေါ်မှာ ရုပ်ပုံတစ်ခုကို တွေ့မိပါမယ်။ အဲဒီလိုတွေ့လိုက်ရတဲ့ရုပ်ပုံက သင့်ကိုကြီးမား တဲ့ပြောင်းလဲမှုတွေကို ဖြစ်ကောင်းဖြစ်စေနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရုပ်ပုံက သင်ဒီအတိုင်း မတွေးမိပေမယ့် အရာရာကို သတိရစေနိုင်လို့ပါ။

မသိစိတ်က ဘက်လိုက်မှုအတွက် ကျွန်မတို့ ပထမဆုံးလုပ်နိုင်တာက အဲဒါ တွေကို သတိပြုမိကြဖို့ပါပဲ။ သတိပြုမိခြင်းကနေ အပြုအမူတွေကို ပြောင်းလဲ နိုင်ကြပါတယ်။တစ်ခါတစ်ရံမှာ လူတွေကကျွန်မကိုမေးတတ်ကြပါတယ်။ "**အရ မင်းက မင်းကိုယ်တိုင်ရဲ့မသိစိတ်က ဘက်လိုက်တာတွေကိုသိပြီ၊ အဲဒီတော့ ဒီ အတွက် မင်းဘာလုပ်သလဲ**"တဲ့။

ကျွန်မအတွက် ကျွန်မလုပ်ရတဲ့အရာတွေထဲက တစ်ခုကတော့ လအနည်း ငယ်တိုင်းမှာ တစ်ကြိမ်၊ ကျွန်မရှေ့က ကွန်ပျူတာပေါ်မှာလည်နေတဲ့ ပုံရိပ် အသစ် တစ်ခုတင်ပါတယ်။ အဲဒီပုံရိပ်တွေထဲက တစ်ခုက အမျိုးသမီးတစ်ဦးရဲ့ ရုပ်ပုံဖြစ် ပါတယ်။ သူမက ဆောက်လုပ်ရေးလုပ်သားတစ်ဦးဖြစ်ပါတယ်။ သူမက ဂျင်း ဘောင်းဘီ၊ လေးပင်တဲ့ လည်ရှည်ဖိနပ်ကိုဝတ်ထားပြီး မာကြောတဲ့ဦးထုပ်ကို ဆောင်းထား ပါတယ်။ ပြီးတော့ သူမက နေ့လယ်ထမင်းစားချိန်မှာ ကလေးကို နို့တိုက်နေပါတယ်။ တကယ်လို့ ကျွန်မက "ဆောက်လုပ်ရေးလုပ်သား"လို့ ပြောရင် ဘယ်လိုပုံရိပ်မျိုးတွေ သင့်ခေါင်းထဲ ရောက်လာသလဲ၊ ဒီလိုပုံမျိုးတော့ မဟုတ်နိုင်ပါဘူး။ ကျွန်မရဲ့မျှော်လင့်ချက်က အဲဒီလို အလွယ်တကူ မမြင်မိ တတ်တဲ့ ပုံမျိုး များများစားစားမြင်လာတဲ့အခါ သင့်ရဲ့စိတ်က ပိုမိုကျယ်ပြန့်လာပြီး ဖြစ်နိုင်တဲ့ အရာအားလုံးကို မြင်ယောင်စွမ်းရှိလာပါလိမ့်မယ်။

အရုပ်ဆိုးပုတဲ့ လူတစ်ဦးကိုလည်း သမ္မတအဖြစ် မြင်ယောင်ကြည့်လို့ ရနိုင် လာမယ်။ အဲဒါက အမေရိကန်နိုင်ငံမှာ မဖြစ်နိုင်သလောက်လို့ ပြောရမယ့် အရာတစ်ခု ဖြစ်ပါတယ်။ အမေရိကန်သမ္မတရွေးကောက်ပွဲတိုင်းမှာ အနည်းငယ် အရပ်ပိုရှည်တဲ့သူက အနိုင်ရပါတယ်။ အဲဒီတော့ သင်က သင့်အရပ်အနိမ့်အမြင့် က ဒီအလုပ်ကိုရမယ်မရဘူးဆိုတာမျိုးကို ဆုံးဖြတ်ပေးမယ့်နိုင်ငံမျိုးမှာ နေချင်မှာ မဟုတ်ပါဘူး။ သင့်ဦးနှောက်၊ သင့်အိုင်ဒီယာ၊သင့်တန်ဖိုးထားမှုတွေကသာ ဒါကို ဆုံးဖြတ်ပေးတာ ဖြစ်သင့်ပါတယ်။

မီဒီယာက ဦးနှောက်အတွက် "အစားအစာ"နဲ့တူပါတယ်။ ကျန်းမာစေမယ့် အစားအစာကိုစားမှ ကျန်းမာတဲ့ခန္ဓာကိုယ်ကိုရမှာဖြစ်ပါတယ်။ အဲဒီတော့ သင်က သင်နဲ့ထိတွေ့မယ့်မီဒီယာတွေကို ကျန်းမာရေးနဲ့တွေ့ဆုံတဲ့ အစားအသောက်ကို ရွေးချယ်စားသောက်သလို ပုံစံမျိုးနဲ့တွေးကြည့်ဖို့သင့်တယ်လို့ ထင်ပါတယ်။ **ဦးနှောက်ကို မှန်ကန်တဲ့အစားအစာတွေကျွေးခြင်းက မသိစိတ်က ဘက်လိုက်ခြင်းတွေ လျှော့ကျစေနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။**

***ညွှန်း-www.coursera.org-***

***(Wesleyanတက္ကသိုလ်မှ လူမှုရေးစိတ်ပညာသင်ကြားပို့ချချက်)***

***-ကျွန်း၊ (၅-၅-၂၀၁၅) Daily Eleven စာ ၉ မှ။***

## မိုးကုတ်၌ သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်သူအား အမျိုးသမီးက တုတ်ဖြင့်ခုခံကာကွယ်၍ ကြံစည်သူဆေးရုံတင်ခဲ့

**ကျော်မင်းသော် မိုးကုန် မေ ၁၈**

မိုးကုတ်မြို့နယ်အတွင်း သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်သူအား အမျိုးသမီးက ဒုတ်ဖြင့်ရိုက်၍ ခုခံကာကွယ်ရာ ကြံစည်သူဒဏ်ရာရရှိပြီး ဆေးရုံတင်ပို့ကုသခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီက မ ---(၃၃)နှစ် ဈေးရောင်းသည် မိုးကုတ်မြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု ဘားနစ်ဈေးရှိ ဈေးဆိုင်ခန်းတွင် တစ်ဦးတည်းရှိနေစဉ် ညွန့်ဝေ (၅၅)နှစ် ဈေးရောင်း ရွှေကူနယ်မြေ(၁၉)ရပ်ရွက် မိုးကုတ်မြို့နေသူရောက်ရှိလာပြီး သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်သဖြင့် မ ... က သစ်သားတုတ်ဖြင့် ညွန့်ဝေ၏ဦးခေါင်းကိုရိုက်၍ အော်ဟစ်အကူအညီ တောင်းရာ ညွန့်ဝေမှာ ထွက်ပြေးသွားခဲ့သည်။ မေ ၁၆ ရက်တွင် မ.... က တိုင်တန်း၍ ညွန့်ဝေအား မြို့မရဲစခန်း (မိုးကုတ်)မှ (ပ)၅၈/၂၀၁၅၊ ပြစ်မှုပုဒ်မ-၃၇၆/၅၁၁ အရ အမှုဖွင့်ဖမ်းဆီးခဲ့သည်။ ညွန့်ဝေမှာ ဦးခေါင်းပေါက်ပြဲ ဒဏ်ရာရရှိသဖြင့် မိုးကုတ်ဆေးရုံသို့ တင်ပို့ကုသထားရသည်။

***-(၁၉-၅-၂၀၁၅) စံတော်ချိန် စာ ၁၁ မှ။***

မှတ်ချက်။ ။ ငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် မလုံခြုံလျှင် ဤရာဇဝတ်မှုမျိုးဖြစ်တတ်သည်။

## မဟာ့မိတ္တကျောင်း

# မမွေစကူးလ်ဖောင်ဒေးရှင်းကို

## သီတဂူသာသနာပြုအဖွဲ့ ကဲ့သို့ ဆောင်ရွက်ရန်ဆရာတော်ကြီးမိန့်ကြား

မမွေစကူးလ်ဖောင်ဒေးရှင်းတည်ထောင်မှု(၃)နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို မေလ (၁၁)ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ (MCC)ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။ အခမ်းအနားကို –

- ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ သီတဂူတက္ကသိုလ်များ၏အဓိပတိ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဩဝါဒစကား မိန့်ကြားခြင်း၊
- ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊
- မမွေစကူးလ်ဖောင်ဒေးရှင်း၏ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊
- မေ ၉–၁၀ ရက်များတွင် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ကဏ္ဍအလိုက် ကိုယ်စားလှယ်များက တင်ပြခြင်း၊
- ဖောင်ဒေးရှင်း၏နည်းပညာအဖွဲ့ခေါင်းဆောင် ဆရာကြီးဒေါက်တာ ဦးဝင်းအောင်က ပြန်လည်သုံးသပ်ချက်များကို တင်ပြလျှောက်ထားခြင်း၊
- ပင်မအလှူရှင် ဒေါက်တာခင်ခင်ရီ(ရှိုင်းဟုတ်ကုမ္ပဏီ)က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခြင်း၊
- ဖောင်ဒေးရှင်း၏ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသာသနဝရက နိဂုံးချုပ်အမှာစကားမိန့်ကြားခြင်းတို့ဖြင့် ကျင်းပရာ ဖောင်ဒေးရှင်း၏ဦးဆောင်ဆရာတော်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မမွေစကူးလ်ကျောင်းများ၏ဆရာတော်သံဃာတော်များ၊ ဆရာဆရာမများ၊ ကျောင်းသားများ၊ ဧည့်သည်တော်များ စုံညီစွာတက်ရောက်ကြောင်း သိရသည်။

**"ဘုန်းကြီးတို့ရဲ့ သီတဂူသာသနာပြုအဖွဲ့ဆိုရင် တည်ထောင်တာ (၃၆)နှစ်ထဲရောက်ပြီ၊ ဘာစလုပ်သလဲဆိုတော့ စပ်ကိုင်းတောင်ရေပေးဖို့လုပ်တယ်။ အာယုဒါနဆေးရုံထောက်တယ်။ နိုင်ငံတော်မှာ သီတဂူကထောက်တဲ့ဆေးရုံပေါင်း (၂၈)ခုရှိသွားပြီ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း (၇၅)ကျောင်းထောက်ပြီးပြီ။ ၂၀၀၈ ခုနှစ် ရောဝတီတိုင်း၊ နာဂစ်မုန်းတိုင်းကျတုန်းက ဘုန်းကြီးတို့ သီတဂူသာသနာပြုအဖွဲ့က**

**လှူခဲ့တာ(၈.၈၅)ဘီလီယံလှူခဲ့ပါတယ်။ အဲဒါဟာ ဖောင်ဒေးရှင်းပဲ။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအတွက် စုဆောင်းပြီးလှူနေတဲ့အဖွဲ့အစည်းဟာ ဖောင်ဒေးရှင်း။ အဲဒီတော့ ဓမ္မစကြူးလ်ဖောင်ဒေးရှင်းရဲ့ သံဃာတော် ၂၀၀၀ ကျော်က ပညာရေးတစ်ခုတည်းမဟုတ်ဘဲနဲ့ ကျန်းမာရေး၊ လူမှုရေးတွေပါ ဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံတော်အနာဂတ်အတွက် သိပ်ကောင်းမယ်လို့ မျှော်လင့်ပါတယ်**"ဟု သီတဂူဆရာတော်ကြီးက ဩဝါဒစကားမိန့်ကြားခဲ့သည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် မေလ(၁၄)ရက်တွင် –

* **နိုင်ငံတော်သံဃာမဟာနာယကဥက္ကဋ္ဌ ဇနီးမော်ဆရာတော်ကြီး၊**
* **အင်းစိန်ရွာမပရိယတ္တိဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယဆရာတော်များ၊**
* **ပြည်တွင်းပြည်ပသာသနာပြုဆရာတော်များ၊**
* **နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များမှ ပညာရှင်များ၊**
* **သီရိလင်္ကာနှင့် အိန္ဒိယစသည့်နိုင်ငံများတွင် ပညာသင်ကြားခဲ့သော ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများ၊**
* **YMBA အသင်း၊ သာသနာ့နုဂ္ဂဟအသင်းကြီး၊ ဓမ္မရောင်ခြည်အစရှိသည်တို့မှ တတ်သိပညာရှင်များ**၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်အတွက် သားကောင်းရတနာလူငယ်များ ပေါ်ထွန်းလာစေရန်၊ ဗုဒ္ဓဘာသာအခြေခံကောင်းများရရှိစေပြီး ရိုးရာယဉ်ကျေးမှုနှင့်သဘာဝပတ်ဝန်းကျင်ဖြင့် ဆက်နွယ်သောပညာရေးအတွက် အထောက်အပံ့အဖွဲ့အစည်းတစ်ခုဖြစ်စေရန် ရည်ရွယ်တည်ထောင်ခဲ့ကြောင်း၊ သုံးနှစ်ကာလအတွင်း မြန်မာနိုင်ငံအနှံ့ ဓမ္မစကူးလ်ပေါင်း(၄၀၀၀)ခန့် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ဆရာ၊ ဆရာမပေါင်း(၇၅၀၀)ကျော်ဖြင့် ကျောင်းသားကျောင်းသူပေါင်း (၁၅၀၀၀၀)ကျော်ကို တနင်္ဂနွေနေ့တိုင်း မူလတန်းမှ အလယ်တန်းအထိ သင်ကြားပေးလျက်ရှိကြောင်း မော်ဘီမြို့နယ် သင်တန်းဆရာ ကိုတင့်ကျော်မိုး၏ ပြောကြားချက်အရသိရသည်။

–(၁၅-၅-၂၀၁၅) *The Hot News* ဂျာနယ် တ ၉ မှ။

**အရှုံးမပေးပါနဲ့**

ဘဝမှာ ဘာတွေနဲ့ပဲ ရင်ဆိုင်ကြုံတွေ့နေရပါစေ ဘဝကို အရှုံးမပေးပါနဲ့။
အရှုံးပေးခဲ့ရင် အဲဒီဘဝကပဲ အနိုင်ကျင့်တတ်လို့ပါ။

ကြီးမားတဲ့ဆုံးရှုံးမှု

ကိုယ့်ကို သူများ မလေးစားတာ ဒါလောက်မဆိုးသေးဘူး။

ကိုယ့်ကိုယ်ကိုယ် လေးစားမှုမရှိတော့တာဟာ ကြီးမားတဲ့ဆုံးရှုံးမှုဖြစ်ပါတယ်။

-မဟာမြိုင် ဦးဇောတိက။

# လူမျိုးရေးခွဲခြားမှုကြေညာချက်ကြောင့်

## အီဂျစ်တရားရေးဝန်ကြီးနုတ်ထွက်

**ကိုင်ရို မေ ၁၃**

အီဂျစ်အစိုးရဝန်ကြီးချုပ် အီဘရာဟင်မာလက်သည် တရားရေးဝန်ကြီး မာဖိုးဇ်ဆာဘာ၏ နုတ်ထွက်စာကို တနင်္လာနေ့ကလက်ခံလိုက်ကြောင်း၊ ဆာဘာသည် မကြာမီက ဆင်းရဲသားဆန့်ကျင်ရေးကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကြေညာချက်မှာ လူမျိုးရေးခွဲခြားမှုပါနေသဖြင့် လူထုက ဒေါသထွက်ခဲ့ရကြောင်း ပေရားဝင်သတင်းဌာန(MENA)၏ ဖော်ပြချက်ကို ဆင်ဟွာသတင်းက ရေးသားလိုက်သည်။

အလုပ်ပြုတ်သွားသောဝန်ကြီးမှာ မကြာမီက ရုပ်သံဌာနတစ်ခုသို့ ကြေညာချက်တစ်စောင်ပေးခဲ့ကြောင်း၊ အဆိုပါကြေညာချက်တွင် ဆင်းရဲသော အမှိုက်သိမ်းသူများ၏ကလေးများကို တရားသူကြီးမခန့်သင့်ကြောင်း၊ တရားရေးဝန်ထမ်းမငှားသင့်ကြောင်း၊ အဘယ့်ကြောင့်ဟူမူ ဤရာထူးမှာ ဂုဏ်သတင်းကျော်ကြား၍ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ဆာဘာ၏ကြေညာချက်မှာ လူမျိုးရေးခွဲခြားမှုအဖြစ် သရော်စံခဲ့ပြီး မုန်းတီးရေးစကားများဖြစ်ကြောင်း၊ အမှိုက်သိမ်းသူများအဖွဲ့ ဥက္ကဋ္ဌက ဝန်ကြီးပြုတ်အား တရားဝင်တောင်းပန်ရန် တောင်းဆိုလိုက်သည်။**

တရားရေးဝန်ကြီးဟောင်းက တောင်းပန်ခြင်းမှာ မိမိတို့၏ဂုဏ်သိက္ခာအတွက် ထိုက်တန်ကြောင်း၊ မိမိတို့က ငွေကြေးမလိုကြောင်း၊ အစိုးရ၏လုပ်ငန်းကို ချည်နဲ့အောင်လုပ်နေသူဖြစ်ကြောင်း၊ အမှိုက်သိမ်းသူများအဖွဲ့ဥက္ကဋ္ဌ ရှိဟတ်တာမိဘာဒစ်က ဝန်ကြီးနုတ်ထွက်ပြီးနောက် ဆင်ဟွာသတင်းကို ပြောကြားခဲ့သည်။

နုတ်ထွက်စာကို လက်ခံပြီးနောက် ဝန်ကြီးချုပ်က ဆာဘာ၏ကြေညာချက်သည် **စကားပြော လွဲမှားသွားခြင်းသာဖြစ်သည်**ဟု ပြောကြားခဲ့သည်။

-(၁၄-၅-၂၀၁၅) ဒီမိုကရေစီတုဒေး စာ ၁၉ မှ။

## အရက်မူးဖခင် သားအရင်းအားဓားဖြင့်ခုတ်သတ်

မေ ၁၃ ရက် ည ၁၀ နာရီခန့်က အောင်လံမြို့နယ်၊ စမ်းကလေး(ရေတွင်းစု) ကျေးရွာ၌ အရက်မူး၍ အဖေက သားအရင်းအား ဓားဖြင့်ခုတ်သတ်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ စမ်းကလေး(ရေတွင်းစု)ကျေးရွာနေ ဦးတာတီး(ခ)ဦးကျော်မောင် (၆၇)နှစ်သည် နေအိမ်ရှေ့ ကွပ်ပျစ်၌ အိပ်နေစဉ် တစ်ခြံတည်းနေ သားဖြစ်သူ အောင်မြင့်(၄၁)နှစ်က အရက်မူးပြီး မြေး မျိုးဇော်ဦး အသက်(၂၀)နှစ်နှင့် စကားများနေကြောင်း ဇနီးဒေါ်နိုင်ဦးပြော၍ ထကြည့်ရာ မျိုးဇော်ဦး အိမ်အောက်ဆင်းရန် ထလာသည်ကို အောင်မြင့်က "**မင်း ငါ့ကို ရှဲ့တာလား၊ အူထွက်သွားမယ်**"ဟု ပြောသည့်အခါ မျိုးဇော်ဦးက "**အူထွက်ရုံမလုပ်နဲ့ အသေခုတ်**"ဟုပြောပြီး ခေါင်းငုံ့ပေးသဖြင့် အောင်မြင့်က အနီးရှိအရိုးအသွားနှစ်ပေလေးလက်ခွဲခန့် ဓားဦးပြတ်အား ကောက်ယူ၍ တစ်ချက်ခုတ်လိုက်ရာ မျိုးဇော်ဦး၏လည်ပင်း ဝဲဘက်ခြမ်း လေးလက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက် ရရှိသေဆုံးသွားခြင်းဖြစ်သည်။

မြေး မျိုးဇော်ဦးအား ဓားဖြင့်ခုတ်သတ်သူ သားအောင်မြင့်အား အရေးယူပေးရန် ဦးကျော်မောင်က တိုင်တန်းသဖြင့် အောင်မြင့်အား အောင်လံမြို့မရဲစခန်းမှ အမှုအမှတ် (ပ) ၇၅/၂၀၁၅၊ ပုဒ်မ-၃၀၂ အရ အရေးယူထားသည်။

***မောင်မောင်အောင်(အောင်လံ)-(၁၅-၅-၂၀၁၅) စံတော်ချိန် စာ ၂ မှ။***

မှတ်ချက်။ ။ ငါးပါးသီလထဲက သုရာပါနသိက္ခာပုဒ်မလုံခြုံလျှင်
ဤရာဇဝတ်မှုမျိုး ဖြစ်တတ်သည်။

## ခေါင်းကိုက်ဝေဒနာ ရှင်းပေးတဲ့သေနတ်သမား

ကနေဒါနိုင်ငံမှ ရန်ဒီဂျန်ဇန်ဆိုသူသည် ခေါင်းကိုက်ဝေဒနာခံစားနေရသော သူ၏သမီး အသက် ၁၉ နှစ်အရွယ်ရှိသူ အဲမလီအား ကြာသပတေးနေ့ နေ့ခင်းတွင် သေနတ်ဖြင့်ပစ်သတ်လိုက်သည်။ နောက် သူ၏မိန်းမလော်ရယ်ကိုသတ်လိုက်သည်။ ထို့နောက် သူ့ညီမကို ပစ်သတ်လိုက်သည်။ ထို့နောက် သူသည် ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဖေ့စ်ဘုတ်ပေါ် အောက်ပါအတိုင်းတင်ခဲ့သည်။

**"ကျွန်တော့်သမီးက ခေါင်းကိုက်ဝေဒနာခံစားနေရတာ မပျောက်နိုင်ခဲ့ဘူး။ အဲဒါနဲ့ ကျွန်တော် သူ့ခေါင်းကို သေနတ်နဲ့ပစ်ထည့်လိုက်တယ်။ အခုခေါင်းကိုက် ဝေဒနာကင်းသွားပြီ။ တိမ်လွှာထဲမှာ သူလွင့်မျောသွားလို့ရပြီ။**

နောက် ကျွန်တော့်မိန်းမ ဝေါ်ရယ်ကို သတ်လိုက်တယ်။ သူ့ကိုသတ်ရတဲ့ အကြောင်းကတော့ မိခင်တစ်ယောက်ဟာ သူ့သားသမီးသေဆုံးသွားပြီဆိုတဲ့ အမင်္ဂလာသတင်းကို မကြားသင့်ဘူးလို့ ကျွန်တော်ယူဆတယ်။ နောက်တော့ ကျွန်တော့်ညီမကို ကျွန်တော်သတ်လိုက်တယ်။ ဘာလို့ဆိုတော့ ကျွန်တော့်လို အသုံးမကျတဲ့ကောင် လူသတ်သမားရဲ့ ညီမဖြစ်နေတယ်ဆိုတဲ့ အကျည်းတန်လှတဲ့ကိစ္စ ဂုဏ်မဲ့တာကို သူမခံစားစေချင်လို့ပါပဲ"

ရဲများက ထိုဖေ့စ်ဘုတ်ကြောင့် ဂျန်ဖန်၏အိမ်သို့သွားရောက်ကြည့်ရှုရာ ဖေ့စ်ဘုတ်တွင် ရေးထားသည့်အတိုင်း သုံးလောင်းပြိုင်သေဆုံးနေသည်ကို တွေ့ခဲ့ရပြီး ရန်ဒီဂျန်ဖန်အား အခြားအိမ်တစ်အိမ်တွင် အခိုင်အမာနေရာယူထားသည်ကို တွေ့ခဲ့သည်။ ရဲများဝန်းရံသောအခါ သူက သေနတ်နှင့်ပစ်ခတ်၍ လေးနာရီကြာ ဝိုင်းဝန်းပိတ်ဆို့ပြီး မျက်ရည်ယိုဗုံးပစ်၍ ဝင်ဖမ်းစဉ် ပေါက်ကွဲသံကြားရပြီး ရန်ဒီဂျန်ဖန်ကို အသေမိခဲ့သည်ဟု HUFFPOST CANADAသတင်းစာက ဖော်ပြခဲ့သည်။ *-ငုရွှေဝါ၊(၁၅-၅-၂၀၁၅) လူထုပုံနှိပ်သတင်းဂျာနယ် စာ ၃၃ မှ။*

မှတ်ချက်။ ။ငါးပါးသီလထဲက ပါဏာတိပါတာ သိက္ခာပုဒ်မလုံခြုံလျှင်ဤရာဇဝတ်မှုမျိုး ဖြစ်တတ်သည်။

## အိုဘယ့် မာတာပိတု



ဖလော်ရီဒါပြည်နယ် စိန့်ပီတာစဘတ်မြို့မှ ဇနီးမောင်နှံနှစ်ဦးသည် သူတို့သမီးများအား ကျောင်းမှန်မှန်တက်လျှင်၊ အိမ်အလုပ်ဝိုင်းကူလုပ်ပေးလျှင်ဆေးခြောက်နှင့်ကုတ်ကင်း မှိုဝဲခွင့်ပေးမည်ဟု အပေးအယူလုပ်ခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

တမ်ပါ-စိန့်ပီတာစဘတ်မြို့၏ ဆင်ခြေဖုံးဒေသဖြစ်သော လာဂိုမြို့နယ်တွင် နေထိုင်သော ချဒ်နှင့်ဂျိုအီမူဇီသည် ကျောင်းစာ၊ အိမ်အလုပ်တို့ကို ဝိုင်းကူလုပ်ပေးလျှင် မူးယစ်ဆေးဝါးသုံးစွဲခွင့်ပေးမည်ဟု အသက် ၁၄ နှစ်အရွယ်နှင့် အသက် ၁၃ နှစ်အရွယ်ရှိ သမီးနှစ်ဦးကို ကမ်းလှမ်းမှုပြုခဲ့သည်။

ထို့ကြောင့် ထိုလင်မယားကို တနင်္လာနေ့က ဖမ်းဆီးလိုက်သည်။ မိခင်ဖြစ်သူက သမီးနှစ်ဦးနှင့်အတူ ငါးကြိမ်မျှဆေးခြောက်ရှူဖူးခဲ့သည်ဟုလည်းကောင်း၊ ဖခင်ဖြစ်သူကလည်း သမီးများနှင့်သာမက သမီး၏ရည်းစားနှင့်ပါ ကုတ်ကင်းရှူဖူးကြောင်း ရဲစခန်းတွင် ထွက်ချက်ပေးခဲ့သည်။

*-ငုရွှေဝါ၊(၁၅-၅-၂၀၁၅) လူထုပုံနှိပ်သတင်းဂျာနယ် စာ ၃၃ မှ။*

**လူသေသော့ပ်နဲ့လူရှင်မှုစ်**

လူသေပုပ်ထက် လူရှင်ပုပ်က ပိုဆိုးတယ်။ မပြုလုပ်သင့်တဲ့အမှုတွေကို ပြုလုပ်မိရင် နာမည်ဂုဏ်သတင်း ပျက်စီးသွားတယ်။ အဲဒါကို "**လူရှင်ပုပ်**"လို့ခေါ်တယ်။

***–ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ(မဟာဂန္ဓာရုံ)။***

# သတ်တာက သတ်တာပဲ၊ ကြိုက်တာက ကြိုက်တာပဲ

အသက် ၂၈ နှစ်အရွယ်ရှိ ကျောင်းဆရာမ ဂျေဒီပန်နာရီအောတောသည် တောင်အာဖရိကနိုင်ငံ ယူအစ်တန်ဟိန်းမြို့ရှိ သူမ၏အိမ်အပြင်ဘက်တွင် ကျောင်းသွားရန် ကားစောင့်နေစဉ် ပြန်ပေးဆွဲခံခဲ့ရသည်။ နောက်တစ်နေ့တွင်မှ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော သူမ၏အလောင်းကို မြို့ပြင်တစ်နေရာတွင် တွေ့ရှိခဲ့သည်။

ရဲများသည် မကြာခင်မှာပင် တရားခံဟုယူဆရသူ အသက် ၃၁ နှစ်အရွယ်ရှိ သန်ဒိုစီယိုလီဆိုသူကို ဖမ်းဆီးလိုက်သည်။ သန်ဒိုသည် သေဆုံးသူ ဂျေဒီ၏ အမျိုးသား ခရစ်ပန်နာရီအောတော ပိုင်ဆိုင်သော အရက်ဆိုင်တွင် အလုပ်လုပ်ကိုင်နေသော လူမိုက်တစ်ယောက်ဖြစ်ခဲ့သည်။ ဂျေဒီအား သတ်ရန် သူမယောကျ်ား ခရစ်က ငွေပေးခိုင်းစေခဲ့သည်ဟု သန်ဒိုက ဖြောင့်ချက်ပေးခဲ့သည်။

ဂျေဒီ၏အသုဘသို့ ရဲတပ်ဖွဲ့ဝင်များ အရပ်ဝတ်ဖြင့် ရောက်ရှိခဲ့ကြသည်။ ခရစ်ကို အသုဘအစီအစဉ်အပြီးတွင်ဖမ်းဆီးရန်ရည်ရွယ်ခဲ့သည်။ အသုဘတွင်မှ နှုတ်ဆက်စကားဆိုရာတွင် ခရစ်က "**သူ၏ဇနီးသည် အချက်အပြုတ်တွင် အလွန်ပင် တော်သောကြောင့် မဟာဗ္ဗမဂန္ဓပင် ဥပုသ်ကျိုးသွားစေနိုင်သည်**"ဟု အမွှန်းတင် ပြောကြားခဲ့သည်ကို ကြားခဲ့ရသည်။ ထိုစကားစုသည် ၂၀၁၀ ခုနှစ်တွင် ချားလ် အဝတ်ကင်ဆိုသူက သူမ၏ဇနီးသေဆုံးပြီးနောက်ရေးဖွဲ့၍ အွန်လိုင်းတွင်တင်ခဲ့သောစာ ဖြစ်နေသည်။

ခရစ်သည် အခြားအမျိုးသမီးနှင့်ဇာတ်ရှုပ်နေ၍ ဇနီးသည်ကို ရှင်းလိုက်ခြင်းဖြစ်သော်လည်း သွားလေသူ၏ဟင်းလျာများကိုလွမ်းစွာအကြိုက်တွေ့သည်ဟုပင် ဆိုရမည်။ ***–ဌမွေ့ဝါ၊(၁၄–၅–၂၀၁၄) လူထုဝုံနိုဝ်သတင်းဂျာနယ် စာ ၃၃ မှ။***

မှတ်ချက်။ ။ ငါးပါးသီလထဲက ပါဏာတိပါတသိက္ခာပုဒ်မလုံခြုံလျှင် ဤရာဇဝတ်မှုမျိုး ဖြစ်တတ်သည်။




# မြန်မာ့ယဉ်ကျေးမှုမြို့တော် ဘယ်သူတွေဝါးမျိုသွားလဲ ...

ကျော်ကြီး (MDY)



# ဂျပန်သို့ လူပို့သူများ

## ငွေလိမ်မှုကြောင့် ဖြစ်ပွားခဲ့သော လူသတ်မှု

ဂျပန်နိုင်ငံသို့ လူပို့ဆောင်ပေးမည်ဟုဆိုကာ ငွေလိမ်လည်မှုနှင့်ပတ်သက်၍ လူနှစ်ဦးအသတ်ခံရပြီး ပဲခူးမြို့နယ်၊ အင်းတကော်နယ်မြေအပိုင် ရွှေပြည်(၃) လောင်တာပ်အနီးမှာ အလောင်းများ သွားရောက်ပစ်ချခဲ့မှုအတွက် ပြစ်မှုကျူးလွန်သူ တရားခံလေးဦးကို ဖော်ထုတ်သိရှိထားပြီး တစ်ဦးကိုဖမ်းမိထားကာ ကျန်သုံးဦးမှာ လွတ်မြောက်ဆဲဖြစ်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ (၅-၅-၂၀၁၅)နေ့လယ်ပိုင်းက ပဲခူးမြို့နယ်၊ အင်းတကော်နယ်မြေအပိုင် ကားလမ်းနံဘေးတွင် လက်ပြန်ကြိုးတုပ်လျက် အနေအထားဖြင့် ဒဏ်ရာများရရှိသေဆုံးနေသည့်အမျိုးသားနှစ်ဦးကို ပရိုဘောက်ကားဖြင့် လာရောက် ပစ်ချသွားခြင်းကို ဒေသခံများက တွေ့ရှိရပြီး ၄င်းကိစ္စကို အင်းတကော်ရဲစခန်းက ပုဒ်မ(၃၀၂)(လူသတ်မှု)နှင့် ပုဒ်မ(၂၀၁)(အလောင်းဖျောက်ဖျက်မှု)တို့ဖြင့် အမှုဖွင့် အရေးယူခဲ့ကြောင်းသိရသည်။ ယခုဖမ်းဆီးရမိထားသော တရားခံတစ်ဦးသည် လူသတ်မှုကျူးလွန်သည့်အဖွဲ့တွင်ပါဝင်ပြီး အသတ်ခံရသူနှစ်ဦး၏ ရုပ်အလောင်းများကို အင်းတကော်ကားလမ်းနံဘေးတွင် လာရောက်ပစ်ချစဉ်က အလောင်းများကို ကားပေါ်မှ ဆွဲချပေးခဲ့ကြောင်းသိရသည်။

အသတ်ခံရသူနှစ်ဦးသည် အိမ်၊ခြံ၊မြေ(ရောင်း၊ဝယ်၊ငှား) အကျိုးဆောင်လုပ်ငန်းကုမ္ပဏီတစ်ခု ဖွင့်လှစ်ထားသော ညီအကိုတော်စပ်သူများဖြစ်ကြောင်း၊ ၄င်းအညီအကိုနှစ်ဦးသည် ဂျပန်နိုင်ငံသို့ အလုပ်သမားပို့ဆောင်ပေးနေသော ပြည်ပအလုပ်အကိုင်ကုမ္ပဏီပိုင်ရှင်ဆိုသူနှင့် ချိတ်ဆက်၍ ဂျပန်သို့သွားရောက်လိုသူ အမျိုးသားခြောက်ဦးထံမှ တစ်ဦးလျှင်ငွေကျပ် ၁၁၅ သိန်းနှုန်းဖြင့် သိန်း ၆၉၀ ကို ရယူလိမ်လည်ခဲ့ကြောင်း၊ ငွေယူပြီးကတိအတိုင်း ဂျပန်နိုင်ငံသို့မပို့ပေးနိုင်သည့်အတွက် လိမ်လည်ခံရသူခြောက်ဦးက ၄င်းညီအကိုနှစ်ဦးကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလတွင် အမှုဖွင့်၍ တရားစွဲဆိုထားကြောင်း၊ ၄င်းနောက် ငွေလိမ်ခံရသူလေးဦးက ၄င်းညီအကိုနှစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်းသိရသည်။

ဦးညွန့်ဝေသည် ဦးကျော်ကျော်နိုင်နှင့်ပေါင်း၍ ကျန်အလုပ်လုပ်လိုသူတစ်ဦး သိန်း ၅၀ လက်ခံပြီး ၃၅ သိန်းကို ကျော်ကျော်နိုင်မှယူ၍ ၁၅ သိန်းကို ဦးညွန့်ဝေမှ ယူသည်။ သုံးလကြာ၍ အလုပ်မရသောအခါ ငွေပြန်တောင်းရာ ကျော်ကျော်နိုင်မှ

ဂျပန်မှာ နှစ်လအတွင်း အလုပ်လုပ်ချင်ရင် သိန်းတစ်ရာပေးရမည်။ မရပါက သိန်း ၁၁၀ ချက်ချက်းပြန်အမ်းမည်ပြောပြီး လုပ်ချင်သူအသစ်များက ပေးသောငွေကို ပထမအလုပ်မရ၍ ပြဿနာရှာသူများကို ပြန်အမ်းကြောင်း၊ ထို့နောက် ပြဿနာရှုပ်လာ၍ ကျော်ကျော်နိုင်မှ မိသားစုနှင့်အတူ စက်ာပူသို့ထွက်ပြေးသွားခဲ့သည်။

ဦးညွန့်ဝေမှာ လိမ်လည်မှုနှင့် တရားစွဲခံရသည်။ (၅-၅-၂၀၁၅) နံနက် ၁၀ နာရီမှာ ဦးညွန့်ဝေ တရားရုံးချိန်းရင်ဆိုင်ရန် လက်ဖက်ရည်ဆိုင်တွင် အကိုဖြစ်သူနှင့်ထိုင်နေစဉ် မတ်တူးအဖြူရောင်ကားတစ်စီးနှင့်ရောက်လာပြီး အလုပ်ကိစ္စအသစ်အပ်ရန်ရှိ၍ ခဏလိုက်ခဲ့ရန် လူတစ်ယောက်လာခေါ်၍ အကိုဖြစ်သူနှင့်လိုက်သွားရာ နေ့လယ်တစ်နာရီတွင် ဦးညွန့်ဝေနှင့်သူ့အကို အသတ်ခံရပြီး ကားနှင့် အင်းတကော်တွင် လာပစ်သွားကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူများမှာ အသက်၃၀ကျော်အရွယ်ရှိသူများဖြစ်ကြောင်း၊ ဂျပန်လူပို့ရန် ကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်၍ သေဆုံးသူများက အခန်းငှားပြီး ယုတ္တိရှိရှိ လုပ်ကိုင်ကြကြောင်း၊ ပြည်ပနှင့်ချိတ်ဆက်ပေးမည့်ကုမ္ပဏီပိုင်ရှင်မှာလည်း ရှောင်တိမ်းနေကြောင်းသိရသည်။

-(၁၄-၅-၂၀၁၅) *Newsweek* ဂျာနယ် တ ၃ မှ။

မှတ်ချက်။ ။ ငါးပါးသီလထဲက မုသာဝါဒသိက္ခာပုဒ်မလုံခြုံလျှင် ဤရာဇဝတ်မှုမျိုး ဖြစ်တတ်သည်။

## သတိနဲ့မနေရင်

တရားအားမထုတ်တဲ့သူ၊ သတိနဲ့မနေတဲ့သူဟာ တစ်ယောက်ယောက်က တစ်ခုခု ပြောတာဆိုတာ၊ မသင့်တော်တာ မြင်ရကြားရရင် ချက်ချင်း ဒေါသဖြစ်တယ်။ သတိနဲ့နေတဲ့သူကတော့ ချက်ချင်းစိတ်မဆိုးဘူး။ ပြောသင့်တာကို အေးအေးဆေးဆေးပြောမယ်၊ ဒေါသနဲ့ မပြောဘူး။ ဒေါသဆိုတာ မေတ္တာနဲ့ ဆန့်ကျင်ဘက်ပါ။ သတိနဲ့နေတဲ့သူက ဒေါသအဖြစ်နည်းတယ်။ မေတ္တာက အလိုလို စိတ်ထဲမှာရှိနေတယ်။ သူတစ်ပါးကို အထင်သေး၊ အမြင်သေး မဖြစ်ဘူး။ သူတစ်ပါးရဲ့အပြစ်ကို အလိုလိုနေရင်း ခွင့်လွှတ်ပြီးသားဖြစ်နေတယ်။

-မဟာမြိုင် ဦးဇောတိက။

# လက္ခယ်ချိန်



* တစ်နေ့တာလုံး၊ ယမ်းငွေ့ဖုံးလျက်
မဆုံးမပြတ်၊ တရစပ်တည့်
သတ်ကြဖြတ်ကြ၊ တိုက်ခိုက်ကြနှင့်
ပစ်ကြလောင်စာ၊ ကျည်မိုးရွာသော်
ရွာမှာပျက်ကြေ၊ ရွာသူသေ၍
ရွာနေသွေ့ခြောက်၊ ရွာသက်ပျောက်သည်
ကြောက်ဖွယ်သချိုင်းနယ်တကား။

* ညဘက်ရောက်သော်
ထွန်းတောက်ရှင်းမြ၊ ဝင်ထိန်ပသည့်
လဖါ်အရောင်၊ ပြိုးပြောင်ပြောင်ဝယ်
မီးလောင်ပျက်ကြေ၊ အိပ်ယာမြေတို့
ကွမ်းကြေမြေခ၊ ငုတ်စစတည့်
လဲကျပက်လက်၊ မှောက်ခုံလျက်နှင့်
ခွေယှက်တစောင်း၊ မြင်မကောင်းသည်
လောင်းချင်းထပ်၍နေသတည်း။



* ပတ်ဝန်းကျင်ဝယ်
လေတွင်ညှော်နံ့၊ သွေးညှီနံ့နှင့်
ယမ်းနံ့ဝေဝေ၊ ဖုံးလွှမ်းချေသည်
ထွေထွေရောယှက်နေသတည်း။

* ခပ်လှမ်းလှမ်းမှ
ဝမ်းနည်းဖွယ်လို၊ ကြောက်ဖွယ်လိုနှင့်
သည်းဖိုထိတ်စွ၊ ကြားနေရသည်
ရှူးရှူခွေးအူသံတကား။

* ထိုအခိုက်ဝယ်
ကိုယ်၌ဒဏ်ရာ၊ မရှိပါခဲ့

မေ့ကာပြုံလဲ၊ သေအံ့ဆဲမှ
သေပွဲရှောင်သွေ၊ သတိပြေခဲ့
လူသေကောင်များ၊ ထိုအကြားမှ
ထွားရှဲထွက်လာ၊ သူ့ခမျာသည်
ခါလည်မှုသာ ရှိသတည်း။

* သနားစဖွယ်၊ လူမမည်လည်း
ဘယ်ဝယ်အမိ၊ ရှိလေဘိဟု
မချိတင်ကဲ၊ ငိုမစဲနှင့်
အားခဲထွားကာ ဖွေရှာ၏။

* အတန်ကြာသော်
မြေမှာပတ်လက်၊ အသက်ထွက်သည့်
ချစ်သက်မိခင်၊ သွားတွေ့မြင်သည်
ငွေစင်လရောင်ဝယ်တကား။

* ဪ......ဘာမသိ၍
မိဇာ်သက်လျှာ၊ သားသည်းချာလျှင်
ဆာလောင်မွတ်သိပ်၊ ဆန္ဒစိတ်ဖြင့် ငြိမ်ဆိတ်မိရင်၊ သွေးရှုစွင်သို့
တိုးဝင်နားခို၊ ရှင်ဟန်ပိုသည် နို့ချိုစို့လျက်နေသတည်း။

* ထိုရောအခါ၊ ငွေသော်တာလည်း ဒီမှာမြင်ချက်၊ မရှုရက်သို့
မိုးသက်တိမ်အောက်၊ တိုးဝင်ပျောက်သည်
ကျရောက်အမှောင်ဖုံးလွှမ်း၏။

—မင်းယုဝေ(၁၉၅၇)၊ (၂၄-၇-၂၀၁၄) စံတော်ချိန် စာ ၁၃။



## ရွှေနှင့်သံ ပုံပြင်

ကျွန်မတို့အမေက ဆန်နဲ့ပတ်သက်တဲ့ပုံကို ပြောပြခဲ့ဖူးပါတယ်။ ရှေးက နိုင်ငံတစ်နိုင်ငံကို တခြားနိုင်ငံက လူတွေရောက်လာပြီးတော့ "သံနဲ့ရွှေနဲ့လဲမယ်၊ သံနဲ့ရွှေနဲ့လဲမယ်"လို့ လမ်းတိုင်းမှာ လျှောက်ပြီးအော်ပါတယ်တဲ့။ ကိုယ့်အိမ်က သံ ၁၀– ကျပ်သားပေးရင် သူတို့ဆီက ရွှေ ၁၀–ကျပ်သားရသတဲ့။ ဒီတော့ <u>တစ်နိုင်ငံလုံးက သံတွေရွှေနဲ့လဲလိုက်ကြလို့ သံမကျန်တော့ဘူး ရွှေနိုင်ငံကြီးဖြစ်သွားတယ်</u>။ ဝမ်းသာကြ၊ ပျော်ကြပေါ့။

မကြာခင်မှာပဲ တခြားနိုင်ငံက"စစ်ပဲတိုက်မလား၊တိုင်းပြည်ပဲအပ်ရမလား"လို့ မေးလိုက်တော့ <u>စစ်အတွက်လက်နက်လုပ်စရာ သံတစ်စမှမရှိတော့ အဲဒီရွှေနိုင်ငံကြီး သူတစ်ပါးလက်အောက် ရောက်သွားပါရောတဲ့</u>။ အဲဒါနမူနာပဲ၊ **ကိုယ့်ရဲ့ရိက္ခာကို ရိက္ခာသစ်မရခင် မကုန်စေနဲ့၊ သီးနှံသစ်ထွက်မှ သီးနှံဟောင်းကို ရောင်းရတယ်။ သီးနှံဟာ၊ ဆန်ဟာ ရွှေထက်အရေးကြီးတယ်။ စားစရာမရှိရင်ဘာမှ လုပ်လို့မရဘူး၊ လက်နက်ကောင်းတာတောင်ရိက္ခာမပါတဲ့ စစ်တပ်ဟာ စစ်မတိုက်နိုင်ဘူး**။ အမေပြောတာနားထောင်နေတုန်းကတော့ ကျွန်မတို့က နှစ်တန်း၊ သုံးတန်း ကျောင်း သားတွေလေ။ "အမေ့နှယ် .. ရွှေနဲ့ သံအကြောင်းပြောရာက ဘယ်လိုကနေ စပါးတွေ၊ဆန်တွေဆီရောက်သွားတာပါလိမ့်"လို့တွေးမိပါတယ်။

ကျွန်မတို့နိုင်ငံတွင် "**အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက များ၏**"ဟု သန်းခေါင်စာရင်းကထွက်ပါတယ်။ လူငယ်ဦးရေကလည်း နိုင်ငံတွင်းလူဦးရေထက် ထက်ဝက်ကျော်ခဲ့ဖူးတယ်။ ခုတော့ <u>လူငယ်သေပျောက်မှုလည်းများလာတယ်လို့ သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ မူးယစ်ဆေးဝါး၊ အရက်၊ ကူးစက်ရောဂါ၊ ယာဉ်တိုက်မှု အထူးသဖြင့် ဆိုင်ကယ်တို့ကြောင့်လို့</u> ဆောင်းပါးရှင်အောင်လှိုင်ဦးက (၁၁–၇–၂၀၁၅) စံတော်ချိန်မှာ ရေးထားတာ ဖတ်ရပါတယ်။

သေသလိုပဲ မွေးတာလည်းအများကြီးရှိပါတယ်။ မည်သို့ဆိုစေ ရိက္ခာသည် အရေးကြီးပါ၏။ လယ်သမားကြီးများ လယ်ကွင်းတွေကို အချိန်မီ မစိုက်ပျိုးနိုင်တာကို ဘာကြောင့်ဟု လေ့လာပြီး စိုက်ပျိုးချိန် 'မိုးရွာတုန်းထွန်ချ'စကားကဲ့သို့ စိုက်ကြရန်သာ အရေးကြီးကြောင်း သက်ဆိုင်ရာတို့မှ နှိုးဆော်ရန်ဖြစ်ပါတယ်။ တောင်သူလယ်သမားကြီးများ ကိုယ်တိုင်ကလည်း ရိုးရာအတိုင်း ကျွဲနွားအားကိုးပြီး လယ်စိုက်လိုစိုက်၊ စက်ကိရိယာတွေနဲ့လယ်စိုက်လိုစိုက်တစ်နိုင်ငံလုံးရိက္ခာမှလုံရန် စပါးစိုက်ချိန် စပါးစိုက်ကြပါလို့သာ မေတ္တာရပ်ခံချင်ပါတယ်။

*(၂၅-၇-၂၀၁၅) စံတော်ချိန် စာ ၇ ပါ မကြွယ်ကြွယ်၏ 'ရွှေနှင့်သံပုံပြင်'ဆောင်းပါး မှ ကောက်နုတ်ဖော်ပြသည်။*

## ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်း ၉-မျိုး

၁။ မြန်မြန်လမ်းလျှောက်ပါ။
ခေါင်းဆောင်ကောင်းသည် ခြေလှမ်းကျဲကျဲ လှမ်းနေသူဖြစ်ရမည်။

၂။ အချက်ကျကျစကားပြောပါ။
ခေါင်းဆောင်ကောင်းသည် စကားကိုထိထိမိမိ ပြောနိုင်သူဖြစ်ရမည်။

၃။ ကိုယ်ကိုမတ်မတ်ရပ် ခေါင်းမော့ထားပါ။
ခေါင်းဆောင်ကောင်းသည် ခါးကုန်းကုန်းနှင့် နေသူများ မဟုတ်ရ။

၄။ စကားကို ကြည်လင်ပြတ်သားစွာ ပြောပါ။
ခေါင်းဆောင်ကောင်းသည် စကားတစ်ခွန်းကို နှစ်ကြိမ်ထပ်ပြောလေ့မရှိ။

၅။ သွက်သွက်လက်လက် လုပ်ပါ။
ခေါင်းဆောင်ကောင်းသည် အလုပ်ကို ရွှေ့ဆိုင်းထားလေ့မရှိ။

၆။ အရေးကြီးသော အချက်များကိုသာ ဂရုစိုက်ပါ။
ခေါင်းဆောင်ကောင်းသည် မည်သည့်ကိစ္စမဆို အသေးအဖွဲ့ အချက်များကို အလေးဂရုမပြု။

၇။ ငေးမောမနေပါ။
ခေါင်းဆောင်ကောင်းသည် မည်သည့်နေရာကိုမဆို တွေဝေငေးမောပြီး ကြည့်မနေတတ်။

၈။ စကားပြောသည့်အခါ လူကိုကြည့်၍ ပြောသည်။
ခေါင်းဆောင်ကောင်းသည် စကားပြောသောအခါ နံရံကိုလည်းကောင်း၊ ကြမ်းပြင်ကိုလည်းကောင်း၊ ခေါင်မိုးကိုလည်းကောင်း ကြည့်၍မပြောတတ်။

၉။ စထားသော အလုပ်ကို ပြီးအောင်လုပ်သည်။
ခေါင်းဆောင်ကောင်းသည် အလုပ်တစ်ခုကို စပီလျှင် မပြီးမချင်း လုပ်လေ့ရှိသည်။ အလုပ်တခုမပြီးဘဲ တစ်ခုကိုကူးပြောင်းလေ့မရှိ။

*–တက္ကသိုလ် ဆုမြိုင်(အောင်မြင်ရေးနည်းမှ)၊*
*(ဇော်ထက်နိုင်) အသင်းကမ္ဘာဝက်ဘ်ဆိုက်။*

* အကယ်၍ သင်ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလိုလျှင် ရှာဖွေခြင်းထက် စုဆောင်းခြင်းကိုသာ စဉ်းစားသင့်ပေတယ်။

If you would be wealthy, think of saving as well as of getting.

## ကံတူသော်လည်း အကျိုးပေးမတူခြင်းအကြောင်း

သူလည်း ကောင်းတာလုပ်တာပဲ၊ ငါလည်း ကောင်းတာလုပ်တာပဲ၊ သူလည်း မကောင်းတာလုပ်တာပဲ၊ ငါလည်း မကောင်းတာလုပ်တာပဲ၊ အကျိုးပေးချင်းကျတော့ တူတယ်မတူဘူးလို့ သွားပြောလို့မရဘူး။

ရာဇဝတ်မှုတစ်ခု ကျူးလွန်တာတောင်မှ လွတ်တဲ့သူက လွတ်သွားတာပဲ၊ ခံရတဲ့သူက ခံရတယ်လေ။ ဘာဖြစ်လို့တုန်းဆိုတော့ အခြေအနေချင်း မတူညီလို့။ ဝဋ်ကြွေးပါလာရင် အကုသိုလ်အကျိုးပေးချိန်ကျလာရင် ခံရတာပဲ၊ မလွတ်နိုင်ဘူး။ ဒါကိုတော့ "အခြေအနေ"လို့ ခေါ်တယ်။

*-ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ။*

# ဂဝေသီနိုင်ငံတော်ကြီးအဖြစ်သို့

(၁)

မကြာမီ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီး လာပေတော့မည်။ လက်ရှိအစိုးရကို မကျေနပ်သူများ၊ အားမရသူများကမူ ထိုရွေးကောက်ပွဲကြီးကို ကြိုဆိုကမ်းလင့်ကြပေလိမ့်မည်။ သို့သော် လက်ရှိဆိုသည့်အတိုင်း အရာအာလုံးနီးပါးလက်ထဲတွင် ရှိနေကြသူတွေပီပီ လက်ရှိအစိုးရကလည်း ထိုရွေးကောက်ပွဲကြီးတွင် အနိုင်ရအောင် အမျိုးမျိုး ကျားကန်ကြပေလိမ့်မည်။ သေချာသည်မှာ ကျွန်တော်တို့တိုင်းပြည်သည် ဟိုက ယို၊ ဒီက ပေါက်၊ ဒီက ဖာစာရာ၊ ဟိုက ထေးစရာ၊ ဟိုဟာလို ဒီဟာလိုနှင့် အဘက်ဘက်မှာ မပြည့်စုံသေးသော တိုင်းပြည်တစ်ပြည်ဖြစ်နေသေးခြင်းပင်ဖြစ်သည်။

ဤအချက်မှာ ရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအတွက် ဦးခံ၍ရွတ်စရာမလိုလောက်အောင် ထင်ရှားသောဂါထာမန္တာန်ကြီးလည်း ဖြစ်သည်။ သတိရနေကြဖို့လည်းဖြစ်သည်။ ကျွန်တော့်အမြင်မှာ **အစိုးရအဖြစ် အုပ်ချုပ်လိုသူတိုင်းသည် ကျွန်တော်တို့နိုင်ငံကို ဂဝေသီနိုင်ငံတော်ကြီးဖြစ်အောင် တည်ထောင်အုပ်ချုပ်နိုင်ကြဖို့ဖြစ်ပါသည်။**

(၂)

ဂဝေသီနိုင်ငံတော်ကြီးဆိုသည်မှာ ရှေးအခါက ဂဝေသီအမည်ရှိ ဆရာကြီး တစ်ဦးကို တင်စားပြောဆိုခြင်းဖြစ်ပါသည်။ ဂဝေသီဆရာကြီး၏အကြောင်းကား ဤသို့ဖြစ်ပါသည်။

(၃)

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။ ဂဝေသီအမည်ရှိဆရာကြီး တစ်ဦးသည် တပည့်ငါးရာတို့အား ပညာများသင်ကြားပေးလျက်ရှိ၏။ ဆရာကြီး သည် မိမိလည်းအကျိုးရှိ၊ တပည့်တို့ကိုလည်း အကျိုးရှိစေမည့်အရာများကို အမြဲဆင်ခြင်စဉ်းစားလေ့ရှိသူလည်းဖြစ်၏။

တစ်နေ့သောအခါ ဆရာကြီးသည် "ဂရုဓမ္မနိစ္စသီလ"ဟုခေါ်ဆိုသော ငါးပါးသီလကို ခံယူဆောက်တည်၏။ ထို့နောက် တပည့်များကို ခေါ်ယူစည်းဝေး စေကာ "**အို တပည့်အပေါင်းတို့ .. ယနေ့မှစ၍ မင်းတို့ဆရာဝှါကို ငါးပါးသီလ တည်မြဲသောဆရာလို့ မှတ်ထားကြကုန်လော့**"ဟု အသိပေးကြေညာသည်။

ဤသို့အသိပေးခြင်းမှာ ဆရာကြီးသည် တပည့်တို့ကို ကြွားဝါလို၍မဟုတ်။ သူ့ကိုယ်သူလည်း တုပ်နှောင်ပြီးသားလည်းဖြစ်၊ တပည့်တို့အတုယူလိုက ယူနိုင် အောင်လည်း ကြေညာခြင်းဖြစ်သည်။ အတုမြင် အတတ်သင်နိုင်စေရန် ရည်ရွယ် ပြောကြားခြင်းဖြစ်သည်။

ထိုအခါ တပည့်ငါးရာတို့သည် ချက်ချင်းပင် ငါးပါးသီလကို ခံယူဆောက် တည်လိုက်ကြပြီး"**ကျေးဇူးရှင်ဆရာကြီးခင်ဗျား၊ ကျွန်တော်တို့ကိုလည်း ယနေ့မှ စ၍ ငါးပါးသီလတည်မြဲသောသူများအဖြစ် အသိအမှတ်ပြုပေးပါခင်ဗျား**"ဟု ပြန်လည်ကတိပေး ပြောကြားကြကုန်၏။ ဂဝေသီနိုင်ငံတော်အတွက် ဆရာနှင့် တပည့်တို့၏ပြိုင်ပွဲကား လှလှပပ စတင်လေပြီ။

ထို့နောက် မကြာမီမှာပင် ဂဝေသီဆရာကြီးသည် ဗြဟ္မစရိယပဉ္စမက သီလကို ဆောက်တည်၏။ပထမတစ်ကြိမ်လိုပင် တပည့်တို့ကို အသိပေးကြေညာ ပြန်သည်။ တပည့်တို့ကလည်း အားကျမခံပါ။ ဆရာကြီးတောင် ဆောက်တည် နိုင်လျှင် ငါတို့လည်း ဘာလို့မဆောက်တည်နိုင်ရမှာလဲဆိုသော အားကျစိတ်ဖြင့် ဆရာကြီးဆောက်တည်သော ဗြဟ္မစရိယပဉ္စမကသီလကို ချက်ချင်းဆောက် တည်ကြ၏။ ထို့နောက် "**အရှင်ဆရာကြီးခင်ဗျား၊ တပည့်တို့ကိုလည်း အရှင် ဆရာကြီးလို ဗြဟ္မစရိယပဉ္စမကသီလတည်မြဲသောသူများအဖြစ် မှတ်သားပေး ပါခင်ဗျာ**"ဟု ပြန်လည်ပြောကြားကြ၏။

ဂဝေသီနိုင်ငံတော်ကြီးအတွက် ဆရာနှင့်တပည့်တို့၏ ပြိုင်ဆိုင်မှုအရှိန်ကား တဖြည်းဖြည်းနှင့်ပြင်းထန်လာလေသည်။ ဆရာကြီးကလည်း မလျှော့။ တဆင့်ထက်တဆင့် မြင့်တက်ရန်သာ ကြံနေသည်။ တပည့်တို့ကလည်း အားကျမခံ ဆရာကြီးလုပ်နိုင်သမျှ သူတို့လုပ်နိုင်ရမည်ဟူသောစိတ်ဓာတ်အပြည့်နှင့်။

(၄)

မကြာမီတွင် ဂဝေသီဆရာကြီးသည် ဉာဏမစားဘဲ ကောဘတ္တိကဆတ္တသီလကို တဆင့်တက်၍ ဆောက်တည်ပြန်၏။ ထိုသီလကို ဆောက်တည်နေကြောင်းကိုလည်း တပည့်တို့ကို ရှေးအတိုင်းပင် အသိပေးကြေညာပြန်သည်။ ထိုအခါ တပည့်တို့ကလည်း ဆရာကြီးကို အားကျမခံ ဆရာကြီးဆောက်တည်သော ထိုကောဘတ္တိကဆတ္တသီလကို ဆောက်တည်ကြပြန်၏။ သူတို့ကိုလည်း ထိုသီလမြဲသူများအဖြစ် သတ်မှတ်ပေးရန် ဆရာကြီးကို ပြန်လည်ပြောကြားကြ၏။

ဆရာကြီးသည် တပည့်များကိုကြည့်ရင်း ကျေနပ်လျက်ရှိ၏။ ပြီးလျှင် သီလစခန်းထက်မြင့်သော စခန်းတစ်ခုပေါ်သို့တက်လိုက်၏။ ကဿပဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးရဟန်းအဖြစ်ခံယူလိုက်ရာ တပည့်ငါးရာတို့လည်းဆရာနည်းတူ ရဟန်းလိုက်ပြုကြကုန်၏။ မကြာမီမှာပင်ဆရာရောတပည့်များပါရဟန္တာဖြစ်သွားကြလေရာအင်မတန်လှပသောဂဝေသီနိုင်ငံတော်ကြီးဖြစ်သွားလေတော့သည်။

(၅)

ဤဂဝေသီဆရာကြီး၏အကြောင်းကို သုံးဆယ့်ရှစ်ဖြာ မင်္ဂလာအကျင့်တွေထဲမှ အတ္တသမ္မာပဏိဓိ မင်္ဂလာအကျင့်တရားကို ရှင်းလင်းဖွင့်ဆိုရာ၌ ဆရာတော်ကြီးအတော်များများ ကိုးကားဖွင့်ဆို ရှင်းပြတော်မူလေ့ရှိကြပါသည်။ အတ္တသမ္မာပဏိဓိဆိုသည်မှာ မင်္ဂလာကျင့်စဉ် ၃၈ ပါးထဲမှ ၆ ခုမြောက် ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ ခေတ်စကားနှင့်နားလည်အောင်ပြောရလျှင် စိတ်ဓာတ်ကောင်းမွန်ရေး၊ စာရိတ္တပြုပြင်ရေးကို ဆိုလိုခြင်းဖြစ်ပါသည်။ လူငယ်များနားရှင်းအောင်ထပ်မံဆိုရလျှင် ကိုယ့်ကိုယ်ကိုယ် ကွန်ထရိုးလ်လုပ်နိုင်ခြင်းကို အတ္တသမ္မာပဏိဓိဟု ဆိုခြင်းဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ကွန်ထရိုးလ်လုပ်နိုင်ခြင်းဆိုသည်မှာ ကိုယ့်စိတ်ကိုယ်နိုင်အောင် ထိန်းနိုင်ခြင်း၊ သိမ်းနိုင်ခြင်း၊ ချုပ်တည်းနိုင်ခြင်းတို့မှ ရရှိလာသော စိတ်ကောင်းမွေးမြူနိုင်မှုပင်ဖြစ်သည်။

မကောင်းတာပဲလုပ်လုပ်၊ ကောင်းတာပဲလုပ်လုပ် စိတ်ကသာ စတင်ပြဋ္ဌာန်းလုပ်ဆောင်ခြင်းဖြစ်သည်။ သို့ရာတွင် စိတ်သည် မကောင်းမှုနှင့်ထိတွေ့လျှင်ပိုမိုပွင့်တတ်သည်။ လန်းတတ်သည်။ ပါပသ္မိံ ရမတိ မနော = စိတ်သည်

မကောင်းမှုမှာ ပိုပြီးပျော်တတ်သည်။ မကောင်းမှုနှင့်ဆိုလျှင် ပိုပြီးနူးလွယ်ကျက်လွယ်သည်။ ထို့ကြောင့် "စိတ္တေန နီယတိ လောကော = စိတ်ကို နှိမ်နင်းနိုင်လျှင် လောကကြီးတစ်ခုလုံးကိုပင် အောင်နိုင်သည်"ဟု စိတ်၏တန်ဖိုးနှင့် အရင်းအမြစ်ကို သိရှိနိုင်ဖို့အတွက် ထပ်ဆင့်စကားတစ်ခွန်းရှိပြန်သည်။

ဤလောက ဤခေတ်တွင် အနိဋ္ဌာရုံများအဖြစ် တွေ့မြင်ခံစားရသောစစ်ပွဲများ၊ အာဃာတရှင်များ၊ ခေါင်းပုံဖြတ်မှုများ၊ အနိုင်ကျင့်မှုများစသည်တို့သည် စိတ်ကြောင့်သာလျှင် ဖြစ်ပေါ်လာသောအရာများဖြစ်၏။

ရာထူး၊ စည်းစိမ်ဥစ္စာများနှင့်ပတ်သက်လာလျှင် ငါမှငါ၊ ငါ့သားသမီးမှ ငါ့သားသမီး၊ ငါ့ဆွေမျိုးမှငါ့ဆွေမျိုး၊ ငါ့တပည့်မှငါ့တပည့်စသည် ငါကွပ်ကဲသော စိတ်များသည် အတ္တစိတ်များဖြစ်၏။ ပတ်ဝန်းကျင်နှင့်ရှင်သန်နေထိုင်ရသော လောကကြီးတွင် ပရစိတ်လည်းရှိဖို့လိုအပ်၏။ ထို့ကြောင့် ပရစိတ်နှင့်နှိုင်းယှဉ်လျှင် အတ္တစိတ်သည် မကောင်းသောစိတ် ဖြစ်သွားရ၏။ ထိုမကောင်းသောစိတ်ကို ထိန်းနိုင်ခြင်း၊ ချုပ်တည်းနိုင်ခြင်း၊ စောင့်စည်းနိုင်ခြင်းသည် အတ္တသမ္မာပဏိဓိ မင်္ဂလာဖြစ်၏။

## (၆)

ဆရာကြီးဂဝေသီနှင့် သူ၏တပည့်များ စိတ်ကိုထိန်းချုပ်သွားပုံများ၊ တဆင့်ထက်တဆင့် စိတ်ဓာတ်မြှင့်တင်မှုများလုပ်သွားပုံမှာ တကယ်ပဲ အတုယူဖွယ်ကောင်းလှပါသည်။ ဆရာတပည့်အားလုံးတို့သည် ကောင်းမှု၊မကောင်းမှုနှင့် ရောထွေးနေသော သူတို့၏စိတ်များကို ကောင်းမှုဆီသို့သာ ရောက်အောင် ပို့ကြ၏။သူတောင်လုပ်နိုင်သေးတာပဲ၊ ငါကဘာလို့မလုပ်နိုင်ရမှာလဲဟုကောင်းရာတွင်သာ ပြိုင်ဆိုင်ကြ၏။ ကောင်းရာကို ကောင်းသောစိတ်နှင့်ပြိုင်ဆိုင်ပြီး လုပ်ကြသောကြောင့် သူတို့ဝန်းကျင်တွင် ကောင်းသောဝန်းကျင်ဖြစ်ခဲ့ရသည်မှာ အကြောင်းအကျိုး ရှေ့နောက်ညီညွှတ်ခြင်းဖြစ်၏။ အကြောင်းကောင်းလျှင် အကျိုး ကောင်းရမည်မှာ ဓမ္မတာသဘောပင်ဖြစ်၏။

## (၇)

အဘက်ဘက်က ယိုယွင်းပြီးချွတ်ခြုံကျနေသော ကျွန်တော်တို့နိုင်ငံမှာလည်း ဂဝေသီဆရာကြီးနှင့် တပည့်များပြိုင်သကဲ့သို့ ပြိုင်ဆိုင်မှုများရှိကြပါ၏။ သို့ရာတွင် ပြိုင်ဆိုင်မှုခြင်းကား မတူ။ ဟိုလူကြီး ပိုင်ဆိုင်ချမ်းသာသလောက် ပိုင်ဆိုင်နိုင်အောင် ဒီလူကြီးက ထပ်တူလိုက်ပြိုင်၏။ ဟိုပုဂ္ဂိုလ်ကြီးရာထူးမျိုးရအောင် ဒီပုဂ္ဂိုလ်ကြီးက ထပ်တူလိုက်ပြိုင်၏။ ဟိုဆရာကြီး၏ သားသမီးများက လုပ်ငန်းကြီးများ

ပိုင်ဆိုင်နေသလို ဒီဆရာကြီးကလည်း သူ့သားသမီးများကို ပိုင်ဆိုင်နိုင်အောင် ထပ်တူလိုက်ပြိုင်စေ၏။ ပရအတွက်မပြိုင်ဘဲ အတ္တအတွက်သာ ပြိုင်နေကြ၏။ ကောင်းသည့်နေရာမှာ မပြိုင်ဘဲ မကောင်းသည့်နေရာမှာ ပြိုင်နေကြ၏။ ထို့ကြောင့် သည်နိုင်ငံတွင် "ဤ"ကနေ "ကျွဲ"ဖြစ်နေရသည်မှာ ဘာမှမဆန်း။

နိုင်ငံအ‌ကျေ၊ တိုင်းပြည်နှင့်လူမျိုးအတွက် ငါဒါတွေလုပ်ပေးနိုင်ပြီ၊ မင်းတို့ ပြိုင်နိုင်ရင် ငါ့ကို ပြိုင်ကြစမ်းဆိုသောသူကို မပေါ်သေး။ ငါက လာဘ်မစားဘူးကွ၊ မင်းတို့လည်း ငါ့ကို ပြိုင်ကြစမ်းဆိုသောသူရဲကောင်းတွေ မမွေးသေး။သူတို့ရိုက်လို့ ကိုယ်ကပြန်ရိုက်ရတာပါဟူသော အထိန်းအကွပ်မရှိစိတ်က ထွက်လာသော စကားများကိုသာ စိတ်မချမ်းမြေ့ဖွယ်ကြားရ၏။ အတ္တသမ္မာပဏိဓိမင်္ဂလာတွေ ပျောက်ဆုံးနေကြသည်။

(၈)

သို့ဖြစ်ရာ ကျွန်တော်တို့နိုင်ငံကို ဂဝေသီနိုင်ငံကြီးဖြစ်လာစေဖို့ဆိုလျှင်... ။

*-ဓဒီ၊ (၅-၅-၂၀၀၅) ဗ ၈ မှ။*

## မနက်ဖြန်ရောက်မှ ပြန်လာပါ

လူငယ်တစ်ယောက်ဟာ ကုမ္ပဏီကြီးတစ်ခုရဲ့ မန်နေဂျာရာထူးအတွက် အလုပ်သွားလျှောက်ပါတယ်။ သူဟာ အစောပိုင်းအင်တာဗျူးကို အောင်မြင်သွားခဲ့ပြီး ယခုအခါ နောက်ဆုံးအင်တာဗျူးအတွက် ဒါရိုက်တာနဲ့တွေ့ရမှာဖြစ်ပါတယ်။ ဒါရိုက်တာဟာ လူငယ်ရဲ့အလုပ်လျှောက်လွှာကို ကြည့်လိုက်တဲ့အခါမှာ ပညာရေးနဲ့ပတ်သက်တဲ့အောင်မြင်မှုဟာ ထွန်းထွန်းပေါက်ပေါက်ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ဒါရိုက်တာက မေးပါတယ်-

"မင်းကျောင်းမှာ စကောလားရှစ်တစ်ခုခုရခဲ့သလား""မရခဲ့ပါဘူး"ဟု လူငယ်က ဖြေသည်။

"ဒါဆို ကျောင်းစရိတ်ကို မင်းရဲ့ဖခင်က ပေးတာပေါ့ ဟုတ်လား"

"ကျွန်တော့်အဖေဟာ ကျွန်တော်တစ်နှစ်သားအရွယ်မှာပဲ ဆုံးသွားပါတယ်။ ကျောင်းစရိတ်ကို အမေက ပေးတာပါ""မင်းရဲ့အမေက ဘယ်မှာအလုပ်လုပ်သလဲ"

"ကျွန်တော့်အမေက အဝတ်လျှော်တဲ့သူပါခင်ဗျာ"

ဒါရိုက်တာက လူငယ်ဖြစ်သူအား လက်နှစ်ဖက်ကို ပြရန်ပြောလိုက်ပါတယ်။ လူငယ်ဟာ သူ့ရဲ့ချောမွေ့ပြီး အပြစ်ကင်းစင်နေတဲ့ လက်အစုံကို ပြသလိုက်ပါတယ်။

"အရင်က မင်းရဲ့အမေကို မင်းအဝတ်ကူလျှော်ပေးသလား"

"တစ်ခါမှ မလျှော်ဖူးပါဘူးခင်ဗျား။ အမေက ကျွန်တော့်ကို စာကြည့်ဖို့နဲ့ တများများဖတ်စေချင်တာပါ။ နောက်ပြီး တစ်ခုရှိတာက ကျွန်တော့်အမေဟာ ကျွန်တော့်ထက်ပိုပြီး မြန်မြန်လျှော်နိုင်ပါတယ်"။ ဒါရိုက်တာက ပြောလိုက်ပါတယ်–

"ကိုယ် မင်းကိုတစ်ခုတောင်းဆိုချင်တယ်။ ဒီနေ့ မင်းအိမ်ကိုပြန်ရောက်တဲ့အခါမှာ မင်းအမေရဲ့လက်တွေကို သွားပြီးသန့်သန့်ရှင်းရှင်းဖြစ်အောင် ဆေးကြောပေးပါ။ ပြီးပြီဆိုရင် နောက်နေ့မနက်ဖြန်မနက်မှာ ကိုယ့်ကို လာတွေ့ပါ"...

လူငယ်မှာ သူအလုပ်ရဖို့အခွင့်အလမ်းရနေပြီဟု ခံစားမိလိုက်သည်။ အိမ်ပြန်ရောက်သည့်အခါ အမေ့ကိုမေးပြီး အမေ့ရဲ့လက်များကို ဆေးကြောခွင့်ပြုဖို့ ပြောသည်။ အမေဖြစ်သူမှာ ထူးဆန်းမှုနှင့်ပျော်ရွှင်မှုရောထွေးနေသော အရသာကို ခံစားမိလျက် အမေ၏လက်များကို သားဖြစ်သူအား ပြသလိုက်လေ၏။ လူငယ်သည် အမေ၏လက်များကို ဖြေးညှင်းစွာ ဆေးကြောပေးနေစဉ်တွင် လူငယ်၏မျက်ရည်စက်များ ကျလာလေသည်။ သူ့မိခင်၏လက်များမှာ အလွန်အမင်းတွန့်လိပ်နေပြီး လက်ပေါ်တွင် အနာများစွာပေါက်နေသည်ကို တွေ့လိုက်ရသည်မှာ သူ့အတွက် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ အချို့အနာများသည် နာလွန်း၍ထင်ပါသည်။ သူထိလိုက်သည့်အချိန်တွင် မိခင်ဖြစ်သူမှာ တစ်ချက်တစ်ချက်တွန့်တွန့်သွားလေသည်။ လူငယ်အတွက်တော့ ဒီအကြိမ်ဟာ ပထမဆုံးအကြိမ်ပါပဲ။ သူ့ကျောင်းစရိတ်တွေကိုပေးနိုင်အောင် နေ့စဉ်နှင့်အမျှ ဒီလက်အစုံဟာ အဝတ်တွေကို လျှော်ခဲ့တာပါ။ တကယ်တော့ အမေဖြစ်သူရဲ့လက်ပေါ်က အနာတွေဟာ သူ့ပညာရေးအတွက်၊ သူ့ကျောင်းတွင်းကိစ္စတွေအတွက်၊ သူ့အနာဂတ်အတွက် ပေးဆပ်ထားတဲ့ တန်ဖိုးတွေပါ။ အမေဖြစ်သူရဲ့လက်ကို သန့်စင်ဆေးကြောအပြီးမှာတော့ လူငယ်ဟာ သူ့အမေလျှော်ဖို့ကျန်နေသေးတဲ့ အဝတ်တွေကို တိတ်တိတ်ဆိတ်ဆိတ် လျှော်ဖွပ်လိုက်ပါတယ် ..... ။ အဲဒီညက အမေနဲ့သားဟာ စကားတွေ အကြာကြီးပြောဖြစ်ခဲ့ကြပါတယ်။ .. နောက်နေ့မနက်မှာတော့ လူငယ်ဟာ ဒါရိုက်တာရဲ့ရုံးခန်းကို သွားပါတယ်။ ဒါရိုက်တာဖြစ်သူဟာ လူငယ်ရဲ့မျက်ဝန်းထဲက မျက်ရည်စတွေကို သတိပြုမိပြီး လူငယ်ကို မေးလိုက်ပါတယ်–

" ကဲ .. ပြောပါဦး၊ မနေ့က မင်းအိမ်မှာ မင်းဘာတွေလုပ်ခဲ့တယ်၊ ဘာသင်ခန်းစာတွေ ရခဲ့တယ်ဆိုတာကို"

လူငယ်က ဖြေပါတယ်။ "ကျွန်တော့်အမေလက်တွေကို ဆေးကြောသန့်စင်ပေးပြီးတော့ ကျန်နေတဲ့အဝတ်တွေကို ပြီးအောင်လျှော်ဖွပ်ခဲ့ပါတယ်။ ကျွန်တော်အခု နှစ်သက်မြတ်နိုးတန်ဖိုးထားရာဟာ ဘာလဲဆိုတာ သိလိုက်ပါပြီ။ အမေသာ မရှိခဲ့ရင် ကျွန်တော် အခု ဒီလိုဖြစ်လာမှာမဟုတ်ပါဘူး။ အမေ့ကို အကူအညီပေးရင်းနဲ့ အလုပ်တစ်ခုကို ကိုယ့်ဘာသာပြီးအောင်လုပ်ဖို့ဆိုတာ ဘယ်လောက်ခက်ခဲကြမ်းတမ်းသလဲဆိုတာ သဘောပေါက်လိုက်ပါပြီ။ နောက်ပြီး မိသားစုကို ကူညီလုပ်ကိုင်ပေးခြင်းရဲ့တန်ဖိုးနဲ့ အရေးပါမှုကို ကျွန်တော် ခံစားနားလည်မိလိုက်ပါပြီ"။ ... ဒါရိုက်တာက –

"မန်နေဂျာရာထူးအတွက် ကိုယ်ရှာနေတာ အဲဒါပဲ။ **လူတစ်ယောက်ဟာ အခြားသူတွေရဲ့အကူအညီကို တန်ဖိုးထားတတ်တဲ့သူ၊ အလုပ်တစ်ခုပြီးအောင် ဘယ်လောက်ဒုက္ခစံရတယ်ဆိုတာ သိတဲ့သူ၊ ပြီးရင် ဘဝမှာ ပိုက်ဆံကို သူ့ရဲ့တစ်ခုတည်းသောပန်းတိုင်အဖြစ် သတ်မှတ်မထားသူကိုပဲ ကိုယ်အလုပ်ခန့်ချင်တယ်။ ... "ကဲ .. မင်းကို အလုပ်ခန့်လိုက်ပါပြီ"**။

မှတ်ချက်။ ။ လူတစ်ယောက်ရဲ့ဘဝကို တိုးတက်ပြောင်းလဲစေနိုင်လို့ ဒီစာလေးကို မျှဝေပေးကြပါ။

*–ကိုကိုလွင်၊ facebook မှ*

# လူငယ်နှင့်စာဖတ်ခြင်းအလေ့အထ

ယခုခေတ်မှာ လူငယ်တွေ စာဖတ်အလေ့အထတွေ ကျဆင်းလာတာ တွေ့ရပါတယ်။


လူငယ်တွေအတွက်ရော၊ စာဖတ်တဲ့အလေ့အကျင့်အတွက်ရော လုပ်ပေးနိုင်တဲ့ နေရာကတော့ စာကြည့်တိုက်တွေ ဖြစ်ပါတယ်။ **စာကြည့်တိုက်မှူးတွေက လူငယ်တွေစာဖတ်အလေ့အထတွေ တိုးတက်လာအောင်၊ ထွန်းကားလာအောင်၊ စာမဖတ်တဲ့လူငယ်တွေ စာဖတ်ချင်လာအောင်၊ ဖတ်နေတဲ့သူတွေ ပိုဖတ်လာအောင် စီစဉ်ဆောင်ရွက်ပေးနိုင်တဲ့သူတွေဖြစ်ဖို့ လိုပါတယ်**။

လူငယ်တွေဘက်ကလည်း မိမိတို့ရဲ့ တစ်နေ့တာ အချိန်ဇယားရေးဆွဲထားဖို့ လိုပါတယ်။ TV ကြည့်တဲ့အချိန် Intrent ကြည့်တဲ့အချိန်၊ Game ကစားတဲ့ အချိန်တွေကိုလျှော့ပြီး စာကြည့်တိုက်ကို အချိန်မှန်သွားနိုင်ဖို့ Schedule

ခွဲထားရပါမယ်။ တဖြည်းဖြည်းနဲ့ ပုံမှန်လုပ်တဲ့ အလေ့အထတစ်ခု အဖြစ်ဖန်တီးပြီး နောက်ပိုင်းမှာ ပုံမှန်စာဖတ်သူအဆင့် ရောက်ရှိသွားမှာဖြစ်တယ်။ ဥပမာ–တစ်နေ့ကို ၂၄ နာရီထဲက ၁၅ မိနစ် စာဖတ်ဖြစ်အောင်ဖတ်မယ်လို့ ဆုံးဖြတ်ချက်ချထားပြီး မိမိဝါသနာပါတဲ့ ဘာသာရပ်သုတစာပေ (သို့) ရသစာပေ တစ်မျိုးမျိုးကို မိမိစာဖတ်စွမ်းရည်အဆင့်နဲ့ ကိုက်ညီတဲ့ စာအုပ်မျိုးကို ရွေးချယ်ဖတ်ဖြစ်ဖို့ကြိုးစားပါ။ ကိုယ်မနှစ်သက်တဲ့ ဘာသာရပ်ကို မရွေးချယ်မိဖို့ လိုပါတယ်။ ဆက်လက်စာဖတ်ဖို့ ကြောက်သွားမှာ စိုးလို့ပါ။

နောက်တစ်ခု အရေးကြီးတာက စာအုပ်များဟာ လက်လှမ်းမီရာနေရာတွေမှာ ရှိဖို့ လိုအပ်ပါတယ်။ စာကြည့်တိုက်များဟာ ဆိုရင်လဲ လူအများဝင်ထွက်သွားလာဖို့ လွယ်ကူတဲ့နေရာ၊ လူအများသိရှိနိုင်တဲ့ နေရာတွေမှာ ရှိနေဖို့ လိုအပ်ပါတယ်။

စာဖတ်မှုနှုန်းတက်ဖို့ကတော့ မိဘများက သားသမီးများကို စာအုပ်ကောင်း၊ စာရေးဆရာကောင်းများ ရေးသားတဲ့ စာကောင်းစာမွန်များ ဖတ်ရှုနိုင်ဖို့ ဆွေးနွေး



လမ်းညွှန်ပေးနိုင်ပြီး **Home Library** များ အစပျိုးထောင်ပေးပြီး စာဖတ်ခြင်း အလေ့အထကို ကလေးဘဝကပင် အားပေးစေချင်ပါတယ်။

အရင်ရာစုနှစ်များဆီက ကျမတို့ မိဘများလက်ထက်ကဆိုရင် စာဖတ်ခြင်းဟာ မိသားစုယဉ်ကျေးမှုတစ်ခုဖြစ်ပြီး အိပ်ရာဝင်ပုံပြင်ဖတ်ခြင်းဟာ ဘဝရဲ့ နေ့တဓူဝ လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်ခဲ့ပါတယ်။

ကျမတို့ဟာ ကဗျာဆရာကြီး မင်းသုဝဏ်ရဲ့ **"မောင်ရွှေရိုး ကဗျာများ"** ရွတ်ဆိုရင်း၊ ကျမတို့၏ သမီးတွေကို ချော့သိပ်ရင်း ကြီးပြင်းစေခြင်းဖြင့် ကျွန်မတို့ သားသမီးတွေရဲ့ နှလုံးသားတွေ၊ အသိဉာဏ်တွေကို ယဉ်ကျေးလိမ္မာစေခဲ့ပါတယ်။ ဒါဟာ စာပေယဉ်ကျေးမှု ထွန်းကားခြင်းရဲ့အကျိုးကျေးဇူးတွေဖြစ်ပါတယ်။ အဲဒီခေတ်တွေက စာကြည့်တိုက်အသင်းဝင်များကိုယ်တိုင်က စာကြည့်တိုက်ဖွင့်ချိန်တိုးဖို့ တောင်းဆိုခဲ့ကြပါတယ်။

အလုပ်ချိန်ပြင်ပတွေမှာ စာဖတ်နိုင်ဖို့ စာကြည့်တိုက်တွေကို တောင်းဆိုခဲ့ကြပါတယ်။

စာဖတ်ခြင်းအလေ့အကျင့် ကျဆင်းရတဲ့ အကြောင်းအချက်တွေကတော့ **mobile phone, compute laptop, ipad and tables** တို့ အစားထိုးဝင်ရောက်လာလို့ ဖြစ်ပါတယ်။

တကယ်တော့ စာအုပ်ဟာ အကောင်းဆုံးမိတ်ဆွေလို့ ဆိုစကားရှိပါတယ်။ ဒီကနေ့ **technology** ခေတ်မှာ စာအုပ်နဲ့အချိန်ကို ကုန်ဆုံးရမယ့်အစား **internet** မှာ ရှာဖွေခြင်းနဲ့ အချိန်ကုန်လာခဲ့ကြပါတယ်။

စာတတ်မြောက်မှုနှုန်းကို **Moderntech.** က မြှင့်တင်ပေးနိုင်သော်လည်း စာဖတ်မှုနှုန်းကတော့ ကျဆင်းသွားခဲ့ပါတယ်။

စာအုပ်ဆိုင်တွေ၊ **shopping mall** တွေမှာ စာအုပ်ဝယ်မယ့်အစား **online** မှ **game** တွေနဲ့ အချိန်ကုန်နေကြပါတယ်။

လူငယ်တွေကို ပြောပြချင်တာကတော့ စာအုပ်ကောင်းတစ်အုပ်ကို လက်ကကိုင်ပြီးဖတ်ရတဲ့အရသာ၊ ဖတ်ပြီးသွားတဲ့အခါ ရရှိတဲ့စိတ်ကျေနပ်မှုမျိုးကို **internet** ကရတဲ့ သတင်းအချက်အလက် ဖတ်ရှုလို့ရတဲ့ **e-book**တွေမှာ ဘယ်လိုမှ မရှိနိုင်တာ အသေအချာပါပဲလို့။

စာအုပ်တစ်အုပ် (ရသစာအုပ်ပဲဖြစ်ဖြစ် သုတစာအုပ်ပဲဖြစ်ဖြစ်) ရရှိတဲ့ အကျိုးကျေးဇူးက စာဖတ်သူတစ်ဦးတစ်ယောက်တည်းရတဲ့ စိတ်ကျေနပ်မှုမျိုးအပြင် ယဉ်ကျေးသော လူမှုအဖွဲ့အစည်း၊ ပညာတတ်အဖွဲ့အစည်း၊ စွမ်းရည်မြင့်မားသော ဆက်စပ်အဖွဲ့အစည်းများကိုပါ အကျိုးသက်ရောက်စေမှာ ဖြစ်တယ်။

ကမ္ဘာတစ်ဝန်းမှာ လူငယ်တွေ စာဖတ်တဲ့ အလေ့အကျင့် ကျဆင်းလာတာကို ကုစားနိုင်ဖို့အတွက် နိုင်ငံအချို့မှာ တယ်လီဖုန်းရုံတွေမှာ စာအုပ်တွေ ထားပေးတာမျိုး၊ မြန်မာပြည်မှာဆိုရင်လည်း ရှင်သန်နေတဲ့ ကိုယ်ထူကိုယ်ထ စာကြည့်တိုက် **book corner** တွေ၊ စာပေရေချမ်းစင်တွေကို လူစည်ကားတဲ့နေရာ ဘူတာရုံတွေ၊ လေယာဉ်ကွင်းတွေမှာထားပြီး စာဖတ်ခြင်းယဉ်ကျေးမှုကို တိုးတက်စေဖို့ ကြိုးစားနေကြတယ်။

စာကြည့်တိုက်ဖွင့်ချိန်တွေကိုလည်း တိုးမြှင့်ဖို့ စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေကြပါတယ်။

နိုင်ငံတော်အနေနဲ့ **National Year of Reading** ဆိုပြီး **Promotion Campaign** တွေလုပ်ဖို့ လိုလာပါလိမ့်မယ်။ **Reading** မြှင့်တင်တဲ့ စီမံကိန်းတွေ

လည်း လိုပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ စာကြည့်တိုက်များဟာ power generation လိုပဲ ကလေးများနှင့် လူငယ်များ စာဖတ်ချင်စိတ်ရှိလာအောင် ပိုမိုဖတ်လာအောင် စာပေလှုပ်ရှားမှုလေးတွေ၊ဥပမာ– စာပေစကားဝိုင်း၊ စာဖတ်စကားဝိုင်း၊ (Book Club, Reading together) (Classroom, home library) Excursions to Libraries, exhibition, စာပေဆိုင်ရာ forum တွေကို စီစဉ်ပေးရပါမယ်။ လူငယ်တွေရဲ့ ဖန်တီးနိုင်စွမ်းအား၊ တွေးခေါ်မှုစွမ်းအားတွေ ကောင်းလာဖို့ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုတွေကို စတင်ဖို့ အချိန်ရောက်လာပါပြီ။

**လူငယ်တွေဟာ စာဖတ်ခြင်းဖြင့် စိတ်ကူးဉာဏ်ရင့်သန်စေနိုင်တယ်။**

**လူငယ်တွေဟာ စာဖတ်ခြင်းဖြင့် အိပ်မက်တွေကို အကောင်အထည်ပေါ်စေတယ်။ လူငယ်တွေဟာ စာဖတ်ခြင်းဖြင့် ဘဝတွေကို အဆင့်မြင့်မြင့်ပြောင်းလဲ တိုးတက်စေနိုင်တဲ့ ခွန်အားတွေ ရရှိလာမှာဖြစ်တယ်။**

စာကောင်းပေမွန်ဆိုတာမှာ ရသစာပေရော၊ သုတစာပေရော စာစုံဖတ်ဖို့ လိုပါတယ်။ အတ္ထုပ္ပတ္တိစာပေ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေစတဲ့ စာဖတ်နေတဲ့ လူငယ် တစ်ယောက်နှင့် စကားဝိုင်းတစ်ခုမှာ ဆွေးနွေးပြောဆိုကြည့်ရင် သူ့ရဲ့ အတွေး အခေါ်တွေဟာ လေ့လာသင်အံထားတဲ့ ကျောင်းစာတွေကို ကျော်လွန်ပြီး စိတ် လှုပ်ရှားဖွယ်ရာ အဖြစ်အပျက်၊ ပျော်ရွှင်ဖွယ်ရာ သင်ခန်းစာတွေ၊ ဗဟုသုတတွေနဲ့ အတူ လှပသော၊ ကျေနပ်ဖွယ်ကောင်းသော စကားဝိုင်းတစ်ခုကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

လူအများနှင့် စကားပြောဆိုရာမှာလဲ စာဖတ်ထားတဲ့ လူငယ်တစ်ယောက်ဟာ အရည်အချင်းရှိရှိ ပြောဆိုဆွေးနွေးပြီး စကားဝိုင်းကို ပိုမိုအသက်ဝင်စေမှာ ဖြစ်ပါတယ်။

ဒီနေ့ Youth and Reading Habit အခန်းကဏ္ဍကနေ နောက်ဆုံးအနေနဲ့ ဂုဏ်ပြုပြောဆိုချင်တာကတော့ မြန်မာနိုင်ငံမှာ တိုင်းနှင့်ပြည်နယ် ကျေးရွာအနှံ့မှာ အချို့လူငယ်တွေဟာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လေးတွေကို ကိုယ့်အသိစိတ်ဓာတ်၊ ကိုယ်နည်းကိုယ့်ဟန်နှင့် အောင်မြင်အောင် လှုပ်ရှားအသင်ဝင်ဖို့ ဆောင်ရွက်နေကြတာဟာ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အရေးကြီးသော စာကြည့်တိုက်လုပ်ငန်းဖြင့် ပါဝင်အားဖြည့်နေခြင်းဖြစ်ကြောင်း၊ လူငယ်စာကြည့်တိုက်မှူးများအဖြစ် ဂုဏ်ယူစွာ အသိအမှတ်ပြုအပ်ပါတယ်။

*– မြတ်စန်းငြိမ်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသတင်းလွှာ အမှတ်(၃၂) စာ ၇။*


ယခီစိပ်းလေးလို
တော့ မပျက်နဲ့-ငါ့တူမ-ဦး
မှာ ကျောင်းဆရာမနဲ့တူအါ
အဲဒါကြောင့်ကျော်ဖေါ်တယ်
ဆရာမ-ကျွန်တော်
အဝေးသင်ပြောင်းချင်လို့
ရမလား-အလုပ်လုပ်ပြီး
ကျောင်းတက်မယ်လေ
မူလတန်း
ကျောင်း

# စာကြည့်တိုက်ကို လူသိများအောင်လုပ်ဆောင်ခြင်း

ယနေ့ခေတ် စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ဝန်ထမ်းများ၏ အဓိကတာဝန်မှာ မိမိစာကြည့်တိုက်နှင့် စာကြည့်တိုက်၏ ဝန်ဆောင်မှုများ၊စာကြည့်တိုက်တွင် စုဆောင်းထားရှိသည့် သုတအရင်းအမြစ် (Information resources) များကို လူအများသိရှိစေပြီး ထိုအရင်းအမြစ်များကို လူအများတွင်ကျယ်စွာ အသုံးပြုရန် တွန်းအားပေးရပါမည်။ **စာကြည့်တိုက်မှူးများသည် တစ်နေ့တာ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကိုသာ အာရုံစိုက် လုပ်ဆောင်ရုံမျှဖြင့် မလုံလောက်တော့ပါ။ မိမိစာကြည့်တိုက်တွင် စုဆောင်းထားရှိသမျှ သုတအချက်အလက်များကို ပိုမိုကောင်းသည်ထက်ကောင်းပြီး ပိုမိုတိုးတက်သည်ထက် တိုးတက်သည့်စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များဖြင့် စာဖတ်သူများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် စွမ်းရည်ပြည့်ဝစွာ ဖြည့်ဆည်းပေးရမည့်ကာလသို့ ရောက်ရှိနေပါသည်။**

သုတအချက်အလက်များကို ဖြန့်ဖြူးရာတွင် အချက်နှစ်ချက် လိုက်နာရန်လိုအပ်သည်ဟု ထင်မြင်မိပါသည်။ **ပထမအချက်**မှာ မိမိဖော်ပြလိုသော အဓိကအချက်ကို(စာဖတ်သူများသိရှိနားလည်စေရန်) လို၊ တို၊ ရှင်း ဖော်ပြရပါမည်။ **ဒုတိယအချက်**မှာ၊ လုပ်ဆောင်ပေးရမည့် လုပ်ငန်းဆောင်တာများကို မပြတ်မနေဆောင်ရွက်ပေးခြင်းဖြင့် စာကြည့်တိုက်နှင့်စာကြည့်တိုက်ဝန်ထမ်းများအပေါ်ယုံကြည်အားကိုးမှုရှိလာစေရန် စည်းရုံးသိမ်းသွင်းလုပ်ဆောင်ပေးနိုင်ရပါမည်။

စာကြည့်တိုက်များကို လူသိများစေရန် လုပ်ဆောင်ရာတွင် မိမိစာကြည့်တိုက်၏ မျှော်မှန်းချက် (vision)၊ လက်တွေ့ဆောင်ရွက်ချက် (Mission)၊ ရည်ရွယ်ချက် (Goals)၊ ရည်မှန်းချက် (Objective) များ ချမှတ်ကာ လိုက်လျောညီထွေရှိသည့် (Strategic Marking Action)များ ရေးဆွဲထားရပါမည်။ လုပ်ငန်းဆောင်ရွက်ချက်တစ်ခုစီကို တက်ကြွဖျတ်လတ်သော ဝန်ဆောင်မှု (Proactive Service) ဖြင့် ဖြည့်စွက်ပေးရပါမည်။ ထို့ပြင် စာဖတ်သူများ၏ အမှန်တကယ် လိုအပ်ချက်တို့ကိုလည်း နားလည်မှု အပြည့်အဝဖြင့် ဖြည့်ဆည်းပေးရန် ကြိုးပမ်းရပါမည်။ စာပေပစ္စည်းများနှင့် စာဖတ်သူတို့ အလွယ်တကူ ရင်းနှီးအကျွမ်းဝင်စေရန် (Promotion Techniques) များကိုလည်း တီထွင်ဖန်တီးပေးရပါမည်။ ထိုသို့ လူအများ စိတ်ဝင်စားအောင် လုပ်ဆောင်ရာတွင် သင့်လျော်သည့် ကြားခံဆက်သွယ်ရေးကိရိယာများ (Media)အသုံးပြုမည်ကိုလည်း

ဆုံးဖြတ်ရန် လိုအပ်ပါသည်။ ယင်းကြားခံတို့မှာ သတင်းစာ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ တယ်လီဗေးရှင်း၊ **web-site** နှင့် **face book** စသည်တို့ ဖြစ်သည်။ ထိုကြားခံများကို အသုံးပြုကာကြော်ငြာခြင်း၊လက်ကမ်းစာစောင်များထုတ်ဝေခြင်း၊ ဆိုင်းဘုတ်ထောင်ခြင်း၊ ပြပွဲ/ပြိုင်ပွဲများပြုလုပ်ခြင်း၊ ဟောပြောပွဲများ စီစဉ်ပေးခြင်း၊ သင်တန်းပေးခြင်းစသည့် နည်းများကိုအသုံးပြုကာ လူအများသိရှိစေရန်ဆောင်ရွက်နိုင်ပါသည်။

စာကြည့်တိုက်အကြောင်း လူသိများစေရန်၊ စီမံချက်များရေးဆွဲရန် လိုအပ်ပါသည်။ ထိုစီမံချက်များထဲတွင် စာကြည့်တိုက်ဝန်ထမ်းများ၏ ခွမ်းဆောင်ရည်မြင့်မားရေး၊ စုဆောင်းထားရှိသည့် စာအုပ်၊ စာတမ်းများ၊ ပုံနှိပ်စာအုပ်မဟုတ်သော **electronic books Online Database** (သို့မဟုတ်) **Offline Database** နည်းပညာ စသည့်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ပါဝင်သင့်သည်။ စီမံချက်ပုံစံငယ်ကို အောက်တွင် ဖော်ပြထားပါသည်။

**Determine your Marketing Message Medium(s)**

| | |
|---|---|
| Newspaper ads | Special events |
| Posters | Sales letters |
| Contests | Flyers |
| Card decks | Email |
| Seminars | Postcards |
| Television ads | Doorhangers |
| Signs | Media releases |
| Radio ads | Fax broadcasts |
| Banners | Brochures |
| Articles | Gift certificates |
| Classified ads | Word-of-mouth |
| Newsletters | Website |
| Charity events | Sign picketing |
| Networking | Business cards |
| Billboards | Catalogs |
| Magazine ads | Public speaking |
| | Window display |





Planning Model

Vision

↓

Community Assessment (required)

↓

Service Responses (required)

↓

Mission (required)

↓

Goals (required)

↓

Objectives (required)



| Staff Development (required) | Collection Development (required) | Technolgy Plan (required) | Marketing Plan |
| --- | --- | --- | --- |

စာကြည့်တိုက်က ချမှတ်ထားသော ရည်ရွယ်ချက်နှင့် လုပ်ငန်းအစီအစဉ်ကို အောင်မြင်အောင် လုပ်ဆောင်ရမည်။ အပြောသက်သက် စာရွက်ပေါ်တွင် ရေးမှတ်ထားရုံ သက်သက်မျှသာမဖြစ်စေဘဲ လက်တွေ့ကျကျ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ဖြစ်ရာ စာကြည့်တိုက်မှူးတိုင်းသည် SMART ဟူသောအစီပွါယ်ဖွင့်ဆိုချက်အတိုင်း အရည်အသွေးပြည့်ဝစေရန် ဇွဲဆက်မပြတ်ကြိုးပမ်းနေသင့်ပါသည်။

နိုင်ငံတကာတွင် စာကြည့်တိုက်အကြောင်း လူအများသိစေရန် လုပ်ဆောင်နေသည့် ဆောင်ရွက်ချက်မျိုးစုံရှိပါသည်။ သာဓကတင်ပြရပါလျှင် အမေရိကန်နိုင်ငံ New Burnswick မြို့ Rutgers University တွင် စာကြည့်တိုက်ပေါင်း (၂၅)ခု ရှိပါသည်။ ထိုထဲမှ Kilmer Library တွင် ရာသီပွဲတော်တစ်ခုဖြစ်သည့် Pumpkin Event ပြုလုပ်ပြီး ဖရုံသီးများပေါ်တွင် ကျောင်းသား/သူများအား စိတ်ကူးပုံရိပ်သစ်များ လွတ်လပ်စွာ ရေးဆွဲခွင့်ပေးပါသည်။ တစ်ပြိုင်တည်းပင် စာကြည့်တိုက်၏ ဝန်ဆောင်မှုအပေါ်လည်း (၄င်းတို့အား)သုံးသပ်နိုင်းပါသည်။ ထို Pumpkin Event တွင် ပါဝင်သောကျောင်းသား/သူများကို(စာကြည့်တိုက်

က) ကော်ဖီနှင့်ချောကလက်တို့ဖြင့် ညှိခံပါသည်။ New Brucnswick မြို့ရှိ Franklin Township Library တွင်လည်း ကလေးများအတွက် သီးသန့်နေရာများ သတ်မှတ်ပေးထားပါသည်။ ကျောင်းဆင်းချိန်တွင် မိဘများမှာ လုပ်ငန်းခွင်မှ မပြန်နိုင်သေးရာ သူတို့၏ကလေးများအား စာကြည့်တိုက်သို့ လာရောက်ပို့ထားကြပါသည်။ ထိုအခါ စာကြည့်တိုက်ထဲရှိ Homework Center သီးသန့်ခန်းတွင် စာကြည့်တိုက်ဝန်ထမ်းများက ကလေးတို့၏အိမ်စာများ ကူညီလုပ်ပေးခြင်း၊ စာသင်ပေးခြင်း၊ ပုံပြောခြင်းဖြင့် ကလေးများကို စောင့်ရှောက်ပေးကြပါသည်။ ထိုသို့သော ဝန်ဆောင်မှုကောင်းများပေးနေကြောင်း (လူအများက) သိရှိသဖြင့် ကြီးမားကျယ်ဝန်းသော စာကြည့်တိုက်ကြီးထဲတွင် အသုံးပြုသူဖြင့် ပြည့်လျှံနေပါသည်။ ထို့ပြင် ကလေးများစိတ်ဝင်စားသည့် အရုပ်များ၊ လိပ်ပြာပုံများနှင့် ကလေးများကိုယ်တိုင် ရေးဆွဲထားသောပန်းချီကားချပ်များ၊သစ်ပင်ပုံများကိုလည်း အခန်းတွင်းတွင်အလှဆင်ကပ်ပေးထားသဖြင့်ကြည်နူးဖွယ် မြင်ကွင်းကိုလည်း တွေ့ရပါသည်။

အမေရိကန်နိုင်ငံ Northern Illinois ရှိ Gail Borden Public Library District သည် ခေတ်မီတိုးတက်သော ပြည်သူ့စာကြည့်တိုက်အမျိုးအစားတစ်ခုဖြစ်သည်။ ကလေးများအား မြင်းလှည်းစီးခွင့်ပေးသည့် အစီအစဉ်ဖြင့် ဆွဲဆောင်သည့်ပြင် ထူးဆန်းသည့် ဝန်ဆောင်မှုတစ်ခုမှာ ခွေးများကို သီးခြားအခန်းထဲသို့ ဝင်ခွင့်ပေးကာ ထိုအခန်းထဲတွင်(ခွေးများအား)စာဖတ်ပြခြင်း၊ ပုံပြောပြခြင်းများတို့ လုပ်ဆောင်ပေးသည်။ လူစကား နားမလည်သော်လည်းခွေးများသည် ပုံပြောနေခြင်းကို ငြိမ်သက်စွာ နားထောင်နေကြောင်း တွေ့ရပါသည်။ ထို့ပြင် စာကြည့်တိုက်များက ကလေး/လူကြီးကြိုက် မှုးရင်းဗီဒီယိုအခွေများကို လွတ်လပ်စွာ ငှားပေးသဖြင့် ပရိသတ်များက စာကြည့်တိုက်သို့ လာချင်ကြသည်။ ဖော်ပြပါ အကျိုးဆက်ကြောင့် ကလေးများမှာ စာကြည့်တိုက်ထဲသို့ လာရောက်ရသည်ကို နှစ်သက်ပျော်ရွှင်ကြည်နူးကြောင်း တွေ့ရသည်။

**Set Marketing Goals**

When creating goals , ensure that your goals are SMART :

Sensible- နားလည်သိမြင်သော

Measurable- တိုင်းတာနိုင်သော

Achievable- စွမ်းဆောင်နိုင်သော

Realistic- မှန်ကန်မှုနှင့် လက်တွေ့ဖြစ်သော

Time specific- အချိန်တိကျသော



United Kingdom ရှိ Kent Library တွင် သက်ကြီးရွယ်အိုနှင့် အမြင်အာရုံ အားနည်းသူများအတွက် သီးသန့်မှန်ဘီလူးပါComputer နှင့်"LargePrink Books"များ ထားရှိပေးခြင်း၊သက်ကြီးရွယ်အိုများကို အခြေခံကွန်ပျူတာ ပညာသင်ပေးခြင်း၊ သီးသန့်တွေ့ဆုံပွဲလုပ်ပေးခြင်း၊ မိတ်ဆုံစားပွဲများပြုလုပ်ပေး ခြင်းဖြင့် သက်ကြီးရွယ်အိုများအတွက် စိတ်ခွန်အားကို ဖြည့်ဆည်းပေးလျက်ရှိသည်။

British Library သည် United Kingdom ၏ အမျိုးသားစာကြည့်တိုက်ကြီးဖြစ်ရာ စာဖတ်သူဦးရေ လွန်စွာများပြားသဖြင့် ဘွဲ့ကြိုကျောင်းသူ/သားများအတွက် အသုံးပြုခွင့်ကို ကန့်သတ်ထားပါသည်။ ထိုစာကြည့်တိုက်တွင် စာကြည့်တိုက်ကို အသုံးပြုသူလူအများ အကျွမ်းတဝင်ရှိစေသည့် လုပ်ဆောင်ချက်များ (Marketing Service) ပြပွဲအမျိုးမျိုးနှင့် သုတေသနလုပ်ငန်းများကို အဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိပါသည်။

အချုပ်အားဖြင့် လူသိများသော စာကြည့်တိုက်ကြီးတစ်ခုဖြစ်ရန် Good Marketing Plan (ကောင်းမွန်သောစီမံကိန်း) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည့်စုံသောစာပေပစ္စည်းစုဆောင်းမှု၊ ဝန်ဆောင်မှုကောင်းအတတ်ပညာနှင့် (မိမိ) စာဖတ်ပရိသတ်၏ လိုအပ်ချက်ကို နားလည်သဘောပေါက်ရန်နှင့် စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ရန် အရေးကြီးလှပါသည်။ ချမှတ်ထားသည့် Version, Mission,Goals နှင့် Objectives တို့ကို Strategic Marketing Action ဖြင့် အောင်မြင်သော၊ လူသိများသော၊ စာဖတ်သူများ အားထားရသော စာကြည့်တိုက်ကြီးများ(အချိန်တိုတွင်း)ပေါ်ပေါက်လာစေရေး အတွက် ကျွန်မတို့စာကြည့်တိုက်ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းကြပါစို့။

- *ဒေါက်တာမြိုင်မြိုင်ကြီး၊*

*မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသတင်းလွှာ အမှတ်(၃၂) စာ ၉။*

## အသိသည် အကျင့်မဟုတ်

အသိသည် အသိသာ၊ ကိုယ်ကျင့်မဟုတ်။ သိတိုင်းမကျင့်လျှင် သိနေရုံဖြင့် အကျိုးမရ။
ကျမ်းစာတို့သည် သိအောင်သာ ညွှန်ပြနိုင်၏၊ ကျင့်၍မပေးနိုင်ကြ။
ယခုကာလ စာပေလိုက်စားသူ အသုံးအယုံမပြုသူတို့သည် အသိမနည်းလှချေ။
သို့သော် ထိုသူများတွင် အထိုက်အလျောက် စောင့်စည်းသူ
သတိထားသူကား အလွန်နည်းပါးလှ၏ ...[illegible]

## လိမ္မာပြီးထူးချွန်ထက်မြက်တဲ့ ကလေးငယ်တစ်ဦးဖြစ်စေဖို့

မိဘတိုင်းမိမိရဲ့သားသမီးကို ထူးချွန်ထက်မြက်ပြီး လိမ္မာရေးခြားရှိသည်ကိုသာ လိုလားကြသည်။ သို့သော် လက်တွေ့တွင် မိဘများကိုယ်တိုင်က မိမိရဲ့သားငယ်၊ သမီးငယ်ကို ထူးချွန်ထက်မြက်စေဖို့ ကိုယ်တိုင်လုပ်ဆောင်ပေးရမည်ကို မေ့လျော့နေတတ်ကြပြီး စီးပွားရေး၊လူမှုရေးစတဲ့ ကိစ္စများဖြင့်သာ အချိန်ကုန်နေတတ်တာ တွေ့မြင်ရပါတယ်။

မိဘတို့က မိမိသားသမီးရဲ့ အနာဂတ်ကောင်းကောင်း ဖန်တီးနိုင်ဖို့အတွက် ကိုယ်တိုင်စိတ်ကူးပုံဖော်နေရုံနဲ့ မပြီးနိုင်ပါဘူး။ ကိုယ့်ရဲ့ရင်သွေးငယ်ကို ငယ်စဉ်အရွယ်ကတည်းက လက်တွေ့ကျကျ ပြုစုပျိုးထောင်ပေးဖို့လိုအပ်ပါတယ်။ မိမိရဲ့ ကလေးငယ်ကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော လူသားတစ်ယောက်အဖြစ် ရပ်တည်နိုင်အောင် လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။

ကလေးငယ်တိုင်းက ကိစ္စတိုင်းကို ကိုယ်တိုင်မဆုံးဖြတ်နိုင်ပါဘူး။ ဒါပေမယ့် မိဘတွေအနေနဲ့ မိမိရဲ့ကလေးကို သိတတ်စအရွယ်ကတည်းက မိမိတို့ ရွေးချယ်သတ်မှတ်ပေးတာထက် ကိုယ့်ကလေးငယ်ကို ကိုယ်တိုင်ဆုံးဖြတ်ချက်ချ နိုင်အောင် လုပ်ပေးဖို့လိုအပ်ပါတယ်။ ဥပမာ- အဝတ်အစား ဝတ်ဆင်ခြင်း၊ အစားအစာ ကိုယ်တိုင်စားသုံးခြင်းတို့ပဲ ဖြစ်ပါတယ်။

မိဘတွေအနေနဲ့ ကလေးငယ်ရဲ့ သဘောထားအမြင်ကို ဖော်ပြခွင့်ပေးရပါမယ်။ လူကြီးမိဘတွေအပေါ်မှာလည်း အလွန်အကျွံမှီခိုမှုမရှိအောင်လည်း လုပ်ဆောင်ရပါမယ်။ နောက်ပြီး ကလေးငယ်တွေကို အလွန်အကျွံ အကာအကွယ် မပေးသင့်ပါ။ ခေါင်းဆောင်တတ်သော အရည်အချင်းရှိလာအောင် လေ့ကျင့်ပျိုးထောင်ပေးပါ။

နောက်ပြီး ကလေးငယ်တွေကို ကိုယ်တိုင်စည်းကမ်းလိုက်နာတတ်တဲ့ကလေးငယ်တစ်ဦးဖြစ်အောင် လေ့ကျင့်သင်ကြားနိုင်ဖို့လည်း လိုအပ်ပါတယ်။ ငယ်စဉ်အရွယ်ကတည်းက စည်းကမ်းလိုက်နာတတ်ခြင်းသည် ကလေးငယ်အများစုတို့၏ အောင်မြင်ဖို့အတွက် လိုအပ်သော ကိုယ်ရည်ကိုယ်သွေးလက္ခဏာတွေပဲ ဖြစ်ပါတယ်။ ကလေးငယ်တွေက အတုမြင်အတတ်သင်တတ်သောကြောင့် မိဘတွေအနေနဲ့ကလည်း ကိုယ့်ကလေးငယ်တွေရဲ့အရှေ့မှာ စံနမူနာကောင်းဖြစ်အောင် နေရပါမယ်။ ကလေးတွေရဲ့ရှေ့မှာ ညစ်ညမ်းစွာ ပြောဆိုခြင်းကို ရှောင်ကြဉ်ရပါမယ်။ ကလေးငယ်တွေက အသက်အရွယ်အလိုက်အမူအကျင့်ပြောင်းလဲတတ်

သောကြောင့် မိဘက အမှတ်မထင်ပြောလိုက်သောစကား၊ အပြုအမူတွေကို မှတ်သားထားပြီး ပြုမူတတ်ပါတယ်။

ဒါ့ကြောင့် ကိုယ့်ကလေးငယ်ရဲ့ စကားအပြောအဆို၊ အပြုအမူအတွက် မိဘတွေရဲ့ အပြောအဆို၊ အပြုအမူနဲ့ အများကြီးသက်ဆိုင်ပါတယ်။ ဒါ့အပြင် မိမိရဲ့ကလေးငယ်ကို ငယ်စဉ်ကတည်းက ရိုးသားဖြောင့်မတ်အောင် သင်ကြားပေးရပါမယ်။

မိမိရဲ့ ကလေးငယ်များကို ထူးချွန်တဲ့ကလေးတစ်ယောက် ဖြစ်စေလိုလျှင် –

(၁) ကလေးငယ်တွေရဲ့ အားသာချက်များကိုရှာပြီး ချီးမြှောက်ဂုဏ်ယူပေးပါ။

(၂) မိမိကိုယ်ကို တန်ဖိုးထား လေးစားတတ်တဲ့ အလေ့အကျင့်များကို လေ့ကျင့်ပျိုးထောင်ပေးပါ။

(၃) အာရုံကြာကြာစူးစိုက်အောင် သင်ကြားပေးပါ။

(၄) ကြိုတင်ပြင်ဆင်လုပ်ကိုင်တတ်သော အလေ့အကျင့်ရအောင်လေ့ကျင့်ပေးပါ။

(၅) နောက် အရေးကြီးသောအချက်ကတော့ ကလေး၏ အောင်မြင်မှုများကို ကလေးတွေမြင်တိုင်း သတိရနေအောင် မြင်သာသောနေရာမှာထားပြီး ဆက်လက်အောင်မြင်မှုရရှိအောင် ကြိုးစားလိုစိတ်ကို နှိုးဆွပေးပါ။

(၆) ကလေးကို တိကျတဲ့ ရည်မှန်းချက်ချမှတ်စေပြီး ရည်မှန်းချက်အမှန်တကယ် ပေါက်မြောက်ရေးအတွက် ကိုက်ညီသောခြေလှမ်းကို လုပ်ဆောင်ပေးပါ။

အခုဖော်ပြပေးထားတဲ့အချက်တွေက ကလေးတစ်ယောက်ထူးချွန်ထက်မြက်ဖို့ အတွက် အမှန်တကယ်လိုအပ်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ မိမိရဲ့ကလေးကို ထူးချွန်ထက်မြက်စေလိုလျှင် ဒီအချက်တွေကို လိုက်နာသင့်ပါတယ်။

အချို့သောကလေးများသည် ငယ်စဉ်ကတည်းက စကားပြောစွမ်းရည် နည်းပါးတာကို တွေ့မြင်ရပါတယ်။ ကလေးငယ်တွေအနေနဲ့ စကားပြောစွမ်းရည် မနည်းပါးအောင်လုပ်ဆောင်ဖို့ အထူးလိုအပ်ပါတယ်။ ဒါ့ကြောင့် ကလေးငယ်တွေကို စကားပြောစွမ်းရည်တိုးတက်အောင် လုပ်ဆောင်ပေးပါ။ စကားပြောစွမ်းရည်သည်သူ့အလိုအလျောက်ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ သင်ယူတတ်မြောက်လာခြင်းသာဖြစ်ပါတယ်။ ကလေးငယ်၏အသံထွက်ရာ အင်္ဂါအစိတ်အပိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် မွေးစအရွယ်မှစတင်ပြီး လေ့ကျင့်ပေးပါ။ ကလေးငယ်တွေအနေနဲ့ အသက်ငါးနှစ်အရွယ်လောက်မှာ စကားမပီသေးလျှင် စိတ်ပူပန်စရာ မလိုပေမယ့် အသက်(၇)နှစ်၊(၈)နှစ်အရွယ်ရောက်သည့်တိုင် စကားပြောမပီလျှင် ပြဿနာရှိနိုင်ပါတယ်။ ဒါ့ကြောင့် ဒီအသက်အရွယ်မှာ စကားပြောမပီလျှင်

စကားပြုပြင်မှုကျွမ်းကျင်သူများနှင့် ပြသရန် လိုအပ်ပါတယ်။

**ကလေးငယ်တစ်ဦးရဲ့ စကားပြောစွမ်းရည်တိုးတက်ကောင်းမွန်မှုဟာ ထို ကလေးငယ်ရဲ့ စိတ်ပိုင်းဆိုင်ရာကောင်းကျိုးရှိနိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ထည်း ရှိစေပါတယ်**။ ဒါကြောင့် ကိုယ့်ရင်သွေးငယ်ကို ငယ်စဉ်အရွယ်ကတည်းက အသေအချာလေ့ကျင့်သင်ကြားပေးရမှာဖြစ်ပါတယ်။

နောက်ပြီး ကလေးငယ်တွေကို စာဖတ်တတ်အောင် လေ့ကျင့်သင်ကြားပေးရမယ့် နည်းလမ်းတွေကတော့ -

(၁) ကလေးစကားပြောသည့်အချိန်မှစ၍ ကလေးကဗျာ၊ ကလေးသီချင်း၊ကလေးစိတ်ဝင်စတဲ့ပုံပြင်တွေ အမြဲတမ်းထပ်ကာထပ်ကာ ဆိုပြ၊ရွတ်ပြပေးပါ။ထိုသို့ ပြုလုပ်ပေးမှုသည် ကလေးငယ်၏ သိလိုမှုကို အားပေးရာရောက်ပါသည်။

(၂) ကြော်ညာစကားလုံးများ၊ ရုပ်ပုံများ၊ပစ္စည်းများတွင်ရေးထားသောစာများနှင့် ရုပ်ပုံများကို တွဲ၍မြင်အောင်၊ ကြားအောင် ပြောပြပေးပါ။ ကလေး၏ မှတ်ဉာဏ်တွင် အသံမှတ်မိမှု၊ အရုပ်မှတ်မိမှုများ ယှဉ်တွဲဖြစ်ပေါ်လာပြီး ကြားရသောအသံများနှင့်အဓိပ္ပါယ်များကို ပို၍သိခွင့်ရနိုင်ပြီးသိလိုစိတ်လည်းဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ထိုစိတ်သည် ကလေးငယ်၏စာဖတ်ချင်စိတ်ကိုဖြစ်ပေါ်လာစေရန် အကောင်းဆုံးတွန်းအားတစ်ခုဖြစ်သည်။

(၃) ကလေးငယ် စာဖတ်ပြသည့်အခါ ကလေး၏ကြိုးပမ်းဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုလုပ်၍ စာဖတ်စွမ်းရည်တိုးတက်အောင်ပြုလုပ်ပေးပါ။

(၄) နောက်ပြီး ကလေးငယ်များ စာဖတ်ရာတွင် အသံထွက်ရန်ခက်ခဲသည့် စကားလုံးများကို လွယ်ကူစွာဖတ်နိုင်အောင် ကူညီပေးပါ။

ဒီအချက်တွေက ကိုယ့်ကလေးငယ်ကို လိမ္မာပြီး ထူးချွန်ထက်မြက်တဲ့ ကလေးတစ်ယောက်ဖြစ်စေနိုင်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ထို့ကြောင့် မိဘများအနေနဲ့ ကိုယ့်သားသမီးငယ်ကို အောင်မြင်တဲ့လူတော်လူကောင်းတစ်ဦးဖြစ်စေဖို့အတွက် ငွေကြေးအကူအညီတစ်ခုတည်းနဲ့ မုံဖိုးတာထက် မိမိကိုယ်တိုင်က ကလေးငယ်စဉ်အရွယ်ကတည်းက စနစ်တကျလေ့ကျင့်သင်ကြားပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မိဘများအနေဖြင့် အခုဖော်ပြပေးထားသော အချက်အလက်များကို ကြည့်၍ မိမိသားသမီးများကို လိမ္မာပြီးထူးချွန်ထက်မြက်တဲ့ ကလေးတစ်ယောက်ဖြစ်အောင် လုပ်ဆောင်နိုင်စေဖို့ကြိုးပမ်းရင်းဖြင့် ....။

ကိုးကား။ ■ "သင့်ကလေး လူတော်လူကောင်းဖြစ်အောင်"

*ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ)။*

-အေးမို့မို့အောင်သူ၊ (၂၀-၅-၂၀၁၄) *Daily Eleven* စာ B မှ။

# ဟံသာဝတီဦးဝင်းတင်၏ စာပေမွေ့လျော်မှုပျိုးထောင်ခြင်း

"**တဆိုတာ တစာစာနှင့် မကြာမကြာဖတ်။ စာအုပ်နှင့်မျက်နှာ မပြတ်ပါမှ တော်ကာကျမယ်။ ပိုတတ်မယ်**"ဆိုသော မြင်းမူမြို့နယ် တောချောင်ဦးကျေးရွာ အုပ်စု အသုံးလုံးလက်ရေးစာစောင်ကလေးက တိုက်တွန်းချက်မျိုးသည် စာပေါင်းစုံ စာမျိုးစုံကို တရစပ် ဒလဟော တသောသောလိုစိတ်ကို ဟုန်းဟုန်းတောက်စေ သည်။ ဆရာဟံသာဝတီဦးဝင်းတင်က ယင်းသို့နိဒါန်းပျိုးလိုက်ပြီးနောက် "စာဖတ် စွဲမြဲသူတို့သည် အမျိုးမျိုးသောအခြေအနေကြောင့် အဖော်ဖတ်အလေ့မှအပျော် ဖတ်မဟုတ်၍ ဗဟုသုတရှာရန်သက်သက်အတွက် စာဖတ်သည့်အကျင့်သို့ တိုက်ရိုက်ကူးပြောင်းတတ်သည်။ ကြည်နူးနှစ်သက်မှု ရသစာပေ အပျော်ဖတ် ဝါသနာမှလည်း တစ်ဆင့်ကူးပြောင်းတတ်သည်"ဟုဆို၏။

ဆရာဦးတင်ဝင်းက စာဖတ်သည့် အလေ့နှင့်ပတ်သတ်၍ ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းဖော်ပြချက်ကို ဤသို့ ကိုးကား၏။

"**တစ်နေ့ ၂၄ နာရီရှိရာတွင် သုံးလေးနာရီထက်ပို၍ မဆိုင်ဘဲ ကျွန်ုပ် လိုအပ်သည့် ဗဟုသုတတို့ကို လောဘတကြီး ရှာမှီးခဲ့လေသည်**" ဟူသော အားထုတ်ချက်ပင်။ စာပေမွေ့သူသည် ဖွဲနုပဲနှင့် သဲကြီးမဲကြီးဖတ်သည်။ အဖော် ဖတ်၊ အပျော်ဖတ်မဟုတ်၍ မခွဲခေါင်သောစာအုပ်၊ မဖတ်ချင်သောစာအုပ်ကိုပင် ဖြစ်စေ အသိအမြင် ဗဟုသုတကုံလုံကြွယ်ဝမှုအတွက် အလေ့အကျင့်လုပ်၍ ဖတ်ရ မှတ်ရသည်ကို မှတ်ချက်ပေးခဲ့ပါသည်။

"**စာဖတ်ဝါသနာပျိုးထောင်မှုလေ့ကားတွင် ပုံပြင်ဇာတ်လမ်းရှိခြင်းသည် ပထမဆုံးအထစ်ဖြစ်သည်**" ဟူသော အသိကို ဆရာသည် သူငယ်စဉ်က ရခဲ့ သည်။ သူ့ဇာတိတောမြို့ကလေးမှာ သူရှစ်နှစ်သားကျော်ကစ၍ သူ့အဘွားက ပုံပြင်များစွာပြောပြခဲ့တယ်။ သူကြိုက်သည်။ သူစွဲသည်။ ဝိဇယကာရီ၊ ဂုဏ္ဍာဝံသ၊ ရတနာ့ကြေးမုံတို့လို နန်းတွင်းဝတ္ထုတွေကိုလည်း အဘွားက နားထောင်ကောင်း အောင် ပြောတတ်၍ သူ-ပုံအစွဲကြီးစွဲနေတော့သည်။

သူစာလုံးပေါင်းဖတ်တတ်စကပင် သူ့အဖေက သတင်းစာဖတ်ခိုင်းသည်။ စနေနေ့တိုင်း ဝိသနာဈေးဈေးဝိုင်းကို သူ့အဖေလုပ်သည့်အခါ ညှိသည်များ နံ့တားချိန်တွင် သူစာဖတ်ပြရသည်။ လယ်တီဆရာတော်ကြီး၏ ဒီပနီသံခိုပ်၊ သံဝေဂလေးချိုးတွေနှင့် ဘုရားရှိခိုးတွေကို ဖတ်ပြရခြင်းပင်။

**စာဖတ်အလေ့ ဝါသနာအကျင့်ကို ပျိုးထောင်ရန် စာတတ်ရမည်။**

**စာအုပ်နှင့်မိတ်ဆက်ပေးမည့် ပုံပြင်ဝတ္ထုတွေကို နားထောင် စွဲလမ်းနေရမည်။ စာအုပ်နှင့်တွေ့ဆုံရင်းနှီးရမည်။ ဤအချက်များပေါင်းစုံဆက်စပ်မိမှသာ စာပေမွေ့လျော်မှုကို ရနိုင်မည်။ စာပေမွေ့လျော်သူတိုင်း ပထမစာဖတ်တတ်သည်။** ဒုတိယ ပုံပြင်ဝတ္ထုစွဲသည်။ တတိယ စာအုပ်နှင့်တွေ့ဆုံသည်ဟု ဆိုလိုသည်။

ဆရာဦးဝင်းတင်ကို စာဖတ်ဘဝလမ်းကြောင်းပြောင်းပေးလိုက်သည့်စာအုပ်သည် တိုးတက်ရေးဦးစိန်(ဦးဗကျိုင်)၏ "ကြီးပွားချမ်းသာရေးကျမ်း"ဖြစ်သည်။ ထိုကျမ်းကို ဆရာအလွန်ကြိုက်သည်။ထိုကျမ်း၏ဩဇာသည် ဆရာ့စာဖတ်လမ်းကြောင်းကို ပြောင်းစေခဲ့သည်။ အမေရိကန်သမ္မတလင်ကွန်းနှင့် ဂါးဖီး၊ သိပ္ပံပညာရှင်ကြီး အက်ဒီဆင်တို့ စာဖတ်ပုံကို ဆရာအလွန်အားကျသည်။ သူတို့လို ဆရာဖတ်ချင်သည်။ သူတို့လို ဆရာတတ်ချင်သည်။ သူတို့လို ဖြစ်ချင်သည်။ ယင်းကြောင့် ဆရာသည် ဗဟုသုတကို စာအုပ်ထဲတွင်ရှာသည်။ အသိပညာကို စာအုပ်ထဲတွင်ရှာသည်။

တစ်အုပ်ပြီးတစ်အုပ် ဆရာဖတ်သည်။ ဘယ်စာအုပ်ဖြစ်ဖြစ် ဖတ်လိုက်သည်။ ဘယ်စာအုပ်ဖြစ်ဖြစ် ဖတ်၍ကောင်းသည်။ ဖတ်၍ပျော်သည်။ ဖတ်၍စွဲသည်။

စာရေးဆရာကြီးဓေယျပြောပုံမျိုးနှင့် ပြောရလျှင် တစ်ပုဒ်ပြီးတစ်ပုဒ် ဘယ်လိုလာဦးမလဲဟု သိလိုဇောပြင်းထန်လှသောကြောင့် မရပ်မနား ဆရာဖတ်သွား၏။ ဖတ်တုန်းမှာလည်း အရသာရှိလှ၏။ တစ်ပုဒ်ထက်တစ်ပုဒ်ဖတ်လျက် ဆရာအမြင်ကျယ်သွား၏။ ရှေးက မတွေးမိ၊ မကြံမိ၊ သဘောမပေါက်ခဲ့မိသော အနက်အဓိပ္ပာယ်တို့သည် ဆရာ့သိစိတ်မှာ ဘွားခနဲဘွားခနဲ ပေါ်လာ၏။

ဆရာ့စာဖတ်လမ်းကြောင်းကို ဒုတိယပြောင်းလဲပေးသည့်စာအုပ်က ဂျာနယ်ကျော်မမလေး၏ "**သူလိုလူ**"။ ကွယ်လွန်သူဂျာနယ် ကျော်ဦးချစ်မောင်အကြောင်းကို **ဇနီး**ဒေါ်မမလေးက ရေးသားထားသည့်စာအုပ်။ ဤစာအုပ်ကို ဆရာဖတ်ရသောအခါ ဆရာ၏စာဖတ်စွဲလမ်းမှုသည် ပိုကြီးသွား၏။ ဆရာဦးဝင်းတင်အဖို့ ယင်းစာအုပ်ကြီး၏ ဩဇာညောင်းမှုသည် တိုင်းတာမရအောင် ကြီးမားလှသည်။ ပထမစာအုပ် ဦးဗကျိုင် (တိုးတက်ရေးဦးစိန်)၏ "ကြီးပွားချမ်းသာရေးကျမ်း"နှင့် ဂျာနယ်ကျော်မမလေး၏ "သူလိုလူ"တို့သည် ဆရာ၏စာဖတ် စွဲလမ်းမှုကို အတိုင်းမဲ့ကြီးမားစေခဲ့၏။

**"ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်း (အပျော်ဖတ်ခြင်း)သည် အထုံဝါသနာပါမှဖြစ်နိုင်သည်"**ဟု ဆရာတိုက်စိုးက ဆိုလိုက်ပြီး "လောကသဘာဝ

လူသားသဘာဝကို ကြားတတ်မြင်တတ်ဆင်ခြင်တတ်စေသော အဖွဲ့အစည်းများကို ဖတ်ခြင်းသည်သာ စာကယ့်စာဖတ် ဝါသနာဖြစ်သည်''ဟု မှတ်ချက်ပေးထား၏။ ဆရာဦးဝင်းတင်က ဆရာတိုက်စိုးကောက်ချက်ဆွဲပြသည်ကို နက်နက်နဲနဲလက်ခံလျက်ရှိ၏။

ဆရာဇော်ဂျီက ''**တဖတ်၍နှစ်သက်ခြင်းဖြစ်ရသည်။ နှစ်သက်ခြင်းကြောင့် စေတနာတစ်ခုခုဖြစ်ပေါ်လာသည်။ စေတနာတစ်ခုခု ဖြစ်ပေါ်လာ၍ အများအမှန်အကောင်းအဆိုးကို သူ့ဘာသာသူ ဆင်ခြင်စဉ်းစား၍ သိမြင်ခွင့်ရနိုင်သည်**''ဟု ဆို၏။ ယင်းအဆိုသည် တဖတ်ခြင်းကြောင့် ပေါ်ပေါက်လာရသည့် အတွေးအခေါ် သုံးသပ်ဆင်ခြင်မှု ရင့်သန်လာမှုတို့ပင်။ ယင်းအပေါ်တွင် ဆရာဦးဝင်းတင်သည် အမြဲပင် ဆင်ခြင်သုံးသပ်နေတတ်၏။

လက်ဦးဆရာများဖြစ်သော မိဘများကိုယ်တိုင်က–

* **သားသမီးကို စာပေမွေ့လျော်မှု ပျိုးထောင်ရေးရပါမည်။**
* **ဆရာများက အားပေး ရပါမည်။**
* **မိတ်ဆွေသူငယ်ချင်းစာဖတ်ဝိုင်းများဖွဲ့ကာ စာပေစားမြုံ့ပြန်ရပါမည်။**
* **အိမ်၊ ရပ်ကွက်၊ မြို့ရွာစာဖတ်ခန်းများ၊ စာကြည့်တိုက်များထူထောင်ဖွဲ့စည်းအားပေးရပါမည်။**
* **တဖတ်နည်းမှန်ကန်အောင် တကောင်းပေကောင်းများ ရွေးချယ်နိုင်အောင် စာပေဆိုင်ရာဝေဖန်ရေးသားမှုများကို ပြုလုပ်ပေးရပါမည်။ ဟောပြောမှုများကို ပြုလုပ်ပေးရပါမည်။**

ယင်းသည် ဆရာဟံသာဝတီဦးဝင်းတင်၏ စာဖတ်နိုင်မှုအတွက် မြင့်မြတ်သော အာသီသပင်။ ဆရာဦးဝင်းတင် ကွယ်လွန်သွားသည်မှာ တစ်နှစ်ကျော်ပြီ။ ဆရာကွယ်လွန်သည့် တစ်နှစ်ပြည့်နေ့လယ်က ရေဝေးရှိ သူ့ဂူရှေ့မှာ သူ့ရုပ်ထုဦးကို အမှူးထားလျက် ကျွန်တော်တို့ ဂါရဝပြုကြသည်။

သူ့အသက်ရှင်စဉ် ကြေးမုံစကားဝိုင်း၊ မန္တလေး ဟံသာဝတီစနေစကားဝိုင်းတို့တွင် အလိမ္မာစာမှာရှိဆိုသော ထိမိသော ဆရာ၏ ဆန္ဒ၊ ဩဝါဒတို့ကို အလျှံပယ်ကြားခဲ့ရသည်။ စာဖတ်အားကောင်းသော ဆရာ၏ နှစ်ပေါင်းများစွာပြုစုပျိုးထောင်လာသော လေ့လာမှုများအားထုတ်မှုအင်အားတို့သည်ကား ယနေ့တိုင် ထွန်းတောက်ပြိုးမောက်ဆဲပင် ... ။

– မြေမှိန်သစ္စာ။

*(၁၉–၅–၂၀၁၅) Daily Eleven စာ ၉။*

## စာတတ်သူများ စာများများဖတ်ပါက

## ဗဟုသုတများတိုးပွားပြီး ရှေ့ရေးကိုပို၍ မြင်နိုင် ကြားနိုင်

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးနေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရော၀တီတိုင်းဒေသကြီး ဟင်္သာတမြို့ အားကစားကွင်း၌ ကျင်းပရာ **ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း** တက်ရောက်အမှာစကား ပြောကြားသည်။

**အဆိုပါအခမ်းအနားသို့** ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် **ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး**အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ **ဌာနဆိုင်ရာအကြီး**အကဲများ၊ တက္ကသိုလ်များမှ **ဆရာဆရာမများ၊ အခြေခံစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့** တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် လုပ်အားပေးဆရာ ဆရာမများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌

- "ယနေ့ကျင်းပသည့် အခမ်းအနားသည် အခြေခံမြန်မာစာတတ်မြောက်ရေး ကြိုးစားသင်ယူနေကြသည့် ဟင်္သာတမြို့နယ်အတွင်းရှိ ရပ်ရွာပြည်သူလူထုများ၊ လုပ်အားပေးသင်ကြားပြသနေကြသော ဟင်္သာတတက္ကသိုလ်မှ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို အားပေးချီးမြှင့်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။
- အခြေခံစာတတ်မြောက်ရေးဆိုသည်မှာ အခြေခံဖြစ်သည့် အရေး၊ အဖတ်၊ အတွက်၊ သို့မဟုတ် အများသိထားကြသည့်"အ" သုံးလုံးကျေ စာသင်ကြားရေးလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊
- **စာတတ်သူများ စာများများဖတ်ပါက ဗဟုသုတများတိုးပွားပြီး ရှေ့ရေးကိုပို၍ မြင်နိုင်ကြားနိုင်သည့်အတွက် မိမိတစ်ဦးချင်းအတွက်ရော၊ မိသားစုအတွက် ရော၊ မိမိဒေသအတွက်ပါ စီးပွားရေး၊လူမှုရေး၊ အုပ်ချုပ်ရေးစသည့် ဖွံ့ဖြိုးရေးကဏ္ဍများစွာကို အထောက်အကူရစေနိုင်မည် ဖြစ်ပါ**ကြောင်း။
- ထို့ပြင် တိုင်းပြည်နှင့် ယှဉ်ကြည့်မည်ဆိုလျှင်လည်း စာတတ်ပေတတ်ပညာ

တတ်များနှင့် ပြည်စုံသည့်တိုင်းပြည်၏ တိုးတက်ကြွယ်ဝချမ်းသာမှုသည် ယနေ့ကမ္ဘာတွင် ရှေ့ဆုံးတန်း၌ မားမားမတ်မတ် ရပ်တည်နေနိုင်သည်အထိ စာပေပညာက အထောက်အကူပြုနေပါကြောင်း၊

- မြန်မာနိုင်ငံတွင် "အ"သုံးလုံးကျေ၊ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း မိတ္ထီလာမြို့နယ်မှ စတင်ခဲ့ကြောင်းကို မှတ်တမ်းအရ သိရှိရပါကြောင်း။
- ဆက်လက်၍ နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ်  ျာင်းသားကျောင်းသူ၊ဆရာ–ဆရာမများ၏ထက်သန်သည့်စေတနာဖြင့် သင်ကြားပြသပေးမှု၊ ပြည်သူများ၏ ကြိုးစားအားထုတ်သင်ယူမှုကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို အလျင်အမြန် တိုးတက်စေနိုင်ခဲ့ပါကြောင်း။
- ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချီးမြှင့်သည့် နိုင်ငံတကာအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုဆုကြီးကို ၁၉၇၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့ပါကြောင်း၊
- ယခု ဒီမိုကရေစီခေတ်ကာလ အစိုးရသစ်လက်ထက်၌ အခြေခံစာတတ်မြောက်ရေးကြိုးပမ်းမှုကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ပါကြောင်း၊ ထိုနှစ်၌ပင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၂၀၀၀ ကျော်က စာမတတ်သူဦးရေ ၂၂၀၀၀ ကျော်ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမ ၄၆၀၀–ကျော်က စာသင်သူပေါင်း ၄၆၀၀၀–ကျော်ကိုလည်းကောင်း သင်ကြားတတ်မြောက်စေခဲ့ပါကြောင်း၊
- ယခုနှစ် ၂၀၁၅ တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀၀ ကျော်က စာမတတ်သူပေါင်း ၂၆၀၀၀ ကျော်ကို ဧပြီ ၁ ရက်မှ စတင်သင်ကြားခဲ့ပြီး မေ ၁၅ ရက်တွင် အပြီးသတ်ကြမည်ဖြစ်ပါကြောင်း၊
- ဟသ္သာတမြို့နယ်၏ ရပ်ကွက်/ကျေးရွာများတွင် စာသင်ဝိုင်းပေါင်း(**၉၂**)ဝိုင်းကို ဟသ္သာတတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ **၉၉** ဦးတို့က သင်ယူသူပေါင်း **၆၂၀** အတွက် တွေးခေါ်မြော်မြင်တတ်မှု၊ လူမှုစီးပွားဘဝမြင့်တက်လာမှုကို အထောက်အကူပြုနိုင်အောင် သင်ကြားပြသပေးနေပြီး ဖြစ်ပါကြောင်း၊
- "အ" သုံးလုံးကျေသင်တန်းအောင်မြင်ကြပြီး စာရေးစာဖတ်သည့် အလေ့အကျင့် ရရှိလာခြင်းအားဖြင့် အတွေ့တွေ့ဗဟုသုတများ တိုးပွားပြီး အလိမ္မာ

စာမှာရှိဆိုသလို ပို၍မျက်စိပွင့် နားပွင့်လာကြမည်ဖြစ်ပါကြောင်း၊

- ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် **စက်တင်ဘာ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာစာတတ်မြောက်ရေးနေ့"**အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ထိုနေ့ရောက်လာတိုင်း အခမ်းအနားများဖြင့် တစ်နိုင်ငံလုံး အခြေခံစာသင်ကြားမှုမြှင့်တင်ခြင်း၊ စာဖတ်ဝိုင်းများဖွင့်၍ စာဖတ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့ဖြင့် စာတတ်မြောက်ရေး အရှိန်အဟုန် တိုးမြှင့်စေခဲ့ပါကြောင်း၊
- အခြေခံစာတတ်မြောက်အောင်သင်ကြားပြီး တတ်မြောက်ထားသည့် အရေးအဖတ်၊ အတွက် ပညာများကို မေ့ပျောက်မသွားအောင် အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်သကဲ့သို့ စာအုပ်စာပေများနှင့် အမြဲမပြတ် တစ်သက်လုံးထိတွေ့ဖတ်ရှုနေရန်လည်း အထူးအရေးကြီးပါကြောင်း၊ ဒေသခံပြည်သူလူထုများထဲမှ လူကြီးလူငယ်မရွေး အခြေခံစာမတတ်ကြသေးသူများရှိပါက တတ်မြောက်အောင် ကြိုးပမ်းသင်ယူကြရန်နှင့် တတ်မြောက်ပြီးသူများအနေဖြင့်လည်း ဆက်လက်လေ့လာဆည်းပူးသွားကြရန် တိုက်တွန်းလိုပါကြောင်း၊
- ယခုကဲ့သို့ မွန်မြတ်လှသည့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် စေတနာသဒ္ဓါတရားအပြည့်အဝနှင့် လုပ်အားပေးပါဝင်ကူညီကြသော တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ စာတတ်မြောက်ရေးအတွက် အစစအရာရာ ပံ့ပိုးပေးကြသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးကို နိုင်ငံတော်က လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း"ဖြင့် ပြောကြားသည်။


-(၁၃-၉-၂၀၁၅) ကြေးမုံ တ ဖေ

**ဆုံးမပါ**

မဆုံးမခြင်းကြောင့် အပြစ်များ၏။
ဆုံးမခြင်းကြောင့် ကျေးဇူးများ၏။
ထို့ကြောင့် သားသမီးနှင့်တပည့်တို့အား
ဆုံးမသင့်သည့်အခါ ဆုံးမပါ။

-*facebook* မှ။




ကြိုက်ရာ
ရွေး


မေမေ

# ကလေးတွေ ပြောရဲဆိုရဲ ဖြစ်လာစေဖို့

ကလေးဘဝတုန်းက ကျွန်မအလွန်ရှက်တတ်သည်။ ရှက်တတ်တာမှ အတော်လေးကို ရှက်တတ်တာပါ။ ကျွန်မ မသိသောသူများနှင့် ကောင်းကောင်းမွန်မွန် စကားပြောဖို့ဆိုတာက ကျွန်မအတွက် အတော်လေးခက်ခဲခဲ့သည်။

ကျွန်မငယ်ငယ်က ကလေးတွေကို ဆူဆူညံညံ စကားပြောခွင့်မပြုသော အိမ်မျိုးမှာ ကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်နည်းပါးပြီး ကိုးရိုးကားရားနှင့် သူများတွေနှင့် စကားမပြောတတ်၊ မဆိုတတ်တော့။ ကျွန်မက မိသားစုထဲမှာတောင် စကားပြောခဲလှသည်။ ကျွန်မစကားပြောလျှင်လည်း အမေ၊ ဆရာ၊ ဆရာမများနှင့် တခြားသူတွေက ကျွန်မကို ကျယ်ကျယ်ပြောရန် အော်ငေါက်တာ ခံခဲ့ရသည်။

တစ်ခါမှ မသိသူ၊ သူစိမ်းတွေနှင့် တွေ့ရပြီဆိုလျှင်တော့ ကျွန်မအတော်အဖြစ်ဆိုးခဲ့သည်။ တစ်ယောက်ယောက်ကို နေကောင်းလား ဘာညာနှုတ်ဆက်ရလျှင် ကျွန်မမျက်နှာတွေ နီရဲပြီး မထားတတ်အောင် ဖြစ်ခဲ့ရသည်။ တခြားသူတွေနှင့် ဘယ်လိုဆက်ဆံ ပြောဆိုရမည်ဆိုတာကို ကျွန်မမသိ။ လူတွေကို ကျွန်မကြောက်သည်။ သူတို့က ကျွန်မကို လက်မခံမှာကိုလည်း ကြောက်သည်။

<u>စိတ်ပညာရှင်နှင့် စာရေးဆရာအန်တိုနီဂန်က</u> "**လူတွေက လက်မခံမှာကို စိုးရိမ်ခြင်းသည် အရွယ်ရောက်သူများ၏ နံပါတ်(၁) ကြောက်ရွံ့မှုဖြစ်သလို ကလေးတွေမှာလည်းအတူတူပင်ဖြစ်သည်**"ဟုဆိုသည်။ ကလေးများသည် (၂)နှစ်လောက်အရွယ်ကတည်းက ယင်းကြောက်ရွံ့မှုစိုးရိမ်မှုမျိုးရှိသည်ဟုဆိုသည်။

သည်လိုဖြစ်တာက **ကလေးတွေ၏ သဘာဝဆိုတာကို မိဘတွေအနေနှင့် နားလည်ရမည်**ဟု ဂန်က ပြောပါသည်။ **ကလေးက လူတွေနှင့် မပြောချင်၊ မဆိုချင်တာဟာ တစ်ခုခုမှားနေခြင်းမဟုတ်ပါ**ဟု ဆိုပါသည်။

"ကလေးက လူတွေနဲ့တွေ့ထိ ဆက်ဆံတဲ့အခါ စိတ်လှုပ်ရှားမနေသင့်ဘူးလို့ တွေးကြတာ မှားယွင်းတဲ့အယူအဆပါ"။ လူမှုရေးအရ လက်မခံမှာကို ကြောက်ခြင်းသည် သဘာဝပင် ဖြစ်၏။ ကလေးကို အပြုသဘောဆောင်လာစေချင်ပါက ဘဝကို ကျေနပ်ပျော်ရွှင်လာအောင် သင်ကြားပေးဖို့ပင်ဖြစ်သည်။ **ကိုယ့်ကလေး၏ လူမှုရေးဆိုင်ရာ စိုးရွံ့မှုကိုဖယ်ရှားပေးရန် အကောင်းဆုံးနည်းမှာ ကလေးတွေကို ကောင်းကောင်းစကားပြောတတ်သူတွေ၊ ပြောရဲဆိုရဲသူတွေဖြစ်လာအောင် သင်ကြားပေးခြင်းဖြစ်၏။**

ကလေးက ရှက်ပါသည်၊ လူတွေကို စကားပြောဖို့ ကြောက်နေပါသည် ဆိုတာကမှ သည်လိုကလေးကို စကားကောင်းကောင်း စပြောတတ်၊ ဆိုတတ်ဖြစ်လာအောင် ဘယ်လိုသင်လို့ ဖြစ်နိုင်မလဲဟု တွေးကောင်းတွေးကြလိမ့်မည်။

**တခြားအရာတွေလိုပင် ဘယ်လိုလုပ်ရမလဲဆိုတာကတော့ အလေ့အကျင့်ကနေ ရပါလိမ့်မည်။ ထိုအခါ ကလေးက လူမှုဆက်ဆံရေးမှာ ယုံကြည်မှုတွေ ရှိလာပါလိမ့်မည်။**

အိမ်ပွဲစားတစ်ဦးဖြစ်သည့် တီဂန်ဒီကလပ်အတွက် လူတွေကို ချဉ်းကပ်တာ၊ စကားပြောတာကအကြောင်းမဟုတ်။ သို့သော်သူ၏(၄)နှစ်သမီးလေးက လူတွေကို စကားပြောဖို့ကြောက်တာ သူမြင်ရတော့ အံ့အားသင့်ရသည်။

"ဒါသူ့ရဲ့ သဘာဝမဟုတ်ဘူး။ ဒါကြောင့် သူ့ကို လူတွေနဲ့ စကားပြောခိုင်းတယ်။ အထူးသဖြင့် စျေးဆိုင်မှာပေါ့။ တစ်ခုခုကို ဘယ်လောက်ကျလဲ သူသိချင်တယ်ဆိုရင် စျေးဆိုင်က လူကို သူ့ဘာသာ မေးခိုင်းတယ်။ ကျွန်မက ကြားထဲက ဝင်မပြောဘူး။ လူတွေနဲ့ အခြေအနေအမျိုးမျိုးမှာ ဆက်ဆံရတဲ့အခါ သူ့ဘာသာသူ ယုံကြည်မှု ရလာစေချင်တယ်"

တစ်ခါတလေ သမီးကလေးက ဒီကလပ်ကို သူ့ကိုယ်စားမေးပေးဖို့ တောင်းဆိုတာမျိုးရှိသည်။ သူ့အနေနှင့် သည်အချက်ကို လိုက်လျောပါက သမီးကလေး၏ ရှက်တတ်သည့် အကျင့်ကို မဖျောက်ပေးနိုင်ဘူးဆိုတာ သူက သိသည်။

"တစ်ခါတစ်လေတော့ ကျွန်မက သူ့အစား မမေးပေးတော့ သူက မကြိုက်ဘူးပေါ့။ ကျွန်မကလည်း တမင်တင်းထားတာ။ နောက်ဆုံးတော့ သူ့ဘာသာပဲ လိုချင်တာကို မေးရတော့တာပေါ့။ နောက်တစ်ခေါက်ကျတော့ သူ့အတွက် မေးရဲသွားပြီးလေ"

စိတ်ပညာရှင်ဂန်ကတော့ "**စျေးဝယ်ခြင်းသည် ကလေးများကို လူမှုဆက်ဆံတတ်ရန် အကောင်းဆုံးသိမ်မွေ့စွာ သင်ကြားသည့် နည်းတစ်ခုဖြစ်သည်**"ဟု ဆိုပါသည်။ ကလေးတွေက ဆုချီးမြှင့်တာကိုကြိုက်ကြသည့်အတွက် စျေးဝယ်သွားလျှင် သကြားလုံး တစ်လုံးလောက်တော့ ပေးသင့်သည်ဟု ဆိုပါသည်။

"**ကလေးတွေက အရမ်းကို နိုးသားကြပါတယ်။ သူတို့အများဆုံး လုပ်တာတွေအတွက် ဆုချပေးပါ။ မူကြိုအရွယ်မှာ ကလေးတွေကို စျေးမေးခိုင်းတာတို့၊ ပေးတာတို့ လုပ်နိုင်ပါ။ နည်းနည်းကြီးလာရင် ကိုယ်က စျေးဆိုင်ပေါက်ဝကနေ သူတို့ဝယ်တာကိုသာ စောင့်ကြည့်နေပါ။ ကလေးတွေ စျေးဆိုင်မှာ သူ့ဘာသာ**

**ပြောဆိုဆက်ဆံတတ်လာတာကိုတွေ့ရပါမယ်"**

ကလေးတွေကို ပြောရဲဆိုရဲရှိလာစေဖို့ မိဘတွေက သင်ပေးနိုင်တဲ့ နည်းနှစ်ခု ရှိပါတယ်။ ကလေးတွေကို ပျော်စရာဖြစ်လာအောင်လုပ်ဖို့ သူတို့ကိုယ်စား နေရာတကာ ဝင်ပါပြောနေတာမျိုး မလုပ်ဖို့ပင် ဖြစ်ပါသည်။

"**မိဘအတော်များများက သူတို့အနေနဲ့ ကလေးတွေအတွက် ဝင်ပါပြီး ကလေးတွေအစား ဝင်ပြောပေးရမယ်လို့ ထင်ကြတယ်။ ဒါဟာ တကယ်တော့ ကလေးရဲ့ လူမှုရေးကဏ္ဍကို ဝင်နှောင့်ယှက်နေတာပါ။ ကိုယ်ဝင်ပြောလာရင် မပြောခင် စိတ်ထဲမှာ ၁၊ ၂၊ ၃၊ ၄–၁၀ အထိ ဆိုနေလိုက်။ ကလေးကို သူ့ဘာသာ ပြောပလေ့စေ**"ဟု ဂန်က အကြံပေးပါသည်။

ကလေးက ရှက်သည်ဖြစ်စေ၊ မရှက်သည်ဖြစ်စေ ယခုလိုစကားပြောခြင်းက လူမှုရေးအတွက် အကျိုးရှိစေပါသည်။ ကလေးစကားပြောပညာရှင် လော်ရင်း ဒိုင်လစ်လင်ကမူ "**စာအုပ်တွေကို အသုံးချပြီး ပုံပြင်များပြောစေခြင်းကလည်း ကလေးတွေ၏ စကားပြောစွမ်းရည်ကို အားပေးသည်**"ဟုဆိုပါသည်။

"**ကျွန်မကတော့ မိဘတွေကို စာအုပ်ဖတ်ပြနိုင်းတာကို လုပ်နိုင်းတယ်။ ကလေးတွေကို စာအုပ်ထဲက ဇာတ်လမ်းအကြောင်း ပြန်ပြောပြတာက ဘာဖြစ်မလဲဆိုတဲ့ သူတို့ရဲ့ သိလိုစိတ်ကို နှိုးဆွပေးတယ်။ ပုံပြောနေတုန်း ခဏခဏ ရပ်ပြီး ကလေးတွေကို မေးနိုင်းတာ၊ ပြီးတော့ ဆက်ပြောစေတာမျိုးက ကလေးတွေအနေနဲ့ ဘာသာစကားကို သူ့ဘာသာ ပြောတတ်လာစေတယ်**"

ကလေးတွေက စကားတွေစပြောလာအောင် မိဘတွေကလည်း ခေါင်းစဉ်တွေ ရှာပေးရမည်ဟု ဆိုပါသည်။ ဥပမာ သူတို့ကျောင်းအကြောင်း အစလုပ်ကာ မေးပေးရမည်ဟုလည်း စိတ်ပညာရှင်ဂန်က ရှင်းပြသည်။

"**ပြီးတော့ ကလေးကိုလည်း သူများတွေပြောတာ နားထောင်နိုင်းပြီး သူတို့ဘာတွေ ပြောကြသလဲဆိုတာ သိအောင်လုပ်နိုင်းပါ။ အဲဒီလို လုပ်တာက ကလေးရဲ့ အသိအမြင်ကို ကြွယ်ဝလာစေတယ်။ စကားပြောကောင်းသူ တစ်ယောက် ဖြစ်လာတယ်ဆိုတာကလည်း တခြားလူတွေ ဘာစိတ်ဝင်စားတယ် ဆိုတာ သိလာတာကနေ စတာပဲ။ ဒါကြောင့် ကလေးကို တခြားသူပြောရင် လည်း အာရုံစိုက်နားထောင်နိုင်းပါ**"

စကားမပြောရဲသော ကလေးတစ်ယောက်ဖြစ်သည့် ကျွန်မသည် လူတွေနှင့် နေ့တိုင်းပြောဆိုဆက်ဆံလာရန် တွေးတောင်မတွေးရဲပါ။ သည်နေ့အထိ လူမှုရေး နယ်ပယ်မှာ ကိုယ်ကာစပြီး စကားစပြောဖို့ခက်နေပါသေးသည်။

ယခုအချိန်မှာ ကျွန်မကို လူတစ်ယောက်ယောက်က စကားပြောကောင်းသူ တစ်ယောက်လို့ ချီးကျူးပြောဆိုပါက သိပ်ကောင်းပါလိမ့်မည်။ ကျွန်မက ကလေးကို ဒီအကြောင်းပြောပြတာ အားပေးနိုင်ပါလိမ့်မည်။

(သတင်းစာ ဆရာမကျူနီဖာမော်တန်၏ How to Raise a Confident Child ဆောင်းပါးကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)

– (၁၃-၅-၂၀၁၅) *7 day daily* စာ B- ၈ မှ။

## အသက် ၉၁ နှစ်အရွယ် အဘွားအိုအား မုဒိမ်းကျင့်ခဲ့သည့်

# ဆယ်ကျော်သက်ကို ထောင်ဒဏ်(၁၂)နှစ်ချမှတ်

ပြီးခဲ့သည့်ဇူလိုင်လက အသက် ၉၁ နှစ်အရွယ် အဖွားအိုတစ်ဦးအား မုဒိမ်းကျင့်ခဲ့သည့် ဆယ်ကျော်သက်လူငယ်ကို မေလ ၁၄ရက်နေ့ထောင်ဒဏ်၁၂နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အခင်းဖြစ်ပွားသည့်နေ့က ခရစ္စထရန်ရှန်သည် မြောက်လန်နက်ရှိုင်းယားဒေသ၊ဘဲလ်ရှီးလ်မြို့ရှိအဘွားအို၏နေအိမ်သို့ဝင်ရောက်ပြီးမုဒိမ်းကျင့်ခဲ့ခြင်းဖြစ်သည်။တိရစ္ဆာန်အကျင့်ကျင့်နေစဉ် လက်သီးဖြင့် အကြိမ်ကြိမ်ထိုးခဲ့မှုကြောင့် အဖွားအိုမှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိသည်။ အခင်းဖြစ်ပွားခဲ့စဉ်က အသက် ၁၇ နှစ်မျှသာရှိသေးသော စထရန်ရှန်ကို ရဲစခန်းသို့ကိုယ်တိုင်လာရောက်အပ်နှံခဲ့ပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာလတွင် အပြစ်ရှိကြောင်းဝန်ခံခဲ့သည်။

အဓမ္မပြုကျင့်ခံခဲ့ရပြီးနောက် အဖွားအိုသည် ဘေးအိမ်သို့သွားရောက်ပြီးအလုံးစုံဖွင့်ဟခဲ့သည်။ ပြစ်မှုကျူးလွန်ခဲ့သူမှာ သူငယ်ချင်းများနှင့် သောက်စားပျော်ပါးနေခဲ့ရာမှ အခင်းဖြစ်ပွားသည့်နေ့ နံနက် ၆နာရီ ၃၀ မိနစ်ခန့်တွင် အဖွားအို၏နေအိမ်သို့လာရောက်ပြီး စော်ကားခဲ့ခြင်းဖြစ်သည်။ အဖွားအိုက ခုခံရန်ကြိုးစားခဲ့ပြီး အကြိမ်ကြိမ်တွန်းကန်အော်ဟစ်ခဲ့သော်လည်း စထရန်ရှန်က ထိန်းချုပ်နိုင်ခဲ့ကာ သတ်ပစ်မည်ဟုပင် ခြိမ်းခြောက်ခဲ့ကြောင်း ယင်းနောက်မုဒိမ်းကျင့်ခဲ့ကြောင်းတရားရုံးက ကြားနာခဲ့သည်။

အဖွားအိုသည် ယခင်က အလွန်တက်ကြွဖျတ်လတ်ခဲ့သူဖြစ်သော်လည်း ယခုဖြစ်စဉ်ကြောင့် အလွန်စိတ်ဓာတ်ကျနေကြောင်းသိရသည်။ **ငယ်ငယ်ရွယ်ရွယ်နှင့် ကြီးလေးသည့် အကုသိုလ်အလုပ်များ ကျူးလွန်နေသည်မှာ မိဘဆရာသမားများ၏ သွန်သင်ဆုံးမပုံညံ့ဖျင်း၍ဖြစ်ပေလိမ့်မည်။**

*Ref:BBC -(၅-၆-၂၀၁၅) First Weekly* စာ-၂၅။

## မြန်မာပြည်မှာ ဆားပုလင်းနှင်းမောင်သာ တကယ်ရှိမယ်ဆိုရင်

လူသတ်မှုပေါ်ပေါက်ခြင်း၊ ကျူးလွန်ခြင်းအကြောင်းတရားအဖြစ်အပျက်ပေါင်းများစွာရှိသည့်အနက် တချို့ကိုဖော်ပြရမည်ဆိုလျှင် -

- ရုတ်ခြည်းဖြစ်ပေါ်လာသော ဒေါသ(Anger)ကို မချုပ်တီးနိုင်သည့်အဆုံး ကျူးလွန်လိုက်ရခြင်းသည်လည်းကောင်း၊
- သူတစ်ပါးအပေါ်မလိုမုန်းတီးမှု(Hatred)သည် ရန်ငြိုးရန်စအဖြစ်ပြောင်းလဲသွားပြီး သူသတ်ရခြင်းအဆင့်သို့ ရောက်ရှိသွားခြင်းသည်လည်းကောင်း၊
- ကာမ(Sex)ကိစ္စကြောင့် ပေါ်ပေါက်လာသော လူသတ်မှုသည်လည်းကောင်း၊
- ထို့အပြင် ငွေ(Money)၊ စီးပွားရေး(Economic) ကိစ္စရပ်တစ်ခုခုကြောင့်သော်လည်းကောင်း၊
- ပုံမှန်စိတ်မရှိဘဲ ရူးသွပ်နေသူ၊ စိတ်မနံ့သူ(Mad)၏ ကျူးလွန်မှုကြောင့်သော်လည်းကောင်း၊
- မတော်တဆ(Accident)သဖွယ် မှတ်ယူလောက်အောင် ဖန်တီးထားသော လူသတ်မှုသည်လည်းကောင်း၊
- တာဝန်(Duty)ပေးအပ်ခြင်းကို မဖြစ်မနေဆောင်ရွက်ရခြင်းကြောင့် ပေါ်ပေါက်လာသော လူသတ်မှုသည်လည်းကောင်း၊
- နောက်ပြီး တစ်ဖက်နှင့်တစ်ဖက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သတ်ဖြတ်လျက်ရှိကြကုန်သော မျိုးရိုးစဉ်ဆက် (Generation)အလိုက် မပြီးဆုံးနိုင်သော ကလဲ့စားချေ သတ်ဖြတ်မှုများသည်လည်းကောင်း၊ **လူသတ်မှုပေါ်ပေါက်လာစေရန် မရေမတွက်နိုင်သော အခြေခံအကြောင်းတရားများဖြစ်ကြသည်။**

လူသတ်မှုတိုင်း အင်မတန်ခက်ခဲနက်နဲလှသလို စိုးရွံ့ထိတ်လန့်ဖွယ်ရာကောင်းခြင်း၊ စိတ်ဝင်စားဖွယ်ကောင်းခြင်း၊ ဝမ်းနည်းကျေကွဲဖွယ်ရာကောင်းခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းများနှင့်ပြည့်နှက်နေသည်။လူသတ်မှုကို လူတိုင်းနည်းပါး စိတ်ဝင်စားကြပြီး၊ လူသတ်မှုဖြစ်လို့တဲ့ဟုကြားလိုက်သည်နှင့် 'ဘယ်သူအသတ်ခံရတာလဲ၊ ဘယ်သူက သတ်တာလဲ၊ ဘာကြောင့်လဲ၊ ဘယ်နေရာမှာလဲ၊ ဘာနဲ့သတ်တာလဲ' စသည်ဖြင့်သိလိုကြသည်။ စူးစမ်းကြလေ့လာကြသည်။ မသိမသာ ထင်မြင်ချက်တွေပေးကြတော့သည်။ တိတိပပပြောပါဆိုတော့ဘယ်သူမှမပြောတော့။ နောက်ဆုံးဘယ်သူက ဘယ်သူ့ကို ဘာကြောင့်ပဲသတ်သတ် အမှုကို

ပေါ်စေချင်တာ၊ သတ်သူကို မိစေချင်တာ၊ ဥပဒေ(Act)နှင့်အညီ တရားစီရင်တာ လူတိုင်းလိုလားကြပေသည်။

သို့သော်ငြားလည်း လူသတ်မှုကို မပေါ်စေချင်သူများလည်း တစ်ဖက်တွင် ရှိနေကြပါသည်။ လူသတ်မှုကို ကိုယ်တိုင်ကျူးလွန်သူ၊ လူသတ်မှုဖြစ်အောင် အားပေးကူညီသူ၊ နောက်ကွယ်မှကြိုးကိုင်လှုပ်ရှားသူနှင့် လူသတ်မှုတွင် တစ်နည်းတစ်ဖုံပါဝင်ပတ်သက်သူများကား လူသတ်မှုကို လုံးဝမပေါ်စေချင်သူများဖြစ်ကြသည်။

လူသတ်မှုတစ်ခုတွင် လူသတ်မှုဖြစ်ရသော အကြောင်းအရင်း(Motive)သည် လွန်စွာအရေးကြီးသောအချက်ဖြစ်ပြီး အခင်းဖြစ်နေရာရှိ သက်သေခံပစ္စည်းများသည် လူသတ်မှုဖော်ထုတ်ရန် အရေးကြီးသော သဲလွန်စများဖြစ်သည်။ အခင်းဖြစ်နေရာမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ပြောင်းလဲခြင်းမရှိနိုင်သော သက်မဲ့သက်သေခံချက်(Mute Evidence)များဖြစ်၍ အမှုအတွက် လွန်စွာနိုင်မာလှပေသည်။ နှုတ်မှ တိုက်ရိုက်ထွက်ဆိုရသော သက်သေခံချက် (Oral Evidence)များသည် အသိဉာဏ်နှင့် ဖွဲ့စည်းထားသော သက်ရှိသက်သေများဖြစ်၍ သက်မဲ့သက်သေခံချက်များလောက် ခိုင်မာမှုရှိသော သက်သေများ ဖြစ်မလာနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ ဒါကြောင့် လူသတ်မှုအပါအဝင် ရာဇဝတ်မှုဖြစ်ပွားခဲ့သည့်နေရာမှ တွေ့ရှိရသော သက်သေခံပစ္စည်း သဲလွန်စများအား ခြေရာလက်ရာမပျက်ထားရှိရေး၊ ဆုံးရှုံးမှုမရှိစေရေးအတွက် အရေးပါလှသည်။ **လူသတ်မှုအပါအဝင်ရာဇဝတ်မှုများ စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပြုရသော သဲလွန်စအမြောက်အမြားရှိသည့်အနက် သက်သေခံအထောက်အထား အင်အား (Eviddential Value)များများသိမ်းဆည်းရမိလေလေ အမှုပေါ်ပေါက်ရန် အင်အားကောင်းလေလေ ဖြစ်သည်။**

ရာဇဝတ်မှုခင်းများဖော်ထုတ်ရာတွင် သက်ဆိုင်ရာရဲတပ်ဖွဲ့အပါအဝင် တာဝန်ရှိအဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးတွင်လည်း တာဝန်ရှိသည်ဟု မှတ်ယူစေလိုပါသည်။ မိမိတို့မြင်သမျှ၊ ကြားသမျှ၊ သိသမျှ၊ သတင်းပေးရန်၊ ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ရာဇဝတ်မှုခင်းများ လွယ်ကူလျင်မြန်စွာ ဖော်ထုတ်နိုင်ပေမည်။ လူတိုင်းနီးပါး ရာဇဝတ်မှုခင်းများနှင့် ပတ်သတ်လိုခြင်းမရှိဘဲ ခပ်ကင်းကင်းသာ နေလိုကြသည်။ ရုံးရောက်ဓါတ်ရောက်ခြေရှင်းရမှာ၊ သက်သေခံရမှာ လွန်စွာစိုးရွံ့ကြသည်။ တော်ရုံတန်ရုံ ဘီရူရုပ်များပင် သက်သေလိုက်ရမှာစိုး၍ ဘာမှမေးမရတော့။ လွယ်လွယ်ကူကူနှင့်

ပေါ်ပေါက်ရမည့်ကိစ္စများ ခက်ခက်ခဲခဲအဆင့်သို့ ရောက်သွားတော့သည်။ ယင်းသို့ ပြုမူခြင်းများသည် အမှန်တော့ နည်းလမ်းမကျလှပါ။ ရာဇဝတ်မှုကျူးလွန်ရန် အခွင့်အရေးပေးသလို၊ အားပေးအားမြှောက်ပြုသလိုဖြစ်နေသည်။ ရာဇဝတ်မှု ကျူးလွန်သူသည် ပြစ်မှုနှင့် အရေးယူမခံရမချင်း ပြစ်မှုထပ်မံကျူးလွန်ရန် ဝန်မလေးတော့သည့်အပြင် တရားဥပဒေစိုးမိုးရေးကိုပင် မထီမဲ့မြင်ပြုလာတော့မည်ဖြစ်သည်။ **မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟု ဆိုရိုးစကားရှိသော်လည်း ရာဇဝတ်မှု မဖော်ထုတ်နိုင်သရွေ့ ဆိတ်ကွယ်ရာဆိုတာ ရှိနေမည်သာဖြစ်သည်။**

မြန်မာပြည်တွင် ယနေ့ထိပေါ်ပေါက်ခြင်းမရှိသော အများပြည်သူစိတ်ဝင်စားသည့် လူသတ်မှုအချို့ကို တင်ပြလိုပါသည်။

- ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် နေပြည်တော် ဥတ္တရသီရိမြို့နယ် မကွေး (ကံပြားကားလမ်း မိုင်တိုင် ၃/၃-၄)တွင် မီးလောင်ဒဏ်ရာ၊ သေနတ်ဒဏ်ရာများနှင့်တွေ့ရသော အမည်မသိအမျိုးသမီး အသက်ခံရမှု၊
- ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကောင်းခါးကျေးရွာမှ လုပ်အားပေးကျောင်းဆရာမနှစ်ဦး အသတ်ခံရမှု၊
- ၂၀၁၇ ခုနှစ် ဧပြီလ ၂၃ ရက်ည ပြည်နဝဒေးတံတားအောက်၌ လူရွယ်တစ်ဦး အသတ်ခံရမှု၊
- နောက်ထပ် ၂၀၀၈ ခုနှစ် မတ်လ ၃ ရက် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း၊ စိမ်းလဲ့ကန်သာလမ်းသွယ် ငါးလောင်းပြိုင်လူသတ်မှုများဖြစ်သည်။ ယင်းလူသတ်မှုများသည် ပြည်သူတစ်ရပ်လုံးအမှန်တကယ် စိတ်ဝင်စားသော လူသတ်မှုများဖြစ်ကြပြီး အမှန်တရားနှင့် တရားမျှတမှုကို လိုလားကြ၍ အမှုများအား ပေါ်ပေါက်စေလိုခြင်းဖြစ်ပါသည်။

လူသတ်မှုဟူသရွေ့ ဖော်ထုတ်ရန် အင်မတန်ခက်ခဲနက်နဲသော လုပ်ငန်းတစ်ခုသာဖြစ်သည်ဟု ဆိုနိုင်သော်လည်း **စုံစမ်းခြင်း**(Investigation)**၌ တိကျသေချာခြင်း၊ စိတ်ရှည်ခြင်း၊ ကျွမ်းကျင်တတ်မြောက်ခြင်း၊ ရဲရင့်ပြတ်သားစွာ လုပ်ရဲကိုင်ရဲသော စိတ်ဓာတ်ရှိခြင်းစသော အရည်အချင်းများပြည့်စုံပါက မည်သည့်ရာဇဝတ်မှုမျိုးကိုမဆို မပေါ်ပေါက်နိုင်စရာ အကြောင်းမရှိ** ဟု ထင်မြင်ပါသည်။

ကျုပ်ဒီဆောင်းပါးကိုရေးရင်းနဲ့ လက်စသတ်ပြီး မှေးခနဲအိပ်ပျော်သွားလိုက်တာ အိမ်မက်ထဲမှာ စုံထောက်ဆားလော့ဟုမ်းနှင့် တွေ့တယ်သိလား။ သူက မြန်မာပြည်မှာ မပေါ်သေးတဲ့ လူသတ်မှုတွေကို သူဖော်ထုတ်လိုက်ပြီဖြစ်ကြောင်း

ပြောပြတယ်။ ကျုပ်လည်းမဖြစ်မနေမေးရမယ့် မေးခွန်းတစ်ခုကိုမေးလိုက်မိတယ်။ "**အိုင်ဆေး ကိုနှင်းမောင် ... လူသတ်တရားခံတွေက ဘယ်သူလဲဗျ**" ဟုမေးလိုက်တော့၊ သူကကျုပ်နားကိုကပ်ပြီး တိုးတိုးလေးပြောသွားတယ်။ "**အိုင်ပီရေခင်များတို့ သိပြီးသားတွေဖြစ်မှာပါတဲ့**"ဟု ပြောသွားသည်။ ကျုပ်လည်း ဇဝေဇဝါနှင့်အိပ်ရာကနိုးလာပြီး ဆားပုလင်းနှင်းမောင်သာ တကယ်ရှိရင်သိပ်ကောင်းမှာပဲလို့ တွေးနေမိပါတော့သည်။

– *ဝင်းဦး(မင်းဘူး)။ (၈-၅-၂၀၁၅) Democracy To day စာ ၂၄။*

# ပေါင်ကားထိုင်တဲ့သူတွေ နယူးယောက်မှာဖမ်းနေပြီ

ကားတွေအလွန်ကျပ်လွန်းတော့ ခရီးလမ်းသင့်ရင် ရထားပဲသွားသွားစီး ဖြစ်ပါတယ်။ စီးရတာအဆင်ပြေပေမယ့် တစ်ခါတလေ တစ်ယောက်တည်း ကိုယ့်ရှိကားယား နေရာယူတတ်သူတွေ၊ မှုမထိုင်တတ်တဲ့သူတွေနဲ့ တွေ့တတ်ပါတယ်။ ကိုယ်က သွားပြောလည်း ဂရုမစိုက်ကြသူမျိုးကြုံဖူးပါတယ်။

အမေရိကန်နိုင်ငံ၊ နယူးယောက်မြေအောက် ရထားလိုင်းမှာတော့ ဒါမျိုးမရဘူးလို့ဆိုပါတယ်။ ရထားလိုင်းအာဏာပိုင်တွေရဲ့ ကန့်သတ်ချက်အရ လူတစ်ယောက်ဟာ ရထားရဲ့လုပ်ငန်းလည်ပတ်မှုပိုင်းကို အနှောင့်အယှက်ဖြစ်စေတဲ့၊ အခြားခရီးသည်တွေရဲ့ သက်သောင့်သက်သာဖြစ်မှုကို အနှောင့်အယှက်ဖြစ်စေတဲ့ **တစ်ယောက်စာထက် ပိုထိုင်တာမျိုးကို ပိတ်ပင်ထားတယ်**လို့ဆိုပါတယ်။

ဒီပြစ်မှုနဲ့ ဖမ်းဆီးပြီးရုံးတင်တာလည်း ရှိခဲ့တယ်လို့နယူးယောက်ရဲ့ဌာနရဲ့လူမျိုးရေးနဲ့ လူတန်းစားခွဲခြားမှုစစ်ဆေးတဲ့ အစီရင်ခံစာမှာ အမှတ်မထင်သွားတွေ့ခဲ့ပါတယ်။ **ဒီလိုပေါင်ကားထိုင်လို့ဆိုပြီး လူနှစ်ဦးကို ရဲကဖမ်းခဲ့တယ်**လို့ဆိုပါတယ်။

ဒါပေမယ့် ပေါင်ကားထိုင်တာ သက်သက်ထက် လက်တီနို(စပိန်စကားပြောလက်တင်အမေရိကနွယ်ဖွား)တွေဖြစ်တာကြောင့် လူမျိုးရေးအရ အမြင်ကပ်လို့ဖမ်းတဲ့သဘောဖြစ်နေတယ်လို့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ဖမ်းတဲ့အချိန်က ည ၁၂နာရီကျော်ဖြစ်တဲ့အတွက် ဒီအချိန်ရထားပေါ် လူများတယ်လို့ယူဆဖွယ်မရှိဘူးလို့ တရားသူကြီးက သုံးသပ်ပြီး ခံဝန်နဲ့ပြန်လွှတ်ပေးခဲ့တယ်လို့ဆိုပါတယ်။

***Ref; Metro (၃. ၆. ၂၀၁၅) the Messenger Post စာ-၁၅။***

မှတ်ချက်။ ။ တကိုယ်ကောင်းဆန်လျှင် ပြဿနာဖြစ်တတ်သည်။

## ကိုယ်ဝန်ရသွားသည့် အသက်(၁၄)နှစ်အရွယ်မိန်းကလေးကို

## ရည်းစားက အရှင်လတ်လတ်မြေမြှုပ်ခဲ့

အာဂျင်တီးနားနိုင်ငံ၊ဆန်တာဖိပြည်နယ်၊ရူဖိနိုမြို့မှ ချီရာရာပေ့ဇ်ဆိုသူ အသက်၁၄နှစ်အရွယ်မိန်းကလေး ကိုယ်ဝန်ရသွား၍ချစ်သူက အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်တဲ့ဖြစ်ရပ်အတွက် အာဂျင်တီးနားနိုင်ငံမှာ အမျိုးသမီးအကြမ်း ဖက်မှုကန့်ကွက်တဲ့ ဆန္ဒပြပွဲတွေထွက်ပေါ်နေခဲ့ပါတယ်။ ချစ်သူချင်းမှောက်မှား မိခဲ့ကြရာကနေ ကိုယ်ဝန်ရသွားခဲ့တာဖြစ်ပြီး ချီရာရာ ကိုယ်ဝန်နှစ်လပြည့် သွားတဲ့အချိန်မှာ ပျောက်ချင်းမလှ ပျောက်သွားခဲ့တာဖြစ်ပါတယ်။ ချီရာရာ ပျောက်ဆုံးနေခဲ့ပြီး သုံးရက်အကြာမှ ချီရာရာရဲ့ချစ်သူ မန်နျူအောမန်ဆယ် လာရဲ့ အိမ်နောက်ဘက်ခြံကွက်လပ်ထဲမှာ မြှုပ်ခံထားရတဲ့ ချီရာရာကို အာဂျင် တီးနား အာဏာပိုင်တွေ ရှာတွေ့ခဲ့ကြတာဖြစ်ပါတယ်။

ချီရာရာရဲ့အလောင်းကို စစ်ဆေးခဲ့ရာမှာ ဦးခေါင်း၊ မျက်နှာနဲ့ ခန္ဓာကိုယ် ပေါ်တွေမှာ ရိုက်နှက်ခံထားရတဲ့ ဒဏ်ရာဒဏ်ချက်တွေကို တွေ့ခဲ့ရပြီး ဒဏ်ရာ တွေကြောင့် သေတာမဟုတ်ဘဲ မြေကြီးထဲအရှင်လတ်လတ်မြှုပ်နှံခံရတဲ့အတွက် သေဆုံးခဲ့တာဖြစ်ကြောင်း အဖြေထွက်လာခဲ့ပါတယ်။ ကိုယ်ဝန်ပျက်ကျစေဖို့ အတွက် ဆေးတွေတိုက်ထားတာကိုလည်း တွေ့ရှိခဲ့ပြီး ဒီအမှုအတွက် လူသတ် တရားခံ မန်နျူအောအပြင် မန်နျူအောရဲ့မိဘနှစ်ဦးကိုပါ ကြိုရာပါအဖြစ် ဖမ်းဆီးတရားစွဲဆိုထားခဲ့ပြီးဖြစ်ပါတယ်။

ဒီအမှုဖြစ်ပွားခဲ့ပြီးနောက် အာဂျင်တီးနားရဲ့ အမျိုးသမီးအကြမ်းဖက်ခံရမှုတွေ အဆုံးသတ်စေဖို့အတွက် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ ၂၀၀၀၀၀ခန့် ဗျူနိုအေးရိစ်မြို့ရဲ့ အာဂျင်တီးနားအမျိုးသားကွန်ဂရက် လွှတ်တော်ရှေ့ စုဝေး ဆန္ဒပြခဲ့ကြပါတယ်။အာဂျီတီးနားနိုင်ငံမှာ ၂၀၀၈ခုနှစ်ကနေ ၂၀၁၄ခုနှစ်အတွင်း အသတ်ခံရသူ အမျိုးသမီး ၁၈၀၀ခန့်ရှိခဲ့ပြီး ၃၁နာရီတိုင်း အမျိုးသမီးတစ်ဦး အသတ်ခံနေရတယ်လို့ အမျိုးသမီး အရေးလှုပ်ရှားသူတွေက ဆိုနေကြပါတယ်။

*(Mirror,8.6.15)* သံသာ

*-(၁၀ .၆. ၂၀၁၅) မြည်မြန်မာ* ဓာ - ၃၃။

**မှတ်ချက်။ ။ ဆန္ဒပြည့်သွားလျှင် စိတ်ပြောင်းသွားတတ်သည်။**

## မိစုံ ဖစုံ ရှိပင် ရှိလျက်...

စာရေးသူ၏ တူမောင်တစ်ယောက်နှင့်ဆက်နွယ်၍ ဤဆောင်းပါးကို အစပြုလိုက်ရပါသည်။ တူမောင်၏ဖခင်သည် အသက် ၈၀–ကျော်၊ မိခင်သည် အသက် ၇၀–ကျော်၊ သူတို့သည် အသက်လည်းရှည် ကျန်းမာရေးလည်း ကောင်းသည်။ ထို့ကြောင့် တူမောင်သည် အသက် ၅၀–ကျော် အရွယ်ထိ မိစုံဖစုံ ရှိသေးသည်။ ကုသိုလ်ထူးသည်။

အဘယ့်ကြောင့်ဆိုသော် လူတိုင်းမိစုံဖစုံရှိကြရန် ကံပါလာသည်မဟုတ်ပါ။ အမိရှိသူက အဖမရှိ၊ အဖရှိသူက အမိမရှိ၊ အမိရောအဖပါ မရှိသူများလည်း အများအပြား။ အမိအဖတော့ရှိပါလျက် အိမ်ထောင်ရေးအဆင်မပြေကြသော ကြောင့် သားသမီးများမှာ အဖိုးအဖွားများနှင့် နေလာကြရသူများလည်း များပြား လှပါသည်။ စာရေးသူ အသက် ၂၀ အရွယ်မှာ သွေးဆုံးရောဂါဖြင့် မိခင် ကွယ်လွန်ခဲ့ရသည်။ ဒါကတော့ စောလွန်းနေသည်။ စာရေးသူမှာ ဖခင်အသက် ရှည်ပြီး ကျန်းမာ၍ တော်ပါသေးသည်။

ထို့ကြောင့် စာရေးသူသည် တူမောင်အား "မင်းတို့မောင်နှမတွေ ကုသိုလ် ထူးတယ်၊ အမိကိုရော အဖကိုပါ ပြုစုကျွေးမွေးခွင့်ရတယ်"ဟု ပြောခဲ့သည်။ သို့သော် တူမောင်ရော သူတို့ညီအစ်ကိုမောင်နှမသားချင်းတွေ ကုသိုလ်ထူးသူများ ဖြစ်ရအောင် ကုသိုလ်မယူတတ်။

"အဖေ့အကြောင်းကိုတော့ မပြောချင်ဘူး၊ အမေ့အကြောင်းကိုလည်း မပြော ချင်ဘူး" စကားက စပြောသည်။ ပြီးတော့ **အမေတို့ အဖေတို့ အသက်ရှင်နေ တာကိုပဲ မလိုလားကြ၊ လူအိုအမိအဖတို့ကို မပြုစုချင်၊ မကျွေးချင်၊ တရား ရိပ်သာ၊ ဘိုးဘွားရိပ်သာ တစ်နေရာရာသို့ ပို့ထားလိုက်ချင်သည်မှာ အမှန်။**

သားသမီးတိုင်းတော့လည်း မဟုတ်ပါ။ မိတ်ဆွေတစ်ယောက်ဆိုလျှင်"**သားက ကျုပ်တို့ အဖိုးကြီးနှင့်အဖွားကြီးကို တစ်လတစ်သိန်းထောက်ပံ့တယ်။ ကျုပ်တို့ လင်မယားကလည်း ပင်စင်ရှိတော့ အလှူဒါနတောင် လုပ်နိုင်တာပေါ့များ**" ဟူသောစကားမျိုးပြောနိုင်သော မိဘများရှိပါသည်။ နည်းတော့နည်းသည်။

* * *

စာရေးသူသည် တစ်ခါက နယ်မြို့တစ်မြို့သို့ ရောက်ရှိခဲ့စဉ်အခိုက် ဖခင် တစ်ဦး၏ စိတ်မကောင်းဖွယ်ရာ အဖြစ်တစ်ခုကို တွေ့မြင်ခဲ့ရပါသည်။ အသက် ၇၀ ကျော်အရွယ် လူမမာသည်ဖခင်အား သူ၏သားက လူစုံရာတာဆုံ တဲတစ်တဲ

မှာ လာရောက်စွန့်ပစ်ထားခဲ့သည့် အဖြစ်ပါပေ။ အဖိုးအိုက ဘယ်သူမေးမေး သူ့သားကို ဘယ်ရွာက ဘယ်သူဆိုတာ ထုတ်မပြော။ အဖိုးအိုမှာ တစ်လလောက် အကြာမှာ ကွယ်လွန်သွားပါသည်။

ဒီအဖြစ်ကို သိလိုက်ရသူများက "**မိုက်တဲ့သားသမီးပဲ၊ ကုသိုလ်ယူနိုင်ရဲ့ သားနဲ့ ဘာကြောင့်များ အကုသိုလ်အဖြစ်ခံရပါလိမ့်**"စကား ပြောကြပါသည်။

ပြည်မြို့အောက်ဘက် ရောဝတီ မြစ်ကမ်းနံဘေးရှိ ရွာကလေးတစ်ရွာ ရောက်ခဲ့စဉ်ကတော့ အသက် ၈၀ ကျော်သည့် အရွယ်အထိ အရက်မဖြတ်နိုင်သော ဖခင်ကြီးကို **သားသမီးများ**က နေ့တိုင်းသူတို့အဖေကို အရက်ဝယ်တိုက်နေသောအဖြစ်ကို တွေ့ရပါသည်။

"**အဖေက ခုထိအရက်မဖြတ်နိုင်ခဲ့ဘူးလေ၊ ဒါကြောင့် ကျွန်တော်တို့ သားသမီးတွေက အဖေစိတ်ချမ်းသာအောင် သူမဖြတ်နိုင်တဲ့အရက်ကို နေ့တိုင်းဝယ်တိုက်နေရတာ၊ အပြစ်ဖြစ်မလားတော့ မသိဘူး။**"

စကားပြောပြီးလက်တွေ့မှာလည်း တာဝန်ကျေခဲ့သောသားသမီးမျိုးကို တွေ့ကြုံခဲ့ရဖူးပါသည်။ သူတို့အဖေအရက်သောက်နေတာ သူများမသိရလေအောင် အရက်ကို ပုလင်းလိုက်မပေးဘဲ ရေနွေးကြမ်းအိုးထဲထည့်၍ ပေးထားသည်။ ဒီလိုသားသမီး မျိုးကိုလည်း စာရေးသူမှတ်မှတ်ရရ တွေ့ခဲ့ရဖူးပါသည်။

သားသမီးနှင့်မိဘ ဒီလိုပဲဆက်ဆံစေချင်ပါသည်။ မိဘကျေးဇူး ကြီးမားလွန်း၍ ဘယ်သူမှ ကျေအောင်ဆပ်နိုင်သည်မဟုတ်မှန်း လူတိုင်းသိထားကြပါသည်။ အမိကို ညာဘက်ပုခုံးပေါ်မှာ တစ်သက်လုံးတင်၍ လုပ်ကျွေးပြုစုပါ။ အဖကိုလည်း ဘယ်ဘက်ပုခုံးပေါ်မှာ တစ်သက်လုံးတင်၍ လုပ်ကျွေးပြုစုပါ။ မိဘကျေးဇူးကို ကျေအောင်ဆပ်နိုင်လိမ့်မည်မဟုတ်ဟု ကျမ်းဂန်တွင် လာပါသည်။

သားသမီးများအား ဘယ်လိုခေတ်တွေ ယဉ်ကျေးမှုပြောင်းလဲနေပါစေ၊ မိဘအပေါ်ထားရှိသော ကျင့်ဝတ်များကို ကျင့်သုံးမြဲ ကျင့်သုံးစေချင်သည်။ မေတ္တာမပျက်စေရန် အထူးလိုအပ်သည်။ သားသမီးများသည်လည်း နောင်တစ်နေ့မှာ မိဘဖြစ်လာရမည် မဟုတ်ပါလား။ မိမိက မိဘအပေါ်မှာ မေတ္တာပျက်ခဲ့လျှင် မိမိ သားသမီးက မိမိအပေါ်မှာ မေတ္တာပျက်တတ်သည်ဆိုသော အစဉ်အလာကိုလည်း ငြင်းဆို၍မရ။ ဒီဌတွေ့မြင်နေရသည့် အဖြစ်အပျက်က များလှသည်။ စာရေးသူတို့လို အသက် ၇၀ ကျော်သူများအနေနဲ့ လူများ၏ ဇာတ်သိမ်းခန်းတွေကို တွေ့နေရသဖြင့် ကြောင်းကျိုးတရား ပို၍နားလည်လာသည်။

အသိတစ်ယောက်ပါပဲ။ မိခင်အိမ်ပေါ်မှာနေပြီး မိခင်ကို အိမ်ရောင်းခိုင်းသည်။

ပြော၍မရသည့်အဆုံး မိခင်ကြီးက အိမ်ရောင်းပေးလိုက်သည်။ မိခင်ကြီးက စိတ်ဖိစီးမှုဖြင့် ကွယ်လွန်သည်။ သားမိုက်လည်း လမ်းဘေးမှာ သေရသည်။ နေးလည်း သေသည်။ သားသမီး ၅ ယောက် တွယ်ရာမဲ့ ဘဝရောက်သွားသည်။ တစ်နှစ်အတွင်း ပြိုပျက်သွားခြင်းဖြစ်သည်။ ဒါကို လောကငရဲမှတ်ရပါမည်။

ယခုတင်ပြနေသော အဖြစ်အပျက်များမှာ စိတ်ကူးယဉ်များမဟုတ်ပါ။ကိုယ်တွေ့ ဖြစ်ရပ်မှန်များဖြစ်ပါသည်။ သားသမီးနှင့် မိဘဆက်ဆံရေးကို ကွက်ပြီးတင်ပြ နေခြင်းဖြစ်ပါသည်။

* * *

**ထားဝယ်မြို့မှာ** စာရေးသူတွေ့ခဲ့ရသော **မောင်ခင်တို့သားအမိ**ဘဝကျတော့ ငြိမ်းအေးလှပါသည်။ မောင်ခင်မိဘက လူတစ်ယောက်၏စော်ကားမှု၊တာဝန် မယူမှုဖြင့် မောင်ခင့်ကို မွေးခဲ့သည်။ မောင်ခင်အရွယ်မရောက်ခင် ထားဝယ်ဈေး ထဲမှာ သူများနိုင်းတာလုပ်ပေးသည့်အလုပ်ဖြင့် ဘဝဆက်ခဲ့သည်။ နောက် မောင်ခင့်ကို ဘုန်းတော်ကြီးကျောင်းပို့ခဲ့ သည်။ ဘုန်းတော်ကြီးက မောင်ခင့်ကို စာလည်းသင်ပေးသည်။ လူ့ကျင့်ဝတ်တွေကိုလည်း သင်ပေးသည်။ မောင်ခင် သည် အမေ့ခွင့်ပြုချက်ဖြင့် တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်သည်။ အလုပ်ရှင် က မောင်ခင်မှမောင်ခင်။ မောင်ခင်ငွေထုပ်နှင့်အမေ့ထံပြန်မည်အပြု နိုင်ငံခြား ထီပေါက်သည်။ မောင်ခင် အမေ့ကျေးဇူးဆပ်သည်။ အမေပေးစားသူကို ယူသည်။ မောင်ခင်လုပ်ငန်းရှင်ကြီး ဖြစ်နေပြီ။

**မိစုံဖစုံရှိပင်ရှိလျက်နှင့် ကုသိုလ်မရ အကုသိုလ်ရနေသူများ မဖြစ်စေချင်ပါ။** မိဘများသည် အသက်ကြီးလာသည်နှင့်အမျှ ရုပ်ခန္ဓာ ပြောင်းလဲရုံမက စိတ် သန္တာန်သည်လည်း ပြောင်းလဲလာကြပါသည်။ လူငယ်တွေလုပ်တာ ကိုင်တာကို စိတ်တိုင်းမကျ။ ငါပဲတတ်သည်၊ ငါ့လောက်ဘယ်သူ့မှမတတ်ဟု ထင်လာသည်။ အကြောင်းအရာတစ်ခုကို ကြားရသူတွေ ရွံမုန်းလာလောက်အောင် အထပ်ထပ် အခါခါ ပြောသည်။ စကားများလာသည်။ အငြင်းသန်လာသည်၊ ငါမရှိလျှင်မဖြစ်ဟု ထင်လာသည်။ စပ်စုချင်လာသည်။ စိုးရိမ်စိတ်ပိုလာသည်။ ညဘက် ပိတ်ထားသောတံခါးကို အကြိမ်ကြိမ် ထကြည့်လာတတ်သည်။ သေရမှာ မကြောက်ဘူးဟု ပြောင်းပြန်ပြောတတ်သည်။

သည့်ထက်မက ပြောင်းလဲမှုများ ရှိလာတတ်သော မိဖများကို သားသမီးများက သိထားဖို့တော့လိုသည်။ သိထားပြီး မိဖအလိုလိုက်လျောပေးလျှင် ကုသိုလ်ရ သည်။ မိဘကို မိဘမှန်းမသိ၊ "**ခင်ဗျားကြီးတို့ကလည်းဗျာ**" ဟု ပြောဆို

ဆက်ဆံလျှင်ကား အကုသိုလ်ရပါလိမ့်မည်။ တင်ပြလိုသောဘဝတစ်ခုအကြောင်း ဆောင်းပါးအဆုံးသတ်တော့မည်ပြုကာမှ ခေါင်းထဲဝင်လာ၍ ဖြည့်စွက်ရေးသား ဖော်ပြလိုက်ချင်ပါသေးသည်။

* * *

စာရေးသူသူငယ်ချင်း၏ အကိုကြီး **ကိုပြုံးမောင်**ဖြစ်ပါသည်။ မျက်စိတစ်ဖက် မကောင်းပေမဲ့ ကျောက်သွေးသောအလုပ်ဖြင့် မုဆိုးမမိခင်ကြီးကို ပြုစုမွေးခဲ့သည်။ ကွညီမတွေ ပညာတတ်တွေဖြစ်လာသည်။ အရာရှိတွေ **ဝန်ထမ်းတွေဖြစ်**လာသည်။ မုဆိုးမအမေအိုကြီးကို ပစ်ထားသည်။ မေ့သွားကြသည်။ **သူတို့** အိမ်ထောင် သူတို့သားသမီးအရေးသာ အရေးကြီးဆုံးဖြစ်သွားကြသည်။

ကိုပြုံးမောင် ကျောက်သွေးပညာကလွဲ၍ အတန်းပညာမတတ်ပါ။ **မျက်စိလည်း** တစ်လုံးပဲကောင်းပါသည်။ သူက မုဆိုးမအမေအိုကြီးကို ရှာကျွေးသည်။ အနံ့ အတာခံသည်။ အမေစိတ်မချမ်းမသာဖြစ်အောင် ဘာမျှမလုပ်၊ ကိုပြုံးမောင်ကို ကျောက်လုပ်ငန်းရှင်က သူကောင်းပြု၍ ကိုပြုံးမောင်ကျောက်ပညာရှင်ဖြစ်လာသည်။ နောက် ကျောက်ကုန်သည်လုပ်ငန်းရှင်ကြီးဖြစ်လာသည်။ မိခင်ကွယ်လွန်မှ အိမ်ထောင်ပြုသည်။

ကိုပြုံးမောင်၏ ညီတွေညီမတွေ သူဌေးမဖြစ်၊ ကိုပြုံးမောင်သူဌေးဖြစ်လာသည်။ တိုက်နှင့်ကားနှင့်။ အခု ကိုပြုံးမောင် အသက် ၈၀ ကျော်ပြီး သူမွေးထားသောသားက အလွန်လိမ္မာသည်။ ကျောက်ကုန်သည်မဟုတ်၊ ပန်းချီဆရာ၊ သူ့ပန်းချီကားတွေကို သိန်းချီရောင်းနေရသည်။ အဖေအိုကြီးကို စိတ်ချမ်းသာအောင်ထားသည်။

**ဒီလိုလူပဲသောဘဝများ လောကတွင် ရှိပါသေးကြောင်း ဒီခေတ်လူငယ်တွေ အများဆုံး သိစေချင်လှပါကြောင်းဖြင့်** ရေးသားဖော်ပြလိုက်ရပါသည်။

*– ကေတုလှနိုင်၊ မေလ၊ ၂၀၁၄၊ မြတ်ပန်းရုံ ၈–၅။*

**သီတဂူဆရာတော်ဘုရားကြီး၏ဩဝါဒ**

ပညာတွေဘယ်လောက်တတ်တတ်
ကိုယ့်ကျင့်သိက္ခာချွတ်ချော်နေမယ်ဆိုရင် ထိပ်တန်းသို့မရောက်နိုင်။
တစ်ချို့ သီလတွေဆောက်တည်ပေမဲ့
ပညာအားနည်းခဲ့ရင်လည်း လိုရာသို့ မရောက်နိုင်။
ပညာနဲ့သီလဟာ လောကမှာ အမြတ်ဆုံးဖြစ်တယ်။


ကလေးများ၏နေ့စဉ်ဘဝမှ အကောင်းမြင် သင်ယူတတ်မြောက်မှု
အားပေးချီးမွမ်းခံရတဲ့ ကလေး ယုံကြည်မှု ရှိသူဖြစ်လာမယ်။
စံနှိုင်းရည်ရှိအောင် နေထိုင်ရတဲ့ ကလေး စိတ်ရှည် သည်းခံတတ်လာမယ်။
ရိုးသားစွာဆက်ဆံခံရတဲ့ ကလေး အမှန်တရားကို ကိုးကွယ်တတ်လာမယ်။
နွေးနွေးထွေးထွေး အရေးယူခံရတဲ့ ကလေး ကြင်နာသနား မေတ္တာထားသူ ဖြစ်လာမယ်။
ကြင်နာယုယ စာနာထောက်ထားခံရတဲ့ ကလေး မိဘ လေးစားတတ်သူ ဖြစ်လာမယ်။
အသိအမှတ်ပြုခံရတဲ့ ကလေး ရည်မှန်းချက် ထားတတ်လာမယ်။
မျှဝေခံစား ဝိုင်းပင်းကူညီမှု ခံရတဲ့ ကလေး ပေးကမ်း ရက်ရောသူ ဖြစ်လာမယ်။
unicef


သူချမ်းသာနိုင်ငံမှာ အောက်ခြေသိမ်း အလုပ် လုပ်ရတော့ပါပဲ ကွ-
ဒါပေါ့! ကိုယ့်မြေကိုယ့်ရေ ပေါ်မှာ ဒီအလုပ် လုပ်ရတာ ရှက် မနေပါဘူး

# ညဘက်သွားမတိုက်ရင်

## သွေးယေ်ပြန်ရောဂါ၊ နှလုံးရောဂါ ဖြစ်နိုင်

ညဘက်သွားမတိုက်ရင် သွေးယေ်ပြန်ရောဂါနဲ့ နှလုံးရောဂါ ဖြစ်နိုင်တဲ့အပြင် သွားဖုံးရောဂါဖြစ်လာရာကနေ ကိုယ်ခံအားစနစ်ကိုပါ ထိခိုက်ပျက်စီးစေနိုင်တယ်လို့ သုတေသနတစ်ခုက ဆိုပါတယ်။

သွားဖုံးရောဂါဖြစ်လာတဲ့အခါ ခန္ဓာကိုယ်ထဲက ခုခံရေးတပ်သားတွေဖြစ်တဲ့ သွေးဖြူဥဆဲလ်တွေဟာ ဝင်ရောက်လာတဲ့ ရောဂါပိုးကို တိုက်ဖျက်ရာမှာ စွမ်းအားနည်းလာတာကို သုတေသနမှာ တွေ့ရှိရပါတယ်။ ရောဂါပိုးဆီကို တည့်တည့်ဝင်တိုက်ခိုက်ရမယ့်အစား သွေးဖြူဥဆဲလ်တွေက တွေ့ရာလမ်းကြောင်းဆီ နေးကွေးစွာဦးတည်ပြီး မထိရောက်တဲ့ပုံစံနဲ့ ခုခံကြတယ်လို့ ဘာမင်ဟမ်သွားဘက်ဆိုင်ရာတက္ကသိုလ်မှ ပါမောက္ခချက်ပယ်ရဲ့ သုတေသနက ဖော်ပြခဲ့ပါတယ်။

ခန္ဓာကိုယ်ဟာ ကာလတာရှည် သွားဖုံးရောဂါလိုမျိုး ဝေဒနာကို အချိန်ကြာကြာခံစားနေရတဲ့အခါ ကိုယ်ခံအားစနစ်က အလွန်အကျွံ အလုပ်လုပ်ရပြီး ခန္ဓာကိုယ်အနှံ့ ထိခိုက်မှုရှိစေနိုင်တဲ့ ဆက်တိုက်တုံ့ပြန်မှုတွေဖြစ်လာစေနိုင်ပါတယ်။ သွားဖုံးပိုးဝင်ခြင်းကြောင့်ဖြစ်လာတဲ့ ရောင်ရမ်းမှုတွေ ကြာရှည်လာရင် ကိုယ်တွင်းအင်္ဂါနဲ့ သွေးလည်ပတ်မှုစနစ်လိုမျိုး ခန္ဓာကိုယ်အနှံ့က တခြားဆဲလ်တွေကိုလည်း ပျက်စီးစေနိုင်တဲ့အပြင် နှလုံးရောဂါအမျိုးအစား(၂) ဆီးချိုရောဂါ၊ အယ်ဇိုင်းမားရောဂါ၊ လေဖြတ်တာ၊ ကင်ဆာရောဂါတို့နဲ့ ဆက်နွယ်မှုကြီးမားတယ်လို့သိရပါတယ်။

သွားဖုံးရောဂါဖြစ်စေတဲ့ ရောဂါပိုးက ဦးနှောက်အတွင်းမှာ အာရုံကြောဆဲလ်တွေပျက်စီးစေပြီး မှတ်ဉာဏ်ပျောက်ဆုံးတာ၊အာရုံရှုပ်ထွေးတာစတဲ့ လက္ခဏာတွေဖြစ်လာစေနိုင်တယ်လို့လည်း Central Lancashire တက္ကသိုလ်က တွေ့ရှိခဲ့ပါတယ်။

*[ref: dailymail/ Mirror,June 1,2015.]*

**-ယွန်းစန္ဒီနန်းမွန်၊ (၉-၆-၂၀၁၅)ကုမုဒြာသတင်းဂျာနယ် စာ-၂၅။**

## ဆရာ၊ဆရာမများဖတ်သင့်သော

# မူကြိုဆရာမလေးနဲ့အင်တာဗျူး (စာဖတ်လို့ပါ)

အမေရိကန်နိုင်ငံဟာ ကမ္ဘာ့ပေါ်မှာ ဘာလို့ အရာရာ Top ဖြစ်နေရသလဲဆိုတာ ဒီမူကြိုဆရာမလေးရဲ့အဖြေကို ဖတ်ကြည့်ပြီးရင် မအံ့သြတော့ဘူး။

အိပ်ခန်းထဲ၌ စလောင်းတီဗီမှ အင်တာဗျူးတစ်ခုလာနေသည်။ ၎င်းအင်တာဗျူးကို စိတ်ဝင်တစား နားထောင်မိခဲ့သည်။ သဘောကျသည်။

ယင်းအင်တာဗျူးတွင် မူကြိုကျောင်းမှ ဆရာမငယ်တစ်ယောက်ကို မေးမြန်းခြင်းဖြစ်သည်။

ပြထားသော နောက်ခံလျှပ်ရှားမှုတွင် ကလေးငယ်များက မြက်ခင်းပေါ်တွင် ဆော့ကစားနေကြသည်။

" ဆရာမ တာဝန်ထမ်းတာ ကြာပြီလား"

"(၃)နှစ်လောက်ရှိပြီ"

"ဘာတာဝန်ယူရသလဲ"

"**ကလေးတွေရဲ့ စရိုက်သဘာဝကို သူတို့စရိုက်အမှန်အတိုင်း မိဘတွေသိဖို့၊ ကလေးတွေကိုယ်တိုင်သိဖို့ တာဝန်ကိုယူရတယ်**"

"မူကြိုဆရာမအလုပ်ကို ဘာ့ကြောင့်ရွေးချယ်ဖြစ်တာလဲ"

"**နောင်တစ်ချိန်မှာ တန်ဖိုးအရှိဆုံးလူသားတွေဖြစ်လာမယ့် ကလေးငယ်တွေကို အသေအချာ လေ့လာခွင့်၊ ထိတွေ့ခွင့်ရတဲ့အလုပ်ဆိုတာ မူကြိုဆရာမအလုပ်ပဲရှိတာလေ။ ဒါ့ကြောင့် မူကြိုဆရာမအလုပ်ကို ကျွန်မရွေးချယ်တာ**"

"ဒီ့ထက်ပိုပြီး ရှင်းပြလို့ရမလား"

"**ကလေးဆိုတာ ချစ်စရာကောင်းတယ်။ အားကိုးစရာကောင်းတယ်။ ကြောက်စရာလည်း ကောင်းတယ်ရှင့်**"

"ဘာ့ကြောင့်လဲ"

"**ရိုးသားလို့ ချစ်စရာကောင်းတာလေ၊ အနာဂတ်အတွက် ပညာတတ်တွေ၊ ပညာရှင်တွေဖြစ်လာမှာမို့ အားကိုးစရာလည်းကောင်းတယ်**"

"ဒါဖြစ်ရင် ဘာလို့ကြောက်စရာကောင်းတာလဲ"

"**ဒီကလေးတွေ ယဉ်ကျေးလိမ္မာခြင်းမရှိဘဲကြီးလာခဲ့ရင် အားလုံးအတွက် ရန်သူဖြစ်နိုင်လို့ပဲ။ အရှေ့တိုင်းစာပေမှာ အမွေခံသားဆိုးသမီးဆိုးကို ရန်သူ**

**ထဲမှာ ထည့်ထားတာဖတ်ဖူးတယ်။ ဒီတော့ ကလေးဆိုတာ ကျွန်မတို့ ပညာရေးပေါ်လစီမှားရင် ရန်သူဖြစ်လာနိုင်တယ်။ ဒါကြောင့် ကြောက်တာ"**

"ဟုတ်တယ်နော် .. ဆက်ပြောပါဦး"

"ကျွန်မက ဒါကြောင့် ဆရာမအလုပ်ကို နှစ်သက်တာ။ ရောက်စတုန်းကတော့ စိတ်ညစ်တာပေါ့ရှင်။ မျောက်တွေ၊ ကျားတွေကို ထိန်းနေရတဲ့အတိုင်းပဲ။ တဖြည်းဖြည်းနဲ့ သူတို့ရဲ့ချစ်စရာအမူအကျင့်တွေကြောင့် ချစ်တတ်လာတယ်။ ဒီလိုပဲ ကိုယ့်ရဲ့တာဝန်ကို ကိုယ်ကိုယ်တိုင် ကျေနပ်လာတဲ့အတွက် ပျော်လာတယ်"

"ပညာရေးရဲ့ အဓိကရည်မှန်းချက်က ဘာလဲဗျ၊ ခင်ဗျားနားလည်သလို ပြောပြစမ်းပါ"

"ကျွန်မအယူအဆကို ပြောပြမယ်နော်၊ **ပညာရေးရဲ့ အဓိကရည်မှန်းချက်ဆိုတာ ကေရာဇ်ဘုရင်ကြီးတွေ မွေးဖွားပေးဖို့လည်းမဟုတ်ဘူး၊ မဟာသူဌေးမင်းကြီးတွေ ပေါ်ပေါက်လာဖို့လည်းမဟုတ်ဘူး၊ မဟာပညာ ကျော်ကြီးတွေ ဖြစ်လာဖို့လည်းမဟုတ်ဘူး၊ ပညာရေးရဲ့ အဓိကရည်မှန်းချက်ဟာ တိုင်းပြည်အနေနဲ့ပြောရမယ်ဆိုရင် နိုင်ငံ့သူနိုင်ငံ့သားကောင်းတွေ မွေးထုတ်ပေးဖို့ပဲ။ လူတွေကို ချစ်တတ်လာအောင် သင်ပေးဖို့ပဲ။ အိမ်တစ်အိမ် အနေနဲ့ ပြောရမယ်ဆိုရင် သားကောင်းသမီးကောင်း၊ မိသားစုကောင်း ဖြစ်အောင် သင်ပေးခြင်းဟာ အခြေခံပညာရေးရဲ့ ရည်မှန်းချက်ပဲ"**

"ခင်ဗျားဖြေတာ ကော်တော်ကောင်းတာပဲ။ ဆက်ပြီး မေးခွင့်ပြုပါ"

"ရပါတယ်"

"လစာ ဘယ်လောက်ရပါသလဲ"

"ဒီမေးခွန်းက မမေးသင့်ဘူးထင်တယ်"

"ဒီလိုပါ ... ဝန်ထမ်းတစ်ယောက်ဟာ လစာလုံလောက်စွာ မရရင် အကျင့်ပျက်နိုင်တယ်။ အကျင့်ပျက်ဝန်ထမ်းဆိုတာ သူ့အလိုလိုဖြစ်လာတာမဟုတ်ဘူး။ ခေတ်အခြေအနေနဲ့ လစာညီမျှမှုမရှိခြင်းဟာ အကျင့်ပျက်ဝန်ထမ်းကို မွေးဖွားပေးတတ်တယ်။ ဒါကြောင့် မေးတာပါ"

**"လစာက လုံလောက်ပါတယ်၊ စံစားခွင့်တွေလည်း အပြည့်အဝ ပေးထားတယ်လေ။ ဒီတော့ ကျွန်မတို့ဘက်က ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ စေတနာလည်းပါသင့်တယ်။ ဝါသနာလည်းပါသင့်တယ်။ ကိုယ့်အလုပ်ကို ကိုယ်တန်ဖိုးထားတတ်ဖို့လည်းလိုတယ်။ ဒါမှ ဝန်ထမ်းကောင်းဖြစ်မှာရှင့်"**

"ဆက်ပြီး မေးပါရစေ"

"ကောင်းပါပြီ . . မေးပါရှင်"

"ကလေးတွေက ဥာဏ်ရည်ဘယ်လိုနေသလဲ"

"ပြန်ပြီး မေးပါ၊ မေးခွန်းကို နားမလည်လို့ပါ"

"ကလေးတွေက တော်သလား၊ ညံ့သလားလို့ဆိုလိုတာပါ"

"ဒါဆိုရင် ရှင့်ကို ကျွန်မ မေးခွန်းတစ်ခု ပြန်မေးမယ်။ နှင်းဆီပန်းနဲ့ စံပယ်ပန်း ဘယ်ပန်းက ပိုလှသလဲ"



"ဘာဆိုင်လို့လဲ"

"ဖြေကြည့်ပါ"

"နှင်းဆီပန်းက လှတာပေါ့"

"ကျွန်မမေးတာက နှင်းဆီပန်းနဲ့ စံပယ်ပန်း။ ဘယ်ပန်းပိုလှသလဲလို့ မေးတာလေ"

"ဖြေပြီးပြီလေ။ နှင်းဆီပန်းက လှတယ်လို့"

"ကျွန်မမေးတာ ဘယ်ပန်းကို ပိုကြိုက်သလဲလို့ မေးတာမဟုတ်ဘူး။ ရှင်က ရှင်ကြိုက်တဲ့ နှင်းဆီပန်းကိုပဲ လှတယ်လို့ပြောနေတယ်"

"ဟုတ်သားပဲ .. ကျုပ်က နှင်းဆီပန်းကို ကြိုက်တာဗျ။ ဒါ့ကြောင့် နှင်းဆီပန်းကို လှတယ်လို့ ဖြေလိုက်မိတာပဲ"

**"တကယ်တော့ နှင်းဆီပန်းလည်း လှသလို စံပယ်ပန်းလည်း လှတာပါပဲရှင်၊ ကလေးတွေကို တော်သလား၊ ညံ့သလားဆိုတဲ့မေးခွန်းဟာ လူကြီးတွေ ဘယ်တော့မှ မမေးသင့်တဲ့မေးခွန်းပဲ။ သူ့အလှနဲ့သူ အားလုံးလှကြပါတယ်။ ကျွန်မတို့လူကြီးတွေကသာ လူငယ်တွေကို တန်ဖိုးထားတတ်ကြဖို့ ပိုပြီး လိုအပ်တယ်။ ဘာပဲပြောပြော ကလေးတွေအားလုံး မညံ့ကြပါဘူး။ သူတို့မှာ ကျွန်မတို့နဲ့မတူတဲ့ စိတ်ကူးစိတ်သန်းတွေ ရှိနေကြပါတယ်။ လူငယ်တွေရဲ့ စိတ်ကူးစိတ်သန်းဆိုတာ တိုင်းပြည်တစ်ပြည်ရဲ့ သယံဇာတတစ်ခုပါပဲရှင့်။ အဲဒီစိတ်ကူးစိတ်သန်းတွေကို ဖျက်ဆီးမပစ်ဖို့ပဲလိုတယ်။ လူငယ်တွေရဲ့ အိပ်မက်တွေကို တည်ဆောက်ပေးရခြင်းဟာ နိုင်ငံတစ်ခုရဲ့ တာဝန်ပဲရှင့်"**

"ခင်ဗျားက ဆရာမလုပ်သက် အနည်းငယ်သာရှိပေမယ့် မေးခွန်းတွေရဲ့အဖြေကို စနစ်တကျ ဖြေတတ်တယ်နော်"

**"စာဖတ်လို့ပါ"**



"ဘာစာတွေ ဖတ်သလဲ"

**"အစုံဖတ်တယ်၊ အားရင် ကျွန်မက စာဖတ်တယ်"**

"ဒါနဲ့ မေးရဦးမယ်၊ အိုဘားမားကို နှစ်သက်သလား"

"နှစ်သက်ခဲ့ပါတယ်"

"နောက်ထပ်တစ်ကြိမ်အတွက် ထပ်ပြီးနှစ်သက်နိုင်ပါဦးမလား"

**"ဒါကတော့ မပြောနိုင်ဘူးရှင့်၊ သူ့အပြောနဲ့သူ့အလုပ်ကို စောင့်ကြည့်ရမှာပဲ၊ အပြောနဲ့အလုပ်ညီရင်တော့တစ်မျိုးပေါ့၊ အပြောတခြား အလုပ်တခြား ဆိုရင်လည်း တစ်မျိုးပေါ့လေ"**

"သမ္မတကြီးနဲ့ခင်ဗျားနဲ့ တိုင်းပြည်အတွက် ဘယ်သူက ပိုအရေးကြီးသလဲ"

**"တိုင်းပြည်အတွက်ဆိုရင်တော့ သူရော၊ကျွန်မရော၊ရှင်ရော ဒီနိုင်ငံမှာရှိတဲ့လူတွေအားလုံး အတူတူပဲ အရေးကြီးတယ်။ ရှင့်မေးခွန်းက တစ်ခုခုလိုနေသလိုပဲ၊ ဒီနိုင်ငံမှာနေ၊ ဒီမြေ၊ ဒီရေ၊ ဒီလေနဲ့အသက်ရှင်ကြတဲ့သူအချင်းချင်း အားလုံးအတွက် အားလုံးအရေးကြီးတယ်။ အားလုံးအရေးပါတယ်။ အားလုံးကောင်းမှ အားလုံးကောင်းမှာပေါ့။ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ကောင်းရုံနဲ့ အားလုံးမကောင်းနိုင်ပါဘူး"**

"အောရိုက်စ်။ ကောင်းလိုက်တဲ့ အဖြေဗျာ။ နောက်ဆုံးမေးခွန်းတစ်ခု မေးပါရစေ"

"သမ္မတကြီးနဲ့ခင်ဗျား တိုင်းပြည်အတွက် ဘယ်သူကပိုပြီး တာဝန်ရှိသလဲ"

"ဒါကလည်း ရှင်းရှင်းလေးပါ၊ **ကျွန်မက ပိုပြီးတာဝန်ရှိတာပေါ့"**

"ဘာ့ကြောင့်လဲဗျ၊ ခင်ဗျားအဖြေက တစ်မျိုးကြီးပါလား"

**"ဟုတ်တယ်ရှင့်၊ သမ္မတတို့၊ ဝန်ကြီးချုပ်တို့၊ အမတ်တို့ဆိုတာ ပါတီနောက်ခံတစ်ခုနဲ့ ရွေးချယ်ခြင်းခံရပြီး တာဝန်အပ်နှင်းခံရတဲ့သူတွေလေ၊ (၄)နှစ်သက်တမ်းအတွင်းမှာကို တာဝန်က ရပ်စဲခြင်းခံရနိုင်တာပဲ။ နောက်ထပ် (၄)နှစ်ဆိုတာ ဘာမှမသေချာဘူးလေ။ ကျွန်မတို့က နိုင်ငံ့ဝန်ထမ်းတွေရှင့်။ ပင်စင်မယူမချင်း အလုပ်လုပ်ကြရမှာ။ တိုင်းပြည်အတွက် ကျွန်မတို့ဝန်ထမ်းတွေက ပိုပြီးတာဝန်ရှိတာပေါ့ရှင်။ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမှာရှင့်"**

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျားအဖြေကို သဘောကျပါတယ်"

"ကျွန်မကလည်း ဖြေဆိုခွင့်ရလို့ ကျေးဇူးတင်ပါတယ်"

မှတ်ချက်။ ။ တစ်ခါတရံတွင် လူတို့သည် ကိုယ့်တန်ဖိုးကို ကိုယ်မသိကြ၊ ကိုယ့်နေရာကို တန်ဖိုးမထားကြ။ ကိုယ့်တာဝန်ကို ကိုယ်မသိကြ။

**-သားငယ်လေး၊** *facebook* မှ

## ဘောင်းဘီအိတ်ထဲထည့်ထားတဲ့ အိုင်ဖုန်းပေါက်ကွဲမှုကြောင့် အမေရိကန်အလယ်တန်းကျောင်းသူ မီးလောင်ဒဏ်ရာရ

အမေရိကန်နိုင်ငံ Grade 8 ကျောင်းသူတစ်ယောက်က သူမအသုံးပြုနေတဲ့ iphone စမတ်ဖုန်းကို ဘောင်းဘီနောက်အိတ်ထဲထားပြီး စာသင်ခန်းထဲ စာသင်နေချိန် အတွင်းမှာ iphone ရဲ့ ပေါက်ကွဲမှုကြောင့် မီးလောင်ဒဏ်ရာအနည်းငယ် ရသွားတယ် လို့ ဆိုပါတယ်။ ကျောင်းသူလေးက ကျောင်းစာသင်ခန်းရဲ့ ပထမပိုင်း စာသင်ချိန် အတွင်းမှာပဲအခုလိုဖြစ်ခဲ့တာလို့ဆိုပါတယ်။ အခုလက်ရှိ ၁၃ အလယ်တန်းဆယ်ကျော်သက် ကျောင်းသူလေးက တောင်ပိုင်း Maine ဆေးရုံမှာ ဆေးကုသမှုခံယူနေတယ်လို့ဆိုပါတယ်။

ကျောင်းသူလေးက စာသင်ခန်းထဲကို ဝင်ရောက်လာချိန်မှာ ဖုန်းကို နောက်ဘက် အိတ်ထဲထည့်ထားပြီး စာသင်နေချိန်မှာပဲ အခုလိုဖြစ်ပွားခဲ့တယ်လို့ဆိုပါတယ်။ ဖုန်း ထည့်ထားတဲ့ဘောင်းဘီ နောက်ဘက်အိတ်ထဲက မီးခိုးတွေက အနားက ကျောင်းသား တွေနားမှာ လွှမ်းခြုံသွားပြီးတော့ အဲဒီဖုန်းကစပြီး မီးလောင်တော့မှ ကျောင်းသူလေးက သိခဲ့ရတယ်လို့ ဆိုပါတယ်။

အဲဒီအချိန်မှာပဲ ကျောင်းသူလေးက ကျောင်းခန်းရဲ့ထောင့်ကို ပြေးထွက်သွားပြီး ဘောင်းဘီကို ချွတ်ချလိုက်ရပါတယ်။ အဲဒီနောက် ဆရာမတွေရောက်လာပြီးတော့ စောင်တစ်ထည်နဲ့ မီးလောင်မှုကို ငြိမ်းသတ်ပြီး ကျောင်းသူလေးကို စောင်နဲ့ပတ်ပြီး ခေါ်ဆောင်သွားခဲ့ရတယ်လို့ ဆိုပါတယ်။ အခုလောလောဆယ်တော့ အဲဒီစာသင် ခန်းကို ခဏအားလပ်ရက်ပေးထားပြီး ကျောင်းသူလေးကတော့ ဒဏ်ရာအနည်းငယ် ရရှိခဲ့တာ ကြောင့် ဆေးကုသမှုခံယူနေရတယ်လို့ ဆိုပါတယ်။

ကျောင်းအုပ်ကြီးက ပြောပြချက်အရတော့ ဘောင်းဘီမှာ အပေါက်အကြီးကြီး ဖြစ်သွားပြီး စာသင်ခန်းတစ်ခုလုံးကိုလည်း မီးခိုးတွေ လွှမ်းသွားခဲ့လို့ ပြတင်းပေါက်တွေ ဖွင့်ရတဲ့အထိဖြစ်ခဲ့ရကယ်လို့ ဆိုပါတယ်။ စုံစမ်းစစ်ဆေးချက်အရတော့ ဖုန်းက ပေါက်ကွဲမှုဖြစ်ခဲ့တာလို့သိရပေမယ့် အသေးစိပ်ကိုတော့ စုံစမ်းနေဆဲဖြစ်တယ်လို့ သိရပါတယ်။

**-(၆-၂-၂၀၁၄)ထုတ်၊ စံတော်ချိန်သတင်းစာ၊ စာ ၅။**

မှတ်ချက်။ ။ iphone အသုံးပြုသူများ သတိပြုရန်။

## ကောသလအိပ်မက်(၁၆)ချက်နှင့်မြန်မာ့နိုင်ငံရေး

ဂေါတမမြတ်စွာဘုရားလက်ထက်တော်က **ပသေနဒီကောသလမင်းကြီး**သည် တစ်ညသ၌ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။ ထိုအိပ်မက်များကို ပုဏ္ဏားအမတ်များအားမေးရာ မည်သူမျှရေရေရာရာ မဖြေနိုင်ဘဲရှိ၏။ ကောသလမင်းကြီးသည် အိပ်မက်ကိုကြောက်လန့်သဖြင့် မင်းဆရာပုဏ္ဏားတို့ကို "ငါ၏အသက်ဘေးအန္တရာယ်ကို ကင်းရှင်းပပျောက်ရန် အမြန်ဆောင်ရွက်ကြကုန်လော့" ဟု ဆို၏။ ပုဏ္ဏားတို့လည်း များစွာသော ဥစ္စာတို့ကိုရကြလိမ့်မည်ဟု နှစ်သက်ရွှင်လန်းဝမ်းမြောက်ကြပြီး မြို့အပြင်သို့ သွားရောက်ကာ ယဇ်ကွင်းကိုပြု၏။ အခြေနှစ်ချောင်း၊ အခြေလေးချောင်းရှိကြကုန်သော ကျေးငှက်သတ္တဝါတို့ကို ပေါင်းစု၍ ဖမ်းဆီးသတ်ဖြတ် ယဇ်ပူဇော်ခြင်းကို ဆောင်ရွက်ကြလေသည်။

**မလ္လိကာမိဖုရားကြီး**သည် ဘုရင်ကြီးအား အိပ်မက်အကြောင်းအမှန်ကို သိနိုင်ရန် မြတ်စွာဘုရားထံ ကြွတော်မူရန် လျှောက်ထားသည်။ မြတ်စွာဘုရားသည် "**ဤအိပ်မက်၏ အကျိုးကား အသင်မင်းကြီး၏ လက်ထက်မှာမဖြစ်၊ ဘေးအန္တရာယ်လည်းမရှိ၊ နောင်အခါ အနာဂတ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် အိပ်မက်ဖြစ်**"ကြောင်း တရားတော်ကို ဟောကြားတော်မူသည်။ ထိုအိပ်မက်များမှာ အောက်အတိုင်းဖြစ်ပြီး မြန်မာ့နိုင်ငံရေး၊ လူမှုရေးများဖြင့် ယှဉ်တွဲဖော်ပြလိုက်ပါသည်။ နံပါတ်စဉ် တပ်ထားသော စကားများမှာ ကောသလမင်းကြီးမြင်မက် သောအိပ်မက်ဖြစ်ပြီး ကွင်းစကွင်းပိတ်ဖြင့် ဖော်ပြထားသည်မှာ ဘုရားဟောအနက် အဓိပ္ပာယ်ကို ရှေးပညာရှိများဖွင့်ဆိုချက် ဖြစ်ပါသည်။

(၁) **နွားလားဥသဘတို့သည် မင်းရင်ပြင်သို့လာရောက်၍ ဓာ့ကြမည်ဟု မာန်ဝင်ပြီး မဓာ့ဘဲ ရှောင်ဖယ်သွားကြသည်**ဟု မြင်မက်သည်။ (နောင်အခါ



အရှေ့အနောက်တောင်မြောက်မှ မိုးခြိမ်းသံပေးသော်လည်း မရွာဘဲ လွင့်ပျောက်သွားမည်)။ ဤစကားသည် မှန်၏။ သမ္မတကြီး ဦးသိန်းစိန်တက်ကာစက သူ၏ တိုင်းပြည်အခြေပြမိန့်ခွန်းများကြောင့် ဒီမိုကရေစီမိုးကြီး ရွာသွန်းပြီးတော့မည်ဟု လူထုသည် မျှော်လင့်အားထားခဲ့ကြပေ၏။ ဆင်းရဲမွဲတေမှုပပျောက်ရေး၊အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအုပ်ချုပ်မှုဟူသည်

နားထောင်၍ ကောင်းသော်လည်း ခြိမ်း၍မရွာသော မိုးကဲ့သို့ လစဉ်အသံလွှင့်မိန့်ခွန်းများကို နားထောင်ရင်း လေလိုင်းမှထလာပြီး ကတိစကားများ လေထဲလွင့်ပါသွား ခဲ့ပါသည်။

(၂) **သစ်ပင်တို့သည် ငယ်စဉ်မှာပင် ဖူးကြ၊ ပွင့်ကြ၊ သီးကြသည်**ဟု မြင်မက်သည် (နောင်အခါ သက်တမ်းတိုသောကာလ၌ လူတို့သည် ရာဂ လွန်ကဲခြင်းကြောင့် ငယ်ရွယ်စဉ်ကပင်အိမ်ထောင်သားမွေး ပြု၍ နေထိုင်ကြလိမ့်မည်)။



ဤကိစ္စကား အထူးပြောဖို့ပင်မလို။ ယနေ့ခေတ်ကာလ၌ မြန်မာနိုင်ငံတွင် လူငယ်တို့သည် အနာဂတ်ပျောက်ဆုံးကာ အရွယ်မတိုင်ခင် ကိုယ်ဝန်ဆောင်မှုများ၊ လက်မထပ်ခင် အတူနေမှုများ၊ပညာမစုံခင်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင် သားမွေးမှုများမှာ မတွေ့ချင်အဆုံး တွေ့မြင်နေရ ပေသည်။

(၃) **နွားမကြီးက နွားငယ်နို့ကို စို့သည်**ဟု မြင်မက်၏။ (နောင်အခါ ကြီးသော သူတို့ကိုအရိုအသေနည်းလာမည်ဖြစ်ရာအမိအဖတို့သည်သားသမီးတို့ထံစား သောက်ရန်အတွက် ခယ၍ တောင်းခံယူရလိမ့်မည်)။



ဒီမိုကရေစီအုပ်ချုပ်ရေး၌ ပြည်သူသာ အမိ၊ ပြည်သူသာအဖဖြစ်ပေသည်။ အစိုးရဆိုသည်မှာ ပြည်သူလူထုက မွေးစားလိုက်သော သားသမီးပမာသာ ရှိပေမည်။ သို့သော်မိဘနှင့်တူသောပြည်သူလူထုမှာ သားဆိုးသမီးဆိုးနှင့်တူသော အစိုးရတစ်ရပ်နှင့် တွေ့သောအခါမိမိတို့ရပိုင်ခွင့်ကိုပင်မိဘက သားသမီးထံ မဝရေစာတောင်းစားရသည့်သဖွယ် ဖြစ်နေပေသည်။

(၄) **ခွန်အားကြီးသောနွားကြီးတို့ကို မခိုင်းဘဲ နွားငယ်တို့ကို လှည်း၌ ဝန်များစွာတင်၍ ခိုင်းသည်**ဟု မြင်မက်သည် (နောင်အခါ အရွယ် ကြီးသော



ပညာရှိတို့ကို ဘေးဖယ်ထားပြီး ငယ်သောသူတို့ကို တရား ဆုံးဖြတ်စေခြင်းဖြင့်လူတို့ဆုတ်ယုတ်လာလိမ့်မည်)။ တပ်မတော် တွင်လည်းကောင်း၊ ဝန်ထမ်းလောကတွင်လည်းကောင်း ရာထူး နှင့်လုပ်သက်အတိုင်း မှန်မှန်ကန်ကန် ရာထူးမတက်ဘဲ၊ ဝါစဉ် နုသူ၊ လုပ်သက်နုသူက ဝါစဉ်ရင့်သူ၊ လုပ်သက်ရင့်သူကို အဖား

ကောင်းသဖြင့်ဖြစ်စေ၊ အထက်မိုးကျရွှေကိုယ်စနစ်ဖြင့် ကျလာ၍ဖြစ်စေ မတန်မရာ ရာထူးများရယူပါက ရေရှည်တွင် တိုင်းပြည်ပျက်မည် ဖြစ်သည်။ Jump Promotion များ လက်သင့်ရာ စားတော်ခေါ်မှုများသည် တိုင်းပြည်ပျက်စီးရေးလမ်းစဖြစ်ပါသည်။

(၅) **ဦးခေါင်းနှစ်လုံးပါရှိသောမြင်းသည် နှစ်ဖက်သောအစာကို စားသည်**ဟု မြင်မက်သည်။ (နောင်အခါ တရားမစောင့် ဆုတ်ယုတ်သောကာလမှာ လူတို့သည်တရားစီရင်ခြင်းကို **နှစ်ဖက်သောသူတို့ထံမှ** လာဘ်စား၍ ဆုံးဖြတ်လိမ့်မည်။) ဤကိစ္စကား အထူးအထွေရှင်းပြစရာလို မြန်မာနိုင်ငံ၌ တရားရေးဝန်ထမ်းများနှင့် အရာရှိအချို့သည် တရားလို၊ တရားခံ



နှစ်ဖက်စလုံးထံမှ လာဘ်စားနေမည်ဖြစ်ကြောင်းကို ကောသလမင်းကြီးခေတ်ကပင် အိပ်မက်ထဲ၌ တွေ့မြင်ခဲ့ပြီးဖြစ်သည်။

(၆) **မြေခွေးထီးသည် လူအပေါင်းတို့က အစာစားရန်ပေးထားသော အဖိုးတစ်သိန်းထိုက်သည့်ရွှေခွက်မှာ ကျင်ငယ်စွန့်နေသည်**ဟု ကောသလမင်းကြီး



အိပ်မက်မြင်မက်သည်။ (နောင်အခါ အမျိုးမြတ်သောသူတို့သည် ဆင်းရဲကြမည်၊ အသက်မွေးမြူ လွယ်ကူရန်အလို့ငှါ အမျိုးယုတ်သောသူတို့အား သမီးရတနာကို လက်ထပ်ထိမ်းမြားပေးအပ်ပြီး မှီခိုနေထိုင်ကြရလိမ့်မည်)။ ချစ်တီးခေတ်ကပင် ဤကိစ္စသည် မြန်မာနိုင်ငံ၌ ဖြစ်နေခဲ့ပြီးသား ဖြစ်သည်။ ယခင်ထောက်လှမ်းရေးခေတ်က ရှမ်းပြည်နယ် **နယ်စပ်စစ်ဆေးရေးဂိတ်များတွင်** နစရ၊ နစက အဖွဲ့များထံတွင် **ကုန်သည်မိန်းကလေးများ** လာဘ်ငွေတင်မက ညအိပ်ပြီး လူပါပေးရကြောင်း ကြားသိရပေသည်။ ယခုခေတ်တွင်လည်း လယ်ယာမြေ လုပ်စားစရာ မရှိတော့သော တောင်သူ လယ်သမားတို့မှာ သမီးကို ခရိုနီလက်သို့အပ်ရန်ပင် ကျန်ရှိပါတော့သည်။

(၇) **ဆာလောင်မွတ်သိပ်သောမြေခွေးမသည် ကြီးကျစ်သော ယောက်ျားၤ၏ ကြံဖူကို နိုးစားသည်**ဟု ကောသလမင်းကြီး အိပ်မက်မြင်မက်သည်။ (နောင်အခါ မိန်းမတို့သည် သောက်စားမူးယစ်အပျော်အပါးများလာမည်။



လင်ယောကျ်ား ရှာဖွေအပ်နှင်းသော ဥစ္စာတို့ကို တခြားသောယောကျ်ားနှင့်သုံးဖြုန်းကာ၊ကာမဂုဏ် အာရုံအလို မိုက်မှားကြ၍ဆင်းရဲစွာနေကြရမည်ဟု ဟောတော်မူသည်)။ သဘော်သားလင်ယောကျ်ား များ၊ နိုင်ငံခြားသို့ အလုပ်သွားလုပ်ကြသောခင်ပွန်း များအပေါ် သစ္စာမဲ့သောမိန်းမများကို ယခုခေတ် တွင် ပို၍တွေ့လာရသည်။ အခြားတစ်ဖက်တွင် KTV မာဆတ်၊ စင်တင် တေးဂီတ စသော ဖိမ်ခံဂရာနေရာများ၌ အိမ် ထောင်ဦးစီးယောကျ်ားတို့၏ ဇနီးမယားအပေါ် သစ္စာရှိမှုမှာလည်း မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။


(၈) **လူအပေါင်းတို့သည် ရေမရှိသော အိုးငယ်တို့ကို မဖြည့်ဘဲ ရေအပြည့် ရှိသော အိုးကြီးကိုသာရေများလောင်းထည့်ကြသည်။** (ကိုယ့်ကိစ္စအတွက် ကိုယ်မသုံးရဘဲ အစိုးရ၏ဘဏ္ဍာအတွက်ကိုပဲ ဖြည့်နေရမည်)။ ရေများရာ



မိုးရွာ ဆိုသောစကားမှာ ဤအိပ်မက်နှင့် ပို၍ကိုက်ညီ ပေသည်။ **နေပြည်တော်လို သူဌေးမြို့ကို မီးထိန်ထိန် ညီးအောင်ထွန်းကာ တစ်မျိုးပြီးတစ်မျိုး မွမ်းမံပြင်ဆင်၍ မပြီးတော့ဘဲရှိနေချိန်တွင် ဖွံ့ဖြိုးမှုနည်းသော တောင်ပေါ် ဒေသနှင့် တိုင်းနှင့်ပြည်နယ် မြို့ငယ်၊ ရွာငယ်ကလေး များမှာမူကား** ကိုယ့်ဒေသမှ ပတ္တမြား၊ နီလာ၊ ကျောက် စိမ်း၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့များ အလျှံပယ်ထွက်ပါသော်လည်း မှောင်ထဲမည်းမည်းတွင် ဖယောင်းတိုင်ကို အမှီလုပ်ကာ နိုင်ငံခြားသို့ သွယ်တန်းထားသော ပိုက် လိုင်းကြီးကို ငေးကြည့်နေရပေမည်။

ခရိုနီများသည် အလှူဒါနပြုကြသောအခါ တကယ်လိုအပ်နေသော ပညာရေး၊ ကျန်းမာရေး၊ မိဘမဲ့ဂေဟာ ဘိုးဘွားရိပ်သာများထက် အစိုးရ ထံမှ မျက်နှာကောင်းရရှိနိုင်မည့်နေရာများသို့သာမလိုအပ်ဘဲ လှူဒါန်းကြ လိမ့်မည်။

(၉) **အနားကြည့်၍ အလယ်မှနောက်သော ရေကန်ကြီး၏ကမ်းခြေမှာ ကျေးငှက် သတ္တဝါများ နေထိုင်ကြသည်**ဟု ကောသလမင်းကြီး အိပ်မက် မြင်မက်၏။ (နောင်အခါ လူတို့မှာ ခန္တီ၊ မေတ္တာ၊ ကရုဏာတရားများမရှိကြ၍



အခွန်အကောက်နှိပ်စက်လွန်းသောကြောင့် မြို့နေလူတို့သည် မြို့စွန် ရွာနားသို့ပြောင်းရွှေ့နေထိုင်ကြရလိမ့်မည်)။ ထို့ထက်အလွန်လည်းရှိသေး၏။ ကရင်ပြည်နယ်၊ ကချင်ပြည်နယ် စသောနေရာများတွင် ပြည်တွင်းစစ်ကြောင့် တိုင်းရင်းသားလုပ်သားပြည်သူများမှာ ကိုယ့်မြို့ ကိုယ့်ရွာမှာ မနေနိုင်ဘဲ မိုင်ဂျာယန်၊ လိုင်ဇာ၊ မဲလ‌ဒေသော နယ်စပ်ဒေသ ဒုက္ခသည်စခန်းများဆီသို့သာ ထွက်ပြေးနိုလှုံရသည်မှာ ယခုထက်တိုင်အိမ်ပြန်မရောက်ကြသေးပေ။အနားကြည့်၍ အလယ်နောက်သော ရေကန်ကဲ့သို့ မြန်မာပြည်အရပ်ရပ် အစွန်အဖျားဒေသများသို့အလုံးအရင်းနှင့် စွန့်ခွာထွက်ပြေးရမှုများသည် ယခုအချိန်အထိရှိနေကြဆဲ ဖြစ်သည်။

(၁၀) **ထမင်းအိုးတစ်လုံးထဲတွင် ထမင်းပျော့ခြင်း၊ မနပ်ခြင်း၊ ကောင်းစွာကျက်ခြင်းသုံးမျိုးဖြစ်လာသည်**ဟု မြင်မက်၏။(မင်းနှင့်လူများတရားမညီ၊ မိုးသုံးစားကွက်ကျားရွာချမည်)။ ''မှန်လိုက်လေ... ကောသလအိပ်မက်ရေ'' လို့သာ ဟစ်လိုက်ဖို့ရှိပါသည်။ယနေ့အခါပြည်ထောင်စုမြန်မာနိုင်ငံတော်၌ စီးပွားရေး အခွင့်အလမ်းများတွင် လည်းကောင်း၊ တရားဥပဒေအရာတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်းကောင်း၊ ထမင်းအိုးတစ်လုံးတွင် သုံးမျိုးကွဲသည့်ပမာ **စစ်တပ်၊ ခရိုနီနှင့် တိုင်းသူပြည်သား နင်းပြားများ**ဟူ၍ သုံးမျိုးကွဲပြားသွားပေသည်။ အခွန်ဆောင်ရာတွင်ပင် သာမန်တိုင်းသူ ပြည်သားများမှာ ကွမ်းယာသည်၊ လမ်းဘေးခေါင်းရွက်ဗျတ်ထိုး ဈေးသည် ကလေးတွေပင်မရှောင် ဈေးကောက်၊ ဈေးခွန်ဆောင်ရသော်လည်း ခရိုနီနှင့် စစ်တပ်ပိုင်ကုမ္ပဏီကြီးများမှာ အထူးအခွင့်အရေးများကို ခံစားလျက် အခွန်ရှောင်နေကြသဖြင့် နိုင်ငံတော်၌ ဘီလျံနှင့်ချီ၍ နစ်နာဆုံးရှုံးကြပေသည်။ သာမန်ပြည်သူများအတွက် ''**သစ်**




**တစ်ပင်ခုတ် အချုပ်သုံးနှစ်**''စသည်ဖြင့် ခြိမ်းခြောက် ရေးသားထားသော်လည်း၊ စစ်တပ်နှင့်ခရိုနီပေါင်းကာတောအုပ်လိုက် အပြောင်ရှင်းကြသောအခါ ဒေါ်လာများထားစရာ မရှိအောင် ကျိုကျိုတက် ချမ်းသာသွားကာ ဘွဲ့ထူး၊ ဂုဏ်ထူးပိုင်ရှင် လူကုံထံများ ဖြစ်သွားကြလေသည်။

(၁၁) **အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုပ်ရည်ဖြင့် လဲ၍စားသည်**ဟု ကောသလမင်းကြီး အိပ်မက်မြင်မက်၏။ (နောင်အခါ



သာသနာဆုတ်ယုတ်သောကာလမှာ အရှက်ကင်းမဲ့ သီလပျက်သူတို့သည် ဘုရားရှင်၏ နိဗ္ဗာန်ရောက်ကြောင်းတရားတော်မြတ်ကို အသပြာရလိုကြောင်းရှေ့ရှု၍လူတို့အကြိုက်လိုက်ပြီး အလှူခံကြလိမ့်မည်)။ သာသနာ့ဝန်ထမ်းရဟန်းများသာ အဖိုးတန်တရားကို ပေါပေါပဲပဲ ဟောပြောပြကြသည် မဟုတ်သေး။ နိုင်ငံတော်၏ သယံဇာတများကိုလည်းကိုယ်ကျိုးစီးပွားအတွက်လောဘဇောတိုက်ကာ တရုတ်စသော နိုင်ငံများသို့ ပေါပေါပဲပဲ မတန်တဆစျေးနှင့် (စန္ဒကူးကို ချဉ်ဖတ်ဖြင့် လဲသကဲ့သို့) ရောင်းချကြပေလိမ့်မည်။ ''**သူမိုးရွာကောင်းမှန်း မသိ**''သလို နိုင်ငံ၏ သဘာဝသယံဇာတများ အောက်ဈေးဖြင့် ပြည်ပသို့ ထွက်ခွာသွားကြလိမ့်မည်။

(၁၂) **ဘူးတောင်းတို့သည် ရေ၌နစ်သည်**ဟု မြင်မက်၏။ (နောင်အခါ တရားမစောင့်သူတို့လက်ထက်၌ သူတော်ကောင်းတို့၏ စကားကိုပယ်၍ သူယုတ်မာတို့၏စကားကိုလက်ခံကြလိမ့်မည်)။



မြန်မာနိုင်ငံ၌မူဘူးတောင်းနစ်၍ ဖောင်းခြမ်းပေါ်နေသည်မှာကြာခဲ့ပြီ။ မည်သည့်ဝန်ကြီးဌာနမဆို သက်ဆိုင်ရာကျွမ်းကျင်သူ ပညာရှင်တို့ နေရာမရဘဲ သေနတ်ခါးကြားထိုးနိုင်သူများ၊ နယ်လှည့်၍ ပါးရိုက်လာသည်ဆိုသူများ၊ ထမင်းတစ်နပ် လျှော့စားပါဆိုသူများ၊ Bullet နဲ့ခေါ်မယ်ဆိုသူများ၊ တပ်မတော်ဆိုတာ သေနတ်ပစ်ရင်ထိအောင် တည့်တည့်ပစ်တယ် မိုးပေါ်ထောင်မပစ်ဘူး


ဆိုသူများ၊ တရုတ်ကိုလည်း ကြောက်နေရပါတယ်ဆိုသူများ၊ ပြည်သူလူထုက ရှုံးနေတယ်ဆိုသူများ၊ ဘယ်သူ့မှ သောက်ဂရုမစိုက်ဟု ဆိုသူများသာ ထင်ပေါ်ကျော်ကြား တန်ခိုးထွားနေသည်မှာ ၁၉၆၂ ခုနှစ်မှသည် ယခုအချိန်အထိဖြစ်သည်။

(၁၃) **ကျောက်ဖျာကြီးသည် လှေကဲ့သို့ ရေ၌ပေါ်သည်**ဟု မြင်မက်၏။ (ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊ ဂုဏ်ရောင်တိုး၊ တန်းခိုးပေါ်ထွက်မှာ)။



ဤစကားမှာ အလွန်ရှင်းသည်။ ယနေ့ တိုင်းပြည် ဝယ်မည့်သူများ တန်ခိုး ထွားနေသည်ကိုကြည့်လျှင် အိပ်မက်ကို အလွယ်တကူ သဘောပေါက်နိုင်ပါသည်။ ဒီပဲယင်းလူသတ်ပွဲ၊ စိမ်းလဲ့ကန်သာ ငါးလောင်းပြိုင် လူသတ်မှုစသော ကျောက်ဖျာကြီးကဲ့သို့ အလွန်ကြီးမားလေးလံလှသည့် အကုသိုလ်အစိုင်အခဲကြီး ကျူးလွန်ထားသူသည် လောကအလယ်မှ နစ်မြုပ်မသွားသေးဘဲ ပေါ်ပေါ်ထင်ထင် လူတောတိုးနေသေးခြင်းမှာ ကောသလမင်းကြီးအိပ်မက်အတိုင်း ဖြစ်လာခြင်းဖြစ်သည်။

(၁၄) **ဖားမငယ်သည် မြွေကြီးအား ကိုက်ဖြတ်စားသောက်ဝါးမျိုသည်**ဟု ကောသလမင်းကြီးအိပ်မက်မြင်မက်၏။ (နောင်အခါလူတို့သည် ဆုတ်ယုတ်




သော ကာလဝယ် ရာဂလွန်ကဲ ကိလေသာ အလိုလိုက်မိ၍ လင်ယောကျ်ားတို့သည် ငယ်ရွယ်သော ဇနီးမယားတို့ကို အလိုလိုက်ကြမည်။ ကျေးကျွန်ကဲ့သို့သူတို့၏ ဆဲရေး ပြောဆိုရန်တောင်ခြင်းလည်းခံကြရမည်) ယခုခေတ် အငယ်အနှောင်းပြဿနာ၊ စပွန်ဆာပြဿနာ၊ ဦးနဲ့သမီးပြဿနာ၊ အဘနဲ့ကိုယ်လုပ်တော်မောင်းမမိဿံ ပြဿနာများကိုမြင်ယောင်မိပါသည်။

(၁၅) **သူယုတ်မာတို့နေထိုင်သောရွာမှ ကျက်စားနေသောကျီးကို ရွှေဟင်္သာတို့က မြှိုရံနေကြသည်**ဟု မြင်မက်၏။ (နောင်အခါ အမျိုးမြတ်သော



သူတို့သည် ဆင်းရဲကုန်ကြသည်ဖြစ်၍ အမျိ
**အောက်ကျို့ခယ မှီခိုကြရလိမ့်မည်)**။ လိုအပ်ခ
**ကြောင်းဆိုသော သတင်းခေါင်းစဉ်ဖြင့်** ညစဉ်ရှု
ကာလက တက္ကသိုလ် ပါမောက္ခ ဆရာ၊ ဆရာ
မတတ်ဘဲ ဆရာလုပ်နေသော သူများကို အမှတ်
ကိုင်းကျွန်းမှီဆိုသော စကားမှာ ကျွန်းပင်ကြီးကို
ကို ဆိုလိုကြောင်း ရှင်းလင်း ချက်များ ဒေါင်းပေ
လက်ထက်က ဖြစ်ပါသည်။

(၁၆) **ဆိတ်တို့သည် သစ်ကျွတ်တို့ကို ဖမ်းယူကိုက်ဖြတ် စားသောက်ကြသည်ဟု မြင်မက်၏**။ (နောင်အခါ တရားမစောင့်သောကာလမှာ သူယုတ်မာ



တို့သည်သူတော်ကောင်းတို့ကိုဖမ်းဆီးချုပ်နှောင်နှိပ်စက်ပြီး လယ်ယာမြေပစ္စည်းဥစ္စာတို့ကို လုယူသိမ်းပိုက်ကြလိမ့်မည်)။ ယနေ့ မြန်မာနိုင်ငံတလွှား၌ ဖြစ်ပွားနေသောမတရားမြေသိမ်း၊ ယာသိမ်းသော အမှုများသည် ယခုအိပ်မက်နှင့် ကွက်တိလာတိုက်ဆိုင်နေပါသည်။လျှင်မြန်၍ ရဲရင့်သော ကျား၊ ကျားသစ်၊ သစ်ကျွတ် စသော သတ္တဝါများသည် နုံ့နဲ့သော ဆိတ်သတ္တဝါ၏ ကိုက်ဖြတ် စားသောက်ခြင်းကို ခံရသကဲ့သို့ တောသူ တောင်သားတို့၏ လယ်မြေယာမြေများ၊ ဘိုးဘွားပိုင် မြေများမှာ ၂၁ ရာစု ဆိတ်သတ္တဝါများ၏ အကောက်ဉာဏ်ဖြင့် ဖြတ်တောက် စားသောက်ခြင်းကို သွေးအလူးလူးဖြင့် ရင်ဆိုင်နေရသောကာလဖြစ်ပါသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ဤအဖြစ်အပျက်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာက အောက်ပါအတိုင်း သံပေါက်လက်ာစပ်ဆိုခဲ့၏။

အမေး။ **ဆိတ်ကိုမြင်ပြား၊ ကြောက်အားပြင်းထန်၊**
**ခြသေ့်သစ်ကျား ခုန်လွှားပြေးပြန်။**

အဖြေ။ **သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ၊**
**သူတော်ကောင်း ပုန်းအောင်းတောမြိုင်ယံ။**

***-သရဝတီ(ပြည်)၊ (၁၈-၂-၂၀၁၄)ထုတ် စောင့်ကြည့်ဂျာနယ် စာ၁၁။***



အဆင်းရှိလျက်
အကျင့်ပျက်လျှင်
ထိုအဆင်းသည်
ရွံ့ဖွယ်သာတည်း။
ပညာတတ်လျက်
မာန်တက်လျှင်
ထိုပညာသည်
ရွံ့ဖွယ်သာတည်း။
စာတတ်လျက်
မိမိကိုယ်ကိုယ်မဆုံးမလျှင်
ထိုစာသည်
ခဲရိက္ခာတည်း။

❀ပထမရွှေကျင်ဆရာတော်❀



## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းပါ ဗုဒ္ဓဘာသာဝင်ဇနီးကိုနည်းအမျိုးမျိုးဖြင့်ဘာသာပြောင်းစေသူအား

## ထောင်ဒဏ်ငါးနှစ်အထိချမှတ်ရန် ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က နှစ်နှစ်သို့လျှော့ချ

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းပါ ဗုဒ္ဓဘာသာဝင်ဇနီးအား နည်းအမျိုးမျိုးဖြင့် ဘာသာပြောင်းစေသူအား ထောင်ဒဏ်ငါးနှစ်အထိချမှတ်ရန် ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်မှ နှစ်နှစ်သို့ လျှော့ချခဲ့ကြောင်း သိရသည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းပါ ထောင်ဒဏ်ပြစ်မှုအချို့ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်လိုက်သဖြင့် ဥပဒေအားပျော့သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး သုံးသပ်သည်။

အဆိုပါဥပဒေ၏ အခန်း(၅) 'ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားလိုက်နာရမည့်အချက်များ' မှ ပုဒ်မ ၁၉(င)တွင် “မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်စေမှု မပြုရ”ဟူသည့် ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် 'ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်”ဟု ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည်။ အမျိုးသားလွှတ်တော်ကမူ ထောင်ဒဏ်ငါးနှစ်နေရာ၌ 'နှစ်နှစ်ထက်မပိုသော'ဟူ၍ကွဲလွဲသော ပြင်ဆင်အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ခြင်း ဖြစ်သည်။

အလားတူ ပုဒ်မ ၁၉(စ)နှင့် (ဆ)ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်သည့် ဘာသာခြားယောကျ်ားအား “သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်ဟူသည့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ကို ထောင်ဒဏ်နေရာတွင် အမျိုးသားလွှတ်တော်က သုံးနှစ်အစား“နှစ်နှစ်ထက်မပိုသော”ဟုပြင်ဆင်အတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အချက်လေးချက်ကို

ပယ်ဖျက်ခြင်း၊ ၁၂ ချက်ကို ပြင်ဆင်ခြင်းဖြင့် အတည်ပြုခဲ့ကာ ပြည်သူ့လွှတ်တော်သို့ ဇွန် ၂ရက်က ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့ခဲ့ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကြေညာခဲ့သည်။

**ဝေယံဖြိုးဦး၊ မျိုးမင်းထက်၊**

**-(၃-၆-၂၀၁၅) *Daily Eleven* စာ-၁၆။**

## အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေလွှတ်တော်နှစ်ရပ်သဘောကွဲလွဲ

**နိုင်လင်း၊ နေပြည်တော် ဇွန် ၁၅**

အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်များဖြင့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ဗုဒ္ဓဘာသာဝင် မြန်မာမိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုများရှိနေသည့်အတွက် ပြည်ထောင်စုလွှတ်တော်၌ ဆက်လက်အတည်ပြု ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၁၅ရက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်၌ အဆိုပါဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးအတည်ပြုချက်များအရ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကိုးချက်ရှိနေခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေပြဋ္ဌာန်းခြင်းနှင့် ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်အချို့၏ ကန့်ကွက်မှုများလည်း ရှိခဲ့သည်။

### ကြေညာချို

သို့သော် ဥပဒေကို ဆက်လက်ဆွေးနွေးအတည်ပြုရန် ထောက်ခံသူများသောကြောင့် ဆက်လက်ဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အဆိုပြုပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုခဲ့ရာ လွှတ်တော် နှစ်ရပ်သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၌ ဆက်လက်ဆုံးဖြတ် သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကြေညာခဲ့သည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ၁၈-ချက်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူထောက်ခံခဲ့သော်လည်း ပြင်ဆင်ပယ်ဖျက်သည့် အချက်ကိုးချက်ရှိခဲ့သည်။

**ပုလဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့်** ထန်တလန်

မဲဆန္ဒနယ်မှ **ဒေါ်ဇာတလင်း** တို့က အဆိုပါမြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဥပဒေကို ပြဋ္ဌာန်းခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်းနှင့် အခြားဘာသာဝင်များအတွက် အကာအကွယ်ပေးမှုများ မပါဝင်သည့်အတွက် ဥပဒေကို အတည်ပြုရန်မသင့်ကြောင်း ဆွေးနွေးခဲ့ကြသော်လည်း လွှတ်တော်၏ ထောက်ခံမှုကို မရရှိခဲ့ပေ။

အဆိုပါ ဥပဒေပါပြစ်မှုများနှင့် ပတ်သက်၍ ရဲအရေးပိုင်သည့် ပြစ်မှုများဖြစ်ကြောင်း ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ထားပြီး ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အိမ်ထောင်ရှင်အမျိုးသားတစ်ဦးက ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြားခဲ့ပါက ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ဒဏ်ငွေချမှတ်ရမည်ဟုလည်း ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ထားပြီး အမျိုးသားလွှတ်တော်ကမူ နှစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဟု ပြင်ဆင်ထားသည်။ ***(၁၅-၆-၂၀၁၅)***

## အမျိုးသားလွှတ်တော်က အတည်ပြုလိုက်သည့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ဥပဒေအပေါ် မဘသဆရာတော်များနှင့်လွှတ်တော်အမတ်အချို့ကျေနပ်ကြ

**ရန်ကုန်၊ မေ ၃၀**

မေလနောက်ဆုံးပတ်က အမျိုးသားလွှတ်တော်တွင် အတည်ပြုလိုက်သည့် ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထက်ခြင်းဆိုင်ရာ ဥပဒေပေါ် မဘသဆရာတော်များနှင့် လွှတ်တော်အမတ်တချို့၏ ကန့်ကွက်မှုများ ရှိနေကြောင်းသိရသည်။

"**အခုအမျိုးသားလွှတ်တော်မှာ အတည်ပြုလိုက်ပြီးဖြစ်တဲ့ ဥပဒေနဲ့ ပတ်သက်လို့ ဘုန်းဘုန်းအနေနဲ့ အားရကျေနပ်မှု လုံးဝမရှိပါဘူး။ ဘာလို့လဲဆိုတော့ ဒီဥပဒေဟာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေအတွက် အကာအကွယ် အပြည့်အဝပေးနိုင်မှာ မဟုတ်လို့ပါ**"ဟု မဘသအဖွဲ့မှ အတွင်းရေးမှူး ဆရာတော် ဦးပါမောက္ခက မိန့်ကြားသည်။

မဘသအဖွဲ့အနေဖြင့် အစိုးရအဖွဲ့ကို တင်ပြတောင်းဆိုထားသည့် မျိုးစောင့်ဥပဒေဆိုသည်မှာ ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများအတွက် အပြည့်အဝကာကွယ်မှုပေးနိုင်မည့်ဥပဒေဖြစ်ပြီး ယခုအတည်ပြုထားသည့် ဥပဒေမှာ ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးကို လက်ထပ်ထိမ်းမြားသည့် အမျိုးသားမှာ

ဗုဒ္ဓဘာသာသို့ ကူးပြောင်းရခြင်းမရှိခြင်းကြောင့် အဆိုပါအမျိုးသမီးကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်မဟုတ်ဟု ယူဆထားကြောင်း၊ ယခုအတည်ပြုထားသည့် ဥပဒေကို ကျေနပ်အားရခြင်းလုံးဝမရှိကြောင်း ဆရာတော်က မိန့်သည်။

မျိုးစောင့်ဥပဒေပြဋ္ဌာန်းပေးရေးအတွက် အဆိုတင်သွင်းခဲ့သူ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **ဒေါ်ခင် ဝိုင်းကြည်** က "**အခုအတည်ပြုထားတဲ့ဥပဒေဟာ ပုဂံခေတ်တို့၊ ကုန်း ဘောင်ခေတ်တို့ ကတည်းက ရှိခဲ့ပါတယ်။ ဒါကို ခေတ်စနစ်နဲ့ လျော်ညီ အောင်ပြင်ဆင်ပြီး အဆိုပြုခဲ့တာဖြစ်ပါတယ်။ အရင် ၁၉၅၄ တုန်းက ဥပဒေကလဲ အသက်မဝင်ဘူးလေ။ အဲဒါကြောင့်လိုအပ်တဲ့အကြံဉာဏ်တွေနဲ့ လိုအပ်တဲ့အခြေအနေတွေကို စုပေါင်းပြီး အမျိုးသမီးတွေအတွက် လုံခြုံမှု ရှိစေမယ့် ဥပဒေတစ်ခုကို အန်တီတို့က တောင်းဆိုခဲ့တာပါ**"ဟု ပြောသည်။

အမျိုးဘာသာ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အစိုးရကို တောင်းဆိုထားသည့် မျိုးစောင့်ဥပဒေမူကြမ်းလေးခုတွင်ပါဝင်သည့် မြန်မာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်၌ အတည်ပြုလိုက်ပြီးနောက် မေ ၂၇တွင် အမျိုးသား လွှတ်တော်၌ ထပ်မံအတည်ပြုလိုက်ခြင်းဖြစ်သည်။

**ထိုဥပဒေကြမ်းတွင် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို ဗုဒ္ဓ ဘာသာဝင်မဟုတ်သည့် အမျိုးသားများက လက်ထပ်ထိမ်းမြားမည်ဆိုပါက ထိုယောကျ်ားသည် လက်ထပ်သည့်အရေးအပြင် ကွာရှင်းခြင်း၊ သားသမီး ထိန်းသိမ်းခြင်းနှင့် အိမ်ထောင်ရေးဆိုင်ရာ အငြင်းပွားဖွယ်ရာကိစ္စရပ်များကို မည်သည့်ဥပဒေနှင့်မျှ ဆုံးဖြတ်ခွင့်မရှိဘဲ မြန်မာဗုဒ္ဓဘာသာဝင် အမျိုး သမီးများထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ဥပဒေနှင့်သာ ဆုံးဖြတ်နိုင် ကြောင်းနှင့်တခြားမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်လည်း ဆုံးဖြတ်နိုင်**ကြောင်း ပါဝင်သည်။ ***ခင်မမအောင်***

-(၂-၆-၂၀၁၄) *Flower News* ဇာ အချုပ်ပိုင်(ဃ)မှ။

## လူမိုက်နှင့်လူလိမ္မာ

မိမိအပြစ်ကိုဖုံးကွယ်၍ သူတစ်ပါးအပြစ်ကို ပြောတတ်သူ "လူမိုက်"၊
မိမိအပြစ်ကိုဆင်ခြင်၍ သူတစ်ပါးအပြစ်ကို ခွင့်လွှတ်တတ်သူ "လူလိမ္မာ"။

-ဦးအာဂုဏ်ချ၊ *facebook* မှ

## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေ ၁၈ ရက်ကပြုလုပ်သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမင်းဦးက "**ဒီဥပဒေကြမ်းအပေါ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသော အခြေခံလူ့အခွင့်အရေးနှင့် ဘာသာရေး လွတ်လပ်ခွင့် အခွင့်အရေးများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း လူ့အခွင့်အရေးများနဲ့ ၁၉၅၄ခုနှစ် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ အက်ဥပဒေပါ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများဆိုတာနဲ့ ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်၏ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူ၍ ပါရှိပါတယ်။ တန်းတူညီမျှမှုရှိရေး၊ လွတ်လပ်ညီမျှမှုအခွင့်အရေး၊ မျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိတယ်လို့ ပြဌာန်းထားပါတယ်။ ၁၉၅၄ ဗုဒ္ဓဘာသာအမျိုးသမီးများ ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေမှာကာကွယ်မှုတွေ ပေးထားပါတယ်**"ဟု ပြောကြားသည်။

လက်ထပ်ထိမ်းမြားခြင်းသည် လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကနှင့်ဆိုင်သည့် အရေးကိစ္စဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းထိန်းချုပ်ကန့်သတ်၍ မရနိုင်သော၊ မရ စကောင်းသော ကိစ္စများဖြစ်ပါကြောင်း၊ လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကဘဝကို ဥပဒေဘောင်တစ်ခုအတွင်းသို့ အတင်းအကျပ် သွတ်သွင်းခြင်းသည် ဒီမိုကရေစီ၏ တန်ဖိုးကို လျော့ကျစေကြောင်း၊ အခြားဘာသာဝင်အမျိုးသမီးများ၏ ဘဝကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ သို့မဟုတ်ပါက ခွဲခြားဆက်ဆံသည့် သဘော သက်ရောက်နိုင်ကြောင်း၊ လက်ရှိအချိန်တွင် အတည်မပြုသင့်သေးကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။


ဒေါ်ခင်ပိုင်းကြည်က "**မြန်မာအမျိုးသမီးတွေကို ကာကွယ်ဖို့အတွက် မဖြစ်မနေလိုအပ်တဲ့ ဥပဒေဖြစ်ပါတယ်။ အခြားဘာသာတွေမှာလည်း ရှိပါတယ်။ သူတို့တွေပြဋ္ဌာန်းတုန်းကလည်း ဘာစည်းမျဉ်းကိုမှ မကြည့်ပါဘူး။ ဥပဒေ**

**ကြမ်းရဲ့ ခေါင်းစဉ်ကိုလည်း ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးများလို့ ပြောင်းသင့်ပါတယ်။ ၁၉၅၄ က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေမှာလည်း အဲဒီလိုပဲသုံးခဲ့တာပါ"** ဟုဆွေးနွေးခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေဟု အမည်ပြောင်းသင့်ကြောင်း၊ ဥပဒေကြမ်းပါ အသုံးအနှုန်းများကို ပြောင်းသင့်သည်များကို ပြောင်းသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါဥပဒေကြမ်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန်နှင့် ဥပဒေကြမ်းတွင် တိကျသည့် အသုံးအနှုန်းများဖြစ်ရန် ပြင်ဆင်ထည့်သွင်းသင့်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောကြားခဲ့သည်။ စိုးမင်းထိုက်

-(၁၉-၅-၂၀၁၅) *Daily Eleven* ၈-၅။



## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်တွင် အတည်ပြုဆုံးဖြတ်

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် အတည်ပြုဆုံးဖြတ်ကြောင်း အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးမြညိမ်းက ယနေ့ကျင်းပသည့်ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို အစီရင်ခံစာတင်သွင်းပြီး ယင်းဥပဒေကြမ်းပါ ပြင်ဆင်ချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုဆုံးဖြတ်ခဲ့သည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး ၂၀၁၅ခုနှစ် မတ် ၁၉ ရက်က အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းကို ၂၀၁၅ခုနှစ်၊ ဧပြီ ၁ ရက်က ပြည်ထောင်စုလွှတ်တော်တရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေးစီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ၂၀၁၅ခုနှစ် မေ ၁၁ရက်တွင် အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ကြောင်း အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်ပြီး ၂၀၁၅ခုနှစ် မေ ၁၈ရက်က ကျင်းပသည့် ပထမအကြိမ်အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **ဦးမင်းဦး**၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်မှ **ဦးအုန်းတင်**နှင့် **ဦးကျော်ထွန်းအောင်**၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မှ **ဦးမင်းသိမ်း**၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်မှ **ဒေါ်ခင်ဝိုင်းကြည်**တို့က အကြံပြုဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးအကြံပြုချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကြားနာ၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ၂၀၁၅ခုနှစ် မေ ၂၀ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စု

ရွှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **ဦးတင်ယု** က အစီရင်ခံစာကိုဖတ်ကြားရာတွင် ထည့်သွင်းပြောခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသည်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များမှ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ်-၄ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်-၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်-၁၃ အပိုဒ်ခွဲ(င)၊ အပိုဒ်-၂၂ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်-၁၉ အပိုဒ်ခွဲ(ဂ)၊အပိုဒ်-၂၀အပိုင်ခွဲ(က)များကို သဘောတူညီ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးအမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမြညိမ်းကတစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုဆုံးဖြတ်ခဲ့သည်။

– *MO*၊ နေပြည်တော်၊ (၂၇-၅-၂၀၁၅)။

## ၃၁ ဘုံမှာ သုံးလို့ရတဲ့အရာ

ငွေနောက် သိပ်မလိုက်ကြနဲ့
ငွေဟာ လူ့ဘုံတစ်ဘုံမှာပဲ သုံးလို့ရတာ။
၃၁ ဘုံလုံး သုံးလို့ရတာ ကုသိုလ်ဖြစ်လို့
ကောင်းမှုကုသိုလ်သာ ရှာကြပါ။

– အရှင်ဇဝန။

လောကကြီးမှာ ဘယ်သူ့အပေါ်မှာမှ အလွန်အကျူး မမှီခိုပါစေနဲ့၊
တကယ်ဆိုရင် သင်အမှောင်ထဲကိုရောက်တဲ့အခါ
သင့်ရဲ့အရိပ်ကတောင် သင့်ကို စွန့်ခွာသွားဦးမှာပဲ။

– *facebook* မှ။

## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းအားပြင်ဆင်ချက်များဖြင့်အမျိုးသားလွှတ်တော်အတည်ပြု

ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များပေးပို့လာသည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် မေ ၂၇ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

အဆိုပါဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအားပြန်လည်ညှိနှိုင်းပြီးပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်း၏ ပုဒ်မ ၁၉တွင် **"လင်နှင့်မယားတို့နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာရဟန်း၊ သံဃာတော်များ ထားရှိကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအရ အသုံးအဆောင်၊ ပရိဘောဂများအစရှိသည်တို့ကို ထားရှိခွင့်ကိုးကွယ်ခွင့်ပြုရမည်"** ဟု ဖြည့်စွက် အတည်ပြုခဲ့သည်။

ထို့အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဆိုင်ရာ ဒါန၊ သီလ၊ ဘာဝနာအစရှိသည့်ကိစ္စရပ်များ ဆောင်ရွက်ခြင်းကို ခွင့်ပြုရမည့်အချက်၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ဖြစ်စေ၊ ကူးပြောင်းကိုးကွယ်မှုမပြုစေရဆိုသည့်အချက်များ ဖြည့်စွက်အတည်ပြုခဲ့သည်။

**အဆိုပါဥပဒေအရ ထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉တွင် ပြဋ္ဌာန်းထားသည့်အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ကွာရှင်းလျှင် ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ မိမိ၏အစုကို စွန့်လွှတ်ရမည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်** ဟု ထည့်သွင်းအတည်ပြုထားသည်။

ဥပဒေကြမ်းတွင်ပြစ်မှုပြစ်ဒဏ်များအနေဖြင့် မည်သူမဆို ပုဒ်မ ၁၁သို့မဟုတ် ပုဒ်မ ၁၃အရကာန့်ကွက်ခြင်းကို သဘောရိုးနှင့် ကန့်ကွက်ခြင်းမဟုတ်ကြောင်း

ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ကနဦး ကွက်သူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားသည် ပုဒ်မ ၁၉ ပုဒ်မခွဲ(င)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်မည်ဟု ပြင်ဆင်အတည်ပြု ထားသည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားသည် ပုဒ်မ ၁၉ ပုဒ်မခွဲ(စ၊ ဆ၊ ဇ) ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကိုနှစ်နှစ်ထက်မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင်ကျပ် ၁၅သိန်းထက် မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်ဟု အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုထားသည်။ **စိုးမင်းထိုက်**

**–(၂၀–၅–၂၀၁၅) *Daily Eleven* စာ–၅။**

## သိမှတ်ဖွယ် စကားရတနာ

- လူတစ်ဦးသည် အခြားလူတစ်ဦး၊ သို့မဟုတ် လူအများကိုဖြစ်စေ၊ ငွေကြေးဂုဏ်၊ ပစ္စည်းဥစ္စာဂုဏ်၊ ရုပ်ရည်ချောမောမှုဂုဏ်၊ အမျိုးအဆွေ မြင့်မြတ်တောင့်တင်းမှုဂုဏ်၊ပညာဂုဏ်စသည်တို့၌အနိုင် ယူချင်လျှင် အနိုင်ရနိုင်သော်လည်း သေခြင်းနှင့်သေမင်းကိုတော့ အနိုင်ရလိမ့်မည်မဟုတ်ပါ။
- မိမိလုပ်ရပ်သည်သာ အမြဲတမ်းမှန်နေသည်ဟုထင်နေသော လူတစ်ဦးသည် စစ်မှန်သော အမှန် တရားကို ရှာဖွေတွေ့ရှိလိမ့်မည်မဟုတ်ပေ။
- သူတစ်ပါးကောင်းသည်၊ ဆိုးသည်ကို ဝေဖန်ဆန်းစစ်နေမည့်အစား ကိုယ့်ကိုယ်ကိုယ် ဝေဖန် ဆန်းစစ်ခြင်းက ပို၍မှန်ပေလိမ့်မည်။
  အဘယ်ကြောင့်ဆိုသော် သူတစ်ပါး၏ကောင်းကံ၊ မကောင်းကံကို သူတစ်ပါးသာ ခံစား၊ စံစားရမည်ဖြစ်ပြီး ကိုယ်၏ကောင်းကံ မကောင်းကံကိုလည်း ကိုယ်တိုင်သာခံစားစံစားရမည် ဖြစ်သောကြောင့်တည်း။
- အမှန်တရားကိုသိမြင်နေသော်လည်း ပြုပြင်ခြင်းမရှိသောသူသည် အရွယ်သာကြီးရင့်လာသော်လည်း အသိတရားကြီးရင့်လာမည်မဟုတ်ပေ။
- အသေးအမွှားအပြစ်များကို ကျွန်ုပ်တို့သည် တစ်ခါတရံ ပြုလုပ်လေ့ရှိသည်။ ထိုအသေးအမွှား အပြစ်များကို ဂရုမပြုဘဲ ဆက်လက်၍လုပ်ဆောင်နေလျှင် အပြစ်များ ပို၍ထုထည်ကြီးမားလာပြီး ထိုအပြစ်ဒဏ်ကို ခံရပေလိမ့်မည်။ အချိန်မနှောင်းခင် ပြုပြင်သင့်ပေသည်။

**–မေမျိုးမြတ်(ရွှေလေးမြေ)၊(၃–၃–၂၀၁၄)။**

## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန်

# လွှတ်တော်အဆုံးအဖြတ်ရယူ

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။ ....

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် **ဒေါ်ခင်ဝိုင်းကြည်**က

- ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပုဒ်မ(၁)တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊
- ယင်းအနှစ်သာရကို မိမိတို့ သရုပ်ဖော်ကြရ မည်ဖြစ်ပါကြောင်း၊
- ယခုဥပဒေသည် အခြားသောဥပဒေများနှင့်မတူဘဲ ပြည်တွင်း၊ ပြည်ပများမှ ကန့်ကွက်နေသည့်ကြားကပင် ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊
- ခေတ်အဆက်ဆက်ကတည်းက မြန်မာအမျိုးသမီးများနှင့် ပတ်သက်ပြီး အသုံးပြုခဲ့သည့် ဓမ္မသတ်၊ ဓလေ့ထုံးတမ်းစဉ်လာများ ရှိခဲ့ပါကြောင်း။
- ၁၉၅၄ ခုနှစ် ဥပဒေထဲတွင်လည်း မြန်မာ့ထုံးတမ်းဓလေ့များနှင့် ဗုဒ္ဓဘာသာဓမ္မသတ်များကို ထည့်သွင်းဆုံးဖြတ်ဆောင်ရွက်ခဲ့သည်များ ရှိပါကြောင်း၊
- ယခုလည်း မိမိတို့အမျိုးသားလွှတ်တော်ကမြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့် အညီ ဆုံးဖြတ်ရမည်၊ ပြည်သူ့လွှတ်တော်က ဤဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်ဟု ပါဝင်ပါကြောင်း၊
- ဤဥပဒေသည် မြန်မာ့ဓလေ့အားလုံးကို မစည်းနှောင်နိုင်ဟုဆိုသည့်တိုင် လိုအပ်သည့်အခါတွင် ထိရောက်မှန်ကန်သည့် အဆုံးအဖြတ်ကိုရရှိနိုင်ရန် ပံ့ပိုးအထောက်အကူပေးနိုင်မည်ဟု ယူဆပါကြောင်း။
- မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့ကြသည့် ဓလေ့ထုံးတမ်းများနှင့် အစဉ်အလာများ၊ယဉ်ကျေးမှုများပျောက်ကွယ်၍ ပျက်စီးမသွားစေရန်

ရည်ရွယ်ပါကြောင်း၊

- ဆုံးဖြတ်ချက်မှန်ကန်၍ တိကျနိုင်ရန်လည်း ရည်ရွယ်ပါကြောင်း၊
- ၁၉၅၄ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၏ ပုဒ်မ(၂၆)တွင် ဤဥပဒေအရ ထိမ်းမြားကြသူတို့သည် သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်း ခံရသူတို့၏ အမွေဆက်ခံမှု နှင့်စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ ဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဟု ပါဝင်ပါကြောင်း။
- ယခုဥပဒေကို ပြဋ္ဌာန်းရာတွင်လည်း အစဉ်အဆက်အသုံးပြုလာခဲ့သည့်အပေါ် ဆိုးကျိုးမရှိဘဲ ယင်းကို အသုံးပြုခြင်းအားဖြင့် ကောင်းကျိုးကိုသာဖြစ်လာနိုင်ပြီး အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ကိုသာချမှတ်နိုင်မည်ဖြစ်သည့်အတွက်အမျိုးသားလွှတ်တော်၏ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သောယောက်ျားတို့၏ ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်ဆိုသည်ကို မိမိကထောက်ခံဆွေးနွေးအပ်ပါကြောင်းဖြင့်တင်ပြဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။ . . .

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

*-(သတင်းစဉ်) ၊ (၈-၇-၂၀၁၅) မြန်မာ့အလင်း စာ-၇ မှ ကောက်နှုတ်ဖော်ပြသည်။*

**ရုပ်ဆိုးတာ ရှက်စရာမဟုတ်ပါ၊ ကတိမတည်တာ ရှက်စရာပါ။**

**ဆင်းရဲတာ ရှက်စရာမဟုတ်ပါ၊ အကျင့်မကောင်းတာ ရှက်စရာပါ။**

-အမည်မသိ။

# လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာဗုဒ္ဓဘာသာ မိန်းကလေးများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းအား ပြင်ဆင်ချက်များဖြင့် ပြည်ထောင်စုလွှတ်တော်အတည်ပြု

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသောမြန်မာဗုဒ္ဓဘာသာမိန်းကလေးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြင်ဆင်ချက်များဖြင့် **ဇူလိုင် ၇ ရက်** ပြည်ထောင်စု လွှတ်တော်အစည်းအဝေး၌ အတည်ပြုခဲ့သည်။

အဆိုပါဥပဒေကြမ်းပုဒ်မ ၂ (ခ)ကို"**မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျာ်းတို့၏ ထိမ်းမြားရေး၊ လင်မယား ကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့် အညီဆုံးဖြတ်ရမည်**" ဟု ပြည်သူ့လွှတ်တော်က အတည်ပြုထားပြီး အမျိုးသားလွှတ်တော်က "**ဤဥပဒေနှင့် မြန်မာဓလေ့ ထုံးတမ်းဥပဒေတို့နှင့်အညီ ဆုံးဖြတ်ရမည်**"ဟု အတည်ပြုထားသည်။

ထိုသို့လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **ဒေါ်ခင်ဝိုင်းကြည်**က အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုရန်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းအတည်ပြုရန်တင်ပြခဲ့ရာ လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲများသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် ပုဒ်မ ၁၉ (ဂ) ကိုလည်း ပြည်သူ့လွှတ်တော်၏ '**လင်နှင့်မယားတို့ နေထိုင်သည့်နေအိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည်**"ဟု အတည်ပြုချက်အတိုင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

ထို့အတူ ပုဒ်မ ၁၉ (ဃ)သည်လည်း လွှတ်တော်နှစ်ရပ် သဘောကွဲလွဲခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းကော်မတီက ကွဲလွဲချက်များပေါင်းစပ်၍ "**မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊**

**ဘုရားကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓဘာသာစာပေများ၊ ကျမ်းဂန်များထားရှိလေ့လာဖတ်ရှုခြင်း၊ ကြည့်ရှုခြင်း၊ နာကြားခြင်းစသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်ရွက်မှုတို့ကိုခွင့်ပြုရမည်"** ဟု ပြင်ဆင်ချက်အသစ်အတိုင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ဥပဒေကြမ်းပါ သားသမီးအုပ်ထိန်းခွင့်များနှင့် သက်ဆိုင်သည့် ပုဒ်မတစ်ခုပါဝင်ပြီးဖြစ်သဖြင့် ပုဒ်မ ၂၀ (ဂ)၊ ၂၇ (ဂ)၊ ၂၉ (က) (၄)၊ ၂၉ (ခ) (၄) တို့မှာ မလိုအပ်သောကြောင့် အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပြီး ပြည်ထောင်စုလွှတ်တော်ကလည်း အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ပယ်ဖျက်အတည်ပြုခဲ့သည်။

သို့ရာတွင် အဆိုပါပုဒ်မလေးခုနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်အတည်မပြုမီ <u>ထန်လတန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဒေါ်ဇာတလဲဝ်မ်း**</u>က ဆွေးနွေးရာတွင်

- ဤဥပဒေသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊ အထူးလူ့အခွင့်အရေးများဖြစ်သော ကျား၊မ တန်းတူအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် လူတစ်ဦးတစ်ယောက်၏ ရွေးချယ်ပိုင်ခွင့်အခွင့်အရေးများကိုလည်း ချိုးဖောက်ကြောင်း၊
- လူမျိုးကိုးကွယ်သည့် ဘာသာမတူသူများ၊ ရပ်ရွာပတ်ဝန်းကျင်ဒေသတွင်း ရန်လိုစိတ်၊ မုန်းတီးစိတ်များကို တွန်းအားပေးသည့်အတွက် မြန်မာ ဗုဒ္ဓဘာသာ မိန်းကလေးများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ အပါအဝင် ဘာသာကိုအခြေခံသော ဥပဒေလေးရပ်အား ပါတီပေါင်းစုံ၊ ဘာသာပေါင်းစုံ နေထိုင်သော လွှတ်တော်ကြီးမှ ရေးဆွဲအတည်ပြုခြင်းမပြုရန် ကန့်ကွက်ဆွေးနွေးခဲ့သည်။

ထို့သို့ဒေါ်ဇာတလဲဝ်လမ်း၏ ဆွေးနွေးမှုအပေါ်ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် **ဦးစောလှထွန်း**က–

- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည်ဟု ပြောဆိုမှုကိုပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း၊
- ဤဥပဒေသည် ၁၉၅၄ ခုနှစ်က တည်ဆဲဥပဒေအား ပြင်ဆင်ရေးဆွဲ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းလာခြင်းဖြစ်ကြောင်းနှင့် ဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် လွှတ်တော်နှစ်ရပ်ကွဲလွဲချက်များကိုပေါင်းစပ်၍ ဥပဒေကြမ်းကော်

မတီက ပြင်ဆင်ချက်အဖြစ် ပုဒ်မ ၂၃ (ဆ) ကို "**မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်**"ဟုလည်းကောင်း ပုဒ်မ ၃၈ ကို "**ဤဥပဒေပါပုဒ်မ ၃၃ မှ ၃၇ အထိ ပြစ်မှုများကို ရဲအရေးယူခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်**"ဟုလည်းကောင်း အတည်ပြုပေးရန် တင်ပြမှုအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

***(စိုးမင်းထိုက်၊ ကျော်ဇင်ဝင်း၊ မျိုးမင်းထက်)***

***-(၈-၇-၂၀၁၅) Daily Eleven သတင်းစာ စာ ၅။***

# ကိုယ်ချင်းစာတရားနှင့်စိတ်ယဉ်ကျေးမှု

ယဉ်ကျေးမှုဆိုသည်မှာ လူရှေ့သူရှေ့တွင် "ကုန်းသွားခြင်း၊လက်အုပ်ချီခြင်း၊ ဖိနပ်ချွတ်ခြင်း"မျှကိုသာ ယဉ်ကျေးခြင်းဟု သတ်မှတ်ထား၍မရပေ။ ကိုယ်ဟန်အမူအရာ ယဉ်ကျေးခြင်းကို ပြုရမည်မှန်သော်လည်း၊ "အမှန်တကယ် ယဉ်ကျေးခြင်း"သည် မိမိတို့ "စိတ်"မှာ တည်၏။ စိတ်ကောင်း၊ နှလုံးကောင်းရှိမှ တကယ်ယဉ်ကျေး၏။ စိတ်ကောင်း မရှိပါက တကယ်ယဉ်ကျေးသူ မဖြစ်နိုင်ချေ။ ဟန်ဆောင်ယဉ်ကျေးခြင်းသည် ကြာမြင့်စွာမတည်နိုင်ချေ။ အမှန်တကယ် ယဉ်ကျေးသောသူသည် သူတစ်ဖက်သားကို စိတ်မချမ်းမသာဖြစ်အောင်၊ မခံသာအောင် မလုပ်ပေ။ မိမိအတွက် တစ်ပါးသူမှာ တာဝန်ပိမှာ၊ အနှောင့်အယှက် ဖြစ်မှာစိုး၏။ လူအချင်းချင်း ကြင်နာထောက်ထား၊ သနားညှာတာသော စိတ်ရှိ၏။

***-အရှင်ဓမ္မပီယ(မြောင်)၏ "ညည်းကမ်းသည် လူ၏တန်ဖိုး"မှ။***

# အထက်တန်းစား

ပုထုဇဉ်ဆိုတာ သားစိမ်း ငါးစိမ်းလိုပဲ။ သားစိမ်းငါးစိမ်းဆိုတာချက်ပြုတ်မှ
အချက်အပြုတ် အပြုအပြင်ကောင်းမှ ပွဲဝင်တယ်၊ ပွဲတိုးတယ်။
စားလို့ကောင်းတဲ့ အစာအာဟာရဟင်းချက်ရယ်လို့ ဖြစ်လာရသလိုပေါ့။
ပုထုဇဉ်ဆိုတာ ကိလေသာအညှီအဟောက်တွေကို ရှင်းပြီး
ပညာရှိ သူတော်ကောင်းတို့ရဲ့ လမ်းညွှန်ပြုပြင်သွန်သင်မှုကို ရသူသာလျှင်
အဖိုးတန်တဲ့ကုသိုလ်လည်းရ၊ဝမ်းလည်းဝတဲ့ **အထက်တန်းစားလူ** ဖြစ်နိုင်တယ်။

**-တိပိဋကဓရ ဆေယာဆရာတော်ဘုရားကြီး။**

## ထိမ်းမြားပြီးသည့်ယောက်ျား ( သို့မဟုတ် ) မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ်အတွင်း

## အခြားတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀နှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရန် ပြည်သူ့လွှတ်တော်အတည်ပြု

မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသည့် ယောက်ျား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိန်းချုပ်၍ အခြားယောက်ျား သို့မဟုတ်မိန်းမ တစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀နှစ်ထက် မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ပါချမှတ်နိုင်ကြောင်း ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည်။

နေပြည်တော်တွင် ဇူလိုင် ၂၂ရက်က ပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် "**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း**"နှင့်ပတ်သက်၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း၏ အခန်း(၆)အပိုဒ် ၁၈–အဖြစ် "**ဥပဒေတစ်ရပ်ရပ်ဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသည့် ယောက်ျား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိန်းချုပ်၍ အခြားယောက်ျား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက နစ်နာသူသည် တရားမကြောင်း အရတရားစွဲဆိုပိုင်ခွင့်ရှိသည်**"ဟု အသစ်ဖြည့်စွက်တင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည်။

ဥပဒေကြမ်း၏ အခန်း(၃)အပုဒ် ၅အဖြစ် ဥပဒေကြမ်းကော်မတီက "**မည်သည့်ယောက်ျားနှင့်မိန်းမမဆိုဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင့်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်းပြုနိုင်သည်**"ဟု ဥပဒေ

ကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက်ကို လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ပယ်ဖျက်ရန်အဆိုပြုခဲ့ပြီး ယင်းအဆိုပြုချက်အား မဲခွဲဆုံးဖြတ်ရာတွင် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံသူများသဖြင့် လွှတ်တော်က အတည်ပြုခဲ့သည်။

ဥပဒေကြမ်း၏ အခန်း(၅)အပိုဒ်၁၂အဖြစ် "**မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် ထပ်မံ၍ထိမ်းမြားမှုမပြုရ**"ဟု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း လွှတ်တော်မှ အတည်ပြုခဲ့သည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက်ဖြစ်သည့် အခန်း(၆)အပိုဒ် ၂၀"**တရားမဝင် ထိမ်းမြားလက်ထပ်ခြင်းသို့မဟုတ် ထိန်ချန်ထိမ်းမြားလက်ထပ်ခြင်းကြောင့်ရရှိလာသော သား၊သမီးများသည် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆုံးရှုံးခြင်းမရှိစေရ**"ကို အတည်ပြုခဲ့သည်။

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ "ယခုအချိန်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ရင်ကြားစေ့ရေးလမ်းကို ကျွန်မတို့သွားရောက်နေတဲ့ အချိန်အခါလည်း ဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍လည်းကောင်း၊ ယခုထက်ပိုပြီး ကျယ်ပြန့်တဲ့ ဥပဒေတစ်ရပ်ကို အချိန်ယူ၍လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ရေးဆွဲသင့်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ် ဒီဥပဒေကို မပြဋ္ဌာန်းသင့်သေးပါဘူးလို့ ကျွန်မအနေနဲ့ ယူဆပါတယ်"ဟု လွှတ်တော် ကိုယ်စားလှယ် **ဒေါ်ခင်စန်းလှိုင်**က ဆွေးနွေးပြောကြားသည်။

"**တစ်လင်တစ်မယားစနစ်ဥပဒေဟာ မြန်မာဗုဒ္ဓဘာသာဝင်ယောကျ်ားနှင့်မိန်းမကို အခွင့်အရေးတန်းတူဖြစ်စေရန် ဆောင်ရွက်ခြင်းသာဖြစ်တဲ့အတွက် ဒီဥပဒေဟာ မျှတမှုရှိတဲ့ဥပဒေဖြစ်ပြီး မလိုရာအခွင့်အရေးယူနေတဲ့ ယောကျ်ားအတွက် နစ်နာမှုရှိတယ်လို့ မဆိုနိုင်ပါကြောင်းတင်ပြအပ်ပါတယ်**"ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးစိုးညွန့်ကဆွေးနွေးပြောကြားသည်။

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ပြည်သူ့လွှတ်တော်မှ ဆွေးနွေးအတည်ပြုခဲ့သည်။ **မျိုးစောင့်ဥပဒေလေးရပ်အနက် ဥပဒေနှစ်ရပ်အား အတည်ပြုခဲ့ပြီးဖြစ်သည်။** *ကျော်ဇော်ဝင်း၊ မျိုးမင်းထက်*

-(၂၃-၇-၂၀၁၅) *Daily Eleven* စာ-၃

## မျိုးစောင့်ဥပဒေများ မြန်မြန်ဆန်ဆန်

## အတည်ပြုနေခြင်းကို ဝေဖန်မှုများရှိနေ

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကို အတည်ပြုလိုက်ခြင်း အပါအဝင် မျိုးစောင့်ဥပဒေပါ ဥပဒေများကို မြန်မြန်ဆန်ဆန် အတည်ပြုနေခြင်းများ အပေါ် ဥပဒေပညာရှင်အချို့နှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်မှုများ ရှိနေသည်။

မျိုးစောင့်ဥပဒေလေးခုတွင် ပါဝင်သည့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေကို ဇူလိုင် ၂၂ ရက်က ပြည်သူ့လွှတ်တော်၌ အတည်ပြုခဲ့ပြီး လက်ရှိ တွင် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေနှင့် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေတို့သည်လည်း ပြည်ထောင်စု လွှတ်တော်၌ သမ္မတလက်မှတ်ရေးထိုး၍ အတည်ပြုပြီးဖြစ်သည်။

တိုင်းပြည်အတွက် အခြားအရေးတကြီးပြဋ္ဌာန်းရန် ဥပဒေများရှိနေပြီး မျိုးစောင့်ဥပဒေများအပေါ်ဝေဖန်မှုများအားပြိုင်နေချိန်တွင် ယင်းကဲ့သို့ ဥပဒေများကို မြန်မြန်ဆန်ဆန်ပြဋ္ဌာန်းနေခြင်းမှာ မရောင်ရာဆီလူးဖြစ်နေကြောင်း ဥပဒေပညာရှင် ဦးခင်ဇော်(မရမ်းကုန်း)က ထောက်ပြသည်။

"**တစ်လင်တစ်မယားစနစ်ဆိုတဲ့ ခေါင်းစဉ်အပေါ်မှာ မိန်းမတွေအနေနဲ့ သူတို့ကို သစ္စာရှိလာမယ်ထင်ပြီးတော့ ထောက်ခံကြိုဆိုကြပါတယ်။ ဒါပေမယ့် တစ်လင်တစ်မယား မနေချင်ကြတဲ့ ယောကျ်ားတွေကတော့ ဥပဒေအရ အရေးယူ ခံရမှာကြောက်ပြီး မယားငယ်နေရတာမျိုး တွေဖြစ်လာမယ်။ ဒီမှာ မယားကြီး ရှိနေတယ်၊ နင့်ကိုယူရင် ငါထောင်ကျမှာဆိုတဲ့ အကြောင်းပြချက် ပေးစရာ ဖြစ်လာမယ်**"ဟု ၎င်းက ပြောကြားသည်။

**လက်ရှိပြဋ္ဌာန်းလိုက်သည့် တစ်လင်တစ်မယားစနစ်ဥပဒေတွင်လည်း ပုဒ်မ ၂၀-သာပါဝင်ပြီး နည်းဥပဒေနှင့်အရေးယူပုံများပြင်းထန်နေသောကြောင့် အကြောက်တရားနှင့် ချုပ်ချယ်သည့် ပုံစံမျိုးဖြစ်နေ**ကြောင်း အထက်တန်းရှေ့နေ ဦးကျော်လွင်က ပြောကြားသည်။

"**ဥပဒေပြဋ္ဌာန်းပြီး ထိန်းချုပ်လို့မရတဲ့ တစ်လင်တစ်မယားယူတာမျိုးကို အကြောက်တရားနဲ့ ထိန်းချုပ်လို့မရပါဘူး။ ၁၉၄၉-ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ပြည့်တန်ဆာဥပဒေနဲ့ ဖမ်းပြီးထောင်ချခဲ့တဲ့ မိန်းကလေးပေါင်း မရေတွက်**

**နိုင်ဘူး။ ဒါပေမဲ့ ယနေ့အထိ ပြည့်တန်ဆာပပျောက်မသွားဘူးလေ။ အဲဒီလိုပဲ ဥပဒေပြဋ္ဌာန်းလည်း မယားငယ်ယူတာလည်းမပပျောက်တဲ့အပြင်ပို အကြောင်း ပြလို့ ကောင်းသွားမယ်**"ဟု ဦးခင်ဇော် (မရမ်းကုန်း)က ပြောကြားသည်။

တစ်ဖက်တွင်လည်း ပြဋ္ဌာန်းခဲ့သည့် တစ်လင်တစ်မယားစနစ်အပါအဝင် မျိုးစောင့်ဥပဒေများကို ထောက်ခံမှုများမှာ အများအပြားရှိနေသည်။ "**ကျွန်မတို့ ကတော့ တစ်လင်တစ်မယားယူရမယ်ဆိုတာ ထောက်ခံပါတယ်။ ဘုရားဟော နဲ့လည်း ညီတယ်လေ။ ဒီဥပဒေပြဋ္ဌာန်းသင့်တယ်လို့ထင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်သစ္စာရှိရှိနေနိုင်တာပေါ့။ မိန်းကလေးတွေ အားသာ တယ်လို့ထင်တယ်**"ဟု မြောက်ဥက္ကလာပဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာနှင်းဝေလွင်က ပြောကြားသည်။

ပြဋ္ဌာန်းခဲ့သည့် တစ်လင်တစ်မယားစနစ်ဥပဒေနဲ့ ပတ်သက်၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အဆိုပါဥပဒေသည် မြန်မာယောက်ျားနှင့် မိန်းမတို့အား တန်းတူအခွင့်အရေးရရန်တင်ပြခဲ့ခြင်းဖြစ်ကြောင်းလွှတ်တော်သို့ပြောကြားခဲ့သည်။

လက်ရှိတွင် မျိုးစောင့်ဥပဒေမှ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကိုသာ ဆွေးနွေးအတည်ပြုရန် ကျန်တော့ပြီး မေလမှစ၍သုံးလအတွင်းမှာပင် မျိုးစောင့်ဥပဒေမှ ဥပဒေသုံးခုပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

ပြဋ္ဌာန်းခဲ့ပြီးသည့် ဥပဒေနှစ်ခုမှာလည်း လူထုကို အသိပညာပေးထားခြင်းမျိုး မရှိဘဲ လူထုနားမလည်သည့်ဥပဒေများသည် အမှန်တကယ် အသက်ဝင်လာမည် မဟုတ်ဘဲ အသုံးချစရာတစ်ခုသာဖြစ်လာနိုင်ကြောင်း Equality Myanmar မှ ကိုအောင်မျိုးမင်းက ပြောကြားသည်။

"**ရွေးကောက်ပွဲနီးမှ ဒီဥပဒေတွေကို ပြန်ပြန်ဆန်ဆန်ပြဋ္ဌာန်းနေတယ်၊ ကျွန်မတို့ မြန်မာလူမျိုးတော်တော်များများဟာ ဒီဥပဒေရဲ့ အတိမ်အနက်နဲ့ ဥပဒေပါအကြောင်းအရာ တွေကို သေချာမလေ့လာကြဘဲ ဘာသာရေးအရ လှုံ့ဆော်မှုအားကောင်းတာကြောင့် အများစု ကလည်း လက်ခံနေကြတယ်လေ**"ဟု TRIANGLE WOMEN အမျိုးသမီး အခွင့် အရေး လှုပ်ရှားမှုအဖွဲ့မှ ဒေါ်ခင်လေးက ပြောကြားသည်။

ရွေးကောက်ပွဲတွင် ဘာသာရေးကို ခုတုံးလုပ်၍မဲဆွယ်ရဟု သတ်မှတ်ထားသော်လည်း တစ်ဖက်တွင် မျိုးစောင့်ဥပဒေများပြဋ္ဌာန်းပြီးပါက အဆိုပါဥပဒေများကို လက်မခံသော ရွေးကောက်ပွဲဝင်မည့်သူများအတွက် တိုက်ခိုက်စရာဖြစ်နေကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

**– ဟိန်းသာ၊ (၂၄-၇-၂၀၁၅)** *7 Day News* **တ-၁၆။**

# ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ ပြည်သူ့လွှတ်တော်သို့တင်သွင်း

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကဇူလိုင် ၂၃-ရက်ကကျင်းပသောပြည်သူ့လွှတ်တော်သို့တင်ပြလိုက်ကြောင်းသတင်းရရှိသည်။

ဇူလိုင် ၂၃ရက်တွင် ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သောကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရာတွင် အဆိုပါဥပဒေကြမ်းကိုအတည်ပြုပေးရန် တင်ပြခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ဖြစ်သော **နိုင်ငံသားတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို ထောက်ခံထားပြီး မိမိ၏သဘောထားဆန္ဒမပါဘဲ အတင်းအကျပ်ဘာသာကူးပြောင်းစေခြင်းကို ကာကွယ်ပေးထား**ကြောင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ပြောသည်။

မျိုးစောင့်ဥပဒေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဝေဖန်ခံထားရသည့် **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းသည် တိုင်းရင်းသားလူမျိုးများကြား စည်းလုံးညီညွတ်မှုကို ထိခိုက်နိုင်ပြီး ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီမှုအားနည်းနေ**ကြောင်း ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်အချို့ သုံးသပ်ထားကြသည်။

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းတွင် အခန်းပေါင်းခြောက်ခန်းနှင့် အပိုဒ်ပေါင်း ၂၇ပိုဒ်ပါရှိကာ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်တွင်ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် လာမည့်ဩဂုတ်၁ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ပြည်သူ့လွှတ်တော် ဒုဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဇူလိုင် ၂၃ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်သို့ ပြောသည်။

**- ရန်မျိုးနိုင် (၂၄-၇-၂၀၁၅)** ***Daily Eleven*** **စာ-၃။**

စမ်းချောင်းမြို့မရဲစခန်းရှေ့ ညစ်ညမ်းစွာပြောဆိုပြုမူခြင်း၊ ဘာသာရေးဆိုင်ရာထိခိုက်မှုပြုမူခြင်းများပြုလုပ်ခဲ့သော

## အမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူ

စမ်းချောင်းမြို့မရဲစခန်းရှေ့ ညစ်ညမ်းစွာပြောဆိုပြုမူခြင်း၊ဘာသာရေးဆိုင်ရာ ထိခိုက်မှုပြုမူခြင်းများပြုလုပ်ခဲ့သော အမျိုးသားတစ်ဦးအား ဘာသာ သာသနာ ညှိုးနွမ်းစေမှုအပါအဝင် အခြားပုဒ်မတို့ဖြင့် အမှုဖွင့်ထားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ရက် နံနက် ၈နာရီမိနစ် ၂၀ခန့်တွင် သန်လျင်မြို့နယ်နေ ကိုခင်မောင်မြင့်သည် စမ်းချောင်းမြို့မရဲစခန်းရှေ့တွင် ပတ်ဝန်းကျင်အား ညစ်ညမ်းစွာဆဲဆိုခြင်း၊ ဘာသာရေးဆိုင်ရာတံဆိပ်တစ်ခုအား ရိုင်းစိုင်းစွာပြုမူခြင်းတို့ ပြုလုပ်ခဲ့ကြောင်း စမ်းချောင်းမြို့မရဲစခန်းမှ သိရသည်။

**"လတ်တလောမှာ သူ့ကို စိတ်ကျန်းမာရေးဆေးရုံ(ရွာသာကြီး)ကို ခေါ ပို့ထားတယ်။ အမှုဖွင့်ထားတာရို့ တရားစွဲမယ်။ စိတ်ကျန်းမာရေး ဆေးရုံ ရောက်နေလည်း ကျန်းမာရေးကောင်းတာနဲ့ ကျွန်တော်တို့က တရားစွဲမှာပဲ"**ဟု ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွန်းက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးဦးဇော်ဌေး၏ Hmuu Zaw Facebook တွင် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပို့စ်တစ်ခု တင်ခဲ့သည်။

ယင်း၏ပို့စ်တွင် ခင်မောင်မြင့်ကို စမ်းချောင်းမြို့မရဲစခန်းက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ ဗိုလ်တထောင်အစ္စလာမ်ဘာသာရေးကျောင်းမှ ဘာသာရေး ဆရာများဖြစ်သော ဦးကိုကိုနိုင်၊ ဦးစောခင်မောင်ထွန်းတို့အား ခေါ်ယူမေးမြန်းခဲ့ရာ မေးမြန်းချက်အရ ၂၀၁၅ခုနှစ် မေလကစတင်ပြီး စိတ်ကျန်းမာရေးမှုမမှန်၊ ကောင်းမွန်မှုမရှိသည့်အတွက် သင်ကြားရေးဆရာအဖြစ်မှ ရပ်စဲခြင်းခံခဲ့ရသူ ဖြစ်ကြောင်း၊ ခင်မောင်မြင့်၏ဖခင်ဖြစ်သူ ဦးခင်သိန်း၏ တင်ပြချက်အရ ခင်မောင်မြင့်သည် ၂၀၁၃ခုနှစ် ဇန်နဝါရီလကတည်းက စိတ်ကယောင်ချောက်ချားဖြစ်ပြီး သတိလစ်မေ့မြောခဲ့သည့်အတွက် စိတ်ကျန်းမာရေးဆေးရုံကြီး(ရွာသာကြီး)၌ နှစ်ပတ်တက်ရောက်ကုသခဲ့ကြောင်း၊ ဆေးရုံကဆင်းခဲ့သော်လည်း စိတ်ရောဂါကုဆိုင်ရာ ဆေးဝါးများကို ယနေ့အထိ သောက်သုံးနေရသူဖြစ်ကြောင်း၊ ၂၀၁၅ခုနှစ်မေလတွင် စိတ်ကျန်းမာရေးပြန်ဖောက်လာခြင်းကြောင့် ဘာသာရေးဆိုင်ရာ သင်ကြား

ရေးဆရာအဖြစ်မှ ရပ်စဲခံခဲ့ရသူဖြစ်ကြောင်း ရှင်းလင်းရေးသား ဖော်ပြထားသည်။

"အကဲဆတ်ထိရှလွယ်အခြေအနေမှာ ယခုလို အထင်အမြင်လွဲမှားဖွယ် ဖြစ်ရပ်တွေကြောင့် ပဋိပက္ခတွေ ကြီးကြီးမားမားဖြစ်စေနိုင်ပါတယ်။ အထူးသဖြင့် ဘာသာရေး၊ လူမျိုးရေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ ကိစ္စဖြစ်တဲ့အတွက်လည်း စိုးရိမ်ပူပန်စရာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပဋိပက္ခမီးတွေ တောက်လောင်စေဖို့ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်လေသလားဆိုတာကိုလည်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတွေ အထူးအလေးထား စစ်ဆေးမေးမြန်းမှုတွေပြုလုပ်ချက်ရှိကြောင်းသိရတယ်။ အမှန်တကယ် ရှုးချင်ယောင်ဆောင်တယ်၊ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်မှု လုပ်ခဲ့တယ်ဆိုရင်တော့ ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူရမှာပဲဖြစ်ပါတယ်"ဟု ဖော်ပြထားသည်။

၎င်းအား စမ်းချောင်းမြို့မရဲစခန်းမှ (ပ)၂၄၅/၂၀၁၅၊ ပုဒ်မ-၂၉၄၊ ပုဒ်မ-၂၉၅၊ပုဒ်မ-၂၉၅(က)တို့ဖြင့် အမှုဖွင့်အရေးယူထားသည်။

– (၂၂-၇-၂၀၁၅) *Daily Eleven* စာ-၁၉။

## စိတ်ရောဂါသည် ဘာသာခြားတစ်ဦး လမ်းသွားလမ်းလာများနှင့် ရဲတပ်ဖွဲ့ဝင်များကိုစော်ကားနှောင့်ယှက်မှုဖြစ်ပွား

ဇူလိုင် ၂၀ရက်နေ့မနက် ၁၀နာရီခန့်က စမ်းချောင်းမြို့မ ရဲစခန်းရှေ့၊ ပြည်သူ့ဥယျာဉ်ဝင်ပေါက် အနီးတွင် လမ်းသွားလမ်းလာပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များကို ဘာသာခြားစိတ်ရောဂါသည်တစ်ဦးက မရှေးမငံစော်ကားပြောဆိုကာ နှောင့်ယှက်မှုတစ်ခုဖြစ်ပွားသဖြင့်စိတ်ကျန်းမာရေးဆေးရုံသို့ပို့ဆောင်လိုက်ရကြောင်း သိရသည်။

၎င်းမှာ သန်လျင်မြို့နယ် ဒါလကာရပ်ကွက်နေ ကိုဝင်းဟောင်မြင့်ဆိုသူဖြစ်ပြီး သန်လျင်မှ ရန်ကုန်သို့ လိုင်းကားစီးလာစဉ် မော်တော်ယာဉ်ပေါ်မှ မရှေးမငံပြောဆိုသဖြင့် ကားစပယ်ယာနှင့် ခရီးသည်များက စမ်းချောင်းမြို့မရဲစခန်းရှေ့တွင် ချထားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမှာ ရန်ကုန်မြို့ ၄၈-လမ်း ဗလီကျောင်းသင်ကြားရေးဆရာလုပ်ခဲ့ပြီး လွန်ခဲ့သည့် ၃လက စိတ်ကျန်းမာရေးကြောင့် ဗလီကျောင်းမှ ထုတ်ပယ်ထားသူဖြစ်ကြောင်း စမ်းချောင်းရဲစခန်းမှ အုပ်ချုပ်သူထိုက်က ပြောကြားသည်။

**"သူက ၂၀၀၉-ခုနှစ်က စိတ်ကျန်းမာရေးဆေးရုံတက်ခဲ့တဲ့ အထောက်အထား၊ စာရွက်စာတမ်းတွေ ပြနိုင်တယ်။ အကယ်၍စာရွက်စာတမ်းအရှုးလက်မှတ်တွေမရှိရင်ကျွန်တော်တို့ ရဲတပ်ဖွဲ့က တရားစွဲမှာပါ။ အခုတော့ကျွန်တော်တို့ရုံးတင်လည်း တရားရုံးကလွှတ်မှာပဲလေ၊ ကျွန်တော်တို့ ၄၈-လမ်းက ဗလီဆရာတွေကို ခေါ်လိုက်တယ်။ သူ့မှာ မိဘရှိသေးတယ်၊**

**သူ့ဝိဘတွေကို လွှဲတယ်၊ ရွာသားကြီး စိတ်ကျန်းမာရေးဆေးရုံကိုလည်း ကျွန်တော်တို့ ကိုယ်တိုင်လိုက်ပို့လိုက်ပါတယ်၊ ဒီကိစ္စကောလာဟလတွေထွက်လာရင်လည်း ကျွန်တော်တို့ ဖြေရှင်းပေးသွားမှာပါ။ သူဟာ ဒီနေ့အထိဆေးသောက်နေရသူဖြစ်လို့ တရားမစွဲတာပါ"**ဟု ၄င်းကဆိုသည်။

အဆိုပါ စိတ်ရောဂါရှိသူမှာ အစ္စလာမ်ဘာသာရေးဝတ်စုံဝတ်ထားပြီး စမ်းချောင်းရဲစခန်းအနီးတွင် လမ်းသွားလမ်းလာပြည်သူများကို နှောင့်ယှက်ခြင်း၊ ရပ်ထားသည့် ကားတစ်စီးအား ကန်ကျောက်ခြင်းတို့ ပြုလုပ်သဖြင့် စမ်းချောင်းတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးအပါအဝင် ရပ်မိရပ်ဖများက ရဲစခန်းသို့ ပို့ဆောင်ရာမှ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မှူး ရဲမှူးဝင်းမြင့်ဦးကိုပါ ရမ်းရမ်းကားကား မချေမငံပြောဆိုခြင်း၊ ကိုယ်အင်္ဂါလှုပ်ပြခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကိုခင်မောင်မြင့်ရမ်းကားခဲ့သောဗီဒီယိုမှတ်တမ်းဖိုင်မှာဖေ့စ်ဘုတ်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိပြီး ၄င်းမှာယခုအခါရွာသားကြီးစိတ်ကျန်းမာရေးဆေးရုံတက်ရောက်ကုသခံနေပြီဖြစ်ကြောင်းသိရသည်။

**– စော်မြင့်၊ (၂၄–၇–၂၀၁၄) *The Hot News* ၈–၈။**

# တရားနှင့်အကြပ်အတည်း

လောကမှာ လူတွေဆိုတာ ရံဖန်ရံခါ အခက်အခဲ အကြပ်အတည်း တွေ့ရစမြဲပဲ။ အခက်အခဲ အကြပ်အတည်း ဆိုသည်မှာ တရားမရှိသူ အတွက် ဘဝကိုပျက်သွားစေတတ်တယ်။

တရားရှိသူအတွက် ဘဝကို တစ်ဟုန်ထိုး တက်သွားစေတယ်။

*–တိပိဋကဓရ ယောဆရာတော်။*

**အစ္စလာမ်ဘာသာအားစော်ကားမှုဖြင့်သေဒဏ်ချမှတ်ခံထားရသောခရစ်ယာန် အမျိုးသမီး၏အယူခံဝင်မှုကိုကြားနာရန်ပါကစ္စတန်တရားရုံးချုပ်သဘောတူ**

အစ္စလာမ်ဘာသာအားစော်ကားမှုဖြင့် သေဒဏ်ချမှတ်ခံထားရသော ခရစ်ယာန် အမျိုးသမီးတစ်ဦး၏ အယူခံဝင်မှုကို ကြားနာရန် ပါကစ္စတန် တရားရုံးချုပ်က ဇူလိုင် ၂၂ရက်တွင် ပြောကြားခဲ့သည်။ ကလေးငါးဦး၏ မိခင်ဖြစ်သော အေရှာဘီဘီသည် စိုက်ခင်းတစ်ခု၌အလုပ်အတူလုပ်နေသောမွတ်စလင်အမျိုးသမီးများနှင့်သောက်ရေ ပြဿနာဖြစ်ပွားခဲ့ပြီး အစ္စလာမ်ဘာသာအား စော်ကားမှုဖြင့် စွဲချက်တင်ခံရပြီး ၂၀၁၀ပြည့်နှစ် နောက်ပိုင်းတွင် သေဒဏ်ချမှတ်ခံခဲ့ရသည်။

ပါကစ္စတန်တွင် အစ္စလာမ်ဘာသာအား စော်ကားမှုသည် အလွန်အမင်း ထိရှလွယ်သော ကိစ္စတစ်ခုဖြစ်ပြီး ယင်းကဲ့သို့ စော်ကားသည်ဟု သက်သေမပြနိုင်လျှင်သော်မှ လူစုလူဝေးဖြင့် အကြမ်းဖက်တိုက်ခိုက်ခံရလေ့ရှိသည်။ ထို့ပြင် ယင်းစွဲချက် စွဲဆိုခံရပါက အမှုမှပြန်လည် လွတ်မြောက်မှုမှာလည်း အလွန်မင်ရှားပါးကြောင်း သိရသည်။ ဘီဘီအား သေဒဏ်ချမှတ်မှုကို ပါကစ္စတန်အရှေ့ပိုင်းပန်ဂျပ်ပြည်နယ်မြို့တော် လာဟိုးရှိအထက်တရားရုံးက ၂၀၁၄ခုနှစ်အောက်တိုဘာလတွင် အတည်ပြုခဲ့သည်။ ဘီဘီက ယင်းစွဲချက်များကို ငြင်းဆိုခဲ့ပြီး ပြီးခဲ့သောနိုဝင်ဘာတွင် အယူခံဝင်ခဲ့သည်။ အယူခံဝင်မှုကို အသေးစိတ်စဉ်းစားရန် လာဟိုးရှိတရားရုံးချုပ်က သဘောတူခဲ့သော်လည်း စွဲချက်များ ရုပ်သိမ်းပေးရန်ကိုမူ ပယ်ချခဲ့သည်။

ဘီဘီ၏ရှေ့နေ ဆေဖူမာလော့က သူ၏အမှုသည် ဘီဘီအား စွပ်စွဲထားမှုများသည် ဘီဘီ၏ရန်သူများက ပစ်မှတ်ထား၍လုပ်ဇာတ်ခင်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၀၉ခုနှစ် ဇွန်တွင် ဘီဘီသည် စိုက်ခင်းတစ်ခုတွင် လုပ်ကိုင်နေစဉ် သူနှင့်အတူလုပ်ကိုင်နေသော မွတ်စလင်အမျိုးသမီးတချို့နှင့် အငြင်းပွားမှုဖြစ်ပွား ခဲ့သည်။ ဘီဘီအား ရေခပ်ခိုင်းမှုကို မွတ်စလင်အမျိုးသမီးများက ကန့်ကွက်ခဲ့ပြီး မွတ်စလင်မဟုတ်သော အမျိုးသမီးတစ်ဦးသည် ရေအိုးကို ထိခွင့်မရှိကြောင်း ပြောကြားခဲ့ကြသည်။ ယင်းအငြင်းပွားမှုဖြစ်ပွားခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အဆိုပါအမျိုးသမီးများကဒေသဆိုင်ရာဘာသာရေးဆရာတစ်ဦးထံ သွားရောက်ပြီး ဘီဘီသည် အစ္စလာမ်ဘာသာအား စော်ကားခဲ့သည်ဟုစွပ်စွဲချက်များကို တိုင်ကြား ခဲ့ကြောင်းသိရသည်။

ဘီဘီ၏ခင်ပွန်းဖြစ်သူကလည်း ပါကစ္စတန်သမ္မတ မမ်မွန်ဟူစိန်ကို စာရေး၍ ဇနီးဖြစ်သူအား ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြု၍ ပြင်သစ်သို့ပြန်ခွင့်ပြုရန် အသနားခံခဲ့သည်။ ပါကစ္စတန်တွင် တမန်တော်မိုဟာမက်ကို စော်ကားမှုအပါအဝင် စွဲချက်များ စွဲဆိုခံရပါက သေဒဏ်ချမှတ်ခံရနိုင်သည်။ သို့သော် ယင်းစွဲချက်ဖြင့် မည်သူကိုမျှ ကွပ်မျက်ခြင်းမရှိသေးပေ။ သို့သော်စွဲချက်တင်ခံရခြင်း သို့မဟုတ်စွပ်စွဲခံရခြင်းဖြစ်ပေါ်ပါက လူအုပ်ကြီးဖြင့် အကြမ်းဖက် သတ်ဖြတ်ခံရနိုင်သည့် အန္တရာယ်ရှိသည်။

ပါကစ္စတန်တွင် လူဦးရေသန်း ၂၀၀-ခန့်ရှိသည့်အနက် ခရစ်ယာန်သည် လူဦးရေစုစုပေါင်း၏ ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိပြီး မွတ်ဆလင်အများစု၏ ခွဲခြားဆက်ဆံခြင်းခံနေရသည်။

– *Ref: AFP* ၊ (၂၃-၇-၂၀၁၅) *Daily Eleven* ၈–၁၃၊

# ကုသိုလ်ထုပ်ပေါ်ထိုင်နေရသလို

သာသနာတွင်း လူဖြစ်ရတယ်ဆိုတာ
ကုသိုလ်ထုပ်ပေါ် အမြဲတက်ထိုင်နေရသလိုပဲ
အချိန်မရွေး နှိုက်ယူလို့ရတယ်။
အသိဉာဏ်ကလေးနဲ့ ဖြည့်ကြည့်တတ်ဖို့ပဲလိုပါတယ်။

-ထိပ်ပြကာရေ ဆောဆရာတော်။

## တမလွန်ဘဝရှိမှန်းသိခဲ့သော သေရွာပြန်များ

လူတို့သေဆုံးသွားပြီးနောက် ဘာဖြစ်လာမည်နည်း။ လူတို့သေဆုံးပြီးနောက် တစ်နေရာရာကို ရောက်မည်လော။ သေလွန်ပြီးနောက် လူဝင်စားဖြစ်လာမည်လော။ သို့မဟုတ် သေဆုံးသွားသည်နှင့် ဘဝချုပ်ငြိမ်းသွားမည်လောစသော မေးခွန်းများမှာ ကမ္ဘာ့ရှေးအကျဆုံး မေးခွန်းများပင်ဖြစ်သည်။ အဆိုပါမေးခွန်းများမှာ ဘာသာရေးခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ၊စာရေးဆရာများနှင့် အသက်ရှင်သန်နေထိုင်သော လူသားအားလုံးမှန်သမျှ ရင်ဆိုင်ရမည့် မေးခွန်းများပင် ဖြစ်သည်။

ဤသို့လူသားတို့ အသိချင်ဆုံးမေးခွန်း၏အဖြေကို လူပုဂ္ဂိုလ်အတော်များများက သိရှိခဲ့ရသည်ဟု အခိုင်အမာပြောဆိုခဲ့ကြသည်။ သို့မဟုတ် ၎င်းတို့သည် တမလွန်ကို ခေတ္တခဏ အလည်အပတ်ရောက်ခဲ့ဖူးသည်ဟုလည်း အခိုင်အမာ ပြောဆိုခဲ့ကြသည်။ လူအချို့သည် သေခါနီးအတွေ့အကြုံများကို ခံစားခဲ့ရပြီး ၎င်းတို့၏ဝိညာဉ် ခန္ဓာကိုယ်ထဲမှ ထွက်ခွာစဉ်အတောအတွင်း ဖြစ်ပျက်ခဲ့သည်။ အလွန်ထူးခြားဆန်းပြားလှသော အတွေ့အကြုံအဖြစ်အပျက်များကို ပြန်လည်မှတ်မိသိရှိနိုင်စွမ်းရှိသည်။

ထိုပုဂ္ဂိုလ်များအနေဖြင့် ဝိညာဉ်လွင့်မျောသွားစဉ် နှစ်ကာလကြာမြင့်စွာက ကွယ်လွန် အနိစ္စရောက်သွားခဲ့သူများနှင့် တွေ့ဆုံခဲ့ရသည်ဟု ဆိုသည်။ တမလွန်ရှိမှန်း သိခွင့်ရခဲ့သူ အချို့က ၎င်းတို့ကွယ်လွန်သွားပြီးနောက် ကြုံတွေ့ခဲ့သော ဆန်းကြယ်လှသည့် အဖြစ်အပျက်များကို လူသားတို့အား မျှဝေအသိပေးပြီး ဘဝကို အလေးအနက်ဆင်ခြင်စေလိုသော စေတနာဖြင့် အသိပေးပြီး ကူညီပေးလိုကြသည်။

**ဘရိုင်ယန်မီလ်လာ**

ဤကဲ့သို့ သေခါနီးဘဝအတွေ့အကြုံကို ခံစားခဲ့ရသူတစ်ဦးမှာ အမေရိကန်ပြည်ထောင်စုမှ အသက် (၄၁)နှစ်အရွယ် အမေရိကန်အမျိုးသား ဘရိုင်ယန်မီလ်လာဖြစ်သည်။ ၎င်းသည် နှလုံးရောဂါဝေဒနာရှင်ဖြစ်ပြီး အခြေအနေမှာ နှလုံးခုန်နှုန်း မမှန်တော့သော ကြောင့် အသက်ဘေးအန္တရာယ်စိုးရိမ်ရသည်။

၎င်း၏နှလုံးခုန်ချက် မမှန်ဖြစ်နေခဲ့ရာမှ နှလုံးခုန်နှုန်းနှင့် သွေးဖိအား သွေးခုန်ချက်တို့ လုံးဝရပ်သွားသဖြင့် အချိန် ၄၅ မိနစ်ကြာအထိ နှလုံးလုံးဝရပ်သွားခဲ့သည်။ ဘရိုင်ယန်နှလုံးခုန်ရပ်သွားသဖြင့် သေဆုံးသွားသည်ဟု ယူဆခဲ့ကြသော်လည်း ကံကောင်းထောက် မစွာ ၎င်းသည် နှလုံးပြန်ခုန်လာသဖြင့် အသက်ပြန်ရှင်လာခဲ့သည်။ ဘရိုင်ယန်၏နှလုံးခုန် ရပ်သွားပြီး ၎င်းအား သေဆုံးသွားပြီဟု ယူဆထားသောအချိန်တွင် ၎င်းသည် အလွန်တောက်ပသော အလင်းတန်းကို တွေ့မြင်ရသဖြင့် ထိုအလင်းရောင်ထွက်ပေါ်လာသောနေရာဆီသို့ တရွေ့ရွေ့လျှောက်သွားခဲ့ကြောင်း၊ ဤသို့အလင်းတန်းကိုဖြတ်သန်းနေစဉ် အတောအတွင်း မကြာသေးမီက ကွယ်လွန်သွားသူများကို တအံ့တဩတွေ့မြင်ခဲ့ရကြောင်း ပြောပြသည်။ သေဆုံးခဲ့သော ၎င်း၏ ယောက္ခမများက ၎င်းအား လူ့လောကတွင် စောင့်ရှောက်ရန် ဇနီးနှင့်သားသမီးများခိုကိုးရာမဲ့ကျန်ရစ်နေသေးသဖြင့် လူ့လောကသို့ အမြန်ဆုံးပြန်သွားရန်လိုကြောင်း တိုက်တွန်းနေကြသောကြောင့် နောက်ကြောင်းပြန်လှည့်လာစဉ် ရုတ်တရက် သတိပြန်လည်လာကြောင်းပြောပြသည်။

ဘရိုင်ယန်သည် သေဆုံးသွားသကဲ့သို့ သတိလစ်မေ့မြောသွားစဉ်အတောအတွင်းတုန်လှုပ်ဖွယ်တွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကိုသိသမျှအသိမိတ်ဆွေများအား ပြန်လည်ပြောပြရုံမျှသာမက သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး၎င်း၏ဆန်းကြယ်သော အတွေ့အကြုံများကိုလည်း ရင်ဖွင့်ခဲ့သည်။

**ဂျိန်းဆေမာ**

အလားတူ နောက်တစ်ဦးမှာ အမေရိကန်ရုပ်ရှင်မင်းသမီး ဂျိန်းဆေမာ(Jane Seymour)ပင်ဖြစ်သည်။ ဂျိန်းဆေမာသည် နာမကျန်းဖြစ်ခဲ့စဉ်က သူ၏အသက်မှာ (၃၀)ကျော်ရှိပြီဖြစ်သည်။ နာမကျန်းမှုကြောင့် ဆေးဝါးကုသမှု ခံယူခဲ့ရသည်။ သူ့အား ဆရာဝန်ပေးသော ပဋိဇီဝဆေးဝါးအချို့မှာ သူနှင့်ဓာတ်မတည့်မှုကြောင့် ဆိုးရွားသော ဝေဒနာကို ပြင်းစွာခံစားခဲ့ရသည်။

ဂျိန်းဆေမာသည် ရောဂါဝေဒနာကို ပြင်းထန်စွာခံစားနေရစဉ်သူ၏ဝိညာဉ်မှာ

ခန္ဓာကိုယ်ထဲမှ လွင့်မျောထွက်ခွာသွားခဲ့ကြောင်း၊သူ၏ခန္ဓာကိုယ်ရုပ်ကလာပ်အား အိပ်ရာပေါ်တွင် ငြိမ်သက်စွာလဲလျောင်းကျန်ရစ်ခဲ့သည်ကို သူကိုယ်တိုင်ပြန်လည် တွေ့မြင်နေရကြောင်း၊ သူ၏အတွေ့အကြုံများကို အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် အများပြည်သူသို့ လေ့လာသိရှိပြီးသေခြင်း၏နောက်ကွယ်ရှိသောတမလွန် ဘဝကိုဆင်ခြင်နိုင်စေရန်ရေးသားတင်ပြထားသည်။သူ့အနေဖြင့်သူ၏ဝိညာဉ်က သူ၏ ရုပ်အလောင်းအား တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

ဂျိန်းဆေမာသည် သူသေဆုံးသွားသည်ဟု သိလိုက်ရသောအခါသူ့အနေဖြင့် အသက်မသေချင်သေးကြောင်း ခံစားရသည်ကို ကောင်းကောင်းပြန်မှတ်မိခဲ့သည်။ သို့ဖြစ်ရာ သူသည် လူ့လောကသို့ ပြန်သွားရန် အတင်းကြိုးပမ်းအားထုတ်ခဲ့သည်။ သို့ဖြင့် သူ၏ဝိညာဉ်မှာ သူ၏ခန္ဓာကိုယ်အတွင်းသို့ပြန်ဝင်ပြီး အသက်ပြန်ရှင်လာနိုင်ခဲ့ကြောင်းသူ၏ကွယ်လွန်သွားပြီးနောက် ကြုံတွေ့ခဲ့ရသောဘဝအတွေ့အကြုံကို ရေးသားဖော်ပြထားပြီး အများပြည်သူတို့အား နောက်ဘဝရှိသည်ကို သတိပေးနှိုးဆော်လိုစိတ်ဖြင့် ဘဝကို ဆင်ခြင်သုံးသပ်နိုင်အောင်တတ်နိုင်သမျှ ကူညီပေးခဲ့သည်။

## ဒွန်ပိုင်ပါ

ခရစ်ယာန်ဘုန်းတော်ကြီး ဒွန်ပိုင်ပါ(Don Piper) သည် ၁၉၈၉ ခုနှစ်က မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည်။ ပြင်းထန်သော မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုကြောင့် ဘုန်းတော်ကြီးမှာ လုံးဝသတိမရတော့ချေ။

မော်တော်ယာဉ်မတော်တဆဖြစ်ပွားရာနေရာသို့ အရေးပေါ်ဆေးဝါးပြုစုကုသပေးနိုင်ရန် ဆေးဘက်အကူအညီများ ရောက်ရှိလာပြီး ထိခိုက်ဒဏ်ရာရရှိထားသူများအား ပြုစုပေးလျက်ရှိသည်။ ဒဏ်ရာပြင်းထန်မှုကြောင့် နှလုံးခုန်ရပ်သွားသဖြင့် ဆေးဘက်အကူများက ဘုန်းတော်ကြီးမှာ အသက်မရှိတော့ဟု သတ်မှတ် ခဲ့ကြသည်။ ဘုန်းတော်ကြီးဒွန်ပိုင်ပါသည် မိနစ် ၉၀–ကြာမျှ နှလုံးခုန်လုံးဝရပ်သွားခဲ့သည်။

ဤသို့ မိနစ် ၉၀ ကြာမျှ နှလုံးခုန်ရပ်တံ့သွားပြီးနောက် အလွန်ထူးဆန်းစွာပင် ဘုန်းတော်ကြီးဒွန်ပိုင်ပါအသက်ပြန်ရှင်လာသည်ကို ဆေးဘက်အကူများတွေ့မြင်လိုက်ကြရသည်။ ဘုန်းတော်ကြီး နှလုံးခုန်ရပ်သွားပြီးသေဆုံးသွားချိန်တွင် ၄င်း၏ ဝိညာဉ်မှာ ခန္ဓာကိုယ်အတွင်းမှ လွင့်မျောထွက်ခွာသွားကာတစ်ခါမျှမမြင်ဖူးသော

ဆန်းကြယ်လှသည့် နေရာတစ်နေရာသို့ ရောက်ရှိသွားကြောင်းပြောပြသည်။

အဆိုပါထူးဆန်းသောနေရာတွင် နှစ်ကာလကြာမြင့်စွာက ကွယ်လွန်အနိစ္စ ရောက်သွားသူများနှင့် တွေ့ဆုံခဲ့ရကြောင်းပြောပြသည်။ နောက်ပိုင်းတွင် ဘုန်းတော်ကြီးက အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်ရည်ရွယ်ပြီး ၎င်း၏သေခါနီးဘဝအတွေ့အကြုံများကို "**ကောင်းကင်ဘုံမှာ မိနစ် ၉၀ ကြာ**" (90 Minutes in Heaven)စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ဘုန်းတော်ကြီး ဒွန်ပိုင်ပါ၏ (90 Minutes in Heaven)ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်မှာ (New York Times)အရောင်းရအသွက်ဆုံးစာအုပ်စာရင်းတွင် ငါးနှစ်ကျော် နေရာယူထားနိုင်ခဲ့သည်အထိထိုကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်မှာအရောင်းသွက်ခဲ့သည်။

**အယ်နီတာမူးရ်ဂျန်နီ**

လွန်ခဲ့သော ၂၀၀၆ ခုနှစ်က အယ်နီတာမူးရ်ဂျန်နီသည် ရောဂါသည်းထန်လွန်းသောကြောင့် ဟောင်ကောင်ရှိ သူ၏နေအိမ်၌ သတိလစ်မေ့မြောသွားခဲ့သည်။ သူသည် သူ့အကြောင်းကို ရေးသားထားသည့် အရောင်းအသွက်ဆုံး ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ် (Dying to be Me)ထဲတွင် သူကြုံတွေ့ခဲ့ရသော တမလွန်ဘဝအတွေ့အကြုံများကို ရေးသားဖော်ပြထားသည်။ အယ်နီတာမူးရ်ဂျန်နီသည် သတိလစ်မေ့မြောသွားစဉ် သူ၏ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည်များကိုတွေ့မြင်နေရကြောင်း၊ သူ၏အခန်းအပြင်ဘက် ခပ်ဝေးဝေးနေရာတွင်သူ၏ ခင်ပွန်းနှင့်ဆရာဝန်များ တိုင်ပင်ဆွေးနွေးပြောဆိုနေသံများကိုလည်း ကြားနေရကြောင်း၊ သူအသည်းအသန်ဖြစ်နေ၍ရပ်ဝေးမှ သူ့ထံလာတွေ့ရန်လေယာဉ်စီးလာနေသော သူ၏အကိုဖြစ်သူကို လေယာဉ်ပေါ်တွင်တွေ့မြင်ရကြောင်းရေးသားဖော်ပြထားသည်။

ထို့နောက် သူသည် အလွန်ထူးဆန်းသောနေရာသို့ရောက်ရှိသွားပြီး အသက်ဆက်လက်ရှင်သန်ရန်လည်းကောင်း၊ သေဆုံးသွားရန်လည်းကောင်း ကြိုက်ရာရွေးချယ်ခွင့်ရရှိသောနေရာသို့ရောက်သွားကြောင်း၊သူကအသက်ပြန်ရှင်လိုသောလမ်းကြောင်းကို ရွေးချယ်ခဲ့သဖြင့် လူ့လောကသို့ ပြန်ရောက်လာကြောင်း၊ ဤသို့ဘဝတွင် ဆက်လက်အသက်ရှင်နေထိုင်လိုသောကြောင့် မယုံကြည်နိုင်လောက်အောင်ပင် ကျွမ်းနေသော ကင်ဆာရောဂါမှာ တဖြည်းဖြည်း သက်သာပျောက်ကင်းစ ပြုလာခဲ့သည်ဟုဆိုသည်။

အယ်နီတာမူးရ်ဂျန်နီသည် နောက်ဆုံးအဆင့်ရောက်နေသော ကင်ဆာရောဂါဝေဒနာရှင်ဖြစ်ပြီး သူ၏ခန္ဓာကိုယ်မှ ကျွမ်းနေသောကင်ဆာရောဂါမှာ လအနည်း

ငယ်အတွင်း သက်သာပျောက်ကင်းလာခဲ့ပြီး ကင်ဆာရောဂါလုံးဝပျောက်ကင်းသွားခဲ့သည်။

**အယ်လိဇဘက်တေလာ**

သေလွန်ပြီးနောက် နောက်ဘဝတမလွန်ရှိကြောင်း တွေ့ကြုံခဲ့ဖူးသူ နောက်တစ်ဦးမှာ မကြာသေးမီက ကွယ်လွန်အနိစ္စရောက်သွားခဲ့သော ကမ္ဘာကျော်ကယ်လီဖိုးနီးယားပတ်ထရာမင်းသမီးချော၊ အယ်လိဇဘက်တေလာ Elizabeth Taylor ပင် ဖြစ်သည်။ သူသည် အသက်ငယ်ရွယ်စဉ်က သေခါနီးအတွေ့အကြုံကို ခံစားခဲ့ရဖူးကြောင်း ပြောပြခဲ့သည်။ လွန်ခဲ့သော ၁၉၅၀ ပြည့်နှစ်များကာလက ရုပ်ရှင်မင်းသမီးချော အယ်လိဇဘက်တေလာသည် ရောဂါဝေဒနာကြောင့် ဆေးရုံတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ ဆရာဝန်များက သူ့အား ခွဲစိတ်ကုသပေးနေစဉ်မှာပင် သူသည် ခွဲစိတ်ကုတင်ပေါ်၌ အသက်ရှူရပ်တံ့သွားခဲ့ပြီး သေဆုံးသွားခဲ့သည်။ ခွဲစိတ်ကုဆရာဝန်များကလည်း စမ်းသပ်ကြည့်ပြီးနောက် သူကွယ်လွန်သွားကြောင်း အတည်ပြုခဲ့ကြသည်။ ဤသို့ခွဲစိတ်ကုဆရာဝန်များက သူသည် သေဆုံးသွားပြီဟု ယူဆထားချိန်တွင် အယ်လိဇဘက်တေလာသည် တောက်ပသော အလင်းရောင်ကို တွေ့မြင်ရပြီး ကာလကြာမြင့်စွာက ကွယ်လွန်သွားခဲ့သော ခင်ပွန်းဟောင်းဖြစ်သူမိုက်ခ်တော့ဒ်၏ဝိညာဉ်ကိုတွေ့မြင်ခဲ့ရသည်။ ၎င်းမှာ လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်အနိစ္စရောက်သွားသူဖြစ်သည်။ အယ်လိဇဘက်တေလာ၏ ခင်ပွန်းဟောင်းဖြစ်သူဝိညာဉ်ကသူ့အားဖွတ်အတင်းတွန်းပြီး လူ့လောကသို့ ပြန်ပို့လိုက်သောကြောင့် သူသည် သတိလစ်မေ့မြောနေရာမှ လန့်နိုးလာခဲ့သည်။

အယ်လိဇဘက်ခွဲစိတ်ကုတင်ပေါ်၌ ပြန်လည်အသက်ရှင်လာသည်ကို ခွဲစိတ်ကုသပေးနေသော ဆရာဝန်အဖွဲ့က တအံ့တသြတွေ့မြင်လိုက်ကြရသည်။ ဤအဖြစ်အပျက်ကလေးကို နှစ်ပေါင်းများစွာအကြာ ဟောပြောပွဲတစ်ခုတွင် လူထုပရိသတ်ကြီးအား ပြောပြခဲ့ရာ ပရိသတ်ကြီးမှာ တမလွန်ဘဝသို့ရောက်ခဲ့သော အကြောင်းကို တအံ့တသြသိရှိခွင့်ရခဲ့ကြသည်။

**ကော်လ်တန်**

ကောင်းကင်ဘုံသို့ အလည်အပတ်ရောက်ရှိခဲ့ဖူးသော သားငယ်၏ နောက်ဘဝတမလွန်ရှိကြောင်းကို မိဘနှစ်ပါးဖြစ်သူ ဖခင်တော့ဒ်နှင့် မိလင်လဲန်းတို့က **ကောင်းကင်ဘုံဆိုတာ တကယ်ရှိတယ်** Heavenis for Real **ဟူသော စာအုပ်**ကို ရေးသားခဲ့ကြသည်။ ၎င်းတို့နှစ်ဦးရေးသားသော (Heavenis for Real)စာအုပ်မှာ ၂၀၁၀ ပြည့်နှစ်တွင် အရောင်းသွက်ခဲ့ပြီး ထိုစာအုပ်ကို ၂၀၁၄

ခုနှစ်က ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ရသည်။ လူ့လောကသို့ ပြန်လည် ရောက်ရှိလာသော ကောင်းကင်ဘုံသို့ အလည်ရောက်ခဲ့ဖူးသည့် ချာတိတ်ကလေး ကော်လ်တန်၏ဖခင်မှာတော့ ခရစ်ယာန်ဘုန်းကြီးဖြစ်သည်။

ဎင်းက ကောင်းကင်ဘုံတမလွန်ဘဝသို့ အလည်အပတ်ခရီးသွားပြီး လူ့လောကသို့ ပြန်လည်ရောက်ရှိလာသော သားငယ်၏အံ့ဩဖွယ်အဖြစ်အပျက်ကို ထိုစာအုပ်တွင် ရေးသားထားသည်။ ၂၀၀၃ ခုနှစ်က အသက် ၄ နှစ်အရွယ်ရှိ သားဖြစ်သူ ကော်လ်တန်သည် ရောဂါဝေဒနာကြောင့် ဆေးရုံတွင် ခွဲစိတ်ကုသမှု ခံယူနေစဉ် သေဆုံးသွားခဲ့သည်။ သို့ရာတွင် ကံကောင်းထောက်မစွာ ဎင်းသည် အသက်ပြန်ရှင်လာခဲ့ပြီးနောက် ဎင်းသတိလစ်မေ့မြောသွားစဉ် တွေ့ကြုံခဲ့ရပုံများကို မိဘနှစ်ပါးအား ပြောပြခဲ့သည်။

သို့ဖြစ်ရာ <u>သားငယ်ရောက်သွားခဲ့သောနေရာမှာ ကောင်းကင်ဘုံဖြစ်ရမည်</u>ဟု မိဘများက ယူဆခဲ့ကြသဖြင့် သားငယ်၏အတွေ့အကြုံများကို စာအုပ်ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်မှာNew York Times၏ အရောင်းအသွက်ဆုံးစာအုပ်စာရင်းတွင် နံပါတ်တစ်နေရာချိတ်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည်။သို့ရာတွင်လူအချို့ကမူ သားဖြစ်သူခွဲစိတ်ခန်း၌သေဆုံးသွားကြောင်းအထောက်အထားမရှိသဖြင့် ဝေဖန်ခဲ့ကြသည်။ စာအုပ်သူအများစုကမူ ထိုစာအုပ်၏ သဘာဝလွန်အဖြစ်အပျက်များကိုဖတ်ရှုရသဖြင့်သဘောကျနှစ်သက်ကြောင်းအကဲဖြတ်ခဲ့ကြသည်။

**<u>ဒေါက်တာအက်ဘင်အလက်ဇန္ဒား</u>**

သေခါနီးအတွေ့အကြုံအကြောင်းကို စာအုပ်အဖြစ်ရေးသားခဲ့သူ ဒေါက်တာအက်ဘင်အလက်ဇန္ဒား(Dr.Eben Alexander)သည် ဟားဗတ်ဒ်ဆေးကျောင်းတွင် သင်ကြားပြသခဲ့သော အာရုံကြောခွဲစိတ်ကုသ ဆရာဝန်တစ်ဦးဖြစ်ပြီး ဝါရင့်ဆေးပညာရှင် ခွဲစိတ်ကုဆရာဝန်တစ်ဦးဖြစ်သည်။ ဎင်းသည်တမလွန်ဘဝရောက်သွားပြီး ကောင်းကင်ဘုံကို အလည်အပတ်ခရီး ရောက်ခဲ့သော ဎင်း၏သေခါနီးဘဝအတွေ့အကြုံအကြောင်းကို အများပြည်သူ လူထုအား သိစေလိုသောဆန္ဒဖြင့် ကိုယ်တွေ့ဖြစ်ရပ်မှန် (Proof of Heaven) စာအုပ်ကို ရေးသားခဲ့သည်။

လွန်ခဲ့သော ၂၀၀၈ ခုနှစ်က အာရုံကြောခွဲစိတ်ကုဆရာဝန် ဒေါက်တာအက်ဘင်သည် ဦးနှောက်နှင့်ကြောရိုးရှိ အာရုံကြောယောင်ယမ်းသောရောဂါအသည်းအသန်ဖြစ်သဖြင့် သတိလစ်မေ့မြောသွားခဲ့သည်။ဎင်းသတိလစ်မေ့မြောသွားစဉ် ကြုံတွေ့ခဲ့ရသော သေခါနီးအတွေ့အကြုံနှင့်စပ်လျဉ်း၍ ဆေးပညာရှုထောင့်မှ ရှင်းပြနိုင်ခြင်းမရှိကြောင်း ဎင်းက ပြောပြသည်။

ဒေါက်တာအက်ဘင်အလက်ဇန္ဒားသည် ခန္ဓာကိုယ်တွင်းမှ ဝိညာဉ်လွင့်မျော ထွက်သွားပြီး ကောင်းကင်တိမ်တိုက်များကို ဖြတ်ကျော်ပြီး လွင့်မျောသွားသည်။ ၎င်းသည် ရောမဟင်းလင်းပြင်ကြီးထဲသို့ ရောက်ရှိနေသကဲ့သို့ခံစားရကြောင်း ပြောပြသည်။ ၎င်းက သေခါနီးအတွေ့အကြုံအရ စိတ်အာရုံမှာ ဦးနှောက်ကို မှီခိုသောအရာဖြစ်ပြီး သေခြင်းတရားမှာ အာရုံကိုလှည့်ဖြားမှုပင်ဖြစ်ကြောင်း သိရှိရသည်ဟုဆိုသည်။ ၎င်း၏ရှာဖွေသိရှိခဲ့မှုအရ **သိပ္ပံပညာသည် ကောင်းကင်ဘုံ အမှန်တကယ်တည်ရှိကြောင်း ဆုံးဖြတ်ပေးနိုင်သည်**ဟု ယူဆမိကြောင်း ပြောပြသည်။

ဒေါက်တာအက်ဘင်က ထိုသို့ပြောကြားခဲ့မှုကြောင့် ဝေဖန်မှုအတော်များများ ခံခဲ့ရသော်လည်း ၎င်း၏အသက်မွေးဝမ်းကျောင်း၊ သိပ္ပံပညာရှင်တစ်ဦးဖြစ်မှုတို့ကြောင့် ၎င်း၏တမလွန်ဘဝအတွေ့အကြုံမှာ အခြားသူများထက်စာလျှင် ပိုမိုခိုင်လုံနိုင်နိုင်ရှိပြီး ခိုင်လုံကြောင်း ယူဆထားကြသည်။ ရှေးခေတ်ကာလမှ အတွေးအခေါ်ပညာရှင် ဒဿနဆရာကြီး ပလေတို Plato ကလည်း သေခါနီးအတွေ့အကြုံကို မှတ်တမ်းတင်ရေးသားဖော်ပြခဲ့သည်။ ဂရိဒဿနတွေးခေါ်ပညာရှင်ကြီး ပလေတိုက စစ်ပွဲတွင် သေဆုံးသွားသူအာ(Er)အမည်ရှိ စစ်သားတစ်ဦး၏ တမလွန်ဘဝသို့ရောက်သွားခဲ့သောအကြောင်းကို ရေးသားခဲ့သည်။ စစ်ပွဲကြီး ပြီးမြောက်ပြီးနောက် စစ်မြေပြင်တွင် ကျဆုံးသွားသောစစ်သားများ၏ရုပ်အလောင်းများကို ကောက်ယူသောအခါ အာ(Er)အမည်ရှိရုပ်အလောင်းမှာအခြားအလောင်းများကဲ့သို့ ပုပ်သိုးသွားခြင်းမရှိကြောင်းတအံ့တဩတွေ့ရှိခဲ့ကြရသည်။

* * *

၎င်းသေဆုံးသွားပြီး နှစ်ရက်အကြာတွင် ထူးခြားစွာ အသက်ပြန်ရှင်လာခဲ့သည်။ ၎င်းက သေဆုံးသွားပြီးနောက် တမလွန်ဘဝတွင်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို အခြားစစ်သားများအား ပြန်လည်ပြောပြခဲ့သည်။ ၎င်း၏ တမလွန်ဘဝအကြောင်းတွင် လူပြန်ဝင်စားသောအကြောင်းလည်း ပါဝင်သည်။ ထို့ပြင် ၎င်း၏ တမလွန်ဘဝအတွေ့အကြုံအရ ကိုယ်ကျင့်တရားကောင်းသူများမှာ နောက်ဘဝတွင် ကောင်းမှုများအတွက် ဆုလာဘ်ချီးမြှင့်ခံရပြီး အကျင့်သီလ ဖောက်ပြန်ပျက်ပြားသူများမှာမူ အပြစ်ဒဏ်ပေးခြင်းခံရကြောင်းသိရှိရသည်။ ၎င်းတို့၏ တမလွန်ဘဝအကြောင်းမှာ သိပ္ပံပညာ၊ ဘာသာရေးနှင့်အတွေးအခေါ်ဒဿနပညာတို့အပေါ်ရာစုနှစ်ပေါင်းများစွာဩဇာလွှမ်းမိုးထားခဲ့ပေသည်။

***–ဖိုင်စိုးဟန်၊ ၂၀၁၅ ဧပြီလထုတ် သုတစွယ်စုံမဂ္ဂဇင်း စာ ၁၇၁ မှ။***

# ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်



လူသားများသည် လိုလျှင်လိုသလို မလိုလျှင်မလိုသလို ပြောတတ်ကြသည်။ "လူ့အကြိုက် နတ်မလိုက်နိုင်" ဆိုသည့်အတိုင်း လူ့အကြိုက်လိုက်နိုင်ဖို့မလွယ်ကူ။ ရှေးတုန်းက ကျောင်းထိုင် ဘုန်းကြီး ၂-ပါး တောလမ်း ခရီးဖြတ်ပြီး ကျောင်းသားများနှင့်အတူ အလှူတစ်ခုသွားကြသည်။ နောက်က ကျောင်းသားများက "တို့ဘုန်းကြီးက မြန်သည်။ တို့ဘုန်းကြီးကမြန်သည်"ဟု ကျောင်းသား ၂-ယောက် ဘုန်းကြီးချင်း ပြိုင်ကြသဖြင့် နောက်ဆုံးဘုန်းကြီးများက ကျောင်းသားများအားတက်အောင် မြန်မြန်သွားရုံမကဘိနပ်ချွတ်၊ခါးတောင်းကျိုက်ပြီး ပြိုင်ပြေးရသည့်အဆင့် ရောက်သွားကြ။ ယခုအခါမှာလည်း မြန်မာပြည်၌ လူတော်တော်များများသည် ဘုန်းကြီးများကို မြှောက်လိုက်၊ ချောက်လိုက်လုပ်နေကြသည်။ **"လိုလျှင် တို့ဘုန်းကြီး၊ မလိုလျှင် ဘုန်းကြီးအလုပ် ဘုန်းကြီးမလုပ်"**ဟု သွားပုပ်လေလွင့် ပြောနေကြသည်။ **"မလိုတမာ၊ လိုသကာ"**ဆိုသလို သူတို့မလိုသော ဘုန်းကြီးများကို ဆွမ်းမလောင်းဘူးဟုပင် ပြောနေကြသည်။ **"သူ၏အကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ ဖွဲ့မှတ်ယူ၏"**ဆိုသည့်အတိုင်း ကြောက်စရာကောင်းလှပေစွ။

ဘုန်းကြီးအလုပ်ဟူသည်-

"ရဟန်းကိစ္စ၊ နှစ်ခုရှိ၊ လုံ့လအားသည်း"ဆိုသည့်အတိုင်း-

၁။ **ဂန္ထဓုရ**- ပရိယတ္တိစာပေကျမ်းဂန်လာ ဗုဒ္ဓဓမ္မများကိုကိုယ့်အတွက်သင်ယူခြင်း၊ ရဟန်းရှင်လူမည်သူမဆိုလိုအပ်သူများအတွက်သင်ပေးခြင်းတာဝန်၊

၂။ **ဝိပဿနာဓုရ**- သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းတာဝန် ဟူသော လုပ်ငန်းတာဝန်များကို လုပ်ဆောင်ခြင်းသည်သာဘုန်းကြီးအလုပ် ဖြစ်သည်။

ထို ၂ မျိုးတွင် 'ဂန္ထဓုရ'ဟူသည် ပရိယတ္တိသာသနာပြုလုပ်ငန်းပင်ဖြစ်သည်။ ရဟန်းသာမဏေကိုဖြစ်စေ၊ ကျောင်းသားကပ္ပိယကိုဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်

ဒါယကာ၊ ဒါယိကာမကိုဖြစ်စေ ဘာသာခြား၊ လူမျိုးခြားကိုဖြစ်စေမည်သူ့ကိုမဆို လိုအပ်သူများအတွက် နှုတ်ဖြင့်သင်ပေးခြင်း၊ ဟောပြောပေးခြင်း၊စာဖြင့်ရေးသား ဖြန့်ဝေခြင်း၊ ယောဂီများအား တရားပြပေးခြင်း၊ယဉ်ကျေးမှုသင်တန်းသင်ပေးခြင်း စသည်အားလုံး ပါဝင်သည်။

ဒါတင်မက–"**မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နားဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွှန့်သေရှာ**"ဟူသော သိင်္ဂါလသုတ်လာရဟန်းဝတ္တရားများသည်လည်း ဘုန်းကြီး ၊ခလုပ်ပင်ဖြစ်သည်။

'မကောင်းမြစ်တား'ဟူသည် မကောင်းမှုဒုစရိုက်များမလုပ်ရန်၊အမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေး၊ စီးပွားရေး၊ ပညာရေးစသည်တိုင်းရေးပြည်ရေးပါ မကျန် မကောင်းသည့် အရာမှန်သမျှကို တားမြစ်ရမည်။ ဟန့်တားရမည်။ ဘာသာ သာသနာပျက်သုဉ်းမည့်အိမ်ထောင်ဖက်ရွေးချယ်မှုမပြုရန်၊ဘာသာခြား၊ လူမျိုးခြားအတွက်လုပ်နေသောပုဂ္ဂိုလ်များ၊ပါတီများကို မဲမပေးရန်၊ ဈေးဝယ်ရာ၌ ပင် အဆိပ်ပင်ရေလောင်းမဖြစ်စေရန်၊ ဘာသာဖျက်မည့်သူများအား ဈေးရောင်း ဈေးဝယ် အားမပေးရန်၊ တချို့အမျိုးသမီးများ၏ မိမိခန္ဓာကိုယ်ကို လူမျိုးခြား၊ ဘာသာခြားလက်သို့ ပေးအပ်ရုံမက မိမိနိုင်ငံကိုပါ လူမျိုးခြား၊ ဘာသာခြား လက်သို့အပ်ရန်၊ မိစ္ဆာစေတနာပိုနေမှု၊ တလွဲဆံပင်ကောင်းနေမှုပြုလုပ် နေသည်များကို ဟန့်တားခြင်း စသည် ဟောပြောပေးခြင်း၊ လမ်းညွှန်ပေး ခြင်းများသည်လည်း **မကောင်းမြစ်တား ဟူသော ဘုန်းကြီးအလုပ်ပင်ဖြစ်သည်**။

'ကောင်းရာညွှန်လစ်'ဟူသည် အပြစ်ကင်းပ ကောင်းကျိုးရသည့် ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး၊ လူမှုရေး၊ အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေး၊ အမျိုး ဘာသာ သာသနာအတွက် အားကိုးရမည့်ပုဂ္ဂိုလ်များ၊ ပါတီများကို မဲပေး ရွေးချယ်ရန်၊ အားပေးရန်၊ မိမိလူမျိုးများ အိမ်ထောင်ဘက်ရွေးရာ၌ နစ်နာဆုံးရှုံးမှု မဖြစ်စေရန်၊ အမျိုးစောင့်ဥပဒေပေါ်ထွန်းရေးလုပ်ဆောင်မှုစသော လုပ်သင့် လုပ်ထိုက်သည့် ကောင်းမွန်သောလုပ်ငန်းများ လုပ်နိုင်အောင် ညွှန်ပြပေးခြင်း၊ လမ်းညွှန်ပေးခြင်း၊ ဟောပြောပေးခြင်းစသည်တို့သည် **ကောင်းရာညွှန်လစ်ဟူသော ဘုန်းကြီးအလုပ်ပင်ဖြစ်သည်**။ ကုသိုလ်ကောင်းမှုကို အချို့က ဒါန၊ သီလ၊ ဘာဝနာလောက်သာ ထင်နေကြသည်။

"**အပြစ်ကင်းပ၊ ကောင်းကျိုးရ၊ ပုညကုသိုလ် ကောင်းမှုဆို**"၊ (ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ)

အမြင်ကျဉ်းသူတချို့က ယဉ်ကျေးမှုသင်တန်းပြပေးသော ရှင်ရဟန်းများကို ကိုယ့်အလုပ်ကိုယ်မလုပ်ဟုပြောတတ်ကြသည်။ ဒါတင်မက ဘာမှမလုပ်ဘဲ အိပ်ကာ၊ စားကာအကြည်ညိုခံသက်သက် သာရေးနာရေးဖြင့် အချိန်ကုန်နေသူ ဘုန်းကြီးများကိုသာ 'ဘုန်းကြီးအလုပ်ဘုန်းကြီးလုပ်သူ၊ကြည်ညိုစရာကောင်းသူ' ဟုပင် အလွဲအမှား ထင်မြင်ယူဆပြောဆိုနေကြသေးသည်။ ဓာတ်ရိုက်ဓာတ်ဆင် ဗေဒင်ယတြာ အခါပေးဓာတ်လုံးထိုး ဓာတ်လုံးစိမ်ရေ၊ဓာတ်လုံးစိမ်ဆီတိုက်သည့် ဘိုးတော်ဘုန်းကြီးများကိုပင် ရဟန္တာတမျှ အထင်ကြီးနေကြသည်။ ဒါကိုပင် ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်နေကြသည်ဟု ထင်နေကြသည်။ ထိုဓာတ်ရိုက် ဓာတ်ဆင် စသော အလုပ်များသည် ဘုရားစက်ဆုပ်လှသည့်အလုပ်များဖြစ်သည်။ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အလုပ်မဟုတ်ပါ။ ပုဂံခေတ်အရည်းကြီးများ၏ လမ်းစဉ်ဖြစ်သည်။

(**ကံကောင်းမှု ကံမကောင်းမှုသည် မိမိလုပ်ရှင့်သာဆိုင်သည်**။ ကံဟူသည် ပါဠိဘာသာ ကမ္မဟူသော ဝေါဟာရမှဆင်းသက်လာသော ပါဠိသက်ဝေါဟာရ ဖြစ်သည်။ ကမ္မသည် အလုပ်ဟုအဓိပ္ပါယ်ရသည်။ အလုပ်ကောင်းမှ ကံကောင်းမည်။ အလုပ်မကောင်းလျှင် ကံမကောင်းနိုင်ပါ။ ကံကောင်းအောင် ဗေဒင်၊ ယတြာ၊ ဓာတ်၊ နတ်၊ ဘိုးတော်၊ မယ်တော်စသည်တို့က ပြုလုပ်ပေးလို့မရပါ။ ရလျှင် သူတို့အတွက် သူတို့လုပ်မှာပေါ့။ သူတို့သည်ပင်လျှင် သူများပေးစာ ကမ်းစာ စားနေ ရသူများဖြစ်သည်။ ကိုယ့်ကိုယ်ကိုတောင်ကံကောင်းအောင် မလုပ်နိုင်သူ ဘိုးတော်၊ မယ်တော်များက သူများကိုကံကောင်းအောင် လုပ်ပေးနိုင်သူများဟု ထင်နေလျှင် မှားလေစွ၊ ကံကောင်းလိုလျှင် ကောင်းသောအလုပ်များကိုသာ လုပ်ပါ။)

မြတ်ဗုဒ္ဓလက်ထက် ရှင်ဥပါလိက ဝိပဿနာအလုပ်ဖြင့်သာတောထဲ၌ သွားနေလိုကြောင်း မြတ်ဗုဒ္ဓထံ ခွင့်ပန်ရာ မြတ်ဗုဒ္ဓက တောထဲသွားနေလျှင် ကိုယ်ကျိုးအတွက်သာဖြစ်မည်။ ပရဟိတလုပ်ငန်းများလုပ်နိုင်အောင် တောထဲ သွားနေခွင့်မပြုဘဲ ပရဟိတလုပ်ငန်းများလုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော် သည်။ ဒါကိုကြည့်ခြင်းအားဖြင့် မြတ်ဗုဒ္ဓသည် စွမ်းနိုင်သူများ ပရဟိတလုပ်ငန်း များများ လုပ်ဖို့ လိုလားသည်။ ပရဟိတလုပ်ငန်းမစွမ်းဆောင်နိုင်သူသာ ဝိပဿနာစုရ သက်သက်လုပ်ဖို့ လိုလားတော်မူသည်။

တတိယသံဂါယနာတင်ပြီးချိန် ၉–တိုင်း၊ ၉–ဌာန သာသနာပြုအဖွဲ့ ဆရာတော်များသည်လည်း။ အနယ်နယ်အရပ်ရပ် လှည့်လည်ကာ မနေမနား

သာသနာပြုသွားကြသည်။ သူတို့သွားသောနေရာများသည် လူမျိုးခြား၊ ဘာသာခြားသာဖြစ်သဖြင့် ခက်ခက်ခဲခဲ သာသနာပြုကြရသည်ကို သတိပြုရမည်။ ယခုခေတ်လို အကြည်ညိုခံသက်သက်ဖြင့် မလုံလောက်ပါ။ ဗုဒ္ဓသာသနာ မကြည်ညိုသူများကို ကြည်ညိုအောင်၊ကြည်ညိုပြီးသားလူကိုလည်းပိုမိုကြည်ညို လာအောင် စည်းရုံးရမည်။ ဟောပြောရမည်။ လိုအပ်သလို ဆောင်ရွက်ရမည်။ ပုတီးထိုင်စိပ်နေရုံ၊ သက်န်းခေါင်းမြီးခြုံ ခြေကန်အိပ်နေရုံဖြင့် ဘယ်သူမှကြည်ညို လာမည်မဟုတ်။ ကြည်ညိုပြီးသားသူများလည်း တဖြည်းဖြည်း နောက်ဆုတ်သွား လိမ့်မည်။ ထိုသို့ ကြောင့်ကြမဲ့နေမှုများကြောင့် ယခင်က သာသနာထွန်းကားခဲ့ သော အိန္ဒိယ၊ ပါကစ္စတန်၊ အာဖန်ဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား စသည်ဒေသများမှာ ဗုဒ္ဓသာသနာ ပျောက်ကွယ်သွားခဲ့ကြပေပြီ။

**ကိုယ်ကျိုးတစ်ခုတည်းအတွက် ဘုန်းကြီးအောင် လာဘ်လာဘပေါ်အောင်၊ ကြည်ညိုသူ မများများအောင် ရည်ရွယ်ချက်ဖြင့် ပုတီးစိပ်၊ ဂုဏ်တော်ပွါး၊ ပရိတ်ရွတ်၊ ပဋ္ဌာန်းရွတ်၊ မေတ္တာပို့၊ သက်သတ်လွတ်စား စသည်တို့ကို သာသနာပြုဟု မခေါ်နိုင်ပါ**။ ကိုယ့်နေရာ ကိုယ်ထိုင်ပြီးအကြည်ညိုခံသက်သက် နေလျှင်လည်း သာသနာပြုဟု မဆိုနိုင်ပါ။ အချို့သော ဘိုးတော်၊ မယ်တော်များ ဝိဇ္ဇာအမည်ခံများသည် ကိုယ်ကျိုးတစ်ခုတည်းအတွက်ကြည့်ပြီးမလိုအပ်ဘဲဘုရား အပြိုင်အဆိုင်တည်နေကြသည်။ လိုအပ်နေသည့်နေရာ၌လိုအပ်သလောက်ဘုရား တည်မှုကား ကောင်းပါသည်။ မလိုအပ်ဘဲဘုရားတည်လျှင်လိုအပ်သည့်ပရိယတ္တိ၊ ပဋိပတ္တိသာသနာပြု လုပ်ငန်းများအတွက် နစ်နာဆုံးရှုံးရသာဖြစ်မည်။ အင်ဒိုနီးရှားရှိ ဗောရောဗုဓောဘုရားကြီးကဲ့သို့ ပြတိုက်အဖြစ်သာကျန်ရှိလိမ့်မည်။ **မလိုအပ်ဘဲ မြေပြင်မှာ ဘုရားတည်ခြင်းထက် လူများ၏နှလုံးသားမှာ ဘုရားတည်ခြင်းက ပိုမိုမှန်မြတ် ထိရောက်ပါသည်**။ ကျမ်းဂန်များ၌ "သဒ္ဓါဒေယျဝိနိပါတ ဒုက္ကဋ်=သဒ္ဓါ တရားဖြင့်လှူသူ့တို့၏ပစ္စည်းများကိုအလဟဿဖြုန်းတီးပစ်သည့်မကောင်းသော လုပ်ရပ်"ဟုပင်မိန့်ဆိုထားသည်။ဗုဒ္ဓဘာသာများသဒ္ဓါ+ပညာမျှတ အောင် ကျင့်သုံးနိုင်ကြပါစေ။သူများပြောက်တိုင်းမပြောက်ကြလေနှင့်၊သတိရှိနိုင်ကြပါစေ။

သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်လျှင်ကား ပြုလုပ်သူအတွက် ကောင်းကျိုးရနိုင်ပါသည်။ သူတစ်ပါးကို သာသနာပြုသည်ဟု မဆိုနိုင်သေးပါ။ မကြည်ညိုသူများ ကြည်ညိုလာအောင်၊ ကြည်ညိုပြီးသူများ ပိုမိုသဒ္ဓါတရားပွါးများအောင် လိုအပ်သူများအတွက် လိုအပ်သောနေရာများသို့ သွား၍-

**"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်" ဓသော ရဟန်းဝတ္တရားများဖြင့် သိရှိနားလည်အောင်၊ လိုက်နာကျင့်သုံးနိုင်အောင် သင်ပြပေးခြင်း၊ ဟောပြောပေးခြင်း၊ ရေးသားဖြန့်ဝေပေးခြင်း၊ ညွှန်ပြပေးခြင်းစသည်တို့သည် ဘုန်းကြီးအလုပ်ဖြစ်သည်**။ ထို့ကြောင့် အမျိုးဘာသာ သာသနာချစ်မြတ်နိုးသူများသည် ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်သူ၊ ဘုန်းကြီးအလုပ် ဘုန်းကြီးမလုပ်သူများကို ခွဲခြားသိမြင်နိုင်ရန် အသိပေးရင်း "ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်" ဟူသော ဆောင်းပါးကို အဆုံးသတ်အပ်ပါသည်။

**- ဆရာတော်ဦးတိလောကာဘိဝံသ(အင်းစိန်)၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့။**

***ပထမဝါဆိုလပြည့်ကျော် ၁၂-ရက်၊ ၁၃၇၇-ခု၊ (ဇူလိုင်လ ၁၃ ရက်၊ ၂၀၁၅)***

***(၁၆-၇-၂၀၁၅) သာကီသွေးဂျာနယ် တ ၇။***

## ထိုင်းတွင် ဘိက္ခုနီဝတ်ခြင်း ပိတ်ပင်တားမြစ်ထားသည်ကို ဘိက္ခုနီလှုပ်ရှားရေးသမားများက တရားရုံးတွင် ရင်ဆိုင်မည်ဟုဆို

**ဘန်ကောက် ဇူလိုင် ၂၀ ရက်**

ထိုင်းနိုင်ငံတွင် ဘိက္ခုနီဝတ်ပေးခြင်းကို ပိတ်ပင်တားမြစ်ထားသည့်ကိစ္စနှင့် ပတ်သက်၍ ကျား-မ အခွင့်အရေးခွဲခြားခြင်းကို မလိုလားသူများက နိုင်ငံတော်သံဃာ့ကောင်စီကို စောဒကတက်လိုက်ပြီး တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းမည်ဟု ပြောကြားခဲ့ကြောင်း ဘန်ကောက်ပို့စ်က ဖော်ပြသည်။

ကျား-မအခွင့်အရေးခွဲခြားခြင်းကို မလိုလားသည့်အုပ်စုက နိုင်ငံတော်သံဃာ့ကောင်စီကို တရားရုံးတွင် ရင်ဆိုင်ယှဉ်ပြိုင်ရန် စဉ်းစားလိမ့်မည်ဟု ထိုင်းနိုင်ငံတွင် ဘိက္ခုနီသာသနာရှင်သန်ရပ်တည်ရေးစီမံကိန်းချဆောင်ရွက်မည့်ကွန်ရက်ပူးပေါင်းဆောင်ရွက်သူ ဆုတာဒါမေးစရွှန်ဂရူအန်ကူလ်က ဆိုသည်။

အမျိုးသမီးများကို ဘိက္ခုနီဝတ်မပေးရန် ထိုင်းသံဃာတော်များအား နိုင်ငံတော်သံဃာ့ကောင်စီက ယမန်နှစ်ဒီဇင်ဘာ ၁၁ ရက်၌ ပိတ်ပင်တားမြစ်ခဲ့ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီဖြင့် ဆောင်ရွက်မည်ဟု ဒေါ်ဆုတာဒါမေးစရွှန်ဂရူအန်ကူလ်က ဆိုသည်။

**"နိုင်ငံတော်သံဃာ့ကောင်စီရဲ့အမိန့်နဲ့ပတ်သက်လို့ တရားရုံးမှာရင်ဆိုင်ယှဉ်ပြိုင်ရေးအတွက် ကျွန်မတို့လေ့လာမှုပြုလုပ်ပါမယ်၊ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို အကာအကွယ်ပေးပြီး ချိုးဖောက်ဖျက်ဆီးခံရတဲ့ အမျိုးသမီး**

**အခွင့်အရေးတွေကို ပြန်လည်ထူထောင်ပေးသင့်ပါတယ်**"ဟု နိုင်ငံတော်သံဃာ့ကောင်စီ၏အမိန့်နှင့်ပတ်သက်၍ မကြာသေးမီက ပြုလုပ်ခဲ့သည့် ဖိုရမ်တွင် မေခရွန် ဂရူအန်ကူလ်က ဆိုသည်။

နိုင်ငံတော်သံဃာ့ကောင်စီ၏ အငြင်းပွားဖွယ်အမိန့်သည် ဂိုဏ်းချုပ် ဘုန်းတော်ကြီး (Supreme Patriarch)က ၁၉၂၈ ခုနှစ်၌ထုတ်ခဲ့သည့် အမိန့်အပေါ် အခြေခံသည်။ အမျိုးသမီးများ ဘိက္ခုနီဝတ်ခြင်း၊ သာမဏေရီ (အမျိုးသမီးကိုရင်)ဝတ်ခြင်းတို့ကို ပိတ်ပင်တားမြစ်သည်။

သီရိလင်္ကာမှ(ရဟန်းယောကျ်ားနှင့်ရဟန်းမိန်းမ)တို့ **ယမန်နှစ်နိဝင်ဘာ** နောက်ပိုင်း၌ ထိုင်းနိုင်ငံသို့ရောက်လာပြီး သိပ္ပါယာသာသနိဓမ္မဘိက္ခုနီအရာမ်တွင် ဘိက္ခုနီရှစ်ပါးနှင့် သာမဏေရီ ၄၇ပါးဝတ်ပေးခဲ့သည်။ထိုဆောင်ရွက်မှုကို တုန့်ပြန်သောအားဖြင့် နိုင်ငံတော်သံဃာ့ကောင်စီက အမိန့်ထုတ်ခြင်းဖြစ်သည်။

နိုင်ငံတော်သံဃာ့ကောင်စီ၏အမိန့်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းက အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးနှင့် အရပ်သားလွတ်လပ်ခွင့်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေရုံမျှမက မြတ်ဗုဒ္ဓက ဘိက္ခုနီအဖွဲ့အစည်းကို ခွင့်ပြုခဲ့ခြင်းနှင့်လည်း ဆန့်ကျင်နေကြောင်း နိုင်ငံတော်သံဃာ့ကောင်စီ၏အမိန့်ကို တရားရုံးတွင် ရင်ဆိုင်ယှဉ်ပြိုင်မည်ဆိုခြင်းကိုထောက်ခံကြောင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီဝင် ပိုင်ဘူး(န်)နီတီတာဝမ်က ဆိုသည်။

ထိုင်းနိုင်ငံတွင် ဘိက္ခုနီသာသနာကို ဖျက်သိမ်းခြင်းမပြုခဲ့သော်လည်း ယခုအခါတွင် ကွယ်ပျောက်နေပြီဖြစ်ရာ ပြန်လည်အသက်သွင်းရှင်သန်စေရန် ဖြစ်နိုင်သည်ဟု မစ္စတာပိုင်ဘူး(န်)က ဆိုသည်။ Ref: Dangkok Post

*-(၂၁-၇-၂၀၁၄) ဒီမိုကရေစီတူဒေးမှ။*

## ကြီးရင့်ဘဝ အသုံးချ

လူသားသည် အသက်မည်မျှပင် ကြီးရင့်လာစေကာမူ လေ့လာမှု၊ ရှာဖွေမှု၊ ပညာရှာမှုများကို မည်သည့်အခါတွင်မှ မရပ်သင့်၊ မလျော့သင့်ပါ။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အသိဉာဏ်ပညာသည်လည်း၊ တိုးတက်ကြီးမြင့်လာရမည်ဖြစ်၏။ ပိပိစိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ရပ်ကို အမြဲမပြတ် ပညာယူ၊ အတုယူ သတိပြုဆင်ခြင်၊ အများအကျိုးပြုနေလျှင် ပျင်းရိငြီးငွေ့ဖွယ်မဖြစ်တော့ဘဲ အစဉ်အမြဲ တက်ကြွ ပျော်ရွှင် လန်းဆန်းနေပေမည်။

*-ဦးပေါက်ကျော်။*

# ညီမလေးရေ သိစေချင်

* လူသားတွေရေးထိုးကြတဲ့
ခေတ်စနစ်တံတားတစ်စင်းပေါ်မှာ
ဆံပင်အရောင်တွေ ဖြူနီကြား ပြောက်သောက်ဆိုးပြီး
မော်ဒန်အလှ ဂျပိုးမလေးအလှကို ခုံမင်နေသလား ညီမငယ်...။

* မဖွယ်မရာ အသားကပ်တွေနဲ့
ဘောင်းဘီကို ဖင်ကြပ်ဝတ်
အတွေးအခေါ် ပါးလှပ်လှပ်လူသားတို့ရဲ့
ရှိုးပြွတ်ပုံရိပ် ဆိုစကားလုံးတွေကြား
ငါ့ညီမလေး ပညတ်သွားရာ ဓာတ်သက်ပါ
လွင့်မျောသွားမှာစိုးပါရဲ့ ... ။



* မြန်မာယဉ်ကျေးမှုဆိုတာ ...
လှပမေ့ ယဉ်တစ်ကိုယ်လုံး
ဟိရိဩတ္တပ္ပတရား လက်ကိုင်သုံးပြီး
ခြေဆုံးခေါင်းဆုံး ပိပိရိရိ ရုပ်လုံးကြွလှတဲ့အမျိုးကွယ့်။
တန်ဖိုးရှိရှိ ရိုးတာလေးက ဘယ်တော့မှမရိုးဘူး ညီမငယ် ...။

* ထိုင်မသိမ်း ရင်ဖုံးဝတ်
ရှေးဘုရင်နန်းသုံးခေတ်လိုနေပါ မတောင်းဆိုဘူး
မြီးဆံထုံးကြီး ထုံးဖွဲ့ဆင်သ
ခေတ်စနစ်နဲ့ ပုံမကျပန်းမကျနေပါ မတောင်းဆိုပါဘူး။
မီးခြစ်ဆံလို ကိုယ့်ကိုယ်ကို လောင်တိုက်သွင်းအလှတွေနဲ့
အဖော်အချွတ်ပြပြီး ကိုယ့်ဘဝကို စျေးချမပစ်ဖို့ပြောတာပါ ... ။
ဒီခေတ်နဲ့ အံဝင်တဲ့အလှ
ယဉ်ကျေးမှုတွေ မဖျက်ချဖို့ပဲ သတိပေးတာပါ ... ။



* ကမ္ဘာ့အလယ်မှာ
တို့ရိုးရာအလှအပနဲ့ ဘယ်တော့မှဂုဏ်မညှိုးခဲ့ရသည်မို့
အများအမြင် ရင်ခွင်အေးမြစေတဲ့ ဝတ်စားဆင်ယင်မှုမျိုး
အလုပ်နဲ့ ခေတ်နဲ့အံဝင်အောင် ထုဆစ်ပုံဖော်ပြသ



"ရွှေမြန်မာယဉ်ကျေးမှုအလှနဲ့ နေထိုင်ကြပေါ့"။
အနောက်တိုင်း အပျက်အချော်အလှတွေ
သောက်သောက်လဲ အလွန်အကျူး အားမကျပါနဲ့။
ကိုယ့်ရဲ့မေတ္တာ အာသီသတွေကို နားလည်ပေးပါ ညီမငယ် ...။

*-သုစိန်(ဗုဒ္ဓတက္ကသိုလ်)။*

## တံငါသည် နှင့် ငါးသုံးကောင်

တစ်နေ့မနက်မှာ လူတစ်ယောက်ဟာ ကျဉ်းမြောင်းတဲ့ တံတားတစ်စင်းကို ဖြတ်ကူးလာရင်း တံတားအောက်က သိမ်မွေ့နက်ရှိုင်းတဲ့ မြစ်ရဲ့အရိပ်ရတဲ့ ကမ်းနဖူးမှာထိုင်နေတဲ့တံငါသည်တစ်ယောက်ကို မြင်လိုက်ရပါတယ်။ ဒါကြောင့်သူက (လျှောက်နေရာက)ရပ်ပြီးထိုလူကိုအေးအေးဆေးဆေး ကြည့်ရှုနေလိုက်တယ်။

မိနစ်အနည်းငယ်ကြာတော့ တံငါသည်က သူ့ရဲ့ငါးမျှားတံကိုဆွဲလိုက်တယ်။ ငါးမျှားတံရဲ့အဆုံးမှာ ၀ ၀ ကစ်ကစ်ငါးကြီးတစ်ကောင်။

တံငါသည်က ငါးကို ငါးမျှားချိတ်ကနေ ဆွဲဖြုတ်ပြီး ရေထဲကို ပြန်လွှတ်ပစ်လိုက်တယ်။ အဲဒီနောက် သူက ငါးမျှားချိတ်ကို ပြန်တပ်ပြီး နောက်တစ်ကြိမ် ငါးမျှားပြန်တယ်။နောက်ထပ်မိနစ်အနည်းငယ်ကြာတော့ သူဟာနောက်ထပ်ငါးကြီး တစ်ကောင် ဖမ်းမိပြန်တယ်။ ဒီတစ်ကြိမ်လည်း သူက ငါးကို မြစ်ထဲလွှတ်ပစ်လိုက်ပြန်တယ်။ အဲဒီနောက် တတိယအကြိမ်မှာ သူက ငါးသေးသေးတစ်ကောင်ကို ဖမ်းမိတယ်။ သူဟာ သူ့ရဲ့ခြင်းတောင်းထဲ ငါးကိုပစ်ထည့်ပြီး ထွက်သွားဖို့ ပြင်လိုက်တယ်။တံတားပေါ်ကလူဟာအလွန်ပဲအံ့အားသင့်သွားတယ်။ ဒါကြောင့် သူက ထိုတံငါသည်ကို စကားပြောပါတယ်။

**"ခင်ဗျားက ဘာဖြစ်လို့ လှပကြီးမားတဲ့ငါးတွေကို ရေထဲပြန်လွှတ်ပစ်ရပြီး ဒီလိုငါးငယ်လေးကျတော့ ဖမ်းသွားရတာလဲ"**

တံငါသည်က မော့ကြည့်ကာ ပြန်ပြောလိုက်ပါတယ်။

**"အကြော်ဒယ်ပြားက ငယ်နေလို့ပါဗျာ"**

*-၂၀၁၅ ဇေဇော်ဝါရီလထုတ် The Best English စာစောင် စာ ၃၉ မှ။*

**"သည်းခံခြင်းသည် အောင်မြင်ရာ၏" ဆိုပေမယ့် နေရာတိုင်းတော့ ခေါင်းငုံ့မခံသင့်ဘူး** *-မေသူသူထက်(သရက်)။*

## ငြင်းပယ်ခံရတယ်လို့ ဘယ်တော့မှမခံစားပါနဲ့

တစ်ခါတုန်းက လူငယ်လေးတစ်ဦးဟာ မိန်းကလေးတစ်ဦးအပေါ် မေတ္တာရှိနေခဲ့တယ်။ သူမက အလှအပဆုံး၊ စွဲမက်ဖွယ်အကောင်းဆုံးမိန်းကလေးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့အတွက်တော့ သူမက အရေးပါဆုံးမိန်းကလေး ဖြစ်ခဲ့တယ်။ သူဟာ သူမအကြောင်းနဲ့ သူ့ဘဝရဲ့ လက်ကျန်အချိန်တွေကို သူမနဲ့အတူကုန်ဆုံးဖို့ အကြောင်းကိုပဲ စိတ်ကူးယဉ်လေ့ရှိခဲ့တယ်။ သူ့သူငယ်ချင်းတွေက ပြောကြပါတယ်။ "သူမက မင်းကို ချစ်သလား၊မချစ်ဘူးလားဆိုတာ မသိဘဲ ဘာကြောင့် သူမအကြောင်းကိုပဲ အလွန်အမင်းစိတ်ကူးယဉ်နေရတာလဲ။ ပထမဆုံး မင်းခံစားချက်တွေကို သူမကိုပြောပြီး သူမက မင်းကို ကြိုက်၊ မကြိုက်အရင်သိအောင်လုပ်ပါဦး" ဒါဟာသင့်တော်မှန်ကန်တဲ့နည်းလမ်း ပဲလို့ သူခံစားမိခဲ့ပါတယ်။

မိန်းကလေးက သူဟာ သူမကိုချစ်နေတယ်ဆိုတာ အစကတည်းက သိနေခဲ့ပါတယ်။ တစ်နေ့မှာ သူချစ်ရေးဆိုလာတဲ့အခါ သူမက ငြင်းပယ်လိုက်ပါတယ်။ သူငယ်ချင်းတွေက သူအရက်သောက်တာ၊ ဒါမှမဟုတ် မူးယစ်ဆေးတစ်မျိုးမျိုး သုံးစွဲတာတွေလုပ်၊ သူ့ဘဝကိုသူ ဖျက်ဆီးလိမ့်မယ်လို့ တွေးထင်ထားခဲ့ကြပါတယ်။ သူစိတ်ဓာတ်မကျတာကိုတွေ့တော့ သူတို့ အံ့အားသင့်သွားခဲ့ကြပါတယ်။

သူဟာ ဘယ်လိုအကြောင်းတရားကြောင့် ဝမ်းမနည်းရတာလဲလို့ သူတို့က မေးတဲ့အခါ သူက ပြန်ပြောပါတယ်။

**"ငါဘာကြောင့် ဝမ်းနည်းနေရမှာလဲ။ ငါဆုံးရှုံးခဲ့တာကတော့ ငါ့ကို မချစ်တဲ့သူ တစ်ဦးပါ။ သူမ ဆုံးရှုံးခဲ့တာကတော့ သူမကို တကယ်ချစ်ပြီး ဂရုစိုက်ပေးတတ်တဲ့လူ တစ်ဦးလေ"**

**သင်ခန်းစာ။** ။ မေတ္တာစစ်ကိုရရှိဖို့ ခက်ခဲလှပါတယ်။ မေတ္တာဆိုတာ တစ်စုံတစ်ရာပြန်လည်ရရှိဖို့ လောဘစိတ်မထားဘဲ အခြားသူတစ်ဦးအတွက် အရာအားလုံးပေးဆပ်ခြင်းပဲ ဖြစ်ပါတယ်။ လူတစ်ဦးက မေတ္တာကိုငြင်းပယ်လိုက်မယ်ဆိုရင်ဘဝမှာ အရေးအကြီးဆုံးအရာတစ်ခုဆုံးရှုံးရတာက သူ(သို့မဟုတ်) သူမပဲဖြစ်ပါတယ်။ ဒါကြောင့် ငြင်းပယ်ခံရတယ်လို့ ဘယ်တော့မှ မခံစားရပါနဲ့။



**–နေလင်းအောင်၊ ၂၀၁၅ ဖေဖော်ဝါရီလထုတ်**
***The Best English* တစောင် ၈ ၆၄ ၅၊**

# ဘင်္ဂါလီတစ်အိမ်ထောင်တည်း ကလေး(၈၂)ဦးရှိနေ
# ရခိုင်တိုင်းရင်းသားတို့ရဲ့ စိုးရိမ်မှု လျစ်လျူရှုလို့မရဘူး

ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီမွေးဖွားနှုန်းကို ပြည်နယ်အစိုးရမှ ဒေသန္တရ အမိန့်ဖြင့် တစ်အိမ်ထောင်လျှင် ကလေးနှစ်ဦးနှုန်းဖြင့် ကန့်သတ်ထားခြင်းမှာ လူ့အခွင့်အရေးဖြင့်ကြည့်ပါကချိုးဖောက်သည်ဟု ထင်ရသော်လည်း ရခိုင်ပြည်နယ် အတွင်း လူဦးရေတိုးပွားနှုန်းကို ကြည့်ပါက ရခိုင်တိုင်းရင်းသားများအတွက် အထူးစိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း၊ အဆိုပါစီမံချက်သည် ၁၉၉၂-၉၄ခုနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် ကော်မရှင်၏ အကြံပေးချက်အတိုင်း ပြန်လည်အကောင်အထည်ဖော်ခြင်းသာဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဦးဝင်းမြိုင်က မေ ၂၈ရက်တွင် ပြောသည်။ "**တစ်အိမ်ထောင်တည်းမှာ ၈၂ယောက်ဆိုတော့ ဘယ်လို လူ့အခွင့် အရေးနဲ့ ကြည့်ကြည့်ဘင်္ဂါလီတွေရဲ့ လူဦးရေတိုးပွားနှုန်းကို ရခိုင်တိုင်းရင်းသား တွေက စိုးရိမ်မှာပဲ။ ထိန်းချုပ်တယ်ဆိုတာလည်း ဘူးသီးတောင် မောင်းတော ဒေသပဲ။ ကျန်တဲ့ဒေသက မှတ်စလင်တွေမပါဘူး။ တစ်အိမ်ထောင်ကို ကလေး ၈၂ဦးအထိရှိနေတာကို ဘယ်လိုမျိုးလုပ်မလဲ။ မောင်းတောခရိုင်မှာ ရခိုင် ၅ရာခိုင်နှုန်းနဲ့ ဘူးသီးတောင်ဒေသမှာ ရခိုင် ၇ရာခိုင်နှုန်းပဲရှိတော့တယ်။ အဲဒီစာရင်းကို ကြည့်ရင် ကျွန်တော်တို့ဟာ ရခိုင်တိုင်းရင်းသားတွေရဲ့ စိုးရိမ်မှုကို လျစ်လျူရှုထားလို့မရဘူး။ ပြီးတော့ သားဆက်ခြားပညာရေးဆိုတာလည်း တစ်ကမ္ဘာလုံးမှာ လုပ်နေတာပဲ**"ဟု ၎င်းကပြောသည်။

## ကြောက်ခမန်းလိလိ

ကလေးမွေးဖွားနှုန်းကို ဒေသန္တရအမိန့်ဖြင့် ထိန်းချုပ်ကန့်သတ်ထားသော ဒေသမှာ ဘူးသီးတောင်ဒေသနှင့် မောင်တောခရိုင်အတွင်းသာဖြစ်ပြီး ယင်းဒေသ၏ လူဦးရေတိုးပွားနှုန်းမှာလည်း ကြောက်ခမန်းလိလိဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မှတ်စလင်ဘာသာအတွင်းသို့ အတင်း အဓမ္မသွတ်သွင်းခြင်းကြောင့် ထွက်ပြေးလာသည့် ရခိုင်တိုင်းရင်းသားများကို နယ်စပ် တစ်ဆင့်ကူညီစောင့်ရှောက်ထားဖို့လိုအပ်သော အကူအညီများကို ပေးလျက်ရှိ ကြောင်း သိရသည်။

ဝဝဝ

- (၂၈-၅-၂၀၁၃)ရွှေနိုင်ငံနေ့စဉ်သတင်းစာမှ။

## အသက်ရှစ်နှစ်အရွယ် ယီမင်သတို့သမီး မင်္ဂလာဦးညသေဆုံး

**ဆာနာ၊ စက်တင်ဘာ ၉**

**အသက်ရှစ်နှစ်**အရွယ်ရှိသည့် ကလေးအရွယ် ယီမင်သတို့သမီးငယ်သည် မင်္ဂလာဦးည၌ လိင်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာများဖြင့် အတွင်းပိုင်းဒဏ်ရာရရှိကာ သေဆုံးသွားခြင်းကြောင့် အသက်၄၀အရွယ်သတို့သားကို ဖမ်းဆီးပေးရန်လူ့အခွင့်အရေးအဖွဲ့များကတောင်းဆိုနေကြောင်းalbawabaသတင်းတွင်ဖော်ပြထားသည်။

ဆော်ဒီအာရေးဗီးယားနှင့် ယီမင်နယ်ခြားအနီးဟာတ်ဒ်လူမျိုးစုဒေသ၌ကလေးအရွယ်သတို့သမီးသေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ယင်းကဲ့သို့သေဆုံးမှုဖြစ်ပွားခဲ့ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသတွင်း လက်ခံကျင့်သုံးနေသော **ကလေးငယ်များ အတင်းအကျပ် လက်ထပ်မှု** ဖြစ်စဉ်အပေါ် လူအများ၏အာရုံစိုက်မှုတိုးပွားလာခဲ့သည်။

**ထို့အပြင်** ယီမင်အမျိုးသမီးငယ်ဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံကျော်မှာ အသက် ၁၅–**နှစ်**မတိုင်ခင် လက်ထပ်ကြကြောင်း ကုလသမဂ္ဂအဖွဲ့က ထုတ်ပြန်ထားသည်။

၂၀၁၁–ခုနှစ်နှင့် ၂၀၂၀ခုနှစ်များကြားတွင် ကလေးအရွယ်သတို့သမီး သန်း ၁၄၀–ပေါ်ထွက်လာမည်ဟု ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က ခန့်မှန်းထားသည်။

အသက် ၁၈–နှစ်မပြည့်ခင် လက်ထပ်ရမည့် မိန်းကလေးငယ် သန်း၁၄၀–အနက် သန်း ၅၀–မှာ အသက် ၁၅–နှစ်အောက် အရွယ်များဖြစ်လိမ့်မည် ဟု ကုလသမဂ္ဂအဖွဲ့က သတိပေးထားသည်။

အတင်းအကျပ် လက်ထပ်ခြင်းခံရသည့် အမျိုးသမီးငယ်များမှာ ကျန်းမာရေး၊ ပညာရေးဆုံးရှုံးမှုများ ဖြစ်ပေါ်သည်သာမက ရုပ်ပိုင်း၊စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ကြုံတွေ့ခံစားနေရသည်။

**ကလေးငယ်ဟူသည့် ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးအတိုင်းအတာ သဘောတူလက်ခံထားသည့် ဖွင့်ဆိုချက်မရှိခြင်းမှာလည်း အတင်းအကျပ်လက်ထပ်မှုဖြစ်စဉ်တွင် အဓိကအတားအဆီးကြီးဖြစ်နေသည်**။

ယင်းသို့ဖြင့် နိုင်ငံအသီးသီးတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် အသီးသီးပေါ်ပေါက်လာပြီး ထိခိုက်ဒဏ်ခံစားနေရသူများအတွက် အကာအကွယ်ပေးမှု အနည်းငယ်သာ ပြုလုပ်ပေးနိုင်တော့သည်။

အသက်မပြည့်သေးခင် အတင်းအကျပ်လက်ထပ်ခြင်းခံရသဖြင့် ဘဝတစ်လျှောက်ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို မှတ်တမ်းတင်ထုတ်ပြန် အသိပေးနေသည့် HRC ကဲ့သို့သောအဖွဲ့များအတွက် အသက်ကန့်သတ်ချက်ထားရှိရေးမှာထိပ်တန်းဦးစားပေးတာဝန်ဖြစ်နေသည်။

အသက် ၁၈-နှစ်မှာ လက်ထပ်ရန် တရားဝင်ခွင့်ပြုသင့်သော အရွယ်ဖြစ်သည်ဟု အသက်ကန့်သတ်ချက်ထားရှိရေးလိုလားသော အဖွဲ့များက သဘောတူညီထားသည်။ ယီမင်နိုင်ငံတွင်း တရားဝင်လက်ထပ်နိုင်ခွင့်ရှိသည့်အနိမ့်ဆုံး အသက်အရွယ်မှာ ၁၇နှစ်ဖြစ်သည်ဟု ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်း ဥပဒေထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ယင်းဥပဒေများမှာ အစ္စလာမ့်ဥပဒေနှင့် ညီညွတ်မှုမရှိဟု ကွန်ဆာဗေးတစ်လွှတ်တော်များက ကန့်ကွက်ခဲ့သဖြင့် ပြန်လည်ရုပ်သိမ်းခဲ့သည်။

– (၁၁-၉-၂၀၁၃) *The Voice* ဇ-၂၄။

## မြန်မာနိုင်ငံပညာရေးစနစ် ပျက်ဆီးခြင်းမှာ ဗုဒ္ဓဘာသာကြောင့်ဟု မိုးသီးဇွန်ပြော

မြန်မာနိုင်ငံ၏ လက်ရှိသင်ကြားနေသော ပညာရေးစနစ်ပျက်ဆီးခြင်းမှာ ဗုဒ္ဓဘာသာကြောင့်ဟု ဦးမိုးသီးဇွန်မှ ဖေဖော်ဝါရီ၂၈ရက်တွင် ကျောင်းသား တပ်မတော်ရဲဘော်ဟောင်းများ ကူညီစောင့်ရှောက်ရေးကော်မတီ၏ Group For Four Elements (ရေမြေလေမီး) ရုံးခန်းဖွင့်ပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

**"ဒီဘာသာရေးရဲ့ လွှမ်းမိုးမှုတွေပါတယ်။ အဲလို System ကြီး ဖြစ်သွားတယ်။ အလွတ်ကျက်တဲ့စနစ်တွေဖြစ်သွားတယ်။ ဘာသာရေးကြောင့် ဘာဖြစ်လို့လဲဆိုတော့ ပိဋကတ်သုံးပုံတို့၊ ဘာတို့ဆိုတာ အလွတ်ပဲကျက်နေကြတာကို။ ဘုန်းကြီးတွေကစပြီး အလွတ်ကျက်နေတော့ ဒီစနစ်ပဲ မှန်တယ်ထင်တာကို။ ပိဋကတ်သုံးပုံကို အလွတ်ကျက်နေမယ့်အစား နားလည်အောင် လက်တွေ့အသုံးချဖို့ ပိဋကတ်သုံးပုံကို ပြည်သူလူထုတွေအကုန်လုံးသိအောင် ဖြစ်သင့်တယ်။ ဘာသာရေးကဘယ်လိုဖြစ်လွှာလဲဆိုတော့ ထိပ် Modernize မဖြစ်တော့ဘူးလေ။ ခေတ်နဲ့အညီမပြောင်းလဲဘူး"** ဟု ဦးမိုးသီးဇွန်မှ ပြောသည်။

ယင်းရုံးခန်းကို အမှတ်(၁၅)၊ပထမထပ်၊ ၁၃၇လမ်း၊ မလ္လကုန်းရပ်ကွက်၊ တာမွေမြို့နယ်တွင် ဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ရုံးခန်းများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

***ထက်ဝိုင် – လူမှုကွန်ရက် ဟစ်တိုင်သတင်းဂျာနယ် အတွဲ(၁) အမှတ်(၁၆)မှ။***


အစကတော့ "ကယ်တင်ရှင်..."ပေါ့.. ကြာတော့ "အာဏာရှင်..."ဖြစ်သွားတယ်.. နောက်ထပ် ကြာ..ကြာလာတော့ "ဝေဒနာရှင်" ဖြစ်သွားရှာတယ်...
ဘာဝေဒနာလဲ ဟင်...
အာဏာတို့...ကုလားထိုင်တို့ လက်လွှတ်ရမှာ ကြောက်တဲ့ ရောဂါဝေဒနာတွေ ပေါ့...
ယုံပါကွယ် ကိုယ်က
မှိုင်တွေတိုင်း

## အသက်(၁၃)နှစ်အရွယ် မွေးစားသမီးများကို မွေးစားဖခင်များက လက်ထပ်ခွင့်ပြုသည့်ဥပဒေအီရန်ထုတ်ပြန်

အီရန်နိုင်ငံတွင် အစွန်းမရောက်သည့်သမ္မတသစ်တက်လာပြီဟု အများစုက ယူဆနေကြချိန်တွင် သမ္မတရိုဟာနီလက်ထက်၌ လက်ထပ်ထိမ်း မြားခြင်းဥပဒေအသစ်ကို ရှေးရိုးစွဲဝါဒီများ၏ အလိုကျပြဋ္ဌာန်းခဲ့ရသည်။ **ယင်းဥပဒေမှာ မွေးစားဖခင်များက ၎င်းတို့၏မွေးစားသမီးများကို အသက်၁၃-နှစ်ပြည့်လျှင် လက်ထပ်ခွင့် ရှိသည်**ဟူ၍ပင်ဖြစ်သည်။

အရှေ့အလယ်ပိုင်းတွင် ဟတ်ဆန်ရိုဟာနီတက်လာပြီးနောက် အစွန်းရောက်ယုံကြည်သက်ဝင်မှုများ ပပျောက်သွားမည်ဟု အနောက်နိုင်ငံများက ယူဆထားကြသည်။ သို့ရာတွင် မူဝါဒရေးရာများကို ကိုင်တွယ်ချမှတ်ရာ၌ သဘောထားမတင်းလွန်း၊ မပျော့လွန်းဟု ယူဆထားရသော သမ္မတသစ်သည် လက်ထပ်နိုင်သည့်အသက်အရွယ်ကို ပိုင်းခြားဆုံးဖြတ်ရာ **မိန်းကလေးများသည် အသက်(၁၃)နှစ်ပြည့်လျှင် လက်ထပ်နိုင်ခွင့်ရှိပြီး ယောကျ်ားလေးများမှာမူအသက်(၁၅)နှစ်ပြည့်မှ အိမ်ထောင်ပြုခွင့်ရှိမည်**ဟု ဆိုသည်။ <u>ယင်းဥပဒေတွင် ခြွင်းချက်အနေဖြင့် အမျိုးသမီးများကို လက်ထပ်လိုလျှင် ယောကျ်ားများ၏ သဘောတူညီချက်ကို ရယူရမည်</u>ဟု ကန့်သတ်ပြဋ္ဌာန်းထားသည်။

"**ဒီဥပဒေကြမ်းဟာ ကလေးငယ်တွေအပေါ် လိင်စိတ်တိမ်းညွတ်ပြီး အတူနေဖို့တရားဝင် ခွင့်ပြုလိုက်တာပဲ**"ဟု အီရန်တရားဥပဒေစိုးမိုးရေးအဖွဲ့မှ ရှေ့နေရှာလီက ဆိုသည်။

"**ကိုယ်မွေးစားထားတဲ့ကလေးကို ကိုယ်ပြန်ယူဖို့ဆိုတာ အီရန်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာ မဟုတ်ဘူး။ ကမ္ဘာတစ်လွှားမှာ တခြားနိုင်ငံတွေမှာလိုပဲ ဆွေမျိုးနီးစပ်တဲ့သူတွေ လက်ထပ်ကြတဲ့ အစဉ်အလာဟာ အီရန်မှာလည်း အနည်းနဲ့အများဆိုသလိုရှိပါတယ်။ ဒီဥပဒေကြမ်းထွက်လာတာ ကလေးတွေအတွက် အန္တရာယ်ရှိနေတယ်။ ဒီလုပ်ထုံးလုပ်နည်းအရဆိုရင် ကလေးငယ်တွေအပေါ် ရာဇဝတ်မှုကျူးလွန်သလိုဖြစ်နေတယ်**"ဟု ယင်းက ဆက်လက်ပြောကြားသွားသည်။ ကလေးငယ်များကို လိင်ကျေးကျွန်အဖြစ် မွေးစားလိုသူများက ယင်းဥပဒေကို ခုတုံးလုပ်ပြီး အသုံးချသွားမည်ကို စိုးရိမ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများက ဝေဖန်ထောက်ပြသွားကြသည်။

အီရန်အစိုးရစစ်တမ်းများအရ အသက်(၁၀)နှစ်မှ(၁၄)နှစ်အရွယ်သာရှိသေးသည့် ကလေးငယ်ပေါင်း ၄၂၀၀၀-ခန့်သည် ၂၀၁၀-ပြည့်နှစ်တွင်လက်ထပ်ခဲ့ကြကြောင်းသိရသည်။ ဆော်ဒီတွင်မူ အသက်(၁၀)နှစ်အရွယ်မိန်းကလေးများကိုပင် လက်ထပ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသောကြောင့် အီရန်တွင်လည်း လက်ထပ်နိုင်သည့်အသက်အရွယ်ကို ကန့်သတ်ထားမှုအား လျှော့ချသွားမည်ဟု အီရန်အစိုးရ အတွင်း သတင်းရင်းမြစ်များမှ သိရသည်။

**-ကျော်မိုးဟိန်း၊** ***(ONP 3.10.13)***

## အဖွဲ့ဝင်များလေ့လာရန် မုဒိန်းကျင့်နည်းလမ်းညွှန်စာအုပ်ဖြန့်ချိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

**အစ္စလာမ္မစ်နိုင်ငံတော် (IS)အဖွဲ့သည် တပ်ဖွဲ့ဝင်များလေ့လာရန် မုဒိမ်းကျင့်နည်းလမ်းညွှန်စာအုပ်ကို ဖြန့်ချိခဲ့ပြီး အဆိုပါစာအုပ်ထဲတွင် အပျိုဖော်မဝင်သေးသည့် မိန်းကလေးငယ်များကို မုဒိမ်းကျင့်ရန် သင်ကြားထားသည့် လမ်းညွှန်ချက်များလည်းပါဝင်**ကြောင်း ဒေးလီမေးလ်သတင်းဌာနက ယနေ့ဖော်ပြထားသည်။ အဆိုပါစာအုပ်တွင် ဖမ်းဆီးရရှိသူများနှင့် ကျွန်များအပေါ်ဆက်ဆံရေးဆိုင်ရာအမေးအဖြေများကို အာရဗီဘာသာစကားဖြင့် ဖော်ပြထားသည်။ အမျိုးသမီးများနှင့် မိန်းကလေးများကို မည်ကဲ့သို့ဝယ်ရောင်းလုပ်ရမည်ဖြစ်ကြောင်းကိုလည်းဖော်ပြထားပြီး အဆိုပါစာအုပ်ကို ISအဖွဲ့၏ သုတေသနဌာနက ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။ **အဆိုပါစာအုပ်သည် အမျိုးသမီးများကို ကျွန်ပြုနိုင်ကြောင်း၊ တစ်ဦးမှတစ်ဦး လက်ဆောင်ပေးနိုင်ကြောင်း စီးစိမ်းပြထားသည့် စာအုပ်ဖြစ်သည်**ဟု ဒေးလီးမေလ်ကဖော်ပြထားသည်။

IS အဖွဲ့သည် အီရတ်နိုင်ငံအတွင်း တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် ဆွန်နီဘာသာဝင်မဟုတ်သည့် ရာဇီဒမ်းမျိုးနွယ်ဝင်အမျိုးသမီး ၂၅၀၀-ခန့် ကိုဖမ်းဆီးခဲ့ပြီး လိင်ကျွန်အဖြစ် လိင်ဈေးပွဲတော်များ ပြုလုပ်ခဲ့သည်။ အဆိုပါ မုဒိမ်းကျင့်နည်းလမ်းညွှန်စာအုပ်သည် IS ထိပ်တန်းခေါင်းဆောင်တစ်ဦး၏ တွစ်တာမှတစ်ဆင့် ယခုလ ၁၂ရက်တွင် ထွက်ပေါ်လာခဲ့ပြီး ဝါရှင်တန်အခြေစိုက် အရှေ့အလယ်ပိုင်း သုတေသနအင်စတီကျုက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားကြောင်းသိရသည်။

***TIP (Ref: BBC)***

**-ပြည်ထောင်စုနေ့စဉ်သတင်းစာမှ။**

# ဘုရားအလိုတော်ကျ သာသနာပြုနည်း

ကဲ မြန်မာပြည်မှာ ဦးဇင်းတို့တွေ အလုပ်မလုပ်ဘူးဆိုရင် ဘာသာမဲ့တွေ တိုးလာမယ်။ ဘာသာမဲ့တွေ တိုးလာရင် ရဟန်းသံဃာတွေ တဖြည်းဖြည်း နည်းသွားမယ်။ ဘာဖြစ်လို့လဲဆိုရင် ဆွမ်းလောင်းမယ့်သူ နည်းသွားမှာကိုး၊ အဲဒီတော့ ဦးဇင်းတို့တွေ အလုပ်လုပ်မှရမယ်။ စာသင်နေရုံ စာချရုံနဲ့ မပြည့်စုံဘူး။

ဒီနေ့ အခုဒီကဦးဇင်းလား ကိုရင်လားမသိဘူး မေးတာရှိတယ်။ **ပြည်တွင်း ပြည်ပမှာတဲ့ သာသနာပြုဖို့အတွက် ရဟန်းသံဃာတွေရော သီလရှင်တွေရော ဘာတွေလိုအပ်ပါသလဲ? ဘာတွေဆောင်ရွက်ရမလဲ?**

ကောင်းပြီ၊ အဲဒီတော့ မြတ်စွာဘုရားက အရှယ်သုံးပါးလုံးအတွက် ခုနစ်နှစ်သားလေးကနေ သေခါနီးအထိတရားထူးရခွင့်ရှိတယ်တဲ့။ အရွယ်မရွေးဘူး။ ဦးဇင်းတို့ အရွယ်သုံးပါးလုံးအတွက် သာသနာပြုပါ။ နိဗ္ဗာန်ရောက်ကြောင်းဆိုရင် လူကြီးပိုင်းပဲပါမယ်။ လူလတ်ပိုင်းရှားမယ်။ အရွယ်သုံးပါးလုံးနဲ့ဆိုင်တဲ့ အသိဉာဏ်အဆင့်ဆင့်ကို ဦးဇင်းတို့ ပေးဝေတဲ့အနေနဲ့ ဖြန့်ဝေတဲ့အနေနဲ့ သာသနာပြုပါ။ ဘုရားအလို တော်ကျပါတယ်။

နောက်တစ်ခု ဘုရားက အဆင့်အတန်းလဲမခွဲဘူး။ဘုရားတရားတော်ကနော် တကယ့်ကို ခုခေတ်လိုလူ့အခွင့်အရေးလို့ခေါ်မလား။ ဒီမိုကရေစီလို့ခေါ်မလား မသိဘူး။ အနိမ့်ဆုံး ပြည့်တန်ဆာ သူတောင်းစားကနေ စပြီးတော့ အမြင့်ဆုံး ရှင်ဘုရင်၊ ပုဏ္ဏား၊ ခတ္တိယ၊ ဗြဟ္မာတွေတိုင်အောင်တရားကိုပိုင်ဆိုင်ခွင့်ရှိတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုခွင့်ရှိတယ်။ အဆင့်အတန်းလဲ မခွဲခြားဘူး။ ဦးဇင်းတို့ **သာသနာပြုတဲ့အခါမှာ အဲဒီလိုပဲ အဆင့်အတန်း မခွဲခြားတဲ့ပုံစံနဲ့ သာသနာ ပြုပါ။**

## မြန်မာပြည်ကို ဒုက္ခအကြီးအကျယ်ပေးနိုင်တဲ့ လူတန်းစားနှစ်ရပ်ရှိတယ်။ (၁) ဆင်းရဲသား၊ (၂) မိန်းကလေး။

မိန်းကလေးတွေဟာ အစုလိုက် အပြုံလိုက် ဘာသာခြားတွေနဲ့ အိမ်ထောင်ပြုရင် သူတို့မွေးလာတဲ့ သားသမီးတွေက မြန်မာပြည်ကို ချောက်ထဲတွန်းချမယ့် သားသမီးတွေ။ မြန်မာပြည်ကို သစ္စာဖောက်တဲ့ သားသမီးတွေ၊ မြန်မာပြည်ရဲ့ အန္တရာယ်ကောင်လေးတွေ သူတို့မွေးပေးရမယ်။ အဲဒါဆိုရင် မိန်းကလေးတွေကြောင့် မြန်မာပြည် ချောက်ထဲကျမယ်။

**အခုကုလားတွေက ဗျူဟာပြောင်းသွားပြီ။ အရင်တုန်းက မိန်းမလေး ယောက်ယူတယ်၊ ကလေးတွေ များများမွေးတယ်။ အဲဒါက တော်တော် ကြာအောင် စောင့်ရတာ။ တစ်နှစ်တစ်ယောက် တော်တော်စောင့်ရတဲ့ ဥစ္စာကြီး။ အဲဒါ မအောင်မြင်တာ မဟုတ်ဘူး အောင်မြင်တယ် နှစ်ရှည်တယ်ပေါ့။ ဆင်းရဲသား အများကြီးကို ငွေပေးပြီး သူတို့ဘာသာထဲ သွတ်သွင်းတယ်။ တစ်မိသားစုလုံး တစ်မြို့လုံးကြီးပါလာတာ။ ကဲဗျာ ဘယ်လောက်လွယ်ကူ တဲ့နည်းလဲ။ အဲဒီစနစ်ကို အခုကျင့်သုံးနေပြီ။**

ဦးဇင်းတို့က ဆင်းရဲသားတွေထံ သာသနာရောက်အောင် မပို့ရင် သူတို့က ပို့သွားမယ်။ ဆင်းရဲသားတွေထံ သာသနာရောက်ခဲ့ရင် သူတို့က ငွေနဲ့ စည်းရုံး ဦးတော့ အလျော့ခံမယ်။ ဘာသာတရားကို သိသွားတာကိုး။ အဲဒီတော့ ဆင်းရဲ သားတွေဟာ အစုလိုက် အပြုံလိုက်၊ အတုံးလိုက်အရုန်းလိုက်ဘာသာကူးပြောင်း သွားရင် မြန်မာပြည်ချောက်ထဲကျမယ်။ မြန်မာပြည်ကို ချောက်ထဲတွန်းချနိုင်တဲ့ လူမျိုးနှစ်စု။ အဲဒါတွေကို ဦးဇင်းတို့ကာကွယ်နိုင်မှ။ အဲဒီတော့ ဒီကအဆင့်အတန်း မခွဲခြားဘဲနဲ့ သာသနာပြုနိုင်ရင် ဒီအန္တရာယ်ကို ကာကွယ်ပြီးသား ဖြစ်တယ်။ အဲဒါ ဘုရားရဲ့ လမ်းစဉ်ဖြစ်တယ်။ ဒါကြောင့်မို့ အဲဒီနည်းနဲ့ သာသနာပြုပါ။

***ဝီရသူ- မစိုးရိမ်***

*(မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မေ့သဟာယကျောင်း နာယကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ (ဝီရသူ-မစိုးရိမ်) ဟောကြားတော်မူသော "လက်ဖဝါးပေါ်က ကံကြမ္မာ" တရားတော်မှ ကောက်နုတ်တင်ပြသည်)*

# ဗုဒ္ဓသာသနာ့ ဝါဒဖြန့်ကြစို့

ဗုဒ္ဓဘာသာ ဆိုကာမျှနဲ့၊ မတော်ကြဘူး မြန်မာပြည်။
ကိုယ်ထင်ရာကို ကိုယ်စိုင်းကြရင်၊ ကိုယ်တိုင်းပြည်ကြီး နစ်နာလိမ့်မည်။
ငါတို့ပြည်ထောင် အင်အားစုက၊ ညီညွတ်မှုမှာ တည်နေသည်။
ရှင်တော်ဘုရား ဝါဒများ သင်ကြားသင့်ပါသည်။
အဲဒါကြောင့် ဗုဒ္ဓသာသနာ့ ဝါဒဖြန့်နေသည်။

***-ဆရာကြီး ဦးမြသောင်း (သာကီနွယ်)***

## အမျိုးဘာသာ သာသနာကို ဘယ်လိုများ ကာကွယ်မယ် သိချင်စမ်းပါဘိ ...

၂၆-၇-၂၀၁၅ ဒီနေ့ တနင်္ဂနွေနေ့ပေါ့ ကြုံခဲ့ရတဲ့ အဖြစ်တခု။ ဒီနေ့တော့ စာသင်ဖို့မနက်မိုးတာနဲ့ အားဆိုက်ထုတ်လို့ အလုပ်တွေ အပြေးသွား လုပ်နေပါတယ်။ ကလေးတွေနဲ့ တွေ့ရမယ်ပေါ့။ ဒီလိုနဲ့ အမေပမြေနိုင်၊ ကျောင်းကို ရောက်သွားတယ်။ မြင်လိုက်ရတာ ၁၀၀-မကျော်တဲ့ ကလေးအရေ အတွက်။

ဒီလိုနဲ့ ကျောင်းဆင်းတော့ နောက်တစ်ကျောင်း၊ အပြေးအလွှားပဲပေါ့။ ကိုယ်တွေကို စောင့်မျှော် နေမယ့် ဆရာတော်နဲ့ကလေးများအတွက်။ ကဲကျောင်းရောက်လို့ ကြည့်လိုက်တော့ ၃၀၀-ကျော် သွားတဲ့ ကျောင်းသားအရေအတွက်။ ကဲ မကွာခြားဘူးလားရှင်၊ စိတ်မကောင်းဖြစ်ပါတယ်။ <u>မြို့ပြကျောင်းနှင့် မြို့ပြကျောင်းနဲ့ မဝေးလှတဲ့ မြို့ပြင်ကျောင်းရဲ့ ကွာခြားချက်။</u>

ခြော် ဆရာ၊ ဆရာမများမှာတော့ ကျောင်းသားအရေအတွက် ဘယ်လောက်ဖြစ်နေပါစေ စိုက်ထုတ်ရတဲ့ အင်အားကတော့ တူတူပါပဲရှင်။ ကဲ **အမျိုးကို စောင့်ထိန်းချင်ရင် ဘာသာအသိက ရင်ထဲရောက်ရမယ်လေ။** မေ့များနေကြတာလားရှင်၊ ကလေးတွေနည်းလာတာ သတိပြုမိတဲ့ ဆရာမများက <u>စစ်တမ်းကောက်ကြည့်တော့ မိဘများက မပို့နိုင်လို့ပါတဲ့</u>။ ဒါနဲ့အလှူရှင်များရဲ့ ပံ့ပိုးမှု ဆရာ၊ ဆရာမများရဲ့ ကြိုးစားအားထုတ်မှုနဲ့ ကျောင်းကားတွေ ပြေးဆွဲပေးရပြန်ပါတယ်။ ခုတဖန် ပြန်နည်းသွားလို့ မေးပြန်တော့ <u>တချို့ကလဲ လေးတန်းက အစိုးရစစ်ဖို့ပါတဲ့၊ အင်္ဂလိပ်စာတက်ရလို့ပါတဲ့ grammer တက်နေရလို့ပါတဲ့</u> ကဲ မခက်ဘူးလားရှင်၊ **အတန်းပညာအရေးကြီးတာ မှန်ပါတယ်။ ဒါပေမယ့် တစ်ပတ်လုံးမှ သုံးနာရီလောက် အချိန်မပေးနိုင်ကြဘူးလားရှင်၊ ဗုဒ္ဓဘာသာ အမည်ခံ ဆရာမများကလည်း ကျူရှင်ကို ဒီအချိန်လေးပဲ ရွေးခေါ်သတဲ့ရှင်၊ ဒီအချိန် လာမတက်ရင် ပြန်မသင်ပေးဘူးလို့လဲ ပြောကြပါသတဲ့။ ရင်နာစရာကောင်း တယ်နော်၊ ခေတ်ရေစီးကြောင်းအရ မိဘများက မအားလပ်လို့ မပေးနိုင်တဲ့ ဒီအသိတရားတွေ ဆရာ၊ ဆရာမတွေက ပေးနေပါလားလို့ ကျေးဇူးမတင်ချင်နေပါ။ အသိမှတ်လေး ပြုစေချင်ပါ တယ်ရှင်။** ဒီလို မိဘတွေ ဆရာမတွေ အသိမရှိမှုနဲ့ အမျိုးဘာသာ သာသနာကို ဘယ်လိုများ ကာကွယ်နိုင်မှာလဲလို့ သိချင်မိတယ်ရှင်။

**မိဘများရဲ့ ပူးပေါင်းလက်တွဲဖို့ မျှော်လင့်လျက်.....**

**ကျူရှင်ဆရာများရဲ့ သိတတ်မှု စောင့်တလျက် .....**

မွေစကူးလ် ဆရာ/ဆရာမများရဲ့ မျှော်လင့်ချက် ဘယ်သူတွေ အတွက်များပါလဲရှင် ?

*-Soe Soe and Nann Mo facebook* မှ။

# ရဟန်းသံဃာတော်များသည် ဝဲဘက်ပုခုံးကို

## သင်္ကန်းတော်ဖြင့် ဘာ့ကြောင့် ဖုံးလွှမ်းရသနည်း

"တို့မြတ်စွာဘုရား သာသနာမှာ လက်ဝဲတော်ရံ၊ လက်ယာတော်ရံဆိုတာ မရှိဘူးလား" ရှိပါတယ် ဘုရား။

လက်ဝဲတော်ဆိုတာ "တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာမောဂ္ဂလာန်ပါ ဘုရား"၊ လက်ယာတော်ရံဆိုတာ "ပညာအရာမှာ ဧတဒဂ်ရတဲ့ အရှင်သာရိပုတ္တရာပါဘုရား"

ဟုတ်ပြီဗျာ **တန်ခိုးက ဝဲဘက်၊ ပညာက လက်ယာ**

"**တန်ခိုး**"ဆိုတာ အာသဝေါတရားတို့ရဲ့ ကုန်ရာခန်းရာ အရဟတ္တမဇ၊ အရဟတ္တရဲ့ အလံတံခွန်သာဖြစ်တယ်။

"**ပညာ**"ဆိုတာကတော့ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာကနေ နိဗ္ဗာန်ကို ရဖို့ ရောက်ဖို့မဟုတ်လား။

ပုထုဇဉ်တို့ရဲ့စိတ်သဘာဝဆိုတာ အဆန်းကြိုက်၊ တစ်ခုရိုးတစ်မျိုးပြောင်းပြီး တစ်သံသရာလုံး ဆန်းတယ်ထင်တာတွေနောက် လိုက်ခဲ့ကြတယ်။ ရှိုင်းရှိုင်း ပြောရရင် လမ်းဘေးက မျှောက်ပွဲ၊ မျက်လှည့်ပွဲကအစ ဆန်းတယ်ထင်တာ မှန်သမျှမှာ လူတွေ မေ့မျောသာယာနေကြတယ်။ ဒီတော့ တန်ခိုးရဲ့ဆန်းဆန်းပြားပြား ဖမ်းစားမှုအပေါ် မေ့လျော့တွေဝေ သာယာနေကြရင် မဂ်ပညာ၊ ဖိုလ်ပညာကွယ်မှာပဲ။ မဂ်ပညာ ဖိုလ်ပညာကွယ်ရင် သာသနာကွယ်မှာပဲ။ သာသနာကွယ်ပြီးဆိုတာနဲ့ သတ္တဝါတွေရဲ့ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းက လွတ်မြောက်ရာတရားတွေလည်း ကွယ်တာပဲ။

ယောဂီတို့...**တရားထိုင်ရာမှာလည်း တင်ပျဉ်ခွေကြား လက်နှစ်ဖက်ယှက်တင်တဲ့အခါ လက်ဝဲလက်ကို အောက်က၊ လက်ယာလက်ကို အပေါ်က ထားရတာလည်း ဒီသဘောပဲ။ လက်ဝဲဆိုတဲ့ တန်ခိုးသဘောကို လက်ယာဆိုတဲ့ပညာက ဖုံးထားအုပ်ထား၊ ဆင့်ထားရတယ်**။

တစ်နည်းအားဖြင့်တော့ လက်ဝဲကသမထ၊ လက်ယာကဝိပဿနာ။ သမထတန်ခိုးကိုသာ ပြလိုက်လို့ကတော့ အညီယင်အုံသလို နေတော့မှာပါ။ ရုပ်နာမ်ဖြစ်ပျက်တွေ၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ဘာမှဟောလို့ပြောလို့ နားဝင်တော့မှာမဟုတ်ဘူး။

တန်ဖိုးပြမိရင် တန်ဖိုးပဲ ကိုးကွယ်မှာ။ ဝိပဿနာပညာ၊ ဖိုလ်ပညာ၊ မဂ်ပညာတွေဆိုတာ ကျင့်ကြံအားထုတ်ရမှန်းတောင် သိမှာမဟုတ်တော့ဘူး။ တန်ဖိုးလောက်နဲ့ မိန်းမောနေရင် သံသရာဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်ဘူး။

ဒါကြောင့် တန်ဖိုးဆိုတာ ဖုံးထားအပ်သောအရာ၊ ပညာသာလျှင် အမြဲအစဉ်ဖွင့်ထားအပ်သောအရာ၊ ဖော်ထားအပ်သောအရာ။ ဒါကြောင့် တန်ဖိုးကိုယ်စားပြုတဲ့ လက်ဝဲဘက်ကို သင်္ကန်းနဲ့ဖုံးထားရတယ်။ ပညာကိုယ်စားပြုတဲ့ လက်ယာကိုတော့ ဖွင့်ပြထားရတယ်၊ ဖော်ပြထားရတယ်။ ,

*– (မဟာစောစိမ့်ပြိုင် ဆရာတော်ကြီး)၊ ဆရာမောင်သွေးချွန်စုစည်းသော (ဘာ့ကြောင့် ၁+၂ ပေါင်းချုပ်)စာအုပ်မှ ကောက်နုတ်ပူဇော်ပါသည်။*

# ဇီဒန်းနဲ့ ဖိနပ်သင်ခန်းစာ

ကမ္ဘာကျော် ပြင်သစ်ဘောလုံးအားကစားသမားဟောင်း ဇီဒန်းက ယခုလို ပြောခဲ့ပါတယ်။

**"ကျွန်တော် သူငယ်ချင်းတွေနဲ့ ဘောလုံးကန်ဖို့ ရှူးဖိနပ်မရှိတော့ ငိုဖူးတယ်။ ဒါပေမယ့် ခြေထောက်မရှိတဲ့ လူတစ်ယောက်ကို မြင်တော့ ကျွန်တော်ခြေထောက်နှစ်ဖက်ရှိ သေးတဲ့အပေါ်မှာ ကျေနပ် ရောင့်ရဲသွားမိတယ်"**

တစ်ခါတစ်ရံ မိမိရဲ့ လိုချင်တပ်မက်စိတ်တွေများနေရင် မရသေးတဲ့လူတွေကို ကြည့်ပြီးတော့ မိမိပိုင်ဆိုင်ထားတဲ့အပေါ်မှာ ရောင့်ရဲတင်းတိမ်တတ်ဖို့ လိုအပ်ပါတယ်။ အတောမသတ်နိုင်တဲ့လောဘက မိမိဘယ်လောက်ပဲ ချမ်းသာချမ်းသာ စိတ်ကိုတော့ ချမ်းသာသွားစေမှာ မဟုတ်ပါဘူး။

နောက်တစ်ခုကတော့ ကြိုးစားမှုပါ။ ဖိနပ်မရှိတိုင်းသာ ဇီဒန်းတစ်ယောက် ကလေးဘဝမှာ ဘောလုံးမဆော့ခဲ့ရင်၊ မကန်ခဲ့ရင် သူဒီလို အောင်မြင်တဲ့ နေရာတစ်ခုကို ဘယ်ရောက်ခဲ့ပါ့မလဲ။ တစ်ခါတစ်လေတော့ မိမိဟာ ပညာသင်ကြား လေ့လာဖို့ပဲ။ ဘယ်သူမကောင်းလို့ အစရှိသဖြင့် ပြောနေရင် ဘယ်လိုလုပ် ကုန်နိုင်တော့မှာလဲ။

တတ်ချင်စိတ်၊ ရချင်စိတ်၊ ဖြစ်ချင်စိတ်ကအောင်မြင်မှုရရှိဖို့အတွက်သေချာတဲ့ ၅၀–ရာနိုင်နှုန်းပါပဲ။ လိုလျှင်ကြံဆနည်းလမ်းရဆိုသလိုပဲ တကယ်တော်သူ၊ တတ်သူ၊ ကြိုးစားသူကတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ သူလိုချင်တဲ့ နေရာ တစ်ခုကို ရောက်ရှိပါတယ်။

*– အောင်ခမ်း (မိုးရာလေး)၊ facebook မှ။*


ကျောင်း လှူပါရစေ ဘုရား…
ပြန်ဖိမ်းမှာဆို လှူမနေပါနဲ့…



# အဘိဓမ္မာဘာသာရပ်သည် ဘဝ၌ မည်မျှအရေးပါပါသနည်း

**မေး။ ။ ဆရာတော်ဘုရား အဘိဓမ္မာဘာသာရပ်သည် ဘဝ၌မည်မျှ အရေးပါကြောင်း တပည့်တော်အား ဖြေကြားပေးတော်မူပါ။**

***ဝေယျာနောင် (ဝက်ဘ)***

ဖြေ။ ။ ထမင်းဟာ ဘယ်လောက်အရေးပါသလဲဆိုတာ သိတယ်မဟုတ် လား၊ (သိပါတယ်ဘုရား)။ **ထမင်းမစားရရင် ဘယ်လိုနေမလဲ၊ ဗိုက်ဆာမှာပေါ့။ အဲဒီလိုပဲ ဘဝခရီးမှာ ကိုယ့်ကိုယ်ကိုယ်နားလည်ဖို့ ဖတ်ဝန်းကျင်နားလည်ဖို့ဆိုတာ အဘိဓမ္မာဘာသာရပ်ဟာ အထွန်တစ်ရာမှ အရေးကြီးတယ်**။ ဘဝခရီးကို ရှင်းရှင်းလင်းလင်းသိဖို့၊ ဆိုပါစို့ ကိုယ့်စိတ်အကြောင်းကိုယ်လေ့လာချင်တယ် ဆိုလို့ရှိရင် ကောင်းတဲ့စိတ်လား မကောင်းတဲ့ စိတ်လားသိဖို့ရာ အဘိဓမ္မာကို လေ့လာမှ ပိုပြီးသိတယ်။

အဘိဓမ္မာဟာ Analyst လုပ်တဲ့ပညာရပ်တစ်ခုပဲ Analyst လုပ်တတ်မှ ခွဲခြားစိတ်ဖြာပြီးသိတာ။ အနတ္တသဘောတရားကိုလည်း အဘိဓမ္မာလေ့လာခြင်းဖြင့် ပိုပြီးထင်ရှားစေတယ်ပေါ့။ ဗုဒ္ဓဘာသာဝင်ဖြစ်လာလို့ရှိရင် ဝိပဿနာကျင့်စဉ်ရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အဘိဓမ္မာဘာသာရပ်ကို လေ့လာထားရမယ်။ ဒါဟာ အရေးကြီးတယ်ပေါ့။ အထူးသဖြင့် ဘဝမှာ အဘိဓမ္မာသင်ထားတဲ့ အတွက်ကြောင့် ကိုယ့်ဘဝရဲ့အဓိပ္ပာယ်ကို ကိုယ်နားလည်လာတယ်။ ကိုယ့်အကြောင်း ကိုယ်နားလည်တယ်၊ လောကမှာ မေးလာရင် မင်းအကြောင်း မင်းသိလားဆို အော်–သိတာပေါ့၊ ဘယ်မြို့မှာ မွေးတာ၊ အမေကဘယ်သူ၊ အဖေက ဘယ်သူ၊ နာမည်ကဘယ်သူ၊ ဒီလောက်ပဲပြောနိုင်မယ် မဟုတ်လား။ မင်းဘယ်ဘဝက လာတယ်ဆိုတဲ့ Question ကို ဘယ်လိုဖြေမလဲ။ ဘယ်ကလာတာတုန်း?ဘယ်သွားမှာတုန်း?ဆိုတဲ့ မေးခွန်းတွေကျတော့ မဖြေနိုင်တော့ဘူးလေ။

ဒီတော့ အဘိဓမ္မာတတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ရှင်းရှင်းကြီး ကိုယ့်အကြောင်းနဲ့ ကိုယ်နားလည်မှုရှိတယ်ပေါ့။ ကိုယ့်အကြောင်းကို နားလည်ချင်တယ်၊ကိုယ့်ရဲ့ဘဝ ကိုယ်နားလည်ချင်တယ်၊ ကိုယ့်စိတ်ကိုယ်နားလည်ချင်တယ်၊ စိတ်ထဲမှာ ထားရမယ့်စိတ်၊ မထားရမယ့်စိတ်ကို နားလည်ချင်တယ်ဆိုရင် အဲဒါတွေနားလည်မှ ဘဝဟာ ပိုပြီးအဓိပ္ပာယ်ရှိတယ်။ ဘဝဟာပိုပြီး အဓိပ္ပာယ်ရှိဖို့အတွက်က အဘိဓမ္မာ ဘာသာရပ်ဟာ အရေးကြီးတယ်လို့ ဒီလိုပြောရမှာဖြစ်တယ်။

အဘိဓမ္မာဆိုသည်မှာ Profound ၊ ဓမ္မProfound doctrines ပဲ၊ ရုပ်တရားနာမ်တရားတွေနဲ့ ပတ်သက်ပြီး သိရှိဖို့ ဝိပဿနာတရား ကျင့်စဉ်တွေ ကျင့်ဖို့လည်းပဲ အဘိဓမ္မာဘာသာရပ်ဟာ အထောက်အကူ အများချည်း ဖြစ်တယ်ပေါ့။ Analytical Knowledge of Mind and Matter အထောက်အကူပြုတဲ့ ဘာသာတစ်ခုဖြစ်တယ်ပေါ့။

ဒါကြောင့်မို့ "**အဘိဓမ္မာကို နားလည်ခြင်းဖြင့် ကုသိုလ်၊ အကုသိုလ်ကို နားလည်ပြီး ဘဝမှာ အများနည်းသွားမယ်။ အများနည်းပြီး အမှန်ကိုလုပ်နိုင်မှာ ဖြစ်ခြင်းကြောင့် အဘိဓမ္မာဟာ အင်မတန်အရေးကြီးပါတယ်**"လို့ ပြောပါရစေ။

***–(ပါချုပ်ဆရာတော်ဘုရားကြီး ဓက်ာ့ပူတရားပွဲ ပထမနေ့တွင် ဖြေကြားခဲ့သည့် မေးခွန်း)***

# သာသနာပြုခြင်းဟူသည်

သင်္ကန်းဝတ်၊ သီလရှင်ဝတ်နိုင်မှမဟုတ်။ ဘုရားတည်၊ ကျောင်းဆောက်လှူနိုင်မှမဟုတ်၊ ရှင်ပြုရဟန်းခံ အလှူပေးနိုင်မှမဟုတ်။

- ဖိုးဖိုးသားသမီး၊ တူ တူမ၊ တခြားသော ကလေးများအား ဘုရားရှိခိုးတတ်အောင် သင်ပေးခြင်း။
- ရဟန်းသံဃာကိုမြင်လျှင် ဦးတော်ဦးတော်ဟု လက်အုပ်ချီတတ်အောင် သင်ပေးခြင်း။
- ဆွမ်းလောင်းချင်လာအောင် ပြောပြခြင်း။
- တရားစာပေ(Post)တွေကို (Like)ပေးခြင်း၊ (Share)ခြင်း။
- ဓမ္မစကူးလ်သင်ပြပေးခြင်း၊ ဝိုင်းဝန်းကူညီခြင်းနေ့စဉ်ဆွမ်းလောင်းခြင်း၊ ရဟန်းသံဃာကိုအရိုအသေပေးခြင်းသည်လည်း သာသနာပြုခြင်းပင်ဖြစ်သည်။

ထိုသို့ထက်ပြုလုပ်နိုင်ခဲ့သော သာသနာပြုနည်းဖြစ်လျှင်ကား ပြောဖွယ်မရှိ မွန်မြတ် သော သာသနာပြုခြင်းပင်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့တတ်နိုင်သည့်ဘက်မှ လောက ထဲတွင် ကျန်နေရစ်ခဲ့မယ်၊ သားသားမီးမီးမျိုးဆက်သစ်လေးတွေအတွက် သာသနာ ပြုကြပါစို့ ..။

***–သာသနာနွယ်။ (အရှင်နန္ဒ–မန္တိုးရိမ်တိုက်သစ်)။***

# စာတော်သောသူသည် သူဌေးဖြစ်နိုင်ပါသလား

ဟိုတစ်နေ့က .....

အခုရန်ကုန်၊ဒဂုံတက္ကသိုလ်မှာ Second year တက်နေပါတယ်ဆိုတဲ့ ကျောင်းသူတစ်ယောက် Chat box ကနေ မေးလာတယ်။

**"အရှင်ဘုရား ကျောင်းမှာစာတော်ပြီးထူးချွန်တဲ့သူဟာသူဌေး ဖြစ်နိုင်ပါသလားဘုရား" တဲ့။**

ဒါကြောင့်ဒီစာသားလေးကို ရှာဖွေစုစည်းလေ့လာ၍ ရေးသားတင်ပြလိုက်ပါတယ်။

## စာတော်သောသူသည် သူဌေးဖြစ်နိုင်ပါသလား ?

ကျောင်းမှာတုန်းကတော့ စာတော်သောသူသာလျှင် လူတော်ဖြစ်ပြီး ချီးကျူးအားပေးမှုကိုခံရမှာပါ။ ဒါပေမဲ့ကျောင်းတွေလည်းပြီး၊ဘွဲ့တွေလည်းရပြီးသောအခါမှာတော့အခြေအနေကတစ်မျိုးပြောင်းလဲလာနိုင်ပါတယ်။ကျောင်းတော်ကြီးနဲ့ ဘာတွေက ဘယ်လိုပြောင်းလဲပြီးကွာခြားသွားသလဲဆိုတာကိုဖတ်ကြည့်လိုက်ပါနော်။

**၁။ စာမေးပွဲရမှတ်နဲ့ အလုပ်ကရမှတ်**

လပတ်၊ အတန်းတင်စာမေးပွဲ စသည်ဖြင့် အားလုံးလဲ ကြုံတွေ့ဖူးမှာပါ။ စာမေးပွဲမှာ ရရှိတဲ့ရမှတ်တွေအပေါ်မူတည်ပြီး သူတော်တယ်လို့ အမှတ်နဲ့ ဆုံးဖြတ်ပါလိမ့်မယ်။အလုပ်ခွင်ထဲကို ရောက်သွားပြီဆိုတာနဲ့ စာမေးပွဲတုန်းက အမှတ်တွေ၊ ပညာအရည်အချင်းတွေထက် အလုပ်လုပ်တတ်ပြီး လုပ်ငန်းခွင်ကို နားလည်မှုရှိသူသာလျှင် ဘဝရည်မှန်းချက်တွေအောင်မြင်ရန်အတွက် လောကကြီး အမှတ်တွေပေးသွားမှာ ပါ။

**၂။ အကြံဉာဏ်ကောင်းသူ**

ကျောင်းတုန်းကတော့ ပေးသမျှကို အလွတ်ကျက်ပြီး အမှတ်ကောင်းတွေရပြီး ကိုယ့်ကိုကိုယ် လူတော်ကြီးလို့ခံယူထားသူတွေလည်း နည်းမှာမဟုတ်ပါ။ အလုပ်ခွင်ရောက်ရင်တော့ အကြံဉာဏ်ကောင်းသူကသာလျှင် နေရာကို ရပါလိမ့်မယ်။ ကမ္ဘာပေါ်မှာ လူတိုင်းသိသော ပညာရှင်၊ လုပ်ငန်းရှင်တွေဟာ ပတ်ဝန်းကျင်မှာ ရှိပြီးဖြစ်သော နည်းပညာတွေကို ပိုပြီးကောင်းမွန်အောင် လုပ်မယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေကို အမြဲတွေးပြီး လက်တွေ့လုပ်ဆောင်နေတာကြောင့် အောင်မြင်နေတာပါ။

**၃။ အောင်မြင်သောသူရဲ့ ခံယူချက်**

အောင်မြင်နေသောသူရဲ့ ခံယူချက်ဆိုတာလဲ ၁၀၀ရာခိုင်နှုန်းမှန်တယ်လို့ မရှိပါ။ သူတို့ကိုယ်တိုင်လည်း အမြဲတမ်း ကောင်းတာကို သင်ယူပြီး အတုယူမယ်ဆိုတာကို အမြဲလက်စွဲထားပါတယ်။ ဘယ်သူနဲ့မဆိုတွေ့ရန် အသင့်ရှိသလို၊ ဘယ်လောက်ပဲ မကောင်းသောသူပဲဖြစ်ဖြစ် သူ့ဆီကလည်း တစ်ခုခုကို ရအောင်ယူမယ်ဆိုတဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် တွေ့ရန်ကြုံလာလျှင် အများကြီး မစဉ်းစားပဲ တွေ့ကြည့်လိုက်ပါ။ မကြိုက်ရင်ထပြီး ပြန်လာရင်ပြီးတာပါပဲ။

လူတွေမှာ တစ်ခုခုတော့ အားနည်းချက်ဆိုတာရှိပါတယ်။ အားနည်းချက်ရှိလို့ အလုပ်မလုပ်နိုင်ဘူးဆိုရင်တော့ တစ်ကမ္ဘာလုံးကလူတွေကတော့ အလုပ်လုပ်လို့ရတော့မှာ မဟုတ်ပါ။ ဥပမာ အရမ်းကိုတော်ပြီး ထူးချွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်ပဲဖြစ်ပါစေ၊ သူ့ကို အားကစားလုပ်ခိုင်းရင် ရယ်စရာကောင်းလောက်အောင် အပြေးမသန်တာမျိုးလည်းရှိတတ်ပါတယ်။

**၅။ အစီအစဉ်ဆွဲတတ်သူ**

ဘယ်လောက်ပဲ အစီအစဉ်တွေကို စနစ်တကျဆွဲတတ်သူဖြစ်ပါစေ၊ လက်တွေ့မလုပ်နိုင်သောသူဖြစ်ရင်တော့ အဓိပ္ပာယ်မရှိပါ။ နောက် ၅နှစ်၊ ၁၀နှစ် ဘ၀ စီမံကိန်းကို စဉ်းစားပြီး အချိန်ကုန်နေတာထက်စာရင် ယခုဘာကို လုပ်သင့်တယ်ဆိုတာကို သေသေချာချာ စဉ်းစားပြီး လက်တွေ့လုပ်ဆောင်သင့်တယ်လို့ အကြံပေးပါရစေ။

**၆။ အမှားကို မလုပ်မိစေရန် သတိထားသူ**

အလုပ်မှာအမှားကို မလုပ်မိစေရန်ဆိုပြီး အမှားကိုရှောင်နည်း သင်ပေးသောကျောင်းကို တက်တာထက် မှားလိုက်သောအခါမှာ ပြည်လည်သုံးသပ်ပြီး နောင်မမှားအောင် ဘယ်လိုလုပ်မလဲဆိုတာကို စဉ်းစားနိုင်သူဖြစ်အောင် ကြိုးစားပါ။ အောင်မြင်သောသူတွေဟာ အမှားကနေ အမှန်ဖြစ်လာတာပါ။ မှားခဲ့တဲ့အတွက် အလေးထားသူများဖြစ်ပါတယ်။

**၇။ နားလည်ပြီး ဆုံးဖြတ်ပေးနိုင်သူ**

ဘယ်အစည်းအဝေးမှာပဲဖြစ်ဖြစ် မှန်တယ်မှားတယ်ကို သေသေချာချာ ပြောနိုင်သောသူဖြစ်ပါစေ။ မဟုတ်တာကို မဟုတ်ဘူးလို့ ပြောနိုင်မှသာလျှင် ကောင်းသောလမ်းကို ရောက်မှာပါ။

**၈။ ဆုံးခန်းတိုင်အောင်လုပ်ပါ**

လုပ်ငန်းကြီး လုပ်ငန်းသေးမဆိုင်ပါ။ ဘယ်အလုပ်ကိုလုပ်နေသူပဲဖြစ်ဖြစ် ဆုံးခန်းတိုင်အောင် လုပ်သင့်ပါတယ်။ ပန်းတိုင်ကိုရောက်သွားလျှင် တာထွက်တုန်းက ထင်ထားတာထက် အခြေအနေတွေက အများကြီးပြောင်းလဲသွားနိုင်ပါတယ်။

***မေတ္တာဖြိုး ---- ထမူးအရှင် (SIBA – University)***

# ကင်ညာတွင် အကြမ်းဖက်မှုနှင့် ဆက်နွယ်သည့်အတွက်

## ဗလီတစ်ခုကိုဝင်ရောက်စီးနင်း

ကင်ညာရဲတပ်ဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်က ဗလီတစ်ခုကို ဝင်စီးနင်းခဲ့ပြီး လူ ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့မှု လူတစ်ဦးသေဆုံးခဲ့ပြီး ရဲတစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ကင်ညာရဲမှူးတစ်ဦးက ပြောကြားခဲ့သည်။

လူငယ်များကို အစွန်းရောက်မှုများဖြစ်အောင် သင်ကြားနေသောကြောင့် ကမ်းရိုးတန်းမြို့ကြီး မွမ်ဘာဆာမှ မာဂျစ်မူဆာဗလီကို စီးနင်းခဲ့ခြင်းဖြစ်ကြောင်း ရဲကပြောကြားခဲ့သည်။ ယင်းဗလီသည် ဆိုမာလီအယ်ကေးဒါးတို့နှင့် ဆက်နွယ်နေသော အစ္စလာမ္မစ်ရှာဘတ် စစ်သွေးကြွတို့အတွက် လူသူစုဆောင်းခဲ့သည်ဟု ကင်ညာရဲတပ်ဖွဲ့သည် ယခင်ကတည်းက သံသယရှိထားသည်။

'ဗလီထဲမှာ ဂျိဟတ်ညီလာခံလုပ်နေတယ်လို့ ကျွန်တော်တို့သတင်းရထားတယ်။ ဒါကြောင့် ဝင်စီးတာ'ဟုအသေခံရဲအကြီးအကဲ ရောဘတ်ကီတာက ပြောကြားသည်။

သူတို့ကစတင်အကြမ်းဖက်ပြီး မိမိတို့ရဲများကို တိုက်ခိုက်ကြောင်း။ သို့သော်မိမိတို့က လူတစ်ရာခန့်ဖမ်းပြီး နောက်နေ့တွင် တရားစွဲဆိုခဲ့ကြောင်း ၎င်းကပြောသော်လည်း အသေးစိတ်ကို မပြောကြားခဲ့ပေ။

သေဆုံးသူလူငယ်၏ အလောင်းကို သယ်ယူလာသည့်လူများက ၎င်းသည် ရဲ၏ပစ်ခတ်မှု ထိမှန်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ကီတာကလည်း တစ်ဦးသေဆုံးသည်ကို အတည်ပြုခဲ့သည်။ သို့သော်အသေးစိတ်ကို မပြောကြားခဲ့ပေ။ ပြီးခဲ့သည့်စက်တင်ဘာတွင် ရှာဘတ်တို့က နိုင်ရိုဘီမှ ရှော့ပင်းမောတစ်ခုကိုလေးရက်ကြာ ထိန်းချုပ်ထားမှု လူ ၆၇ ဦးသေဆုံးခဲ့သည်။

*-၄-၂-၂၀၁၄၊ Daily Eleven စာ-၁၄*

သုံးသပ်ချက်။ ။ **လူငယ်များကို အစွန်းရောက်မှုများဖြစ်အောင်သင်ကြားပေးသော နေရာဒေသမှန်သမျှ မည်သည့်အခါမှ ငြိမ်းချမ်းမှုမရရှိနိုင်။**

# ကမ္ဘာကျော်တိုင်း ကျေနပ်စရာလား

တချို့ကမ္ဘာကျော်တယ်ဆိုပြီး အားကျလေ့ရှိတယ်။ သေဆုံးသွားကြတဲ့ ကမ္ဘာကျော်ပေါင်းဟာလည်း မရေမတွက်နိုင်အောင်ပဲ ရှိခဲ့ကြတယ်။ လူ့ဘဝရဲ့ကံ ဉာဏ်ဝီရိယကြောင့် ဒီဘဝမှာ ကမ္ဘာကျော်ပြီး လူအများရဲ့ အထင်ကြီးလေးစားမှုကို ခံခဲ့ကြရတယ်။ အဲဒါ ကျေနပ်စရာကောင်းပါသလား။

ဗုဒ္ဓဘာသာမဟုတ်တဲ့ ကမ္ဘာကျော်တွေဟာ သေသွားတဲ့အခါ ဘယ်ကို ရောက်ပြီး၊ ဘယ်နေရာမျိုးမှာ ရှိလိမ့်မယ်ထင်ပါသလဲ။ သူတို့အယူအတိုင်း ကောင်းကင်ဘုံလား၊ ဒါမှမဟုတ် ဗုဒ္ဓတရားတော်အရ ဘယ်ဘုံဘယ်ဌာနမှာလဲ။ ဒီကမ္ဘာကြီးပျက်သွားတဲ့အခါ ကမ္ဘာကျော်တယ်ဆိုတဲ့ မှတ်တမ်းရော နောက်ကမ္ဘာထိ ပါပို့မလား။ တခြားဘာသာတွေရဲ့ အယူအဆနဲ့တော့ မဆွေးနွေးလိုတော့ပါဘူး။ ဗုဒ္ဓဘာသာအရတော့ လူ့ဘဝရရှိစဉ်မှာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစတဲ့ ကောင်းမှုမျိုးစေ့တွေကိုနောင်ဘဝအတွက်ယူဆောင်မသွားနိုင်ဘူးဆိုရင်တော့..။

**ဒီဘဝမှာ ကမ္ဘာကျော်တယ်ဆိုတာ မသိတဲ့သူတွေ အယူမှားနေသူတွေသာ အားကျစရာ အထင်ကြီးစရာပါ။ မင်းကွန်းဆရာတော်ကြီးတို့လို၊ မဟာစည်တို့ လယ်တီဆရာတော်ဘုရားကြီးတို့လို ကမ္ဘာကျော်ကြီးတွေကတော့ ဒီဘဝလည်း လူအထင်ကြီးလေးစားတာခံရသလို နောင်သံသရာအတွက်ပါ ဗုဂ္ဂအားလုံးကို ခြေရှင်းပြီးတဲ့ ကမ္ဘာကျော်နည်းမျိုးတွေပါပဲ။**

ကမ္ဘာကျော်တာချင်းအတူတူ ဗုဒ္ဓဘာသာကမ္ဘာကျော်တွေက ပိုပြီး တန်ဖိုး ရှိတယ်။ ဗုဒ္ဓဘာသာတန်ဖိုးကြီးတယ်ဆိုတာ အဲဒီလိုအခွင့်အရေးမျိုးတွေကြောင့်ပဲ။ အခြားဘာသာတွေအတွက် ဒီအဆိုပြုချက်ဟာ ရယ်စရာကောင်းပေမဲ့ ဗုဒ္ဓဘာသာ တွေကတော့ လက်ခံနိုင်စွမ်းရှိလိမ့်မယ်။ ဗုဒ္ဓဘာသာဖြစ်ခွင့်ရတာ ဘယ်လောက် များ ကံကောင်းလိုက်ပါသလဲ။ ဒီဘဝရော သံသရာအတွက်ပါ ချမ်းသာစေနိုင်လို့ ပါပဲ။ ဒီကမ္ဘာတင်မဟုတ်ပါဘူး၊ နောင်ကမ္ဘာအဆက်ဆက်တောင်မှ ဗုဒ္ဓတရား တော်တွေက ချမ်းသာစေနိုင်ပါတယ်။ အလှူတစ်ခုကြောင့် ကမ္ဘာပေါင်း ဘယ် လောက် ချမ်းသာစေနိုင်တယ်ဆိုတဲ့ အကြောင်းတရားတွေ ပိဋကတ်သုံးပုံထဲမှာ အများကြီး ရှိပါတယ်။

ဗုဒ္ဓဘာသာဝင်များ မိမိတို့ရဲ့ အတိမ်အနက်ကို နားလည်နိုင်ကြပါစေ။

*-Ashinsandimar facebook*

# ပလေတို၏ မေးခွန်း(၄)ခု

"အချစ်ဆိုတာ ဘာလဲ"တဲ့၊ ဆိုးခရေးတ်ကို ပလေတိုကမေးတယ်။ ဒါနဲ့ ဆိုးခရေးတ်က "သွား ပလေတို ဟိုးက ဂျုံခင်းထဲသွားပြီးတော့ ကောင်းမှုကြီးမှု ဆိုတဲ့ ဂျုံနှံတစ်ခုကို မင်းစိတ်ကြိုက်ရွေးခဲ့စမ်း နောက်တော့ ပြန်မလှည့်ရဘူးနော်၊ တစ်ခုရွေးပြီးရင် ပြီးပြီး ငါ့ဆီတန်းပြန်လာခဲ့"လို့ ဆိုတယ်။ ဒီအခါ ပလေတိုက "အိုး.. ဒါလေးများ"ဆိုပြီး ပေါ့ပါးလန်းဆန်းစွာနဲ့ ဂျုံခင်းထဲ ပြေးဝင် ကောင်းမှု ကြီးမှုဆိုတဲ့ ဂျုံနှံ တစ်ခုရှာတာပေါ့။ နေ့တစ်ဝက်လောက်ကြာတော့ ဂျုံခင်းထဲကနေ လက်ဗလာနဲ့ စိတ်ပျက်လက်ပျက် ထွက်လာတဲ့ ပလေတိုကို ဆိုခရေးတ်တွေ့ လိုက်ရတယ်။ ဆိုးခရေးတ်အနားရောက်တော့ ပလေတိုက ရှင်းပြတယ်။ "ကောင်းမှု ကြီးမှုဆိုတဲ့ ဂျုံနှံကို ကျွန်တော်တွေ့တယ်ဗျာ ဒါပေမယ့် ဒီ့ထက် ကောင်းတာကြီးတာ ရှိနိုင်ဦးမယ် မရွေးသေးဘူး မရွေးသေးဘူး နဲ့ရွေးလာလိုက်တာ နောက်ဆုံး ဂျုံခင်းစပ်သာရောက်လာတယ်။ တစ်နှံမှ မရွေးဖြစ်ခဲ့ဘူး"..

ဒီတော့မှ ဆိုးခရေးတ်က "အေး ...အဲဒါ အချစ်နဲ့တူတယ်"လို့ ပြော လိုက်တယ်။

နောက်မှလောက်ပျောက်လောက်ရှိတော့ တစ်ခါ ပလေတိုက "ဆရာ.. ဆရာ..လက်ထပ် ထိမ်းမြားခြင်းဆိုတာ ဘာလဲ"လို့ မေးပြန်တယ်။ ဒီတစ်ခါ လည်း ဆိုးခရေးတ်က "ဟိုး မြင်နေရတဲ့ ထင်းရှူးတော တွေ့လား၊ အဲဒီတောထဲ ကိုသွား .. နောက်လုံးဝပြန်မလှည့်ဘဲ အကောင်းဆုံး ထင်းရှူးပင်တစ်ပင် သွား ခုတ်လာခဲ့ချေ"လို့ ဆိုပြန်တယ်။

တစ်ခါခံထားရဘူးတော့ ပလေတိုမှာ ပထမ တစ်ခေါက်ထက်ပိုပို ဂရု စိုက်စွာဖြင့် တောထဲကို ဝင်ခဲ့တယ်။ နေ့တစ်ဝက်လောက်အကြာမှာပဲ ကျိုးတိုး ကျဲတဲ ထင်းရှူးပင်တစ်ပင်ကို မနိုင့်တစ်နိုင် သယ်လာတဲ့ ပလေတိုကို ဆိုးခရေးတ် လှမ်းမြင်လိုက်တယ်။ အနားရောက်တော့ ဆိုးခရေးတ်က "ဟင်.. ဒါမင်းရဲ့ အကောင်းဆုံး ထင်းရှူးပင်"လို့ ပြောလဲပြော ဆူလဲဆူပါလေရော။ ဒီအခါမှာ ဆိုးခရေးတ်က "ကျွန်တော်လဲ ရှာတာပဲဗျာ အကောင်းဆုံးကို တွေ့လို့ တွေ့ပြား လိုက်ရှာရင်း ကျွန်တော့်မှာ မောလဲမော အားလဲကုန်နေပြီ အချိန်လဲ နေ့တစ်ဝက် ကျိုးတော့မှာနဲ့ မဖြစ်ချေဘူးဆိုပြီး အနီးကတွေ့တဲ့ ကြည့်ပျော်ရှုပျော်အပင်တစ်ပင်ကို အမိုခုတ်ပြီး ပြန်လာခဲ့မိတယ်ဗျာ"လို့ ဖြေရှာတယ်။

ဒီတစ်ခါလဲ ဆိုးခရေးတ်က "အေး အဲ့ဒါ လက်ထပ်ထိမ်းမြားခြင်းနဲ့ တူတယ်"လို့ ပြန်ဖြေလိုက်တယ်။

ဒီလိုနေရင်းနဲ့ နောက်တစ်ကြိမ်ကျတော့ ပလေတိုက ထပ်မေးပြန်ပါသတဲ့။ "တိတ်တိတ်ပုန်းဆိုတာ ဘာလဲဆရာ"တဲ့။ ဒီတစ်ခါလဲ ပလေတိုကို ဆိုးခရေးတ်က တောထဲကို သွားပြီး အလန်းဆုံးပန်းတစ်ပွင့်ကို ခူးခဲ့ခိုင်းတယ်။ သတိကြီးကြီး ထားလျက်နဲ့ ပလေတို တောထဲဝင်ပြီး နေ့တစ်ဝက်လောက်အကြာမှာ ခပ်နွမ်းနွမ်း ပန်းလေးနဲ့ လက်မှိုင်ကျလျက် ဆရာ့ဆီပြန်လာတာ့တွေ့လိုက်ရတယ်။ ပြုံးပြုံးလေးကြည့်နေတဲ့ ဆိုးခရေးတ်ကို ပလေတိုက "ကျွန်တော်အလန်းဆုံးလို့ ထင်ရတဲ့ပန်းကို ခူးလာခဲ့တာပါပဲ ဆရာရယ်၊ ဒါပေမယ့် အပြန်လမ်းမှာ ပန်းက တဖြည်းဖြည်း နွမ်းသွားတယ်ဗျာ"လို့ ဆင်ခြေပေးတယ်။

ဒီတော့ ဆိုးခရေးတ်က "အေး… အဲဒါတိတ်တိတ်ပုန်းပေါ့"လို့ အဖြေ လိုက်တယ်။

နောက်လအနည်းငယ်ကြာတော့ ပလေတို ထပ်စပ်စုပြန်တယ်။ "ဘဝဆိုတာ ဘာလဲဆရာ"။ ဒီအခါလည်း ဆိုးခရေးတ်က တောထဲသွားပြီး အလှဆုံးပန်းကို ရှာလာခဲ့လို့ ခိုင်းလိုက်ပြန်တယ်။ ပလေတိုလဲ နောက်တစ်ကြိမ် တောထဲ ထပ်ဝင်သွားခဲ့တယ်။ နေ့တစ်ဝက်ကျိုးသွားတယ်။ ပလေတိုပေါ်မလာဘူး။ ညမိုးချုပ်တဲ့အထိလည်း အရိပ်အရောင်မတွေ့ရဘူး။ ဒီလိုနဲ့ ဆိုးခရေးတ် စောင့်နေတာ သုံးရက်လောက်ကြာတဲ့အထိ ပေါ်မလာတော့ ဆိုးခရေးတ်တောထဲမှာ တပည့်လုပ်သူကို လိုက်ရှာတာပေါ့။ ဒီအခါ တော့စပ်နားတင်ပဲ တဲလေးထိုးပြီး ပန်းတစ်ပွင့်ကို ထိုင်ငေးနေတဲ့ ပလေတိုကို တွေ့လိုက်ရတယ်။ တွေ့တွေ့ချင်း ဆိုးခရေးတ်က "ဘယ်လိုလဲ ပလေတို ဘာလို့ပြန်မလာတာလဲ အခုရော အလှဆုံးပန်းကို တွေ့ပြီလား"လို့ စမေးတယ်။ ဒီအခါ ပလေတိုက ပန်းပွင့်လေး ကို မေးငေ့ါပြီး "ဒီအပွင့် အလှဆုံး မဟုတ်ပေဘူးလား ဆရာရယ်"လို့ ဖြေတယ်။ ဒီအခါ ဆိုးခရေးတ်က "မင်းတွေ့နေရက်နဲ့ ဘာလို့ခူးပြီး မပြန်ခဲ့တာလဲ"လို့ ဆိုတယ်။ ဒီအခါ ပလေတိုက "ကျွန်တော်ခူးလိုက်တဲ့အခါမှာ သူနွမ်းသွားလိမ့် မယ်။ ကျွန်တော်မခူးရင်လဲ သူနွမ်းသွားမှာပါပဲ။ ဒါ့ကြောင့် ကျွန်တော်မခူးရက် တော့ပဲ သူလှလှပပပွင့်ဖူးနေတာကို တစိမ့်စိမ့် ထိုင်ကြည့်နေခဲ့တယ်။ သူ နွမ်းသွားချိန်ကျတော့မှ ကျွန်တော်နောက်ထပ်အလှဆုံး တစ်ပွင့်ကို ထပ်ရှာမယ်။ ဒီလိုပဲ တစိမ့်စိမ့်ကြည့်နေဦးမယ်။ ဒီပန်းက ကျွန်တော်ကြည့်နေခဲ့တဲ့ ဒုတိယ မြောက် အလှဆုံး ပန်းလေးဆရာရဲ့"လို့ ဆိုတယ်။

ဒီအခါကျမှ ဆိုးခရေးတ်က "အင်း ... ပလေတို မင်းဘဝ အဓိပ္ပာယ် ကောင်းကောင်းနားလည်သွားပြီပဲ"လို့ ချီးကျူးလိုက်ပါတယ်။

*ref: plato and socrates on love, marriage, affair, and life*

***ကို ဆီလျော်အောင် ဘာသာပြန်သည်။***

## ကလေးသူငယ်များအား

## နှောင့်ယှက်ညှဉ်းပန်းနှိပ်စက်ခြင်း မဖွယ်မရာပြုမူခံရခြင်းမှ



## ကာကွယ်နိုင်ရန်



၁။ သမီးမိန်းခလေးများအား မိမိဖခင်မှလွဲ၍ အခြားမည်သည့်အမျိုးသား၏ ပွေ့ချီခြင်း၊ ရင်းနှီးစွာ ကိုင်တွယ်ခြင်းကို မခံရန်သွန်သင်ပါ။

၂။ မိမိသားငယ်သမီးငယ်များ၏ရှေ့တွင် မိမိကိုယ်ခန္ဓာပွင့်လင်းမြင်သာစွာဖြင့် အဝတ်လဲခြင်းကို ရှောင်ကြဉ်ပါ။

၃။ အခြားသူတဦးဦးမှ မိမိသားငယ်သမီးငယ်အား "ငါ့ယောက်ျား(သို့) ငါ့မိန်းမ" ဟု ရည်ညွှန်းခေါ်ဆိုခြင်းကို တားဆီးပါ။ ထိုသို့စနောက်ခွင့် မပြုပါနှင့်။

၄။ ကလေးများအတူတူကစားနေသည်ကို လျစ်လျူရှုမထားပါနှင့်။ ခပ်လှမ်းလှမ်းမှ အကဲခတ်၍ကြည့်ပါ။ ကလေးများအချင်းချင်းလည်း မဖွယ်မရာ နှောင့်ယှက်ပြုမူခြင်းများရှိတတ်သည်။

၅။ ကလေးငယ်မနှစ်သက်သောသူ တစ်ဦးဦးထံ အတင်းသွားစေခြင်း၊ အတူနေစေခြင်း မပြုပါနှင့်။

ဆန့်ကြင်ဖက် လိင်လူကြီးတစ်ဦးဦးကို အလွန်ရင်းနှီးခင်တွယ်နေခြင်းမရှိစေရန် သတိထားပါ။

၆။ တက်ကြွစွာနေတတ်သော ကလေးငယ် ရုတ်တရက်ငေးမှိုင်နေလျှင် ဂရုတစိုက် မေးခွန်းမြောက်များစွာမေး၍ အဘယ်ကြောင့်ဆိုသည်ကို သိရအောင်လုပ်ပါ။

၇။ သားသမီးများကို လိင်နှင့်ပတ်သက်သော သိသင့်သိထိုက်သည့် ဗဟုသုတများကို သင်ကြားပေးပါ။ သင်မပြောပြပါက အခြားသူများ၏ မှားယွင်းသော အယူဝါဒများသွန်သင်ခြင်း ခံရမည်။

၈။ ကာတွန်း၊ စာအုပ်၊ ဗွီဒီယိုခွေများကို ကလေးငယ်များ မဖတ်မကြည့်ခင် မိမိအရင် ကြည့်၍ သူတို့ကြည့်ရန် သင့်မသင့် သိရအောင်လုပ်ပါ။

၉။ သင့်အိမ်ရဲ့ အင်တာနက်အသုံးပြုမှုကို အရွယ်မရောက်သေးသူများ မကြည့်ရသည့် (Parental Control)ထိန်းချုပ်စနစ်ထည့်ထားပါ။ အထူးသဖြင့် အိမ်ကို မကြာခဏလာလည်တတ်သော ကလေးများ၏မိဘများကို ထို့အတူပြုရန် အကြံပေးပါ။

၁၀။ ၃နှစ်အရွယ်မှစ၍ သူတို့၏ အတွင်းပိုင်း (private part)ကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြောတတ်အောင် သင်ကြားပေးပါ။ ထိုနေရာကို သင်အပါအဝင် အခြားမည်သူ့ကိုမျှ မထိမကိုင်စေသင့်ကြောင်း သွန်သင်ပါ။

၁၁။ သင့်ကလေး၏ ဖြူစင်မှုကို ထိခိုက်စေနိုင်သော အရာများကို (Blacklist) စာရင်းပြုစုထားပေးပါ။ (နားမထောင်သင့်သော သီချင်းများ၊ မကြည့်သင့်သော ဗွီဒီယိုခွေများနှင့် အတုယူမှားဖွယ် သူငယ်ချင်း၊ မိသားစုဝင်များအပါအဝင်)

၁၂။ လူထူထပ်သောနေရာများတွင် လူအုပ်ကြားမှ ခပ်ခွာခွာ ရှင်းလင်းစွာ နေသင့်ကြောင်း၊ ရှင်းပြထားပါ။

၁၃။ တစ်ဦးတယောက်၏ ကလေးငယ်အပေါ် မနှစ်မြို့ဖွယ် ပြုမူဆက်ဆံနေမှုကို တွေ့ရှိပါက(သို့)ကလေးငယ်ကတိုင်ကြားပါက ရေငုံနှုတ်ပိတ်မနေပါနှင့်။ သင်တားဆီးဖြေရှင်းနိုင်ကြောင်းပြသပါ။

ကျွန်ုပ်တို့ အားလုံးသည် မိဘများနှင့် မိဘဖြစ်လာမည့်သူများသာဖြစ်သည်။ ကလေးဘဝ၏ စိတ်ဒဏ်ရာသည် တစ်သက်လုံး နာကျင်စေသည်ကို မမေ့ပါနှင့်။ *(ဆိုဒ်တစ်ခုမှ "Help Stop Child Abuse" ကို အနီးစပ်ဆုံး ဘာသာပြန်ဆိုထားခြင်းဖြစ်ပါတယ်။)*

## အသုံးချတတ်ဖို့လို



ပညာမဲ့ လူမိုက်များသည် ရလာသော လူ့ဘဝ ခန္ဓာကို
အဆင်း အသံ အနံ့ အရသာ အတွေ့အထိဟူသော
ကာမဂုဏ်ခံစားဖို့အတွက် အသုံးချ၍ **အပါယ်လေးပါး**သို့ သွားကြ၏။
ပညာရှိ လူလိမ္မာများသည် ရလာသော လူ့ဘဝ ခန္ဓာကို
ကုသိုလ်ရဖို့သာလျှင်အသုံးချ၍ **နိဗ္ဗာန်**သို့ သွားကြသည်။

– မေတ္တာရှင် ရွှေပြည်သာ။

# အပျိုပြန်ဖြစ်ဆေး

အခုတလော အမျိုးသမီးအချို့ စိတ်ဝင်စားနေတဲ့ အပျိုပြန်ဖြစ်ဆေးဆိုတဲ့ ဆေးကြော်ငြာတွေဟာ စနစ်တကျသုတေသနလုပ်ထားတာမရှိတဲ့အပြင် ဆေးရဲ့ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးအကောင်းအဆိုးလည်း တိတိကျကျထုတ်ထားတာမတွေ့ရဘူးလို့ ဆရာဝန်တွေက သုံးသပ်ပြောဆိုပါတယ်။

အွန်လိုင်းမှာကြော်ငြာတဲ့ အပျိုစင်အတိုင်း ပြန်လည်ရရှိနိုင်မယ့် သဘာဝဓာတ်စာဆေးအကြောင်းက လူငယ်တွေအကြားမှာ စိတ်ဝင်စားပြီး လူပြောများနေပါတယ်။ အိမ်ထောင်သည်အမျိုးသမီးတို့ရဲ့ သားအိမ်နဲ့ရင်သားကို အပျိုစင်လေးအတိုင်း ပြန်လည်ရရှိစေမယ်လို့ ကြော်ငြာထားတယ်။ အွန်လိုင်းမှာရော စတိုးတစ်ချို့မှာပါ အလွယ်ဝယ်လို့ရနေပါတယ်။

အပျိုစင်အမျိုးသမီးတစ်ယောက်ရဲ့သားအိမ်ပုံစံက V shape ပုံသဏ္ဍာန်အဖြစ်တည်ရှိနေတယ်။ အိမ်ထောင်ကျသွားတဲ့အခါ သားအိမ်ပုံစံဟာ ကလေးမွေးတာ၊ လိင်ဆက်ဆံတာတွေကြောင့် ယပက်လက်ပုံစံ (ယ)ဖြစ်သွားတယ်။ “ယ” ပုံစံဖြစ်သွားရတာက သားအိမ်ရဲ့အတွင်းနံရံမှာ ရေအိတ်နှစ်ခုထွက်လာတာကြောင့်လို့ အွန်လိုင်းကြော်ငြာမှာ ရေးထားတယ်။

ဆေးကိုသုံးစွဲခြင်းအားဖြင့် ရင်သားတင်းရင်းမှုတွေ၊ သားအိမ်ခေါင်းကင်ဆာမဖြစ်အောင် ကာကွယ်ပေးတာတွေ၊ အသားအရေလှပစေမယ်ဆိုတာတွေစသဖြင့် အပျိုစင်လေးအတိုင်း ပြန်လည်ရရှိစေမယ်လို့ညွှန်းဆိုထားတယ်။ အွန်လိုင်းသုံးစွဲသူအမျိုးသမီးအချို့က ကြော်ငြာတွေကို စိတ်ဝင်စားလာကြပြီး သုံးစွဲလိုတဲ့အတွက် ဆရာဝန်တစ်ချို့ကို မေးမြန်းစုံစမ်းတာတွေလည်းရှိတယ်။

သုံးစွဲလိုသူအမျိုးသမီးတွေ့ရဲ့ မေးမြန်းမှုတွေနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံနယူးဒေလီမြို့မှာနေထိုင်တဲ့ ဒေါက်တာတင့်ဆွေက **“ကြော်ငြာဆေးသာဖြစ်တယ်၊ ဆေးသုတေသနမတွေ့ပါ၊ ကောင်းစေတဲ့ရင်သားနဲ့သားအိမ်ဆိုတာ တခြားစီဖြစ်ပါတယ်၊ ဆရာဝန်ဆိုတာ ဆေးကိုကောင်းမကောင်းပြောရင် ဆေးထဲမှာ ဘယ်လိုဓာတ်တွေပါလဲ၊ အဲ့ဒါတွေရဲ့ ဆေးစွမ်းနဲ့ဘေးထွက်ဆိုးကျိုးတွေကို ဆေးသုတေသနနဲ့ လေ့လာဆန်းစစ်မှုအရသာပြောရပါတယ်။ ကြော်ငြာဆေးတိုင်းမှာ ဘယ်သူကတော့ ဘယ်လိုကောင်းပါတယ်လို့ပြောတာကို အတည်မယူပါ**”လို့ မေးမြန်းသူတွေကို သူ့ရဲ့ဖေ့စ်ဘုတ်ခ်ပေ့ချ်စာမျက်နှာကနေ ပြန်လည်ဖြေကြားထားတာတွေ့ရတယ်။

**ဟုတ်သလား၊ ကောင်းသလား**

ကြော်ငြာအားကောင်းကောင်းနဲ့ ကြော်ငြာနေတဲ့ဆေးကို တစ်ကယ်သောက်သင့်တဲ့ဆေးလား၊ ဆေးကြော်ငြာထဲမှာ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ FDA ရဲ့ ခွင့်ပြုချက်ရထားပြီး စိတ်ချစွာသုံးစွဲနိုင်တယ်လို့ ထည့်သွင်းထားတဲ့အတွက် ယုံကြည်ရတဲ့ဆေးလားဆိုပြီး သုံးစွဲလိုသူအချို့က မေးခွန်းထုတ်ကြပါတယ်။

အငြိမ်းစားပါမောက္ခဆရာဝန်ကြီးတစ်ဦးက "**မြန်မာနိုင်ငံ FDA က တရားဝင်ခွင့်ပြုချက်ယူထားမထား ပြန်စစ်ဆေးဖို့လိုတယ်၊ ဆေးတွေမှာ ဘေးထွက်ဆိုးကျိုးဆိုတာရှိတယ်၊ ဘယ်လောက်အာမခံချက်ပေးနိုင်လဲ၊ ထိုင်းနိုင်ငံ FDA က ခွင့်ပြုချက်ပေးထားတာ ထိုင်းနိုင်ငံအတွက်ပဲ၊ အခုဟာက အွန်လိုင်းမှာကြော်ငြာနေတာဆိုတော့ ထိန်းချုပ်ဖို့ခက်တာပေါ့။ ဒါပေမဲ့ ကိုယ့်နိုင်ငံကဥပဒေကို ခိုင်ခိုင်မာမာ ပြဋ္ဌာန်းပြီး တင်းတင်းကျပ်ကျပ်လုပ်ရင် ပြည်သူကိုကာကွယ်ပေးနိုင်တာပေါ့။ နိုင်ငံတော်မှာတာဝန်ရှိသလိုဆေးပညာကို နားလည်တဲ့ပညာရှင်တွေမှာလည်း တာဝန်ရှိတယ်၊ နောက် သုံးစွဲပြည်သူကလည်း မဟုတ်တရှိရင် ကိုယ့်ကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်တာပေါ့**" လို့ သူ့အမြင်ပြောပါတယ်။

ဆေးဝါးနဲ့ အစားအသောက် အာဏာပိုင်အဖွဲ့ (FDA) ရဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေက လွတ်အောင်ဆိုပြီးတော့ ပြည်ပကဆေးဝါးတင်သွင်းသူအချို့က ဗီတာမင်နဲ့ အဟာရအမျိုးအစားအနေနဲ့ ခွင့်ပြုချက်တင်ကြတာတွေရှိပါတယ်။ အမေရိကားနဲ့ ဥရောပမှာလည်း သည်လိုပဲ အာမခံချက်မရှိတဲ့ဆေးဝါးတွေကို ကြော်ငြာကြ၊ ရောင်းကြတာတွေလုပ်တယ်။ သက်ဆိုင်ရာအဖွဲ့ စစ်ဆေးလို့ အာမခံချက် မရှိတာကို တွေ့ရှိတဲ့အခါမှာတော့ ရောင်းတဲ့ဆေးကုမ္ပဏီက ဆေးတွေကို ပြန်သိမ်းတာတွေလည်းရှိတယ်။

ဒေါက်တာတင့်ဆွေက "**ဆေးနဲ့ဆိုင်တာကို FDA ကနေ စိစစ်ရပေမဲ့ ဒီလိုရောင်းကုန်ကို ဆေးဝါးစာရင်းအနေနဲ့ လျှောက်လွှာမတင်ပဲ** dietary supplements **(ဖြည့်စွက်ကုန်) အဖြစ် တင်လို့လွတ်တယ်၊ အမေရိကားမှာလည်းဒီအတိုင်းပဲ လွတ်ကင်းလို့ရောင်းနိုင်ကြတယ်။ FDA ကနေ** finished dietary supplements products **ထုတ်ကုန်နဲ့** dietary ingredients **ကို သတ်မှတ်ပေးထားတာရှိတယ်။လွဲတာရှိရင်အရေးယူတယ်**" လို့ ရှင်းပြပါတယ်။

ဆေးကြော်ငြာတွေထဲက မိန်းကလေးတွေမှာ အများစုက ဆေးအကြောင်း

သိကြသူတွေမဟုတ်ပါဘူး။ ဥပမာ– အသားဖြူဆေး ကြော်ငြာမိန်းကလေးက ဆေးမပေါ်ခင်ကတည်းက ဖြူပြီးသားမျိုးလိုပေ့ါ။ယခုတစ်ခါ ကြော်ငြာမှာသားအိမ် ခေါင်းကင်ဆာကိုကာကွယ်မယ်အထိ ပါလာတယ်။ တင်းတိပ်နဲ့ဝက်ခြံတွေလည်း ပါတယ်။ ဖြစ်စေတဲ့အကြောင်းတွေက တခြားစီဖြစ်နေပြီး ဆေးတစ်မယ်တည်းနဲ့ ပျောက်မယ်လို့ ဝယ်ချင်သူတွေကို ဆွဲဆောင်တာသာဖြစ်တဲ့အတွက် ကြော်ငြာ အားကောင်းတဲ့ဆေးတွေကို ချင့်ယုံကြဖို့ ဆရာဝန်တချို့က ထောက်ပြပြော ဆိုထားပါတယ်။ *– ဟောမာန်ညီညီ(၉–၆–၂၀၁၅) ကုမုဒြာဂျာနယ် တ–၄။*

**မှတ်ချက်။ ။ မရှူးမစမ်းမဆင်မခြင်သုံးလျှင် ကျန်းမာရေးပိုထိခိုက်တတ်သည်။**




## ဘဝဒဿန

* **စေတနာသည် ကံတရား၏အရင်းအမြစ်ဖြစ်သည်။**
* သံသယပျောက်စေဖို့ အကောင်းဆုံးနည်းလမ်းကတော့ လုံးဝယုံကြည်ဖို့ပဲ။
* **ကိုယ်တိုင်ခံစားဖူးမှ ကိုယ်ချင်းစာမယ်ဆိုရင်တော့ မင်းဟာ လူမိုက်ပဲ။**
* ကံကြမ္မာဆိုတာ လူတစ်ယောက်ရဲ့စိတ်ဓာတ်ကိုတောင် ပြောင်းလဲပစ်နိုင်တယ်။ (ဦးဘုန်း-ဓာတု)

# ဦးနေဝင်း ရဲ့ မဟေသီ

မြန်မာပြည်ကို ချောက်ထဲကျဖို့ လက်တစ်လုံးလောက်အလိုမှာ ကယ်တင်ခဲ့တယ်ဆိုတဲ့ စစ်အာဏာရှင် **ဗိုလ်ချုပ်ကြီးနေဝင်းမှာ တရားဝင်လက်ထပ်ခဲ့တဲ့ အိမ်ထောင်ရှင်ပေါင်း ၇–ဆက်ရှိပါတယ်။ ပထမအိမ်ထောင်က ဒေါ်သန်းညွန့်**ပါ။ သူနဲ့ ကျောင်းတက်ဖက်လည်း ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ရန်ကုန်တက္ကသိုလ် ဥပစာသိပ္ပံအထက်တန်းက ထွက်ခဲ့ရတဲ့ ၁၉၃၁ ခုနှစ်မှာ လက်ထပ်ခဲ့ကြတာပါ။ <u>ဒေါ်သန်းညွန့်ဟာ အပျိုမဟုတ်ပါဘူး။ သူနဲ့လက်ထပ်တဲ့အချိန်မှာ သားတစ်ယောက်ပါလာပါတယ်။</u> ဒေါ်သန်းညွန့်လို့ခေါ်တဲ့ မေရီနဲ့ ၁၉၃၇–ခုနှစ်အထိ ပေါင်းသင်းနေထိုင်ခဲ့တာမှာ တာတီးလို့ခေါ်တဲ့ **ဦးကျော်သိန်း**ကို ထွန်းကားခဲ့ပါတယ်။ ဦးနေဝင်းရဲ့သားကြီး ဦးကျော်သိန်းဟာ မြန်မာ့ရေနံမှာအလုပ်လုပ်ရင်း ပြည်မြို့မှာနေတဲ့ ဦးစိန်သီးနဲ့ဒေါ်ဆိုင်တို့ရဲ့သမီးမကြည်ကြည်အေးနဲ့လက်ထပ်ခဲ့တယ်။

အဲဒီနောက် ၁၉၃၇–ခုနှစ်၊ ဇူလိုင်လ၊ (၁၈) ရက်နေ့ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) အိမ်အမှတ် ၁၀၆ မှာ **ဒေါ်တင်တင်နဲ့** လက်ထပ်ခဲ့ပါတယ်။ အဲဒီလက်ထပ်မင်္ဂလာပွဲကို သခင်ရှုမောင်(ဗိုလ်နေဝင်း)ရဲ့အဖေ ဦးဖိုးခ ကိုယ်တိုင်တက်ရောက်ခဲ့ပါတယ်။ ဗိုလ်နေဝင်းနဲ့ဒေါ်တင်တင်တို့ကနေပြီး ၁၉၃၉–ခုနှစ်မှာ သား **ငွေစိုး**ကို မွေးဖွားခဲ့ပါတယ်။ **ဒုတိယသား အေးအောင်ဝင်း** လို့ခေါ်တဲ့ ကိုအေးအောင်ကို ၁၉၄၉–ခုနှစ်၊ ဇူလိုင်လ၊ (၁၇)ရက်နေ့မှာ မွေးဖွားခဲ့ပြန်ပါတယ်။

အဲဒီနောက် ဒေါ်တင်တင်နဲ့ တရားဝင်ကွာရှင်းခြင်းမရှိဘဲနဲ့ ၁၉၅၂–ခုနှစ်၊ မတ်လ(၁၀)ရက်၊ တနင်္လာနေ့မှာ **ဒေါ်ခင်မေသန်း လို့ခေါ်တဲ့ ကစ်တီဘသန်းနဲ့** ရန်ကုန်ဆေးရုံကြီးဝင်းထဲမှာရှိတဲ့ ဆေးကျောင်းအုပ်ကြီးနေအိမ်မှာ လက်ထပ်ခဲ့ပြန်ပါတယ်။ အဲဒီအချိန်မှာ ဒေါ်ခင်မေသန်းက အသက် ၂၅–နှစ်ပဲ ရှိပါသေးတယ်။ ဦးနေဝင်းကတော့ အသက် ၄၂–နှစ် ရှိနေပါပြီ။

အဲဒီခေတ်က ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ မင်္ဂလာသတင်းကို ဘယ်သတင်းစာကမှ မရေးရဲပါဘူး။ မူလမယားကြီးဖြစ်တဲ့ ဒေါ်တင်တင်က သတင်းစာတိုက်ရှေ့ကိုသွားပြီး "ကျွန်မသာလျှင် မယားကြီးဖြစ်ပါတယ်"ဆိုတဲ့ကြော်ငြာအတိုကလေးကို ကြော်ငြာခကိုလည်း တစ်ခါတည်းရှင်းပေးရင်း ထည့်ခိုင်းပါတယ်။ ဒါပေမယ့် ဘယ်သတင်း

တတိုက်ကမှ မထည့်ရဲခဲ့ပါဘူး။ အဲဒီလိုနဲ့ ဗမာ့ခေတ်သတင်းစာတိုက်ကို ဒေါ်တင်တင်ရောက်လာပြီး ကြော်ငြာထည့်ဖို့ပြောတော့ အယ်ဒီတာချုပ်အောင်ဗလ (ကြေးမုံဦးသောင်း) က သူ့အထက်က မိုးကြိုးဦးအုံးခင်ကို တင်ပြပါတယ်။ အဲဒီမှာ ဦးအုန်းခင်က ...

"**ဒီကြော်ငြာကလေး မဖြစ်စလောက်နဲ့တော့ မလုပ်နဲ့။ မင်းတကယ်သတ္တိရှိရင် ကျကျနန ပြည့်ပြည့်စုံစုံ ချပေါ့ကွာ**"

ဆိုတော့ ဘာပြောကောင်းမလဲ။ ဆရာအောင်ဗလက "**သစင်ရှုမောင် နိုင်ငံရေးသမားဘဝ တော်ပြတ်နေစဉ် ထောင်ထဲအထိ ထမင်းဆုစ်ပို့ပြီး ပေါင်းသင်းခဲ့ပါတယ်**" ဆိုတဲ့စာသားနဲ့ အစချီပြီး ဗိုလ်ချုပ်ကြီးနေဝင်း၊ဒေါ်တင်တင်နဲ့ပေါင်းသင်းနေတုန်းက သားတွေနဲ့အတူရိုက်ထားတဲ့ ဓာတ်ပုံတွေနဲ့ သတင်းစာမျက်နှာဝက်လောက် ရေးထည့်လိုက်တယ်။ အဲဒီသတင်းလည်းဖတ်ပြီးရော ဗိုလ်ချုပ်ကြီးနေဝင်းလည်း ယမ်းပုံမီးကျ ဒေါသဖြစ်တော့တာပဲ။ ဆရာအောင်ဗလကိုလည်း အစိမ်းလိုက်ဝါးစားချင်လောက်အောင် ဖြစ်သွားတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကလည်း တပ်မတော်အကြီးအကဲတစ်ယောက်လုပ်နေပြီး မဟုတ်မဟတ်လုပ်ရသလားဆိုပြီး စိတ်ဆိုးနေတာမို့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ သူ့ဒေါသကို အတင်းမျိုချခဲ့ရတယ်ခင်ဗျ။ ဒါကြောင့်ဗမာ့ခေတ်သတင်းစာနဲ့ဆရာအောင်ဗလကို လက်ဖျားနဲ့တောင် မတို့ရဲရှာပါဘူး။ သနားစရာကောင်းပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်း၊ ဒေါ်ခင်မေသန်းနဲ့ လက်ထပ်တုန်းက သမီးသုံးယောက်အမေ ဒေါ်ခင်မေသန်းဟာ ပထမအိမ်ထောင်ဖြစ်တဲ့ ဒေါက်တာတောင်ကြီးနဲ့ တရားဝင်ကွာရှင်းပြတ်စဲခြင်း မရှိသေးပါဘူး။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက မယားခိုးမှု ဖြစ်သွားပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းကို လင်ရှိမယားကို လက်ထပ်ပေါင်းသင်းလို့ တပ်မတော်အက်ဥပဒေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အရေးယူဖို့ ပြင်ဆင်နေတာကို ဝိုရ်ရာသခင်ချစ်မောင်၊ ဦးဗဆွေနဲ့ဦးကျော်ငြိမ်းနဲ့ ဦးခင်မောင်လေးတို့က ဝိုင်းဝန်းဖျောင်းဖျ၊ တားမြစ်ခဲ့ကြလို့ ဦးနေဝင်း ဗိုလ်ချုပ်သက်ရှည်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်လည်း ကံဆိုးပြီး ချောက်ထဲကျသွားပါတယ်။ ဒါပေမယ့် ဒေါ်ခင်မေသန်းကိုတော့ ဒေါက်တာတောင်ကြီးနဲ့ တရားဝင်ကွာရှင်းပြတ်စဲနိုင်းခဲ့ရပါတယ်။

**ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ဒေါ်ခင်မေသန်းတို့ဟာ သမီးစန္ဒာဝင်း၊ ကြေးမုံဝင်းနဲ့ သားဖြိုးဝေလင်းကို ထွန်းကားခဲ့ပါတယ်။** ဒေါ်ခင်မေသန်းဟာ ၁၉၇၂-ခုနှစ်၊ ဇက်တင်ဘာလ(၃၀)ရက်နေ့ လန်ဒန်စံတော်ချိန် ညနေ ၄ နာရီ၊ ၂၄ မိနစ်

(မြန်မာစံတော်ချိန် ည ၁၀ နာရီ၊ ၅၄ မိနစ်)မှာ ဧည့်တက်ရောက်ကုသနေတဲ့ လန်ဒန်မြို့က ဖူလ်ဟင်ဆေးရုံမှာ ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ ဒေါ်ခင်မေသန်းဟာအသက်–၄၆နှစ်ပဲရှိပါသေးတယ်။ ဒေါ်ခင်မေသန်းရဲ့အလောင်းကို ရန်ကုန်ပြန်သယ်လာပြီး ကြံတောသုသာန်မှာ မြှုပ်နှံထားတဲ့ ဒေါ်ခင်မေသန်းရဲ့ ဖခင် ဒေါက်တာဦးဘသန်းနဲ့ မိခင် ဒေါ်ခင်ကြည်တို့ရဲ့ ဂူခြေရင်းမှာ ဂူသွင်းမြှုပ်နှံခဲ့ပါတယ်။

ဦးနေဝင်းဟာ တတိယဇနီး ဒေါ်ခင်မေသန်း ကွယ်လွန်သွားလို့ ၅ လ နဲ့ ၂၉ ရက်ကြာတဲ့ ၁၉၇၃–ခု၊ ဧပြီလ ၄ ရက် ဗုဒ္ဓဟူး နေ့မှာ **ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်သမိုင်းဌာနက နည်းပြဆရာမ ဒေါ်နီနီမြင့်နဲ့ လက်ထပ်ခဲ့ ပြန်ပါတယ်။** ဒေါ်နီနီမြင့်နဲ့လက်မထပ်ခင်မှာ ဦးနေဝင်းဟာ သူ့ဇာတိက ရပ်ဆွေရပ်မျိုးမကင်းတဲ့ အင်္ဂလိပ်စာကထိက ဆရာမဒေါ်သိန်းညွှန့်နဲ့(အင်းလျားအဆောင်မှူး) လက်ထပ်ပေးဖို့ ဆွေမျိုးများကို အောင်သွယ်မိုင်းပါတယ်။ ဒေါ်သိန်းညွှန့်က ဦးနေဝင်း မိန်းမရှုပ်တာကိုသိလို့ လက်မခံခဲ့ပါဘူး။

ဒေါ်သိန်းညွှန့်က လက်မခံတော့အပေါင်းအသင်းရောင်းရင်းတွေက တပ်မတော် မစ်ဆေးရုံမှာ အမှုထမ်းနေတဲ့ စစ်သူနာပြု အမျိုးသမီးတစ်ဦးနဲ့ စေ့စပ်ပေးခဲ့ပြန် ပါတယ်။ ဒါပေမယ့် အဲဒီအစီအစဉ်လည်း ပျက်သွားခဲ့ရပြန်ပါတယ်။

အဲဒီနောက်မှာတော့ ဒေါ်ခင်မေသန်းရဲ့ မိဘတွေပိုင်ဆိုင်တဲ့ တိုက်ကြီးမှာရှိတဲ့ လယ်မြေတွေကို စီမံခန့်ခွဲပေးနေတဲ့ အဒေါ်ကြီးခင်ရဲ့ တူမ ဒေါ်နီနီမြင့်ကို ဆွေမျိုး တွေက အတင်းစေ့စပ်ပေးလို့ ဦးနေဝင်းနဲ့လက်ထပ်ဖြစ်သွားခဲ့တာပါ။ အဲဒီအချိန်မှာ ဒေါ်နီနီမြင့်က အသက် ၃၂–နှစ်ရှိနေပြီး ဦးနေဝင်းက ၆၃ နှစ်ရှိနေပါပြီ။

**အဲဒီနောက် ဦးနေဝင်းက ထိမ်ရှေ့စံကနောင်မင်းသားကြီး ရဲမြစ်၊ လင်းပင် မင်းသားကြီးနဲ့ ရေနံ့သာခင်ခင်ကြီးတို့ရဲ့မြေး၊ လင်းပင်ထိပ်တင်မလတ်နှင့် ဟားဘတ်ဘယ်လာမီတို့ရဲ့ သမီးရတနာနတ်မယ်နဲ့ လက်ထပ်ဖို့အတွက် ဒေါ်နီနီမြင့်ကို အပြစ်မရှိအပြစ်ရှာပြီး ကွာရှင်းခဲ့ပြီး ၁၉၇၆–ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၊ သောကြာနေ့ သမ္မတအိမ်တော်မှာ ရတနာနတ်မယ်နဲ့ ထိမ်းမြား လက်ထပ်ခဲ့ပါတယ်။** ဦးနေဝင်းနဲ့ လက်ထပ်တဲ့အချိန်မှာ ရတနာနတ်မယ်ဟာ အသက် ၄၄ နှစ်ရှိပြီး ဦးနေဝင်းဟာ ၆၆ နှစ်ရှိနေပါပြီ။

ဦးနေဝင်းဟာ ရတနာနတ်မယ်နှင့် လက်ထပ်ပြီး ၃ လအကြာမှာ နီပေါ ဘုရင်နဲ့ မိတ်ဆွေရင်းချာဖြစ်လို့ ဧပြီလ ၆ ရက်နေ့မှာ နီပေါနိုင်ငံကို ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ပါတယ်။ အဲဒီနှစ် ဧပြီလ ၂၇ ရက်နေ့မှာပဲ ဦးနေဝင်းနဲ့

ဇနီးရတနာနတ်မယ်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဧည့်သည်အဖြစ် သွားရောက်လည်ပတ်ခဲ့ပါသေးတယ်။

အဲဒီလို ဦးနေဝင်းနဲ့ ဇနီးရတနာနတ်မယ်တို့ဟာ အကြိမ် ၄၀ မြောက် တရုတ်ပြည်ခရီးစဉ်အဖြစ် ၁၉၇၇–ခုနှစ် ဧပြီလ ၂၇ ရက်က နေပြီး မေလ ၁၂ ရက်အထိ ၁၆ ရက်တိုင်တိုင် ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပါတယ်။

တရုတ်ပြည်က ပြန်ရောက်ပြီးလို့ ၂ ရက်အကြာ တပ်မတော်ဂေါက်ကွင်းမှာ ရတနာနတ်မယ်အပါအဝင်၊ တပ်မတော်အရာရှိကြီးတွေနဲ့ ဂေါက်ကစားရာမှာ ဦးနေဝင်း ရှုံးသွားပါတယ်။

အိမ်ပြန်ရောက်တဲ့အထိ ဦးနေဝင်းဂေါက်ကစားတာရှုံးလို့ ရှက်ဒေါသထွက်နေတဲ့အရှိန်ဟာ မသေသေးပါဘူး။ ဝီစကီပုလင်းတစ်ဝက်လောက်သောက်ပြီး မူးနေတဲ့ ဦးနေဝင်းဟာ ဂေါက်ကွင်းမှာ သူရှုံးခဲ့တာကို စကားစပြန်ဖော်ရင်း လင်မယားချင်း စကားများကြပါတယ်။ အဲဒီကနေ ဆေးလိပ်ပြာခွက်နဲ့ပစ်ပေါက်တာတို့၊ ဒေါက်ဖိနပ်နဲ့ ပစ်ပေါက်တာတို့တွေ ဖြစ်ကုန်ပြီး ရတနာနတ်မယ်ဟာ သူ့ပစ္စည်းတွေယူပြီး ဝင်ဒါမီယာထဲမှာရှိတဲ့ ဝန်ကြီးဟောင်းဦးရဲခေါင်ရဲ့ဒုတိယဇနီးအိမ်ကို ဆင်းသွားခဲ့ပါတယ်။

ရတနာနတ်မယ်ဟာ ဦးရဲခေါင်ရဲ့ ဒုတိယဇနီးအိမ်မှာ သုံးပတ်လောက်နေပြီး ဦးနေဝင်းပြန်လာခေါ်မလားလို့ စောင့်နေပါသေးတယ်။လာမခေါ်တဲ့အဆုံးမှာတော့ သူကြင်မှ ကိုယ်ကြင်မယ်ဆိုပြီး အီတလီနိုင်ငံကို အပြီးပြန်သွားပါတော့တယ်။

အဲဒီလိုနဲ့ သူတို့နှစ်ဦးရဲ့ အိမ်ထောင်ရေးဟာ ငါးလလောက်ကလေးအတွင်းမှာပဲ ပြိုကွဲသွားကြပါတယ်။

**ဦးနေဝင်းဟာ ရတနာနတ်မယ်နဲ့ အိမ်ထောင်ရေးပြိုကွဲသွားပြီးတဲ့နောက်မှာ ဒေါ်နီနီမြင့်နဲ့ ပြန်ပေါင်းထုတ်ခဲ့ပါတယ်။**

ဦးနေဝင်းဟာ အဲဒီလိုလူစားမျိုးပါ။ ယခု အခါမှာတော့ ရတနာနတ်မယ်ဟာ အသက် ၈၃ နှစ်ရှိနေပါပြီ။ အီတလီနိုင်ငံမှာရှိတဲ့ ဖလောရင့်မြို့မှာနေထိုင်ပြီး သူ့အိမ်မှာပဲ အချက်အပြုတ်သင်တန်းကလေးဖွင့်ထားပါတယ်။ အားလပ်ချိန်တွေမှာ ပန်းချီဆွဲပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကုန်းဘောင်ခေတ်ရဲ့ နောက်ဆုံးမင်းသမီးတစ်ပါးဖြစ်တဲ့ ရတနာနတ်မယ်ဟာ ဦးနေဝင်းရဲ့ မဟေသီတစ်ပါးဖြစ်ခဲ့တယ်ဆိုတာကိုတော့ ငြင်းကွယ်လို့မရနိုင်ပါဘူး။

*–မင်းမနိုင်မင်းနိုင်၊ (၁၃–၆–၂၀၁၅) သူရိယသတင်းဂျာနယ် စာ ၃၁။*

## အင်တာနက်စာမျက်နှာပေါ် ပျံ့နှံ့နေသည့်
## မြန်မာအမျိုးသမီးအချို့၏မတော်တရော်ပုံရိပ်များအားအတုခိုးမှားနိုင်၊
## နောင်မျိုးဆက်သစ်မိန်းမပျိုငယ်များအတွက် အလွန်ရင်လေးဖွယ်ဖြင့်
## မတော်တရော်ရိုက်ကူးခံသည့်သူ၊ ရိုက်ကူးပေးသည့်သူများကို
## ထိထိရောက်ရောက်တားဆီးအရေးယူသင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပသည့်ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ **အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး** ပါဝင် ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

ဦးသိန်းထွန်းဦးက-

- ယဉ်ကျေးမှုမူဝါဒ အပိုဒ်ခွဲငယ်(ဂဂ)တွင် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက် ဝင်ရောက်လာခြင်းကို တားဆီးရေးဆိုသည့်အချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အထူးလိုအပ်သည့် လွန်စွာကောင်းမွန်သောအချက် ဖြစ်ပါကြောင်း၊
- သို့သော်လည်း အပိုဒ်ခွဲငယ်(ဂဂ)ကို ဆောင်ရွက်ရန် လုပ်ငန်းစဉ်ရေးဆွဲတင်ပြ ထားသည်ကို မတွေ့ရှိရပါကြောင်း၊
- ယနေ့ခေတ်သည် အိုင်တီနည်းပညာများ တိုးတက်လာသည်နှင့်အမျှ တိုင်း တစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ တဖြည်းဖြည်း ဆုံးရှုံးနစ်နာလျက်ရှိပါကြောင်း၊
- တိုင်းတစ်ပါး၏ ဝတ်စားဆင်ယဉ်မှုများဖြစ်သည့် မောင်နှင့်နှမ၊ သားနှင့်အမိ မကြည့်ရဲလောက်သော ဝတ်စားဆင်ယဉ်မှုများသည် အင်တာနက်စာမျက်နှာ များပေါ်တွင်ဆိုးရွားစွာပျံ့နှံ့နေပါကြောင်း၊ပိုပြီးဆိုးရွားစေသည်မှာ အင်တာနက် စာမျက်နှာပေါ် ပျံ့နှံ့နေသည့် မြန်မာအမျိုးသမီးအချို့၏ မတော်တရော် ပုံရိပ်များဖြစ်ပါကြောင်း၊
- အတုမြင်အတတ်သင်ဖြစ်ကြသည့်အပေါ် မိမိတို့ မြန်မာနိုင်ငံသား နောင်မျိုး

ဆက်သစ်မိန်းမပျို အမျိုးသမီးငယ်များအတွက် အလွန်ရင်လေးမိသည့်အပြင် မတော်တရော် ရိုက်ကူးခံသည့်သူ၊ ရိုက်ကူးပေးသည့်သူများကို ထိထိရောက်ရောက် တားဆီးအရေးယူသင့်ပါကြောင်း၊

- ထို့ကြောင့် ယဉ်ကျေးမှု မူဝါဒ(ဂဂ)ကို ထိထိရောက်ရောက် ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့်လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းရေးဆွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြခဲ့သည်။
- ထို့ပြင် ဦးသိန်းထွန်းဦးက ယဉ်ကျေးမှု အပိုဒ် ၁၊ မူဝါဒများမှာ အပိုဒ်ခွဲ (ကက)မှ (ငင)အထိ မူဝါဒငါးချက်ပါဝင်ပြီး အပိုဒ်ခွဲ (ကက)တွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့်အချက် ပါဝင်ပါကြောင်း၊
- အပိုဒ် ၂ ရည်မှန်းချက်အပိုဒ်ခွဲငယ်(ဃဃ) တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ရှေးဟောင်းသုတေသန နည်းပညာရပ်များ ကျယ်ပြန့်စွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟု ပါဝင်ပါကြောင်း၊
- အပိုဒ်ခွဲငယ်(ဇဇ)တွင် ရှေးမြို့ဟောင်းများနှင့် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများအား ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဒေသအသီးသီး ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဟုလည်း အသီးသီးပါဝင်ပါကြောင်း၊
- ယဉ်ကျေးမှု မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များသည် ကောင်းမွန်လှပါကြောင်း၊ သို့ပါသော်လည်း တိကျမြန်ဆန်ရန်လိုပါကြောင်းဖြင့်လည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

*-(၂၈-၂-၂၀၁၄) မြန်မာ့အလင်း- စာ-၁၄ မှ။*

## စိတ်ငြိမ်းချမ်းချင်ရင်

**လောဘ၊ ဒေါသ၊ မောဟ နည်းနိုင်သမျှနည်းအောင်နေ။**

**လောဘ၊ဒေါသ၊မောဟနည်းလေ ဒုက္ခနည်းလေ။**

**လောဘ၊ဒေါသ၊မောဟများလေ ဒုက္ခများလေ။**

*(WST)*

**(မေး) ရဟန်းသံဃာတော်တွေ facebook သုံးသင့်ပါသလား။ သုံးရင်ဘယ်လို အကျိုးဖြစ်နိုင်ပါသလဲ၊ သုံးသင့်မသုံးသင့်ရှင်းပြပါဘုရား။**

(ဖြေ) ရှေ့လူကြီးတွေ ခရီးသွားခဲ့တာ ခြေလျင်၊ အကျွန်ုပ်တို့ အဘိုးတွေ စက်ဘီး၊ အခုခေတ် ဆိုင်ကယ်နဲ့ကားတွေ ပြောင်းလဲအသုံးပြုလာကြသလိုပါပဲ။ ဒီခေတ်မှာ တရားစာအုပ်တွေဝယ်ဖတ်တာလဲ ရှားသွားပြီးလေ။ ဒါ့ကြောင့် သံဃာတွေ fbသုံးတယ် ဆိုတာကလဲ လက်ကမ်းတရားစာအုပ် အသေးလေးတွေ မြို့ရွာအနှံ့ခေတ်နဲ့အညီ ဖြန့်ဝေနေတာပါပဲ။ ထိုင်းနိုင်ငံက ရဟန်းတစ်ပါးရဲ့ fbကနေ တစ်ဆင့် တရားစာပေကိုဖတ်မိလို့ ဂျာမဏီဝန်ကြီးချုပ် အခုဗုဒ္ဓဘာသာခံယူပြီး သက်နီးဝတ်နေတယ်။ အမေရိကန်မှာ fbကနေတစ်ဆင့် အင်္ဂလိပ်လိုရေးတဲ့ဓမ္မစာပေကို နှစ်သက်လို့ လူတစ်သိန်းကျော် ဗုဒ္ဓဘာသာထဲဝင်လာတယ်။ ဒါရဟန်းသံဃာတွေ fbသုံးခြင်းအကျိုးပါပဲ။ fbကနေ သာသနာပြုလိုက်တာပါပဲ။

fbကနေ တရားစာပေဖတ်ပြီး ပြောင်းလဲတိုးတက်နေသူတွေ စိတ်ထား မှန်လာသူတွေ ပြည်တွင်းပြည်ပအများကြီးပါပဲ။ fbကနေ ပရဟိတလုပ်နေတဲ့ ရဟန်းတော်တွေ၊ fbကနေ အသည်းကျောက်ကပ် ကြေညာပြီးလှူတဲ့ရဟန်းတွေ အများကြီးပါ။ အဲသလို တရားစာပေpost တွေတင်တဲ့ ရဟန်းဟာ (ဓမ္မဒေသနာ)= တရားဟောတဲ့ကုသိုလ်ရသလို စာဖတ်တဲ့ ရဟန်းရဲ့ fri တွေကလဲ (ကာလေန ဓမ္မဿဝနံ) အချိန်ခါအားလျော်စွာ တရားနာရမည်ဟု ဗုဒ္ဓမင်္ဂလသုတ်မှာ မိန့်မှာ ချက်နဲ့အညီ တရားနာခြင်းကုသိုလ်ဖြစ်တာပါပဲ။ ကြည်နူးဖွယ်ရာ စာကျက်နေတဲ့ သံဃာ၊ ဆွမ်းခံကြွတဲ့သံဃာတန်းတွေမြင်ရတော့သမဏာနဉ္စဒဿနံ =ရဟန်း သံဃာကို မြင်ခွင့်ရခြင်းဟာလဲ မင်္ဂလာပါဆိုတဲ့အတိုင်း မင်္ဂလာဖြစ်ခွင့် ရပြန်တယ်။

ရွှေတိဂုံစေတီတော် မဟာမြတ်မုနိ ဗုဒ္ဓဂယာက ဘုရားပုံတော်တွေ တင်ကြ တော့ ကိုယ့်အိမ်ကနေ ဘုရားဖူးခြင်းကုသိုလ်ဖြစ်ပါတယ်။ fbကနေ ရဟန်းသံဃာ တော်တွေနဲ့ ဘယ်အတန်းတက်နေလဲဘုရား၊ နေကောင်းလားဘုရားလို့မေးတော့ (ပိယဝါစာ သမ္မာဝါစာ) ချစ်ဖွယ်ချိုသာစကား ပြောဆိုတဲ့ ယဉ်ကျေးလိမ္မာသူ တစ်ယောက်ဖြစ်ခွင့်ရတယ်။ ကျန်းမာပါစေလို့တင်လိုက်ရင် မေတ္တာပို့ပြီးသားဖြစ် ပါတယ်။ **ရဟန်းသံဃာတစ်ပါး fbကိုအကျိုးရှိရှိအသုံးချရင် လူပေါင်း များစွာအကျိုးရှိတာမို့ တိုးတက်လာတဲ့ခေတ်အနေရ fbသုံးကို သုံးသင့်ပါတယ်။** မသိတာလေးတွေကို ရဟန်းသံဃာတွေမေးကြတော့ ဓမ္မသာကစ္ဆာ တရား အကြောင်းဆွေးနွေးခြင်းမင်္ဂလာဖြစ်တာပါပဲ။

ဒါကြောင့်မို့ ရဟန်း သံဃာတွေ fb မသုံးသင့်ဖူးလို့ ပြောနေတာဟာ ရဟန်းတွေ တရားစာအုပ်စာပေတွေ မရေးသင့်ဘူး၊ တရားမဟောသင့်ဘူးလို့ တားမြစ်လိုက်တာနဲ့ တူနေပါတယ်။ အဲဒီလိုဆို လူသားဟာ ဘဝတိုင်း ဉာဏ်ထက်မြက်တဲ့သူ အမှန်တရားကိုမြင်နိုင်တဲ့သူ ဖြစ်လာမှာမဟုတ်ပါဘူး။ တစ်ခုတော့ရှိပါတယ် ရဟန်းသံဃာဖြစ်ပြီး fbကို အလွဲသုံးစားလုပ်ပြီး တဏှာရာဂတိုးပွားကြောင်းသာ လုပ်နေရင် မသုံးသင့်ပါဘူး။ လိုရင်းပြန်ပြောရရင် fbသုံးနေတာတစ်ခုကို ကြည့်ပြီး ရဟန်းသံဃာ fbသုံးသင့် မသုံးသင့် ဆုံးဖြတ်လို့မရပါဘူး။ အကျိုးရှိရှိအသုံးပြုရင် ခေတ်အနေအထားအရ သုံးကိုသုံးသင့်ပါတယ်။ ဘယ်သိက္ခာပုဒ်ကိုမှလဲ ချိုးဖြတ်ရာ မရောက်ပါဘူး။ ရဟန်းသံဃာတွေ fbမသုံးသင့်ဘူးဆိုတဲ့ ကလေးတို့ရေ.... အခုကလေးတို့ဝင်ထားတဲ့ပါတီမျက်မှန်၊ မဘသမှန်းတီးရေးမျက်မှန်လေးကိုသာ ချွတ်ကြည့်လိုက်ပါ။ အမြင်မှန်လာပါလိမ့်မယ်။ အားလုံးအမြင်မှန်ရကြပါစေ။

**–အရှင်နန္ဒိယ မစိုးရိမ်တိုက်သစ် facebook မှ။**

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းပါ

# ဗုဒ္ဓဘာသာဝင်ဇနီးကိုနည်းအမျိုးမျိုးဖြင့်ဘာသာပြောင်းစေသူအား

# ထောင်ဒဏ်ငါးနှစ်အထိချမှတ်ရန်ပြဋ္ဌာန်းချက်ကို

# အမျိုးသားလွှတ်တော်ကနှစ်နှစ်သို့လျှော့ချ

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းပါ ဗုဒ္ဓဘာသာဝင် ဇနီးအား နည်းအမျိုးမျိုးဖြင့် ဘာသာပြောင်းစေသူအား ထောင်ဒဏ်ငါးနှစ်အထိချမှတ်ရန် ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်မှ နှစ်နှစ်သို့ လျှော့ချခဲ့ကြောင်းသိရသည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းပါ ထောင်ဒဏ်ပြစ်မှုအချို့ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်လိုက်သဖြင့် ဥပဒေအား ပျော့သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဦးသိန်းထွန်းဦး** သုံးသပ်သည်။

အဆိုပါဥပဒေ၏ အခန်း(၅) "ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျား လိုက်နာရမည့်အချက်များ"မှ ပုဒ်မ ၁၉ (င) တွင် **"မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို**

**နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုကို စွန့်လွှတ်စေပြီး မိမိ ကိုးကွယ်ရာဘာသာသို့ ဖြစ်စေ၊ အခြားဘာသာ တစ်မျိုးမျိုးသို့ဖြစ်စေ ကူး ပြောင်းကိုးကွယ်စေမှုမပြုရ**"ဟူသည့်ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်လျှင်"**ထိုသူကို ငါးနှစ်ထက်မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင်ကျပ်သိန်းနှစ်ဆယ်ထက် မပိုသော ငွေဒဏ်လည်းချမှတ်ရမည်**"ဟု ပြည်သူ့လွှတ်တော်က ပြင်ဆင် အတည်ပြုခဲ့သည်။အမျိုးသားလွှတ်တော်ကမူ ထောင်ဒဏ်ငါးနှစ်နေရာ၌"နှစ်နှစ် ထက်မပိုသော"ဟူ၍ကွဲလွဲသော ပြင်ဆင်အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် သို့ ပြန်လည်ပေးပို့ခဲ့ခြင်းဖြစ်သည်။

အလားတူ ပုဒ်မ ၁၉(စ) နှင့် (ဆ) ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်သည့် ဘာသာခြားယောက်ျားအား "**သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ကျပ်တစ်ဆယ့်ငါးသိန်းထက် မပိုသော ငွေဒဏ်လည်းချမှတ်ရမည်** ဟူသည့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ကိုထောင်ဒဏ်နေရာတွင် အမျိုးသားလွှတ်တော်က သုံးနှစ်အစား "နှစ်နှစ်ထက်မပိုသော"ဟု ပြင်ဆင် အတည်ပြုခဲ့သည်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော် သို့ ပြန်လည်ပေးပို့ခဲ့သော ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အချက် လေးချက်ကိုပယ်ဖျက်ခြင်း၊ ၁၂ ချက်ကို ပြင်ဆင်ခြင်းဖြင့်အတည်ပြုခဲ့ကာပြည်သူ့ လွှတ်တော်သို့ ဇွန် ၂ ရက်က ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းဝေးတွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးခဲ့ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကြေညာခဲ့သည်။

***(၃-၆-၂၀၁၄ ) Daily Eleven တ- ၁၆။***

## ရှောင်ရမယ့်မိတ်ဆွေ(၄)ယောက်

၁။ လာတော့ လက်ချည်းပဲ၊ ဘာမှမပါဘဲ လာတယ်၊ ပြန်တော့ တစ်ခုခုကို ယူသွားတဲ့မိတ်ဆွေ။

၂။ စကားမျှနဲ့သာ ပေးသယောင်ပြုတဲ့မိတ်ဆွေ။

၃။ စိတ်တွင်းကမပါ အပြင်ကသာ ချစ်ယောင်ဆောင်တဲ့မိတ်ဆွေ။

၄။ စည်းစိမ်ပျက်ကြောင်း အလုပ်တွေမှာ အဖော်လုပ်တဲ့မိတ်ဆွေ။

***- ပါထိကပါဠိ ၁၅၂၊ ဘာမဆောကျော်ဆရာတော်။***




အရှေ့တံခါး အနောက်တံခါးတွေမှာ တရုတ် ကုလားတွေ ဝင်နေကြပြီ...
တို့မြန်မာတွေ အောက်တံခါးက လစ်ကြစို့...

# မှုဆလင်တွေ ကြောက်တဲ့အရာတစ်ခု

အသက်(၂၇)နှစ်အရွယ်ရှိ ကာ့ဒ်စစ်သမီး ဘာရီတန်က "ဒိုင်အက်စ်တို့သည် အမျိုးသမီးစစ်သည်များကို မုန်းတီးကြောက်ရွံ့လေ့ရှိ"ကြောင်း မှတ်ချက်ပြုခဲ့သည်။

**'ရှင်က အမျိုးသမီးတစ်ယောက်ဖြစ်ပြီးဆိုရင် ရိုင်ဖယ်သေနတ်ကိုဆွဲပြီး ထွက်တိုက်ပါ။ အဲဒီအကြမ်းဖက်သမားတွေကိုရင်ဆိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် အသင့်ပြင်ထားပါ။ ရှင့်အနေနဲ့သူတို့ကိုမသတ်နိုင်ဘူးဆိုရင်တောင် သူတို့ကို စိတ်ရောက်ရှားသွားအောင်လုပ်နိုင်ပါလိမ့်မယ်'**ဟု ၄င်းက ဆိုသည်။

လက်ဖြောင့်ခြင်းသည် ဘာရီတန်၏ တိမ်မြုပ်နေသော ပါရမီတစ်ခုဖြစ်သည်။ အဆိုပါ ပါရမီသည် စစ်ပွဲကာလတွင် ထင်ထင်ရှားရှားထွက်ပေါ်လာသည်။ ၄င်းသည် ကာ့ဒ်တပ်ဖွဲ့များအတွက် အားထားရသည့် စနိုက်ပါလက်ဖြောင့်တပ်သားတစ်ဦး ဖြစ်လာခဲ့သည်။

**'ကျွန်မက စနိုက်ပါတစ်ယောက်ပါ။ နောက်ဆုံးစစ်ဆင်ရေးမှာဒိုင်အက်စ် အဖွဲ့သားသုံးယောက်ကို ကျွန်မပစ်သတ်ခဲ့တယ်။ ကျွန်မလက်ချက်နဲ့တစ် ယောက် ဒဏ်ရာရသွားတယ်လေ'**ဟု ၄င်းက ဂုဏ်ယူစွာဖြင့် ဆိုသည်။ ၄င်းသည် တောင်ကုန်းတစ်ခုပေါ်တွင် မတ်တတ်ရပ်ရင်း ကိုက်လေးရာမျှအကွာရှိ ရွာတစ်ရွာသို့ မျက်နှာမူကာ အမေရိကန်သတင်းထောက် မာတင်ဟီလ်မာ၏မေးခွန်းများကို ပြော ကြားနေခြင်းဖြစ်သည်။ ဟီလ်မာသည် ကာ့ဒ်စစ်သမီးများ၏ဘဝကို မှတ်တမ်း တင်ရန် ဆီးရီးယားသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ဒိုင်အက်စ်တို့က အမေရိကန် သတင်းထောက်အတွက် ဆုငွေဒေါ်လာရှစ်သောင်းထုတ်ပြန်ထားရာ အဆိုပါနေရာ တစ်ဝိုက်ကို လုံခြုံရေးတင်းတင်းကျပ်ကျပ်ချထားရသည်။

'အဲ့ဒီဘက် ရွာတွေကိုကြည့်စမ်းပါ။ ဒိုင်အက်စ်ကကောင်တွေ ထိန်းချုပ် ထားတာလေ။ ဒါပေမဲ့ ကျွန်မတို့ စစ်ဆင်ရေးစလိုက်တာနဲ့ ကျွန်မတို့ လက် အောက်ပြန်ရောက်လာစေရမယ်။ ဒါကို တကယ်ပဲအလေးအနက်ယုံကြည်ထား တယ်'ဟု ၄င်းက ဆိုသည်။

ဘာရီတန်က ဆက်လက်၍ **'ဒိုက်အက်စ်စစ်သွေးကြွတွေက စစ်ပွဲမှာသူတို့ သေသွားရင်ကောင်းကင်ဘုံမှာ အပျိုစင် ၇၂ ယောက်နဲ့ စံစားရမယ်လို့ယုံကြည် ကြတယ်။ ဒါပေမဲ့ အမျိုးသမီးတိုက်ခိုက်ရေးသမားတစ်ယောက်လက်မှာ သေခဲ့ရင်တော့ ငရဲကို တိုက်ရိုက်ရောက် သွားမယ်လို့ သူတို့က ထင်နေတယ် လေ။ တစ်နည်းအားဖြင့် ပြောရရင် မိန်းမတစ်ယောက်သတ်တာခံရရင်**

**သေချာပေါက် ငရဲလားမယ့်သဘောမျိုး သူတို့စိတ်ထဲမှာ တွေးထားတယ်။ အဲ့ဒီတော့ ကျွန်မ တို့ကို သူတို့က ရွံကြောက်ကြီး ဖြစ်နေတတ်ပါတယ်**'ဟုလည်း ပြောကြားခဲ့သည်။

တစ်ဖက်တွင် ကာ့ဒ်စစ်ဦးစီးများက အမျိုးသမီးစစ်သည်များကို ရည်ရွယ်ချက်ရှိရှိ အသုံးချနေကြောင်း ဝေဖန်မှုများလည်းရှိနေသည်။ စစ်ဝတ်စုံနှင့်အမျိုးသမီးများ၏ပုံရိပ်က အနောက်နိုင်ငံမီဒီယာများကို ကောင်းစွာဆွဲဆောင်နိုင်ပြီး တစ်ကမ္ဘာလုံးက ကာ့ဒ်တပ်ဖွဲ့များကို ပိုမိုလေးစားထောက်ခံလာရန် စစ်ဦးစီးများက အကွက်ချစီမံနေခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်ခဲ့သည်။

ဘာရီတန်ကမူ အဆိုပါ သုံးသပ်ချက်များအပေါ် အမှန်၊အမှားခွဲခြားရန် စိတ်မဝင်စားဟု ဆိုသည်။

'**ကျွန်မ စစ်တိုက်နေတာဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပါပဲ။ နောက်တစ်ချက်က အခြေခံအားဖြင့် ကာ့ဒ်တွေဟာ ဒီမိုကရေစီနည်းလမ်းကျကျကျင့် သုံးမှုတွေရှိတယ်။ အမျိုးသမီးတစ်ယောက်ခေါင်းဆောင်မြို့ထားဖို့ ဆိုတာက မလုပ် မဖြစ်လုပ်ရမယ့် ကိစ္စမျိုးမဟုတ်ဘူး။ အရမ်းတင်းကျပ်တဲ့ အစ္စလာမ်မစ် စည်းမျဉ်း မျိုးတွေနဲ့ကြပ်မတ်ထားတာမျိုးလည်းမရှိဘူးလေ။ ဒီတော့အမျိုးသမီးတွေစစ်ဝတ်စုံ ဆောင်းဘိတ်လို့လည်း ဘယ်သူကမှ အပြစ်တင်နေမှာ မဟုတ်ဘူး**'ဟုင်းက မှတ်ချက်ပြုသည်။

၄င်းက အမျိုးသမီးစစ်သည်များကို ကြောက်ရွံ့မုန်းတီးသည့် အိုင်အက်စ်တို့၏ ပင်ကိုစရိုက်က ကာ့ဒ်စစ်သမီးများအတွက် စိတ်ဓါတ်ခွန်အားတစ်ရပ်လည်း ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

'**သူတို့နဲ့တိုက်ခိုက်ရတိုင်း ကျွန်မဘက်က အားသာချက်ရှိသလို ခံစားရတယ်။ ပိုပြီးသန်မာလာတယ်၊ အားကောင်းလာတယ်ဆိုတဲ့ ခံစားချက်မျိုး ပေါ်လာတယ်။ သူတို့ရဲ့ အရိုးစွဲယုံကြည်မှုအရ မိန်းမတစ်ယောက် သတ်ဖြတ်တာခံရမှာကို အရမ်းကြောက်တယ်လေ။ ဒါကြောင့် ကျွန်မတို့ကိုမြင်ရင် အိုင်အက်စ်တွေက ထိပ်တိုက်ရင်ဆိုင်ဖို့ထက် ထွက်ပြေးဖို့ပိုပြီး စိတ်စောနေ တတ်ကြတယ်**' ဟု ဘာရီတန်က ရယ်ရယ်မောမော ပြောကြားသွားသည်။

*-Ref: PBS, CNN (၆-၅-၂၀၁၅) 7day News -တ-၄၆။*

* အခွင့်အရေးမပေးပါက အရည်အချင်းသည် အရာမရောက်ပေ။
Ability is of little account without opportunity.

# ဝိညာဉ်အကူအညီဖြင့် ဖော်ထုတ်ခဲ့ရသော ပဲခူးတိုင်းသနပ်ပင်မြို့မှ နှစ်လောင်းပြိုင်လူသတ်မှုကြီး

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့ရှိ ဈေးပိုင်းရပ်ကွက်တွင် ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်နေ့ ညနေ ၄ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သည့် ကျောင်းဆရာမတစ်ဦးနှင့် အဖိုးအိုတစ်ဦးအား နေအိမ်အပေါ်ထပ်တွင် လက်ပြန်ကြိုးတုပ်ကာ သတ်ခဲ့ပြီး တန်ဖိုးရှိပစ္စည်းနှင့်ငွေများကို ယူဆောင်သွားသောအမှုမှာ ပဲခူးတိုင်းဒေသကြီး အတွင်းတွင် ၁ လအတွင်း ဒုတိယမြောက် အကြီးမားဆုံးနှင့် စိတ်ဝင်စားစရာ အကောင်းဆုံးအမှုတစ်ခုဖြစ်ခဲ့သည်။

အဆိုပါလက်ပြန်ကြိုးတုပ်ထားသောလူနှစ်ဦးအား ရက်ရက်စက်စက်စားဖြင့် ထိုးသတ်ခဲ့သည့် လူသတ်မှုကို ပထမဆုံးမြင်တွေ့ခဲ့သူမှာ နေအိမ်သို့ထမင်း၊ဟင်း ချက်ပြုတ်ရန်ပြန်လာသော အသိန်း(နာမည်လွှဲ)မိန်းမလျာတစ်ဦးမှတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်အလှပြင်ဆိုင်မှာတစ်နေကုန်ရှိနေတယ်။ညနေထမင်းစားဖို့အတွက် အိမ်ပြန်လာတဲ့အချိန်မှာ မမကြီး(ဆရာမ)နဲ့အဖေကြီးတို့ သွေးတွေထွက်ပြီး လဲကျ နေတာကိုတွေ့တော့ ကျွန်တော်လည်း အလှပြင်ဆိုင်ကိုသွားပြီး ကျွန်တော့်ဆရာ ကိုအေးမင်းကို ချက်ချင်းသွားခေါ်ခဲ့တယ်"ဟု ပထမဆုံးတွေ့ရှိခဲ့သည့် အသိန်းက ပြောသည်။

ထိုသို့ သွေးအိုင်ထဲတွင် ဒဏ်ရာများနှင့် လဲကျနေသော ဆရာမဒေါ်စန်းစန်း အေးနှင့် ၎င်း၏ဖခင်ဖြစ်သူ ဦးကျော်ရှိန်တို့ထံသို့ ဦးကျော်ရှိန်၏သားဖြစ်သူ ကန္တားစီး ကိုအေးမင်းရောက်ရှိလာချိန်တွင် အစ်မဖြစ်သူဆရာမဒေါ်စန်းစန်းအေးမှာ နေရာမှာတွင် ကွယ်လွန်နေခဲ့ပြီး ဖခင်ဖြစ်သူဦးကျော်ရှိန်မှာတော့ ထိုအချိန်တွင် အနည်းငယ်သတိရသေးကြောင်း သိရသည်။

"အသိန်းလာခေါ်တဲ့အချိန်မှာ အမကိုလည်း ပိုက်ပြီးလှုပ်နိုးတယ်။ မလှုပ် ဘူး။ အဲဒါနဲ့ သူ့မျက်နှာကိုအုပ်ထားတဲ့အဝတ်တွေကြောင့်လား၊ လည်ပင်းမှာ ချည်ထားတဲ့ကြိုးတွေကြောင့်လားဆိုပြီး ကြိုးတွေဖြုတ်ခဲ့တယ်။ လည်ပင်းကြိုး တွေကလည်း မနည်းဖြုတ်ရတယ်။ ဘယ်လိုမှမနိုးတော့ဘူး။ အဖေကတော့ နည်းနည်းသတိရသေးတယ်။ အဖေ့ကိုတယ်သူလုပ်တာလဲမေးတော့ "ကိုအေးမင်း ရှိလား၊နတ်ပွဲငှားချင်လို့ဆိုပြီးလာတယ်"လို့ပြောပြီး အဖေလည်းခဏမောပြီးတော့

ဆက်မပြောနိုင်တော့ဘူး။ ပြီးတော့အဖေ့ကို သနပ်ပင်ဆေးရုံခေါ်သွားတယ်။ အဲဒီအချိန်ထိ အဖေသတိရနေသေးတယ်။ အဲဒီကနေတစ်ဆင့် ပဲခူးဆေးရုံကြီးကို ပို့ပြီးတဲ့အချိန်မှာ အဖေဆုံးသွားတာဖြစ်တယ်"ဟု သားဖြစ်သူ ကနွားစီးကိုအေးမင်းကပြောသည်။

**လူသတ်မှုဖြစ်စဉ်**

အဆိုပါလူသတ်မှုဖြစ်စဉ်တွင် သေဆုံးသူဒေါ်စန်းစန်းအေးမှာ နေအိမ်အနောက်ဘက်မီးဖိုချောင်တွင် လည်ပင်း၌ပုဆိုးဖြင့် ရစ်ပတ်ချည်နှောင်ခံထားရပြီး နို့အုံနှစ်ဘက်လုံးတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေပြီး၊ ဦးကျော်ရှိန်သည် လည်ပင်း၊နဖူး၊ဝဲဘက်လက်မောင်းလက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် နေအိမ်အတက်အဆင်း၌ ပုဆိုးပင်မရှိလောက်အောင် ရှပ်ပျက်ဆင်းပျက် လဲကျနေခဲ့ခြင်းဖြစ်ကာ ဒေါ်စန်းစန်းအေးဝတ်ဆင်ထားသည့် ကျောက်နီလက်စွပ်တစ်ကွင်း၊ ကျောက်ဖြူနားကပ်တစ်ရံ၊ အိပ်ခန်းအတွင်း အလှပြင်ပစ္စည်းများထည့်ထားသော လက်ဆွဲအိတ်အတွင်းမှ ငွေစက္ကူရောရာနှစ်သိန်း၊ရွှေလက်ကောက်ပြောင်းအတုနှစ်ကွင်း၊ စိန်ပုံသဏ္ဌာန် ဆွဲသီးအတုတစ်ခုတို့အား ယူဆောင်သွားခဲ့ကြကြောင်း ပဲခူးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံး မှုခင်းဌာနမှသိရသည်။

**အသက်စံရသူများ၏ မိသားစုအခြေအနေ**

သေဆုံးသူဒေါ်စန်းစန်းအေးသည် သနပ်ပင်မြို့နယ် ဈေးပိုင်းရပ်ကွက်တွင် အမကမှုလွှန်ကျောင်းတွင် စာသင်ပြနေသော ဆရာမတစ်ဦးဖြစ်ပြီး ဖခင်ဖြစ်သူ ဦးကျော်ရှိန်မှာ နေအိမ်တွင်စက်ဘီးပြင်ဆိုင်ဖွင့်လှစ်နေထိုင်ကြသူများဖြစ်သည်။

သားဖြစ်သူကိုအေးမင်းမှာ သနပ်ပင်မြို့နယ်၌ အလှပြင်ဆိုင်လုပ်ငန်းနှင့် နတ်ပွဲများအားလက်ခံ၍ ကသည့်အလုပ် လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။

**သေဆုံးသူ၏ဗိညာဉ်ကူညီမှုဖြင့် အမြန်ဆုံးအမှုပေါ်ပေါက်**

အဆိုပါအမှုအား အမှုစစ်ဒုရဲမှူးနိုင်ဝင်းက အမြန်ဆုံးဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကာ အမှုစစ်ဒုရဲမှူးနိုင်ဝင်းမှာ သေဆုံးသူဆရာမနှင့် ငယ်သူငယ်ချင်းများဖြစ်ကြောင်း၊ ယင်းသို့ရင်းနှီးမှုများကြောင့် သေဆုံးသူ၏ကိုယ်ပိုင်ပစ္စည်းတစ်ခုမှတစ်ဆင့် သေဆုံးသူ၏ဗိညာဉ်အား အကူအညီတောင်း ခေါ်ဆောင်ကာလူသတ်သမားများကိုအမြန်ဆုံး ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

"**ကျွန်တော်နဲ့မစန်းစန်းအေးနဲ့က ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများ**

**ဖြစ်ပါတယ်။ သူ့အမှုကိုလည်း ကျွန်တော်လိုက်ရတဲ့အခါမှာ သူ့ရဲ့အကူအညီကို လိုအပ်တဲ့အတွက် အမှုစလိုက်ကတည်းက သူ့ကိုကျွန်တော့်ဘေးနားမှာ ခေါ်ထားပြီး အမှုမှန်အမြန်ဆုံးပေါ်ပေါက်အောင် အကူအညီတောင်းခဲ့တယ်။ အခုတော့ အမှုမှန်လည်းပေါ်ပေါက်ခဲ့ပြီးဆိုတော့ သူငယ်ချင်းကို သူသွားလိုတဲ့ နေရာကို ပြန်လာပို့ပေးတာပါ**"ဟု အမှုစစ် ဒုရဲမှူးနိုင်ဝင်းက ၎င်း၏လက်ထဲတွင် ကိုင်ဆောင်ထားသော (အမည်မဖော်လိုသည့်) ပစ္စည်းအား ဆရာမ၏ ရှာပနာ တပ်ပုံရှေ့တွင် ပြန်လည်ချထားရင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့အမှုဖော်ထုတ်ရာတွင် အမှုစစ်ဒုရဲမှူးနိုင်ဝင်းနှင့်အဖွဲ့သည် မန္တလေးသို့သွားရောက်ဖမ်းဆီးမည်ဟု သတင်းလွှင့်ကာ တရားခံဟုယူဆရသူများအား ရန်ကုန်–နေပြည်တော်အမြန်လမ်း ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းဝင်းအတွင်း ယာဉ်အမှတ်–1D/5111 အမြန်ယာဉ်ပေါ်ပါ ရန်နိုင်စိုး(ခ)ဂီးဂီး(၁၈)နှစ်နှင့် အောင်ခန့်ဇော်(ခ)တွတ်ပီ (၁၈)နှစ်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ကျန်တရားခံများ ဖြစ်သည့် သက်ဇော်ဦးနှင့် မဝါဝါဝင်းတို့ကို မှော်ဘီမြို့နယ် ဂျပန်ဘုရားလမ်းပေါ်တွင် ဆိုင်ကယ်စီးလာသည်ကိုတွေ့ရှိပြီး လိုက်လံဖမ်းဆီးရာ သက်ဇော်ဦးမှာ ဇနီးဖြစ်သူ မဝါဝါဝင်း(၂၁)နှစ်အားထားခဲ့ပြီး ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းသိရသည်။ ထို့နောက် မဝါဝါဝင်းအား မှော်ဘီမြို့နယ် ဂျပန်ဘုရားသွား ကားလမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

"**ကျွန်တော့်သူငယ်ချင်းက တရားခံလို့ယူဆရတဲ့သူတွေကို ဘယ်နေရာမှာ ရှိတယ်။ ဘာတွေလုပ်နေလဲဆိုတာကို အတိအကျ ပြောပြခဲ့တယ်။ အခင်း မဖြစ်ခင် ပြစ်မှုကျူးလွန်သူထဲက ကောင်လေးနှစ်ယောက်အကြောင်းပါ ပြောပြ တယ်။** အဲဒီကောင်လေးနှစ်ယောက်က ကိုအေးမင်းတို့အလှပြင်ဆိုင်ကို လာတယ်။ ပြီးတော့ ရိသဲ့သဲ့နဲ့ပြောသွားတယ်။ အဲဒါဟုတ်မဟုတ်ကိုလည်း အဲဒီဆိုင်က မိန်းမလျှာလေးက ဒီလိုပြန်ဖြေခဲ့ပါတယ်။

"အင်း ဟုတ်တယ်။ ကျွန်တော်တို့ဆီကို ကောင်လေးနှစ်ယောက် ရောက်လာပြီး ဆိုင်မှာအိပ်လို့ရလား၊ အိမ်မှာအိပ်လို့ရလား၊လာလည်လို့ရလားမေးတယ်။ ကျွန်တော်လည်း ပြန်ဖြေလိုက်တယ်။ ဘယ်ညွှိသည်မှ လက်မခံဘူးလို့"

**ကျွန်တော့်သူငယ်ချင်းက အဲဒီလိုတွေအကူအညီပေးခဲ့လို့လည်း ကျွန်တော်တို့ ရဲတပ်ဖွဲ့တွေကလည်း အမြန်ဆုံးပူးပေါင်းပြီး ဖော်ထုတ်နိုင်ခဲ့တာပါ။ ကျန်တဲ့ ကျွန်တော့်သူငယ်ချင်း(သေဆုံးသူမစန်းစန်းအေး)ကူညီတာတွေကို ပြောပြခွင့်မရှိ ပါဘူး**"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုအေးမင်းဇော်ပိုင်ဆိုင်မှုအား လောဘတက်ကာ ရှန်ငြိုးရန်စမရှိဘဲ သတ်ခဲ့သူများ**

အဆိုပါလူသတ်မှုဖြစ်စဉ်၏ အဓိကအကြောင်းအရာများမှာ ကိုအေးမင်း နတ်ကပြရာတွင် ပုဆိုးမကျွတ်စေရန် ခါးတွင်ဝတ်ဆင်သည့် ရွှေခါးပတ်နှင့် လက်ဝတ်ရတနာများသိမ်းဆည်းထားသော ငွေကြေးများကို လိုချင်သောကြောင့် လာရောက်၍ လုယက်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"**အဲဒီခါးပတ်ဆိုတာကလည်း အရင်တုန်းက သူတို့ရှိတဲ့အချိန်မှာတော့ ဘာကယ်အစစ်ပါ။ ကျွန်တော်တို့က မိန်းမလျာတွေဆိုတော့ နတ်ကတဲ့ နေရာမှာတော့ အစစ်နဲ့ရောပြီး လက်စွပ်အတုတွေရော၊ လက်ကောက်အတုတွေရော ဝတ်ကြတာပေါ့။ သူတို့လိုချင်တဲ့ ခါးပတ်အစစ်ကလည်း ကျွန်တော် ဘုရားမှာထည့်လှူလိုက်ပါပြီ။ အခုရှိနေတာက အစစ်နဲ့တစ်ပုံစံတည်းတူတဲ့ အတုလုပ်ထားတာပါ။ အဲဒါကိုသူတို့ကအထင်ကြီးနေတာပါ**"ဟု ကန္တားစီးကိုအေးမင်းမှ ပြောသည်။

"**အစ်မကလည်း ကျောင်းဆရာမ၊ အဖေကလည်း သူ့အလုပ်အကိုင်လေးနဲ့သူဆိုတော့ ပတ်ဝန်းကျင်နဲ့က မတည့်တဲ့သူ မရှိဘူး။ ဒီသနစ်ပင်မှာနေလာတာ ငယ်မွေးကြီးပေါက်လို့တောင် ပြောလို့ရတယ်။ ရန်ငြိုးရန်စဆိုတာ ဘယ်သူနဲ့မှမရှိပါဘူး**"ဟု ကန္တားစီးကိုအေးမင်းမှ ပြောသည်။

ကိုအေးမင်းမှာ တစ်ခါတစ်ရံတွင် နေအိမ်၌ နတ်ပွဲများပြုလုပ်သည့်အချိန်အခါနှင့် ပြင်ပတွင်ပွဲလမ်းများ ကသည့်အချိန်များ၌ ၎င်း၏ နေအိမ်တွင် လုပ်ဖော်ကိုင်ဖက် မိန်းမလျာများနေတတ်ကြောင်းလည်း သိရသည်။

"အရင်က အဲဒီပွဲကတဲ့ အချိန်မျိုးတွေမှာ အိမ်မှာလူဝင်လူထွက် အများအပြားရှိတယ်။ အဲဒီအထဲမှာမှ ထဲထဲဝင်ဝင် ကျွန်တော့်အကြောင်းသိတာဆိုလို့ သုံးလေးယောက်ပဲရှိတယ်။ ကျွန်တော်တို့နတ်က,ရင်ဝတ်တဲ့ အဝတ်အစားတွေ သိမ်းပေးတဲ့မိန်းမလျာလေးတစ်ယောက် ရှိတယ်။ သူအိမ်မှာနေတုန်းကတော့ ဘာပစ္စည်းမှ မပျောက်ဘူး။ မိန်းမလျာတွေ ကတဲ့ပွဲဆိုတော့ သိတဲ့မိန်းမလျာတွေကို လူလိုတဲ့အခါ လှမ်းလှမ်းခေါ်ရတယ်။ အဲဒီလိုခေါ်တဲ့အခါမှာ နေခြည်(နာမည်လွှဲ) မိန်းမလျာကို ခေါ်ခဲ့ဖူးတယ်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ ထို့နောက် နေခြည်နဲ့အတူ ၎င်း၏အမျိုးသားဖြစ်သူ ဝေယံထွန်းတို့မှာ ကိုအေးမင်း၏နေအိမ်တွင် လာရောက်တည်းခိုခဲ့ကြပြီး အချိန်တော်တော်ကြာကြာနေထိုင်ခဲ့ကြောင်းသိရသည်။

"သူတို့ရောက်တဲ့အချိန်မှာ အိမ်မှာပုဝါတွေပျောက်တာတို့ ဘာတို့ရှိခဲ့တယ်။ ပိုက်ဆံတွေပျောက်တာတွေလည်း ရှိခဲ့တယ်။ နောက်ပြီး ကျွန်တော့်ပိုက်ဆံတွေကို အဖေနဲ့အစ်မကို အပ်ထားတာတွေလည်း သူတို့သိတယ်။ အိမ်မှာက ကျွန်တော်အပြင်သွားပြီဆိုရင် အဖေနဲ့အစ်မနဲ့ပဲကျန်ခဲ့တာ။ သူတို့ပြန်တဲ့အချိန် သူတို့အိမ်ကိုသိချင်လို့ လိုက်ကြည့်တယ်။ သူတို့တွေက အတည်တကျ နေထိုင်နိုင်တဲ့သူတွေလည်းမဟုတ်ဘူးဟု ဆက်လက်ရှင်းပြသည်။

## သဲလွန်စ

အဆိုပါဖြစ်စဉ်တွင် သဲလွန်စများစွာကိုလည်းတွေ့ရှိခဲ့ရကာ သဲလွန်စတစ်ခုမှာ ဟသ်ာကုန်းမှာ နတ်ပွဲကနေသည့် နတ်နန်းသို့ နေခြည်(အမည်လွှဲ) မိန်းမလျာနှင့်အတူ အမျိုးသားငါးဦး၊အမျိုးသမီးတစ်ဦးရောက်ရှိလာရာမှစတင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်သူတို့ကို တွေ့တဲ့အချိန်မှာ စားစရာတောင် အနိုင်နိုင်ဖြစ်တဲ့သူတွေက ကားတွေဘာတွေနဲ့လာတယ်ဆိုတော့ ကျွန်တော်လည်း ကိုအေးမင်းကိုလှမ်းပြီး ကျွန်တော်တို့ မိန်းမလျာစကားနဲ့ "ဒီကောင်မက ကိုယ်ပိုင်ကားစီးပြီးတော့ လာပြီးချေနေတယ်။ ပလစ်မတစ်ယောက်(အမျိုးသမီးတစ်ဦး)ပါတယ်လို့ဖုန်းဆက်ပြောလိုက်တယ်။နောက်ပြီး ဒီဟသ်ာကုန်းဘုရားပေါ်မှာ အဲဒီအမျိုးသမီးနဲ့ ယောက်ျားတစ်ယောက် ရည်းစားတွေလား ဘာတွေလားတော့မသိဘူး။ ဘုရားပေါ်မှာ ရင်းရင်းနှီးနှီးနေတာကို တွေ့လိုက်တယ်။ ညနေသုံးနာရီခွဲလောက်ကျတော့ သူတို့တစ်အုပ်ကြီး ပရိုဘောက်တစ်စီးနဲ့ထွက်သွားကြတယ်"ဟု လူသတ်တရားခံများဟု စွပ်စွဲခံထားရသူများကိုတွေ့ရှိသူ ဝေဝေ(အမည်လွှဲ) မိန်းမလျာတစ်ဦးက ပြောပြခဲ့သည်။

## ဖြစ်မှုကျူးလွန်ရန် ကြံစည်ခဲ့ပုံ

ဝေယံထွန်း(နေခြည်–အမည်လွှဲ၏ယောက်ျား)မှာ ဖုန်းဆက်သွယ်လာပြီး သနစ်ပင်မြို့နယ်တွင် အလှပြင်ဆိုင်ဖွင့်သူ ရွှေ ၁၀–ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ ခန့်နှင့် ရွှေ ၁၀ ကျပ်သားခန့်ရှိကြောင်း၊ ကိုအေးမင်းသည် အလှပြင်ဆိုင်၌ရှိသည့်အချိန်များသောကြောင့် နေအိမ်၌ ကိုအေးမင်း၏ဖခင် ဦးကျော်ရှိန်နှင့် အစ်မဖြစ်သူဒေါ်စန်းစန်းအေးတို့နှစ်ဦးသာရှိနေသည့်အတွက် ငွေနှင့်ရွှေများလုရန် တိုင်ပင်ခဲ့ကြကြောင်းသိရသည်။

ယင်းနောက် မေလ ၂၅ ရက်နေ့တွင် မဂိဂိဝင်း၏ ခင်ပွန်းဖြစ်သူ သက်ဇော်ဦး

မောင်းနှင်သည့် DD/9942 ဖြင့် ဝေယံထွန်း၊ သက်ဝေ၊ ရန်နိုင်စိုး(ခ)ဂီးဂီး၊ အောင်ခန့်ဇော်(ခ)တွတ်ပီ၊ မဝါဝါဝင်းတို့ခြောက်ဦး ရန်ကုန်မှ သနပ်ပင်မြို့သို့ ထွက်လာခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီးတိုင်းမှူးခင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဒီသနပ်ပင်မြို့ကိုရောက်တဲ့အချိန်မှာ ဝေယံထွန်းက ကိုအေးမင်းရဲ့အလှ ပြင်ဆိုင်နဲ့ နေထိုင်တဲ့အိမ်တွေကို လိုက်လံပြသတယ်။ ကားကို သနပ်ပင်မြို့ ရှောင်လမ်းအတိုင်း မောင်းနှင်လာပြီး ဝေယံထွန်းနဲ့အတူ သက်ဇော်ဦး၊ ရန်နိုင်စိုး (ခ)ဂီးဂီး၊ အောင်ခန့်ဇော် (ခ)တွတ်ပီတို့လေးယောက်က 'ဓားတွေယူပြီးတော့ ကိုအေးမင်းနေအိမ်ကို ရွှေနဲ့ငွေတွေလုဖို့ ထွက်သွားခဲ့တယ်"ဟုမှုခင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ရဲအရာရှိတစ်ဦးက ပြောသည်။

၎င်းတို့လေးဦးမှာ ကိုအေးမင်း၏ဖခင်ဦးကျော်ရှိန်နှင့် အစ်မဖြစ်သူတို့အား ဓားနှင့်ထိုး၍ ရွှေထည်ပစ္စည်းနှင့် ငွေ ၂ သိန်း ကျပ်အား လုယူပြီး အငှားယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်းသိရသည်။

အဆိုပါ လူသတ်ပစ္စည်းယူသူများမှတစ်ဦးအား လှိုင်သာယာ မီးခွက်ဈေးရှိ ရွှေနဝလီဈေးတွင် သေဆုံးသူ၏ သတင်းပေးပို့အကူညီပေးမှုဖြင့်ပင် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် အဆိုပါရောင်းချသူ အမျိုးသမီးငယ်မှာ ဖွတ်အတင်းအငြင်းပွားခြင်းများလည်းရှိခဲ့ကြောင်း သိရသည်။

"ဒေါ်စန်းစန်းအေးရဲ့ နားကပ်ကို လှိုင်သာယာ မီးခွက်ဈေးရှိ ရွှေနဝလီဈေးမှာ ၂၈ ရက်နေ့မနက်ပိုင်းမှာ သွားရောင်းတယ်။ သူတို့က အသည်းအသန်ငြင်းတယ်။ ပိုင်ရှင်ရှိရင် ပိုင်ရှင်ခေါ်လာခဲ့ဆိုပြီး အဲဒီကောင်မလေးကပြောလို့ ကျွန်တော်က အေး .. နင်တို့ တွေ့ချင်တဲ့ပိုင်ရှင်ကသေပြီ၊ ငါ့ဘေးမှာပါတယ်လို့ပြောပြီး ကျွန်တော် လည်း မနည်းဖမ်းလာခဲ့ရတယ်"ဟု ဒုရဲမှူးနိုင်းဝင်းက ပြောသည်။

**အမှုဖွင့်ဆက်လက်စုံစမ်း**

အဆိုပါလူသတ်မှုနဲ့ပတ်သတ်ပြီး သနပ်ပင်မြို့မရဲစခန်း၌ (ပ)၁၂၇/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၂/၃၉၂ တို့ဖြင့် အောင်ခန့်ဇော် (၁၈)နှစ်၊ ရန်နိုင်စိုး(၁၈)နှစ်၊ မဝါဝါဝင်း(၂၁)နှစ်တို့အား အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရန် ကျန်တရားခံဖြစ်သည့် သက်ဇော်ဦးပါ သုံးဦးအား ဖမ်းဆီးမိရန် ဆက်လက်စုံစမ်းနေကြောင်း ပဲခူးတိုင်းဒေသကြီး တိုင်းမှူးခင်းဌာနမှ သိရသည်။

-ဖေယျာ၊ (၂-၆-၂၀၁၃) *Tomorrow* ဂျာနယ် ၈-၁၂။

ဒုက္ခသည်မဟုတ်သူတွေကို

ဒုက္ခသည်များအဖြစ် အတင်းအကျပ်ပုံဖော်ရင်

## ကျွန်တော်တို့မျိုးဆက်တွေအသားမည်းပြီးနာခေါင်းချွန်လာမယ်

လတ်တလောဖြစ်ပျက်နေသည့် လှေစီးဘေးဒုက္ခသည်များကို မြန်မာ့ပင်လယ်ပြင်၌ တွေ့ရှိမှုနှင့် ပတ်သက်ပြီး စစ်ရေးအတွေ့အကြုံ၊ နိုင်ငံရေးအတွေ့အကြုံတွေရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးပွဲ ခေတ္တနားချိန် (၂၆.၅.၂၀၁၅)ရက်နေ့မှာ News watch ဂျာနယ်က တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

ယင်းသို့ မေးမြန်းမှုအပေါ် "လှေစီးဒုက္ခသည်တွေကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်နည်းလမ်းသုံးခုတင်ပြမယ်–

**(၁) ခေတ္တထိန်းသိမ်းတယ်ဆိုတဲ့နေရာမှာ အချိန်ဘယ်လောက်လဲ၊၁၅ရက်လား၊ ၁၅ရက်မှာ ထပ်တိုးဆယ်ရက်၊ ဆယ်ရက်နှစ်ကြိမ်စသည်ဖြင့်ပေါ့။ ဒါမှမဟုတ် တစ်လလား၊ တစ်လအတွင်း အပြီးအပြတ်လား၊ ခေတ္တဆိုတဲ့ အချိန် ဘယ်လောက်ယူမှာလဲ။ ကြာသွားရင် တိုင်းရင်းသားအမည်တစ်ခု တောင်းဆိုနေတဲ့ ဘင်္ဂါလီတွေနဲ့ ရောသွားမယ်။ အဲ့ဒါကြောင့် ခေတ္တဆိုတာကို ကျွန်တော်အချိန်ကန့်သတ်ပေးပါ။**

**(၂) ကတော့ တွေ့တဲ့နေရာမှာ ရပ်ထား၊ မင်းတို့ဘယ်ကလဲ၊ ပထာမ စစ်ဆေးလိုက်။ ပထာမစိစစ်ပြီးတော့ သူက ဘယ်နိုင်ငံကလဲ၊ အဲဒီနိုင်ငံရဲ့ ရေပိုင်နက်ကို အစောင့်အရှောက်တွေနဲ့ ပြန်ပို့လိုက်၊ စားရေရိက္ခာ ထောက်ပံ့ပေးပြီး သွားတော့၊ ပြန်မလာနဲ့တော့၊ တခါထဲပြန်ပို့လိုက်၊ အဲဒီနည်းလမ်းပေါ့။**

**(၃) ကတော့ ကမ္ဘာ့ဥရောပ ဒီမိုကရေစီတိုင်းပြည်ကြီးများကျင့်သုံးသကဲ့သို့ အမေရိကန် မက္ကဆီကိုနယ်စပ်မှာ ကျင့်သုံးသကဲ့သို့၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ ကျင့်သုံးသကဲ့သို့ ပြတ်ပြတ်သားသား ကိုင်တွယ်၊ အရေးယူတာ။ အဲဒီသုံးခုထဲက တစ်ခုကိုလုပ်ပါ**"ဟု ပြောကြားသည်။

"အစိုးရက ပြတ်သားစွာမလုပ်ရင် ဘာတွေဖြစ်လာနိုင်လဲ"ဆိုတဲ့မေးခွန်းအပေါ် ဦးလှဆွေက "**ရိုဟင်ဂျာဆိုတဲ့နာမည်နဲ့ဖြစ်လာတဲ့ ပြဿနာဆိုရင် နိုင်ငံတကာ ပြဿနာအဖြစ် ပုံဖော်ခံနေရတယ်။ အခု Boat People ဆိုတဲ့ လှေစီးခရီး**

သည်တွေဟာလည်း နိုင်ငံတကာပြဿနာဖြစ်လာအောင် ပုံဖော်နေကြတယ်။ နိုင်ငံတကာက ဒုက္ခသည်လို့မသုံးဘူး။Boat Peopleလို့သုံးတယ်။ ဒါက ဒုက္ခသည်မှ မဟုတ်တာ။ ဗိုကောင်းတဲ့ သာယာတဲ့ ဘဝကိုပြောင်းချင်လို့ ကူးတာကိုး။ သူက ဒုက္ခသည်မဟုတ်ဘူး။ ဒီလူတွေကို ဒုက္ခသည်လို့သုံးလို့ မရဘူး။ ဒါကို ဒုက္ခသည်လို့ အတင်းကြီးပုံဖော်ပြီး စာနာရမယ်။ ထောက်ထားရမယ်ဆိုပြီး အတင်းပုံဖော်ဆွဲသွင်းလာရင် ကျွန်တော်တို့ အားလုံး ခေါင်းမြီးခြုံရတော့မယ်"ဟုပြောသည်။

"အခုလှေစီးဒုက္ခသည်တွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက လက်မခံဘူးဆိုရင် ဘာဖြစ်နိုင်မလဲ"မေးခွန်းအပေါ် ဦးလှဆွေက"ကျွန်တော့်အမြင်ကတော့ ဒီလူတွေကို နိုင်ငံတကာရေပိုင်နက်ထဲ ပြန်ပို့လိုက်၊ ကျွန်တော်တို့ နိုင်ငံသားမှ မဟုတ်တာ၊ စားရေရိက္ခာ ထောက်ပံ့ပြီး နိုင်ငံတကာရေပိုင်နက်ထဲ ပြန်လွှတ်ပေးလိုက်၊အစောင့်အရှောက်တွေနဲ့လိုက်ပို့လိုက်၊ ပြန်လှည့်မလာနိုင်အောင်ပေါ့။ ကျွန်တော်အများကြီး ကြုံဖူးပါတယ်။ ပင်လယ်ပြင်စိုးမိုးရေးလိုက်ဖူးတယ်။ ငါးဖမ်းလှေတွေနဲ့ အယောင်ဆောင်ပြီးတော့ လိုက်ပြီးဖမ်းဖူးတယ်။ ၁၉၈၈ လောက်ကပေါ့။ ဒီဘက်က မောင်းထုတ်လိုက်ရင် တနင်္သာရီရောက်သွားတယ်။ ကျွန်တော်တို့ ကမ်းရိုးတန်းက အရှည်ကြီး၊ ဒါကြောင့် ကရင်ပြည်နယ်မှာ အများကြီးပဲ၊ ရွာလုံးကျွတ်ဘင်္ဂါလီတွေ အားကြီး၊ ကရင်တိုင်းရင်းသားတွေက လက်နက်ကိုင်အဖွဲ့အစည်းတွေထဲ ရှိနေကြတော့ မိန်းမတွေကျန်ခဲ့တယ်လေ။ အဲဒါတွေနဲ့ ကုလားတွေနဲ့ ညားကုန်ကြတာ တကယ်ဖြစ်တာနော်"။

နည်းလမ်းသုံးခုထဲက ဘယ်နည်းနဲ့ဖြေရှင်းလိုက်ရင် ကောင်းမလဲ မေးခွန်းအပေါ် ဦးလှဆွေက " ကျွန်တော်ကတော့ ဒုတိယနည်းလမ်းကြိုက်တယ်။ ပင်လယ်ထဲမှာ တွေ့တယ်။ တွေ့တဲ့နေရာမှာရပ်၊စိစစ်လိုက်။ပထားမစိစစ်လိုက် ရုပ်ကြည့်လိုက်တာနဲ့သိပြီဗျာ။ (ဘူးသီးတောင်မောင်းတောဘက်က လူတွေ ပါရင်ရော) အခုတွေ့တဲ့ ပထမ ၂၀၀–ကျော်၊ ဒုတိယ ၇၀၀–ကျော်၊အဲဒီ အထဲက ဘုတ်မောင်းတဲ့ကောင်တွေပါတယ်။ အဲဒီကောင်တွေကို အရေးယူရမယ်။ နိုးထွက်တာကိုး။ အစိုးရက အနောက်ဘက်ကပြဿနာဖြေရှင်းတဲ့ နေရာမှာ မတိကျဘူး။ မပြတ်သားဘူး ဖြစ်နေတယ်။ ဒါကြောင့် တိကျပြတ်သားတဲ့ မူဝါဒချမှတ်ပေးပါ။ အဲဒါပြောချင်ပါတယ်။

နိုင်ငံတွင်းသူ့ဟာသူ ပေါက်ဖွားတာ ဒီလောက် မများသင့်ဘူး။ ဝင်နေလို့သာ။ သူ့ကို ခွေ့ချာဆိုရာအဖြစ် မြန်မာနိုင်ငံကို အသုံးပြုနေတယ်။ သူတို့ရဲ့

**အဓိကရည်မှန်းချက်က မလေးရှားတို့၊ ဩစတြေးလျတို့ ဖြစ်မှာပေါ့။ သာယာတာကိုး။ ခေတ္တနားခိုရင်းနဲ့ မြန်မာပြည်မှာ ကြာသွားတာ။ ဒါကြောင့် ရိုဟင်ဂျာဆိုပြီးဖြစ်လာတာ၊ အစုဒိုက်ကတ်တွေကို ပြန်သိမ်းပြီး နိုင်ငံသားစိစစ်မယ်ဆိုတော့ အစစ်မခံနိုင်သူက အေးအေးပဲ၊ ဘိုးစဉ်ဘောင်ဆက် နေလာခဲ့သူက အေးအေးပဲ၊ မဟုတ်တဲ့ကောင်က ပြေးမှာပဲ**"ဟုဖြေကြားသည်။

ဒီကိစ္စကို ပြေလည်စွာမဖြေရှင်းပေးနိုင်ရင် ဘာတွေဖြစ်လာမလဲဟုမေးမြန်းရာတွင် "**မြန်မာပြည်အတွက် အင်မတန်ဆိုးဝါးတဲ့ ပြဿနာဖြစ်လာမှာ ပထမဦးဆုံးခံရမှာက ရခိုင်၊ သူက အနီးကပ်ဆုံး ရင်ဆိုင်နေရတဲ့ တိုင်းရင်းသားတွေ၊ သူတို့အရင်ဆုံးဒုက္ခရောက်မှာ။ အဲဒါကို ကျွန်တော်တို့ကိုင်တွယ်ပေးရမယ်။ ရခိုင်တိုင်းရင်းသားတွေ ဆိုးကျိုးမခံရအောင် ပြတ်သားတဲ့မူဝါဒတွေ ချမှတ်ပေးရမယ်**"၊ ဘယ်လိုဆိုးကျိုးတွေဖြစ်လာမလဲဆိုတဲ့ **မေးခွန်းအပေါ် ဦးလှဆွေက** "**ကျွန်တော်တို့ မျိုးဆက်တွေ အသားမည်းပြီး နှာခေါင်းချွန်လာမှာပေါ့**"လို့ ဖြေကြားသည်။

***–ထွန်း(နေပြည်တော်)၊ (၉.၆.၂၀၁၅) စောင့်ကြည့်ဂျာနယ် နောက်ကျောဓားမှ။***

## လူငယ်ဒဿန

* ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလောက် ယုံကြည်စရာကောင်းတာမရှိဘူး။ **–ချေးချေး။**

* ဘဝမှာ အချစ်ကို အနည်းဆုံးတစ်ကြိမ်တော့ တွေ့ဆုံရမှာပါ။ **–မှန်းသက်နီ။**


* သူငယ်ချင်း လက်တွေ့မလုပ်ဆောင်ဘဲနဲ့တော့ အပြောကောင်းရုံနဲ့ အရာရာဟာ ပြောင်းလဲသွားမှာ မဟုတ်ဘူး။ **–ကိုကိုနိုင် (ဇရုံချောင်း)။**

* သူငယ်ချင်း ... မင်းမရွေးချယ်တဲ့ အရာတစ်ခုအတွက် မင်းဘယ်တော့မှ နောင်တရမနေပါနဲ့။ **– မေဦး။**

* အပြင်ပန်းကိုသာ ကြည့်တတ်နေသရွေ့တော့ **အတွင်း**နဲ့ မကောင်းသေးတာ သေချာတယ်။ ***–ဆိုက်ထွေး (တောင်ကြီး)။***

* သူတစ်ပါးဝမ်းနည်းနေတာကို ကြည့်ပြီး မင်းကိုယ်တိုင် ဝမ်းသာနေမယ်ဆိုရင် မင်းလောက် ယုတ်ညံ့တဲ့သူ မရှိတော့ဘူး သူငယ်ချင်း .. ။

***–သုတာလင်း (ဆင်ပေါင်ဝဲ)။***


မင်းကျင့်တရားဆယ်ပါး
နဲ့အညီ-ပျော်ရွှင်မှု
နေထိုင်-မီးမဲ့အုပ်ချုပ်
ပါက..ကျွန်တော်မျိုးတို့
ရေးရာတစ်ကွက်မျှမ
ရှိနိုင်ပါ..ဘုရား



# နေရာ

နေရာတစ်နေရာသည် လူ့စိတ်ကိုပြောင်းလဲနိုင်စွမ်းရှိလေသည်။ နေရာမရခင်က စိတ်သဘောထားမမြင့်မြတ်တဲ့သူတစ်ယောက် နေရာရလာတဲ့အခါမှာ အဲ့ဒီရရှိတဲ့နေရာနဲ့ကိုက်ညီစွာ ပြုမူနေထိုင်ရင်း စိတ်ထားမြင့်မြတ်သွားနိုင်သလိုပဲ နေရာမရခင်က စိတ်ထားမြင့်မြတ်သူတစ်ယောက်ကလည်း နေရာရပြီးတဲ့အခါမှာ နေရာအရှိန်ကြောင့် စိတ်ကြီးဝင်ပြီး မောက်မာသွားနိုင်လေသည်။

လောကတွင် လူအမျိုးမျိုးရှိသလို လူတို့နေထိုင်ရာဌာန၊ အလုပ်အကိုင်များ အမျိုးမျိုးရှိကြလေသည်။ လူမှန်နေရာမှန် ရောက်နေသူများရှိသကဲ့သို့ လူမှား နေရာမှား ရောက်နေသူများလည်း မနည်းလှပေ။ **နေရာနှင့်လူမမှန်ပါက မိသားစု၊ ရွာ၊ မြို့၊ နိုင်ငံ၊ ကမ္ဘာ မည်သို့မှ မတိုးတက်နိုင်ပါပေ။** <u>တစ်ချို့လူတော်များမှာ လုပ်ပိုင်ခွင့်မရရှိသောနေရာများတွင် ရောက်ရှိနေကြလေသည်။ တစ်ချို့လူညံ့များက နေရာကောင်းများကိုမလွှတ်တမ်းဖောင်ပိုင်စည်းထားလေသည်။ လူနှင့်နေရာမညီမျှသရွေ့ ဆင်းရဲနေကြရပေဦးမည်။</u>

## (၁) နေရာက လူကို သတ်မှတ်ခြင်း

တစ်ချို့သောနေရာဌာနများက လူကိုပြောင်းလဲသွားစေသည်။ စိတ်ထားကောင်းသူများကိုလည်း ပြောင်းလဲသွားစေသည်။ ကိုယ်ကျင့်တရားကောင်းသူများကိုလည်း ကိုယ်ကျင့်တရားပျက်ပြားသွားစေသည်။ အပြန်အလှန်အားဖြင့် တစ်ချို့နေရာဌာနများက ဣန္ဒြေရစေသည်၊ တည်ငြိမ်သွားစေသည်၊ သိက္ခာရှိစေသည်၊ ကိုယ်ကျင့်တရားကောင်းသွားစေသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက <u>ကောသမ္ဗီပြည်၌ ဃောသက မည်သော သူဌေးသားတစ်ယောက်</u>ရှိသည်။ ဖခင်သေဆုံးသောအခါ ဘုရင်ဖြစ်သော ဥတေနမင်းက အခစားဝင်ရန်ခေါ်လေသည်။ ထိုနေ့တွင်လည်း မိုးသည်သည်းထန်စွာရွာသွန်းပြီးခါစဖြစ်လေသည်။ မင်းနန်းတော်သို့သွားရာ လမ်းတစ်လျှောက်တွင် ရေဗွက်တို့ဖြင့် ပြည့်နှက်နေလေသည်။ ဃောသကသည်လည်း မင်းထံအခစားသွားရာ ရေဗွက်တို့ဖြင့်ပြည့်နေသောလမ်းတွင် ခုန်ပျံကျော်ဖြတ်ကာ သွားလေသည်။ ထိုစဉ်တွင် မင်းကြီးသည် လေသာပြတင်းပေါက်ကို ဖွင့်ကာ အပြင်သို့ကြည့်နေစဉ် ဃောသကလုလင်သည် ရေချိုင့်၊ရေဗွက်တို့ကို ခုန်ကျော်ကာလာသည်ကို တွေ့ရလေသည်။ ထို့နောက် ဃောသကလုလင်ကို

ဖခင်၏နေရာ သူဌေးရာထူးကို ပေးလေသည်။ နန်းတော်မှပြန်သောအခါ ယောသကသည် ရေချိုး၍ ရေဖွက်တို့ကို ခုန်မကျော်ဘဲ ညင်သာစွာ ရေထဲဆင်းသွားလေသည်ကို တွေ့ရလေသည်။ ထိုအချင်းအရာကို မင်းကြီးသည်မြင်သောအခါ ယောသကကိုပြန်လည်ခေါ်ယူလေသည်။

"**အမောင် .. သင်သည် ဗိုလ်ထဲလာစဉ်က ရေဖွက်တို့ကို ခုန်ပျံကျော်လွှားပြီး လာလေသည်။ ယခုပြန်သောအခါတွင် သင်သည် အဘယ်ကြောင့် ခုန်ကျော်မသွားသနည်း**"ဟု မေးလေသည်။

ထိုအခါ ယောသကက "**အရှင်မင်းကြီး ကျွန်ုပ်သည် လာစဉ်က လူငယ်ဘဝ ကစားသောအချိန်ပင်ဖြစ်ပါသည်။ ယခုမူကား အရှင်မင်းကြီးပေးလိုက်သော ရာထူးကြောင့် ဣန္ဒြေရှိစွာပြန်ခြင်းဖြစ်ပါသည်**"ဟု လျှောက်လေသည်။

မင်းကြီးသည် အားရကျေနပ်စွာ ဆုလာဘ်များကို ထပ်ပေးလေသည်။ ဤဝတ္ထုတွင် သူဌေးရာထူးက ယောသကကို လူကြီးဆန်စေသည်။ဣန္ဒြေရစေသည်။ တည်ငြိမ်စေသည်။ ဤလောကတွင်လည်း ရာထူးကြောင့် တည်ငြိမ်သွားသော လူတို့သည်လည်း ရှိပေသည်။ ထို့ကြောင့် "နေရာက လူကိုသတ်မှတ်ခြင်း"ပင် ဖြစ်ပေသည်။ နေရာ၊ရာထူးက တောင်းဆိုလာသောအရည်အချင်းများဖြင့် မိမိ၏ စိတ်အစဉ်ကို ကောင်းအောင်ကြိုးစားသင့်သည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

**(၂) လူက နေရာကို သတ်မှတ်ခြင်း**

နေရာဌာန၊ ရာထူးကြောင့် လူက တည်ငြိမ်လာခြင်းထက် လူမှာရှိနေသော အရည်အချင်းများကြောင့် မိမိနှင့်ထိုက်တန်သောနေရာကို မိမိဘာသာသတ်မှတ်ယူခြင်းက ပို၍ကောင်းမွန်လေသည်။ မိမိ၏စိတ်တွင် စွမ်းရည်သတ္တိပြည့်နေပါက မိမိဘယ်နေရာဌာနကို ဘယ်လိုနေရမည်ကို ကိုယ်တိုင်ခွဲခြားသိနိုင်သည်။

အသောကမင်းကြီးသည် မင်းနန်းတော်လေသာပြတင်းမှ မင်းရင်ပြင်ကို ကြည့်နေစဉ် ဣန္ဒြေသိက္ခာပြည့်စုံစွာဖြင့်ကြွသွားသော နိဂြောဓသာမဏေကို မြင်လေသည်။ သာမဏေနိဂြောဓ၏ ဣန္ဒြေသိက္ခာပြည့်စုံစွာဖြင့် ကြွချီတော်မူခြင်းကို ကြည်ညိုလှသဖြင့် အသောကမင်းကြီးသည် အမတ်တစ်ယောက်ကို ပင့်နိုင်းလေသည်။ ထိုခေတ်အခါက အသောကမင်းကြီးသည် သက်ဦးဆံပိုင်ဘုရင်ဖြစ်လေသည်။ အလွန်ရက်စက်ကြမ်းကြုတ်လေသည်။ အလွန်လည်း ကြောက်ရွံ့ရလေသည်။ သို့ပေမဲ့ သာမဏေငယ်သည် ပကတိအားဖြင့် ဖြည်းဖြည်းသာကြွသွားလေသည်။ မင်းကြီးပင့်သည်ကိုလည်း ဖြည်းဖြည်းသာကြွလေသည်။ မင်းကြီးလည်း အလွန်ကြာသည်ဟုဆိုကာ အမတ်နှစ်ယောက်၊ သုံးယောက်

အစဉ်တိုင်း စေလွှတ်သော်လည်း သာမဏေသည် ဖြည်းဖြည်းသာကြွလေသည်။ နန်းတော်တွင်းသို့ ရောက်သောအခါတွင်လည်း မင်းကြီးက **"သင့်တော်ရာ နေရာတွင် ထိုင်ပါလေ"**ဟု ပြောသည့်အခါ မိမိထက်အသက်ဂုဏ်ဝါကြီးသော ရဟန်း၊ သာမဏေရှိမရှိကို လှည့်လည်ကြည့်ရှုကာ မရှိသည်ကိုတွေ့၍ အသောက မင်းကြီးထိုင်သော ရာဇပလ္လင်ပေါ်သို့တက်ကာ ထိုင်လေသည်။ မင်းကြီးသည်လည်း **"ယနေ့တွင် ဒီသာမဏေသည် ဒီနန်းတော်၏ အရှင်သခင်ဖြစ်လိမ့်မည်"**ဟု တွေးတောကာ ကိုရင်လေး၏ သပိတ်ကိုယူကာ ဆွမ်းဘာရားကိုနာလေသည်။ ထို့နောက် သာသနာတော်ကိုကြည်ညိုကာ များစွာလှူဒါန်းလေသည်။ ဤဖြစ်စဉ်တွင် ၇ နှစ်သားအရွယ်ရှိသော သာမဏေနိဂြောဓသည် ရင်ထဲတွင် အရဟတ္တဖိုလ်ဟူသော စွမ်းရည်ရှိသောကြောင့် သက်ဦးဆံပိုင်ဘုရင်ဖြစ်သော အသောက မင်းကြီးကို မကြောက်မရွံ့ဘဲ မင်းထိုင်သောရာဇပလ္လင်ပေါ်တွင် တက်ကာထိုင်ရဲလေသည်။ ထိုအချင်းအရာသည် လူ၏စွမ်းရည်က နေရာကိုသတ်မှတ်ခြင်းပင်ဖြစ်လေသည်။ လူတိုင်းလူတိုင်း မိမိကိုယ်ပိုင်အရည်အချင်းရှိဖို့လိုအပ်ပေသည်။

### (၃) မိမိနှင့်မထိုက်တန်သောနေရာကို တောင်းဆိုခြင်း

လောကတွင်ကိုယ်နှင့်မထိုက်တန်သောနေရာကို တောင်းဆိုခြင်း၊ မတရားသဖြင့် ရယူခြင်းသည် အလွန်ဆိုးရွားသောအပြုအမူဖြစ်လေသည်။ နေရာဌာနတစ်ခုကို ရလာသော်လည်းကိုယ်နှင့်မထိုက်တန်မှန်းသိပါကနေရာဖယ်ပေးခြင်းသည်သူတော်ကောင်းလမ်းစဉ်တစ်ခုဖြစ်လေသည်။ပညာရှိသူတော်ကောင်းတို့သည် မထိုက်တန်မှန်းသိပါက နေရာမှဖယ်ပေးကြလေသည်။ နေရာကိုမယူကြပေ။ ရရန်လည်းမတောင်းဆိုပေ။ ယုတ်ညံ့သောသူတို့သာလျှင် ကိုယ်နှင့်မထိုက်တန်သောနေရာကို တောင်းဆိုကြလေသည်။ ထို့နောက် ထိုသို့မထိုက်တန်သောနေရာကိုရလို့မှ မတော်လောဘကြောင့် ပျက်စီးကြလေသည်။ နေရာကိုရသည့်ရှိသော်လည်း ကောင်းစွာစီမံနိုင်ခြင်း၊အလျှင်းမရှိဖြစ်တတ်လေသည်။ ထိုသို့စီမံမှုညံ့သောကြောင့် မိမိကိုယ်တိုင်သာမက အများသူငါပါ ဆင်းရဲဒုက္ခရောက်ရလေသည်။

မြတ်စွာဘုရားရှင်လက်ထက်က ရှင်ဒေဝဒတ်သည် မိမိနှင့်မထိုက်တန်သောနေရာကို မတော်လောဘဖြင့် ဤသို့တောင်းဆိုဖူးလေသည်။ **"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် သက်တော်ကြီးရင့်ပါပြီ၊ အိုမင်းပါပြီ။ နောက်ဆုံးအရွယ်သို့ရောက်ပါပြီ။ အရှင်ဘုရားသည် ကြောင့်ကြကင်းစွာ တရားအရသာကို ခံစားတော်မူပါ။ ရဟန်းသံဃာအားလုံး**

**တပည့်တော်လက်သို့အပ်ပါ။ တပည့်တော်သည် သံဃာတော်များကို အုပ်ချုပ်ပါမည်**''ဟုဖြစ်လေသည်။ မြတ်စွာဘုရားသည် ငြင်းပယ်တော်မူလေသည်။ ရှင်ဒေဝဒတ်သည် သူတောင်းဆိုသည်ကို ဘုရားရှင်က လက်မခံသောကြောင့် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့လေသည်။ နောင်သောအခါ ဘုရားရှင်ကိုသွေးစိမ်းရှင်ရှင်ထွက်အောင်ပြုခြင်း၊ သံဃာသင်းခွဲခြင်းစသောမကောင်းမှုများကို ဆက်တိုက်ပြုလေသည်။ ထို့ကြောင့် အရှင်လတ်လတ်မြေမြိုကာ မဟာအဝီစိငရဲသို့ကျရောက်ကာ နိဂုံးချုပ်လေသည်။ သည်ဇာတ်တော်ကို သင်ခန်းစာယူကာ လောကတွင်လည်း ကိုယ်နှင့်မထိုက်တန်သောနေရာကို ရရန်မတောင်းဆိုသင့်ပေ။ အကယ်၍ ရထားပါကလည်း မိမိနှင့်မထိုက်တန်လျှင် စွန့်ခွာသင့်ပေသည်။ ထိုသို့မဟုတ်ပါက မိမိကော တစ်ပါးသူပါ ဆင်းရဲကြရပေမည်။

**(၄) အခွင့်အရေးပါလျက် မထိုက်တန်သောနေရာကို ငြင်းပယ်ခြင်း**

လောကတွင် မိမိထံသို့ ပေးအပ်လာသော အခွင့်အရေးကို ငြင်းပယ်ရန်မှာ အလွန်ခက်ခဲလှပေသည်။ လူညံ့တို့သည် မိမိနှင့်မထိုက်တန်သောနေရာကို တောင်းဆိုနေသကဲ့သို့ လူတော်လူကောင်းတို့သည် အခွင့်အရေးပေးလာသော်လည်း ကိုယ်နှင့်မသင့်လျော်သောနေရာကို ပေးလာပါက ငြင်းပယ်ရဲသော သတ္တိရှိကြလေသည်။ မြတ်စွာဘုရားသည် ပဌမဗောဓိ (ဝါ–၂၀) ကျော်သောအခါ အမြဲဝေယျာဝစ္စပြုမည့် အလုပ်အကျွေး ရဟန်းတစ်ပါး အလိုရှိတော်မူလေသည်။ ထိုအခါ ရှင်သာရိပုတ္တရာအစရှိသော ရဟန္တာမထေရ်တို့က တောင်းဆိုသော်လည်း ဘုရားရှင်က ဆိတ်ဆိတ်နေလေသည်။ ထိုအခါ အခြားရဟန်းတို့က ဘုရားရှင်ထံ တောင်းဆိုရန် အရှင်အာနန္ဒာကိုတိုက်တွန်းကြလေသည်။ အရှင်အာနန္ဒာက ''**ငါ့အရှင်တို့၊ တောင်းဆို၍ရသောအရာသည် အဘယ်မှာ တန်ဖိုးထားမြတ်နိုးဖွယ်ကောင်းမည်နည်း။ ဘုရားရှင်သည် ငါ့အရည်အချင်းကို အကယ်၍မြင်အံ့။ မြတ်စွာဘုရားသည် ငါ့အား စေခိုင်းလတ္တံ့**''ဟုဆိုလေသည်။ ထို့နောက် မြတ်စွာဘုရားရှင်ထံမှ ဤသို့အခွင့်အရေးရသော်လည်း ငြင်းပယ်လေသည်။

(၁) **မြတ်စွာဘုရားရရှိသော သင်္ကန်းစသည်တို့ကို သူ့အား မပေးရန်**၊

(၂) **ဆွမ်းစသည်တို့ကို သူ့အား မပေးရန်**၊

(၃) **မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်အတွင်း အတူနေခွင့် သူ့အား မပေးရန်**၊

(၄) **မြတ်စွာဘုရားကို ပင့်ဖိတ်ရာအရပ်သို့ သူ့အား မခေါ်ရန်** စသည်တို့ကို မြတ်စွာဘုရားအား တောင်းပန်လေသည်။

အခြားသောသူတို့သည် ထိုသို့သောအခွင့်အရေးမျိုးကိုရရန် အမျိုးမျိုးကြိုးစားနေသော်လည်း ရှင်အာနန္ဒာက ငြင်းပယ်လေသည်။ ဤစိတ်ထားမျိုးက လေးစားထိုက်ပေသည်။ အတုယူထိုက်ပေသည်။ ဤသို့လျှင် နေရာက လူကို သတ်မှတ်ခြင်း၊ လူက နေရာကို ကိုယ်နှင့်မထိုက်သောနေရာကို မတောင်းဆိုခြင်း၊ အခွင့်အရေးရပါသော်လည်း မိမိနှင့်မထိုက်တန်ပါက လက်မခံခြင်းဟူ၍ လေးမျိုးရှိလေသည်။

**ထိုလေးမျိုးတွင် နေရာဌာနကြောင့် လူက ကောင်းမွန်စွာ ပြောင်းလဲလာခြင်းထက် လူက အရည်အချင်းရှိသောကြောင့် ထိုက်တန်သောနေရာကို ရခြင်းသည် ပိုကောင်းပေသည်။ မိမိရထားသောနေရာနှင့်ညီသော အရည်အချင်းကို ရှိအောင်ကြိုးစားသင့်သည်။ မိမိနှင့်ထိုက်တန်သောနေရာကို မတောင်းဆိုခြင်းက ပိုကောင်းပေသည်။ မိမိနှင့်မထိုက်တန်သောနေရာကို တောင်းဆိုခြင်းသည်လည်း ပျက်စီးစေတတ်သည်။ ရရှိထားပါကလည်း ဇက်တွယ်မနေသင့်၊ မြန်စွာ စွန့်ပယ်သင့်သည်။ အခွင့်အရေးရပါသော်လည်း အများကိုငဲ့ပြီး ကိုယ့်ထံရောက်လာသော အခွင့်အရေးကို ငြင်းပယ်သင့်ပေသည်။ ထိုသို့ငြင်းပယ်ရဲသောသူသည် သူတော်ကောင်းစိတ်ရှိသောသူများပင်ဖြစ်လေသည်။ လူတိုင်းတွင် ထိုသို့သော သူတော်ကောင်းစိတ်ရှိပါက လောကကြီးသည် သာယာလှပမည်မှာ မလွဲမသွေပင်ဖြစ်လေသည်။**

*– စိုးနိုင်ညိန်း၊၊ (၉.၆.၂၀၁၄) Daily Eleven စာ–၂၆။*

## မြန်မာပြည်မှာ . . . တရားရှိတယ်

**မြန်မာပြည်မှာ** – စိတ်ညစ်ရာဘယ်လောက်ပေါပေါ
ညစ်တဲ့စိတ်ကို ဆေးကြောစရာ တရားရှိတယ်။
စိတ်ပူစရာ ဘယ်လောက်ပေါပေါ
ပူတဲ့စိတ်ကို ငြိမ်းအေးအောင် ဆောင်ရွက်ပေးနိုင်တဲ့ တရားရှိတယ်။
စိတ်ရှုပ်စရာ ဘယ်လောက်ပေါပေါ
ရှုပ်တဲ့စိတ်ကို ရှင်းပေးနိုင်တဲ့ တရားရှိတယ်။
အန္တရာယ် ဘယ်လောက်ပေါပေါ
အန္တရာယ်ကာကွယ်ပေးနိုင်တဲ့ တရားရှိတယ်။

*–ဇိဝိန္ဒာဘိဝံသ မွေသဏ္ဍာဂါရိက ယောဆရာတော်ဘုရားကြီး။*

# ချိန်းမိလေသောည

ဒီဆောင်းပါးရေးဖို့ စိတ်ထဲ အချောကိုင်နေတုန်း ဆောင်းပါးခေါင်းစဉ်က မမျှော်လင့်ဘဲ နှလုံးသားထဲ ဝင်လာတယ်။ ကွယ်လွန်သူ မင်းသားကြီး (ကို) ဇော်ခင် ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ကား အမည်ပါ။ ''ချိန်းမိလေသောည''တဲ့။

ရုပ်ရှင်က သူ့ဇာတ်လမ်းဇာတ်ကွက်နှင့်သူပေါ့လေ။ စာရေးသူရေးမယ့် အကြောင်းအရာက ''ချိန်းမိလေသောည''နှင့် ကွက်တိဖြစ်နေတယ်။

ရေးမယ်လို့ ချိန်ဆနေတာ ကြာပြီ။ ဒါပေမဲ့ သတင်းစာ၊ဂျာနယ်တွေထဲ အဖြစ်အပျက်တွေပါနေလို့ သတိပြု ရှောင်ရှားမယ်ထင်တာ၊ ဟုတ်ပါရိုးလားကွယ်။ လူငယ်တွေ စာမဖတ်ကြဘူးဆိုတာ ထင်ရှားတာပေါ့လေ။

စုံတွဲတွေကလည်း တယ်ပြီး ဆိတ်ကွယ်ရာ ကြိုက်ကြသကိုး။ ချိန်းပဲ ချိန်းနိုင် လွန်းတယ်။ အချောင်သမားတွေကလည်း စုံတွဲတွေကိုအလစ်ချောင်းပြီး ပက်ပက် စက်စက် ကြံစည်နိုင်လွန်းတယ်။

* * *

**လွန်ခဲ့တဲ့နှစ်ပိုင်းက သန်လျင်ဘက်မှာ စုံတွဲတစ်တွဲချိန်းပြီးစကားပြောတယ်။** သူတို့မှာ မော်တော်ဆိုင်ကယ်လည်းပါတယ်။ အချိန်ကလေးလင့်ကာ၊ လူသွား လူလာပြတ်လာတယ်။ စုံတွဲကလည်း ဘယ်လောက်များ သာယာကြည်နူးပြီး လောကကြီးကို မေ့နေသလဲမသိ။ လူငယ်သုံးယောက်ပေါ်လာပြီး စုံတွဲကို ဝိုင်းထားတယ်။ တစ်ယောက်က ကောင်လေးကို ချုပ်ထားတယ်။

ကောင်မလေးကို ဘာမှမလုပ်တာပဲ တော်သေးရဲ့။ ကောင်လေးသုံးယောက်က ဆိုင်ကယ်ယူစီးပြီး ထွက်ပြေးတာလေ။ စုံတွဲက အရပ်ထဲကို ကုန်းကြောင်း ပြန်လာရတယ်။ ဆိုင်ကယ်ကို ပဲခူးမှာသွားရောင်းကြလို့ ဖမ်းမိတယ်လို့သိရပေမဲ့ ဟိုးလေးတကျော် ဖြစ်သွားတာပေါ့။ မိန်းကလေးရှင်မိဘမောင်ဖွားတွေအရှက်ရ ကြတယ်။

* * *

**နောက်ထပ် သတင်းက တနင်္သာရီတိုင်းဒေသကြီး ပုလိုးတုံးကမ်းခြေ (ချောင်းသာလိုနေရာ) က ဘန်ဂလိုကို စုံတွဲနှစ်တွဲ ရောက်လာပြီး ညအိပ်ဖို့ အခန်းငှားတယ်။**

တစ်တွဲကို သီးခြားဘန်ဂလို တစ်လုံးစီနှင့် အိပ်ကြတာ၊ ညဉ့်နက်ချိန်မှာ

လူလေးယောက်ပေါ်လာတယ်။ ထုံးစံအတိုင်း ယောက်ျားလေးကိုချုပ်ကိုင်၊ မိန်းကလေးကို ယောက်ျားလေး မျက်စိရှေ့မှာပဲ မုဒိမ်းကျင့်သတဲ့။

ယောက်ျားလေးစိတ်ထဲ ဘယ်လောက် ဆူပွက်ခံစားရမလဲ။ ကိုယ့်ချစ်သူကို အနိုင်ကျင့်နေတာ ဘာမှမတတ်နိုင်ဘဲ ကြည့်နေရတယ်။ ကောင်မလေးက ကိုယ့်ရည်းစားရှေ့မှာတင် အဖျက်ဆီးခံရ၊ အပျိုရည်ပျက်၊ အရှက်လည်း ကမ်းကုန်အောင်ရပေါ့။

စုံတွဲ နှစ်တွဲလုံးကို အဲသလို အသီးသီး အနိုင်ကျင့် ဇော်ကားသွားတာပါ။ သူတို့ စိတ်တိုင်းကျမှ ပြန်သွားတာ။

ဒီလို နေရာမျိုးကို ညအိပ်ညနေချိန်းတွေ့ဖို့လာရတဲ့ကိစ္စကလည်း ကိစ္စကောင်း မဟုတ်ဘူး။ အပျိုရည် ပျက်ဖို့ပဲမဟုတ်လား။ သဘောတူအပျိုရည်ပျက်တာနဲ့ အနိုင်ကျင့်စော်ကားခံရပြီး အရှက်တကွဲအကျိုးနည်း၊ တိုင်းသိပြည်သိ၊ မြန်ပြည်တရိုး ဟိုးဟိုးကျော် အပျိုရည်ပျက်ရခြင်းပဲ ကွာတာပါ။

ဒီဖြစ်စဉ်မှာ ဘန်ဂလိုပိုင်ရှင်တွေက စားသောက်ဆိုင်မကြီးနှင့် ဘန်ဂလိုတွေ တတန်းတည်း အတူရှိပေမဲ့ စုံတွဲတွေက အစွန်ဆုံးဆိုင်မကြီးနှင့်အဝေးဆုံးအခန်းကို ရွေးပြီးတည်းခိုကြသတဲ့။ ဒါကြောင့် ဆိုင်ဝန်ထမ်းတွေ မသိလိုက်ဘူး။

အပြစ်ကျူးလွန်တဲ့တရားခံတွေကို ဥပဒေကြောင်းအရ အရေးယူဖို့ရှိပေမဲ့ ကောင်မလေးတွေ ဘယ်မျက်နှာနှင့်ဘယ်ပုံတယ်နည်း ဆက်လက်ရှင်သန်ကြမလဲ။ လူမှုပတ်ဝန်းကျင်က တန်ဖိုးထားပါတော့မလား။ အကြောင်းသိရင် မေးငေါ့ခံရ၊ အတင်းအဖျင်းပြောခံရမလား၊ စဉ်းစားစရာနော်။

ကိုယ့်ကောင်လေးတွေက ကိုယ့်ကိုကြည်ဖြူကြသည့်တိုင်အောင် ယောက်ျားလေး မိဘတွေက သဘောတူပါ့မလား။ ဒီလိုမျိုး ညအိပ်ညနေဘယ်သူနှင့် လိုက်ဖူးခဲ့ပြီလဲလို့ တွေးရင်ကော။

"နန့်ကြောဆွဲတာကိုး၊ ဖြစ်တာတောင်နည်းသေး၊ မိန်းမတွေကိုက သဘောထားလွယ်ပြီး မကြောက်မရွံ့သတ္တိကောင်းနေပါလား၊ ကြုံ့ဖူးပေါင် ဂုဏ်ထူးဆောင်တွေ"လို့ပြောရင် ခံရဦးမယ်။

**သမီးရည်းစားတွေက ချိန်းတွေ့တာကို ရင်ခုန်ကြတာကို၊ ချိန်းတွေ့တာမှာ မဲ့တစ်ပေါက် မစွန်းဘူးလို့ ဘယ်သူအာမခံမလဲ၊ လူငယ်တွေမှာ လတ်ဆတ်တဲ့ရင်ခုန်မှုရှိတယ်။ အိပ်မက်ထဲမှာ ချိန်းတွေ့ရတာတောင် ပျော်လို့။ အိပ်ရာက လန့်နိုးတော့မှ အိပ်မက်မှန်းသိပြီး ပျော်ရွှင်ကြည်နူးတာကို နမြောနေသေးတာ။**

* * *

**စိတ်နှင့်အကြိမ်ကြိမ်ပြစ်မှားနေမိသူကို လူချင်းတွေ့တော့ ဟန်ဆောင်ကာမှုပိုလောက်နှင့်ဘယ်ကျေနပ်မလဲ။ ချစ်မိုးကြီး ရွာသွန်းဖြိုးပစ်လိုက်ချင်တာ။**

ဒီကြားထဲ အပေါ်စား နိုင်ငံခြားအပြာခွေတွေကလဲ တောရောမြို့ပါရောက်နေတယ်။ လူငယ်တွေကလဲကြည့်တော့ လူငယ်စိတ်တွေမှာ အရူးအမူးဖြစ်ချင်စိတ်တွေလွန်ကဲလို့ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်ကုန်တာပဲ။

**ရှေ့က ဒါမျိုးများ မကြားစဖူးတွေပါ။ မိဘတွေက သမီးမိန်းကလေးကို ကွပ်ညှပ်ဆုံးမတယ်။ ဗိုင်းကောင်းကျောက်ဖိပုံစံနှင့် မိန်းကလေးတွေကြီးပြင်းရတယ်။ ဆွေမျိုးတွေက ဗိုင်းစောင့်ရှောက်ကြတယ်။ သဘောတူထားတဲ့စုံတွဲကိုတောင် ညအိပ်ညနေခေးလို့ အပြင်ကို မလည်ပတ်ရဘူး။ တွေ့ချင်ရင် မိသားဖသားစီစီ လူကြီးတွေရှေ့ ဣန္ဒြေရရလာတွေ့၊ လက်ခံတယ်။**

**လက်ထပ်ဖို့အခြေအနေပြည့်စုံမှ တူတူတန်တန် လက်ဖွဲ့ပြီး ထိမ်းမြားပေးလိုက်တယ်။ အရင်းအနှီးတောင် ပေးလိုက်သေးတယ်။ လူ့ပတ်ဝန်းကျင်မှာ မင်္ဂလာရှိသောစုံတွဲ ပေါ်ပေါက်စေတယ်။ မိဘပေးကမ်းလက်ဖွဲ့တာကို လိမ္မာစွာ သုံးရင် တစ်သက်မဆင်းရဲတော့ဘူး။ ဒါကို ချုပ်ချယ်တယ်၊ကွန်ဆာဗေးတစ်ဖြစ်တယ်ဆိုတဲ့ အစွဲအလန်းထားရင် ထားသူတွေ မှားတာပဲ။ ဒီနည်းဟာ အမှန်ဆုံးပဲလေ။**

အခုခေတ်မှာ လူမြင်ကွင်းဖြစ်တဲ့ ပန်းခြံ၊ တိရစ္ဆာန်ရုံ၊ အင်းလျားကန်ပေါင်တို့မှာရှိတဲ့ ထိုင်ခုံလေးတွေမှာ စုံတွဲတွေ ဝီရိယရှိစွာ စောစောစီးစီး ရောက်လာပြီး ခေါက်ထီးလေး မလုံ့တလုံနှင့် အချစ်စမ်းနေကြတာတွေ့ရတယ်။

ဆိတ်ကွယ်ရာမသွားဘဲ လွတ်လပ်စွာ ချွေးနွေးတိုင်ပင် (ကြည်နူးကြတာလည်းပါတာပေါ့လေ) နိုင်စေဖို့ ရည်ရွယ်ပုံရတယ်။ ဒါပေမဲ့ စုံတွဲတွေက ကဲချင်နေတော့ ခေါက်ထီးလေး မလုံ့တလုံ မြင်ကွင်းက မမြင်ချင်မှအဆုံး။

ခေါက်ထီးလေး မလုံ့တလုံအပြင် ကော်ဖီဆိုင် ထောင့်စားပွဲ၊ ဘတ်စ်ကားထိုင်ခုံတွေပါမကျန် အကဲပိုတဲ့ စုံတွဲတွေကြောင့် ယိုသူမရှက် မြင်သူရှက် ဖြစ်ရတာလည်း ရှိသေး။

ခေါက်ထီးလေးနှင့်အကဲပိုတို့ ကြာရှည်မြဲရင်တော်သေးရဲ့။လက်ထပ်ဖြစ်ရင်ကောင်းလှချည်ပေါ့။ အကယ်၍များ လမ်းခွဲကြရင် ယောကျ်ားလေးက ဘာအရေးလဲ၊ ဝမ်းဂိုး၊တူးကမ်းပေါ့။

**မိန်းကလေးက ဝမ်းစတား (One Star) တက်ပြီးနောက်လူကို ဖွင့်ပြောရင်နောက်လူက သံသယနှင့် စောင့်ကြည့်တာခံရမယ်။ အလကားနေရင်း မိန်းမတန်ဖိုးလျော့တယ်။**

မကြာသေးခင်က (၂၆၊ ဇန်နဝါရီ ၊ ၂၀၁၅)စံတော်ချိန်သတင်းစာမှာ အလားတူ သတင်းတစ်ပုဒ် ထပ်ပါတယ်။ ချိန်းမိလေသောည ဓာတ်ကွက်တစ်မျိုးပါပဲ။

စစ်ကိုင်းတိုင်း၊ ကလေးမြို့မှာ ဇန်နဝါရီ ၂၃၊ ည ၁၀ နာရီအချိန် သမီးရည်းစား စုံတွဲ ချိန်းတွေ့နေတုန်း လူရမ်းကား လေးယောက်ပေါ်လာတယ်။ ကောင်လေးကို ကျောက်ခဲနှင့်မထုပါနှင့်၊ သူတို့ခေါ်ရာလိုက်ပါ့မယ်ပြောပေမဲ့ ကျောက်ခဲနှင့် ထုပြီး ကောင်မလေးကို ခေါ်သွားတယ်။

ကောင်လေးက ဘီးခွန်ဂိတ်နှင့် ပေါင်းကူးတံတားထိပ်က ရဲတပ်ဖွဲ့ဝင်တွေဆီ အကူအညီတောင်းပြီး ရှာဖွေတော့ ကျွန်းဘုရားရင်ပြင်မှာ ဆိုင်ကယ်နှစ်စီးနှင့် လူရမ်းကားတစ်ယောက်ကို မိလိုက်တယ်။

ကလေးမြို့နယ် ရဲစခန်းမှာ ကောင်လေးက သက်ဆိုင်ရာ ပုဒ်မတွေနှင့် အမှုဖွင့်ထားပေမဲ့ အခု သောင်းပါးရေးချိန် (ဇန်နဝါရီ ၂၆၊ ၂၀၁၅) အထိ မမိသေး ဘူး။ လူသုံးယောက်က ကောင်းမလေးကို ဖမ်းပြီးရှောင်နေတယ်။

ကောင်းကြသေးရဲ့လား အရပ်ကတို့၊ ကောင်မလေးဘဝ ကျွန်းမာပကတိ ချမ်းသာစွာရှိနေဖို့ မသေချာတော့ဘူးနော်။ မတော်တဆများ ကောင်မလေး လက်လွှတ် ထွက်ပြေးခဲ့ရင်တောင် တန်ဖိုးလျော့ပြီလေ။

သတင်းစာဖျာနယ်တွေကို လူငယ်တွေ ဖတ်စေချင်တာ၊ သိသင့်တာ သိပြီး ရှောင်သင့်တာ ရှောင်ဖို့ပါပဲ။ ဘာပဲဖြစ်ဖြစ် ချိန်းမိလေသောညရဲ့ဓာတ်ကောင် လူရမ်းကားတွေဟာ မိုက်ရူးရဲ၊ အချောင်သမား၊ နှမချင်း မစာနာ၊ ရပ်ရွာရဲ့ ကျက်သရေကို ဖျက်ဆီးသူတွေပဲ။ သူတို့မှာ ယုတ်မာတဲ့ အကြံအစည်ရှိတယ်။ အကျင့်ပျက်သူချင်း ပေါင်းကြတယ်။ အရက်သောက်မယ်။ စိတ်ကြွဆေး သောက်မယ်။ ဒါပေမဲ့ အလုပ်မလုပ်ချင်ဘူး။ ဘာပဲရရ အချောင်နိုက်မယ်၊ခိုးမယ်၊ လုယက်မယ်။

သူတို့ရဲ့စရိုက်ပျက်တာက ကိစ္စမရှိဘူး။ စော်ကားခံရတဲ့ မိန်းကလေးရဲ့ ဂုဏ်သိက္ခာက ရစရာမရှိအောင် ပျက်သွားပြီ။

သွယ်ဝိုက်မနေဘဲ တည့်တည့်မတ်မတ် အတိုချုံး အကြံပြုပါရစေ။

**ချိန်းမိလေသောညတွေ ထပ်မဖြစ်စေချင်ဘူး။**

**ကိုယ့်ဘဝကိုယ် ထိန်းကြပါ။**

**သာယာလှပတဲ့ မိသားစုတွေ ပေါ်ပေါက်စေချင်လို့ပါ။**

*– သက်ထားခင် (၂၀၁၅ ဇွန်လထုတ် အပျိုစင်မဂ္ဂဇင်း) စာ-၆၂။*

မှတ်ချက်။ ။ လူသူမမြင်ကွယ်ရာက မှားယွင်းမှု၊ ရာဇဝတ်မှုကို အားပေးသည်။

# သင်ကြားလေ့လာ ဗုဒ္ဓဘာသာ

## ဘိုးတော် မယ်တော် ကိုးကွယ်မှု

မြန်မာနိုင်ငံတွင် ဂိုဏ်းလုပ်ငန်းကို လိုက်စား၍ ဘိုးတော်မယ်တော်အမည် ခံသူများလည်းရှိသည်။ ထိုပုဂ္ဂိုလ်များသည် အိန္ဒိယမှလာသော ဂိုဏ်းကျင့်စဉ်တို့ကို လေ့ကျင့်လျက် ဘိုးတော်အမည်ခံနေသူများဖြစ်သည်။ ထိုဘိုးတော်ဆိုသူတို့ကို ထွက်ရပ်ပေါက်သူ၊ သိဒ္ဓိပြောက်သူ၊ လူတို့၏ ဒုက္ခကိုကယ်တင်နိုင်သူဖြစ်သည် ဟုဆိုကာ ကိုးကွယ်သူများလည်း ခုနှင့်ဒေးရှိသည်။

မြန်မာနိုင်ငံတွင် ဘိုးတော်အဖြစ်ဖြင့် နာမည်ကြီးသွားသူများလည်းရှိသည်။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရှင်အဇ္ဈဂေါဏ၊ ဖားမဲ့ဘုန်းကြီး၊ ရက်ကန်းစင်တောင် စသော ပုဂ္ဂိုလ်တို့ဖြစ်သည်။

ယနေ့ခေတ်တွင်လည်း မြန်မာနိုင်ငံ၌ ဘိုးတော်နှင့်ဘိုးတော်ဖြစ်အောင် လုပ်နေသော ဂိုဏ်းဆရာများ ဆက်လက်ပေါ်ပေါက်နေသည်။ မိမိကိုယ်ကို ဘိုးတော်အမည်ခံသူလည်းရှိသည်။ ဘိုးတော်အမည်မခံသော်လည်း ဘိုးတော် အလုပ်ဖြစ်သော ဂိုဏ်းလုပ်ငန်းကို ဆရာတစ်ဆူလုပ်နေသူတို့လည်း ရှိသည်။ ဂိုဏ်းဆရာဆိုသူ အချို့တို့သည် ဘိုးတော်၊ ဘွားတော်၊ မယ်တော်၊ ဆာဒူး၊ သူရဿတီ၊ ဒေဝီ ၂၁ ပါး၊ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ ပေါက်ဆရာ၊ စေဆရာ အမျိုးမျိုးကို ကိုးကွယ်နေကြသည်။

**မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်။ သို့ဖြစ်၍ ဂိုဏ်းဆရာ အချို့တို့သည် ဗုဒ္ဓဘာသာအရိပ်ကို ခိုလှုံ၍ ဂိုဏ်းလုပ်ငန်းကိုပြုလုပ်ကြသည်။ ဗုဒ္ဓ၏ဓမ္မဒေသနာတို့ကို သိဒ္ဓိပေါက်လုပ်ငန်းထဲသို့ သွတ်သွင်း၍ အသုံးချ ကြသည်။ ဖြူစင်သော ဗုဒ္ဓဘာသာကို ညစ်နွမ်းအောင် အရောင်လွှမ်းပေး နေကြသည်။**

ဂိုဏ်းဆရာအမည်ခံ ဘိုးတော်အချို့တို့သည် ဓာတ်ကျသည်ဟုဆိုကာ ဓာတ် ဘုရားများကို တည်ထားကြသည်။ ဘုရားဘွဲ့တော်ကိုလည်း သိဒ္ဓိဝေါဟာရ ပါအောင် မှည့်ခေါ်ကြသည်။ စေ၊ အောင်၊ ကပ်ကျော် စသော ဝေါဟာရတို့ဖြင့် ခေါ်ဆိုကြသည်။

ဂိုဏ်းဆရာအချို့တို့သည် ဗုဒ္ဓဘာသာ ပရိယတ်၊ ပဋိပတ်လုပ်ငန်းနှင့် မပတ် သက်သော အလုပ်များကို သာသနာပြုလုပ်ငန်းကြီးသဖွယ် ရေးကြီးခွင်ကျယ်

ကြွေးကြော်အော်ဟစ်လျက် နိုင်ငံတုန်အောင် လုပ်ဆောင်နေကြကုန်၏။ သာဝက ဂိုဏ်းဝင်ဟုဆိုသော နောက်လိုက်နောက်ပါတို့လည်း အင်အားထုထယ်နှင့်ရှိနေပြီ။

- **အတွေးအခေါ်ချည့်နဲ့သော ခေတ်ပညာတတ်များ၊**
- **ဆင်ခြင်ဉာဏ်အားနည်းသော စီးပွားရေးရှင်များ၊**
- **အသိပညာနုန့်နဲ့သော လူပြိန်းများ၊**
- **စိတ်ကူးယဉ်ဘဝကို မျှော်လင့်သော လောဘရှင်များ** စသည်ဖြင့်

အမျိုးအစား စုံလှပေသည်။

*–အရှင်ဒေါ်ကျ၊ သင်ကြားရေးဝါ မူဝါဒသာ facebook မှ။*

## ဒူးဆစ်ယောင်ခြင်း၊ နာခြင်းတွေအတွက် သဘာဝကုထုံး

ဒူးနာကျင်ကိုက်ခဲမှု ခံစားရတဲ့အခါ အယောင်ကျစေဖို့၊ ပြင်းထန်တဲ့ကုထုံးနဲ့ ဆေးဝါးကုသမှုတွေ ကုသဖို့ အများစုကြောက် ရွံ့ကြပါတယ်။ ဒီရိုးရှင်းတဲ့နည်းနဲ့ ကိုယ်တိုင်ကုကြည့်ပါ။

**လိုအပ်သည့် ပစ္စည်းများ**



ပဲစေ့လက်တစ်ဆုပ်စာ၊

ဇစ်အပိတ်ပါ အိတ်တစ်လုံး၊

ချည်ထည်ပုဝါ(၁)ထည်၊

ဝိတ်ကြမ်းပုဝါ(၁)ထည်၊

သိုးမွေးပုဝါ(၁)ထည်၊



ပဲကို ရေပွက်နေပြီးသားရေနဲ့ ၁၅ မိနစ်ပြုတ်ပါ။ ပြုတ်ထားတဲ့ပဲကို အရည်စစ်ထုတ်ပြီး အအေးခံကာ ၁ (သို့) ၂ လီတာဆန့် ဇစ်အပိတ်ပါအိတ်နဲ့ထည့်ပါ။

ပဲက မိမိဒူးဆစ်ခံနိုင်လောက်တဲ့ အပူဖြစ်သင့်ပါတယ်။ အေးလွန်းပူလွန်း မဖြစ်ပါစေနဲ့။ တစ်နေရာတည်း မဖြစ်အောင်၊ အိတ်ထဲကပဲတွေကို ပျံ့နေအောင် လုပ်ပြီး ဒူးဆစ်ပေါ်ထားပါ။ ပထမဆုံး ချည်ထည်ပုဝါအပေါ်ကနေ ဝိတ်ကြမ်းပုဝါနဲ့ နောက်ဆုံးမှာ ပဲထည့်သည့် ဇစ်အပိတ်ပါ အိတ်ပေါ်သိုးမွေးထည်ပုဝါနဲ့အုပ်ထားပါ။ အဲဒီနည်းအတိုင်း ရက်ပေါင်း(၄၀)ကြာ ညတိုင်းလုပ်ပေးပါ။ ကျေနပ်အားရစရာ ရလဒ်ရလာပါလိမ့်မယ်။ **စိတ်ရှည်ဖို့သာ လိုပါတယ်။**

*Credit: trend*

*–နို့မြန်မာ fabebook မှ။*


မြို့နဲ့
နိုင်ငံ့ဂုဏ်သိက္ခာ
အထွက်ပါ..!!


ဟား...
ဒီသီချင်းကြီးကို
အဘ ချိုးနိုင်တယ်
ဒါက အပျော့ပါ
လူ့အခွင့်ရေးကြီးတောင်
ချိုးလာခဲ့တာ
CARTOONS

## အနာဂတ်မြန်မာပြည်ကိုထုဆစ်မဲ့ ဆာတီဖီကိတ်လေး

ယဉ်ကျေးလိမ္မာသင်တန်းဆင်းလက်မှတ်လေးက အလုပ်အကိုင်တွေကို ဖန်တီးမပေးနိုင်သေးပါဘူး။

ဒါပေမဲ့ ဘဝကိုတော့ လှပ စေနိုင်ပါလိမ့်မယ်။

ယဉ်ကျေးလိမ္မာဆိုတာ အတတ်ပညာမဟုတ်ပါဘူး။

အသိပညာနဲ့ ဘဝနေထိုင်မှု လူတစ်ယောက်ပီပီသသဖြစ်အောင် ကူညီပေးမယ့် အရာပါ။

ပြည်တွင်းပြည်ပက ဂုဏ်ထူးဘွဲ့ထူးတွေလောက် မတောက်မပြောင် ဂုဏ်မဆောင်နိုင်ပါဘူးဗျာ။

ဒါပေမယ့် ဒီလက်မှတ်လေးမြင်တိုင်း စိတ်ချမ်းသာနိုင်စေပါလိမ့်မည်။

မိမိကော မြင်ကြသူတိုင်းကောပေါ့။

လက်မှတ်ကလေးတွေအသက်ဝင်လာမဲ့ ဆန်းဒေးစကူးလ်တွေ တစ်နိုင်ငံလုံးပေါ်ထွန်းလာတဲ့တစ်နေ့ ငါတို့တွေ ယဉ်ကျေးလိမ္မာကျောင်းတော်သားကြီးတွေပါလို့ ဂုဏ်ယူလက်မထောင်စေနိုင်ပါလိမ့်မည်။

သီရိလင်္ကာမှာဆိုရင် ဆန်းဒေးစကူးလ်အောင်လက်မှတ်မရှိလျှင် ဌာနဆိုင်ရာအလုပ်များနဲ့ ပုဂ္ဂလိကကုမ္ပဏီအချို့မှာ အလုပ်မခန့်ပေးကြပါဘူး။ အဘယ်ကြောင့်ဆိုသော် ဆန်းဒေးစကူးလ် မတတ်ထားသောသူကို စာရိတ္တကောင်းမည်ဟု အာမခံ မပေးနိုင်သောကြောင့်ဖြစ်ပါသည်။

ဆန်းဒေးစကူးလ် ဓမ္မကျောင်းတော်မှာ တက်ထားအောင်မြင်ထားသူတိုင်းကိုတော့ဖြင့် စာရိတ္တကောင်းကြောင်း အပြည့်အဝ ထောက်ခံအာမခံချက်ပေးနိုင်သောကြောင့်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှာလည်း ဓမ္မစကူးလ်များ မြန်မာပြည်အနှံ့အပြား ဖွင့်လှစ်နိုင်အောင်ကြိုးစားနေဆဲကာလမှာလည်းပဲ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက ကုမ္ပဏီများကလည်း တစတစဖြင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်း သို့မဟုတ် ဓမ္မစကူးလ်အောင်လက်မှတ်များဖြင့် အလုပ်ခန့်ထားမှုစနစ်ကို တွင်ကျယ်လာအောင် လုပ်ဆောင်ပေးကြခြင်းဖြင့် ဓမ္မစကူးလ်များ၊ ယဉ်ကျေးလိမ္မာသင်တန်းများ

လှူငယ်မရွေး တက်ဖြစ်အောင် စွမ်းဆောင်စေချင်ပါသည်။

ဆာတိဗီကိတ် ပေါက်စနလေးကနေ နိုင်ငံတော်ကို တည်ထောင်ပေးနိုင်လိမ့်မည်ဆိုတာ မယုံမရှိနဲ့ဖို့။ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်အောင် ကြိုးစားနေကြပြီမို့ မိဘတိုင်းမိဘတိုင်းက ခုကတည်းက ကိုယ့်သား သမီးနောင်ရေးအတွက် ယဉ်ကျေးလိမ္မာ၊ မွေ့စကူးလ်များကို ပို့ဖြစ်အောင် ပို့ပေးကြပါလို့ ဦးခင်းအနေနဲ့ တိုက်တွန်းနိုးဆော်ပေးလိုက်ရပါသည်။

**–အရှင်ဣန္ဒာစက္က ဖျိုးခင်းရှင်** *facebook* **မှ။**

# တကယ့်ဥပေက္ခာ

ဥပေက္ခာရဲ့သဘောတရားကို လူတွေက အမိပ္ပါယ်ကောက်လွဲနေတယ်။ မခေါ်မပြော၊ ဂရုမစိုက်ဘဲနေတာကို ဥပေက္ခာလို့ထင်နေကြတယ်။ အမှန်မှာ ဥပေက္ခာက မေတ္တာထက်လည်းသာတယ်၊ ကရုဏာထက်လည်းသာတယ်။ ဥပေက္ခာဆိုတဲ့ သဘောတရားက.... လူဆိုတာ သူ့ကံနဲ့သူဖြစ်တယ်။ ဆဲသွားရင်လည်း ငါ့ဆဲရမလားလို့ စိတ်မဆိုးဘူး။ ဥပေက္ခာသမားသည် လာရောက်ပြီးတော့ ချီးမွမ်းပြီးတော့ အကူအညီပေးရင်လည်း "ဩော် ..ဒီကောင်ကတော်တယ်၊ ငါ့ကိုချီးမွမ်းဖော်ရတယ်၊ ငါ့ကို ကူညီဖော်ရတယ်"ဆိုပြီးတော့ ဝမ်းမသာဘူး။

ဆိုလိုတာက **စိတ်ဓာတ်အလွန်တည်ငြိမ်တဲ့ ပုဂ္ဂိုလ်အနေအထားမျိုးကို ဥပေက္ခာလို့ခေါ်တယ်။ စိတ်ဓာတ်အလွန်တည်ငြိမ်တယ်။ စိတ်ဓာတ်တည်ငြိမ်ပြီး လူကိုလျစ်လျူမရှုဘူး၊ လူ့ရဲ့ အပြုအမူကိုသာ လျစ်လျူရှုပြီး လုပ်သင့်တာ လုပ်တယ်။**

ဆိုပါစို့.. လူတစ်ယောက်အကူအညီလိုနေတယ်။ ဒုက္ခရောက်နေတယ်။ သို့သော် သူက ဆဲပြီးတော့ နိုင်းတယ်။ စိတ်မဆိုးဘူး။ လုပ်ပေးတယ်။ တစ်ယောက်က ချော့ပြီးတော့ နိုင်းတယ်။ ဝမ်းမသာဘူး လုပ်ပေးတယ်။ အဲဒါ ဥပေက္ခာ။ ဝမ်းသာနေတယ်တို့၊ စိတ်ဆိုးနေတယ်တို့ဆိုတာက စိတ်မှာ တည်ငြိမ်မှု မရှိတာကိုပြတယ်။ တည်ငြိမ်မှုမရှိတဲ့ သဘောကိုပြနေတာ။ အခု လူတွေက ဘယ်လို အဓိပ္ပါယ်ကောက်လဲဆိုလို့ရှိရင် ဥပေက္ခာဆိုတာ အေး .. ကိုယ်နဲ့ မတည့်တဲ့သူ ဒီကောင်မခေါ်မပြောဘဲနေလိုက်တယ်၊ ဥပေက္ခာပြုထားတယ် မခေါ်

မပြောဘူး၊ စကားလည်း မပြောဘူး၊ သူ့ဘာမှမလုပ်ဘူး၊ အဲဒါ ဥပေက္ခာ။ ဒီလို မဟုတ်ဘူး၊ အဲဒီဥပေက္ခာက တစ်မျိုး။ ဒီမှန်မြတ်တဲ့ ဥပေက္ခာ မဟုတ်ဘူး။

မှန်မြတ်တဲ့ဥပေက္ခာဆိုတာ တစ်ဖက်သားလုပ်တာကို ဂရုစိုက်ပြီးတော့ မနေဘူး၊ လုပ်သင့်တာလုပ်တယ်၊ ဒါမှ တကယ့် ဥပေက္ခာ။ ဆဲလည်း ဂရုမစိုက်ဘူး၊ လုပ်သင့်တာလုပ်မယ်။ ချီးမွမ်းရင်လည်း ဂရုမစိုက်ဘူး၊ လုပ်သင့်တာလုပ်မယ်။ လုပ်သင့်တာကို လုပ်ပေးမယ်။စိတ်ဓာတ်ကတော့ တည်တည်ငြိမ်ငြိမ်ထားတယ်။ ဒါမှ တကယ့်ဥပေက္ခာပါ။

– *ပါချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ။*

# သာယာသောဆက်ဆံရေးတစ်ခု

## ဖန်တီးလိုပါသလား ?

၁။ အကောင်းမမြင်တဲ့သူတွေအနားကနေ သင့်ကိုယ်သင် လွတ်လပ်ခွင့် ပေးလိုက်ပါ။

၂။ ကိုယ့်ဘဝထဲက ထွက်ခွာပြီးသား သူတွေကိုစိတ်ထဲကပါ ထွက်ခွာခွင့် ပေးလိုက်ပါ။

၃။ အဓိပ္ပါယ်မဲ့ နာကြင်စရာအဖြစ်အပျက်တွေကို မေ့ဖျောက်ပစ်လိုက်ပါ။

၄။ လူတိုင်းကို လေးစားမှု၊ ကြင်နာမှုတွေ ရှေ့ထားပြီး ဆက်ဆံလိုက်ပါ။

၅။ အရာအားလုံးကို အရှိအတိုင်းလက်ခံနိုင်အောင် ကြိုးစားလိုက်ပါ။

၆။ လူတွေကို အတတ်နိုင်ဆုံး အားပေးကူညီပါ။ သူတို့အောင်မြင်မှုကို အသိမှတ်ပြုပေးပါ။

၇။ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်းတွေနဲ့ ရှေ့ဆက်လျှောက်လှမ်းလိုက်ပါ။

၈။ နေ့စဉ် အများအကျိုးအတွက် တတ်နိုင်သလောက်လုပ်ဆောင်ပါ။

၉။ သစ္စာတရားကို တန်ဖိုးထားတတ်ပါ။

၁၀။ အမှန်တရားကိုမြတ်နိုးပြီး ကတိတည်တဲ့လူသား အဖြစ်ရပ်တည်ပါ။

၁၁။ တခြားသူတွေကို သူတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ရပ်တည်ခွင့်ပေးလိုက်ပါ။

၁၂။ နည်းနည်းပြောပါ။ များများနားထောင်ပါ။

၁၃။ အငြင်းပွားဖွယ် ကိစ္စတွေကို အတတ်နိုင်ဆုံး အတိတ်မှာ ထားခဲ့လိုက်ပါ။

–*(Gandawin) Lwin Pyin facebook* မှ။

# အံ့ဩဘွယ် ကမ္ဘာ့ထိပ်ဆုံးသတင်း

**ဆူဒန်အမျိုးသမီး ကိုယ်ဝန်ရှစ်လလွယ်ထားသူအား မွတ်ဆလင် သို့ မဝင်လိုသောကြောင့် သေဒဏ်ပေးခြင်းခံရသောသတင်းသည် ကမ္ဘာတစ်ခွင်ပြန့်နှံ့လျက်ရှိပြီး ကြားရသူတိုင်း အံ့ဩတုန်လှုပ်စေပါသည်။**

ဆူဒန်အမျိုးသမီး Dr Maryam Yahya Ibrahim ၏ဖခင်သည် မွတ်ဆလင်ဖြစ်သော်လည်း သူမ မမွေးခင်မှာ ဖခင်မှ မိခင်ကို စွန့်ပစ်ခဲ့သည်။

ထို့ကြောင့် ငယ်ရွယ်စဉ်ကတည်းက အီသီယိုးပီးယားတွင် မိခင်နဲ့ အတူနေထိုင်ပြီး မိခင်ဖြစ်သူ၏ဘာသာဖြစ်သော ခရစ်ယာန်အသိုင်း အဝိုင်းတွင် ကြီးပြင်းလာခဲ့သည်။ သူမသည် မွေးကတည်းက မွတ်ဆလင် မဖြစ်ခဲ့ဖူးပါ။ အရွယ်ရောက်လာသောအခါ ခရစ်ယာန်ဘာသာဝင် အမျိုးသားနဲ့ လက်ထပ်ခဲ့သည်။ ၂၀ လသားအရွယ် သားလေးရှိနေပြီး ၈-လကိုယ်ဝန် လွယ်ထားဆဲဖြစ်သည်။ မကြာသေးမီက ဆူဒန် နိုင်ငံသို့ နေထိုင်ရန် ပြန်လည်ရောက်ရှိလာသည်။

**ဆူဒန်နိုင်ငံ၏ ရှာရီယာမွတ်ဆလင်ဥပဒေအရ ဖခင်ဖြစ်သူ မွတ်ဆလင်ဖြစ်ခဲ့သောကြောင့် သူမသည် မွတ်ဆလင်အမျိုးသားကိုသာ လက်ထပ်ရမည် ဖြစ်သည်။ သူမအား မွတ်ဆလင်သို့ ပြောင်းလဲရန် ၃ ရက်အချိန်ပေးရာ သူမသည် မွေးကတည်းက မွတ်ဆလင်မဖြစ်ခဲ့ သောကြောင့် မွတ်ဆလင်သို့ မပြောင်းလဲနိုင်ကြောင်းငြင်းဆန်ခဲ့သည်။**

ထို့ကြောင့် သူမအား ဆူဒန်တရားရုံးမှ အမိန့် ၂ ခု ချလိုက်သည်။

**(၁) သူမသည် ခရစ်ယာန်ဘာသာဝင်နဲ့ လက်ထပ်သောကြောင့် အိမ်ထောင်ရေး ဖောက်ပြန်မှုအဖြစ် စွပ်စွဲပြီး ကြိမ်ဒဏ်အချက် ၁၀၀ ရိုက်ရန် တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်။**

**(၂) မွတ်ဆလင်ဘာသာသို့ မကူးပြောင်းလိုသောကြောင့် အချုပ်ခန်း ထဲတွင် ကြိုးချခံရမည့်နေ့ကို စောင့်လျက်နေသည်။**

- ဇွေဗ်သီး ငပိချက် *facebook* မှ။

# စာဖတ်တတ်ပြီလား

အတွေးတွေက ဘဝကိုပြောင်းလဲစေနိုင်တယ်ဆိုရင် စာဖတ်ခြင်းက အတွေးတွေကိုပြောင်းလဲစေနိုင်ပါတယ်။ ဒီတော့ ဘဝပြောင်းလဲဖို့ဆိုတာ ဖတ်တဲ့ စာအပေါ်မှုတည်နေပြီပေါ့။ အရင်တုန်းကတော့ လူတွေစာအုပ်ဆိုင်ကနေ ငှားဖတ်လေ့ရှိကြပါတယ်။ အခုနောက်ပိုင်းတော့ အဲဒီလိုက်ဖတ်တဲ့သူနည်းသွားပါပြီ။ အွန်လိုင်းမှာ အလွယ်တကူဖတ်လို့ရတဲ့ ဗဟုသုတစာတိုပေတိုလေးတွေပဲ ဖတ်ကြတာများပါတယ်။ ဒါပေမယ့် တော်တော်များများ စာကို အပေါ်ယံပဲ ဖတ်ကြလေ့ရှိပါတယ်။ ခံစားမှုတိုက်ဆိုင်တာလေးတွေ တွေ့ရင် ကြိုက်တတ်လေ့ရှိကြပြီး ဖတ်တတ်မှ ဘဝအတွက် အကျိုးရှိတာပါ။

ကျွန်တော် ရိုးရာလေးကပြုလုပ်တဲ့ပွဲလေးတစ်ခုသွားရင်းနဲ့ ပြည်မြန်မာဂျာနယ်ရဲ့ အယ်ဒီတာချုပ်ပြောပြတဲ့ စာဖတ်နည်းလေးအကြောင်းကိုသိခဲ့ရပါတယ်။ စာဖတ်တော့မယ်ဆိုရင် R2 A2 ဆိုတဲ့ စည်းမျဉ်းလေးနဲ့ဖတ်သင့်ပါတယ်။

## ပထမ R

**ပထမR က Read တဲ့။ ရိုးရိုးသာမန် စာတစ်ခုခုကို ဖတ်တာပါ။**

ဒီအဆင့်မှာ ဘာမှမပါသေးပါဘူး။ ဖတ်နေတဲ့ စာရဲ့ ခေါင်းဆောင်ရာကို အပူ အပင်မရှိ လိုက်မျောပြီး ဖတ်ရုံပါပဲ။



## ဒုတိယ R

**ဒုတိယ R က Rethink တဲ့။ ပြည်လည်စဉ်းစားပါ။**

တစ်ချို့က စာသာဖတ်တာ၊ ဖတ်ပြီးသွားရင် မေ့ပစ်လိုက်ကြပါတယ်။ တစ်ချို့ကျတော့လည်း ဖတ်ပြီးတာနဲ့တန်းယုံလိုက်ပါတယ်။ ပြန်လည်စဉ်းစားလေ့မရှိပါဘူး။ ဒီတော့ဖတ်ပြီးသားစာတိုင်းကို အခုချိန်ကစပြီး ပြန်စဉ်းစားဖို့မမေ့နဲ့နော်။

## ပထမ A

**ပထမ Aက Analyze တဲ့။ ဝေဖန်ခွဲခြား စဉ်းစားပါ။**


ဖတ်ပြီးသားစာတွေက ယုတ္တိရောရှိရဲ့လား။ စာရေးသူကရော ဘယ်သူလဲ။ ဘယ်နေရာက ကိုးကားထားတာလဲ။ယုံကြည်ရပါ့မလား။ဘာအကျိုးကျေးဇူးတွေ ရလိုက်လဲ။ အဲ့ဒီစာထဲက ဘယ်အချက်ကိုမှတ်ထားဖို့လိုမလဲ စသဖြင့် အသေးစိတ်ခွဲခြားလေ့လာသင့်ပါတယ်။ ဖတ်သမျှ စာတိုင်းမျက်လုံးမှိတ် မယုံသင့်ပါဘူး။

**ဒုတိယ A**

**ဒုတိယ Aက Apply တဲ့။ လက်တွေ့အသုံးချပါ။**

ဒီအဆင့်ကတော့ အရေးအကြီးဆုံးပါ။ ဖတ်ပြီးသမျှစာတွေကို လက်တွေ့ဘဝမှာ အသုံးမချရင် အကျိုးမရှိပါဘူး။ ဥပမာ–မိတ္တဗလဋ္ဌိကာ ဖတ်တယ်ဆိုပါစို့။ ကျွန်တော့်အသိအကျွမ်းတွေထဲမှာ အပြောအဆို ဘုဘောက်ပြောတတ်သူတစ်ယောက်ရှိပါတယ်။ ကျွန်တော်ကတော့ စေတနာနဲ့ "မိတ္တဗလဋ္ဌိကာ ဖတ်ဖူးလား"လို့ "မဖတ်သေးရင် ငှားမယ်"လို့ပြောတော့ သူပြောတာက "အဲ့ဒီစာအုပ ဖတ်ဖူးတာကြာလှပြီ"တဲ့။ ကျွန်တော်ပိုအံ့ဩသွားပါတယ်။ လူမှုဆက်ဆံရေးမှာ ကောင်းမွန်ဖို့ အကောင်းဆုံးတွေထဲက စာအုပ်တစ်အုပ်ကို သူဖတ်ဖူးပါလျက် သူပြောလိုက်တဲ့စကား၊ သူလုပ်လိုက်တဲ့အပြုအမူတွေဟာ သူများတွေအတွက် အနှောင့်အယှက်အမြဲဖြစ်နေတာကို ပိုအံ့ဩသွားတာပါ။ ဒါဘာလို့ဖြစ်တာလဲ။ အဖြေက ရှင်းပါတယ်။ စာအုပ်တစ်အုပ်ကို အပေါ်ယံသာဖတ်ကြည့်ပြီး Apply မလုပ်တာ သိသာပါတယ်။ ဒီတော့ စာအုပ်ဝယ်လိုက်ရတဲ့ ပိုက်ဆံရယ်၊ စာအုပ်ဖတ်လိုက်ရတဲ့အချိန် ဆုံးရှုံးသွားတာပဲရှိပါတယ်။ ဘာအကျိုးကျေးဇူးမှလည်း မရလိုက်ပါဘူး။ ကဲ အခုစာဖတ်နေတဲ့သူတွေအားလုံး လည်း R2A2 နဲ့ စာကောင်းကောင်းဖတ်တတ်ကြပါစေဗျာ။ စာဖတ်တတ်သွားရင် WWW.moeshinn.com မှာ ဖတ်စရာတွေအများကြီးရှိတယ်နော်။

– *မိုးရှင်း(I.M.T) Myanmar Online Library*



# တစ်သက်လုံးစိတ်ချမ်းသာချင်ရင်

## ဒီအချက် ၃ ချက်ကိုသာ လိုက်နာပါ

**၁။ ဘယ်သူ့ကိုမှ မယုံမိပါစေနဲ့။**

(အယုံလွန်တဲ့အခါ နောင်တစ်ချိန် နောင်တနဲ့မျက်ရည်နဲ့ပဲ ဘဝကို ဖြတ်သန်းရလိမ့်မယ်)

**၂။ ဘယ်သူ့ကိုမှ ပိုလွန်တဲ့ မေတ္တာမထားမိပါစေနဲ့။**

(မေတ္တာလွန်တဲ့အခါ ကျွန်ဖြစ်တတ်တယ်။ မေတ္တာကို အသိအမှတ်ပြုရင် ဝမ်းမြောက်ဖွယ်ဖြစ်ပေမယ့် မေတ္တာကနေ အထင်လွဲလို့ ဒေါသဖြစ်တဲ့အခါ ကိုယ်ရော တစ်ပါးသူရော စိတ်ဆင်းရဲရတတ်တယ်။ သင့်တင့်မျှတတဲ့ မေတ္တာကသာ အကောင်းဆုံးပါပဲ)

**၃။ ဘယ်သူ့ကိုမှ ကိုယ့်လို စိတ်ရှိတယ်လို့မထင်လိုက်နဲ့။**

(တချို့ကိစ္စတွေမှာ ကိုယ့်စိတ်နဲ့နှိုင်းပြီး သူတစ်ပါးလဲ ကိုယ့်လိုပဲတွေးမယ် ခံစားမယ် လုပ်ဆောင်မယ်လို့ မထင်လိုက်ပါနဲ့ ကိုယ်ကကိုယ် သူကသူပါပဲ)

### စိတ်ကောင်း မေတ္တာ

* ကိုယ်က မေတ္တာထားပေမယ့် ကိုယ့်မေတ္တာကို တလွဲအထင်မှားသူတွေ ရှိတတ်တယ်။
* ကိုယ်က ကောင်းစေချင်လို့လမ်းညွှန်ပေမယ့် မကောင်းစေချင်လို့ တမင် လမ်းမှားကို ညွှန်တယ်လို့ ထင်တဲ့သူတွေ ရှိတတ်တယ်။
* ကိုယ်ကမြင့်စေချင်လို့ မြှင့်ပေးပေမယ့် နိမ့်စေချင်လို့ ချောက်ထဲချနေတယ်လို့ ထင်တဲ့သူတွေရှိတတ်တယ်။
* လူတစ်ဖက်သားကို စိတ်ကောင်း မေတ္တာကောင်းထားလိုက်လို့ မပင်ပန်း သွားပါဘူး။
* လူလူချင်း တစ်နေ့ အားလုံး ထားခဲ့ရမှာချင်းအတူတူ ဘာလို့ အထာကြီးတွေ ကိုင်၊ မာနကြီးတွေ တလူလူ လွှင့်နေတတ်ကြပါလိမ့်.....။

–သက်တန့်ချို *facebook* မှ

## ဖြေရန် ဦးဝီရသူ မေးတဲ့စာ

၁။ မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ သင်တို့မွတ်ဆလင်တွေနှင့် ညားသည့်အခါ အစ္စလာမ်ဘာသာထဲသို့ အတင်းအဓမ္မ သိမ်းသွင်းနေသူများကို သင်တို့ အစ္စလာမ်အဖွဲ့ချုပ်က အဘယ်ကြောင့် အရေးမယူဘဲ မသိကျိုးကျွံ ပြုနေပါသနည်း။

၂။ အစ္စလာမ်မကိုးကွယ်ဘဲ ကိုယ်ယုံကြည်ရာ ကိုးကွယ်သူများကို အဘယ်ကြောင့် သတ်ဖြတ်ပစ်ရပါသနည်း။ ***(၂၀၀၃၊ မုံရွာမြို့ မြောက်ဘက်၊ အလုံမြို့လေးမှ မစုစုလတ်ကို ရာဇဝင်နှင့်မိသားစုက အင်္ဂါတေတ်ကို ဓားနဲ့ ထိုးသတ်ခဲ့သည်။)***

၃။ အစ္စလာမ်ထဲသို့ ကြောက်၍ဝင်ရသော်လည်း **နိုးကြောင်နိုးဝက်** ဘုရားသွား ကျောင်းတက်၊ ဥပုသ်စောင့်သူကို အဘယ်ကြောင့် **နေ့စဉ်ညှဉ်းဆဲရက်စက်** ရပါသနည်း။***(၂၀၁၃– ကလေးမြို့မှ မဝါဝါမြင့်)***

၄။ အိမ်ရှင်တိုင်းရင်းသားများက သဘောထားကြီးမားပါလျက် မွတ်ဆလင်တွေက ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓရုပ်ပွားတော်တွေကို ဘာကြောင့် ခါးခါးသီးသီး မုန်းတီးနေကြပါသနည်း။ ***(ရခိုင်နှစ်ကြိမ် အကြမ်းဖက်မှုနှင့်ဦးပဥ္စင်း တရားထဲမှာပါသော မွတ်ဆလင်အချို့)***

၅။ မွတ်ဆလင်နှင့်ညားသော မြန်မာအမျိုးသမီးများကို ဘာကြောင့်စစ်သုံ့ပန်းလို ချွေပြတ်မျိုးပြတ် အဆက်ဖြတ်ထားရပါသနည်း။

၆။ အဆိုပါ အမျိုးသမီးများကို ဘာကြောင့် ဘူခါမြုံနိုင်းရပါသနည်း။ အမိနာ၊ အစ်နာ နာမည်များ မှည့်ခေါ်ထားကြပါသနည်း။

၇။ လိမ္မာယဉ်ကျေးသော အဆိုပါမိန်းကလေးများ မွတ်ဆလင်လက်ထဲရောက်မှ အဘယ်ကြောင့် ကြမ်းတမ်းရိုင်းပျ မောက်မာသွားကြပါသနည်း။

၈။ မြန်မာတိုင်းရင်းသား မိဘများက သဘောမတူ မကြည်ဖြူလို့ ငိုယို ပြန်တောင်းသည့် အခါမျိုးမှာ သမီးနှင့်ဘာကြောင့် တွေ့ခွင့်မပေးပါသနည်း။ အဘယ်ကြောင့် မိတချင်းကိုယ်ချင်းမစာ လက်ထပ်စာချုပ်ပြပြီး ဇလီထဲဝင်ခွင့် သမီးနှင့်တွေ့ခွင့် မပေးပါသနည်း။

၉။ ဝက်သားစားသောတိုင်းပြည်မှာ နေထိုင်သောသင်တို့သည် ဝက်သားကို ခါးခါးသီးသီးမုန်းပါလျက် ဝက်သားစားသော မြန်မာအမျိုးသမီးများကိုဖွတ်ရော အတင်းရော အဓမ္မရော အဘယ်ကြောင့် သိမ်းပိုက်နေကြပါသနည်း။

၁၀။ ရဟန်းသံဃာများက မကြိုက်မှန်းသိပါလျက်၊ မိဘပြည်သူများက မကြည်ဖြူမှန်းသိပါလျက် မြန်မာမိန်းကလေးများကို ပစ်မှတ်ထားသိမ်းပိုက်နေခြင်းကို သင်တို့ အစ္စလာမ်အဖွဲ့ချုပ်က ဘာကြောင့်လက်ပိုက်ကြည့်နေကြပါသနည်း။

၁၁။ လွတ်လပ်စွာ ကိုးကွယ်မှုကို ရက်ရက်စက်စက် ပက်ပက်နက်နက် မိုက်မိုက်မဲမဲ ချိုးဖောက်နေသည့်မှတ်ဆလင်များကို ကိုရ်အန်ကျမ်းက ခွင့်ပြုထားပါသလား။ **–ဦးပဉ္စင်း–ဝီရသူ(မစိုးရိမ်) *facebook* မှ။**

## ကင်ဆာရောဂါမှ အသက်ချမ်းသာရာရရှိခဲ့သူ အမျိုးသမီးမှ

# ထပ်ဆင့်ဝေမျှတဲ့ ကင်ဆာဆေးနည်း

Bosnia and Herzegovina နိုင်ငံမှာ နေထိုင်တဲ့ အမျိုးသမီးတစ်ဦးဖြစ်တယ်။ အခြားဝေဒနာရှင်တွေ အကျိုးဖြစ်စေဖို့ စိတ်အားထက်သန်တဲ့သူမက သူမအား အသက်ချမ်းသာရစေခဲ့တဲ့ ဆေးနည်းကို ထပ်ဆင့်ဝေမျှခဲ့တယ်။ ဒီဝေဒနာရှင်ဆိုင်ခံစားနေရတဲ့ အခြားလူနာတွေ အကူအညီပေးဖို့ ဆုံးဖြတ်ခဲ့တယ်။

ယင်းဆေးနည်း ဖော်စပ်ဖို့ ရိုးရှင်းလွယ်ကူပြီး **ချင်းနဲ့ ပျားရည်**ကိုသာ လိုအပ်ပါတယ်။ ဒီဘော့စ်နီးယန်း အမျိုးသမီးကတော့ သူမရဲ့ကင်ဆာရောဂါကို ချေမှုန်းပေးနိုင်တဲ့ တစ်ခုတည်းသော ဆေးနည်းဖြစ်ကြောင်း အခိုင်အမာ ဆိုထားပါတယ်။

သူမ endocrine ကင်ဆာရောဂါ ခံစားခဲ့ပြီး ဆေးရုံမှာ အထူးစက်ကိရိယာအပြည့်အစုံနဲ့ ဥပတ်ကြာ ကုသနေစဉ် ရောဂါအခြေအနေ ဆိုးဝါးလာခဲ့ပါတယ်။ ဒီဆေးနည်းက ခွဲစိတ်ကုသမှု သို့မဟုတ် ဓာတ်ကင်လုံးဝလုပ်စရာမလိုဘဲ အသက်ချမ်းသာရာ ရရှိစေခဲ့ပါတယ်။

- **ချင်း(ဂျင်း)တက်အကြီးနှစ်ခု အခွံလိုးထုတ်ပြီး ကြေညက်နေအောင်ထောင်းပါ။ နောက် ပျားရည်ကီလိုဝက်လောက်နဲ့ ရောပေးရပါမယ်။**
- **ယင်းဖော်စပ်ထားတဲ့ ဆေးကို ရောတစ်ခုထဲ သိမ်းထားပြီး တစ်နေ့ကို လက်ဖက်ရည်ဇွန်း (၄)ဇွန်း သောက်ပေးရပါမယ်။** သတိထားရမယ့်အချက်က သံမဏိဇွန်း လုံးဝမသုံးဘဲ ပလပ်စတစ် သို့မဟုတ် ကြွေထည် မြေထည်ဖြင့် ပြုလုပ်တဲ့ ဇွန်းတွေကိုသာ သုံးပေးရပါမယ်။

(၃)ရက်အတွင်း တိုးတက်မှုလက္ခဏာ စတင်တွေ့ရှိရပါလိမ့်မယ်။

– **ပေါ်ထွန်း–*Trend Myanmar***

## ယူဂန်ဒါတွင် ခရစ်ယာန်တရားဟောဆရာ၏ သမီးကို

# မွတ်ဆလင်များက မုဒိမ်းကျင့်

ယူဂန်ဒါအရှေ့ပိုင်းတွင် ခရစ်ယာန်ဘုရားကျောင်းခေါင်းဆောင်က ၄င်းတို့ပေးပို့ထားသော ဘုရားဝတ်ပြုခြင်းများရပ်တန့်ရန် သတိပေးချက်များကို လျစ်လျူရှုခဲ့သဖြင့် မွတ်ဆလင် ၅ ယောက်မှ ၄င်း၏ ၁၇ နှစ်အရွယ် သမီးကို နှပ်စုလိုက် မုဒိမ်းကျင့်ခဲ့သည်။

မတ်လ ၂၈ ရက်နေ့၊ ည ၇နာရီခွဲခန့်က New Hope Church မှ ခရစ်ယာန်ဓမ္မဆရာ၏သမီးဖြစ်သူသည် ဘူဒါကာဒိစတြိတ်၊ ကာဒီရှုနာဆပ်ကောင်တီ၊ ကီယာယိုလိုရှိ ဘုရားရှိခိုးကျောင်း အဆောက်အဦးသို့ သွားနေစဉ် မွတ်ဆလင်များက သူမကို ချုပ်ထဲဆွဲခေါ်ကာ မုဒိမ်းကျင့်ခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ရာနှင့် သူမအိမ်မှာ ကိုက် ၃၀၀ ခန့်ကွာဝေးသည်။

**"မွတ်ဆလင်ငါးယောက်က ကျွန်မကို ချုပ်ထားတယ်။ အဲဒီနေရာမှာ သူတို့က ကျွန်မကို မုဒိမ်းကျင့်ကြတယ်"**ဟု သူမက ပြောကြားသည်။ **"ကျွန်မ အော်မလို့ပဲ။ ဒါပေမယ့် သူတို့က ကျွန်မကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ သူတို့ထဲက တစ်ယောက်က ပြောတယ်။ "ညည်းအဖေက မွတ်ဆလင်တွေ ခရစ်ယာန်ပြောင်းဖို့ ကြိုးစားတဲ့ ဆုတောင်းပွဲတွေ ရပ်ပြီး ဒီရှာ့ချ်ကို ပိတ်ပစ်သင့်တယ်။ ငါတို့က သူ့ကို အတန်တန် သတိပေးခဲ့တယ်"**

မုဒိမ်းသမားများသည် ချာ့ချ်ကျောင်းဝတ်တက်သူများ ရောက်လာသောအခါ ထွက်ပြေးသွားခဲ့သည်။ မိန်းကလေးမှ မုဒိမ်းသမားများ၏ ရုပ်သွင်ကို မမှတ်မိခဲ့ပါ။ ချာ့ချ်ကျောင်းဝတ်တက်သူများမှ မိန်းကလေးကို ဒေသတွင်း ဆေးခန်းတစ်ခုသို့ အမြန်ပို့ခဲ့သည်။ နောက်ပိုင်း အမ်ဘေးလ်အထွေထွေဆေးရုံကြီးသို့ပြောင်းရွှေ့ခဲ့သည်။

ဘူဒါကာဒိစတြိတ်၌ မွတ်ဆလင် ၆၅ ရာနှုန်းရှိပြီး ခရစ်ယာန်များကို တိုက်ခိုက်လေ့ရှိသည်။ သို့သော် တစ်နိုင်ငံလုံးအားဖြင့် မွတ်ဆလင် ၁၁ ရာနှုန်းသာ ဖြစ်ပြီး ၈၅ ရာနှုန်းမှာ ခရစ်ယာန်ဖြစ်သည်။

***– See more at: http: // pamelageller . com /***

***- Myo Min Thant facebook*** မှ။

## အိမ်ထောင်ရေး ရှောင်ရှားနိုင်ရန်

### ၁။ လူရှေ့သူရှေ့မရှောင် အိမ်ထောင်ဘက်ကို အပြစ်တင်ခြင်း

လင်နဲ့မယား လျှာနဲ့သွားပါ။ အိမ်ထောင်သက် ရလာတာနဲ့အမျှ အထစ်အငေါ့လေးတော့ ရှိတတ်ကြပါတယ်။ လူရှေ့သူရှေ့မရှောင် တဘက်သားကို အပြစ်တင် ရန်ထောင်ရင်တော့ ရန်ပွဲဖြစ်လာမှာပါ။ အဲဒီလိုရန်ဖြစ်တာ ပြဿနာကို ပြေလည်အောင် မဖြေရှင်းနိုင်တဲ့အပြင် မီးလှုံ့ထဲကိုဓါတ်ဆီလောင်းလိုက်သလို ဖြစ်သွားတတ်ပါတယ်။ နောက်ဆုံးကျရင် ဘယ်သူမှအလျှော့ပေးလို့မရတဲ့အနေအထား ရောက်သွားတတ်ပြီး ပွဲသိမ်းဖို့ ခက်ခဲသွားပါတယ်။ ဒါကြောင့်မို့လို့ လင်မယား မှတ်ထားရမှာက မည်သူရဲ့ရှေ့မှာမဆို အိမ်ထောင်ဖက်ကို အပြစ်တင်မိတာမျိုး လုံးဝရှောင်ကြဉ်ပါ။ လက်ဝါးတစ်ဖက်ထဲ ဘယ်တော့မှ လက်ခုတ်တီးလို့မရပါဘူး။

### ၂။ သားသမီးရှေ့မှာ ရန်ဖြစ်ခြင်း

မိဘဆိုတာ သားသမီးရဲ့ အားကိုးရာဖြစ်သလို နိုလုံရာလည်းဖြစ်ပါတယ်။ လင်မယားနှစ်ယောက် ပြဿနာတစ်ခုခုရှိခဲ့ရင် သားမီးကိုရှောင်ပါ။ လင်မယားရန်ဖြစ်တယ်ဆိုတာ လူကြီးနှစ်ဦးရဲ့ကိစ္စပါ။ မိဘရန်ဖြစ်တာကို ကလေးတွေ တွေ့သွားရင် ကလေးရဲ့အတွင်းစိတ်ကို ထိခိုက်သွားနိုင်သလို သူတို့ရဲ့ အနာဂတ်အိမ်ထောင်ရေး အပေါ်ထားရှိတဲ့ စိတ်ထားကိုပါ ထိခိုက်နိုင်ပါတယ်။ တကယ်လို့ သားသမီးများဟာ အိမ်မှာ သာယာတဲ့အရသာကို မခံစားရဘူးဆိုရင် နောင်မျိုးဆက်တစ်ခုလုံးကို ထိခိုက်သွားစေနိုင်ပါတယ်။

### ၃။ အိမ်ထောင်ဘက် နေမကောင်းတဲ့အခါ ရန်ဖြစ်ခြင်း

အိမ်ထောင်ဘက်တစ်ဦးဦးက နာမကျန်းဖြစ်နေရင် စိတ်ဓါတ်ကျပြီး စိတ်ဆိုးလွယ်တတ်လေ့ရှိပါတယ်။ အဲဒီအချိန်မှာ ရန်ဖြစ်မိရင် အိမ်ထောင်ရေးကို လုံးဝထိခိုက်သွားနိုင်ပါတယ်။

### ၄။ အနာဟောင်း ပြန်ဖော်ခြင်း

ရန်ဖြစ်တိုင်း အနာဟောင်းကို ပြန်ဖော်တာမျိုး လုံးဝရှောင်ကြဉ်သင့်ပါတယ်။ 'မှားတဲ့ရှေ့နေ မသေတဲ့ဆေးသမား' ဆိုသလို လူတိုင်းကိုယ်စီ တစ်ခုခု မှားဖူးတတ်ကြစမြဲပါ။ အနာဟောင်းကို လက်ကိုင်တုတ်အဖြစ် ခဏခဏထုတ်သုံးရင်တော့ အဲဒီအိမ်ထောင်ရေး ပြန်အဆင်ပြေဖို့ ခက်ခဲသွားတတ်ပါတယ်။

**၅။ အိမ်ထောင်ဘက်၏ မိဘနဲ့ အိမ်သားများကို ထိခိုက်စေသောစကားများ**

ရန်ဖြစ်တယ်ဆိုတာ တစ်ခုခုအပေါ် မကျေနပ်လို့၊ သဘောမတူနိုင်လို့ ဖြစ်ပါတယ်။ အဲဒီကိစ္စအပေါ်သာ အချေအတင် ငြင်းခုန်သင့်ပါတယ်။ အိမ်ထောင်ဘက်ရဲ့ မိဘနဲ့မိသားစုကို စောင်းပြောတာမျိုး၊ ထိခိုက်စေတဲ့ စကားမျိုး လုံးဝရှောင်ကြဉ်ရမှာပါ။

**၆။ ပစ္စည်းလွှင့်ပစ်တတ်တဲ့အကျင့်**

ရန်ဖြစ်ပြီဆိုမှ နဂိုကတည်းက အသံက ကျယ်လောင်ပြီးသား၊ ပစ္စည်း လွှင့်ပစ်တဲ့ အသံ၊ ခုံထုတဲ့အသံ၊ ပစ္စည်းကျကွဲသွားတဲ့အသံတွေနဲ့ ရော သွားရင် ပွဲအများကြီး ပိုကြမ်းသွားတတ်ပါတယ်။ ချစ်လို့ ယူထားကြတာပဲ။ ပစ္စည်းလွှင့်ပစ်လို့ ကျကွဲတယ်ဆိုတာ နှလုံးသားကျကွဲတာနဲ့ တူတတ် ပါတယ်။

**၇။ စိတ်နာစေတဲ့ စကားအသုံးအနှုန်းများ**

စိတ်ဆိုးအောင်လုပ်လို့ရတယ်။ စိတ်နာအောင်မလုပ်ကြပါနဲ့၊ စိတ်နာစေတဲ့ စကားမျိုးလုံးဝရှောင်ကြဉ်သင့်ပါတယ်။ "ရှင့်ကို အားကိုးလို့တော့ သူတောင်း စားပဲဖြစ်သွားမှာ၊ သူများယောကျ်ားတွေကြည့်၊ ပိုက်ဆံရှာ ဘယ်လောက် တော်လဲ၊ ရှင်နဲ့ တစ်စက်ကလေးမှ မတူဘူး"စတဲ့ စကားမျိုးကို မပြောဆိုရပါ။

**၈။ သေတာနဲ့ ချိန်းခြောက်ခြင်း**

ငါအသက်ရှင်နေတာ ဘာထူးသေးလဲ၊ ငါအသက်မရှင်ချင်တော့ဘူး။ ငါမင်းကို သေပြမယ် စသည်ဖြင့် သေတာနဲ့ ခြိမ်းခြောက်တာမျိုး လုံးဝရှောင်ကြဉ် သင့်ပါတယ်။

**၉။ လက်ပါခြင်း**

ဘယ်လောက်ပဲ စိတ်ဆိုးစိတ်ဆိုး ကိုယ့်လက်ကို လုံးဝ ထိန်းထားရပါမယ်။ တစ်ချက်ရိုက်မိသွားရင် ချစ်ခဲ့သမျှ အတိုးရောအရင်းပါ ဆုံးရှုံးသွားနိုင်ပါတယ်။ ပြင်ပဒဏ်ရာ ကုစားရလွယ်သလောက် စိတ်အတွင်းက ဒဏ်ရာကို ပျောက် ပစ်ဖို့ မလွယ်လှပါ။

**၁၀။ ကွဲမယ်ဆိုတဲ့စကား အလွယ်တကူသုံးခြင်း**

ဘယ်သူပဲဖြစ်ဖြစ် စိတ်ဆိုးတဲ့အခါ ဖြစ်ချင်ရာဖြစ်ဆိုတဲ့စိတ်မျိုး ဝင်တတ် ပါတယ်။ ကွဲမယ်ဆိုတဲ့ စကားဟာ အင်မတန်မှ ကြောက်စရာကောင်းတဲ့ နိမိတ်ဖြစ်တတ်ပါတယ်။

နောက်ဆုံး ပြောချင်တာကတော့ ရန်မဖြစ်တာ အကောင်းဆုံးပါ။ အချစ်

ဆိုတာဟာ အိမ်ထောင်သက်ကြာလာတာနဲ့အမျှ ရင်ခုန်တာတွေ၊ မိတ်လိုက်တာတွေ တဖြည်းဖြည်း ပျောက်ကွယ်သွားပေမဲ့ တစ်ဦးပေါ်တစ်ဦး ဆက်ပြီး တန်ဖိုးထားနေသေးခြင်းကို ဆိုလိုပါကြောင်း တင်ပြလိုက်ရပါတယ်။

*Ref;Wechat*

*- Aung Ko Latt facebook* မှ။

# ယောက်ျားတစ်ယောက်ကို
## အောင်မြင်အောင် ပံ့ပိုးပေးနိုင်တဲ့ မိန်းမ "၁၀" မျိုး

ယောက်ျားတစ်ယောက် အလုပ်အကိုင်အောင်မြင်ဖို့ဆိုတာ ငယ်ရွယ်စဉ်က သူတို့ရဲ့မိခင်၊ ဖခင်တွေက အဓိကပံ့ပိုးမှုတွေ ပေးခဲ့ရတာပါ။ ဒါပေမဲ့ အိမ်ထောင်ရက်သားကျလာတဲ့အခါ ကိုယ့်ရဲ့လက်တွဲဖော်ရဲ့ပံ့ပိုးမှုဟာ ပိုပြီးအဓိကကျသွားပါပြီ။ ပံ့ပိုးတယ်ဆိုတဲ့အရာဟာ ငွေကြေးပိုင်းရယ်မှ မဟုတ်ပါဘူး ကျန်တဲ့ အချက်တွေနဲ့လည်း အများကြီးဆက်နွယ်နေပါသေးတယ်။

မိန်းမတစ်ယောက်ဟာ ယောက်ျားတစ်ယောက်ကို အအောင်မြင်ဆုံးနေရာကို တွန်းပို့နိုင်သလို အနိမ့်ကျဆုံးဖြစ်အောင်လည်း ဆွဲချတတ်ပါသေးတယ်။ ဒီတော့ မိန်းမတစ်ယောက်ရဲ့နေရာက ဘယ်လောက်တောင် အဓိကကျတတ်သလဲ ဆိုတာနဲ့ ဘယ်လိုအချက်လေးတွေ ပိုင်ဆိုင်ထားရမလဲဆိုတာကို ကြည့်လိုက်ကြရအောင်။

**၁။ <u>သဘောထားကြီးပြီး လူအကဲခတ်တော်တဲ့မိန်းမ</u>**

သူမဟာ အင်မတန်မှ ပါးနပ်တတ်ပြီး သင်ရဲ့မျက်တောင်တစ်ခတ်အတွင်းမှာ သင်ဘာဖြစ်နေသလဲဆိုတာကို အကဲခတ်ခန့်မှန်းသိရှိနိုင်ပြီး သင်ပျော်နေချိန်မှာ သင်နဲ့အတူပျော်ရွှင်မှုတွေကို အတူခံစားပေးတတ်ပါတယ်။ သင်မျက်မှောင်တစ်ချက်ကုတ်လိုက်လို့ ဘယ်လောက်ပဲ သင်ကပျော်ရွှင်ချင်ယောင် ဆောင်ပြဆောင်ပြ၊ သင့်ရဲ့ ဒုက္ခတွေအခက်အခဲတွေကို ဝေမျှပြီး ခံစားနားလည် ဖြေရှင်းပေးတတ်ပါတယ်။

**၂။ <u>ဂုဏ်သတင်းကျော်စောမှုမွေးပျံ့တဲ့မိန်းမ</u>**

သူမဟာ ဘယ်လောက်ပဲသင့်ထက် ပညာတွေတတ်နေပါစေ၊ ဘယ်လောက်ပဲ ရာထူးဂုဏ်ရှိန်တွေရှိနေပါစေ သင့်ကို သင့်ရဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ သင့်ကိုနေရာပေး လေးလေးစားစား ဆက်ဆံတတ်ပြီး သူမရဲ့ ဂုဏ်ရှိန်

ဝါနဲ့ သင့်ကိုပါ လွှမ်းခြုံတောက်ပစေပါတယ်။

၃။ **သဘာဝအလှလေးနဲ့ အေးချမ်းတဲ့မိန်းမ**

သူမရဲ့ အလှဟာ ပန်းလေးတစ်ပွင့်လို မတောက်ပနေပေမဲ့ အေးချမ်းမှု ရှိပါတယ်။ သင်ကြည့်လိုက်တိုင်း သူမဟာ အေးချမ်းတဲ့အသွင်အတိုင်း အပြုံးမှုတွေပါ အေးချမ်းငြင်သာနေပါလိမ့်မယ်။ သင့်ရဲ့လုပ်ငန်းခွင်ထဲမှာ သင့်တွက် အထောက်အပံ့မပေးနိုင်ပေမဲ့ တခြားမိန်းမတွေလို ပူလောင်ငြူစူမှု အလျဉ်းမရှိဘဲ သင့်ကိုအေးချမ်းမှုတွေနဲ့ သာယာစေနိုင်ပါတယ်။

၄။ **ဦးနှောက်ပြေးတဲ့မိန်းမ**

သူမဟာ အင်မတန်မှ ထိုးထွင်းဉာဏ်ရှိပြီး သင်အခက်အခဲလေးတစ်ခု ကြုံလာပြီဆိုတာနဲ့ ပြေလည်မဲ့ဖြေရှင်းနည်းကို တစ်ထိုင်တည်း ထုတ်ပေးနိုင်တဲ့ သူမျိုးပါ။ စီးပွားရေးလုပ်တဲ့အခါမှာလည်း သင့်ကိုနောက်ကွယ်ကနေ အကောင်းဆုံးအကြံတွေနဲ့ ရှေ့ဆက်လို့ရအောင် ပို့ဆောင်ပေးတဲ့သူမျိုးပါ။

၅။ **ပေါ့ပေါ့ပါးပါးနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိတဲ့မိန်းမ**

ဒီလိုမိန်းမတွေဟာ သင်ဘာပဲလုပ်လုပ် အမြဲတစေ ယုံကြည်ချက်အပြည့်နဲ့ အားပေးတတ်ပါတယ်။ သင်အောင်မြင်သွားခဲ့ရင်လည်း သူ့ကြောင့်ပါလို့ မထ္တာပ်တိုင်တက်ပြမှာမဟုတ်သလို၊ ရှုံးနိမ့်ခဲ့ရင်လည်း ငြူစူပြောဆိုနေမှာ မဟုတ်ပါဘူး။ အရမ်းစိတ်ညစ်နေတဲ့အချိန်မှာ သင့်ကိုနွေးထွေးစွာအားပေး ပါလိမ့်မယ်။ သူ့ရဲ့သင့်အပေါ် ယုံကြည်ချက်တွေနဲ့ပြတ်သားမှုတွေကြောင့် သင်ဟာ လဲရာမှ ချက်ချင်းတောင် ပြန်ထနိုင်လောက်အောင် သူမဖွမ်းဆောင် နိုင်ပါလိမ့်မယ်။

၆။ **ကိုယ့်ကိုယ်ကို ချစ်မြတ်နိုးတဲ့မိန်းမ**

သူမဟာ အင်မတန်မှမိမိကိုယ်ကို အမြဲလိုလိုအပြင်ဆင်ပိုင်းမှာရော ဂုဏ်သိက္ခာပိုင်းတွေမှာပါ ခြယ်သပြင်ဆင်နေလေ့ရှိပါတယ်။ သူမဟာ ဘယ်တော့မဆို သူ့ကြောင့် သင်နံမည်ပျက်စေမှာမဟုတ်သလို အသိုင်းအဝိုင်း ရှေ့ထွက်တဲ့အခါမှာလည်း သူ့ကြောင့် သင်ဟာ အလိုလိုနေရင်းနဲ့ ဂုဏ်ရှိစေ နိုင်မယ့်မိန်းမမျိုးပါ။ သူ့အလှကြောင့် သင့်ရဲ့ပူပန်မှုတွေကို အနေထိုင်တွေနဲ့ ဖျောက်ဖျက်ပစ်တတ်ပါတယ်။

၇။ **တာဝန်ယူတတ်တဲ့မိန်းမ**

သူမဟာ သင့်ရဲ့ဝင်ငွေထွက်ငွေကို ကိုက်ညီအောင် သုံးစွဲစိစစ်သလို၊

စုသင့်တာစု သုံးသင့်တာသုံးပြီး သင့်ကိုဘယ်တော့မှ စားဝတ်နေရေးတွက် ပူပန်စေမှာ မဟုတ်ပါဘူး။ သူမဟာ အလုပ်လုပ်တဲ့နေရာမှာ အင်မတန်မှ တိကျပြီး တာဝန်ယူစိတ်အပြည့်လည်း ရှိတတ်ပါတယ်။

**၈။ စကားပြောဆို ကျွမ်းကျင်တဲ့မိန်းမ**

သူမဟာ စကားပြောခြင်းအတတ်ပညာကို တစ်ဖက်ကမ်းခပ်ကျွမ်းကျင်တတ်ပြီး အပေါင်းသင်းဆံ့တဲ့သူဖြစ်ပါလိမ့်မယ်။ သူမနဲ့စကားပြောလိုက်တိုင်း လူတိုင်းစိတ်ချမ်းသာရပြီး ဘယ်လိုလူကို ဘယ်လိုအခြေအနေမျိုးမှာ ဘာပြောရမလဲဆိုတာနဲ့ သူမဟာ လူတွေကို ကောင်းကောင်း ဆွဲဆောင်နိုင်ပါတယ်။ သူမကြောင့်ပဲ သင်ဟာ ဒီထက်ကျယ်ပြန့်တဲ့ အသိုင်းအဝိုင်းတစ်ခုကို သိကျွမ်းခွင့်ရတာမျိုးလည်း ဖြစ်တတ်ပါတယ်။

**၉။ ဆုံးဖြတ်ချက်ပြတ်သားတဲ့မိန်းမ**

သူမဟာ စဉ်းစားဆုံးဖြတ်တဲ့နေရာမှာ အင်မတန်မှ ပညာသားပါပြီး အရာရာ စိတ်ချရပါတယ်။ ဘယ်တော့မှ သေးသေးမွှားမွှားကိစ္စတွေနဲ့ အတော် အတန်ကြီးတဲ့ ကိစ္စတွေကို သင့်ဆီမရောက်စေဘဲ ဖြေရှင်းတတ် ပါတယ်။ သင့်ရဲ့အလုပ်ကိုင်တွေကို ဘယ်တော့မှ မထိခိုက်စေပဲ အိမ်မှုကိစ္စတွေပါ သူတစ်ယောက်တည်းဖြစ်အောင် စီမံတတ်ပြီး သင့်ကို အလုပ်လုပ်တဲ့နေရာမှာ စိတ်အပြည့်အဝရအောင် လွှတ်ထားပေးတတ်ပါတယ်။

**၁၀။ ခေတ်အမြင်ရှိတဲ့မိန်းမ**

သူမဟာ အင်မတန်မှ ခေတ်နဲ့ လျော်ညီစွာနေထိုင်တတ်ပြီး အနေအထိုင် တည်ငြိမ်တတ်ပါတယ်။ အများသူငါနဲ့ သဟဇာတရှိပြီး သင်ရဲ့လုပ်ဖော် ကိုင်ဖက်တွေနဲ့လည်း ကျေလည်စွာ ဆက်ဆံတတ်ပါတယ်။ သင်မိတ်ဆွေ ပေးလာသမျှ လုပ်ဖော်ကိုင်ဖက်မိန်းကလေးတွေကိုလည်း ဘယ်တော့မှ သံသယမျက်လုံးနဲ့ မကြည့်ဘဲ သူငယ်ချင်းဖြစ်အောင် ဆွဲဆောင်သိမ်းသွင်း တတ်ပါသေးတယ်။ *-Oringinal Writer facebook* မှ။

* အကောင်းအဆိုး အကြောင်းအကျိုးအမှန်ကို ဝေဖန်ပိုင်ခြားသိနိုင်စွမ်းရှိတဲ့ အသိမှန်ရှိအောင် ကြိုးစားရမယ်။ *-နန်းနန်း (သာစည်)။*

* ခံစားချက်တွေလား....။ မြို့သိမ်မထားပါနှင့်၊ ကြာရင်ပေါက်ကွဲတတ်တယ်နော်။ *-အောင်နိုင်ဝင်း။*

* စာဖတ်တာဟာ အသိဉာဏ်ပညာကို တိုးပွားစေရုံတင်မကသေးဘူး စိတ်ဓာတ်ကြံ့ခိုင်မှုပါ ဖြစ်စေတယ်။ *-သုတမောင်မောင်။*


လူ့ပြည်... ရောက်တုန်း... ကျုပ်တို့ ပါတီ... ကိုထောက်ခံတဲ့... မဲနေ့... အမှိုက် ထိုင်းကောက်... ပေးပါလား... ဟို
ဟဲ့....ဟဲ့ များလှချည်လား ဘယ်ကနတ်တွေ တုန်း....
မြန်မာပြည်က တောစောင့်နတ်... တောင်စောင့်နတ်... မြစ်စောင့်နတ်တွေ ခိုကိုးရာမဲ့လာကြ တာ...

## အမျိုးဝါဒ မကြီးထွားဖို့လို

အစ္စလာမ်ဘာသာမှာ အမှန်တကယ်ပြဌာန်းထားတဲ့အကြောင်းအရာတွေကို အပြင်မှာပေါ့ပြောရင် (သို့မဟုတ်) FB မှာ ရေးရှင်းရင် အမုန်းပွားစေတဲ့ စကားမျိုးဖြစ်ရောလား....

- **မမှန်ကန်တဲ့ အယူအဆတွေနဲ့ လူ့လောကကိုဖျက်ဆီးနေတဲ့ဘာသာကို အပြစ်မတင်ဘဲ.. မှားယွင်းနေတယ်လို့ ထောက်ပြတဲ့လူကိုတော့ အမုန်းတရားဖြန့်ဖြူးသူအဖြစ် အပြစ်တင်နေခြင်းက ဖျက်ဆီးသူကို ဖျက်ဆီးနိုင်ဖို့ အားပေးအားမြှောက် ပြုလုပ်နေခြင်းပါပဲ။ အမျိုးအတွက်နဲ့ မျိုးကို အပြစ်တင်ပုတ်ခက်ရာလည်း ရောက်ပါတယ်။**
- ဘယ်လိုပဲဖြစ်ဖြစ်.... စစ်တိုက်ဝါဒ.. အသတ်ဖြတ်ဝါဒ.. ကာမဝါဒ... ပြည်သိမ်းဝါဒတွေနဲ့ ရောက်ပြွမ်းနေတဲ့ အစ္စလာမ်ဘာသာကို... မြန်မာနိုင်ငံမှာ အင်အားမကြီးဖို့အတွက်...မြန်မာနိုင်ငံက ပျောက်ကွယ်သွားဖို့အတွက် မြန်မာလူမျိုးတိုင်းမှာ တာဝန်ရှိကြောင်းပါ။
- ဒီလိုလုပ်ခြင်းအားဖြင့် နိုင်ငံနဲ့ဘာသာကို ကာကွယ်ရာရောက်သလို အမျိုးတရားကြီးစိုးလာမည့်ဘေးမှ ကာကွယ်ရာလည်း ရောက်ပါတယ်။
- အဲ့ဒီ အမျိုးတရားကြီးစိုးရာ အာရပ်နိုင်ငံတွေမှာ ငြိမ်းချမ်းခြင်းဆိုတာ ဘာလဲလို့ မေးရလောက်အောင် အသေခံဗုံးခွဲခြင်းတွေနဲ့အတူ အကြမ်းဖက်လုပ်ရပ်တွေက နေ့စဉ်နဲ့အမျှဖြစ်ပျက်နေတာ အားလုံးအသိပါ။
- ဒီလို အမျိုးတရား မကြီးထွားလာအောင် ကာကွယ်နေခြင်းက... ကုသိုလ်လား အကုသိုလ်လား ဆိုတာကိုတော့ အဖြေက ရှင်းစရာလိုအံ့မထင်...
- အဲ့ဒါကြောင့်အစ္စလာမ်ဘာသာကိုတွန်းလှန်ခြင်း၊ တနည်း ၉၆၉ မူဝါဒအတိုင်း ကျင့်သုံးခြင်းဖြင့် ကုသိုလ်တွေ ရယူကြပါစို့...။ *hate* မဟုတ်၊ *right* ပါ။

*–ဘယ်သန် ဘမှန် Facebook မှ။*

အပြစ်တင်သူတွေရှိတိုင်း ဝမ်းနည်းနေဖို့မလိုအပ်ဘူး။ ဒါပေမယ့် ကောင်းစေချင်လို့ ဝေဖန်သူတွေရှိနေရင်တော့ လိုက်နာနိုင်ဖို့လိုလိမ့်မယ်။ ကဲ့ရဲ့သူတွေရှိတိုင်း အားငယ်နေဖို့မလိုအပ်ဘူး။ ဒါပေမယ့် အမှားကိုထောက်ပြသူတွေ ရှိနေရင်တော့ ပြုပြင်နိုင်ဖို့လိုလိမ့်မယ်။

*–အမည်မသိ။*

# ဂန္ဒီ

ဂန္ဒီသည် ငြိမ်းချမ်းသောနည်းဖြင့် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဖြစ်သည်။ တစ်ကမ္ဘာလုံးက လေးစားရသော ခေါင်းဆောင်ကြီးတစ်ဦးလည်း ဖြစ်သည်။

ငယ်ရွယ်စဉ်က အင်္ဂလန်နိုင်ငံရှိ လန်ဒန်ယူနီဗာစီတီကောလိပ်တွင်ပညာ သင်ကြားနေစဉ်ကဖြစ်သည်။ ပါမောက္ခပီ(လ်)ဆင်ဆိုသူမှာ ဂန္ဒီက သူ့အား အရိုအသေပေး၍ မဆက်ဆံဟု ယူဆသဖြင့် အမြဲလိုပင် ပြဿနာရှာလေ့ရှိသည်။

တစ်နေ့ နေ့လည်စာစားရန်အတွက် ဂန္ဒီက သူ၏ပန်းကန်ဖြင့် ထိုပါမောက္ခ၏ ဘေးတွင် ဝင်ထိုင်မိလိုက်ရာ ပါမောက္ခက သူ့အား –

**"ဒီမှာ ဂန္ဒီ၊ ဝက်တစ်ကောင်ဟာ ငှက်တစ်ကောင်နဲ့အတူတူ မထိုင်သင့်ဘူးဆိုတာ နားမလည်သေးဘူးထင်တယ်"**ဟု ပြောလိုက်ရာ ဂန္ဒီက မိဘက မသိနားမလည်သော ကလေးဆိုးတစ်ယောက်ကို အလိုလိုက်တုံ့ပြန်သော ပုံစံမျိုးဖြင့် **"စိတ်မပူပါနဲ့ ပါမောက္ခကြီးရယ်၊ ကျွန်တော်ဘဲ အဝေးကိုပျံသွားပေးပါ့မယ်"**ဟုဆိုလိုက်ပြီး အခြားတစ်နေရာတွင် ပြောင်းထိုင်ပေးလိုက်သည်။

ပါမောက္ခမှာ မကျေမနပ်ဖြစ်သွားပြီး စာမေးပွဲစစ်သောအခါ လက်စားချေရန် ကြံစည်ထားသည်။ သို့သော် သူမေးသမျှ မေးခွန်းများကို ဂန္ဒီက ထက်မြက်စွာ ပြန်ဖြေနိုင်ခဲ့သဖြင့် ကြံကြံဖန်ဖန် မေးခွန်းတစ်ခုကိုမေးပြန်သည်။ **"ကဲ ဂန္ဒီ၊ မင်းလမ်းလျှောက်လာတုန်း ငွေတွေပါတဲ့ အထုပ်တစ်ထုပ်နဲ့ ပညာဉာဏ်တွေအပြည့်ပါတဲ့ အထုပ်တစ်ထုပ်တွေ့တယ်ဆိုပါတော့၊ တစ်ထုပ်ပဲ ရွေးရမယ်ဆိုရင် ဘယ်အထုပ်ကို ယူမလဲ"**

ဂန္ဒီက "**ငွေတွေပါတဲ့အထုပ်ကို ရွေးမယ်**"

ပါမောက္ခက "**မင်းတော်တော်ဆိုးတာဘဲ၊ ငါသာဆိုရင် ပညာဉာဏ်တွေအပြည့်ပါတဲ့ အထုပ်ကိုရွေးမယ်**"

ထိုအခါ ဂန္ဒီက "**မှန်ပါတယ်။ လူတွေက ကိုယ့်မှာမရှိတာကို လိုချင်ကြတာဘဲ မဟုတ်လား**"။ ဤတစ်ချီတွင်လည်း ပါမောက္ခပီ(လ်)ဆင်တစ်ယောက် ဂန္ဒီကို နိမ်ပြောသည်မှာ မအောင်မြင်၊ သူ့ရှုံးသူ့ပတ်သွားသည်။

သည်လိုနှင့် နောက်တစ်ကြိမ် စာမေးပွဲတွင် ဂန္ဒီ၏အဖြေလွှာပေါ်တွင် နိုင်ထက်စီးနင်း "ဝက်"ဟုရေးပြီး ဂန္ဒီကိုပြန်ပေးလိုက်သည်။ ဂန္ဒီက ရုတ်တရက် ဘာမှ မပြောသေး။ စိတ်အေးအေးထားလိုက်ပြီးမှ သတိထားတုံ့ပြန်လိုက်သည်။

"ပါမောက္ခ ဝီ(လ်)ဆင်၊ ကျွန်တော်ရဲ့ အဖြေလွှာပေါ်မှာ ခင်ဗျားရဲ့ လက်မှတ်ပဲ ထိုးထားပြီး အမှတ်ပေးဖို့တော့ မေ့သွားတယ်ထင်တယ်" ဤတစ်ကြိမ်မှာလည်း ဝီ(လ်)ဆင်မှာ မအောင်မြင်နိုင်ခဲ့ပေ။

မိမိအား ချိုးနှိမ်ပြီး ဆက်ဆံခဲ့သူကို ပညာရှိပီသစွာ တုံ့ပြန်အနိုင်ယူနိုင်ခဲ့သော ကမ္ဘာ့ခေါင်းဆောင်ကြီးဂန္ဒီ၏ သတိ၊ဉာဏ်ပညာမှာ ချီးကျူးလေးစားအတုယူဖွယ်ဖြစ်သည်။ ။

***Ref: wili***

# ကုသိုလ်ပြုနေလျက်အဆိုးလောကဓံနှင့်ဆုံသော်

ကုသိုလ်ရဲ့ အကျိုးကလည်း ရုတ်တရက်ချက်ချင်းကြီးမပေးသေးဘူး။ ရင့်ကျက်မှ အကျိုးပေးတဲ့ကံဆိုတာရှိတယ်။ တစ်ချို့ ကုသိုလ်ပေါ်မှာ မယုံမကြည် ဖြစ်လာတတ်တာက '**ငါတို့ကုသိုလ်တွေ လုပ်နေလျက်နဲ့ ကောင်းကျိုးပေးတယ်ဆိုပြီး ဘယ်မှာလဲ၊ မပေးပါလား။ တော်ပြီ၊ မလုပ်တော့ဘူး။ ပင်ပန်းရုံပဲရှိတယ်။ ဘာမှလည်းအကျိုးမပေးဘဲနဲ့ ဘာလုပ်ရမှာလဲ**'လို့ မယုံမကြည်ဘဲ လက်လျှော့လိုက်တတ်တယ်။ ကုသိုလ်မလုပ်ဘဲ နေရုံမကဘဲ အကုသိုလ်ဘက်ပါသွားတယ်။ ဒီလိုဆိုရင်တော့ မိမိတို့ရှုံးပြီ။

ကံရဲ့သဘာဝက အကျိုးပေးချိန်တန်မှ၊ အကြောင်းညီညွတ်မှ စုံမှ အကျိုးပေးတာ။ အဲဒါကို ကိုယ်ကမသိတဲ့ အခါကျတော့ ကုသိုလ်ပေါ်မှာလည်း မယုံမကြည်ဖြစ်ပြီး စွန့်ပယ်တတ်တယ်။ အကုသိုလ်ပေါ်မှာလည်း ရဲရဲတင်းတင်းပြုရဲသွားတက်တယ်။ အဲဒါဆို မှားပြီ။ အဲဒါ သဘောပေါက်ရဲ့လား။

**-ဓမ္မဒူတ အရှင်ပညာဓောတ ဆရာတော်ကြီး။**

## ယောကျ်ားလေးများအတွက်သီးသန့်

### အိမ်ထောင်ဖက်အဖြစ် မရွေးချယ်သင့်သောမိန်းမများ

(၁) ရတနာသုံးပါး အလေးမထား ပေါ့ပျက်ပျက်နေတတ်သောမိန်းမ။
(၂) အင်္ကျီလည်ဟိုက် sexy ကြိုက်၊ ယောကျ်ားများရှေ့ ကုန်းကုန်းကွကွ လုပ်တတ်သော မိန်းမ။
(၃) ဘောင်းဘီချက်ပြုတ် စတိုင်လ်ထုတ် ဖင်မှီးကုတ်ရိုးပေါ်အောင် ဝတ်ထားသော မိန်းမ။
(၄) အင်္ကျီပါးပါး တမင်ဝတ်ထား အတွင်းသားတွေကို ပြချင်သော မိန်းမ။
(၅) စကတ်တိုလက်တအုပ် အရှက်ထုပ် မလုံ့တလုံပေါ်အောင် ဝတ်တတ်သော မိန်းမ။
(၆) ခေတ်ကိုတင်စား ရင်သားနဲ့ တင်ပါးမှာ Tattooe ထိုးထားသော မိန်းမ။
(၇) နောက်ကြောပြောင် ချောအမှောင်တောမှာ က,ချင် လှုပ်ချင်(Dance)ချင်တဲ့ မိန်းမ။
(၈) ဘောင်းဘီအသားကပ် အနေမတတ်၊ခြေထောက်ကိုကားထိုင်သောမိန်းမ။
(၉) ယောကျ်ားတွေ့မြင် အကွက်ဆင် ချွဲပျစ်ပျစ်ပြောတတ်သော မိန်းမ။
(၁၀) မျက်နှာတစ်ပြင်လုံး ရှုဒိုးသုံး မြင်မကောင်းအောင် မျက်တောင်တုတွေ တပ်ထားသော မိန်းမ။
(၁၁) သွားမှာ စိန်မြှုပ်၊ရယ်စရာမဟုတ်ရယ်စရာလုပ်၊သွားတဖြီးဖြီးရယ်ပြနေသော မိန်းမ။
(၁၂) လူစုံလျှင် ဂျင်းသုပ်သုပ်၊ အတင်းတလှုပ်လှုပ်ပြောတတ်သော မိန်းမ။
(၁၃) အလုပ်နားရက် ထမင်းမချက် အပျင်းထူပြီး တစ်နေကုန်အိပ်သောမိန်းမ။
(၁၄) ဝင်ငွေရရေး လက်မနှေး ဦးနှောက်မရှိတိုင်း ဗေဒင်မေး၊ချဲထိုးသောမိန်းမ။
(၁၅) လမ်းသွားလျှင် မျက်စိရှင် စမတ်ကျသော ယောကျ်ားတိုင်းကို ပြုံးပြသော မိန်းမ။
(၁၆) အပြောပက်စက် လက်ကသွက် တို့ဆိတ်လိမ်ဆွဲ အီပြောတတ်သော မိန်းမ။
(၁၇) အချစ်ကိုရောင်း ပိုက်ဆံတောင်း လိုချင်တာကို ချူယူတတ်သောမိန်းမ။
(၁၈) အိမ်မှာကြွက်သိုက် အပြင်မှာ ခပ်မိုက်မိုက် ဝတ်စားတတ်သော မိန်းမ။
(၁၉) အတုနဲ့အစစ်ရောလို့ဝတ် လူမြင်တိုင်း အမိအရကြွားတတ်သော မိန်းမ။
(၂၀) ပြည်ပမှာ စာသင် ငါသခင်ဟု ပညာဂုဏ်မောက်နေသော မိန်းမ။

(၂၁) နိုင်ငံခြားပြန် အခွံသာကျန် အပျိုရည်ပျက်နေသော မိန်းမ။

(၂၂) ရည်းစားရှိလည်း နံ့ကြောဆွဲ ကိုယ့်ထက်သာလျှင် မျက်စောင်းတစ်ချက် ထိုးပစ်လိုက်သော မိန်းမ။

(၂၃) ရင်ဖုံးအင်္ကျီ ချိတ်လုံချည်နဲ့ ဘုရားကအပြန် ကားအမှန်တွေနဲ့ ပါပါသွားတတ်တဲ့ မိန်းမ။

(၂၄) အရှက်ကနည်း ရပ်ကွက်ထဲ လူတကာ အော့ကြောလန်အောင် နွတ်ကြမ်းသော မိန်းမ။

(၂၅) ကိုယ့်ထက်သာလျှင် အပြစ်မြင် မနာလိုစိတ်ထားရှိသော မိန်းမ။

(၂၆) Rapper ဆိုရင် အသေကြိုက် အဖေရိုက်လည်း ရိုက်ပစေဆိုတဲ့ ဆတ်စလူးစိန် မိန်းမ။

(၂၇) အလုပ်ပြီးလျှင် Net ဆိုင်ဝင်လူတကာနဲ့ အရသာခံ Q Q လုပ်တတ်သော မိန်းမ။

(၂၈) အဖော်နောက်လိုက် အပျော်ကြိုက် လမ်းသလားသော မိန်းမ။


(၂၉) ကိုးရီးယားဆို အထင်ကြီး ရှေ့ပ်သီးစပ်ရင်တောင် အိုပါးလို့ အော်တတ်တဲ့ မိန်းမ။

(၃၀) ညအိပ်ရာဝင် ရေမချိုးချင် ညစ်ပတ်နံစော်နေသော မိန်းမ။

**မကောင်းသော အမူအကျင့်များကို ရှောင်ရှားပြီး**
**အကျင့်ကောင်းများကို ကျင့်ကြံနေထိုင်တတ်စေရန် ရည်ရွယ်ပါသည်။**

*Credit to Original Writer*

***(မူရင်းရေးသူကို သိပါက ညွှန်ပေးနိုင်ကြပါသည်။)***



# ဖခင်မေတ္တာ



မနေ့ ကျွန်တော် ဖတ်ရတဲ့ အကြိုက်ဆုံး စာတစ်ပုဒ်ပါ။ ဖော်မပြထားတဲ့ ပုံလေးက တော့ သားသမီးတွေနဲ့အတူ မိသားစုကို မြင်ယောင်ရင်းနဲ့ ငွေတစ်ခုအတွက် မာန တွေကို ဖယ်ထားပြီးသူများ ဖိနပ်ကိုတောင် လျှာနဲ့ကုန်းယက်ပေးနေတဲ့ပုံပါ။

အားလုံးပဲ ပြီးဆုံးသည်အထိ ဖတ်ကြည့်နိုင်ကြပါစေလို့ ဆုတောင်းရင်း....

**ဖခင်မေတ္တာ**

ဖခင်ဖြစ်တဲ့ အမျိုးသားအများစုဟာလုပ်ငန်းခွင်မှာဆိုသားသမီးတွေအတွက် ဒေါသတွေ၊ မာနတွေကို မကြာခဏ မျိုချတတ်ရပါတယ်။ အမျိုးသားတွေပီပီ သူတို့ကြိုက်တတ်တဲ့ အကြိုက်တွေကို လျှော့ချရပါတယ်။

စကားမစပ် ပြောရရင် နှစ်ပေါင်းများစွာ စွဲသောက်လာတဲ့ ဆေးလိပ်ကို ရောဂါကြောင့်မဟုတ်ဘဲ ဒီအတိုင်း တီခနဲဖြတ်ဖို့ဆိုတာဟာ အရမ်းခက်တယ် ဆိုတာ တော်တော်များများသိမှာပါ။

ဒါပေမဲ့ ကျွန်တော် အဝေးမှာ အလုပ်လုပ်တုန်းက အဲ့ဒီနိုင်ငံသား သူငယ် ချင်းဟာ သူ့ရဲ့ ၄ယောက်မြောက်သမီးလေးကို သူ့ဇနီးက မွေးလိုက်တဲ့အချိန်မှာ တီခနဲ ဖြတ်လိုက်တာမြင်ဖူးတယ်။

သူက စက်ရုံမှာဆို ကင်တင်းဆင်းပြီး ကျွန်တော်နဲ့အတူတူ ဆေးလိပ် ထွက်သောက်နေကျ၊ ကျွန်တော်နဲ့ဌာနတူမို့ အရင်က တစ်နေ့ကို တစ်ဘူးနီးပါး သောက်တတ်တဲ့သူ့ကို ဘာဖြစ်လို့လဲလို့ တအံ့တဩမေးမိတော့....

**“ဆေးလိပ်တစ်ဗူး ၁၀။ တစ်လသုံးရာ။ ငါအကုန် မခံနိုင်တော့ဘူး။ လစာက မတိုးပေမယ့် သမီးလေးတစ်ယောက် ငါ့လောကထဲကို ထပ်ရောက် လာပြီ။ သူ့အတွက်စားရိတ်ကို ငါစီးကရက်မသောက်တော့ဘဲ စုထားရ တော့မယ်”**လို့ ပြန်ပြောခဲ့ဖူးပါတယ်။ နောက်ဆေးလိပ်သောက်တဲ့ ကျွန်တော် တို့နားမှာနေရင် ဆေးလိပ်ပြန်သောက်ချင်မှာစိုးလို့ဆိုပြီး ထမင်းစားချိန်တွေမှာဆို စားပြီးရင် ကျွန်တော်တို့နဲ့ဝေးရာ ခုံလေးတစ်ခုံမှာ တစ်ကျပ် တန်ပီကေ

လေးကိုမြို့ရင်း သူတစ်ယောက်တည်း ကြိုးစားနေပါတယ်။

နောက်ကျတော့လည်း သားသမီးကိုချစ်စိတ်က ဆေးလိပ်သောက်ချင်စိတ်ကို အောင်နိုင်သွားစေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်မနေနိုင်မထိုင်နိုင် တွေးမိပါသေးတယ်။ ဆေးလိပ်ဖြတ်စက သူဘယ်လောက်တောင် စိတ်ဆင်းရဲခဲ့ရမလဲ လို့ပါပဲ။

* * *

နောက်တစ်ယောက်ကျတော့လည်း အသက်လေးဆယ်ကျော် ငါးဆယ် နားနီးနေတဲ့ ဦးလေးတစ်ယောက်ပါ။ သူက ရောဝတီတိုင်းက။ ဒါပေမယ့် ပတ်စပို့စာအုပ်ထဲမှာ အသက်လိမ်ပြီး အလုပ်လာလုပ်တာပါ။

စကားလည်း သိပ်မပြောတတ်တော့ သူ့ဌာနမှာ နိုင်ငံခြားသားတွေကြား ခဏခဏ အလှောင်ခံရပါတယ်။ ဒါပေမဲ့ သူသိပ်သည်းခံတယ်။ ထမင်းစားရင်လည်း စက်ရုံကပေးတဲ့ ထမင်းဗိုးနဲ့ ကင်တင်းန်မှာရောင်းတဲ့ ထမင်းကို ဘယ်တော့မှ ဝယ်မစားပါဘူး။ သက်သာအောင်ဆိုပြီး တစ်ကျပ်ဖိုး လေးလုံးလောက်ရတဲ့ ကြက်ဥကို တစ်နေ့တစ်လုံးပြုတ်။ နောက် အဲ့ဒီကြက်ဥပြုတ်လေးတစ်လုံးကို ထမင်းဆီဆမ်းလေးနဲ့ ကော်ထမင်းဘူးထဲ သူ့အဆောင်ကနေထည့်လာပြီး ၃ နှစ်လုံးလုံး ကျွန်တော်နဲ့ကြုံတိုင်း ကျွန်တော့်ရှေ့မှာ အဲ့ဒီလို စားသွားသူပါ။ ကျွန်တော်က ကြုံတိုင်း မနေနိုင်လို့ သူ့ကို ကျွန်တော့်ပန်းကန်ထဲကဟင်းတွေ ထည့်ပေးရင်းတောင်မှ သူက "**မထည့်ပေးပါနဲ့ဗျာ။ တစ်ခါစားရရင် နောက် စားချင်လာလိမ့်မယ်။ အဲ့ဒီအခါ ကျွန်တော်ပိုက်ဆံ အဝိုကုန်လိမ့်မယ်။ ကျွန်တော့်သမီးလေးက ဆယ်တန်းအောင်ထားပြီဗျ။ အမှတ်လည်း နည်းနည်း ကောင်းတယ်။ ကျွန်တော်တစ်ယောက်လုံးရှိရဲ့နဲ့ သမီးလေးကို သူများ အထောက်အပံ့နဲ့ မျက်နှာငယ်ခံပြီး ကျောင်းမတက်စေချင်ဘူး။ သူ့ကျောင်း စရိတ်အတွက် ကျွန်တော်ကြိုးစားရမှ ဖြစ်မှာ။ အသက်ကလည်း နည်းနည်း ထောက်လာပြီဆိုတော့ ဒီမှာလည်း ကြာကြာ မလုပ်နိုင်ဘူးလေ။ သုံးနှစ်တည်း ကျွန်တော်ဒီလိုစားမှာပါ။ ကြက်ဥပြုတ်၊ ကြက်ဥကြော်၊ ကန်စွန်း ရွက်ကြော်၊ ပဲပင်ပေါက်ကြော်ပေါ့။ ဒါပေမဲ့ မြန်မာပြည်ပြန်ရောက်ရင်တော့ မိန်းမချက် ကျွေးတာကို ကောင်းကောင်းစားပါ့မယ်ဗျာ**"လို့ ဟာသလေးနဲ့ ပြောသွားတာ ကြုံခဲ့ဖူးပါသေးတယ်။ တကယ်ပါပဲ။

ပြောရမယ်ဆိုရင် ဖခင်တော်တော်များများဟာ သူတို့အပြင်မှာ နစ်နာခဲ့ ဆုံးရှုံးခဲ့၊ စော်ကားခံခဲ့၊ စွန့်လွှတ်ခဲ့ရတာတွေကို သားသမီးတွေမသိအောင်

သို့ဝှက်ခံစားတတ်ကြတဲ့ထူးဆန်းတဲ့လူမျိုးတွေပါပဲ။ ပေးဆပ်ကြတာတွေကိုလည်း သိပ်ထုတ်မပြောချင်တတ်ကြပါဘူး။

လှမြင့်အောင် သနားစဖွယ် မျက်ရည်မကျပေမယ့်၊ သူသိရှင်ကြား ဝေဒနာတွေကို ကြေညာခွင့်မရကြပေမယ့် စွဲလမ်းမှုတွေကို တိတ်တဆိတ်ကြိတ်ပြီး စွန့်လွှတ်လိုက်ရလို့ ရှုးသွပ်ချင်လောက်တဲ့ ခါးသီးစရာ အတွေ့အကြုံတွေ၊ နာကျင်ဖွယ်ခံစားချက်တွေ...စတာတွေနဲ့ တရိရိအထပ်ထပ်မွှန်းခံသလို သူတို့ရဲ့ နှလုံးသားတစ်ခုလုံး ရစရာတောင်ရှိရဲ့လားလို့တောင် တစ်ခါတစ်ခါ ဖခင်တစ်ယောက် မဖြစ်သေးတဲ့ကျွန်တော် တွေးကြည့်မိပါတယ်။ ဒါပေမဲ့ သူတို့ သားသမီးတွေ အဆင်ပြေအောင်မြင်ပျော်ရွှင်ပြီး ဝဝလင်လင်စားရ၊ လှလှပပ ဝတ်ရတဲ့အခါဖြစ်လာတဲ့ ပီတိစိတ်က ဓားဓားကဒဏ်ရာတွေကို ပြန်ကုစားသွားသလားရယ်လို့ အခြားတစ်ဖက်က စဉ်းစားမိရပါသေးတယ်။

**ကျန်းမာရေးနဲ့မညီညွတ်တဲ့ လုပ်ငန်းခွင်မှာ သားသမီးတွေ စားဝတ်နေရေး၊ ပညာရေး စတာတွေကြောင့် အလုပ်တွေလုပ်ရင်း စောစီးစွာ ကြွေလွင့်သွားရတဲ့ ဖခင်တွေလည်း လောကကြီးထဲမှာ မရေတွက်နိုင်လောက်အောင် ခုနဲ့ဒေးနေမှပါပဲ။**

ဘာပဲဖြစ်ဖြစ်ပါ။ ထူးဆန်းတဲ့ လူသားတွေလို ကျွန်တော်မြင်မိတွေးမိတဲ့ အလွှာအသီးသီး၊ လုပ်ငန်းခွင်အမျိုးမျိုးက ဖခင်စစ်စစ်တွေဟာ အရင်ကလည်း ရှိခဲ့တယ်။ အခုလည်းရှိနေခဲ့တယ်။နောက်လည်း ရှိနေခဲ့လိမ့်ဦးမယ်လို့ကျွန်တော့် ရင်ထဲ ယုံကြည်ရင်းနဲ့ . . .

– ဇော်လင်းညို။

## ဂုဏ်တက်ဖို့ "တစ်သက်" ဂုဏ်ပျက်ဖို့ "တစ်ရက်"

လူတစ်ယောက် နာမည်ကောင်းလေးတစ်ခုရဖို့ဆိုတာ တော်တော်နဲ့ မလွယ်ကူဘူး။
အချိန်တွေယူပြီးတော့ စေတနာကောင်းလေးတွေနဲ့ အရင်းအနှီး အများကြီးစိုက်ထုတ်ပြီး ကြိုးစားနိုင်မှရတာ။
အကောင်းဂုဏ်ဆိုတာ ဖြည်းဖြည်းလေးသာ လာတယ်။

–ယောဆရာတော်ဘုရားကြီး။

# ကလေးလေးရဲ့ စိတ်ဒဏ်ရာနဲ့မျက်ရည်

## ကလေးကိုရိုက်နှက်ခြင်းရဲ့ အကျိုးဆက်များ

ကျွန်မတို့ ပတ်ဝန်းကျင်မှာ အမြဲတွေ့ရတာကတော့ ကလေးက နည်းနည်း အပြစ်လုပ်တာနဲ့ ပြောဖို့ထက် လက်နဲ့ပဲဖြစ်ဖြစ်၊ တုတ်နဲ့ပဲဖြစ်ဖြစ် ဆွဲရိုက်တော့တာပါပဲ။ တစ်ချို့ကိစ္စတွေက နားလည်အောင်ရှင်းပြတာနဲ့ ရပါတယ်။ ရိုက်မှ ရင်ထဲစွဲပြီး မှတ်မိတာမဟုတ်ပါ။ ရိုက်လိုက်မှပဲ ကလေးရဲ့ ရွှတ်တဲ့စိတ်ကို နိုးကြားလာအောင် လုပ်လိုက်တာနဲ့အတူတူပဲ။ ပြီးတော့ ကလေးကို ရိုက်လိုက်လို့ ကြောက်သွားတာ မဟုတ်ပါဘူး။ ကလေးက တုတ်ကို ကြောက်တာပဲရှိတာပါ။ လူကို မကြောက်တတ်တော့ပါဘူး။ ရိုက်လိုက်တဲ့အတွက် ကလေးနဲ့မိဘကြားမှာ ဆိုးကျိုးတွေ အများကြီးရှိလာနိုင်ပါတယ်။

ကျွန်မဆိုလိုတာက ကလေးကို သွန်သင်ဆုံးမလို့ မရဘူးလို့ ပြောတာ မဟုတ်ပါဘူး။ ကလေးတွေကို ရိုက်လို့တော့ ရပါတယ်။ ဒါပေမယ့် ဒေါသတကြီး ဆွဲရိုက်တာမျိုး မဟုတ်ဘဲနဲ့ ဘာလုပ်လို့ရိုက်တယ်၊ ဘာကြောင့် အရိုက်ခံရတယ် ဆိုပြီး နားလည်အောင်ပြောစေချင်တာပါ။ ဒေါသကြောင့်ရိုက်ရင် ကလေးကပိုလေ ဒေါသကပိုထွက်လေ ပိုရိုက်လေဖြစ်ပြီး ကလေးက ကိုယ်ဘာကြောင့် အရိုက်ခံရ တယ်ဆိုတာကို မသိတော့ဘဲ နာတာကိုပဲသိပြီး ဆိုးကျိုးတွေ ဖြစ်လာနိုင်လို့ပါ။

ကလေးတွေကို လေ့ထုံးစံတွေနဲ့ လိုက်လျောညီထွေနေတတ်အောင်၊ အမူအကျင့်ကောင်းတွေနဲ့ကြီးပြင်းအောင်၊ ဘယ်လိုလုပ်ရင် အန္တရာယ်ရှိတယ်၊ ဘယ်လိုလုပ်ရင် အန္တရာယ်မရှိဘူးဆိုတာ သိအောင်၊ လိုချင်တာကို နိုးယူတာမျိုးမဟုတ်ဘဲ တောင်းယူတတ်အောင်၊ လူကြီးမိဘတွေကို ရိုသေတတ်အောင် သေချာရှင်းပြ ပြောဆိုတတ်ဖို့လိုပါတယ်။ အဲလိုမှ မဟုတ်ဘဲ ကိုယ့်စိတ်ထဲ မတွေ့တာနဲ့ ကလေးကို နင်ဒီလို လုပ်ရကောင်းလားဆိုပြီး ဆွဲမရိုက်သင့်ပါဘူး။ **ဘာလို့ဆို ကိုယ်က မသင်ပြထားရင် ကလေးက မသိနိုင်တာမို့ ကလေးရဲ့ အပြစ်မဟုတ်ဘူးဆိုတာ သိထားဖို့လိုပါတယ်**။

ကလေးတွေဆိုတာ လောကအသစ်ကို စတင်ဝင်ရောက်ပြီး စူးစမ်း လေ့လာနေကြပြီး သူတို့ရဲ့ ဦးနှောက်ဉာဏ်မီသလောက်ကို သူတို့လုပ်ချင်တာကို စမ်းသပ်လုပ်ကြည့်နေကြတာ။ အဲဒါကို ကိုယ့်က သူတို့မှားရင်တောင် အမှားထဲက သင်ခန်းစာယူတတ်အောင် ရှင်းပြသင်ကြားပေးမှ မှန်မှာလေ။ **အဲလိုမဟုတ်ဘဲ**

**ရိုက်လိုက်မယ်ဆိုရင် ကလေးက ကိုယ့်ကို ရွံ့ကြောက်ကြီးကြောက်သွားနိုင်သလို ကလေးရဲ့ ဉာဏ်ရည်ကိုလဲ တုံးအောင်လုပ်လိုက်သလိုဖြစ်သွားပါလိမ့်မယ်။**

ရိုက်နှက်ခြင်းရဲ့ အကျိုးဆက်တွေအနေနဲ့ မိဘနဲ့သားသမီးကြား ချစ်ခင်လေးစားခြင်းတွေ၊ မိဘအလိုကျ လုပ်ပေးချင်တဲ့စိတ်လေးတွေပျောက်ပြီး ရွံ့ကြောက်ကြီးကြောက်ပြီး ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်လာတတ်ပါတယ်။ ကလေးဟာ သူများကိုလဲ ရိုက်နှက်လိုက်ဖို့ ဝန်မလေးတော့ပါဘူး။ ကိုယ်ရိုက်ခံရသလို သူများကိုလဲ ရိုက်ချင်တဲ့စိတ်လေးတွေ ကိန်းအောင်းလာတတ်ကာ သူငယ်ချင်းတွေကြားမှာ အဆင်မပြေဖြစ်လာတတ်ပြီး ပေါင်းသင်းဆက်ဆံရေးညံ့လာတတ်ပါတယ်။ ပြီးတော့ ခလေးရဲ့စိတ်ဟာ မထုံတတ်သေးဖြစ်လာပြီး ပြန်မပြောနားမထောင်ဖြစ်လာတတ်ပြီး ကောင်းတဲ့စိတ်ကလေးတွေ မရှိတော့ဘဲ အစွမ်းအစတွေ ပျောက်ကွယ်လာကာ ဆိုးတဲ့လမ်းကြောင်းကို ဦးတည်သွားတတ်ပါတယ်။

**ကလေးကို မရိုက်ဘဲ နားလည်အောင်ပြောပြီး လိုအပ်မှ ဆုံးမတာက အကောင်းဆုံးပါ။** ခလေးကို နားလည်အောင် အမှားအမှန်ရှင်းပြပြီး ဒါက ဘယ်လုပ်သင့်တယ်။ ဒီလိုလုပ်တာတော့ မကောင်းဘူး။ နောက်လုပ်ရင်တော့ မေမေတို့က ဒဏ်ပေးမှာနော်။ သမီးက လိမ္မာရဲ့သားနဲ့။ မဟုတ်ဘူးလားဆိုတာမျိုးပြောမယ်ဆိုရင် မိဘနဲ့သားသမီးကြားက ပြဿနာလျော့နည်းသွားမှာပါ။ **ကလေးကို ရှင်းပြလိုက်တဲ့အတွက် ရိုက်နှက်လို့ ရသွားမယ့် စိတ်ဒဏ်ရာထက် ကိုယ်ရှင်းပြတာကို ခေါင်းထဲမှာ မှတ်မိသွားမယ်ဆိုရင် ခလေးရဲ့ ဉာဏ်ရည်ဟာ ပိုပြီးဖွံ့ဖြိုးလာမှာပါ။ ပြီးတော့ လိမ္မာယဉ်ကျေး ဉာဏ်ရည်ထက်မြက်တဲ့အပြင် မိဘစကားကို နားထောင်တတ်တဲ့ သားသမီးတွေကို ပိုင်ဆိုင်ရပါလိမ့်မယ်။**

ခလေးရဲ့စိတ်ကို ခံစားနားလည်နိုင်ပါစေ...

- *Rese White*(၅-၄-၂၀၁၇)

## ကိုယ်အသိဆုံး

ကိုယ်ကောင်းတယ် ကိုယ်မကောင်းဘူးဆိုတာ ကိုယ်အသိဆုံးပါ။
ကောင်းတယ်ဆိုရင် ဝမ်းသာပါတယ်၊
မကောင်းဘူးဆိုရင် ကောင်းအောင်ပြင်ဖို့ရာ ဝန်မလေးပါနဲ့။

**-ချမ်းအေးဆရာတော်။**

**မိဘတွေဖတ်ဖို့**

* ကလေးတွေကို ဘာတွေးရမယ်ဆိုတာထက် ဘယ်လို တွေးသင့်တယ်ဆိုတာကိုသာ သင်ပေးပါ။
* ကလေးတွေကို ငွေအများကြီးပေးလိုက်တာထက် ငွေရဲ့အသုံးဝင်ပုံနဲ့တန်ဖိုးကိုသာ သင်ပေးပါ။
* ကလေးတွေကို မုန့်ဖိုးအများကြီးပေးလိုက်တာထက် အရာဝတ္ထုတွေရဲ့ တန်ဖိုးကိုသာ သင်ပေးပါ။
* ကလေးတွေကိုအမှားတစ်ခုလုပ်မိတဲ့အခါ ရိုက်နှက်ဆုံးမတာထက် အဲ့ဒီအမှားရဲ့ နောက်ဆက်တွဲ အကျိုးတွေကို သေချာရှင်းပြပေးပါ။
* ကလေးတွေကို မျက်ရည် မကျပါစေနဲ့ သဘာဝတရားရဲ့ လှပမှုကို ချစ်တတ်အောင်သာ သင်ပေးပါ။
* ကလေးတွေကို ကလဲ့စားချေခြင်းနဲ့အမုန်းတရားတွေထက် ခွင့်လွှတ်သည်းခံခြင်းနဲ့ချစ်ခြင်းမေတ္တာကိုသာသင်ပေးပါ။
* ကလေးတွေကို အတန်းပညာတွေထက် အသိပညာနဲ့ဆင်ခြင်တုံတရားကို သင်ပေးပါ။
* ကလေးတွေကို အဆင်ပြေချောမွေ့ခြင်းတွေချည်းပဲ မပေးပါနဲ့၊ လောကဓံရဲ့ ခက်ထန်ကြမ်းတမ်းမှုကိုနားလည်အောင် ထိတွေ့ပေးပါ။
* ကလေးတွေကို သူတို့အလို လိုက်ခြင်းထက် သူတို့လိုချင်တာဟာ တန်ဖိုးရှိမရှိဆိုတာကိုသာ သင်ပေးပါ။
* "ပျော့ညံ့တယ်ဆိုတာ အရှုံးပေးလိုက်တာမဟုတ်ပါဘူး၊ လိုချင်တဲ့အရာကို ပုံသွင်းယူခြင်းတစ်မျိုးပါပဲ"

ကလေးတွေကို ချစ်တယ်ဆိုပြီး မနှစ်ပစ်လိုက်ပါနဲ့။
တစ်ခါတစ်ခါ မိဘတွေရဲ့ ရူးရူးမိုက်မိုက်အချစ်ကြောင့် ပေါ့ပေါ့နေ ပေါ့ပေါ့စား"နစ်"သွားရတဲ့ကလေးတွေ အများကြီးရှိပါတယ်။

-*Credit to* သက်ထက်ချို

## မိမိတို့ရဲ့ကလေးတွေကို ငါးသုံးကောင်အကြောင်းပြောပြပေးပါ

### (၁) Chum salmon ငါး

Chum salmon ငါးအမဟာ ဥ-ဥပြီတာနဲ့ ဥရဲ့မလှမ်းမကမ်းမှာ စောင့်နေခဲ့တယ်။ ဥကပေါက်လာတဲ့ ငါးကလေးတွေဟာ အစာမရှာတတ်သေးတော့ မိခင်ရဲ့ အသားကိုပဲ စားရတော့တယ်။ Chum salmon အမဟာ ငါးကလေးတွေကိုက်တဲ့ဒဏ်ကို အံကြိတ်ပြီးခံခဲ့ပါတယ်။ ငါးကလေးတွေကြီးပြင်းလာချိန်မှာ ငါးအမဟာ အစားခံရလို့ အရိုးပဲကျန်ခဲ့တော့တယ်။ Chum salmon ငါးအမဟာ လောကမှာအမြင့်မြတ်ဆုံးဖြစ်တဲ့မိခင်မေတ္တာကို အသံတိတ်ပေးဆပ်နေခဲ့ပါတယ်။ Chum salmon ငါးက မိခင်မေတ္တာပြည့်ဝတဲ့ ငါးတစ်မျိုးဖြစ်ပါတယ်။

### (၂) Northern snakehead

ဒီငါးမျိုးက ဥ-ဥပြီးတာနဲ့ မျက်စိနှစ်လုံးအလင်းကွယ်သွားတယ်လို့ ဆိုပါတယ်။ ငါးဟာ မျက်စိမမြင်တော့ အစာမရှာနိုင်လို့ ဆာလောင်တဲ့ဒဏ်ကို ခံရပါတယ်။ ဥကပေါက်လာတဲ့ ငါးပေါက်ထောင်သောင်းများစွာဟာ မိခင်အစာငတ်သေသွားမှာကို မကြည့်ရက်လို့ တစ်ကောင်ချင်းစီ မိခင်ရဲ့ပါးစပ်ထဲကူးခတ်ဝင်ရောက်ပြီး မိခင်ကို အာဟာရဖြည့်ပေးကြပါတယ်။ မိခင်က အသက်ရှင်ကျန်ရစ်ခဲ့ပေမယ့် ငါးကလေးတွေရဲ့အသက်ရှင်နှုန်းက ၁၀-ပုံပုံ ၁-ပုံပဲရှိခဲ့ပါတယ်။ မိခင်အတွက် သူတို့ဟာ ငယ်ရွယ်တဲ့အသက်ကို စတေးခဲ့ကြပါတယ်။ Northern snakehead ငါးက မိဘကို ရိုသေကိုင်းရှိုင်းတဲ့ငါးဖြစ်ပါတယ်။

### (၃) ဆော်လမွန်ငါး

နှစ်စဉ်နှစ်တိုင်းဥ-ဥတဲ့ရာသီရောက်တိုင်း ဆော်လမွန်ငါးတို့ဟာ ခရီးမိုင်ထောင်ပေါင်းများစွာကို ဖြတ်သန်းပြီး ပင်လယ်ပြင်ကနေ ကုန်းတွင်းပိုင်းမှာရှိတဲ့ သူတို့ရဲ့ မွေးရပ်မြေ မြစ်ချောင်းဆီအရောက်ပြန်ကြပါတယ်။ ဆော်လမွန်ငါးတို့ရဲ့ အပြန်လမ်းဟာ ခက်ခဲကြမ်းတမ်းလွန်းလှတာကို CCTV ရုပ်မြင်သံကြားရဲ့ တိရစ္ဆာန်ကမ္ဘာအစီအစဉ်မှာ ရိုက်ကူးတင်ဆက်ခဲ့ဖူးပါတယ်။ အိမ်အပြန်လမ်းမှာ ရေတံခွန်တွေကို ဆန်တက်ရပါတယ်။ ရေတံခွန်ဘေးမှာက ဝက်ဝံတွေ အုပ်စုလိုက်စောင့်နေကြပါတယ်။ ရေတံခွန်ကို မဆန်တတ်နိုင်တဲ့ ဆောင်လမွန်ငါးတွေဟာ ဝက်ဝံညီတွေရဲ့အစာဖြစ်ရပါတယ်။ ရေတံခွန်ကိုဖြတ်ကျော်နိုင်တဲ့ ငါးတွေက လက်ပန်းကျနေခဲ့ပေမယ့် လင်းယုန်ငှက်တွေရဲ့ ဖမ်းဆီးတာကို ရင်ဆိုင်ရပါသေးတယ်။


- ကံကောင်းတဲ့ငါးလောက်ပဲ ဖမ်းဆီးသတ်ဖြတ်တာကို ရှောင်နိုင်ခဲ့ပါတယ်။ သို့လျောင်ထားတဲ့ အင်အားနဲ့အဆီတွေကုန်ခမ်းသွားမှ ဆော်လမွန်ငါးတွေဟာ ကိုယ့်နေရပ်ဆီ ပြန်ရောက်ကြပြီး သူတို့တစ်သက်မှာ အရေးပါဆုံးဖြစ်တဲ့ မိတ်လိုက်၊ ဥ-ဥတဲ့ကိစ္စကို လုပ်ဆောင်ကြပါတယ်။ အဲဒီနောက် သူတို့မွေးရပ်ဌာနေမှာပဲ အေးအေးချမ်းချမ်း သေဆုံးသွားကြပါတယ်။ နောက်တစ်နှစ် နွေဦးရာသီမှာ ဆော်လမွန်ငါးလောင်းလေးတွေ ပေါက်ဖွားလာကြပါတယ်။ အဲဒီနောက် မြစ်ချောင်းတစ်လျှောက် စီးမျောလိုက်ပါပြီး သူတို့ရဲ့ရှေ့မျိုးဆက်အတိုင်း ခက်ခဲကြမ်းတမ်းတဲ့ဘဝလမ်းကို စတင်ကြပါတယ်။ ဆော်လမွန်ငါးဟာ မွေးရပ်ဇာတိကို မြတ်နိုးတွယ်တာတဲ့ ငါးဖြစ်ပါတယ်။
- ဒီလောကမှာ အနည်းဆုံး ငါးသုံးကောင်က ကျွန်မတို့ကို သက်ဝင် ခံစားနေစေခဲ့ပါပြီ။

- ပထမငါးတစ်ကောင်က မိဘဖြစ်ပြီး ကျွန်မတို့ကို ဘဝပေးခဲ့သူဖြစ်တယ်။ သူတို့ကိုခွဲခွာပြီး အဝေးကို ထွက်သွားမယ့် ကျွန်မတို့ကို-မျက်စိတစ်ဆုံးနဲ့ သူတို့ပို့ဆောင်နှုတ်ဆက်ခဲ့ပါတယ်။ နောင်တမရှိ၊ မျှော်လင့်ချက် တစ်စုံတစ်ရာမထားဘဲ သူတို့ပေးဆပ်နိုင်သလောက် ပေးဆပ်နေခဲ့ပါတယ်။
- နောက်ငါးတစ်ကောင်က မွေးရပ်ဇာတိဖြစ်ပါတယ်။ ဘယ်လောက်ပဲ အဝေးကိုရောက်ရောက်၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အိမ်အပြန် လမ်းဆိုတဲ့ လမ်းမပေါ်ဆီ ကျွန်မတို့ လျှောက်လှမ်းကြရမှာပါ။
- ကျွန်မတို့က အထီးကျန်တဲ့ငါးတစ်အုပ်ပါ။ ဒီကမ္ဘာလောကထဲ မတော်တဆ ကူးခက်ရောက်ရှိလာခဲ့ကြပါတယ်။ အဲဒီနောက် ဒီလောကထဲ နိုလှုံနေထိုင်ရင်း ကျွန်မတို့ဘဝရဲ့ ငါးသုံးကောင်ကို မြတ်နိုးတွယ်တာ ချစ်ခင်နေခဲ့ကြပါတယ်။

*-Chan Myae facebook*

## ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသ၏

### ဓမ္မဗျူဟာသင်တန်းအမေးအဖြေများစာအုပ်မှ ထုတ်နုတ်ပူဇော်ပါသည်။



**မေး ။ သမထ ဘာဝနာ ပွားများပြီးမှ ဝိပဿနာ ဘာဝနာသို့ကူးသော အားထုတ်နည်းနှင့် ၊ ဝိပဿနာ ဘာဝနာသက်သက် အားထုတ်နည်းတို့၏ အားနည်းချက်၊ အားသာချက်များကို သိလိုပါသည်ဘုရား။**

ဖြေ။ ။ သမထကျင့်စဉ်တစ်ခုကိုကျင့်ပြီး ဝိပဿနာကူးလျှင် ပိုပြီးတော့ လျင်မြန်သက်သာလွယ်ကူနိုင်တယ်လို့ ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမထကျင့်စဉ်တစ်ခုအရ သမာဓိက စွမ်းအားတွေ တက်လာလို့ရှိရင် "သမာဟိတော ယထာဘူတံ ပဇာနာတိ" သမာဓိက ယထာဘူတဉာဏ်ကိုဖြစ်စေတာပေါ့။ မြတ်စွာဘုရားလက်ထက်တုန်းက သာသနာရှေ့ပိုင်းရဟန်းတော်တွေ တော်တော်များများက သမထကျင့်စဉ်ပေါက်ရောက်ပြီးမှ ဝိပဿနာကူးတာတွေများပါတယ်။ သမထကျင့်ပြီးတဲ့အခါကျတော့မှ ဝိပဿနာဘက်ကူးတာ ပိုပြီးလွယ်ကူလေ့ရှိတယ်လို့ ဆိုပါတယ်။ ဝိပဿနာသက်သက်ဆိုရင် သမာဓိထူထောင်ရတာ ခက်တယ်။ ဝိပဿနာဆိုတာ သွေ့ခြောက်တယ်။ သမထလိုမဟုတ်ဘူး။

သမထဆိုတာ စိတ်ကို အာရုံတစ်ခုထဲမှာ ငြိမ်နေအောင်လုပ်တာ။ စိတ်ငြိမ်လို့ရှိရင် အသိဉာဏ်ကလည်း ပိုပြီးတော့ ရင့်ကျက်လာတယ်။ ဝိပဿနာကျတော့ အဲဒီလိုမဟုတ်ဘူး။ သဘာဝတရားတွေကို ဆင်ခြင်စဉ်းစားနေရပြီး နေရသည့်အတွက်ကြောင့် သဘာဝတရားတွေထဲက စိတ်ပျက်စရာတွေမြင်မယ်။ ဒုက္ခတွေမြင်မယ်။ အနိစ္စတွေမြင်မယ်။ မြင်လာတဲ့အခါကျတော့ စိတ်ဓာတ်တွေခြောက်ခြားတယ်။ နောက်သင်္ခါရတရားတွေကို ကြောက်စရာကြီးလို့ မြင်လာတယ်။ ငြီးငွေ့စရာကြီးလို့မြင်လာတယ်။ ဝိပဿနာကတော့ အဲဒီလို ခြောက်ခြားစရာတွေနဲ့သွားတာပေါ့။ သမထကသွားလို့ရှိရင်တော့ အဲဒီအဆင့်တွေကို လွယ်လွယ်ကူကူနဲ့ကျော်လွှားပြီး သဘာဝတရားတွေကို ရှင်းခနဲရှင်းခနဲ သိသွားနိုင်တာပေါ့။ နောက်ဆုံးကျလို့ရှိရင်တော့ ဝိပဿနာ သမာဓိလည်းပဲ အဆင့်မြင့်

သွားလို့ရှိရင် သမထ သမာဓိလိုပဲ ငြိမ်းချမ်းသွားပါတယ်။ **အဆက်မပြတ် မှတ်နိုင်သွားပြီဆိုရင် ဝိပဿနာသမာဓိကလည်းပဲ သမထသမာဓိလို စိုပြေသွားတာပဲ။** သို့သော် သမထအားထုတ်တဲ့အခါကျတော့ ဒုက္ခသက်သက် ခြောက်ခြောက်သွေ့သွေ့ဘက်က သွားတာဖြစ်တယ်ပေါ့။ အဲဒါကတော့ ပုဂ္ဂိုလ်ရဲ့ဆန္ဒအရပေါ့။ ကိုယ်ကြိုက်တဲ့လမ်းကနေ ရွေးပြီးတော့ လျှောက်ရမှာပေါ့။ ကုန်းကြောင်းလျှောက်ချင်တာလား၊ ကားစီးချင်တာလား တစ်ခုခုပေါ့နော်။ အဲဒီတော့ ဘယ်လမ်းကသွားသွား သင်္ခါရတရားတွေရဲ့ မမြဲတဲ့သဘောတွေကို ဆင်ခြင်ပြီး လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတရားတွေကုန်ဖို့ကသာ အဓိကကျတယ်ပေါ့။

**နောက် သတိထားစရာ အချက်လေးတစ်ခုက သမထသမာဓိနဲ့ ဝိပဿနာသမာဓိ မတူဘူးဆိုတာလေးကိုတော့ သတိထားဖို့လိုတယ်ပေါ့။** ဘုန်းကြီးတို့ သီရိလင်္ကာနေတုန်းက ကိုရီးယားဘုန်းကြီးတစ်ပါးက မေးဖူးတယ်။ သူမေးတဲ့မေးခွန်းကတော့ "သမာဟိတော ယထာဘူတံ ပဇာနာတိ"လို့ မြတ်စွာဘုရားက ဟောတယ်တဲ့။ သမာဓိရှိမှယထာဘူတဉာဏ်ရတယ်လို့ မြတ်စွာဘုရားကဟောတယ်တဲ့။ တစ်ချို့ သမာဓိ မထူထောင်ဘဲ ဝိပဿနာ သက်သက်လုပ်လို့ရှိရင် အောင်မြင်တယ်လို့လည်း ပြောကြတယ်ပေါ့။ သမာဓိမပါဘဲ ဝိပဿနာဖြစ်တယ်ဆိုတာကို သူက မယုံကြည်ဖူးလို့ပြောတယ်။ အဲဒီတော့ သမာဓိဆိုတဲ့အဆင့်က ဘယ်ထိအောင် ပြောရမှာလည်းဆိုရင် သမာဓိဆိုတဲ့အဆင့်သည် အပ္ပနာဈာန်ထိအောင် သွားတာလား (သို့မဟုတ်) ဥပစာရအထိအောင်သွားတာလား၊ သမာဓိကနှစ်မျိုးရှိတယ်။ သမထကျင့်စဉ်ကျင့်တဲ့အခါမှာ ဥပစာရသမာဓိအဆင့်ကနေ ဝိပဿနာကူးတာရှိတယ်။ သို့မဟုတ် အပ္ပနာဆိုတဲ့ဈာန်ရပြီးတဲ့နောက်မှ ဝိပဿနာကူးတာရှိတယ်။ အဲဒီနှစ်ခုလုံးဟာ သမာဓိထူထောင်ပြီးမှ ဝိပဿနာဘက်ကူးတာ။

အဲဒီလိုမဟုတ်ဘဲနဲ့ ဝိပဿနာအာရုံတစ်ခုကိုတန်းပြီးတော့ ရှုမှတ်တာ။ သင်္ခါရအာရုံတွေကနေ စပြီးတော့ ရှုမှတ်တာ။ သမထကျင့်စဉ်တွေကို မကျင့်ဘဲကျင့်တာ။ အဲဒီလို သမာဓိနှစ်ခုဟာ မတူဘူးဆိုတာကို မှတ်ထားရမယ်။ **သမထသမာဓိအာရုံသည် 'ပညတ်'၊ ဝိပဿနာသမာဓိရဲ့ အာရုံသည်'ပရမတ်'၊ အဲဒီလိုမတူတာကို သတိထားဖို့လိုတယ်။**

ဆိုပါစို့၊ သမထမှာရှိတဲ့ သမာဓိတရားက ပညတ်ကိုအာရုံပြုတာ။ ပညတ်ပေါ်မှာစိတ်ကို ငြိမ်အောင်လုပ်တာ။ အဲဒါက သမထသမာဓိပဲ။ ဝိပဿနာသမာဓိကျတော့ ပညတ်ပေါ်မှာမဟုတ်ဘူး၊ ပရမတ္ထတရားပေါ်မှာ။ ပရမတ္ထဆိုတာ

အစဉ်ရွေ့လျားနေတဲ့ ဖြစ်ပြီးပျက်နေတဲ့ သဘောတရားတွေ၊ အဲဒီ ဖြစ်ပြီးပျက်နေတဲ့ သဘောတရားတွေပေါ်မှာ စိတ်ကိုထားတယ်ဆိုတာ ထားတဲ့စိတ်လည်း ဖြစ်ပျက်နေမှာပဲ။ အာရုံကသာ ဖြစ်ပျက်နေမှာမဟုတ်ဘူး။ စိတ်ကလည်း ဖြစ်ပျက်နေတာပဲလေ။ နှစ်ခုလုံးဟာ ရွေ့လျားနေတယ်ဆိုတာကို သိလာတယ်။ အဲဒါက ဝိပဿနာသမာဓိ။

ဝိပဿနာသမာဓိမှာ အသိဉာဏ်က ဦးဆောင်သွားတယ်။ သမထသမာဓိကျတော့ ပညတ်ပေါ်မှာပဲ တည်ငြိမ်နေတယ်။

ဒါကြောင့် ဝိပဿနာသမာဓိက momentry ပဲ။ **တစ်ခဏလေး တစ်ခဏလေးတန့်ပြီး ရွေ့နေတာ။** သမထသမာဓိကျတော့ remain လုပ်ထားတာ။ အာရုံပေါ်မှာ remain လုပ်ထားနိုင်တယ်။ ဥပမာဆိုပါတော့ အဖြူရောင်ကသိုဏ်းရှုတယ်ဆိုရင် အဖြူရောင်ပေါ်မှာ စိတ်က ငြိမ်နေတယ်။ ဒီပြင်ဘာမှ မစဉ်းစားဘူး။ ဝိပဿနာကျတော့ အဲလိုမဟုတ်ဘူး။ ဖြစ်ပြီးပျက်သွားတဲ့ သဘောတရားတွေကို ရှုနေတာ။ အဲဒီပေါ်မှာရှိတဲ့ သမာဓိက ပညတ်အာရုံမဟုတ်ဘဲ ပရမတ် အာရုံဖြစ်သွားပြီ။ အဲဒီတော့ သမာဓိချင်း မတူဘူးလို့ ရှင်းပြရတယ်။ **"သမာဟိတော ယထာဘူတံ ပဇာနာတိ" ဆိုတာ ဝိပဿနာသမာဓိလည်း ယူရ တယ်။ ဝိပဿနာသမာဓိသည် ယထာဘူတဉာဏ်ကို ဖြစ်စေနိုင်တယ်။ တစ်ခုနဲ့တစ်ခု မတူဘူး။**

–*Ko Aye Naing* **ဝိပဿနာရှုမှတ်ပွားနည်း။**

## အဖိုးမတန်အောင်လုပ်တာပဲ

ဝိပဿနာတရား မကျင့်တာဟာ ရခဲတဲ့ လူ့ဘဝအဖိုးတန်ကို အဖိုးမတန်အောင်လုပ်တာပဲ။ ကိုယ်ရတဲ့အခွင့်အရေးတွေ ကိုယ်က လက်မဦးတော့ သေမင်းက လက်ဦးသွားတယ်။

**–မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ။**

မည်သည့်နယ်ပယ်၊ မည်သည့်ပညာရပ်မှာမဆို ကြိုးစားလုပ်ကိုင်သူတိုင်းအတွက် အမြဲတမ်းနေရာတစ်နေရာ ရှိပါတယ်။ **– ခင်ရတနာတိုး (မုံရွာ)။**

# ဗုဒ္ဓဘာသာ(၅)မျိုး

ဗုဒ္ဓဘာသာဝင်တွေကို အမျိုးအစားခွဲခြားကြည့်မယ်ဆိုရင် ဗုဒ္ဓဘာသာ(၅)မျိုး ကွဲပြားနေတာ တွေ့ရပါလိမ့်မယ်။ ယနေ့ခေတ်လူတွေဟာ ဘာသာအသိတရား တဖြည်းဖြည်းနဲ့ ခေါင်းပါးလာပြီး ဘုရားတောင်မှ ထိုခြင်းငါးပါးနဲ့ ဦးချရကောင်းမှန်း မသိကြတော့ပါဘူး။ ဒီလိုအခြေအနေတွေကို ကြိုသိလို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။ အဲ့ဒီ ဗုဒ္ဓဘာသာ(၅)မျိုးကတော့—

(၁) ကုလဗုဒ္ဓဘာသာ
(၂) လာဘဗုဒ္ဓဘာသာ
(၃) ဘယဗုဒ္ဓဘာသာ
(၄) သဒ္ဓါဓိကဗုဒ္ဓဘာသာ
(၅) ပညာဓိကဗုဒ္ဓဘာသာ



**၁။ ကုလဗုဒ္ဓဘာသာ**

ကုလဗုဒ္ဓဘာသာဆိုတာ မိုးရာဗုဒ္ဓဘာသာကို ပြောတာပါ။ မိဘက ဗုဒ္ဓဘာသာမို့ သားသမီးက ဗုဒ္ဓဘာသာဖြစ်လာရတာပါ။ မိဘက ခရစ်ယာန်ဆိုရင် သားသမီးကလည်း ခရစ်ယာန်။ ဒါဟာ မိရိုးဖလာ ကုလဗုဒ္ဓဘာသာပေါ့။ မိဘက ဗုဒ္ဓဘာသာမို့သာ သားသမီးက ဗုဒ္ဓဘာသာဖြစ်လာရတာပါ။ ဘုရားရှင် ဘာလို့ ပွင့်မှန်းလည်း မသိ၊ ဘုရားက ဘာတရား ဟောမှန်းလည်းမသိ၊ ကိုးကွယ်နေတဲ့ မြတ်စွာဘုရား ဘာကြောင့် ကိုးကွယ်ရမှန်းလည်းမသိ။ တရားတော်ကို ဘာကြောင့် ကိုးကွယ်ရမှန်း မသိ၊ ဘုရားကို ဦးချတာ ဘာရည်ရွယ်ချက်နဲ့ ဦးချမှန်း မသိ၊ ဘာကြောင့် ဒီလောက်ရိုရိုသေသေနဲ့ အလေးပြုနေမှန်းကို မသိတာ။ လုပ်တော့ လုပ်နေတာပဲ။ အသိပညာ ဘာမှမပါတာ ကုလဗုဒ္ဓဘာသာပါ။

**၂။ လာဘဗုဒ္ဓဘာသာ**

လာဘဗုဒ္ဓဘာသာဆိုတာ လာဘ်လာဘလိုလို့ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမျိုးကို ဆိုလိုတာပါ။ ဒီဘဝ စီးပွားရေးလေးများ တက်မလားဆိုပြီးမှ ဘုရားကိုးကွယ်တာမှာ ရွေးပြီးကိုးကွယ်တယ်။ ဒီဘုရားကို ကိုးကွယ်ရင်တော့ လာဘ်လာဘ ပေါ်များတယ်။ ဟိုဘုရား ကိုးကွယ်ရင်တော့ဖြင့် စီးပွားရေးတက်တယ် ဆိုပြီး ရွေးကိုးကွယ်တာ လာဘဗုဒ္ဓဘာသာပါ။ ဘုရားကိုးကွယ်မှသာ လာဘ် ပေါ်များမယ်ဆိုရင် ဘုရားမကိုးကွယ်တဲ့ ခရစ်ယာန်တွေ ဘာလို့လာဘ်ရွှင်နေလဲ။

အဓိကက စီးပွားဖြစ်နေတယ်ဆိုတာ ဘုရားကြောင့် မဟုတ်ပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ၊သတ္တိကြောင့်ပါ။ အိမ်ခြံဝယ်မယ်/ရောင်းမယ် အိမ်နေရာ ပြောင်းမယ် ဆိုရင်တောင်မှ ရက်ရာဇာ၊ ပြဿဒါးရွေးနေတာတွေ။ ဘုရားကျောင်းဆောင် ပေါ်မှာ ဘိုးတော်၊ဘွားတော်ပုံတွေကို တင်ထားတာတွေ။ ကိုကြီးကျော်၊မနဲ့လေး အစရှိတဲ့နတ်တွေ ကိုးကွယ်တာတွေ။ ဗေဒင်တွေယုံကြည်ပြီး ယတြာတွေ ချေလိုက်ကြစသည့် လာဘ်လာဘများလိုချင်လို့ ကိုးကွယ်နေကြတဲ့ ဗုဒ္ဓဘာသာ များကို လာဘဗုဒ္ဓဘာသာလို့ခေါ်ပါတယ်။

**၃။ ဘယဗုဒ္ဓဘာသာ**

ဘယဗုဒ္ဓဘာသာဆိုတာ ဘေးကိုကြောက်လို့ ကိုးကွယ်တာကို ခေါ်ပါတယ်။ အန္တရာယ်ကင်းဖို့၊ ဘေးရှင်းဖို့၊ အသက်ရှည်ဖို့၊ ကျန်းမာဖို့၊ ဒီလိုအတွေး အခေါ်တွေနဲ့ ဘုရားကိုးကွယ်တာကို ဘယဗုဒ္ဓဘာသာဟုခေါ်ပါသည်။ ဒီဘုရားကို ကိုးကွယ်မှ အသက်ရှည်မည်သာဆိုရင် ဘုရားမကိုးကွယ်တဲ့ ခရစ်ယာန်၊ အစ္စလာမ်တွေ အသက်ရာကျော်ရှည်နေကြတာ ဘာလို့ပါလဲ။ ဘာမှမသိဘဲ ရမ်းကိုးကွယ်တာ ကုလဗုဒ္ဓဘာသာ၊ လာဘ်လာဘလိုချင်လို့ ကိုးကွယ်တာကို လာဘဗုဒ္ဓဘာသာ။ ဘေးကြောက်ပြီး အကိုးအကွယ် မှားနေတာ ဘယ ဗုဒ္ဓဘာသာ။ ဒီ ကုလ၊ လာဘ၊ ဘယ ဗုဒ္ဓဘာသာ(၃)မျိုးကို အောက်တန်းစား ဗုဒ္ဓဘာသာများဟု ခေါ်ပါသည်။ ဟိုလူမပါ။ ဒီလူမပါ။ ဟိုလူ့ပ,သပါတယ်။ ဒီလူ့ပ,သပါတယ်။ လက်ညှိုးထိုးခွက်လှန် လုပ်နေတာတွေကို ဘုရားက သူ တောင်းစား ဗုဒ္ဓဘာသာပါတဲ့။ ခန္ဓာမှာ အသိ၊ ဘာသာရေးအသိ ဓာတ်ခံနည်း တော့ လိမ်စားနေတဲ့သူတွေက လိမ်လို့အရမ်းကောင်းနေပါတယ်။ ဘုရားလည်း ကိုးကွယ်ရသေး၊ တရားလည်းကိုးကွယ်ရသေး၊ဆွမ်းဦးကိုလည်း လောင်းလှူ ရသေး၊ သာသနာတော်ကိုလည်း ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်ဆက်ကပ် ရသေး။ ဘာအတွက် ဒါတွေ လုပ်နေရတာလဲ။ ဘာအတွက် သာသနာကို ချီးမြှောက်နေတာလဲ။ ဘာအတွက် ကျောင်းဆောက်နေတာလဲ။ စဉ်းစားပါ။ ဝေဖန်ပါ။ သုံးသပ်ပါ။

**၄။ သဒ္ဓါဓိကဗုဒ္ဓဘာသာ**

သဒ္ဓါဓိကဗုဒ္ဓဘာသာဆိုတာ သဒ္ဓါတရားကို အရင်းခံပါတယ်။ သဒ္ဓါတရား ဆိုတာ ယုံကြည်ချက်ပါ။ ဘုရား၊ တရား၊ သံဃာကို တကယ်သက်ဝင်ယုံကြည် တာကိုခေါ်ပါတယ်။ ယုံကြည်တဲ့နေရာမှာလည်း မှန်မှန်ကန်ကန်ယုံကြည်တဲ့ သမ္မာသဒ္ဓါနဲ့၊ မှားမှားယွင်းယွင်း ယုံကြည်တဲ့ မိစ္ဆာသဒ္ဓါဆိုပြီး(၂)မျိုးရှိပါတယ်။

သမ္မာသဒ္ဓါ မှန်မှန်ကန်ကန်ယုံကြည်ချက်ဆိုတာ သစ္စာတရားကို သိတော်မူတဲ့ မြတ်စွာဘုရားဟာ ဝေနေယျသတ္တဝါတွေကို သူသိသကဲ့သို့ မေတ္တာ၊ ကရုဏာတော်အပြည့်နဲ့ သစ္စာလေးချက်၏အနက်ကို ဟောကြားတော်မူခဲ့ပါသည်။ ဒီတရားတော်ရဲ့ အနက်တွေကို ပိုင်ပိုင်နိုင်နိုင် သိတော်မူသွားကြတဲ့ အရိယာသူတော်စင်ကြီးတွေဟာ နိဗ္ဗာန်ဝင်စံသွားကြပါတယ်။ နိဗ္ဗာန်ဆိုတာ အို၊ နာ၊ သေ လွတ်ရာပါ။ အသေလွတ်ရာ ပြတတ်လို့ "မြတ်စွာဘုရားအား ကိုးကွယ်ပါ၏" ဆိုတဲ့ ယုံကြည်ချက်ဟာ မှန်ကန်သော ယုံကြည်ချက်။

**တရားတော်ကို ဘာကြောင့် ကိုးကွယ်ရသလဲ?** မြတ်စွာဘုရား ဟောတော်မူခဲ့သော တရားတော်ကို ကြိုးစားအားထုတ်လိုက်လို့ တရားလမ်းကြောင်းအတိုင်းသာလျှောက်သွားနိုင်ရင် နိဗ္ဗာန်ရောက်ပါမည်။ ထိုအသေလွတ်ရာသို့ ပို့ဆောင်တာ တရားက ပို့ဆောင်တာပါ။ ပုဂ္ဂိုလ်က ပို့ဆောင်တာ မဟုတ်ပါဘူး။ ထိုတရားတွေ မကွယ်မပျောက်သေးတာ ဘယ်သူ့ကျေးဇူးပါလဲဆိုရင် သံဃာတော်တွေရဲ့ ကျေးဇူးပါ။ ဘုရားရှင် ဟောတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ သုတ်ဝိနည်းအဘိဓမ္မာတရားတွေကိုသံဃာတော်တွေကဆောင်ထားတာပါ။ ပိဋကသုံးပုံကို သံဃာတော်တွေက စောင့်ရှောက်ထားခဲ့တာပါ။ သံဃာတော်ကို ယုံကြည်မှု၊ ဒါတွေက ရတနာမြတ်သုံးပါးကိုမှန်မှန်ကန်ကန်နဲ့ယုံကြည်ကြတဲ့ သမ္မာသဒ္ဓါယုံကြည်မှုဖြစ်သည်။

မိစ္ဆာသဒ္ဓါယုံကြည်မှုက လာဘ်လာဘပေါ်တယ်။ အန္တရာယ်ကင်းတယ်ဆိုပြီး ကိုးကွယ်ယုံကြည်နေတာ မိစ္ဆာသဒ္ဓါ။ လာဘ်လာဘပေါ်တယ်ဆိုတဲ့ လာဘ ဗုဒ္ဓဘာသာတွေရဲ့ ယုံကြည်ချက်၊ အန္တရာယ်ကင်းအောင်ဆိုပြီး ဘယဗုဒ္ဓဘာသာတွေရဲ့ယုံကြည်ချက်၊ ဗုဒ္ဓရဲ့ဂုဏ်ကျေးဇူးကို ဘာမှနားမလည်ဘဲ သူများက ဦးတိုက်နေလို့သာ ရမ်းဦးတိုက်ရတဲ့ ကုလဗုဒ္ဓဘာသာတွေရဲ့ ယုံကြည်မှု၊ ဒါတွေဟာ မိစ္ဆာသဒ္ဓါတွေပါ။

"အသေလွတ်ရာလမ်းကို ပြတတ်လို့၊ အသေလွတ်ရာ ပို့ဆောင်နိုင်ခဲ့လို့၊ အသေလွတ်ရာ တရားကိုဆောင်ထားနိုင်လို့ ရတနာသုံးပါးကို ကိုးကွယ်ပါ၏" ဆိုတဲ့ သမ္မာသဒ္ဓါက အနှစ်သာရ မရှိတာကို မရှိဘူးလို့ သိပါတယ်။ အနှစ်သာရရှိတာကို ရှိတယ်လို့ သိပါတယ်။ မှားတာကို မှားတယ်လို့ သိတယ်။ မှန်တာကို မှန်တယ်လို့သိတယ်။ သိတဲ့အပြင် အမှားလမ်းကိုရှောင်၊ အမှန်လမ်းကို ဆောင်တာသည် သမ္မာသဒ္ဓါရှိတဲ့ သဒ္ဓါဓိက ဗုဒ္ဓဘာသာပါ။

**၅။ ပညာဓိကဗုဒ္ဓဘာသာ**

ပညာဓိကဗုဒ္ဓဘာသာဆိုတာ သစ္စာတရားကို သေချာသိတဲ့သူဖြစ်ပါတယ်။ ပညာဓိကဗုဒ္ဓဘာသာဟာ တရားတော်ကို ယုံကြည်တယ်။ တရားတော်ကို ဘယ်လိုယုံကြည်တာလည်းဆိုတော့ ရမ်းယုံကြည်တာမဟုတ်ဘဲ ခန္ဓာအသိနဲ့ အသေအချာသိပြီးယုံတယ်။ ထိုသို့သိတာကို ပညာဟုခေါ်ပါသည်။ သစ္စာလေးပါးကို အသေအချာပညာနဲ့သိတဲ့ ဗုဒ္ဓဘာသာ၊ ဖြစ်ပျက်မှုတွေကိုသိတဲ့ ဗုဒ္ဓဘာသာ၊ ဖြစ်ပျက် မြင်တာ ခန္ဓာက မြင်တာလား။ ပညာကမြင်တာလားဆိုတာ ပညာ မြင်တာပါ။ ဒါ ပညာဓိက ဗုဒ္ဓဘာသာပါ။

ဘုရားက မင်းတို့ခန္ဓာထဲမှာ ဖြစ်တာနဲ့ပျက်တာပဲရှိတာလို့ ဟောခဲ့ပါတယ်။ ဒါကို ကိုယ်တိုင် သစ္စာတရားကို သေချာသိပြီး ကျင့်ကြံလိုက်တော့မြင်တယ်။ ကိုယ်တိုင်မြင်တော့ ယုံကြည်လာတယ်။ယုံကြည်တော့သဒ္ဓါ၊ ဖြစ်ပျက်မြင်တာက ပညာ။ ထိုကြောင့် သဒ္ဓါနဲ့ပညာဟာ သွားပြီးတွဲနေပါတယ်။ သဒ္ဓါတရား မှန်မှန်ကန်ကန်ဖြင့်သာ ကြိုးစားမယ်ဆိုရင် အပါယ်လေးပါးမှ လွတ်မြောက်နိုင်ပါ၏။ ဒီ့မှာ တားချင်ရင်၊ သူ့ကို အကျိုးမပေးစေချင်ရင် ဘာနဲ့ဖြတ်ရမလဲဆိုတာ ဉာဏ်နဲ့ ဖြတ်ရမယ်။ ဉာဏ်နဲ့ဖြတ်လိုက်လို့ ဖြစ်ပျက်မဂ်ဆိုက်နေတဲ့ ပုဂ္ဂိုလ်မှာ သဒ္ဓါလည်းပါတယ်။ ပညာလည်းပါတယ်။ ဒါသည် သဒ္ဓါဓိကနှင့်ပညာဓိက ဗုဒ္ဓဘာသာဖြစ်ပါသည်။ သဒ္ဓါဓိကနှင့်ပညာဓိက ဗုဒ္ဓဘာသာဟာ အထက်တန်းဗုဒ္ဓဘာသာပါ။

(ဒီဗုဒ္ဓဘာသာ(၅)မျိုးအကြောင်းကို အရှင်ဇောတိကသာရ (စဥ့်ကူး)က မိုးကုတ်မြို့၊ ကုန်းမြင့်သာရပ်၊ ဓမ္မရံသီရိပ်သာ၊ ပဌာနနာယက ကမ္မဋ္ဌာနာစရိယနယ်လှည့် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တသုနန္ဒ ဟောကြားတော်မူသော ဗုဒ္ဓဘာသာ(၅)မျိုးနှင့်သစ္စာလေးပါးတရားတော်စာအုပ်မှ ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါတယ်။)

– **ဆရာတော်ဦးနန္ဒ**

*Myanmar Journal* – **မှ ပြန်လည် မျှဝေလိုက်ပါတယ်။**

လူတစ်ယောက်ရဲ့ဘဝမှာ ချမ်းသာတယ် မချမ်းသာဘူးဆိုတာ အဓိက မကျပါဘူး။ ဘယ်လိုအခြေအနေနဲ့ ဘယ်လိုအနေအထားမျိုးမှာပဲ ရောက်ရှိနေခဲ့ပါစေ လူတစ်ယောက်အတွက် အဓိကအကျဆုံးကတော့ စိတ်ဓာတ်တွေ အောက်တန်းကျမနေဖို့ပါပဲ.. ။

## နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာအထူးသံတမန်နှင့်အဖွဲ့ မဘသ(ဗဟို)ဥက္ကဋ္ဌဆရာတော်ကြီးနှင့်လာရောက်တွေ့ဆုံ

၂၀၁၅ ခုနှစ်၊မေလ ၂ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သော အမေရိကန် နိုင်ငံခြားရေးဌာန၊ နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ၊အထူးသံတမန် Mr.David Saperstein၊ အမေရိကန်သံအမတ် Mr.Alexendre Derek Mitchell နှင့်အဖွဲ့သည် မေလ ၃ ရက်နေ့က အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို) ရုံးသို့ လာရောက်၍ မဘသ(ဗဟို) ဥက္ကဋ္ဌ ဆရာတော်ကြီး အရှင်တိလောကာဘိဝံသနှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းပါ။

နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အထူးသံတမန် Mr.David Saperstein နှင့် အဖွဲ့သည် ၂၀၁၅ခုနှစ်၊ မေလ ၃ ရက်နေ့မနက်ပိုင်းက မဘသ (ဗဟို)ရုံးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီးအမျိုးဘာသာ သာသနာစောင့်ရှောက်ရေး အဖွဲ့မှလုပ်ကိုင်နေသည့် အမျိုးသားရေးလုပ်ငန်းများနှင့်မျိုးစောင့်ဥပဒေအကြောင်းကို နိုင်ငံတကာအမြင်နှင့်ချိန်ထိုး မေးမြန်း ဆွေးနွေးသွားကြသည်။

မဘသ(ဗဟို)ဥက္ကဋ္ဌဆရာတော်ကြီးက အမေရိကန်နိုင်ငံခြားရေးဌာနမှ နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ သံတမန်အဖွဲ့သားအား **'ယခုကဲ့သို့ လာရောက်ဆွေးနွေးခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံကြောင်း၊ မီဒီယာများ၏ သတင်းအမှားထုတ်ပြန်မှုများကြောင့် မဘသနှင့် ၉၆၉ အဖွဲ့များကို နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများရှိနေသော်လည်း မဘသ အဖွဲ့မှာ ဘာသာခြား၊ လူမျိုးခြားများအားနှိပ်ကွပ်ရန် ဖွဲ့စည်းထားသည့် အဖွဲ့မဟုတ်ဘဲ ကိုယ့်အမျိုးကိုယ့်ဘာသာကိုစောင့်ရှောက်ရန်သာ ရည်ရွယ်ကြောင်း'** မိန့်ကြားထားသည်။

Mr.David Saperstein နှင့်အဖွဲ့ဘက်မှလည်း **ပညာရှင်များ၏အဆိုအရ အမေရိကန်ပြည်ထောင်စုထဲတွင်ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုပေါင်း၂၀၀၀ ကျော်ထိ ရှိနေတယ်လို့သိရကြောင်း၊ ထိုကဲ့သို့ မတူကွဲပြားမှုများစွာရှိနေသည့်ကြားမှ ယှဉ်တွဲနေထိုင်နိုင်ခြင်းမှာ လွတ်လပ်ခွင့်များကြောင့်သာဖြစ်သည်**ဟု တင်ပြဆွေးနွေးသွားခဲ့သည်။

**ဥက္ကဋ္ဌဆရာတော်ကြီးက–**

**'ဒကာကြီးတို့ နိုင်ငံတကာကလူတွေ ပြောနေသလို မြန်မာနိုင်ငံမှာ ဆရာတော်တို့ဗုဒ္ဓဘာသာဝင်တွေက ဘာသာခြားတွေ၊ လူမျိုးခြားတွေကို**

**ခွဲခြားပြီးတော့ နှိမ့်ချဆက်ဆံနေတာမျိုးတွေ မရှိပါဘူး။ ခု အမျိုးစောင့် ဥပဒေကိုတောင်းဆိုနေတာလည်း အခွင့်အရေးပိုယူဖို့လုပ်တာမဟုတ်ပါဘူး။ ရေစ်ယာန်မှာရော၊ မွတ်ဆလင်မှာရော၊ ဟိန္ဒူမှာရော သူတို့အတွက် ဥပဒေတွေ ရှိပြီးသားပါ။ ဆရာတော်တို့ဘက်က အစွန်းမရောက်ဘူးဆိုတာကိုလည်း အချိန်မရွေး အစစ်းသပ်ခံနိုင်ပါတယ်**'ဟု အမေရိကန် နိုင်ငံခြားရေးဌာန ဘာသာရေး လွတ်လပ်ခွင့်ဆိုင်ရာ အထူးသံတမန် Mr.David Saperdtein အမေရိကန် သံအမတ် Mr.Alexendrw Derak Mitchell အဖွဲ့အား မိန့်ကြားခဲ့ပါသည်။

**-မျိုးစောင့်သူ** ***-Facebook.***

# ကိုယ့်ကိုယ်ကိုသတ်သေခြင်းနဲ့အဖန်ငါးရာငါးကမ္ဘာ

ဗုဒ္ဓဘာသာ မြန်မာအများရဲ့ လွဲနေတတ်တဲ့ အလွဲတွေအကြောင်း စာတွေ ရေးပေးနေတာသိတော့ ဒကာတစ်ယောက်က "**အရှင်ဘုရား တပည့်တော်တို့ မြန်မာတွေမှာ ကိုယ့်ကိုယ်ကို သတ်သေရင် အဖန်ငါးရာ ငါးကမ္ဘာမှာ အဲဒီလိုပဲ သတ်သေပြီး သေရတယ်ဆိုတာ ဟုတ်ပါသလားဘုရား။ ဟုတ်တယ်ဆိုရင် တပည့်တော် ဖတ်ဖူးတဲ့ စာအုပ်ထဲမှာ ရဟန်းတစ်ပါးဟာ ကိုယ့်လည်ပင်းကိုယ် ဓားနဲ့လှီးပြီး သတ်သေသွားပေမယ့် အဲဒီအချိက်မှာ ရဟန္တာ ဖြစ်သွားတယ် လို့လည်း ဖတ်ဖူးပါတယ်။ ရဟန္တာဖြစ်သွားရင် နောင်ဘဝ မရှိတော့ဘူး မဟုတ်လားဘုရား။ ဒါဆိုရင် ဒီအဖန်ငါးရာ ငါးကမ္ဘာစံရတဲ့ကိစ္စ တပည့်တော် ဘယ်လိုနားလည်ရမလဲဘုရား**"လို့ မေးဖူးပါတယ်။ ဟုတ်ပါတယ်။ ဒီဒကာပြော မှပဲ ဘုန်းဘုန်းအတွေးထဲမှာ ဒီအဖန်ငါးရာ ငါးကမ္ဘာကိစ္စနဲ့ပတ်သက်ပြီး လွဲနေတဲ့ မြန်မာတွေရဲ့အလွဲကို တင်ပြပေးဖို့ စိတ်ကူးရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကိုယ့်ကိုယ်ကို သတ်သေခြင်းနဲ့ အဖန်းငါးရာငါးကမ္ဘာအကြောင်းကို လွဲနေတတ်တဲ့ အလွဲတစ်ခုအဖြစ် အခုလို တင်ပြဖြစ်တာ ဖြစ်ပါတယ်။

တကယ်တော့ အဲဒီလိုကိုယ့်ကိုယ်ကို သတ်သေရင် နောင်ဘဝတွေမှာလည်း ဘဝပေါင်းငါးရာတိုင်အောင် အခုလိုပဲ သတ်ပြီးသေရတယ်ဆိုတဲ့ အယူအဆဟာ အတော်ကိုလွဲနေတဲ့ အယူအဆ ဖြစ်ပါတယ်။ဘုရားဟောမဟုတ်သလို ကျမ်းဂန် မှာပါတဲ့ အချက်လည်းမဟုတ်ပါဘူး။ ပိဋကတ်တော်မှာလာတဲ့ ဇာတ်တော် တစ်ခုတော့ ရှိပါတယ်။

အဲဒီဇာတ်တော်က **ကေနီပါတ်၊ မတကဘတ္တဇာတ်** ဖြစ်ပါတယ်။ ဒီဇာတ်တော်မှာ ဒိသာပါမောက္ခ ဆရာကြီးတစ်ဦးဟာ သေသူကို ရည်စူးပြီး ဆိတ်တစ်ကောင်ကို သတ်ဖို့ရေချိုးပေးချိန်မှာ အဲဒီဆိတ်ဟာ တစ်ပြိုင်တည်းမှာ ရယ်လည်းရယ်ပြီး ငိုလည်းငိုတယ်လို့ ဆိုပါတယ်။ ဒါနဲ့ ဆရာကြီးက **ဘာကြောင့် ရယ်လည်းရယ်၊ ငိုလည်းငိုတာလဲ**လို့ မေးတော့ ဆိတ်က"**ကျွန်ုပ်လည်း အတိတ်ဘဝတစ်ခုမှာ အခုဆရာကြီးလိုပဲ ဆိတ်တစ်ကောင်ကို လည်ဖြတ်သတ်ခဲ့မိလို့ အဲဒီအကုသိုလ်ဝဋ်ကြွေးဟာ ဒီဘဝအထိ ဘဝပေါင်း(၄၉၉) ဘဝတိုင်တိုင် လည်ဖြတ်အသတ်ခံခဲ့ရကြောင်း၊ ဒီလိုဝဋ်ကြွေးကို နောင်တစ်ဘဝပဲ ခံပြီးရင် ကုန်ဆုံးတော့မှာဖြစ်တာကိုတွေးပြီး ဝမ်းသာလို့ ရယ်ခြင်းဖြစ်ကြောင်းနဲ့၊ ငိုတာကတော့ အခုအကျွန်ုပ်ကိုသတ်မယ့်ဆရာကြီးလည်း ကျွန်ုပ်လိုပဲ ဘဝပေါင်း၄၊ငါးရာ အသတ်ခံရတော့မှာပါလားလို့တွေးပြီး စိတ်မကောင်းဖြစ်မိတဲ့အတွက် ငိုခြင်းဖြစ်ကြောင်း**"ပြောကြားလိုက်ပါတယ်။ ဒီတော့မှ ဆရာကြီးဟာ ကြောက်လန့်ပြီး ဆိတ်ကိုမသတ်တော့ဘဲ လွှတ်လိုက်ပါတယ်။ ဒါပေမယ့် အကုသိုလ်ဝဋ်ကြွေးရှိတဲ့ ဆိတ်ဟာတစ်နေရာမှာ မိုးကြိုးထိလွင့်လာတဲ့ ကျောက်ချက်ထိပြီး လည်းပင်ပြတ်ကာ သေသွားခဲ့ပါတယ်။ ဝဋ်ကြွေးပါလာတော့ တစ်ဦးမသတ်လည်း တစ်ခုခုနဲ့ သေသွားရတဲ့ သဘောပဲဖြစ်ပါတယ်။

ဒီဇာတ်တော်လာ အကြောင်းအရာကိုကြည့်ရင် ဆိတ်ဟာ အတိတ်ဘဝလူဖြစ်စဉ်က ဆိတ်တစ်ကောင်ကို သတ်ခဲ့မိတဲ့ ဝဋ်ကြွေးကြောင့် ဘဝပေါင်းငါးရာတိုင်အောင် အသတ်ခံပြီး သေခဲ့ရတဲ့အဖြစ်ကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုသတ်သေလို့ အဖန်ငါးရာ၊ ဘဝငါးရာခံရတာမဟုတ်ဘဲ သူများကိုသတ်မိတဲ့ အကုသိုလ်ဝဋ်ကြွေးကြောင့် ဘဝပေါင်းများစွာ အသတ်ခံရတဲ့ဇာတ်တော်လာအကြောင်းအရာပဲဖြစ်ပါတယ်။ ဒီဇာတ်တော်လာအကြောင်းကို နားစွန်နားဖျား ကြားမိရာက ကိုယ့်ကိုယ်ကို သတ်သေရင် အဖန်ငါးရာ ငါးကမ္ဘာခံရတယ်ဆိုပြီး မြန်မာများ အမှတ်လွဲနေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သေချာတာကတော့ ကိုယ့်ကိုယ်ကို သတ်သေတဲ့အတွက် အဖန်ငါးရာ ငါးကမ္ဘာအထိ အဲဒီလို ထပ်တူသတ်သေရမယ်ဆိုတဲ့ အယူအဆဟာ လွဲနေတယ်ဆိုတာ အသေအချာပဲဖြစ်ပါတယ်။

ဒီလိုပြောတော့ ကိုယ့်ကိုယ်ကို သတ်သေတာ အဖန်ငါးရာ ငါးကမ္ဘာ

ခံရတာမဟုတ်ဘူးဆိုပြီး စိတ်ညစ်ညစ်နဲ့ ကိုယ့်ကိုယ်ကို သတ်သေတာလည်း မလုပ်မိကြဖို့ လိုပါတယ်။ လူအတော်များများက မဟုတ်တာဆို သိပ်ပြီးအတုယူတတ်တာဆိုတော့ သူများသတ်သေတာတွေကြည့်ပြီး ကိုယ့်ကိုယ်ကို သတ်သေမိမှာစိုးလို့ပြောရတာပါ။ သေချာစဉ်းစားရမှာက အဲဒီလို စိတ်ညစ်လို့ ကိုယ့်ကိုယ်ကို သတ်သေတဲ့ သူတစ်ယောက်ရဲ့ သေခါနီးစိတ်အစဉ်ဟာ ဘယ်လိုမှကောင်းတဲ့ စိတ်အတွေးမဖြစ်နိုင်တဲ့အတွက် ဒီစိတ်နဲ့ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်မယ်ဆိုရင် ကောင်းတဲ့ဘုံဘဝမှာ ဖြစ်ဖို့ဆိုတာ မလွယ်လှပါဘူး။ သေခါနီးမှာဖြစ်တဲ့ စိတ်အစဉ်ဟာ နောင်ဘဝမှာ အရင်အကျိုးပေးတာဖြစ်တဲ့အတွက် သေခါနီး စိတ်အစဉ်ဟာ အထူးသတိပြုရမယ့် အချက်ဖြစ်ပါတယ်။

ဒီတော့ကာ သတ်သေမှုနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကို သတ်သေတာနဲ့ သူတပါးကို သတ်လိုက်တာမှာ ကိုယ့်ကိုယ်ကို သတ်သေတဲ့အတွက် ဘဝငါးရာ အပန်ငါးရာ အဲဒီလိုပဲ သတ်ပြီးသေရတယ်ဆိုတာ အခြေအမြစ်မရှိတဲ့ စကားဖြစ်ကြောင်းနဲ့၊ သူတပါးကို ကိုယ်ကသတ်တာဆိုရင်တော့ သတ်တဲ့ စိတ်စေတနာအတိုင်း ဒီအကုသိုလ်ဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ရတတ်ပြီး အကုသိုလ်အပြစ်သိပ်ကြီးရင် ဘဝပေါင်းငါးရာအထိတောင် ခံရတတ်ကြောင်း သတိပြုကြရမှာ ဖြစ်ပါတယ်။

**ကိုယ့်ကိုယ်ကို သတ်သေမှုအပိုင်းမှာလည်း ခန္ဓာကိုယ်ရဲ့ အပြစ်ကိုမြင်ပြီး ခန္ဓာကိုယ်ကို ငြီးငွေ့လို့ သတ်လိုက်တဲ့အပိုင်းမှာ အပြစ်မရှိပေမယ့် ဒေါသအလျောက် သတ်မိရင်တော့ အပြစ်ဖြစ်တတ်ပါတယ်။** အပြစ်ဖြစ်တတ်တယ်ဆိုတာ ခုနပြောသလိုသေခါနီး စိတ်အစဉ်ဟာ မကောင်းနိုင်တဲ့အတွက် သေပြီးနောက် အပါယ်ဘုံဘဝတွေအထိ ရောက်စေနိုင်တာဖြစ်လို့ အပြစ်ဖြစ်တတ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။ ဗုဒ္ဓလက်ထက်က ဝက္ကလိ အမည်ရှိတဲ့ မထေရ်တစ်ပါးဟာ ခန္ဓာကိုယ်ကိုငြီးငွေ့ပြီး ခန္ဓာကိုယ်ရဲ့အပြစ်ကို မြင်တဲ့အတွက် ကိုယ့်လည်ပင်းကိုကိုယ် ဓားနဲ့ဖြတ်ပြီး သတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီမထေရ်ဟာ ဒီအခိုက်မှာ ဝေဒနာကို ရှုလိုက်ရတဲ့အတွက် ရဟန္တာဖြစ်သွားတယ်လို့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်(၄၉)မှာ ဖော်ပြပါရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ခန္ဓာကိုယ်ရဲ့အပြစ်ကိုမြင်ပြီး ကိုယ့်ကိုယ်ကို သတ်သေတဲ့အပိုင်းမှာ ဒီလိုသတ်သေလိုက်တဲ့အတွက် အပန်ငါးရာ ငါးကမ္ဘာ ခံစရာမရှိတော့ဘူးဆိုတာ သတိပြုနိုင်မှာဖြစ်ပါတယ်။

ဆိုလိုတာက မြန်မာအများ အမှတ်မှားနေကြတဲ့ ကိုယ့်ကိုယ်ကို သတ်သေရင် အပန်ငါးရာ ငါးကမ္ဘာ အဲဒီလိုပဲ သေရတယ်ဆိုတဲ့ အယူအဆဟာ လွဲနေတဲ့ အယူအဆဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကို သတ်တဲ့ကံမဟုတ်ဘဲ သူများကိုသတ်ခဲ့တဲ့ ပါဏာတိပါတကံမျိုးကသာ ကိုယ်လုပ်ခဲ့တဲ့အကုသိုလ်ကံအကြီးအသေးကိုလိုက်ပြီး တစ်ခါတစ်လေ ဘဝပေါင်းငါးရာအထိ ပြန်လည်အသတ်ခံရတတ်ကြောင်း ဆိုလိုတာဖြစ်ပါတယ်။ **ကိုယ့်ကိုယ်ကို သတ်သေတဲ့အပိုင်းမှာ ပါဏာတိပါတကံ မမြောက်တဲ့အတွက် ပါဏာတိပါတကံကို ကျူးလွန်တဲ့အပြစ်အတိုင်း ပြန်ခံရတာတွေ မရှိပေမယ့် လောကခံကို မခံနိုင်လို့ ကိုယ့်ကိုယ်ကို သတ်သေကဲ့ သူတစ်ယောက်ဟာ အသေမကောင်းတဲ့အတွက် ဘဝကူးလည်းမကောင်း နိုင်တာဖြစ်လို့ ဒီလိုနည်းနဲ့ ကိုယ့်ကိုယ်သတ်သေတာလည်း လွဲနေတဲ့ အလွဲတစ်ခုဖြစ်ကြောင်း** သိစေချင်တာဖြစ်ပါတယ်။

ဒါကြောင့် လွဲနေကြတဲ့ အလွဲတွေထဲမှာ ကိုယ့်ကိုယ်ကို သတ်သေရင် အပန်ငါးရာ ငါးကမ္ဘာ အဲဒီလိုပဲ သတ်သေရတတ်တယ်ဆိုတဲ့ မြန်မာတွေရဲ့ အခြေအမြစ်မရှိတဲ့ အလွဲဟာလည်း နည်းနည်းလေးမဟုတ်၊ အများကြီးကို လွဲနေတဲ့ အလွဲတစ်ခုသာ ဖြစ်တဲ့အတွက် ဒီလိုအလွဲမျိုးကို အစဉ်အဆက် အရှိုးစွဲနေအောင် မလွဲမိကြဖို့နဲ့ တကယ်သတ်ချင်ရင် ကိုယ့်သန္တာန်မှာရှိနေတဲ့ ကိလေသာတွေကိုသာ အပြီးသတ်နိုင်အောင် ကြိုးစားကြဖို့ အသိပေးတိုက်တွန်းရင်း လွဲနေတတ်တဲ့ အလွဲတစ်ခုအဖြစ် အသိဝင်ကာ ပြုပြင်နိုင်ဖို့ စေတနာထား မေတ္တာအားဖြင့် အသိစကား ပါးလိုက်ရပါတယ်။

- *Crdeit to* မနောပဒေါသီ အရှင်ဝိစိတ္တ။

**အဏ္ဏ**

ဆုပ်ထားတဲ့လက်သီးထဲကို ဘာမှထည့်မရတော့သလို ဘဝနဲ့ခန္ဓာ ဥစ္စာတွေအပေါ်မှာ ငါ ငါ့ဟာလို့ ဆုပ်ကိုင်ထားသူအတွက် သူတော်ကောင်းတရားဆိုတာလည်း ထည့်လို့ရဖို့ ခက်ကြမယ်။

– သီတဂူဆရာတော်ဘုရားကြီး။

## ဆရာတော်ဘုရားကြီး၏ အမိဋ္ဌာန်



**သာသနာသည် ငါ့အတွက်မဖြစ်စေရ၊ ငါသည်သာလျှင် သာသနာအတွက် ဖြစ်စေရမည်၊**

## ပြည်လုံးကျွတ် မွတ်ဆလင်ညီလာခံအား မြို့လုံးကျွတ် ကန့်ကွက်ဆန္ဒပြမည်

လာမည့် မေလ ၂၃ ရက်နေ့တွင် ကျင်းပမည့် ပြည်လုံးကျွတ် မွတ်ဆလင် ညီလာခံအား ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ပြည်သူများက မြို့လုံးကျွတ် ကန့်ကွက်ဆန္ဒပြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်ရှိ Excel Rever View Hotel တွင် မေလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ မွတ်ဆလင် ညီလာခံ ကျင်းပမည်ဖြစ်ကြောင်း သိရပြီး သင်လျင်မြို့ရှိ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်များသာမကခရစ်ယာန်နှင့်အခြားဘာသာဝင်များအားလုံးစုပေါင်းကာတရားဝင် ဆန္ဒပြကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**"ဘာသာရေးကို ခုတုံးလုပ်တဲ့ပွဲတွေပေါ်လာရင် ဘာသာရေး အဓိကရုဏ်း**

**တွေ ဖြစ်လာနိုင်တယ်။ ပြီးတော့ လက်ရှိဘုန်းကြီးတို့နိုင်ငံမှာ ဘာသာအလိုက် ပြည်လုံးကျွတ် ညီလာခံတွေ ကျင်းပဖို့ မလိုဘူးထင်တယ်**"ဟု သန်လျင် မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက်မှ ဆရာတော်တစ်ပါးမှ မိန့်သည်။

ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေးအဖွဲ့မှလည်း မွတ်ဆလင် ပြည်လုံးကျွတ်ညီလာခံအား ကန့်ကွက်ထားပြီး အစ္စလာမ်ဘာသာဝင်များက အခုလိုကျင်းပလျှင် နောက်ထပ် ဗုဒ္ဓဘာသာဝင်ပြည်လုံးကျွတ်ညီလာခံ၊ ခရစ်ယာန်ဘာသာဝင်ပြည်လုံးကျွတ်ညီလာခံ စသည်ဖြင့် ပေါ်လာနိုင်ကြောင်း ယခုကဲ့သို့ ပြောဆိုခဲ့သည်။

"**ဒီညီလာခံ မကျင်းပလို့ ဘာမှမဖြစ်ဘူး၊ ဘာသာတစ်ခုက ပြည်လုံးကျွတ်အဆင့် ကျင်းပလိုက်ရင် နောက်ထပ် ဗုဒ္ဓဘာသာဝင် ပြည်လုံးကျွတ် ညီလာခံ၊ ခရစ်ယာန်ဘာသာဝင် ပြည်လုံးကျွတ်ညီလာခံဆိုပြီး ထပ်ပေါ်လာနိုင်တယ်... အလံတွေ ထောင်ကြ၊ လူစုလူဝေးလုပ်ကြနဲ့ ဘာသာရေး ပဋိပက္ခတွေ ဖိတ်ခေါ်သလိုဖြစ်လာမယ်**"ဟုဆိုသည်။ ပြည်ထောင်စုသား မွတ်ဆလင်များပြည်လုံးကျွတ်ညီလာခံဆိုသည်မှာရည်ရွယ်ချက်ရှိရှိ ကျင်းပခြင်း ဖြစ်ပြီး မွတ်ဆလင်များကို ပြည်ထောင်စုသားများအဖြစ် မသတ်မှတ်နိုင်ကြောင်းကို ရန်ကုန်မြို့ အမျိုးသားကွန်ယက်မှ ဦးဆောင်လူငယ်တစ်ဦးယခုလိုပြောခဲ့သည်။

"**မွတ်ဆလင်က မွတ်ဆလင်ပေါ့ဗျာ၊ ပြည်ထောင်စုသားမွတ်ဆလင် ဆိုတာ မရှိဘူး။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား အဆက်ဆက် မြန်မာနိုင်ငံတည်ထောင်လာတာ မွတ်ဆလင်မရှိဘူး။ တိုင်းရင်းသား ၁၃၅ မျိုးမှာလည်း မွတ်ဆလင်မပါဘူး။ ဒီပွဲက နိုင်ငံရေးအမြတ်ထုတ်တာပဲ၊ မွတ်ဆလင်တွေ အင်အားကြီးလာရင် ဗုဒ္ဓဘာသာကို ပြဿနာရှာကြမှာ။ ရခိုင်က သက်သေပဲလေ၊ ဗုဒ္ဓဘာသာဝင်တွေ သွေးအေးနေလို့မဖြစ်တော့ဘူး၊ ဒီညီလာခံကို လာရောက်ကန့်ကွက်ဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်**"ဟု အဆိုပါ အမျိုးသားကွန်ယက်အဖွဲ့ဝင်တစ်ဦးမှ ဆိုသည်။

ပြည်ထောင်စုသားမွတ်ဆလင်များပြည်လုံးကျွတ်ညီလာခံ (Union Muslims Nationwide Conference) ကို မြန်မာတစ်နိုင်ငံလုံးရှိ အစ္စလာမ် ဘာသာဝင်ကိုယ်စားလှယ်အများအပြားတက်ရောက်ကာ မေလ ၂၃ မှ ၂၅ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု Union Muslims Nationwide Conference Organizing Committee( UMNCOC) မှ ကြေညာ ထားသည်။

**–ဇော်ကောင်း။ မျိုးစောင့် ဥပဒေ ပြဋ္ဌာန်းရေး** *Facebook* **မှ**

# အတုယူသင့်ပါတယ်

ဂျာမဏီနိုင်ငံဆိုတာ တကယ့်ကို စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုပါ။ အဲဒီလိုနိုင်ငံမျိုးမှာ ကြီးကျယ်ခမ်းနားတဲ့ ဇိမ်ခံပစ္စည်းတွေနဲ့ ဘဝကို နေထိုင်ကြမယ်လို့ လူတော်တော်များများဟာ တွေးကြပါလိမ့်မယ်။

ကျွန်တော်တို့ ဟမ်းဘတ်ကို ရောက်တဲ့အခါ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ စားသောက်ဆိုင်တစ်ဆိုင်ထဲကို လမ်းလျှောက်ပြီး သွားခဲ့ကြပါတယ်။ ကျွန်တော်သတိထားလိုက်မိတာက ဆိုင်ထဲမှာ စားပွဲတွေတော်တော်များများ လွတ်နေတယ်။ စားပွဲတစ်လုံးမှာတော့ လူငယ်စုံတွဲတစ်တွဲ ထိုင်နေကြပါတယ်။ စားပွဲပေါ်မှာလည်း ပန်းကန် (၂)ခုနဲ့ ဘီယာ (၂)ဘူးပဲရှိတယ်။ ဒီလောက်ရိုးရှင်းတဲ့ အစားအသောက်လေးတွေနဲ့ဆိုရင် ဒီကောင်မလေးက ဒီလိုကပ်စေးနဲတဲ့ ကောင်လေးကို မထားခဲ့ဘူးလားလို့ ကျွန်တော် တွေးမိတယ်ဗျ။

နောက်ထပ်စားပွဲမှာတော့ အမျိုးသမီးတစ်ချို့ရှိကြတယ်။ စားပွဲထိုးလေးက အစားအသောက်တွေ လာချပေးပြီးတော့ သူတို့စားကြသောက်ကြတဲ့အခါ ကျွန်တော်ကြည့်နေတယ်... သူတို့တွေက အစားအသောက် အားလုံးကို လုံးဝ မကျန်အောင် (ရှင်းရှင်းပြောရရင်တော့ဗျာ အကုန်ပြောင်အောင်) စားလိုက်ကြတယ်။

ကျွန်တော်တို့ကလည်း ဗိုက်ဆာနေပြီဆိုတော့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်(ကျွန်တော်တို့နိုင်ငံကပါပဲ)က အစားအသောက်တွေ အများကြီး မှာလိုက်တယ်။ ကျွန်တော်တို့ စားသောက်ပြီးလို့ ပြန်မယ်ဆိုပြီး ပိုက်ဆံရှင်းတဲ့အချိန်မှာ အစားအသောက်တွေ သုံးပုံတစ်ပုံလောက်ကို မစားရသေးဘဲ ကျန်နေသေးတယ်။

ကျွန်တော်တို့ စားသောက်ဆိုင်ထဲက ထွက်လာတော့ အမျိုးသမီးကြီးတွေက ကျွန်တော်တို့ကို အင်္ဂလိပ်လို ပြောပါတယ်။ ကျွန်တော်တို့က အစားအသောက်တွေကို ကုန်အောင်မစားဘဲနဲ့...ချန်ထားခဲ့တဲ့အတွက် (အစားအသောက်တွေကို မလိုအပ်ဘဲ ဖြုန်းတီးခဲ့တဲ့အတွက်)စိတ်မကောင်းကြောင်း ပြောတာပါ။

ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်က "**ကျွန်တော်တို့မှာစားတဲ့ အစားအသောက်တွေအတွက် ကျွန်တော်တို့ ပိုက်ဆံ ရှင်းပြီးပြီလေ ...ကျန်တာ/မကျန်တာ ခင်ဗျားတို့ကိစ္စမဟုတ်ပါဘူး**"လို့ ပြောလိုက်ပါတယ်။ အဲဒီလိုလည်း ပြောလိုက်ရော...အမျိုး သမီးတွေက စိတ်ဆိုးပြီးတော့ ချက်ချင်းပဲ တစ်ယောက်က ဟန်းဖုန်းကိုထုတ်ပြီး တစ်ယောက်ယောက်ဆီကို ဖုန်းခေါ်လိုက်ပါတယ်။

ခဏလောက်ကြာတော့ လေသံနည်းနည်းမာမာနဲ့ "**မင်းတို့ မှာစားချင်သလို မှာစားလို့ရတယ်။ မင်းတို့ပိုက်ဆံနဲ့စားတာ၊ ဒါပေမယ့် အစားအသောက်တွေက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးနဲ့ဆိုင်တယ်။ ကမ္ဘာနဲ့အဝန်းမှာ အစာရေစာပြတ်လတ်နေတဲ့သူတွေ ငတ်နေတဲ့သူတွေ အများကြီးပဲ၊ ဘယ်လို အကြောင်းနဲ့မှ အစားအသောက်တွေကို ဖြုန်းတီးစရာ အကြောင်းမရှိဘူး**"လို့ပြောပါတယ်။

အဲဒီလိုချမ်းသာတဲ့ နိုင်ငံကြီးတစ်နိုင်ငံက လူတွေရဲ့ စိတ်ဓာတ်ကကျွန်တော်တို့ကို တကယ်ပဲ အရှက်ရသွားစေပါတယ်။ တကယ်ဆိုရင် မကောင်းတဲ့အကျင့်တွေကို ပြောင်းလဲပြီး သူတို့ရဲ့ အလေ့အကျင့်ကောင်းကို အတုယူသင့်ပါတယ်။ သိပ်မှန်ပါတယ်...

"**မင်းတို့ပိုက်ဆံဆိုပေမယ့် အစားအသောက်တွေက လူမှုအဖွဲ့အစည်းတစ်ရပ်လုံးနဲ့ဆိုင်တယ်**"တဲ့။ ကျွန်တော်တို့ ကြိုးစားအတုယူရပါလိမ့်မယ်။

**–မေတ္တာမြိုင် မျှဝေထားသော** ***Facebook*** **မှ။**

* အခြားသူများ တွေ့ခဲ့ရတဲ့ အခက်အခဲများကို သင်ခန်းစာယူ၍ သင့်အတွက် အကျိုးရှိစေရန် အသုံးချပါ။

***Draw from other people's dangers the lesson that may profit yourself.***

## ဘဝဒဿန



* အစားထိုးမရတဲ့ဆုံးရှုံးမှု (၂)ခုရှိတယ်။ မိဘနဲ့အချိန်။
* လူတစ်ယောက်ရဲ့ ဘုန်းတန်ခိုးဟာ အလုပ်လုပ်ခြင်းပဲ။
* ဆင်ခြေပေးတဲ့ပါးစပ် ထမင်းငတ်တတ်တယ်။
* မလုပ်တတ်ကြောင်း များများပြောလေ မလုပ်တတ်လေ။
* နေးတာ အရေးမကြီးဘူး၊ ရပ်မနေဖို့ပဲ အရေးကြီးတယ်။
* လိုသလောက်မရနိုင်ပေမယ့် လုပ်သလောက်တော့ ရနိုင်ပါတယ်။

**–ဦးထွန်း(တတု)။**


ဟဲ့ ကလေးတွေ သွားသွား ဒီမှာအမှိုက် ကောက်လို့မရဘူး..ဒါ ဝန်ကြီးကောက်ဖို့ ထား..ထားတာ...
ဘယ်ကောင်တွေ..လက်ကမြန်းသွား တာလဲ..ကွ...
တရုတ်
မြန်မာ့စီးပွားရေးဦးစိုင်

## သင့်ကိုယ်ပိုင်အချိန်တွေဖဲ့ပေးပြီး ပေါင်းရလောက်အောင်
## မထိုက်တန်တဲ့ သူငယ်ချင်းအမျိုးအစား(၇)မျိုး

**၁။ ကိုယ့်အစီအစဉ်တွေကို မသိမသာ လိုက်ဖျက်နေတတ်သူ**

တစ်ခါတစ်လေ သူငယ်ချင်းတွေနဲ့ မဟုတ်ဘဲ ချစ်သူနဲ့တွေ့ရမယ့်အချိန် ကိုယ့်ဆီ ဘွားခနဲပေါ်လာပြီး ဘယ်သွားမယ်၊ ဘာလုပ်မယ် အရှောင်းကြီး လိုက်စီစဉ်ပစ်လိုက်တဲ့ သူငယ်ချင်းမျိုး ကြုံဖူးပါသလား။ ဒါမှမဟုတ်လည်း မိသားစုကို အချိန်ပေးမယ်လို့ စဉ်းစားလိုက်တာနဲ့ ကိုယ့်ကို အပြင်အတင်းခေါ်ထုတ် သွားတတ်တဲ့ သူငယ်ချင်းမျိုးပေါ့။ ကိုယ်စီစဉ်ထားတွေကိုသိရလျက်နဲ့ ကိုယ့်ကို သူနဲ့အတူ အဖော်လိုက်ပေးဖို့၊ အချိန်ဖြုန်းပေးဖို့ အတင်းပြုမှုလုပ်ဆောင်နေတဲ့ သူငယ်ချင်းမျိုးဟာတကယ်ကို စိတ်ပျက်စရာကောင်းတဲ့သူပါ။ သူဟာ ကိုယ့်အပေါ် ဘာလေးစားမှု၊ နားလည်မှုမှုပေးနိုင်မယ့်သူ မဟုတ်ဘူးဆိုတာ သေချာနေပါတယ်။

**၂။ သူ့အကြောင်းကိုချည်း နင်းကန်ပြောတတ်သူ**

သင်က သင့်အကြောင်း တစ်ခုခု ပြောလိုက်တယ်ဆိုပါစို့။ ဉပမာ–နောက် တစ်ပတ်ကျရင် တစ်နေရာရာကို ခရီးသွားမယ်ဆိုတာမျိုးပေါ့။ သူက ကိုယ့် အကြောင်း ဆက်နားမထောင်တော့ပဲ သူအဲ့ဒီနေရာကို ဘယ်တုန်းကရောက်ပြီး၊ ဘာတွေလုပ်တယ်၊ ဘာဖြစ်တယ်ဆိုတာ ဆက်တိုက်ပြောဆိုနေတတ်တဲ့ သူငယ် ချင်းမျိုး၊ ကိုယ့်အကြောင်း နည်းနည်းလေး မပြောလိုက်ရနဲ့ ကိုယ်က ပြောရမယ် မရှိဘဲ သူချည်းဖိပြောနေတတ်တာမျိုးဟာ အတော်စိတ်ပျက်စရာကောင်းတာပါ။ အထူးသဖြင့် သူဟာ တစ်ဖက်လူစကားကို အလေးပေးနားထောင်ရမယ်ဆိုတဲ့ အခြေခံအသိလေးတောင် မရှိပါဘူး။

**၃။ သူနဲ့အတူ မှုးယစ်ဆေးဝါးသုံးကြည့်ဖို့ ကိုယ့်ကိုအတင်းဖိအားပေးတတ်သူ**

သူနဲ့မတွေ့လိုက်နဲ့၊ တွေ့တာနဲ့ သူသုံးတဲ့ မူးယစ်ဆေးဝါးတစ်ခုခုကို သူနဲ့ အတူသုံးဖို့ သင့်ကို ဖိအားပေးတတ်သူဟာ မပေါင်းအပ်တဲ့ သူငယ်ချင်းပါပဲ။ အနည်းဆုံးတော့ သင့်ရဲ့ ဆုံးဖြတ်ချက်အတိုင်းသာ ရှိသင့်ပါတယ်။ လုပ်ဆောင် သင့်ပါတယ်။

**၄။ ကိုယ်စိတ်ဝင်စားနေတဲ့သူကို ကိုယ်ကြိုက်နေမှန်း သိလျက်နဲ့ အတင်း လိုက်ကပ်နေတဲ့သူ**

သူငယ်ချင်းဆိုတာ တစ်ယောက်ရဲ့ခံစားချက်ကို တစ်ယောက် နာကျင်

အောင်တော့ မလုပ်တတ်ကြပါဘူး။ အထူးသဖြင့် အချစ်ရေးမှာဆိုရင်လည်း ကိုယ့်သူငယ်ချင်း စိတ်ဝင်စားနေတဲ့သူကို ကိုယ်ကသိသိကြီးနဲ့ အတင်းလိုက်ရော၊ လိုက်ကပ်ပြီး ကိုယ့်ကိုကြိုက်အောင် လုပ်တာမျိုးဆိုတာ ဘယ်လိုမှ မလုပ်သင့်၊ မဖြစ်သင့်တဲ့အရာပါ။

**၅။ သင့်ဘဝအတွက် အခက်အခဲကြီးကြီးမားမားရှိနေချိန် သင့်ကို အဖော် တောင် မလုပ်တဲ့သူ**

ဘဝအတွက် အပြောင်းအလဲဖြစ်စေမယ့် အရာတွေ သင်လုပ်ဆောင်နေရတဲ့ အချိန်၊ ဒါမှမဟုတ် အခက်အခဲတွေကြုံနေရချိန် သင့်ဘေးမှာမရှိတဲ့ သူငယ်ချင်း၊ သင်အရေးတကြီးလိုအပ်နေချိန်တောင် သင့်ဆီ ရောက်မလာနိုင်တဲ့ သူငယ်ချင်းမျိုး ကိုတော့ သင့်စိတ်ထဲမှာ ဘာလို့အရေးပေးနေတော့မှာလဲ။

**၆။ သူနဲ့မခင်တဲ့ သင့်ရဲ့အခြားသူငယ်ချင်းတွေကို အမြဲအပြစ်ပြောဆို ဝေဖန်တတ်သူ**

လူတိုင်းဟာ တွေ့လိုက်တာနဲ့ကို ခင်ခင်ရင်းနှီးသွားရမယ်လို့ မဟုတ်ပေမယ့် သူကတော့ အဆိုးမြင်ဝါဒီသမားသက်သက် ဖြစ်နေတာပါ။ အထူးသဖြင့် သင့်ရဲ့ အခြားသော သူငယ်ချင်းတွေကို သူကြည့်မရတာမျိုး၊ သင့်အလုပ်က သူတွေကို အကောင်းမပြောတာမျိုး၊ သူနဲ့အဆင်ပြေတဲ့သူဆိုလို့ သင်ကလွဲပြီး အခြား မရှိနိုင်တော့ပါဘူး။

**၇။ သင့်ကို မနာလိုဖြစ်ပြီး သင့်အတွက် ဘယ်တော့မှ ပျော်ရွှင်မပေးနိုင်သူ**

သင်တစ်ခုခုကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်တိုင်း သူဘယ်တော့မှ ချီးမွမ်းပြောဆိုတာမျိုး မရှိပေမယ့် မျက်နှာပျက်သွားတာမျိုးတော့ အခါခါပါ။ အဲ့ဒီအချိန် သင်နဲ့စကားမပြောချင်တော့သလိုလို လုပ်ပစ်တာမျိုးလည်း သင်ကြုံ ရနိုင်ပါတယ်။ သူငယ်ချင်းဖြစ်ပြီးသင်နဲ့အတူလိုက်ပြိုင်နေတယ်လို့ ခံစားရရင်တော့ သူငယ်ချင်းစာရင်းကသာ အမြန်ထုတ်ပစ်လိုက်ပါ။

*Credi to Trend Myanmar*

*K.K(ကနောင်) နည်းစနစ်တကျကျ အတွေးအခေါ် Facebook မှ။*

**စကားဆိုတာ**

**တု** မပြောနဲ့၊ **လု** မပြောနဲ့၊ **မောက်** မပြောနဲ့၊ **ဟောက်** မပြောနဲ့၊ **ပြိုင်** မပြောနဲ့၊ **ကန့်** မပြောနဲ့၊ **ငြင်း** မပြောနဲ့၊ **တင်း** မပြောနဲ့၊ တွေး–ထိန်း–ချိန်ဆ၊ အမှန်ပြော၊ လူချစ်လူခင်ပေါ။

*-Min Kha Soe San.*

## ကိုရမ်ကျမ်းကို ပထမဆုံးအကြိမ် ဖတ်မိပြီးသည့်နောက် ချက်ချင်းပင်အစ္စလာမ်ကိုစွန့်ခွာခဲ့သည့် အမျိုးသမီးတစ်ယောက်အကြောင်း

ဂိုသင်ဘတ်၊ ဆွီဒင်–မိုနာ ဝေါလတာ(Mona Walter) သည် မစ်ရှင်တစ်ခုကို ထမ်းဆောင်နေသည်။ သူမ၏မစ်ရှင်မှာ မွတ်ဆလင်များ ကိုရမ်ကျမ်းထဲတွင် မည်သို့ပါရှိသည်ကို သိစေရန်ပညာပေးခြင်းဖြစ်သည်။ "ကိုရမ်ကျမ်းထဲ၌ မည်သို့ပါရှိသည်ကို မွတ်ဆလင်များ ပိုမိုသိရှိလာကြလျှင် မွတ်ဆလင်များ အစ္စလာမ်ကို ပို၍ပို၍ စွန့်ခွာသွားကြလိမ့်မည်"ဟု သူမက ပြောကြားခဲ့သည်။

ဝေါလတာသည် အသက် ၁၉ နှစ်အရွယ်တွင် စစ်ဘေးဒုက္ခသည် တစ်ယောက်အနေနှင့် ဆိုမာလီယာမှ ဆွီဒင်သို့ စတင်ရောက်ရှိလာခဲ့သည်။ အမျိုးသမီးများ၏ အခွင့်အရေးကို ယောကျ်ားများနှင့်တန်းတူပေးထားသော ဆွီဒင်သို့ ရောက်ရသည်ကို သူမစိတ်လှုပ်ရှားမိသည်။ သို့သော် မွတ်ဆလင်အမျိုးသမီးငယ်တစ်ယောက်အနေနှင့် သူမ ကြုံတွေ့ရသော ဆွီဒင်က ဤသို့မဟုတ်ပါချေ။

ဆွီဒင်တွင် ပထမဆုံး သူမ နီးစပ်စွာ တွေ့ကြုံရသည်က အစွန်းရောက် အစ္စလာမ်သာဖြစ်သည်။

**"ကျွန်မ အစ္စလာမ်ကို ဆွီဒင်မှာ ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဆိုမာလီယာမှာဆိုရင်တော့ ကျွန်မတို့က ကိုရမ်ဆိုတာကို မဖတ်ဖူးတဲ့ မိဘရိုးရာမွတ်ဆလင်ပဲလေ။ ဒါပေမယ့် ဆွီဒင်ကိုရောက်လာတော့ ကျွန်မတို့ ဗလီကိုသွားရတယ်။ ဗလီမှာ ကိုရမ်ရှိတယ်လေ။ သူများအပြောအဆိုလွတ်အောင် ကာဗာယူတာပေါ့လေ။ ကိုယ့်ကိုယ်ကိုယ် မွတ်ဆလင်ကောင်းတစ်ယောက်အဖြစ် ဒီလိုလုပ်ရတယ်"**။

ဆွီဒင်ရောက်လာပြီးသောအခါ "**အလက္ကာဟ်ဆိုသည်မှာ 'အမုန်းစတ်တုရား'၊ အစ္စလာမ်ဆိုသည်မှာ ငြိမ်းချမ်းသောဘာသာ မဟုတ်**"ဟု သူမရှာဖွေတွေ့ရှိခဲ့ကြောင်း ဝေါလတာက ပြောကြားသည်။

**"ကိုရမ်မှာက အမုန်းတရားတွေ၊ အစ္စလာမ်နှင့်သဘောထားမတူသူတွေကို သတ်မယ်ဆိုတာတွေချည်းပဲ။ စစ်တိုက်ပြီး အောင်ပွဲခံတာတွေပဲ ပြည့်လို့။ နိုဟာမက်က အကျင့်စာရိတ္တအင်မတန်သိမ်ဖျင်းသူပဲ။ သူက သွေးဆာနေတဲ့ သူကြီး။ တော်တော့ကို ဆိုးတဲ့သူတစ်ယောက်။ မွတ်ဆလင်တွေ သူဘယ်လိုဂျူးတွေကို ပြုမူခဲ့တာ၊ အမျိုးသမီးတွေကို ဘယ်လိုသတ်ခဲ့တာ၊ သူဘယ်လိုလူတွေကိုသတ်ခဲ့တာတွေကို သူ့အကြောင်း အတ္ထုပ္ပတ္တိမှာ ဖတ်ကြည့်လို့ရတယ်။**

**ကျွန်မဆိုလိုဟာက သူက သူနှင့်သဘောမတူညီတဲ့သူတိုင်းကို သတ်ပစ် ခဲ့တယ်**''ဟု သူမက ရှင်းပြခဲ့တယ်။

သတ္တိမွေးပြီးနောက် ပေါ်လာတာသည် အစ္စလာမ်ကိုစွန့်ခွာကာ ဘာသာမဲ့ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် သမ္မာကျမ်းစာကိုဖတ်ပြီးနောက် ခရစ်ယာန်သို့ ပြောင်းလဲခဲ့သည်။ သူမသည် ကိုရမ်ကို လေ့လာဖတ်ရှုပြီး ကိုရမ်စာပိုဒ်များကို ကူးယူကာ လမ်းများထက်တွင် မွတ်ဆလင်အမျိုးသမီးများကို လက်ကမ်းဝေသည်။ ''**တစ်ခါတစ်လေ သူတို့နားထောင်ကြပါတယ်။ တစ်ခါတစ်လေ သူတို့** တော်တော် စိတ်ပျက်သွားကြတယ်။ ကျွန်မသူတို့ကို ပြောတယ်။'ရှင်တို့ယောက်ျားတွေခိုင်းတဲ့အတိုင်း ရှင်တို့က မလိုက်နာဘူးဆိုရင် သူတို့က ရှင်တို့ကို ရိုက်နှက်ခွင့်ရှိတယ်။ အဲဒါသိလား'လို့။ သူတို့က ဖြေပါတယ်။ 'မဟုတ်ဘူး၊ အဲလို ဆိုမထားဘူး''တဲ့။ ကျွန်မက ပြန်ပြောတယ်။ ''ဆိုထားတယ်။ ကိုရမ်မှာ ဒီလိုဆိုထားတယ်''ဆိုပြီးတော့။ **အကယ်၍ ကျွန်မသာ သူတို့တွေကို မိုဟာမက်အကြောင်း၊ ကိုရမ်အကြောင်း၊ လူသတ်တဲ့၊ အငြိုးကြီးကြီး အမုန်းတရားမွှားတတ်တဲ့၊ မိန်းမတွေကို ခွဲခြားတဲ့ အစ္စလာမ်ဘုရားအကြောင်း ပြောလိုက်ရင် သူမတို့တွေ ရွေးချယ်စရာဖြစ်လာပြီး အစ္စလာမ်ကို စွန့်ခွာသွားလိမ့်မယ်လို့ ကျွန်မထင်တယ်**''ဟု သူမက ရှင်းပြခဲ့သည်။

(ဗဟုသုတအဖြစ် မျှဝေသည်)

–နီ မြိုန်မာ *Facebook* မှ။

တစ်ခါတစ်ခါ ကိုယ့်အမြင်တွေဟာ မပြည့်စုံသလို
သူ့အမြင်တွေဟာလည်း လိုနေတာတွေ ရှိတတ်ပါတယ်။
အဲဒီအချက်ကို မသိခဲ့ရင် ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ပြီး
တစ်ဖက်သားကို အထင်သေးတဲ့ရောဂါ အလိုလို ဖြစ်လာတတ်တယ်။

–ရွှေအင်ကြင်းဆရာတော်။

သားသမီးတွေက ဒုက္ခရောက်ရင် မိဘတွေကို သတိရကြတယ်။
**မိဘတွေကတော့ သားသမီးတွေကို စိတ်ညစ်လည်း သတိရတာပဲ။
ပျော်နေလည်း သတိရတာပဲ...။** *(K.T.K)*

# မိန်းမ, မဝင်ရပညတ်ချက်



မြန်မာဘာသာရေးနယ်ပယ်၌ ထေရဝါဒနှင့်မပတ်သက်တဲ့ ဗြာဟ္မဏဝါဒမှ ဝင်ရောက်လာဟန် လက္ခဏာရှိသော ဓလေ့တစ်ခုရှိပါ၏။

ယင်း ဓလေ့ကား သိမ်များ၊ ဘုရားတန်ဆောင်းများထဲသို့ "မိန်းမ မဝင်ရ"ဟု တားမြစ်ခြင်းပင် ဖြစ်ပါသည်။

ဤဓလေ့မှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တွင်ကျယ်ပျံ့နှံ့မှုတော့ မရှိပါ။ ကျိုက္ခမီ၊ ကျိုက်မရော၊ ကတိုးကော့နှပ်နှင့်ကျိုက်ထီးရိုး စသည်တို့၌သာ ခေတ်စားပါ၏။ မြန်မာပြည်ရှိ အခြားမြို့ရွာ နယ်ပယ် အများတို့တွင်ကား ယင်းသို့ "မိန်းမ မဝင်ရ"ဟု တားမြစ်ထားသော ဘာသာရေး အဆောက်အဦးဟူ၍ မရှိ သလောက်ပင်ဖြစ်၏။

**ဗုဒ္ဓမြတ်စွာသည် လူဝတ်ကြောင်ဖြစ်သော ယောကျ်ားနှင့်မိန်းမတို့အား အတန်းအစားခွဲခြားတော်မမူခဲ့ပါ။ မိန်းမတို့ကို နှိမ့်ချ၍ မထားခဲ့ပါ။ ဧတဒဂ် ပေးတော်မူရာ၌ပင် ဘိက္ခုတို့ကို ပေးတော်မူသကဲ့သို့ ဘိက္ခုနီမတို့ကိုလည်း ပေးတော်မူပါ၏။ ဘုရားရှင်သည် ဘုရား၏ရှေ့မှောက်သို့ "မာတုဂါမများ" (အမျိုးသမီးများ) လာရောက်၍ မဖူးရဟူ၍လည်း ပညတ်တော်မမူခဲ့ပါ။**

မိန်းမများကို ဟိုအဆောက်အဦးထဲ မဝင်ရ၊ ဒီအဆောက်အဦးထဲ မဝင်ရဟူ၍ ပညတ်ခြင်းမှာ ဟိန္ဒူဘာသာ စည်းကမ်းနည်းလမ်းများသာ ဖြစ်ပါသည်။

ဟိန္ဒူဝါဒ၌ မိန်းမတို့၏အခန်းကဏ္ဍသည် အလွန်တရာသေးသိမ်၏။ **မိန်းမများကို ယောကျ်ားတို့ သုံးဆောင်ဖွယ်ရာ ပစ္စည်းဘဏ္ဍာတို့တွင် အကောင်းမွန် အမြင့်မြတ်ဆုံးသော ပစ္စည်းဘဏ္ဍာတစ်ခုဟုပင် ယူဆထားကြပါ၏။** ရှေးအခါက မီးသင်္ဂြိုဟ်ခံရသော ဓလေ့ထုံးစံပင် ရှိခဲ့ဖူးပါသည်။ ဟိန္ဒူတရား ဥပဒေကျမ်းအရ ယောကျ်ားသည် မိန်းမယူရာ၌ အကန့်အသတ်မရှိ၊ အလိုတော်ရှိသလောက် ယူပိုင်ခွင့်လည်းပေးထား၏။

**"မိန်းမ မဝင်ရ၊ မတက်ရ"ဟူသော တားမြစ်ချက်မှာ လူမျိုးဓလေ့**

**အယူအဆမျိုးသာဖြစ်ရာ ဘာသာရေး ပညတ်ချက် မဟုတ်ပါ။**

ထိုမိန်းမ မဝင်ရဆိုသော သိမ်ကျောင်း၊ တန်ဆောင်းများအတွင်းသို့ မိန်းမများ ဝင်ရောက်၍ ပန်း၊ ဆီမီး၊ ရေကပ်လှူခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားအားထုတ်ခြင်း စသည်တို့အတွက် ဘာသာရေးတားမြစ်ချက်မရှိ၍ အပြစ်ဖြစ်သည်ဟုကားမဆိုနိုင်။ ဆိုစရာလည်း မကြောင်းမရှိ။ သို့သော် ရပ်ရွာဓလေ့၊လူမျိုးအယူအဆပိုင်းဆိုင်ရာ တားမြစ်ချက်များဖြစ်၍ လိုက်နာရှောင်ကြဉ်ခြင်းဖြင့်အပန်းမကြီးပါ"

အနိုင်းမဲ့ကျေးဇူးတော်ရှင်မြတ်ဘုရား သက်ရှိထင်ရှားရှိစဉ်ကပင် သူ့ထံတော် မှောက်သို့ မာတုဂါမများ(အမျိုးသမီး)ကို ဝင်ရောက်ဖူးမြော်ခွင့်ပေးခဲ့ပါလျက် ဘာသာရေးအဆောက်အဦးထဲ "မိန်းမ မဝင်ရ"ဟုတားမြစ်ခြင်းမှာ တရားမျှတ သော ပညတ်ချက် ဟုတ်၏–မဟုတ်၏ဟူသည်ကို အသိဉာဏ်ရှိသူတိုင်း မှန်ကန် စွာ ဆုံးဖြတ်နိုင်လိမ့်မည်။

*မင်းနန့်(ဖော်ကျွန်း၊)၏ အယူအမြင်မှန်ကန်ရေးမှ စုစည်းတင်ပြသည်။*

*-ကိုဖိုးသာ။ Facebook မှ။*

သေသူ **နှင့်** သရဏဂုံ

**အရိုးစွဲနေတဲ့ အယူအဆတစ်ခုဖြစ်တဲ့**
**သေသူကို သရဏဂုံ တင်တယ်ဆိုတဲ့ အစဉ်အလာ**

တစ်နေ့ အရေးပေါ် နိုင်ငံခြားကခေါ်တဲ့ ဖုန်းဝင်လာလို့ ကိုင်လိုက်တော့–

**"ဘုန်းဘုန်းဘုရား... တပည့်တော် ဘယ်နိုင်ငံ ဘယ်မြို့မှာ ရောက်နေတဲ့ ဘယ်သူပါဘုရား...၊ တပည့်တော် သူငယ်ချင်းတစ်ယောက် မနေ့ကပဲ ရုတ်တရက် ဆုံးသွားလို့၊ အဲဒါ တပည့်တော် ရောက်နေတဲ့ နိုင်ငံမှာကလည်း ဘုန်းကြီးမရှိဘူးဖြစ်နေတာကြောင့် သူ့အတွက် သရဏဂုံတင်တာကို ဖုန်းနဲ့ တစ်ဆင့်၊ ဒါမှမဟုတ် အင်တာနက်ကတစ်ဆင့် တင်ပေးလို့ရသလားဘုရား"**

ဆိုတဲ့အမေးနဲ့ ထူးထူးဆန်းဆန်း အဖြစ်တစ်ခု သိလိုက်ရပါတယ်။ ခေတ်မီ လိုက်တာ၊ သရဏဂုံကိုတောင် ဖုန်းတွေ၊ အင်တာနက်တွေကတဆင့် တင်လို့ ရသလားတဲ့။ "သေတဲ့သူက သေသွားမှပဲ သရဏဂုံ မတင်လည်းဖြစ်ပါတယ်။ မီးသင်္ဂြိုဟ်ပြီးသူ့အတွက်ကုသိုလ်လုပ်သမျှပဲ ပေးဝေပေးလိုက်ပါ"လို့ ပြန်ပြောရင်း အလွဲတစ်ခုအတွက် အများဖတ်ပြီး အသိတစ်ခုရစေဖို့ "**သူသေကောင်နဲ့ သရဏဂုံ**"ဆိုတဲ့ ခေါင်းစဉ်နဲ့ ပို့စ်တစ်ခု တင်ပြဖြစ်ပြန်ပါတယ်။

ဟုတ်တယ်။ ဗုဒ္ဓဘာသာတွေရဲ့ အရိုးစွဲနေတဲ့ အလွဲတကာ့ အလွဲတွေထဲမှာ ဒီသေသူကို သရဏဂုံတင်ရမယ်ဆိုတဲ့ အလွဲကလည်း ဖျောက်ဖို့ခက်တဲ့ အလွဲတစ်ခု ဖြစ်နေပါတယ်။ တကယ်တော့ သရဏဂုံဆိုတာ တင်ပေးလို့ရတဲ့အရာ မဟုတ်ပါဘူး။ ဆောက်တည်မှ ရတဲ့အရာဖြစ်ပါတယ်။ ဆောက်တည်မှရတဲ့အရာဆိုရင် အသက်ရှိမှ ဆောက်တည်လို့ရမှာဖြစ်လို့ သရဏဂုံတည်အောင် လုပ်နိုင်တာလည်း အသက်ရှင်နေတဲ့သူပဲ လုပ်နိုင်တာဖြစ်ပါတယ်။ ဒါဆို သေတဲ့သူအတွက် သရဏဂုံဟာ တင်ပေးလို့လည်းမရသလို တည်အောင်ဆောက်လို့လည်း မရဘူးဆိုတာ ရှင်းပါတယ်။ အဲဒါကိုပဲ ဗုဒ္ဓဘာသာတွေက လူသေရင် သရဏဂုံတင်ရတယ်ဆိုတာကြီးက စွဲနေကြတော့တာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာမှာ သရဏဂုံ ဆောက်တည်ထားတဲ့ သူတွေအတွက် သရဏဂုံပျက်ခြင်းအကြောင်း နှစ်မျိုးရှိပါတယ်။

**တစ်မျိုးက** သေသွားရင် သရဏဂုံ ပျက်သွားပြီ။

**နောက်တစ်မျိုး**ကတော့ ရတနာသုံးပါးထက် ကျန်တဲ့အရာတွေကို ပိုပြီးအားကိုး ယုံကြည်ကိုးကွယ်ရင် သရဏဂုံ ပျက်ပါတယ်။ တစ်ချို့က ရတနာသုံးပါးအပေါ် ယုံကြည်ကိုးကွယ်မှု မပျက်ပေမယ့် အခြေအနေအရ အခြားအယူဝါဒတွေကို ကိုးကွယ်ပူဇော် ပသနေရတာတွေရှိပါတယ်။ ဥပမာ– ကြောက်လို့ပဲဖြစ်ဖြစ်၊ လာဘ်လာဘကြောင့်ပဲဖြစ်ဖြစ်၊ အစဉ်အလာ ကိုးကွယ်လာမှုများကြောင့်ပဲဖြစ်ဖြစ်ပေါ့။ ဒီလို ကိုးကွယ်ပူဇော်မှုမျိုးမှာတော့ သရဏဂုံ မပျက်ပါဘူး။ သရဏဂုံတော့ ညစ်နွမ်းပါတယ်။

ထားပါတော့။ ဒီနေရာမှာ ပြောချင်တာက သေသွားရင် သရဏဂုံတင်ပေးလို့ မရတော့တဲ့အပြင် အသက်ရှင်စဉ်က ဆောက်တည်ခဲ့တဲ့ သရဏဂုံပါ ပျက်သွားတာ ဖြစ်တဲ့အတွက် သေသူကို သရဏဂုံတင်တယ်ဆိုတာ မှားနေတဲ့ အယူအဆဖြစ်တယ်ဆိုတာ ပြောချင်တာပါ။ တစ်ခုတော့ ရှိတယ်။ သေသူကို သရဏဂုံတင်တာ မဟုတ်ဘဲ သေတဲ့သူကို ရည်စူးပြီး ကုသိုလ်လုပ် အမျှဝေပေးတာ၊ သေသူကို အကြောင်းပြုပြီး ကျန်ခဲ့တဲ့သူတွေမှာ သောကပရိဒေဝတွေကြောင့် သရဏဂုံ ညှိုးနွမ်းနေတဲ့အပေါ်မှာ ပြန်လည်သတိတရ ဖြစ်လာအောင် ကုသိုလ်လုပ်ကြတယ်ဆိုရင်တော့ ဒါဟာ အဓိပ္ပါယ်ပြည့်ဝပြီး တပေနဲ့ညီကာ သဘာဝလည်း ကျပါတယ်။ အဲဒီလိုပဲ ဖြစ်သင့်ပါတယ်။

သေသူကို သရဏဂုံတင်တာ မဟုတ်ဘဲ သေသူကို ရည်စူးပြီး ကုသိုလ်လုပ်တာဆိုရင်တော့ သေတဲ့နေ့ကစပြီး အချိန်မရွေး၊ နေရာမရွေး အကာ

အသတ်မရှိ ကုသိုလ်လုပ်၊ အမှုပေးဝေနိုင်ပါတယ်။ သေသွားတဲ့သူက သာခုခေါ် နိုင်လို့ ခေါ်သွားရင် သူ့အတွက် ကောင်းသွားပြီး မခေါ်နိုင်လည်း ကျန်တဲ့သူတွေ အတွက် ကုသိုလ်ရစေတဲ့ အလုပ်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် အရိုးစွဲနေတဲ့ အယူအဆတစ်ခုဖြစ်တဲ့ သေသူကို သရဏဂုံ တင်တယ်ဆိုတဲ့ အစဉ်အလာအယူအဆဟာ ဗုဒ္ဓဘာသာအလိုအရ လွဲမှားနေပြီး လုပ်ပေးလို့မရတဲ့ အယူအဆ ဖြစ်နေတယ်ဆိုတာကို သဘောပေါက်နားလည်ကာ နောက်နောင် ဘယ်သူပဲသေသေ သေသူကို သရဏဂုံတင်တာတွေ လုပ်စရာမလိုတဲ့ **သေသူကို ရည်စူးပြီး ကုသိုလ်လုပ်အမှုပေးတာတွေပဲ လုပ်သင့်တယ်ဆိုတာ သတိပြုနိုင်ကြစေဖို့** လွဲနေတဲ့ အလွဲတစ်ခုအဖြစ် သူသေကောင်နဲ့ သရဏဂုံ အကြောင်း တစ်စေ့တစ်စောင်း ရေးသားတင်ပြလိုက်ရပါတယ်။

*-ရေးသူ အမည်မသိ၊ နောင်တွေ့ရှိပါက ဖော်ပြပေးပါမည်။*

## ပရဟိတစိတ်မွေးပါ

မြစ်ချောင်းများထဲမှရေများကို မြစ်ချောင်းများက ပြန်မသောက်သုံး။
မြစ်ချောင်းနားဘေးမှ လူများသာ သောက်သုံးကြတယ်။
ကြီးထွားလာသမျှသော သစ်ပင်များကို သစ်ပင်များက ပြန်မစားကြ၊
သတ္တဝါများကသာ စားသုံးကြတယ်။
နွားများသည် မိမိနို့ကို ပြန်မသောက်၊ လူများကသာ သောက်သုံးကြတယ်။
နွားထီးများကလည်း ပဲ့ပေါက်သည်အထိ ဆန်စပါးရအောင်
ကုန်းရုံးလုပ်ပေးပေမယ့် ဒါတွေကို လူတွေပဲ စားသုံးကြရတယ်။
ဉာဏ်နဲ့ယှဉ် အသိမရှိကြတဲ့ "သစ်ပင်မြစ်ချောင်း နို့စားနွားမကောင်း
ဆန်စပါးပေးတဲ့ နွားထီးကောင်းများကပင် ဤမျှလောကအကျိုး
ဆောင်ရွက်နိုင်ကြသေးလျှင် အသိဉာဏ်ရှိသော လူသားများသည်
ထိုမျှမက သတ္တလောကအကျိုးကို ဆောင်ရွက်သင့်ကြတယ်။
အဲဒီလို သူတစ်ပါးအကျိုး၊ သတ္တလောကရဲ့အကျိုးစီးပွားတွေကို
ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မွေးမြူနိုင်ကြပါစေ။

***-သီတဂူဆရာတော်ဘုရားကြီး။***

## ကုလားတွေ မုတ်ဆိတ်ထားခြင်းအကြောင်း သိကောင်းစရာ

အရမ်းရင်းနှီးတဲ့ မွတ်ဆလင်တစ်ယောက်က ပြောပြလို့သိရတာပါ။ "မွတ်ဆလင်တွေထဲမှာ တစ်ချို့က မုတ်ဆိတ်ထားတယ်။ တစ်ချို့က မုတ်ဆိတ်မထားဘူး၊ ဘာလို့မတူညီကြတာလဲ၊ ဘာသာတရားက သီးခြားထုတ်ပြထားလို့လား"လို့ မေးကြည့်မိတော့.... သူက ပြောပြပါတယ်။

"မုတ်ဆိတ်ထားခြင်း၊ မထားခြင်းမှာ ဘာသာရေးနှင့်ဘာမှ မဆိုင်ပါဘူး။ ကိုရ်အန်ကျမ်းမှာလည်း မပါပါဘူး။ တကယ်တော့ မုတ်ဆိတ်ထားတာဟာ ကာမဂုဏ်အတွက် သက်သက်ထားတာပါ"တဲ့။

စိတ်ဝင်စားလို့ ဘယ်လိုလုပ်တာလဲ ပြောစမ်းပါဦးဆိုတော့.... "အမျိုးသမီးတွေကို လိင်မဆက်ဆံခင်မှာ တစ်ကိုယ်လုံးကို မုတ်ဆိတ်နဲ့လိုက်ပွတ်တယ်။ ပွတ်တာလည်း နည်းစနစ်နဲ့ပွတ်တာ။ အမျိုးသမီးတွေ ကာမစိတ်ထကြွလာတဲ့အခါ လိင်မဆက်ဆံတော့ဘဲ ရပ်ပစ်လိုက်တယ်။ မုတ်ဆိတ်နဲ့ အပွတ်ခံရတဲ့ အမျိုးသမီးဟာ ကာမစိတ်တွေ ထကြွလာမှန်းသိတော့ ဘာမှ ဆက်မလုပ်တော့ဘဲ ပစ်ထားလိုက်တယ်။ အဲဒီအမျိုးသမီးဟာ ဒီလူပေးလိုက်တဲ့ အာရုံကို မေ့ဖျောက်လို့ မရတော့ဘူး။ အမြဲတမ်း ဒီလူကိုပဲ တောင့်တနေတော့တာ။ ကာမစိတ်မှုန်သွားတာပေါ့။ မှုန်သွားတော့ ဘယ်သူ့ကိုမှ မကြောက်တော့ဘူး။ မိဘကိုလည်း ဇော်ကားရမှာ ဝန်မလေးတော့ဘူး။ ဘုရားကို ဇော်ကားရမှာ မကြောက်တော့ဘူး။ အသက်သေချင်သေ အဲဒီလူကိုရမယ်ဆိုရင် ဘာလုပ်ရလုပ်ရ အကုန်လုပ်တော့တာပေါ့။ အဲဒီလိုဖြစ်တဲ့အခါကျမှ ကိုယ်လိုချင်တာကို အဲဒီအမျိုးသမီးဆီက တစ်ခုချင်းတောင်းလိုက်တာပေါ့။ သိပ်လွယ်တဲ့နည်းပေါ့။

မုတ်ဆိတ်ထားတဲ့ ကုလားတွေဟာ မိန်းကလေးတွေကို အဲဒီမုတ်ဆိတ်နဲ့ ဆွဲဆောင်ဖို့ မုတ်ဆိတ်ကို သေရာထားကြတာ။ အဲဒါကြောင့် မုတ်ဆိတ်ထားတဲ့ မွတ်ဆလင်နဲ့မုတ်ဆိတ်မထားတဲ့မွတ်ဆလင်တွေ ခေထေခေကားများကြတယ်။ အယူအဆ မတူကြလို့ပေါ့"လို့ အရမ်းရင်းနှီးတဲ့ မွတ်ဆလင်ကုလားတစ်ယောက်က ပြောလို့သိရတယ်။

ကုလားတွေ မုတ်ဆိတ်ထားတဲ့ အကြောင်းမှန်ကို သိသွားရင်တော့ သူတို့က ဘာကိုကျင့်သုံးသလဲ၊ မြန်မာမိန်းကလေးတွေကို ဘယ်လိုနည်းနဲ့ ဆွဲဆောင်သလဲ စတဲ့ အချက်တွေကို ဖေ့ဖန်စမ်းစစ်ကြည့်ပြီး ကိုယ့်ဘာသာတရားရဲ့ အနှစ်ကိုထုတ်ပြီး စားသုံး

တတ်ပါစေလို့ ဆန္ဒပြုပါတယ်။ ကိုယ်မသိတာ လေးတွေကို မကောင်းရင် မကောင်းတဲ့အတိုင်း ရဲရဲတွစ္စာပြောပြပေးတဲ့ ပွတ်ဆလင် တစ်ယောက်ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်.... ။

**-စစ်သွေးစစ်မာန် *Facebook* မှ။**

# ဘုတ်ခဲ့ချင်းတူသော်လည်း

မြန်မာပြည်ကို အင်္ဂလိပ်အုပ်ချုပ်တဲ့ခေတ်က အင်္ဂလိပ်အရေးပိုင်မင်း တစ်ယောက်က မီးရထားလမ်းဖောက်လုပ်ဖို့အတွက် မန်လည်ဆရာတော်ဘုရားကြီးကို လျှောက်ထားခဲ့ဖူးပါတယ်။ ဖောက်လုပ်မယ့် မီးရထားလမ်းဟာ ကျောင်းဝင်းနဲ့မလွတ်တဲ့အတွက် ဆရာတော်ကြီးရဲ့ ကျောင်းတော်ကို ရွှေ့ပေးဖို့ ကိစ္စပါ။ ဆရာတော်ကြီးက ရွှေ့မပေးနိုင်ကြောင်း မိန့်တော်မူတဲ့အခါမှာ အရေးပိုင်မင်းက **ဒီနိုင်ငံဟာ အင်္ဂလိပ်အုပ်ချုပ်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ရွှေ့ပေးရမယ်**လို့ ဆိုပါတယ်။ အဲဒီတော့ ဆရာတော်ဘုရားကြီးက...

**"တကာတော်ရဲ့ မိခင်က တကာတော်ရဲ့ ဖခင်ကို မချစ်မနှစ်သက်တော့လို့ တရုတ်ကိုယူလိုက်တယ်ဆိုပါစို့။ တကာတော့် မိခင်ဟာ တရုတ်ဖြစ်သွားပါသလား....."**

"မဖြစ်ပါဘူး ဆရာတော် အမေကတော့ အမေပါပဲ"

**"ဒါဆိုရင် တရုတ်ကလည်း ဝက်သားစားလွန်းလို့ဆိုပြီး ကုလားကို ပြောင်းယူလိုက်တော့ရော၊ တကာ့တော်မိခင်ဟာ ကုလားဖြစ်သွားရောလား..."**

"မဖြစ်ပါဘူး ဆရာတော် အမေကတော့ အမေပါပဲ။"

**"အေး ... အဲဒီလိုပဲ တကာတော် .. ဘယ်မင်းတက်တက် ဘယ်အစိုးရတက်တက်.... သာသနာ့နယ်မြေဟာ သာသနာ့နယ်မြေသာ ဖြစ်တယ်"**

ကျောင်းကပြန်အဆင်းမှာ စိတ်ထဲမကြည်လင်တဲ့ အရေးပိုင်မင်းက ဆရာတော်ကြီးကို လျှောက်တယ်။

"အရှင်ဘုရား... ဒီအုပ်လေ့ကားထစ်တွေကိုလည်း အုတ်နဲ့လုပ်တာပါပဲ။ ဟိုမှာမြင်နေရတဲ့ အိမ်သာကိုလည်း အုတ်နဲ့ လုပ်တာပါပဲ။ ဘုရားဆင်းတုတော်တွေကိုလည်း အုတ်နဲ့လုပ်တာပဲဖြစ်လို့ အုတ်နဲ့လုပ်ထားတဲ့ လှေကားထစ်တွေ အိမ်သာတွေကို ရှိခိုးကန်တော့ရင်ရော အတူတူပဲ မဟုတ်ဘူးလားဘုရား။"

"**အေး .. တကာတော် .. တကာတော့်မှာ အမေရှိလား**"

"ရှိပါတယ် ဆရာတော်"

"**အမ နှမတွေရော ရှိလား**"

" ရှိပါတယ် ဆရာတော်"

" **မိန်းမယားရော ရှိလား**"

" ရှိပါတယ် ဆရာတော် "

"**အေး... ဒါဆိုရင်... အားလုံးဟာ မိန်းမအမျိုးအစားချည်းပဲ ဖြစ်တဲ့အတွက် မိန်းမယားအပေါ်ဆက်ဆံပြုကျင့်သကဲ့သို့ အမေ၊ အမနဲ့နှမတွေကိုပါ တစ်တန်းထားပြီး ဆက်ဆံပြုကျင့်လို့ရနိုင်ပါ့မလား**"

"အဲဒီလိုတော့ မရပါဘူးဆရာတော်၊ အမေကို အမေလို...အမကို အမလို... နှမကို နှမလို... သူနေရာနဲ့သူ ဆက်ဆံရပါတယ်"

"**အေး.... အဲဒီလိုပါပဲ တကာတော်၊ ရတ်ချင်းတူပေမယ့် ဘုရားရုတ် သိမ်ရုတ်နဲ့၊ အိမ်သာရုတ် လေှကားရုတ်တို့လည်း တစ်တန်းစားထဲ ထားလို့မရပါဘူး**"။

**–စစ်သွေးစစ်မာန်** ***Facebook*** **မှ။**



အလုပ်ချည်းပဲ

နင်းကန်လုပ်မနေနဲ့

သေသွားရင်

သူဌေးက လူသစ်ခန့်လိုက်မှာ

တကယ်ဝမ်းနည်းပြီး

ကျန်ခဲ့ရမှာက

မိသားစုပဲ

ဘောထုပ်ထိက ကျိုး

* ထိုက်တန်တဲ့နေရာတစ်ခုရဖို့အတွက် ထိုက်သင့်တဲ့ ကြိုးစားမှုတော့ လိုအပ်လိမ့်မယ်။ - *ဟိန်းထက်စိုး (M.I.N.P)*


ကဗျာခေါင်းစဉ်က “မတိုးမီက-တက်နှင့်ပြီ” တဲ့
လခတိုးမှာကို ကြိုသိနေတဲ့.. ကုန်ဈေးနှုန်း အကြောင်း•
ဘတ်စကားစီး ခရီးသည်အကြောင်း လား-ဟင်.
ဘိုးလူကြီးတွေက ဆင်းကန်တော့လိုက်ဝေ သတဲ့ဟ....
မဆွမ်း ဖို့ရာ ကပ်နေမို့အတွက် ယကြာခရွာတာ ဆင်တာယဒိ...

## ယဉ်ကျေးမှုနှင့်အနာဂတ်မြန်မာနိုင်ငံ

လက်မထပ်ဘဲ အတူနေသည့်ဓလေ့စရိုက်(Living Together)၊ No String Sttach ခေါ် ချစ်ကြိုက်မှုသံယောဇဉ် နှောင်ကြိုးများမပါသည့် လိင်ကိစ္စသာ သီးသန့်ဖြစ်သည့် Casual Sex ယဉ်ကျေးမှုမှာ မြန်မာနိုင်ငံတွင် တစ်နေ့တခြား ထွန်းကားလာကြောင်းတွေ့ရှိရသည်။

<u>သံယောဇဉ် အမျှင်တန်းများမပါသည့် လိင်မှုကိစ္စပုံစံသည် ရန်ကုန်နှင့် မန္တလေးမြို့များရှိ ငွေကြေးအတန်အသင့်ရှိသည့် လူလတ်တန်းစားများတွင် အများဆုံးတွေ့ရသော်လည်း ကျောင်းသူ/ကျောင်းသားများနှင့် ပညာတတ်အလွှာ များတွင်လည်း အများဆုံးတွေ့ရသည်။ အိမ်ထောင်ရှိသူတွေမှာ အများဆုံး တွေ့ရတတ်သည်။ ကုမ္ပဏီတွေ၊ နိုင်ငံခြားအလုပ်ရှင်တွေနဲ့ တွဲလုပ်ရတဲ့လုပ်ငန်း တွေမှာ အများဆုံးတွေ့ရတတ်သည်။</u> **"ပါတီတွေ၊ ညစ်စာပွဲတွေကများတော့ အများစုက ဒီပွဲတွေမှာ ပျော်ပါးရင်း Sex ကို လက်သိပ်ထိုးပေးတတ်ကြတယ်။ အချိန်တန်ရင်တော့ အိမ်ပြန်ပေါ့"**...ဟု ခရီးသွားလာရေးကျောင်စီတစ်ခုမှ မန်နေဂျာတစ်ဦးက FNG ကိုပြောသည်။

၉၀ ပြည့်လွန်နှစ်ပိုင်းများက လက်မထပ်ဘဲ အတူနေယဉ်ကျေးမှုမှာ မြန်မာ နိုင်ငံတွင် စတင်ထွန်းကားလာခဲ့ပြီး အရွယ်ရောက်ပြီးသူ အမျိုးသမီးများ၏ ၅၀ ရာခိုင်နှုန်းမှာ လက်မထပ်ဘဲ အတူနေဘဝဖြင့် အချိန်ကာလတစ်ချို့ကို ဖြတ်သန်း ခဲ့ကြသည်။

သမုဒယ အယုအယများ ပါဝင်မှုနည်းသည့် လိုတပြည့်လိင်ဆက်ဆံမှုတွင် ကောင်းကျိုးဆိုးကျိုးများရှိသော်လည်း ထင်သာ မြင်သာရှိသည့်နောက်ဆက်တွဲ အနေဖြင့် လူမှုရေးအကျိုးဆက်များရှိလာနိုင်သည်ဟု ကျွမ်းကျင်သူများက ထောက်ပြကြသည်။ No String Attach ဟုခေါ်သည့် လွတ်လပ်သည့် လိင် ဆက်ဆံမှုဦးစားပေးပုံစံ အတူနေပျော်ပါးမှုကို မြန်မာနိုင်ငံအမျိုးသမီးများက ပိုပြီးစိတ်ဝင်တစားရှိကြသည်ဟု သိရသည်။

**နိုင်ငံခြားတွင်တော့ ချစ်သူဖြစ်သည်နှင့်လိင်ဆက်ဆံခြင်းသည် လွန်ခဲ့ သည့်နှစ်ရာစုနှစ်များစွာကတည်းက ရှိနေခဲ့သည့် ယဉ်ကျေးမှုဖြစ်သော်လည်း မြန်မာပြည်တွင်တော့ ယခုအချိန်အထိ လူကြီးများက လက်မခံကြသေးပေ။** လူငယ်ပိုင်းတွင်လည်း တရားဝင်အသိအမှတ် မပြုသေးပါ။ သို့ရာတွင် မြန်မာ

ပြည်၌လည်း ချစ်သူဖြစ်သည်နှင့်လိင်ဆက်ဆံခြင်း တဆက်တည်း ပါလာမည်ကို ဆယ်ကျော်သက်များက အလိုလိုလက်ခံထားကြသည်။ တိုးတက် လာတယ် ပဲပြောမလား။ ယဉ်ကျေးမှုတွေ ပျက်သွားပြီပဲ ပြောမလား။ ဒီခေတ် သမီး ရည်းစားတွေ လိင်ဆက်ဆံတာကို၊ သမီးရည်းစားအချင်းချင်းလိင်ဆက်ဆံခြင်းကို လူငယ်များတွင်သာမက အသက် ၄၀ ခန့် လူကြီးပိုင်းတွင်ပါ တွေ့လာရသည်။

"**ကျွန်တော်တို့ ဟိုတယ်ကိုတော့ အသက်ကြီးပိုင်းစုံတွဲတွေ တော်တော် လာတယ်**"ဟု ရန်ကုန်မြို့ဆိတ်ငြိမ်ရပ်ကွက်အတွင်းမှဟိုတယ်တွင်လုပ်ကိုင်သည့် ကိုရဲက ဆိုသည်။ သူတို့သည် အချိန်ပိုင်းလာရောက်သူများဖြစ်သည်။လူကြီးပိုင်း များအတွက် မိမိကိုယ်ပိုင်အလုပ်အကိုင်နှင့်ပြဿနာမရှိနိုင်သော်လည်း ကျောင်း နေအရွယ် မိန်းကလေးများ တည်းခိုခန်းနှင့်ဟိုတယ်များသို့ သွားရောက်နေခြင်း ကလည်း မိဘများအတွက် ရင်ပူစရာဖြစ်နေသည်။ တက္ကသိုလ်တက်နေသော ကျောင်းသူ၊ ကျောင်းသားများအချင်းချင်း ချစ်ကြိုက်ပြီး လိင်ကိစ္စပါလာသည် ကလည်း မဆန်းတော့ပါ။

အရှေ့ပိုင်းတက္ကသိုလ်မှ သင်တန်းရေးရာဌာနမှူးက ကျောင်းသူကျောင်းသား အချင်းချင်း စာသင်ခန်းအလွတ်များထဲတွင်ပင် လိင်ဆက်ဆံမှုများရှိကြောင်း ယမန်နှစ်က ထုတ်ဖော်ပြောဖူးသည်။ ယင်းဆရာက"**မိန်းကလေးက အကျဲတွေ ဝတ်ထားတယ်။ အကောင်တွေက လုပ်ချင်ရာလုပ်ပဲ။ အဲလိုလုပ်နေတုန်း ဖမ်းမိတာ ခဏခဏပဲ**"။ ဒါကြောင့် ဒဂုံတက္ကသိုလ်တွင် ကျောင်းတက်ရောက် ခဲ့ဖူးသူ သတင်းထောက်တစ်ဦးက"ဒီ(---)**တည်းခိုခန်းက ကျွန်တော်တို့ ကျောင်းသားတွေ ပိုက်ဆံတွေနဲ့ဆောက်ထားတာပေါ့**"ဟု ပြောသည်။ ယင်း တည်းခိုခန်းသည် ယခင်က သစ်သားအဆောက်အဦးသာဖြစ်သော်လည်း ကျောင်းသူကျောင်းသားများ အသွားအလာများပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ ကွန်ကရစ်တိုက်နှင့်ဖြစ်လာကြောင်း ယင်းက ပြောပြသည်။ ထို့အတူ **အတန်းပြီး ချိန်နှင့် စာသင်ခန်းအလွတ်များကလည်း စုံတွဲများအတွက် လွတ်လပ်စွာ ကျက်စားရာနေရာများဖြစ်နေကြောင်း** ယင်းသတင်းထောက်က ဆိုသည်။ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဟိုတယ်တွင် အလုပ်လုပ်ကိုင်သူအခြားတစ်ဦး ကတော့ "**အဖြူအစိမ်းဝတ်ထားတဲ့ ကျောင်းသားနဲ့ကျောင်းသူ စုံတွဲနှစ်တွဲ လာဖူးတယ်**"ဟုဆိုသည်။

ရန်ကုန်မြို့တွင် သမီးရည်းစားချိန်းတွေ့ရန် ပန်းခြံများ၊ အပန်းဖြေစရာ နေရာများ ရှားပါးလာခြင်းက လူငယ်တို့ကို ဟိုတယ်များသို့ သွားလာစရာ

လမ်းစဖြစ်နေသည်။ ထို့အတူ ဘာသာတရား၏ အဆုံးအမမှာလည်း ယခင်ကလောက် မရှိတော့သဖြင့် သမီးရည်းစားများ ဘုရားသွား၊ ကျောင်းတက်ပြုမှုလည်း ရှားပါးလာသည်။ "**ရုံးပိတ်ရက်နဲ့ အခါကြီးရက်ကြီးတွေမှာ အခန်းပြည့်တယ်။ ကြားရက်တွေကတော့ ဧည့်သည် အဝင်နည်းတယ်**"ဟု ကြည့်မြင်တိုင်မြို့နယ်မှ တည်းခိုခန်းမန်နေဂျာက ဆိုသည်။ ထိုသို့ ပိတ်ရက်များ နည်းတူ ချစ်သူများနေ့ဟု ခေါ်သည့် Velintine Day ကလည်း မိန်းကလေးများကို ပန်းဦးချွေရာနေ့တစ်နေ့ပင်။ တည်းခိုခန်းနှင့်ဟိုတယ်တို့၏ ဈေးနှုန်းများမှာလည်း ၃၀၀၀၊ ၅၀၀၀၊ ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀ ကျပ်ခန့် အထိရှိသဖြင့် လက်လှမ်းမီသော ဈေးနှုန်းများလည်းဖြစ်သည်။ နေရာတိုင်းလိုလိုတွင် အချိန်ပိုင်း တည်းခိုနိုင်သည်။

ထို့ပြင် အပြာကားများ၊ စာများကို ယခင်အချိန်များကလို မဟုတ်တော့ဘဲ အင်တာနက်တွင်ဖြစ်စေ၊ လက်ကိုင်ဖုန်းအတွင်းဖြစ်စေ ထည့်သွင်းကြည့်ရှုနိုင်လာခြင်းက ကာမစိတ်ကို အချိန်မရွေးနိုးဆွပေးလာပြီဖြစ်သည်။ နိုင်ငံခြားတွင်တော့ သားသမီး အသက် ၁၈ နှစ်ပြည့်သည်နှင့် လွတ်လပ်စွာနေထိုင်ခွင့် ပေးထားသော်လည်း မြန်မာနိုင်ငံတွင်တော့ သားသမီးအိမ်ထောင်မကျမချင်းသည် မိဘအုပ်ထိန်းမှု လက်အောက်တွင်သာ ရှိသေးသည်။ သို့ရာတွင်တော့ တစ်နယ်တစ်ကျေးမှ လာရောက်လုပ်ကိုင်သူများအနေဖြင့်တော့ ၁၈ နှစ်မပြည့်ခင်ကတည်းက မိဘလက်မှလွတ်ပြီဖြစ်သည်။ ထိုသို့နယ်မှလာရောက်အလုပ်လုပ်ကိုင်သူများအနေဖြင့် အဆောင်များတွင်နေကြပြီး အဆောင်၏အုပ်ချုပ်မှုမှာလည်း သတ်မှတ်ချိန်အတွင်းပြန်မအိပ်ပါက တံခါးပိတ်လိုက်မည်သာဖြစ်သည်။ "**ဆယ်နာရီ အဆောင်ပိတ်ချိန်ပါ။ ပြန်မလာလဲ ကိစ္စမရှိပါဘူး။ ကိုယ့်သားသမီးမှ မဟုတ်တာ။ သူ့လွတ်လပ်ခွင့်နဲ့သူပေါ့**" ဟု လမ်းမတော်မြို့နယ်အတွင်းရှိ အဆောင်ဖွင့်ထားသည့် အမျိုးသမီးကြီးက ပြောသည်။ ရုံးပိတ်ရက်များတွင် သူ့အဆောင်ရှိ အမျိုးသမီးအချို့မှာ အမျိုးအိမ်တွင် သွားအိပ်သည်ဟု အကြောင်းပြကာ ပြန်မလာတတ်ကြောင်း တစ်ဆက်တည်းပြောသည်။

ထို့အတူ နယ်မှ အလုပ်လာရောက်လုပ်ကိုင်သူများနှင့် ကျောင်းလာတက်သူ အမျိုးသမီးအချို့မှာ ရည်းစားနှင့်တစ်အိမ်ထဲ အတူနေခြင်းများလည်းရှိလာသည်။ "**နှစ်ယောက်အတူတူအိမ်ငှားနေလိုက်တော့ ပြီးတာပဲလေ။ အဓိက ကတော့ မိဘတွေ မသိဖို့ပဲ။ ဒါမေပဲ့ တကယ်ယူဖို့တော့ လိုတာပေါ့**"ဟု နယ်မှလာသူ အမျိုးသမီးတစ်ဦးနှင့်အိမ်ငှားနေထိုင်သူ အသက် ၂၅ နှစ်အရွယ် ရန်ကုန်သား

ကိုပြည့်စုံက ပြောသည်။ သို့ရာတွင် သူတို့ အမှန်တကယ် တရားဝင်လက်ထပ်မည့် ရက်ကိုတော့ သူတို့ကိုယ်တိုင် မသိသေးကြောင်း ဆိုသည်။ ထိုသို့သော အခြေအနေကြောင့် လူငယ်လူရွယ်များအဖို့ လက်မထပ်မီအတူနေခြင်းဆိုသည်မှာ မဆန်းတော့ပြီဖြစ်သည်။ ထိုသို့ အတူနေခြင်းနှင့်အတူ ကိုယ်ဝန်မရအောင် လုပ်ကိုင်ရသည့်မှာလည်း နည်းလမ်းတစ်ခုဖြစ်သည်။

ရန်ကုန်မြို့နေ သမီးရည်းစားများ၏ အခြေအနေမှာ Ecee2 များ ရောင်းအားကောင်းနေခြင်းက လိင်ကိစ္စကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ Ecee 2 ဖြန့်ဖြူးသူတို့၏ အဆိုအရတစ်လလျှင်**ကဒ်ရေ ၃၀၀၀၀ခန့်**ရှိပြီး သန္ဓေတားဆေး နောက်တစ်မျိုးဖြစ်သည့် Pill 72 ကတော့ **ကဒ်ရေ ၁၅၀၀၀** ခန့်ရှိသည်။ **လက်လီဆေးဆိုင်များတွင်တော့ တစ်ရက်လျှင် ကဒ်ရေ ၅ကဒ်မှ ၁၅ ကဒ်ရှိကြောင်း ဆိုကြသည်။** ရန်ကုန်မြို့တွင် တရားဝင်ဆေးဆိုင်ပေါင်းများစွာရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင် တစ်လလျှင် အရေးပေါ်တားဆေးသုံးစွဲကြသူပေါင်း ၅ သောင်းကျော်ရှိမည်ဖြစ်သည်။

**မည်သို့ဆိုစေ လိင်ဆက်ဆံခြင်းသည် ရှက်စရာကောင်းသည်ဟု လူတိုင်းက ဆိုကြသော်လည်း ကျားမ မရွေးကြိုက်နှစ်သက်သောကိစ္စဖြစ်သည်ကိုတော့ ကမ္ဘာကြီးတွင် လူဦးရေတိုးပွားလာခြင်းက သက်သေတည်လျက်ရှိသည်။ သိပ္ပံအယူအဆကလည်း လိင်ကိစ္စသည် လူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ဆိုသည်။ နောက်နှစ်များစွာ မကြာမီ မြန်မာပြည်၌လည်း သမီးရည်းစားများ လိင်ဆက်ဆံသည့် အလေ့အထကို လက်မခံချင်ဘဲ လက်ခံလာရတော့မည်ဖြစ်သည့်အတွက် သမီးရှင်များအနေဖြင့် စိုးရိမ်နေကြရပြီဖြစ်သည်။**


ယောကျ်ားလေးများအနေဖြင့်လည်း ယနေ့အချိန်အထိ အပျိုစင်ကိုသာ အိမ်ထောင်ပြုလိုသည့် စိတ်ရှိကြသော်လည်း အပျိုစင်ဘဝကို ယောကျ်ားလေးများကပင် ယူသွားခြင်းဖြစ်သည်။ နောက်မျိုးဆက် တစ်ခုတွင်တော့ ယောကျ်ားလေးများ အပျိုစင်ကို တန်ဖိုးထားတော့မည် မဟုတ်ပေ။ ထို့အတွက် လက်မထပ်မီ လိင်ဆက်ဆံခြင်းမှာ သာမန်ကိစ္စတစ်ခုသာဖြစ်သွားပါလိမ့်မည်။ လက်မထပ်မီ လိင်ဆက်ဆံခြင်းကို ပိတ်ပင်ကြမည်လား၊ သို့မဟုတ် လက်ခံနားလည်ပေးမည်လားကတော့ အငြင်းပွားဖွယ် ကိစ္စတစ်ခုအဖြစ် နောက်ဆယ်စုနှစ် တစ်ခုကျော်ထိ ဆက်ရှိနေဦးပါမည်။

**"ယောကျ်ားတွေရဲ့ သဘောမှာ လိင်ဆက်ဆံပျော်ပါးဖို့က လွယ်ကူပြီး**

**မိန်းကလေးတွေမှာတော့ ဆန္ဒရှိရင်တောင် မလွယ်ဘူး၊ ဒါကြောင့် ရင်းနှီးပြီး ယုံကြည်စိတ်ချရသူတွေနဲ့တွေ့တဲ့အခါ** NO String Attach **ပုံစံဖြစ်သွားကြတာထင်တယ်**" ဟု ခေတ်ပညာတတ် အမျိုးသမီးအချို့က ခန့်မှန်းကြသည်။ လိင်ပိုင်းဆိုင်ရာ ဦးစားပေးချစ်ကြိုက်မှုပုံသဏ္ဌာန်သည် အိမ်ထောင်ရှိသူများတွင် အများဆုံးတွေ့ရတတ်ပြီး ခင်ပွန်း (သို့မဟုတ်) ဇနီးမယား ခရီးသွားနေသည့်အခါ၊ ဆိတ်ကွယ်မှုရသည့်အခါများတွင် နှစ်ဦးနှစ်ဖက် သဘောတူညီပါက ခဏတာ ချစ်ဇာတ်လမ်းဖွင့်ကြသည်ဟု သိရသည်။

No String Attach လိင်ပိုင်းဆိုင်ရာ ဦးစားပေး ချစ်ကျွမ်းဝင်မှုပုံစံကို တွေ့ကြုံဖူးခဲ့သည့် အမျိုးသမီးတစ်ဦးက "**ယောကျ်ားကိုလည်း ကျွန်မဘာမှ မျက်စေ့ ဒေါက်ထောက်ကြည့်နေတာမရှိဘူး။ သူလည်းခရီးသွားတယ်ဆိုတာ တစ်ခြား တစ်ယောက်နဲ့တွေ့ချင်တွေ့နေမှာပဲ၊ ကျွန်မလည်း သွေးသား ဖြေဖျောက်မှုတစ်ခုပဲ**"ဟုဆိုသည်။ အနောက်နိုင်ငံများနှင့်အာရှနိုင်ငံများတွင် ယဉ်ကျေးမှုမှာ အမြစ်တွယ်ပြီး ဖြစ်နေသော်လည်း မြန်မာနိုင်ငံအတွက်မူ အတန် ငယ်စိမ်းနေ သေးသည်။ လိင်ပိုင်းဆိုင်ရာ စိတ်ပညာကျွမ်းကျင်သူများကမူ "**လိင် ကိစ္စကို ဖုံးအုပ်ထားတာထက်စာရင် အထိုက်အလျောက် ဖြေလျှော့ပေးတာက စိတ်ကြည်လင်မှုရရှိပြီး၊ စိတ်ကျဆင်းမှုကိုဟန့်တားနိုင်တယ်**"ဟု သုံးသပ်ကြ သည်။

**–စင်သွေးစင်မာန်** ***Facebook*** **မှ**



## နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ကန့်ကွက်နေသော်လည်း

## မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ လက်ထက်ထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းတို့ကို

# နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး



**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ကန့်ကွက်နေသော်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းတို့ကိုဥပဒေအဖြစ်ထုတ်ပြန်နိုင်ရန်အတွက် ဩဂုတ် ၂၆ရက်က လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

**"မျိုးစောင့်ဥပဒေလေးခုလို့ ခေါ်နေကြတဲ့ ဥပဒေကြမ်းလေးခုမှာ လူဦးရေတိုးပွားနှုန်း ထိန်းချုပ်ရေး ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို မေလ ၁၉ ရက်က နိုင်ငံတော်သမ္မတကြီးလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ တစ်လင် တစ်မယားဥပဒေကြမ်းကတော့ သဘောထားမှတ်ချက်အချို့နဲ့ လွှတ်တော်ကို ပြန်ပို့ထားပါတယ်။ ဒီတော့ ဥပဒေကြမ်းလေးခုမှာ သုံးခု ကိုသမ္မတကြီးက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ်ထုတ်ပြန်နိုင်ပြီလို့ ဆိုနိုင်ပါတယ်။ တစ်ခုပဲကျန်ပါတော့တယ်"**ဟု နိုင်ငံတော်သမ္မတရုံးမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ)ဗဟိုက ဦးဆောင်ကာ တင်သွင်းခဲ့သည့် အဆိုပါဥပဒေကြမ်းလေးခုတွင် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို ၂၀၁၅ ခုနှစ်၊ မေ ၂၀ ရက်က ထုတ်ပြန်ခဲ့ပြီး ဩဂုတ် ၂၆ရက်တွင် မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ဥပဒေနှင့် ကိုးကွယ်ရာဘာသာ ကူး

ပြောင်းခြင်းဆိုင်ရာ ဥပဒေတို့မှာမူ ဩဂုတ် ၂၇ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိတွင် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းမှာမူ နိုင်ငံတော်သမ္မတက သဘောထား မှတ်ချက်အချို့ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ထားခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါမျိုးစောင့်ဥပဒေလေးခုမှ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းတို့အား နိုင်ငံတော်သမ္မတအနေဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ခြင်း မပြုရန် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့တစ်ခုဖြစ်သည့် Human Right Watch အဖွဲ့က ထောက်ပြဝေဖန်ထားသည်။

အဆိုပါအဖွဲ့မှ မြန်မာအခြေစိုက်သုတေသီ David Mathieson က VOA သတင်းဌာနနှင့်တွေ့ဆုံစဉ် "**လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အနေနဲ့ အထူးစိုးရိမ်မိလို့ပါ။ အခု ဥပဒေလေးခုစလုံးပေါ့နော်။ ဒါတွေက မြန်မာဥပဒေကိုရော နိုင်ငံတကာစာချုပ်တွေနဲ့ လူ့အခွင့်အရေးဥပဒေတွေကိုပါ ဆန့်ကျင်နေတယ်ဗျ။ တကယ်လို့ ဒီဥပဒေတွေအားလုံး အတည်ဖြစ်သွားရင် လူ့ အသိုင်းအဝိုင်းအချင်းချင်းကြား နက်ရှိုင်းပြီးသား တင်းမာမှုတွေ ပိုဆိုးသွားစေနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ လူနည်းစုအခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အရေးတွေကို ခြိမ်းခြောက်နေလို့လေ**"ဟု ပြောသည်။

အဆိုပါ မျိုးစောင့်ဥပဒေများနှင့်ပတ်သက်ပြီး ဝါရင့်နိုင်ငံရေးသမားကြီး ဦးဘုတင့်ဆွေက "**နိုင်ငံရဲ့လိုအပ်ချက်အရ ပြဋ္ဌာန်းသင့်တဲ့ဥပဒေတွေကိုတော့ ပြဋ္ဌာန်းသင့်တာပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၅၄လောက်ကထက် ထိမ်းမြားခြင်းဆိုင်ရာဥပဒေကရှိပြီးသားဖြစ်သလို ခေါ်ဒီဥပဒေအရလည်း မြန်မာအမျိုးသမီးတွေကို အကာအကွယ်ပေးထားပါတယ်။ ဒါပေမယ့် ဒီဘက်ခေတ်ကို ရောက်လာတဲ့အခါကျတော့ ဖြစ်ပျက်နေတဲ့အကြောင်းတရားတွေကြောင့် လိုအပ်ချက်တွေရှိလာတာတော့အမှန်ပဲ။ ဒါကြောင့်လဲ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ထိန်းသိမ်းရမယ်ဆိုတာဖြစ်လာတာ။ အမျိုးဘာသာ သာသနာကိုတော့ မိမိတို့ကိုယ်တိုင်က ကိုယ့်အချင်းချင်းစောင့်ရှောက် ထိန်းသိမ်းရမှာ ဖြစ်တဲ့အတွက် ဥပဒေဆိုတာမလိုဘူးပေါ့။ ဒါပေမယ့် ဒီဘက်ခေတ်မှာ လူ့အခွင့်အရေးတွေ၊ လူတစ်ယောက်ရဲ့ ရပိုင်ခွင့်တွေ ဘာတွေဖြစ်လာတဲ့အခါကျတော့ ဘာသာရေးနဲ့ နီးနွယ်တဲ့ပြဿနာတွေဖြစ်လာတော့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်း ကျဆင်းလာတာ**

**ကြောင့် ဥပဒေအနေနဲ့ပြဌာန်းဖို့ လုပ်ဆောင်လာတာဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေပြဌာန်းတာဖြစ်တဲ့အတွက် ဘက်စုံထောင့်စုံကနေ လိုက်နာနိုင်တဲ့ ဥပဒေဖြစ်ဖို့လိုပါတယ်။ မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ ကိုက်ညီတဲ့ ဥပဒေတွေဖြစ်ဖို့လိုသလို ဒီဥပဒေနဲ့ပတ်သက်ပြီး ဝိဝါဒတွေမဖြစ်ဖို့ လိုအပ်ပါတယ်'**ဟုပြောသည်။

– *ကြာသပတေးနေ့၊ ဩဂုတ် ၂၇၊ ၂၀၁၅၊ DEMOCRACY Today မှ။*

# ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားရင် လုံလုံခြုံခြုံဝတ်



အစည်းအဝေးတစ်ခုကို အမျိုးသမီးနှစ်ယောက်ဟာ မလုံမခြုံအဝတ်အစားတွေနဲ့ တက်ရောက်ခဲ့တယ်။

သဘာပတိကြီးက အဲဒီအမျိုးသမီးနှစ်ယောက်ကို ကြည့်ပြီးအရင်ဆုံးထိုင်ခိုင်းလိုက်တယ်။ ပြီးတဲ့အခါမှာတော့ အဲဒီအမျိုးသမီးတွေရဲ့ဘဝမှာ မမေ့နိုင်မယ့် စကားတွေကို ပြောလိုက်တယ်။သဘာပတိကြီးကအဲဒီအမျိုးတွေကိုမျက်လုံးတည့်တည့်ကိုကြည့်ပြီး"ဘုရားသခင်ဟာ ဒီကမ္ဘာကြီးထဲမှာ တန်ဖိုးရှိတဲ့ အရာတွေကို ဖန်ဆင်းတဲ့အခါမှာ သေချာဖုံးအုပ်ကွယ်ကာထားပြီး မြင်ဖို့၊ တွေ့ဖို့၊ရနိုင်ဖို့ခက်ခဲတဲ့အရာတွေအဖြစ်ဖန်ဆင်းခဲ့တာဖြစ်တယ်။

**၁။ စိန်တွေကို ဘယ်မှာ တွေ့နိုင်ပါသလဲ?**

(မြေပြင်အောက် အနက်ကြီးထဲမှာ ဖုံးအုပ်ကာကွယ်ထားတဲ့နေရာမှာပါပဲ)။

**၂။ ပုလဲတွေကို ဘယ်မှာ တွေ့နိုင်ပါသလဲ?**

(ပင်လယ်ရေပြင်အောက် အနက်ကြီးထဲမှာ လှပတဲ့ ကမာခွံလေးတွေ ဖုံးအုပ်ကာကွယ်ထားတဲ့ နေရာမှာပါပဲ)

**၃။ ရွှေတွေကို ဘယ်မှာတွေ့နိုင်ပါသလဲ?**

(ကျောက်တွေရဲ့အောက်ဘက်မှာ ကျောက်အလွှာပေါင်းများစွာနဲ့ ဖုံးအုပ်ကာကွယ်ထားတဲ့နေရာမှာပါပဲ။)အဲဒီရွှေတွေဆီရောက်ဖို့ဆိုရင် ကြိုးစားပန်းစားနဲ့ တွင်းနက်ကြီးတွေ တူးရပါတယ်"

သဘာပတိကြီးက အဲဒီအမျိုးတွေကို မျက်လုံးတည့်တည့်ကို စူးစိုက်ကြည့်ပြီး "**မင်းတို့ရဲ့ခန္ဓာကိုယ်ဟာ ထူးခြားပြီး အလေးအမြတ်ထားသင့်တဲ့ အရာတစ်ခုပါပဲ။ မင်းတို့ဟာ စိန်တွေ၊ရွှေတွေ၊ပုလဲတွေထက် အများကြီးပိုပြီး တန်ဖိုးရှိပါတယ်။ အဲဒီလို တန်ဖိုးရှိတဲ့အရာတွေကိုလည်း ဖုံးအုပ်ကာကွယ်ထားသင့်ပါတယ်။ မင်းတို့ရဲ့တန်ဖိုးရှိတဲ့အရာတွေကို စိန်တွေ၊ရွှေတွေ၊ပုလဲတွေလို့ပဲ တန်ဖိုးထားမယ်ဆိုရင် ဂုဏ်အသရေရှိတဲ့ သတ္တုတူးဖော်တဲ့အဖွဲ့တစ်ဖွဲ့ဟာ လိုအပ်တဲ့ စက်ယန္တယားတွေနဲ့ ကျွမ်းကျင်ပြောရတဲ့ စူးစမ်းရှာဖွေမှုတွေကို ပြုလုပ်မှာပဲဖြစ်တယ်။**

**ပထမဦးဆုံးအနေနဲ့ သင်တို့ရဲ့အစိုးရ(မိသားစု)ကို ဆက်သွယ်လာမယ်။ ပြီးရင် တရားဝင်လုပ်ငန်းလုပ်ကိုင်ရန် စာချုပ်စာတမ်း(ထိမ်းမြားမင်္ဂလာ)ကို လက်မှတ်ရေးထိုးမယ်။ အဲဒီနောက်မှာတော့ ကျွမ်းကျင်စွာဖြင့် သတ္တု တူးဖော်ခြင်း (တရားဝင်လက်ထပ်ပြီး အိမ်ထောင်ပြုခြင်း)တွေကို ပြုလုပ်လာမှာပဲဖြစ်တယ်။**

ဒါပေမယ့် မင်းတို့ရဲ့တန်ဖိုးရှိတဲ့အရာတွေကို မြေမျက်နှာပြင်ပေါ်မှာပဲ ဖော်ပြထားမယ်ဆိုရင်တော့ တရားမဝင်တဲ့ မိုင်းအလုပ်သမားတွေဟာ တရားမဝင်တဲ့နည်းလမ်းတွေနဲ့ သတ္တုတူးဖော်ခြင်းတွေကို ပြုလုပ်လာမှာပါပဲ။ လူတိုင်းဟာလည်းပဲ သူတို့ဆီမှာရှိနေတဲ့အကြမ်းထည်ပစ္စည်းကိရိယာတွေနဲ့ပဲလုံချတူးယူမှာပဲဖြစ်တယ်။

**ဒါကြောင့် ဂုဏ်အသရေရှိတဲ့ သတ္တုတူးဖော်သူတွေနဲ့သာ ဆုံတွေ့ဖို့ရန် မိမိရဲ့တန်ဖိုးရှိတဲ့အရာတွေကို ဖုံးအုပ်ကာကွယ်ထားဖို့လိုတယ်။ ကဲ...ကိုယ့်ရဲ့ ဇနီး၊ သမီးနဲ့သူငယ်ချင်းတွေကို အခြေအနေနဲ့ အချိန်အခါအလိုက် သင့်တင့်လျောက်ပတ်စွာ ဝတ်ဆင်ဖို့ အားပေးကြရအောင်နော်" လို့ပြောလိုက်ပါတယ်။**

အင်တာနက်က ဖတ်ရတဲ့ အကြောင်းအရာလေးကို ဘာသာပြန်ဆိုခြင်းသာဖြစ်ပါတယ်။

***–မောင်(ရွှယ်စုံကျွမ်း)။ မြန်မာ့သတင်း facebook မှ။***

ချစ်သူရဲ့ရှေ့မှာ . . . . .
အရမ်းကြီးချစ်ပြနေရုံနဲ့အချစ်လို့မခေါ်ဆိုနိုင်ပါဘူး။
ချစ်သူရဲ့နောက်ကွယ်မှာ . . . . .
သစ္စာရှိနေဖို့ကလည်း အဓိကလိုအပ်ပါတယ်။

# အကျဉ်းထောင်ထဲမှာ ရေးရသောဆောင်းပါး

"အရှုံးမရှိသောဒဿန"စာအုပ်ကိုဖတ်ပြီး မော်လမြိုင်မှ အစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ဦး ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့သည်။ ထိုအမျိုးသမီးကိုယ်တိုင် စာရေးသူထံ ဖုန်းဆက်ပြော၍ သိရခြင်းဖြစ်သည်။ မုံရွာမှ ဓမ္မဆရာတစ်ဦးလည်း ဗုဒ္ဓဘာသာဝင် ဖြစ်သွားခဲ့သည်။ မုံရွာမြို့ ယခင် ရေဝန်းကျောင်းတွင် နေထိုင်သော ဦးဝိလာသမှတစ်ဆင့် လျှောက်ထားသောကြောင့် သိရခြင်းဖြစ်သည်။

အမေရိကန် နယူးယောက်မြို့မှ အမျိုးသမီးကြီးတစ်ဦးသည်လည်း အရှုံးမရှိသောဒဿန အင်္ဂလိပ်ဘာသာပြန်စာအုပ်ကိုဖတ်၍ ဗုဒ္ဓဘာသာဝင် ဖြစ်သွားခဲ့သည်။ ထိုစာအုပ်ကို သယ်သွားသော ထိုမြို့နေ တပည့်မ ဝေလွင်မာက ဖုန်းဆက်၍သိရသည်။ ထိုစာအုပ်နှင့်ပတ်သက်၍ဓမ္မဝိဒူနက်ကျကျဝေဖန်ထားသော **အရှင်ဝိစိတ္တာဘိဝံသ(ဝီရသူ–မစိုးရိမ်)၏ ဆောင်းပါး**ကို တင်ပြလိုက်ပေသည်။

၎င်းဆောင်းပါးကို ဝီရသူသည် မန္တလေး အကျဉ်းထောင်ထဲတွင် ရေးသားခဲ့ရခြင်းဖြစ်သည်။ ဝီရသူသည် ကလောင်နာမည်နှင့်လိုက်လျောစွာ ရဲရင့်သည့် နေရာတွင်လည်းကောင်း၊ အမျိုးဘာသာ သာသနာအတွက် ကိုယ်ကျိုးစွန့်သည့် နေရာတွင်လည်းကောင်း စာရေးသူတို့ထက် အဆပေါင်းများစွာ သာလွန်ပေသည်။ အစ္စလာမ်ဘာသာဝင်အချို့က ဗုဒ္ဓဘာသာဝင် အမျိုးသမီးလေးများကို ငွေနှင့် ပေါက်ပြီး မရမက သိမ်းပိုက်ခြင်းကို ကာကွယ်ရေးတရားတွေ ဟောသော ကြောင့် ထောင်ဒဏ်(၂၄)နှစ် အချခံရခြင်းဖြစ်သည်။

အမျိုးဘာသာ သာသနာအတွက် မိမိဘဝကိုပါ အပျက်ခံခဲ့ခြင်း ဖြစ်သည်။ ထိုသို့သော သူရဲကောင်းများ မြန်မာပြည်တွင် အများကြီး လိုအပ်လျက်ရှိသည်။ ထိုသို့သော သူရဲကောင်းများ မရှိမှုကြောင့် မူလက ဗုဒ္ဓဘာသာနိုင်ငံများဖြစ်ကြသော အင်ဒိုနီးရှား၊ မလေးရှား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်တို့သည် အစ္စလာမ်ဘာသာဝင်နိုင်ငံများအဖြစ်သို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည်။

များသောအားဖြင့် စာပေလောကတွင် နာမည်ကြီးစာရေးဆရာတို့၏ အမှားများကို ထောက်ပြဝေဖန်ရင်း နာမည်ယူကြသူကများသည်။ စာရေးဆရာ တစ်ယောက်၏ ကောင်းသောအချက်များကို ဝမ်းသာအားရဝေဖန်ရေးသားသော မုဒိတာစာပေများကို ဖတ်ရခဲသည်။ ပုထုဇဉ်မှန်သမျှတွင် ကောင်းကွက် မကောင်းကွက် နှစ်မျိုးလုံးရှိပေသည်။ မကောင်းကွက်အမှားကို အပြသဘောဆောင်ပြီး ထောက်ပြသလို ကောင်းကွက်အမှန်ကိုလည်း မုဒိတာဖြင့် ချီးမွမ်းရဲရပေမည်။

**ချီးမွမ်းသင့်ပါလျက် မချီးမွမ်းခြင်းသည် သူတစ်ပါးဂုဏ်ကို ဝန်တိုခြင်းတစ်မျိုး ဖြစ်ကြောင်း အထူးသတိပြုသင့်ပေသည်။**

စာပေလောကတွင် မှုဒိတာစကား အပြည့်ရေးထားသော စာအုပ်နှစ်အုပ် ဖတ်ဖူးသည်။ ယင်းစာအုပ်များကား ဆရာကြီး ဦးအောင်သင်းရေးသားသော **အောင်သင်းအကြိုက်ဆုံး ဝတ္ထုတိုများ အတွဲနှစ်တွဲ**ဖြစ်သည်။ ဝတ္ထုရေးချင်သူတိုင်း လက်မလွှတ်တန်း ဖတ်သင့်သောစာအုပ်ဖြစ်သည်။ ယခု တတိယအုပ်အဖြစ် တွေ့ရသည်မှာ အရှင်ဝိစိတ္တာဘိဝံသ (ဗီရသူ–မစိုးရိမ်)၏ **အကျဉ်းထောင်ထဲမှာ ရေးသားခဲ့သော မေတ္တာရှင်(ရွှေပြည်သာ)၏ စာအုပ်များ**ကို ဓမ္မဝိဘာဂနှင့်ကျကျ ဝေဖန်ခြင်းစာအုပ်ပင်ဖြစ်သည်။ "သံတိုင်ကြားမှ ချီသောလက်အုပ်" အမည်ဖြင့် ထွက်နေပါပြီ။

***–မေတ္တာရှင်(ရွှေပြည်သာ)ရေးသားသော***
***"စာရေးဆရာနှင့်ရင်ပေါင်တန်း၍ စာဖတ်***
***သူများအကြောင်း"စာအုပ်မှကူးယူတင်ပြသည်။***

## ကျောက်တည်နေသူများကျောက်ကြေစေမည့်သဘာဝဆေးနည်း

ဆီးအိမ်၊ဆီးလမ်းကြောင်း၊ကျောက်ကပ်တို့မှာကျောက်တည်နေလျှင် သဘာဝနည်းဖြင့် ပျောက်ကင်းအောင် ကုသနိုင်ကြပါတယ်။

၁။ အုန်းသီးနုနုတစ်လုံးကိုခွဲလိုက်ပါ။ (အောက်ကို ပြုတ်မကျစေရပါ။)

၂။ အုန်းသီးထိပ်ပိုင်းလေးကို ဖြတ်ပြီး လှော်ထားသည့် ငရုတ်ကောင်းရှစ်ခန့်ကို အမှုန့်ကြိတ်ပြီး ထည့်စိမ်ထားလိုက်ပါ။

၃။ တစ်နာရီခန့် စိမ်ထားပြီးလျှင် ၄င်းအုန်းစိမ်ရည်ကို သောက်ပေးနိုင်ပါတယ်။

၄။ မနက်အိပ်ယာထခါစမှာ သောက်ရေ မက်ခွက်အပြည့်ဖြင့် တစ်ခွက် သောက်ပေးပါ။

ဆီးများများသွားလိုက်လျှင် ကျောက်များကြေ၍ ကျသွားပါလိမ့်မည်။

*ကိုးကား–မြန်မာ့ဆေးကျမ်း၊ရိုးရာဆေးမြီးတိုများ*
*စောနွဲ့ နေဆိုင်(ပုတော်အို)၊ Golden Triangle Facebook မှ။*

**ဘဝ**မြင့်သွားပေမယ့် **ဘဝင်**မမြင့်ပါစေနဲ့

ကမ္ဘာ့အံ့ဖွယ် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏

ထူးခြားဆန်းကြယ်မှုနှင့် သိပ္ပံနည်းပညာ ရှုထောင့်မှရှင်းပြနိုင်ခြင်းမရှိသည့်

# သုတေသန အချက်အလက်များ



**(က) တိုင်းတာတွေ့ရှိချက်**

(၁) ကျောက်လုံးတော်ကြီး၏
ကျောက်အမျိုးအစား – ဂရက်နိုက် (Granite)

(၂) တစ်ယူနစ်အလေးချိန် (unit Weight)
- 2.5 Ton/m3(156 pcf)

(၃) ထုထည် – 244.58m3 (8636 cft)

(၄) အလေးချိန် – 611.45 Ton

(၅) အလေးချိန်ဗဟိုချက် (Centroid) - 0.14m,0.13m,4.00m

(၆) နေရာ (x,y,z) - 5.5" , 5.1" , 13' 1.5" အောက်ခံကျောက်တုံးနှင့် ထိစပ်နေသော ဧရိယာ၏ ဗဟိုချက် Area Centriod ကို Origin အဖြစ် ယူထားသည်။)

(၇) အမြင့် – 8.15m (26'-9") (အနိမ့်ဆုံးနေရာမှ အမြင့်ဆုံးနေရာထိ)

(၈) ကျောက်တုံးတော်ကြီး၏ အောက်ခံ ကျောက်တုံးကြီးနှင့် ထိစပ်နေသော ဧရိယာ – 0.714m3(7.69 sp.ft)

(၉) အောက်ခံကျောက်တုံးကြီးနှင့် ထိစပ်နေသော ဧရိယာ၏ ချောက်ဘက်ရှိလည်ပတ်ဝင်ရိုး (Axis of Rotation) မှ ကျောက်လုံးတော်ချောက်ဖက်သို့ စွန်းထွက်နေသော အများဆုံးအကွာအဝေး - 3.136m (10' - 3")

**(ဓ) သုံးသပ်ချက်များ**

(၁) ကျောက်လုံးတော်ကြီးတည်ငြိမ်နေခြင်းမှာ ကျောက်လုံးတော်ကြီးနှင့် စေတီတော်၏ နှစ်ရပ်ပေါင်းအလေးချိန်ဗဟိုချက်သည် အောက်ခြေရှိ ထိစပ်နေသော ဧရိယာ (Contact Area) အတွင်းကျရောက်နေပြီး လည်ပတ်ဝင်ရိုး (Axis of Rotation) ၏အတွင်းဘက်တွင်လည်း ကျရောက်နေခြင်းကြောင့်ဖြစ်သည်။ အဆိုပါဝင်ရိုး၏ အပြင်ဘက် (ချောက်ဘက်)တွင် ကျရောက်နေပါက တည်ငြိမ်နိုင်မည်မဟုတ်ပေ။

(၂) ထိစပ်နေသော ဧရိယာ (Contact Area)သည် ကျောက်လုံးတော်ကြီး အပေါ်စီးကြည့် ဧရိယာ (Plan Area) ၏ (1.4%)သာရှိသည်ကို တွေ့ရသည်။ အလွန်သေးငယ်သော ဧရိယာပေါ်တွင် တည်ငြိမ်စွာ တင်နေခြင်းဖြစ်ပါသည်။

(၃) ဘေးတိုက်အင်အား ( Lateral Force) (46.6ton) ဖြင့် နှစ်ရပ်ပေါင်း အလေးချိန် ဗဟိုချက်Centroid of Rock and Stupa) နေရာတည့်တည့်မှ ချောက်ဘက်သို့တွန်းပါက ကျောက်လုံးတော်ကြီး၏ တည်ငြိမ်မှုပျက်ပြားသွားနိုင် စရာရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါ အင်အားသည် ကျောက်လုံးတော်ကြီးနှင့် စေတီတော်နှစ်ရပ်ပေါင်း စုစုပေါင်းအလေးချိန်၏ (7.4%) မျှသာဖြစ်သော်လည်း လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော ဘေးတိုက်အင်အားသည် (6.5.ton) ထက်မပိုကြောင်းတွေ့ရပါသည်။ ထို့ကြောင့် လေပြင်းဒဏ်ကိုစိုးရိမ်စရာမရှိဘဲ မကြုံစဖူး အလွန်ကြီးမားသော ငလျင်နှင့် အောက်ခြေတိုက်စားခြင်း (Erosion)အောက်ခြေပွန်းပဲ့ခြင်းတို့ကိုသာ စိုးရိမ်စရာရှိပါသည်။

(၄) ကျောက်လုံးတော်ကြီး၏ အလေးချိန်မှာ (611.45 ton) ဖြစ်ပြီး စေတီတော်၏အလေးချိန်မှာ (19.45ton) သာဖြစ်သဖြင့် စေတီတော်၏ အလေးချိန်သည်နှစ်ရပ်ပေါင်း အလေးချိန်၏ (3.1%) သာရှိသည်ကို

တွေ့ရပါသည်။ ထို့ကြောင့် စေတီတော်၏အလေးချိန်သည် နေ့စ်တစ်ခုလုံး၏ တည်ငြိမ်မှုကို အနည်းငယ်သာ ထိခိုက်စေနိုင်ပါသည်။

(၅) စေတီတော်၏ အလေးချိန်ဗဟိုချက် (Centroid)သည် ကျောက်လုံးတော် အောက်ခြေရှိ ထိစပ်နေသောဧရိယာ(Contact Area)၏ လည်ပတ်ဝင်ရိုး (Axis of Rotation) အပြင်ဘက် (ချောက်ဘက်)တွင် မသက်ရောက်ဘဲ ဝင်ရိုး၏ အတွင်းဘက်တွင်သာ သက်ရောက်သဖြင့် စေတီတော်ကြီး၏ အလေးချိန်များလာခြင်းသည် ကျောက်လုံးတော်ကြီး၏တည်ငြိမ်မှုကို Under Gravity Load Conditionတွင် အနှောင့်အယှက်မဖြစ်စေကြောင်းတွေ့ရသည်။ သို့ရာတွင် နှစ်ရပ်ပေါင်း အလေးချိန်ဗဟိုချက် (centroid of Rock and stupa)သည် ကျောက်လုံးတော်ကြီးတစ်ခုတည်း၏ အလေးချိန်ဗဟိုချက် (Centroid of Rock) ၏ အပေါ်ဘက် (1'-0.1")ခန့်တွင် တည်ရှိသည်ဖြစ်ရာ တည်ငြိမ်မှုကို ပျက်ပြားစေရန်လိုအပ်သော ဘေးတိုက်အင်အား (Leteral Force) မှာ စေတီတော်ကြီး အပါအဝင်နှစ်ရပ်ပေါင်းအတွက် အပိုဒ်(၃)တွင် ဖော်ပြထားသကဲ့သို့ (46.6 ton) ဖြစ်သော်လည်း စေတီတော်ကြီးမပါဘဲ ကျောက်လုံးတော်ကြီး တစ်ခုတည်းအတွက်မှ (47.09 ton) အားဖြစ်သည်ကိုတွေ့ရပါသည်။ ထို့ကြောင့် Under Gravity and Lateral Load Condition တွင် စေတီတော် အလေးချိန်ပိုလာခြင်းဖြစ်တည်ငြိမ်မှုကို အနည်းငယ်လျော့စေနိုင်ကြောင်း တွေ့ရှိရပါသည်။ သို့သော် အလွန်နည်းသော ပမာဏသာဖြစ်ပါသည်။

(၆) ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်တည်ထားသော၊ အလွန်ထူးခြားအံ့ဩဖွယ်ဖြစ်တည်လျက်ရှိသော၊ ဤမျှကြီးမားသော ကျောက်လုံးတော်ကြီး၏ တည်ငြိမ်နေရခြင်းအကြောင်းအရင်းကိုဓေတ်မီကိရိယာများအသုံးပြု၍ အင်ဂျင်နီယာ နည်းပညာရှုထောင့်မှ လေ့လာစူးစမ်းတွက်ချက်တင်ပြခြင်း ဖြစ်ပါသည်။ ကျောက်လုံးတော်ကြီး တည်ငြိမ်နေရခြင်းအကြောင်းရင်းကို သိပ္ပံနည်းကျကျ အနီးစပ်ဆုံး ရှင်းလင်းဖော်ပြနိုင်ပြီးဖြစ်ပါသည်။ သို့သော် အဘယ့်ကြောင့် ဤကဲ့သို့ ထူးဆန်းစွာ ဖြစ်တည်နေသည်ဆိုသည်ကိုမူ ဤလေ့လာချက်မှ ရှင်းပြနိုင်ခြင်းမရှိပါ။ အံ့ဩဖွယ်ရာတစ်ရပ်အဖြစ် အစဉ်အမြဲတည်ရှိနေမည်သာ ဖြစ်ပါသည်။

(ဂ) စေတီတော်ကြီးအား သုတေသနပြုလုပ်ခဲ့သော ပညာရှင်များအဖွဲ့
ပါမောက္ခ ဦးညီလှငယ် (ဒု-ဝန်ကြီး)မှ နာယက အဖြစ်ဆောင်ရွက်၍
(၁) ဦးစန်းကြူ (ကထိက) မြို့ပြအင်ဂျင်နီယာဌာန၊
ရန်ကုန်နည်းပညာ တက္ကသိုလ်
(၂) ဦးစိုးပိုင် (ဦးစီးအရာရှိ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
(၃) ဦးစောထွေးဇော် - Chief Enginneer - Concordia International Limited
(၄) ဦးမျိုးညွန့် - Chief Surveyor - Concordia International Limited
(၅) ဦးမျိုးမင်းမင်းလွင် - Surveyor - Concordia International Limited
(၆) ဦးတင်အောင်စိုး - Engineer - ရန်ကုန်နည်းပညာတက္ကသိုလ်
(၇) ဦးကျော်ကျော်နိုင် - Engineer - ရန်ကုန်နည်းပညာတက္ကသိုလ်
(၈) ဦးသန်းစိုး - Engineer - ရန်ကုန်နည်းပညာတက္ကသိုလ်

**(ဃ) လေ့လာတိုင်းတာခြင်းကာလ**

25 January 2001 မှ 28 January 2001 (၄ ရက်တိုင်းတာခဲ့ပါသည်)

**(င) တိုင်းတာရာတွင် အသုံးပြုခဲ့သော အထောက်အကူပြု ပစ္စည်းများ**

TopconPulse TotalStation GPE 1002Topcon Auto Level ATG 3Computer program- Civil CAD Software (Version 5.5) 7 Auto CAD Software (version 2000)

**ကိုးကား** - ဦးစိုးရှိန် (မောင်စိုးထိုက် -သုံးဆယ်) စာပေဆုနှင့် လူမှုထူးချွန် ဆုရ၏ "ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်သံတော်ရှင်ကျိုက်ထီးရိုးစေတီတော်" စာအုပ်မှ အချက်အလက်များကို ကောက်နုတ်တင်ပြထားပါသည်။

*-Facebook* ၄။

ဖြစ်ပျက်နေတဲ့သဘာဝနဲ့ ကြိုက်မကြိုက်ဆိုတဲ့ အာသာကို မသိတာ "အာသဝ" ခေါ်တယ်
ကြိုက်မကြိုက် မပါ သဘာဝတည့်တည့်မြင်အောင် ကြည့်နေတာကို
**"တရားနဲ့နေတယ်" လို့ခေါ်တယ်။**

*-ငြိမ်းချမ်းရေးကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒိယမဟာထေရ်မြတ်*

# အမျိုးသမီးတစ်ယောက်၏ နာကြည်းခံစားမှုဒိုင်ယာရီ

Friendတို့ယုံချင်ယုံ မယုံချင်နေ၊ ဒါဟာ ကျွန်မကိုယ်တွေ့ပါ။ မပြောနိုင်ဘူး ဆိုတဲ့စကားဟာ ငြင်းဆန်သူတို့အလုပ်ပဲဖြစ်ပါလိမ့်မယ်။ Fri တို့ တကယ် မယုံရင်လဲ ပုံပြင်ဝတ္ထုဇာတ်လမ်းတစ်ပုဒ်လို့ မှတ်ယူရင်လဲ ကျွန်မကျေနပ်ပါတယ်။

**ကျွန်မဟာ တကယ်တော့ အရင်က မွတ်ဆလင်လူမျိုးစစ်စစ်ပါ**၊ ရေမရောပါဘူး။ ကျွန်မတို့မိသားစုမှာ အမေရော အဖေရော မွတ်ဆလင်တွေပါ။ ကျွန်မတို့ မိသားစုလေးယောက်ရှိပါတယ်။ ကျွန်မညီမလေးရောပေါ့။ကျွန်မတို့ညီမနှစ်ယောက်ဟာ အမေအဖေရဲ့ဘာသာရေး ထုံးတမ်းအစဉ်အလာတွေအောက်မှာ ကြီးပြင်းခဲ့ရပါတယ်။ ကျွန်မတို့မိသားစုနေရာကို အတိအကျတော့မပြောပါရစေနဲ့ရှင်။ **တံတားဦးမြို့နယ် မန္တလေးလေဆိပ်သွားလမ်းဘေးက မွတ်ဆလင်ရွာလေး တစ်ရွာလို့သာမှတ်လိုက်ပါ။**

ကျွန်မ မန္တလေးရတနာပုံတက္ကသိုလ် သင်္ချာမေဂျာဒုတိယနှစ် စတက်ခဲ့ချိန်မှာ ကျမဘဝကိုပြောင်းလဲစေတဲ့ ပြဿနာက စလာတော့တာပါပဲ။ ကျွန်မလေ အစကမြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေဆို အသေမုန်း၊ ကြည့်လို့ကို မရခဲ့ဘူး။ ဘယ်လိုဖြစ်သွားခဲ့တယ်မသိပါဘူး။ တစ်နေ့မှာအမျိုးသားတစ်ယောက်ကိုကျွန်မ သွားကြိုက်မိခဲ့တယ်ရှင်။ သူ့နာမည်က မင်းချစ်သူတဲ့။ သူ့ကိုကျွန်မမွတ်ဆလင်လို့ ထင်ခဲ့မိတာ ကျွန်မအမှားပဲလား၊ အမှန်ပဲလားမသိဘူး။ သူက ကုလားဆင်လေးပါ။ တကယ်ချောပါတယ်။ အသားဖြူတယ်။ အရပ်အမောင်းကောင်းတယ်။ ရိုးသားတယ်။ ကြိုးစားတယ်။ ကျန်းမာသန်စွမ်းတုတ်ခိုင်တယ်။ တနည်းအားဖြင့် အပြင်ပန်းမှာ ယောက်ျားပီသတယ်။ သူနဲ့ခင်မင်ရင်းနှီးမိတော့ သူ့ကို မေးကြည့်တယ်။ ရှင်မွတ်ဆလင်လားလို့။ သူကပြောတယ် "**ကျွန်တော်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးစစ်စစ်ပါ**"တဲ့။ အခုအချိန်မှာ လူမချမ်းသာပေမယ့် မေတ္တာတရားကတော့ သူဌေးကြီးတစ်ယောက်ထက် ပိုချမ်းသာပါတယ်တဲ့။ ကျွန်မ အံ့ဩ မင်သက် မိနေခဲ့မိတယ်။ ကျွန်မတိတ်တခိုးချစ်နေမိခဲ့တဲ့သူက ဘာသာခြားဖြစ်နေတော့ ကျွန်မတွေဝေမိနေခဲ့တော့တယ်ရှင်။

အဲတော့ ကျွန်မတတ်နိုင်သလောက် သူ့ကို ရှောင်ပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ စွဲလမ်းနေခဲ့မိတဲ့ သူ့ရုပ်သွင်နဲ့ ပြည့်ဝတဲ့သဘောထား၊တည်ကြည် အေးဆေးတဲ့အပြုံးတွေကိုတော့ မေ့ပျောက်လို့မရနိုင်အောင်ပါပဲ။ သူကလဲ ကျွန်မ

မွတ်ဆလင်မှန်းသိတော့ ခဏခပ်ဝေးဝေးမှာ ရှောင်ပေးနေပေမယ့် တစ်ပတ်ပါပဲ။ သူတစ်ပတ်လောက်နေတော့ ကျွန်မနဲ့ပြန်တွဲဖြစ်ကြတယ်။ ကျွန်မလဲ သူ့ကို မတွေ့ရရင် စိတ်ထဲမှာတစ်ခုခုလိုအပ်နေသလိုပါပဲ။ သူ့ကို အရမ်းတွေ့ချင်မြင်ချင်နေမိတော့တယ်။ စကားတွေပြောကြရင်း၊ သွားကြလာကြရင်း ရင်ထဲမှာ ကိုယ်တကယ်ချစ်ခဲ့မိသူနဲ့အတူ လမ်းလျှောက်စကားတွေပြောရတာလောက် ကြည်နူးစရာကောင်းတာ ရှိမယ်မထင်မိဘူး။ ကျွန်မလက် ဆေးခန်းဆိုးလာတဲ့နေ့ဆို တအံ့တသြ စိတ်ဝင်တစားနဲ့သူကမေးပြီး ကျွန်မလက်ကလေးတွေကို သေချာကိုင်ကြည့်ခွင့်တောင်းတဲ့နေ့ဆို ရင်ထဲမှာ ရထားကြီးရှစင်း ပြိုင်ခုတ်မောင်းနေသလို ရင်တွေအရမ်း ခုန်နေခဲ့မိတယ်။ သူလည်း ကျွန်မကို တကယ်စွဲလမ်းနေတာ သိလိုက်ရတယ်။

တဖြည်းဖြည်းနဲ့ ဒီလိုပဲ မသိလိုက်မသိဖာသာ သံယောဇဉ်တွေ အမြစ်တွယ်လာမိခဲ့ကြတာပေါ့။ တစ်ယောက်ကိုတစ်ယောက် မတွေ့ရမနေနိုင်လောက်အောင်ပါပဲ။ ကျွန်မတို့နှစ်ယောက် တစ်ယောက်အပေါ်တစ်ယောက် နားလည်ပေးကြရင်း အရမ်းချစ်ကြတဲ့ချစ်သူတွေ ဖြစ်မှန်းမသိဖြစ်ခဲ့ကြတယ်။ဘာသာရေးတွေ၊ အယူတွေ ဘယ်ရောက်မှန်းတောင်မသိတော့ပါဘူးရှင်။ အချစ်မှာ မျက်စိမရှိပါတို့၊ အချစ်မှာ ဘာသာရေးတွေနဲ့ပိုင်းခြားလို့ မရတာတို့ ဆိုတာ ကိုယ်တကယ် လက်တွေ့မှယုံမိတော့တယ်။ နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးသွားတဲ့အချိန်မှာတော့ ခွဲခွာရတော့မယ်ဆိုတဲ့အသိကြောင့် အလွမ်းအဆွေးတွေစာဖွဲ့ကြရင်း အချစ်နယ်ကျွံခဲ့မိကြတယ်။ ပြီးတော့ တကယ်လက်ထပ်ယူမယ်ဆိုပြီး သူ့မိဘတွေဆီခေါ်သွားပြီး သူရဲ့မိဘတွေကို ဖွင့်ပြောလိုက်တယ်ရှင်။ သူဟာ အပျော်ကြတဲ့လူမဟုတ်ဖူး။ သူဟာ တကယ်ကြင်နာ မြတ်နိုးတတ်တဲ့ လူတစ်ယောက်ပါလားလို့သိလိုက်ရတယ်။ ကျွန်မတကယ်ဘဝလက်တွဲဖော်အဖြစ် အားကိုးယုံကြည်လေးစားနေမိတယ်။ ကျမပိုလေးစားမိတာက သူ့မိဘတွေပါပဲ။ သူကျမကို သူတို့အိမ်ခေါ်သွားပြီး သူ့မိဘတွေကို သူက ကျွန်မကိုလက်ထပ်ယူမယ့် အကြောင်းပြောတော့ သူ့ရဲ့မိဘတွေက ကျွန်မဟာ ဘာသာခြားတစ်ယောက်ဖြစ်ဖြစ်၊ ဘယ်ဘာသာပဲယူယူ၊ ဘယ်အယူဝါဒပဲလက်ကိုင်းထားထားမေတ္တာတရားသာ အဓိကပါပဲတဲ့။ တကယ့်အိမ်ထောင်ပြုကြတော့မယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက်မေတ္တာကြီးမားမှုသာ အဓိကပါတဲ့။ သားတို့သမီးတို့ တကယ်မေတ္တာရှိကြတယ်ဆိုရင် သဘောတူပါတယ်တဲ့၊ သားအတွက် စီစဉ်ပေးရမှာပေါ့တဲ့။

ကျွန်မထင်ထားတာတွေနဲ့ တလွဲတွေ။ သူ့မိဘပြောနေတာ နားထောင်နေမိရင်း ပိုပြီးလေးစားအံ့ဩမင်သက်နေမိခဲ့ရတယ်ရှင်။

ဒါနဲ့ သူက ကျွန်မကို နောက်တစ်နေ့မှာတောင်းဆိုပါတယ်။ ကျွန်မမိဘတွေနဲ့ တွေ့ပါရစေတဲ့။ ကျွန်မဘယ်လိုတွေ့ပေးရမလဲ၊ ကျွန်မအဲဒီအသံကြားလိုက်တော့ ကျွန်မမိဘတွေကိုမျက်လုံးထဲမြင်ပြီး ကိုယ့်ကိုယ်ကိုယ် သေချင်စိတ်တောင် ပေါက်သွားလောက်အောင် ရင်ထဲမှာ ပူလောင်နေခဲ့ရတယ်။ သေချာတာကတော့ အဆင်မပြေဖို့များတယ်။ ကျွန်မမိဘတွေကို ကျွန်မသူနဲ့တွေ့မပေးရဲဘူး။ သူ့ကိုလဲ ကျွန်မအသက်မကချစ်တယ်။ သူ့ဖက်က တာဝန်ကျေနေသလောက် ကျွန်မဖက်က တာဝန်မဲ့နေခဲ့တယ်ရှင်။ ကျွန်မအတွေးနယ်ထဲမှာ ပူပင်သောကများနေတုန်း သူက ကျွမမလိုက်ရင် သူကိုယ်တိုင် ကျွန်မမိဘတွေဆီသွားပြောမယ်ဆိုတော့ကျွန်မလဲ အတူအိမ်ကိုသွားလိုက်ခဲ့ရတာပေါ့။ ကျွန်မဟာ ကျွန်မအိမ်ကိုသွားနေပေမယ့် ငရဲပြည်သွားနေရတယ်လို့ စိတ်ထဲမှာ လမ်းတလျှောက်ထင်နေခဲ့မိတယ်။

ကျွန်မတို့အိမ်လည်းရောက်ရော အဖေမျက်နှာ အမေမျက်နှာမကောင်းတာ၊ နားခေါင်းရှုံ့နေကြတာ သိသာလွန်းလှပါတယ်။ သဘောမတူတဲ့အရိပ်အယောင်တွေ တပုံတပင်ပါပဲရှင်။ သူက ကျွန်မကို ဘယ်လောက်မေတ္တာရှိကြောင်း၊ဘယ်လောက်ချစ်ကြောင်း၊ သားမှတ်မှတ်မယားမှတ်မှတ် ပေါင်းသင်းပါမယ်ဆိုတဲ့အကြောင်း၊ နိုးမြေကျပေါင်းသင်းပါမယ်ဆိုတဲ့အကြောင်း ဗုဒ္ဓဘာသာအသိတွေနဲ့ အားပါးတရ ပြောနေရှာတာပေါ့။ အမေနဲ့အဖေက နောက်ဆုံးသဘောတူတယ်တဲ့။ ဒါပေမယ့် သမီးကိုတော့ ခဏခေါ်ထားမယ် မင်္ဂလာကိစ္စတိုင်ပင်ပါရစေတဲ့။ကျွန်မစိတ်ထဲမှာ တမျိုးကြီးပဲ။ ဒီလိုနဲ့ သူကျေနပ်ပျော်ရွှင်စွာပြန်သွားခဲ့တယ်။ကျွန်မအိမ်မှာအလိုက် သင့်နေလိုက်ပါတယ်။ ညနေပိုင်းမှာကျွန်မအမေကရစရာမရှိအောင် ဆဲရေးတိုင်းထွာပြောလိုက်တာကျွန်မနားတောင်ပိတ်ထားရတယ်ရှင်။ ကျွန်မမိဘတွေကို ဘာတစ်လုံးမှပြန်မပြောမိခဲ့ဘူး။ ရက်လွန်းလို့နားမခံသာလို့ အိပ်ယာထဲလှဲနေလိုက်တယ်။

**ည (၇း၃၀)လောက်ရောက်တော့ အဖေဟာ မသောက်ဖူးတဲ့ အရက်တွေသောက်လာပြီး သမီးအိပ်ခန်းထဲဝင်လာပြီး "ဒီလောက် လင်တရူးတဲ့သမီး၊ အမျိုးဖျက်တဲ့သမီး၊ အဖေကိုသာ လင်လုပ်လိုက်တော့"ဆိုပြီး အတင်းအတင်း ဝင်လုံးတော့တာပါပဲရှင်။** ကျွန်မလေ မူးနေတဲ့ ကျွန်မအဖေကို ကြောက်လဲ ကြောက်၊ ရှုံ့လဲရှုံ့၊ ရက်လည်းရက်မိတော့တယ်။ အမေအမြန်ရောက်လာပေလို့သာပေါ့။ ကျွန်မရုက်ရုက်နဲ့ပဲ အိမ်ကထွက်ပြေးပြီး ရွာထိပ်က လေဆိပ်သွား

ကျောက်လမ်းဘေး ထိုင်ပြီး တဝကြီးငိုနေခဲ့မိတော့တယ်။ ကျွန်မအိမ်မှာ မနေချင်တော့ဘူး။ ကျွန်မ အရမ်းရှက်တယ်။ ကျွန်မရွာကလူတွေကိုလဲ မျက်နှာမပြရဲတော့ဘူး။ လမ်းပေါ်ကတွေ့တဲ့ တက္ကစီတစ်စီးငှားပြီး ကျွန်မချစ်တဲ့သူ့ဆီ အမြန်ပြေးတော့တာပါပဲ။ အဲဒီကစလို့ ကျွန်မရွာကိုမရောက်တော့တာ၊ မသွားချင်တော့တာ အခုထိပါပဲရှင်။ အဖေကတော့ လူကြုံနဲ့မှာလိုက်တယ် အမွေပြတ်တဲ့၊ ပြန်မလာနဲ့ အမျိုးယုတ်တဲ့၊ ကျွန်မကိုတွေ့မိရင် ခေါင်းဖြတ်အသေတောင်သတ်ချင်ဆိုပဲ။ ကျွန်မအရမ်းစိတ်နာမိတယ်သိလား။ ကျွန်မအဖေကိုရော အမေကိုရော ကျွန်မရွံရှာမုန်းတီးနေမိတယ်။ မိဘတွေကို ကျွန်မဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပါဘူး။ **ကျွန်မရင်အနာဆုံးက ကျွန်မလေးစားရတဲ့အဖေက ကျွန်မကိုစော်ကားတာ၊ သားမယားအဖြစ် အတင်းအားမွေပြုဖို့ကြံတာကိုပါပဲ။** ကျွန်မမိဘတွေကို မိဘလိုရှိသေခဲ့သလောက် ဒီလိုပုံစံမျိုးနဲ့ ကျွန်မ သေမလောက်ရှက်မိတာအမှန်ပါပဲရှင်။ ကျွန်မသူ့ကို ချစ်မိတာပဲအပြစ်လား။ သေချာတာကတော့ ကျွန်မသူ့ကိုမခွဲနိုင်ဘူး။ ကျွန်မ ချစ်သူကို ကျွန်မအရမ်းချစ်တယ်။ ကမ္ဘာပေါ်မှာကိုယ်ချစ်ရတဲ့ ကိုယ်ချစ်ရမယ့်သူကို ဘာသာအယူတွေခြားလို့ မချစ်ကြရတော့ဘူးလား။ ကျွန်မချစ်တဲ့သူနဲ့အတူ သူ့ဖက်က နီးရာဆွေမျိုးသူငယ်ချင်းတွေနဲ့ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်လက်ထပ်လိုက်ကြရင်းကျွန်မရဲ့ အယူဘာသာကိုပါ ပြောင်းလဲပစ်လိုက်တယ်။ ရင်ထဲမှာ အရမ်းငြိမ်းချမ်းသွားသလိုပဲ။ ရင်အေးတယ်ဆိုတာ ဒါလားမသိ။ ရင်ထဲက အပူမီးတွေကို မေတ္တာရေနဲ့လောင်းချလိုက်သလိုပါပဲ။

ဗုဒ္ဓဘာသာဟာ တကယ်တော့ အင်မတန်ငြိမ်းချမ်းပြီး ချစ်စရာပျော်စရာကောင်းတဲ့ဘာသာဆိုတာကျွန်မအမှန်တကယ်လက်ခံယုံကြည်လိုက်ပါတယ်ရှင်။ ကျွန်မဖြစ်ခဲ့သမျှအဖြစ်အပျက်တွေကိုလည်းရှေးဘဝကကံအကျိုးပေးကြောင့်လို့ပဲ မှတ်ယူလိုက်ပါတယ်ရှင်။ ဗုဒ္ဓဘာသာရဲ့ မေတ္တာတရားကြီးမားတဲ့အကျိုးကျေးဇူးကို အခုကျွန်မအပြည့်အဝခံ စားနေရပါပြီ။ ကျွန်မအခုမြို့သစ်မှာနေတယ်။ ကျွန်မချစ်တဲ့ သူနဲ့အတူပေါ့။ ကိုယ်ပိုင်အိမ်ကား ခြံဝန်းကျယ်နဲ့ လောကီစည်းစိမ်း အပြည့်ပါပဲ။ အဖေအမေဆီကို မသွားဖြစ်တော့ပေမယ့် အမြဲတမ်းတော့ မေတ္တာပို့နေမြဲပါပဲ။ ကျွန်မညီမလေးကတော့ အခုဆို အရွယ်ရောက်လာလို့ တခါတရံ အလည်ရောက်လာတတ်တယ်။ အဲ့လိုရောက်လာရင် အမေအဖေဖို့ ငွေနဲ့လိုအပ်တဲ့ အရာတွေကိုတော့လိုလေသေးမရှိအောင် တတ်နိုင်သလောက်ထောက်ပံ့နေကျပါပဲ။ ကျွန်မကတော့လုံးဝရွာကိုမပြန်ဖြစ်တော့ပါဘူးရှင်။ကျွန်မညီမလေးကြည့်ရတာ တခါတရံ

အဖေအမေနဲ့ အတူမနေချင်သလို ထင်ရတယ်။ အမေအဖေ ကြောက်လို့ထင်ရဲ့။

ကျွန်မမှာ ချစ်စရာကောင်းတဲ့ သားလေး ၂-ယောက်တောင် ရှိနေပါပြီရှင်။ ညီမလေးလာတဲ့အခါတိုင်း ကျွန်မတတ်နိုင်သလောက် ရံဖန်ရံခါဆိုသလို ဗုဒ္ဓဘာသာရဲ့ အေးချမ်းတဲ့အကြောင်းပြောပြဖြစ်တယ်။သူ့တူလေးတွေကိုလည်းအရမ်းချစ်ရှာတယ်။ ညီမလေးဟာ အိမ်အလည်ရောက်လာရင် တော်တော်နဲ့ ရွာကို မပြန်ချင်ရှာဘူး။ မပြန်ရင်လဲ အဖေအမေကို စောင့်ရှောက်မယ့်လူမရှိ ပစ်ထားသလိုဖြစ်မှာလဲ စိုးရိမ်တယ်ရှင်။ ညီမလေးလည်း တစ်နေ့ ဗုဒ္ဓအရိပ်မှာ ခိုလှုံလိမ့်မယ်လို့တော့ ကျွန်မယုံကြည်နေမိတယ်။

ကျွန်မသကြန်ဆိုနှစ်တိုင်း မိုးကုတ်ဝိပဿနာရိပ်သာမှာ တရားကျင့်ကြံလေ့ရှိပါတယ်ရှင်။ မနက်အရုဏ်ဦး သံဃာတွေ ဆွမ်းလောင်းလှူရတဲ့ပီတိကလည်း ပြောမပြနိုင်လောက်အောင်ကြည်နူးမိပါတယ်ရှင်။ ကျွန်မဟာ ကျွန်မမိဘနဲ့ ကျွန်မရွာအပေါ်မှာ၊ ကျွန်မဘာသာအပေါ်မှာလည်း အမုန်းတရားမရှိတော့ပါဘူး။ နာကြည်းမှုတွေလည်း အခုအချိန်မှာ မထားတတ်တော့ပါဘူး။ ဒါဟာ ဗုဒ္ဓရဲ့ ငြိမ်းချမ်းတဲ့တရားဓမ္မတွေကြောင့်ဆိုတာ ကျွန်မအကြွင်းမဲ့ယုံကြည်နေလျက်ပါ။ လူတိုင်းဟာ ကိုယ်ယုံကြည်တာကို ကိုးကွယ်တာ မဆန်းကြပေမယ့် ဗုဒ္ဓဘာသာလောက် ငြိမ်းချမ်းတဲ့ဘာသာ မရှိတာအမှန်ပါပဲ။ သား ၂ ယောက်လည်း ဗုဒ္ဓဘာသာဝင်တွေပါပဲ။ **ကမ္ဘာမှာ ဘာသာရေးအကြောင်းပြု အကြမ်းဖက်မှုကိုအားပေးတဲ့ ဘာသာဟာ မှတ်ဆလင်တွေဖြစ်နေတာ ကျမတကယ်စိတ်မကောင်းသလို ကျွန်မရဲ့ မိရိုးဖလာ ဘာသာအပေါ် အော့နှလုံးနာမိတယ်ရှင်။ ဒါတောင် ဗုဒ္ဓဘာသာက အကြမ်းဖက် ဘာသာလို့မှတ်ဆလင်ဘာသာဝင်တွေ စွပ်စွဲနေကြတာ မှတ်ဆလင်တွေရှက်သင့်တယ်။ တကယ်တော့ ဒီမှတ်ဆလင် ဘာသာဟာ ကျွန်မအတွက် တကယ် မငြိမ်းချမ်းတဲ့၊ ကျွန်မကိုယ်တိုင် အကြမ်းဖက်ခံခဲ့ရတဲ့ ဘာသာဆိုတာ မြေကြီး လက်ခတ်မလွဲပါပဲ။** အမိအဖကို ချစ်ပေမယ့် မိဘတွေရဲ့ အယူဝါဒကို မနှစ်မြို့တာ ပေထက်အက္ခရာ တဖွဲ့ မကုန်အောင်ပါပဲ။ ဗုဒ္ဓအရိပ်အောက်မှာ အစဉ်ထာဝရ နောင်ဘဝတိုင်နားခိုရင်း နိဗ္ဗာန်ကိုရည်မှန်း ယုံကြည်လျက် ..... ။

*-Kaung Lay Facebook* မှ။

* ကဲ့ရဲ့ခံရမှာစိုးလို့ လုပ်တဲ့အလုပ်၊ ချီးမွမ်းခံချင်လို့ လုပ်တဲ့အလုပ်ထက် လုပ်သင့်လုပ်ထိုက်လို့ လုပ်တဲ့အလုပ်က ပိုတန်ဖိုးရှိတယ်။ - ပေလေး (ကြံခင်း)။

## လူငယ်တို့၏ များယွင်းသော ဘာသာရေးလေ့လာမှု

ယနေ့ လူငယ်တွေဟာခေတ်ပညာပိုမိုတက်ကျွမ်းလာတဲ့အလျောက်ဘာသာရေးလေ့လာလိုက်စားမှု နည်းပါးလာပါတယ်။ အထူးသဖြင့် ခေတ်သစ်သိပ္ပံပညာရပ်များကို လေ့လာမှုပိုမိုများပြားပြီး **"ဘာသာရေးဟာ ခေတ်နောက်ပြန်ဆွဲ၊ စိတ်ဓာတ်နောက်ပြန်ဆွဲတဲ့ လုပ်ဆောင်ချက်တစ်ခု"**လို့တောင် ထင်မြင်လာကြပါတယ်။ ဒီတော့ **ဘာသာရေးလုပ်တယ်ဆိုတာ အကြောက်တရားနဲ့ အသက်ရှင်နေသူများလို့** ခံယူကြတာပို့ (Free Thinker)လို့ခေါ်တဲ့ ဘာသာမဲ့များပေါ်ပေါက်လာပါတယ်။

### လိုရင်းကို အစက မလေ့လာခြင်း

ဒီတော့ ပြန်လည်သုံးသပ်ကြည့်တဲ့အခါ မြန်မာပြည်မှာက လူငယ်အချို့လည်း ဒီတိုင်းပါပဲ။ ဘာသာရေးအပေါ် အယုံအကြည်မဲ့လာပါတယ်။ မေးလာတဲ့ မေးခွန်းများကလည်း–

* ကမ္ဘာကြီး ဘယ်ကစဖြစ်တာလဲ။ နေဘယ်လိုပေါ်လာသလဲ။
* ဘယ်ဘာသာက အစောဆုံး ပေါ်ပေါက်သလဲ။
* ဘုရားပွင့်ခဲ့ကြောင်း၊ ဘုရားသခင်ရှိခဲ့ကြောင်း ဘာနဲ့သက်သေပြမလဲ။
* ဘယ် ဘာသာနဲ့ဟောကြားခဲ့သလဲ။
* နောင်ဘဝဆိုတာ ဘာလဲ။ ရှေးဘဝဆိုတာ ဘာလဲ။
* ငရဲဆိုတာ တကယ်ကော ရှိရဲ့လား အစရှိသဖြင့် များစွာသော မေးခွန်းများနဲ့ စတင်ကြပါတယ်။ ဒီတော့ ယင်းမေးခွန်းများအတွက် ရလဒ်အဖြေကို မကျေနပ်နိုင်ကြတာကြောင့် ဘာသာရေး လေ့လာလိုက်စားဖို့ကို ရပ်တန့်လိုက်ကြပါတယ်။

ဒီတော့ ပြန်လည်သုံးသပ်ကြည့်လိုက်တဲ့အခါမှာ ကွဲပြားမှုရှိပါတယ်။ ကျွန်တော်တို့ IT Networking ပညာ လေ့လာမယ်၊ သို့တည်းမဟုတ် Programming ပညာတစ်ခု စတင်လေ့လာမယ်ဆိုရင် Protocol တစ်ခုပေါ်ပေါက်လာပုံ သမိုင်းကြောင်း၊ Language တစ်ခုပေါ်ပေါက်လာပုံသမိုင်းကြောင်း အစရှိသဖြင့် စတင်လေ့လာကြရပါတယ်။ ပိုပြီးတော့ အခြေခံကျတဲ့ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား အထိတောင် ပြန်လည်လေ့လာကြရပါတယ်။ တီထွင်သူပညာရှင်များရဲ့ သမိုင်းကိုပါ မြေလှန်ပြီးမှ ယင်းပညာရပ်ကို စူးစူးစိုက်စိုက်လေ့လာကြပါတော့တယ်။ ဒါဟာ မှန်ပါတယ်။ ဒါမှပဲ မိမိ သင်ယူနေတဲ့

ပညာရပ်အကြောင်းကို သေချာသိမှာမို့ပါ။ Motivation လည်းဖြစ်ပါတယ်။ အခြားသော လုပ်ငန်းခွင်သုံး ပညာရပ်တွေကလည်း ဒီလိုပါပဲ။

သို့ပေမယ့် ဘာသာရေးနဲ့ယှဉ်ထိုးနှိုင်းကြည့်လိုက်တဲ့အခါမှာ မဟုတ်ပါဘူး။ ဒီခေတ် လူငယ်တွေက ဘာသာရေးကို အသက်မွေးဝမ်းကျောင်း ပညာလေ့လာသလိုပဲ သဘောထားမိကြပါတော့တယ်။ ဒီတော့ ဘာသာရေးတစ်ခုကို စတင်လေ့လာလိုက်စားဖို့အတွက် သမိုင်းတွေ စတင်မြေလှန်ပါတော့တယ်။ ဘယ်နှစ်ခုနှစ်က ဘယ်သူ ဘာပြောခဲ့လဲ။ ဘယ်မှာ မှတ်တမ်းတင်ထားလဲ။ သက်သေအပြည့်အစုံပြ၊ အစရှိသဖြင့် မေးခွန်းထုတ်ကြပါတော့တယ်။ Seeing is Believing ဆိုတဲ့ နေရာမှာ အကောင်အထည် ဒြပ်ထုကို မြင်မှ Believe ဖြစ်မယ်ဆိုတဲ့ အယူအဆ ကိန်းအောင်းသွားခြင်းပါ။ တစ်ခါတစ်ရံ အကောင်အထည်မြင်ပေမယ့် မှားနေတာတွေကိုတော့ သတိမထားမိလိုက်ကြပါဘူး။

**ဥပမာ ပေးရရင် ပင်လယ်ထဲ ခရီးသွားမယ့် လူတစ်ယောက်အနေနဲ့ သူမဖြစ်မနေ လေ့လာရမှာက ရေကူးသင်နည်း ဖြစ်ပါတယ်။ ရေမှ မကူးတတ်ရင် ပင်လယ်ထဲမှာ နစ်ပါတယ်။ ဒီတော့ ရေကူးနည်းကို တဖတ်သူတို့လည်း စတင်လေ့လာမိမှာပါ။ ရေကူးနည်း ဘယ်သူအရင် တွေ့ခဲ့တယ်တို့၊ မိုက်ကယ်ဖေ့ကိုးစ် သမိုင်းကြောင်းတို့၊ ရေကူးနည်းပေါင်းစုံတို့၊ အရှေ့တောင်အာရှ ရေကူးမှာ ဘယ်သူအတော်ဆုံးလဲတို့ အစရှိသဖြင့်တို့ကို စတင်လေ့လာမိပါသလား၊ မိမိကူးတတ်ဖို့ကိုပဲ အဓိကထားလို့ ရေကူးနည်း အရင်လေ့လာရပါသလား?**

ဘဝဟာလည်း ဒီလိုပါပဲ။ သမိုင်းကို ဦးစားပေးလို့အရင် မြေလှန်လေ့လာရမယ့် ဘာသာရပ်ထဲမှာ ဘာသာရေးမပါပါဘူး။ ဘာသာရေးဟာ တတ်မြောက်ကျွမ်းကျင်မှုအပေါ်မှာ အခြေခံပြီးမှ သမိုင်းဘက်ကို ဆက်သွားရခြင်းဖြစ်ပါတယ်။ ဥပမာ– ဘုရားဟောကြား တရားတော်များကို အခြေအနေတစ်ခုအထိ လေ့လာပြီးပြီ၊ နားလည်တတ်မြောက်သွားပြီဆိုရင် သမိုင်းကြောင်းကို လေ့လာနိုင်ပါပြီ။ အဲ့ဒီအချိန်မှာ သံသယတွေ မရှိတော့ပါဘူး။ **ယခုကျတော့ ဖြစ်နေတာက သမိုင်းကို အရင်လေ့လာနေကြတော့ ဟိုဟာလည်း ငါမယုံ၊ ဒီဟာလည်း ငါမယုံနဲ့ ခရီးတွေ ဝေးသထက် ဝေးသွားပါတယ်။ ဒီတော့ လေ့လာမှု အဆင့်ဆင့်သွားပုံကို သေချာမှန်ကန်ဖို့ လိုအပ်ပါတယ်။**

ဘုရားဟောခဲ့သလိုပဲ ပြန်မှူဝေရမယ်ဆိုရင် မြားဆိပ်ထိမှန်နေတဲ့ လူတစ်ယောက်ဟာ မြားဘယ်က လာတယ်၊ ဘယ်သူပစ်တဲ့ မြားဖြစ်တယ်၊ ဘယ်လို

အဆိပ်အမျိုးအစားကို အသုံးပြုထားတယ် အစရှိသည့်တို့ကို လေ့လာနေရမှာ မဟုတ်ဘဲ ထိမှန်နေတဲ့မြားကို အရင်ဆုံး ဖယ်ထုတ်ရမှာဖြစ်ပါတယ်။

**အသက်ကြီးမှ လေ့လာရန် လိုအပ်သည်ဟု မှားယွင်းစွာ ခံယူခြင်း**

လူငယ်တွေဟာ ဘာသာရေးဟာ အသက်ကြီးမှ အနီးကပ် လေ့လာရမယ့် ပညာရပ်တစ်ခုလို့ သဘောထားနေကြပါတယ်။ အမှန်တော့ လောကအမှန်တရားဆိုတာ စောစောစီးစီး သိနိုင်လေလေ ကောင်းလေလေဆိုတာကို သူတို့ သိမထားကြပါဘူး။ သိထားလဲ အခြားသော မကောင်းတဲ့စိတ်များရဲ့ ခေါ်ဆောင်ရာကိုသာ လိုက်နေကြပါတော့တယ်။ ဘာသာရေးဆိုတာ တောထွက်မှ၊ ဘုန်းကြီးဝတ်မှ လေ့လာရမယ်လို့လဲ ဆိုမထားပါဘူး။ လောကနီတိတရားအရ လောကုတ္တရာနဲ့လောကီဟာ အပြန်အလှန် အမှီသဟဲပြုပါတယ်။ လောကုတ္တရာဘောင်မှာ ရဟန်းများပဲ ရှိနေလို့လဲ ကမ္ဘာကြီးဖြစ်မလာနိုင်သလို၊ လောကီလူသားတွေပဲ ရှိနေရင်လည်း ကမ္ဘာကြီးပျက်သွားနိုင်ပါတယ်။ **လူသားတို့ရဲ့ မကောင်းတဲ့ စိတ်များ၊ စေတသိက်များကို ထိန်းချုပ်ထားပေးတာက ယင်းဘာသာရေး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘာသာရေးဟာ အသက်အရွယ်မရွေး ကြီးကြီးငယ်ငယ် လေ့လာကျင့်သုံးထားရမယ့် ပညာရပ်တစ်ခုဖြစ်ပါတယ်**။

ဒါကြောင့်မို့ ရိုးရာလေး စာဖတ်သူအားလုံး ဘာသာရေးလေ့လာမှု အမြင်နဲ့ ပတ်သက်လို့ သေချာသိရှိလို့ လေ့လာနိုင်မယ်လို့မျှော်လင့်ပါတယ်။

**–အောင်ခမ်း–ရိုးရာလေး** *facebook* **မှ။**

## စေတနာကောင်းလျှင် ကံကောင်း

သည်းခံမှန်းသိတော့ **အနိုင်ကျင့်**တယ်။
သဘောကောင်းမှန်းသိတော့ **ဗိုလ်ကျ**တယ်။
ကူညီတတ်မှန်းသိတော့ **ခိုင်းစား**တယ်။
ကြောက်တတ်မှန်းသိတော့ **အာဏာ**ပြတယ်။
ရိုးရိုးအေးအေးနေတတ်မှန်းသိတော့ **ပါဝါ**ပြတယ်။
ဒီလိုလူမျိုးတွေကြောင့် မိမိစိတ်ဓာတ်ကို အရောင်မဆိုးမိပါစေနဲ့။
**စေတနာကောင်းလျှင် ကံကောင်းပါသည်။**

***–Pann Yai Lay.***

## ဘဝဇာတ်သုကာဟာ လူသားတွေရဲ့စိတ်

ကောင်းသောစိတ်သည် ဘဝကောင်းတစ်ခုကို ဖန်ဆင်းမှာဖြစ်ပြီး
မကောင်းသောစိတ်သည် ဘဝဆိုးတစ်ခုကို ဖန်ဆင်းပါလိမ့်မယ်။
လူသားတွေရဲ့ ဘဝဗိသုကာဟာ လူသားတွေရဲ့စိတ်ပါပဲ ...။

–သီတဂူဆရာတော်။

## လာတိုက်ရင်တော့ ခုခံကာကွယ်ရမှာပဲ

မဘသ(အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး)အဖွဲ့တွေဟာ တိုက်ပွဲကြားက မွေးဖွားခဲ့ပြီး တိုက်ပွဲကြားမှာပဲ ရှင်သန်ကြီးထွား အားကောင်းလာခဲ့တယ်။ မိုးမှောင်လေ ကြယ်ပြောင်လေပါပဲ။ ဗုဒ္ဓမွေကို မိစ္ဆာအယူဝါဒတွေနဲ့ အမှောင်ကြီးချုလို့ရနိုင်ပါ့မလား။ ထွန်းလင်းခြင်းသဘောကိုဆောင်တဲ့ မွေသတ္တိနဲ့ သမိုင်းအစဉ်လာကပင် ဇာတိမာန်ကြီးမားသော မြန်မာ့သတ္တိကို ပေါင်းစပ်လိုက်တဲ့အခါ ကမ္ဘာလောကထဲက အမွေအမြင်နဲ့ တိုးဝင်လာတဲ့ ဘေးရန်အန္တရာယ်တွေကို ခုခံကာကွယ်ဖို့ ခွန်အားသစ်များ နိုးကြားလာခဲ့ပါတယ်။

ကမ္ဘာမှာ မြန်မာဆိုတာ ဗုဒ္ဓဘာသာရဲ့ အားအကောင်းဆုံး ခံတပ်ကြီးဖြစ်စေချင်ပါတယ်။ ဒီခံတပ်ကြီးအတွင်းမှာ ပြည်ထောင်စုသားတွေ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင်နေစေချင်ပါတယ်။ ဘာသာခြားများနဲ့လည်းအပြန်အလှန်လေးစားခြင်း၊ အသိအမှတ်ပြုခြင်းတွေနဲ့ အေးအတူပူအမျှ နေသွားချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို လာတိုက်နေသမျှတော့ ခုခံကာကွယ်တာတွေ လုပ်နေရဦးမှာပါပဲ။

-မောင်သွေးချွန် (သာကီသွေး၊ အောင်ဝေယျတုဂျာနယ် အယ်ဒီတာချုပ်)၊
မဘသ၊ ဥဇ္ဇ နှင့် အချုပ်အခြာအာဏာခွဲဝေညီနိုး၊ စာအုပ်မှ။

## ပုထုဇဉ်ရဲ့သဘာဝ

ပုထုဇဉ်ရဲ့ဖြစ်တတ်တဲ့သဘာဝက အတိတ်ကိုတွေးရင်
ဘာတစ်ခုမှ မကျေနပ်။ ပစ္စုပ္ပန်ကိုကတော့ လက်လွှတ်၊
အနာဂတ်ကိုစိတ်ကူးယဉ်၊ အဲဒီလိုနဲ့ လုံးလည်ချာလည်လိုက်ပြီး
တစ်ဘဝတုံးနေကြတာ။

–ယောဆရာတော်ကြီး။

## အမျိုးသမီးများတို့၏ ဘဝကိုမြှင့်တင်ပေးခဲ့သူမှာ

## ဗုဒ္ဓမြတ်စွာဘုရားဖြစ်၏

ဘာသာတရားဆိုင်ရာများကို လေ့လာကြည့်တဲ့အခါ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတို့သည် အချို့ဘာသာဝင် အမျိုးသမီးများတို့ထက် တစ်မူထူးခြားလျက်ရှိ၏။

ဗုဒ္ဓဘာသာမှာ အမျိုးသမီးများကို ဘာသာရေးကိစ္စများ အပြည့်အဝ လွတ်လွတ်လပ်လပ် ပါဝင်ခွင့်ကို ဗုဒ္ဓမြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့သည်။

ဒီလို ဘာသာရေးလွတ်လပ်ခွင့်ကို အမျိုးသမီးများအတွက် ခွင့်ပြုတော်မူတာဟာ ကမ္ဘာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်တော်သာလျှင် ပထမဦးဆုံး ဆရာတစ်ဆူဖြစ်ပါတယ်။ မြတ်ဗုဒ္ဓမပွင့်ခင်ကဆိုရင် အမျိုးသမီးမိန်းမတို့ရဲ့အလုပ်ဟာ မီးဖိုချောင်အလုပ်ပဲလို့ သတ်မှတ်ထားပါတယ်။ မိန်းမတွေကို ဘုရားကျောင်းတော်တွေထဲတောင် ဝင်ခွင့်မပြုခဲ့ပါဘူး။

ဘုရားကျမ်းစာတွေ၊ ပရိတ်တရားလို ဘာသာရေးစာတွေကိုတောင် ရွတ်ဖတ်ခွင့် မပြုခဲ့ကြပါဘူး။

<u>မြတ်ဗုဒ္ဓပွင့်တော်မူချိန် ရောက်လာတဲ့အချိန်ထိ အမျိုးသမီးများရဲ့ အဆင့်အတန်းဟာ လူ့ဘောင်အဖွဲ့အစည်းထဲမှာ အလွန်ကို နိမ့်ကျနေပါသေးတယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်မြတ်က အမျိုးသမီးများကို သံဃာ့အဖွဲ့အစည်းထဲ ဘိက္ခုနီများအဖြစ်ထိတိုင် ခွင့်ပြုပေးတော်မူခဲ့တာဟာ ထိုခေတ်ထိုအချိန်ခါကဆိုလျှင် အလွန်ရဲရင့်တဲ့ အပြောင်းအလဲတစ်ရပ်ဖြစ်စေခဲ့ပါတယ်။</u>

ဗုဒ္ဓရှင်တော်ဘုရားကတော့ အမျိုးသမီးများလည်း အမျိုးသားများလို ကျင့်ကြံအားထုတ်ရင် အရဟတ္တဖိုလ်ဉာဏ်ကို ရနိုင်ပါတယ်ဆိုတဲ့ သက်သေထင်ရှားပြဖို့ သာသနာတော်ထဲ ဝင်ခွင့်ပြုတော်မူခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ အမျိုးသမီးထု တစ်ရပ်လုံးက ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ကျေးဇူးအထူးတင်ထိုက်ပါတယ်။

ဘာကြောင့်လဲဆိုရင် **မြတ်ဗုဒ္ဓက အမျိုးသမီးများကိုလည်း ဘာသာရေးဘဝနေနည်းကို သင်ကြားပြသခဲ့တဲ့အပြင် သူတို့ရဲ့အမျိုးသမီးလွတ်လပ်ခွင့်ရပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုကာ ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်ပါတယ်။** ဒါဟာ အမျိုးသမီးများတို့အတွက် လူ့သမိုင်းမှာ ပထမဆုံးရရှိခဲ့တဲ့ လွတ်လပ်ခွင့်နဲ့ ပိုင်ဆိုင်ခွင့်ဖြစ်ပါတယ်။

တစ်ချိန်က ဗုဒ္ဓဘုရားလက်ထက်တော် အိန္ဒိယမှာရှိတဲ့ အချို့ ဘာသာဂိုဏ်းတို့ရဲ့ သဘောထားအမြင်တွေကတော့ အမျိုးသမီးမှန်ရင် ဘယ်အမျိုးသမီးမဆို ဉာဏ်ပညာကျဉ်းမြောင်းကြတယ်၊ သူတော်စင်များရရှိနိုင်တဲ့ ဉာဏ်အဆင့်ကို ဘယ်လိုပဲကြိုးစားကြိုးစား မရနိုင်ဘူးလို့ အယူရှိကြတယ်။ အမျိုးသားများ အနေဖြင့်လည်း အမျိုးသမီးတို့ဟာ ယုတ်ညံ့တယ်လို့လည်း အယူရှိကြတယ်။ ဒီအယူဆတွေကို အကြီးအကျယ် ဆန့်ကျင်ပုန်ကန်လိုက်သူက ဗုဒ္ဓမြတ်စွာဘုရားရှင်ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓက "**လူတစ်ယောက်ဟာ သူ့စိတ်ကို ကောင်းအောင်၊ သမာဓိသို့ရောက်အောင် ထူထောင်နိုင်ရင် ပညာဟာ မုချလိုက်ပါဖြစ်ပေါ်မှာပါပဲ။ အမျိုးသမီးကြောင့်ဆိုပြီး ဘာမှကွဲပြားခြားနားမှာ မဟုတ်ဘူး**"လို့မိန့်တော်မူပါတယ်။

ကောသလမင်းကြီးနဲ့ သမီးမိန်းကလေး

တခါတုန်းက ကောသလမင်းကြီးဟာ သူ့မိဖုရားခေါင်ကြီးမှ သမီးမိန်းကလေးမွေးကြောင်းကြားသိရသောအခါ မင်းကြီး စိတ်မချမ်းမသာဖြစ်လေ၏။ ထိုအခါ မင်းကြီးစိတ်ချမ်းသာအောင် ဗုဒ္ဓရှင်တော်ဘုရား ဤသို့မိန့်ပါတယ်။

"**လူတို့ကို အစိုးရသောမင်းကြီး၊ သမီးလေးကို ကျွေးမွေးသုတ်သင်လော့၊ ပညာရှိသော၊ အကျင့်သီလရှိသော၊ ယောက္ခမကို နတ်ကဲ့သို့ရိုသေသော၊ လင်ကိုလုပ်ကျွေးသော အချို့မိန်းမများတို့သည် မြတ်သောအကျိုးကို ဖြစ်စေ၏။**

**အရပ်မျက်နှာတို့၏ အရှင်ဖြစ်သောမင်းကြီး၊ ထိုမိန်းမမှ အကြင်သားယောက်ျားကို မွေးဖွားလျှင် ထိုသို့သော မိန်းမကောင်းတို့၏သားသည် ရဲရင့်၏။ တိုင်းပြည်ကိုလည်း အုပ်ချုပ်ဆုံးမနိုင်သည်**"ဟု မိန့်တော်မူ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ယောက်ျားသာလျှင် ပညာရှင်ဖြစ်နိုင်တာမဟုတ်ဘူး။ အမျိုးသမီးမိန်းမများတို့လည်း ပညာရှင်ဖြစ်နိုင်ကြောင်းကို အသိမှတ်ပြုလိုက်ခြင်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်မှာတော့ အမျိုးသမီးများကို နှိမ့်ချပြီးဆက်ဆံတာကို တရားတယ်လို့ မသတ်မှတ်ပါဘူး။ အားလုံးတန်းတူ အခွင့်အရေးရဖို့ လမ်းဖွင့်ပေးခဲ့သူမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်တော်ဖြစ်ပါတယ်လို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

*-ဗုဒ္ဓဘာသာစာပေနှင့်နယ်လုံးသားအာဟာရစာစုများ Facebook မှ။*

## မိဘတို့ သတိထားစရာ

## သင့်တွင်ဆယ်နှစ်အောက် သမီးကလေးရှိသူတို့အတွက်နှင့် ကိုယ်သားသမီးအရွယ်မရောက်မီ ပြုစုပျိုးထောင်ရာတွင်

## သတိထားအပ်သော အမင်္ဂလာ(၁၃)ချက်

၁။ သင့်သမီးလေးကို သူများပေါင်ချန့်ခွင်ထဲ မထိုင်ဖို့ပြောထားပါ။ ကလေးမရဲ့ ဦးလေးဖြစ်နေပစေ ဝင်မထိုင်ရဘူးလို့သင်ထားပါ။

၂။ ကိုယ့်သားသမီး ၂–နှစ်လောက်ရှိပြီဆိုရင် သူတို့ရှေ့မှာ သင့်အဝတ်ချွတ် မလဲပါနဲ့။ သင့်အတွက်ကော သမီးသားအတွက်ကော ဟီရိဩတ္တပ္ပတရားကို စတင်သင်ယူကြရမယ်။

၃။ ကလေးတွေအချင်းချင်း လင်မယားလုပ်တမ်း မကစားကြဖို့နဲ့ တခြားအရွယ် ရောက်သူတွေကို ငါ့ယောက်ျား ငါ့မိန်းမလို့ မပြောစေနဲ့။ သူတို့ကြိုက်လို့ ရုပ်ရှင်မင်းသမီး၊ မင်းသားကို ညွှန်ရင်လည်း ထိထိရောက်ရောက် ဆိုဆုံးမ ပေးပါ။

၄။ သင့်သမီးသားလေးတွေ သူတို့ကလေးအချင်းချင်း သွားကစားကြပြီဆိုရင် မိဘသည် သူတို့ဘာလုပ်တမ်းကစားနေကြတာကို အသေအချာ သတိထား ကြည့်နေပါ။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေ လိင်ကိုင်ကစားတတ်ကြ သလို ကလေးဆိုးတချို့က တက်ခွအနိုင်ကျင့်တာတွေ လုပ်တတ်ကြလို့ပါ။

၅။ သင့်သမီးသားတစ်ယောက်ယောက်က သူမကြိုက်တဲ့ အရွယ်ရောက်သူ တစ်ယောက်ရဲ့အိမ်ကို မသွားချင်တာတို့၊ တစ်ခါ သူအလွန်ခင်လွန်းတဲ့ အရွယ်ရောက်သူတစ်ယောက်ရဲ့အိမ်ကို သိပ်သွားနေချင်တာတို့ဖြစ်လာရင် မိဘသည် လေ့လာစူးစမ်းမှုကို အထူးပြုလုပ်ရတော့မယ်လို့ မှတ်ထားပါ။

၆။ မိဘကိုခင်ခင်တွယ်တွယ်ရှိနေတဲ့ ကလေးတစ်ယောက်ဟာ ချက်ချင်းဆိုသလို သင့်အပေါ် သူစိမ်းပြင်ပြင်ဆက်ဆံလာနေတာကိုတွေ့လိုက်ရရင် သတိပြုပြီး ကလေးကို ဂရုတစိုက်နဲ့ မေးခွန်းများများနဲ့ ချော့မေးကြပါ။

၇။ အရွယ်ရောက်လာတဲ့ သင့်ကလေးကို လိင်ကိစ္စအမှန်အကန် တန်ဖိုးအကြောင်း ကို သေသေချာချာ သွန်သင်ပေးရမယ်။ သို့မဟုတ်ပါက သူ့လူမှုဝန်းကျင်က မဟုတ်မဟပ်တွေအများကြီး သင်ပေးလာပြီး မကောင်းတာတွေ တတ်ကုန်ကြ တယ်။

၈။ ကလေးတွေအတွက် သင်ဝယ်ပေးလိုတဲ့ ကာတွန်းစာအုပ်စသည့် တခြား မီဒီယာပစ္စည်းတွေကို သူတို့အရင်ကြည့်ပြီး ဖြစ်နေတာထက် သင်က အသေအချာ စိစစ်ပြီးလို့ သင့်တော်လို့ သူတို့အတွက်ဝယ်ပေးတာ ဖြစ်သင့်တယ်။ ကြိုတင်လမ်းကြောင်းပေးခြင်း ဖြစ်နေရမယ်။

၉။ မိဘတွေရဲ့ စီးပွားရေးစသဖြင့် မီဒီယာ အင်တာနက်လိုင်းကို အသေအချာ ထိန်းချုပ်ထားဖို့နဲ့ ကလေးတွေ ဝင်မဆော့နိုင်အောင် ကာကွယ်ထားပါ။ ကိုယ်ဆက်ဆံနေရတဲ့ တစ်ဖက်မိဘတွေကိုလည်း သူတို့သားသမီးတွေ ငင်မကြည့်နိုင်အောင် ပြောထားပါ။

၁၀။ သင့်သမီး သုံးနှစ်အရွယ်ကစလို့ သူတို့ရဲ့ ရှက်စရာ အင်္ဂါအစိတ်အပိုင်းတွေကို သူများလာမထိ လာမကိုင်စေဖို့ သွန်သင်ပေးပါ။ သင်တို့မိဘတွေ ကိုယ်တိုင်ကလည်း ထိလိုက်ကိုင်လိုက် မလုပ်ရဘူး။ ကြင်နာမှုဆိုတာ အိမ်ကစတယ်ဆိုတာ မမေ့ပါနဲ့။

၁၁။ သင့်ကလေး စာရိတ္တနဲ့ စိတ်ဓာတ်ပျက်ပြားစေနိုင်တယ်ဆိုတာတွေကို မဖတ်ရ၊ မကြည့်ရ၊ မပေါင်းသင်းရဆိုတာမျိုးတွေနဲ့ တားဆီးမှုလုပ်ပါ။ အဲဒီထဲမှာ မီဒီယာတချို့နဲ့ မပေါင်မသင်းအပ်တဲ့လူတွေ၊ အိမ်ထောင်စုတွေ ပါပါတယ်။

၁၂။ သင့်ကလေး လူအကြား၊ လူအရွေ့ထွက်ရပ်တဲ့တန်ဖိုးအကြောင်းကိုလည်း သိအောင် သင်ပေးထားပါ။ အရှက်ကြီးအကြောက်ကြီး ဖြစ်မနေစေရဘူး။

၁၃။ သင့်ကလေးက တစ်ယောက်ယောက်ကို လက်ညှိုးထိုး ကန့်ကွက်နေပြီဆိုရင် သင် အေးအေးဆေးဆေး လုပ်မနေပါနှင့်။ ထိထိရောက်ရောက် ကိုင်တွယ် ဖြေရှင်းသွားပါ။

ကဲ... ဒီအချက်တွေကို သင်ဖတ်ပြီးက သင်သည်မိဘဖြစ်စေ၊ မိဘဖြစ်လာဖို့ ရှိသူများဖြစ်စေ ကလေးသူငယ်များကို ကာကွယ်ထိန်းကျောင်းပေးလိုသူများ ဖြစ်လာကြမည်ဟု မျှော်လင့်ပါသည်။ အခြားသူများအားလည်း အသိပေးပါ။ ရှယ်ပေးကြပါ။ အထူးသဖြင့် မိဘမဲ့များနဲ့ ဒုက္ခိတများ ကလေးများဂေဟာမှ တာဝန်ရှိသူများ အထူးပြုသိသင့်ပါသည်။

*–Ak Naing Dhamma friends, Facebook* မှ။

* အလုပ်တွေထဲမှာ အကောင်းဆုံးအလုပ်ဟာ စိတ်အလုပ်ပါ။ – **မေလေး (ကြခင်း)**။

* တစ်ယောက်အကြောင်း တစ်ယောက် အသေအချာ မသိရင် စစ်မှန်တဲ့မေတ္တာ မရှိနိုင်ဘူး။ –**မောင်မှန်ဦး (ဓနုဖြူ)**။

## ဘာသာချစ်စိတ်အားနည်းသူတစ်ယောက်အကြောင်း

ရှမ်းပြည်နယ်၊ အောင်ပန်းမြို့ဆိုတာ စိုက်ပျိုးရေးကူးသန်းရောင်းဝယ်ရေးနှင့် စည်ကားတဲ့ မြို့တစ်မြို့ပါ။ အောင်ပန်းမြို့မှာ နေထိုင်တဲ့ မနှင်းအိဟာ အရွယ်ရောက်လာချိန်မှာ လူမျိုးမတူ ဘာသာမတူသူ မွတ်ဆလင်ကုလားနဲ့ မေတ္တာမျှခဲ့ပါတယ်။ သူမအသက်(၂၀)အရွယ်ဆိုတော့ စဉ်းစားချင့်ချိန်နိုင်စွမ်းရှိပြီလို့ဆိုရမှာပါ။ ဒါပေမယ့် ချစ်တာတစ်ခုကို ရှေ့တန်းတင်သူတွေဟာ ရှေ့နောက် ဘာမှ မစဉ်းစားကြဘဲ ဆုံးဖြတ်ချက် လွယ်လင့်တကူချပြီး နီးရရင်ပြီးရော၊ မခွဲရရင် ပြီးရောဆိုတာမျိုး လွယ်လင့်တကူ ဆုံးဖြတ်တတ်တာလည်း သဘာဝလို့ဆိုရမှာပါ။ **မွတ်ဆလင်ကုလားတွေမှာတော့ ရည်ရွယ်ချက်ရှိပြီးသား ဖြစ်သည့်အတိုင်း တိုင်းရင်းသူကို ရအောင်ယူ၊ သူတို့အစ္စလာမ်ဘာသာထဲ သွတ်သွင်း၊ သူတို့ရည်ရွယ်ချက်အတိုင်း ဘာသာရေးဝါးမြိုမှုကို အိမ်ထောင်ရေးအကြောင်းပြပြီး လုပ်ဆောင်ခဲ့တာတွေ များလှပါပြီ**။ အသိပညာဗဟုသုတကလည်းနည်း၊ချစ်စိတ်ကလည်း မွှန်နေတဲ့အတွက် မွတ်ဆလင်ကုလားက ခိုးရာနောက်လိုက်ဖို့ ပြောတော့ ကောက်ကောက်ပါအောင် လိုက်ခဲ့တော့တာပါပဲ။

မနှင်းအိဟာ ပြုသမျှ နုခဲ့သူတစ်ယောက်လို့ဆိုရမယ့်အဖြစ်မျိုးပါ။ မွတ်ဆလင်ကုလားက ခိုးသွားပြီးပြီဆိုတာနဲ့ ဗလီဆရာတွေဆီခေါ်သွားပြီး နေကာလ်ဖတ် အစ္စလာမ်ဘာသာဝင်အဖြစ် သွတ်သွင်းလိုက်ပါတော့တယ်။ ဤမျှနဲ့အားရကျေနပ်ပြီတဲ့လား။ မွတ်ဆလင်တွေက မနှင်းအိအိမ္ဘန်ရဲ့ မျိုးရိုးအစဉ်အဆက်ကိုပါ ဖျောက်ဖျက်ပစ်ချင်ကြသူတွေဗျ။ မနှင်းအိရဲ့အမည်ကို ဖျောက်ပြီး မွတ်ဆလင်ကုလားမ အမည် စွန်မရာမီလို့ အမည်တပ်ကြတဲ့။ မနှင်းအိအိမ္ဘန်ရဲ့ ဆန္ဒသဘောထားကို မေးမြန်းခြင်းမရှိဘဲ သူတို့ပြုသမျှ မနှင်းအိအိမ္ဘန် ကြုံခဲ့ရတဲ့အဖြစ်တွေပါ။

မင်္ဂလာပွဲကျင်းပမယ်ဆိုတော့လည်း မနှင်းအိရဲ့မိဘဆွေမျိုးတွေကိုတောင် အကြောင်းမကြားဘဲ သူတို့အစ္စလာမ်ဘာသာဝင်တွေရဲ့ ထုံးတမ်းအစဉ်အလာ အတိုင်းပဲ လုပ်ဆောင်ဖို့ စီစဉ်နေကြပါတော့တယ်။ မနှင်းအိရဲ့ မိဘဆွေမျိုးသားချင်းတွေက သိရှိပြီး ကန့်ကွက်ကြလို့ မင်္ဂလာပွဲနှစ်ဖက် တင်းမာမှုတွေဖြစ်ခဲ့ရပါတယ်။

သမီးမိုက်တစ်ယောက်ရဲ့ ရှေ့ရေးနောက်ရေး တွေးဆချင့်ချိန်မှုမရှိတဲ့လုပ်ရပ် အမှားကြောင့် မိဘတွေရင်ထဲမှာ ဘယ်လောက်အထိ ပူလောင်ပြင်းပြခံစားရလေမလဲ။ လူယုတ်မာမွတ်ဆလင်တွေကတော့ သူတို့အကြိုက်စီစဉ်လုပ်ဆောင်

ကြတာ အစဉ်အလာပါပဲ။ ဒီလိုနဲ့တင်းမာနေတဲ့အခြေအနေတစ်ရပ်မှာမိဘဆွေမျိုးတွေက အောင်ပန်းမြို့ပေါ်က ဆရာတော်ကို လျှောက်ထားပြီး ပြန်လည်ပြောင်းဖြလို့ မနှင်းအိအိမွန်နှင့် သူ့ခင်ပွန်း မွတ်ဆလင်ကုလားကို ခေါ်ယူတွေ့ဆုံပြီး မနှင်းအိအိမွန်ကို ဗုဒ္ဓဘာသာဝင်အဖြစ် ပြန်လည်ကူးပြောင်းစေခဲ့ပါတယ်။

**မွတ်ဆလင်ကုလားတွေရဲ့ ဘာသာရေးလမ်းညွှန်ချက်မှာ လွတ်လပ်စွာကိုးကွယ်ခွင့်ဆိုတာမရှိဘူး။ အလကွာက အဲဒီလောက်ထိ သဘောထားမကြီးဘူး။**

မွတ်ဆလင်အမျိုးသမီးတစ်ဦးနဲ့ အခြားဘာသာဝင် အမျိုးသားတစ်ဦး ချစ်ရည်လူးခဲ့သည်ရှိသော်မှ မွတ်ဆလင်ဘာသာအတွင်း မက်လုံးပေးစည်းရုံးသိမ်းသွင်းပြီး သူတို့ဘာသာအတွင်းမှာ နေရာကောင်းပေးပြီး မြှောက်ထိုးပင့်ကော်လုပ်တတ်တဲ့ သာဓကတွေလည်း ရှိပါတယ်။

မနှင်းအိဟာ ချစ်စိတ်တစ်ခုကို အရင်းပြုပြီး ခိုးရာလိုက်ခဲ့ခြင်းဖြစ်ပေမယ့် ရည်ရွယ်ချက်ရှိရှိ ဘာသာရေးဝါးမြိုဖို့ ကြံစည်စိတ်ကူးပြီး လက်တွေ့ကျကျ လုပ်ဆောင်နေတဲ့ အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဗလီဆရာတွေ၊ မွတ်ဆလင် အသိုင်းအဝိုင်းတွေကို မွတ်ဆလင်တစ်ယောက်ဟာ မလွန်ဆန်ဝံ့ပါဘူး။

**အစ္စလာမ်အများစုမဟုတ်သေးတဲ့ ကျွန်တော်တို့လို တိုင်းပြည်တွေမှာသာ ယခုကဲ့သို့ လွယ်လင့်တကူကယ်တင်လို့ရသိမ့်မယ်။ ရှရီအတ်ဥပဒေကျင့်သုံးတဲ့ နိုင်ငံတွေမှာဆိုရင်တော့ မွတ်ဆလင်ယောကျ်ားတစ်ယောက်က မွတ်ဆလင်ဘာသာကို စေ့စေ့နှိမ်ရင်ပဲဖြစ်ဖြစ်၊ ဘာသာဝင်အဖြစ်က နှုတ်ထွက်မယ်ဆိုရင်ပဲဖြစ်ဖြစ် ကိုယ်တစ်ပိုင်းကိုမြေမြှုပ်၊ ခဲနဲ့ပိုင်းထုသတ်တဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာပါ။ အမျိုးသမီးတစ်ဦး အိမ်ထောင်ရေးဖောက်ပြန်မိခဲ့ရင်လည်း အလားတူ ကိုယ်တစ်ပိုင်းမြေမြှုပ်၊ လူမြင်ကွင်းမှာ ခဲနဲ့ပိုင်းထုသတ်ရို့ သူတို့ဘုရားသခင်က ပညတ်ထားပြီးဖြစ်တဲ့အတိုင်း လုပ်ဆောင်ခဲ့တဲ့ မှတ်တမ်းတွေလည်း အထင်အရှားရှိခဲ့ပါပြီ။**

မနှင်းအိရဲ့ ဘဝက ဂံသီလို့ အမှားကြီး မှားတော့မလို့ဆိုတဲ့ အဖြစ်မျိုးကနေ လက်မတင်လေး ကယ်တင်လိုက်နိုင်တဲ့ သာဓကဖြစ်လို့ သမီးရိုက်တို့ သိစေရာ မွတ်ဆလင်ကုလားဆို ရှောင်ကြဉ်ပါလို့ တိုက်တွန်းပါရစေတော့ ......။

(မနှင်းအိအိမွန် ရင်ဖွင့်ပြောကြားသည့် ဖြစ်ရပ်မှန်ကို အခြေခံရေးသား တင်ပြပေးခြင်းဖြစ်ပါသည်။ အမုန်းစကားမဟုတ်၊ အမှန်စကားဖြစ်ပါသည်)

*-Facebook* မှ။




ရှင်ပြောတော့ ငြိမ်းချမ်းရေး လက်မှတ် ထိုးပြီးပြီ ဆို
လက်မှတ် ထိုးတာက တစ်ခွဲ... လက်ညှိုးနှိမ်တာက တစ်ခွဲ ကွ

# ပညာတတ်ရဟန်းတော်တို့၏လုပ်အားများ

## အသုံးချခွင့်ရရေး နည်းလမ်းရှာဖွေခြင်း

### အရှေ့အလယ်ပိုင်း ပဋိပက္ခနှင့်အရှေ့တောင်အာရှပြဿနာ

ကျွန်ုပ်တို့နေထိုင်သည့်ကမ္ဘာကြီးသည် နှစ်ဆယ့်တစ်ရာစုထဲဝင်ရောက်လာချိန်မှစ၍ စိန်ခေါ်မှုပေါင်းမြောက်မြားစွာတို့နှင့် ရင်ဆိုင်နေရသကဲ့သို့၊ ကျွန်ုပ်တို့ ကိုးကွယ်ရာ ဂေါတမဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးမှာလည်း စိန်ခေါ်မှု အမျိုးမျိုးတို့နှင့် ရင်ဆိုင်နေရကြောင်း ဗဟုသုတရှိသူတိုင်း သိကြလိမ့်မည်ဟုထင်ပါသည်။

ယခုအခါ ကမ္ဘာကြီးရင်ဆိုင်နေရသည့် စိန်ခေါ်မှုတို့အနက် အရှေ့အလယ်ပိုင်းဒေသတွင်း၌ လူမျိုးရေးအစွန်းရောက်မှု စစ်ပွဲများ၊ ဘာသာရေးအစွန်းရောက်မှု စစ်ပွဲများကိုဆင်နွှဲနေခြင်းကြောင့် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်များ နေ့စဉ်နှင့်အမျှ ပျက်စီးဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်နေရကြောင်း မီဒီယာတို့မှတစ်ဆင့်သိခွင့်ရခဲ့သည်။ ထိုနည်းအတူ ယခုအခါ အရှေ့တောင်အာရှဒေသကပ္ပလီပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လေ့စီးဘင်္ဂါလီတို့ကြောင့်ဖြစ်လာသည့် စိတ်မအေးစရာသတင်းတို့ကိုလည်း ကြားသိပြီးဖြစ်ပါလိမ့်မည်။ အဆိုပါ အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် အရှေ့တောင်အာရှဒေသတွင်း လေ့စီးဘင်္ဂါလီတို့မှာ ချိတ်ဆက်မှုရှိကောင်းရှိနိုင်သည့်အတွက် စောင့်ကြည့်ရမည့် ကိစ္စဟုယူဆပေသည်။

### လေ့စီးဘင်္ဂါလီဇာတ်လမ်း

အထက်ဖော်ပြပါ လေ့စီးဘင်္ဂါလီတို့ကို မြန်မာနိုင်ငံတွင်းသို့သွတ်သွင်းလိုသောအကြံအစည်တို့ဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အိုအိုင်စီအဖွဲ့ချုပ်မှ အဖွဲ့ဝင်နိုင်ငံအချို့တို့က ပူးပေါင်းကြံစည်ပြီး ဖိအားပေးပုံဖော် နေခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ မြင်တွေ့လာပေသည်။ ထိုအကြောင်းတို့ကြောင့် မြန်မာနိုင်ငံအတွက် အန္တရာယ်ရှိလာသလို၊ မြန်မာနိုင်ငံသားတို့ သက်ဝင်ယုံကြည်ရာ သာသနာတော်အတွက်လည်း အန္တရာယ်ရှိလာကြောင်း မီးနီပြလိုက်သကဲ့သို့ ထင်မြင်ယူဆစရာဖြစ်လာပေသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အိုအိုင်စီအဖွဲ့ချုပ်မှ အဖွဲ့ဝင်နိုင်ငံအချို့တို့က လေ့စီးဘင်္ဂါလီ ဇာတ်လမ်းကို ဖော်ထုတ်ကပြခြင်းမှာ ခေတ်အဆက်ဆက် ရခိုင်ပြည်နယ်တွင်းသို့ ခိုးဝင်နေသော ဘင်္ဂါလီတို့ကို ရိုဟင်ဂျာအမည်တပ်၍

မြန်မာနိုင်ငံသားအဖြစ် ပုံဖော်ဖန်တီးရာတွင် အောင်မြင်မှုမရသောကြောင့် ယခုကဲ့သို့ လေ့စီးဒုက္ခသည် ဘဝဖြင့် ပုံဖော်ရန် ထပ်မံကြိုးပမ်းလာခြင်းသာဖြစ်သည်။ ထိုအကြောင်းတို့ကြောင့် ကျွန်ုပ်တို့အားလုံး ရှေးကထက်ပို၍ အမျိုးသားရေး စိတ်ဓာတ် မွေးမြူရန်လိုအပ်သကဲ့သို့၊ ကျောခြင်းကပ်၊ ရင်ခြင်းအပ်၍ ရှေးကထက် ပို၍ စည်းလုံး ညီညွတ်ကြရန်လည်း လိုအပ်လာကြောင်း တိုက်တွန်းလိုပါသည်။

## လူဦးရေသန်းခေါင်စာရင်းနှင့်သံဃာဦးရေဝါဆိုစာရင်း

ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို ကျေးရွာပေါင်း(၆၄၉၁၇)ရွာ၊ မြို့နယ်ပေါင်း (၃၃၀)မြို့နယ်တို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည်ဟုသိခွင့်ရသကဲ့သို့၊ ယင်းနိုင်ငံတော်အတွင်း၌ တိုင်းရင်းသားမျိုးနွယ်ပေါင်း(၁၃၅)မျိုးတို့မှ ဆင်းသက်လာသည့်လူဦးရေ (၅၁ ဒသသမ ၄၉)သန်းတို့ နေထိုင်လျက်ရှိကြောင်း မကြာမီကသတင်းစာတွင် ထုတ်ပြန်သည့် လူဦးရေသန်းခေါင်စာရင်းအရ သိခွင့်ရပေသည်။

အဆိုပါလူဦးရေ သန်းခေါင်စာရင်းတွင် ပါဝင်ခြင်းမရှိဘဲ သီးခြားရပ်တည်နေရသူတို့မှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များပင်ဖြစ်သည်။ ထိုသာသနာ့ဝန်ထမ်း ရဟန်းတော်တို့မှာ သီတင်းသုံးရာကျောင်းပေါင်း (၆၁၃၀၂)ကျောင်းနှင့် သာသနာ့နွယ်ဝင်သီလရှင်ကျောင်းပေါင်း(၃၈၈၁)ကျောင်းတို့အပါအဝင် သာသနာပြုကျောင်းပေါင်းမှာ (၆၅၁၈၃) ကျောင်းရှိသည်ဆို၏။ အဆိုပါ ကျောင်းအသီးသီးတို့တွင် သီတင်းသုံးတော်မူသော ရဟန်းတော်ပေါင်း (၂၇၂၉၂၇)ပါး၊ သာမဏေပေါင်း (၂၈၇၈၁၈)ပါးနှင့် သီလရှင်ပေါင်း (၅၀၅၅၃)ပါးတို့ အပါအဝင် သာသနာ့ဝန်ထမ်း အရေအတွက် စုစုပေါင်းမှာ (၆၁၁၂၉၉)ပါးတို့ သီတင်းသုံးလျက်ရှိကြောင်းကို ဝါဆိုစာရင်းအရသိခွင့်ရလေသည်။

## အလုပ်လက်ရှိနှင့်အလုပ်လက်မဲ့

အထက်တွင်ဖော်ပြသည့် သာသနာပြုဘုန်းတော်ကြီးကျောင်းစာရင်းနှင့် သာသနာ့ဝန်ထမ်းရဟန်းတော်များ စာရင်းကိန်းဂဏန်းတို့ကို ကြည့်ရှု လိုက်မည်ဆိုလျှင် သာသနာတော်အတွက် အားရဖွယ်ရာဟု မှတ်ထင်ကောင်း၊ မှတ်ထင်သွားနိုင်ပေသည်။ သို့ရာတွင် မြေပြင်အခြေအနေကိုလေ့လာအကဲခတ်လိုက်သောအခါ နိုင်ငံတစ်ဝန်းလုံး၌ သံဃာတော်(၅၀)မှအထက်ရှိ ပရိယတ္တိစာသင်တိုက်ပေါင်း(၅၀၀၀)ခန့်နှင့်ယောဂီပရိသတ်(၅၀)မှအထက်ရှိပဋိပတ္တိ ကမ္မဋ္ဌာန်းရိပ်သာပေါင်း (၅၀၀၀)ခန့်ဟု မှန်းဆယူနိုင်ပေသည်။ ထို့အပြင် လွန်ခဲ့သော ၁၉၉၃ ခုနှစ်မှစ၍ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများကို ဖွင့်လှစ် သင်ကြား

ခွင့်ပြုခဲ့ရာ ယခုအခါ(၁၅၉၇)ကျောင်းအထိ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း မြင်တွေ့နေရပေသည်။

အဆိုပါ ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ကို ပေါင်းလိုက်လျှင်ကျောင်းပေါင်း (၁၁၅၉၇) ကျောင်းရှိရာ ထိုကျောင်းတို့သာအလုပ်လုပ်နေသည့်ကျောင်းများအဖြစ် သတ်မှတ်နိုင်ပေသည်။ ထိုမှကြွင်းကျန်သော ကျောင်းပေါင်း (၅၃၅၈၆)ကျောင်းတို့မှာ လုပ်ငန်းပြစရာ မည်မည်ရရမရှိသောအကြည်ညိုခံကျောင်းများဟုယူဆနိုင်ပေသည်။ယခုကဲ့သို့ အလုပ်ရှိသည့်ကျောင်းနှင့် အလုပ်မရှိသည့်ကျောင်းတို့ကိုခွဲခြားကြည့်လျှင်သိနိုင် သကဲ့သို့၊ ထို့အတူ အလုပ်ရှိသော ရဟန်းနှင့် အလုပ်မရှိသောရဟန်းတို့ကိုလည်း စာရင်းကောက်ယူမည်ဆိုလျှင်ကွဲကွဲပြားပြားသိနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

**ပညာတတ်ရဟန်းတော်တို့၏ လုပ်အားကိုမှန်းဆခြင်း**

လွန်ခဲ့သော ၂၀၀၄-ခုနှစ်မှ ၂၀၁၄-ခုနှစ်အထိ(၁၁)နှစ်တာကာလအတွင်း ဓမ္မာစရိယစာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားသူ ရဟန်းတော်ပေါင်း(၂၉၅၄၈၄)ပါး အထိရှိကြောင်းသိရပေသည်။ ထိုအထဲမှ ကျမ်းရင်းသုံးကျမ်းလုံးအောင်မြင်သူ ရဟန်းတော်ပေါင်း(၅၈၄၈)ပါးတို့ကိုတွေ့ရပေသည်။ ထိုစာမေးပွဲ၌ကျရှုံးသူပေါင်း (၂၄၉၆၃၆)ပါးတို့မှာ ပထမကြီးတန်းစာမေးပွဲ ဖြေဆိုအောင်မြင်ထားသည့် ပညာတတ်ရဟန်းတော်များပင်ဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါ ပညာတတ်ရဟန်းတော်ပေါင်း (၂)သိန်းခွဲခန့်ရှိနေခြင်းကြောင့် ဂုဏ်ယူလောက်စရာဟုထင်ရသော်လည်း လက်တွေ့မှာ ဂုဏ်မယူနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင်ရှိသော ကျေးရွာပေါင်း (၆၄၉၁၇)ရွာတို့မှ ဒကာ-ဒကာမတို့က အဆိုပါပညာတတ် ရဟန်းတော်တို့အားကိုးကွယ်လိုသဖြင့် ပင့်ဆောင်ရာပင့်၍မရသည့်အတွက်တောထွက်ကို ဘုန်းကြီးလုပ် ကိုးကွယ်နေရသောကြောင့်ဖြစ်သည်။ အဆိုပါ တောထွက်တို့မှာစာပေသင်ကြားမှုမလုပ်နိုင်သလို၊ တရားဓမ္မဟောကြားမှုလည်း မလုပ်နိုင်သည့် အတွက် လက်ရှိအချိန်တွင် ကျေးလက်သာသနာတော်မှာ နိမ့်ကျမှန်းမသိ နိမ့်ကျသွားပြီဖြစ်ကြောင်း မြင်တွေ့နိုင်သည်။

အထက်တွင်တင်ပြသော ပညာတတ်ရဟန်းတော်တို့မှာ ကျေးလက် သာသနာပြုလုပ်ငန်းကို စိတ်ဝင်စားမှုမရှိသဖြင့်မြို့ကြီးများ၌သာကပ်နိုသီတင်းသုံး နေကြောင်းတွေ့ရမည်ဖြစ်သည်။ ယင်းသို့ မြို့ကြီးများ၌ ကပ်နိုသီတင်းသုံး နေသော်လည်း သာသနာပြုအလုပ်ဟူ၍ လုပ်စရာသူတို့မှာမရှိပါ။ ယင်းသို့

လုပ်စရာ အလုပ်မရှိသဖြင့် စိတ်လေလွင့်မှုဖြစ်သွားသော ရဟန်းတော်အချို့မှာ လူမှုနယ်ပယ်အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြသည်။ အဆိုပါ ရဟန်းတော်ထဲမှအချို့မှာ ရဟန်းနှင့်သက်ဆိုင်မှုမရှိသောအလုပ်တို့၌ ပါဝင်လုပ်ဆောင်နေသည့်အတွက် မြင်တွေ့နေရသည့် ဒကာ–ဒကာမတို့မှာ စိတ်မကောင်းဖြစ်ရုံမှတစ်ပါး မည်သို့မျှမတတ်နိုင်ပါ။ ထို့ကြောင့် အထက်ဖော်ပြပါ ပညာတတ်ရဟန်းတော်တို့၏ ပျောက်ကွယ်နေသောလုပ်အားများကို သာသနာတော်အတွက် အသုံးပြုခွင့် ရရှိလာစေရန် နည်းလမ်းရှာဖွေဖို့ အချိန်တန်ပြီဟုယူဆမိသည်။

**<u>တိုင်းတစ်ပါးယဉ်ကျေးမှုဝင်လာရသည့်အကြောင်းရင်း</u>**

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် သက်ဦးဆံပိုင်ဘုရင်များ အုပ်စိုးသောခေတ်က ကျင့်သုံးခဲ့သည့် ပညာရေးမူဝါဒမှာ အရွယ်ရောက်လာသူ ယောက်ျားကလေး၊ မိန်းကလေးတို့အား ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်အပ်နှံလေ့ရှိကြသည်။ အဆိုပါ ကျောင်းသူကျောင်းသားတို့အား အခြေခံဗုဒ္ဓဘာသာစာပေကို ဘုန်းတော်ကြီး တို့က သင်ကြားပေးကြသည်။ ထို့ကြောင့် ရှေးခေတ်က ကလေးတိုင်း ဘုန်းတော် ကြီးကျောင်းပညာရေးအောက်မှ ဖြတ်သန်းခွင့်ရသဖြင့်ဘာသာရေး ဗဟုသုတ ကြွယ်ဝမှုရှိသကဲ့သို့ အမျိုးဘာသာ သာသနာတော်ကိုလည်းတန်ဖိုးထား ထိန်းသိမ်း စောင့်ရှောက်မှု ပြုလုပ်တတ်ကြသည်။

နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ မြန်မာနိုင်ငံကျရောက်သွားချိန်မှစ၍ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကို ဖျက်သိမ်းလိုက်ပြီး ထိုနေရာ၌ လူစာသင်ကျောင်းတို့ဖြင့် အစားထိုးသင်ကြားလိုက်ကြသည်။ ယင်းသို့လူစာသင်ကျောင်းတို့ဖြင့်အစားထိုး သင်ကြားမှုကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် လူငယ်တို့မှာ ကင်းကွာသွားခဲ့ရခြင်းဖြစ်သည်။ ထိုကဲ့သို့ ဘုန်းတော်ကြီးကျောင်း ပညာရေးနှင့်ကင်းကွာသွားသော ထိုလူငယ်တို့မှာ မိမိတို့ယဉ်ကျေးမှုကို ကျောခိုင်းပြီး တိုင်းတစ်ပါး ယဉ်ကျေးမှုကိုလိုလားစွာလက်ခံသွားခြင်းဖြစ်သည်။ နယ်ချဲ့တို့၏ ယင်းလုပ်ရပ်ကြောင့် ဘုန်းတော်ကြီးကျောင်းတို့တွင်ဝေယျာဝစ္စနိုင်းစရာ ကျောင်းသားမရှိတော့သလို ဘုန်းတော်ကြီးများမှာလည်း လုပ်စရာ အလုပ်ဟူ၍ မရှိတော့သဖြင့် အလုပ်လက်မဲ့ဘဝသို့ ရောက်သွားခဲ့ရခြင်းဖြစ်သည်။

**<u>တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသည်ဆိုလျှင်</u>**

ကျွန်ုပ်တို့ထေရဝါဒဗုဒ္ဓ သာသနာတော်တွင် ပညာတတ်ရဟန်းတော်ပေါင်း နှစ်သိန်းခွဲခန့်ရှိနိုင်ကြောင်း အထက် တွင်တင်ပြ ခဲ့ပြီးဖြစ်ပါသည်။ မြို့ကြီးပေါ်၌

နေထိုင်သူပညာတတ်ရဟန်းတော်တို့မှာ ဘာသာရေးဆိုင်ရာအလုပ်အကိုင်ဟူ၍ မည်မည်ရရ မရှိသဖြင့် လူမှုနယ်ပယ်အသီးသီးသို့ ဝင်ရောက်သွားလာလှုပ်ရှားနေခြင်း ဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပြီး ဖြစ်သည်။

ယင်းအခြေအနေကိုထောက်ရှုခြင်းအားဖြင့် ရဟန်းနှင့်လူမှာကင်းကွာ၍ ရမည်မဟုတ်ကြောင်းသိနိုင်ပေသည်။ ထို့ကြောင့် မြို့ကြီးပေါ်၌ ခိုကပ်သီတင်းသုံးနေသည့် အဆိုပါ ပညာတတ်ရဟန်းတော်တို့အား လူထုကို ချဉ်းကပ် စည်းရုံးရာတွင် အထောက်အကူဖြစ်စေရန်လူမှုဖွံ့ဖြိုးရေးအမြင်ဖွင့် သင်တန်းများ၊ ဖွင့်လှစ်သင်ကြားပေးသင့်ကြောင်းယူဆမိပေသည်။ ထိုအယူအဆကို လက်ခံသူ ရဟန်းတော်များရှိ၍ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သော်သင်တန်းဆင်း ရဟန်းတော်တို့မှာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်လျက်ရှိသော ဒေသများသို့ကြွပြီး ဆင့်ပွားသင်တန်းများဖွင့်လှစ်သင်ကြားပေးလိုစိတ်ဖြစ်ပေါ်လာနိုင်ပေသည်။ ယင်းကဲ့သို့ ရဟန်းတော်များကျေးလက်ဒေသသို့ဆင်းလာမည်ဆိုလျှင် သာသနာတော်ကြီး ဖွံ့ဖြိုးတိုးတက်ရုံသာမက နိုင်ငံတော်အတွက်ပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မျှော်လင့်နိုင်ပေသည်။ သို့ဖြစ်လာလျှင်–

- သာသနာတော်ကြီးလည်း မကွယ်မပျောက်ထွန်းတောက်နေမည်သာဖြစ်သည်။
- သာသနာတော်ကြီးထွန်းတောက်နေသမျှယဉ်ကျေးသည့်လူ့ဘောင်လောကကြီးရှိနေလိမ့်မည်ဟုယုံကြည်သည်။
- ယဉ်ကျေးသည့် လူ့ဘောင်လောကကြီးရှိနေသမျှ ကာလပတ်လုံး တိုင်းပြည် နိုင်ငံဖွံ့ဖြိုးစည်ပင်နေလိမ့်မည်ဟု မျှော်လင့်နိုင်ပါကြောင်း။

– **အသောက**။

- * **အောင်မြင်ခြင်းဟာ အမှားအမှန်ကို အဆုံးအဖြတ်ပေးနိုင်သော တရားသူကြီးတစ်ဦးပင်ဖြစ်တယ်။**
  ***Success is the sole earthly judge of right or wrong.***
- * ကောင်းမြတ်သော အကျင့်သိက္ခာနှင့်မယှဉ်သောအလှသည် ရနံ့မရှိသောပန်းနှင့်တူပေတယ်။
  ***Beauty, unaccompanied by virtue, is the flower without perfume.***
- * **မချီးကျူးသင့်တဲ့ ချီးကျူးခြင်းဟာ ပုံဖျက်၍ ပုတ်ခတ်ပြောဆိုခြင်းဖြစ်တယ်။**
  ***Praise undeserved is scandal in disguise.***

*–ကာတွန်းထင်လင်းကျော်၏ "အဆိုအမိန့်ဟာသများ" စာအုပ်မှ ကူးယူဖော်ပြသည်၊*

အလိမ္မာများနဲ့ ပြည်ထောင်စုဖို့ ဓမ္မစကူးလ် အားပေးစို့...။
အလိမ္မာများနဲ့ ပြည်ထောင်စုဖို့ ဓမ္မစကူးလ် ပို့ကြစို့ ...။
အလိမ္မာများနဲ့ ပြည်ထောင်စုဖို့ ဓမ္မစကူးလ် သွားကြစို့ ...။

– မြနန်းဆရာတော်။

## ထူးခြားကောင်းမွန် ထိရောက်သော နိုင်ငံတကာအဆင့်မီ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်း

၁။ သင်တန်းသား (၆၀)ပဲ လက်ခံသည်။

၂။ ပညာအရည်အချင်း အနည်းဆုံး ၉ တန်းအောင်ရမည်။

၃။ အသက် ၁၈နှစ်မှ ၆၀ အတွင်း သတ်မှတ်ထားသည်။

၄။ တစ်ချိန်လုံး ထိုင်ပြီး နားထောင်နေရတဲ့ သင်တန်းမဟုတ်။

၅။ ကိုယ်တိုင်ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူရမည်။

၆။ သင်တန်းကာလ–၇ရက်ဖြစ်ပေမယ့် ပျင်းစရာမရှိအရမ်းပျော်စရာကောင်းသည်။

၇။ C.C.A သင်ကြားရေးနည်းစနစ်တွေကို စနစ်တကျ နားလည်သဘောပေါက်သွားမည်။ (ယခင်– C.C.A သင်တန်းတက်ဖူးတဲ့သူတွေတောင် ဒီသင်တန်းတက်မှ ပိုနားလည်သဘောပေါက်သွားသည်)

၈။ သင်တန်းတက်ရောက်သူများသည် ထူးခြားပြောင်းလဲသွားသည်။ ဥပမာ–လူအများနဲ့ ပေါင်းသင်းဆက်ဆံတက်လာမည်။ ကိုယ်အမူအရာ စကားအပြောအဆို ယဉ်ကျေးလာမည်။ ဘာသာသာသနာကို ချစ်မြတ်နိုးပြီး တန်ဖိုးထား ထိန်းသိမ်းတတ်လာမည်စသည် ...။

၉။ သင်တန်းဆင်းပြီးလျှင်လည်း ဓမ္မစကူးလ်များတွင် အမှန်တကယ် သင်ကြားပေးရသည်။

၁၀။ ပညာရှင်များစုပေါင်းစီစဉ်ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများ၊ ဆရာလမ်းညွှန်များဖြင့် သင်ကြားရသောကြောင့်(ဘာသင်ခန်းစာ သင်ရမှန်းမသိ

ဘယ်လိုသင်ရမှန်းမသိမဖြစ်ဘဲ)စိတ်ပျက်အားလျော့မှုမရှိဘဲသင်ကြားပေးကြသည်။

၁၁။ သင်တန်းမှ သင်ယူရရှိသော အတွေ့အကြုံများဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာဖြတ်သန်းနိုင်ခြင်းစသည်စသည် အကျိုးတရားများစွာကို ရရှိမှာဖြစ်ပါသည်။

၁၂။ ဓမ္မစကူးလ်များ ရေရှည်တည်တံ့ပြီး အောင်မြင်ဖို့ အနာဂတ်မျိုးဆက်သစ်လူငယ်များ စဉ်းစားတွေးခေါ်တတ်သော ဉာဏ်ပညာနှင့်ပြည့်စုံကာ ပညာပြည့်ဝနှလုံးလှစေဖို့အတွက်ဆိုရင် စနစ်တကျစီစဉ်ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများဖြင့် ကောင်းမွန်ထိရောက်စွာ သင်ကြားပေးနိုင်ရပါမည်။ ဤအချက်ကို ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းက ဖြည့်ဆည်းပေးပါလိမ့်မယ်။

၁၃။ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဆရာဖြစ်သင်တန်းများသည် အခြားသင်တန်းများနှင့်မတူ ပိုမိုထိရောက်၊ကောင်းမွန်၊စနစ်ကျ၊အကျိုးရှိကြောင်းကို သင်တန်းတက်ရောက်ဖူးသော ဆရာတော်သံဃာတော် ဆရာ ဆရာမများ အသိဆုံးပင်ဖြစ်ပါကြောင်း မိတ်ဆက်တင်ပြလိုက်ရပါသည်။

* * * * * *

## ဓမ္မစကူးလ်ရေရှည်တည်တံ့ခြင်းမတည်တံ့ခြင်း၏အကြောင်းရင်းများ

## ကျောင်းထိုင်ဆရာတော်ကဏ္ဍ

### တည်တံ့ခြင်း၏ အကြောင်းရင်းများ

(က) ကျောင်းထိုင်ဆရာတော်မှ စိတ်ပါဝင်စားကာ ဓမ္မစကူးလ်၏ သဘောသဘာဝကို နားလည်ခြင်း။

(ခ) အမျိုးဘာသာ သာသနာအပေါ် စိတ်အားထက်သန်ခြင်း။

(ဂ) ဘုန်းတော်ကြီးကျောင်းမှ ကျောင်းပိုင်အဆောက်အဦး၊ နေရာထိုင်ခင်းပရိဘောဂစသည် ပံ့ပိုးပေးနိုင်ခြင်း။

(ဃ) ဓမ္မစကူးလ်သို့ လာသည့် ဆရာ ဆရာမများနှင့် ကလေးသူငယ်များအပေါ် နားလည်၊ သည်းခံနိုင်ခြင်း။

(င) ဓမ္မစကူးလ်အတွက် လိုအပ်ချက်များရှိလာပါက (သင်ထောက်ကူပစ္စည်း၊ အာဟာရ၊ထင်း၊မီး) ဆရာတော်မှ စွမ်းနိုင်သမျှ ပံ့ပိုးပေးနိုင်ခြင်း။

(စ) ဆရာတော်မှ ဆရာ–ကျောင်းသားမိဘအားလုံး ညီညွတ်စွာ ပါဝင်နိုင်သည် အထိ ဩဝါဒပေးနိုင်ခြင်း။

(ဆ) ယနေ့ကလေးများသည် နောင်အနာဂတ်၏ မျိုးဆက်သစ်လူကြီးများဟု အနာဂတ်အတွက် မျှော်လင့်ချက်ကြီးစွာထားခြင်း။

**မတည့်တံ့ခြင်း၏ အကြောင်းရင်းများ**

(က) ကျောင်းထိုင်ဆရာတော်၏ စိတ်ပါဝင်စားမှု နည်းပါးခြင်း။

(ခ) စိတ်အားထက်သန်မှု မရှိခြင်း။

(ဂ) ဘုန်းတော်ကြီးကျောင်းမှ ကျောင်းပိုင်အဆောက်အဦး၊ နေရာထိုင်ခင်း ပရိဘောဂစသည် ပံ့ပိုးမှုများ မပေးနိုင်ခြင်း။

(ဃ) မွေ့စကူးလ်သို့ လာသည့်ဆရာ ဆရာမများနှင့် ကလေးသူငယ်များအပေါ် သည်းခံနိုင်စွမ်း နည်းပါးခြင်း။

(င) ဆရာတော်မှ ပံ့ပိုးပေးနိုင်မှုနည်းပါးခြင်း။

(စ) ဩဝါဒဖြင့် စည်းရုံးဆက်စပ်ပေးနိုင်စွမ်း အားနည်းခြင်း။

(ဆ) ကလေးများ၏ အနာဂတ်အပေါ် မျှော်လင့်ချက်ထားရှိမှု လွန်စွာနည်းပါးခြင်း။

* * * * * *

**ကျောင်းဖြစ်မြောက်ရေးအဖွဲ့ (ရပ်မိရပ်ဖအုပ်ချုပ်ရေးအဖွဲ့ ဝေယျာဝစ္စများ)၏ကဏ္ဍ**

**တံ့ခြင်း၏ အကြောင်းရင်းများ**

(က) မွေ့စကူးလ်အတွက် ရံပုံငွေ ပစ္စည်းအာဟာရ စေတနာထား၍ စည်းရုံး နှိုးဆော်ခြင်း။

(ခ) ရရှိထားသောရံပုံငွေနှင့် ကျွေးမွေးစရိတ် အဝင်အထွက်စာရင်းများ စနစ်တကျ မှတ်တမ်းထားရှိခြင်းနှင့် အချိန်မီ စာရင်းရှင်းတမ်းများ အများထင်သာ မြင်သာအောင် ရှင်းပြနိုင်ခြင်း။

(ဂ) နှစ်ရှည်လများ စဉ်ဆက်မပြတ် ရာသက်ပန်လုပ်ငန်းဟု နားလည်သဘော ပေါက်ပြီး ကြိုတင်စီမံမှုများထားရှိခြင်း။

(ဃ) မိမိတို့၏ သားသမီးများကို မွေ့စကူးလ်သို့ပို့၍သင်ကြားပေးလျှင်လိမ္မာယဉ် ကျေးလာမည်ဟု ယုံကြည်မှုရှိခြင်း။

(င) မွေ့စကူးလ်သို့ တက်ရောက်လာကြသည့် ကလေးများအား စေတနာ ထက်သန်စွာဖြင့် တန်ဖိုးထားဆောင်ရွက်ပေးခြင်း။

(စ) ကျောင်းဖွင့်နိုင်ရေးအတွက် ဆရာတော်၏ ခွင့်ပြုချက်ရရှိအောင် မပြစ်မနေ စွမ်းဆောင်နိုင်ခြင်း။

**မတည်တံ့ခြင်း၏ အကြောင်းရင်းများ**

(က) စည်းရုံးနိုးဆော်မှု အားနည်းပါးခြင်း။

(ခ) စာရင်းဇယားပိုင်း အားနည်းခြင်း၊ အချိန်မီစာရင်းရှင်းတမ်း ထုတ်ပြန်နိုင်မှု မရှိခြင်း။

(ဂ) အချိန်အခါအလိုက် လုပ်ရှားခြင်း၊ ပေါ်ပင်အလုပ်ဟု နားလည်သတ်မှတ်ခြင်း။

(ဃ) ဓမ္မစကူးလ်အပေါ် ယုံကြည်မှု နည်းပါးခြင်း။

(င) ကလေးများအပေါ် တန်ဖိုးမထားပဲ လျစ်လျူရှုခြင်း။

(စ) ကျောင်းဖွင့်နိုင်ရေးအတွက် ဆရာတော်၏ ခွင့်ပြုချက်ရရှိအောင် မစွမ်းဆောင်နိုင်ခြင်း။

* * * * * *

## ကျောင်းသားမိဘများ၏ကဏ္ဍ

**တည်တံ့ခြင်း၏ အကြောင်းရင်းများ**

(က) ဓမ္မစကူးလ်ကျောင်းတော်ဆိုင်ရာအဖွဲ့အစည်းနှင့်ပတ်သက်သော ပုဂ္ဂိုလ်များအပေါ် ပုဂ္ဂိုလ်ရေးအရ အဆင်မပြေမှုတစ်စုံတစ်ရာရှိခဲ့သော်လည်း မိမိ၏ သားသမီးများကို မပျက်မကွက် ဓမ္မစကူးလ်သို့ ပို့စေခြင်း။

(ခ) တစ်ပတ်တွင် တစ်ရက်၊ တစ်ရက်တွင် တစ်မနက်တာ ကာလတိုကလေး ဖွင့်လှစ်ကာ တစ်သက်တာလိမ္မာယဉ်ကျေးမှုကို ပေးသော ဓမ္မစကူးလ်သို့ ကျူရှင်အပါအဝင် အခြားကိစ္စများ ဆောင်ရွက်ချိန်နှင့် တိုက်ဆိုင်နေသော်လည်း ဓမ္မစကူးလ်ကိုသာ ဦးစားပေးလွှတ်ခြင်း။

(ဂ) ကျောင်းထိုင်ဆရာတော်အပေါ် သံဃာရတနာအဖြစ် မှတ်ယူ၊ လေးစား၊ ကြည်ညိုစိတ်ရှိခြင်း၊ အားကိုးစိတ်မြင့်မားခြင်း။

(ဃ) ရပ်မိရပ်ဖနှင့် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့တို့အပေါ် လူကြီးသဖွယ် လေးစားမှုရှိခြင်း။

(င) ဓမ္မစကူးလ်လုပ်ငန်းအပေါ် ခံယူချက် ပြင်းထန်ခြင်း။

**မတည်တံ့ခြင်း၏ အကြောင်းရင်းများ**

(က) ပုဂ္ဂိုလ်ရေးနှင့် ဓမ္မစကူးလ်ကို ရောနှောစွာ မြင်တတ်ခြင်း။

(ခ) ကျူရှင်နှင့် အခြားကိစ္စရပ်များကိုသာ မိဘများက ဦးစားပေး အလေးထားနေခြင်း။

(ဂ) ကျောင်းထိုင်ဆရာတော်အပေါ် လေးစားကြည်ညိုမှု နည်းပါးခြင်း။
(ဃ) ရပ်မိရပ်ဖနှင့် ရပ်ရွာအုပ်ချုပ်ရေးအပေါ် လူကြီးမိဘသဖွယ် လေးစားအားကိုးမှု နည်းပါးခြင်း။
(င) ဓမ္မစကူးလ်အပေါ် ခံယူချက် မပြင်းထန်ခြင်း။

* * * * * *

## ကျောင်းအုပ်နှင့်ဆရာ–ဆရာမများကဏ္ဍ

### တည်တံ့ခြင်း၏ အကြောင်းရင်းများ

(က) ဓမ္မစကူးလ်သင်ကြားရေးအလုပ်သည် ပါရမီကုသိုလ်အလုပ်ဟု ခံယူပြီး ကျောင်းသင်ချိန်အတွက် မိမိအကျိုးစီးပွားကို စွန့်လွှတ်နိုင်ခြင်း။
(ခ) ကလေးများ စိတ်ဝင်စားမည့် ကဗျာ၊ပုံဝတ္ထုများဖြင့် သင်ကြားနည်းများကို ကြံဆတီထွင် သင်ကြားပေးနိုင်ခြင်း။
(ဂ) မမျှော်လင့်ပဲ လိုအပ်ချက်များရှိလာပါက တပည့်များအတွက် မိမိစွမ်းနိုင်သမျှသော ပစ္စည်းငွေကြေးကို စေတနာမတွန့်တိုပဲ လှူဒါန်းခြင်း။
(ဃ) ဓမ္မစကူးလ်သင်ကြားရေးလုပ်ငန်းသည် သာသနာ့တာဝန်တစ်ရပ်ဟု သက်ဆုံးတိုင် ခံယူဆောင်ရွက်ခြင်း။
(င) ကျောင်းသားနှင့် ပတ်သက်သော မှတ်တမ်းများထားကာ ပြုပြင်သင့်သည်တို့ကို ပြုပြင်ခြင်း၊ ကျောင်းသားများတိုးတက်မှု ရှိမရှိစသည် အဆက်မပြတ်လေ့လာအကဲဖြတ်နိုင်ခြင်း။
(စ) ဆရာ–ဆရာမများကိုယ်တိုင် ဗုဒ္ဓဓမ္မအဆုံးအမများကို မှန်မှန်ကန်ကန် နက်နက်နဲနဲ သိရှိသည့်အပြင် ကိုယ်တိုင်လိုက်နာကျင့်ကြံမှုရှိခြင်း။
(ဆ) ကျောင်းကို အပတ်စဉ် အချိန်မှန်မှန် စိတ်အားထက်သန်စွာ မပျက်မကွက် တက်ရောက်နိုင်ခြင်း။

### မတည်တံ့ခြင်း၏ အကြောင်းရင်းများ

(က) ဆရာ–ဆရာမများက မိမိအကျိုးစီးပွားကိုသာ ဦးစားပေးလွန်းခြင်း။
(ခ) တီထွင်ကြံဆ သင်ကြားနိုင်မှု အားနည်းခြင်း။
(ဂ) စွမ်းဆောင်နိုင်ပါလျက် စေတနာ သဒ္ဓါတရားအား နည်းပါးခြင်း။
(ဃ) ဓမ္မစကူးလ်သင်ကြားရေးလုပ်ငန်းကို သာသနာ့တာဝန်ဟု မခံယူနိုင်ခြင်း။
(င) မှတ်တမ်းမှတ်ရာများထားရှိမှု အားနည်းခြင်း၊ တိုးတက်မှုရှိ/မရှိ အကဲမဖြတ်နိုင်ခြင်း။

(စ) ဗုဒ္ဓအဆုံးအမများကို ရရှိမထားခြင်း၊ လိုက်နာကျင့်ကြံမှု မရှိခြင်း။
(ဆ) ကျောင်းပျက်ကွက်ချိန်များခြင်း၊ အချိန်မှန် မတက်ရောက်နိုင်ခြင်း။

* * * * * *

## ကျောင်းသား-ကျောင်းသူများ၏ကဏ္ဍ

### တည့်တံခြင်း၏ အကြောင်းရင်းများ

(က) ကလေးများ အပြုအမူ အပြောအဆို အနေအထိုင်များ ပို၍ပို၍ သိသိသာသာ လိမ္မာယဉ်ကျေးလာခြင်း။
(ခ) လုံလောက်သောနေရာထိုင်ခင်း ရှိခြင်း။
(ဂ) အသက်အရွယ်နှင့် ဉာဏ်ရည်အလိုက် သင်ကြားပြသမှု ခံယူရခြင်း။
(ဃ) ဓမ္မစကူးလ်သည် ကလေးများနေထိုင်သည့် ရပ်ကွက်ကျေးရွာအတွင်း တည်ရှိခြင်း။

### မတည့်တံခြင်း၏ အကြောင်းရင်းများ

(က) ကလေးများ အပြုအမူ အပြောအဆို အနေအထိုင်များ ပို၍ပို၍ သိသိသာသာ လိမ္မာယဉ်ကျေး တိုးတက်မလာခြင်း။
(ခ) လုံလောက်သောနေရာထိုင်ခင်း မရှိခြင်း။
(ဂ) အသက်အရွယ်နှင့် ဉာဏ်ရည်အလိုက် သင်ကြားပြသမှု မခံယူရခြင်း။
(ဃ) ခရီးကွာဝေးလွန်းခြင်း။

* * * * * *

## ဓမ္မစကူးလ်ဦးဆောင်ဆရာတော်များ၊ တာဝန်ခံများ၏ကဏ္ဍ

### တည့်တံခြင်း၏ အကြောင်းရင်းများ

(က) ဓမ္မစကူးလ်သင်တန်းများကို ဦးဆောင်ဖွင့်လှစ်သင်ကြားပေးရာတွင်အသင်းအဖွဲ့အမည် ထင်ပေါ်ကျော်ကြားဖို့ အရေးမကြီး"ကလေးများအတွက်သာ အဓိက"ဟု ခံယူပြီး ကလေးများအတွက်ကောင်းမွန်ထိရောက်သော သင်ကြားနည်းများဖြင့် သင်ကြားပေးနိုင်အောင် အမြဲကြိုးစားပေးနေခြင်း။
(ခ) မိမိသင်ကြားနေသော နည်းစနစ်ထက် ပိုမိုကောင်းမွန်သော သင်ကြားနည်းများပေါ်ပေါက်လာလျှင်လည်း(သူတစ်ပါးလက်အောက်ခံ၊သူတစ်ပါး

နောက်လိုက် မဖြစ်ချင်ဟူသော)အတ္တ၊မာနစိတ်မထားဘဲ လေ့လာသင်ယူ လက်ခံကျင့်သုံးခြင်း။(ရွှေဥမင်ဆရာတော်နှင့်တောင်ဖီလာဆရာတော်တို့၏ စိတ်ထားကို အတုယူ)

(ဂ) အတန်းခွဲစနစ်ဖြင့်သင်ကြားပေးနိုင်ခြင်း။

(ဃ) ရည်ရွယ်ချက်တူအသင်းအဖွဲ့အချင်းချင်းစည်းလုံးညီညွတ်စွာ လုပ်ကိုင်ခြင်း။

**မတည်တံ့ခြင်းအကြောင်းရင်းများ**

အထက်ပါနှင့်ကျင်ဘက်များဖြစ်သည်။

***– မွေစကျူးလ်သင်တန်းမှူး အရှင်ဥတ္တမ မကွေး။***

## မွေစကျူးလ်မိဘများနှင့်စကားပြေည်

အနောက်အလင်းရောင်မွေစကူးလ်သို့ ကလေးများ ပို့/ကြိုလာကြသည့် ကျောင်းသားမိဘ အချို့နဲ့ စကားပြေည်းပြောဖြစ်တယ်။

"အစ်မသား grade 2က လား။ ဘယ်လိုအခြေအနေရှိလဲ မွေစကူးလ်တက်ရတာ ပြောင်းလဲ လာပါသလား"။ **ဟုတ်ကဲ့ဆရာ သိသိသာသာ ပြောင်းလဲလာတာ သူဒေါသတွေ နည်းလာတယ်။ အရင်တုန်းက တစ်ခုခုဆိုအလိုမကျအမြဲဖြစ်တယ်၊ ဒေါသတကြီး တုန့်ပြန်တယ်၊ အခုဆို ပြောရဆိုရလွယ်လာတယ်၊ အရင်လိုဒေါသမကြီးတော့ဘူး။ ဆရာတို့ မွေစကျူးလ်ကို အကျေးဇူးတင်ပါတယ်ရှင်။**

အစ်မကြီးသားကရော grade 3ကတင်တယ်။ မဟုတ်ဘူးရှင့် ဒုတိယတန်းကပါ။ မွေစကူးလ် တက်ရတာပျော်ရဲ့လားဗျ။ **အမလေး၊ ပျော်တယ်ဆရာရေ ဟိုတစ်နေ့က ကျွန်မတို့မိသားစု တစ်နေရာသွားစရာရှိလို့ မွေစကျူးလ်မလွှတ်ဘဲခေါ်သွားတာ၊ အဲဒီ ဒီအချိန်သားတို့ ကျောင်းကို သူငယ်ချင်းတွေနဲ့သီချင်းဆိုပြီးသွားနေကြဆိုပြီးကျွန်မတို့ကားပေါ်မှာ မွေ စကျူးလ်သီချင်းတွေဆိုလာတယ်၊ ဒီတစ်ပတ်လဲ ပျဉ်းမနားသွားမလို့ဟာ အမေတို့ဘာသာ သွား။ သားကို မွေစကျူးလ်ပို့ခဲ့လို့ ပြောတယ်ဆရာရေ။**

နောက်တစ်ယောက် "အစ်မရေ ..ကလေးကို မွေစကူးလ်ပို့တာ တိုးတက်လား။ အိမ်မှာ မေးကြည့်သေးလားဗျ"။ **မေးကြည့်တယ်အစ်ကို သူက ရွှေတိဂုံဘုရားအကြောင်းပြန်ပြောတယ်။** ဘာတွေပြောလဲဗျ။ **ရွှေတိဂုံဆိုတာ တန်ခိုးအလွန်ကြီးကြောင်း။ ဘုရားလေးဆူ ဓါတ်တော်တွေ ကိန်းဝပ်နေလို့ လေးဆူဓါတ်ပုံရွှေတိဂုံလို့ခေါ်ကြောင်း၊ စတာတွေပြောတယ်၊ သားကို ဘယ်သူပြောလဲမေးတော့ သားတို့မွေစကျူးလ်ဆရာမက ပြောတာတဲ့၊ ညတက်လဲ မိဘရှိခိုး အိပ်လာတယ်၊ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်။**

ကလေးလေးက grade 1ကဖြစ်မယ်၊ "ဘယ်လိုလဲဗျ၊ ဓမ္မစကူးလ်တက်နိုင်းတာ ပြောင်းလဲလား။ ပျော်သတဲ့လားဗျ"၊ **ဟာ..ဆရာရေ ကလေးက တနင်္ဂနွေဓမ္မစကူးလ်မှာ ပျော်လွန်းလို့တဲ့ဗျာ၊ ဆရာမတွေနဲ့ သူငယ်ချင်းတွေနဲ့ ကစားရတယ်၊ မုန့်တွေလဲ စားရတယ်၊ ဘုရားလဲရှိခိုးရတယ်တဲ့၊** ညရော ဘုရားရှိခိုးလားဗျ၊ **ဘုရားလည်းရှိခိုးတယ် ကျွန်တော် တို့ကိုလည်း ကန်တော့တယ်၊ ဘုန်းဘုန်းကပြောတယ်၊ မိဘရှိခိုးမအိပ်တဲ့သူ ခွေးအိပ်ခြင်းနဲ့ တူ၊ ခွေးလိုလူမဖြစ်ချင်က မိဘရှိခိုးအိပ်ပါကြလို့တောင် ဆိုပြသေးတယ်ဗျာ၊ သူက ဓမ္မစကူးလ် သွားရရင် အရမ်းပျော်တာဗျ၊**

ကဲ... မိဘတို့ရော... ကလေးတွေကို ဓမ္မစကူးလ် မပို့ချင်ကြဘူးလားဗျာ၊

*-အနောက်အလင်းရောင်ဓမ္မစကူးလ်-နေပြည်တော် facebook မှ၊*

## ဓမ္မစကူးလ်ပြန့်ပွားရေးမိဘများပူးပေါင်းပါဝင်ကြပါစို့

ဓမ္မစကူးလ်သင်ကြားရေးဟာကလေးများဘာသာရေးအသိသာမက လောက တွင် စည်းကမ်းတကျ နေထိုင်နိုင်ရေးပါ အကျိုးရှိစေပါတယ်။

သင်ကြားရေးစနစ်ဟာ စနစ်တကျ ခေတ်မီတဲ့ (CCA) စနစ်နဲ့ သင်ကြားတာ ဖြစ်ပါတယ်။ မိမိတို့ဓမ္မစကူးလ်မှာဆိုလျှင် မနက်(၇း၀၀)နာရီ ရောက်အောင် လာရပြီး–

* ဆရာတော်အား ကန်တော့ပြီး ကျောင်းဝင်းအတွင်း အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှဲခြင်း၊
* သောက်ရေအိုးနှင့် အိမ်သာများရေဖြည့်ခြင်း၊ ဘုရားပန်းလဲလှယ်ခြင်းတို့ကို ဆောင်ရွက်စေပါတယ်။
* ၎င်းနောက် ဩကာသကန်တော့ချိုးဖြင့် ဘုရားရှိခိုးပြီး မြတ်စွာဘုရားအား ဆွမ်း၊ပန်း၊ရေချမ်း၊ခဲဖွယ်များ ဆက်ကပ်လှူပြီး ဆရာတော်ထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူပြီး တရားထိုင်စေပါတယ်။
* ၎င်းနောက်ကဗျာများ စုပေါင်းရွတ်ဆိုခြင်း၊ အသစ်သင်ကြားပေးခြင်း ပြုလုပ်ပြီး နောက်၊ နံနက်စာ အာဟာရသုံးဆောင်ရန်အတွက် စနစ်တကျနေရာယူစေပြီး မစားမီ အလှူရှင်နှင့်တကွ ဝေယျာဝစ္စပြုလုပ်သူများအား မေတ္တာပို့၍ သုံးဆောင်စေပါတယ်။
* နံနက်စာစားနေစဉ်မှာလဲ စနစ်တကျသိမ်မွေ့စွာ စားတတ်စေရန် သင်ကြား ပေးပါတယ်။

* သင်ခန်းစာ သင်ကြားရေးစတင်တဲ့ နေရာမှာလည်း ဘာသာရေးအသိသာမက ပုံဆွဲ ဆေးရောင်ခြယ်အစရှိတဲ့ ဘက်စုံပညာရေးကို ဦးစားပေးသင်ကြား ပေးပါတယ်။

* သင်ခန်းစာသင်ချိန်ပြီးဆုံးချိန်မှာအဖွဲ့လိုက်အမှိုက်ကောက်ခြင်း၊ တံမြက်စည်း လှည်းခြင်း၊ ကြမ်းတိုက်ခြင်း၊ အိမ်သာများ သန့်ရှင်းရေးလုပ်ပြီး မွေစကူးလ် အပြန်သီချင်းကို စုပေါင်းသီဆိုကာ မေတ္တာပို့အမျှဝေကာ ဆရာတော်အား ကန်တော့ကာ အိမ်ပြန်စေပါတယ်။

မွေစကူးလ်မှာ ကလေးများ သွားနည်းစားနည်း၊ ပြောဆိုဆက်ဆံရေးအစရှိတဲ့ ပြည်သူ့နီတိနှင့်အညီ လိမ္မာယဉ်ကျေးပြီး ဖြူစင်ရိုးသားတဲ့ ကလေးများ ဖြစ်စေရန်၊ စာရိတ္တပိုင်း ဘာသာရေးအခြေခိုင်စေရန်၊ ဘာသာရေးအသိပညာပိုင်း ဘက်စုံထူးချွန်တဲ့ ကလေးများဖြစ်စေရန် သင်ကြားပေးလျက် ရှိပါတယ်။

အချို့မိဘများဟာ ကလေးများအား အလုပ်မအားလို့(၄)တန်းစာ အရေးကြီးလို့ အကြောင်း အမျိုးမျိုးပြပြီး ကလေးများကိုမတက်ခိုင်းကြတာ တွေ့ရပါတယ်။ မိမိအမြင်အရ ဤတစ်နေ့ အချိန်အတွက် ကလေးများ ပညာရေးမထိခိုက်ပါဘူး။ တစ်ဘဝအတွက်သာမက သံသရာအတွက်ပါ တစ်ပတ်မှာတစ်နေ့ အချိန်ပေးသင့်ပါတယ်။ မိဘများပူးပေါင်းပါဝင်မှု စိတ်အားထက်သန်မှုဟာ အလွန်အရေးပါလှပါတယ်။ မွေစကူးလ်ဟာ မိမိတို့မိသားစုသာမက ကျေးရွာ တိုင်းပြည် လူမျိုး ဘာသာအတွက်ပါ အလွန်အရေးပါလှတဲ့အတွက် အားလုံးပူးပေါင်းပါဝင်ကြပါစို့လား ... ။

– ***Nay Yaung facebook*** မှ။

ကျောင်းသူ+သား ပေါင်း(၁၃၃၇၄)က

သံဃာတော်အရှင်မြတ်များအား ဂါရဝပြုပါသည်ဘုရားပရိတ်သတ်ကြီးမင်္ဂလာပါ

## ခံစားချက်နဲ့ ဖလုပ်ပါနဲ့ ခံယူချက်နဲ့ လုပ်ပါ

ကလေးမြို့နယ်တွင် ၂၀၁၄–၁၅ ခုနှစ်အတွင်း မွေစကူးကျောင်းပေါင်း(၁၀၉) ကျောင်းရှိပါသည်။ ဤကဲ့သို့ များစွာသောကျောင်းတွေ ဖြစ်ပေါ်လာရန်အတွက်၊ တည်တံ့ရန်အတွက် အားကောင်းသောခံယူချက်များကို မွေးမြူကြရပါသည်။ **"ပုထုဇ္ဇနဿ ဟိ သဒ္ဓါ အထာဝရာ ပဒဝါရေနှ နာနာ ဟောတိ"** လို့ မြတ်ဗုဒ္ဓက သတိပေးထားပါသည်။ အရိယာမဖြစ်သေးသူများ၏ယုံကြည်မှု သဒ္ဓါတရားသည်၊ စိတ်ခံစားမှုသည် ပုဂ္ဂိုလ်အပေါ်မှာ သို့မဟုတ် မူဝါဒအပေါ်မှာ၊ ဂိုဏ်းဂဏ

အပေါ်မှာ၊ လောကဝံဓိုးမွမ်းကဲ့ရဲ့ခံရခြင်းအပေါ်မှာ စသည်ဖြင့်အကြောင်းအမျိုးမျိုးကို အခြေခံပြီးပြောင်းလဲတတ်ပါသည်။ အထူးသဖြင့်ဦးတည်ချက်ပန်းတိုင်ဆိုသည်မှာ ခံယူချက်မရှိပါက ပိုမြန်ပြောင်းလွယ်ပျက်လွယ်ဖြစ်တတ်သည်ကိုအတွေ့အကြုံ အရ သိနေကြပါသည်။

ဤကဲ့သို့ လူတို့၏ သဘာဝစရိုက်တို့ကို ကြိုတင်မြင်ထားပါက ပြောင်းလွယ်ပျက်လွယ်တတ်သည့်စိတ်ကိုဘယ်လိုကာကွယ်တည်ဆောက်ရမယ်ဆိုသည့်နည်းစနစ်ကို ရနိုင်မည်ဖြစ်ပါသည်။ ကိုယ်သန်ရာသန်ရာ နည်းစနစ် တွေရှိကြမှာပါ။ ဘုန်းကြီးကိုယ်တိုင်နှင့်ဘုန်းကြီးတို့မြို့နယ်အဖွဲ့ကတော့ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" ဗုဒ္ဓအဆုံးအမ ရှည်ကြာခိုင်ခန့်တည်တံ့ပါစေဆိုတဲ့ ဆန္ဒပြုဆုတောင်းကြသည့် ဦးတည်ချက်ကို "ခံယူချက်" အဖြစ် ဦးထိပ်ပန်ဆင်ကြပါသည်။ ဤခံယူချက်က ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့ကိုမှ ကိုယ်စားပြုခြင်းမရှိဘဲ ဗုဒ္ဓ၏ဘဝနေနည်း လမ်းညွှန်ချက်များကိုသာ ကိုယ်စားပြုရည်ညွှန်းနေပါသည်။ သာသနာဟုဆိုအပ်သော ဓမ္မကိုသာ ဦးတည်ချက်ထားနေသည့် ခံယူချက်စိတ်ထားဆိုတာတွေ့နိုင်မှာဖြစ်ပါသည်။ အစွဲအမျိုးမျိုး၊အစွန်းအမျိုးမျိုးတို့ကိုကျွတ်စေချွတ်စေမှာဖြစ်ပြီး "ခံယူချက်" ကို ခိုင်မြဲစေမှာ ဖြစ်ပါသည်။ ခံယူချက်ကို ပြုစုပျိုးထောင်ပေးနေရပါသည်။

ဘုန်းကြီးတို့မြို့နယ်မှာ ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်းဆိုပြီး သံဃာ့ဂိုဏ်း အုပ်စု(၂)စုရှိပါသည်။ကိုးကွယ်သူတွေလည်းကွဲပြားတာတွေရှိပါသည်။ကျောင်းစွဲဆရာစွဲထားပြီးကွဲကြတာတွေလည်းရှိပါသည်။

သို့သော်လည်း အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ)နှင့် ဓမ္မစကြာလုပ်အလုပ်များကို အားကောင်းမောင်းသန်ဆောင်ရွက်ကြသောအခါဂိုဏ်း ဂဏစွဲတွေ ပုဂ္ဂိုလ်စွဲတွေ အတော်များများကို လျော့ကျသွားပြီး၊ ပျောက်ကွယ် သွားမတတ်လုနီးပါးဖြစ်ကာ စုစည်းမှုအားတွေ ရလာပါသည်။ **ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးလို့ ခေါင်းစည်းဆိုင်းဘုတ်မတပ်ပါဘဲလျက် သာသနာ အတွက်၊ နိုင်ငံအတွက်၊ ယဉ်ကျေးမှုအတွက် အားတက်စရာတွေ များစွာရရှိ တည် ဆောက်ပြီး ဖြစ်နေပါသည်။ ဦးတည်ချက်၊ ခံယူချက် တူညီခြင်း၏ ရလဒ် ဆိုလျှင် မှားမည်မထင်ပါ။** ဘာသာနိုင်ငံယဉ်ကျေးမှုတို့ကို အရှည်ခန့် တည်ကဲ့ ခိုင်မြဲစေလိုသော စေတနာ၏ စွမ်းအားတို့ပင်ဖြစ်ပါပေသည်။

**ဗုဒ္ဓသာသနာကို ဘာ့ကြောင့်အရှည်ခန့်တည်တံ့ခိုင်မြဲစေချင်တာလဲ?**

(၁) လူကိုလူနှင့်တူအောင် သွန်သင်ဆုံးမ လမ်းညွှန်ပေးခြင်း၊

(၂) ပစ္စုပ္ပန်နှင့်သံသရာတွင် ဆင်းရဲခြင်းအပေါင်းတို့မှ လွတ်မြောက်အောင်

နည်းစနစ်ပေးခြင်းတို့တွင် အစားထိုးစရာမလိုအောင် ပြီးပြည့်စုံသည့် အဆုံးအမ သာသနာဖြစ်နေခြင်းတို့နှင့်

(၃) နိုင်ငံလူမျိုး ယဉ်ကျေးမှုတို့ မြဲမြံခိုင်ခန့်စေရန်အတွက် ပဓာနကျသော နေရာတွင် ရှိနေခြင်းတို့ကြောင့်ဖြစ်ပါတယ်။

မျိုးချစ်စိတ်၊ ဇာတိမာန်စိတ်ဟူသည် ဘာသာယဉ်ကျေးမှုအပေါ်မှာ အခြေတည်ပါသည်။ နိုင်ငံချစ်စိတ်ဆိုတာ ဘာသာယဉ်ကျေးမှုချစ်စိတ်၊ ဇာတိမာန်စိတ်တို့အပေါ်မှာ မူတည်တယ်လို့ယုံကြည်ပါသည်။ "**လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် ထိုလူမျိုးကိုးကွယ်သည့် ဘာသာတရားမှ ဆင်းသက်လာပါသည်**"လို့ နှစ်သက်သဘောကျ လက်ခံထားပါသည်။ အရေးကြီးသော "ခံယူချက်"လည်း ဖြစ်ပါသည်။

ယဉ်ကျေးမှုဆိုသည်မှာ လူမှုဆက်ဆံရေးယဉ်ကျေးမှု၊ ဂီတအနုသုခုမယဉ်ကျေးမှု၊ အဆောက်အဦးယဉ်ကျေးမှုစသည်တို့ဖြစ်ပါသည်။ ကိုယ်ပိုင် ယဉ်ကျေးမှုရှိမှ ကမ္ဘာမှာ ဘာလူမျိုးဟေ့လို့ လက်မထောင် ရင်ကော့ဂုဏ်ယူနိုင်မှာ ဖြစ်ပါသည်။ ရင်သွေးငယ်တွေကို ဘာသာယဉ်ကျေးမှုအား ချစ်တတ်၊ တန်ဖိုးထားတတ်အောင် ငယ်စဉ်ကလေးဘဝကစ၍ ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ငါနှင့်မတူ ငါ့ရန်သူဆိုတာမျိုးမဖြစ်အောင်လည်း ဂရုစိုက်ကြရမှာ ဖြစ်ပါသည်။ ဖော်ပြပါ အရည်အသွေးကို မွေစကူးလ်က ပေးနိုင်ပါသည်။ **မွေစကူးလ်သည် သာသနာပြုအလုပ်၊ တိုင်းပြုပြည်ပြုအလုပ်လို့ ခံယူချက်ထားရန် လိုအပ်လှပါသည်။ ဒီခံယူချက်နဲ့သွားပါက ဆုတ်ယုတ်ပျက်စီးဖွယ်မရှိ၊ တိုးတက်ရန်သာ ရှိပါသည်။**

မွေစကူးလ်သည် ငြိမ်းချမ်းရေး လောကနတ်ဖြစ်ပါသည်။ ကျောင်းပြင်ပ ပညာရေးလည်းဖြစ်ပါသည်။ သားသမီးများကို ရတနာထိုက်အောင် သင်ပေး လေ့ကျင့်ပေးပါသည်။ မွေစကူးလ်သင်ကြားသင်ယူခြင်း တစ်နှစ်ပြီး၍ နိုင်ငံတော်ကျောင်းတစ်ကျောင်းကို သွားရောက်လေ့လာသောအခါ "**ထူးခြားတာကတော့ မွေစကူးလ်တက်ပြီး ပညာသင်နှစ်တစ်ဝက်ကျော်ကတည်းက ကျောင်းမှာ ကလေးတွေ ရန်ဖြစ်တာ လျော့ကျသွားတယ်**"လို့ ကျောင်းအုပ်ထံမှ သိရပါသည်။ "**ရွာအပြင်ဘက်မှာ စိုက်ထားတဲ့ စားပင်သီးပင် စိုက်ခင်းတွေမှာ လူစောင့်စရာမလိုတော့ပါ**"လို့ တောင်သူထံမှ သိရပါသည်။ မကောင်းမှုပြုရမှာကို ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟိရီ၊ ဩတ္တပ္ပကို လက်တွေ့ကျင့်ကြတယ်လို့သိရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ကွဲပြားနေကြသော၊ အချို့သော ဂေါစရဂါမ်တူသော သံဃာတွေ၊ ဒကာဒကာမတွေ မွေစကူးလ်မှာ စုပေါင်း

ဆောင်ရွက်ခြင်းဖြင့် ညီညွတ်မှုရလာကြပါသည်။ သို့အတွက်ကြောင့် ငြိမ်းချမ်းရေးတည်ဆောင်သည့် လောကနတ်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ **လက်တွေ့ကျကျ သာသနာက လောကကို သာယာလှပ နေပျော်ဖွယ်ကောင်းသည့် လူ့ပတ်ဝန်းကျင်ဖြစ်အောင် ကျေးဇူးပြုခြင်းပဲ ဖြစ်ပါသည်။**

ဒီလိုခံယူချက်တွေ အားကောင်းရန်လိုအပ်ပါသည်။ မွေစကူးလ်သည် "ဝိဇ္ဇာနှင့်ဧရဏ"ကိုပူးတွဲပြီး လက်တွေ့အကောင်အထည်ဖော်သင်ကြားလေ့ကျင့်ပေးတယ်ဆိုတာ မြေကြီးလက်ခက်မလွဲပါပဲ။ "သာသနာသသ် လောကသာ ဝုမှိ ဘဝတု သမ္ဘဝါ"ဆိုတာကို ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းဖြစ်စေပါသည်။"သန္ဒိဋ္ဌိက၊ အာကာလိက"မွေဂုဏ်တော်ကိုလက်တွေ့သက်သေပြခြင်းလည်း ဖြစ်ပါသည်။ ဤခံယူချက်တွေ အားကောင်းဖို့လိုပါသည်။ ဆရာက များစွာများစွာ ဦးဆောင်သည့် (TCA) "ယမဟံ ဝဒါမိ တံ ဝဒေထ" စနစ်ကို လျှော့ချထားပါတယ်။ ကလေးတွေ မိမိကိုယ်ကိုယုံကြည်မှုရှိစေသည့် သင်နည်းစနစ်ဖြစ်ပါသည်။

ဘုန်းတော်ကြီးကျောင်းတွေမှာ မျိုးဆက်သစ်လူငယ်များ ပြတ်လပ်ခြင်းကို ဖြည့်ဆည်းပေးပါသည်။ ဘုန်းကြီး ရဟန်း ကျောင်း,ကန့်,ဘုရားနှင့် လူငယ်များကို ဆက်စပ်စေဖို့ ပေါင်းကူးပေးတဲ့ လုပ်ငန်းစဉ်များလည်းဖြစ်ပါသည်။ ဆရာတပည့်ဟူသော ကျေးဇူးမေတ္တာတို့မှ တဆင့်တက်ပြီး"သရဏံ ဂစ္ဆာမိ"ကို နှလုံးသား၌ တည်စေနိုင်ပါသည်။ ဤခံယူချက်က အလွန်အရေးပါပါသည်။ ရှေးယခင်က ဘုရင်မှစ၍ တိုင်းသူပြည်သားများသည် ဘုန်းကြီးကျောင်းထွက်များဖြစ်ကြပါသည်။ သာသနာ့ဂုဏ်ရှိန် တင့်တယ်ခဲ့ပါသည်။ ကျေးရွာတွင် ခေါင်းဖြူ ခါးကုန်း အဘိုးအဘွားများမှစ၍ လေး ငါး ခြောက်နှစ်အရွယ် ကလေးတို့သည်လည်း ရွာဦးကျောင်းဆရာတော်၏ တပည့်များဖြစ်ကြသည့်အတွက် ဩဇာညောင်းခဲ့ပါသည်။ အတိတ်ကိုမှန်းပြီး လွမ်းကြည့်ခြင်းဖြစ်ပါသည်။ ယခင်ကကဲ့သို့ အခြေအနေမျိုး ပြန်လည်တည်ဆောင်ရန် မွေစကူးလ်က ကူညီပေးနိုင်ပါသည်။

မွေစကူးလ်သည် သာသနာပြုလုပ်ငန်းလည်းဖြစ်ပါသည်။ ဗုဒ္ဓ၏အဆုံးအမများကို အရွယ်အားလျော်သော ဝေါဟာရသတ်ပုံ သုံးနှုန်းပုံတို့ကအစ လျော်ကန်သင့်မြတ်လှပြီး ကဗျာဂီတပုံပြင်တို့ဖြင့် ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး ဆော့ကစားရင်း အသိပညာ အလိမ္မာတို့ကို ပေးထားသည့်အတွက် ထိရောက်သည့် သာသနာပြုအလုပ်လည်း ဖြစ်ပါပေသည်။ အကြောက်တရားနဲ့ မချောက်တဲ့ ကိုယ်ချင်းစာတရား၊ မေတ္တာတရားတို့ဖြင့် သွန်သင်ထားသည်ဟူသော ခံယူချက်ကလည်း မွေစကူးလ်များ ရေရှည်တည်တန့်နိုင်မြဲစေရန် အားကောင်းသော အထောက်

အပုံကောင်းများဖြစ်ပြီး အုပ်စု၊ ဂိုဏ်းဂဏမပါ ဘာသာရေးခေါင်းဆောင် အရှင်ဘုရားများ၊ တပည့်တော်များ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါသည်ဘုရား။ ပညာသင်တယ်ဆိုတာ ဦးနှောက်ကိုသင်တာ၊ တွေးခေါ်မျှော်မြင်တတ်အောင် သင်တာ၊ အကျိုးအကြောင်း အဆိုးအကောင်း အမှားအမှန် ဝေဖန်ပိုင်းခြားပြီး ပြုမူ၊ပြောဆို၊ကြံတွေးတတ်အောင် သင်တာပါ။ ဤစနစ်မျိုး "မွေစကူးလ်"မှာ ရှိသည်။ ကလေးဗဟိုပြု သင်ကြားနည်းစနစ်ဖြစ်ပါသည်။

"**မွေစကူးလ်သည် တိုင်းပြုပြည်ပြုအလုပ်ဖြစ်သည်**"ဟူသော ခံယူချက်လည်းထားရှိပါသည်။ လူငယ်များကို ပရိတ်သတ်ရှေ့တွင် ပြောရဲအောင်၊ ပြောတတ်အောင်၊ ပူးပေါင်းဆောင်ရွက်တတ်အောင် သင်ကြားပေးခြင်းကလည်း တိုင်းပြည်ကို ဒီမိုကရေစီစနစ်ဖြင့် ပုံဖော်ကြမည့် နိုင်ငံသားကောင်းများ ဖြစ်စေရေးအတွက် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကို လွန်စွာအထောက်အကူပြုသည့် သင်ကြားနည်းစနစ်များဖြစ်ပါသည်။ **သင်ရိုးညွှန်းတမ်းများ၊ သင်ကြားနည်းစနစ်များအတိုင်း စနစ်တကျသင်ပေးနိုင်ပါက တိုင်းစွန်ပြည်ဖျား ကျေးလက်နေတောသားဖြစ်ပါစေ မြို့သားများနှင့် တန်းတူယှဉ်နိုင်သည့် လူ့စွမ်းရည်မြှင့်တင်ခြင်းကို ဖြစ်စေနိုင်သည်**ဟူသော"ခံယူချက်"ထားရှိပါက မွေစကူးလ်များ ပြန့်ပွားတိုးတက် ခိုင်မြဲခြင်းကိုဖြစ်စေမည်ဟူသော ယုံကြည်ချက်ဖြင့် တင်ပြအပ်ပါသည်။

ဤသို့သော သဘောအမြင်များ ထားရှိနိုင်ပါက မည်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းမဆို ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဟူသော ယုံကြည်ချက်ဖြင့် တင်ပြလျှောက်ထားအပ်ပါသည်ဘုရား။ တပည့်တော်များ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့(မ.ဘ.သ)အဖွဲ့အနေဖြင့် ဤကဲ့သို့သော"ခံယူချက်"များထားကာ "မွေစကူးဖောင်ဒေးရှင်း"(ဗဟို)နှင့်အတူ လက်တွဲဆောင်ရွက်နေပါသည်။ သင်ခန်းစာ၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းစနစ်တို့ကိုလည်း ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲလက်တွဲဆောင်ရွက်နေပါတယ်လို့ တင်ပြလျှောက်ထားရင်း နိဂုံးချုပ်အပ်ပါသည်ဘုရား။

**ဦးဓမ္မိက(ဉဏ္ဏဓွ)**

**မြို့နယ်လုံးဆိုင်ရာ(မ.ဘ.သ)နှင့်မွေစကူးလ်ဖေါင်ဒေးရှင်း**

**ကလေးမြို့**

(မွေစကူးလ်ဖောင်ဒေးရှင်း(၃)နှစ်ပြည့်အခမ်းအနားတွင်ဖတ်ကြားအပ်သောစာတမ်းဖြစ်ပါသည်)